http://www.dhammadownload.com

ပုဒ္ဓ၊ ပစ္စေကပုဒ္ဓနှင့်
အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့၏
ဘဝဖြစ်စဉ်များဟော်ပြထားသည့်

အရှင်ဓမ္မသာမိဘဝ

စီရင်တော်မူခဲ့သော

ပုံတော်စုံ

ထေရ

အပဒါန်ဝတ္ထုတော်ကြီး



ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇-လမ်း၊ရန်ကုန်မြို့။

http://www.dhammadownload.com

အောက်ပါစာအုပ်များကို ဝယ်ယူရရှိနိုင်ပါပြီ

- ခေတ်မီ ပါဠိ မြန်မာ အဘိဓာန်
- ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်း
- ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်
- ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပ-ဒု)
- ပုံတော်စုံ မင်္ဂလတ္ထဒီပနီ (ခေါ်) ခုဒ္ဒကပါဌမင်္ဂလာပေါင်းချုပ်
- ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပ-ဒု-တ-စ-မ)
- ပုံတော်စုံ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်အနှစ်ချုပ်
- ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး(အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ထေရီအပဒါန် ဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ (ပ-ဒု)
- ပုံတော်စုံ ပေတဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- စေတိယပကာသနီကျမ်း(စေတီတည်ထားပုံစနစ်)
- ဒီပနီပေါင်းချုပ် (သေက္ခတောင်ဆရာတော်)
- စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲတော်လေးထပ် ဆရာတော်)
- မိလိန္ဒပဉ္ဉဝတ္ထု (ဒါန်တိုင်ဆရာတော်)
- ပဏ္ဍိတဝေနီယကျမ်း (သေက္ခတောင်ဆရာတော်)
- အထွေထွေ ဗဟုသုတ မာတိကာကျမ်း
- လောကဓမ္မရေးရာ စကားပုံကျမ်း
- ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ(ပ၊ ဒု၊ တ၊ စ၊ မ)
- သင်္ဂဇာစကားပုံပေါင်းချုပ်
- မြန်မာ့ရိုးရာဝေလေ့နတ်သမိုင်း
- ပဌာန်းအဓိပ္ပာယ်ရှင်းလင်းချက်
- သီဒို့အောင် ဘုရားရှိခိုးအမျိုးမျိုး(စက္ကူအကြမ်း)
- သီဒို့အောင် လောကီသိပ္ပညာပေါင်းကျမ်း
- သီဒို့အောင် ဝတ်ရွတ်စဉ်

ခင်ချိုထွန်းစာပေ
၈၆၊၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်၊ ဖုန်း-၅၄၂၀၅၆

ဖြန့်ချိရေး- သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်
အမှတ် (၃၇)။ ရွှေတိဂုံတောင်ဘက်စွေးတော်ရုံ၊
ရန်ကုန်၊ ဖုန်း - ၃၈၃၁၁၊ လိုင်းခွဲ-၁၇၅

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ။။

(ဒါနဟူသမျှ အဝဝတွင်-တရားအလှူ အောင်လံထူ၏။)

မွန်မြတ်လက်ဆောင်



သို့/

.....

.....

.....

ဤကောင်းမှုကံ၊ ဗောဓိဉာဏ်၊
အမှန်ရကြောင်း ဖြစ်စေသော်။

လက်ဆောင်ရှင်

.....

.....

.....

.....

နေ့စွဲ

.....

http://www.dhammadownload.com

http://www.dhammadownload.com

ပုဒ္ဓ၊ ပစ္စေကပုဒ္ဓနှင့်
အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့၏
ဘဝဖြစ်စဉ်များဖော်ပြထားသည့်

အရှင်ဓမ္မသာမီဘိဝံသ

စီရင်တော်မူခဲ့သော

ပုံတော်စုံ

၈၈၇

အပဒါန်ဝတ္ထုတော်ကြီး

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကျေးဇူးတင်လွှာ

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ဦးစိုးမြင့် (သာသနဓဇသိရိပဝရ ဓမ္မာစရိယ) စေတနာရှေ့ထားပြီး ဆင်ဌမူပါဠိတော် အဋ္ဌကထာများနှင့် တိုက်ဆိုင် တည်းဖြတ်ပြီး ခေတ်မီသော စကားပြေတို့နှင့် တွဲဖက်၍ ပြင်ဆင်ပေးကြ သော ဦးအောင်ညွန့် (ဓမ္မာစရိယ)၊ ဦးကျော်လင်း (ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဦးသန်းဆွေ တို့အား လည်းကောင်း၊ ကွန်ပျူတာစာစီပေးကြသော ကိုအောင်မင်း (ဒရင်းစီတီကွန်ပျူတာ)နှင့် ကိုအောင်မွန်(မြန်မာ့အလင်း)၊ ကိုဝင်းနိုင်(ဂရပ်ဖစ်ဒီဇိုင်း) တို့အား လည်းကောင်း၊ ကိုမျိုးညွန့် (A-7 Group) ဖလင်၊ ပန်းချီ ဦးသန်းကြွယ် တို့အား လည်းကောင်း၊ အထူး ကျေးဇူးတင်ရှိ ပါကြောင်း ခင်ချိုထွန်းစာပေတိုက်မှ မှတ်တမ်းတင်အပ် ပါသည်။

ဦးသိန်းထွန်း
ခင်ချိုထွန်းစာပေ

ပုံနှိပ်မှတ်တမ်း

၂၀၀၉ခုနှစ် အောက်တိုဘာလ၊ အုပ်ရေ ၁၀၀၀၊ တန်ဖိုး
ရန်ကုန်မြို့၊ ကမ္ဘာအေးသာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး
ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍
ဦးသိန်းထွန်း (၀၄၈၂၂) သိန်းထွန်းအော့ဖ်ဆက်
အမှတ် ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ
ပုံနှိပ်သည်။ ဖုန်း-၅၄၂၀၅၆၊ ၅၄၀၅၆၅

ဖြန့်ချိရေး

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၅၄၂၀၅၆

သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်

အမှတ် ၃၇၊ ရွှေတိုဂုံတောင်ဘက်ဈေးတော်ရုံ
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁ (လိုင်းခွဲ-၁၇၅)၊ ၀၉-၅၀-၉၉၃၇၆

http://www.dhammadownload.com



အရှင်ဓမ္မသာမိဘိဝံသ

(ကူးယူပုံနှိပ်ခွင့်မပြု)

http://www.dhammadownload.com



http://www.dhammadownload.com

ပုံတော်စုံထေရအပဒါန်ဝတ္ထုတော်ကြီး
နိဒါန်း

"အလိမ္မာ စာမှာရှိသည်"ဟု ပညာရှင်တို့၏ အဆိုရှိသည်။ အသိ အလိမ္မာနှင့်ဆိုင်သော ပညာရလိုလျှင် စာပေကိုဖတ်ပါဟု ပညာရှင်တို့က ညွှန်ပြခဲ့ကြခြင်း ဖြစ်ပေသည်။

စာပေအမျိုးမျိုးရှိ

စာပေဟုဆိုရာ၌ စာပေသည် အမျိုးမျိုး ရှိသည်။ ဘာသာယဉ်ကျေးမှု အကြောင်းရေးထားသည့်စာပေသည် ဘာသာယဉ်ကျေးမှု စာပေဖြစ်သည်။ နိုင်ငံရေးအကြောင်း ရေးထားသည့်စာပေသည် နိုင်ငံရေးစာပေဖြစ်သည်။ အလားတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အကြောင်းတို့ကို ရေးထားသည့်စာပေတို့ သည်လည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် ဆိုင်ရာ စာပေတို့ပင် ဖြစ်ကြပေသည်။

အသိပညာရနိုင်

မည်သည့်စာပေကို ဖတ်ရှုလေ့လာသည်ဖြစ်စေ ထိုဖတ်ရှုလေ့လာသော စာပေသည် ဖတ်ရှုလေ့လာသူအား ထိုက်သင့်သော အသိပညာ အလိမ္မာပညာ တစ်ခုခုကို ပေးသည်သာ ဖြစ်ပေသည်။ ဘာသာယဉ်ကျေးမှုစာပေမှ ဘာသာ ယဉ်ကျေးမှုဆိုင်ရာ အသိပညာကို ရနိုင်သည်။ အလားတူ နိုင်ငံရေးစာပေမှ နိုင်ငံရေးအသိပညာ၊ စီးပွားရေးစာပေမှ စီးပွားရေးအသိပညာ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စာပေတို့မှလည်း သက်ဆိုင်ရာ အသိပညာများရရှိနိုင်သည်။

ယူတတ်မှရမည်

သို့သော် "ယူတတ်မှရသည်"ဟူသောစကားအတိုင်းပင် မိမိဖတ်ရှု လေ့လာသော စာပေမှ မိမိရယူလိုသော အသိပညာကို ယူရာ၌ ယူတတ်ဖို့ အရေးကြီးသည်။

http://www.dhammadownload.com

ဘာသာယဉ်ကျေးမှုအသိပညာရမည်

ဤပုံတော်စုံထေရအပဒါန်ဝတ္ထုတော်ကြီးသည် ဘာသာယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို ရှာဖွေစုဆောင်း ရေးသားဖော်ပြထားသော ကျမ်းစာ ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းစာမှ ဘာသာယဉ်ကျေးမှုဆိုင်ရာ အသိအလိမ္မာပညာများ ရရှိပေလိမ့်မည်။

အတုယူနိုင်အောင်ရေးသားထား

ဤကျမ်းစာ၌ ဗုဒ္ဓဘုရားရှင်တို့နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဖော်ပြထားသကဲ့သို့ ပစ္စေကဗုဒ္ဓါတို့၏ အကြောင်းအရာများကိုလည်း ဖော်ပြထားသည်။ အလားတူ ဗုဒ္ဓ၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ မြတ်ကြီး၏ အကြောင်းများ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်မထေရ မြတ်ကြီးတို့အကြောင်းများနှင့် အခြားသော မဟာသာဝကမထေရ်မြတ်ကြီး များနှင့် ပကတိသာဝက မထေရ်မြတ်ကြီးတို့၏အကြောင်းများကိုလည်း အတုယူ ကျင့်ကြံဖွယ်ဖြစ်အောင် ရေးသားဖော်ပြထားပေသည်။

ဤမထေရ်မြတ်ကြီးများ၏အကြောင်းအရာများကို ဖတ်ရှု လေ့လာခြင်း အားဖြင့် ဤမထေရ်မြတ်ကြီးတို့ကဲ့သို့ ဖြစ်လာစေရန် ကျင့်ကြံအားထုတ်ဖို့ နည်းလမ်းများ၊ အသိအလိမ္မာပညာများ ရရှိပေလိမ့်မည်။

ထေရ၏အဓိပ္ပာယ်

ဤကျမ်းစာ၌ ဖော်ပြထားသော မထေရ်မြတ်ကြီးများ၏ အကြောင်း တို့သည်ပင် ဤကျမ်း၏အမည်၌ပါသော 'ထေရအပဒါန်' ဖြစ်သည်။ ထေရ၏ အဓိပ္ပာယ်သည် ခိုင်ခဲ့သော၊ ခိုင်မြဲသော၊ မတုန်မလှုပ်သော၊ မယိမ်းမယိုင်သော၊ တည်ကြည် ငြိမ်သက်သော ဟု အဓိပ္ပာယ်ရှိကြောင်း ပါဠိအဘိဓာန်ကျမ်းတို့က အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ တုန်လှုပ်ယိမ်းယိုင်ခြင်း၏အကြောင်းတို့မှာ အကြမ်းဖျင်းအားဖြင့် ရှစ်မျိုးရှိသည်။

၁။ လာဘော – လာဘ်သပ်ပကာရရှိခြင်း၊
၂။ အလာဘော – လာဘ်သပ်ပကာမရရှိခြင်း၊
၃။ ယသော – အခြွေအရံရှိခြင်း၊
၄။ အယသော – အခြွေအရံမရှိခြင်း၊

http://www.dhammadownload.com

၅။ နိန္ဒာ - ကဲ့ရဲ့ခံရခြင်း။
၆။ ပသံသာ - ချီးမွမ်းခံရခြင်း။
၇။ သုခံ - ချမ်းသာခြင်း။
၈။ ဒုက္ခံ - ဆင်းရဲဒုက္ခဖြစ်ရခြင်း။

ဤအကြောင်းရှစ်ပါးတို့နှင့် တွေ့ကြုံလာလျှင် လောကသားတို့သည် တုန်လှုပ်ယိမ်းယိုင်တတ်ကြသည်။ တုန်လှုပ်ယိမ်းယိုင်ခြင်း အမျိုးမျိုးရှိသည့် အနက် အချို့က သာမန်သာ တုန်လှုပ်ယိမ်းယိုင်တတ်ကြသော်လည်း အချို့တို့ကမူ ဘဝပျက်သွားတတ်သည်အထိ ယိမ်းယိုင် တုန်လှုပ်သွားတတ်ကြသည်။

မယိမ်းမယိုင်သောပုဂ္ဂိုလ်များ

သို့သော် ဤအကြောင်းရှစ်ပါးတို့နှင့် တွေ့ကြုံလာရသော်လည်း မတုန်မလှုပ် မယိမ်းမယိုင်သော ပုဂ္ဂိုလ်များ ရှိသည်။ ထိုပုဂ္ဂိုလ်များကား "ထေရ" ဟူသောဂုဏ်နှင့် ပြည့်စုံသည့် ဘုရား၊ ရဟန္တာ စသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်မြတ်ကြီးတို့သည် လောကဓံရှစ်ပါးနှင့် တွေ့ကြုံရသော်လည်း မယိမ်းမယိုင်သော ပုဂ္ဂိုလ်များ ဖြစ်သည်။

ဝီရိယလျှော့ရိုးထုံစံမရှိ

ထေရဂုဏ်ရည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မြတ်ကြီးများသည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်မချင်း လုံ့လဝီရိယကို လျှော့ရိုးထုံးတမ်း စဉ်လာမရှိပေ။ ပန်းတိုင်သို့မရောက် ရောက်သည့်နည်းဖြင့် အရောက်သွားကြသည်ကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရမည် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် မိမိတို့ ဘဝါဘဝကရလိုသဖြင့် ရည်မှန်းကာ တောင်းဆုပြုဓိဌာန်ခဲ့သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ဖြစ်ကြရပြီး ဘဝဒုက္ခ အဝဝမှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်အောင် အားထုတ်ကျင့်ကြံခဲ့ကြပုံကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ဧကန်မုချပန်းတိုင်ရောက်ရမည်

လောကီရေး၌လည်း ဘဝပန်းတိုင်သို့ ရောက်လိုလျှင် ပထမ ရည်မှန်းချက် ပန်းတိုင် ပီပီပြင်ပြင်ရှိရမည်။ ဒုတိယ ထိုရည်မှန်းချက်ပန်းတိုင်သို့

http://www.dhammadownload.com

ရောက်စေနိုင်သော နည်းလမ်း အသိပညာ ရရှိအောင် ရှာဖွေထားရမည်။ ထိုရရှိသော နည်းလမ်း၊ အသိပညာနှင့် ဇွဲ လုံ့လ ဝီရိယ အားထုတ်ကြိုးစားလျှင် ထိုသူသည် သူ၏ဘဝပန်းတိုင်သို့ ကောန်မုချပင် ရောက်ရမည် ဖြစ်သည်။

ဤထေရအပဒါန်ကဲ့သို့သော ကျမ်းကြီးတစ်စောင် ရေးသားပြုစုနိုင်ရေးမှာ သာမန်လုံ့လဝီရိယဖြင့် ရနိုင်လိမ့်မည် မဟုတ်ပေ။ ကျမ်းပေါင်းများစွာကို ဦးစွာပထမဖတ်ရမည်။ ထိုဖတ်ထားသောကျမ်းပေါင်းများစွာ၌ ပါရှိသည့် အချက်အလက်များကို စုဆောင်းထားရမည်။ ထို့နောက်မှ မိမိ ရေးလို ပြုစုလိုသည့် အစီအစဉ်ကို ချမှတ်ကာ ရေးသားပြုစုနိုင်မည်ဖြစ်သည်။

ဘဝပါရမီရှိ၍ ရေးသားစီစဉ်နိုင်သော ပုဂ္ဂိုလ်တို့က ရေးသားပြုစုစီရင်ထားခဲ့သော်လည်း အကုန်အကျခံကာ ထုတ်ဝေဖြန့်ချိမည့်ပုဂ္ဂိုလ်ရှိဖို့ လိုပေသေးသည်။ ထုတ်ဝေဖြန့်ချိမှုသည် အကျိုးအမြတ်နှစ်မျိုးနှင့် စပ်ဆိုင်နေသည်ဟု ယူဆပါသည်။ ပထမတစ်မျိုးမှာ ငွေကြေးအရ အကျိုးအမြတ်ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ဘာသာယဉ်ကျေးမှုစာပေရှုထောင့်မှ ကြည့်ကာ ဤသို့သော ဘာသာယဉ်ကျေးမှုဆိုင်ရာစာဇပများ ပြန့်ပွားများပြားလာမှု အကျိုးအမြတ်ဖြစ်သည်။

စာဖတ်သူတို့အနေဖြင့်မူ ဤသို့သော ဘာသာ ယဉ်ကျေးမှုဆိုင်ရာ စာပေများ ပြန့်ပွားများပြားလာမှုကို ကြိုဆိုကြမည် ဖြစ်ပါသည်။ ခင်ချိုထွန်း စာပေတိုက်သည် ငွေရေးကြေးရေး အကျိုးအမြတ်ကို ပဓာနမထားဘဲ ဘာသာယဉ်ကျေးမှုဆိုင်ရာစာပေများ ပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်နေသော စာပေတိုက်တို့အနက် တစ်ခုအပါအဝင် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

တည်းဖြတ်ပြုပြင်သူ
ဦးအောင်ညွန့်(ဓမ္မာစရိယ)

http://www.dhammadownload.com

ကျမ်းဆရာ၏ ထေရပွတ္တိအကျဉ်း

မုံရွာမြို့၏ မြောက်ဘက် ၂၅ မိုင်ခန့်ကွာဝေးသောအရပ်၌ သက္ကရာဇ် ၉၉၉ ခုနှစ် (နောသုံး၊ ဝါးသုံး၊ နောသုံး = ၉၉၉။ ဝါးသုဉ်း = ဝါးတောကြီး ရှင်းလင်းခုတ်ထွင်ပြီးစီး) ကြီးမားလှစွာသော ဝါးတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီးလျှင် စတင် ရွာတည်လာခဲ့သော "ဝါးတောမရွာ"ကြီး ရှိပေသည်။

ရွာ၏မြောက်ဘက်၌ ဘုရားသုံးဆူ၊ တိုက်ကျောင်းကြီး သုံးကျောင်း၊ သစ်သားကျောင်းကြီးများနှင့် ခမ်းနားကြီးကျယ်သော သိမ်ကုန်းကျောင်း၊ ရွာ၏အရှေ့ဘက်၌ ကုန်းကျောင်းနှင့် ကျွန်းရင်းကျောင်း၊ ရွာ၏တောင်ဘက်၌ဥက္ကဲကျောင်း၊ ရွှေညောင်ပင်ကျောင်း၊ ရွာ၏အနောက်ဘက်၌ ဘုရားကြီးကျောင်းတို့ အသီးသီးရှိကြ၏။

ရွာ၏အနောက်တောင်ထောင့်(စနေထောင့်) ၃ ဖာလုံခန့်ဝေးသောအရပ်၌ တစ်နယ်လုံးကိုးကွယ်နေကြသော တန်ခိုးကြီး "ရွှေစည်းခုံစေတီတော်မြတ်ကြီး" ရှိပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပြတ်နေထိုင်လာခဲ့ကြသော ဝါးတောမရွာကြီး၏အရှေ့ပိုင်း ရွှေပန်းထိမ်သည်(ဘုရားဒကာ) ဦးညွန့်-ဒေါ်ရွှေထယ်နှင့် သားသမီးများဖြစ်ကြသော ဦးပေါခင်၊ ဦးပေါတင်၊ ဒေါ်စောကြွယ်၊ ဒေါ်စောနွဲ့၊ ဦးပေါလှ၊ ဦးပေါသတို့ နေထိုင်ခဲ့ကြသည်။

ရွာလယ်ပိုင်း၌ သင်္ကန်းပရိက္ခရာကုန်သည်ကြီး ဘုရားဒကာ၊ ကျောင်းဒကာ (ဦးရွှေပိုင်-ဒေါ်မင်းအုံ)နှင့် သားသမီးများဖြစ်ကြသော ဒေါ်ဖွားမင်၊ ဒေါ်ဖွားမယ်၊ ဦးလူဒင်-ဒေါ်စောရှိန်၊ ဒေါ်စောသင့်၊ ဦးလူသင်တို့ နေထိုင်ခဲ့ကြသည်။

ဦးပေါတင်-ဒေါ်စောသင့်တို့မှ မောင်သောင်းအေး၊ မောင်သောင်းချယ်၊ မောင်သောင်းနွယ်၊ မောင်သောင်းစိန်၊ မောင်သောင်းကြည်၊ မမြကြည်၊ မမြနီ၊ မမြသင်းဟု သားသမီးရှစ်ယောက် ထွန်းကားရာ ဤကျမ်းစာရှင်မှာ ၁၂၉၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် ဖွားမြင်သော စတုတ္ထမြောက်သားရတနာဖြစ်ပါသည်။

http://www.dhammadownload.com

၁၃၁၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီး ၁၃၁၃ ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၁၄ ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၆ ခုနှစ်၌ ပထမကြီးတန်း(ပါဠိဂုဏ်ထူး)၊ ၁၃၁၇ ခုနှစ်၌ စာချတန်း ကျမ်းရင်းနှစ်ကျမ်းနှင့် ဂုဏ်ထူးငါးကျမ်း၊ ၁၃၁၉ ခုနှစ်၌ သီလက္ခန်ကျမ်းရင်း တစ်ကျမ်းနှင့် ပါဠိဂုဏ်ထူးအဂုံတွရနိကာယ်ကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၁၉ ခုနှစ်၌ပင် ဘာသန္တရ ပုစ္ဆာပေါင်း ၁၀၀၀ ကို ဖြေဆိုရာ ပထမရသဖြင့် ပထမကျော်နှင့် ဝိသိဋ္ဌဓမ္မာစရိယ ရွှေတံဆိပ်ကို ရရှိခဲ့ပါသည်။

၁၃၁၅ ခုနှစ် တပေါင်းလပြည့်နေ့၌ မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သာသနဝိသောဓနီသိမ်၌ ဆရာတော် အရှင်ပညာဇောတ (ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော်)ကို ဥပဇ္ဈာယ်ပြု၍ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ကျမ်းစာများ ရေးသားခြင်း

၁၃၁၄ ခုနှစ်၌ ကူညီရေး ရူပသိဒ္ဓိ၊
၁၃၁၅ ခုနှစ်၌ ကူညီရေး .ဆန်းနိဿယ၊
၁၃၁၈ ခုနှစ်၌ ဆန္ဒောသန္နယဒီပဂဏီ၊
၁၃၂၀ ခုနှစ်၌ အလင်္ကာရသန္နယဒီပဂဏီ၊
၁၃၂၁ ခုနှစ်၌ စာစပ်နည်းပေါင်းချုပ်၊
၁၃၂၂ ခုနှစ်၌ ကူညီရေးပါတိမောက်၊
၁၃၂၄ ခုနှစ်၌ ကူညီရေးကခ်ီ၊
၁၃၂၆ ခုနှစ်၌ ခေတ်မီ ပါဠိ-မြန်မာအဘိဓာန်၊
၁၃၂၈ ခုနှစ်၌ သဒ္ဒသန္နယဒီပဂဏီ၊
၁၃၃၃ ခုနှစ်၌ ၂၅-ခန်း ကမ္မဝါ၊
ပုံတော်စုံ ဝိပါက်တော် ၁၂-ပါး
၁၃၃၄ ခုနှစ်၌ ခေတ်မီသရုပ်ပြ အဘိဓမ္မာ၊
ဒက္ခိဏာသာခါ ဘုရားသမိုင်းတော်၊
မဟာသတိပဋ္ဌာန် ဝတ္ထုတော်ကြီး၊
မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘရဟန်းကျင့်ဝတ်။

http://www.dhammadownload.com

၁၃၇၅ ခုနှစ်၌ အခန်း ၁၀၀ ကမ္မဝါ၊
ခေတ်မီ သဒ္ဒါကြီးနိဿယ၊
ခေတ်မီ မာတိကာ ဓာတုကထာ
အရကောက်နှင့် အဖွင့်၊
ခေတ်မီ ဝင် ကိုးဝင်၊ (ထွက်တော့မည်)
ခေတ်မီ ဇာတက် ဝတ္ထုတော်ကြီး၊
ခေတ်မီ ရေစက်ချနည်းတစ်ထောင်၊
ဝိပါက်တော်တစ်ထောင်၊
ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်၊
ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး (ပ-ဒု)
ပုံတော်စုံ ပေတဝတ္ထုတော်ကြီး၊
ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊
ပုံတော်စုံ ထေရအပဒါန်ဝတ္ထုတော်ကြီး၊
ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး၊
ကျမ်းစာအုပ်များ ရေးသားပြုစုခဲ့ပါသည်။

သာသနာဝင် ကျေးဇူးရှင်များ

ဤကျမ်းစာရှင်၏ အနန္တ ကျေးဇူးရှင်ဆရာတော်ဘုရားများမှာ-

မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတောမရွာ သိမ်ကုန်းကျောင်း တတိယ ဆရာတော် အရှင်ကဝိန္ဒ၊ စတုတ္ထ ဆရာတော် အရှင်နာယက၊ စာချု အရှင်ဇနိတ၊ အရှင်သုဇာတ။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ဒသမမြောက် ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အရှင်ဉာနာဘိဝံသ။

(ဤဆရာတော်မှာ မိမိ သာမဏေဘဝက အမြဲ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။)

မြောင်းမြမြို့ ပဒေသာရုံပါဠိတက္ကသိုလ်တိုက်အုပ် အရှင်ဉာနိက (ဓမ္မစာရိယ ဘာသန္တရဆေက၊ B.A)။ ကထိက အရှင်ကုမာရ (ဓမ္မာစရိယ၊ ဂန္ထကာရက)၊ ကထိက အရှင်ကဿပ (ဓမ္မာစရိယ)၊ စာချု အရှင်အဂ္ဂဝံသ၊ အရှင်နာဂဝံသ၊ သခ်ၤာနည်းပြ အရှင်ပရမ။

http://www.dhammadownload.com

ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်၊ ဘာသန္တရနှည်းပြ အရှင်ကဝိဓဇ (ဓမ္မာစရိယ)။

အိန္ဒိယပြည် နာလန္ဒာတက္ကသိုလ် သက္ကတနှင့် အင်္ဂလိပ်စာနှည်းပြ ဆရာတော် အရှင်ကေလာသ (M.A)။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက၊ ဂန္ထကာရက၊ ဓမ္မာစရိယ)

[ဤဆရာတော်မှာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါသည်။]

တိုက်ကြီးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂိန္ဒ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

အထက်ပါ အနန္တကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အနန္တကျေးဇူးတော်များကို စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း စသော ပရိယတ်၊ ပဋိပတ်အကျင့် မြတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခြင်းဖြင့် ကျေးဇူးဆပ်ရပါတော့သည်။

●●●●●●●●●●

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	
	ပဏာမ ဘုရားရှိခိုးဂါထာ ...	၁
	ဘုရားဖြစ်ခြင်း၏အကြောင်း ...	၂
	ဘုရားဆုကို စ၍ တောင်းခြင်း ...	၃
	အပဒါန်အမျိုးမျိုး ...	၃
	အရှင်အာနန္ဒာ၏ထပ်ဆင့်အမေးကို ဖြေတော်မူပုံ ...	၃
	ဗုဒ္ဓလောင်းလျာ တိလောကဝိဇယ စကြာမင်းကြီး ...	၄
	ပြုသောကုသိုလ်ကို မသိသူတို့လည်း အာဟာရ ရကြစေကုန် ...	၅
	လှူဒါန်းပူဇော်သော ကုသိုလ်၏အကျိုး ...	၅
	ဟောသောတရား သတ္တဝါတို့ ကြားနာကြရန် ဆုတောင်းခြင်း ...	၇
	ပါရမီဆယ်ပါးကို ဖြည့်နိုင်ရန် ဆုတောင်းခြင်း ...	၈
	ဗုဒ္ဓလောင်းလျာ ကဋ္ဌဝါဟနဝတ္ထု ...	၉
	အမုန်ယစ်သော ဆင်ကိုမြင်၍ သံဝေဂရခြင်း ...	၁၀
	ဗုဒ္ဓလောင်းလျာ ဝေမတိကမင်းသမီး ဖြစ်ခဲ့ဖူးပုံ ...	၁၀
	မင်းသမီး၏ဆုတောင်း ...	၁၁
	ပတ္ထနာနှင့် အဘိနီဟာရ ...	၁၂
	နိယတ ဗျာဒိတ်ရခြင်း၏ အကြောင်းရှစ်ပါး ...	၁၃
	ဗျာဒိတ်မရသေးမီ ပါရမီဖြည့်ရသော ကာလ ...	၁၄
	ဘုရားလောင်းများ မဖြစ်ထိုက်သော ဌာနများ ...	၁၄
	ဘုရားလောင်းတို့၌ ပြည်စုံသော အဇ္ဈာသယ ၆-ပါး ...	၁၅
	ပစ္စေကဗုဒ္ဓါတို့ ဗျာဒိတ်မရသေးမီ ဖြည့်ကျင့်ရသောကာလ ...	၁၇
	ပစ္စေကဗုဒ္ဓါလောင်းနှစ်မျိုး ...	၁၈
	သာဝကရဟန္တာတို့ ပါရမီဖြည့်ကျင့်ရသော ကာလ ...	၁၈
	အဂ္ဂသာဝကပါရမီဖြည့်ရသော ကာလ ...	၁၉
	ဗောဓိလောင်းဟူ၍ ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်များ ...	၂၁

http://www.dhammadownload.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
	ပါရမီဖြည့်ရသော ကာလ	...	၂၂
	တက်ကပ် ဆုတ်ကပ် ဟူသည်	...	၂၃
	အဓိကာရအဓိပွာယ်	...	၂၄
	အလိုလိုသစ္စာလေးပါးကို သိခြင်း၏အကြောင်း ၂-မျိုး	...	၂၅
	ကြံ့ချိုပမာ ပစ္စေကဗုဒ္ဓါတို့ ကျင့်ကြပုံ	...	၂၆
	ဆွမ်းခံသွားစဉ် ဖြစ်ပျက် ကမ္မဋ္ဌာန်းကို ရှုရှ၍ ရဟန္တာဖြစ်သော ဝတ္ထု	...	၂၇
	အမြင်အာရုံကြောင့် ဆင်းရဲရောက်သော ဝတ္ထု	...	၂၈
	အကြားအာရုံဖြင့် ငြိတွယ်၍ ဆင်းရဲရောက်ရသောဝတ္ထု	...	၂၉
	ကာယသံသဂ္ဂဖြင့် ငြိတွယ်၍ ဆင်းရဲရောက်သောဝတ္ထု	...	၂၉
	အခြား ငြိတွယ်ခြင်းဖြင့် ဆင်းရဲရောက်ရသောဝတ္ထု	...	၃၀
	ခဂ္ဂဝိသာဏသုတ် တတိယဗျာကရဏဂါထာကို ဟောသော ပစ္စေကဗုဒ္ဓါ၏ဝတ္ထု	...	၃၁
	မိတ်ဆွေအမျိုးမျိုး	...	၃၂
	ပစ္စေကဗုဒ္ဓါအရှင်မြတ်များအပဒါန်	...	၃၅
	ပစ္စေကဗုဒ္ဓါဖြစ်သွားသောစက္ခုလောလမင်း	...	၃၆
	အရသာ၌တပ်မက်သောမင်း	...	၃၇
	ကိုယ်ကာယ လှပသောမင်း၏ ဝတ္ထု	...	၃၈
	ကိုယ့်ကိုကိုယ်သာ ပြုပြင်သွားသောမင်း	...	၄၀
	ဘုရားဖြစ်ခြင်း၏အကြောင်းပြီး၏။	...	၄၂
၁	အရှင်သာရိပုတ္တရာထေရ် အပဒါန်ဝတ္ထု	...	၄၃
၂	အရှင်မဟာမောဂ္ဂလာန်ထေရ် အပဒါန်ဝတ္ထု	...	၇၄
၃	အရှင်မဟာကဿပထေရ် အပဒါန်ဝတ္ထု	...	၉၈
၄	အရှင်အနုရုဒ္ဓါထေရ် အပဒါန်ဝတ္ထု	...	၁၆၄
၅	အရှင်ပုဏ္ဏထေရ် အပဒါန်ဝတ္ထု	...	၁၇၄
၆	အရှင်ဥပါလိထေရ် အပဒါန်ဝတ္ထု	...	၁၈၅

F-2B

http://www.dhammadownload.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
၇	အရှင်အညာသိကောဏ္ဍညထေရ် အပဒါန်ဝတ္ထု	...	၁၉၃
၈	အရှင်ဝင်္ကောလဘာရဒ္ဒါဇထေရ် အပဒါန်ဝတ္ထု	...	၁၉၇
၉	ရှားတောကျောင်းနေ အရှင်ရေဝတ အပဒါန်ဝတ္ထု	...	၂၀၁
၁၀	အရှင်အာနန္ဒာထေရ် အပဒါန်ဝတ္ထု	...	၂၀၅
၁၁	သီဟာသနဒါယကထေရ် အပဒါန်ဝတ္ထု	...	၂၁၆
၁၂	ဇကထမ္ဘိကဒါယကထေရ် အပဒါန်ဝတ္ထု	...	၂၁၈
၁၃	ညီတော်မင်းနန်ထေရ် အပဒါန်ဝတ္ထု	...	၂၂၀
၁၄	အရှင်မဟာပန္ထကထေရ် အပဒါန်ဝတ္ထု	...	၂၂၈
၁၅	ရှင်စူဠပန္ထကထေရ် အပဒါန်ဝတ္ထု	...	၂၃၁
၁၆	အရှင်ဝိလိန္ဒဝစ္ဆထေရ် အပဒါန်ဝတ္ထု	...	၂၃၈
၁၇	အရှင်ဥပသေနထေရ် အပဒါန်ဝတ္ထု	...	၂၅၂
၁၈	အရှင်ရဋ္ဌပါလထေရ် အပဒါန်ဝတ္ထု	...	၂၅၆
၁၉	အရှင်သောပါကထေရ် အပဒါန်ဝတ္ထု	...	၂၇၄
၂၀	အရှင်သုမင်္ဂလထေရ် အပဒါန်ဝတ္ထု	...	၂၇၉
၂၁	အရှင်သုဘူတိထေရ် အပဒါန်ဝတ္ထု	...	၂၈၂
၂၂	အရှင်ဥပဝါနထေရ် အပဒါန်ဝတ္ထု	...	၂၉၅
၂၃	သရဏဂမနီယထေရ် အပဒါန်ဝတ္ထု	...	၃၀၁
၂၄	ပဋ္ဌသီလသမာဒါနိယထေရ် အပဒါန်ဝတ္ထု	...	၃၀၆
၂၅	ကုဏ္ဍဓာနထေရ် အပဒါန်ဝတ္ထု	...	၃၀၈
၂၆	အရှင်မဟာကစ္စည်းထေရ် အပဒါန်ဝတ္ထု	...	၃၂၀
၂၇	ဖွားဖက်တော် အရှင်ကာဠုဒါယီထေရ် အပဒါန်ဝတ္ထု	...	၃၂၄
၂၈	အရှင်ဥရုဝေလ ကဿပထေရ် အပဒါန်ဝတ္ထု	...	၃၇၃
၂၉	အရှင်နဒီကဿပထေရ် အပဒါန်ဝတ္ထု	...	၃၈၀
၃၀	အရှင်ဂယာကဿပထေရ် အပဒါန်ဝတ္ထု	...	၃၈၂
၃၁	အဓိမုတ္တထေရ် အပဒါန်ဝတ္ထု	...	၃၈၄

http://www.dhammadownload.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၂	လသုဏဒါယကထေရ် အပဒါန်ဝတ္ထု	...	၃၈၉
၃၃	အာယာဂဒါယကထေရ် အပဒါန်ဝတ္ထု	...	၃၉၁
၃၄	ဓမ္မစက္ကိကထေရ် အပဒါန်ဝတ္ထု	...	၃၉၄
၃၅	အရှင်ဘဒ္ဒိယထေရ် အပဒါန်ဝတ္ထု	...	၃၉၆
၃၆	သန္ထဋ္ဌာပကထေရ် အပဒါန်ဝတ္ထု	...	၄၀၂
၃၇	ပဋ္ဌာဟတ္ထိယထေရ် အပဒါန်ဝတ္ထု	...	၄၀၅
၃၈	ပဒုမဆ္ဆဒနိယထေရ် အပဒါန်ဝတ္ထု	...	၄၀၆
၃၉	ပထမသယနဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၀၉
၄၀	စကိမဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၁၁
၄၁	သုဘဒ္ဒထေရ် အပဒါန်ဝတ္ထု	...	၄၁၃
၄၂	ဝိရူပနဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၁၆
၄၃	သတရံသိထေရ် အပဒါန်ဝတ္ထု	...	၄၁၈
၄၄	ဒုတိယသယနဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၂၂
၄၅	ဂန္ဓောဒကိယထေရ် အပဒါန်ဝတ္ထု	...	၄၂၄
၄၆	ဩပဝယ္ဟထေရ် အပဒါန်ဝတ္ထု	...	၄၂၇
၄၇	သပရိဝါရာသနထေရ် အပဒါန်ဝတ္ထု	...	၄၃၁
၄၈	ပဋ္ဌဒီကထေရ် အပဒါန်ဝတ္ထု	...	၄၃၂
၄၉	ဓဒေါယကထေရ် အပဒါန်ဝတ္ထု	...	၄၃၄
၅၀	ပဒုမထေရ် အပဒါန်ဝတ္ထု	...	၄၃၆
၅၁	အသနဖောဓိယထေရ် အပဒါန်ဝတ္ထု	...	၄၄၀
၅၂	သကစိန္တနိယထေရ် အပဒါန်ဝတ္ထု	...	၄၄၄
၅၃	ပစ္စာဂမနိယထေရ် အပဒါန်ဝတ္ထု	...	၄၄၇
၅၄	ပရမ္ပသာဒက ဘူတထေရ် အပဒါန်ဝတ္ထု	...	၄၅၃
၅၅	ဘီသဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၅၅
၅၆	သုစိန္တိတထေရ် အပဒါန်ဝတ္ထု	...	၄၅၉

http://www.dhammadownload.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
၅၇	ဝတ္ထဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၆၂
၅၈	အမ္ဗဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၆၅
၅၉	သုမနသာမဏေ အပဒါန်ဝတ္ထု	...	၄၆၇
၆၀	ပုပ္ဖစင်္ဂေါဋိယထေရ် အပဒါန်ဝတ္ထု	...	၄၇၀
၆၁	နာဂသမာလထေရ် အပဒါန်ဝတ္ထု	...	၄၇၁
၆၂	ပဒသညကထေရ် အပဒါန်ဝတ္ထု	...	၄၇၅
၆၃	အရှင်ရာဟုလာထေရ် အပဒါန်ဝတ္ထု	...	၄၇၇
၆၄	အရှင်ကုမာရကဿပထေရ် အပဒါန်ဝတ္ထု	...	၄၈၃
၆၅	ဗုဒ္ဓသညကထေရ် အပဒါန်ဝတ္ထု	...	၄၈၇
၆၆	ဘိသာလုဝဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၈၉
၆၇	ဇောသညကထေရ် အပဒါန်ဝတ္ထု	...	၄၉၁
၆၈	တိဏသန္ထရထေရ် အပဒါန်ဝတ္ထု	...	၄၉၂
၆၉	ပထမ သုစိဒါယကထေရ် အပဒါန်ဝတ္ထု	...	၄၉၄
၇၀	ပါဠလိပုပ္ဖိယထေရ် အပဒါန်ဝတ္ထု	...	၄၉၆
၇၁	ဠိတဇ္ဇလိယထေရ် အပဒါန်ဝတ္ထု	...	၄၉၇
၇၂	တိပဒုမိယထေရ် အပဒါန်ဝတ္ထု	...	၅၀၀
၇၃	တိမိရပုပ္ဖိယထေရ် အပဒါန်ဝတ္ထု	...	၅၀၄
၇၄	ဂတသညကထေရ် အပဒါန်ဝတ္ထု	...	၅၀၅
၇၅	နိပန္နဇလိကထေရ် အပဒါန်ဝတ္ထု	...	၅၀၇
၇၆	အဓောပုပ္ဖိယထေရ် အပဒါန် ဝတ္ထု	...	၅၀၉
၇၇	ရံသိသညကထေရ် အပဒါန်ဝတ္ထု	...	၅၁၀
၇၈	သုဓာပိဏ္ဍိယထေရ် အပဒါန်ဝတ္ထု	...	၅၁၁
၇၉	ဂန္ဓမာလိယထေရ် အပဒါန်ဝတ္ထု	...	၅၁၄
၈၀	မဓုပိဏ္ဍိကထေရ် အပဒါန်ဝတ္ထု	...	၅၁၆
၈၁	ဖွားဖက်တော် အရှင်ဆန္နထေရ် အပဒါန်ဝတ္ထု	...	၅၁၈

http://www.dhammadownload.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
၈၂	ဝေယျာဝစ္စကရ သဋ္ဌယထေရ် အပဒါန်ဝတ္ထု	...	၅၂၁
၈၃	ဥဒကပူဇက ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထု	...	၅၂၃
၈၄	နဠမာလိယ ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထု	...	၅၂၅
၈၅	အရှင်အဂ်္ဂိလိမာလထေရ် အပဒါန်ဝတ္ထု	...	၅၂၈
၈၆	အရှင်တိဿထေရ် အပဒါန်ဝတ္ထု	...	၅၃၀
၈၇	အရှင်ဝမုမာနထေရ် အပဒါန်ဝတ္ထု	...	၅၃၂
၈၈	အရှင်ရမဏီယဝိဟာရီထေရ် အပဒါန်ဝတ္ထု	...	၅၃၄
၈၉	အရှင်ဝန္ဒိပုတ္တထေရ် အပဒါန်ဝတ္ထု	...	၅၃၆
၉၀	အရှင်ဝိမလကောဏ္ဍညထေရ် အပဒါန်ဝတ္ထု	...	၅၃၈
၉၁	အရှင်သုသာရဒထေရ် အပဒါန်ဝတ္ထု	...	၅၄၀
၉၂	အရှင် ဝိယဟထေရ် အပဒါန်ဝတ္ထု	...	၅၄၁
၉၃	အရှင်ရက္ခိတထေရ် အပဒါန်ဝတ္ထု	...	၅၄၃
၉၄	အရှင်သမိတိဂုတ္တထေရ် အပဒါန်ဝတ္ထု	...	၅၄၅
၉၅	အရှင်စက္ခုပါလထေရ် အပဒါန်ဝတ္ထု	...	၅၄၇
၉၆	အရှင်ဥတ္တရထေရ် အပဒါန်ဝတ္ထု	...	၅၄၂
၉၇	အရှင်ဂင်္ဂါတီရိယထေရ် အပါန်ဝတ္ထု	...	၅၄၆
၉၈	အရှင်ရာဓထေရ် အပဒါန်ဝတ္ထု	...	၅၄၈
၉၉	အရှင်ဗာကုလထေရ် အပဒါန်ဝတ္ထု	...	၅၅၁
၁၀၀	အရှင်ခနိယထေရ် အပဒါန်ဝတ္ထု	...	၅၅၆
	နိဂုံး	...	၅၈၁

မာတိကာပြီး၏။

*****

http://www.dhammadownload.com



မကြာမီထွက်တော့မည်

http://www.dhammadownload.com



http://www.dhammadownload.com



ပုံတော်စုံ

ဆေရအပဒါန်ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ ဘုရားရှိခိုးဂါထာ

သမ္မုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ, မဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္မုဒ္ဓေစ၊ မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ဒွါဒသဉ္စသဟဿကေ၊ တစ်သောင်းနှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿာနိ၊ ငါးသိန်းကုန်သော မြတ်စွာဘုရားတို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။ တေသံ၊ ထိုငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်အရှင်သူမြတ်တို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန၊ ရိသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန၊ ရှိခိုးရသောစေတနာ၏အစွမ်းအားဖြင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ်ပျောက်စေ၍။ အနေကာ၊ များစွာ

http://www.dhammadownload.com

ကုန်သော။ အန္တရာယာပိ၊ အန္တရာယ်တို့သည်လည်း။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဝိနဿန္တု၊ ကင်းပျောက်စေကုန်သတည်း။

ဘုရားဖြစ်ခြင်း၏အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာသည် ဘုရားရှင်အား ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ ရှေးရှေးကမ္ဘာတို့က သဗ္ဗညုဘုရားရှင်တို့သည် အဘယ်အကြောင်းကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူကြပါကုန်သနည်း ဘုရား"

ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏။

ယေ ပုဗ္ဗဗုဒ္ဓေသု ကတာဓိကာရာ။
အလဒ္ဓမောက္ခာ ဇိနသာသနေသု။
တေနေ၀ သမ္မောဓိမုခေန ဓီရာ။
အဇ္ဈာသယေနာပိ မဟာဗလေန။
ပညာယ တေဇေန သုတိက္ခပညာ။
သဗ္ဗညုဘာ၀ံ အနုပါပုဏန္တိ ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ယေ၊ အကြင်ဘုရားဖြစ်လိုသော ပုဂ္ဂိုလ်တို့သည်။ ပုဗ္ဗဗုဒ္ဓေသု၊ ရှေးဘုရားတို့ထံ၌။ ကတာဓိကာရာ၊ ပြုဖူးသော ဒါနသီလ အဓိကာရပါရမီရှိကြကုန်၏။ တေ၊ ထိုဘုရားဖြစ်လိုသော ပုဂ္ဂိုလ်တို့သည်။ ဇိနသာသနေသု၊ ဘုရားရှင်တို့၏ သာသနာတော်အတွင်းတို့၌။ အလဒ္ဓမောက္ခာ။ နိဗ္ဗာန်ကို မရယူကြကုန်။

ဓီရာ၊ ဘုရားဖြစ်လိုသောစိတ်ဖြင့် ရဲရင့်တည်တံ့ ခိုင်ခံ့သော ပုဂ္ဂိုလ်တို့သည်။ တေနေ၀ သမ္မောဓိမုခေန၊ ထိုသဗ္ဗညုအဖြစ်ကိုသာလျှင် စိတ်ဖြင့်ရည်စူး အဦးအမြတ်ထားသဖြင့်လည်းကောင်း။ မဟာဗလေန၊ အားကြီးစွာသော။ အဇ္ဈာသယေနာပိ၊ သတ္တလောက ဟိတဇ္ဈာသယ သတ္တ၀ါတို့၏ အစီးအပွားကိုဖြစ်စေလိုသော ဆန္ဒအားဖြင့် လည်းကောင်း။ ပညာယ၊ ပညာ၏။ တေဇေန၊ တန်ခိုးအရှိန်အားဖြင့် လည်းကောင်း။ သုတိက္ခပညာ၊ အလွန်ထက်သော ပညာရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ သဗ္ဗညုဘာ၀ံ၊ သဗ္ဗညုအဖြစ်သို့။ အနုပါပုဏန္တိ၊ ရောက်တော်မူကြကုန်၏။

http://www.dhammadownload.com

ဘုရားဆုကို စ၍ တောင်းခြင်း

အဟံပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တမဘိပတ္ထယိ။
မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသံခိယာ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အဟံပိ၊ ငါဘုရားသည်လည်း။ ပုဗ္ဗဗုဒ္ဓေသု၊ ရှေးဘုရားတို့၌။ မနသာယေဝ၊ စိတ်ဖြင့်သာလျှင်။ ဟုတွာန၊ ဘုရားဖြစ်လိုသောစိတ်ဖြစ်၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ အဘိပတ္ထယိ၊ တတောင့်တတ နေဖူးလှပြီ။ ဓမ္မရာဇာ၊ တရားမင်းဘုရားတို့သည်။ အသံခိယာ၊ မရေတွက်နိုင်ကုန်။

အထ ဗုဒ္ဓါပဒါနာနိ၊ သုဏာထ သုဒ္ဓမာနသာ။
တိံသပါရမိသမ္ပုဏ္ဏာ၊ ဓမ္မရာဇာ အသံခိယာ။

ပဌမသင်္ဂါယနာတင်သောအခါတွင် အရှင်အာနန္ဒာမထေရ်က ရဟန္တာငါးရာတို့အား လျှောက်ထားခဲ့သော ဂါထာဖြစ်သည်။

အထ၊ ထိုသာသနာတော်နှင့် တွေ့ကြုံရသဖြင့် မင်္ဂလာရှိသောအခါ၌။ ဗုဒ္ဓါပဒါနာနိ၊ ဘုရားဖြစ်ကြောင်းတရားတို့ကို။ သုဒ္ဓမာနသာ၊ စင်ကြယ်သောစိတ်ရှိကုန်သည်ဖြစ်၍။ သုဏာထ၊ နားထောင်ကြကုန်။ တိံသပါရမိသမ္ပုဏ္ဏာ၊ ဖြည့်ကျင့်ဆည်းပူးသော ပါရမီသုံးဆယ် ပြည့်စုံတော်မူသောကြောင့်။ ဓမ္မရာဇာ၊ တရားမင်းမြတ်ဖြစ်ကုန်သော ဘုရားရှင်တို့သည်။ အသံခိယာ၊ မရေတွက်နိုင်ကြကုန်။

အပဒါန်အမျိုးမျိုး

ပါရမီသုံးဆယ်တို့သည် ဘုရားဖြစ်နိုင်သောအကြောင်းတို့ဖြစ်သည်။ ဘုရားဖြစ်နိုင်သောအကြောင်း ပါရမီတို့ကို "ဗုဒ္ဓအပဒါန"ဟုဆိုသည်။

ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်လောက်သော အကြောင်းပါရမီကို ပစ္စေကဗုဒ္ဓါပဒါန၊ ရဟန္တာထေရ ဖြစ်နိုင်လောက်သော ပါရမီတို့ကို ထေရာပဒါန၊ မိန်းမရဟန္တာထေရီ ဖြစ်နိုင်လောက်သော ပါရမီကို ထေရီပဒါနဟူ၍ ဆိုသည်။

အရှင်အာနန္ဒာ၏ထပ်ဆင့်အမေးကို ဖြေတော်မူပုံ

စိတ်၌ဘုရားဖြစ်လိုလှ၍ တတောင့်တတ နေသောအခါ အဘယ်ကဲ့သို့ အဓိကာရများကိုပြု၍ နေပါသနည်းဟူ၍ အရှင်အာနန္ဒာ မေးလျှောက်သောအခါ ဤသို့ ဟောတော်မူပြန်သည်။

http://www.dhammadownload.com

ဗုဒ္ဓလောင်းလျှာ တိလောကဝိဇယ စကြာမင်းကြီး

ချစ်သားအာနန္ဒာ၊ ရှေးရှေးကမ္ဘာတို့၌ ပွင့်တော်မူကုန်သော ဘုရားမြတ်တို့၏ သဗ္ဗညုတ ဉာဏ်တော်ကို ငါရှိခိုး၏။ သံဃာတော်အပေါင်းနှင့်တကွ ဖြစ်ကုန်သော မြတ်စွာဘုရားတို့ကို ငါရှိခိုး၏။

ဘုရားတစ်ဆူသာ ဖြစ်နိုင်သော စကြ၀ဠာတစ်သောင်းတို့၌ မရေမတွက်နိုင်သော မြေ ကောင်းကင်မလပ် အရပ်ရပ်တည်ကုန်သော ရတနာ၊ ပုလဲ, ပတ္တမြား, မြ, စိန်, ရွှေ, ငွေ အထွေထွေသော ရတနာတို့သည် ရှိကုန်၏။ အလုံးစုံသော ရတနာကို စိတ်ဖြင့်သာလျှင် ဆောင်ယူ၏။ ငွေဖြင့်ပြီးသော ထိုမြေအပြင်၌ ပြာသာဒ်ကြီးကို ငါသည် စိတ်ဖြင့် ဖန်ဆင်းဆောက်လုပ်၏။ များစွာသော ဘုံအဆင့်ဆင့်ရှိ၏။ ရတနာတို့ဖြင့် ခြယ်လှယ်စီမံ၍ ထားသဖြင့် ကောင်းကင်သို့တိုင် တဖျပ်ဖျပ် တ၀င်း၀င်း ထွန်းလင်းလျက်ရှိ၏။

တိလောကဝိဇယ စကြာမင်းကြီးဟူ၍ ကျော်စောထင်ရှားတော်မူသော ငါ ဘုရားလောင်းလျှာသည် ဘုရားဖြစ်လိုလှ၍ စိတ်ဖြင့် တတောင့်တတနေသော အခါ–

ထို့နောက်မင်းကြီးသည် ရှေးကပွင့်ထွန်းခဲ့ပြီး ယခုပွင့်ထွန်းတော်မူနေဆဲ သဗ္ဗညုဘုရားရှင်ပေါင်းများစွာ၊ ပစ္စေကဗုဒ္ဓါအရှင်ပေါင်းများစွာနှင့် ရဟန္တာ အရှင်ပေါင်းများစွာ တို့ကို ရတနာပြာသာဒ်တော်ကြီးအတွင်းသို့ စိတ်တော်ဖြင့် ပင့်ဖိတ်၏။ ပြာသာဒ်တော်ကြီးအတွင်း၌ အရိယာပရိသတ်အ၀န်းကြီး၏ သင်္ကန်းရောင်တို့သည် ထိန်ထိန်တောက် ပြောင်ပြောင်၀င်းလျက်ရှိသည်။ ထိုအခါတွင် တိလောကဝိဇယစကြာမင်းကြီးသည် ရတနာမြတ်သုံးပါးတို့အား အဆန်းဆန်း အကြယ်ကြယ် ဖွယ်ဖွယ်ရာရာ ကြီးကြယ်လှစွာ ပူဇော်ဆက်ကပ်သည်။

အမျှပေးဝေပုံ

ထိုရတနာ ပြာသာဒ်တော်ကြီး၏ ထက်၀န်းကျင် မြေအပြင်၌ အလုံးစုံသော အတီးအမှုတ် တူရိယာမျိုးစုံတို့ကို တီးကြမှုတ်ကြစေကုန်၏။ အလုံးစုံသော ကချေသည်, သဘင်သည်တို့သည် ကခုန်, မြူးထူး, ပျော်ရွှင်ကြကုန်၏။ နတ်သမီးကချေသည်တို့သည်လည်း ကခုန်, မြူးထူးကြကုန်၏။ သီချင်းသည်မိန်းမ၊ ကချေသည်မိန်းမတို့သည်လည်း တေးသီချင်းကို သီဆိုလျက် မြူးပျော်ရွှင်ပြကြ ခုန်ကြ သီဆိုလျက်ရှိကြကုန်၏။

http://www.dhammadownload.com

တိလောကဝိဇယ စကြာမင်းကြီးသည် ပူဇော်ပွဲကြီးကို အကြီးအကျယ် ပြုလုပ်ပြီးလျှင် ထိုကုသိုလ်အဖို့ကို အမျှပေးဝေ၏။ အမျှပေးဝေပုံကား ကိုယ်, နှုတ်, စိတ်ပါ သုံးဖြာသော ဒွါရဖြင့် ငါ ပြုလုပ်သော ကုသိုလ်ဟူသမျှကို အလုံးစုံသော သတ္တဝါတို့အား အမျှပေးဝေပါကုန်၏။ သညာရှိသော သတ္တဝါတို့သည်လည်းကောင်း၊ သညာမရှိသော သတ္တဝါတို့သည်လည်းကောင်း၊ အလုံးစုံသော သတ္တဝါတို့သည်လည်းကောင်း ငါပြုသော ကုသိုလ်အဖို့ကို ရကြကုန်သည်ဖြစ်၍ ချမ်းသာကြစေကုန်သတည်း။

ပြုသောကုသိုလ်ကို မသိသူတို့လည်း အာဟာရ ရကြစေကုန်

အကြင် နတ်, လူ, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် ငါပြုသော ကုသိုလ်အဖို့ကို ရကြကုန်သည်ဖြစ်၍ ချမ်းသာကြစေကုန်သတည်း။ အကြင် နတ်, လူ, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် ငါပြုသော ကုသိုလ်ကို သိကြကုန်၏၊ သာဓုခေါ်ကြကုန်၏၊ ဝမ်းမြောက်ကြကုန်၏။ ထို လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ငါပြုသော ကုသိုလ်၏ အဖို့ကို ရကြကုန်၍ ကုသိုလ်ရှိသောသူတို့ ဖြစ်ကြကုန်၏။ အကြင် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ငါပြုသော ကုသိုလ်ကို မသိကြကုန်။ ထိုပြုသောကုသိုလ်ကို မသိကြကုန်သော သတ္တဝါတို့ကို နတ်တို့က သွားရောက်၍ ပြောကြားကြစေကုန်သတည်း။ လောကဥ္စ အလုံးစုံသော သတ္တဝါတို့သည် အစာအာဟာရကို မှီ၍ အသက်ရှည်ကြကုန်၏။ အစာအာဟာရကို မှီ၍ အသက်ရှည်ကြကုန်သော ထိုသတ္တဝါတို့သည် ငါ၏ တန်ခိုးအစွမ်းအားဖြင့် ကောင်းမွန်နှစ်သက်သော ဘောဇဉ် အစာအာဟာရကို ရကြစေကုန်သတည်း။

ဤကား တိလောကဝိဇယ စကြာမင်းကြီး၏ ဆုတောင်းပုံတည်း။

လှူဒါန်းပူဇော်သော ကုသိုလ်၏အကျိုး

တိလောကဝိဇယ စကြာမင်းကြီးသည် လူ့စည်းစိမ် လူ့ချမ်းသာ၊ နတ်စည်းစိမ် နတ်ချမ်းသာကို အထူးဂရုစိုက်၍ ဆုတောင်းခြင်း မပြုသော်လည်း ရှေးကမ္ဘာတို့က ပွင့်တော်မူကုန်ပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကိုလည်းကောင်း၊ ယခုပွင့်ဆဲဖြစ်ကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကိုလည်းကောင်း စိတ်ကရည်မှန်း လှူဒါန်းပူဇော်ရသော ကုသိုလ်စေတနာကြောင့် စုတေသေလွန်သည်မှ နောက်ဘဝ၌ တာဝတိံသာနတ်ပြည်သို့ ရောက်၍ နတ်သားဖြစ်တော်မူ၏။

http://www.dhammadownload.com

"ညီချစ်အာနန္ဒာ၊ ငါဘုရားသည် တိလောကဝိဇယ စကြာမင်းကြီး ဖြစ်စဉ်က ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကို အလွန်ကြည်ညိုသော စိတ်ဖြင့် လှူဒါန်းပူဇော်ခြင်းကို ပြုလုပ်ရသော ပုညသမ္ဘာရအစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ မြေ, ရေ, တောာ, တောင် ကောင်းကင်မလပ် ရောက်သမျှအရပ်တို့၌ ငါ အလိုရှိ၍ လက်ကို ဆန့်တန်းလိုက်လျှင် ကောင်းကင်မှ ရတနာခုနစ်ပါးတို့သည် အလိုလို ကျလာကုန်၏။ အမျိုးမျိုးသော နံ့သာတို့သည်လည်းကောင်း; အမျိုးမျိုးသော ပန်းတို့သည်လည်းကောင်း ကောင်းကင်မှ ကျလာကုန်၏။ အမျိုးမျိုးသော အဆင်တန်ဆာတို့သည်လည်းကောင်း, အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် ဝတ်ဆင်ထားသော နတ်သမီးကညာတို့သည်လည်းကောင်း ငါ၏ အထံသို့ ရောက်လာကြကုန်၏။ ငါ အလိုရှိ၍ လက်ကိုဆန့်တန်းလိုက်လျှင် ပျား, သကာ, တင်လဲ, ထောပတ်, ဆီဦး တို့သည်လည်းကောင်း၊ စားဖွယ်, ခဲဖွယ်, လျက်ဖွယ်, သောက်ဖွယ် အမျိုးမျိုးတို့သည်လည်းကောင်း ကောင်းကင်မှကျလာကုန်၏"

ဝိဝဋ္ဋကုသိုလ်အကျိုးပေးပုံ

အလှူခံပုဂ္ဂိုလ်မှာ အယုတ်, အလတ်, အမြတ်မရွေး, ပိုးပရွက်, ကြက်, ငှက်, ခွေး, ဝက်, တိရစ္ဆာန်ဖြစ်သော်လည်း လှူသောပုဂ္ဂိုလ်၏ ရည်ရွယ်ချက်၌ ဘုရားဖြစ်ရန်ရည်ရွယ်၍ လှူလျှင် ဘုရားဖြစ်ကြောင်းဖြစ်၏။ ပစ္စေကဗုဒ္ဓါဖြစ်ရန် ရည်ရွယ်၍ လှူလျှင် ပစ္စေကဗုဒ္ဓါဖြစ်ကြောင်းဖြစ်၏။ အဂ္ဂသာဝကဖြစ်ရန် ရည်ရွယ်၍ လှူလျှင် အဂ္ဂသာဝကဖြစ်ကြောင်းဖြစ်၏။ မဟာသာဝကဖြစ်ရန် ရည်ရွယ်၍ လှူလျှင် မဟာသာဝကဖြစ်ကြောင်း၊ ပကတိသာဝကဖြစ်ရန် ရည်ရွယ်၍ လှူလျှင် ပကတိသာဝကဖြစ်ကြောင်း၊ နိဗ္ဗာန်မင်းဖိုလ်ကိုရည်ရွယ်၍ နိဗ္ဗာန်မင်းဖိုလ်ရောက်ရန် ဆုတောင်း၍လှူလျှင် နိဗ္ဗာန်မင်းဖိုလ်ရကြောင်း ရောက်ကြောင်း ဝိဝဋ္ဋနိဿိတဒါန ဖြစ်၏။

ဝိဝဋ္ဋနိဿိတကုသိုလ်သည် လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခင်မင်စုံမက်ခြင်း ဟူသော ကိလေသာနှင့် မရောယှက်သောကြောင့် သန့်ရှင်းစင်ကြယ်၏။ နိဗ္ဗာန်ကို မရ သေးမီ ၎င်းဝိဝဋ္ဋနိဿိတ ကုသိုလ်အကျိုးပေးသော ဘဝတို့၌ သန့်ရှင်းစင်ကြယ်သော အကျိုးကိုဖြစ်စေ၏၊ အကျိုးပေးထက်သန်၏၊ လွယ်ကူ၏၊ ဉာဏ်ပညာကြီး၏၊ ပရမတ္ထကို သိနိုင်သော ပညာနှင့် ပြည့်စုံ၏၊ သန့်ရှင်းစင်ကြယ်လွယ်ကူလှစွာသော ဓမ္မိယလဒ္ဓ ကောင်းကင်မှကျလာသော ပစ္စည်းအသုံးအဆောင်တို့ကို အလိုရှိတိုင်း ရစေနိုင်၏။

http://www.dhammadownload.com

စကြာမင်းကြီး ဘုရားဆုတောင်းပုံ

နာဒေန္တော ပဗ္ဗတံ သေလံ၊ ဂဇ္ဇေန္တော ဗဟလံ ဂိရိံ
သဒေဝကံ ဟာသယန္တော၊ ဗုဒ္ဓေါ လောကေ ဘဝါမဟံ။

ပဗ္ဗတံသေလံ၊ ကျောက်အတိပြိုးသော တောင်ကြီးကို။ နာဒေန္တော၊ မြည်ဟိန်း၍ သွားအောင်။ ဗဟလံ၊ ထူထပ်သော။ ဂိရိံ၊ တောင်အစုကို။ ဂဇ္ဇေန္တော၊ ကြွေးကြော်ဆူညံ အသံမြည်ဟီး ပဲ့တင်ဟီး၍ သွားအောင်။ သဒေဝကံ၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူကို။ ဟာသယန္တော၊ ရွှင်လန်းဝမ်းမြောက်စေလျက်။ လောကေ၊ သုံးလောက၌။ အဟံ၊ ငါသည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။ ဗုဒ္ဓေါ ဘဝါမိ၊ ဘုရားဖြစ်ရပါလို၏။

ဟောသောတရား သတ္တဝါတို့ ကြားနာကြရန် ဆုတောင်းခြင်း

စကြဝဠာကုဋေတစ်သိန်းရှိသော တစ်ခုသော ဗုဒ္ဓခေတ်အတွင်း၌ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်သောငါ့ကို လာရောက်ဖူးမြင်ကြစေကုန်သတည်း။ ဤသို့သော မဟာဈာသယဖြင့် အာသီသပတ္ထနာကို ပြုပြီး၍ ထိုသို့ ဖူးမြင်ရန် လာရောက်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် ငါဟောသောတရားတော်ကို ရိုသေစွာ ကြားနာစေလိုသော အာသီသပတ္ထနာကို ပြုလိုသောကြောင့်

ဝိသိဋ္ဌမဓုနာဒေန၊ အမတဘေရိမာဟနိံ။
ဧတ္ထန္တရေ ဇနာ သဗ္ဗေ၊ သုဏန္တု မဓုရံ ဂိရံ။
ဟူသော ဂါထာကို ဟောတော်မူသည်။

အဟံ၊ ငါသည်။ ဝိသိဋ္ဌမဓုနာဒေန၊ သန့်ရှင်းချိုလွင် ကြည်လင်သာယာနာပျော်ဖွယ်ရှိသော အသံဖြင့်။ အမတဘေရိံ၊ တရားစည်တော်ကြီးကို။ အာဟနိံ၊ တီးပေအံ့။ ဧတ္ထန္တရေ၊ ဤအခါ၌။ ဝါ၊ ဤမဏ္ဍပ်အတွင်း၌။ ဝါ၊ စကြဝဠာအတွင်း၌။ ဝါ၊ ဤသောင်းလောကဓာတ်အတွင်း၌။ ဝါ၊ ဤစကြဝဠာ ကုဋေတစ်သိန်းအတွင်း၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဇနာ၊ လူနတ်ဗြဟ္မာသတ္တဝါတို့သည်။ မမ၊ ငါဘုရား၏။ မဓုရံဂိရံ၊ ချိုသာသောတရားတော်သံကို။ သုဏန္တု၊ နာကြကုန်လော့။ ဝါ၊ နာကြစေကုန်သတည်း။

http://www.dhammadownload.com

သတ္တဝါတို့ အာသဝေါကင်းစေရန် ဆုတောင်းခြင်း

ဓမ္မမေယ်ုန ဝဿန္တေ၊ သဗ္ဗေ ဟောန္တု အနာသဝါ။
ယေတ္ထ ပစ္ဆိမကာ သတ္တာ၊ သောတာပန္နာ ဘဝန္တု တေ။

ဓမ္မမေယ်ုန၊ တရားတည်းဟူသော မိုးကြိုးသည်။ ဝဿန္တေ၊ ရွာသွန်းသည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံသော လူနတ် ဗြဟ္မာ သတ္တဝါတို့သည်။ အနာသဝါ၊ အာသဝေါကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ ဧတ္ထ၊ ဤပရိသတ်အတွင်း၌။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပစ္ဆိမကာ၊ အအောက်ဆုံးအနိမ့်ဆုံးဖြစ်ကုန်၏။ တေ၊ ထိုအအောက်ဆုံးဖြစ်သော သတ္တဝါတို့သည်။ သောတာပန္နာ၊ သောတာပန်တည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြစေကုန်သတည်း။

ပါရမီဆယ်ပါးကို ဖြည့်နိုင်ရန် ဆုတောင်းခြင်း

ဒတွာ ဒါတဗ္ဗကံ ဒါနံ၊ သီလံ ပူရေတွာ အသေသတော။
နေက္ခမ္မပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဒါတဗ္ဗကံ၊ လှူသင့် လှူထိုက်သော။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူပြီး၍။ သီလံ၊ သီလကို။ အသေသတော၊ အကြွင်းမဲ့။ ပူရေတွာ၊ ဖြည့်ကျင့်၍။ နေက္ခမ္မပါရမိံ၊ နေက္ခမ္မပါရမီအထွတ်သို့။ ဂန္တွာ၊ ရောက်၍။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပတ္တော၊ ရောက်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ပဏ္ဍိတေ ပရိပုစ္ဆိတွာ၊ ကတွာ ဝိရိယမုတ္တမံ။
ခန္တိ ယာ ပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ပဏ္ဍိတေ၊ ပညာရှိတို့ကို။ ပရိပုစ္ဆိတွာ၊ မေးမြန်း၍။ ဝါ၊ ပညာပါရမီကိုဖြည့်၍။ ဥတ္တမံ၊ လွန်မြတ်သော။ ဝိရိယံ၊ ဝီရိယပါရမီကို။ ကတွာ၊ ပြုကျင့်၍။ ခန္တိ ယာ၊ သည်းခံခြင်း၏။ ပါရမိံ၊ ပါရမီအထွတ်သို့။ ဂန္တွာ၊ ရောက်၍။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပတ္တော၊ ရောက်သည်။ ဘဝါမိ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ကတွာ ဒဠှမဓိဋ္ဌာနံ၊ သစ္စပါရမိ ပူရိယ။
မေတ္တာယ ပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ပါရမီကို။ ဒဠှံ၊ မြဲစွာ။ ကတွာ၊ ပြုကျင့်၍။ သစ္စပါရမိံ၊ သစ္စာပါရမီကို။ ပူရိယ၊ ဖြည့်ကျင့်၍။ မေတ္တာယ၊ မေတ္တာ၏။ ပါရမိံ၊ ပါရမီ

http://www.dhammadownload.com

အထွတ်သို့။ ဂန္ဓာ၊ ရောက်၍။ ဥတ္တမံ၊ မြတ်သော။ သမ္မောဓိံ၊ သဗ္ဗညူဘုရားအဖြစ်သို့ ပတ္တော၊ ရောက်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

လာဘာလာဘေ သုခေ ဒုက္ခေ၊ သမ္မာနေ စာ'ဝမာနနေ။
သဗ္ဗတ္ထ သမကော ဟုတွာ၊ ပတ္တော သမ္မောဓိမုတ္တမံ။

လာဘာလာဘေ၊ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းတို့ကို ရခြင်းမရခြင်း၌လည်းကောင်း။ သုခေဒုက္ခေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဆင်းရဲခြင်း၌လည်းကောင်း။ သမ္မာနေစ၊ သူတစ်ပါးတို့ မြတ်နိုးခြင်း၌လည်းကောင်း။ အဝမာနနေစ၊ မမြတ်နိုးခြင်း၌လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော လောကဓံတရား၌။ သမကော၊ တူမျှသော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝါ၊ ဥပေက္ခာပါရမီကို ဖြည့်၍။ ဥတ္တမံ၊ မြတ်သော။ သမ္မောဓိံ၊ သဗ္ဗညူဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်ရပါလို၏။

ဗုဒ္ဓလောင်းလျာ ကဋ္ဌဝါဟနဝတ္ထု

ငါတို့ဗုဒ္ဓလောင်းလျာသည် သဒျေ် ၂၀-နှင့် ကမ္ဘာတစ်သိန်း၏ဟိုမှာဘက် ရှေးအထက်ကျော်ကာလ အတိတ်ဘဝ၌ ထင်းရောင်း၍ အသက်မွေးရသော ကဋ္ဌဝါဟနလုလင် ဖြစ်ခဲ့ဖူးသည်။

သူသည် အမိမျက်မမြင်ကို လုပ်ကျွေးလျက်နေ၏။ နေ့၌ ကဋ္ဌဝါဟန ထင်းရောင်းသမား လုလင်သည် ထင်းရောင်းသောအလုပ်ကို ပယ်၍ ကုန်သွယ်ခြင်း ကုန်ကူးခြင်းအလုပ်ကို လုပ်အံ့ဟုကြံလျက် အမိမျက်မမြင်ကို ခေါ်ဆောင်ကာ လှေသင်္ဘောဖြင့် ကုန်သွယ်ရန် ပင်လယ်ခရီးသို့သွားခဲ့သည်။ ပင်လယ်ထဲ၌ လှေသင်္ဘောပျက်ရာ အမိမျက်မမြင်ကို ပခုံးဖြင့်ဆောင်လျက် ပင်လယ်တွင်း၌ ရေကူးနေဆဲတွင် သံဝေဂဖြစ်၍ ဤသို့ဘုရားဆု တောင်းခဲ့၏။

ဆုတောင်းခဲ့ပုံ

၁။ တိဏ္ဏော တာရေယျံ။
၂။ မုတ္တော မောစေယျံ။
၃။ ဗုဒ္ဓေါ ဗောဓေယျံ။
၁။ တိဏ္ဏော၊ သံသရာတည်းဟူသော ပင်လယ်ကြီးမှ ငါကူးနိုင်သည်ရှိသော်။
တာရေယျံ၊ သတ္တဝါတို့ကိုလည်း ကူးမြောက်နိုင်ရန် ကယ်တင်ပေအံ့။

http://www.dhammadownload.com

၂။ မုတ္တော၊ သံသရာတည်းဟူသော ပင်လယ်ကြီးမှ ငါလွတ်မြောက်သည် ရှိသော်။ မောစေယျံ၊ သတ္တ၀ါတို့ကိုလည်း လွတ်မြောက်နိုင်ရန် ကယ်တင်ပေအံ့။

၃။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ငါသိသည်ရှိသော်။ ဗောဓေယျံ၊ သတ္တ၀ါတို့ကိုလည်း သိစေတော်မူအံ့။

အမုန်ယစ်သော ဆင်ကိုမြင်၍ သံ၀ေဂရခြင်း

ငါတို့ ဗုဒ္ဓလောင်းလျာသည် ကဋ္ဌ၀ါဟန ထင်းရောင်းသမားဘ၀မှ စုတေပြီး နောက်ဘ၀၌ တိုင်းပြည်ကို အုပ်စိုးသော ပြည့်ရှင်မင်းဖြစ်၏။ ထိုပြည့်ရှင်မင်းဘ၀၌ အမုန်ယစ်သော ဆင်သည် အလွန်ကြမ်းတမ်းစွာ နွား, ကျွဲ, ခွေး, ဝက် စသော မြင်မြင်သမျှ သတ္တ၀ါတို့ကို လိုက်၍ ထိုးသတ်သည်ကို ပြည့်ရှင်မင်းမြင်၍ ဤသို့ တရားသံ၀ေဂ ဖြစ်တော်မူ၏။

"ဤဆင်သည် ရာဂ, ဒေါသ, မောဟတို့ နှိပ်စက်သဖြင့် ဤကဲ့သို့ ဆိုး၀ါးကြမ်းတမ်းခြင်း ဖြစ်ရသည်။ သတ္တ၀ါတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းကို ပြုလုပ်ရသည်။ ရာဂ, ဒေါသ, မောဟတရားတို့သည် အလွန်ဆိုးရွားသော တရားတို့သာတည်း"

ယင်းသို့ သံ၀ေဂဖြစ်ပြီးလျှင် ငါသည် "ဤကဲ့သို့ ဆိုးရွားသော ရာဂ, ဒေါသ, မောဟတရားတို့မှ လွတ်ကင်းငြားအံ့၊ သတ္တ၀ါတို့ကိုလည်း လွတ်ကင်းစေမည်ဟူ၍ စိတ်၌သာလျှင် ဘုရားဆုကို တောင်း၏။

ထိုနောက် "စိန္တိတံ သတ္တသင်္ခေယျံ" ဆိုသည့် ခုနစ်သင်္ခေ၏အစ ဗြဟ္မဒေ၀ဘုရားလက်ထက်တော်၌ "အတိဒေ၀"မင်းဖြစ်စဉ်ကလည်း စိတ်၌သာလျှင် ဘုရားဆုကို တောင်းခဲ့၏။

ထိုနောက် "နဝသင်္ခေယျဝါစကံ"ကိုးသင်္ခေ၏အစ ပေါရာဏ ဂေါတမ မြတ်စွာဘုရားလက်ထက်တော်၌ "သာဂရဒေ၀"စကြာမင်းဖြစ်စဉ်ကလည်း ဘုရားဆုကို နှုတ်မြွက်ဖွင့်ဆို၍ တောင်း၏။

ဗုဒ္ဓလောင်းလျာ ဓေမတိကမင်းသမီး ဖြစ်ခဲ့ဖူးပုံ

"နဝသင်္ခေယျဝါစကံ"နှုတ်မြွက်ဖွင့်ဆို၍ ဘုရားဆုကို တောင်းသော ကိုးသင်္ခေ ဒေတွင်း၌ ပွင့်တော်မူကြကုန်သော ပေါရာဏဂေါတမ အစရှိကုန်သော တစ်သိန်း

http://www.dhammadownload.com

နှစ်သောင်း ငါးထောင်ကုန်သော မြတ်စွာဘုရားတို့တွင် နောက်ဆုံးပွင့်တော်မူသော ပေါရာဏဒီပင်္ကရာဘုရား၏ လက်ထက်တော်၌ ငါတို့ဗုဒ္ဓလောင်းလျာသည် မြတ်စွာဘုရား၏ နှမတော် "ဝေမတိက"မင်းသမီးဖြစ်ခဲ့၏။

တစ်နေ့သ၌ ပေါရာဏ ဒီပင်္ကရာဘုရား၏တပည့်ဖြစ်သော သာမဏေငယ် တစ်ပါးသည် ပေါရာဏ ဒီပင်္ကရာမြတ်စွာဘုရားကို ဆီမွေးပူဇော်ရန် သပိတ်ကို ပိုက်၍ မြို့တွင်း၌ ဆီအလှူခံ လှည့်လည်သည်ကို ဝေမတိက မင်းသမီးသည် ထိုသာမဏေကို မြင်၍ နန်းတော်ပေါ်သို့ ပင့်ပြီးလျှင် သိဒ္ဓတ္ထမည်သော မုန့်ညင်းဆီ တစ်သပိတ်ကိုလှူသည်။

မင်းသမီး၏ဆုတောင်း

ထိုသို့လှူပြီးနောက် ဤသို့ ဆုတောင်းခဲ့သည်။ "ဤသိဒ္ဓတ္ထမည်သော မုန့်ညင်းဆီကို လှူရသောကုသိုလ်ကြောင့် နောင်အခါ 'သိဒ္ဓတ္ထ'ဟူသောအမည်ဖြင့် ဘုရားဖြစ်ရပါလို၏"ဟု ဆုတောင်း၏။

ဤကဲ့သို့ ဆုတောင်းကြောင်းကို ပေါရာဏ ဒီပင်္ကရာမြတ်စွာဘုရားအား လျှောက်ကြားပါလေဟူ၍ သာမဏေငယ်ကို မင်းသမီးက မှာလိုက်၏။

ထိုသာမဏေငယ်သည် ဝေမတိက မင်းသမီး လှူလိုက်သော သိဒ္ဓတ္ထမည်သော မုန့်ညင်းဆီကို သပိတ်ဖြင့် ဆောင်ယူလျက် ကျောင်းတော်သို့ရောက်လျှင် ပေါရာဏ ဒီပင်္ကရာ မြတ်စွာဘုရားအား ကပ်လှူပူဇော်သည်။ "အရှင်ဘုရား၏ နှမတော် ဝေမတိက မင်းသမီးက လှူလိုက်သော မုန့်ညင်းဆီပါဘုရား။ 'မောင်တော်မြတ်စွာဘုရားကဲ့သို့ နောင်သောအခါ သိဒ္ဓတ္ထ ဟူသောအမည်ဖြင့် ဘုရားဖြစ်ရပါလို၏'ဟူ၍ နှမတော် ဝေမတိက မင်းသမီးက ဆုတောင်းလိုက်ပါသည် ဘုရား"ဟုလည်း သာမဏေငယ်က ဘုရားရှင်ကို လျှောက်ကြား၏။

ထိုအခါ ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရားသည်

"သင် သာမဏေငယ်သည် နောက်ကမ္ဘာအတွင်း၌ ငါကဲ့သို့ ဒီပင်္ကရာဟူသော အမည်ဖြင့် ဘုရားဖြစ်လတ္တံ့။

"ဒီပင်္ကရာဟူသောအမည်ဖြင့် သင်သာမဏေငယ် ဘုရားဖြစ်သော အခါ ငါ၏နှမတော် ဝေမတိကမင်းသမီးသည် သုမေဓာဟူသောအမည်ဖြင့် ဗြာဟ္မဏမဟာသာလအမျိုး၌ ဖြစ်ရပြီးလျှင် အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော ယောကျ်ားဖြစ် လတ္တံ့။

http://www.dhammadownload.com

"ထိုအခါ သင်သာမဏေငယ်သည် ဒီပင်္ကရာဟူသောအမည်ဖြင့် ငါကဲ့သို့ ဘုရားဖြစ်သောအခါ ငါ၏နှမတော်ဖြစ်ခဲ့ဖူးသော သုမေဓာရဿေကို နိယတဗျာဒိတ်ပေးရလတ္တံ့"... ဟု-

ဘုရားရှင်က မင်းသမီး၏ မျက်ကွယ်၌ ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်၏။

ငါတို့ဘုရားအလောင်းတော် ဧမတိက မင်းသမီးသည် ကဋ္ဌဝါဟန ထင်းရောင်းသမားဘဝမှစ၍ တစ်ဆယ့်ခြောက်သန်းအတွင်း၌ ပွင့်တော်မူကုန်သော ငါးသိန်းတစ်သောင်း နှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့၏အထံတော်၌ ဒါန ပါရမီစသော အဓိကာရ ပါရမီတို့ကို ပြုကျင့်ခဲ့သည်။ အဓိကာရ ပါရမီအခြေခံရှိသော်လည်း မိန်းမ၏ဘဝ၌ ဖြစ်၍ အင်္ဂါရုစ်ပါးမစုံသောကြောင့် ပေါရာဏဒီပင်္ကရာမြတ်စွာဘုရားသည် နိယတဗျာဒိတ်ကို ပေးတော်မမူချေ။

မိန်းမ၏ဘဝ၌ဖြစ်၍ အင်္ဂါရုစ်ပါး မပြည့်စုံသောကြောင့် နိယတဗျာဒိတ်ကို မပေးသော်လည်း ကမ္ဘာပေါင်း တစ်ဆယ့်ခြောက်သန်းကျော်အောင် ဘုရားဖြစ်လိုလှသော စိတ်ဆန္ဒဖြင့် ဒါနပါရမီစသော အဓိကာရ ပါရမီကို ဖြည့်ကျင့်၍ နိယတဗျာဒိတ်ရလုနီး ရင့်ပြီးသော ပါရမီရှင် မိန်းမကောင်း မိန်းမမြတ် ဖြစ်သောကြောင့် နောက်ကမ္ဘာအတွင်း၌ နိယတဗျာဒိတ်ကို မုချရလတ္တံ့ဟူ၍ မြင်တော်မူသော ပေါရာဏဒီပင်္ကရာမြတ်စွာဘုရားသည် မျက်ကွယ်၌သာ ဗျာဒိတ်စကားကို မိန့်ကြားတော်မူသည်။

ပတ္ထနာနှင့် အဘိနီဟာရ

ဘုရားဆုကို တောင်းရာ၌ ပတ္ထနာ, အဘိနီဟာရ ဟူ၍ ၂-ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် တိလောကဝိဇယ စကြာမင်းကြီး ဘုရားဆုတောင်းပုံကဲ့သို့ နိယတဗျာဒိတ်မရသေးမီ ပါရမီဖြည့်၍ ဘုရားဆုတောင်းခြင်းကို ပတ္ထနာဟုခေါ်သည်။

အဘိနီဟာရ

အဘိနီဟာရ ဆိုသည်ကား နိယတဗျာဒိတ်ကို ရသည်မှစ၍ နောက်ကမ္ဘာတို့တွင် ငါးရာငါးဆယ်ဇာတ်တော်၌ကဲ့သို့ ပါရမီဖြည့်၍ ဆုတောင်းခြင်းကို အဘိနီဟာရ ဟုခေါ်သည်။

http://www.dhammadownload.com

နိယတ ဗျာဒိတ်ရခြင်း၏ အကြောင်းရှစ်ပါး

၁။ လူစင်စစ်ဖြစ်ခြင်း၊

၂။ ယောကျ်ားစင်စစ်ဖြစ်ခြင်း၊

၃။ ရဟန္တာဖြစ်နိုင်လောက်သော ပါရမီအခြေခံရှိခြင်း၊

၄။ သဗ္ဗညူ မြတ်စွာဘုရားကို ဖူးမြင်ရခြင်း၊

၅။ ရသေ့ရဟန်းအဖြစ်၌ တည်ခြင်း၊

၆။ ဈာန်အဘိညာဉ်ကို ရခြင်း၊

၇။ ကိုယ်ကို, အသက်ကို စွန့်နိုင်ခြင်း၊

၈။ သဗ္ဗညူဘုရားအဖြစ်ကို လိုချင်သောဆန္ဒ အလွန်အားကြီးခြင်း၊

ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မူလ နိယတဗျာဒိတ်ကို မုချ ရသည်။

သုမေဓာ ရှင်ရသေ့သည် ဤကဲ့သို့သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောကြောင့် ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ မူလနိယတဗျာဒိတ်ကို ရလေသည်။

ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏အဖြစ်ကိုရရန်မှာလည်း အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်ဆည်းမှရသည်။ ထိုလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပြီးနောက်အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာကစ်သိန်း ပါရမီထပ်မံဖြည့်မှသာလျှင် ဘုရားဖြစ်သည်။

ဘုရားလောင်း ၂-မျိုး

ပတ္တနာဘုရားလောင်း, အဘိနီဟာရဘုရားလောင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ဗျာဒိတ်မရသေးလျှင် ပတ္တနာဘုရားလောင်း, ဗျာဒိတ်ရပြီးဖြစ်လျှင် အဘိနီဟာရ ဘုရားလောင်းဖြစ်၏။

ပတ္တနာဘုရားလောင်းသည် အဘိနီဟာရ ဘုရားလောင်း ဖြစ်နိုင်ရန် (၀၊) နိယတဗျာဒိတ်ရနိုင်ရန်အတွက် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ ထိုမှတဖန် ဗျာဒိတ်ရပြီး အဘိနီဟာရ ဘုရားလောင်းသည် ဘုရားအဖြစ်သို့ ရောက်နိုင်ရန် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

http://www.dhammadownload.com

ဗျာဒိတ်မရသေးမီ ပါရမီဖြည့်ရသော ကာလ

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ဗျာဒိတ်မရသေးမီ ဘုရားဆုတောင်းခြင်းအကြောင်းကို ဗုဒ္ဓအပဒါန် ပါဠိတော်၌ ဟောတော်မူသောကြောင့် ထင်ရှားသိရပါပြီ။ ထို့အတူ ဗျာဒိတ်ရပြီးမှ ဘုရားဆုကိုတောင်းခြင်းသည်လည်း ဗုဒ္ဓဝံသပါဠိတော်၌ ဟောတော်မူသောကြောင့် ထင်ရှားပါပြီ။ ဗျာဒိတ်ရပြီး ဘုရားလောင်းတို့သည် ဘုရားအဖြစ်သို့ ရောက်အောင် ဖြည့်ကျင့်ရသော ကမ္ဘာကာလသည်လည်း အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းရှိကြောင်းကို ဗုဒ္ဓဝံသပါဠိတော်၌ ဟောတော်မူသောကြောင့် ထင်ရှားပါပြီ။ ယခုတဖန် ဗျာဒိတ်မရသေးမီ ပတ္ထနာပြုသော ဘုရားလောင်းတို့သည် အဘိနီဟာရဗျာဒိတ်ရနိုင်ရန် ဖြည့်ကျင့်ရသော ကမ္ဘာကာလသည်ကား အဘယ်မျှ ကြာပါသနည်း မြတ်စွာဘုရား"

ဤသို့အရှင်အာနန္ဒာက မေးလျှောက်တော်မူပြန်သည်။

"ချစ်သားအာနန္ဒာ၊ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလတ်စား ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလွန်ဆုံး တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ ဤသို့သော ကာလပတ်လုံး ပါရမီဖြည့်မှ ဉာဏ်ရင့်ခြင်းသို့ ရောက်၏။ ဤမျှလောက်ကြာအောင် ပါရမီကိုဖြည့်၍ ဉာဏ်ရင့်ခြင်းသို့ ရောက်သော်လည်း ဗျာဒိတ်မရသေးသော ဘုရားလောင်းအား နိယတဗျာဒိတ်ကို ရစေရန် လူစင်စစ်ဖြစ်ခြင်း စသော အင်္ဂါရှစ်ပါး ပြည့်စုံဖို့လိုသေးသည်ဟု ဟောပြတော်မူသည်။

ဘုရားလောင်းများ မဖြစ်ထိုက်သော ဌာနများ

နိယတဗျာဒိတ်ကို ရတော်မူကုန်သော ဘုရားအလောင်းတော်တို့သည် ဇစ္ဆန္ဓ = ဝမ်းတွင်းကန်း၊ ဇာတိဗဓိရ = ဝမ်းတွင်းပင်း၊ ဇစ္ဆုမ္မတ္တက = ဝမ်းတွင်းရူး၊ ဇစ္ဆေဠမူဂ = ဝမ်းတွင်းအ။ ဇာတိပီဌသပ္ပိ = ဝမ်းတွင်းဆွံ့၊ ဤကဲ့သို့သော ဘဝမျိုးတို့၌ မဖြစ်ကုန်။

မိလက္ခူ = လူရိုင်းမျိုး၊ ဒါသိပုတ္တ=အိမ်ပေါက်ကျွန်မျိုး၊ နိယတမိစ္ဆာဒိဋ္ဌိလူမျိုး ဤဆိုခဲ့သော အမျိုးတို့၌ မဖြစ်ကုန်။ လိင်ပြန်ခြင်းမရှိ။ မိန်းမ, နပုံးပဏ္ဍာက်, ဥဘတောဗျည်းမဖြစ်။

အမိသတ်ကံ, အဖသတ်ကံ, ရဟန္တာသတ်ကံ, ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုသောကံ, သံဃာသင်းခွဲသောကံ၊ ဤကံကြီးငါးပါးတို့ကို မပြုကုန်၊ ပြုမည့်သူ မဖြစ်ကုန်။

http://www.dhammadownload.com

လက်တို, ခြေတို, အနူအရွဲ့မဖြစ်၊ တိရစ္ဆာန်ဘဝတွင်လည်း ငုံးအောက်ငယ်သော တိရစ္ဆာန်, ဆင်ထက်ကြီးသော တိရစ္ဆာန်မဖြစ်။

အခါခပ်သိမ်း ရေငတ်၍ နေရသော ခုပ္ပိပါသိကပြိတ္တာ, တစ်ကိုယ်လုံး မီးလောင်ခံ၍နေရသော နိဇ္ဈာမတဏှိကပြိတ္တာမျိုး၌ မဖြစ်ကုန်။

ကိုယ်သုံးဂါဝုတ်, ခံတွင်းအပ်နဖားပေါက်မျှ, ထိပ်လယ်တည့်တည့် လယ်ပုစွန်မျက်စိကဲ့သို့ ပြူးပြူးထွက်သောမျက်စိ, အရိုးခြွင်း အရေကပ်၍ ချောက်ကပ်သော အသားအရေရှိသော ကာလကဉ္စိက အသုရကာယ်မျိုးတို့၌လည်း မဖြစ်ကုန်။

ယူဇနာတစ်သောင်းကျယ်သော မဟာအဝီစိငရဲကြီး၌လည်း မဖြစ်။

စကြဝဠာတို့၏အကြား ဆားငန်ရေ လောကန္တရိကငရဲ၌ မဖြစ်။

ကာမဘုံတွင် မာရ်နတ်မဖြစ်။ အသညတ်ဘုံ၌ မဖြစ်။ သုဒ္ဓါဝါသငါးဘုံ, အရူပ လေးဘုံတို့၌မဖြစ်ကုန်။

ဘုရားပွင့်ရာ မဟာဗောဓိပင်ဖြင့် သတ်မှတ်အပ်သော ဤစကြဝဠာမှ တစ်ပါး အခြားသော စကြဝဠာတို့၌ မဖြစ်ကုန်။

နိယတဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့သည် ရှည်မြင့်စွာသော သံသရာ၌ ကမ္ဘာပေါင်းကုဋေဖြင့် မရေတွက်နိုင် သရွေ့ဖွဲ့၍ ပြရသော လေးအသရွေ့နှင့် ကမ္ဘာတစ်သိန်း ကျင်လည်ရသော်လည်း အလွန်ကြီးကျယ်သော ဆင်းရဲမှ လွတ်ကင်းကြရကုန်၏။

ဘုရားလောင်းတို့၌ ပြည့်စုံသော ဗုဒ္ဓဘူမိ လေးပါး

၁။ လုံ့လကောင်းမွန်ခြင်း၊
၂။ ဉာဏ်ပညာကောင်းမွန်ခြင်း၊
၃။ ပါရမီရင့်သန် အဓိဋ္ဌာန်မြဲခြင်း၊
၄။ မေတ္တာပွားများခြင်း... စသည်တို့နှင့် ပြည့်စုံရ၏။

ဘုရားလောင်းတို့၌ ပြည့်စုံသော အဇ္ဈာသယ ၆-ပါး

၁။ နေက္ခမ္မဇ္ဈာသယ၊
၂။ ပဝိဝေကဇ္ဈာသယ၊
၃။ အလောဘဇ္ဈာသယ၊

http://www.dhammadownload.com

၄။ အဒေါသဖျာသယ၊
၅။ အမောဟဖျာသယ၊
၆။ နိဿရဏဖျာသယ၊

အဖျာသယ ၆-ပါး အဓိပ္ပာယ်

(၁) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ အပြစ်ကို မြင်ကြကုန်သည်ဖြစ်၍ တောထွက်ခြင်းကို အလိုရှိကြခြင်း **နေက္ခမ္မဖျာသယ၊**

(၂) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် အပေါင်းအဖော်၌ မွေ့လျော်ပျော်ရွှင် ဆင်ခြင်မရှိ၊ သတိပေါ့ဖျင်း ရှုပ်ထွေးခြင်း၌ အပြစ်ကို မြင်ကြကုန်သည် ဖြစ်၍ အဖော်မရှိ တစ်ကိုယ်တည်းသာ ဆိတ်ငြိမ်ရာကို အလိုရှိကြခြင်း **ပဝိဝေကဖျာသယ၊**

(၃) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် အလိုယုတ်မာ သူ့ဥစ္စာကို ပြင်းစွာမက်မော လောဘဖော်၌ အပြစ်ကို မြင်ကြကုန်သည်ဖြစ်၍ လောဘ မရှိခြင်းကို အလိုရှိကြခြင်း **အလောဘ ဖျာသယ၊**

(၄) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် ယုတ်မာဆိုးသွမ်း သောင်းကျန်းရက်စက် သတ်ဖြတ်ညှဉ်းဆဲ မိုက်မဲစွာလှ မျက်ဒေါသ၌ အပြစ်ကိုမြင်ကြကုန်သည်ဖြစ်၍ ဒေါသမရှိခြင်းကို အလိုရှိကြခြင်း **အဒေါသဖျာသယ၊**

(၅) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် တွေဝေရောင်ဝါး ယုံမှားလွင့်ပျံနှေးညှဲဖျင်းပေါ မိန်းမောနှံ့နေး မှိုင်းငေးတွေးတော သို့လော သို့လော သဘောမသိ မသိဝိုးဝါး တရားမကျ မိုက်မောဟ၌ အပြစ်ကို မြင်ကြခြင်း **အမောဟဖျာသယ၊**

(၆) အလောင်းတော်မြတ် ဗောဓိသတ်တို့သည် အိုတုံသေတုံ ဖြစ်တုံပျက်တုံ အလုံးစုံသော ဘုံဘဝ၌ အပြစ်ကို မြင်ကြကုန်သည်ဖြစ်၍ ဘုံသုံးပါးမှ ကင်းလွတ်ခြင်းကို အလိုရှိကြခြင်း **နိဿရဏဖျာသယ . . .** တို့နှင့် ပြည့်စုံကြရသည်။

ဤအဖျာသယ ခြောက်ပါးနှင့်ပြည့်စုံသော သဗ္ဗညုဘုရားလောင်းတို့သည် ဗျာဒိတ်မရမီ ပတ္ထနာကာလတွင် လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ ဗျာဒိတ်ရပြီး

http://www.dhammadownload.com

အဘိနီဟာရကာလတွင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အနည်းဆုံး ပါရမီဖြည့်ကြရသည်။

ပစ္စေကဗုဒ္ဓါတို့ ဗျာဒိတ်မရသေးမီ ဖြည့်ကျင့်ရသောကာလ

တဖန်အရှင်အာနန္ဒာက... "ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ သဗ္ဗညုမြတ်စွာဘုရားတို့အား ဗျာဒိတ်မရသေးမီ ပတ္ထနာဆုတောင်းဖြင့် ဖြည့်ကျင့်ရသော ကာလအပိုင်းအခြားကို လည်းကောင်း၊ ဗျာဒိတ်ရပြီးသော အဘိနီဟာရ ဆုတောင်းဖြင့် ဖြည့်ကျင့်ရသော ကမ္ဘာကာလ အပိုင်းအခြားကိုလည်းကောင်း ဟောကြားတော်မူ၍ သိရပါပြီ မြတ်စွာဘုရား။ ပစ္စေကဗုဒ္ဓါ တို့မှာမူကား အဘယ်မျှလောက်သော ကမ္ဘာကာလကြာအောင် ဗျာဒိတ်မရမီ ပတ္ထနာဆုတောင်း ဖြင့် ပါရမီဖြည့်၍ နေရပါသနည်း မြတ်စွာဘုရား။ ဗျာဒိတ်ရပြီး၍ အဘိနီဟာရ ဆုတောင်းဖြင့် အဘယ်မျှလောက် ကမ္ဘာကြာအောင် ပါရမီဖြည့်ရပါသနည်း မြတ်စွာဘုရား။

"ညီချစ်အာနန္ဒာ၊ ပစ္စေကဗုဒ္ဓါတို့အား ဗျာဒိတ်မရမီ နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပတ္ထနာဆုတောင်းဖြင့် ဆုတောင်းလျက် ပါရမီကို ဖြည့်ရသည်။ ဤနှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပတ္ထနာဆုတောင်းရှိသော ပစ္စေက ဗုဒ္ဓါလောင်းတို့သည် ဗျာဒိတ်ရနိုင်ရန် အဘိနီဟာရဆုတောင်းကိုပြုရာ၌ အင်္ဂါငါးပါး ပြည့်စုံစေရသည်"

ပစ္စေကဗုဒ္ဓါတို့ ဗျာဒိတ်ရကြောင်း အင်္ဂါငါးပါး

၁။ လူစင်စစ်ဖြစ်ခြင်း၊
၂။ ယောကျ်ားစင်စစ်ဖြစ်ခြင်း၊
၃။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့တွင် တစ်ပါးပါးကို ဖူးမြင်ရခြင်း၊
၄။ ကိုယ်ကို, အသက်ကိုစွန့်နိုင်ခြင်း၊
၅။ ပစ္စေကဗုဒ္ဓါအဖြစ်ကို အလွန်လိုချင်သော ဆန္ဒအားကြီးခြင်း၊

ဤငါးပါးသည် ပစ္စေကဗုဒ္ဓါတို့ နိယတဗျာဒိတ်ရကြောင်း အင်္ဂါငါးပါးတို့ ဖြစ်သည်။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ၍ နိယတဗျာဒိတ်ရပြီးသော အဘိနီဟာရ ပစ္စေကဗုဒ္ဓါလောင်းတို့သည် နောက်ထပ် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်မှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သည်။

F-SA ဆရာအောင်

http://www.dhammadownload.com

ပစ္စေကဗုဒ္ဓါလောင်းနှစ်မျိုး

၁။ ပတ္ထနာပစ္စေကဗုဒ္ဓါလောင်း၊

၂။ အဘိနီဟာရပစ္စေကဗုဒ္ဓါလောင်း၊

ဗျာဒိတ်မရသေးသော ပစ္စေကဗုဒ္ဓါလောင်းကို ပတ္ထနာပစ္စေကဗုဒ္ဓါလောင်း ဟုဆိုသည်။ ဗျာဒိတ်ရပြီးသော ပစ္စေကဗုဒ္ဓါလောင်းကိုမူ အဘိနီဟာရ ပစ္စေကဗုဒ္ဓါလောင်းဟု ဆိုသည်။

ပတ္ထနာပစ္စေကဗုဒ္ဓါလောင်းသည် ဗျာဒိတ်မရမီ နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ နိယတဗျာဒိတ်ကိုရပြီး အဘိနီဟာရ ပစ္စေကဗုဒ္ဓါလောင်းအဖြစ်သို့ ရောက်သည်။ နိယတဗျာဒိတ်ရပြီးသော အဘိနီဟာရ ပစ္စေကဗုဒ္ဓါလောင်းသည် နောက်ထပ် နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သည်။

ပတ္ထနာဆုတောင်း ပစ္စေကဗုဒ္ဓါလောင်းသည် နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း၌ နေ့တိုင်းနေ့တိုင်း ဝေဿန္တရာကဲ့သို့ အလှူကြီး ပေးလျှင်သော်လည်းကောင်း၊ နေ့တိုင်းနေ့တိုင်း သီလစသော ပါရမီတို့ကို ဖြည့်ကျင့်လျှင်သော်လည်းကောင်း နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း၌ ဗျာဒိတ်မရနိုင်။ ထို့အတူ နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ပြီး၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသဖြင့် နိယတဗျာဒိတ်ရပြီးသော အဘိနီဟာရ ပစ္စေကဗုဒ္ဓါလောင်းသည်လည်း ရှေးနည်းအတူ ဝေဿန္တရာကဲ့သို့ ကြီးစွာသော အလှူကြီးကို နေ့တိုင်းပေးလှူသော်လည်း နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း၌ ပစ္စေကဗုဒ္ဓါအဖြစ်သို့ မရောက်နိုင်ဟု အပဒါန်အဋ္ဌကထာ၌ ဖွင့်ဆိုသည်။

သာဝကရဟန္တာတို့ ပါရမီဖြည့်ကျင့်ရသော ကာလ

"ကြီးသော လုံ့လရှိတော်မူသောမြတ်စွာဘုရား၊ သာဝကတို့၏ အဘိနီဟာရ ကမ္ဘာကာလအပိုင်းအခြားကို ထိုထိုသာဝက ရဟန္တာတို့သည် ကိုယ်စီကိုယ်စီ အသီးအသီးထုတ်ဖော်၍ ထေရအပဒါန်, ထေရီအပဒါန် ပါဠိတော်တို့၌ ဟောတော်မူကြ၍ သိရပါပြီ၊ ဗျာဒိတ်မရမီ ပါရမီဖြည့်ရသော ပတ္ထနာကာလ ကမ္ဘာအပိုင်းအခြားကိုမူကား မသိရသေးပါဘုရား။ သာဝက ရဟန္တာတို့၏ ပတ္ထနာ ကာလသည်ကား

http://www.dhammadownload.com

အဘယ်မျှလောက် ကမ္ဘာကာလ ပါရမီဖြည့်မှ အဘိနီဟာရ ဗျာဒိတ် ရပါသနည်း မြတ်စွာဘုရား"

ဤသို့ အရှင်အာနန္ဒာက မေးလျှောက်ဖူးသည်။

အဂ္ဂသာဝကပါရမီဖြည့်ရသော ကာလ

လက်ယာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မဟာ မောဂ္ဂလ္လာန် အဂ္ဂသာဝကကြီးနှစ်ပါးတို့သည် ဗျာဒိတ်မရမီ ဆုတောင်း၍ ပါရမီဖြည့်ရသော ပတ္ထနာကာလမှာ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်သည်။

ဗျာဒိတ်ရပြီးမှ ဆုတောင်း၍ ပါရမီဖြည့်ရသော အဘိနီဟာရ ကာလသည်လည်း တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းပင် ဖြစ်သည်။

ထိုတစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအောက် ယုတ်လျော့၍ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း၌ ပတ္ထနာဆုတောင်း အဂ္ဂသာဝကလောင်းသည် အဘိနီဟာရဗျာဒိတ် မရနိုင်။

ဗျာဒိတ်ရပြီးသော အဘိနီဟာရဆုတောင်း အဂ္ဂသာဝကလောင်းသည်လည်း တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း မပြည့်မီအတွင်း၌ အဂ္ဂသာဝက ရဟန္တာအဖြစ်သို့ မရောက်နိုင်။

လက်ယာတော်ရံ အဂ္ဂသာဝိကာဖြစ်ကြသော ရဟန္တာမိန်းမ ခေမာထေရီ, လက်ဝဲတော်ရံ ရဟန္တာမိန်းမ ဥပ္ပလဝဏ္ဏာထေရီတို့သည် ဗျာဒိတ်မရမီပတ္ထနာကာလ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းနှင့် ဗျာဒိတ်ရပြီး အဘိနီဟာရကာလ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ အဂ္ဂသာဝိကာ ရဟန္တာမိန်းမအဖြစ်ကို ရကြကုန်၏။

မဟာသာဝကကြီးတို့ ပါရမီဖြည့်ရသောကာလ

အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ အစရှိသော မဟာသာဝက ရဟန္တာ ယောကျ်ား၊ ပဒုမာစရိထေရီ, ဓမ္မဒိန္နာထေရီ အစရှိသော မဟာသာဝိကာ ရဟန္တာမိန်းမတို့သည်ကား ဗျာဒိတ်မရမီ ပတ္ထနာကာလ ကမ္ဘာတစ်သိန်း၊ ဗျာဒိတ်ရပြီး အဘိနီဟာရကာလ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

မယ်တော်, ခမည်းတော်, သားတော်, အလုပ်အကျွေးတို့သည်လည်း ဘုရားမယ်တော်ဖြစ်စေရန်, ဘုရားခမည်းတော်ဖြစ်စေရန်, ဘုရားသားတော်ဖြစ်စေ

http://www.dhammadownload.com

ရန်, ဘုရားအလုပ်အကျွေးဖြစ်စေရန် ဗျာဒိတ်မရသေးမီ ဆုတောင်း၍ ပါရမီဖြည့်ရသော ပတ္ထနာကာလမှာ ကမ္ဘာတစ်သိန်းဖြစ်ပြီး ဗျာဒိတ်ရပြီး ဆုတောင်း၍ ပါရမီဖြည့်ရသော အဘိနီဟာရကာလ ကမ္ဘာတစ်သိန်းပါရမီဖြည့်မှ မယ်တော်, ခမည်းတော်, သားတော်, အလုပ်အကျွေးအဖြစ်ကို ရကြကုန်၏ဟု အပဒါန်အဋ္ဌကထာ၌ ဖွင့်ဆိုသည်။

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ပစ္ဆိမဘဝ ဘုရားလောင်းတို့၏ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးတို့၏ အဘိနီဟာရ ဆုတောင်း ပါရမီဖြည့်ရသော ကမ္ဘာကာလအပိုင်းအခြားကို ယသောဓရာထေရီ အပဒါန်ပါဠိတော်၌ ဟောတော်မူ၍သိရပါပြီ။ ဗျာဒိတ်မရမီ ပါရမီဖြည့်ရသော ပတ္ထနာ ကာလကိုမူကား မသိရသေးပါ။ ဗျာဒိတ်မရမီ ပါရမီဖြည့်ရသော ပတ္ထနာကာလသည်ကား အဘယ်မျှလောက်ကြာအောင် ဖြစ်သင့် ဖြစ်ထိုက်ပါသနည်း အရှင်ဘုရား"

အရှင်အာနန္ဒာ၏အမေးကို ဤသို့ ဖြေတော်မူသည်

"ချစ်သားအာနန္ဒာ၊ တောင်ညာစံဒေဝီမဟေသီ မိဘုရားကြီးတို့သည်လည်း ဘုရားလောင်းကို ဖြည့်ကျင့်ရသော ပတ္ထနာကာလအတိုင်းသာလျှင် ပါရမီဖြည့်ရသည်" (ဗျာဒိတ်မရမီ ပါရမီဖြည့်ရသော ပတ္ထနာကာလသည် ဘုရားလောင်းတို့ကဲ့သို့ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပင် ဟူလို)။

ယသောဓရာကဲ့သို့ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးဖြစ်ရန် ဆုတောင်း၍ ပါရမီဖြည့်ရသော ပတ္ထနာကာလသည် သဗ္ဗညုဘုရားလောင်းတို့ကဲ့သို့ပင် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း, အလတ်စား ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, အလွန်ဆုံး တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ အဘိနီဟာရ နိယတဗျာဒိတ်ကို ရနိုင်၏။

နိယတဗျာဒိတ်ရပြီးသည်မှစ၍ ဖြည့်ရသော အဘိနီဟာရကာလ သည်လည်းထို့အတူ သဗ္ဗညုဘုရားလောင်းတို့ကဲ့သို့ လေးအသင်္ချေ၊ ရှစ်အသင်္ချေ၊ တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ရ၏။

အဂ္ဂသာဝက၊ မဟာသာဝက၊ မယ်တော်၊ ခမည်းတော်နှင့် သားတော်တို့ - နိယတဗျာဒိတ်ရကြောင်း အင်္ဂါများ

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ပတ္ထနာကာလအားဖြင့် ပါရမီဖြည့်ပြီးသော အဂ္ဂသာဝကလောင်း, မဟာသာဝကလောင်း, ဘုရားမယ်တော်

http://www.dhammadownload.com

လောင်း, ခမည်းတော်လောင်း, သားတော်လောင်း, ဒေဝီလောင်း တို့သည် အဘိနီဟာရနိယတ ဗျာဒိတ်ရကြောင်း အင်္ဂါအဘယ်မျှ ရှိပါသနည်း မြတ်စွာဘုရား"

အရှင်အာနန္ဒာ၏အမေးကို ဤသို့ ဖြေတော်မူသည်။

"ချစ်သားအာနန္ဒာ၊ အားလုံးသော ဤပတ္ထနာဆုတောင်း ဗောဓိလောင်းတို့သည်–

- ကိုယ်ကို, အသက်ကို စွန့်၍ပြုနိုင်ခြင်း၊
- လိုအပ် တောင့်တအပ်သောဆုကို အလွန်လိုချင်သော ဆန္ဒအားကြီးခြင်း . . . ဟူ၍

အင်္ဂါနှစ်ပါးပြည့်စုံသော သူသည်သာလျှင် နိယတဗျာဒိတ်ရသော အဘိနီဟာရ ဗောဓိလောင်းဖြစ်၏။

ဗောဓိလောင်းဟူ၍ ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်များ

"မင်္ဂတရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလိုစ၏"ဟူ၍ ဆုတောင်းပတ္ထနာပြုဖူးသောသူတို့ကိုလည်း ဗောဓိလောင်းဟူ၍ခေါ်သည်။ ယင်းတို့ ဆုတောင်းခြင်းသည် ပတ္ထနာဆုတောင်းပင် ဖြစ်သည်။

ထိုပတ္ထနာ ဗောဓိလောင်းသည်လည်း

၁။ သမ္မာသမ္ဗောဓိလောင်း၊

၂။ ပစ္စေကဗောဓိလောင်း၊

၃။ အဂ္ဂသာဝကဗောဓိလောင်း၊

၄။ မဟာသာဝကဗောဓိလောင်း၊

၅။ ပကတိသာဝက ဗောဓိလောင်း ဟူ၍ ငါးမျိုးရှိ၏။

ထို့ပြင်–

၁။ ဂုဏ်ထူးဆောင်ဗောဓိလောင်း၊

၂။ သာမညဗောဓိလောင်း ဟူ၍လည်း နှစ်မျိုးရှိသေးသည်။

ထိုတွင် သမ္မာသမ္ဗောဓိလောင်း, ပစ္စေကဗောဓိလောင်း, အဂ္ဂသာဝက ဗောဓိလောင်း, မဟာသာဝကဗောဓိလောင်း, ဘုရားမယ်တော်လောင်း, ခမည်းတော် လောင်း, သားတော်လောင်း, ဥပဋ္ဌာကလောင်း, ဒေဝီလောင်းတို့သည် ဂုဏ်ထူးဆောင် ဗောဓိလောင်းများ ဖြစ်ကြကုန်၏။

http://www.dhammadownload.com

ထိုဂုဏ်ထူးဆောင် ဗောဓိလောင်းတို့သည် မိမိတို့ အလိုရှိသော ဂုဏ်ထူးကို တကယ် အမှန်ရလို၍ စိတ်၌ တောင့်တခြင်း ဖြစ်သည့်အခါမှစ၍ ပတ္ထနာ ဆုတောင်းခြင်းပြုသော ဗောဓိလောင်းများ ဖြစ်ကြကုန်၏။

ပါရမီဖြည့်ရသော ကာလ

ထိုပတ္ထနာဆုတောင်းခြင်းဖြင့် ဆုတောင်းလျက် ပါရမီကိုဖြည့်ရသော ပတ္ထနာ ကာလသည် သမ္မာသမ္ဗောဓိ ဂုဏ်ထူးဆောင်မှာ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်းရှိ၏။

ပစ္စေကဗောဓိ ဂုဏ်ထူးဆောင်မှာ နှစ်အသင်္ချေနှင့် ကမ္ပာတစ်သိန်း ဖြစ်သည်။

အဂ္ဂသာ၀ကာ ဂုဏ်ထူးဆောင်မှာ တစ်အသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ မဟာသာ၀က ဂုဏ်ထူးဆောင်မှာ ကမ္ပာတစ်သိန်း၊ ဘုရားမယ်တော်လောင်း၊ ခမည်းတော်လောင်း၊ သားတော်လောင်း၊ ဥပဋ္ဌာကလောင်းတို့မှာလည်း ကမ္ပာတစ်သိန်းစီဖြစ်၏။

ဒေ၀ီလောင်းမှာမူကား ဘုရားလောင်းနှင့်အတူပင် ပါရမီဖြည့်ရကာလ ရှိ၏။

ဤသို့လျှင် မိမိတို့အလိုရှိသော ဂုဏ်ထူးကို အမှန်တကယ် ရလို၍ ဗျာဒိတ်မရမီကာလအတွင်း စိတ်ဖြင့် ဆုတောင်းခြင်းကို ပတ္ထနာဆုတောင်းဟူ၍ ခေါ်သည်။ ဤပတ္ထနာဆုတောင်းဖြင့် ပါရမီဖြည့်ရသော ကမ္ပာကာလကို ပတ္ထနာ ကာလဟု ခေါ်သည်။

ဤမျှလောက် လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ နှစ်အသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ တစ်အသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ ၎င်းနောက် ကမ္ပာတစ်သိန်း ကြာအောင် ပါရမီဖြည့်ရသော ပတ္ထနာကာလဖြင့်လည်း (၀၊) ဤမျှလောက် ကမ္ပာကာလကြာအောင် ပါရမီ ဖြည့်ပြီး အခြေခံကြီးသော်လည်း ထိုဂုဏ်ထူးဆောင် ပတ္ထနာဆုတောင်း ဗောဓိလောင်းတို့မှာ ကိုယ်ကို၊ အသက်ကိုစွန့်နိုင်ခြင်း စသည့် အဓိကာရအင်္ဂါပါရှိမှသာလျှင် ဗျာဒိတ်ရသော အဘိနီဟာရဆုတောင်း အဘိနီဟာရ ဗောဓိလောင်းအဖြစ်သို့ ရောက်နိုင်ကြကုန်၏။

အလိုရှိရာ ဂုဏ်ထူးရရန်

အဘိနီဟာရဆုတောင်း အဘိနီဟာရဗောဓိလောင်းအဖြစ်သို့ ရောက်ပြီးသော နောက်ကာလ၌လည်း လေးအသင်္ချေ၊ နှစ်အသင်္ချေ၊ တစ်အသင်္ချေနှင့် ကမ္ပာ

http://www.dhammadownload.com

တစ်သိန်းစီ၊ ၎င်းနောက် ကမ္ဘာတစ်သိန်းရှိသော အဘိနီဟာရကာလပတ်လုံး အဘိနီဟာရဆုတောင်းဖြင့် ဆုတောင်းလျက် ပါရမီကို ဖြည့်မှာသာလျှင် အလိုရှိရာ ဂုဏ်ထူးကို ရကြကုန်၏။

ဤသို့လျှင် ဂုဏ်ထူးဆောင် ဗောဓိလောင်းတို့သည် ပတ္ထနာကာလ, အဘိနီဟာရကာလဟူ၍ ကာလနှစ်ရပ် ကမ္ဘာပတ်လုံး ပါရမီကို ဖြည့်သုံးတော်မူကြ၍ လောကဠ သမ္မာသမ္ဗုဒ္ဓဘုရားဟူ၍ လည်းကောင်း, ပစ္စေကဗုဒ္ဓါဟူ၍ လည်းကောင်း, အဂ္ဂသာဝက ရဟန္တာမြတ်ဟူ၍ လည်းကောင်း, မဟာသာဝက ရဟန္တာကြီးဟူ၍ လည်းကောင်း, ဘုရားမယ်တော်ဟူ၍ လည်းကောင်း, ဘုရားခမည်းတော်ဟူ၍ လည်းကောင်း, ဘုရားသားတော်ဟူ၍ လည်းကောင်း, ဘုရားအလုပ်အကျွေးဟူ၍ လည်းကောင်း, ဘုရားလောင်း၏ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးဟူ၍လည်းကောင်း ထင်ရှားစွာဖြစ်ကြကုန်၏။**(အပဒါန် ၌၊ ၁၊ ၁၅၈)**

ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ထိုက်သော အမျိုးနှင့် သက်တမ်းကာလ

ခတ္တိယကုလ = မင်းမျိုး, ဗြာဟ္မဏကုလ = ပုဏ္ဏားမျိုး ဤနှစ်မျိုးဠသာလျှင် သဗ္ဗညုဘုရားနှင့် အဂ္ဂသာဝက ရဟန္တာမြတ်တို့ ဖြစ်ကြရကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည်လည်း ခတ္တိယကုလ = မင်းမျိုး, ဗြာဟ္မဏကုလ = ပုဏ္ဏားမျိုး, ဂဟပတိကုလ=သူကြွယ်မျိုး ဤသုံးမျိုးတို့ဠသာ ဖြစ်ထိုက်ကုန်၏။

တက်ကပ် ဆုတ်ကပ် ဟူသည်

အန္တရကပ်တစ်ခုတွင် တက်ကပ်, ဆုတ်ကပ်ဟူ၍ ရှိ၏။ လူတို့အသက် ဆယ်နှစ်တစ်မှစ၍ တိုးပွားသဖြင့် အသင်္ချေတန်းတိုင်အောင် တက်ဆဲတိုးဆဲသော ကပ်ကို တက်ကပ်ဟုဆိုသည်။

လူတို့အသက် အသင်္ချေတန်းမှစ၍ ဆုတ်လာသဖြင့် ဆယ်နှစ်တန်းတိုင်အောင် ကျဆဲ ဆုတ်ယုတ်ဆဲသော ကပ်ကို ဆုတ်ကပ်ဟုဆိုသည်။

ထိုဆုတ်ကပ်တွင် အသက် တစ်သိန်းတန်းမှအောက်, အသက်တစ်ရာတန်းမှ အထက် ဤသက်တန်းကာလ အတွင်းဠသာ ဘုရား, ပစ္စေကဗုဒ္ဓါတို့ ပွင့်တော်မူကြကုန်၏။ သို့ရာတွင် တစ်ပြိုင်နက် ပွင့်ခြင်း မရှိကြကုန်။ သဗ္ဗညုဘုရားပွင့်ဆဲအခါမှာ ပစ္စေကဗုဒ္ဓါတို့ မပွင့်နိုင်ကြကုန်။ ပစ္စေကဗုဒ္ဓါတို့ ပွင့်ဆဲရှိသောအခါမှာလည်း သဗ္ဗညုဘုရားတို့ မပွင့်ကြကုန်ဟု အပဒါန်နှင့်သုတ္တနိပါတ်အဋ္ဌကထာတို့ဠ ဖော်ပြကြသည်။

http://www.dhammadownload.com

သစ္စာသိပုံရှင်း မတူ ကွဲပြားကြ

သဗ္ဗညုဘုရားရှင်တို့သည် သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူကုန်၏။ သူတစ်ပါးကိုလည်း သိစေနိုင်ကြကုန်၏။ သိအောင်လည်း ဟောပြောနိုင်ကြကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည် သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူကုန်၏။ သူတစ်ပါးကိုမူကား မသိစေနိုင်၊ သိအောင် မဟောမပြောနိုင်ကြကုန်။

ထိုပစ္စေကဗုဒ္ဓါတို့သည် လောကုတ္တရာတရားကို လောကဝေါဟာရ လူတို့သုံးစွဲပြောဆိုသော လောကပညတ်ဘို့တင်၍ ဟောပြောခြင်းငှာ မတတ်နိုင်ကြ။ မိမိ ကိုယ်တိုင်သာ သိကြသည်။ မိမိသိသော ပရမတ္ထသဘောကို လောကလူတို့ ဝေါဟာရ စကားဖြင့် အမည်မှည့်၍ မဟောပြနိုင်။ အလုံးစုံသော တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြ၏။ သမာပတ်ရှစ်ပါး, အဘိညာဉ် ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံကြကုန်၏။ ဤသို့ပြည့်စုံသော ဂုဏ်ထူးဝိသေသရှိခြင်းကြောင့် သဗ္ဗညုဘုရားတို့၏အောက် သာဝကရဟန္တာတို့၏အထက် ဖြစ်ကုန်၏။ သူတစ်ပါးတို့ကို သင်္ကန်းဝတ်စေ၍ အကျင့်သိက္ခာတို့ကို ကျင့်စေနိုင်ကုန်၏။ စိတ်၏ခြိုးခြံခြစ်ချုတ်ခြင်း၊ ခေါင်းပါးချွေတာခြင်း ကို ပြုအပ်၏။ ဆုတ်နစ်အားလျော့ ခြင်းသို့ မရောက်စေအပ်။ ဤသို့သောနည်း အကျဉ်းအားဖြင့် ဥပုသ်ပြုကုန်၏။ "ယနေ့ဥပုသ်နေ့"ဟူသော စကားမျှဖြင့်လည်း ဥပုသ်ပြုကြကုန်၏။

သဗ္ဗညုဘုရားတို့၏ သာသနာတော်၌ အဖော်မရှိ တစ်ပါးတည်းနေသော ရဟန်းသည် လပြည့်လကွယ် ဥပုသ်နေ့၌ "အဇ္ဇ မေ ဥပေါသထော ပန္နရသီ"ဟူသော စကားဖြင့် အဓိဋ္ဌာန်ဥပုသ်ပြုသကဲ့သို့ ပစ္စေကဗုဒ္ဓါတို့သည်လည်း "အဇ္ဇမေ ဥပေါသထော"ဟူသော စကားဖြင့် ဥပုသ်ပြုကြကုန်၏။ ပစ္စေကဗုဒ္ဓါများ ဥပုသ်ပြုရာ ဟိမဝန္တာ ဂန္ဓမာဒနတောင် မဏ္ဍူသကပန်းပင်ရင်း ရတနာမဏ္ဍပ်၌ ဥပုသ်ပြုကြကုန်သည်ဟု အပဒါန်အဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာ စသည်၌ ဖော်ပြကြသည်။

အဓိကာရအဓိပ္ပာယ်

"အဓိကာရ"ဆိုသည်ကား ကောင်းမှုကုသိုလ်ကို ပြုလုပ်ရာ၌ မိမိအသက်ကို ငဲ့ညှာခြင်း၊ ရွံ့ကြောက်ခြင်းမရှိ။ ငတ်မွတ်သွားမည်ကိုလည်း မကြောက်ရွံ့။

http://www.dhammadownload.com

ပိန်ချုံး၍သွားမည်ကိုလည်း မကြောက်ရွံ့။ အသက်သေ၍သွားလျှင်လည်း သွားစေ။ ငါသည် ဤကောင်းမှုကုသိုလ်ကို ပြုလုပ်တော့အံ့ဟူ၍ အောက်မေ့လျက် ကောင်းမှုကုသိုလ်ကို ပြုလိုသော စိတ်ဇောသည် အလွန်ထက်သန်သည်ဖြစ်၍ ဤကုသိုလ် ဤပါရမီကို မပြုလုပ်ရလျှင် မနေနိုင်ဘဲ ကောင်းမှုပြုလိုသောစိတ်ကို ထိန်းသိမ်းမရ၊ အလွန်ပြုချင်လှသောဆန္ဒ အားကြီးစွာ ဖြစ်လာသောအခါ ကိုယ်နှင့်အသက်သေ၍ သွားမည်ကို ရွံ့ကြောက်ခြင်း စိုးရိမ်ခြင်းသဘောမျိုးသည် အလိုလိုပပျောက်လေ၏။ အသက်သေ၍ သွားမည်ကိုလည်း သတိမရ။ ငတ်မွတ်၍ ဆင်းရဲဒုက္ခ တွေ့ကြုံခံစားရမည်ကိုလည်း အမှတ်မရ။ မိမိပြုလိုသော ကုသိုလ်ကို မပြုလုပ်ရဘဲ အချည်းနှီးကာလ ကုန်၍သွားမည်ကိုသာ စိုးရိမ်ခြင်း ဖြစ်တော့သည်။

ဤသို့ အဓိကာရဖြစ်ခြင်း၏အကြောင်း တစ်ထောင်းထောင်း တဖိမ့်ဖိမ့် ရင်ထဲ၌ လူးလှိမ့်၍ တထိတ်ထိတ်နေအောင် ဝမ်းသာလုံးကြီး တဖြိုက်ဖြိုက် တလျှမ်းလျှမ်း ပီတိလွှမ်း၍ နေသောအခါ အသက်သေမည်၊ ကိုယ်ကြေမည်ကို အဘယ်မှာ အမှတ်ရတော့မည်နည်း။ ဘုရားတွေ့ခိုက် မျိုးစေ့စိုက်မည်ဟဲ့၊ တကယ့်အခါ အခွင့်သာခိုက် မယူလိုက်လျှင် ကြုံကြိုက်ခဲစွာ ယခုခါလို လွန်စွာတွေ့ခဲသည်ဟူသော စိတ်ဇောသည် အလောလောအဖန်ဖန် ထက်သန်လှစွာ ဖြစ်ပေါ်လာသည်ကို အဘယ်မှာ စောင့်ထိန်းချုပ်တည်း၍ ရနိုင်တော့မည်နည်း။ အသက်သေမည်၊ ကိုယ်ကြေမည်ကို အမှတ်မရဘဲ ညွှံ့ထဲ၌ တစ်ခါတည်းလဲ၍ အလျားမှောက်ကာ တံတားခင်းလိုက်လေတော့သည်။ ဤသည်တို့ကား ကောင်းမှုကုသိုလ်ပြုရာ၌ အဓိကာရ ဖြစ်ပုံ အဓိပ္ပာယ်တည်း။

အလိုလိုသစ္စာလေးပါးကို သိခြင်း၏အကြောင်း ၂-မျိုး

သမ္မောဓိမုခ, သံဝေဂမုခ ဟူ၍ အကြောင်းနှစ်မျိုးရှိရာတွင် သဗ္ဗညူဘုရားရှင်တို့၏သစ္စာသိကြောင်းမှာ သမ္မောဓိမုခ သဗ္ဗညုတဉာဏ်ကို အဦးထား၍ ဖြစ်သည်။ ပစ္စေကဗုဒ္ဓါတို့၏ သစ္စာသိကြောင်းမှာ သံဝေဂမုခ သံဝေဂဉာဏ်ကို အဦးထား၍ ဖြစ်သည်။

သဗ္ဗညူဘုရားလောင်းတို့မှာ သတ္တလောကဟိတဇ္ဈာသယခေါ် သတ္တဝါတို့၏ အစီးအပွားကို ဖြစ်စေလိုသော ဆန္ဒအား ကြီးစွာဖြစ် သည်။ ပစ္စေကဗုဒ္ဓါလောင်းတို့မှာ သတ္တလောကဟိတဇ္ဈာသယ အားနည်းသည်။ အဓိကာရမှာမူ အတူတူပင် ဖြစ်သော်လည်း ဆန္ဒနှင့် အဇ္ဈာသယ မတူကြကုန်။

F-6A ထေရအပဒါန်

http://www.dhammadownload.com

ထို့ကြောင့် သဗ္ဗညုဘုရားလောင်းတို့သည် "ငါသိလျှင် သူတစ်ပါးကိုလည်း သိစေမည်" ဟူသော ဆုတောင်းပတ္ထနာရှိသည်။ ပစ္စေကဗုဒ္ဓါလောင်းတို့သည်ကား မိမိသိရန်သာလျှင် ဆုတောင်းပတ္ထနာရှိသည်။

ထို့ကြောင့်ပင်လျှင် သဗ္ဗညုဘုရားတို့သည် မိမိသိသော တရားကို သူတစ်ပါးတို့အား သိစေနိုင်ကြသည်။ သိအောင် ဟောပြောနိုင်သည်။ ပစ္စေကဗုဒ္ဓါတို့မှာမူကား မိမိတို့သာ သစ္စာတရားကို သိကြသည်၊ သူတစ်ပါးတို့သိအောင် မဟောပြနိုင်ကြကုန်။ မိမိသိမြင်သော သစ္စာတရားကို သူတစ်ပါးတို့သိအောင် မဟောပြနိုင်သော်လည်း အလုံးစုံသော အဘိညာဉ်, သမာပတ်, ပဋိသမ္ဘိဒါဂုဏ်တို့နှင့်ကား ပြည့်စုံတော်မူကြကုန်၏။ သဗ္ဗညုဘုရားကိုထား၍ တစ်ပါးသော သာဝကရဟန္တာတို့ပင် မမီနိုင်ကြကုန်။

ကြွေ့ချိုပမာ ပစ္စေကဗုဒ္ဓါတို့ ကျင့်ကြုံ

သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊ အဝိဟေဌယံ အညတရမ္ပိ တေသံ။
နပုတ္တမိစ္ဆေယျ ကုတော သဟာယံ၊ ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

သဗ္ဗေသုဘူတေသု၊ အလုံးစုံသော သတ္တ၀ါတို့၌။ ဒဏ္ဍံ၊ ခြိမ်းခြောက်နှိပ်စက်သတ်ဖြတ်ဖွဲ့ချည် ဒဏ်ဟူသည်ကို။ နိဓာယ၊ ပယ်ချထား၍။ တေသံ၊ ထိုအလုံးစုံသော သတ္တ၀ါတို့တွင်။ အညတရံပိ၊ တစ်စုံတစ်ယောက်သော သတ္တ၀ါကိုလည်း။ အဝိဟေဌယံ၊ မညှဉ်းဆဲဘဲ။ ၀ါ၊ မဆင်းရဲစေမူ၍။ ၀ါ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိစေလိုသော မေတ္တာသဘော၊ အကျိုးမယုတ်စေလိုသော ဟိတာနုကမ္ပနာသဘော ရှိသည်ဖြစ်၏။ ပုတ္တံ၊ သားသမီးကို။ နက္ကဇ္ဇေယျ၊ အလိုမရှိရာ။ သဟာယံ၊ သွားဖော်လာဖော် ထိုင်ဖော် အဖော်ဟူသရွေ့ကို။ ကုတော၊ အဘယ်မှာ အလိုရှိတော့မည်နည်း။ သော၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်။ ဧကော၊ အဖော်မလှောက် တစ်ယောက်တည်းသာလျှင်။ ခဂ္ဂဝိသာဏကပ္ပော၊ ကြွေ့ချိုနှင့်တူသော ဥပမာရှိသည်ဖြစ်၍။ စရေ၊ သွားလာနေထိုင်ရာ၏။

ကြွေ့ဟူ၍ခေါ်သော တိရစ္ဆာန်သတ္တ၀ါသည် ချိုတစ်ချောင်းတည်းသာရှိ၏။ ကြွေ့သတ္တ၀ါ၏နှာခေါင်းပေါ်၌ ပေါက်သော တစ်ချောင်းတည်းသော ချိုကဲ့သို့ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း တစ်ပါးတည်း တစ်ကိုယ်တည်းသာလျှင် သွားလာလေ့ရှိ၏။ တစ်ကိုယ်တည်း နေထိုင်လေ့ရှိ၏။ တစ်ကိုယ်တည်းသာလျှင်

http://www.dhammadownload.com

အိပ်လေ့ရှိ၏။ တစ်ကိုယ်တည်းသာလျှင် ဆွမ်းခံလေ့ရှိ၏။ တစ်ကိုယ်တည်းသာလျှင် ဆွမ်းခံရာမှ ပြန်သွားလေ့ရှိ၏။ တစ်ကိုယ်တည်းသာလျှင် စင်္ကြံသွားလေ့ရှိ၏။ တစ်ကိုယ်တည်းသာလျှင် ဆိတ်ငြိမ်ရာ၌ နေလေ့ရှိ၏။

ထိုသို့ တစ်ကိုယ်တည်းသာလျှင် သွားလာနေထိုင်သောအခါမှာလည်း ပိုး, ပရွက်, ခြင်, မှက် အစရှိသော မည်သည့်သတ္တဝါကိုမျှ ညှဉ်းဆဲခြင်းမရှိ၊ ခြိမ်းခြောက် ငေါက်ငန်းမာန်မဲခြင်းလည်း မရှိ။ လက်ဖြင့် ရိုက်ပုတ်ဟန်၊ ထုဟန် သတ်ဟန်ပြု၍ ခြောက်လှန့်ခြင်းမရှိ။ ခြေတို့ ဒူတို့ဖြင့် ကန်ဟန်တိုက်ဟန်၊ ခြေဖြင့်ကန်ပုံ ဒူးဖြင့်တိုက်ပုံပြု၍ ခြောက်လှန့်ခြင်းမရှိ။ ကိုယ်ဖြင့်၊ ခြေလက်တို့ဖြင့် ဖိညှပ်၍ ညှဉ်းဆဲခြင်းမရှိ။ ကြိုးလွန်ကြိမ်နွယ်တို့ဖြင့် ချည်ဖွဲ့၍ ညှဉ်းဆဲခြင်းလည်း မရှိ။ ပိုး, ပရွက်, ခြင်, မှက်, ခွေး, ဝက်, ကျီးငှက်မှစ၍ အလုံးစုံသော သတ္တဝါတို့ကို မညှဉ်းဆဲမူ၍ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမဖြစ်စေလိုသော မေတ္တာသဘောရှိ၏။ အကျိုးစီးပွား မယုတ်လျော့စေလိုသော ဟိတာနုကမ္ပနသဘော ရှိတော်မူ၏။

ဆွမ်းခံသွားစဉ် ဖြစ်ပျက် ကမ္မဋ္ဌာန်းကို ရှု၍ ရဟန္တာဖြစ်သော ဝတ္ထု

အာလိန္ဒကဝါသီ အိမ်ဦးကျောင်းနေ မဟာဖုဿဒေဝထေရ်သည် ဆွမ်းခံသွားသောအခါ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သွား၏။ ကမ္မဋ္ဌာန်းနှင့် ကင်းသော စိတ်ဖြင့် ခြေလှမ်းကြွခြင်းကို မပြု။ သတိလစ်၍ ကမ္မဋ္ဌာန်းနှင့် ကင်းသောစိတ်ဖြင့် သွားမိငြားအံ့၊ ထိုသတိကင်းလွတ်သောနေရာသို့ တစ်ဖန်ပြန်လာ၍ ဖြစ်ပျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်းမြဲသွင်းပြီးမှ ခြေလှမ်းကိုကြွလှမ်း၏။ ဤသို့ သွားတုံပြန်တုံ ဖြစ်နေသည်ကို လယ်ထွန်သမား, ကောက်စိုက်သမား, လူအများတို့မြင်သောအခါ ဤမထေရ်သည် သွားတုံပြန်တုံဖြစ်နေသည်မှာ လမ်းမှား၍ လေလော, တစ်စုံတစ်ခု မေ့ခဲ့၍လေလောဟု ပြောဆိုကြကုန်၏။ ထိုသို့လူတို့ပြောဆိုသော စကားကို မထေရ်သည် ပမာမထား မကြားသကဲ့သို့နေလျက် ကမ္မဋ္ဌာန်းကို ဆင်ခြင်သော စိတ်ဖြင့်သာလျှင် သွားလေ၏။ ဤကဲ့သို့ ကမ္မဋ္ဌာန်းရှု ဆင်ခြင်၍ ရဟန်းတရားဖြင့် နေသောကြောင့် အရဟတ္တဖိုလ်သို့ ရောက်၏။

ထိုမထေရ် ရဟန္တာဖြစ်သောနေ့တွင် မထေရ်ကြွခဲ့သော စင်္ကြံအစွန်းဌာနေသော နတ်သားသည် စင်္ကြံအစွန်းဌာရပ်လျက် လက်ချောင်းတို့ဖြင့် မီးရောင်ထွန်းလင်းစေကာ မထေရ်ကို ပူဇော်သည်။

http://www.dhammadownload.com

ငြိတွယ်ခြင်းငါးပါး

၁။ ဒဿနသံသဂ္ဂ = မြင်၍ ငြိတွယ်ခြင်း၊
၂။ သဝနသံသဂ္ဂ = ကြား၍ ငြိတွယ်ခြင်း၊
၃။ ကာယသံသဂ္ဂ = ထိ၍ ငြိတွယ်ခြင်း၊
၄။ သမုလ္လပနသံသဂ္ဂ = စကားပြော၍ ငြိတွယ်ခြင်း၊
၅။ သမ္ဘောဂသံသဂ္ဂ = ပေးခြင်း ယူခြင်းဖြင့် ငြိတွယ်ခြင်း၊

ဤသံသဂ္ဂ ငါးပါးတွင် တစ်ပါးပါးဖြင့် ငြိတွယ်သည်ရှိသော် တဏှာတည်းဟူသော အစေးသည် ဖြစ်တတ်၏။ တဏှာတည်းဟူသော သမုဒယအစေးမှ အစဉ်လိုက်၍ဖြစ်သော ဧာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, စိုးရိမ်ခြင်း ငိုကြွေးခြင်းစသော ဒုက္ခအပေါင်းတို့သည် ဖြစ်တတ်ကုန်၏။

ထိုဒုက္ခအပြစ်များကိုမြင်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အဖော်မလှောက်တစ်ယောက်တည်းသာလျှင် ကြံ့ချိုနှင့် အလားတူစွာ တစ်ပါးတည်း နေတော်မူကြကုန်၏။

ထို့ကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဂုဏ်တော်ကို ကြည်ညိုမြတ်နိုးရှိခိုးကြကုန်ရာ၏။

အမြင်အာရုံကြောင့် ဆင်းရဲရောက်သော ဝတ္ထု

သီဟိုဠ်ကျွန်း၊ ကလျာဏီကျောင်းတိုက်၌နေသော ဒီဃနိကာယ်ကို နှုတ်ရဆောင်နိုင်သည့် ရဟန်းငယ်တစ်ပါးသည် ကာဠဒီဃဝါပိရွာတွင် ဆွမ်းခံလှည့်လည်သောအခါ ထိုရွာနေ သူကြွယ်၏သမီးသည် ထိုဆွမ်းခံလာသော ရဟန်းငယ်ကို မြင်သဖြင့် ငြိတွယ်ခြင်းဖြစ်၍ မစားနိုင်မသောက်နိုင် ဖြစ်နေသည်။ အမိ, အဖတို့ မေးမြန်းသောအခါ "ထိုရဟန်းငယ်ကို မမြင်ရခြင်းကြောင့်"ဟု ပြောသဖြင့် သမီးအား အမျိုးမျိုးသော အကြောင်းအရာတို့ဖြင့် ဆိုဆုံးမသည်။ ဆုံးမ၍ မရသဖြင့် အမိ, အဖတို့က သမီးသေဆုံးမည်ကို စိုးရိမ်လှ၍ ဆွမ်းခံလာသော ရဟန်းငယ်ထံသို့သွားကာ အကျိုးအကြောင်း လျှောက်ကြားကြ၏။

ထိုအခါ ရဟန်းငယ်က လူ့ဘောင်လောကသည် လူမှုကိစ္စ ကြောင့်ကြကြီးမားဒုက္ခများကြောင်းကို ပြောပြီး လူမထွက်နိုင်ကြောင်း ပယ်လှန်ပြောဆိုလေ၏။

http://www.dhammadownload.com

အမိအဖတို့က ၎င်းတို့တွင် ပစ္စည်းဥစ္စာ လိုရာမရာ ပေါများကြွယ်ဝကြောင်း စသည်ပြောဆိုလျက် လူထွက်ရန် တောင်းပန် ပြောဆိုကြသည်။ မရသောကြောင့် သမီး သေသွားရာရသည်။ သနားဖွယ်ကောင်းလှသော သမီး၏အဝတ်အထည်, အင်္ကျီ, တဘက်, ပဝါ စသည်တို့ကို ထိုကျောင်းတိုက်ရှိ သင်္ဃာတော်များအား လှူဒါန်းသည်။ ထိုဒီဃနိကာယ်ဆောင် ရဟန်းငယ်သည်လည်း ဝေစုရ၍ အဘယ်မှ ရသော အဝတ်နည်းဟု မေးမြန်းသောအခါ သင့်အား တောင်းပန်၍ မရသောကြောင့် သောကနှိပ်စက်၍ သေဆုံးရသော သူကြွယ်သမီး၏အဝတ်ဖြစ်ကြောင်းကို ပြောကြသည်။ ထိုအခါ ဒီဃနိကာယ်ဆောင် ရဟန်းငယ်သည်လည်း ကြီးစွာသော ပူပန်ခြင်းဖြင့် ရင်တွင်းလှိုက်လဲ နှလုံးကွဲ၍ ဆင်းရဲစွာလှ သောကလှုံ့ဆော် ပူခန်းဖော်၍ ပျံလွန်တော်မူရရှာပြန်လေ၏။

ဤကား ဒဿနသံသဂ္ဂဖြင့် ငြိတွယ်၍ ဆင်းရဲရောက်ခြင်းတည်း။

အကြားအာရုံဖြင့် ငြိတွယ်၍ ဆင်းရဲရောက်ရသောဝတ္ထု

သီဟိုဠ်ကျွန်း ဂိရိဂါမရွာမှ ပန်းပဲသူကြီး၏သမီးသည် ငါးယောက်သော သမီးငယ်တို့နှင့် အတူတကွ ပဒုမ္မာကြာအိုင်သို့သွား၍ ရေချိုးခြင်း, ပန်းပန်ခြင်းကို ပြုရင်း သာယာစွာသော အသံဖြင့် သီချင်းဆိုနေကြသည်။ ထိုစဉ်ပဉ္စဂ္ဂုလေဏကျောင်းနေ ဈာန်အဘိညာဉ်ရသော ရဟန်းငယ်တစ်ပါးသည် ကောင်းကင်ခရီး ဈာန်ယာဉ်စီး၍ ပျံကြွလာရာတွင် ထိုအသံကိုကြားသဖြင့် သဝနသံသဂ္ဂ–အသံ၌ ငြိတွယ်ခြင်း ဖြစ်ရကား ဈာန်အဘိညာဉ် လျှောကျပျက်စီးကာ ဆင်းရဲခြင်းသို့ လက်ငင်းရောက်ရလေသည်။

ကာယသံသဂ္ဂဖြင့် ငြိတွယ်၍ ဆင်းရဲရောက်သောဝတ္ထု

သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၌ အဟောကောင်း၊ အပြောကောင်း၊ အသံကောင်းလှသော ဓမ္မကထိက ရဟန်းငယ်တစ်ပါးသည် ရှိ၏။ ထိုဓမ္မကထိက ရဟန်းငယ် တရားဟောပြောရာ ဓမ္မာရုံမဏ္ဍပ်သို့ လူပရိသတ်အများ လာရောက်၍ တရားနာကြကုန်၏။

ပြည့်ရှင်မင်းသည်လည်း အဂ္ဂမဟေသီမိဘုရားကြီးနှင့် အတူတကွ သမီးတော်ကိုခေါ်၍ ထိုတရားဟောရာ ဓမ္မာရုံမဏ္ဍပ်သို့သွား၍ တရားနာ၏။ ပြည့်ရှင်မင်း၏ သမီးတော်သည် တစ်ဆယ့်ခြောက်နှစ်အရွယ် နုနုငယ်ငယ်စိတ်ကစားသည့်အရွယ်

http://www.dhammadownload.com

ဖြစ်ရကား တရားဟောသော ရဟန်းငယ်၏အဆင်းကိုလည်းကောင်း, အသံကို လည်းကောင်းစွဲ၍ ပြင်းစွာတပ်မက်နှစ်သက်သော ရာဂစိတ်သည်ဖြစ်၏။

ထိုသမီးတော်သည် ကျန်ခဲ့မဆောင်နိုင်ဘဲ တုန်လှုပ်ဖောက်ပြန်ခြင်း ဖြစ်၏။ တရားဟောသော ရဟန်းငယ်သည်လည်း ထိုမင်းသမီးကို မြင်၍ ထို့အတူ ကျန်ခဲ့မဆောင်နိုင်ဘဲ တုန်လှုပ်ဖောက်ပြန်ခြင်းဖြစ်၏။

ထိုသူနှစ်ဦးတို့၏ တုန်လှုပ်ဖောက်ပြန်သော အမူအရာကို ခမည်းတော် ပြည့်ရှင်မင်း မြင်သောအခါ မိမိသမီးတော်နှင့် ရဟန်းငယ်ကို အတူတကွ နေစေရန် အ၀တ်ကန့်လန့်ကာကို ကာ၍ထားစေ၏။ အချိန်တန်၍ အ၀တ်ကန့်လန့်ကာကို ဖွင့်၍ ကြည့်သောအခါ နှစ်ဦးစလုံး သေဆုံး၍ နေသည်ကို တွေ့မြင်ကြရသည်။

ထိုပြင်လည်း သီဟိုဠ်ကျွန်း မဟာစေတီ ရင်ပြင်တော်၌ ရဟန်းငယ်တို့သည် မိမိတို့ဆောင်ရွက်သော စာကို ရွတ်ဖတ်သရဇ္ဈာယ်၍ နေကြကုန်၏။ ထိုရဟန်းငယ်တို့၏အနီး လက်၀ဲလက်ယာ၌လည်းကောင်း, နောက်၌လည်းကောင်း ရဟန်းမိန်းမငယ်တို့သည်လည်း တရားနာ၍ နေကြကုန်၏။ ထိုသို့ ရှိနေကြစဉ်တွင် ရဟန်းငယ်တစ်ပါးသည် မဆင်ခြင်မိဘဲ အမှတ်မဲ့ လက်ကို ဆန့်လိုက်ရာ ရဟန်းမိန်းမငယ်ကို ဆန့်သောလက်ဖြင့်ထိမိ၏။ ရဟန်းမိန်းမငယ်သည် ရဟန်းငယ်၏လက်ကိုဆွဲ၍ ရင်ခွင်၌ထားသည်။ ထိုသို့သော အတွေ့ကာယသံသဂ္ဂဖြင့် ငြိတွယ်သောကြောင့် ရဟန်းငယ်မှာ လူထွက်လိုက်ရသည်။

(သီလက္ခန်နှင့်မူလပဏ္ဏာသအဋ္ဌကထာ)

အခြား ငြိတွယ်ခြင်းဖြင့် ဆင်းရဲရောက်ရသော၀တ္ထု

သီဟိုဠ်ကျွန်း မရိစ၀ဋ္ဌိ မဟာ၀ိဟာရ ကျောင်းတိုက်ကြီး၌ ဒုဋ္ဌဂါမဏိ အဘယမင်းသည် ကြီးစွာသော အလှူကြီးကို စီရင်၍ ဘိက္ခုသံဃာ, ဘိက္ခုနီ သံဃာတို့ကို ဆွမ်းကျွေး၏။

ထိုသို့ ဆွမ်းကျွေးရာ၌ ရဟန်းမိန်းမ ဘိက္ခုနီ သံဃာတွင် အငယ်ဆုံးဖြစ်သော သာမဏေရီသည် ပူသောယာဂုကို ယူ၍ သာမဏေ ယောကျ်ားငယ်အား ပေးကပ်သောအခါ ဆင်စွယ်သပိတ်ခြေနှင့်တကွ ပေးကပ်၍ ထိုသာမဏေရီ မိန်းမငယ်နှင့် သာမဏေယောကျ်ားငယ် နှစ်ဦးတို့သည် အချင်းချင်း အာလာပ, သလ္လာပစကား ပြောဆိုမိကြကုန်၏။

http://www.dhammadownload.com

ထိုသူနှစ်ဦးတို့သည် အသက်နှစ်ဆယ်စေ့ကြသောအခါ ရဟန်းပြုကြကုန်၏။ ဝါခြောက်ဆယ်ရသောအခါ မြစ်ကမ်းတစ်ဖက်သို့ သွားကြကုန်၏။ ထိုအခါ ငယ်စဉ်အခါက အချင်းချင်း အာလာပ, သလ္လာပစကား ပြောဖူးသော ရွှေဖြစ်ဟောင်းကို သတိရ သိရှိသွားကြသည်။ ထိုခဏ၌ပင်လျှင် သူတို့နှစ်ဦး ချစ်ခင်စုံမက်သွားကြကာ သိက္ခာပုဒ်ကို ကျူးလွန်မိကြသဖြင့် သာသနာတော်မှ ဆုံးရှုံးရသော ပါရာဇိကသို့ ကျရောက်ကြကုန်၏။

ခဂ္ဂဝိသာဏသုတ် တတိယဗျာကရဏဂါထာကို ဟောသော ပစ္စေကဗုဒ္ဓါ၏ဝတ္ထု

ပစ္စေကဗုဒ္ဓါလောင်းလျာတစ်ပါးသည် ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ပြုရင်း ပထမစျာန်ကိုပင် ရရှိထားသူဖြစ်သည်။

တစ်နေ့တွင် သူသည် "အသို့နည်း၊ သမဏဓမ္မ ရဟန်းတရားက မြတ်သလော၊ မင်းအဖြစ်က မြတ်သလော"ဟု စုံစမ်းဆင်ခြင်မိသည်။ သမဏဓမ္မ ရဟန်းတရားက မြတ်သည်ဟုသိ၍ တိုင်းရေးပြည်ရေးကိစ္စအဝဝကို အမတ်တို့အား လွှဲအပ်ကာ ရဟန်းတရားကို အားထုတ်နေ၏။

အမတ်တို့သည် တရားနှင့်အညီ စီမံဆုံးဖြတ်ရမည်ဟု ပြည့်ရှင်မင်းပေးထားသော အမိန့်အာဏာကို လွန်ဆန်၍ တံစိုးလက်ဆောင်ကိုယူကာ မတရားသဖြင့် စီရင် ဆုံးဖြတ်ကြကုန်၏။

ထိုသို့ တံစိုး လက်ဆောင်ယူ၍ မတရားသဖြင့် စီရင်သောကြောင့် ဥစ္စာရှင်တို့ တရားရှုံးကြကုန်သည်။ တရံရောအခါ၌ မင်းနှင့်ကျွမ်းဝင်သောသူတစ်ယောက်ကို တရားရှုံးစေ ကြကုန်၏။ ထိုတရားအရှုံးခံရသောသူသည် ပြည့်ရှင်မင်းအထံသို့ ပွဲတော်ဆက်ကပ်သည့် အမှုထမ်းတို့နှင့် အတူတကွဝင်လျက် ပွဲတော်ကို ဆက်သပြီး အမတ်တို့ တရားရေး၌ မတရားစီရင်သော အကြောင်းတို့ကို သံတော်ဦးတင်၏။

နောက်တစ်နေ့၌ ပြည့်ရှင်မင်းသည် ထိုအမတ်တို့ တရားစီရင်ရာ အရပ်သို့ သွား၏။ ထိုအခါ လူအပေါင်းတို့က "အရှင်မင်းမြတ် ဤအမတ်တို့သည် မူလ ဥစ္စာပိုင်ရှင်တို့ကို တရားရှုံးစေ၍ ဥစ္စာပိုင်ရှင်မဟုတ်သူတို့ကို အနိုင်ပေးကြကုန်၏" ဟူ၍ ကျယ်စွာသောအသံဖြင့် ကြွေးကြော် အော်ဟစ်ခြင်းကို ပြုကြကုန်၏။

ပြည့်ရှင်မင်းသည် တရားစီရင်ဆုံးဖြတ်ရာ အရပ်မှ ပြန်သွားကာ ပြာသာဒ်ထက်သို့တက်၍ စျာန်ဝင်စားခြင်းငှာ တရားကိုရှုမှတ်နေသည်၊ ကျယ်လောင်လှ

http://www.dhammadownload.com

စွာသော အသံတို့ကြောင့် စျာန်ဝင်စားခြင်းငှာ မတတ်နိုင်။ ထိုအခါ ပြည့်ရှင်မင်းသည် သံဝေဂဉာဏ်ဖြစ်လျက် "ငါ့အား မင်းအဖြစ်၌ အဘယ်အကျိုး ရှိအံ့နည်း။ ရဟန်းတရားသည်သာလျှင် မြတ်၏"ဟု သိရှိသဘောပေါက်ကာ မင်းအဖြစ်ကို ပယ်စွန့်သည်။ စျာန်သမာပတ်ကို ဖြစ်စေ၍ ဝိပဿနာပွားများ အားထုတ်သဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူသည်။

မိတ်ဆွေအမျိုးမျိုး

မိတ်ဆွေဟုတ်၏၊ အကျွမ်းမဝင်။ အကျွမ်းဝင်၏၊ မိတ်ဆွေမဟုတ်။ အချို့သောသူသည် စင်စစ်အကျိုးစီးပွားကို အလိုရှိသော မိတ်ဆွေဖြစ်ကုန်၏၊ အကျွမ်းမဝင်ကုန်။ အချို့သောသူသည် အတူသွား, အတူလာ, အတူနေ, အတူထိုင်, အတူစားသောက်ခြင်း, စကားပြောခြင်း စသည်ဖြင့် အကျွမ်းဝင်ကုန်၏၊ သို့သော် မိတ်ဆွေ မဟုတ်ကုန်။ အချို့သောသူသည် မိတ်ဆွေလည်းဟုတ်၏၊ အကျွမ်းလည်းဝင်၏။

မိတ်ဆွေလေးမျိုး

ဥပကာရမိတ်၊ သမာနသုခဒုက္ခမိတ်၊ အနုကမ္ပကမိတ်၊ အတ္ထက္ခာယီမိတ်ဟူ၍ စင်စစ် အကျိုးလိုလားသော မိတ်ဆွေတို့သည် လေးမျိုးရှိကုန်၏။

ထိုလေးမျိုးတို့တွင်... ဥပကာရမိတ်သည်-

၁။ မေ့လျော့နေသည်ကို စောင့်ရှောက်၏။

၂။ မေ့လျော့နေသောသူ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်၏။

၃။ ကြောက်လန့်ဖွယ်ရှိသောအခါ၌ ကိုးစားရာဖြစ်၏။ အားကိုးရာရ၏။

၄။ ကိစ္စကြီးငယ်ဖြစ်သောအခါ၌ ဥစ္စာဖြင့် ထောက်ပံ့ကူညီ၏။

ဤသည်တို့မှာ **ဥပကာရမိတ်ဆွေ**၏ အင်္ဂါရုပ်များ ဖြစ်ကြသည်။

သမာနသုခဒုက္ခ - ချမ်းသာတူ ဆင်းရဲဘက် မိတ်ဆွေ၏အင်္ဂါလေးပါး

၁။ လျှို့ဝှက်အပ်သော စကားကို တိုးတိုးပြောကြား တိုင်ပင်၏။

၂။ လျှို့ဝှက်အပ်သောစကားကို တစ်ပါးသူတို့ မကြားမသိအောင် လျှို့ဝှက်ထား၏။

http://www.dhammadownload.com

၃။ ဘေးရန်တွေ့ကြုံသောအခါ၌ သေအတူ ရှင်အတူနေ၏။ စွန့်၍မသွား။
၄။ ထိုသူ(မိတ်ဆွေ)၏ အကျိုးငှာ အသက်ကိုစွန့်၏။
ဤသည်တို့မှာ ချမ်းသာတူ ဆင်းရဲဘက် မိတ်ဆွေ၏ အင်္ဂါရပ်များ ဖြစ်ကြသည်။

အနုကမ္ပက – အစဉ်သနားတတ်သော မိတ်ဆွေ၏ အင်္ဂါလေးပါး

၁။ စီးပွားချမ်းသာ ဆုတ်ယုတ်သည်ကို မနှစ်သက်။
၂။ စီးပွားချမ်းသာ တိုးတက်သည်ကို နှစ်သက်၏။
၃။ ကဲ့ရဲ့ ပြောဆိုသူကို တားမြစ်၏။
၄။ ချီးမွမ်းသူကို ခွင့်ပြု၏။
ဤသည်တို့မှာ အစဉ်သနားတတ်သော မိတ်ဆွေ၏ အင်္ဂါရပ်များ ဖြစ်ကြသည်။

အတ္ထက္စာယီ – အကျိုးရှိအောင် ပြောပြတတ်သော မိတ်ဆွေ၏ အင်္ဂါလေးပါး

၁။ မကောင်းမှု ဒုစရိုက်ပြုလုပ်သည်ကို တားမြစ်၍ ပြောပြ၏။
၂။ ကောင်းမှုသုစရိုက်ပြုလုပ်အောင် တိုက်တွန်းနှိုးဆော်၍ ပြောပြ၏။
၃။ မကြားဖူးသော တရားစကားကို ပြောပြ၏။
၄။ ချမ်းသာရောက်ကြောင်းဖြစ်သော နတ်ပြည်လမ်း, မဂ်ဖိုလ် နိဗ္ဗာန်လမ်းကို ညွှန်ကြားပြောပြ၏။
ဤသည်တို့မှာ အကျိုးရှိအောင် ပြောပြတတ်သော မိတ်ဆွေ၏ အင်္ဂါရပ်များ ဖြစ်ကြသည်။

ဥပကာရ, သမာနသုခဒုက္ခ, အနုကမ္ပက ဤမိတ်ဆွေသုံးမျိုးသည် အိမ်ရာတည်ထောင်သူလူတို့နှင့်သာ အထူးသဖြင့် သက်ဆိုင်သောကြောင့် အထူးဂရုစိုက်၍ ဆောင်ရွက်ရာ၏။

အတ္ထက္စာယီ မိတ်ဆွေ၏အင်္ဂါတို့သည် အိမ်ရာတည်ထောင် လူ့တို့ဘောင်ကို စွန့်ခွာသွားသော ရဟန်းဖြစ်သူတို့နှင့်သာ အထူးသဖြင့် သက်ဆိုင်သောကြောင့် ရဟန်းတို့သည် အထူးဂရုစိုက်၍ လိုက်နာရာ၏။

(အပဒါန်အဋ္ဌကထာ)

http://www.dhammadownload.com

အကျိုးယုတ်စေတတ်သော နှောင်ဖွဲ့တွယ်တာခြင်းနှစ်မျိုး

၁။ "ဤသူသည် ငါ၏ အားကိုးရာ ဖြစ်သည်။ ဤသူမရှိလျှင် ငါ၌ အားကိုးရာ မရှိ။ ဤသူရှိမှသာလျှင် ငါ၌ အားကိုးရာ ရှိတော့သည်" ဟူ၍ မိမိကိုယ်ကို နိမ့်ရာကထား၍ နှောင်ဖွဲ့တွယ်တာခြင်းတစ်မျိုး။

၂။ "ဤသူတို့သည် ငါနှင့်ကင်း၍ အသက်မွေးခြင်းငှာ မတတ်နိုင်။ ငါသည် ထိုသူတို့၏ အားကိုးရာဖြစ်သည်"ဟူ၍ မိမိကိုယ်ကို မြင့်ရာကထား၍ နှောင်ဖွဲ့တွယ်တာခြင်းတစ်မျိုး။

ဤနှစ်မျိုးသော နှောင်ဖွဲ့တွယ်တာခြင်းသည် အကျိုးယုတ်စေသည်။

အကျိုးဆုတ်ယုတ်ခြင်း အမျိုးမျိုး

ထိုကဲ့သို့ မိတ်ဆွေတို့ကို တွယ်တာလွန်းအားကြီးလျှင် အောက်ပါအကျိုးဆုတ်ယုတ် ပျက်စီးခြင်းတို့ ဖြစ်ပွားတတ်ပြန်သည်။

ဒိဋ္ဌဓမ္မိက = ယခုဘဝ မျက်မှောက်အကျိုး ပျက်စီးခြင်း။
သမ္ပရာယိက = နောက်ဘဝ တမလွန်အကျိုး ပျက်စီးခြင်း။
ပရမတ္ထ = အဆုံးဘဝ နိဗ္ဗာန်အကျိုး ပျက်စီးခြင်း။
အတ္တတ္ထ = မိမိအကျိုး ပျက်စီးခြင်း။
ပရတ္ထ = သူတစ်ပါးအကျိုး ပျက်စီးခြင်း။
ဥဘယတ္ထ = နှစ်ဦးလုံးအကျိုး ပျက်စီးခြင်း။
လဒ္ဓဝိနာသန = ရပြီး သောအကျိုး ပျက်စီးခြင်း။
အလဒ္ဓအနုပ္ပါဒန = ရလတ္တံ့သောအကျိုး ပျက်စီးခြင်း။

သန္ဆဝ = အဖော်သုံးမျိုး

တဏှာသန္ဆဝ, ဒိဋ္ဌိသန္ဆဝ, မိတ္တသန္ဆဝဟူ၍ "သန္ဆဝ=အဖော်"သုံးမျိုး ရှိကုန်၏။ ထိုသုံးမျိုးတို့တွင် တစ်ရာ့ရှစ်တန်သော တဏှာစရိတသည် တဏှာသန္ဆဝ မည်၏။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌိသန္ဆဝ မည်၏။ မိတ်ဆွေတို့၌ ကပ်ငြိ တွယ်တာခြင်းသည် မိတ္တသန္ဆဝမည်၏။

(အပဒါန်အဋ္ဌကထာ)

●●●●●●●●●

http://www.dhammadownload.com

ပစ္စေကဗုဒ္ဓါအရှင်မြတ်များအပဒါန်

လုံ့လရှိသော မင်း

ဗာရာဏသီပြည်၌ အနိဝတ္တ ဗြဟ္မဒတ်မင်းသည် မင်းပြု၍နေ၏။ ထိုမင်းသည် စစ်မြေပြင်သို့ သွားသည်ရှိသော် စစ်မအောင်မချင်း နောက်သို့ ဆုတ်နစ်ခြင်းမရှိ။ ထို့အတူ အခြားတစ်ပါးကိစ္စကို အားထုတ်ရာ၌လည်း ဆုတ်နစ်ခြင်းမရှိ ပြုလုပ်လေ့ရှိ၏။ ထို့ကြောင့် ထိုမင်းကို "အနိဝတ္တဗြဟ္မဒတ်မင်း"ဟူ၍ အသိအမှတ် ပြုကြကုန်၏။

ထိုမင်းသည် တစ်နေ့သ၌ ဥယျာဉ်တော်သို့ ထွက်တော်မူ၏။ ထိုအခါ၌ ရုတ်တရက် တောမီးထလောင်သည်။ ထိုတောမီးသည် အစိုအခြောက် မရွေး အားလုံးသော မြက် သစ်ပင် တို့ကို လောင်ကျွမ်း၏။ နောက်သို့ ဆုတ်ခြင်းမရှိဘဲ ရှေ့သို့ တိုး၍တိုး၍သာ လောင်သွား၏။

ပြည့်ရှင်မင်းသည် ထိုမီးကိုမြင်၍ ထိုတောမီးနှင့်တူသော အာရုံ နိမိတ်ကို ဖြစ်စေ၏။ ထိုအတူ တစ်ဆယ့်တစ်ပါးသောမီးသဲသည် သတ္တဝါတို့ကို ကြီးစွာ ဆင်းရဲကို ဖြစ်စေလျက် နောက်သို့ မဆုတ်ဘဲ ဆက်၍ဆက်၍ လောင်ကျွမ်း၏။ ငါသည်လည်း ဤဆင်းရဲကင်းငြိမ်းစေခြင်းငှာ ဤမီး လောင်သကဲ့သို့ အရိယမဂ်တည်း ဟူသော မီးဖြင့် ကိလေသာတို့ကို လောင်ကျွမ်းစေလျက် အဘယ်သို့ သွားရပါအံ့နည်း ဟူ၍ အာရုံနိမိတ်ကို ဖြစ်စေ၏။

ထိုနောက် တစ်မုဟုတ်မျှ သွားပြန်သည်ရှိသော် မြစ်အတွင်းမှ ငါးတို့ကို ဆောင်ယူကုန်သော တံငါသည်တို့ကို မြင်၏။ ထိုတံငါသည်တို့၏ ပိုက်ကွန် အကြား၌ မိနေသော ငါးတစ်ကောင်သည် ပိုက်ကွန်ကိုဖြတ်၍ ထွက်ပြေး၏။

http://www.dhammadownload.com

ထိုတံငါသည်တို့က ငါးသည် ပိုက်ကွန်ကိုဖြတ်၍ ပြေးလေ၏ဟူ၍ ဆိုကြကုန်၏။

ပြည့်ရှင်မင်းသည် ထိုအသံကိုကြားသဖြင့် အလားတူသောနိမိတ်ကိုဖြစ်စေ၏။ ငါသည်လည်း အရိယာ မဂ်ဉာဏ်ဖြည့် တဏှာဒိဋ္ဌိတည်းဟူသော ပိုက်ကွန်ကိုဖြတ်၍ အဘယ်အခါ သွားရပါအံ့နည်းဟုကြံစည်လျက် မင်းအဖြစ်ကိုစွန့်ကာ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်တော်မူ၏။

ပစ္စေကဗုဒ္ဓါဖြစ်သွားသောစကျွဲလောလမင်း

ဗာရာဏသီပြည်၌ စကျွဲလောလ အမည်ရှိ ဗြဟ္မဒတ်မင်းသည် ကချေသည်မိန်းမတို့ကို မပြတ်ကြည့်ရှုလျက် နေလေ့ရှိ၏။ ထိုသို့ ကြည့်ရှုနေမှုကြောင့် ဤစကျွဲလောလ ဗြဟ္မတ်မင်းသည် အလွန်အကြူးတပ်မက်၍ တဏှာကို တိုးပွားစေလျက် နေ၏။

တစ်နေ့သ၌ ထိုစကျွဲလောလ ဗြဟ္မဒတ်မင်းသည် နန်းတော်ရင်ပြင်သို့ ပွဲသဘင်ကြည့်ရှုရန် ရောက်လာသော သူကြွယ်တစ်ယောက်၏ မယားကို မြင်ရာမှ ရာဂစိတ် ဖြစ်၏။ ထိုမင်းသည် သူတစ်ပါး၏မယားအပေါ်၌ မတရားသော ရာဂစိတ် ဖြစ်လာသည်ကို သံဝေဂဖြစ်၏။ မိမိ၌ဖြစ်ပေါ်လာသော ရာဂစိတ်၏ အပြစ်ကိုမြင်သဖြင့် ငါသည် ဤကဲ့သို့ တဏှာကို တိုးပွားစေသည်ဖြစ်အံ့၊ အပါယ်ဘုံ၌သာ ဖြစ်ရလတ္တံ့။ ယခုပင်လျှင် ဤတဏှာကို နည်းစေတော့အံ့ ဟူ၍ ကြံစည်ကာ မင်းအဖြစ်ကို ပယ်စွန့်သည်။ ထိုနောက် ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

စာတုမာသိကမင်း၏ ဝတ္ထု

ဗာရာဏသီပြည်၌ အုပ်စိုးသော ဒုတိယ စာတုမာသိက ဗြဟ္မဒတ်မင်းသည် ဥယျာဉ်ကစားခြင်းငှာ ထွက်တော်မူ၏။ နွေရာသီ၏ အလယ်လ ဖြစ်သော နေ့တစ်နေ့တွင် ဥယျာဉ်သို့ဝင်သည်ရှိသော်တံခါး၀၌ အရွက် အပွင့် အကိုင်းအခက်တို့ဖြင့် ဝေဆာနေသော ပင်လယ်ကသစ်ပင်မှ ပန်းတစ်ပွင့်ကို ဆွတ်ခူးယူကာ ဥယျာဉ်သို့ဝင်၏။ ပြည့်ရှင်မင်းသည် မြတ်သောပန်းပွင့်ကို ယူ၏၊ ဟု ထင်သဖြင့် အမတ်တစ်ယောက်သည်လည်း ဆင်ကျောက်ကုန်းထက်၌ရပ်လျက် ပန်းတစ်ပွင့်ကို ယူပြန်၏။ ကိုယ်ရံတော် စစ်သည်ဗိုလ်ထုအပေါင်းတို့သည်လည်း တစ်ပွင့်စီ

http://www.dhammadownload.com

ဆွတ်ခြွေ၍ ယူကြ၏။ အပွင့်ကိုသာမက အချို့သူတို့သည် အရွက်ကိုပါ ခူးယူကြကုန်၏။

ထိုကြောင့် ပင်လယ်ကသစ်ပင်သည် အရွက်အပွင့်တို့ မရှိတော့ဘဲ ပင်လုံးမျှသာလျှင် ကျန်တော့၏။

ပြည့်ရှင်မင်းသည် ညနေချမ်းအခါ ဥယျာဉ်မှထွက်သည်ရှိသော် ထိုကသစ်ပင်ကို မြင်၍ "ဤကသစ်ပင်သည် အဘယ်သို့ဖြစ်သနည်း။ ငါထွက်တော်မူစဉ်အခါက ပတ္တမြားအဆင်းရှိသော အကိုင်းအခက်တို့၏အကြား၌ သန္ဓာအဆင်းရှိကုန်သော အပွင့်တို့ဖြင့် တန်ဆာဆင်လျက် ရှိ၏။ ယခုအခါ၌ကား အရွက်အပွင့်တို့ မရှိကုန်ဘဲ အကိုင်းအခက်တို့သည်လည်း ကျိုးပဲ့နေကြကုန်၏။ ထိုကသစ်ပင်၏ မနီးမဝေး အရပ်၌ မူလကတည်းက အပွင့်မရှိဘဲ အရွက်တို့ဖြင့် ဖုံးအုပ်လျက် စိမ်းလန်းညွှန့်ဝေနေသော ကသစ်ပင်တို့ကား နဂိုနေမြဲအတိုင်းပင် ရှိကြကုန်၏ဟု တွေးတောမိရာမှ-

"ဤသစ်ပင်သည် ပြည့်စုံသောအပွင့်တို့ဖြင့် တန်ဆာဆင်လျက် အကိုင်းအခက်တို့ဖြင့် တင့်တယ်စွာရှိသည်၏အဖြစ်ကြောင့် များစွာသော လူအပေါင်းတို့ လိုချင်တက်မက်ဖွယ် ဖြစ်၏။ ထိုသို့ လူတို့လိုချင်တပ်မက်ဖွယ် ဖြစ်သောကြောင့် တစ်မုဟုတ်မျှသောအချိန်အတွင်း၌ ပျက်စီးခြင်းသို့ ရောက်၏။ ဤကသစ်ပင်၏ မနီးမဝေး၌ရှိသော ကသစ်ပင်တို့သည်ကား အပွင့်မရှိ၍ လူတို့နှစ်သက်ဖွယ် မရှိသည်၏ အဖြစ်ကြောင့် ရှေးအတိုင်း တည်ကုန်၏။ ဤ ငါ၏အဖြစ်သည်လည်း အပွင့်ရှိသော သစ်ပင်ကဲ့သို့ လိုချင်တပ်မက်ဖွယ် ရှိ၏။ ရဟန်း၏ အဖြစ်သည် အပွင့်မရှိသော သစ်ပင်နှင့် တူပေ၏။ ထို့ကြောင့် ငါသည် သင်္ကန်းဖြင့် ဖုံးအုပ်၍ ရဟန်းပြုတော့အံ့"ဟု ကြံလျက် မင်းအဖြစ်ကို ပယ်သည်။ ရဟန်းပြု၍ ဝိပဿနာကို ရှုသည်ရှိသော် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူ၏။

အရသာ၌တပ်မက်သောမင်း

ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းတစ်ပါးသည် အမတ်တို့ ခြံရံလျက် ဥယျာဉ်တော်အတွင်း၌ ကျောက်တို့ဖြင့် စီခင်းထားသော မင်္ဂလာလေးထောင့်ကန်တွင် ရေကစားပျော်ပါး၍ နေ၏။ ထိုပြည့်ရှင်မင်း၏ စားတော်ကဲသည် အလုံးစုံသော အသားတို့၏အရသာကိုယူ၍ ကောင်းစွာ စီရင်အပ်သော အမြိုက်သုဓာနှင့်တူသော အစာရာတို့ ထူးခြားလှသည့်ထမင်းကို မင်းအား ဆက်ကပ်၏။

http://www.dhammadownload.com

ပြည့်ရှင်မင်းသည် အလွန်ကောင်းမွန် မွေးကြွေင်သော ထမင်း၌ တပ်မက်သည် ဖြစ်၍ တစ်စုံတစ်ယောက်သောသူကိုမှ မျှဝေမပေးဘဲ မိမိတစ်ကိုယ်တည်းသာလျှင် စား၏။ ရှေးက အတူတကွ စားကြသောသူတို့ကိုပင် အမှတ်မရ သတိမေ့နေ၏။ ထမင်းအရသာကို လွန်စွာတပ်မက်သည်ဖြစ်၍ မြန်စွာစား၏။

ထမင်းစားပြီးသည့်နောက် သတိရကာ ပညာဖြင့် ဆင်ခြင်မိသည်။ ငါသည် မကောင်းမှုကို ပြုမိချေ၏တကား။ ငါသည် အရသာ၌ တပ်မက်ခြင်းလွန်ကဲ၍ တစ်ယောက်တည်းသာလျှင် စားမိချေ၏။ ယခုပင်လျှင် အရသာ၌ တပ်မက်ခြင်းတရားကို နည်းအောင် ကျင့်တော့အံ့ဟု ကြံ၍ မင်းအဖြစ်ကိုစွန့်ပယ်ပြီး ရဟန်းပြုသည်။ ထိုနောက် ဝိပဿနာရှုသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်၏။

ကိုယ်ကာယ လုပသောမင်း၏ ဝတ္ထု

ဗာရာဏသီ ပြည့်ရှင်မင်းတစ်ပါးသည် ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် မြို့ကို လက်ယာရစ် လှည့်သည်။ ထိုမင်းသည် ကိုယ်ကာယ လုပတင့်တယ်၏။ မြင်ရသူတို့ လှည့်ကာလှည့်ကာ အခါခါ အထပ်ထပ် မပြတ်ကြည့်ရှုလိုသောစိတ် ဖြစ်ကြကုန်၏။ ရှေ့မသွားသော လူတို့သည် နောက်ကိုလှည့်၍ ကြည့်ရှုကြကုန်၏။ လက်ဝဲလက်ယာမှ သွားကြကုန်သော သူတို့သည် ပြည့်ရှင်မင်းကိုသာ ကြည့်ရှု၍ သွားကြကုန်၏။

ထိုအခါ၌ သူကြွယ်တစ်ဦး၏ မယားသည် ပြာသာဒ်ပေါ်၌ နေလျက်ပင်လျှင် ခြေသော့်ခံသော လေသာပြတင်းပေါက်ကို ဖွင့်ပြီး မင်းအား ရပ်လျက် ကြည့်ရှု၍ နေသည်။ ပြည့်ရှင်မင်းသည် ထိုမိန်းမကိုမြင်သော် တပ်မက်နှောင်ဖွဲ့သောစိတ်ရှိလျက် အမတ်တစ်ယောက်ကိုခေါ်၍ "အချင်းအမတ်၊ ဤမိန်းမ၌ ပိုင်ရှင်ယောကျ်ားရှိ မရှိ သိအောင်ပြုလော့"ဟု ဆို၏။

ထိုအမတ်သည် မေးမြန်းစုံစမ်းပြီး၍ ဘုရင်မင်းမြတ်အား "ယောကျ်ားရှိသော မိန်းမတည်း"ဟု လျှောက်ကြား၏။

ထိုအခါ ပြည့်ရှင်မင်းသည် ဤသို့ကြံ၏။ ငါသည် နတ်သမီးကဲ့သို့ တင့်တယ်လှပသော မောင်းမကချေသည် မိန်းမနှစ်သောင်းတို့၏ အလယ်၌ တစ်ယောက်တည်း အလိုရှိသလို ပျော်မွေ့နေရ၏။ ထိုနှစ်သောင်းသော မိန်းမတို့ဖြင့် ရောင့်ရဲခြင်းမရှိဘဲ သူတစ်ပါး၏ မယား၌ တဏှာကို ဖြစ်စေသည်။ ထိုတဏှာသည် အပါယ်သို့သာလျှင် ဆွဲငင်၍ ချုတတ်၏ဟူ၍ တဏှာ၌ အပြစ်ကိုမြင်သည်။ ထို့ကြောင့် ငါသည် ယခု

http://www.dhammadownload.com

ပင်လျှင် ထိုတဏှာကို ရှင်းလင်းအံ့ဟု တွေးလျက် မင်းအဖြစ်ကို ပယ်စွန့်ကာ ရဟန်းပြုသည်။ ဝိပဿနာကို အားထုတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

ခြသေ့ကြီး၏ဝတ္ထု

ဗာရာဏသီပြည့်ရှင် မင်းတစ်ပါးသည် ဇနပုဒ်၌ ပုန်ကန်ထကြွသည်ကို ငြိမ်းအောင် နှိပ်ကွပ်ခြင်းငှာ စစ်သည်ဗိုလ်ထုနှင့်သွား၏။ ထိုအခါ တစ်ခုသော တောင်ခြေ၌ ခြသေ့သည် နေပူခံကာ နေဆာလှုံ၍ အိပ်လျက်နေ၏။ မင်းခစား ယောကျ်ားတို့သည် ခြသေ့ကိုမြင်၍ ပြည့်ရှင်မင်းအား ပြောကြားကုန်၏။ ပြည့်ရှင်မင်း သည် ခြသေ့မည်သည်ကား ထိတ်လန့်ခြင်းမရှိ၊ စုံစမ်းအံ့ဟူ၍ စည်ကြီးစည်ငယ် စသည်တို့ကို တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် အသံဖြစ်အောင် တီးစေ၏။

ခြသေ့ကား အိပ်လျက်သာလျှင်နေ၏။ ဒုတိယအကြိမ် တီးစေပြန်၏။ ရှေးနည်းအတူပင် အိပ်လျက်သာလျှင်နေ၏။ တတိယအကြိမ် တီးစေပြန်၏။ ထိုအခါ ခြသေ့သည် ငါ၏ရန်သူရှိ၏ဟူ၍ လေးဘက်သော ခြေတို့ကို မြေ၌ထောက်လျက် ခြသေ့ဟောက်သံဖြင့် ကြောက်မက်ဖွယ်ဖြစ်အောင် ဟောက်လေ၏။ ထိုခြသေ့ ဟောက်သံကို ကြား၍ ဆင်တို့သည် ကြောက်လန့်၍ အရပ်လေးမျက်နှာသို့ ပြေးဝင်သည်။ ဆင်စီးသူရဲတို့သည်လည်း ဆင်ပေါ်မှ ဆင်းပြေးကြကုန်ပြီး မြက်တော စသည်တို့သို့ ဝင်ကြကုန်၏။

မြင်းစီး သူရဲကောင်းတို့သည် လည်းကောင်း, ရထားစီးသူရဲကောင်းတို့သည် လည်းကောင်း, ခြေသည်သူရဲကောင်းတို့သည်လည်းကောင်း အားလုံးကုန် ခြေဦးတည့်ရာ ပြေးကြကုန်၏။ ဆင်အပေါင်း၊ မြင်းအပေါင်းတို့သည်လည်း ထိုထိုအရပ်သို့ ပြေးကြလေကုန်၏။ ပြည့်ရှင်မင်းစီးသော ဆင်သည်လည်း ပြည့်ရှင်မင်းကို ဆောင်ယူလျက် တောချုံတို့ကိုတိုး၍ ပြေးလေ၏။

ပြည့်ရှင်မင်းသည် မိမိစီးသောဆင်ကို တံ့ရပ်စေခြင်းငှာ မတတ်နိုင်သဖြင့် တစ်ခုသော သစ်ခက်ကိုဆွဲကာ မြေသို့ဆင်းပြီး လာခဲ့သည်ရှိသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏နေရာ သစ်ရွက်မိုးကျောင်းသို့ ရောက်လေ၏။

ပြည့်ရှင်မင်းသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို မြင်၍ "အရှင်ဘုရားတို့ ယခု အသံကို ကြားကြပါ၏လော"ဟု မေးလျှောက်သော် "ကြား၏"ဟု ဆိုကြကုန်၏။ "အဘယ်အသံဖြစ်ပါသနည်း"ဟု မေးလျှောက်၏။ "ရှေးဦးစွာ စည်သံ,

http://www.dhammadownload.com

ခရုသင်းမှုတ်သံ စသည်တို့ကို ကြားရ၏။ ထို့နောက် ခြင်္သေ့ဟောက်သံကိုကြား၏"ဟု ဆိုကြကုန်၏။ "အရှင်ဘုရားတို့ မကြောက် မလန့်ကြပါသလော"ဟူ၍ မေးလျှောက်ပြန်၏။ "ပြည့်ရှင်မင်းမြတ်၊ ငါတို့သည် တစ်စုံတစ်ခုသော အသံကိုမျှ ကြောက်လန့်ခြင်းမရှိကုန်"ဟု ပြောကြကုန်၏။ "အရှင်ဘုရားတို့၊ တပည့်တော်အားလည်း ဤသို့သော မကြောက်လန့်ခြင်းကို ဖြစ်အောင်ပြုခြင်းငှာ တတ်နိုင်ပါမည်လော"ဟု မေးလျှောက်ပြန်၏။ "ပြည့်ရှင်မင်းမြတ်၊ အကယ်၍ ရဟန်းပြုငြားအံ့၊ တတ်နိုင်အံ့"ဟု ပြောကြကုန်၏။ "အရှင်ဘုရားတို့ တပည့်တော်ကို ရဟန်းပြု၍ ပေးပါလော့"ဟု တောင်းပန်၏။

ပြည့်ရှင်မင်း ပစ္စေကဗုဒ္ဓါဖြစ်ပြီ

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ထိုပြည့်ရှင်မင်းကို ရဟန်းပြုပေး၏။ ဤသို့ဝတ်၊ ဤသို့ရုံ၊ ဤသို့သွား၊ ဤသို့လာ၊ ဤသို့နေ၊ ဤသို့ထိုင် စသည်ဖြင့် သင်ပြ၍ ကျင့်စေကုန်၏။ ထိုပြည့်ရှင်မင်းသည် ဝိပဿနာကို အားထုတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူ၏။

ကိုယ့်ကိုကိုယ်သာ ပြုပြင်သွားသောမင်း

ဗာရာဏသီပြည့်၌ ပြည့်ရှင်မင်းတစ်ပါးသည် မကျန်းမမာဖြစ်၍ နှစ်သောင်းသော ရံရွေတော်မိန်းမတို့သည် ဝိုင်းဝန်း၍ လက်ခြေဆုပ်နယ်ခြင်း စသည်ဖြင့် လုပ်ကျွေးပြုစုကြကုန်၏။ အမတ်တို့သည် ဤမင်းသည် အသက်မရှင်လတ္တံ့။ ယခုပင်လျှင် ငါတို့သည် မိမိ၏ကိုးကွယ်ရာကို ရှာသင့်၏ဟူ၍ ကြံပြီးလျှင် အခြားတစ်ပါးသော မင်း၏အထံသို့ သွားကြလျက် ဆည်းကပ်ခစားခွင့်ရရန် တောင်းပန်ကြကုန်၏။ ထိုသို့ဆည်းကပ် ခစားကြကုန်သော်လည်း တစ်စုံတစ်ခုမျှ မရကြကုန်။

ဗာရာဏသီပြည့်ရှင်မင်းကြီး ပြန်လည်ကျန်းမာလာသောအခါ "ဤမည်သော အမတ်သည် အဘယ်သို့သွားသနည်း"ဟု မေးတော်မူ၏။ ထိုသို့မေးသော် အမတ်တို့သည် "ပြည့်ရှင်မင်းမြတ် အပြင်းအထန် နာမကျန်းဖြစ်နေစဉ်က အမတ်တို့သည် မိမိတို့၏ ကိုးကွယ်ရာကိုရှာလျက် အခြားတစ်ပါးသော မင်းထံ၌ ဆည်းကပ်ခစား၍ နေကြောင်း" လျှောက်ထားတော်မူသောအခါ ဦးခေါင်းကိုညွတ်၍ ဆိတ်ဆိတ်သာ နေတော်မူ၏။

http://www.dhammadownload.com

ထိုအမတ်တို့သည်လည်း ဗာရာဏသီပြည့်ရှင်မင်း ကျန်းမာနေပြီဖြစ်ကြောင်းကို ကြား၍ ထိုတစ်ပါးသောမင်း၏အထံမှ တစ်စုံတစ်ခုမျှ မရကြသဖြင့် ပင်ပန်းနွမ်းနယ်ကြသောကြောင့် ပြန်လာကြသည်။

အမောင်တို့၊ အဘယ်သို့ သွားနေကြ ကုန်သနည်းဟု ပြည့်ရှင်မင်းက မေးသည်ရှိသော် "အရှင်မင်းမြတ်၊ အကျွန်ုပ်တို့သည် အရှင်မင်းမြတ် အားနည်းသည်ကိုမြင်၍ ဤမည်သော ဇနပုဒ်သို့ သွားပါကုန်၏"ဟု လျှောက်တင်ကြကုန်၏။

သူနာယောင်ဆောင်နေပြီ

ပြည့်ရှင်မင်းသည် ဦးခေါင်းကိုညိတ်၍ ဤသို့ကြံ၏။ ဤသူတို့သည် ရှေးအခါကဲ့သို့ပင် စွန့်၍ သွားမည် မသွားမည်ကို စုံစမ်းဦးအံ့ဟု ကြံ၍ ရောဂါဖြင့် နှိပ်စက်၍ ပြင်းစွာ နာကျင်ဆင်းရဲ အားနည်းသော အမူအရာဖြင့် သေခါနီးသော သူနာကဲ့သို့ ပြုလုပ်၍နေပြီးလျှင် သူနာယောင်ဆောင်၍ ပြလေ၏။ နှစ်သောင်းသော ရံရွှေတော်မိန်းမတို့သည်လည်း ဝိုင်းဝန်း၍ ရှေးအတူပင်လျှင် လုပ်ကျွေးပြုစုကြကုန်၏။ ထိုအမတ်တို့သည်လည်း ရှေးအတူပင်လျှင် များစွာသောလူတို့ကိုခေါ်၍ ဖဲကြဉ်သွားကြပြန်ကုန်၏။

သုံးကြိမ်တိုင်အောင်ပင်

ဤကဲ့သို့ သုံးကြိမ်တိုင်အောင် ပြု၍ စုံစမ်း၏။ ထိုအမတ်တို့သည်လည်း ဖဲကြဉ်သွားကြပြန်ကုန်၏။ တစ်စုံတစ်ယောက်မျှ ပြည့်ရှင်မင်းကို စောင့်ရှောက်နေသူ မရှိပေ။ စတုတ္ထအကြိမ်၌ ထိုအမတ်တို့ ပြန်၍ လာပြန်သည်ကို မြင်သည်ရှိသော် ပြည့်ရှင်မင်းသည် ငါမသွားလာနိုင်အောင် ရောဂါနှိပ်စက်၍ နေသည်ကို ငဲ့ညှာခြင်း အလျင်းမရှိပြုရက် ကြလေကုန်၏တကားဟူ၍ ငြီးငွေ့စက်ဆုပ်လျက် မင်းအဖြစ်ကို စွန့်သည်။ ရဟန်း ပြုလျက် ဝိပဿနာရှုသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်တော်မူ၏။

ပစ္စေကဗုဒ္ဓါတို့၏ ကြည်ညိုဖွယ်ဂုဏ်တော်များ

ဝိသုဒ္ဓသီလာ ဝိသုဒ္ဓပညာ၊
သမာဟိတာ ဇာဂရိယာနယုတ္တာ။
ဝိပဿကာ ဓမ္မဝိသေသဒဿီ၊
မဂ္ဂင်္ဂဗောဇ္ဈင်္ဂဂတေ ဝိဇညာ။

http://www.dhammadownload.com

ဝိသုဒ္ဓသီလာ၊ အထူးသဖြင့် စင်ကြယ်သော သီလရှိကုန်သော။ သုဝိသုဒ္ဓပညာ= ရာဂစသည်တို့မှ ကင်းသည်၏ အဖြစ်ကြောင့် ထက်ဝန်းကျင်မှ ကောင်းစွာ သန့်ရှင်းသော မဂ်ပညာ, ဖိုလ်ပညာ, ပဋိသမ္ဘိဒါစသော ပညာရှိကုန်ထသော။ သမာဟိတာ၊ ကာယဂတာ, အာနာပါန သမထ၌ ကောင်းစွာတည်သဖြင့် အလွန် တည်ငြိမ်သော စိတ်ရှိကုန်ထသော။ ဇဂရိယာနုယုတ္တာ၊ နိုးကြားသည်၏ အဖြစ်၌ အစဉ်အမြဲ ယှဉ်ကုန်ထသော။ ဝိပဿကာ၊ ဖြစ်ခြင်းပျက်ခြင်းကို အထူးသဖြင့် ရှုလေ့ရှိကုန်ထသော။ ဓမ္မဝိသေသဒဿီ –သစ္စာလေးပါး အမှန်တရားကို အထူးသဖြင့် ရှုလေ့ရှိကုန်ထသော။ မဂ္ဂင်ဗောဇ္ဈင်ဂတေ၊ မဂ္ဂင်တရား, ဗောဇ္ဈင်တရားတို့နှင့် ယှဉ်သော မြတ်သောတရားတို့ကို။ ဝိဇညာ၊ အထူးသဖြင့် သိတော်မူကုန်၏။

ဘုရားဖြစ်ခြင်း၏အကြောင်းပြီး၏။

● ● ● ● ● ● ● ● ● ●

F-8B

http://www.dhammadownload.com

အရှင်သာရိပုတ္တရာထေရ် အပဒါန်ဝဏ္ဏ

ရှေးလွန်လေပြီးသော်အခါ ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ အရှင်သာရိပုတ္တရာ အလောင်းအလျာသည် ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ အမည်အားဖြင့် သရဒလုလင် အမည်ရှိ၏။ အရှင်မဟာ မောဂ္ဂလာန်လောင်းလျာသည်လည်း ဂဟဂတိ မဟာသာလ အမျိုး၌ဖြစ်၍ အမည်အားဖြင့် "သိရိဝမုန"သူကြွယ်မည်၏။ ထိုနှစ်ဦးသော သူတို့သည် အတူတကွ ကစားဖော် ကစားဖက် သူငယ်ဖော်တို့ ဖြစ်ကြကုန်၏။

ရသေ့ရဟန်းပြုပြီ

ထိုနှစ်ဦးတို့တွင် သရဒလုလင်သည် အဖ သေလွန်သဖြင့် မိမျိုးဖမျိုးမှ စုဆောင်းသိမ်းဆည်းထားသော ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက် စားသောက်သုံးဆောင်၍ နေ၏။ တစ်နေ့သ၌ ဆိတ်ငြိမ်ရာတွင် နေလျက် ဤသို့အကြံဖြစ်၏။ လောကဌ သတ္တဝါတို့အား သေခြင်းသည် စင်စစ်မလွဲဧကန်ဖြစ်၏။ ထို့ကြောင့် ငါသည် သေခြင်းမှလွတ်ရာ လွတ်ကြောင်း လမ်းကောင်းလမ်းမှန်ကို ရှာသင့်၏ဟု ကြံလျက် ရဟန်းပြုရန် ဆုံးဖြတ်၏။ ထို့နောက် အဖော်ဖြစ်သော သိရိဝမုနသူကြွယ်ထံသို့ သွားပြီး "အဆွေ၊ ငါသည် ရဟန်းပြုမည်ဟု ဆုံးဖြတ်၏။ သင်သည်လည်း ရဟန်းပြုခြင်းငှာ တတ်နိုင်မည်လော"ဟု မေးလျှင် "ငါ ရဟန်းပြုခြင်းငှာ မတတ်နိုင်"ဟု သိရိဝမုန ဆိုသည်ရှိသော် "သင် ရဟန်းမပြုနိုင်သေးလျှင် နေဦးတော့။ ငါသည်မူကား ရဟန်းပြုတော့အံ့"ဟု ရတနာဘဏ္ဍာတိုက်တို့ကို ဖွင့်၍ ဆင်းရဲနွမ်းပါးသူ၊ ကိုးကွယ်ရာမဲ့သူ၊ သူတောင်းစား၊ ခရီးသွား စသည်တို့ကို အလိုရှိတိုင်း ယူစေရန် အလှူကြီးကိုပေးလှူပြီး ဟိမဝန္တာတောင်ခြေသို့ သွားကာ ရသေ့ရဟန်းပြု၏။

http://www.dhammadownload.com

သရဒလုလင်နှင့် အတူတကွလိုက်၍ ရသေ့ရဟန်းပြုကြကုန်သော ပုဏ္ဏား တို့သည်လည်း ခုနစ်သောင်းလေးထောင်မျှ ရှိကြကုန်၏။ ထို သရဒရှင်ရသေ့သည် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူ၏။ တပည့် ရသေ့တို့အား လည်း ကသိဏ်းပရိကံကို ပြောကြားညွှန်ပြ၏။ မကြာမီ ထိုခုနစ်သောင်းလေးထောင် မျှသော ရသေ့တို့သည်လည်း အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ရရှိ တော်မူကြကုန်၏။

အနောမဒဿီမြတ်စွာဘုရား ဓမ္မစကြာဟောခြင်း

ထိုအခါ၌ အနောမဒဿီ မြတ်စွာဘုရားသည် လူတို့ပြည်ဝယ် ထင်ရှားပွင့်တော် မူ၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီး သတ္တဝါတို့ကို သံသရာထည်းဟူသော ဝဲဩဃထဲမှ ထုတ်ဆယ် ကယ်တင်တော်မူ၏။

တစ်နေ့သ၌ သရဒရှင်ရသေ့အား လည်းကောင်း၊ တပည့်ခုနစ်သောင်း လေး ထောင်တို့အား လည်းကောင်း ချီးမြှောက်ခြင်းကို ပြုလို၍ ဘုရားရှင်သည် တစ်ပါး တည်းသာ သပိတ်, သင်္ကန်းကို ဆောင်ယူတော်မူ၍ ကောင်းကင်ခရီးဖြင့် ထိုရသေ့တို့ရှိရာသို့ ကြွတော်မူလာ၏။ သရဒရသေ့မြင်စဉ်ပင်လျှင် ကောင်းကင်မှ သင်္ကန်းတော်မူ၍ မြေပြင်၌တည်ရပ်တော်မူ၏။

သရဒရှင်ရသေ့သည် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် တို့၏ လက္ခဏာတော်တို့ကို စုံစမ်းကြည့်ရှု၍ ဇကန်စင်စစ် သဗ္ဗညူ ဘုရားတည်းဟု စိတ်ကို ဆုံးဖြတ်ကာ ခရီးဦးကြိုပြုသည်။ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ သီတင်းသုံးတော်မူ၏။ သရဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်ရာ၌ ထိုင်နေ၏။

ဤသူသည် ဆရာထက်မြတ်သလော

ထိုအခါ သရဒရှင်ရသေ့၏ တပည့်တို့သည် ဩဇာရသာနှင့် ပြည့်စုံကုန် သော သစ်သီးတို့ကို ဆောင်ယူကာ တောအရပ်မှ ပြန်လာကြကုန်သည်။ အနောမဒဿီဘုရားရှင်ကို မြင်ကြသော် ကြည်ညိုခြင်း ဖြစ်ကြကုန်၏ မြတ်စွာ ဘုရားရှင်၏ ရှေ့မှောက်၌ မိမိတို့ဆရာ နေတော်မူပုံ အခြင်းအရာကို ကြည့်ရှုလျက် "ဆရာ၊ အကျွန်ုပ်တို့သည် ရှေးအခါက ဆရာထက်မြတ်သောသူ တစ်စုံတစ်ယောက်မျှ

http://www.dhammadownload.com

မရှိဟုမှတ်ထင်ပါကုန်၏။ ယခု ဤသူသည် ဆရာထက်မြတ်သလော"ဟု ဆိုကြကုန်၏။ ထိုအခါ သရဒရှင်ရသေ့က "တပည့်တို့၊ အဘယ်သို့ မေးကြကုန်သနည်း၊ သဗ္ဗညုဘုရားရှင်နှင့် ငါဆရာကို အတူမထင်ကြကုန်လင့်"ဟု ဆို၏။

ကိုယ်တိုင်သစ်သီးလှူ

ထိုအခါ ခုနစ်သောင်းလေးထောင်မျှသော ရသေ့တို့သည် ဆရာ၏စကားကို ကြား၍ ဤယောကျ်ားသည်ကား မဟာပုရိသယောကျ်ားမြတ် ဖြစ်ပေစွတကား ဟု အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းဦးချ ရှိခိုးကြကုန်၏။

သရဒဆရာရှင်ရသေ့သည် "တပည့်တို့၊ မြတ်စွာဘုရားသည် ဆွမ်းခံချိန်၌ ရောက်လာတော်မူ၏။ ယခုပင်လျှင် ငါတို့ တတ်အားသမျှ လှူကြကုန်အံ့။ တပည့်တို့ ကောင်းမြတ်သော သစ်သီးတို့ကို ဆောင်ယူခဲ့ကြကုန်လော့"ဟုဆို၍ လက်တို့ကို ဆေးကြောကာ မိမိကိုယ်တိုင် မြတ်စွာဘုရား၏ သပိတ်တော်၌ သစ်သီးတို့ကို လောင်းလှူ၏။

အနောမဒဿီ မြတ်စွာဘုရားသည် သစ်သီးတို့ကို ခံယူသောခဏ၌ပင် နတ်တို့သည် နတ်ဩဇာကို ထည့်လောင်း ကြကုန်၏။ သရဒရသေ့သည် သောက်တော်ရေကိုလည်း ကိုယ်တိုင်စစ်ပြီး၍ မြတ်စွာဘုရားအား ကပ်၏။ သစ်သီးဆွမ်း ဘုဉ်းပေးပြီးသောအခါ အလုံးစုံသော တပည့်တို့ကိုခေါ်၍ မြတ်စွာဘုရား၏ အနီး၌ သာရဏီယကထာကို ပြောဆိုလျက် ထိုင်နေကြ၏။

အနောမဒဿီ မြတ်စွာဘုရားသည် "ငါ၏တပည့်မြတ်များ ဖြစ်ကြသော အဂ္ဂသာဝကကြီးနှစ်ပါးတို့သည် ရဟန်းသံဃာအပေါင်းနှင့်တကွ လာကြစေသတည်း"ဟု အဓိဋ္ဌာန်တော်မူရာ ထိုခဏ၌ပင်လျှင် တစ်သိန်းသော ရဟန္တာများ ခြံရံလျက် အဂ္ဂသာဝကရဟန္တာကြီးနှစ်ပါးတို့သည် ရောက်လာကြကုန်၏။

သရဒရသေ့သည် "တပည့်တို့၊ မြတ်စွာဘုရားအား လည်းကောင်း၊ ရဟန်းသံဃာတို့အား လည်းကောင်း ပန်းပွင့်တို့ဖြင့် ခင်းအပ်သော နေရာတို့ဖြင့် ပူဇော်သင့်၏။ ထို့ကြောင့် သင်တို့သည် ပန်းပွင့်တို့ကို ဆောင်ယူခဲ့ကြကုန်လော့"ဟု ဆို၏။

ထိုခဏ၌ပင်လျှင် တပည့်ရသေ့တို့သည် စွာန်အဘိညာဉ်တန်ခိုးဖြင့် သွားကြကာ အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းတို့ကိုဆောင်ယူ၍ အနောမဒဿီ မြတ်စွာဘုရားအား တစ်ယူဇနာမျှရှိသောနေရာ၌ ပန်းတို့ကိုခင်းပြီး ပူဇော်ကြကုန်၏။

http://www.dhammadownload.com

အဂ္ဂသာ၀က ရဟန္တာကြီးနှစ်ပါးတို့အား လည်း သုံးဂါ၀တ်စီသော နေရာ၌ ပန်းမွေ့ရာတို့ကို ခင်း၍ ပူဇော်ကြကုန်၏။ ကြွင်းသော ရဟန္တာအပေါင်းအား ဂါ၀တ်ခွစီရှိသော် ပန်းမွေ့ရာ တို့ကို ခင်း၍ ပူဇော်ကြကုန်၏။ အငယ်ဆုံးဖြစ်သော ရဟန္တာအား ဥသဘမျှသော ပန်းမွေ့ရာကိုခင်း၍ ပူဇော်ကြကုန်၏။ ခုနစ်သောင်း လေးထောင်ကုန်သော ရသေ့တို့သည် တန်ခိုးကြွဒွိပါဒ်နှင့် ပြည့်စုံကြသောကြောင့် ဤမျှလောက် ကြီးကျယ်စွာသော ပန်းမွေ့ရာကို ခင်းနိုင်ကြလေသည်။

ယူဇနာသုံးထောင်ကျယ်သော ဟိမ၀န္တာအရပ်၌ ခုနစ်သောင်း လေးထောင်ကုန်သော စျာန်အဘိညာဉ်ရ တပည့်ရသေ့တို့ တစ်ခဏအတွင်း၌ ပန်းမွေ့ရာကို ခင်းပြီးသောအခါ ဆရာကြီးဖြစ်သောသရဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရား၏ရှေ့တော်မှ ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုးဦးတင်၍ "ဘုန်းတော်ကြီးလှစွာသော သဗ္ဗညုမြတ်စွာဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းငှာ ဤပန်းမွေ့ရာထက်သို့ တက်တော်မူ၍ အပူဇော်ခံတော်မူပါ" ဟု တောင်းပန်လျှောက်ကြား၏။ အနောမဒဿီ မြတ်စွာဘုရားသည် သရဒရသေ့ကို ခြီးမြှောက်သောအားဖြင့် ပန်းမွေ့ရာထက်၌ သီတင်းသုံးနေတော်မူ၏။

မြတ်စွာဘုရား ပန်းမွေ့ရာထက်၌ သီတင်းသုံးသည်ရှိသော် အဂ္ဂသာ၀က ရဟန္တာကြီးနှစ်ပါးနှင့် ကြွင်းသောရဟန္တာတစ်သိန်းတို့သည်လည်း မိမိတို့ရောက်ရာ ပန်းမွေ့ရာထက်၌ သီတင်းသုံးကြကုန်၏။

အနောမဒဿီ မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် နိရောဓသမာပတ်မှ ထတော်မူ၍ "ဤရသေ့တို့အား ပန်းမွေ့ရာ အနုမောဒနာတရား ဟောခြင်းကိုပြုလော့" ဟူ၍ အဂ္ဂသာ၀ကကြီးဖြစ်သော နိသဘထေရ်ကို မိန့်တော်မူ၏။ နိသဘထေရ်သည်လည်း သာ၀ကပါရမီဉာဏ်၌တည်၍ ထိုရသေ့တို့အား အနုမောဒနာတရားကို ဟောတော်မူ၏။ နိသဘထေရ် တရားအဆုံး၌ အဂ္ဂသာ၀ကဖြစ်သော အနောမထေရ်ကို "သင်သည်လည်း ဤရသေ့တို့အား တရားဟောဦးလော့" ဟု မိန့်တော်မူပြန်၏။ ထိုအနောမထေရ်သည် ဘုရား၏တရားတော်ပိဋကတ်သုံးပုံကို သုံးသပ်ဆင်ခြင်၍ တရားဟောတော်မူ၏။

ရဟန္တာဖြစ်ကြပြီ

အဂ္ဂသာ၀ကကြီးနှစ်ပါးတို့၏ တရားအဆုံး၌ အနောမဒဿီမြတ်စွာဘုရားသည် ရသေ့တို့အား တရားဒေသနာတော်ကို ဆက်လက်ဟောပြဆုံးမတော်မူ၏။

http://www.dhammadownload.com

မြတ်စွာဘုရား၏ တရားအဆုံး၌ သရဒရှင်ရသေ့မှတစ်ပါး ကျန်သော ခုနစ်သောင်း လေးထောင်ကုန်သော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြကုန်၏။ အနောမဒဿီ မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ"ဟူ၍ လက်တော်ကို ဆန့်တန်း၍ ခေါ်တော်မူ၏။ ထိုခဏ၌ပင်လျှင် ရသေ့တို့သည် ရသေ့အသွင်ပျောက်၍ ဝါတော်ခြောက်ဆယ်ရှိသော မထေရ်ကြီးတို့ကဲ့သို့ ပရိက္ခရာရုစ်ပါးအစုံနှင့် ရဟန္တာဖြစ်သွားကြကုန်၏။

အရှင်သာရိပုတ္တရာ လောင်းလျာဖြစ်သော သရဒရှင်ရသေ့သည်ကား ဤနိသဘထေရ်ကဲ့သို့ ငါသည်လည်း နောင်ပွင့်လတ္တံ့သော မြတ်စွာဘုရားတို့လက်ထက်၌ အဂ္ဂသာဝက ဖြစ်ရပါမူကား ကောင်းလေစွဟူ၍ နှလုံးသွင်းလျက်နေမိသောကြောင့် မဂ်ဖိုလ်တို့ကို ထိုးထွင်း၍ သိခြင်းငှာ မတတ်နိုင်။

ထိုနောက် သရဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားကို ရှိခိုး၍ မိမိကြံစည်သော အကြောင်းကို ဆုတောင်းခြင်းကိုပြု၏။ အနောမဒဿီ မြတ်စွာဘုရားသည် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ "ဤကမ္ဘာမှ နောက်တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း အလွန်၌ ဂေါတမအမည်ရှိသော မြတ်စွာဘုရားလက်ထက်တွင် သာရိပုတ္တရာဟူသောအမည်ဖြင့် အဂ္ဂသာဝကကြီးတစ်ပါးဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး ရဟန်းသံဃာများနှင့်အတူ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။

ဒုတိယသာဝကဆုတောင်းရန် တိုက်တွန်း

သရဒ ရှင်ရသေ့သည်လည်း ငယ်ပေါင်းမိတ်ဆွေဖြစ်သော သိရိဝမုနသူကြွယ်ထံသို့ သွား၍ "အဆွေ၊ ငါသည် အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမမြတ်စွာဘုရား၏ လက်ယာရံအဂ္ဂသာဝက အရာကို ဆုတောင်းခဲ့ပြီ။ သင်သည်လည်း အကျွန်ုပ်နည်းတူလက်ဝဲရံ အဂ္ဂသာဝကအရာကို ဆုတောင်းပါလော့"ဟူ၍ တိုက်တွန်း၏။

သိရိဝမုနသူကြွယ်သည် မိမိအိမ်တံခါးဝ၌ အလွန်ကျယ်ပြန့်သောသမံတလင်းကို ခင်းသည်။ ဆန်ပန်းပေါက်ပေါက်နှင့်တကွ ငါးမျိုးသော ပန်းတို့ကို ကြဲဖြန့်သည်။ ဘုရားရှင်၏နေရာနှင့် ရဟန်းသံဃာတို့၏နေရာကို ခင်းထားသည်။ ထို့နောက် သရဒရှင်ရသေ့ကို ဘုရားရှင်နှင့် သံဃာတော်များကို ပင့်ဖိတ်ပေးပါရန် ပြောကြား

http://www.dhammadownload.com

သည်။ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူကာ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား မွန်မြတ်သော အဝတ်သင်္ကန်းတို့ကို လှူဒါန်း၏။ လက်ဝဲရံ အဂ္ဂသာဝကဆုကိုလည်း ဘုရားရှင်ထံတော်မှောက်၌ ဆုတောင်း၏။ အနောမဒဿီမြတ်စွာဘုရားသည် ပြည့်စုံလတ္တံ့ဟု မြင်တော်မူ၍ ဗျာဒိတ်စကားမိန့်ကြားတော်မူကာ ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွ တော်မူ၏။

သိရိဝမုန သူကြွယ်သည် အသက်ရှည်သမျှ ကုသိုလ်ကောင်းမှုပြု၍ ကွယ်လွန်သော် ကာမာဝစရနတ်ပြည်၌ ဖြစ်၏။

အရှင်သာရိပုတ္တရာ အလောင်းအလျာဖြစ်သော သရဒရှင်ရသေ့သည် ဗြဟ္မဝိဟာရတရားလေးပါးကိုပွား၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဤကား အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ အတိတ်ဝတ္ထုတည်း။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ ပစ္ဆုပ္ပန်ဝတ္ထု

ငါတို့မြတ်စွာဘုရား ပွင့်တော်မမူမီက ရာဇဂြိုဟ်ပြည်အနီး ဥပတိဿရွာ၌ ရူပသာရီမည်သော ပုဏ္ဏားမ၏ဝမ်း၌ အရှင်သာရိပုတ္တရာအလောင်းလျာသည် ပဋိသန္ဓေနေ၏။ ထိုနေ့၌ပင်လျှင် အရှင်မဟာမောဂ္ဂလ္လာန် အလောင်းအလျာသည်လည်း ရာဇဂြိုဟ်ပြည်အနီး ကောလိတရွာ၌ မောဂ္ဂလိမည်သော ပုဏ္ဏားမ၏ဝမ်း၌ ပဋိသန္ဓေနေ၏။ အရှင်မဟာသာရိပုတ္တရာ၏ အဖသည်ကား ဝင်္ကန္တပုဏ္ဏားတည်း။ အရှင်မောဂ္ဂလာန်၏အဖသည် ဥဒိစ္စပုဏ္ဏားတည်း။ အရှင်သာရိပုတ္တရာ၌ ဥပသေန, စုန္ဒ, ရေဝတ ဟူ၍ ညီတော် သုံးယောက်၊ စာလာ, ဥပစာလာ, သီသူပစာလာ ဟူ၍ နှမတော် သုံးယောက်ရှိ၏။

ဥပတိဿနှင့် ကောလိတ

ဆယ်လလွန်၍ ဖွားမြင်ပြီးသောအခါ ထိုပါရမီဖြည့်ဘက် ဆုတောင်းဘက်ဖြစ်ကြကုန်သော မိတ်ဆွေသူငယ်နှစ်ဦးတို့ကို ခြောက်ကျိပ်ခြောက်ယောက်ကုန်သော အထိန်းတို့ လုပ်ကျွေးပြုစုကြကုန်၏။ ရူပသာရီပုဏ္ဏားမ၏သားကို ဥပတိဿရွာကို အစွဲပြု၍လည်းကောင်း၊ ရွာသူကြီး၏ သားဖြစ်သောကြောင့် လည်းကောင်း "ဥပတိဿ" ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။ မောဂ္ဂလိပုဏ္ဏားမ၏ သား

http://www.dhammadownload.com

ကိုလည်း ကောလိတရွာသူကြီး၏သား ဖြစ်သောကြောင့် ရွာအမည်ကို စွဲ၍ "ကောလိတ"ဟူ၍ ခေါ်ဝေါ်ကြကုန်၏။ ထိုနှစ်ဦးကုန်သော မိတ်ဆွေတို့သည် များစွာသော သူငယ်ဖော်အခြွေအရံတို့ ခြံရံလျက် ကလေးသူငယ်အရွယ်ကို ကုန်လွန်စေ၏။ အရွယ်သို့ ရောက်လာကြသော် အလုံးစုံသောအတတ် တို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်ကြကုန်၏။

တစ်နေ့ ရာဇဂြိုဟ်ပြည်၏ တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုနေကြစဉ် ဤသို့ အကြံဖြစ်ကြလေ၏။

ပွဲသဘင်ကြည့်ရင်း သံဝေဂဖြစ်

ယခုတောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုနေသူတို့သည် နှစ်ပေါင်းတစ်ရာ အတွင်း၌ သေမင်း၏ ခံတွင်းသို့ ဝင်ကြရကုန်လတ္တံ့။ မသေဆုံးသူဟူ၍ တစ်စုံတစ်ယောက်မျှ ရှိမည်မဟုတ်ဟု သံဝေဂဉာဏ်ဖြစ်ပေါ်လာကြကာ ငါတို့သည် သေမင်းလွတ်ရာ တရားကို ရှာသင့်၏။ ထိုသို့သေမင်းလွတ်ရာ တရားကို ရှာရာ၌လည်း ရဟန်းအဖြစ် သာလျှင် ရှာ၍ရနိုင်ဖို့ရှိ၏။ ဤသို့ ဆုံးဖြတ်၍ ငါးရာသော သူငယ်ဖော်လုလင်တို့နှင့် အတူ သဉ္ဆယမည်သော ပရိဗာဇကတိတ္ထိ ဆရာကြီး၏အထံ၌ ပရိဗိုဇ် ပြုလုပ်ကြ ကုန်၏။

သိဉ္ဆည်းဆရာကြီးသည် ထိုသူနှစ်ဦးတို့ ရဟန်းပြုသောအခါမှစ၍ လာဘ် လာဘတို့သည် တိုးပွားကြကုန်၏။ ထိုမိတ်ဆွေနှစ်ဦးတို့သည် လေးရက်ငါးရက် အတွင်း၌ပင်လျှင် သိဉ္ဆည်းဆရာကြီး၏ အယူဝါဒကို စုံစမ်းဆင်ခြင်သည် ရှိသော် မိစ္ဆာအယူဖြစ်၍ အနှစ်သာရမရှိကြောင်းကို သိမြင်ကြသည်။

ထို့ကြောင့် ထိုသိဉ္ဆည်း ဆရာကြီးထံမှ ထွက်ခွာခဲ့ကြကာ ပညာရှိဟု ထင်ရှားကုန်သော သမဏ ဗြာဟ္မဏတို့၏အထံသို့ သွားလာလှည့်ပတ်၍ ပြဿနာ တို့ကို မေးမြန်းကြကုန်၏။

အမတ တရားတွေ့လျှင် ပြောကြစတမ်း

သူတို့နှင့်ဆုံတွေ့ကြရသော ရဟန်း ပုဏ္ဏားတို့သည် သူတို့ သိလိုသည်ကို ရှင်းလင်းစွာမပြောပြနိုင်ကြ။ သို့အတွက် အလောင်းအလျာနှစ်ဦးတို့သည် သေခြင်း ကင်းသော အမတ တရားထူးကို ခရီးတစ်ခုစီခွဲ၍ ရှာကြရန် ဆုံးဖြတ်လိုက်ကြသည်။

http://www.dhammadownload.com

"ငါတို့နှစ်ဦးတို့တွင် အကြင်သူသည် အမတမည်သော တရားထူးကို ရှေးဦးစွာ ရခြားခဲ့၊ ကျန်သူကို လာ၍ ပြောကြားစတမ်း" ဟု ကတိကဝတ် ပြုကြကုန်၏။

ထိုအခါက ငါတို့မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ပဉ္စ၀ဂ္ဂီ ငါးဦး၊ ဘဒ္ဒ၀ဂ္ဂိမင်းသားသုံးကျိပ်၊ ယသအမှူးပြုသော ရဟန်းငါးကျိပ်ငါးပါး၊ ဥရုဝေဠုကဿပ၊ နဒီကဿပ၊ ဂယာကဿပနှင့် ရဿေတစ်ထောင်၊ ထိုရဟန်းတို့နှင့် အတူ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိသည်။

အရှင်အဿဇိနှင့်တွေ့ပို

ဥပတိဿမည်သော ပရိဗိုဇ်သည် ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်နေသော ရဟန်းတော် အရှင်အဿဇိထေရ်ကို မြင်၍ "ငါသည် ရှေးအခါက ဤကဲ့သို့ ကြွရွှေ့နှင့်ပြည့်စုံသော ရဟန်းကို မမြင်မတွေ့ရဖူးချေ။ ဤရဟန်း၌ ငြိမ်းအေးသောတရား ထူးသည် ရှိမည်ထင်၏ဟု အကြံဖြစ်လေ၏။ စိတ်အကြံအတိုင်း မေးလျှောက်လို၍ ဆွမ်းခံ လှည့်လည်နေသော အရှင်မြတ် အဿဇိမထေရ်၏ နောက်တော်မှ အစဉ်တစိုက်လိုက်၏။ အရှင်မြတ် အဿဇိမထေရ်သည် မျှလောက်ရုံသော ဆွမ်းကိုရသည်ရှိသော် ဆွမ်းစားခြင်းငှာ သင့်လျော်သောအရပ်သို့ ကြွတော်မူ၏။

ဥပတိဿ ပရိဗိုဇ်သည်လည်း မိမိ၏ထိုင်စရာ အင်းပျဉ်ငယ်ကို မထေရ်အတွက် ခင်းပေး၏။ မထေရ်ဆွမ်းစားပြီးသောအခါ မိမိ၏ကရားဖြင့် ရေကို ကပ်၏။ ဤသို့လျှင် ဥပတိဿ ပရိဗိုဇ်သည် မထေရ်အား ဝတ်ကြီးဝတ်ငယ် ပြုပြီးသော် "အရှင်မြတ်၏ဆရာကား အဘယ်သူပါနည်း၊ အဘယ်သူ၏ တရားကို အရှင်မြတ် နှစ်သက် ယုံကြည်ပါသနည်း" ဟူ၍ မေးလျှောက်၏။

အဿဇိမထေရ်သည် "မြတ်စွာဘုရားကို ရည်ညွှန်းလျက် ထိုရဟန်းကြီးသည် ငါ၏ဆရာတည်း။ ငါသည် ထိုရဟန်းမြတ်၏ တရားကို နှစ်သက်ယုံကြည်၏" ဟူ၍ မိန့်တော်မူ၏။

အရှင်ဘုရား၏ဆရာ အဘယ်တရားဟောသနည်း

"အရှင်ဘုရား၏ဆရာ ရဟန်းကြီးသည် အဘယ်သို့သော တရားမျိုးကို အရှင့်အား ဟောကြားပါသနည်း" ဟု ဆက်၍ မေးလျှောက်ရာ "ငါသည် ရဟန်း

http://www.dhammadownload.com

ဖြစ်ခါစဖြစ်၍ ငါ၏ဆရာ ရဟန်းကြီး ဟောပြသောတရားကို များစွာဟောပြောခြင်းငှာ မတတ်နိုင်"ဟု ဆို၏ "အရှင်ဘုရား၊ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ စွမ်းနိုင်သမျှ ဟောတော်မူပါ၊ လိုရင်းဖြစ်သော အနက်အဓိပ္ပာယ် တစ်ခုကိုသာ ဟောပြတော်မူပါ"ဟု ဆက်လက်မေးလျှောက်၏။

ဥပတိဿ ပရိဗိုဇ်အတန်တန် မေးလျှောက်သောအခါ အဿဇိမထေရ်က သူသိသမျှကို ဤသို့ ဟောတော်မူ၏။

အရှင်အဿဇိဟောသောတရား

ယေ ဓမ္မာ ဟေတုပ္ပဘဝါ။
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော။
ဧဝံဝါဒီ မဟာသမဏော။

ယေဓမ္မာ၊ အကြင် ဖြစ်ခြင်းပျက်ခြင်း ဆင်းရဲခြင်းတို့သည်။ ဟေတုပ္ပဘဝါ၊ ဖြစ်ချင်ခြင်းကြောင့် ဖြစ်ပျက်ဖြစ်ပျက် နေကြကုန်၏။ တေသံ၊ ထိုဖြစ်ခြင်းပျက်ခြင်း ဆင်းရဲခြင်းတို့၏။ ဟေတုံ၊ မဖြစ်မရောက်ကြောင်း လမ်းကောင်းကန် လေးမဂ်ဉာဏ်ကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသဉ္စ၊ ထိုဖြစ်ခြင်း၊ ပျက်ခြင်း ဆင်းရဲခြင်းတို့မှ။ ယောနိရောဓော၊ အကြင်မဖြစ်ကန် မြတ်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ မဟာသမဏော၊ ငါတို့ဆရာ ရဟန်းကြီးသည်။ ဧဝံဝါဒီ၊ ဤသို့ဟောလေ့ရှိတော်မူ၏။ (ဝါ) ဤသို့ အယူဝါဒရှိတော်မူ၏။

မဂ်ဉာဏ်၊ ဝိပဿနာဉာဏ်တို့၏အာရုံ

ဥပတိဿသည် "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ" ဤနှစ်ပါဒကိုမှကြားရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်၏။ ဝိပဿနာဉာဏ် မဂ်ဉာဏ်၏အာရုံကို ဖြစ်စေ၏။ သောတာပန်တည်ပြီးမှ "တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော" ဟူသော နောက်နှစ်ပါဒသည် ပစ္စဝေက္ခဏာဉာဏ်၏ အာရုံကို ဖြစ်ပေါ်စေ၏။

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ဟူ၍ တစ်ပါဒ ဟောလျှင်ပင် ဖြစ်ခြင်းပျက်ခြင်းကို မြင်၍ ဝိပဿနာဉာဏ်တို့ အစဉ်အတိုင်း ဖြစ်ကုန်၏။

http://www.dhammadownload.com

"တေသံ ဟေတုံ တထာဂတော အာဟ" ဟူသော ပါဒသို့ ရောက်သောအခါ သောတာပတ္တိမဂ်ဉာဏ်, သောတာပတ္တိဖိုလ်ဉာဏ်ဖြစ်ပြီး သောတာပန်ပုဂ္ဂိုလ်ဖြစ်လာသည်။

သောတာပန်တည်ပြီးသော အရှင်သာရိပုတ္တရာအလောင်းအလျာ ပရိဗိုဇ်က် "အရှင်ဘုရား ဤမျှလောက်ဖြင့် သင့်တော်ပါပြီ။ ယခု ဆရာမြတ်စွာဘုရားသည် အဘယ်မှာ သီတင်းသုံး၍ နေတော်မူပါသနည်း" ဟု လျှောက်သောအခါ အရှင်အဿဇိက "ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏" ဟု မိန့်တော်မူသည်။ "အရှင်ဘုရားသည် ရှေးဦးစွာ ကြွတော်မူပါ။ တပည့်တော်မှာ အဖော်မိတ်ဆွေနှင့် တိုင်ပင်ထားသောစကား ရှိပါသေးသည်။ ထိုမိတ်ဆွေအား ပြောကြားပြီးမှ ခေါ်၍ လာပါမည်" ဟု လျှောက်ကာ အဿဇိမထေရ်အရှင်မြတ်ကို ကန်တော့ပြီးမှ ဥပတိဿသည် ပရိဗိုဇ်တို့နေရာအရံသို့ ပြန်လာခဲ့သည်။

အရှင်မဟာမောဂ္ဂလာန် လောင်းလျာ ကောလိတ ပရိဗိုဇ်သည် အရှင်သာရိပုတ္တရာလောင်းလျာ လာသည်ကို မြင်လျှင် ကြည်လင်သော မျက်နှာဖြင့် "အဆွေတရားအထူးကို ရခဲ့ပြီ မဟုတ်လော" ဟု မေး၏။ အရှင်သာရိပုတ္တရာ လောင်းလျာ ပရိဗိုဇ်ကလည်း "ငါ့ရှင်၊ တရားအထူးကို ငါသိခဲ့ရပြီ" ဟု ဝန်ခံကာ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ဟူသော ဂါထာကိုပင် ဟော၏။ ဂါထာအဆုံး၌ ကောလိတ ပရိဗိုဇ်သည် သောပန်တည်သည်။ ထို့နောက် "ငါတို့၏ဆရာ မြတ်စွာဘုရားသည် ယခု အဘယ်အရပ်မှာရှိသနည်း" ဟု မေးလျှင် ဥပတိဿက "ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူ၏" ဟု ပြော၏။ ထိုအခါ ကောလိတပရိဗိုဇ်က "ငါ့ရှင် ယခုပင်လျှင် ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သွားကြကုန်အံ့" ဟု ဆိုသည်။

ရေအိုးကြီး ဖြစ်ပြီးမှတော့

ဥပတိဿပရိဗိုဇ်သည် ဆ ုကို ပူဇော်လေ့ရှိသည့်အတိုင်း မိမိတို့ဆရာဖြစ်ဖူးသော သိဉ္စည်း ဆရာကြီးအား မြတ်စွာဘုရား၏ဂုဏ်တော်ကို ပြောပြသည်။ ထိုသိဉ္စည်း ဆရာကြီးအားလည်း မြတ်စွာဘုရားအထံသို့ လိုက်ခဲ့ရန် ပြောသည်။ သိဉ္စည်းဆရာကြီးသည် ပါရမီအထူး မရှိသဖြင့် လည်းကောင်း၊ လာဘ်, လာဘ၌ တပ်မက်သောကြောင့် လည်းကောင်း မြတ်စွာဘုရား အထံသို့ မလိုက်လိုရကား

http://www.dhammadownload.com

"ရေအိုးကြီးဖြစ်ပြီးမှတော့ ရေသောက်ခွက်ငယ် မလုပ်လို"ဟု ဆို၍ကာ ပယ်လိုက်သည်။

သိဉ္ဇည်းဆရာကြီးကို အကြောင်းအကျိုး အမျိုးမျိုးပြ၍ မြတ်စွာဘုရားထံသို့ လိုက်လာရန် ဆွေးနွေးပြောဆိုသော်လည်း မရသဖြင့် မိမိတို့ဝါဒ၌ တည်ကုန်သော တပည့် နှစ်ရာ့ငါးဆယ်စီတို့ကို ခေါ်ဆောင်၍ ဝေဋ္ဌဝန်ကျောင်းတော်သို့ သူတို့ နှစ်ဦး သွားကြသည်။

မြတ်စွာဘုရားသည် ထိုပရိဗိုဇ်တို့ အဝေးမှလာသည်ကို မြင်တော်မူသော် "ရဟန်းတို့၊ ဤယခုလာကြသော ပရဗိုဇ်များထဲမှ ဦးဆောင်သူ မိတ်ဆွေနှစ်ဦးတို့သည် ငါဘုရား၏ အမြတ်ဆုံးသော အဂ္ဂသာဝက တပည့်အစုံ ဖြစ်လတ္တံ့"ဟု ရဟန်းတို့အား မိန့်တော်မူ၏။

အဂ္ဂသာဝကလောင်းလျာနှစ်ပါးတို့၏ ပရိသတ်တို့ကို စရိုက်အားလျော်စွာ ဘုရားရှင်က တရားဟောတော်မူအပြီး၌ "ဧဟိဘိက္ခု"ရဟန်းအဖြစ်ကို ရကြကုန်၏။ အဂ္ဂသာဝကကြီးနှစ်ပါးမူကား သာမန်ရဟန်းအဖြစ်ကိုသာ ရကြ၏။ ရဟန္တာအဖြစ်သို့ မရောက်ကြသေးကုန်။ အကြောင်းမူကား သာဝကပါရမီဉာဏ် မရင့်သန်သေး၍ ဖြစ်သည်။

ပါရမီဉာဏ် အထွတ်အထိပ်သို့ရောက်ပြီ

ထိုအဂ္ဂသာဝကကြီးနှစ်ပါးတို့အနက် အရှင်မဟာမောဂ္ဂလာန်သည် မဂဓတိုင်း ကလ္လဝါလရွာ၏အနီး၌ တရားကို အားထုတ်နေသည်။ တရားအားထုတ်နေစဉ် ခုနှစ်ရက်မြောက်နေ့၌ ငိုက်မျဉ်းခြင်း မိဒ္ဓတရားဖြစ်နေသည်ကို မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း၊ သုသုမာရဂိရိ မြို့ဘေသကဌာဝန ပဲစင်းခုံပင်ပေါများသော သမင်တော၌ နေတော်မူစဉ် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူသည်။

ထို့ကြောင့် ဘုရားရှင်သည် အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့လည်းကောင်း, ဆန့်သောလက်ကို ကွေးသကဲ့သို့ လည်းကောင်း မဂဓတိုင်း၊ ကလ္လဝါလရွာ၊ အရှင်မဟာမောဂ္ဂလ္လာန်ရှိရာသို့ ကြွတော်မူပြီး ငိုက်မျဉ်းခြင်း မိဒ္ဓတရား ကင်းပျောက်သော နေထိုင်နည်းကို ဟောပြတော်မူသည်။ ငိုက်မျဉ်းခြင်း, အိပ်ချင်ခြင်း, မိဒ္ဓတရား ကင်းပျောက်မှ ဓာတ်ကမ္မဋ္ဌာန်းကို ဟောရာ အထက်မဂ်သုံးပါးကိုရ၍ အဂ္ဂသာဝကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူ၏။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာသည်ကား ရဟန်းဖြစ်သည်မှ တစ်ဆယ့်ငါးရက်မြောက်၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင် သူကရခတ ခေါ် ဝက်ထိုးလိုဏ်၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာ၏ တူဖြစ်သော ဒီဃနခ ပရိဗိုဇ်အား ဝေဒနာ ကမ္မဋ္ဌာန်းကို ဟောတော်မူရာတွင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ နောက်တော်မှထိုင်လျက် မြတ်စွာဘုရားကို ယပ်လေခပ်၍နေ၏။

ထိုဝေဒနာ ကမ္မဋ္ဌာန်းတရားကို နာကြားရသဖြင့် တစ်ပါးသူ စားစေရန် ခူးခပ်၍ ကျွေးသော ထမင်းပွဲကို ဝင်၍စားရသဖြင့် ဝမ်း၀ခြင်း ဖြစ်သကဲ့သို့ အရှင်သာရိပုတ္တရာမထေရ်သည် အဂ္ဂသာ၀ကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူ၏။ တူဖြစ်သော ဒီဃနခ ပရိဗိုဇ်သည်ကား သောတာပန်၌သာ တည်၏။

အရှင်သာရိပုတ္တရာ ဟောတော်မူသော အပဒါန်တရားတော်

ဤသို့လျှင် အဂ္ဂသာ၀က ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် မိမိဖြည့်ကျင့်ဆည်းပူး အားထုတ်အပ်သော ပါရမီသမ္ဘာရကို ပုဗ္ဗေနိ၀ါသအဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသည်ရှိသော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သရဒရာဇ်ရသေ့ ဆရာကြီးဖြစ်ခဲ့၍ တပည့်ပေါင်း ခုနစ်သောင်းလေးထောင်တို့နှင့်တကွ ဆံကျစ်ရသေ့အဖြစ် ဟိမဝန္တာ၌ နေခဲ့ဖူးသော အကြောင်းအရာတို့ကို မြင်တော်မူသည်။ ထိုအကြောင်းအရာတို့ကို နောင်လာနောက်သား တပည့်တို့ မှတ်သားနာယူကြစေရန် အကျယ် ထုတ်ဖော်၍ ဤသို့ ဟောတော်မူ၏။

ဟိမဝန္တာအနီး၌ လမ္ဘကအမည်ရှိသော မြေမှုန့်မြေသား ရောပြွမ်းသော တောင်တန်းကြီးသည်ရှိ၏။ ထိုလမ္ဘက တောင်တန်းကြီး၏အနီး၌ သစ်ရွက်မိုး သခွံမ်း ကျောင်းကို ဖန်ဆင်းဆောက်လုပ်သည်။ သခွံမ်းကျောင်းအနီး၌ မြစ်ငယ်တို့သည် ရှိကုန်၏။ ထိုမြစ်ငယ်တို့၌ နှလုံးမွေ့လျော်ဖွယ်ကောင်းသော ရေဆိပ်များလည်း ရှိ၏။ ပုလဲအဆင်းကဲ့သို့ သန့်ရှင်းဖြူစင်သော သဲသောင်ပြင်များလည်း ရှိကြသည်။ ကျောက်စရစ် ကျောက်ပြုတ်တို့နှင့် အချိုင့်အခွက် အနိမ့်အစောင်းတို့ မရှိကုန်။

ထိုလမ္ဘကတောင်တန်းကြီး၏ ထက်၀နံးကျင်အရပ်၌ ငါ၏သခွံမ်းကျောင်းကို တင့်တယ်စေလျက် မြစ်ငယ်ရေတို့သည် ကြည်လင်စွာ စီးသွားကုန်၏။ ထိုမြစ်ငယ်ရေတို့၏အတွင်း၌ ကျက်စားသွားလာကြကုန်သော ရေသတ္တ၀ါအမျိုးမျိုးတို့သည်လည်း

http://www.dhammadownload.com

ငါ၏သခ်ၢမ်းကျောင်းကို တန်ဆာဆင်သကဲ့သို့ တင့်တယ်စေလျက် စုန်ဆန်ပြေးသွား ကျက်စားပျော်မြူး၍ နေကြကုန်၏။ ထိုမြစ်ငယ်တို့၏ နှစ်ဖက်သောကမ်းတို့၌ အပွင့်ပွင့်သော သစ်ပင်တို့သည်လည်းကောင်း, အသီးသီးသော သစ်ပင်တို့သည်လည်း ကောင်း ငါ၏သခ်ၢမ်းကျောင်းကို တန်ဆာဆင်သကဲ့သို့ တင့်တယ်စေကာ အပွင့် အသီးတို့ဖြင့် တွဲလျားကျကုန်လျက် တည်ရှိကုန်၏။

ထို့ပြင်လည်း လမ္ဗကတောင်တန်းမှ စီးဆင်းသောရေအယဉ်တို့ကို တစ်ဖက် ဆည်ကန် ပြုလုပ်၍ ရေကန်အဖြစ် ပြုလုပ်ထားသည်။ ကြည်လည်သောရေ ရှိကုန်သော ထိုကန်တို့၌ ကြာပဒုမ္မာတို့သည် အထက်သို့ထောင်၍ တင့်တယ်စွာ ပွင့်ကြကုန်၏။ အချို့သောကြာပဒုမ္မာ တို့သည် ပန်းဝတ်မှုန် ပန်းဝတ်ဆံတို့ကို ဖြစ်စေကြကုန်၏။ အချို့သော ကြာပဒုမ္မာ အပွင့်တို့သည် အောက်သို့ညွှတ်ကိုင်း လျက် တွဲလျားကျကုန်၏။ အရွက်အပွင့်တို့ဖြင့် ရောပြွမ်းကုန်လျက်ရှိသော ထို ပဒုမ္မာကြာတို့သည် တစ်ဖက်ဆည်ကန်ကို တင့်တယ်စေကုန်၏။ ထိုတစ်ဖက်ဆည် ရေကန်ကို အမှီပြု၍ ငှက်အပေါင်းတို့သည်လည်း နေထိုင်ကုန်၏။

ထိုငှက်တို့အပြင် သားသမင် တိရစ္ဆာန်အပေါင်းတို့သည်လည်း ထိုတစ်ဖက် ဆည်ရေကန်ကို အမှီပြု၍ နေကြကုန်၏။

ထိုသား တိရစ္ဆာန်, သားရဲတိရစ္ဆာန်တို့အပြင် လူနှင့်တူသော တောတိရစ္ဆာန် တို့သည်လည်းကောင်း, တောတိရစ္ဆာန်နှင့်တူသော လူတို့သည်လည်းကောင်း ငါ၏ သခ်ၢမ်းကျောင်းအနီး တောမြိုင်ကြီး၌ ထိုရေကန်ကို အမှီပြု၍ နေကြကုန်၏။

ဤသို့ တောတစ်ဖက်, တောင်တစ်ဖက်, မြစ်တစ်ဖက် ဝန်းရံပတ်ဝိုင်း၍ နေခြင်းကြောင့် အလွန်ဆိတ်ငြိမ်သည်ဖြစ်၏။ ရသေ့ရဟန်းတို့နှင့် အလွန်ပင် သင့်လျော်၏။ ထိုတောမြိုင်ကြီးအတွင်း၌ မြစ်ရေ, ချောင်းရေ, ကန်ရေတို့ဖြင့် လည်းကောင်း၊ စားသုံးနိုင်ကောင်းသော တောသစ်သီး, တောသစ်ရွက်, တောသစ်ဥ, တောသစ်မြစ်, တောသစ်ပွင့်တို့ဖြင့် လည်းကောင်း၊ ရေ၌ပေါက်သော ကြာစွယ်, ကြာရင်း, ကြာဥ, ကြာသီးဆံတို့ဖြင့်လည်းကောင်း ပြည့်စုံသည့်အကြောင်းကို ထုတ်ဖော်၍ ဟောတော်မူလိုသောကြောင့် ပညာဧတဒဂ်ရ အဂ္ဂသာဝက မဟာထေရ်မြတ်ကြီးသည် ဤသို့ဆက်၍ ဟောတော်မူပြန်သည်။

ဧဝံ သဗ္ဗင်္ဂသမ္ပန္နေ၊ ပုပ္ဖိတေ ဖလိတေ ဝနေ။
သုကတော အဿမေ ရမ္မေ၊ ဝိဟရာမိ အဟံ တဒါ။

http://www.dhammadownload.com

ဧဝံ=ဣမိနာ ဝုတ္တေန အာကာရေန ပကာရေနစ၊ ဤသို့ဆိုအပ်ပြီးသော အခြင်းအရာ အပြားအားဖြင့်လည်း။ သဗ္ဗဂ်ိသမ္မန္နေ၊ တောကျောင်း တောင်ကျောင်း၏ အဂ်ါနှင့် အလုံးစုံပြည့်စုံသော။ ပုပ္ဖိတေ၊ ပွင့်သောပန်းလည်းရှိထသော။ ဖလိတေ၊ သီးသောအသီးလည်းရှိထသော။ ဝနေ၊ မြစ်ရေပတ်ဝန်း တောင်တန်းကာဆီး တောမြိုင်ကြီး၌။ သုကတေ၊ စိတ်ကြည်လင်ဖွယ် သမာဓိရဖွယ်ဖြစ်အောင် ကောင်းစွာ စီမံ ဖန်ဆင်းအပ်သော။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ဖြစ်သော။ အဿမေ၊ သစ်ရွက်မိုးကာ တောကျောင်းသာ၌။ ဝါ၊ သစ်ရွက်မိုးဆောင်း သခ်ိမ်းကျောင်း၌။ အဟံ၊ ငါသည်။ တဒါ၊ တစ်အသခ်ျေ သိန်းနေကမ္ဘာ လွန်၍လာသော မြင့်ကြွာစွာလှ ထိုကာလ၌။ ဝိဟရာမိ၊ နေခဲ့ဖူး၏။

သီလဝါ ဝတသမ္မန္နော၊ ဈာယီ ဈာနရတော သဒါ။
ပဉ္ဉာဘိညာဗလပ္ပတ္တော၊ 'သုရုစိ'နာမ တာပသော။

တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ သုရုစိနာမ၊ ကောင်းသောနှလုံး အလိုရှိခြင်းကြောင့် "သုရုစိ"ဟူသော အမည်ရှိသော။ တာပသော၊ သရဒရသေ့သည်။ ဟုတွာ၊ ဖြစ်၍။ သီလဝါ၊ စတုပါရိသုဒ္ဓိသီလနှင့် အလားတူသော ငါးပါးသီလနှင့် ပြည့်စုံ၏။ ဝတသမ္မန္နော၊ ဃရာဝါသ ကာမဂုဏ်ကိုပယ်စွန့်အံ့ဟူ၍ စိတ်ကို ဆောက်တည် ခိဋ္ဌာန်သော ဝတ်အကျင့်နှင့် ပြည့်စုံ၏။ ဈာယီ၊ လက္ခဏူပနိဇ္ဈာန ဈာန်, အာရမ္မဏူပနိဇ္ဈာနဈာန်တို့ဖြင့် ဈာန်ဝင်စားလေ့ရှိ၏။ သဒါ၊ အခါခပ်သိမ်း။ ဈာနရတော၊ ဈာန်ဝင်စားခြင်း၌ မွေ့လျော်၏။ ပဉ္ဉာဘိညာဗလပ္ပတ္တော၊ ငါးပါးသော အဘိညာဉ်အားရှိခြင်းသို့ ရောက်၏။

စတုဝီသ သဟဿာနိ၊ သိဿာ မယှံ ဥပဋ္ဌဟုံ။
သဗ္ဗေဝ ဗြာဟ္မဏာ ဧတေ၊ ဇာတိမန္တေါ ယသဿိနော။

မယှံ၊ ငါ၏။ သိဿာ၊ တပည့်ကြီးတို့သည်။ စတုဝီသ သဟဿာနိ၊ နှစ်သောင်းလေးထောင်ရှိကုန်၏။ ဧတေ၊ ထိုငါ၏တပည့်ကြီးတို့သည်။ ယသဿိနော၊ ကိုယ်စီ ကိုယ်စီ တပည့်ငယ်အခြွေအရံ ရှိကြကုန်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားမျိုးဖြစ်ကြကုန်၏။ ဇာတိမန္တေါ၊ ဇာတ်နှင့်ပြည့်စုံကြကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသော တပည့်ကြီး တပည့်ငယ်တို့သည်သာလျှင်။ မံ၊ ငါဆရာကြီးကို။ ဥပဋ္ဌဟုံ၊ ဆည်းကပ်ခယ လုပ်ကျွေးကြကုန်၏။

http://www.dhammadownload.com

တပည့်တို့အကြောင်း

ငါ၏တပည့် ရသေ့တို့သည် မိန်းမယောကျ်ားတို့၏ လက္ခဏာကို ကြည့်ရှု၍ ချမ်းသာမည် ဆင်းရဲမည်ကို ပြောဟောနိုင်အောင် ပြဆိုသော လက္ခဏာကျမ်းတို့ကိုလည်း ကောင်းစွာ တတ်မြောက် ကမ်းတစ်ဖက်ရောက်ကြကုန်၏။ ရှေးလူကြီးတို့ သုံးစွဲသော ပေါရာဏကထာကို ပြဆိုသော ဣတိဟာသကျမ်းတို့ကိုလည်းကောင်း၊ သစ်ပင်တို့၏အမည်ကို ပြဆိုသော နိဃဏ္ဍုကျမ်းတို့ကိုလည်းကောင်း၊ သွားခြင်း, လာခြင်း, နေခြင်း, ထိုင်ခြင်း ဣရိယာပုတ် အပြုအမူတို့ကို ကြည့်ရှုဆင်ခြင်၍ ပညာရှိ ကဝိပုဂ္ဂိုလ်တို့အား ကျေးဇူးများသော ကေဋုဘကျမ်းတို့ကိုလည်းကောင်း၊ နာမ်ပုဒ်, အာချာတ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ် အစရှိသည်ကို ပြဆိုသော သဒ္ဒါကျမ်း, ကလာပ်ကျမ်းတို့ကိုလည်းကောင်း၊ ထိုဆိုခဲ့ပြီးသော ကျမ်းတို့ကိုလည်း ငါ၏တပည့်တို့သည် ကောင်းစွာတတ်မြောက် ကမ်းတစ်ဖက်ရောက်ကုန်၏။

ဥက္ကာကျခြင်း, မြေငလျင်တုန်လှုပ်ခြင်း, နိမိတ်ကျမ်းတို့ကိုလည်းကောင်း၊ ပထဗျာဘူမိ မြေတွင်း, မြေပေါ်၌လည်းကောင်း၊ ကောင်းကင်၌လည်းကောင်း၊ အဆိုးအကောင်းကို ပြဆိုသော ဘူမိမြေကျမ်းတို့ကိုလည်းကောင်း၊ ကောင်းကင်ကျမ်းတို့ကိုလည်းကောင်း ငါ၏တပည့်တို့သည် ကောင်းစွာတတ်မြောက် ကမ်းတစ်ဖက်ရောက်ကြကုန်၏။

ငါ၏တပည့် ရသေ့အပေါင်းတို့သည် အလိုနည်းခြင်း အပိစ္ဆာဂုဏ်နှင့် ပြည့်စုံကြ၏။ အနည်းငယ်မျှသော အစားအစာဖြင့်လည်း မျှတ၍ နေနိုင်ကြကုန်၏။ ရင့်သောပညာနှင့် ပြည့်စုံကြကုန်၏။ ပကတိ ဝမ်းတွင်းပညာနှင့် ပြည့်စုံကြကုန်၏။ အပ္ပါဟာရ=နည်းသော အစားအသောက် ရှိကြကုန်၏။ တစ်နေ့လျှင် တစ်ကြိမ်မျှသာ စားကြကုန်၏။ အလောလုပ္ပ=အစားအစာ၌ လျှပ်ပေါ်လော်လီခြင်း မရှိကြကုန်။ အစားအစာတို့ ရသော်လည်းကောင်း၊ မရသော်လည်းကောင်း နှလုံးဖောက်ပြန်ခြင်း မရှိကြကုန်၊ နှစ်သက်ရွှင်လန်းသောစိတ် ရှိကြကုန်သည်ဖြစ်၍ ထိုငါ၏တပည့်တို့သည် အခါခပ်သိမ်း ငါဆရာကြီးကို ခြံရံ၍ နေကြကုန်၏။

အဘိညာဉ်ရသူများ

ငါ၏တပည့်ရသေ့အပေါင်း ခုနစ်သောင်းလေးထောင်တို့သည် ဣဒ္ဓိဝိဓ အဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, ပရစိတ္တဝိဇာနနအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ် ဤအဘိညာဉ် ငါးပါးတို့ကို ရကြကုန်၏။

http://www.dhammadownload.com

ကုန္ဒြေစောင့်ထိန်းသူများ

ထိုအဘိညာဉ် ငါးပါးတို့၌ ပြီးဆုံးခြင်းသို့ ရောက်ကြကုန်၏။ ပြည့်စုံကြကုန်၏။ မြတ်စွာဘုရား ခွင့်ပြုတော်မူသော မတောင်းဘဲ အလိုလိုရသော အစာအာဟာရကိုသာလျှင် စားသုံး၍ မွေ့လျော်စွာ နေကြကုန်၏။ ကောင်းကင်၌ သွားလာကြကုန်၏။ ခြင်္သေ့, သစ်, ကျား စသော ဘေးရန်တို့မှ ကြောက်လန့်ခြင်း မရှိကြကုန်။ ငါ၏ တပည့် ရသေ့အပေါင်းတို့သည် စက္ခုဒ္ဒါရ, သောတဒ္ဒါရ ဃာနဒ္ဒါရ, ဇိဝှါဒ္ဒါရ, ကာယဒ္ဒါရ, မနောဒ္ဒါရ ဤဒ္ဒါရခြောက်ပါးတို့၌လည်းကောင်း၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဤအာရုံခြောက်ပါး တို့၌လည်းကောင်း စောင့်ရှောက်ထိန်းသိမ်း၍ လုံခြုံစွာ ပိတ်ဖုံးနိုင်ကြကုန်၏။ ကင်းသော တပ်မက်ခြင်းရှိကြကုန်၏။ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ ဤကုန္ဒြေခြောက်ပါးတို့ကို စောင့်စည်းထိန်းသိမ်းကြကုန်၏။

မြေလျှိုးမိုးပျံနိုင်သူများ

ငါ၏တပည့်ရသေ့အပေါင်းတို့သည် တစ်ယောက်တည်းကိုလည်း အများဖြစ်အောင် တန်ခိုးဖန်ဆင်းနိုင်ကုန်၏။ အများကိုလည်း တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းနိုင်ကုန်၏။ ငါ၏တပည့်တို့သည် ကောင်းကင်၌လည်းကောင်း, ရေပြင်၌လည်းကောင်း မြေ၌ကဲ့သို့ သွားလာနိုင်ကုန်၏။ ကောင်းကင်၌ မြေကြီး ဖန်ဆင်း၍ သွားလာနိုင်ကုန်၏။

တံတိုင်းကွယ်ခြားရာ အရပ်ကိုလည်းကောင်း, တောင်ကွယ်ခြားရာ အရပ်ကိုလည်းကောင်း, မြေကြီးကွယ်ခြားရာ အရပ်ကိုလည်းကောင်း ဒိဗ္ဗစက္ခုဖြင့် မြင်နိုင်ကြကုန်၏။ အလွန်ဝေးကွာသောအရပ်မှ ပြောဆိုသော စကားအသံကိုလည်း ဒိဗ္ဗသောတဖြင့် ကြားနိုင်ကြကုန်၏။ သူတစ်ပါးတို့၏ စိတ်ကိုလည်း ပရစိတ္တဝိဇာနနာ အဘိညာဉ်ဖြင့် သိနိုင်ကြကုန်၏။ ငါ၏တပည့် ရသေ့အပေါင်းတို့သည် ဤသို့ တန်ခိုးအဘိညာဉ်ကို အခါခပ်သိမ်း စူးစမ်း၍ နေကြကုန်၏။ ငါ၏တပည့်တို့သည် မြေကြီးကို တုန်လှုပ်စေနိုင်ကုန်၏။ သူတစ်ပါးတို့ ယှဉ်ပြိုင်ခြင်းငှာ မတတ်နိုင်ကြကုန်။ ဂုဏ်ပြိုင်ခြင်း, ချုပ်ချယ်စောင်းမြောင်းခြင်း, ငြင်းခုန်ဆန့်ကျင်ဘက်ပြုခြင်းတို့ဖြင့် သူတစ်ပါးတို့သည် မတတ်နိုင်ကြကုန်။

http://www.dhammadownload.com

ထိုသို့ တန်ခိုးကြီးကုန်သော ငါ၏ တပည့် ရသေ့တို့သည် ကောင်းကင်ခရီးဖြင့် သွားသောအခါ၌ ရသေ့တို့ သုံးစွဲသော ပရိက္ခရာကို ဆောင်ယူသော ထမ်းပိုးကောက်တို့ကို ရှေးဦးစွာစေလွှတ်၍ မိမိတို့သည် နောက်မှ လိုက်သွားကြကုန်၏။ ကောင်းကင်၌ မိုးတိမ်တိုက်တို့ သွား၍နေကုန်သကဲ့သို့ ထမ်းပိုးကောက်တို့သည် ရသေ့တို့၏ ပရိက္ခရာကို ဆောင်ယူလျက် အလိုလိုသွား၍နေကြကုန်၏။ ငါ၏ တပည့်ကြီး နှစ်သောင်းလေးထောင်နှင့်တကွ တပည့်ငယ် ငါးသောင်းတို့သည် ထမ်းပိုးကောက်တို့၏ နောက်သို့ အစဉ်လိုက်ကုန်လျက် ကောင်းကင်သို့ သွားကြသောအခါ မိုးကောင်းကင်သည် ရသေ့အပေါင်းတို့ဖြင့် ဖုံးအုပ်၍နေ၏။

ဤသို့လျှင် ငါဆရာကြီး၏အထံသို့ ဤမျှလောက် ကြီးမြတ်ကဲလွန်သော တန်ခိုးဣဒ္ဓိရှိကုန်သော တပည့်ရသေ့ ခုနစ်သောင်းလေးထောင်တို့သည် ဆည်းကပ်ရောက်လာကြကုန်၏။

လာရောက်ဆည်းကပ်သူမျိုးစုံ

ဤရသေ့တို့မှတစ်ပါး၊ ကမ္မဇဒ္ဓိတန်ခိုးရှိကြကုန်သော တောစောင့်နတ် တောင်စောင့်နတ်တို့သည်လည်းကောင်း၊ ကမ္မဇဒ္ဓိတန်ခိုး ရှိကြကုန်သော နဂါးတို့သည်လည်းကောင်း၊ ဂဠုန်တို့သည်လည်းကောင်း ဆည်းကပ်ရောက်လာကြကုန်၏။ ကမ္မဇဒ္ဓိတန်ခိုးရှိကြကုန်သော ကချေသည် သဘင်သည် ဖြစ်ကုန်သော ဂန္ဓဗ္ဗနတ်တို့သည်လည်း ငါ၏အထံသို့ ဆည်းကပ်ရောက်လာကြကုန်၏။

ထိုမှ တစ်ပါးကုန်သော ရက္ခိုဉ်ဘီလူး၊ ကုမ္ဘဏ်ဘီလူးတို့သည်လည်း ငါ၏အထံသို့ ဆည်းကပ် ရောက်လာကြကုန်၏။ ကမ္မဇဒ္ဓိတန်ခိုးရှိသော ဒါဏဝမည်သော ဘီလူးတို့သည်လည်းကောင်း၊ (ဝါ) ဗိဿနိုးနတ်တို့သည်လည်း ငါ၏အထံသို့ ဆည်းကပ်ရောက်လာကြကုန်၏။

ဤကဲ့သို့ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခသ၊ ဂန္ဓဗ္ဗနတ်အပေါင်းတို့နှင့် အတူတကွ နေထိုင်ကြကုန်သော ငါ၏တပည့်အပေါင်း ခုနစ်သောင်းလေးထောင်တို့သည်အချင်းချင်း ရိုသေခြင်း ရှိကြကုန်သည်ဖြစ်၏။ သူတစ်ပါးတို့ကို အနှောင့်အယှက်ဖြစ်စေသည့် ချေသံ၊ သန်းသံ၊ ချောင်းဟန့်သံမျှ မကြားရကုန်။ မိမိတို့ ရအပ်သော စွာန် သမာပတ်၊ အဘိညာဉ် ဂုဏ်ကျေးဇူးတို့နှင့် လျော်ကန်လျောက်ပတ် သင့်မြတ် တင့်တယ် ကြည်ညိုဖွယ်ရှိကြကုန်၏။

http://www.dhammadownload.com

ထိုသို့ ဈာန်သမာပတ်ဂုဏ် ရှိသည်အားလျော်စွာ မိမိတို့အချင်းချင်းရှိသေခြင်း ရှိကြကုန်သော ရသေ့အပေါင်းတို့သည် တစ်ယောက်နှင်းသော ခြေရာကို နောက်မှ အစဉ်လိုက်နင်းကြ၍ ငြိမ်သက်စွာလာကြ၏။ နည်းသောအသံ ရှိကုန်လျက် စောင့်စည်းသော ကိုယ်အမူအရာ နှုတ်အမူအရာ ရှိကြကုန်လျက် ငါ၏အထံသို့ ဆည်းကပ်၍ ရှိခိုးကြကုန်၏။

ဤကဲ့သို့ ရသေ့အပေါင်း ခုနစ်သောင်းလေးထောင်တို့ကို သင်ကြားဆုံးမ နေသော်လည်း ထိုတပည့်ရသေ့တို့ ရှာ၍ပေးသော သစ်သီးတို့ကိုသာလျှင် စားသုံး သော်လည်း ရသေ့တို့၏ လုပ်ကျွေးပေးကမ်းခြင်းကို တပ်မက်၍ နေသည်မဟုတ်။ ငါဆရာကြီးသည် ပြင်းစွာအားထုတ်ခြင်းဖြင့် ပကတိရင့်မာသော ပညာရှိရကား စတုတ္ထဈာန်သမာပတ်ကို ဝင်စား၍ ထိုဈာန်သမာပတ်ဖြင့်ပင် ထမ်းပိုး, ခြင်းတောင်း တံချူတို့ကို ဆောင်ယူကာ သစ်သီးရှာစားခြင်းငှာ တောသို့ဝင်၏။

တောမြိုင်ကြီးအတွင်း၌ တစ်ယောက်တည်းသာ သစ်သီးရှာ၍ စားသုံးပြီးသော အခါ ဆိတ်ငြိမ်ရာ၌နေ၍ နှုတ်ဝယ်ဆောင်အပ်သော ဗေဒင်ကျမ်းတို့ကို ထိုအခါ၌ ရွတ်အံသရဇ္ဈာယ်၍နေ၏။ ဥက္ကာကျခြင်း, မြေလှုပ်ခြင်း, နေကျစ်ခြင်း, လကျစ်ခြင်း တို့၏ အကျိုးအပြစ်တို့ကို ဆိုသော နိမိတ်ကျမ်း, အိပ်မက်တိတ္ထုကျမ်း, လက္ခဏာ ကျမ်း, နက္ခတ်ကျမ်း တို့ကိုကိုလည်း အဓိပ္ပာယ်နှင့်တကွ တတ်ကျွမ်းသည်ဖြစ်၍ နှုတ်ဝယ်ဆောင်ကာ နေ၏။

သုရစိရသေ့(၀၁)သာရဒရသေ့၏နေရာသို့ အနောမဒဿီမြတ်စွာဘုရား ကြွလာတော်မူခြင်း

ထိုသို့ နေတော်မူသောအခါတွင် အနောမဒဿီမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍ ဆိတ်ငြိမ်စွာနေခြင်းကို အလိုတော်ရှိသဖြင့် ငါဆရာကြီး၏နေရာ ဟိမဝန္တာသို့ ကြွလာတော်မူ၏။ မြတ်သော ကရုဏာတရားနှင့် ပြည့်စုံတော်မူသော၊ လူနတ်တို့ထက် လွန်မြတ်တော်မူသော၊ လူနတ်တို့၏ဦးစီး အကြီးအမှူးဖြစ်တော်မူသော အနောမဒဿီ မြတ်စွာဘုရား ထိုင်နေတော်မူသော အခါ၌ ညီသောရောင်ခြည်တော်တို့ဖြင့်လည်းကောင်း, ရွှေသောရောင်ခြည်တော် တို့ဖြင့်လည်းကောင်း, နီသော ရောင်ခြည်တော်တို့ဖြင့်လည်းကောင်း, ဖြူသော ရောင်ခြည်တော်တို့ဖြင့်လည်းကောင်း, မောင်းသော ရောင်ခြည်တော်တို့ဖြင့်လည်း

http://www.dhammadownload.com

ကောင်း၊ ဖိတ်ဖိတ်လက်လက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့ဖြင့်လည်းကောင်း ထွန်းလင်းတောက်ပ၍ နေတော်မူ၏။

ဤသို့ ချီးမွမ်းမကုန် ဥပမာပုံ ဂုဏ်ပေါင်းစုံသော လောကနာယက အနောမဒဿီ အမည်ရှိဆော မြတ်စွာဘုရားကို ငါဆရာရသေ့ကြီး ဖူးမြင်ရ၏။

သုရစိအမည်ရှိသော ငါဆရာသည် မြတ်စွာဘုရားကို ဖူးမြင်ရပြီး၍ "သဗ္ဗညုဘုရား ဟုတ်သလော မဟုတ်သလော" ဟု သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို စုံစမ်းကြည့်ရှု၏။ မြတ်စွာဘုရား၏ ခြေဖဝါးတော်၌ အကန့်တစ်ထောင်ရှိသော စက်လက္ခဏာတော်တို့ကို မြင်၍ သဗ္ဗညုဘုရားစင်စစ် ဧကန်ဖြစ်သည်ဟူ၍ စိတ်ကိုဆုံးဖြတ်၏။

ထိုသို့ ဆုံးဖြတ်ပြီး တံမြက်စည်းကိုယူကာ တံမြက်လှည်းပြီးလျှင် မြတ်စွာဘုရားကို ပန်းပွင့်တို့ဖြင့် ပူဇော်၏။ ပန်းတို့ဖြင့် ပူဇော်အပြီး ငါသည် လက်ဝဲဘက်ပခုံးထက်၌ သစ်နက်ရေသင်္ကန်းကို စံပယ်တင်သိုင်းလျက် ညာလေးဖြာတို့မှ လွတ်မြောက်တော်မူပြီး ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတို့မှ ကင်းတော်မူပြီးသော အနောမဒဿီမြတ်စွာဘုရားကို ရပ်လျက်သာလျှင် ရှိခိုး၍ နေ၏။

သုရစိ ရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းအံ့သြ ထောမနာခြင်းပြုလျက် ရှိခိုးပူဇော်၍နေစဉ် ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ် ဟူသော မာရ်ငါးပါးကို အောင်တော်မူပြီးသော အနောမဒဿီ မြတ်စွာဘုရားသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူ၏။

ထိုအခါ မြတ်စွာဘုရား၏ အလိုတော်ကို သိတော်မူသော နိသဘအမည်ရှိသော လက်ယာတော်ရံ အဂ္ဂသာဝက ရဟန္တာအရှင်မြတ်နှင့် လက်ဝဲတော်ရံ အနောမထေရ်မြတ်တို့သည် တစ်သိန်းသော ရဟန္တာအပေါင်းတို့ဖြင့် ခြံရံကုန်လျက် အနောမဒဿီမြတ်စွာဘုရားရှိရာ ဟိမဝန္တာအနီး လမ္ဘကတောင်တန်းရှိ သုရစိရှင်ရသေ့၏ သခိမ်းကျောင်းသို့ ကောင်းကင်ခရီး စွာန်ယာဉ်စီးလျက် ကြွလာတော်မူကြကုန်၏။ ရောက်သော် မြတ်စွာဘုရားကို လက်အုပ်ချီကာ မြတ်စွာဘုရား၏ ရှေ့တော်သို့ သက်ဆင်းကြကုန်၏။ ထိုမှ သင့်တင့်လျောက်ပတ်စွာ မြတ်စွာဘုရားကို ခြံရံလျက်ထိုင်တော်မူကြကုန်၏။

http://www.dhammadownload.com

လက်ယာရံ ဗျာဒိတ် ရတော်မူခြင်း

ထိုအခါ အနောမဒဿီ မြတ်စွာဘုရားသည် ရဟန်းတို့၏ အလယ်၌ စံပယ်တော်မူစဉ် ပြုံးတော်မူ၏။

အနောမဒဿီ မြတ်စွာဘုရား၏ အလုပ်အကျွေး ဥပဋ္ဌာက ဖြစ်တော်မူသော ဝရဏအမည်တော်ရှိ ရဟန်းသည် မြတ်စွာဘုရားပြုံးတော်မူသည်ကို တွေ့မြင်သော် ဤသို့ မေးလျှောက်၏။ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားတို့မည်သည်ကား အကြောင်းထူးမရှိက ပြုံးတော်မူမြဲ မဟုတ်ပါ။ အရှင်ဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်အကြောင်း ပါနည်း" ဟု မေးလျှောက်လေ၏။

ထိုသို့မေးလျှောက်သောအခါ အနောမဒဿီမြတ်စွာဘုရားက "ငါ၏ ဂုဏ်တော်တို့ကို ရွတ်ဆို၍ ရှိခိုးခြင်း၊ ပန်းပွင့်တို့ဖြင့် ပူဇော်ခြင်း၏ အကျိုးကြောင့် ဤနာရဒရသေ့သည် လူနတ်ဗြဟ္မာတို့၏ စည်းစိမ်ကို ခံစားစံစားရပြီးသည်၏ အဆုံးဘဝ၌ ပညာဧတဒဂ်ရ အဂ္ဂသာဝက ရဟန္တာဖြစ်၍ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရမည်" ဟု မိန့်တော်မူ၏။

ထို့ပြင် ပညာဧတဒဂ်ရ အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီး သာရိပုတ္တရာ၏ ပညာဉာဏ်ထက်မြက်ပုံ၊ ကြီးကျယ်ပုံ၊ လျင်မြန်ပုံတို့ကိုလည်း ဥပမာများဖြင့် ဤသို့ မိန့်တော်မူ၏။

ပညာကြီးပုံကို ဟောတော်မူခြင်း

"ချစ်သားရဟန်းတို့၊ ဤဂင်္ဂါမြစ်ကြီးသည် ဟိမဝန္တာတောင် အနောတတ္တအိုင်မှ အစပြု၍စီးလာပြီး မဟာသမုဒ္ဒရာသို့ဝင်၏။ ထိုဂင်္ဂါမြစ်ကြီးသည် များစွာသောရေတို့သည် လူအပေါင်းတို့၏ အလိုဆန္ဒကို ပြည့်စေ၏။ ရေ၏ကိစ္စဖြင့် လူအများတို့ နှစ်သက်အားရ ပြည့်ဝကြကုန်သကဲ့သို့ ဤသာရိပုတ္တရာ ရဟန္တာသည်လည်း မိမိပုဏ္ဏားမျိုးတို့ လေ့ကျက်အပ်သော ဗေဒင်သုံးပုံကို ကမ်းတစ်ဖက်ရောက် တတ်မြောက်ပြီး၍ အဂ္ဂသာဝက ပါရမီဉာဏ်အဆုံးသို့ရောက်ကာ ပညာ၏ကိစ္စ အားဖြင့် လူအများတို့ နှစ်သက်အားရ ပြည့်ဝခြင်းကို ဖြစ်စေလတ္တံ့။ ဟိမဝန္တာတောင် အနောတတ္တအိုင်မှ အစပြု၍ မဟာသမုဒ္ဒရာအရောက်စီးသော ဤဂင်္ဂါမြစ်ကြီး၏ အတွင်း၌ ပုလဲအဆင်းရှိကုန်သော သဲလုံးတို့သည် မရေမတွက်နိုင်အောင် များလှ

http://www.dhammadownload.com

စွာ၏။ ဟိမဝန္တာအစ သမုဒ္ဒရာအဆုံးရှိသော ဂင်္ဂါမြစ်ထဲ၌ သဲတို့ကို ရေတွက်ယူသော် ကုန်ဖွယ်ရာရှိသေး၏။ ပညာဇေတဝန်ရ အဂ္ဂသာဝကဖြစ်သော ရှင်သာရိပုတ္တရာ၏ ပညာသည် မကုန်နိုင်ရာသည်သာ ဖြစ်လတ္တံ့။

"ချစ်သားရဟန်းတို့၊ ယူဇနာပေါင်းရှစ်သောင်းလေးထောင် နက်ရှိုင်း၍ စကြဝဠာ တံတိုင်းအထိ ကျယ်ဝန်းစွာသော မဟာသမုဒ္ဒရာလေးစင်းတို့၌ တစ်ဂါဝုတ် ပမာဏရှိသည့် တရုဏ်လှိုင်းတို့ကို ရေတွက်၍ ကုန်ဖွယ်ရာ ရှိသေး၏။ ပညာဇေတဝန်ရ ရှင်သာရိပုတ္တရာ အဂ္ဂသာဝက ရဟန္တာ၏ ပညာသည် မကုန်နိုင်သည်သာ ဖြစ်လတ္တံ့"

ဤသို့ အနောမဒဿီ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာ အလောင်းလျာ ဖြစ်သော သုရုစိရသေ့အား ပညာအားဖြင့် လွန်ကဲစွာ ဖြစ်လတ္တံ့သော ပညာဂုဏ်ကို ချီးမွမ်းတော်မူပြီး၍ တစ်သောင်းသော လောကဓာတ်မှ လာရောက်ကုန်သော နတ်ဗြဟ္မာ အပေါင်းတို့ ဝန်းရံလျက် တစ်သိန်းသော ခီဏာသဝရဟန္တာတို့၏ အလယ်၌ ဤသို့ ဟောတော်မူပြန်၏။

လက်ယာရံ အဂ္ဂသာဝက

"ချစ်သားရဟန်းတို့၊ ဤ သုရုစိရသေ့သည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရောက်၍ နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမမြတ်စွာဘုရားကို နှစ်သက်တော်မူစေ၍ သာဝကပါရမီဉာဏ်အထွတ်အထိပ်သို့ ရောက်လျက် လက်ယာရံ အဂ္ဂသာဝက ရဟန္တာဖြစ်လတ္တံ့။ သကျပုတ္တ သာကီဝင်မင်း၏သားဖြစ်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဂေါတမြတ်စွာဘုရား၏ တရားစကြာ ဒေသနာတော်ကိုလည်း တစ်ဆင့်အားဖြင့် ထပ်၍လည်စေလတ္တံ့။ ထိုအလုံးစုံသော ရှင်သာရိပုတ္တရာ၏ ဂုဏ်ကို သိတော်မူ၍ သကျပုတ္တ ဂေါတမမြတ်စွာဘုရားသည် များစွာသောရဟန်းတို့၏ အလယ်၌ နေတော်မူ၍ ရှင်သာရိပုတ္တရာအား လက်ယာရံ အဂ္ဂသာဝကအရာ၌ ထားလတ္တံ့"ဟူ၍ အနောမဒဿီမြတ်စွာဘုရားသည် ဗျာဒိတ်စကားကို မိန့်ကြားတော်မူ၏။

အရှင်သာရိပုတ္တရာ ဥဒါန်းကျူးသော ဂါထာများ

အဂ္ဂသာဝက လက်ယာရံ ရဟန္တာ ပညာဇေတဝန်ရ ရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် ဤဘဒ္ဒကမ္ဘာမှ နောက်ဆုတ်ပြန်၍ ရေသည်ရှိသော် တစ်အသင်္ချေနှင့်

http://www.dhammadownload.com

ကမ္ဘာတစ်သိန်းထက်၌ သုရုစိမည်သော ရသေ့ဖြစ်၍ အနောမဒဿီ မြတ်စွာဘုရားအား ပန်းပွင့်တို့ဖြင့် ပူဇော်ခြင်း, ဉာဏ်တော်ဂုဏ်ကို ချီးမွမ်း၍ ရှိခိုးခြင်းတို့ကို ပြုဖူးသော ပုညသမ္ဘာရ ကုသိုလ်၏အစွမ်းအားဖြင့် အဂ္ဂသာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူ၍ ဝမ်းမြောက်သောစိတ်ဖြင့် ဤသို့ ဥဒါန်းကျူးတော်မူ၏။

အဟော မေ သုကတံ ကမ္မံ၊ အနောမဒဿိသ္သ သတ္ထုနော။
ယဿာဟံ ကာရံ ကတ္ဝာန၊ သဗ္ဗတ္ထ ပါရမိံ ဂတော။
အပရိမေယ္ယေ ကတံ ကမ္မံ၊ ဖလံ ဒဿေသိ မေ ဣဒံ။
သုမုတ္တော သရဝေဂေါ၀၊ ကိလေသေ ဈာပယိ အဟံ။

မေ၊ ငါသည်။ သုကတံ၊ ကောင်းစွာပြုအပ်သော။ ကမ္မံ၊ ပန်းပူဇော်ခြင်း, ဉာဏ်တော်ဂုဏ်ကို ချီးမွမ်း၍ ရှိခိုးခြင်း စေတနာကံသည်။ အဟော၊ ဩော် အံ့ဖွယ်ရှိပေစွတကား။ အနောမဒဿိသ္သ၊ အနောမဒဿီ အမည်တော်ရှိသော။ ယဿ သတ္ထုနော၊ အကြင်မြတ်စွာဘုရားအား။ အဟံ၊ ငါသည်။ ကာရံ၊ ပုညသမ္ဘာရဖြစ်သော ပန်းပူဇော်ခြင်း ရှိခိုးခြင်းကို။ ကတ္ဝာန၊ ပြုသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အဂ္ဂသာဝကအဖြစ်၌။ ပါရမိံ၊ ကမ်းတစ်ဖက်ရောက် ပြီးမြောက်ခြင်းသို့။ ဂတော၊ ရောက်၏။ သောဘဂဝါ၊ ထိုအနောမဒဿီ မြတ်စွာဘုရားသည်။ အဟော၊ ဩော် အံ့ဖွယ် ရှိပေစွတကား။

အပရိမေယ္ယေ၊ နှစ်တို့ဖြင့် မရေတွက်နိုင်သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌။ ကတံ၊ ပန်းပူဇော်ခြင်း, ဘုရားရှိခိုးခြင်းကို ပြုဖူးသော။ ကမ္မံ၊ ကုသိုလ်ကံသည်။ မေ၊ ငါ့အား။ ဣဒံ၊ ဤနောက်ဆုံးကာလ ယခုဘဝ၌။ ဖလံ၊ အကျိုးကို။ ဒဿေသိ၊ ပြ၏။ သုမုတ္တော၊ ကောင်းစွာပစ်လွှတ်အပ်သော။ သရဝေဂေါ၀၊ မြား၏အဟုန်ကဲ့သို့။ အဟံ၊ ငါသည်။ ကိလေသေ၊ ကိလေသာတို့ကို။ ဈာပယိ၊ လောင်ကျွမ်းစေနိုင်၏။ ဝါ၊ လောင်ကျွမ်း၍ ကုန်ခန်းစေနိုင်၏။

ငါပြုဖူးသော ကောင်းမှုကံသည် အလွန်အံ့ဖွယ်ရှိပေစွတကား။ ကံ၏အကျိုးသည် မကြေစည်နိုင်သော အစွမ်းအဟုန် ရှိပေစွတကား။ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်က ပြုဖူးသော ကောင်းမှုကံသည် ယခုအဆုံးဘဝ၌ အကျိုးကိုလည်း ပေးနိုင်စွတကား။ အဆုံးဘဝနိဗ္ဗာန်ကို မရသေးမီ ကျင်လည်၍နေရသော သံသရာ၌လည်း ဤကောင်းမှုကံသည် မရေတွက်နိုင် များစွာသောဘဝတို့၌ ဇာတ်စည်းစိမ်,

http://www.dhammadownload.com

နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ် အကျိုးတို့ကို ပေးနိုင်စွတကား။ အနောမဒဿီ မြတ်စွာဘုရားသည် အံ့ဖွယ်ဖြစ်ပေစွတကား။ ထိုမြတ်စွာဘုရားကို ပန်းပူဇော်ရခြင်းကြောင့် ဤမျှလောက်သော ချမ်းသာတို့ကို ငါရပေ၏တကားဟူ၍ ဝမ်းမြောက်ခြင်းဖြစ်တော်မူ၏။

အနာရောဂါနှိပ်စက်၍ အလွန်ဆင်းရဲလှသောသူသည် ထိုအနာရောဂါမှ လွတ်ရာလွတ်ကြောင်း ဆေးကောင်းတို့ကို ရှာသဖြင့် များစွာသော ဥစ္စာပစ္စည်းတို့ကို ပေး၍ ဆေးဆရာအမျိုးမျိုးတို့ကို ဆည်းကပ်သကဲ့သို့၊ ငါသည်လည်း ကိလေသာတည်းဟူသော အနာရောဂါနှိပ်စက်၍ အလွန်ဆင်းရဲလှသဖြင့် ကိလေသာ အနာရောဂါတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်းဖြစ်သော နိဗ္ဗာန်တည်းဟူသော ဆေးကောင်းကိုရှာသဖြင့် ကုဋ္ဌေရှစ်ဆယ်သောဥစ္စာတို့ကိုစွန့်၍ သာသနာပ ရသေ့ပရိဗိုဇ်တို့၏အဖြစ်သို့ကပ်၍ ရသေ့ပရိဗိုဇ်ပြုလုပ်သော ဘဝပေါင်းငါးရာ အစဉ်မပြတ် ဘဝမခြား တစ်ဆက်တည်းဖြစ်၍ သံသရာ၌ကျင်လည်ခဲ့ဖူး၏။

ကိလေသာမကင်းနိုင်

ထိုသို့ ဘဝပေါင်းငါးရာပတ်လုံး အစဉ်မပြတ် ဘဝမခြား တစ်ဆက်တည်းသွားသော ရသေ့ပရိဗိုဇ်အဖြစ်တို့၌ ထမ်းပိုးကောက်ဖြင့် ရသေ့ပရိက္ခရာတို့ကို ဆောင်ယူလျက် သစ်နက်ရေသင်္ကန်း, လျှော်တေသင်္ကန်းတို့ကို ဝတ်ရုံလျက် ဈာန်ကသိုဏ်းတို့ကို စီးဖြန်းအားထုတ်၍ အဘိညာဉ်ငါးပါးတို့ကို တစ်ဖက်ကမ်းရောက်ပြီးမြောက်အောင်မြင်၍ သေသည်၏နောက်၌ ဗြဟ္မာ့ပြည်သို့သာလျှင် ရောက်ရ၏။ ကိလေသာတည်းဟူသော အနာရောဂါ ကင်းလွတ်ပျောက်ငြိမ်းခြင်းမရှိ၊ ကိလေသာတည်းဟူသော အနာရောဂါမှ ကင်းလွတ်နိုင်သော နိဗ္ဗာန်ကို မရနိုင်။

ထို့ကြောင့် သာသနာပ ရသေ့ ပရိဗိုဇ်အဖြစ်၌ မြတ်စွာဘုရား၏ သာသနာတော်နည်းကို အပထား၍ ကိလေသာ အနာရောဂါတို့မှ စင်ကြယ်ကင်းလွတ်ခြင်းမရှိနိုင်။ အလုံးစုံသော ပညာရှိ ပုဂ္ဂိုလ်မြတ်တို့သည် မြတ်စွာဘုရား၏ သာသနာတော်၌သာ ဥဒယဗ္ဗယ ဝိပဿနာ ဖြစ်ခြင်း ပျက်ခြင်း ကမ္မဋ္ဌာန်းအလုပ်ဖြင့်သာလျှင် ကိလေသာ အနာရောဂါတို့မှ စင်ကြယ်စွာ ကင်းလွတ်နိုင်ကြကုန်၏။ မြေလျှိုးမိုးပျံ ကသိုဏ်း ဈာန် အဘိညာဉ်ကို ရရုံမျှဖြင့် ကိလေသာ အနာရောဂါ စင်ကြယ်စွာ ကင်းလွတ်ခြင်းမရှိနိုင် သာသနာပ ရသေ့ပရိဗိုဇ်အဖြစ်၌ ကသိုဏ်းဈာန်မျှကိုသာ

http://www.dhammadownload.com

ရှုဆင်ခြင်၍နေသော ဘဝဖြင့် ငါသည် လမ်းလွဲကို လိုက်၍ သံသရာ၌ များစွာ ကျင်လည်ခဲ့ရဖူးလှလေပြီ။

ဖြဟ္မာ့ပြည်သို့သာ

ဥပမာဆိုသည်ရှိသော် သစ်ပင်တို့၌ အနှစ်အသားကို အလိုရှိသောသူသည် ၄က်ပျောပင်ကိုခွာ၍ အနှစ်ကိုရှာသည်ရှိသော် အနှစ်ကိုရမည်ကား ဝေးစွ၊ အကာကို မျှလည်း မရနိုင်။ ၄က်ပျောပင်သည် အနှစ်အကာရှိသော သစ်ပင်မျိုးမဟုတ်။ အခွံအဖတ် တို့သာလျှင်ရှိသော သစ်ပင်မျိုးတည်း။ ၄က်ပျောပင်၌ အနှစ်ကိုရှာ၍မရ သကဲ့သို့ သာသနာပ ရသေ့ပရိဗိုဇ် အဖြစ်၌ ဈာန်ကသိဏ်းမျှကိုသာလျှင် ရှု၍ အားထုတ်သဖြင့် နိဗ္ဗာန်မဂ်ဖိုလ်တည်းဟူသော အနှစ်ကို မရနိုင်။ ဈာန်ကသိဏ်းမျှကိုသာရှုသော ရသေ့ပရိဗိုဇ်အဖြစ်၌ နိဗ္ဗာန် မဂ်ဖိုလ်တည်းဟူသော အနှစ်သာရရှိသော တရားသဘောမျိုးကို တွေ့မည်မဟုတ်။ ထိုဈာန်ကသိဏ်းမျှဖြင့် သေခြင်း, အိုခြင်း, ပဋိသန္ဓေ နေခြင်း, ဖြစ်ခြင်း, ပျက်ခြင်း မကင်းမလွတ်မူ၍ ဖြစ်ပျက်ခြင်းကင်းလွတ်သော နိဗ္ဗာန်သို့ မရောက်။ ဖြဟ္မာ့ပြည်သို့သာ ရောက်ကြရကုန်၏။

ထို ဖြစ်ခြင်းပျက်ခြင်း မကင်းသော ဖြဟ္မာ့ပြည်သို့ ပိုးပုရွက်မှစ၍ အနန္တသတ္တဝါ တို့ပင်လျှင် ရောက်ကြရကုန်၏။ ကမ္မာပျက်တိုင်းပျက်တိုင်း ဖြဟ္မာ့ပြည်သို့ ရောက်၍ နေကြရသော သတ္တဝါတို့၏သံသရာသည် အစမထင် ရှည်ကြာလှစွာ၏။

ငါသည် ယခုအဆုံးဘဝတွင်လည်း ပုဏ္ဏားမျိုး၌ဖြစ်၍ များစွာသော ဥစ္စာတို့ကို စွန့်လျက် သာသနာမှ အပဖြစ်သော ပရိဗိုဇ်အဖြစ်၌ပင် နေရပြန်သေး၏။ ဗေဒင်သုံးပုံကို တတ်မြောက်သော သဋ္ဌယသိဉ္ဇည်းအမည်ရှိသော ပုဏ္ဏားပရိဗိုဇ်ဆရာကြီး အထံ၌ တပည့်ခံ၍ နည်းယူသော်လည်း နိဗ္ဗာန်တည်းဟူသော အနှစ်သာရကိုမရ။ တစ်ဖန် ဇမ္ဗူဒိပ်ကျွန်း မြေပြင်၌ နေရာအနှံ့လှည့်လည်၍ နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို ရှာဖွေရာတွင် အဿဇိထေရ်အရှင်နှင့် တွေ့ကြုံမှ နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို ငါသဘောပေါက်မိ၏။

ထိုနောက် မြတ်စွာဘုရား၏အထံသို့ရောက်၍ ပရိဗိုဇ်အဖြစ်မှပယ်စွန့်လျက် သာသနာတော်ထမ်း ရဟန်းအဖြစ်ကိုရယူကာ သာဝကပါရမီဉာဏ်အဆုံးသို့ ရောက်ရ၏။ မြတ်စွာဘုရားကိုဖူးမြင်ရမှ ပြည့်စုံသော အလိုဆန္ဒရရှိ၏။ လိုအပ်တောင့်တအပ်သော အကြိအစည်များသည် ပြီးဆုံးခြင်းသို့ရောက်၏။

http://www.dhammadownload.com

ထိုအကြောင်းကို ထုတ်ဖော်၍ပြလိုသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြားတော်မူ၏။

ဘုရားရှင်ကို လျှောက်ကြားသော ဂါထာများ

အပရိယောသိတသင်္ကပ္ပေါ၊ ကုတိတ္ထေ သဉ္ဇရိံ အဟံ။
တဝ ဒဿနမာဂမ္မ၊ သင်္ကပ္ပေါ ပူရိတော မမ။

ဘန္တေ၊ ဘုန်းတော်နေဝန်း တောက်ထွန်းတော်မူသော မြတ်စွာဘုရား။ အဟံ၊ သာရိပုတ္တရာခေါ် တပည့်တော်သည်။ အပရိယောသိတသင်္ကပ္ပေါ၊ တောင့်တအပ်သော အဂ္ဂသာဝကဆု ပြီးဆုံးခြင်းသို့ မရောက်မူ၍။ ကုတိတ္ထေ၊ လမ်းလွဲဖြစ်သော သာသနာပ ပရဗိုဇ်အဖြစ်၌။ သဉ္ဇရိံ၊ လှည့်လည်၍ နေခဲ့ရပါ၏။ ဘန္တေ၊ လောကဇေဌ သုံးလောကထက် မြတ်တော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရားအား။ ဒဿနံ၊ ဖူးမြင်ရခြင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ မမ၊ သာရိပုတ္တရာ ခေါ် တပည့်တော်၏။ သင်္ကပ္ပေါ၊ အကြံအစည်သည်။ ပူရိတော၊ ပြည့်စုံရပါ၏ဘုရား။

ပထဝိယံ ပတိဋ္ဌာယ၊ ပုပ္ဖန္တိ သမယေ ဒုမာ။
ဒိဗ္ဗဂန္ဓာ သမ္ပဝန္တိ၊ တောသေန္တိ သဗ္ဗပါဏိနံ။
တထေဝါဟံ မဟာဝီရ၊ သကျပုတ္တ မဟာယသ။
သာသနေ တေ ပတိဋ္ဌာယ၊ သမယေ'သာမိ ပုပ္ဖိတုံ။
ဝိမုတ္တိပုပ္ဖံ ဧသန္တော၊ ဘဝသံသာရမောစနံ။
ဝိမုတ္တိပုပ္ဖလာဘေန၊ တောသေမိ သဗ္ဗပါဏိနံ။

ပထဝိယံ၊ မြေ၌။ ပတိဋ္ဌာယ၊ တည်၍။ ဒုမာ၊ သစ်ပင်တို့သည်။ သမယေ၊ ပွင့်ချိန်ကျသောအခါ၌။ ပုပ္ဖန္တိ၊ ပွင့်ကြကုန်၏။ ဒိဗ္ဗဂန္ဓာ၊ နတ်ပန်း ရနံ့တို့ကို။ သမ္ပဝန္တိ၊ လှိုင်စေကုန်၏။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့အား။ တောသေန္တိ၊ နှစ်သက်စေကုန်၏။

တထေဝ၊ ထို့အတူပင်လျှင်။ မဟာဝီရ၊ ကြီးသော လုံ့လရှိတော်မူသော။ သကျပုတ္တ၊ သာကီဝင်မင်းသား ဖြစ်တော်မူသော။ မဟာယသ၊ များမြတ်သော ခြံရံကျော်စောခြင်း ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပတိဋ္ဌာယ၊ တည်၍။ အဟံ၊ သာရိပုတ္တရာခေါ် တပည့်တော်သည်။ ပုပ္ဖိတုံ၊ ပွင့်ခြင်းငှာ။ သမယံ၊ အခါကို။ ဧသာမိ၊ ရှာ၍နေပါ၏။

http://www.dhammadownload.com

ဘဝသံသာရမောစနံ၊ သံသရာမှ လွတ်ကင်းရာဖြစ်သော။ ဝိမုတ္တိပုပ္ဖံ၊ အရဟတ္တဖိုလ်ပန်းပွင့်ကို။ ဧသန္တော၊ ရှာလျက်နေသော တပည့်တော်သည်။ ဝိမုတ္တိပုပ္ဖလာဘေန၊ အရဟတ္တဖိုလ်ပန်းပွင့်ကို ရသဖြင့်။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့အား။ တောသေမိ၊ နှစ်သက်စေနိုင်ပါ၏။

ယာဝတာ ဗုဒ္ဓခေတ္တမ္ဒိ၊ ဌပေတွာန မဟာမုနိ်။
ပညာယ သဒိသော နတ္ထိ၊ တဝ ပုတ္တသ စက္ခုမ။

ယာဝတာ၊ အကြင်မျှလောက် စကြဝဠာ ကုဋေတစ်သိန်းရှိသော။ ဗုဒ္ဓခေတ္တမ္ဒိ၊ တစ်ဆူသော ဘုရားတို့၏ပွင့်ရာ ဗုဒ္ဓခေတ်၌။ မဟာမုနိ်၊ မြတ်စွာဘုရားကို။ ဌပေတွာန၊ ထား၍။ စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ ပုတ္တသ၊ သားတော်အစစ်ဖြစ်သော သာရိပုတ္တရာ၏။ ပညာယ၊ ပညာနှင့်။ သဒိသော၊ တူသောသူသည်။ နတ္ထိ၊ မရှိပါဘုရား။

ဂုဏ်တော်ကို ချီးမွမ်း၍ လျှောက်ခြင်း

မြတ်သော အခြံအရံရှိတော်မူသော မြတ်စွာဘုရား၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ဆုံးမအပ်ပြီး ယဉ်ကျေးပြီး၍ ဝိနည်းသိက္ခာ ကျင့်မြတ်စွာ၌ ကောင်းစွာ ကျင့်တတ် သင်ပြအပ်သော တပည့်ရဟန်းတို့သည် အရှင်ဘုရားကို ကြည်ညိုလေးမြတ် ခြံရံအပ်ကုန်၏။

ဈာန်ငါးပါး၌ လေ့လာ မွေ့လျော်ကုန်သော ရဟန်းတို့သည်လည်းကောင်း, ငြိမ်သက်တည်ကြည်သော သမာဓိရှိကုန်သော ရဟန်းတို့သည်လည်းကောင်း, အလိုနည်းခြင်း အပို့စွဂုဏ်နှင့် ပြည့်စုံသော ရဟန်းတို့သည်လည်းကောင်း, ရရသမျှ အာဟာရဖြင့် မျှတရောင့်ရဲခြင်း ရှိကုန်သော ရဟန်းတို့သည်လည်းကောင်း, အစာအာဟာရ၌ လျှပ်ပေါ်လော်လီခြင်းမရှိ၊ နည်းသော အာဟာရ တစ်ထပ်စာမျှဖြင့် ရောင့်ရဲတင်းတိမ်ကြသော ရဟန်းတို့သည်လည်းကောင်း, အရည်ကင်ဓတင်ကို ဆောင်ကုန်လျက် တောကျောင်း၌သာလျှင် မွေ့လျော်ခြင်းရှိကြကုန်သော ရဟန်းတို့သည်လည်းကောင်း, တိစီဝရိတ် ဓုတင်ကို ဆောင်ကုန်လျက် လူခစီဝရခေါင်းပါးသော သက်နှံးဖြင့် ရောင့်ရဲတင်းတိမ်ကြကုန်သော ရဟန်းတို့သည်လည်းကောင်း အရှင်ဘုရားကို အမြဲ ခြံရံ၍ နေကြကုန်၏။

http://www.dhammadownload.com

မင်္ဂ၌တည်သော ရဟန်းတို့သည်လည်းကောင်း, ဖိုလ်၌တည်သော ရဟန်းတို့သည်လည်းကောင်း, အထက်မင် အထက်ဖိုလ်ကို အလိုရှိ၍ ကျင့်ဆဲသိက္ခာ ရှိကြကုန်သော သေက္ခပုဂ္ဂိုလ် ရဟန်းမြတ်တို့သည်လည်းကောင်း, သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီးသော ရဟန်းတို့သည်လည်းကောင်း အရှင် ဘုရားကို အမြဲ ခြံရံ၍ နေကြကုန်၏။

သတိပဋ္ဌာန်တရား၌ လိမ္မာကုန်သော ရဟန်းတို့သည်လည်းကောင်း, သမာဓိဘာဝနာ၌ မွေ့လျော်ကြကုန်သော ရဟန်းတို့သည်လည်းကောင်း အရှင်ဘုရားကို အမြဲ ခြံရံကြကုန်၏။

ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော တေဝိဇ္ဇ ရဟန်းတို့သည်လည်းကောင်း, အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော ဆဠဘိည ရဟန်းတို့သည်လည်းကောင်း, တန်ခိုးကြွဒွိ၌ အထွတ်အထိပ်သို့ ရောက်ကုန်သော ရဟန်းတို့သည်လည်းကောင်း, ပဋိသမ္ဘိဒါ လေးပါး၌ အထွတ်အထိပ်သို့ ရောက်ကုန်သော ရဟန်းတို့သည်လည်းကောင်း အရှင်ဘုရားကို အမြဲခြံရံကြကုန်၏။

ဤသို့ဆိုအပ်ပြီးသော တပည့်ရဟန်းတို့သည် အရှင်ဘုရားကို အမြဲ ခြံရံကြကုန်၏။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ထိုကဲ့သို့သာ ရုပ်အထူးရှိကုန်သော တပည့်အပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ သားတို့သနင်း ခြသေ့မင်းကဲ့သို့လည်းကောင်း, နက္ခတ္တရာဇာ ရောင်ဝါထွန်းလင်း ရွှေလမင်းကဲ့သို့လည်းကောင်း မြတ်စွာဘုရားသည် တင့်တယ်လျောက်ပတ် မြတ်သော အခြံအရံ ရှိတော်မူ၏။ အလုံးစုံသောသစ်ပင်တို့သည် မြေ၌ တည်၍ ပေါက်ရောက်ကြီးပွားခြင်းသို့ ရောက်ကြကုန်၏။ ထိုသစ်ပင်အပေါင်းတို့သည် မြေ၌တည်၍ အသီးကို ဆောင်ကြကုန်၏။

ပထဝီမြေကြီးနှင့်တူပုံ

သာကီဝင် မင်းသားဖြစ်တော်မူသော မြတ်သော အခြံအရံ ရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ပထဝီမြေကြီးနှင့်တူတော်မူ၏။ အရှင်ဘုရား၏ ဆုံးမသြဝါဒ သာသနာတော်၌ တည်ကြကုန်သော သစ်ပင်နှင့်တူကုန်သော ရဟန်းအပေါင်းတို့သည် သောတာပတ္တိဖိုလ် တည်းဟူသော အသီး, သကဒါဂါမိဖိုလ် တည်းဟူသော အသီး, အနာဂါမိဖိုလ်တည်းဟူသော အသီး, အရဟတ္တဖိုလ်တည်း

http://www.dhammadownload.com

ဟူသော အသီး တို့ကိုလည်း ဆောင်ကြကုန်၏။ ထို့ကြောင့် အရှင်မြတ်သည် ပထ၀ီမြေကြီးနှင့်တူတော်မူ၏။

မဟာသမုဒ္ဒရာနှင့်တူတော်မူပုံ

သိန္ဓု, သရဿတီ, နန္ဒိယ, စန္ဒဘာဂ, ဂင်္ဂါ, ယမုနာ, အစိရ၀တီ, မဟီ, သရဘူ ဟူသော မြစ်ကြီးမြစ်ငယ်တို့သည် မဟာသမုဒ္ဒရာသို့ ဆိုက်ရောက်ကြကုန်၏။ မဟာသမုဒ္ဒရာသို့ ဆိုက်ရောက်သောအခါ၌ ထိုမြစ်ကြီး မြစ်ငယ်ရေတို့သည် မိမိမူလအမ်ည်ကို ဖျောက်၍ "မဟာသမုဒ္ဒရာရေ"ဟူ၍ ထင်ရှားကြလေကုန်၏။ ထိုအတူပင်လျှင် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဆင်းရဲမျိုး, ဒွန်းစဏ္ဍားမျိုး, ပန်းမှိုက်သွန်မျိုးစသော အလုံးစုံသော အမျိုးတို့သည် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်၍ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုကြကုန်သည်ရှိသော် မိမိတို့၏ မူလအမည်ကိုဖျောက်၍ "ဘုရားသားတော်"ဟူ၍သာလျှင် ထင်ရှားကြကုန်၏။ ထို့ကြောင့် အရှင်မြတ်သည် မဟာသမုဒ္ဒရာနှင့် တူတော်မူ၏။

လမင်းနှင့်တူတော်မူပုံ

မိုးခိုး, မြူ, တိမ်, အသူရိန်, ဆီးနှင်း, ငါးပါးသော မှောင်ယုက်ခြင်းမှ လွတ်ကင်းစင်ကြယ် ကောင်းကင်လယ်၌ တင့်တယ်စွာသွားသောလမင်းသည် အလုံးစုံသော နက္ခတ်တာရာ ကြယ်အပေါင်းတို့ထက် အရောင်အားဖြင့် ထွန်းလင်းတောက်ပ၏။ ထိုအတူပင်လျှင် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားသည် သုံးဘုံလောက ကောင်းကင်၀ယ် ကြွသွားတော်မူသော အရှင်ဘုရားအား များစွာကုန်သော ရဟန္တာ အပေါင်းတို့ဖြင့် ခြံရံလျက် အလုံးစုံသော ရဟန္တာအပေါင်းတို့ထက် တန်ခိုးတော် အားဖြင့် ထွန်းလင်းတောက်ပတော်မူ၏။ ထို့ကြောင့် လမင်းနှင့် တူတော်မူသော မြတ်စွာဘုရား။

ဘုရားကို မတွေ့ရ မဖူးရသူတို့ ဆင်းရဲတာရှည်ပုံ

အဂ္ဂသာ၀က လက်ယာတော်ရံ ပညာဇတဒဂ်ရ အရှင်သာရိပုတ္တရာမဟာထေရ်သည် မြတ်စွာဘုရား၏ မနှိုင်းယှဉ်အပ်သော ဂုဏ်တော်တို့ကို ချီးမွမ်းတော်မူပြီး၍ ထိုကဲ့သို့သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား

http://www.dhammadownload.com

တို့ကိုမဖူးမြင်ရ မတွေ့ကြုံရသဖြင့် သံသရာဘဝပေါင်းများစွာတို့၌ ကျင်လည်၍ နေရသောကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခကြီးမားပုံကို ဥပမာဖြင့် ထင်စွာပြလိုသောကြောင့် ဤသို့ ဟောတော်မူပြန်၏။

အို... တပည့်အပေါင်းတို့၊ သံသရာဝဋ်ဆင်းရဲဒုက္ခကြီးမားလှသည်ကို ဥပမာအားဖြင့် ဆိုသည်ရှိသော် အကြင်တစ်စုံတစ်ယောက်သောသူသည် မိမိဦးခေါင်းပေါ်၌ အချိန် တစ်ရာ၊ အချိန်တစ်ထောင် လေးလှစွာသော ဝန်ထုပ်ကြီးကို ရွက်ဆောင်၍ အခါ ခပ်သိမ်း အစဉ်မပြတ် နေရငြားအံ့၊ ထိုသူသည် ဝန်ထုပ်ကြီး ဖိစီးနှိပ်စက်ခြင်းဖြင့် အစဉ်မပြတ် ဆင်းရဲခြင်းသည် ဖြစ်ရာ၏။

ထို့အတူပင်လျှင် ငါသည်လည်း ရာဂမီး, ဒေါသမီး, မောဟမီး, ဤမီးသုံးမျိုးတို့ဖြင့် အမြဲပူလောင်လျက် လူနတ်ဗြဟ္မာ သံသရာဘဝတို့၌ မြင်းမိုရ်တောင်ကြီးကို ဦးခေါင်းပေါ်၌ ရွက်ဆောင်၍ ထားရသကဲ့သို့ ဘဝသံသရာတည်းဟူသော ဝန်ထုပ်ကြီးကို အမြဲဆောင်၍ အမြဲထမ်းရွက်၍ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဆင်းရဲခြင်းကို ခံစားခဲ့ရပေသည်။

အို... တပည့်အပေါင်းတို့၊ ယခုအခါ၌ မနှိုင်းယှဉ်အပ်သောဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို မြင်ရ ဖူးရ တွေ့ကြုံရပြီးလျှင် သက္ကပုတ္တဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ပြုအပ်သမျှ မဂ်ကိစ္စကိုပြုလုပ်၍ ပြီးမြောက် အောင်မြင်ခြင်းရှိရကား သာရိပုတ္တရာခေါ် ငါထေရ် ကျော်သည် ဘဝသံသရာ တည်းဟူသော ဝန်ထုပ်ကြီးကို စွန့်ပယ်ပစ်ချအပ်ပြီ။ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲခြင်းဖြင့် အစဉ်မပြတ် နှိပ်စက်၍နေသော ခန္ဓာဝန်ကြီးကို ပယ်စွန့်ပစ်ချအပ်ပြီ။

စကြဝဠာ ကုဋေတစ်သိန်းရှိသော ငါတို့ဆရာ မြတ်စွာဘုရား၏ အာဏာတော် ပျံ့နှံ့ရာ ဗုဒ္ဓခေတ်အတွင်း၌ ပညာအားဖြင့် ငါနှင့်တူသော သူသည်လည်း တစ်စုံတစ်ယောက်မျှမရှိ။ ဈာန်သမာဓိအရာ၌လည်း ကောင်းစွာ လိမ္မာကျွမ်းကျင်လျင်မြန် ထက်မြက်သည်ဖြစ်၍ တန်ခိုးအရာ၌ အထွတ်အထိပ်သို့ရောက်၏။ ငါသည် ယခု အလိုရှိငြားအံ့၊ ယခုပင်လျှင် တစ်ထောင်သော ရဟန်းတို့ကို ဖန်ဆင်းနိုင်၏။

အစဉ်အတိုင်း ဝင်စားအပ်သော နိရောဓသမာပတ်၏ အရာ၌လည်း ဝသီဘော်ဖြင့် လေ့လာ တော်မူနိုင်သော မြတ်စွာဘုရားသည် ငါ့အား ဟောကြားဆုံးမအပ်ပြီးသည်ဖြစ်၍ ထိုနိရောဓသမာပတ်သည် ငါ၏အိပ်ရာဖြစ်၏။ သမာဓိ၌

http://www.dhammadownload.com

လိမ္မာသော ငါသည် ဒိဗ္ဗစက္ခု အဘိညာဉ်၌လည်း ကောင်းစွာစင်ကြယ်၏။ သမ္မပွဓာန်, ဗောဇ္ဈင်တရားတို့၌လည်း ကောင်းစွာ မွေ့လျော်၏။

သာဝကများ ရထိုက်သော တရားအလုံးစုံကိုပင်လျှင် ငါသည် ကမ်းတစ်ဖက်ရောက် တတ်မြောက်ပြီးစီး၏။ မြတ်စွာဘုရားကိုထား၍ ငါနှင့်တူသောသူ တစ်စုံတစ်ယောက်မျှမရှိ။

ဤမျှလောက် အာနုဘော်ကြီး၍ ဂုဏ်ထူးဝိသေသရှိသော်လည်း ငါ၌ မာန်မာန တက်ကြွထောင်လွှားခြင်းမရှိ။ အဆိပ်မရှိသောမြွေကဲ့သို့လည်းကောင်း, ဦးချိုမရှိသော နွားလားကဲ့သို့လည်းကောင်း၊ ပယ်ချအပ်ပြီးသော မာနရှိသည်ဖြစ်၍ ရဟန်းတို့၏အထံသို့ ရှိသေခြင်း မြတ်နိုးခြင်း လေးမြတ်ခြင်းရှိသည်ဖြစ်၍ကပ်ရောက်နေထိုင်၏။ ငါ၏ပညာသည် ရုပ်တရားကဲ့သို့ ဖြစ်ငြားအံ့။ မြေအပြင်ကို အစိုးရသော မင်းအပေါင်းတို့နှင့်အမျှ ဖြစ်ရာ၏။ ညီမျှစွာရအောင် ဝေပေးရာ၏။ ဤသို့ငါ၏ပညာကြီးခြင်းသည်ကား အနောမဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်း၍ ရှိခိုးခြင်း၏အကျိုးပင်ဖြစ်၏။

သကျပုတ္တဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ပိဋကတ်သုံးပုံတည်းဟူသော တရားဒေသနာ စက်ရတနာ အလုံးစုံကို အကုန်အစင် ငါဟောနိုင်၏။ ဤသည်ကား အနောမဒဿီမြတ်စွာဘုရား၏ ဉာဏ်တော်ကို ပူဇော်ချီးမွမ်းရှိခိုးခြင်း၏ အကျိုးပင်ဖြစ်၏။

အရှင်သာရိပုတ္တရာ မိန့်ခဲ့သော ဂါထာများ

မာ မေ ကဒါစိ ပါပိစ္ဆော၊ ကုသီတော ဟီနဝီရိယော။
အပွဿုတော အနာဒရော၊ သမေတော အဟု ကတ္ထစိ။
ဗဟုဿုတော စ မေဓာဝီ၊ သီလေသု သုသမာဟိတော။
စေတောသမထာနုယုတ္တော၊ အပိ မုဒ္ဓနိ တိဋ္ဌတု။
တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ။
အပိစ္ဆာ ဟောထ သန္တုဋ္ဌာ၊ စျာယီ စျာနရတာ သဒါ။

ပါပိစ္ဆော၊ ယုတ်မာသော အလိုဆိုးရှိသော သူသည်လည်းကောင်း။ ကုသီတော၊ ပျင်းရိသော သူသည်လည်းကောင်း။ ဟီနဝီရိယော၊ စျာန်သမာဓိ ဘာဝနာတို့၌ အားမထုတ် လျော့ယုတ်သော လုံ့လရှိသော သူသည်လည်းကောင်း။ အပွဿုတော၊

http://www.dhammadownload.com

ဂန္ဆဒုရ, ဝိပဿနာဒုရတို့မှ ကင်းသည်ဖြစ်၍ အကြားအမြင် နည်းပေါသူသည်လည်းကောင်း။ အနာဒရော၊ ဆရာဥပဇ္ဈာယ်တို့၌ ဝတ်အကျင့်မှ ကင်းသည်ဖြစ်၍ မသင့်မလျော် မရိုမသေကျင့်သောသူသည်လည်းကောင်း။ မေ၊ ငါနှင့်။ ကဒါစိ၊ တရံတစ်ခါမျှ။ ကတ္ထစိ၊ တစ်စုံတစ်ခုသော အရပ်၌။ သမေတော၊ ပေါင်းဖက်မိသည်။ မာအဟု၊ မဖြစ်စေသတည်း။

ဗဟုသုတော၊စ၊ ပရိယတ္တိ, ပဋိဝေဓ နှစ်ဝသော ဗဟုသုတရှိသော သူသည်လည်းကောင်း။ မေဓာဝီ၊ ပညာအမြော်အမြင်ရှိသောသူသည်လည်းကောင်း။ သီလေသု၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလတို့၌။ သမာဟိတော၊စ၊ ကောင်းစွာ တည်သော်သူသည်လည်းကောင်း။ စေတောသမထာနုယုတ္တော၊စ၊ စိတ်တည်ကြည်ခြင်း၌ အမြဲယှဉ်သောသူသည်လည်းကောင်း။ အပိမုဒ္ဓနိ၊ ငါ၏ ထိပ်ပေါ်၌သော်လည်း။ တိဋ္ဌတု၊ တည်စေသတည်း။

ဘဒ္ဒန္တေ၊ အို တပည့်အပေါင်း သူတော်ကောင်းတို့။ ဝေါ၊ သင်တို့အား။ ဝဒါမိ၊ ငါ မှာခဲ့ပါအံ့။ ဇတ္ထ၊ ဤဘုရား၏ သာသနာတော်၌။ သမာဂတာ၊ ကောင်းစွာဝင်ရောက်၍ လာကြကုန်သော။ ယာဝတာ၊ အကြင်မျှလောက် ရှိသမျှဥဿုံ အလုံးစုံသော တပည့်အပေါင်းတို့သည်။ အပ္ပိစ္ဆာ၊ အလိုနည်းကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ သန္တုဋ္ဌာ၊ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ စျာယီ၊ အာနာပါန စသည်တန်တန် ငါးရပ်စျာန်ကို ဖန်ဖန်ထပ်ထပ် မပြတ်မမေ့ ရှုလေ့ရှိကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ စျာနရတာ၊ စျာန်ရှုခြင်း၌ မွေ့လျော်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ တေသု၊ ထိုငါယခု မှာထားခဲ့သော တရားတို့၌။ သဒါ၊ အခါခပ်သိမ်း။ ဟောထ၊ မမေ့မလျော့ ဖြစ်ကြပါကုန်လော့။

ဆရာရှိရာသို့ ဦးခေါင်းထား၍ ကျိန်းစက်တော်မူပုံ

ယမဟံ ပဌမံ ဒိသွာ၊ ဝိရဇော ဝိမလော အဟုံ။
သော မေ အာစရိယော မိရော၊ အဿဇိ နာမ သာဝကော။
တဿာဟံ ဝါဟသာ အဇ္ဇ၊ ဓမ္မသေနာပတိ အဟုံ။
သဗ္ဗတ္ထ ပါရမိံ ပတ္တော၊ ဝိဟရာမိ အနာသဝေါ။
ယော မေ အာစရိယော အာသိ၊ အဿဇိ နာမ သာဝကော။
'ယဿံ ဒိသာယံ ဝသတိ၊ ဥဿီသမှိ ကရောမဟံ။

http://www.dhammadownload.com

အဟံ၊ သာရိပုတ္တရာခေါ် ငါထေရ်ကျော်သည်။ ယံ၊ အကြင်အသဒိ အရှင်မြတ်ကို။ ပဌမံ၊ ရှေးဦးစွာ။ ဒိသွာ၊ တွေ့မြင်ရ၍။ ဝိရဇော၊ ကိလေသာမြူကင်းသည်။ ဝိမလော၊ ကိလေသာ အညစ်အကြေးကင်းသည်။ အဟုံ၊ ဖြစ်၏။ အသဒိ နာမ၊ အသဒိ အမည်တော်ရှိသော။ သာဝကော၊ ဘုရား၏တပည့်ဖြစ်သော။ သောဓိရော၊ ထိုပညာရှိ အရှင်မြတ်သည်။ မေ၊ ငါ၏။ အာစရိယော၊ ဆရာတည်း။

တသ၊ ထိုငါ၏ဆရာ အသဒိထေရ်မြတ်၏။ ဝါဟသာ၊ အစွမ်းအားဖြင့်။ အဟံ၊ ငါသည်။ အဇ္ဇ၊ ယခု။ ဓမ္မသေနာပတီ၊ တရားစစ်သည်မှူးသည်။ ဝါ၊ တရားစစ်သူကြီးသည်။ အဟုံ၊ ဖြစ်ရ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော အဂ္ဂသာဝက အရာ၌။ ပါရမိ၊ အထွတ်အထိပ်သို့။ ပတ္တော၊ ရောက်၍။ အနာသဝေါ၊ အာသဝေါကင်းလျက်၊ ဝိဟာရာမိ၊ နေရ၏။

ယော၊ အကြင်အသဒိ အရှင်မြတ်သည်။ မေ၊ ငါ၏။ အာစရိယော၊ ဆရာသည်။ အာသိ၊ဖြစ်ခဲ့ပြီ။ အသဒိနာမ၊ အသဒိအမည်တော်ရှိသော။ သာဝကော၊ ဘုရားတပည့်ဖြစ်သော။ သောအစရိယော၊ ထိုဆရာသည်။ ယသ် ဒိသာယံ၊ အကြင်အရပ်၌။ ဝသတိ၊ နေတော်မူ၏။ အဟံ၊ သာရိပုတ္တရာခေါ် ငါထေရ်ကျော်သည်။ တံဒိသံ၊ ထိုငါ၏ဆရာ အသဒိထေရ်ရှိရာ အရပ်သို့။ ဥဿီသမိ၊ ဦးခေါင်းလှည့်၍ အိပ်ခြင်းကို။ ကရောမိ၊ ပြု၏။

အရှင်သာရိပုတ္တရာထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်မဟာစမာဂ္ဂလာန်ထေရ် အပဒါန်ဝတ္ထု

အရှင်မဟာမောဂ္ဂလာန်ထေရ်သည် နိယတဗျာဒိတ်ကို မရမီ ပတ္ထနာဆုတောင်းဖြင့် အဂ္ဂသာဝက လက်ဝဲရံ ရဟန္တာဆုကိုတောင်းလျက် ရှေးရှေးသော ဘုရားတို့၏ အထံတော်၌ ပြုအပ်သော ပါရမီအထူး ရည်စူးနှလုံးသွင်းသည် ဖြစ်၍ ထိုထိုဘဝများစွာတို့၌ ဝဋ်ဆင်းရဲ ကင်းလွတ်ကြောင်း ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးဖြည့်ကျင့်သည်။ အောက်ဆုံး အပိုင်းအခြားအားဖြင့် တစ်အသင်္ခေ်နှင့် ကမ္ပာတစ်သိန်း ပတ္ထနာကာလပတ်လုံး ပါရမီကို ဖြည့်ကျင့်ပြီး အနောမဒဿီ မြတ်စွာဘုရား

http://www.dhammadownload.com

ပွင့်တော်မူသောအခါ သိရိဝမုနသူကြွယ်ဖြစ်၍ ပထမအကြိမ် နိယတဗျာဒိတ်ကို ရ၏။

ထိုသိရိဝမုနသူကြွယ်၏ဘဝမှ စုတေပြန်၍ နတ်ပြည်၌ဖြစ်သည်။ နတ်ပြည်မှ စုတေပြန်၍ နဂါးပြည်၌ဖြစ်သည်။ ယခု နဂါးပြည်၌ ဖြစ်ပြန်သောအခါ၌လည်း အနောမဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မမူသေးမီ ဖူးတွေ့ရပြန်သဖြင့် ဒုတိယအကြိမ် နိယတဗျာဒိတ်ကို ရပြန်၏။

ထို အရှင်မဟာမောဂ္ဂလာန်သည် သက္ကပုတ္တဂေါတမမြတ်စွာဘုရားထံတော်၌ လက်ဝဲရံ အဂ္ဂသာဝက ရဟန္တာအဖြစ်သို့ ရောက်၍ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝပါရမီကံကို ဆင်ခြင်တော်မူသည်။

ထိုအကြောင်းကို ထင်ရှားဖော်ပြလို၍ ဤသို့ ဟောတော်မူ၏။

အနောမဒဿီ ဘဂဝါ၊ လောကဇေဋ္ဌော နရာသဘော။
ဝိဟာသိ ဟိမဝန္တမှိ၊ ဒေဝသံဃပုရက္ခတော။
ဝရဏော နာမ နာမေန၊ နာဂရာဇာ အဟံ တဒါ။
ကာမရူပီ ဝိကုဗ္ဗာမိ၊ မဟောဒဓိ နိဝါသယံ။

အနောမဒဿီ၊ အနောမဒဿီ အမည်တော်ရှိသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ လောကဇေဋ္ဌော၊ လူတို့ထက်မြတ်တော်မူသော။ နရာသဘော၊ မြတ်စွာဘုရားသည်။ ဟိမဝန္တမှိ၊ ဟိမဝန္တာဌ်။ ဒေဝသံဃ ပုရက္ခတော၊ နတ်အပေါင်းတို့ဖြင့် ခြံရံလျက်။ ဝိဟာသိ၊ နေတော်မူ၏။

ဝရဏနဂါးမင်းဘဝ

တဒါ၊ ထိုသို့နေတော်မူသောအခါ၌။ အဟံ၊ တန်ခိုးလျင်မြန် မောဂ္ဂလာန်မည်ခေါ် ငါထေရ်ကျော်သည်။ ဝရဏောနာမ နာမေန၊ ဝရဏမည်သောအမည်ဖြင့်။ နာဂရာဇာ၊ နဂါးမင်းသည်။ အဟောသိ၊ ဖြစ်ခဲ့၏။ ကာမရူပီ၊ အလိုရှိသောအဆင်းတို့ကို။ ဝိကုဗ္ဗာမိ၊ ဖန်ဆင်းနိုင်၏။ မဟောဒဓိ နိဝါသယံ၊ သမုဒ္ဒရာရေထဲ၌နေလေ့ရှိ၏။

တစ်ချိန်၌ အနောမဒဿီ မြတ်စွာဘုရားသည် ဟိမဝန္တာဌ် နိရောဓသမာပတ်ကို ဝင်စားတော်မူ၍ ရွှေဆင်းတုကဲ့သို့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

http://www.dhammadownload.com

ထိုအခါ နတ်အပေါင်းတို့သည် မြတ်စွာဘုရားအား ခြံရံလျက် နေကြကုန်၏။ အရှင်မဟာ မောဂ္ဂလာန်၏အလောင်းသည် သမုဒ္ဒရာပင်လယ်အတွင်း၌နေသော ဝရဏအမည်ရှိသော နဂါးမင်းဖြစ်၍ ကမ္ဗဇိဒ္ဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံ အမျိုးမျိုး အဆင်းအရောင် တို့ကို ဖန်ဆင်းနိုင်သည်။ နဂါးမင်းသည် အခြွေအရံတို့နှင့်တကွ ဟိမဝန္တာသို့ လူယောင် နတ်ယောင် အလိုရှိရာ ဖန်ဆင်းလျက် နိရောဓသမာပတ် ဝင်စားနေတော်မူသော မြတ်စွာဘုရားအား နဂါးတို့၏တူရိယာမျိုးစုံတို့ဖြင့် တီးမှုတ်ပူဇော်၏။

ထိုအခါ နတ်တို့သည်လည်း နတ်၌ဖြစ်သော တူရိယာတို့ဖြင့် တီးမှုတ်၍ ပူဇော်ကြကုန်၏။ နဂါးတို့၏တူရိယာ, နတ်တို့၏တူရိယာအားဖြင့် နတ်နှင့် နဂါးနှစ်ဦးသားတို့၏ တူရိယာအသံတို့ကို ကြားသော် အနောမဒဿီ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူ၏။

ဝရဏနဂါးမင်းသည် အနောမဒဿီ မြတ်စွာဘုရားအား သံဃာတော်အပေါင်းနှင့်တကွ နက်ဖြန် ဆွမ်းဒါလို့ဟု တပည့်တော်၏ ဘုံဗိမာန်သို့ ကြွတော်မူပါဘုရားဟု ပင့်ဖိတ်သည်။ သမုဒ္ဒရာပင်လယ်တွင်းရှိ မိမိ၏ဘုံဗိမာန်သို့ တန်ခိုးဖြင့်သွားကာ ညဉ့်သန့်ရာ, နေ့သန့်ရာ, တန်ဆောင်း, မဏ္ဍပ်, ကုဋိ, ရေချိုးအိမ်, အိပ်ရာ, နေရာတို့ကို ပြည့်စုံအောင် ဖန်ဆင်းခင်းထားသည်။ နံနက်လင်းသောအခါ၌ မြတ်စွာဘုရားအထံသို့ တန်ခိုးဖြင့် နဂါးလှလင်ကို စေလွှတ်သည်။ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပြီ ဖြစ်၍ ကြွတော်မူပါဘုရားဟု ပင့်လျှောက်သည်။ ထိုအခါ အနောမဒဿီ မြတ်စွာဘုရားသည် ရဟန္တာတစ်ထောင်တို့ ခြံရံလျက် အရပ်ဆယ်မျက်နှာသို့ဖြာ၍ ထွက်သော ရောင်ခြည်တော်တို့ကို ထွန်းလင်းတောက်ပစေတော်မူလျက် ဝရဏနဂါးမင်း၏ ဘုံဗိမာန်သို့ ကြွတော်မူသည်။ ဘုရားရှင်ရောက်တော်မူသောအခါ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ မွန်မြတ်စွာတို့ဖြင့် ရဟန္တာတစ်ထောင်နှင့်တကွ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေး၏။

အနောမဒဿီ မြတ်စွာဘုရားသည် ဝရဏနဂါးမင်းအား ဝမ်းမြောက်စေရန် တူရိယာတို့ဖြင့် ပူဇော်ခြင်း၏အကျိုးတရား, ဆွမ်းပူဇော်ခြင်း၏အကျိုးတရားတို့ကို ဟောတော်မူသည်။

ထို့နောက် နိယတဗျာဒိတ် ပေးတော်မူခြင်းငှာ ဤသို့ ဟောတော်မူပြန်၏။

http://www.dhammadownload.com

အပရိမေယျေ ကတေ ကပ္ပေ၊ သြက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။
နိရယာ သော စဝိတ္ဝာန၊ မနုဿတ္တံ ဂမိဿတိ။
ကောလိတော နာမ နာမေန၊ ဇြဟ္မဗန္ဓု ဘဝိဿတိ။
သော ပစ္ဆာ ပဗ္ဗဇိတ္ဝာန၊ ကုသလမူလေန စောဒိတော။
ဂေါတမဿ ဘဂဝတော၊ ဒုတိယော ဟေဿတိ သာဝကော။
အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ကဋ္ဌိယော ပါရမိံ ဂတော။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿတိ' နာသဝေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတေ၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ နှစ်အားဖြင့် မရေတွက်နိုင်သော။ ကပ္ပေ၊ နောက်ကမ္ဘာ၌။ သြက္ကာက ကုလသမ္ဘဝေါ၊ သြက္ကာက မင်းမျိုး၌ဖြစ်သော။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမ အမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လူ့ပြည်၌။ ဘဝိဿတိ၊ ပွင့်ထွန်းလတ္တံ့။

နဂါးဘဝမှ စုတေကာ ကောလိတအမည်ဖြင့် ပုဏ္ဏားဖြစ်မည်

တဒါ၊ ထိုဂေါတမဘုရား ပွင့်တော်မူသောအခါ၌။ သော၊ ထိုဝရဏနဂါးမင်း သည်။ နိရယာ၊ ငရဲမှ။ စဝိတ္ဝာန၊ စုတေပြီး၍။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ ဂမိဿတိ၊ ရောက်လတ္တံ့။ ကောလိတောနာမနာမေန၊ ကောလိတဟူသောအမည် ဖြင့်။ ဇြဟ္မဗန္ဓု၊ ပုဏ္ဏားမျိုးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

သော၊ ထိုကောလိတပုဏ္ဏားသည်။ ပစ္ဆာ၊ နောက်အခါ၌။ ကုသလမူလေန၊ ပြုအပ်သော ကုသိုလ်ကံရင်းသည်။ စောဒိတော၊ တိုက်တွန်းအပ်သည်ဖြစ်၏။ ပဗ္ဗဇိတ္ဝာန၊ ရဟန်းပြု၍။ ဂေါတမဿ ဘဂဝတော၊ ဂေါတမမြတ်စွာဘုရား၏။ ဒုတိယော၊ နှစ်ပါးမြောက်သော။ သာဝကော၊ အဂ္ဂသာဝက လက်ဝဲရဟန္တာ သည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

အာရဒ္ဓဝီရိယော၊ အားထုတ်သော ဝီရိယရှိသော။ ပဟိတတ္တော၊ လွတ်လွတ် စွန့်လွှတ်သောစိတ် ရှိသည်ဖြစ်၍။ ကဋ္ဌိယော၊ တန်ခိုးအရာ၌။ ပါရမိံ၊ အထွတ်အထိပ် သို့။ ဂတော၊ ရောက်သည်ဖြစ်လျက်။ သဗ္ဗာသဝေ၊ အလုံးစုံသောအာသဝေါတို့ကို။ ပရိညာယ၊ ပဟာနပရိညာဖြင့် ပယ်ခွာစွန့်ပစ်လျက်။ အနာသဝေါ၊ ကင်းသော အာသဝေါရှိသည်ဖြစ်၍။ နိဗ္ဗာယိဿတိ၊ အေးငြိမ်းခြင်းသို့ ရောက်လတ္တံ့။

http://www.dhammadownload.com

ပြုဖူးသော မကောင်းမှု

အရှင်မဟာမောဂ္ဂလာန်ထေရ်သည် မိမိ၏ ပုညသမ္ဘာရ အစွမ်းအားဖြင့် အနောမဒဿီ မြတ်စွာဘုရားအထံမှရအပ်သော ဗျာဒိတ်ကို ပြဆိုပြီး၍ မိမိပြုဖူးသော မကောင်းမှုကံကို နောင်လာတပည့်သားတို့အား သိစေရန် ဤသို့ ဟောတော်မူပြန်၏။

ပါပမိတ္တော'ပနိဿာယ၊ ကာမရာဂဝသံ ဂတော။
မာတရံ ပိတရဉ္စာပိ၊ ဃာတဲယိ ဒုဋ္ဌမာနသော။
ယံ ယံ ယောနုံ'ပပဇ္ဇာမိ၊ နိရယံ အထ မာနုသံ။
ပါပကမ္မသမင်္ဂိတာ၊ ဘိန္နသီသော မရာမဟံ။
ဣဒံ ပစ္ဆိမကံ မယှံ၊ စရိမော ဝတ္တတေ ဘဝေါ။
ဣဓာပိ ဧဒိတော မယှံ၊ မရဏကာလေ ဘဝိဿတိ။

ဘောသိဿာ၊ အိုတပည့်အပေါင်းတို့။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ပါပမိတ္တံ၊ မကောင်းသောမိတ်ယုတ်မာကို။ ဥပနိဿာယ၊ အကြောင်းပြု၍။ ကာမရာဂဝသံ၊ ကာမရာဂ၏အလိုသို့။ ဂတော၊ လိုက်မှားမိသည်ဖြစ်၍။ မာတရဉ္စ၊ အမိကို လည်းကောင်း။ ပိတရဉ္စ၊ အဖကိုလည်းကောင်း။ ဒုဋ္ဌမာနသော၊ ပြစ်မှားလိုသော ဒေါသစိတ်ဖြင့်။ ဃာတယိံ၊ သတ်မိဖူး၏။

ပါပကမ္မသမင်္ဂိတော၊ မကောင်းမှုကံနှင့် ပြည့်စုံသောကြောင့်။ ယံယံယောနိံ၊ အကြင်အကြင်ဘဝသို့။ ဥပပဇ္ဇာမိ၊ ဖြစ်ရ၏။ နိရယံ၊ ငရဲသို့လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ မာနုသံ၊ လူ့ပြည်သို့လည်းကောင်း။ ဥပပဇ္ဇန္တော၊ ဖြစ်သော။ အဟံ၊ ငါသည်။ ဘိန္နသီသော၊ ကွဲသောဦးခေါင်းရှိသည်ဖြစ်၍။ မရာမိ၊ သေရ၏။

ဣဒံ၊ ဤဘဝသည်ကား။ မယှံ၊ ငါ၏။ ပစ္ဆိမကံ၊ နောက်ဆုံးဘဝတည်း။ စရိမော၊ အဆုံးဖြစ်သော။ ဘဝေါ၊ ဘဝသည်။ ဝတ္တတေ၊ ဖြစ်၏။ မယှံ၊ ငါ၏။ ဣဓာပိ၊ ဤနောက်ဆုံးဘဝသည်လည်း။ မရဏကာလေ၊ သေသောအခါ၌။ ဧဒိသော၊ ဤကဲ့သို့ ဦးခေါင်းကွဲ၍ သေရခြင်းသည်လျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

နိုးသားငါးရာတို့ သတ်၍ ပရိနိဗ္ဗာန်ပြုရခြင်း

အခါတစ်ပါး၌ မိစ္ဆာဒိဋ္ဌိတို့သည် ဤသို့ စည်းဝေးတိုင်ပင်ကြကုန်၏။

"ငါ့ရှင်တို့၊ ရဟန်းဂေါတမအထံ၌ လာဘ်လာဘ ကြီးမားစွာဖြစ်ရခြင်း အကြောင်းကို သင်တို့သိကြကုန်၏လော"ဟု အချင်းချင်း မေးမြန်းကြသည်၊

http://www.dhammadownload.com

ထိုအခါ တချို့သော မိစ္ဆာဒိဋ္ဌိတို့က "ငါတို့ မသိကုန်၊ သင်တို့ သိကြကုန်၏လော" ဟု ပြန်၍ မေးသောအခါ "ငါတို့သည် ဤသို့ သိရကုန်၏။ မောဂ္ဂလာန်မည်သော ရဟန်းတစ်ပါးကို အမှီပြု၍ ရဟန်းဂေါတမ၌ လာဘ်လာဘ ပေါများထုန်၏။ ထိုမောဂ္ဂလာန်သည် နတ်ပြည်သို့သွား၍ နတ်သားနတ်သမီးတို့ ခံစားစံစားရသော ကုသိုလ်ကံအကျိုးတို့ကို မေးမြန်းပြီးလျှင် လူ့ပြည်သို့ တစ်ဖန်ပြန်လာကာ လူတို့အား "ဤကုသိုလ်ကံကို ပြု၍ ဤစည်းစိမ်ချမ်းသာကို ရ၏" ဟူ၍ ပြောကြားသည်။ ငရဲပြည်သို့လည်း သွားပြန်လျက် ငရဲသူတို့အား မေးမြန်းပြီးလျှင် လူ့ပြည်သို့ ပြန်လာကာ "ဤမကောင်းမှုကိုပြု၍ ဤသို့ဆင်းရဲစွာသော ငရဲ၌ဖြစ်၏" ဟူ၍ လူတို့အား ပြောကြား၏။

လူတို့သည် ထိုမောဂ္ဂလာန်၏စကားကို ကြား၍ ရဟန်း ဂေါတမထံ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်လှူဒါန်းကြကုန်၏။ အကယ်၍ ထိုမောဂ္ဂလာန်၏ အသက်ကို ဆုံးရှုံးစေနိုင်ငြားအံ့။ ထိုလူတို့ပေးလှူသော လာဘ်လာဘတို့သည် ငါတို့အထံသို့ ရောက်ကုန်လတ္တံ့" ဟူ၍ တိုင်ပင်ကြကုန်၏။

ဒါယကာတို့ကိုခိုင်းပုံ

ထိုမိစ္ဆာဒိဋ္ဌိတို့သည် အားလုံးသဘောတူညီကြ၍ အသပြာတစ်ထောင်ဖြင့် လူသတ် ခိုးသားတို့ကို ခေါ်၍ "အချင်း ခိုးသားတို့၊ ဂေါတမ၏တပည့် မောဂ္ဂလာန် မည်သော ရဟန်းတစ်ပါးသည် ကာဠသိလာကျောက်ညိုလိုဏ်ဂူ၌ နေ၏။ ထိုကျောက်ညိုလိုဏ်ဂူသို့သွား၍ သင်တို့သည် မောဂ္ဂလာန်ကို သတ်ကြကုန်လော့" ဟူ၍ စေခိုင်းကြကုန်၏။ တစ်ထောင်သော အသပြာကိုလည်း တံစိုးလက်ဆောင်အလို့ငှာ ပေးကြကုန်၏။ ခိုးသားတို့သည် အသပြာတစ်ထောင်ကို ရသဖြင့် အရှင်မောဂ္ဂလာန်မထေရ်ကို သတ်ရန် ကာဠသိလာ ကျောက်ညိုလိုဏ်ဂူသို့ သွားကြကုန်၏။

အရှင်မဟာမောဂ္ဂလာန်သည် ခိုးသားတို့ ဝိုင်းဝန်းထားသည်ကို သိတော်မူ၍ တံခါးဖွင့်သော သံကောက်ပေါက်, သော့ပေါက်တို့ဖြင့်ထွက်၍ တန်ခိုးဖြင့် ကောင်းကင်သို့ ပျံသွားလေ၏။ ထို့ကြောင့် ထိုနေ့၌ ခိုးသားတို့သည် မထေရ်ကို မမြင်၍ နောက်တစ်နေ့မှ ပြန်လာကြပြီး ဝိုင်းဝန်းထားကြပြန်၏။

ထိုနေ့၌လည်း အရှင်မဟာမောဂ္ဂလာန်သည် ကျောင်းအမိုးကို ဖောက်ထွက်၍ ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၏။ ဤသို့လျှင် ခိုးသားတို့သည် ပထမနေ့၌

http://www.dhammadownload.com

လည်းကောင်း, ဒုတိယနေ့၌လည်းကောင်း, မထေရ်ကိုဖမ်းခြင်းငှာ မတတ်နိုင်ကြကုန်။ နောက်ဆုံးတတိယနေ့သို့ ရောက်သည်ရှိသော် မထေရ်မြတ်သည် မိမိပြုခဲ့ဖူးသော အမိအဖတို့အား သတ်မိသည့် မကောင်းမှုအကုသိုလ်ကံကြောင်းသည် ဆွေငင်သည်၏ အဖြစ်ကို သိတော်မူ၍ အဘိညာဉ်တန်ခိုးဖြင့် ဖဲသွားတော်မမူဘဲ နေ၏။

သေပြီဟုထင်၍ ချုပေါ်၌ပစ်ချ

ခိုးသားတို့သည် အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ရိုက်ပုတ်ထုထောင်း၍ ဆန်လုံးမျှလောက်သော အရိုးတို့ဖြစ်အောင် ပြုလုပ်ကြလျက် ဖျက်ဆီးနှိပ်စက်ကြကုန်၏။ ထို့နောက် ခိုးသားတို့သည် သေပြီဟူသော အမှတ်သညာဖြင့် တစ်ခုသော ချုပေါ်၌ ပစ်တင်၍ သွားကြကုန်၏။

ပရိနိဗ္ဗာန်ပြုပါတော့မည်ဘုရား

အရှင်မဟာမောဂ္ဂလာန် ထေရ်မြတ်သည် မြတ်စွာဘုရားကို ရှိခိုးဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ပြုအံ့ဟု ကြံလျက် သူ၏ခန္ဓာကိုယ်ကို အဘိညာဉ်တန်ခိုးဖြင့် ပြန်လည်စုစည်းလျက် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရားထံမှောက်သို့ ကြွတော်မူလာ၏။ မြတ်စွာဘုရားအထံတော်သို့ရောက်လျှင် ရှိခိုးပြီး "အရှင်ဘုရား၊ တပည့်တော် မောဂ္ဂလာန် ယခုပင် ပရိနိဗ္ဗာန်ပြုပါတော့အံ့" ဟူ၍ လျှောက်ကြား၏။ ထိုအခါ ဘုရားရှင်က "အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုအံ့နည်း"ဟု မေးတော်မူလျှင် "ကာဠသိလာ ကျောက်ညိုလိုဏ်ဂုံကျောင်း၌ပင်လျှင် ပရိနိဗ္ဗာန် ပြုပါအံ့"ဟု လျှောက်၏။ "ချစ်သားမောဂ္ဂလာန်၊ ငါအား တရားဟောပြီးမှ သွားလော့"ဟု မိန့်တော်မူလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ကောင်းကင်သို့ ပျံတက်လျက် တန်ခိုးပြသည်။ ထို့နောက် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ရှိခိုး၍ တရားကို ဟောပြီးမှ ကာဠသိလာ ကျောက်ညိုလိုဏ်ဂုံကျောင်းသို့ သွား၍ ပရိနိဗ္ဗာန်ပြု၏။

အရက်မူး၍ အမှုဖော်

"အရှင်မဟာမောဂ္ဂလာန်ထေရ်ကို ခိုးသားတို့ သတ်ကြကုန်၏"ဟူသော စကားသည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ပျံ့နှံ့၍ သွား၏။ အဇာတသတ်မင်းသည်လည်း ခိုးသားတို့ကို ရှာစေရန် သူလျှိုယောကျ်ားတို့ကို စေလွှတ်၏။ ထိုခိုးသားတို့သည် သေရည်သေရက်တို့ကို သောက်ကုန်လျက် မူးယစ်ကုန်သည်ဖြစ်၍ တစ်ယောက်နှင့်

http://www.dhammadownload.com

တစ်ယောက် ခိုက်ရန်ဖြစ်ကြသည်။ တစ်ယောက်သော ခိုးသားသည်တစ်ယောက်သော ခိုးသားကို ရိုက်ပုတ်၍လဲစေ၏။ ထိုအရိုက်ခံရသော ခိုးသားသည်"ဟယ် မိတ်ပျက်လူယုတ်၊ နင် အဘယ့်ကြောင့် ငါ့ကို ရိုက်သနည်း"ဟု ဆိုလျှင် "ဟယ်... ခိုးသားယုတ်၊ နင်သည် မဟာမောဂ္ဂလာန်ထေရ်ကို ပထမဆုံးရိုက်သောသူတည်း"ဟု ဆို၏။ "နင်သည် အဘယ့်ကြောင့် ငါပထမဆုံးရိုက်သည်ကို သိသနည်း"ဟု ကျန်ခိုးသားက ဆို၏။

ခိုင်း၍ သတ်ရပါသည်

ဤကဲ့သို့ ခိုးသားတို့အချင်းချင်း ခိုက်ရန်ဖြစ်၍ အရှင်မောဂ္ဂလာန်ကို သူရိုက်သည်, ငါရိုက်သည် စသည်ဖြင့်ပြောဆိုငြင်းခုံကြသည်ကို သူလျှိုယောကျ်ားကြားသော် ခိုးသားတို့ကို ဖမ်း၍ အဇာတသတ်မင်းထံ လျှောက်ထားကြကုန်၏။ အဇာတသတ်မင်းသည် ခိုးသားတို့ကို ရှေ့တော်သို့ သွင်းစေပြီး စစ်မေး၏။ "အချင်း ခိုးသားတို့၊ သင်တို့ အဘယ်သူတို့က စေခိုင်း၍ အရှင်မောဂ္ဂလာန်ကို သတ်ကြကုန်သနည်း"ဟု မေးသည်ရှိသော် "အဝတ်မစည်း အချည်းနှီးသော တိတ္ထိရဟန်းတို့က စေခိုင်း၍ သတ်ရကြောင်း"ကို လျှောက်တင်ကြကုန်၏။

အဇာတသတ်မင်း၏ စီရင်ချက်

အဇာတသတ်မင်းသည် ငါးရာကုန်သော အဝတ်မစည်းအချည်းနှီးသော တတ္ထိရဟန်းတို့ကို ဖမ်းစေ၍ ငါးရာသောခိုးသားတို့နှင့် အတူတကွ ခါးလောက်နက်သော တွင်းကိုတူးစေပြီး ထိုတွင်းတို့၌ မြှုပ်သည်။ ထို့နောက် ကောက်ရိုးတို့ဖြင့် အပေါ်မှ ဖုံးအုပ်ကာ မီးရှို့စေလျက် သံထွန်သွားဖြင့် ထွန်စေကာ အပိုင်းအပိုင်း ပြတ်အောင် ပြုလုပ်စေ၏။

ထိုအခါ ရဟန်းတို့သည် ဓမ္မသဘင်၌ စည်းဝေးကြသောအခါ "ငါ့ရှင်တို့၊ အရှင်မဟာမောဂ္ဂလာန်သည် မသင့်လျော်သော သေခြင်းဖြင့်သေရ၏တကား။ ရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံ၏။ ရဟန်းအပေါင်းတို့ အားလည်း ဆုံးမ ဩဝါဒပေး၍ တရားဓမ္မ ဟောပြတော်မူလေ့ရှိ၏။ ထိုကဲ့သို့ ဂုဏ်ထူးဝိသေသရှိသော ထိုပုဂ္ဂိုလ်မြတ်သည် ဤကဲ့သို့သေရခြင်းမှာ မသင့်လျော်ချေ" ဟူ၍ စကားကို ဖြစ်စေကြကုန်၏။

F-13A ထေရအပဒါန်

http://www.dhammadownload.com

ဘုရားရှင်၏အမေး

ထိုအခါ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ "ရဟန်းတို့၊ သင်တို့သည် ယခုအခါ အဘယ်စကားကို ပြောဆိုနေကြကုန်သနည်း" ဟု သိတော်မူလျက်ပင် တရားဟောလိုသောကြောင့် မေးတော်မူ၏။

အရှင်မဟာမောဂ္ဂလာန်သည် မသင့်လျော်သောသေခြင်းဖြင့် ပရိနိဗ္ဗာန် ဝင်စံရသည်ကို ရဟန်းတို့ လျှောက်ကြားသောအခါ "ရဟန်းတို့၊ မောဂ္ဂလာန်၏ အဖြစ်သည် ဤယခုဘဝအမြင်ဖြင့် ကြည့်၍သာလျှင် မသင့်လျော်ခြင်းဖြစ်၏။ ရှေးဘဝ၌ သူပြုအပ်သော မကောင်းမှုကံဖြင့် ကြည့်ရှုသည်ရှိသော် လျော်ကန်၏" ဟု မိန့်တော်မူသဖြင့် အရှင်မဟာမောဂ္ဂလာန်၏ ရှေးဘဝ၌ပြုဖူးသော မကောင်းမှု အကုသိုလ်ကံကို မေးလျှောက်သောအခါ ဤသို့ ဟောတော်မူ၏။

အရှင်မဟာမောဂ္ဂလာန် မိဖတို့အား သတ်ဖူးသော မကောင်းမှု

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် တစ်ယောက် သောအမျိုးကောင်းသားသည် ကိုယ့်တိုင်ထောင်းထုချက်ပြုတ် လုပ်ကိုင်၍ မျက်မမြင် အမိအဖတို့ကို လုပ်ကျွေး၏။ ထိုအခါ အမိအဖတို့သည် "ချစ်သား၊ သင်တစ်ယောက် တည်းသာလျှင် အိမ်၌လည်းကောင်း, တောင်၌လည်းကောင်း, အလုပ်ကိုလုပ်ရသဖြင့် ပင်ပန်း၏။ တစ်ယောက်သောအမျိုးသမီးပျိုကို ချစ်သားအလို့ငှာ ရှာ၍ ပေးပါအုံ" ဟု ဆိုကြကုန်၏။ ထိုအခါ ရှင်မဟာမောဂ္ဂလာန်အလောင်းက "အမိအဖတို့၊ အကျွန်ုပ်ကိုယ်တိုင်ပင်လျှင် အမိအဖတို့ အသက်ရှင်သမျှ ကာလပတ်လုံး လုပ်ကျွေး ပါအုံ"ဟု ပြောဆိုပြီး မိဘတို့စကားကို ပယ်ရှား၏။ အမိအဖ တို့သည် အကြိမ် ကြိမ်ပင် သားကိုပြောဆို၍ သမီးပျိုတစ်ယောက်ကို ဆောင်နှင်းထိမ်းမြားပေးကြ ကုန်၏။

ချွေးမ၏လုပ်ရပ်

ထိုချွေးမသည် လေးရက်, ငါးရက်မျှသာလျှင် မျက်မမြင် မိအိုဖအိုတို့အား ကောင်းစွာလုပ်ကိုင်ကျွေးမွေး၏။ နောက်၌မူကား "သင်၏အမိအဖတို့နှင့် ငါသည် အတူတကွမနေနိုင်"ဟု ပြော၏။ ထိုသို့ပြောဆိုသော်လည်း လင်ယောကျ်ားသည် ဒိဗိအလိုသို့မပါ။ ထိုအခါ ချွေးမသည် အကောက်ကြံ၍ လင်ယောကျ်ား အပြင်



ဇနီးယုတ်ဇ၏စကားကြောင့် မျက်မမြင်မိဘများကို အရှင်မောဂ္ဂလာန်လောင်းလျှာ လုပ်ကြံနေစဉ်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

အပသို့ သွားသောအခါ ဟင်းရွက်ဖတ်, ယာဂုအမြှုပ်တို့ကို အိမ်ကြမ်းပြင် အိပ်ရာနေရာစသည်တို့၌ ကြဲဖြန့်၍ ပေပေညစ်ညစ် ပြုလုပ်၍ထားသည်။

ယောကျ်ားပြန်ထွက်၍ ညစ်ညစ်ပေပေ ဟင်းရွက်ဖတ်, ယာဂုမြှုပ်တို့ကို မြင်၍ မေးသောအခါ သင်၏အမိအဖ သက်ကြီးအို အကုန်းတို့ ပြုလုပ်၍ထားသော အလုပ်ဖြစ်သည်။ သင်၏မိဖ သက်ကြီးအို အကန်းတို့သည် တစ်အိမ်လုံး ညစ်ပေ အောင်ပြုလုပ်၍ ထား၏"ဟု ပြော၏။

ဤကဲ့သို့ အကြိမ်ကြိမ်အခါခါ လိမ်လည်၍ ပြောဖန်များသော ပါရမီရှင် ဖြစ်သော်လည်း ရာဂ၏ သဘောကြောင့် မ,အလိုသို့ လိုက်ပါရသဖြင့် မိန်းမပြောသော စကားကို ယုံကြည်မိသည်။

မယားယူမိသည့်အတွက်

မယားမယူဘဲ အမိအို အဖအို မျက်မမြင်တို့ကို ကိုယ်တိုင်လုပ်ကျွေး၍နေသော ပါရမီရှင်ယောကျ်ားသည် မယားယူမိသည့်အတွက် ကြီးစွာသော မကောင်းမှုကို ပြုလုပ်ရန် ကြံစည်မိသည်။ "အမိအဖတို့၊ ဤမည်သော အရပ်ဒေသရှိ ဆွေမျိုးတို့က အကျွန်ုပ်တို့ကို လာခဲ့ပါဟု ခေါ်နေကြောင်း လိမ်လည်၍ ပြောပြသည်။ ထို့နောက် အမိအဖ မျက်မမြင်တို့ကို ခေါ်ပြီးလျှင် လှည်းပေါ်သို့ တက်စေ၏။ တစ်ခုသော တောအုပ်အတွင်းသို့ ရောက်သောအခါ အဖ၏လက်သို့ ကြိုးတို့ကိုပေး၍ "နွား တို့သည် နှင်တဲ့ဖြင့် မောင်းလျှင် အလိုလိုပင် သွားကြလိမ့်မည်။ ဤနေရာကား ခိုးသူပေါများ သောနေရာ ဖြစ်သည်။ အကျွန်ုပ်သည် လှည်းအောက်မှဆင်း၍ သွားပါအုံ့"ဟု လိမ်လည်ပြောဆိုသည်။

ထို့နောက် တောအုပ်အတွင်းသို့ဝင်လျက် ခိုးသူတို့ကဲ့သို့ အသံကို ပြုပြီး ဟစ်အော်လေတော့သည်။

ထိုအသံကို ကြားသော် အမိအဖတို့သည် ခိုးသူတို့အသံဟု မှတ်ထင်ကာ "ချစ်သား လွတ်ရာပြေးပါ၊ ငါတို့မှာ အိုမင်းပြီ"ဟူ၍ ဆိုကုန်၏။ ဤသို့ အမိ အဖတို့က သားကို ခိုးသူတို့လက်မှလွတ်အောင် ပြောဆိုစဉ်ပင်လျှင် သူသည် ခိုးသူအယောင်ဆောင်ကာ မိဖတို့ကို ရိုက်ပုတ်သတ်ဖြတ်ပြီးလျှင် တောအုပ်အလယ် တွင် ပစ်ချပြီး ပြန်လာ၏။

သဗ္ဗညုမြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန်၏ ရှေးကပြုခဲ့သော ဤမကောင်းမှုကို ထုတ်ဖော်၍ ဟောတော်မူပြီးလျှင် "ချစ်သားရဟန်းတို့၊ ငါ၏

http://www.dhammadownload.com

လက်ဝဲရံတပည့် ကြီး မဟာမောဂ္ဂလာန်သည် ဤမျှလောက် ယုတ်မာဆိုးသွမ်းသော မကောင်းမူကံကို ပြု၍ အနှစ်ထောင်ပေါင်းများစွာ ငရဲ၌ခံရသည်။ ထိုအကုသိုလ်ကံ၏ အကျိုးစွမ်းအင်ကြောင့် ဘဝပေါင်းတစ်ရာတိုင် ဤကဲ့သို့ ထောင်းထုရိုက်ပုတ် သတ်ဖြတ်သဖြင့် အရိုးတို့ မှုန့်မှုန့်ညက်ညက်ကြေမွလျက် သေရခြင်းသို့ ရောက်ရ၏။ ချစ်သားရဟန်းတို့၊ မောဂ္ဂလာန်၏ ရှေးက ပြုခဲ့ဖူးသော အကုသိုလ်ကံကို ကြည့်ရှုလျှင် ယခုကဲ့သို့ အရိုးတို့ မှုန့်မှုန့်ညက်ညက် ကြေမွ၍ သေရခြင်းသည် သင့်လျော်သော သေခြင်းပင်ဖြစ်၏။ ခိုးသားငါးရာတို့နှင့်တကွ မိစ္ဆာဒိဋ္ဌိ ငါးရာတို့ သည်လည်း မပြစ်မှားထိုက်သော ငါ၏တပည့် မောဂ္ဂလာန်ကို ပြစ်မှားကြကုန်သဖြင့် သေကြရကုန်၏။ မပြစ်မှားထိုက်သော သူတော်ကောင်းကို ပြစ်မှားသောသူသည် ဆယ်ပါးသောအကြောင်းတို့တွင် တစ်ပါးပါးသော အကြောင်းဖြင့် ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်တတ်၏"ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူ၏။-

မပြစ်မှားသင့်သူကို ပြစ်မှားလျှင်

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။
ဝေဒနံ ဖရုသံ ဇာနिं၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။
ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုရံ။
အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ယော၊ အကြင်သူသည်။ အဒဏ္ဍေသု၊ ကာယဒဏ္ဍ အစရှိသော ကံသုံးပါးမှ ရှောင်ကြဉ်၍နေလေ့ရှိကုန်သော။ အပဒုဋ္ဌေသု၊ မပြစ်မှားထိုက်သော သူတော်ကောင်းတို့၌။ ဒဏ္ဍေန၊ တုတ်လက်နက်, ထားလက်နက်စသည်ဖြင့်။ ဒုဿတိ၊ ပြစ်မှားကျူးလွန်၏။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးသော ဒုက္ခရောက်ကြောင်းတို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ဌာနံ၊ ဒုက္ခရောက်ကြောင်းသို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်ရ၏။

http://www.dhammadownload.com

ဖရုသဲ၊ ကြမ်းကြုတ်သော။ ဝေဒနံ၊ ဖျားနာခြင်းစသော ဝေဒနာသို့လည်း ကောင်း။ ဇာနိ၊ ဥစ္စာဆုံးရှုံးခြင်းသို့လည်းကောင်း။ သရီရဿ၊ ကိုယ်အင်္ဂါ၏။ ဘေဒနံ၊ ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ၊ ကြီးလေးသော။ အာဗာဓံ၊ နူနာ, အိုင်းနာ စွဲခြင်းသို့လည်းကောင်း။ စိတ္တက္ခေပံဝါ၊ စိတ်ပြန့်လွင့် ရူးသွပ်ခြင်းသို့ လည်းကောင်း။ ပါပုဏေ၊ ရောက်ရာ၏။

ရာဇတော၊ မင်းစိုးရာဇာမှ။ ဥပသဂ္ဂံဝါ၊ ဘေးအန္တရာယ်သို့လည်းကောင်း။ ဒါရဏံ၊ ကြမ်းကြုတ်စွာသော။ အဗ္ဘက္ခာနံဝါ၊ သမ္ဘတ်စွပ်စွဲခံရခြင်းသို့လည်းကောင်း။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယံ ဝါ၊ သေကြေလွင့်ပါး ပျက်ပြားကုန်ပျောက်ခြင်းသို့ လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်တို့၏။ ပဘင်္ဂုံရဲဝါ၊ ယိုယွင်း ပြုန်းတီး ပျက်စီးခြင်း သို့လည်းကောင်း။ ပါပုဏေ၊ ရောက်ရာ၏။

အထ၊ ထိုမှတစ်ပါး။ အဿ၊ ထိုပြစ်မှား သူ၏။ အဂါရာနိ၊ အိမ်တို့ကို။ အဂ္ဂိ၊ ပကတိမီးသည်လည်းကောင်း။ ပါဝကော၊ မိုးကြိုးလောင်မီးသည်လည်းကောင်း။ ဥယ္ယာတိ၊ လောင်တတ်၏။ ဒုပ္ပညော၊ အသိပညာကင်းညံ့ဖျင်းလှသော။ သော၊ ထိုသူသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်ဘဝ၌။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ဖြစ်တတ်၏။

ပုဗ္ဗာရုံကျောင်းတော်ကို လှူပုံရှုးစေပုံ

သဗ္ဗညုမြတ်စွာဘုရားသည် ဝိသာခါ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံ ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူစဉ်အခါ ရဟန်းငယ်တို့သည် ပြာသာဒ် အထက်ဘုံအဆင့်အောက်၌ နေကြကုန်လျက် မြတ်စွာဘုရားရှိသည်ကိုမူ သတိမရ ကြကုန်ဘဲ မဂ်ဖိုလ်မှ ဖီလာဖြစ်ကုန်သော ရာဇကထာ, စောရကထာ အစရှိသော စကားတို့ကို ပြောဆိုကုန်၏။

ထိုအသံတို့ကို မြတ်စွာဘုရားကြားတော်မူလျှင် အရှင်မဟာမောဂ္ဂလာန်ကို ခေါ်တော်မူ၍ "ချစ်သား မောဂ္ဂလာန်၊ သင်၏တပည့် ရဟန်းငယ်တို့သည် တိရစ္ဆာနကထာတို့ကို ပြောဆိုရန် သင်ကြားထားသလော"ဟု မေးတော်မူလျှင် ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား၏ အလိုတော်ကိုသိ၍ အဘိညာဉ်၏ အခြေခံ ဖြစ်သော အာပေါကသိဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို လျင်မြန်စွာဝင်စား တော်မူ၍ ပြာသာဒ်၏တည်ရာ မြေအရပ်ကို "ရေဖြစ်စေသတည်း"ဟု ဓိဋ္ဌာန်သည်။

http://www.dhammadownload.com

ထိုနောက် ပြာသာဒ်၏အထက် ထုပိကာထိပ်ဖျားကို ခြေမတော်ဖြင့် တွန်းလိုက်၏။ တိုင်ပေါင်းတစ်ထောင်ဖြင့် ခိုင်ခဲ့စွာ ဆောက်လုပ်ထားသော ပြာသာဒ်ကြီးသည် တစ်ဖက်သို့ ယိမ်းယိုင်၍ လဲပြိုလုနီးသွား၏။

သောတာပန် စသည်ဖြစ်ကြပုံ

တစ်ဖန် အခြားတစ်ဖက်မှနေ၍ ခြေမတော်ဖြင့် တွန်းလိုက်ပြန်၏။ တစ်ဖက်သို့ ပြန်၍ မှောက်လုနီး ယိမ်းယိုင်၍သွားပြန်၏။ ပြာသာဒ်ဘုံ အထက်ဆင့်၌ နေကုန်သော ရဟန်းငယ်တို့သည်လည်းကောင်း, အောက်အဆင့်၌ နေကုန်သော ရဟန်းငယ်တို့သည်လည်းကောင်း ကြောက်လန့်, တုန်လှုပ်ကုန်လျက် ထွက်ပြေးကြကုန်ပြီးလျှင် မြတ်စွာဘုရား၏ အနီးသို့ ဝင်ရောက်လာကြကုန်၏။ မြတ်စွာဘုရားသည် ထို ရဟန်းငယ်တို့၏ အချောသယကို ကြည့်တော်မူ၍ တရားဟောတော်မူသည်။ ထို ရဟန်းငယ်တို့သည် သောတာပန် စသည်တို့ ဖြစ်ကြကုန်၏။

ဝေဖယန္တာပြာသာဒ်ကို တုန်လှုပ်စေခြင်း

တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ ဝေဖယန္တာပြာသာဒ်သည် ယူဇနာတစ်ထောင်မြင့်၏။ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် အကျဉ်းအားဖြင့် တဏှာကင်းလွတ်ကြောင်းဒေသနာတော်နည်းကို မေးလျှောက်သည်။ မြတ်စွာဘုရား ဖြေတော်မူသည်ကို ဝမ်းမြောက်စွာသောစိတ်ဖြင့် နာယူမှတ်သား၍ ဘုရားကို လက်ယာရစ် လှည့်လည် ရှိခိုးပြီးလျှင် နတ်ပြည်သို့ ပြန်သွား၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် "သိကြားမင်းသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဤမျှလောက် နက်နဲသော၊ နိဗ္ဗာန်နှင့်စပ်ယှဉ်သော ပြဿနာကို မေးလျှောက်၏။ မြတ်စွာဘုရားကလည်း ဖြေတော်မူ၏။ အဘယ်သို့နည်း။ သိကြားမင်းသည် ထိုအဓိပ္ပာယ်ကို သိ၍ သွားသလော၊ မသိမူ၍ သွားသလော၊ ငါသည် တာဝတိံသာသို့ လိုက်သွား၍ ထိုအကြောင်းကို သိရအံ့"ဟု ကြံကာ ထိုခဏ၌ပင်လျှင် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ တန်ခိုးတော်ဖြင့် တာဝတိံသာသို့ ကြွတော်မူ၏။

http://www.dhammadownload.com

သိကြားမင်းက ကြိုဆို

ထိုအခါ၌ သိကြားမင်းသည် ဧကပုဏ္ဏရိက မည်သော ဥယျာဉ်၌ နတ်တို့၏ တူရိယာမျိုး ငါးရာတို့ဖြင့် စည်းစိမ်ခံ၍နေသည်။ အရှင်မဟာမောဂ္ဂလာန် လာသည်ကို မြင်သော် တူရိယာတို့ကို ရပ်သိမ်းစေကာ ခရီးဦးကြိုဆို၏။

အရှင်မဟာမောဂ္ဂလာန်သည် ထိုင်တော်မူ၏။ သိကြားမင်းလည်း နိမ့်သော နေရာကို ယူ၍ သင့်တင့်စွာထိုင်နေ၏။ သိကြားမင်းကို အရှင်မဟာမောဂ္ဂလာန်သည် ဤသို့ မေး၏။ "ကောသိယ အံ့မည်ရှိသော သိကြားမင်း၊ မြတ်စွာဘုရားသည် အကျဉ်းအား ဖြင့် တဏှာမှ လွတ်ကြောင်းကို ဟောတော်မူ၏။ ငါတို့သည်လည်း ဤတရားကို နာလိုပါ၏" ဟု ဆို၏။

"အရှင်ဘုရား မောဂ္ဂလာန်၊ အကျွန်ုပ်တို့မှာ များသောကိစ္စရှိ၏။ မိမိ၏ ကိုယ်ပိုင်ကိစ္စမှာ နည်းပါး၏။ တာဝတိံသာနတ်တို့၏ ကိစ္စအားဖြင့် များစွာရှိပါသည်။ စင်စစ်သော်ကား မြတ်စွာဘုရား ဟောတော်မူသည်ကို ကောင်းစွာမှတ်၍ ဆောင်ပါ၏။ သို့ဖြစ်ပါသော်လည်း လျင်မြန်စွာ မေ့လျော့ကွယ်ပျောက်၍ သွားပါသည်။ အရှင်ဘုရား မောဂ္ဂလာန်၊ ရှေးအခါ၌ တာဝတိံသာနတ်တို့နှင့် အသုရာတို့ စစ်ဖြစ်ကြပါ၏။ ထိုစစ်ပွဲ၌ နတ်တို့က အောင်နိုင်၍ အသုရာတို့ စစ်ရှုံးကြပါကုန်၏။ အကျွန်ုပ်သိကြားမင်းသည် စစ်ပွဲအောင်နိုင်၍ ဝေဇယန္တာ ပြာသာဒ်ကြီးကို ဖန်ဆင်းပါသည်။

"ထိုဝေဇယန္တာ ပြာသာဒ်ကြီး၌ ထောင်ပေါင်းများစွာသော နန်းဦးဘုံဆောင်တို့သည် ရှိ၏။ တစ်ခု တစ်ခုသော နန်းဦးဘုံဆောင်၌လည်း ခုနစ်ရာ ခုနစ်ရာကုန်သော အထွတ်တပ်ထားသည့်ပြာသာဒ်ဆောင်များရှိ၏။ တစ်ခုတစ်ခုသော ကူဋာဂါရ ပြာသာဒ်ဆောင်ဘုံအထွတ်၌ နတ်သမီးကညာတို့သည် ခုနစ်ယောက် ခုနစ်ယောက်စီ ရှိကြကုန်၏။ တစ်ယောက် တစ်ယောက်စီသော နတ်သမီးကညာ၌ ခုနစ်ယောက် ခုနစ်ယောက်စီသော အလုပ်အကျွေး အစေခံ အခြေအရံတို့ ရှိကြပါကုန်၏။

"အရှင်ဘုရား မောဂ္ဂလာန်၊ ဝေဇယန္တာ ပြာသာဒ်ကြီး၏ မွေ့လျော်ဖွယ်ကို ကြည့်ရှုခြင်းငှာ အလိုရှိပါသလော" ဟု မေးလျှောက်၏။

အရှင်မဟာမောဂ္ဂလာန်သည် ဆိတ်ဆိတ်နေလျက် သည်းခံတော်မူ၏။ သိကြားမင်းသည်လည်းကောင်း, ဝေဿဝဏ် နတ်မင်းသည်လည်းကောင်း အရှင်မဟာမောဂ္ဂလာန်ကို ရှေ့မှထား၍ ဝေဇယန္တာပြာသာဒ်ကြီးသို့ သွားကြ၏။

http://www.dhammadownload.com

သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေး နတ်သမီးတို့သည် ရှင်မဟာမောဂ္ဂလာန်ကို မြင်ကြကုန်သည်ရှိသော် ချွေးမသည် ယောကျ္ဍမကိုမြင်လျှင် ရှက်စနိုးခြင်း ဖြစ်သကဲ့သို့ ရှက်စနိုးကြကုန်၍ မိမိတို့၏ တိုက်ခန်းသို့ ပြေးဝင်ကြကုန်၏။

လှည့်လည်ပြသကြပုံ

အရှင်မဟာမောဂ္ဂလာန်၏နောက်မှ သိကြားမင်းနှင့် ဝေဿဝဏ်နတ်မင်းတို့သည် အစဉ်လိုက်ကြကုန်လျက် "အရှင်ဘုရား မောဂ္ဂလာန်၊ ဤသည်လည်း ဝေဇယန္တာ ပြာသာဒ်ကြီး၏ မွေ့လျော်ဖွယ်တစ်မျိုး, ဤမှာလည်း ဝေဇယန္တာ ပြာသာဒ်ကြီး၏မွေ့လျော်ဖွယ်တဖုံ"ဟု အလုံးစုံသော မွေ့လျော်ဖွယ်တို့ကို လှည့်လည်၍ ပြကြကုန်၏။

အရှင်မဟာမောဂ္ဂလာန်သည် ကြည့်ရှုတော်မူ၍ "ငါ့ရှင် ကောသိယ၏ ရှေးကောင်းမှု ကံကြောင့်ရသော ဝေဇယန္တာ ပြာသာဒ်ကြီးသည် တင့်တယ်ပေ၏။ လူတို့သည်လည်း တစ်စုံတစ်ခုသော မွေ့လျော်ဖွယ်ကိုမြင်လျှင် "တာဝတိံသာ နတ်တို့ကဲ့သို့ တင့်တယ် ပေစွတကား"ဟူ၍ ဆိုကြကုန်သေး၏။ ထိုအတူပင်လျှင် ရှေးကောင်းမှုရှိသော ငါ့ရှင်ကောသိယ၏ ဝေဇယန္တာပြာသာဒ်ကြီးသည် တင့်တယ်ပေ၏"ဟု ဆိုပြီး၍ အရှင်မဟာမောဂ္ဂလာန်သည် ဤသို့ အကြဲဖြစ်၏။ "ဤသိကြားမင်းသည် အလွန်မေ့လျော့လျက်နေ၏တကား။ ငါသည် ဤသိကြားမင်းကို ထိတ်လန့်စေအံ့"ဟု အကြဲ ဖြစ်တော်မူပြီး တန်ခိုး အာဘိညာဉ်ကို လျှင်မြန်စွာ ဝင်စားလျက် ဝေဇယန္တာ ပြာသာဒ်ကြီးကို ခြေမတော်ဖြင့်တွန်းလျက် အကြိမ်ကြိမ် တုန်လှုပ်စေ၏။ ရှေ့နောက် ဟိုယိမ်း သည်ယိမ်း တောင်ယိမ်း မြောက်ယိမ်းဖြင့် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ သွက်သွက်ခါအောင် တုန်လှုပ်စေ၏။

သံဃဂ ရစေခြင်းငှာ

အရှင်မဟာမောဂ္ဂလာန်သည် ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမတော်ဖြင့် တုန်လှုပ်စေသောအခါ၌ သိကြားမင်းသည်လည်းကောင်း, ဝေဿဝဏ်နတ်မင်းသည်လည်းကောင်း, တာဝတိံသာ နတ်အပေါင်းတို့သည်လည်းကောင်း အံ့သြခြင်းသဘော ဖြစ်ကြကုန်၏။ ရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးကြီးခြင်းသည် "အံ့သြဖွယ်ရှိစွတကား၊ မဖြစ်စဖူး မကြုံစဖူး ထူးလေစွတကား။ ဤမျှ ကြီးကျယ်စွာသော နတ်ဗိမာန်ကြီးကိုပင် ခြေမတော်ဖြင့် သွက်သွက်တုန်လှုပ်အောင် တတ်နိုင်လေစွတကား"ဟု အံ့သြခြင်းဖြစ်လျက် ထိတ်လန့်ကြကုန်၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်သည် ဝေဇယန္တာပြာသာဒ်ကို အဘယ်ကြောင့် တုန်လှုပ်စေသနည်း။ နတ်စည်းစိမ်ဖြင့် မွေ့လျော်လျက် ပျံ့လွင့်သော စကားတို့ကိုဆိုသော သိကြားမင်းကို သံဝေဂရစေခြင်းငှာ တုန်လှုပ်စေ၏။ (အပဒါန်အဋ္ဌကထာ)

အရှင်မဟာမောဂ္ဂလာန်၏အမေး

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ကြက်သီးမွေးညင်းထအောင် ထိတ်လန့်၍ သံဝေဂဖြစ်သော သိကြားမင်းကို ဤသို့ မေးတော်မူ၏။ "ငါ့ရှင်ကောသိယ၊ အကျဉ်းအားဖြင့် တဏှာကင်းလွတ်ကြောင်းကို မြတ်စွာဘုရားသည် အဘယ်သို့ဟောသနည်း။ ငါတို့သည်လည်း ထိုတရားကို နာလိုကုန်၏"ဟု မိန့်တော်မူ၏။

သိကြားမင်း၏အဖြေ

သိကြားမင်းသည် ဤသို့ ဖြေလျှောက်၏။ "အရှင်ဘုရား မောဂ္ဂလာန်၊ တစ်ရံသောအခါ၌ တပည့်တော်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ တင့်တယ်သောအရပ်၌ ရုပ်လျက် "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အဘယ် မျှလောက်သိသော ရဟန်းသည် အကျဉ်းအားဖြင့် တဏှာကင်းလွတ်ခြင်း ဖြစ်ပါသနည်း။

ဗုဒ္ဓဟောပြုပုံ

"နတ်တို့ကို အစိုးရသော သိကြားမင်း၊ ဤသာသနာတော်၌ အကြင်ရဟန်းသည် အလုံးစုံသော ဖြစ်ပျက်တရားတို့ကို စွဲလမ်းသက်ဝင် ခင်မင်ခြင်းငှာမထိုက်၊ ဖြစ်ခြင်းပျက်ခြင်းရှိသော ဤတရားတို့ကို စွဲလမ်းနှစ်သက်နေခြင်းသည် မတော်မလျော် မသင့်ဟူ၍ ကြားဖူးနာဖူးသည်ဖြစ်အံ့။ ထိုရဟန်းသည် အလုံးစုံသော ဖြစ်ပျက် ရုပ်နာမ်တို့သည် အကြောင်းခံရှိသောကြောင့် ဖြစ်ခြင်းပျက်ခြင်း ဖြစ်ကုန်၏ဟူ၍ ယုံမှားတွေးတောမှုမရှိဘဲ ပိုင်ပိုင်ကြီးသိ၏။ ဤသို့ပိုင်ပိုင်ကြီး သဘောကျအောင်သိပြီး၍ ဆင်းရဲခြင်း ဒုက္ခဝေဒနာကိုသော်လည်းကောင်း, ချမ်းသာခြင်း သုခဝေဒနာကိုသော် လည်းကောင်း, ဆင်းရဲချမ်းသာမဟုတ်သော ဥပေက္ခာဝေဒနာကိုသော်လည်းကောင်း ခံစားတွေ့ထိရငြားအံ့၊ ထိုရဟန်းသည် ထိုဝေဒနာတို့၌ မမြဲဟူ၍ ရှုလျက်နေ၏။ ဖြစ်ခြင်းပျက်ခြင်း ဖောက်ပြန်ပြောင်းလဲ မမြဲသည်ကို ထင်မြင်လျက်နေ၏။

http://www.dhammadownload.com

"ထိုသို့ထင်မြင်၍နေသော ရဟန်းသည် တစ်စုံတစ်ခုသော ဖြစ်ခြင်းပျက်ခြင်း တရား၌ စွဲလမ်းခြင်းမရှိ၊ ဖြစ်ခြင်းပျက်ခြင်းတရား၌ စွဲလမ်းခြင်းမရှိသော် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။ ပဋိသန္ဓေနေခြင်းသဘော ကုန်ခန်း၏။ မြတ်သောအကျင့်ကို ကျင့်သုံး၍ပြီး၏။ ပြုဖွယ်ကိစ္စပြီး၏။ ဤမျှထက် ပိုလွန်၍ တဏှာကင်းခြင်းငှာ ကျင့်ဖွယ်မရှိဟူ၍ သိမြင်၏။ နတ်တို့ကို အစိုးရသော သိကြားမင်း၊ ဤမျှလောက် သိမြင်သော ရဟန်းသည် အကျဉ်းအားဖြင့် တဏှာမှ ကင်းလွတ်သည်မည်၏။ ဤသို့သာလျှင် မြတ်စွာဘုရားသည် တဏှာကင်းလွတ်ကြောင်း တရားကို တပည့်တော်အား ဟောတော်မူပါသည်"ဟူ၍ အရှင်မဟာမောဂ္ဂလာန်အား သိကြားမင်းက လျှောက်ကြား၏။

ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်သည် သိကြားမင်း၏ တရားဟောသံကို နှစ်သက်ဝမ်းမြောက်စွာ သာဓုခေါ်၍ ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ တာဝတိံသာမှ ကွယ်ခဲ့၍ ပုဗ္ဗာရုံကျောင်းတိုက်၏ ပြာသာဒ်၌ ထင်ရှားစွာပေါ်၏။

နတ်သမီးတို့က မေးပုံ

အရှင်မဟာမောဂ္ဂလာန် ကြွသွား၍ မကြာမြင့်မီ သိကြားမင်း၏ အခြေအရံ နတ်သမီးတို့သည် "အရှင်သိကြားမင်း၊ သင်၏ဆရာမြတ်စွာဘုရား ဆိုသည်မှာ ဤရဟန်းလော"ဟု မေးကြကုန်၏။ ထိုအခါသိကြားမင်းက "ဤရဟန်းသည် ငါ၏ဆရာ မြတ်စွာဘုရား မဟုတ်သေး၊ ဤရဟန်းသည် ငါ၏ဆရာ မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝကအကျော် အရှင်မဟာမောဂ္ဂလာန်ပင်တည်း" ဟု ဆို၏။

"အရှင်သိကြားမင်း၊ ရှင်တော်မြတ်ဘုရား၏ တပည့်သာဝကသည် ဤမျှလောက် တန်ခိုးကြီးပေ၏။ ဤမျှလောက် အစွမ်းအာနုဘော်ကြီးပေ၏။ မြတ်စွာဘုရားမူကား အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။ အံ့သြဖွယ်ဖြစ်ပေစွတကား။ အရှင်သိကြားမင်း၏ မြတ်စွာဘုရားသည် အလွန်တန်ခိုးကြီးပေလိမ့်မည်"ဟုဆို၍ အံ့သြကြကုန်၏။

မဟာဇမ္ပတိကို ဆုံးမတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်အခါ တစ်ယောက်သော မဟာဇမ္ပတိကြီးသည် "ဤငါတို့နေသော

http://www.dhammadownload.com

ဗြဟ္မာဘုံသို့ ရောက်အောင် လာနိုင်သော ရဟန်းသည် မရှိ" ဟူ၍ စိတ်၌ ယုတ်မာသော အကြံသည် ဖြစ်၏။ မြတ်စွာဘုရားသည် မဟာဗြဟ္မာ၏ စိတ်အကြံကို သိတော်မူလျှင်ပင် ဇေတဝန်ကျောင်းတော်မှ ဗြဟ္မာ့ပြည် ကြွသွားလေ၏။

ထို့နောက် ထိုမိစ္ဆာအယူရှိသော ဗြဟ္မာ၏ အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် တေဇောကသိုဏ်းစျာန်ကို ဝင်စားတော်မူကာ ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ဗြဟ္မာ့ပြည်သည် တစ်ပြိုင်နက် ထိန်လင်းတောက်ပလေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုဖြင့် မြတ်စွာဘုရားကိုမြင်၍ မြတ်စွာဘုရား၏အလိုတော်ကိုသိသဖြင့် ချက်ခြင်းပင် ဗြဟ္မာ့ပြည်၌ထင်ရှားဖြစ်၍ အရှေ့အရပ်ကို နောက်မှိုပြုလျက် မြတ်စွာဘုရား၏အောက် နိမ့်သောကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူကာ တေဇောကသိုဏ်းစျာန်ကို ဝင်စားတော်မူ၏။

ရဟန္တာကြီးများ ရောင်ခြည်လွှတ်ပြီ

ထိုအတူ အရှင်မဟာကဿပသည်လည်း မြတ်စွာဘုရား၏ အလိုတော်ကိုသိ၍ ထိုမိစ္ဆာအယူရှိသော မဟာဗြဟ္မာ၏အထက်ကောင်းကင်၌ တောင်အရပ်ကို နောက်မှိုပြုလျက် မြတ်စွာဘုရားအောက် နိမ့်စေလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထို့အတူ အရှင်မဟာကပ္ပိနသည်လည်း အနောက်အရပ်ကို နောက်ကျောပြု၍ မဟာဗြဟ္မာ၏အထက်ကောင်းကင်၌ မြတ်စွာဘုရားအောက် နိမ့်သောနေရာ၌ပင် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။

ထို့အတူ အရှင်အနုရုဒ္ဓါသည်လည်း ဗြဟ္မာ့ပြည်၌ ထင်ရှားပေါ်လာပြီး မိစ္ဆာအယူရှိသော မဟာဗြဟ္မာ၏ အထက်ကောင်းကင်၌ မြောက်အရပ်ကို နောက်ကျောပြုကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကြပြီးလျှင် တေဇောကသိုဏ်းကို ဝင်စားတော်မူလျက် နေ၏။

မဟာဗြဟ္မာ၏ ဦးခေါင်းထက်ကောင်းကင်၌ မြတ်စွာဘုရားသည် လည်းကောင်း လေးမျက်နှာ အရပ်ကောင်းကင်တို့၌ ရဟန္တာလေးပါး တို့သည်လည်းကောင်း တေဇောကသိုဏ်းစျာန်ဝင်စား၍ နေကြကုန်၏။

ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်သည် ထိုမိစ္ဆာအယူရှိသော ဗြဟ္မာအား ဤ ဂါထာဖြင့်ဆို၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် ဟောသောတရား

အဇ္ဈာပိ တေ အာဝုသော သာ ဒိဋ္ဌိ၊ ယာ တေ ဒိဋ္ဌိ ပုရေ အဟု။
ပဿသိ ဝိတိဝတ္တန္တံ၊ ဗြဟ္မလောကေ ပဘဿရံ။
(ထေရဂါထာ ၁၈၂၊ မူလပဏ္ဏာသ ၃၈၃၊
သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဗြဟ္မသံယုတ် ၁၄၇။)

အာဝုသော၊ ငါ့ရှင် ဗြဟ္မာကြီး။ တေ၊ သင်၏။ ယာဒိဋ္ဌိ၊ အကြင်မိစ္ဆာအယူသည်။ ပုရေ၊ ငါတို့မလာရောက်မီ ရှေးအဖို့၌။ အဟု၊ ဖြစ်ပြီ။ သာဒိဋ္ဌိ၊ ထိုမိစ္ဆာအယူသည်။ အဇ္ဈာပိ၊ ယနေ့တိုင်အောင်လည်း။ အသိ၊ ရှိသည်ဖြစ်သလော။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ဝိတိဝတ္တန္တံ၊ လွန်ကဲ၍ဖြစ်သော။ ပဘဿရံ၊ တစ်ပြိုင်နက် ထွန်းလင်းသော်အရောင်ကို။ ပဿသိ၊ သင် မြင်ရပြီ မဟုတ်လော။

ဤသို့ အရှင်မဟာမောဂ္ဂလာန်ဂါထာဖြင့် ဆိုသောအခါ-
နံ မော မာရိသ သာ ဒိဋ္ဌိ၊ ယာ မေ ဒိဋ္ဌိ ပုရေ အဟု။
ပဿာမိ ဝိတိဝတ္တန္တံ၊ ဗြဟ္မလောကေ ပဘဿရံ။
သွာဟံ အဇ္ဇ ကထံ ဝဇ္ဇံ၊ အဟံ နိစ္စောမှိ သဿတော။
(မူလပဏ္ဏာသ ၃၈၃၊ သဂါထာဝဂ္ဂသံယုတ်-၁၄၇)

မဟာဗြဟ္မာကြီးဝန်ခံပြီ

မာရိသ၊ အရှင်မဟာမောဂ္ဂလာန်။ မေ၊ အကျွန်ုပ်မဟာဗြဟ္မာအား။ ပုရေ၊ အရှင် ဘုရားတို့ မရောက်မီရှေးအခါ၌။ ယာဒိဋ္ဌိ၊ ဗြဟ္မာပြည်သို့ ကြွရောက်လာနိုင်သော ရဟန်းမရှိဟူသော အကြင်မိစ္ဆာအယူသည်။ အဟု၊ ဖြစ်ပြီ။ သာဒိဋ္ဌိ၊ ထိုမိစ္ဆာအယူသည်။ မေ၊ အကျွန်ုပ်အား။ နအသိ၊ ယခုမဖြစ်တော့ပေ။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ဝိတိဝတ္တန္တံ၊ လွန်ကဲ၍ဖြစ်သော။ ပဘဿရံ၊ တစ်ပြိုင်နက် ထွန်းလင်းသော အရောင်ကို။ ပဿာမိ၊ မြင်ရပေ၏။ အဟံ၊ အကျွန်ုပ်မဟာဗြဟ္မာသည်။ နိစ္စော၊ ကျောက်တောင်ကဲ့သို့ တည်မြဲသည်။ အမို၊ ဖြစ်၏။ သဿတော၊ အစဉ်မြဲသည်။ အမို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပုရေ၊ ရှေးအခါ၌။ အဟု၊ ဖြစ်၏။ သွာဟံ-သော်အဟံ၊ ထိုအကျွန်ုပ်မဟာဗြဟ္မာသည်။ အဇ္ဇ၊ ယနေ့။ ကထံ ဝဇ္ဇံ၊ အဘယ်မှာ ဆိုနိုင်တော့မည်နည်း။

http://www.dhammadownload.com

ထိုနောက် ဗြဟ်စွာဘုရားသည် မဟာဗြဟ္မာ၏ ပျော့ပျောင်းသောစိတ်, နူးညံ့သောသဘောရှိသည်ကို သိတော်မူသဖြင့် သစ္စာလေးပါးကိုပြ၍ တရားဟော တော်မူ၏။ တစ်ထောင်မက များစွာသော ဗြဟ္မာတို့သည် သောတာပန်စသည် တည်ကြကုန်၏။

ထိုမိစ္ဆာအယူ ပျောက်ကင်း၍သွားသော မဟာဗြဟ္မာသည် တစ်ယောက်သော ပါရိသဇ္ဇာဗြဟ္မာကိုခေါ်၍ ဤသို့စေလွှတ်၏။ "အရှင်မဟာမောဂ္ဂလာန်၏ အထံသို့ သွား၍ မေးချေလော့။ မြတ်စွာဘုရား၏ တပည့်တို့တွင် အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင်မဟာကပ္ပိန, အရှင်အနုရုဒ္ဓါတို့မှ တစ်ပါး ဤကဲ့သို့ တန်ခိုးကြီးသော ရဟန်းများ ရှိပါသေး၏လောဟု မေးချေလော့"ဟု စေလွှတ်သော် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာသည် အရှင်မဟာမောဂ္ဂလာန် အထံသို့လာ၍ မေးလျှောက်၏။

အရှင်မဟာမောဂ္ဂလာန် ဖြေကြားပုံ

အရှင်မဟာမောဂ္ဂလာန်သည် ဤဂါထာဖြင့် ဖြေတော်မူလိုက်၏။

တေဝိဇ္ဇာ ဣဒ္ဓိပတ္တာ စ၊ စေတောပရိယာယ ကောဝိဒါ။
ခီဏာသဝါ အရဟန္တော၊ ဗဟူ ဗုဒ္ဓသ သာဝကာ။

တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးရှိသော ရဟန်းတို့သည်လည်းကောင်း။ ဣဒ္ဓိပတ္တာစ၊ တန်ခိုးဣဒ္ဓိသို့ ရောက်ကုန်သော ရဟန်းတို့သည် လည်းကောင်း။ စေတောပရိယာယ ကောဝိဒါ၊ သူတစ်ပါး၏ စိတ်ကိုသိသော ရဟန်းတို့သည်လည်းကောင်း။ ခီဏာသဝါ၊ အာသဝေါ ကုန်ပြီးကုန်သော။ အရဟန္တော်စ၊ ရဟန္တာတို့သည်လည်းကောင်း။ ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သားတော်တို့သည်။ ဗဟူ၊ များစွာရှိကုန်၏။

နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူခြင်း

တစ်ပါးသောအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏တရားတော်ကို နာပြီး၍ ငါးရာသော ရဟန်းတို့နှင့်တကွ နက်ဖြန်ဆွမ်းအလို့ငှာ မြတ်စွာဘုရားကို ပင့်ဖိတ်၏။ နံနက်မိုးသောက်သောအခါ၌ မြတ်စွာဘုရားသည် တစ်သောင်းသောလောကဓာတ်ကို ကြည့်ရှုတော်မူလတ်သော် နန္ဒောပနန္ဒနဂါးမင်းသည် ဘုဏ်စောက်၌ ထင်ခြင်းသို့ရောက်၏။ နဂါးမင်းသည် သရဏဂုံ၌တည်၍ မိစ္ဆာအယူ

http://www.dhammadownload.com

ပျောက်အောင် အရှင်မောဂ္ဂလာန်သည် ဆုံးမလိမ့်မည်။ ထိုသို့ မြင်တော်မူသောကြောင့် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ၊ ငါဘုရားသည် နတ်ပြည်သို့ ဒေသစာရီကြွတော်မူမည့်အကြောင်းကို ရဟန္တာ ငါးရာတို့အား ပြောကြားလော့"ဟု စေတော်မူ၏။

သသောက်ပွဲ စီစဉ်နေသော နဂါးမင်း

ထိုနေ့တွင် နန္ဒောပနန္ဒနဂါးမင်းသည် သသောက်ပွဲသဘင်ကို စီရင်နေ၏။ နတ်၌ဖြစ်သော ရတနာပလ္လင်ထက်ဝယ် နတ်၌ဖြစ်သောထီးဖြူကို ဆောင်းလျက် အကြီး,အငယ်, အလတ်သုံးရပ်သော ကချေသည် နဂါးမတို့ဖြင့် လည်းကောင်း, များစွာသော နဂါးပရိသတ်တို့ဖြင့်လည်းကောင်း ခြံရံကုန်လျက် နတ်၌ဖြစ်သော ရွှေခွက်တို့၌ထည့်၍ အလုပ်အကျွေးတို့ ပို့ဆောင်ဆက်သလာသော ထမင်းအဖျော် ခဲဖွယ်ဘောဇဉ်တို့ကို နဂါးမင်းသည် ကြည့်လျက်နေ၏။

ဘုရားရှင် ကြွလာပုံ

ထိုအခါ၌ မြတ်စွာဘုရားသည် တန်ခိုးကြီးလှစွာသော ရဟန္တာငါးရာခြံရံလျက် ထိုနဂါးမင်း၏ ဘုံဗိမာန်ပေါ်မှ နဂါမင်းမြင်လောက်သည် ကောင်းကင်ခရီးဖြင့် တာဝတိံသာနတ်ပြည်သို့ ရှေးရှုကြွတော်မူ၏။

ထိုအခါ၌ နဂါးမင်းသည် "ဤ ဦးပြည်း ရဟန်းယုတ်တို့သည် ငါ၏ ဘုံဗိမာန်အထက် ကောင်းကင်မှ တာဝတိံသာနတ်ပြည်သို့ သွားနေကုန်၏။ ဤနေ့မှစ၍ ဤဦးပြည်း ရဟန်းတို့အား ငါ၏ ဦးခေါင်းပေါ်၌ ခြေမှုန့်ကိုချလျက် သွားခွင့်မရအောင် ပြုတော့အံ့"ဟူ၍ စဉ်းစားကာ ရုတ်တရက် လျင်မြန်စွာ နေရာမှထသည်။ မြင်းမိုရ်တောင်ခြေသို့ သွားသည်။ မြင်းမိုရ်တောင်ကို နဂါးမင်း အသွင် ကြီးမားသော အတ္တဘောဖြင့် ခုနစ်ပတ် ခွေပတ်၍ နေသည်။ကြီးစွာသော ပါးပျဉ်းကို ဖန်ဆင်း၍ မြင်းမိုရ်တောင်ထိပ်မှသည် တာဝတိံသာနတ်ပြည်အထိ ပါးပျဉ်းဖြင့် အုပ်ဖုံးလျက်ထား၏။

အရှင်ရဋ္ဌပါလ၏ လျှောက်ထားချက်

ထိုအခါ အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ "ရှေးအခါ၌ ဤအရပ်သို့ရောက်လျှင် မြင်းမိုရ်တောင်ကို မြင်ရပါသည်။ မြင်းမိုရ်တောင်၏

http://www.dhammadownload.com

အနားရေးကိုလည်းမြင်ရပါသည်။ တာဝတိံသာ ဝေဇယန္တာပြာသာဒ်ကိုလည်း ကောင်း၊ ပြာသာဒ်၏အထွတ်တံခွန်ကိုလည်းကောင်း မြင်ရပါသည်။ ယခုအဘယ် အကြောင်းကြောင့် မမြင်ရပါသနည်း မြတ်စွာဘုရား" ဟူ၍ လျှောက်ထား၏။

"မြတ်စွာဘုရားက ချစ်သားရဋ္ဌပါလ၊ နန္ဒောပနန္ဒ နဂါးမင်းသည် သင်တို့ကို အမျက်ထွက်၍ ပါးပျဉ်းဖြင့် ဖုံးအုပ်လျက် နေအရောင်မထိုးနိုင်အောင် အမိုက်မှောင်ကို ပြုလျက်နေ၏" ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်ရဋ္ဌပါလထေရ်သည် မြတ်စွာဘုရားသို့ချဉ်းကပ်၍ "ထိုနဂါးကို နှိမ်နင်း၍ ဆုံးမပါအံ့" ဟု တောင်းပန်၏။ မြတ်စွာဘုရားသခင်သည် ခွင့်ပေးတော်မမူ၊ ထို့နောက် အရှင်ဘဒ္ဒိယမထေရ်သည် လည်းကောင်း၊ အရှင်ရာဟုလာသည် လည်းကောင်း တောင်းပန်ပြန်၏။ ခွင့်ပေးတော် မမူ။ ဤသို့စသည်ဖြင့် တန်ခိုးကြီးကုန်သော ရဟန္တာတို့သည် နဂါးကို တန်ခိုးဖြင့် နှိမ်နင်းရန် ထ၍ လျှောက်ထား တောင်းပန်ကြကုန်၏။ မြတ်စွာဘုရားသည် မည်သူ့ကိုမျှ ခွင့်ပြုတော်မမူ။

ထိုနောက် အရှင်မဟာမောဂ္ဂလာန်ထေရ်သည် "ဘုရား၊တပည့်တော် ဆုံးမ ပါမည်ဘုရား" ဟု တောင်းပန်သောအခါမှ မြတ်စွာဘုရားက ခွင့်ပြုတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ကြီးစွာသော နဂါးကြီးအသွင် ဖန်ဆင်း၍ မြင်းမိုရ် တောင်ကို ခုနစ်ပတ်ခွေပတ်၍နေသော နန္ဒောပနန္ဒ နဂါး၏အပေါ်မှ ထပ်၍တစ်ဆယ့် လေးပတ်ပတ်လျက် နန္ဒောပနန္ဒနဂါး၏ ဦးခေါင်းပေါ်၌ ပါးပျဉ်းကို ထား၍ မြင်းမိုရ်တောင်နှင့် ညှပ်၏။

အဆိပ်ခိုးများလွတ်ပြီ

နဂါးမင်းသည် ကြီးစွာသော အဆိပ်ခိုးတို့ကို မှောင်ပိတ်၍နေအောင်လွှတ်၏။ မထေရ်မြတ်သည်လည်း "သင်၏ကိုယ်၌သာလျှင် အခိုးရှိသည်မဟုတ်၊ ငါ၏ကိုယ်၌ လည်း အခိုးရှိ၏" ဟုဆို၍ အခိုးလွှတ်တော်မူ၏။ နဂါးမင်း၏အခိုးသည် မထေရ် မြတ်ကို မထိခိုက်။ မထေရ်မြတ်လွှတ်သော အခိုးသည်ကား နဂါးမင်းကိုထိခိုက်၏။

ထိုနောက် နဂါးမင်းသည် မီးလျှံရောင်ကိုလွှတ်ပြန်၏။ မထေရ်မြတ်သည် လည်း "သင်၏ ကိုယ်၌သာလျှင် မီးလျှံရှိသည်မဟုတ်၊ ငါ၏ကိုယ်၌လည်း မီးလျှံရှိ၏" ဟု ဆို၍ မီးလျှံရောင်ကို လွှတ်တော်မူပြန်၏။ နဂါးမင်း၏ မီးလျှံသည် မထေရ်မြတ်ကို မထိခိုက်။ မထေရ်မြတ်လွှတ်သော မီးလျှံသည်ကား နဂါးမင်းကို ထိခိုက်၏။

http://www.dhammadownload.com

သင်အဘယ်သူနည်း

နဂါးမင်းသည် ဤသို့စဉ်းစား၏။ "ဤသူသည် ငါကဲ့သို့ တန်ခိုးကြီးသော နဂါးကို မြင်းမိုရ်တောင်နှင့်ညှပ်၍ အခိုးကိုလည်း လွတ်၏။ အလျဲကိုလည်းလွတ်၏" မည်သူဖြစ်သနည်းဟု စဉ်းစားတွေးတောကာ "အသင်သည်အဘယ်သူနည်း"ဟု မေး၏။ "နန္ဒောပနန္ဒနဂါး၊ ငါသည် မဟာမောဂ္ဂလာန်တည်း" ဟူ၍ ပြော၏။ "ရှင်မဟာမောဂ္ဂလာန်ဖြစ်သော် မိမိအား ရဟန်းအသွင်ဖြင့် ရပ်၍ ပြတော်မူပါဘုရား"ဟု လျှောက်၏။

နဂါးဝမ်းတွင်း၌ စကြိုကြွပြီ

မထေရ်မြတ်သည် နဂါးအသွင်ကိုစွန့်၍ ရဟန်းအသွင်ဖြင့် နန္ဒောပနန္ဒနဂါး၏ လက်ယာနားပေါက်မှဝင်၍ လက်ဝဲနားပေါက်မှ ထွက်၏။ လက်ဝဲနားပေါက်မှ ဝင်ပြန်၍ လက်ယာနားပေါက်မှ ထွက်ပြန်၏။ လက်ယာနှာခေါင်းပေါက်မှဝင်၍ လက်ဝဲ နှာခေါင်းမှ ထွက်၏။ လက်ဝဲ နှာခေါင်းပေါက်မှ ဝင်ပြန်၍ လက်ယာ နှာခေါင်းမှ ထွက်ပြန်၏။

ထိုနောက် နဂါးမင်းသည် ခံတွင်းကိုဖွင့်၏။ မထေရ်မြတ်သည် ခံတွင်းပေါက်မှ ဝင်၍ ဝမ်းတွင်း၌ စကြိုသွား၏။

မြတ်စွာဘုရားသည် "ချစ်သားမောဂ္ဂလာန်၊ မမေ့မလျော့သတိကို ဖြစ်စေလော့၊ ဤနဂါးသည် ကမ္မဇဓိဋ္ဌိတန်ခိုးကြီး၏"ဟု သတိပေးတော်မူ၏။ "တပည့်တော်သည် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို အကြိမ်များစွာ ပွားစီးလေ့ကျက်ပြီး ဖြစ်ပါသည်။ နန္ဒောပနန္ဒနဂါးကဲ့သို့သောနဂါးကို မဆိုထားနှင့် တန်ခိုးကြီးသော နဂါးတစ်ရာကို လည်းကောင်း, တစ်ထောင်ကို လည်းကောင်း, တစ်သောင်း တစ်သိန်းကို လည်းကောင်း ဆုံးမခြင်းငှာ စွမ်းနိုင်ပါ၏" ဟူ၍ လျှောက်၏။

နဂါးမင်းသည် ဤသို့ကြံ၏၊ "ဤရဟန်းသည် ဝင်သောအခါက ငါမမြင်လိုက်။ ထွက်လာသောအခါ ယခုပင် သွားကြွားထဲသို့ သွင်း၍ ဝါးလိုက်အံ့"ဟု ကြံကာ "အရှင်မဟာမောဂ္ဂလာန် ထွက်တော်မူပါ။ တပည့်တော်၏ဝမ်းတွင်းသို့ ဝင်လျက် စကြိုသွား၍ မနှိပ်စက်ပါလင့်"ဟု ဆို၏။

မထေရ်မြတ်သည် အပြင်သို့ထွက်၍ ရပ်၏။ နဂါးမင်းသည် နှာခေါင်းလေဖြင့် မှုတ်၏။ မထေရ်မြတ်သည် စတုတ္ထစျာန်ကို ဝင်စားနေသဖြင့် နဂါးမှုတ်သော နှာခေါင်း လေသည် မွေးညင်းတစ်ချောင်းကိုမျှ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်။

http://www.dhammadownload.com

နဂါးမင်းသည် ဤရဟန်းကား တန်ခိုးကြီး၏။ ငါ၏နှာခေါင်းလေဖြင့် မွေးညင်းတစ်ချောင်းကိုမျှ လှုပ်ရှားအောင် မတတ်နိုင်ပါတကားဟု အောက်မေ့၏။ မထေရ်မြတ်သည် ကြီးစွာသော ဂဠုန်၏အသွင်ကို ဖန်ဆင်း၍ တောင်ဟုန်သံပေးလျက် နဂါးကို ထိုးသုတ်ရန် ပြုလုပ်၏။

မထေရ်ကိုနဂါးက ရှိခိုးပြီ

နဂါးမင်းသည် နဂါးအသွင်ကို စွန့်ကာ လူလင်ပျိုး၏ အသွင်ကို ဖန်ဆင်းလျက် "အရှင်ဘုရားသည် တပည့်တော်၏ကိုးကွယ်ရာ ဖြစ်တော်မူပါဘုရား" ဟု မထေရ်မြတ်၏ခြေရင်း၌ ဝပ်၍ ရှိခိုး၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "အသင်နဂါးမင်း၊ မကြောင့်ကြလင့်၊ မြတ်စွာဘုရားကြွလာတော်မူ၏" ဟု ဆို၍ မြတ်စွာဘုရား၏အထံသို့ ခေါ်ဆောင်သွား၏။ ရောက်လျှင် နဂါးမင်းသည် မြတ်စွာဘုရားကို ရှိခိုးလျက် "အရှင်ဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏" ဟု ဆို၍ သရဏဂုံ တည်လေ၏။

မြတ်စွာဘုရားသည် နဂါးမင်းအား "ချမ်းသာရာရစေ" ဟု ဆုပေးပြီးလျှင် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ ကြွတော်မူ၏။ အနာထပိဏ်သူဌေးသည် "အဘယ့်ကြောင့် နေမြင့်ပါသနည်းဘုရား" ဟု လျှောက်၏။ "မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒနဂါးမင်း၏ စစ်ပွဲကို ကြည့်ရှု နေ၍ နေမြင့်သည်" ဟု မိန့်တော်မူ၏။ "အဘယ်သူ စစ်အောင်၍ အဘယ်သူ စစ်ရှုံးပါသနည်း" ဟု လျှောက်၏။ "မောဂ္ဂလာန် စစ်အောင်၍ နန္ဒောပနန္ဒစစ်ရှုံး၏" ဟု မိန့်တော်မူလျှင် အနာထပိဏ်သူဌေးသည် "ယနေ့မှစ၍ အစဉ်အတိုင်း ခုနစ်ရက်တို့ပတ်လုံး ရဟန်းငါးရာနှင့် တကွ ဆွမ်းဘဉ်းပေးရန် ကြွတော်မူပါဘုရား။ အရှင် မဟာမောဂ္ဂလာန်ထေရ်အားပူဇော်ခြင်းကို ပြုပါအံ့" ဟု လျှောက်ကြားကာ ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။

အရှင်မဟာမောဂ္ဂလာန်သည် အနောမဒဿီ မြတ်စွာဘုရား၏လက်ထက်၌ သိရိဝမုန သူဌေးသားဖြစ်၍ ဗျာဒိတ်ရသည်လည်း တစ်ကြိမ်၊ ထိုသိရိဝမုနသူဌေးသား ဘဝမှ စုတေ၍ သမုဒ္ဒရာဇဝံ၌ ဝရဏနဂါးမင်းဖြစ်စဉ် ဗျာဒိတ်ရသည်လည်းတစ်ကြိမ်၊

F-15A ထေရအပဒါန်

http://www.dhammadownload.com

ဤသို့ သက်တမ်းရှည်သော အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူသော အနောမဒဿီ မြတ်စွာဘုရား၏ အထံတော်၌ နှစ်ကြိမ်တိုင်တိုင် ဗျာဒိတ်ခံရ၏။

အရှင်မဟာမောဂ္ဂလာန်ထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်မဟာကဿပထေရ် အပဒါန်ဝတ္ထု

ဓုတင် ၁၃ ပါးကို ဆောင်တော်မူသော အရှင်မဟာကဿပလောင်းလျာသည် နိယတဗျာဒိတ်ကိုမရမီ ရှေးရှေးသော ဘုရားတို့၏အထံတော်၌ အဓိကာရ ကုသိုလ် ပြု၍ ထိုထိုဘဝတို့၌ ဝိဝဋ္ဋနိဿိတ ဝင့်ဆင်းရဲကင်းကြောင်း ကောင်းမှုကုသိုလ် သမ္ဘာရတို့ကို ဆည်ပူးအားထုတ် ပတ္ထနာကာလ ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်သည်။ ရင့်ခြင်းသို့ရောက်သော်အခါ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၍ အဘိနီဟာရ နိယတဗျာဒိတ်ကို ရသည်။

ကုဋေ ၈၀ ကြွယ်သော သူဌေးဘဝ

အရှင်မဟာကဿပလောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟံသာဝတီမြို့၌ ဝေဒေဟမည်သော ကုဋုမ္ဗိကသူကြွယ်ဖြစ်၍ ကုဋေ ရှစ်ဆယ် ဥစ္စာကြွယ်၏။

ထိုဝေဒေဟသူကြွယ်သည် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို အလွန်မြတ်နိုး ကြည်ညိုသော ဥပါသကာဖြစ်သည်။ ဥပုသ်နေ့၌ နံနက်စောစော ထလျက် အာဟာရသုံးဆောင်ပြီး ဥပုသ်စောင့်၏။ ပန်းနံ့သာတို့ကို ယူဆောင်ကာ ကျောင်းသို့သွားလျက် မြတ်စွာဘုရားအား ပူဇော်ပြီးလျှင် သင့်တင့်ရာ၌နေ၏။

ထိုအခါက မြတ်စွာဘုရားသည် နိသဘာမည်သော တတိယသာဝကထေရ်ကို ဓုတင်ဆောင်သောအရာ၌ ဧတဒဂ်ပေးတော်မူသည်ကို ဝေဒေဟဥပါသကာ ကြားသော် အလွန်ကြည်ညိုခြင်းဖြစ်၏။

ထိုဓမ္မသဘင်ပွဲအပြီး တရားနာပရိသတ်တို့ ထသွားကြသည်ရှိသော် ဝေဒေဟ သူကြွယ်သည် မြတ်စွာဘုရားကို ရှိခိုးလျက် "နက်ဖြန်နံနက်၌ တပည့်တော်၏ အိမ်၌ ဆွမ်းကို အလှူခံတော်မူပါဘုရား" ဟု လျှောက်ထား၏။

http://www.dhammadownload.com

ထိုအခါ မြတ်စွာဘုရားက "ဥပါသကာ၊ ငါ၏ရဟန်းသံဃာသည် များလှ၏"ဟု မိန့်တော်မူလျှင် "အဘယ်မျှ ရှိပါသနည်း အရှင်ဘုရား"ဟု လျှောက်၏။ "ခြောက်သန်းရှစ်သိန်း ရှိ၏"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား၊ သာမဏေကိုမျှ ကျောင်း၌ မကြွင်းကျန်စေမူ၍ ဘုရားတပည့်တော်၏အိမ်၌ ဆွမ်းကို အလှူခံတော်မူပါဘုရား"ဟုလျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ သည်းခံတော်မူ၏။

ဝေဒေဟဥပါသကာသည် အိမ်သို့ ပြန်ကာ ကြီးလှစွာသော အလှူကြီးကို စီရင်သည်။ နံနက်လင်းသည်နှင့် ဘုရားနှင့်တကွ သံဃာတော်တို့ကိုပင့်ဖိတ်ရန် စေခိုင်းလိုက်၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူတော်မူ၍ ရဟန်းသံဃာများ ခြံရံလျက် ဥပါသကာအိမ်သို့ ကြွတော်မူကာ ခင်းထားအပ်သောနေရာ၌ နေတော်မူလျက် ယာဂုစသည်တို့ကို အကပ်ခံတော်မူ၏။ ဝေဒေဟ ဥပါသကာသည်လည်း မြတ်စွာဘုရား၏ အနီး၌ထိုင်နေလျက် ကြည်ညိုနေ၏။

ထိုခဏဝယ် ဓုတင်ဆောင် မဟာနိသဘထေရ်သည် ဆွမ်းခံလှည့်လည်၍ ထိုသူကြွယ်အိမ်လမ်းသို့ ရောက်လာသည်၊ ဝေဒေဟဥပါသကာသည် မထေရ်ကို မြင်သော် လျင်မြန်စွာထ၍ သွားပြီးလျှင် "အရှင်ဘုရား၊ သပိတ်ကို ပေးတော်မူပါဘုရား"ဟု လျှောက်၏။ မထေရ်မြတ်သည် သပိတ်ကိုပေး၏။ "အရှင်ဘုရား၊ ဤအိမ်အတွင်းသို့ ကြွတော်မူပါ၊ မြတ်စွာဘုရားသည်လည်း အိမ်ပေါ်၌ ရှိပါသည်ဘုရား"ဟု လျှောက်၏။

မထေရ်က "ဥပါသကာ မအပ်"ဟု ဆို၍ ပယ်၏။ ဥပါသကာသည် မထေရ်မြတ်၏ သပိတ်ကိုယူကာ ဆွမ်းဘောဇဉ်ဖြင့် ပြည့်စေလျက် ကပ်လှူသည်။ မထေရ်မြတ်၏ နောက်သို့ အနည်းငယ်မျှ လိုက်ပို့ပြီးလျှင် ပြန်လာ၍ မြတ်စွာဘုရား အနီး၌ထိုင်လျက် "အရှင်ဘုရား၊ နိသဘထေရ်သည် အိမ်ပေါ်၌ မြတ်စွာဘုရား ရှိပါသည်ဆို၍ ပင့်သော်လည်း အိမ်ပေါ်သို့တက်၍ ထိုင်ခြင်းကို အလိုမရှိ။ ထိုနိသဘထေရ်သည် မြတ်စွာဘုရားထက်သာလွန်သော ဂုဏ်ထူးရှိပါသလား အရှင်ဘုရား"ဟူ၍ မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "ဥပါသကာ၊ ငါတို့သည်ကား ဆွမ်းစသည်ကို ဆိုင်းငံ့စောင့်စားလျက် အလှူခံကုန်၏။ ထိုနိသဘထေရ်သည်ကား ဤကဲ့သို့

http://www.dhammadownload.com

ဆိုင်းငံ့၍ ဆွမ်းစားခြင်း, အလှူခံခြင်းကိုမပြု။ ငါတို့သည် ရွာနီးကျောင်း၌ သီတင်းသုံးကြကုန်၏။ ထိုနိသဘရဟန်းသည်ကား တောကျောင်း၌သာ သီတင်းသုံး၏။ ငါတို့သည် အမိုးရှိသောကျောင်း၌သာနေ၏။ ထိုနိသဘ ရဟန်းသည်ကား လွင်တီးခေါင်၌သာလျှင် နေ၏"။ ဤသို့လျှင် မြတ်စွာဘုရားသည် ဓုတင်ဆောင် နိသဘထေရ်၏ဂုဏ်ထူးတို့ကို ထုတ်ဖော်၍ မိန့်တော်မူ၏။

ကြည်ညိုရင်းထက် တိုးတက်ကြည်ညို

ဝေဒေဟဥပါသကာ၏ ပကတိအားဖြင့် တောက်ပထွန်းလင်း၍ နေသော ဆီမီး၌ ဆီကို ထပ်၍လောင်းသကဲ့သို့ နိသဘထေရ်အား မူလကြည်ညိုရင်းထက် တိုးတက်ကြည်ညိုသဖြင့် ဤသို့ကြ၏။ "ငါသည် တစ်ပါးသော စည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ နောင်အခါ၌ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့၏ အထံတော်၌ ဓုတင်ဆောင် ရဟန်းအဖြစ်ကိုသာလျှင် ဆုတောင်းခြင်းကို ပြုတော့အံ့" ဟု ကြံကာ ဥပါသကာသည် နောက်တစ်နေ့လည်း မြတ်စွာဘုရားကို ပင့်၍ ဆွမ်းကပ်လှူပြန်၏။

ဤကဲ့သို့ ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကြီးကို ပေးလှူလျက် ခုနစ်ရက်မြောက် နောက်တစ်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား တိစီဝရိတ်သင်္ကန်းတို့ကိုလှူသည်။ ထို့နောက် မြတ်စွာဘုရား၏ခြေတော်ရင်း၌ဝပ်စင်းလျက် ဤသို့ ဆုတောင်းခြင်းကို ပြု၏။

"မြတ်စွာဘုရား၊ ခုနစ်ရက်တို့ပတ်လုံး ပေးလှူပူဇော်သော တပည့်တော်၏ ဤဒါနကုသိုလ်ကြောင့် တစ်ပါးသော နတ်စည်းစိမ်ကိုလည်းကောင်း၊ သိကြားမင်းစည်းစိမ်၊ မာရ်နတ်စည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်ကိုလည်းကောင်း မတောင့်တပါ။ လိုချင်တောင့်တသော အရာအထူးသည်ကား တပည့်တော်၏ ဤဒါနကုသိုလ်ကံသည် နောင်သောအခါ တစ်ဆူသောဘုရားရှင်အထံတော်၌ မဟာနိသဘထေရ်ကဲ့သို့ မြတ်သော ဓုတင်ဆယ်သုံးပါးဆောင်ပုဂ္ဂိုလ် ဖြစ်ပါစေသတည်း။"

ဘုရားရှင်က ဗျာဒိတ်ပေးပြီ

ပဒုမုတ္တရမြတ်စွာဘုရားသည် ဤဥပါသကာသည် ကြီးမြတ်သောအရာကို လိုလားတောင့်တ၏၊ ပြည့်စုံအံ့လောဟု ဆင်ခြင်တော်မူသည်ရှိသော် ပြည့်စုံလတ္တံ့

http://www.dhammadownload.com

သောအဖြစ်ကို မြင်တော်မူ၏သဖြင့် "ဥပါသကာ၊ သင်နှစ်သက်တောင့်တအပ်သော အရာသည် နောင်အခါ ကမ္ဘာတစ်သိန်း၏ အဆုံး၌ ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။ သင်ဥပါသကာသည် ထိုဂေါတမ မြတ်စွာဘုရား၏ တတိယသာဝကဖြစ်သော မဟာကဿပဟူသော အမည်ဖြင့် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။

ဝေဒေဟဥပါသကာသည် အသက်ထက်ဆုံး အလှူပေး၍ သီလဆောက်တည် လျက် အထူးထူးသော ကုသိုလ်ကောင်းမှုကို ပြုကာ စုတေသည်ရှိသော် နတ်ပြည်သို့ ရောက်၏။ ထိုဘဝမှစ၍ လူ့ပြည်နတ်ပြည်တို့၌ အကြိမ်ကြိမ် စည်းစိမ်ကိုခံစား ပြီးသော် ဤကမ္ဘာမှ ပြန်၍ရသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ အရှင်မဟာကဿပ လောင်းလျာသည် နတ်ပြည်မှ စုတေကာ မထင်ရှားသော ပုဏ္ဏားအိုကြီး၏အိမ်၌ ဖြစ်၏။ ထိုအခါ ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီပြည်ကို အမှီပြု၍ သားကောင် တိရစ္ဆာန်တို့အား ဘေးမဲ့ပေးရာဖြစ်သော ခေမမိဂဒါယတော၌ သီတင်းသုံးတော်မူ၏။

၇-နှစ်မှတစ်ကြိမ်တရားဟော

ထိုအခါကာလက ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်လျှင် တစ်ကြိမ်သာလျှင် တရားဟော၏။ မြတ်စွာဘုရား တရားဟောမည့်နှစ်တွင် ကြီးစွာသော အုတ်အုတ် ကျက်ကျက် ကောလာဟလသည် ဖြစ်၏။ နတ်တို့သည် အလုံးစုံသော ဇမ္ဗူဒိပ် ကျန်းသို့ လှည့်လည်၍ မြတ်စွာဘုရား တရားဟောမည့်အကြောင်းကို ကြွေးကြော် ကြကုန်၏။

ဧကသာဋက ပုဏ္ဏားဘဝ

အရှင်မဟာကဿပအလောင်း ပုဏ္ဏားသည် ထိုကြွေးကြော်ဖိတ်ကြားသော သတင်းစကားကို ကြား၏။ ထိုပုဏ္ဏား သူဆင်းရဲတွင် ခါးဝတ်ပုဆိုး တစ်ထည်သာ ရှိ၏။ ထို့အတူ ထိုပုဏ္ဏား၏မယား ဘဒ္ဒါလောင်းလျာ ပုဏ္ဏေးမ၌လည်း ခါးဝတ် ထဘီတစ်ထည်သာ ရှိ၏။ ခြံစရာမှာကား နှစ်ယောက်မှ တစ်ထည်သာ ရှိကြ၏။ ထိုကြောင့် သူတို့လင်မယားကို တစ်မြို့လုံးက ဧကသာဋက ပုဏ္ဏားလင်မယားဟု ခေါ်ကြ၏။

ထိုဧကသာဋကပုဏ္ဏားသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စရှိလျှင်သော်လည်းကောင်း၊ ပုဏ္ဏားတို့ အစည်းအဝေး ပြုလုပ်လျှင်သော်လည်းကောင်း ပုဏ္ဏေးမကို

http://www.dhammadownload.com

အိမ်၌ထားခဲ့၍ မိမိသည်ကား ထိုအပေါ်ရုံ ခြံစရာ အ၀တ်အထည်ကို ခြံ၍ သွားရ၏။ ပုဏ္ဏားမကို့အစည်းအ၀ေးရှိလျှင်လည်း သူဆင်းရဲပုဏ္ဏားမှာ အိမ်၌ နေရစ်ကာ ပုဏ္ဏားမသည် ထိုတစ်ထည်သော ခြံစရာအ၀တ်ကို ခြံ၍သွားရ၏။

ထိုတရားနာ ကြွေးကြော်ဖိတ်ကြားသောနေ့၌ ပုဏ္ဏားအိုကြီးသည် မိမိမယား ပုဏ္ဏေးမကိုခေါ်၍ "ရှင်မ၊ သင်သည် ညဉ့်အခါ၌ တရားကို နာမည်လော၊ သို့မဟုတ် နေ့အခါ၌ တရားကို နာမည်လော"ဟု မေး၏။ "အရှင့်သား၊ အကျွန်ုပ်သည် မိန်းမဖြစ်၍ ညဉ့်အခါ တရားနာခြင်းငှာ မလျောက်ပတ်ပါ၊ နေ့အခါ၌သာ တရားနာပါအံ့"ဟု ပြန်ပြော၏။

နေ့အခါ၌ ပုဏ္ဏေးမသည် ယောကျ်ားပုဏ္ဏားကို အိမ်၌ထားခဲ့ပြီ တစ်ထည် တည်းသာရှိသော အပေါ်ရုံကို တင်ခြံလျက် မိန်းမအဖော်တို့နှင့် အတူတကွ ကျောင်းသို့သွား၍ တရားတော်ကို နာ၏။ ညဉ့်အခါ၌ ပုဏ္ဏားသူဆင်းရဲသည် ပုဏ္ဏေးမကို အိမ်၌ထားခဲ့ကာ ထိုတစ်ထည်သောအပေါ်ရုံကို တင်ခြံ၍ ကျောင်းသို့ တရားနာသွား၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ပရိသတ်အလယ်ရှိ တန်ဆာဆင်အပ်သော ဓမ္မာသနပလ္လင်၌ ထိုင်တော်မူလျက် တရားတော်ကို အဆန်းဆန်း အကျယ်ကျယ် နည်းအသွယ်သွယ်ဖြင့် ဟောတော်မူ၏။

ပုဏ္ဏားသူဆင်းရဲသည် ပရိသတ်အစွန်၌ ထိုင်လျက် တရားနာ၏။ ညဉ့်ဦးယံ အခါ၌ပင်လျှင် တရားတော်၏ အရှိန်ကြောင့် တစ်ကိုယ်လုံးစိမ့်၍ ငါးပါးသော ပီတိသည် ဖြစ်၏။

ကောင်းစိတ်နှင့် မကောင်းစိတ်တို့ အပြန်အလှန်ဖြစ်ကြပုံ

ဖြစ်လာသောပီတိနှင့် ဘုရားရှင်အပေါ် ကြည်ညိုမှုတို့ကြောင့် ပုဏ္ဏား သူဆင်းရဲသည် အပေါ်ရုံကို ခေါက်၍ မြတ်စွာဘုရားအား လှူရန် အကြံဖြစ်၏။ တစ်ဖန် ငါနှင့်ငါ့မယား နှစ်ယောက်ပေါင်းမှ သည်အပေါ်ရုံ တစ်ထည်သာ ရှိသဖြင့် ဟစ်လှည့်စိတ်၍ သွားလာရ၏။ အပေါ်ရုံကိုမျှ မတင်မခြံဘဲ အပြင်သို့ လှည့်လည်သွားလာခြင်းငှာလည်း မလျော်ဟု နှမြောတွန့်တိုစိတ်က ကုသိုလ်စိတ်ကို လွှမ်းမိုးလျက် ဖြစ်ပေါ်လာ၏။ ညဉ့်ဦးယံလွန်ပြီး၍ မဇ္ဈိမသန်းခေါင်ယံ၌ ပီတိစိတ် လွှမ်းမိုးလာကာ လှူအံ့ဟုကြံပြန်၏။ တစ်ဖန် မစ္ဆေရဖြစ်ပြန်၍ မလှူလိုသောစိတ် ဖြစ်ပြန်၏။

http://www.dhammadownload.com

သန့်ခေါင်ယဲ့လွန်၍ နောက်ဆုံးပစ္ဆိမယဲ၌လည်း ထိုအတူပင် ပီတိလွှမ်းမိုးခြင်း ဖြစ်ပြန်၏။ ထိုအခါ ဧကသာဋကသူဆင်းရဲသည် မိမိတဘက်အပေါ်ရုံကိုခေါက်ကာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ထား၍ လှူလိုက်၏။

ငါအောင်ပြီ၊ ငါအောင်ပြီ

ထိုနောက် ထိုသူဆင်းရဲ ဧကသာဋက ပုဏ္ဏားသည် လက်ပန်းပေါက်ခတ်လျက် "ဇိတံ မေ၊ ဇိတံမေ = ငါ အောင်နိုင်ပြီ၊ ငါ အောင်မြင်နိုင်ပြီ"ဟူ၍ သုံးကြိမ် တိုင်တိုင် ကြွေးကြော်လိုက်သည်။

ထိုအခါက ဗန္ဓုမတီပြည့်ရှင်မင်းသည် ဓမ္မာသနပလ္လင်၏ နောက်ကန့်လန့်ကာ အတွင်း၌နေလျက် တရားနာနေ၏။ ပြည့်ရှင်မင်းတို့ သဘောမည်သည် အောင်နိုင်ပြီ ဟူသော အသံကို အလိုမရှိ၊ မနှစ်သက်။ ထို့ကြောင့် "ထိုသူသည် အဘယ်ကို အောင်နိုင်သနည်းဟု မေးချေလော့"ဟု မင်းမှူထမ်းတစ်ဦးကို စေခိုင်းလိုက်သည်။

မစ္ဆေရစိတ်ကို အောင်တာပါ

မေးလာသော မင်းမှူထမ်းယောကျ်ားကို ပုဏ္ဏားက "ဆင်မြင်းစသည်တို့ကို စီး၍ သံလျက်ဓားစသော လက်နက်တို့ကို ကိုင်စွဲကာ တစ်ဖက် စစ်သည်တို့ကို အောင်သော ပြည့်ရှင်မင်းတို့၏ အောင်ခြင်းသည် အောင်သည်ဟုမဆို၊ အံ့သြဖွယ်လည်း မဟုတ်သေး။ ငါ၏အောင်ခြင်းသည်ကား ဝေ့ခတ်ရန် နောက်မှလိုက်လာသော နွားဆိုး နွားကြမ်းကို ကျည်ပွေ့ဖြင့် ဦးခေါင်းကိုရိုက်ခွဲ၍ နောက်ဆုတ်ပြေးစေသကဲ့သို့ ငါ၏နှမြောတွန့်တိုသောမစ္ဆေရစိတ်ကို အောင်နိုင်သည်ဖြစ်၍ အပေါ်ရုံကို မြတ်စွာဘုရားအား လှူ၏။ ထိုမစ္ဆေရစိတ်ကို အောင်နိုင်ခြင်းသည်သာလျှင် အံ့သြဖွယ်ရှိ၏" ဟု ရှင်းပြပြောကြားလိုက်သည်။

မင်းမှူထမ်းယောကျ်ားသည် ထိုအကြောင်းကို ပြည့်ရှင်မင်းအား လျှောက်ထား၏။ ပြည့်ရှင်မင်းသည် "ငါသည်ကား မြတ်စွာဘုရားနှင့် လျော်သည်ကို မသိ။ ဤသူဆင်းရဲသည်ကား သိ၏"ဟု ကြည်ညိုး၍ သူဆင်းရဲအား ပုဆိုးအစုံကို ပေးစေသည်။

ဘုရင်ပေးသော ပုဆိုးကို ဘုရားလှူ

ပြည့်ရှင်မင်း ပေးသော ပုဆိုးကိုမြင်သော် သူဆင်းရဲ ဧကသာဋကသည် ဤသို့ကြံပြန်၏။ "ငါသည် ဆိတ်ဆိတ်နေလျက် တရားနာစဉ်အခါ ပြည့်ရှင်မင်းသည်

http://www.dhammadownload.com

တစ်စုံတစ်ခုကိုမျှ မပေး။ ယခု မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပြောဆိုမှ ပုဆိုးအစုံကို ပေး၏။ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုစွဲ၍ ဤပုဆိုးအစုံ ဖြစ်လာ၏။ မြတ်စွာဘုရားနှင့်သာလျှင် ထိုက်တန်သင့်လျော်၏"ဟု ကြံကာ ထိုပုဆိုးအစုံကို မြတ်စွာဘုရားအား ထပ်မံလှူ၏။

ပြည့်ရှင်မင်းက"သူဆင်းရဲသည် ပုဆိုးအစုံကို အဘယ်သို့ ပြုလုပ်သနည်း"ဟု မင်းချင်းအားမေးသော် မြတ်စွာဘုရားအားလှူကြောင်းကို သိပြန်လျှင် နောက်ထပ် ပုဆိုးအစုံကို ပေးပြန်၏။ သူဆင်းရဲသည် ထိုနောက်ထပ်ပေးသော ပုဆိုးတို့ကိုလည်း မြတ်စွာဘုရားအား လှူပြန်၏။ နောက်ထပ်၍ ရှစ်စုံပေးပြန်၏၊ ထိုရှစ်စုံကိုလည်း လှူပြန်၏။ နောက်ထပ်၍ တစ်ဆယ့်ခြောက်စုံပေးပြန်၏။ ထိုတစ်ဆယ့်ခြောက်စုံသော ပုဆိုးတို့ကိုလည်း လှူပြန်၏။

ထိုနောက် ပြည့်ရှင်မင်းသည် သုံးဆယ့်နှစ်စုံသော ပုဆိုးတို့ကို ပေးစေပြန်၏။ ထိုအခါ၌ ဧကသာဋ္ဌက ပုဏ္ဏားသူဆင်းရဲသည် ဤသို့ အကြံဖြစ်၏။ ငါသည် မင်း ပေးသမျှကို မြတ်စွာဘုရားအား ပေးလှူသည်။ လှူတိုင်းလှူတိုင်း မင်းကလည်း နှစ်ပြန်နှစ်ဆပေးပြန်၏။ ဤသို့ ပြုလုပ်ခြင်းသည် တိုး၍ တိုး၍ ယူသကဲ့သို့ ဖြစ်၏ဟု ကြံ၍ မိမိအဖို့ ပုဆိုးတစ်စုံ၊ ပဏ္ဏေးမအဖို့ ပုဆိုးတစ်စုံ နှစ်စုံသော ပုဆိုးတို့ကိုသာ ယူကာ ကျန်ပုဆိုးအစုံ သုံးဆယ်ကို မြတ်စွာဘုရားအား လှူ၏။ ထိုနေ့မှစ၍ သူဆင်းရဲ ဧကသာဋ္ဌကပုဏ္ဏားသည် မြတ်စွာဘုရားနှင့် အကျွမ်းဝင်ခြင်းသို့ ရောက်၏။

တစ်နေ့သော ချမ်းအေးသည့်ကာလ ညချမ်းအခါ၌ ပြည့်ရှင်မင်းသည် တရားနာယူရန် မြတ်စွာဘုရားကျောင်းတော်သို့ ရောက်လာသည်။ ထိုစဉ် မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေသော သူဆင်းရဲကို မြင်သောအခါ မိမိခြုံထားသော အဖိုးတစ်သိန်းထိုက်သည့် ကမ္မလာနီကို ထိုသူဆင်းရဲအား ပေးပြီးလျှင် "ဤနေ့မှစ၍ ဤကမ္မလာနီကို ခြုံ၍ တရားနာလော့"ဟုဆို၏။ ထိုသူဆင်းရဲပုဏ္ဏားသည် ငါ၏ ကိုယ်အကောင်ပုပ်ကို ဤအဖိုးတစ်သိန်းထိုက်သော ကမ္မလာနီကို ခြုံသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု စိတ်တွင် ဖြစ်ပေါ်ပြီးသော် ဂန္ဓကုဋီကျောင်းတော်အတွင်းရှိ မြတ်စွာဘုရား၏ နေရာတော် အထက်၌ မျက်နှာကျက်ဗိတာန် ပြုလုပ်ထားပြီးလျှင် ပြန်လေ၏။

တစ်နေ့သ၌ ပြည့်ရှင်မင်းသည် နံနက်စောစော ကျောင်းတော်သို့သွားပြီး ဂန္ဓကုဋီအတွင်း မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၏။ ထိုခဏ၌ မြတ်စွာဘုရား၏

http://www.dhammadownload.com

ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ကမ္မလာနီကိုထိ၍ ထွန်းလင်းလျက်ရှိသဖြင့် ကမ္မလာနီသည် အလွန်တင့်တယ် ရှုချင်စဖွယ် ဖြစ်နေ၏။

ပြည့်ရှင်မင်းသည် အထက်သို့ မော်၍ကြည့်သော် မိမိ၏ ကမ္မလာနီကို တွေ့သည်။ "အရှင်ဘုရား၊ ဤကမ္မလာနီသည် တပည့်တော်၏ ကမ္မလာနီဖြစ်၏။ တပည့်တော်သည် ဧကသာဋကပုဏ္ဏားအား ပေးထားပါသည် အရှင်ဘုရား"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ပြည့်ရှင် မင်းမြတ်၊ သင်မင်းမြတ်သည် ပုဏ္ဏားအား ပေးလှူပူဇော်၏။ ပုဏ္ဏားသည် ငါ့အား ပေးလှူပူဇော်ပြန်၏"ဟု မိန့်တော်မူ၏။

ပြည့်ရှင်မင်းဖြစ်လျက် မသိတတ်ပါတကား

ဩော်... ဤပုဏ္ဏားသည်ကား သင့်လျော်လျောက်ပတ်သည်ကို သိတတ်ပေ၏။ ငါသည် ပြည့်ရှင်မင်းဖြစ်လျက် ဤသို့ မသိတတ်ပါတကားဟု ပုဏ္ဏားသူဆင်းရဲကို အလွန် ကြည်ညိုသဖြင့် လူတို့၏အသုံးအဆောင်ဖြစ်သော သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းတို့ကို ရှစ်ခုရှစ်ခုစီပြု၍ ပုဏ္ဏားအားပေးကာ ပုရောဟိတ်အရာ၌ ထား၌သည်။ ဆင်ရှစ်စီး, မြင်းရှစ်စီး, သမီးကညာ ရှစ်ယောက်, ကောင်းမြတ်သောရွာရှစ်ရွာ၊ ဤရှစ်ခုရှစ်လီ ခြောက်ဆယ့်လေးခုတို့ကို ပေးသနား၏။ ထိုပုရောဟိတ်ပုဏ္ဏားကြီးသည် ခြောက်ဆယ့်လေးစောင်သော စာရေးတံ လက်မှတ်ဖြင့် သံဃာတော်တို့ကို ဆွမ်းလှူ၍ အသက်ရှည်သမျှ ဒါနပြုလျက် သီလကိုစောင့်ရှောက်သည်။ ထိုဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်ပြန်၏။ ထိုနောက် ဗာရာဏသီပြည်၌ မင်းဖြစ်၏။ ဘဒ္ဒါကား သူ၏ မိဖုရားဖြစ်၏။

ဓုတင်ဆောင် အရှင်မဟာကဿပအလောင်းအလျာသည် ဤငါတို့ဘဒ္ဒကမ္မာအတွင်းသည်၌ ပွင့်တော်မူသော ကောဏာဂုံမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရား နှစ်ဆူကုန်သော ဘုရားရှင်တို့၏ အကြားဖြစ်သော အန္တရကပ်အတွင်း၊ ကဿပမြတ်စွာဘုရား ပွင့်တော်မမူမီ ရှေ့အဖို့ကာလတွင် ဗာရာဏသီပြည်၌ သူကြွယ်မျိုး ဖြစ်ပြန်၏။ အရွယ်သို့ရောက်သော် အိမ်ရာ တည်ထောင်သည်။ တစ်နေ့သ၌ သူသည် တောသို့လှည့်လည်သွားရာ မြစ်ကမ်းတစ်ခုအနီး၌ သက်နိုးချုပ်ရန် စီမံနေသော ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့ရသည်။

ပစ္စေကဗုဒ္ဓါသည် အနားပတ်တင်ရန် အဝတ်စ မလုံလောက်သဖြင့် ခေါက်၍ထားမည်ပြုဆဲတွင် ထိုသူကြွယ်ကမြင်၍ "အရှင်ဘုရား၊ အဘယ်ကြောင့် ခေါက်ထား

http://www.dhammadownload.com

ပါသနည်း"ဟု မေးသည်။ အနားပတ်တင်ရန် မလောက်ကြောင်းကို မိန့်သောအခါ "ဤအ၀တ်ဖြင့် အနားပတ်တင်၍ သင်္ကန်းချုပ်တော်မူပါ"ဟု သူ၏အ၀တ်ကိုလှူပြီး၍ "ဖြစ်တိုင်း ဖြစ်တိုင်းသောဘ၀တို့၌ တစ်စုံတစ်ခု ယုတ်လျော့ခြင်းမရှိစေသတည်း"ဟု ဆုတောင်း၏။

နှမနှင့် မယားတို့ ခိုက်ရန်ဖြစ်

ထိုသူကြွယ်၏အိမ်၌လည်း နှမနှင့် မယားဖြစ်သူတို့ ခိုက်ရန်ဖြစ်ပွားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဆွမ်းခံ ၀င်လာ၏။ သူကြွယ်၏နှမသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလောင်း၍ "ဤသို့ သဘောရှိသော သူမိုက်မနှင့် ယူဇနာတစ်ရာမျှဝေးအောင် ရှောင်နိုင်ပါစေသော"ဟု ဆုတောင်းလေ၏။

သူကြွယ်၏မယားသည် လျင်မြန်စွာ သွားကာ ဤယောက်မလှူသော ဆွမ်းကိုမစားစေရဟု ပစ္စေကဗုဒ္ဓါ၏ လက်တော်မှ သပိတ်ကိုယူကာ ဆွမ်းကို သွန်ပစ်သည်။ ရွံ့ညွန်တို့ကိုလောင်း၍ ပစ္စေကဗုဒ္ဓါ၏လက်တော်သို့ သပိတ်ကို ဆက်ကပ်လိုက်၏။ သူကြွယ်နှမမြင်သော် "ဟယ် အမိုက်မ၊ ငါ့ကို ဆဲလိုလျှင် ဆဲလော့၊ ရိုက်လိုလျှင်လည်း ရိုက်လော့၊ နှစ်အသချေနှင့် ကမ္ဘာတစ်သိန်းစိုင် ပါရမီဖြည့်ပြီးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်က ဆွမ်းကို စွန့်ပစ်၍ ရွံ့ညွန်ကို လောင်းထည့်သည်ဌာနသင့်"ဟု ဆို၏။

ပညာဖြင့်ဆင်ခြင်မိ၍

ထိုအခါ သူကြွယ်မယားသည် ပညာဖြင့် ဆင်ခြင် မိ၍ "ရပ်တော်မူပါဦး အရှင်ဘုရား"ဟု ပစ္စေကဗုဒ္ဓါလက်မှ သပိတ်ကို ယူ၍ ရွံ့ညွန်ကို သွန်သည်။ သပိတ်ကို ဆေးကြောလျက် နံ့သာမှုန့်တို့ဖြင့် ပွတ်တိုက်ပြီး ဆွမ်းဖြင့်လည်းကောင်း, စတုမဓူဖြင့်လည်းကောင်း ပြည့်စေလျက် ပဒုမ္မာကြာပွင့်၏ အဆင်းနှင့်တူသော ထောပတ်ဖြင့် ဆွမ်းစတုမဓူတို့၏ အထက်မှ ထပ်၍လောင်းသည်။ အရောင်အဆင်းဖြင့် တောက်ပသော သပိတ်ကို ပစ္စေကဗုဒ္ဓါ၏ လက်တော်၌ကပ်လျက် အရောင်အလင်းဖြင့် တောက်ပသော ဤဆွမ်းကို လှူသဖြင့် အရောင်အလင်းဖြင့် ပြည့်စုံသောကိုယ် ရှိသည် ဖြစ်ပါစေသော"ဟု ဆုတောင်း၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အနုမောဒနာဆုပေး၍ ကောင်းကင်သို့ ပျံကြွတော်မူ၏။ အရှင်မဟာကဿပအလောင်းလျာနှင့် ဘဒ္ဒကာပိလာနီအလောင်းလျာ

F-16B

http://www.dhammadownload.com

ဇနီးမောင်နှံတို့သည် အသက်အတိုင်းနေကြရ၍ ထိုဘဝမှ စုတေကြပြန်သော် နတ်ပြည်၌ ဖြစ်ကြပြန်၏။

ကဿပဘုရားရှင်လက်ထက်

ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ အရှင်မဟာကဿပလောင်းလျာသည် နတ်ပြည်မှ စုတေ၍ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူကြွယ်သားဖြစ်၏။ ဘဒ္ဒါလောင်းလျာသည်လည်း ထိုအခါ၌ပင် နတ်ပြည်မှ စုတေကာ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူကြွယ်တစ်ဦး၏သမီး ဖြစ်လာသည်။ အရွယ်သို့ ရောက်ကြသည် ရှိသော် ကုသိုလ်ကံအားလျော်စွာ ပါရမီဆုံကြသဖြင့် ထိုသူကြွယ်သားသည် သူကြွယ်တစ်ဦး၏သမီးကိုပင်ဆောင်ယူ၏။ သူကြွယ်သမီးသည် ရှေးဘဝက ပစ္စေကဗုဒ္ဓါ၏သပိတ်ကို ရှဉ့်ညှန်ဖြင့်လောင်းဖူးသော မကောင်းမှုကံ၏အရိုန်ကြောင့် လင်ယောကျ်ားအိမ်သို့ ဝင်ရောက်သည်ဆိုလျှင်ပင် တံခါးခုံမှစ၍ တစ်အိမ်လုံးသည် ပြည့်လျှောင်နေသော ကျင်ကြီးတွင်းကို ဖွင့်လိုက်သကဲ့သို့ ပုပ်ဟောင်နံစော်သော အနံ့သည်ဖြစ်၏။

သူကြွယ်သားသည် "အဘယ်သူ၏အနံ့နည်း"ဟု မေးသည်ရှိသော် "သူဌေးသမီး၏အနံ့"ဟုဆိုလျှင် "ထိုမိန်းမကို နှင်ထုတ်ပစ်ကြကုန်၊ အိမ်တွင်းသို့ မဝင်စေနှင့်" ဟု ဆိုသောကြောင့် ထိုသူဌေးသမီးကို မိဘအိမ်သို့ ပြန်၍ပို့ရ၏။ သူဌေးသမီးသည် ဤသို့လျှင် လင်ယောကျ်ားတစ်ဦးပြီးတစ်ဦး ပြောင်းကာ လင်ယောကျ်ား ခုနစ်ဦးတို့၏ အိမ်သို့ရောက်ခဲ့ရပြီး ရောက်ပြီးတိုင်းလည်း မိဘထံ ပြန်လာရ၏။

ထိုအခါကာလ၌ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသည်။ စေတီကို အဖိုးတစ်သိန်းထိုက်ကုန်သော ရွှေအုတ်တို့ဖြင့် တစ်ယူဇနာအမြင့်အထိ တည်ရန် အားထုတ်ကြကုန်၏။ ထိုအခါ သူဌေးသမီးသည် ဤသို့ကြံ၏။ "ငါသည် လင်ယောကျ်ား ခုနစ်ဦးကို၏အိမ်သို့ ရောက်ရပြီး ငါ၏ကိုယ်နှံ့မကောင်းခြင်းကြောင့် ပြန်ရ၏။ ငါအသက်ရှင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု မိမိဝတ်ဆင်သော ရွှေတန်ဆာတို့ကို ထုခွဲလျက် ရွှေအုတ်ကို ပြုလုပ်စေ၏။ အလျားတစ်တောင်, အနံတစ်ထွာ, အထူ လက်လေးသစ် ရှိ၏။ ထိုရွှေအုတ်ကို ယူ၍ ဆေးဒါန်း မြင်းသိလာ အင်္ဂတေနှင့် ရုစ်စည်းသော ကြာပန်းစည်းကို ယူလျက် စေတီပြုလုပ်သောနေရာသို့ သွားသည်။ စေတီတွင်လည်း ရွှေအုတ်တစ်ချပ်စာမျှ ကွက်လပ်ကျန်ရှိတော့၏။ သူဌေးသမီးသည် ပန်းရန်ဆရာကို "အကျွန်ုပ်၏ ရွှေအုတ်ကို ဤနေရာ၌ ထား၍စီပါလော့" ဟုဆို၏။

http://www.dhammadownload.com

ပန်းရန်ဆရာလည်း "ချစ်ဆွေနှမ၊ အချိန်သင့် အခါသင့်ပင် ရောက်၍ လာသည်။ ထို့ကြောင့် ချစ်ဆွေနှမ ကိုယ်တိုင်ပင်လျှင် ဤနေရာ၌ ရွှေအုတ်ကို စီပါလော့"ဟု ဆို၏။

ငါ၏ကိုယ်မှ စန္ဒကူးနံ့ မွှေးစေသတည်း

သူဌေးသမီးသည် ငြမ်းပေါ်သို့ ကိုယ်တိုင်တက်၍ ဆီဖြင့် ဆေးဒါန်း မြင်းသီလာ အင်္ဂတေ ကိုနယ်ကာ ထိုအင်္ဂတေဖြင့် ရွှေအုတ်ကို လိမ်းကျံပြီး တစ်ချပ်စာမျှ လပ်၍နေသောနေရာ၌ စီထားလိုက်သည်။ ထိုရွှေအုတ်ပေါ်၌ ဥပုသ်လကြာပန်း ရှစ်စည်းတို့ကို ပူဇော်၍ ရှိခိုးပြီးလျှင် "ဖြစ်လေရာတိုင်း၌ ငါ၏ ခန္ဓာကိုယ်မှ စန္ဒကူးနံ့သာနံ့ မွှေးစေသတည်း။ ငါ၏ခံတွင်းမှ ကြာညိုပန်းအနံ့ မွှေးစေသတည်း"ဟူ၍ ဆုတောင်းပြီးလျှင် စေတီတော်ကို ရှိခိုးကာ အိမ်သို့ပြန်လာ၏။

ထိုအချိန်၌ပင်လျှင် သူဌေးသမီးကို ပထမဆုံးဆောင်ယူသော သူဌေးသား သည် သူဌေးသမီးကို အောက်မေ့ သတိရခြင်းဖြစ်၏။ မြို့တော်၌လည်း နက္ခတ်ပွဲ သဘင် ကြွေးကြော်နေချိန် ဖြစ်သည်။ သူဌေးသားသည် အလုပ်အကျွေးတို့ကို ခေါ်လျက် "ငါနှင့်လက်ထပ်ခဲ့သော သူဌေးသမီးသည် ယခု အဘယ်မှာရှိသနည်း" ဟု မေး၏။ "သူ၏မိဖအိမ်မှာပင် နေ၏"ဟု ဆိုကြကုန်၏။ "သွား၍ ဆောင်ယူကြချေ၊ နက္ခတ်ပွဲ သဘင်ကစားအံ့"ဟု ဆိုသော် ထိုအလုပ်အကျွေးကျွန်တို့သည် သူဌေးသမီးအိမ်သို့သွားကာ ရှိခိုးလျက်နေကြကုန်၏။ "အဘယ့်ကြောင့် လာကြသနည်း"ဟု သူဌေးသမီးက မေးလျှင် သူတို့လာသောအကြောင်းကို ပြောကြကုန်၏။ "အမောင်တို့၊ ငါ၌ ဝတ်ဆင်သော အဆင်တန်းဆာတို့ကို ထုခွဲ၍ စေတီတော်ကို ပူဇော်လိုက်ပြီ။ ထို့ကြောင့် ငါ၌ အဆင်တန်ဆာမရှိ"ဟု ပြော၏။

ကျေးကျွန်တို့သည် သူဌေးသားအား ပြန်၍ ပြောကြားကုန်သည်ရှိသော် "ဆောင်သာ ဆောင်ယူခဲ့ကြကုန်။ ရောက်သောအခါ တန်ဆာဆင်ဖို့ ရလတ္တံ့"ဟု ဆို၏။ ထိုကျေးကျွန်တို့သည် သူဌေးသမီးကို ဆောင်ယူ၍ ပြန်လာကြကုန်၏။

ထိုသူဌေးသမီးသည် အိမ်သို့ဝင်ကာမျှဖြင့် တစ်အိမ်လုံး စန္ဒကူးနံ့သည်လည်း ကောင်း, ကြာညိုပန်းအနံ့သည်လည်းကောင်း မွှေးကြိုင်၍နေ၏။ သူဌေးသားသည် "ရှင်မ၊ ရှေးအခါက သင်၏ကိုယ်မှ မကောင်းသောအနံ့ရ၏။ ယခုမှာမူကား သင်၏ ကိုယ်မှ စန္ဒကူးနံ့သည်လည်းကောင်း, ခံတွင်းမှ ကြာညိုပန်းအနံ့သည် လည်းကောင်း မွှေးကြိုင်၏။ အဘယ်သို့ သင်ပြုလုပ်သနည်း"ဟု မေး၏။

http://www.dhammadownload.com

ထိုသူဌေးသမီးသည် အစမှအဆုံးတိုင်အောင် မိမိပြုသော ကုသိုလ်ကို ပြောကြား၏။ သူဌေးသားသည် "ညြော်... မြတ်စွာဘုရား၏ သာသနာတော်သည် ဆင်းရဲခြင်းမှ လွတ်ကင်းအောင် ထုတ်ဆောင်နိုင်စွမ်းတကား" ဟူ၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်လျက် တစ်ယူဇနာမြင့်သော ရွှေစေတီကြီးကို ကမ္ဘလာသင်တိုင်းဖြင့် ဖုံးလွှမ်းလျက် ထိုကမ္ဘလာနှိ၏အပေါ်၌ ရထားလှည်းဘီးပမာဏရှိသော ရွှေပဒုမ္မာကြာပွင့်တို့ဖြင့် တန်ဆာဆင်ကာပူဇော်သည်။ ထိုရွှေပဒုမ္မာကြာပွင့်တို့သည် တစ်ဆယ့်နှစ်တောင်မျှ ရှည်လျားကြကုန်၏။

ထိုသူဌေးသားသည် သက်တမ်းရှိသမျှ အသက်ရှည်စွာနေလျက် စုတေသော်နတ်ပြည်၌ဖြစ်၏။ နတ်ပြည်မှစုတေ၍ ကာသိတိုင်း၌ သုမိတ္တာသူကြွယ်ဟူ၍ဖြစ်၏။ ဘဒ္ဒါသည်လည်း သူကြွယ်၏မယား ဖြစ်၏။ ပစ္စေကဗုဒ္ဓါကို ဦးရစ်ခေါင်းပေါင်းလှူ၏။

ကဿပဘုရားရှင်သာသနာ ကွယ်ပျောက်ပြီးသည့်နောက်တွင် ထိုသူဌေးသားသည် ဗာရာဏသီမြို့တော်နှင့် ယူဇနာတစ်ရာဝေးကွာသောအရပ်တွင် အမျိုးကောင်းသား တစ်ဦးဖြစ်လာသည်။ နန္ဒသတို့သားဟု အမည်တွင်၏။ သူဌေးသမီးသည်ကား ဗာရာဏသီမင်း၏ သမီးတော်ဖြစ်လာသည်။

နန္ဒသတို့သား အရွယ်ရောက်သော် နက္ခတ်ပွဲသဘင်တွင် ပါဝင်ဆင်နွှဲလိုသောကြောင့် မိခင်ထံမှ အဝတ်ပုဆိုးအသစ်ကို တောင်းသည်။ မိခင်က ကောင်းစွာလျှော်ဖွတ်ထားပြီးသော အဝတ်ပုဆိုးကို ထုတ်ပေးသည်။ ကြမ်းတမ်းလှသည်ဟု ငြင်းပယ်၏။ ထို့ထက်ပို၍နူးညံ့သော အဝတ်ပုဆိုးကို ထုတ်ပေးသော်လည်း သတို့သားက ငြင်းပယ်မြဲ ငြင်းပယ်လျက်ရှိ၏။

ထိုသို့ ငြင်းပယ်သောအခါ မိခင်က "ချစ်သား၊ ငါတို့မှာ ဤမျှလောက်သာကဲအားလျော်စွာ ဝတ်စားကြရကုန်၏။ ထိုထက် နူးညံ့ကောင်းမွန်သော အဝတ်ပုဆိုးမရှိ" ဟု အမိကဆိုလျှင် သားဖြစ်သူက "သို့ဖြစ်သော် နူးညံ့ကောင်းမွန်သော ပုဆိုးကိုရနိုင်ရာအရပ်သို့ အကျွန်ုပ်သွားပါအံ့" ဟု ဆို၏။ အမိဖြစ်သူက "ချစ်သား၊ ငါအမိသည် ယနေ့ပင်လျှင် ချစ်သားအား ဗာရာဏသီတစ်ပြည်လုံးကို ရစေလိုပါ၏" ဟု ဆိုသည်။ သားဖြစ်သူသည် အမိကို ရှိခိုးပြီးသော် ဗာရာဏသီသို့ ဦးတည် ထွက်ခွာလာ၏။

http://www.dhammadownload.com

ယူဇနာတစ်ရာကွာဝေးသောခရီးကို အားခဲလျှောက်လာသော နန္ဒသတို့သား သည် ဗာရာဏသီပြည်သို့ရောက်သော် မင်္ဂလာဥယျာဉ်အတွင်း ကျောက်ဖျာထက်၌ နှစ်ခြိုက်စွာ အိပ်မောကျသွားသည်။

မင်းလောင်းရှာဖွေကြစဉ်

ထိုနေ့သည်ဗာရာဏသီပြည့်ရှင်မင်း နတ်ရွာစံ ကံတော်ကုန်ပြီး၍ ခုနစ်ရက် မြောက်သောနေ့ ဖြစ်၏။ အမတ်တို့သည် ပြည့်ရှင်မင်း၏ စျာပနကိစ္စကို ပြုပြီး သော် နန်းတော်ရင်ပြင်၌ထိုင်ကာ တိုင်ပင်ကြကုန်၏။ "ပြည့်ရှင်မင်းမှာ ထီးနန်း ဆက်ခံမည့်သားတော် မရှိဘဲ သမီးတော် တစ်ပါးသာ ရှိ၏။ မင်းမရှိသော တိုင်းပြည်သည် ပျက်လွယ်၏။ အဘယ်သူသည် မင်းဖြစ်ခြင်းငှာ ထိုက်သနည်း"ဟု အချင်းချင်း ပြောဆိုကြလျက် "သင်သည် မင်းအဖြစ်ကို ပြုလော့၊ သင်သည် မင်း အဖြစ်ကို ပြုလော့"ဟု တစ်ယောက်ကို တစ်ယောက်က တိုက်တွန်းသော်လည်း မင်းပြုမည့်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။

ဖုဿရထားလွှတ်ပြီ

ထိုအခါ အမတ်ပညာရှိ ပုရောဟိတ်က ဤသို့ဆို၏။ "အချိန်ကုန်ခံ၍ ပြောဆိုဆွေးနွေးနေခြင်းငှာမသင့်၊ ဖုဿရထားကို ယခုပင် စေလွှတ်အံ့" ထိုအခါ အမတ်ပညာရှိတို့သည် ကုမုဒြာ ကြာအဆင်းကဲ့သို့ ဖြူစင်စွာသော သိန္နောမြင်း လေးစီးတို့ကို ရထား၌ကလျက် မင်းမြောက်တန်ဆာ ငါးပါးတို့ကိုလည်းကောင်း၊ ထီးဖြူကိုလည်းကောင်း ရထား၌တင်ကာ တူရိယာတို့ကို တီးမှုတ်လျက် လိုက်သွား ကြကုန်၏။

ထိုဖုဿရထားသည် အရှေ့မြို့တံခါးမှထွက်၍ ဥယျာဉ်တော်သို့ ရှေးရှု သွားလေ၏။ ရှေးကသွားနေကျ အလေ့အထဖြင့် မြင်းတို့သည် ဥယျာဉ်တော်သို့ သွားကြသည်ဟု အချို့သော အမတ်တို့က ထင်မြင်ပြီး "ရထားကို ပြန်လှည့်စေအံ့" ဟု ဆိုကုန်၏။ အမတ်ပညာရှိ ပုရောဟိတ်အမတ်က "ပြန်၍မလှည့်"ဟု ငြင်းဆို ၏။ ဖုဿရထားသည် ဥယျာဉ်တော်သို့ရောက်သော် မင်္ဂလာကျောက်ဖျာကို လက်ယာရစ် လှည့်လည်ကာ ရပ်၏။

ပညာရှိပုရောဟိတ်အမတ်သည် ကျောက်ဖျာပေါ်တွင် နှစ်ခြိုက်စွာအိပ်ပျော် နေသော လုလင်ပျိုး၏ ခြေဖဝါးကိုကြည့်ရှုသော် ဤလုလင်ပျိုသည် ဇမ္ဗူဒီပ်ကျွန်းကို

http://www.dhammadownload.com

ထားဘိဦး၊ ကျွန်းငယ်နှစ်ထောင်အရံရှိသော လေးကျွန်းလုံးကိုပင် မင်းပြုထိုက်သည့် ဘုန်းရှင်ကံရှင်ဖြစ်ကြောင်း သိသဖြင့် တူရိယာတို့ကို တီးမှုတ်စေ၏။ ထိုအခါလုလင်ပျိုသည် မျက်လွှာကိုဖွင့်၍ ကြည့်ရှုလျက် "အဘယ့်ကြောင့် လာကြကုန်သနည်း"ဟု မေး၏။

အမတ်တို့သည် "အရှင်မင်းမြတ်၊ ဤတိုင်းပြည်သည် အရှင်မင်းမြတ်အတွက် ဖြစ်ပါ၏။"ဟု ဆိုကြကုန်၏။"အသင်တို့၏ ဘုရင်မင်းမြတ်သည် အဘယ်သို့ သွားသနည်း"ဟု မေးလျှင် "နတ်ရွာစံပါသည်"ဟုဆိုကုန်၏။ "အဘယ်မျှကြာမြင့်ပြီနည်း"ဟု မေး၏။ "ခုနစ်ရက် ရှိပါပြီ"ဟု ဆို၏။ "သားတော် လည်းကောင်း, သမီးတော်လည်းကောင်း မရှိသလော"ဟု မေး၏။ "သမီးသာ ရှိပါသည်၊ သားမရှိပါ"ဟုဆိုလျှင် "သို့ဖြစ်သော် မင်းအဖြစ်ကို ပြုအံ့"ဟု ဝန်ခံ၏။

ထိုခဏ၌ အဘိသိက်သွန်းရန် မဏ္ဍပ်ကို စီရင်သည်။ မင်းသမီးကိုလည်း အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် ပြင်ဆင်စေပြီး ဥယျာဉ်တော်သို့ ဆောင်ယူကာ ထိုလုလင်ပျိုနှင့်အား အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

ပဒေသာပင်များ ပေါက်လာပြီ

မိဖုရားခေါင်ကြီးနှင့်အတူ ရာဇာဘိသိက်သွန်းလောင်းခံယူပြီးသော နန္ဒမင်းသား ဝတ်ဆင်ရန်အတွက် အဖိုးတစ်သိန်းထိုက်သော ဝတ်လဲတော်ကို အမတ်တို့က ဆက်ကြကုန်၏။ "ကြမ်းလှသည်"ဟုဆိုကာ ငြင်းပယ်ဆို၏။ "အသင်တို့၏ မင်းမြတ်သည် ဤကဲ့သို့သော ဝတ်လဲပုဆိုးကို ဝတ်သလော"ဟု မေး၏။ "ဟုတ်ပါ၏"ဟုဆိုလျှင် "သင်တို့မင်းမြတ်သည် ဘုန်းကံရှိသောမင်း ဟုတ်မည်မထင်၊ ရွှေကရားကို ယူခဲ့လော့။ ဤထက်နူးညံ့သော အဝတ်ပုဆိုးကို ရစေအံ့"ဟုဆိုကာ နေရာမှထလျက် လက်တို့ကိုဆေးသည်။ မျက်နှာသစ်သည်။ ရွှေကရားကို ကိုင်လျက် အရှေ့အရပ်သို့ သွန်းလောင်း၏။ မြေကြီးကိုခွဲ၍ ပဒေသာပင် ရှစ်ပင်တို့သည် ပေါက်လာကုန်၏။

ထိုနောက် တောင်အရပ်, အနောက်အရပ်, မြောက်အရပ်ဟူသော အရပ်လေးမျက်နှာသို့ ရေသွန်းလောင်းသော် ရှစ်ပင်စီသော ပဒေသာပင်တို့သည် ပေါက်လာကုန်၏။ ဤသို့လျှင် ပဒေသာပင် သုံးဆယ့်နှစ်ပင်တို့ကို ပေါက်စေ၍ နတ်ဦဖြစ်သော အဝတ်အစားများနှင့်တကွ နတ်တို့သုံးဆောင်သော အသုံးအဆောင်များ သီးလျက်ရှိ၏။ နန္ဒဘုရင်သည် ထိုပဒေသာပင်မှ အဝတ်ပုဆိုးတို့ကို ဝတ်ရုံ

http://www.dhammadownload.com

ကာ "ယခုအခါ ငါ၏ တိုင်းပြည်အတွင်း၌ ဗိုင်းငင်ကြသော မိန်းမများ မရှိစေရ၊ ဤပဒေသာပင်တို့မှ အလိုရှိရာ အဝတ်ပုဆိုး အကျီ ထဘီ ပုဝါ တဘက်တို့ကိုယူ၍ ဝတ်ရုံကြကုန်လော့ဟု စည်လည်စေကုန်"ဟူ၍ အမိန့်တော်မှတ်သည်။

ထိုနောက် နန္ဒဘုရင်သည် ထီးဖြူကိုဆောင်းလျက် တန်ဆာဆင်ထားသော ဆင်ကိုစီး၍ မြို့တွင်းသို့ဝင်ကာ ကြီးစွာသော မင်း၏စည်းစိမ်ကို စံစား၏။

နန္ဒဘုရင်သည် နတ်၏စည်းစိမ်ကဲ့သို့ ကြီးကျယ်စွာသော မင်း၏စည်းစိမ်ကို စံစားလျက် ကာလရှည်ကြာလတ်သော် မိဖုရားကြီးသည် မင်း၏ပြည့်စုံခြင်းကို ကြည့်ရှုကာ "ကြော် သနားစရာကောင်းလေစွတကား"ဟု သနားဖွယ်သော အမူအရာကို ပြလေ၏။

ရှေးကောင်းမှု၏အကျိုး

"မိဖုရားကြီး၊ အကျွန်ုပ်ကို အဘယ်ကြောင့် သနားစရာကောင်းသည်ဟု ဆိုသနည်း"ဟု မင်းကြီးမေးသည်ရှိသော် "အရှင် မင်းမြတ်၏စည်းစိမ်ချမ်းသာသည် အလွန်ကြီး၏။ ဤကဲ့သို့ကြီးကျယ်သော စည်းစိမ်ချမ်းသာရှိခြင်း သည် ရှေးဘဝက မြတ်စွာဘုရားတို့ထံတော်၌ ကုသိုလ် ကောင်းမှု ပြုလုပ်ခဲ့သော အကျိုးသာဖြစ်၏။ ယခုအခါ၌ နောက်ဘဝချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုမလုပ်ဘဲနေ၏"ဟု ဆို၏။ "အဘယ်ပုဂ္ဂိုလ်အား အလှူပေးရမည်နည်း။ သီလရှိသော ရဟန္တာတို့ မရှိကုန်"ဟုဆိုလျှင် "အရှင်မင်းမြတ်၊ ဇမ္ဗူဒီပ်ကျွန်းသည် ရဟန္တာတို့မှ ကင်းဆိတ်သည်မဟုတ်၊ အလှူ ဝတ္ထုကိုသာ စီရင်တော်မူပါ။ ကျွန်ုပ်သည် ရဟန္တာတို့ကို ပင့်ဆောင်ပေးပါအံ့"ဟု မိဖုရားက ဆို၏။

ဤသို့ မိဖုရားဆိုလျှင် ပြည့်ရှင်မင်းသည် အရှေ့မျက်နှာ တံခါးဝတွင် အလှူမဏ္ဍပ်ကြီးကို စီရင်စေ၏။ မိဖုရားကြီးသည် နောက်တစ်နေ့ နံနက်စောစောတွင် ဥပုသ်သီလတို့ကို ဆောက်တည်သည်။ ထို့နောက် ပြာသာဒ်ထက်သို့တက်ကာ အရှေ့အရပ်မျက်နှာသို့ ရှေးရှု အလျားမောက်ဝပ်စင်းလျက် "ဤအရှေ့မျက်နှာအရပ်၌ ရဟန္တာအရှင်မြတ်များ ရှိကုန်ငြားအံ့။ နက်ဖြန်နံနက် ကြွလာတော်မူကြ၍ တပည့်တော်မတို့၏အလှူကို ခံယူတော်မူပါ"ဟု ပင့်လျှောက်၏။

ထိုအရှေ့မျက်နှာအရပ်၌ ရဟန္တာအရှင်မြတ်များ မရှိကြသဖြင့် ပင့်ဖိတ်ရာ ဌာနသို့ကြွရောက်တော် မမူကြကုန်။ ထို့ကြောင့် လှူဒါန်းပူဇော်ရန် ပြင်ဆင်ထား

http://www.dhammadownload.com

သော အလှူပစ္စည်းတို့ကို သူဆင်းရဲတို့အား ပေးလှူလိုက်သည်။ နောက်တစ်နေ့ ၌လည်း မိဖုရားကြီးသည် တောင်အရပ်သို့ ရှေးရှု၍ နှုတ်မှ ဖွင့်ဟလျှောက်ကြား ပင့်ဖိတ်ပြန်သည်။ ထိုအရပ်၌လည်း ရဟန္တာအရှင်မြတ်မရှိကြသဖြင့် ရှေးနည်းတူ လှူဖွယ်ဝတ္ထုတို့အား သူဆင်းရဲတို့ကို ပေးလှူကြရပြန်သည်။ ထိုမှ နောက်တစ်နေ့ နံနက်စောစောတွင် အနောက်ဖက်အရပ်သို့ ရှေးရှု၍ ပင့်ဖိတ်ပြန်သည်။ ထိုအရပ်၌ လည်း ရဟန္တာအရှင်မြတ်များ မရှိကြကုန်။

နောက်ဆုံးမြောက်မျက်နှာအရပ်သို့ လှည့်၍ ပင့်ဖိတ်လျှောက်ကြားသည်။ ထိုအရပ်၌ကား ရဟန္တာအရှင်မြတ်ငါးရာတို့သည် ဟိမဝန္တာတောင်ရှိ နန္ဒမူလိဏ်ဂူ၌ အေးချမ်းစွာ သီတင်းသုံးနေထိုင်တော်မူကြကုန်သည်။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာတို့သည်ကား ပဒုမဝတီမိဖုရားကြီး၏ သားတော်များဖြစ်ကြသည်။ နောင်တော် ကြီးဖြစ်သော မဟာပဒုမပစ္စေကဗုဒ္ဓါသည် ဒီဗ္ဗသောတ အဘိညာဉ်တန်ခိုးဖြင့် မိဖုရားကြီး ပင့်လျှောက်သည့်အသံကို ကြားရသည်။ ထိုသို့ ကြားသိရသည်နှင့် တစ်ပြိုင်နက် ညီတော်အရှင်သူမြတ်အပေါင်းတို့အား "ငါ့ရှင်တို့၊ ဗာရာဏသီပြည့်ရှင် နန္ဒမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့က ငါ့တို့အား အလှူခံကြွရောက်ရန် ပင့်ဖိတ်နေ ကြပြီ။ ထို မင်း မိဖုရားတို့၏ ပင့်ဖိတ်ချက်ကို လက်ခံ၍ ငါတို့ အလှူခံ ကြွကြကုန်" ဟု အသိပေးသည်။ ထိုနေ့နံနက်စောစောတွင်ပင် အနောတတ္တအိုင်၌ မျက်နှာသစ်တော်မူကြပြီး ကောင်းကင်ခရီး စွာန်ယာဉ် စီးကာ ဗာရာဏသီမြို့တော်သို့ ကြွရောက်တော်မူလာကြပြီး မြို့မြောက်ဘက်တံခါးဝတွင် ဆင်းသက်တော်မူကြ သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ကြွရောက်လာသည်ကို လူတို့ မြင်ကြသဖြင့် ပြည့်ရှင်မင်းအား လျှောက်ကြားကြကုန်၏။ နန္ဒမင်းကြီးနှင့် မိဖုရားတို့သည် နန်းတော်မှ အလျင်အမြန် ဆင်းသက်လာကာ အရှင်မြတ်များအား သွားရောက်ကြိုဆို ပင့်ဆောင်ပြီး ပြာသာဒ်ထက်သို့ ပင့်ဆောင်ကာ ဆွမ်းလုပ်ကျွေး၏။ ဆွမ်းစားခြင်း ကိစ္စ ပြီးဆုံးလတ်သော် နန္ဒမင်းသည် နောင်တော်ကြီး မဟာထေရ်၏ ခြေရင်း၌ လည်းကောင်း၊ မိဖုရားကြီးသည် သံဃနဝကအငယ်ဆုံးထေရ်၏ ခြေရင်း၌ လည်းကောင်း နေကြကုန်လျက် "အရှင်ဘုရားတို့သည် ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်းမူ၍ တပည့်တော်တို့မှာလည်း ကောင်းမှုမှ မဆုတ်ယုတ်ကြစေရန်။ တပည့်တော်တို့ အသက်ရှင်သမျှ ကာလပတ်လုံး ဤမြို့၌ နေတော်မူကြပါမည့်

F-17A ထေရအပဒါန်

http://www.dhammadownload.com

အကြောင်း" ပင့်လျှောက်ကြသည်။ ဥယျာဉ်တော်၌ ငါးရာသော ပဏ္ဏာသာလာ သစ်ရွက်မိုးကျောင်းတို့ကိုလည်းကောင်း, ငါးရာသော စင်္ကြံလမ်းတို့ကိုလည်းကောင်း, ငါးရာစီကုန်သော နေ့သန့်ရာ, ည၌သန့်ရာ ဌာနတို့ကိုလည်းကောင်း စီစဉ်ထား ကုန်၏။

ဤသို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ကို နေ့တိုင်း လျှုဒါန်းပူဇော် လုပ်ကျွေးလာရာ နှစ်ကာလ အတန်ကြာလတ်သော် နန္ဒမင်းသည် တိုင်းပြည် နယ်စွန်နယ်ဖျားအရပ်တို့၌ ထကြွသည်ကို "ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ပြုစု လုပ်ကျွေးရန် မမေ့မလျော့နှင့်"ဟု မိဖုရားကြီးကို ပြောကြားဆုံးမ၍သွား၏။

ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန်ပြုကြပြီ

ထိုနန္ဒမင်း မပြန်လာမီပင်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ အာယုသခ်ါရ ကုန်ရကား မဟာပဒုမပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ည၌သုံးယံပတ်လုံး ဈာန် ငင်စားခြင်းဖြင့် ဝင်စားတော်မူ၏။ အရဏ်တက်သောအခါ၌ လက်ကသုံးပျဉ်ပြားကို ဆွဲကိုင်၍ ရပ်တော်မူလျက်ပင်လျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤသို့သောနည်းဖြင့် အားလုံးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့သည် ပရိနိဗ္ဗာန်ပြုတော်မူကြကုန်၏။

နောက်တစ်နေ့ နံနက်လင်းသောအခါ မိဖုရားကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ဆွမ်းလှူဒါန်းနေကျဖြစ်သော နေရာထိုင်ခင်းတို့ကို စီရင်ခင်းကျင်း၍ ပန်းပွင့်တို့ကို ကြဲဖြန့်ကာ အခိုးအထုံတို့ဖြင့် စီရင်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကြွတော်မူလာအံ့သည်ကိုလည်း မျှော်လျက်နေ၏။ အချိန်တန်၍ ကြွမလာသော် မင်းချင်းတို့ကို ခေါ်စေ၍ "အချင်းတို့၊ သွားကြကုန်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ အဘယ်ကြောင့် ကြွမလာသည်ကို သိစေကြကုန်လော့။ အရှင်မြတ်တို့ မကျန်းမာ၍လော။ သွား၍ပင့်ချေကြကုန်လော့"ဟု စေခိုင်း၏။

ထိုမင်းချင်းလုလင်တို့သည် သွားရောက်၍ မဟာပဒုမ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ကိန်းဝပ်တော်မူရာ သစ်ရွက်မိုးကျောင်းတံခါးကို ဖွင့်ကြည့်၏။ မမြင်၍ တစ်ဖန် စင်္ကြံသို့ သွားကြည့်သည်။ ထိုအခါ လက်ကသုံးပျဉ်ပြားကိုဆွဲကိုင်လျက် ရပ်တော် မူနေသည်ကိုမြင်သည်ရှိသော် ရှိခိုး၍ "ဆွမ်းဘုဉ်းပေးချိန် ရောက်ပါပြီအရှင်ဘုရား"ဟု ဆို၍ ပင့်လျှောက်ကြကုန်၏။

ထိုပင့်လျှောက်သော မင်းချင်းလုလင်တို့သည် အရှင်မြတ် အိပ်ပျော်နေသည် ဟုထင်၍ ခြေဖမိုးတော်ကို လက်ဖြင့် သုံးသပ်ကြသည်။ ခြေဖမိုးတော် အေးနေ

http://www.dhammadownload.com

သည်ကိုလည်းကောင်း, အရေတော်တင်းမာ၍နေသည်ကိုလည်းကောင်း မြင်ကြသော် ပရိနိဗ္ဗာန် ပြုတော်မူသည်အဖြစ်ကို သိကြသည်။ ဒုတိယထေရ်၏အထံသို့ သွား၍ ကြည့်ရှုပြန်သော်လည်း ထို့နည်းအတူပင် ပရိနိဗ္ဗာန်ပြုတော်မူသည်ကို သိကြရသဖြင့် တတိယထေရ်, စတုတ္ထ, ပဉ္စမ, ဆဋ္ဌမ, သတ္တမထေရ် အစရှိသဖြင့် အားလုံးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပရိနိဗ္ဗာန် ပြုတော်မူသည်ကို သိကြကုန်။

သို့ဖြင့် သူတို့သည် နန်းတော်သို့ ပြန်လာ၍ မိဖုရားကြီးအား လျှောက်ထားပြီး မိဖုရားကြီးနှင့်အတူ ငိုကြွေးမြည်တမ်းကြကုန်၏။ မိဖုရားကြီးသည် မြို့သူမြို့သား အပေါင်းတို့နှင့် တကွ ဥယျာဉ်တော်သို့ သွားပြီး သာခုကီဠနစျာပနသဘင်ကို ပြုသည်။ ဓာတ်တော်တို့ကို ယူစေ၍ စေတီတည်ထားကိုးကွယ်၏။

နန္ဒမင်းကြီးသည် သူပုန်သူကန်များကို နှိမ်နင်းပြီး နန်းတော်သို့ ပြန်လာ၏။ ခရီးဦးကြိုဆိုသော မိဘုရားကြီးကို ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အကြောင်းကို မေး၏။ ထိုအခါ မိဖုရားကြီးက ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပရိနိဗ္ဗာန်ပြုသွားကြပြီဖြစ်ကြောင်း မင်းကြီးအား လျှောက်ထားသံတော်ဦးတင်သည်။ နန္ဒမင်းကြီးသည် အကြီးအကျယ် သံဝေဂ ဖြစ်သွားတော်မူ၏။ ဤသို့ သဘောရှိသော ပညာရှိကြီးတို့သည်ပင်လျှင် သေခြင်းသို့ ရောက်ကြရတုံသေး၏။ ငါတို့မှာမူကား အဘယ်မှာထိုသေခြင်းမှ လွတ်ကင်းပါကုန်အံ့ဟု စိတ်တွင်ဖြစ်၏။ ထို့ကြောင့် မြို့တွင်းသို့ပင် ဝင်တော်မမူဘဲ သားတော်ကြီးကို ခေါ်စေပြီး တိုင်းပြည်ကို လွှဲအပ်လိုက်သည်။ မိမိမှာမူကား ရဟန်းပြု၍ ဥယျာဉ်အတွင်း၌ပင် နေတော်မူ၏။

မင်းကြီး ရဟန်းပြုသွားသော် မိဖုရားကြီးကလည်း ငါသည်လည်း မင်းကြီးနှင့်အတူပင် ရဟန်းပြုပြီး ဥယျာဉ်တော်၌ပင် နေမည်ဟု ဆုံးဖြတ်လိုက်သည်။ မင်းမိဖုရား နှစ်ဦးစလုံးတို့သည် ဈာနကို အားထုတ်ပွားများကြသဖြင့် ဈာန်တရားများကို ရရှိကာ စုတေပြီးသည်၏နောက်တွင် ဗြဟ္မာ့ပြည်၌ ဖြစ်ကြရ၏။ (ထိုနှစ်ဦးသားတို့ ဗြဟ္မာ့ပြည်၌ ရှိစဉ်ပင် ငါတို့ ဂေါတမမြတ်စွာဘုရားသည် ပွင့်ထွန်းတော်မူလာသည်။)

ဤကား အရှင်မဟာကဿပလောင်းလျာနှင့် ဘဒ္ဒါလောင်းလျာတို့၏ အတိတ်ဝတ္ထုတည်း။

မြတ်စွာဘုရားသည် ပထမဝါကို မိဂဒါဝုန်တော၌ ဝါဆိုတော်မူသည်။ ဝါကျွတ်သောအခါ ဘဒ္ဒဝဂ္ဂိသုံးကျိပ်၊ ယသအမှူးရှိသော အပေါင်းအဖော် ငါးကျိပ်ငါးယောက်၊ ကဿပညီနောင် သုံးဦးတို့၏ တပည့်တစ်ထောင်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့

http://www.dhammadownload.com

ကြွရောက်တော်မူလာသည်။ ထိုအခါ၌ အရှင်မဟာကဿပလောင်းလျာ ပိပ္ပလိ မည်သော ပုဏ္ဏားလုလင်သည် ဘဒ္ဒါမည်သော ဇနီး ပုဏ္ဏေးမနှင့် အတူတကွ တောထွက်၍ လာကြသည်။ လမ်းဆုံတစ်ခုသို့ရောက်သောအခါ နှစ်ဦးသဘောတူ လမ်းခွဲ၍ ခရီးဆက်ကြသည်။ တစ်ပါးတည်းလျှောက်လာသော အရှင်ပိပ္ပလိသည် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြား ဗဟုပုတ္တ အမည်ရသော ညောင်ပင်အောက်၌ မြတ်စွာဘုရားနှင့်တွေ့ပြီး ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်းအဖြစ်သို့ ရောက်သည်။ ရှစ်ရက်မြောက်သောနေ့၌ ရဟန္တာဖြစ်သည်။

(နိဒါနသံယုတ် ပါဠိတော် ၁၅၆၊ ၁၅၇)

ဘဒ္ဒကာပိလာနီသည်ကား ပိပ္ပလိနှင့် လမ်းနှစ်ခု ဆုံရာတွင် ခွဲခွာ၍လာပြီး နောက် တိတ္ထိပရိဗိုဇ်မိန်းမတို့၏ကျောင်းသို့ဝင်၍ ပုရဗိုဇ်ရဟန်းမပြုသည်။ ငါးနှစ်ရှိမှ မိထွေးတော်ဂေါတမီ ဘိက္ခုနီပြုသောအခါ ပရိဗိုဇ်မတို့၏ကျောင်းမှ ထွက်ခဲ့သည်။ ဂေါတမီအရှင်မကြီး၏အထံ၌ ရဟန်းပြုသည်။ (အပဒါန်ပါဠိ ၂၆၃)

အရှင်မဟာကဿပနှင့်
အရှင်မဘဒ္ဒကာပိလာနီတို့၏ ပစ္ဆိမဘဝဝတ္ထု

ထိုသူမြတ်နှစ်ဦးတို့သည် ကမ္ဘာတစ်သိန်းထက်မှစ၍ ပါရမီဖြည့်ဘက် ဆုတောင်းဘက်များ ဖြစ်ကြကုန်သည်။ လူ့ပြည်နတ်ပြည် စသည်ဖြင့် ဖြစ်လေရာ ဘဝတိုင်း၌ ကိုယ်နှင့်အရိပ် အတူပါသကဲ့သို့ မကွေမကွာဖြစ်ခဲ့ကြသည်။ နောက်ဆုံး ဖြစ်သောဘဝ ငါတို့မြတ်စွာဘုရားပွင့်တော်မူသောကာလ၌ အရှင်မဟာကဿပ လောင်းလျာသည် မဂဓတိုင်းရာဇဂြိုဟ်ပြည်၏ကျေးလက် မဟာတိတ္ထမည်သော ရွာကြီး၌ ကပိလမည်သော ပုဏ္ဏားသူဌေးကြီး၏မယား သုမနဒေဝီပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေ၏။

အရှင်မ ဘဒ္ဒါ၏အလောင်းသည်ကား မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ ကောသိယ နွယ်ဖွားပုဏ္ဏားသူဌေးကြီး၏မယား သုစိမတီမည်သော ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေ၏။

ထိုသူမြတ်နှစ်ဦးတို့သည် အစဉ်သဖြင့်ကြီးပြင်းလာသောအခါ အရှင်မဟာ ကဿပလောင်းလျာ သူငယ်ကို ပိပ္ပလိသူတို့သားဟူ၍ ခေါ်ကြ၏။ ပိပ္ပလိသူတို့သား အသက်နှစ်ဆယ် ရောက်သောအခါ ဘဒ္ဒါသူတို့သမီး တစ်ဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်သည်။ ပိပ္ပလိလုလင်ပျို၏ အမိအဖ တို့သည် သားကိုကြည့်၍ "ချစ်သား၊

http://www.dhammadownload.com

သင်သည် အသက်နှစ်ဆယ် အရွယ်ရောက်၍ လူလားမြောက်နေပြီ။ အမျိုးတို့၏ အနွယ်အဆက်ပြတ်ခြင်း မရှိလေအောင် အိမ်ရာထောင်မှ သင့်လျော်မည်" ဟူ၍ ပြောဆိုကြကုန်၏။

ထိုအခါ "အို... မိခင်ဖခင်တို့၊ အကျွန်ုပ်သည် အိမ်ရာထောင်ခြင်းကို အလိုမရှိ။ မိခင်ဖခင်တို့အား လုပ်ကျွေး၍ နေပါအံ့။ မိခင်ဖခင်တို့ သေဆုံးသော အခါမှာလည်း ရဟန်းပြုပါအံ့"ဟူ၍ သားက ဆို၏။ သားဖြစ်သူက ဤသို့ ဆိုသော်လည်း မိဘများသည် တစ်ရက်နှစ်ရက်သာ တိတ်ဆိတ်နေ၏။ နောက်ရက်များ၌ တိုက်တွန်းမြဲ တိုက်တွန်း၏။ မိခင်ဖခင်တို့ အကြိမ်ကြိမ် တိုက်တွန်းပြောဆိုဖန်များသဖြင့် မိခင်ဖခင်တို့၏ စကားကို ပယ်ရှားငြင်းဆန်၍ မရသောကြောင့် ရှာ၍ မတွေ့နိုင်၊ မရှိနိုင်လောက်သည့် မိန်းမအရုပ်တစ်ရုပ်ကို ရွှေစင်နီကွတစ်ထောင်ဖြင့် ပြုလုပ်စေသည်။ ထိုရွှေစင်ရုပ်ပြီးသောအခါ လူမိန်းမ အသက်ရှင်နေသကဲ့သို့ ဖြစ်အောင် လက်ကောက်တန်ဆာ အဝတ်အထည် ထဘီပဝါတို့ဖြင့် ဝတ်ဆင်ပေးသည်။ ထိုရွှေစင်ရုပ်၌ ရွှေဆံထိုး, ရွှေဘီး, ရွှေနားတောင်း, ရွှေပန်းခိုင်တို့ကိုပန်ဆင်၍ "မိခင်ဖခင်တို့ အကျွန်ုပ်သည် ဤရွှေစင်ရုပ်နှင့်တူသော မိန်းမကိုရသော် အိမ်ရာထောင်ခြင်းအမှုကိုပြုပါအံ့"ဟူ၍ ဆို၏။ ပိပ္ပလိလုလင်ပျို၏စိတ်တွင် ဤရွှေစင်ရုပ်ကဲ့သို့သော မိန်းမပျိုမိုးသည် လူ့ပြည်၌ ရှိမည်မထင်သဖြင့် ဤစကားကို မိခင်ဖခင်တို့အား ပြောကြားခြင်းဖြစ်သည်။

ပါရမီထူးသူ မိန်းမရှိသည်သာ

ထိုသို့ ပြောကြားသောအခါ မယ်တော် သုမနဒေဝီသည် ပညာရှိသောမိန်းမဖြစ်၍ ဤသို့ကြံ၏။ ငါ၏သားသည် ရှေးကကောင်းမှုရှိခဲ့သော ယောကျ်ားဖြစ်၏။ ပြုကျင့်ဆည်းပူးအပ်သော ပါရမီထူးရှိသောကြောင့် ယောကျ်ားတိုင်း အလိုရှိမြဲဖြစ်သော ကာမဂုဏ်စည်းစိမ်ကို အလိုမရှိ၊ ဤရွှေစင်ရုပ်ကဲ့သို့သော မိန်းမပျိုမိုးသည် လူ့ပြည်တွင် မရှိနိုင်ဟူသော အမှတ်ဖြင့် ပြောသောစကားဖြစ်သည်။ သို့သော် ပါရမီထူးရှိသော ယောကျ်ားရှိလျှင် ပါရမီဖြည့်ဖက်ဖြစ်သော မိန်းမသည်လည်း ရှိနိုင်ရာ၏။

ဤသို့ကြံစည်ပြီး၍ ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်ကာ ဘောဇဉ်ခဲဖွယ်တို့ဖြင့်ကျွေးပြီး ထိုရွှေစင်ရုပ်ကို ရထားပေါ်၌ တင်စေ၍ "အမောင်တို့၊ သွားကြလော။

http://www.dhammadownload.com

ငါတို့နှင့် အမျိုးအနွယ် စည်းစိမ်ချမ်းသာ တူညီသော မိဘများထံမှ ဤရွှေစင်ရုပ်နှင့် တူသော သမီးပျိုကို ရှာကြံကုန်လော့။ တွေ့သောအခါ ဤရွှေစင်ရုပ်ကို လက်ဆောင် ထား၍ ထိုသမီးပျိုကို ခေါ်လာခဲ့ကြကုန်"ဟူ၍ စေလွှတ်လေ၏။

ပုဏ္ဏားရှစ်ယောက်တို့သည် ရွှေစင်ရုပ်ကို လှည်းပေါ်တင်၍ မိန်းမချော မိန်းမလှများ ပေါများသည့် မဒ္ဒတိုင်းသို့ ရှေးရှုလာခဲ့ကြရာ သာဂလမြို့အနီးသို့ ရောက်ကြကုန်၏။ ထိုရွှေစင်ရုပ်ကို လူအများတို့ ရေချိုးရာ မြစ်ဆိပ်၌ ထား၍သင့်ရာ အရပ်၌ စုံစမ်းကြည့်ရှုကာ ရပ်နားနေကြကုန်၏။

ရွှေရုပ်ကိုမြင်သောအခါ

ထိုစဉ်အခိုက် ဘဒ္ဒါသူဌေးသမီး၏အထိန်းတော်ကြီးသည် ဘဒ္ဒါကို ရေချိုး စေပြီးသော် နံ့သာလိမ်း တန်ဆာဆင်အပြီး မိမိသည် ရေချိုးအံ့သောငှာ ရေချိုးဆိပ် သို့ ဆင်းလာသည်။ ရွှေစင်ရုပ်ကိုမြင်သောအခါ ဘဒ္ဒါဟု မှတ်ထင်၍ "အဆုံးအမ စကား နားမထောင်သောသမီး၊ အဘယ့်ကြောင့် ဤနေရာသို့ ငါမသိအောင် လာရသနည်း"ဟု ဆို၍ ကျောက်ကုန်းကို လက်ဖြင့်ရိုက်၏။ လက်နာ၍ အသေ အချာ ကြည့်ရှုသော် ရွှေစင်ရုပ်မှန်းသိသဖြင့် "သြော် ငါ့သမီး ဘဒ္ဒါဟု ငါ မှတ်ထင်သည်။ ဤရွှေစင်ရုပ်သည်ကား ငါ့သမီးနှင့်တူအောင် လှသည်မဟုတ်"ဟု ဆို၏။ ပုဏ္ဏားတို့သည် "အရှင်မ၏သမီးသည် ဤရွှေစင်ရုပ်ကဲ့သို့ လှပါ သလော"ဟု မေးကြကုန်၏။

"ငါ့သမီး ဘဒ္ဒါသည် ဤရွှေစင်ရုပ်ထက် အဆပေါင်း ရာ, ထောင်, သောင်း, သိန်းမက လှသေး၏။ တစ်ဆယ့်နှစ်တောင်ရှိသော တိုက်ခန်းအတွင်း၌ ညဉ့်အခါ မီးမထွန်းဘဲ ကိုယ်ရောင်ဖြင့် လင်း၏"ဟု ဆို၏။

ဤတွင် ပုဏ္ဏားရှစ်ဦးတို့သည် ထိုအထိန်းတော်ကြီးကို ရှေ့ဆောင်ပြု၍ ဘဒ္ဒါ၏ အမိအဖ ပုဏ္ဏားတို့ ရှိရာသို့ သွားကြပြီး ပဋိသန္ထာရစကားပြောဆိုကြသည်။ မဂဓတိုင်း မဟာတိတ္ထရွာသူကြီး ကပိလနှင့် ဇနီး သုမနဒေဝီတို့၏သား ပိပ္ပလိ လုလင်၏ အကြောင်းအရာ အလုံးစုံတို့ကို ပြောဆိုသောအခါ "ဤသူဌေးပုဏ္ဏား တို့သည် ငါတို့နှင့် အမျိုးအနွယ် စည်းစိမ်ဥစ္စာတူမျှသောသူတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ငါတို့၏သမီးကို ပေးပါကုန်အံ့"ဟု ဆို၍ ထိုရွှေစင်ရုပ်လက်ဆောင် တင်သည်ကို သိမ်းပိုက်ယူငင်ကြကုန်၏။

http://www.dhammadownload.com

ထိုပုဏ္ဏားရှစ်ယောက်တို့သည် ပိပ္ပလိလုလင်၏ မယ်တော် သုမနဒေဝီ, အဖ ခမည်းတော် ကောသိယဂေါတ္တ သူဌေးပုဏ္ဏားတို့ထံသို့ စာတမန် စေလွှတ်ကာ အကြောင်း ကြားကြ၏။ "အကျွန်ုပ်တို့ ပုဏ္ဏားရှစ်ယောက်တို့သည် မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ ရွှေစင်ရုပ်ထက် အဆပေါင်း ရာ, ထောင်, သောင်း, သိန်းမက အဆင်းရှုပါအလွန်လှသော ဘဒ္ဒါမည်သော သတို့သမီးကို တွေ့ရပါသည်။ ထိုရွှေစင်ရုပ်ကိုလက်ဆောင်တင်၍ခေါ်ဆောင်လာခဲ့ပါမည်။ ပြုဖွယ်ရှိသော မင်္ဂလာကိစ္စအဝဝကို စီမံကြပါကုန်"ဟူ၍ သတင်းစာလွှာ ရောက်ရှိလာသည်။ ထိုစာလွှာကို ပိပ္ပလိလုလင်အား မိခင်ဖခင်တို့က ပေးလိုက်သည်။

ထိုစာလွှာကိုရသောအခါ ပိပ္ပလိလုလင်မှာ အခက်ကြုံရလေပြီ။ ငါသည် ဤကဲ့သို့ ရွှေစင်ရုပ်နှင့်တူသော မိန်းမကို မရနိုင်ဟု မှတ်ထင်ကာ စီစဉ်ခဲ့သည်။ ယခုသူတို့က ရွှေစင်ရုပ်နှင့်တူသော မိန်းမကို တွေ့ရှိရပြီ ဖြစ်ကြောင်း တမန်စာလွှာ ပို့လာသည်။ ဤအရေးကိစ္စကို ရှောင်ကွင်းရန် ငါကြံအံ့ဟု စဉ်းစား၏။ အဖြေတွေ့ပါပြီ။ ထို့ကြောင့် သူသည် လျှို့ဝှက်စာတစ်စောင်ကို ဤသို့ ရေးသားလိုက်၏။

ဘဒ္ဒါထံပေးစာ

"အို... နမဘဒ္ဒါ၊ သင်သည် မိမိနှင့် အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာအားဖြင့် တူမျှသော ယောကျ်ားကို ရစေလိုပါ၏။ ငါသည်ကား တောထွက်၍ ရဟန်းပြုပါအံ့။ နောင်အခါ နှလုံးမသာမရှိပါစေလင့်" လူတို့မြင်ရာ ဆိတ်ကွယ်ရာ၌ ဤကဲ့သို့ စာရေး၍ စာအိတ်ကို ကောင်းစွာပိတ်ကာ တမန်စေလွှတ်၏။

ဘဒ္ဒါသူဌေးသမီးကလည်း ဤသို့ကြံ၏။ ငါသည် ကာမဂုဏ်စည်းစိမ်ကို အလိုမရှိ။ သို့ဖြစ်ပါလျက် ငါ၏အမိအဖတို့သည် ထိုသူဌေးသားနှင့် ပေးစားရန် ရွှေစင်ရုပ်လက်ဆောင်ကို လက်ခံထားကြကုန်၏။ မကြာမီ လက်ထပ်မင်္ဂလာပြုရန် လာကြပေလိမ့်မည်။ မလာမီက တင်ကြို၍ ထိုသူဌေးသားထံသို့ စာတမန်ပေးပြီး ပယ်ရှားထားမှသင့်မည်ဟုကြံ၍ လူတို့ဆိတ်ကွယ်ရာတွင် ဤသို့ စာရေး၏။

ဘဒ္ဒါထံမှပြန်စာ

အို... အရှင်သား၊ သင်သည် မိမိနှင့် အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာအားဖြင့် တူမျှသော သတို့သမီးကို ရစေလိုပါ၏။ ကျွန်တော်မသည်ကား လောကီလူဘောင်

http://www.dhammadownload.com

ခွာရှောင်၍ ရဟန်းပြုပါအံ့။ နောက်ခါ နှလုံးမသာ မရှိပါစေလင့်" ဟု စာရေး၍ စာအိတ်ကို ကောင်းစွာပိတ်ကာ တမန်စေလွှတ်ပို့ခိုင်းလိုက်၏။

အကြံတူ ကံတူ ပါရမီတူ ဖြစ်ကြကုန်သော သူမြတ်နှစ်ဦးတို့ စေလွှတ်သော တမန်တို့သည် လမ်းခရီးအလယ်၌ ဆုံမိကြကုန်၏။

ထိုဆုံမိကြသော် တမန်နှစ်ဦးတို့သည် အချင်းချင်း မိတ်ဆက်ကြသည်။ တစ်ဦးကိုစွကို တစ်ဦးမေးရာ မဒ္ဒရာဇ်တိုင်း သာဂလနေပြည်တော်ရှိ ကောသိယ ပုဏ္ဏားကြီး၏ သမီး ဘဒ္ဒါအထံသို့ သွားရမည်ကို လည်းကောင်း၊ ကျန်တစ်ဦးက မဂဓတိုင်း ရာဇဂြိုဟ်ပြည် မဟာတိတ္ထရွာသူကြီး၏သား ပိပ္ပလိထံသို့ သွားမည့် အကြောင်းကိုပြောဆိုကြသော်– မိမိတို့ အရှင်သခင်များဖြစ်နေကြသဖြင့် "ထူးဆန်းလှပေ၏တကား" ဟု တအံ့တသြဖြစ်ကြရသည်။ ထို့ကြောင့် မိမိတို့ ယူဆောင်လာသော စာနှစ်စောင်ကို ဖွင့်ဖောက်၍ ဖတ်ကြသည်။ပို၍အံ့သြကြရသည်မှာ ပိပ္ပလိထံမှ ရေးသားလိုက်သောစာနှင့် ဘဒ္ဒါထံမှ ရေးသားလိုက်သော စာတို့သည် ထပ်တူထပ်မျှ တူညီနေကြသည်။

ထို့ကြောင့် ဂမန်နှစ်ဦးတို့သည် အချင်းချင်း တိုင်ပင်ကာ ထိုစာနှစ်စောင်ကို ဖျောက်ဖျက်ပစ်လိုက်ကြပြီး ပိပ္ပလိနှင့် ဘဒ္ဒါတို့၏လက်ရေးနှင့်တူအောင် စာနှစ်စောင် အသစ်ရေးကြပြီး အသီးသီးယူဆောင်ကာ မိမိတို့၏ အရှင်သခင်များထံ ဆက်သလိုက်သည်။

စာအသီးသီးတွင် မိမိတို့မှာ ရှေးဘဝက ပါရမီကြောင့် တစ်ဦးကိုတစ်ဦး မမြင်ရခင်ကပင် ကြင်စဦးကဲ့သို့ ချစ်မြတ်နိုးကြောင်း၊ အိမ်ထောင်ဖက်၌ ရွေလက်တွဲလိုကြောင်းများကို ရေးသားလိုက်ကြသည်။

ရှေးရှေးဘဝတို့က ပါရမီဖြည့်ဖက် ဆုတောင်းဖက် ဖြစ်ကြကုန်သော ထိုသူမြတ်နှစ်ဦးတို့သည် ကာမဂုဏ်ကို အလိုမရှိကြကုန်သော်လည်း ပါရမီဆုတောင်း အားလျော်စွာ ပေါင်းဆုံမိကြကုန်၏။

ပိပ္ပလိလုလင်သည် တစ်ခုသော ပန်းကုံးကို ဘဒ္ဒါအားပေး၏။ ဘဒ္ဒါသည် ထိုပန်းကုံးကို ပြင်ဆင်ထားသော ညောင်စောင်းမွေ့ရာ ဗဟိုအလယ်တွင်တန်းလျက် ချထား၏။ ညစာစားပြီးသော် ထိုသူနှစ်ဦးတို့တွင် ပိပ္ပလိလုလင်သည် အိပ်ရာညောင်စောင်း လက်ယာဘက်မှ အိပ်၏။ ဘဒ္ဒါသည် လက်ဝဲဘက်မှ အိပ်၏။

ထိုသူမြတ်နှစ်ဦးတို့သည် ပန်းကုံးခြားလျက် ဗြဟ္မာဘုံတွင် ဗြဟ္မာကြီးနှစ်ဦး အတူနေသကဲ့သို့ နေထိုင်ကြကုန်၏။ နေ့အခါ၌လည်း ပြုံးရွှင်ခြင်း ရယ်မြူးခြင်း

http://www.dhammadownload.com

တို့ကို မပြုကြပေ။ ပကတိလူနေဖြင့် နေထိုင်ကြကုန်၏။ လင်မယား တို့ကဲ့သို့ ရောယှက်၍ မနေကြပေ။

သူတို့၏ အမိအဖများ ကွယ်လွန်ကြသော် အမွေဆက်ခံရရှိသောပစ္စည်းများသည် အလွန်ပင် များလှသည်။ လယ်ယာမြေအကျယ်သည် တစ်ဆယ့်နှစ်ယူဇနာ ရှိသည်။ ထိုလယ်ယာမြေများကို ရေသွင်းစိုက်ပျိုးရန် တစ်ဖက်ဆည်ကန်ကြီး ခြောက်ဆယ်ရှိသည်။ လယ်ယာမြေများကို ရေသွင်းရာ၌ ယန္တရားများ တပ်ဆင်၍ ရေသွင်းရသည်။ လယ်ယာလုပ်သားများနေထိုင်ရာ ရွာသည်ပင် တစ်ဆယ့်လေးရွာ ရှိ၏။

သံဃဂ ရကြခြင်း

ထိုပိပ္ပလိ သူဌေးသားသည် တစ်နေ့သ၌ ကကြိုးတန်ဆာဆင်ထားသော မြင်းကိုစီးလျက် အခြေအရံများ ခြံရံကာ လယ်ထွန်လုပ်သားတို့ ထွန်ယက်လုပ်ကိုင်ရာ နေရာသို့ ရောက်လာသည်။ လယ်ယာလုပ်သားတို့ လယ်မြေကို ထွန်ယက်ရာမှ ပေါ်လာသော ပိုးမွှားတို့ကို ကျီးစွန်စသော ငှက်အပေါင်းတို့က ထိုးဆိတ်စားသောက်ကြ၏။ ထိုအဖြစ်ကိုမြင်သော ပိပ္ပလိသည် "အမောင်တို့၊ ဤကျီးစွန်တို့သည် ဘာကို ထိုးဆိတ်စား သောက်ကြကုန်သနည်း" ဟု မေးသည်။ "ပိုး ပုရွက် တို့ကို ထိုးဆိတ်၍ စားပါကုန်၏" ဟု ပြောကြားလျှင် ပိပ္ပလိသည် ထိုအဖြစ်ကို အလေးအနက် စဉ်းစားပြီး "အဘယ်သူအတွက် ထိုသတ္တဝါများ သေကြေပျက်စီးရသော မကောင်းမှုကံသည် ဖြစ်သနည်း" ဟု မေး၏။ ထိုအခါ လယ်ယာလုပ်သားတို့က "အရှင်သူဌေးသားစေခိုင်း၍ လုပ်ရသောကြောင့် အရှင် သူဌေးသား အတွက်သာလျှင် မကောင်းမှု ဖြစ်၏" ဟု ပြောကုန်၏။

ထိုအခါ ပိပ္ပလိသူဌေးသားသည် ဤသို့ကြံ၏။ "ဤကဲ့သို့ မကောင်းမှုဖြစ်လျှင် ဤရွာစဆယ့်ခုနစ်ကုဋေသော ဥစ္စာသည် အဘယ်သို့ပြုတော့မည်နည်း။ တစ်ဆယ့်နှစ်ယူဇနာကျယ်သော လယ်မြေသည်လည်းကောင်း, ရေတွင်း ယန္တရား ဆင်၍ ထားသော ရေကန်ကြီး ခြောက်ဆယ်တို့သည်လည်းကောင်း အဘယ်အကျိုးရှိအံ့နည်း။ ရွာကြီး တစ်ဆယ့်လေးရွာသည်လည်း ဘယ်မှာ အကျိုးရှိတော့မည်နည်း။ အပါယ်သို့ ရောက်ကြောင်းများသာ ဖြစ်ချေကုန်၏တကား" ဟူ၍ သံဝေဂဉာဏ် ဖြစ်၏။ ထို့ကြောင့် ဤအလုံးစုံသော ပစ္စည်းတို့ကို ဘဒ္ဒါအား ပေးထား၍ ရဟန်းပြုတော့အံ့ဟု ကြံ၏။

http://www.dhammadownload.com

နိုင်းသူသာ အပြစ်ရှိ

ဘဒ္ဒါသူဌေးသမီးသည်လည်း ကျီတွင်း၌ ထားရှိသော နှမ်းအိုးသုံးလုံးတို့မှ နှမ်းတို့ကို ထုတ်၍ နေလှန်းကြကုန်သော ကျွန်မတို့၏ အနီး၌ ထိုင်၍ ကြည့်ရှုနေစဉ် ကျီးတို့သည် နှမ်းပိုးတို့ကို ကိုက်ချီ၍ စားသည်တို့ကိုမြင်၏။ မေးသည်ရှိသော် နှမ်းပိုးတို့ကို ကျီးတို့ ကိုက်ချီ၍ စားကြောင်းကို ပြောလျှင် "အဘယ်သူအတွက် ဤသို့ သတ္တဝါများ သေကြေပျက်စီးရသော အကုသိုလ်ကံသည် ဖြစ်ရသနည်း" ဟု မေး၏။ "အရှင်မတို့စေခိုင်းသောကြောင့် အရှင်မတို့၌သာ အကုသိုလ် ဖြစ်ထိုက်၏" ဟူ၍ ကျွန်မတို့က ပြောကြကုန်၏။

ထိုအခါ ဘဒ္ဒါ သူဌေးသမီးသည် ဤသို့ကြံ၏။ ငါ့မှာ လေးတောင်ပမာဏ ရှိသော အဝတ်၊ တစ်ကွမ်းစားမျှသော အစာအာဟာရ၊ ဤမျှသာ ငါသုံးဆောင်နိုင်၏။ သုံးဆောင်ခြင်းငှာ သင့်လျော်၏။ ဤအကုသိုလ်တွေကို ငါခံရလျှင် ဘဝပေါင်း တစ်သောင်းတစ်သိန်းဖြင့်လည်း ဝင့်ဆင်းရဲ သံသရာမှ ဦးခေါင်းပေါ်စရာ မရှိတော့ပြီ။ အရှင့်သား လယ်တောမှ ပြန်လာလျှင် ဤဥစ္စာဓနတွေကို အပ်နှင်းပြီး တောထွက် ရဟန်းပြုတော့မည်ဟု အကြံဖြစ်၏။

ပိပ္ပလိသူဌေးသားသည် လယ်တောမှ ပြန်ရောက်လျှင် ရှေးဦးစွာ ရေချိုး၏။ ထို့နောက် ပြာသာဒ်ထက်သို့တက်ကာ ပလ္လင်ထက်၌ ဘဒ္ဒါနှင့်အတူ ညနေစာ သုံးဆောင်ကြသည်။ စားသုံးပြီး၍ အလုပ်အကျွေးတို့ မရှိကြသော် ဆိတ်ငြိမ် ချမ်းသာသော နေရာ၌ အသီးသီး ထိုင်နေကြကုန်၏။

ထိုအခါ ပိပ္ပလိသူဌေးသားသည် ဘဒ္ဒါကို ခေါ်၍ "ရှင်မဘဒ္ဒါ၊ ဤငါတို့ အိမ်သို့ သင်လိုက်လာသောအခါက အဘယ်မျှသော ဥစ္စာပစ္စည်းတို့ကို ဆောင်ယူလာခဲ့ပါသနည်း" ဟု မေး၏။ ထိုအခါ ဘဒ္ဒါက "လှည်းစီးရေ ငါးသောင်း ငါးထောင်ဖြင့် ဆောင်ယူလာပါသည်" ဟု ဆို၏။ ထိုအခါ ပိပ္ပလိက "နှမဘဒ္ဒါ ထိုပစ္စည်းဥစ္စာတို့သည် သင့်အတွက်သာလျှင် ဖြစ်ပါစေ။ ထို့ပြင် ဤအိမ်ရှိ ပစ္စည်းဥစ္စာအားလုံးတို့သည်လည်း သင်သာလျှင် သိမ်းပိုက်၍ နေရစ်လော့။ ငါမူကား ရဟန်းပြုတော့အံ့" ဟုဆိုလျှင် ဘဒ္ဒါက "အရှင့်သား၊ ကျွန်တော်မသည်လည်း ရဟန်းပြုအံ့ဟု ကြံ၍ အရှင့်သား ပြန်အလာကို စောင့်ဆိုင်းနေပါသည်" ဟု ပြောသည်။

အကြံတူကြသည်ဖြစ်၍ ထိုသူမြတ်နှစ်ဦးတို့သည် တစ်ဦး၏ဆံပင်ကို တစ်ဦး ရိတ်ဖြတ်ပေးကြပြီး ခါးဝတ်ပုဆိုး ထဘီတို့ကို စွန့်သည်။ သင်္ကန်းကို ဝတ်ရုံ၍

http://www.dhammadownload.com

ရဟန်းပြုလျက် အိတ်၌ မြေသပိတ်ကို လွယ်ကာ ပြာသာဒ်ပေါ်မှ ဆင်းသက်လာကြကုန်၏။ အမှုလုပ်အစေခံနှင့် အခြွေအရံတို့ကို တစ်စုံတစ်ရာမျှ ကြိုတင်စီရင်ပြောဆိုခြင်း မရှိ၍ မသိကြကုန်။

ထိုသူမြတ်နှစ်ဦးတို့ ရွာမှ ထွက်လာခဲ့ကြပြီး မကြာမီပင် မိမိတို့၏ အမှုလုပ် အစေခံ လုပ်သားတို့နေထိုင်ရာ ရွာတစ်ရွာအနီးသို့ ရောက်လာကြသည်။ သူတို့၏ သွားပုံ လာပုံ အသွင်အပြင်ကို ရွာသားတို့ မြင်သော် မိမိတို့၏အရှင် သခင်နှင့် သခင်မဖြစ်ကြမှန်း သိရှိသွားကြသည်။ ထိုအခါ ရွာသူရွာသားတို့က အကျိုးအကြောင်းကို မေးမြန်းရာမှ အဖြစ်မှန်သိသွားပြီး ငိုကြွေးမြည်တမ်းကြကုန်သည်။ "အကျွန်ုပ်တို့အား ကိုးကွယ်ရာမဲ့အောင် ပြုရက်ကြပါပေသည်တကား" ဟု ရှိုက်ငင်တကြီး ငိုကြွေးကြသည်။ ထိုအခါ အရှင်ပိပ္ပလိက "ဒါယကာတို့ ငါတို့သည်ကား ဤလူ့ဘုံ၊ နတ်ဘုံနှင့် ဗြဟ္မာ့ဘုံ အပါအဝင် ဘုံသုံးပါး တို့သည် မီးလောင်နေသော အိမ်ကဲ့သို့ မှတ်ထင်ပြီး စွန့်လွှတ်ခဲ့ကြပြီး ရဟန်းပြုကြပေပြီ။ သင်တို့သည်လည်း ယခုမှစ၍ ငါတို့၏ ကျေးကျွန်များ မဟုတ်ကြတော့ပေ။ မိမိတို့ အလိုအလျောက် လွတ်လွတ်လပ်လပ် နေထိုင်ကြပြီးလျှင် သင်တို့လုပ်လက်စ လယ်ယာမြေများကိုလည်း သင်တို့အား အပိုင်ပေးလိုက်ပေပြီ။ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားကြ" ဟု ပြောဆိုကာ ရှေ့သို့ဆက်၍ ခရီးထွက်ခဲ့ကြသည်။

ပြစ်မှားပြောဆိုကြလျှင်

ဤသို့လာခဲ့၍ ခရီးအတန်ရောက်ရောက်သော် အရှင်ပိပ္ပလိသည် နောက်သို့ လှည့်ကြည့်ပြီး ဤသို့အကြံဖြစ်၏။ အလွန်တရာ ချောမောလှပသော အရှင်မ ဘဒ္ဒါသည် ငါ၏နောက်မှ အစဉ်လိုက်၍နေ၏။ တစ်စုံတစ်ယောက်သော သူက မြင်သော် အထင်လွဲ၍ တစ်မျိုးတစ်မည် ကြံစည်ပြောဆိုရာ၏။ "ဤသူတို့သည် ရဟန်းပြုကြကုန်သော်လည်း ယခုထက်တိုင် မခွဲမခွာနိုင်ဘဲ မသင့်လျော်သောအမှုကို ပြုလုပ်နေကြကုန်၏" ဟူ၍ မကောင်းသောစိတ်ဖြင့် ငါတို့ကို ပြစ်မှားပြောဆိုကြကုန်သည်ရှိသော် ထိုသူတို့ခများ အပါယ်ငရဲသို့ လားကုန်ရာ၏။ သို့ဖြစ်၍ ဤနေ့မှစ၍ ဘဒ္ဒါကို ချန်ရစ်ကာ ငါတစ်ဦးတည်းသွားမှ သင့်၏" ဟု စိတ်ကို ဖြစ်စေ၍ ရှေ့မှသွားသည်။ လမ်းနှစ်ခွကိုမြင်လျှင် လမ်းဆုံ၌ရပ်၏။ အရှင်မ ဘဒ္ဒါသည်လည်း နောက်မှ မီလာ၍ ရှိခိုးလျက်ရပ်၏။

http://www.dhammadownload.com

ထိုအခါ အရှင်ပိပ္ပလိသည် အရှင်မဘဒ္ဒါကို ခေါ်၍ "နမ ဘဒ္ဒါ၊ သင် ငါ၏နောက်မှ လိုက်နေသည်ကို တစ်ပါးသူတို့ မြင်ကြသော် 'ဤသူတို့ကား ရဟန်းဖြစ်ကြကုန်လျက် ခွခွခြင်းငှာ မတတ်နိုင်ကြကုန်'ဟူ၍ ငါတို့ကို ပြစ်မှား ကြပေလိမ့်မည်။ ထိုအခါ သူတို့သည် အပါယ်ငရဲသို့ ကျရောက်ကုန်ရာ၏။ ဤနေရာ၌ လမ်းခွဲနှစ်ခုရှိ၏။ သင်သည် တစ်ခုသောလမ်းကို ရွေး၍ သွားလော့။ ငါသည်လည်း အခြားသောလမ်းမှ သွားအံ့၊ လမ်းခွဲကြစို့"ဟု ဆို၏။

"အရှင်ဘုရား၊ဟုတ်ပေ၏။ မိန်းမတို့မည်သည် ရဟန်းတို့အတွက် ပလိဗောဓ ကြောင့်ကြယွင်းမှား အရှုပ်အထွေးများသာ ဖြစ်၏"ဟုဆို၍ လက်ယာရစ် သုံးကြိမ် လှည့်ကာ လေးမျက်နှာအရပ်တို့မှ ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီးသော် လက်အုပ်ကို ချီ၍–

"အရှင်မြတ်ဘုရား၊ အရှင်မြတ်ကဲ့သို့ ယောကျ်ားသားတို့သည် ဒကို့ဏာ လက်ယာဘက်မှ နေကြရသော ယောကျ်ားမြတ်များ ဖြစ်ကြပေကုန်၏။ ထို့ကြောင့် ဒကို့ဏာလက်ယာလမ်းသည်သာ အရှင်မြတ်နှင့် သင့်လျော်ပါ၏။ ဘုရားကျွန်မ မာတုဂါမတို့သည် လက်ဝဲမျိုး ဖြစ်ပါ၏။ ထို့ကြောင့် ဘုရားကျွန်မသည် လက်ဝဲ လမ်းသို့ သွားပါအံ့"ဟု ဆိုပြီးလျှင် လက်အုပ်ကို နဖူးပြင်၌ ချီတင်လျက် ရှိခိုးပြီး ကမ္ဘာတစ်သိန်းမျှသော အဖွန့်သံသရာ ဘဝအဆက်ဆက် ပေါင်းဖက်၍လာခဲ့ကြသော မိတ္တဗန္ဓဝ ချစ်ခင်မြတ်နိုးလှသော မိတ်ဆွေကောင်းနှစ်ဦးတို့သည် ယနေ့မှပင် ခွခွရတော့သည်ဟု ဆိုသကဲ့သို့ ရှိခိုးဦးတင်၍ လက်ဝဲလမ်းသို့ ဖဲသွားလေ၏။

ထိုသူမြတ်နှစ်ဦးတို့ ဤကဲ့သို့ ခွခွသောအခါ၌ ဤမဟာပထဝီမြေကြီးသည် မြင်းမိရိတောင်, တောင်စဉ်ခုနစ်ထပ်နှင့် သမုဒ္ဒရာရေတို့ကို ဆောင်ထားခြင်းငှာ မတတ်နိုင်ပါဟု ဆိုသကဲ့သို့ တော်လဲ၍ ကြွက်ကြွက်ဆူကာ တုန်လှုပ်လေ၏။ ကောင်းကင်၌လည်း မိုးကြိုးသံတို့သည် အသူရာ သိကြား စစ်ခင်းသည့်အလား ဟီးဟီးဟိန်းဟိန်း ဒိန်းဒိန်းဒုံးဒုံး ထစ်ချုန်းမြည်ဟည်း မိုးကြိုး သည်းထန်စွာ ရွာသွန်း၏။

သူမြတ်နှစ်ဦးကို ကြိုရန်

ထိုအချိန်က သဗ္ဗညူ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း လျှုဒါန်းအပ်သော ဝေဠုဝန် ဝါးပင်တောကျောင်း၌ သီတင်းသုံးတော်မူလျက် ရှိ၏။ မြေပြင်အလုံး ခြိမ့်ခြိမ့်အုန်းမှု တုန်လှုပ်သောအသံကို ကြားတော်မူ၍

http://www.dhammadownload.com

ဆင်ခြင်တော်မူလတ်သော် ပိပ္ပလိလုလင်နှင့် ဘဒ္ဒါတို့သည် ငါ့ကို ရည်မှန်း၍ များလှစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှာ၍ ရဟန်းပြုလာကြပေပြီ။ ထိုသူနှစ်ဦးတို့ ခွဲခွာကြရာ အရပ်၌ သူမြတ်တို့၏ ဂုဏ်ဗလ အစွမ်းအားဖြင့် ဤမြေကြီးသည် ဗုန်လှုပ်ရခြင်းဖြစ်၏။ ငါဘုရားသည်လည်း ထိုသူတို့အား ချီးမြှောက်ထိုက်၏ဟု သုံးသပ်တော်မူကာ ဂန္ဓကုဋီတိုက်တော်မှ တစ်ပါးတည်းထွက်ကြွတော်မူ၏။ ခရီးသုံးဂါဝုတ်မျှ ကြွတော်မူလာပြီး ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြားရှိ ဗဟုပုတ္တအမည်ရသော နိဂြောဓပညောင်ပင်ရင်း၌ ဒုကုဋ်သင်္ကန်းကိုခင်း၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၏။

မြတ်စွာဘုရားရှင်သည် တင့်တယ်စွာသော အသွင်တော်ကိုယူလျက် ပကတိရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် နေတော်မူ၏။ ထိုခဏ၌ မြတ်စွာဘုရားရောင်ခြည်တော်တို့သည် ထိုမှဤမှ ပျံ့နှံ့ဖြာထွက်ကုန်လျက် ရှိကုန်၏။ တောကြား, တောင်ကြား, သစ်ပင်ကြား, ချုံနွယ်ပိတ်ပေါင်း, ပန်းခြံ, ပန်းရံ အလုံးစုံသော သစ်ခက်သစ်ရွက် အပွင့်အသီးတို့သည် ကောင်းကင်၌ ကြယ်အပေါင်း ထွန်းလင်းတောက်ပကြသကဲ့သို့ လည်းကောင်း, လေးထောင့်ကန်အတွင်း၌ တစ်ပြိုင်နက် ပွင့်ကုန်သော ပဒုမ္မာကြာပန်း, ဥပ္ပလကြာပန်းတို့ကဲ့သို့ လည်းကောင်း တင့်တယ်တောက်ပ၍ နေကုန်၏။

နိဂြောဓပညောင်ပင်၏ ပင်စည်လုံးသည် ပကတိအတိုင်းမှာကား ဖြူ၏။ အရွက်တို့သည် စိမ်းညိုကုန်၏။ မှည့်သော အသီးတို့သည် နီကုန်၏။ ထိုနေ့၌ မူကား ထိုပညောင်ပင် တစ်ပင်လုံးသည် ရွှေအဆင်းကဲ့သို့ ဖြစ်၍နေ၏။

အရှင်ပိပ္ပလိသည် ထိုကဲ့သို့ တစ်တောလုံး တင့်တယ်စွာ ထွန်းလင်းတောက်ပသော ရောင်ခြည်တော်တို့ဖြင့် စံပယ်နေတော်မူသော် မြတ်စွာဘုရားကို မြင်သောအခါ ဤပုဂ္ဂိုလ်မြတ်သည်ကား ငါ၏ဆရာ ဖြစ်လတ္တံ့။ ငါသည် ဤကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကို ရည်မှန်း၍သာလျှင် ရဟန်းပြုခဲ့၏ဟု စိတ်တွင်းကြံစည်၍ မြင်ရာအရပ်မှစ၍ ရှေ့သို့ ညွှတ်ကိုင်းလျက် လက်အုပ်ချီကာ ဆည်းကပ်လာပြီးလျှင် အနီးသို့ရောက်သော် သုံးကြိမ်သုံးခါ ရှိခိုးဦးခိုက်၍ ဤသို့ လျှောက်ထားလေသည်။

"ရောင်ခြည်ပဝင်း ထွန်းလင်းတော်မူသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်တော်မူပါ၏။ တပည့်တော်သည်ကား အရှင်ဘုရား၏ တပည့်ဖြစ်ပါသည် မြတ်စွာဘုရား"

http://www.dhammadownload.com

ထိုအခါ မြတ်စွာဘုရားက ဤသို့မိန့်တော်မူ၏။

"ကဿပ၊ သင်သည် ဤကဲ့သို့ စေတနာ သဒ္ဒါ ယုံကြည်စွာဖြင့် ပျတ်ဝတ် ရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးတင်ခြင်းကို သိယောင်၊ မြင်ယောင်၊ တတ်ယောင် ဆောင်သော ဆရာတစ်ဦးဦးက လက်ခံသမူ သာယာမှုကို ပြုလျှင် ထိုဆရာ၏ ဦးခေါင်းသည် ထောင်းထောင်းပြတ်ကျေ မြေသို့ ခလေရာ၏။ ထို့ပြင် မဟာပထဝီ မြေကြီးသည် ထိုသူအား ဆောင်ထားခြင်းငှာ အလိုမရှိသဖြင့် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် လှုပ်ပေအံ့။ လာခြင်းကောင်းသော ငါဘုရားသည် မသိမမြင်ဘဲ သိယောင်ဆောင်သည်မဟုတ်။ အမှန်တကယ် သိ၍ မြင်၍ ထိုသို့မြင်ခြင်းကိုလည်း ငါဝန်ခံခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် သင်၏ ဖူးမြော်ကန်တော့ခြင်းကို ငါခံယူသဖြင့် ငါဘုရားတွင် မွေးညင်းတော်မျှသည်ပင် တုန်လှုပ်ခြင်းမရှိ"ဟု ဘုရားရှင်က မိန့်တော်မူ၏။ (အပဒါန်အဋ္ဌကထာ)

ထိုနောက် မြတ်စွာဘုရားသည် အရှင်မဟာကဿပအား သုံးပါးသော သြဝါဒဖြင့် မိန့်ကြားပြီးလျှင် ဥပသမ္ပဒအဖြစ်ကို ပေးတော်မူ၏။

ဘုရားရှင်၏အဆုံးအမ

မြတ်စွာဘုရားသခင်က အရှင်မဟာကဿပကို ဆုံးမတော်မူသော သုံးပါးသော သြဝါဒတို့ကား...

"ကဿပ၊ သင်သည် အမျိုး၊ ဇာတ်၊ အနွယ်အားဖြင့် မြင့်မြတ်သူဖြစ်၍ မာန်ကြီးသူဖြစ်၏။ အကြီး၊ အငယ်၊ အရွယ်အလတ် သုံးပါးလုံးမှာ ရှိကြသည့် သီတင်းသုံးဖော်တို့နှင့် ဆက်ဆံရာမှာ ရှက်ကြောက်တတ်စေရန် ကျင့်သုံးအပ်၏"

"ကဿပ၊ သင်သည် အကြားအမြင် ဗဟုသုတ လွန်စွာများပြား၏။ သူတော်ကောင်းတို့ ဆုံးမဟောကြားအပ်သောတရားကို ကြားနာရသမျှ တစ်လုံးတစ်ပါဒမျှ မကျန်အောင် နားစိုက်၍ နှစ်နှစ်ခြိုက်ခြိုက် နာကြားကျင့်ဆောင်အပ်၏"

"ကဿပ၊ သင်သည် ရုပ်ရည်ရူပကာယ အလွန် တင့်တယ်လှပသူဖြစ်၏။ ထို့ကြောင့် ကိုယ့်ကိုကိုယ် သာယာတတ်၏။ ထိုသို့ မဖြစ်စေရန် ကာယဂတာသတိကို မပြတ်ရှုမှတ် ကျင့်သုံးအပ်၏"ဟု မိန့်တော်မူပြီး သြဝါဒဒေသနာကို အဆုံးသတ်လိုက်သည်။ ဤသြဝါဒဒေသနာကို ကြားနာရပြီးလျှင် ပြီးခြင်း အရှင်မြတ်၏ ရဟန်းပြုခြင်းကိစ္စသည်လည်း ပြီးမြောက်ခြင်းသို့ ရောက်တော့သည်။

http://www.dhammadownload.com

မြတ်စွာဘုရား သာသနာတော်တွင် သြဝါဒခံယူရင်း ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်ခဲ့ရသဖြင့် အရှင်မြတ်အား "သြဝါဒပဋိဂ္ဂဟကာပသမွဒါ" ဟု ခေါ်တွင်ကြသည်။

မြတ်စွာဘုရားသည် ရှင်မဟာကဿပအား ရဟန်းအဖြစ် ချီးမြှောက်တော်မူပြီးနောက် ဗဟုပုတ္တ ပညောင်ပင်ရင်းမှ ထွက်ကြွတော်မူသည်။ ရှင်မဟာကဿပလည်း နောက်တော်ပါးမှ လိုက်ပါကြွလှမ်းသည်။

မြတ်စွာဘုရား၏ ကိုယ်ကာယသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့ဖြင့် ဆန်းကြယ်၏။ အရှင်မဟာကဿပ၏ကိုယ်ကာယသည် ခုနစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာဖြင့် ပြည့်စုံ၏။ အရှင်မဟာကဿပထေရ်သည် ရွှေလှေတော်ကြီး၏နောက်မှဆွဲလျက်ပါသော ရွှေလှေငယ်ကဲ့သို့ မြတ်စွာဘုရား၏ နောက်တော်မှ ခြေတော်ရာအစဉ်အတိုင်း လိုက်တော်မူ၏။

မြတ်စွာဘုရားသည် အနည်းငယ်မျှ ကြွသွားတော်မူပြီးနောက် တစ်ခုသော သစ်ပင်ရင်း၌ ထိုင်တော်မူလိုသော အမူအရာကို ပြတော်မူ၏။ အရှင်မဟာကဿပထေရ်သည် ဘုရားရှင် ထိုင်တော်မူလိုသည်၏အဖြစ်ကို သိ၍ မိမိ၏ဒုကုဋ်သင်္ကန်းကို လေးခေါက်ခေါက်ကာ ခင်းပြီးလျှင် "ထိုင်တော်မူပါ မြတ်စွာဘုရား" ဟု လျှောက်၏။

မြတ်စွာဘုရားသည် နှစ်ထပ်သင်္ကန်းပေါ်တွင် ထိုင်တော်မူ၍ လက်တော်ဖြင့် သုံးသပ်ကာ "ကဿပ၊ သင်၏ ဒုကုဋ်သင်္ကန်းသည် နူးညံ့လှ၏" ဟု မိန့်တော်မူ၏။ အရှင်မဟာကဿပက "အရှင်ဘုရား၊ တပည့်တော်ကို သနားရှေးရှု အကြောင်းပြု၍ တပည့်တော်၏ဒုကုဋ်သင်္ကန်းကို ဝတ်ရုံတော်မူပါဘုရား" ဟု လျှောက်၏။ "ချစ်သား ကဿပ၊ ငါဘုရား၏ ပံသုကူသင်္ကန်းကို သင်ဆောင်နိုင်မည်လော" ဟု မေးတော်မူ၏။ "ဆောင်နိုင်ပါသည် ဘုရား" ဟု လျှောက်၏။

ဘုရားရှင်နှင့် သင်္ကန်းလဲလှယ်၍ ဝတ်ရုံကြပုံ

"ချစ်သားကဿပ၊ ငါဘုရားသည် ဤပံသုကူ သင်္ကန်းတော်ကို ကောက်ယူတော်မူသောအခါ၌ မဟာပထဝီမြေကြီးသည် တုန်လှုပ်၏။ မြတ်စွာဘုရားတို့ ရုံတော်မူ၍ ဟောင်းနွမ်းပြီးသော (ဗုဒ္ဓပရိဘောဂဇီဏ္ဏ)သင်္ကန်းမည်သည် ဂုဏ်သိန်နွမ်းမွဲ၊ နုပ်ဖွဲသေးငယ်သောသူတို့ ဆောင်ယူခြင်းငှာ မထိုက်။ ပဋိပတ္တိအကျင့်မြတ်၌ ဖြည့်ကျင့်ခြင်းငှာ စွမ်းနိုင်သော စိတ်အား, ဉာဏ်အား, အကျင့်အားနှင့် ပြည့်စုံသည့် ဂုဏ်သိန်ကြီးမြတ်သူတို့သာလျှင် ဆောင်ခြင်းငှာ ထိုက်၏" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com

ထိုနောက် အရှင်မဟာကဿပထေရ်မြတ်ဆက်ကပ်သော နှစ်ထပ်သင်္ကန်းကို လဲလှယ်ဝတ်ရုံတော်မူ၏။ ဘုရားရှင်၏ ပံသုကူသင်္ကန်းတော်ကို အရှင်မဟာကဿပက ဝတ်ရုံတော်မူ၏။

ထိုခဏ၌ မဟာပထဝီမြေကြီးသည် တုန်လှုပ်၏။ အရှင်မဟာကဿပထေရ်မြတ်သည်လည်း ငါသည် မြတ်စွာဘုရား သုံးဆောင်တော်မူပြီးသော ရခဲလှသည့် ဗုဒ္ဓပရိဘောဂသင်္ကန်းကို ရ၏၊ ဟူ၍ မာန်တက်ကြွခြင်း မရှိမူဘဲ မြတ်စွာဘုရား အထံတော်၌ပင်လျှင် ခုတင် ၁၃-ပါး ကို ဆောင်တော်မူသည်။ ခုနစ်ရက်သာလျှင် ပုထုဇဉ်အဖြစ်နေရသည်။ ရှစ်ရက်မြောက်သောနေ့၌ အစွဲဟူသမျှအားလုံး ကင်းပြတ်ဆိတ်သုဉ်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

စေတီတော်ကို ပူဇော်ခြင်းအကျိုး

အို... တပည့်အပေါင်းတို့၊ ခုတင်ဆောင် ဧတဒဂ်ရဖြစ်သော ငါသည် ဝေဒေဟသူကြွယ်ဖြစ်စဉ်က ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ကို ကြုံကြိုက်ရ၏။ လူအပေါင်းတို့သည် သံဝေဂဖြစ်ကြကုန်လျက် ဘုရားရှင်၏ သရီရရုပ်ကလာပ်တော်ကို သာခုကီဠနသဘင် ကျင်းပကာ ပူဇော်ကြကုန်၏။

ထိုအခါ၌ ငါသည် ဆွေမျိုးဉာတိ မိတ်သင်္ဂဟအပေါင်းတို့ကိုခေါ်၍ မြတ်စွာဘုရား၏ဓာတ်တော်ကို စေတီတည်ပြီး ကိုးကွယ်ကြရန် တိုက်တွန်းနှိုးဆော်ပြောဆို၏။

ဆွေမျိုးညာတိ မိတ်ဆွေအပေါင်းတို့ကလည်း ကောင်းပါပြီဟု ဝန်ခံ၍ ငါတိုက်တွန်းပြောဆိုသည့်အတိုင်း လိုက်နာကြ၏။ ထို့ကြောင့် အလွန်ရွှင်လန်းဝမ်းသာသောစိတ် ငါးခဲ့ဖြစ်၏။ ခြေလှမ်းတော်လှမ်းတိုင်းလှမ်းတိုင်း ပဒုမ္မာကြာပွင့်ခဲ့တော်မူသော ပဒုမုတ္တရမြတ်ဘုရားသည် အသက်တစ်သိန်းတမ်း၌ ပွင့်တော်မူ၏။ ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့ကို တစ်လုံးတစ်ခဲတည်း ဌာပနာ၍ကိုးကွယ်ရန် ခုနစ်ယူဇနာရှိသော စေတီတော်ကိုတည်၏။ စေတီတော် ပတ်လည်၌ အမြင့် အတောင်တစ်ရာ, အကျယ်အလျား အတောင်တစ်ရာ့ ငါးဆယ်ရှိသော အဂ္ဂိယ=ပွတ်လုံးပွတ်တိုင်, ဟမ္မိယ=တန်ဆောင်းပြာသာဒ်ဦးပြည်း, ဝိမာန-ဗိမာန်ကို ငါသည် ကောင်းစွာပြုလုပ်စေကာ ကြာသွတ်အိုး, ရေပြည့်အိုး, ညောင်ရေအိုး တို့ဖြင့် ပူဇော်၏။

http://www.dhammadownload.com

အတောင်တစ်ရာမြင့်သော ပွတ်လုံး ပွတ်တိုင် တန်ဆောင်း ဗိမာန်နှင့် ခုနစ်ယူဇနာရှိသော စေတီတော်သည် ပြောင်ပြောင်တောက်သော မီးပုံကြီးကဲ့သို့လည်းကောင်း၊ ပင်လုံးကျွတ်ပွင့်သော ရွှေပေါက်ပင်ကြီးကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ ထွန်းတောက်၍နေ၏။ သက်တန့်ရောင်၊ လျှပ်နွယ်လျှပ်ပန်းအရောင်တို့ကဲ့သို့ အရပ်ရှစ်မျက်နှာမှ အရောင်တို့ဖြင့် ထွန်းပ၍ နေ၏။ ထိုစေတီတော်ကို ကြည်ညိုသောစိတ်ဖြင့် များသောကုသိုလ်ကို ငါပြုဖူး၏။

ဥဇ္ဇိဒ္ဓစကြာမင်း ဖြစ်ဖူးခြင်းအကြောင်းကို ပြန်၍ ဟောပြခြင်း

အို... တပည့်အပေါင်းတို့၊ ကဿပဟု နာမထင်ပေါ် ငါမထေရ်ကျော်သည် ဤဘဒ္ဒကမ္ပာမှစ၍ ရေတွက်သော် ကမ္ဘာပေါင်းခြောက်သောင်းအထက်၌ ဥဇ္ဇိဒ္ဓ အမည်ရှိသော ခတ္တိယနွယ်ဖွား မင်းတစ်ပါးဖြစ်ခဲ့၍ မြေအလုံးကို အုပ်စိုးခဲ့ဖူးပြီ။

ထိုအတူပင်လျှင် ဤဘဒ္ဒကမ္ပာ၌ ငါသည် ဘဝပေါင်းသုံးဆယ် ဖြစ်ခဲ့ဖူးပြီ။ မိမိပြုသော ရေးကောင်းမှု အဟုန်ကြောင့် အားကြီးစွာသော စကြာမင်းသည်လည်း ဖြစ်ခဲ့ဖူး၏။

ရတနာခုနစ်ပါးနှင့်ပြည့်စုံ၍ လေးကျွန်းလုံးကို အစိုးရသော ထိုစကြာမင်းအဖြစ်၌ ငါ၏ ဘုံဗိမာန်သည် ရွှေရေးသက်တံ့ လျှပ်နွယ်ပျံ့သကဲ့သို့ ဘုံအဆင့်ဆင့် ကောင်းကင်တွင် လွင့်လျက် မြင့်တက်၏။

အလျားအားဖြင့် နှစ်ဆယ့်လေးယူဇနာ၊ အနံအားဖြင့်လည်း တစ်ဆယ့်နှစ်ယူဇနာရှိသော ရမ္မဏမည်သော မြို့တော်သည် မြဲမြံခိုင်ခဲ့သော မြို့ရိုးတံတိုင်း သစ်တပ် တံခါးတိုင်များဖြင့် အခန့်အထည်ရှိပေ၏။

ငါ၏တိုင်းနိုင်ငံသည် အလျားအားဖြင့် ယူဇနာငါးရာ၊ အနံအားဖြင့် နှစ်ရာငါးဆယ် ယူဇနာကျယ်၏။ လူအပေါင်းတို့ဖြင့် စည်စည်ကားကားရှိ၏။

ဤသို့ စကြာမင်းဖြစ်ခဲ့စဉ်က ငါ၏တိုင်းနိုင်ငံ မြို့ရွာသည် ဆင်, မြင်း, ရထားသံတို့ဖြင့် အသံမဆိတ်ခဲ့။ လူအများတို့ဖြင့် အခါခပ်သိမ်း ရောပြွမ်းထွေးယှက်ပြည့်နှက်နေ၏။ အလွန်ပင် ပျော်ရွှင်စရာကောင်းသော မြို့ကြီးပင်တည်း။

ထိုပျော်ဖွယ်ကောင်းသော မြို့တော်ကြီး၌ စံစား၍လည်းကောင်း၊ ပျော်ရွှင်သောက်စား၍လည်းကောင်း နေခဲ့ဖူး၏။ တစ်ဖန်လည်း နတ်ပြည်သို့လည်း ရောက်ရပြန်သေး၏။ နောက်ဆုံးဖြစ်သော ယခုဘဝ၌ ငါသည် အဆွေအမျိုးတို့၏ ပြည့်စုံခြင်းဖြင့် ပြည့်စုံခဲ့၏။

http://www.dhammadownload.com

ပုဏ္ဏားမျိုးဌဲဖြစ်ရ၏။ ဘိုးဘေးစဉ်လာ စုဆောင်းရှာဖွေထားသော ရတနာ အများရှိ၏။ သို့သော် ငါသည် ကုဋေရှစ်ဆယ်ကုန်သော ဥစ္စာရွှေငွေတို့ကို ပယ်စွန့်ကာ ရဟန်းပြု၏။

ဘုရားရှင် ဟောပြသော အရှင်မဟာကဿပ၏ ကျင့်ကြံနေထိုင်ပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံပါယ်တော် မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။

"ချစ်သား ရဟန်းတို့၊ ငါ၏တပည့်ကြီး မဟာကဿပသည် ကောင်းဆိုးမရွေး ရလာတိုင်းသော သင်္ကန်းဖြင့်သာ ရောင့်ရဲ၍နေ၏။ ရသမျှနှင့် ရောင့်ရဲနေခြင်း၏ အကျိုးကျေးဇူးကိုလည်း ပြောဟောလေ့ရှိ၏။ သင်္ကန်းကိုရလိုသော သဘောယုတ်ဖြင့် သစ်သီးလက်ဆောင်ပေးခြင်း။ ပန်းလက်ဆောင်ပေးခြင်း စသည့် လောကွတ်ပျူငှာသော အယုတ်တရားတို့ကို ပြုလုပ်ခြင်းမရှိ။ မရသေးသော သင်္ကန်းကိုရလေအောင် ရှာမှီးခြင်းမရှိ။ ရလျှင်းတော်လေစွဟု တောင့်တခြင်းလည်း မရှိ။ ဆွမ်းပစ္စည်း, ဆေးပစ္စည်း, ကျောင်း, ကန် ၎ ရိဘောဂပစ္စည်းတို့၌လည်း ကံအားလျော်စွာ ရလာသမျှနှင့်ရောင့်ရဲတင်းတိမ်၍နေ၏။ ရပြီးသောပစ္စည်းတို့၌လည်း တပ်မက်ခြင်းမရှိ။ တွေဝေခြင်းမရှိဘဲ ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော တရားတို့ကိုသာ ကြည့်ရှု ဆင်ခြင်သိမြင်လျက် ဘုဉ်းပေးသုံးဆောင်လေ့ရှိ၏။

"ထို့ကြောင့် ချစ်သားရဟန်းတို့၊ သင်တို့သည်လည်း မဟာကဿပကြီးကဲ့သို့ ကျင့်ကြကုန်လော့။ ငါတို့သည် ကံအားလျော်စွာ ခမ္မိယလဒ္ဓ တရားသဖြင့်ရသော ပစ္စည်းကိုသာလျှင် သုံးဆောင်ကုန်အံ့။ ပစ္စည်းလာဘ်လာဘကို ရလိုသော စိတ်ယုတ်မာဖြင့် လောကွတ်ပျူငှာလုပ်ခြင်း၊ အံ့ဖွယ်သူရဲကို လုပ်ဆောင်ပြခြင်း၊ ချီးပင့်မြှောက်စား၍ ပြောဆိုခြင်း၊ နိမိတ်ပြ၍ ပြောဆိုခြင်း၊ ပရိယာယ်ဝေါဒဖြင့် ပြောဆိုခြင်း စသည့် မသင့်မတင့်သော ရှာမှီးခြင်းတို့မှ ရှောင်ကြဉ်ကြကုန်။ ဤသို့သာလျှင် သင်ချစ်သားရဟန်းတို့သည် ဓိဋ္ဌာန်ဆောက်တည်၍ ကျင့်ကြကုန်လော့"ဟု မိန့်တော်မူ၏။

နိဗ္ဗာန်ရထိုက် မရထိုက် ပုဂ္ဂိုလ် ခွဲ၍ ပြတော်မူခြင်း

တစ်နေ့သ၌ အရှင်မဟာကဿပနှင့် အရှင်သာရိပုတ္တရာမထေရ်တို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါယတော၌ သီတင်းသုံးနေထိုင်ကြ၏။ ထိုအခါ

http://www.dhammadownload.com

အရှင်သာရိပုတ္တရာသည် ညချမ်းသောအခါ ဆိတ်ငြိမ်ရာမှ ထတော်မူ၍ အရှင် မဟာကဿပရှိရာသို့ သွားရောက်ပြီး ဝမ်းမြောက်ဖွယ်သောစကားတို့ကို ပြောဆိုလျက် သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် အရှင်မဟာကဿပကို ဤသို့ မေးလျှောက်၏။

"ငါ့ရှင်ကဿပ၊ 'အနာဂတာပိပုဂ္ဂိုလ်, အနောတ္တပ္ပိပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မရနိုင်ဟူ၍ ဆို၏။ အာဘာပိပုဂ္ဂိုလ်, သြတ္တပ္ပိပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို ရ၏' ဟူ၍ ဆို၏။ အဘယ်ပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကို မရနိုင်သော အနာဂတာပိပုဂ္ဂိုလ် ဖြစ်ပါသနည်း။ အဘယ်ပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကို မရနိုင်သော အနောတ္တပ္ပိ ပုဂ္ဂိုလ် ဖြစ်ပါသနည်း။

"အဘယ်ပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကို ရထိုက်သော အာဘာပိပုဂ္ဂိုလ် ဖြစ်ပါသနည်း။ အဘယ်ပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကိုရထိုက်သော သြတ္တပ္ပိပုဂ္ဂိုလ် ဖြစ်ပါသနည်း။

ဤပုစ္ဆာလေးခုကို အရှင်မဟာကဿပသည် ဤသို့ ဖြေတော်မူ၏။

အနာဂတာပိပုဂ္ဂိုလ်

"ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းပြုသောသူသည် (၁) မဖြစ်သေးသောအကုသိုလ် စိတ်ယုတ်မာတို့ ဖြစ်ပေါ်လာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည် ဟူ၍ **အားထုတ်ခြင်း လုံ့လကို မပြု**။ (၂) ဖြစ်ဆဲ ရှိဆဲသော အနုသယကိလေသာ စိတ်ယုတ်မာတို့ကို မပယ်ဖျောက်သည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကို မပြု**။ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့သည် ဖြစ်မလာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကို မပြု**။ (၄) ဖြစ်ဆဲ ရှိဆဲဖြစ်သော ကုသိုလ်တရားတို့သည် ကင်းပျောက်၍ သွားသည် ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကိုမပြု**။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသို့အားထုတ်ခြင်း လုံ့လမပြုသောပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကို မရနိုင်သော အနာဂတာပိ ပုဂ္ဂိုလ်ဖြစ်၏။"

အနောတ္တပ္ပိပုဂ္ဂိုလ်

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းပြုသောသူသည် (၁) မဖြစ်သေးသော အကုသိုလ် စိတ်ယုတ်မာတို့ ဖြစ်ပေါ်လာသည်ရှိသော် ငါ့အား အကျိုး ယုတ်လိမ့်မည်ဟူ၍ **ဇော်ကြွက်လန့်ခြင်းမရှိ**။ (၂) ဖြစ်ဆဲရှိဆဲဖြစ်သော

http://www.dhammadownload.com

အနုသဲယ ကိလေသာ စိတ်ယုတ်မာတို့ကို မပယ်နိုင်သည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည် ဟူ၍ **ကြောက်လန့်ခြင်း မရှိ**။ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့သည် ဖြစ်မလာသည် ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **ကြောက်လန့်ခြင်းမရှိ**။ (၄) ဖြစ်ဆဲ ရှိဆဲဖြစ်သော ကုသိုလ်တရား တို့သည် ကင်းပျောက်၍ သွားသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့် မည်ဟူ၍ **ကြောက်လန့်ခြင်းမရှိ**။ ငါ့ရှင်သာရိပုတ္တရာ၊ ဤသို့ ကြောက်လန့်ခြင်းမရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရနိုင်သော အနောတ္တပ္ပီ ပုဂ္ဂိုလ်ဖြစ်၏။"

နိဗ္ဗာန်ရထိုက်သူ အတာပီပုဂ္ဂိုလ်

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းပြုသောသူသည် (၁) မဖြစ်သေးသော အကုသိုလ်စိတ်ယုတ်မာတို့ ဖြစ်ပေါ်လာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကိုပြု၏**။ (၂) ဖြစ်ဆဲ ရှိဆဲဖြစ်သော အနုသယကိလေသာ တို့ကို မပယ်ဖျောက်နိုင်သည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့် မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကို ပြု၏**။ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့ သည် ဖြစ်မလာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကိုပြု၏**။ (၄) ဖြစ်ဆဲ ရှိဆဲဖြစ်သောကုသိုလ်တရားတို့သည် ကင်းပျောက်၍ သွားသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **အားထုတ်ခြင်း လုံ့လကို ပြု၏**။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသို့ အားထုတ် လုံ့လပြုသောပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်ကို ရထိုက်သော အာတာပီ ပုဂ္ဂိုလ်မည်၏။

နိဗ္ဗာန်ရထိုက်သူ သြတ္တပ္ပီပုဂ္ဂိုလ်

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းပြုသော သူသည် (၁) မဖြစ်သေးသော အကုသိုလ် စိတ်ယုတ်မာတို့ ဖြစ်ပေါ်လာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **ကြောက်လန့်၏**။ (၂) ဖြစ်ဆဲ ရှိဆဲဖြစ်သော အနုသယ ကိလေသာတို့ကို မပယ်ဖျောက်နိုင်သည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **ကြောက်လန့်၏**။ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်မလာသည်ရှိသော် ငါ့အား အကျိုးယုတ်လိမ့်မည်ဟူ၍ **ကြောက်လန့်၏**။ (၄) ဖြစ်ဆဲ ရှိဆဲဖြစ်သော ကုသိုလ်တရား တို့သည် ကင်းပျောက်၍ သွားသည်ရှိသော် ငါ့အား အကျိုးယုတ်

http://www.dhammadownload.com

လိမ့်မည်ဟူ၍ **ကြောက်လန့်၏**။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသို့ ကြောက်လန့်သော သူသည် နိဗ္ဗာန်ကို ရထိုက်သော သြတ္တပ္ပိပုဂ္ဂိုလ်မည်၏"

အရှင်မဟာကဿပကဲ့သို့ ကျင့်ရန် ဘုရားရှင်ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သား ရဟန်းတို့၊ ကောင်းကင်၌ လ,ရထားနှင့်တူစွာ ပမာထားပြီး ဒါယကာတို့အိမ်သို့ သွားလာဝင်ထွက် ကပ်ရောက်ရာ၏"ဟု မိန့်တော်မူပြီး ကောင်းကင်၌ လက်တော်ကိုဆန့်တန်းကာ လှုပ်၍ပြသည်။ ထို့နောက် "ချစ်သား ရဟန်းတို့၊ ဤလက်သည် ကောင်းကင်၌ ငြိတွယ်ခြင်း မရှိဘဲ ရွေ့လျားနိုင်သကဲ့သို့ ထို့အတူ ချစ်သားရဟန်း တို့သည်လည်း ဒါယကာတို့၏ စိတ်ကို ငြိတွယ်ခြင်း မရှိစေဘဲ သွားလာဝင်ထွက် ကပ်ရောက်ရာ၏။"

"ချစ်သား ရဟန်းတို့၊ ငါ၏တပည့်ကြီး ကဿပသည် ကောင်းကင်၌ သွားသော လ,ရထားကဲ့သို့ ဒါယကာ ဒါယိကာမတို့၌ စိတ်ကို ငြိကပ်ခြင်း မရှိဘဲ ကပ်ရောက်သွားလာ၏။"

"ချစ်သား ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်သန့်ရှင်းသော တရားဟောခြင်းဖြစ်သနည်း။ အဘယ်သို့ တရားဟောသောပုဂ္ဂိုလ်၏ တရားဟောခြင်းသည် မစင်ကြယ် မသန့်ရှင်းသော တရားဟောခြင်း ဖြစ်သနည်း"ဟု ရဟန်းတို့ကို မေးတော်မူ၏။

"မြတ်စွာဘုရား၊ တပည့်တော်တို့၌ မြတ်စွာဘုရား၏ တရားသာလျှင် အရင်းမူလပဓာန ဖြစ်ပါကုန်၏ဟူ၍ လျှောက်ထားကြကုန်၏။

စင်ကြယ်သောတရားဟောခြင်းမဟုတ်

"ချစ်သားရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက်သော ရဟန်းသည် 'သြော် ငါ၏တရားကို နာကြပါမူကား တော်လေစွ။ နာကြပြီး၍လည်း ငါဟောသော တရားကို ကြည်ညိုကြပါမူကား တော်လေစွ။ ကြည်ညိုပြီး၍လည်း ကြည်ညိုသော အမူအရာကို ပြုလုပ်ကြ ပါလျှင် တော်လေစွ' ချစ်သားရဟန်းတို့၊ ဤသို့သော စိတ်ဖြင့် တရားဟောသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်သန့်ရှင်းသော တရားဟောခြင်း မဟုတ်။

http://www.dhammadownload.com

"ချစ်သား ရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက်သော ရဟန်းသည် ဤဆိုလတ္တံ့သော စိတ်ထားဖြင့် သူတစ်ပါးတို့အား တရားကိုဟော၏။ 'မြတ်စွာဘုရား ဟောတော်မူသော တရားသည် မျက်မှောက်ဒိဋ္ဌ အကျိုးကိုရသော(၀ါ) မျက်မှောက်ထင်ထင် မြင်နိုင်သော သန္ဒိဋ္ဌိကဂုဏ်, ကာလမခြား အကျိုးကို ဖြစ်စေသော အကာလိကဂုဏ်, ကိုယ်တိုင်မြင်အောင် လာ၍ ကြည့်လှည့်ရှုလှည့်ဟူ၍ ဖိတ်ခေါ်ခြင်းဂုဏ်သော ဧဟိပဿိကဂုဏ်, ဤသို့စသော ဂုဏ်တော်နှင့် ပြည့်စုံပေသည်။

စင်ကြယ်သောတရားဟောခြင်း

"ဤသို့ စသော ဂုဏ်တော်နှင့် ပြည့်စုံသော တရားတော်ကို နာကြပါမူကား တော်လေစွ၊ နာကြပြီး၍လည်း တရားတော်ကို သိကြပါမူကား တော်လေစွ၊ သိကြပြီး၍လည်း သိတိုင်းကျင့်ကြပါမူကား တော်လေစွ။ ဤသို့ တရားတော်တို့၌ မှန်ကန်သော သဘောကိုလည်းကောင်း, သတ္တ၀ါတို့၌ သနားခြင်း ကရုဏာကိုလည်းကောင်း အစွဲပြု၍ သူတစ်ပါးတို့အား တရားကိုဟော၏။ ချစ်သားရဟန်းတို့၊ ဤသို့သဘော ရှိသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်သန့်ရှင်းသော တရားဟောခြင်းဖြစ်၏။

"ချစ်သားရဟန်းတို့၊ ငါ၏တပည့်ကြီး ကဿပသည် ဤသို့သော စိတ်သဘောရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားကိုဟော၏။ 'မြတ်စွာဘုရား ဟောတော်မူသောတရားတော်သည် မျက်မှောက်ဒိဋ္ဌ အကျိုးကိုရစေသော သန္ဒိဋ္ဌိကဂုဏ်, ကာလမခြား အကျိုးကို ဖြစ်စေသော အကာလိကဂုဏ်, ကိုယ်တိုင်မြင်အောင် လာ၍ ကြည့်လှည့်ရှုလှည့်ဟူ၍ ဖိတ်ခေါ်ခြင်းဂုဏ်သော ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံပေသည်။ ဤသို့စသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော တရားတော်ကို နာကြပါမူကား တော်လေစွ။ နာကြပြီး၍လည်း တရားတော်ကို သိကြပါမူကား တော်လေစွ။ သိကြပြီး၍လည်း သိတိုင်းကျင့်ကြပါမူကား တော်လေစွ။ ဤသို့ တရားတော်တို့၌ မှန်ကန်သော သဘောကိုလည်းကောင်း, သတ္တ၀ါတို့၌ သနားခြင်း ကရုဏာကိုလည်းကောင်း အစွဲပြု၍ သူတစ်ပါးတို့အား တရားကို ဟော၏။"

"ချစ်သားရဟန်းတို့၊ သင်တို့သည် ကဿပကဲ့သို့ ကျင့်ကြကုန်လော့။ ကဿပသည်လည်းကောင်း, ကဿပနှင့် အလားတူသော ပုဂ္ဂိုလ်သည်လည်းကောင်း သင်တို့အား ခဲ့ုမငြားအံ့။ ဆုံးမတိုင်းသာလျှင် လိုက်နာ၍ ကျင့်ကြကုန်လော့"

http://www.dhammadownload.com

အိမ်သွားရဟန်း ဖြစ်ထိုက် မဖြစ်ထိုက်

"ချစ်သား ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ရဟန်းသည် အိမ်သွားရဟန်း ဖြစ်ခြင်းငှာ ထိုက်သနည်း။ အဘယ်သို့ သဘောရှိသော ရဟန်းသည် အိမ်သွားရဟန်း ဖြစ်ခြင်းငှာ မထိုက်သနည်း" ဟု ဘုရားရှင်က ဤသို့ မေးတော်မူ၏။

"တရားတော်သည် မြတ်စွာဘုရား၌သာလျှင် အရင်းမူလပဓာန ဖြစ်ပါသည်။ မြတ်စွာဘုရား ဟောတော်မူမှ သိရ၊ ဆောင်ရ၊ မှတ်ရမည့် တပည့်များ ဖြစ်ပါကြောင်း" ရဟန်းတို့က တောင်းပန်လျှောက်ကြားကြကုန်၏။

"ချစ်သားရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက်သော ရဟန်းသည် ဤသို့ သောစိတ်ထားဖြင့် ဒါယကာ ဒါယိကာမတို့ အိမ်သို့ သွား၏။ ငါ့အား လှူပါစေ၊ မလှူဘဲ မနေပါစေလင့်၊ များများကြီးသာ လှူပါစေ၊ နည်းနည်း မလှူပါစေလင့်၊ ကောင်း ကောင်းကိုမှ လှူပါစေ၊ မကောင်းသည်ကို မလှူပါစေလင့်၊ မြန်မြန်လှူပါစေ၊ နှေးနှေးဖင့်ဖင့် မလှူပါစေလင့်၊ ရိုရိုသေသေလှူပါစေ၊ မရိုမသေ မလှူပါစေလင့်။

ချစ်သား ရဟန်းတို့၊ ဤသို့စိတ်သဘောထားသော ရဟန်းသည် ဒါယကာတို့ အိမ်သို့ သွားရောက်သောအခါ အကယ်၍ မလှူငြားအံ့။ ထိုသို့ မလှူခြင်းကြောင့် ရဟန်းသည် စိတ်အလို မကျဖြစ်၏။ ထိုသို့ စိတ်အလိုမကျခြင်းတည်းဟူသော အကြောင်း ကြောင့် ထိုရဟန်းသည် နှလုံးမသာသော ဒုက္ခဝေဒနာကို ခံစားရ၏။

အိမ်သွားရဟန်း မဖြစ်ထိုက်

ထိုအတူ ထိုရဟန်း၏စိတ်တွင် များများလှူစေလိုသောဆန္ဒသည် ဖြစ်အံ့။ ထိုအခါ အကယ်၍ နည်းနည်းလှူငြားအံ့၊ ကောင်းကောင်းလှူစေလိုသော ရဟန်းသည် အကယ်၍ သူ့အား ကောင်းသည်ကို မလှူဘဲ မကောင်းသည်ကို လှူငြားအံ့၊ ထိုရဟန်းသည် စိတ်အလိုမကျ ဖြစ်ရ၏။ ထိုသို့ စိတ်အလိုမကျ ခြင်းတည်းဟူသော အကြောင်းကြောင့် ထိုရဟန်းသည် နှလုံးမသာခြင်း ဒုက္ခဝေဒနာကို ခံစားရ၏။ ရဟန်း၏ ဆန္ဒမှာ ရိုရိုသေသေလှူစေလို၏။ အကယ်၍ ရိုရိုသေသေ မလှူဘဲ မရိုမသေပြုလုပ်၍ လှူငြားအံ့၊ ထိုအခါ ရဟန်း၏အလိုနှင့်မကိုက်ညီဘဲ တခြားစီ ဖြစ်၏။ ထိုသို့ တခြားစီဖြစ်ခြင်းတည်းဟူသောအကြောင်းကြောင့် ထိုရဟန်းသည် နှလုံးမသာခြင်း ဆင်းရဲဝေဒနာကို ခံစားရ၏။ ချစ်သား ရဟန်းတို့၊ ဤသို့ သဘောရှိသော ရဟန်းသည် အိမ်သွားရဟန်းဖြစ်ခြင်းငှာမထိုက်။

http://www.dhammadownload.com

"ချစ်သားရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက်သော ရဟန်းသည်ကား ဤဆိုလတ္တံ့သော စိတ်သဘောထားရှိသည်ဖြစ်၍ ဒါယကာ ဒါယိကာမတို့အိမ်သို့ သွား၏။ မိမိအိမ်မဟုတ်သည့် ဒါယကာ ဒါယိကာမများသည် သူတစ်ပါးတို့၏ အိမ်၌ လှူကြပါစေ၊ မလှူဘဲ မနေပါစေလင့်ဟူ၍လည်းကောင်း၊ များများသာ လှူပါစေ၊ နည်းနည်းမလှူပါစေလင့် ဟူ၍ လည်းကောင်း၊ ကောင်းကောင်းသာ လှူပါစေ၊ မကောင်းသည်ကို မလှူပါစေလင့် ဟူ၍လည်းကောင်း၊ မြန်မြန်လှူပါစေ၊ နှံ့နှံ့နေးနေး မလှူပါစေလင့် ဟူ၍ လည်းကောင်း၊ အရိုအသေပြု၍ လှူပါစေ၊ မရိုမသေ မလှူပါစေလင့်ဟူ၍လည်းကောင်း အဘယ်မှာ အခါခပ်သိမ်း ရနိုင်မည်နည်း။ ချစ်သားရဟန်းတို့၊ ကောင်းသောစိတ်ထားရှိသော ရဟန်းသည် လှူသည်ဖြစ်စေ၊ မလှူသည်ဖြစ်စေ၊ အကောင်းဖြစ်စေ၊ မကောင်းဖြစ်စေ၊ အမြန်ဖြစ်စေ၊ အနှေးဖြစ်စေ၊ ရိုသေသော်လည်းကောင်း၊ မရိုသေသော်လည်းကောင်း၊ ထိုရဟန်းစိတ်၌ အလိုမကျဖြစ်သည်ဟူ၍ မရှိတော့ပြီ။ ထို့ကြောင့် ထိုရဟန်းသည် နှလုံးမသာခြင်း ဆင်းရဲဝေဒနာကိုမခံစားရ။ ချစ်သားရဟန်းတို့၊ ဤသို့ စိတ်ထားကောင်းသော ရဟန်းသည် အိမ်သွားရဟန်းဖြစ်ခြင်းငှာ ထိုက်၏။

"ချစ်သားရဟန်းတို့၊ ငါ၏တပည့်ကြီး ကဿပသည် ဤသို့သော စိတ်သဘောထားရှိသည်ဖြစ်၍ ဒါယကာ ဒါယိကာမ တို့၏ အိမ်သို့သွား၏။ မိမိအိမ်မဟုတ်သော ဒါယကာ များသည် သူတစ်ပါးတို့၏အိမ်၌ အဘယ်မှာ အခါခပ်သိမ်း ကောင်းကောင်းလှူနိုင် ပါမည်နည်း။ အဘယ်မှာ အခါခပ်သိမ်း များများလှူနိုင်ပါမည်နည်း။ အဘယ်မှာအခါ ခပ်သိမ်း မြန်မြန်လှူနိုင်ပါမည်နည်း။ အဘယ်မှာ အခါခပ်သိမ်း အရိုအသေပြု၍ လှူနိုင်ပါမည်နည်း။ မိမိစိတ်တိုင်းကျ အဘယ်မှာ အခါခပ်သိမ်း ရနိုင်မည်နည်း။ ချစ်သား ရဟန်းတို့၊ ဤသို့စိတ်ထားကောင်းသော ငါ၏တပည့်ကြီး ကဿပအား လှူသည်ဖြစ်စေ၊ မလှူသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အကောင်းဖြစ်စေ၊ မကောင်းဖြစ်စေ၊ အမြန်ဖြစ်စေ၊ အနှေးဖြစ်စေ၊ ရိုသေသည်ဖြစ်စေ၊ မရိုမသေသည် ဖြစ်စေ ပြုလုပ်လာကြလျှင် ငါ၏တပည့်ကြီး ကဿပ၏ စိတ်သဘောထားနှင့် တိုက်ဆိုင်ခြင်း မရှိဟူ၍ မရှိတော့ပြီ။ ထို့ကြောင့် နှလုံးမသာခြင်း ဆင်းရဲဝေဒနာကို မခံစားရ။

"ချစ်သားရဟန်းတို့၊ ကဿပနှင့်အတူ ကဿပကို ပမာပြု၍ သင်ချစ်သားတို့အား ငါ ဆုံးမတော်မူအံ့။ အကြင်ရဟန်းသည် ငါ၏တပည့်ကြီးကဿပနှင့် အလား တူစွာ ဖြစ်ရာ၏။ သင်ချစ်သားတို့သည် ကဿပကဲ့သို့ ကျင့်ကြံကြဂုန်လော့"

http://www.dhammadownload.com

ပံသုကူသင်္ကန်းဝတ်ရုံခြင်းကို ပယ်စွန့်ရန် မိန့်ကြားခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်မဟာကဿပသည် မြတ်စွာဘုရားရှိရာသို့ ကြွလာကာ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာကဿပကို ဤသို့ မိန့်တော်မူ၏။ "ချစ်သားကဿပ၊ သင်သည် ယခု အသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းဖြစ်နေပြီ။ ပိုက်ဆံလျှော်ဖြင့် ရက်လုပ်အပ်သော သင်၏ ပံသုကူ သင်္ကန်းကြီးသည် ဟောင်းနွမ်းစုတ်ပြဲ၍ အစပ်စပ် အဖာဖာ အထပ်ထပ် အလွှာလွှာဖြင့် လေးလံကြမ်းတမ်းလှစွာ၏။ ထို့ကြောင့် ဒါယကာ ဒါယိကာမများ လှူဒါန်းသော ဂဟပတိသင်္ကန်းကို ဆောင်ယူလော့။ ပင့်ဖိတ်၍လှူသော ဆွမ်းတို့ကို လည်း စားလော့။ ငါဘုရား၏အထံသို့ သော်လည်း လာ၍ နေလှည့်လော့"

ဤသို့ဘုရားရှင်က မိန့်တော်မူသောအခါ "ဘုန်းတော်ရောင်ဖြင့် ပြောင်ပြောင်ပဝင်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ကဿပသည် ရှည်ကြာလှစွာသော နေ့ရက်ကာလပတ်လုံး တောကျောင်း၌သာလျှင် နေပါ၏။ တောကျောင်းနေခြင်း၏ အကျိုးကျေးဇူးကိုလည်း ပြောဟောလေ့ရှိပါသည်။ ဆွမ်းခံ၍သာ စားပါ၏။ ဆွမ်းခံ၍စားသော ပိဏ္ဍပါတ်ဓုတင်၏အကျိုးကိုလည်း ဟောပြောလေ့ရှိသည်။ ပံသုကူ သင်္ကန်းဖြင့် ဝတ်ရုံ၍ ပံသုကူဓုတင်ကို အမြဲဆောင်ပါသည်။ ပံသုကူဓုတင်ဆောင်ခြင်း၏ အကျိုးကိုလည်း ပြောဟောလေ့ရှိပါသည်။ တိစီဝရိတ်ဓုတင်ကိုလည်း အမြဲဆောင်ပါသည်။ တိစီဝရိတ်ဓုတင်ဆောင်ခြင်း၏အကျိုးကိုလည်း ဟောလေ့ရှိပါသည်။

"တပည့်တော် ကဿပသည် အလိုနည်းခြင်း အပိုစ္ဆဂုဏ်နှင့်ပြည့်စုံ၍ အလိုနည်းခြင်းအပိုစ္ဆဂုဏ်၏အကျိုးကိုလည်း ချီးမွမ်းပြောဟောလေ့ရှိ၏ပါသည်။ တပည့်တော် ကဿပသည် ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌီဂုဏ်နှင့်ပြည့်စုံ၍ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌီ၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းပြောဟောလေ့ရှိပါသည်။ ဆိတ်ငြိမ်စွာနေခြင်း ပဝိဝိတ္တဂုဏ်နှင့် ပြည့်စုံ၍ ဆိတ်ငြိမ်စွာနေခြင်း၏ ဂုဏ်ကိုလည်း ချီးမွမ်းပြောဟောလေ့ရှိပါသည်။ နှီးနှောရောယှက်မရှိခြင်း အသံသဋ္ဌဂုဏ်နှင့်ပြည့်စုံ၍ နှီးနှောရောယှက်မှု မရှိခြင်း၏ ဂုဏ်ကျေးဇူး အကျိုးတရားကိုလည်း

http://www.dhammadownload.com

ပြောဟောလေ့ရှိပါသည်။ အားထုတ်သော ဝီရိယရှိသည် ဖြစ်၍ အားထုတ်သော ဝီရိယ၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောဟောကြားလေ့ရှိပါသည်"

ဤသို့ အရှင်မဟာပဿကထေရ်မြတ်သည် ဘုရားရှင်အား လျှောက်ကြားတော်မူ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား ကဿပ၊ သင်သည် ရဟန်းကိစ္စပြီးမြောက်ခဲ့ပြီ။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရပြီးဖြစ်၍ အဆုံးဘဝ ရဟန္တာကြီးအဖြစ်သို့ ရောက်လျက်ရှိပြီ။ ထိုထက် တိုး၍ကျင့်ဖွယ်ကိစ္စသည် မရှိ။ အဘိညာဉ်ခြောက်ပါးကို ရအောင် ကျင့်ဖွယ်ကိစ္စလည်း သင့်၌ မရှိ။ ရပြီးဖြစ်၏။ ပဋိသမ္ဘိဒါလေးပါးကိုရအောင် ကျင့်ဖွယ်ကိစ္စလည်းမရှိ။ ရပြီးဖြစ်၏။ အိုခြင်း နာခြင်း သေခြင်း လွတ်ကင်းအောင် ကျင့်ဖွယ်ကိစ္စလည်းမရှိ။ လွတ်ကင်းပြီးဖြစ်၏။

"ချစ်သားကဿပ၊ သင်သည် တိုး၍ကျင့်သော်လည်း တိုး၍ရစရာမရှိ။ သာဝကရဟန္တာတို့ ရထိုက်သောတရားတို့ကို အကုန်လုံး ရပြီး ဖြစ်၏။ ဤရပြီးဖြစ်သောတရားတို့သည် ခုတင်တေရသကို မဆောင်ခြင်းကြောင့် ပျောက်ပျက်၍ သွားခြင်းသဘော မရှိ။ ပျောက်ပျက်ခြင်း မရှိသော အကုပ္ပဂုဏ်ကို အဆုံးတိုင်အောင် ရပြီးဖြစ်၏။

"ထို့ကြောင့် ငါဘုရားသည် ဒါယကာ ဒါယိကာမတို့ လှူသော သင်္ကန်းကို ဝတ်ရုံသကဲ့သို့ မဝတ်မူ၍၊ ငါဘုရားသည် ပင့်ဖိတ်၍လှူသော ခွဲမ်းလို စားသကဲ့သို့ မစားမူ၍ ရှည်ကြာစွာသော နေ့ရက်ကာလပတ်လုံး အဘယ်သို့သော အကျိုးထူးများကို မြင်နေသော်၍ ယခုထက်တိုင် တောကျောင်းနေခြင်း, အရိပ်မရှိသော လွင်တီးခေါင်၌နေခြင်း, အစုတ်စုတ်အပြတ်ပြတ် အစပ်စပ်အဖာဖာ အထပ်ထပ် အလွှာလွှာ လေးလံကြမ်းတမ်းစွာသော ပုံသုကူ ပိုက်ဆံလျှော် ဂုန်အိတ်ချည် သင်္ကန်းဟောင်းကြီးကို မစွန့်နိုင်ဘဲ အမြဲဆောင်၍ နေဘိသနည်း" မေးတော်မူပြန်၏။

"ရောင်ခြည်ထိန်ဝင်း ထွန်းလင်းတော်မူပေသော မြတ်စွာဘုရား၊ တပည့်တော် ကဿပသည် နှစ်ပါးသော အကျိုးတို့ကိုမြင်၍ ယခုထက်တိုင် နေ့ရက်ကာလ ရှည်ကြာအောင် ဓူတင်ဆောက်တည်ခြင်း၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ဆိတ်ငြိမ်စွာ နေထိုင်ခြင်း၊ နှိုးနှောရောယှက်မရှိဘဲ တသီးတခြားနေထိုင်ခြင်း၊ အားထုတ်လုံ့လဝီရိယာနှင့် ပြည့်စုံစွာနေပါသည် မြတ်စွာဘုရား။

http://www.dhammadownload.com

"မိမိ၏ ဒိဋ္ဌဓမ္မချမ်းသာစွာ နေရခြင်းကိုလည်း မြင်ပါသည် မြတ်စွာဘုရား။ သာသနာတော် မကွယ်သေးသမျှ ကာလပတ်လုံး သာသနာတော်တွင်းသို့ ဝင်ရောက်ကုန်သော နောင်လာနောင်သား လူများစွာတို့ကိုလည်း အစဉ်သနားထောက်ထားငဲ့ညှာခြင်း ရှိပါသည် မြတ်စွာဘုရား။ နောင်လာနောက်သား တပည့်များတို့သည် မြင်ရာကြားရာ အတုလိုက်၍ ကောင်းစွာ ကျင့်ကြကုန်ရာ၏။

"ရှေးအခါကာလ ဘုရားလက်ထက်တော်၌ ဗုဒ္ဓါနုဗုဒ္ဓ ဘုရားသိသော သစ္စာတရားတို့ကို သိပြီးဖြစ်ကုန်သော ရဟန္တာသာဝကကြီးတို့သည် ရှိကြကုန်၏။ ထိုသာဝကကြီးတို့သည်ပင်လျှင် ရဟန်းကိစ္စ ကုန်ပြီးဖြစ်ပါလျက် ဤမျှလောက် နေ့ရက်ကာလ ရှည်ကြာလှစွာ ခုတင်တေရသဂုဏ်တို့ကို ဆောင်၍ ကျင့်တော်မူကြကုန်၏။ ထို့ပြင် ရဟန်းကိစ္စမပြီးကြသေးဘဲ အဝီစိငရဲမျိုးစေ့ဖြစ်သည့် သက္ကာယဒိဋ္ဌိတန်းလန်းနှင့် နေကြရသော နောင်လာနောင်သား တပည့်များစွာတို့သည် သူတို့၏ဦးခေါင်းကို မီးလောင်လျက်ရှိသော ယောကျ်ားကဲ့သို့ မြတ်တရားကို မနေမနားအားထုတ်၍ ကျင့်ကြံစေရန်နှင့် နိဗ္ဗာန်မဂ်ဖိုလ်ကို မြန်မြန်ရခြင်းအကျိုးငှာ ကျင့်ကြကြံကြစေရန် ပမာတစ်ခု အတုယူနိုင်ပါလိမ့်မည် မြတ်စွာဘုရား။

"ထိုသို့ကျင့်သော သူတို့သည် ရှည်ကြာစွာသော နေ့ရက်ကာလပတ်လုံး စီးပွားချမ်းသာခြင်းငှာ ဖြစ်ပါလိမ့်မည် မြတ်စွာဘုရား"

ဤသို့ အရှင်မဟာကဿပသည် မြတ်စွာဘုရားအား လျှောက်ကြားတော်မူ၏။

"သာဓု သာဓု သာဓု ကဿပ၊ သင်သည် များစွာသော လူအပေါင်းတို့၏ အစီးအပွားဖြစ်စေခြင်းငှာ ကျင့်၏။ များစွာသော လူအပေါင်းတို့၏ ချမ်းသာခြင်း၊ အစဉ်သနားဖြင့် အကျိုးစီးပွားအလို့ငှာ ကျင့်ပေ၏။ ယင်းသို့ဖြစ်၍ အစုတ်စုတ် အပြတ်ပြတ် အစပ်စပ် အဖာဖာ အထပ်ထပ် အလွှာလွှာ ကြမ်းတမ်းလေးလံစွာသော ပိုက်ဆံလျှော်ဂုန်ချည် ပံသုကူသင်္ကန်းကြီးကိုပင် တစ်သက်လုံးဆောင်၍ နေပေလော့။ ပိဏ္ဍပါတ်ခုတင်ကိုလည်း ဆောင်ပေလော့၊ တောကျောင်း၌လည်း နေပေလော့" ဟူ၍ မြတ်စွာဘုရား ခွင့်ပြုချီးမွမ်းတော်မူ၏။ (နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နိဒါနကထာ)

အရှင်မဟာကဿပအား ရဟန်းတို့ကို ဆုံးမစေခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းစံပါယ်နေတော်မူသောအခါ အရှင်မဟာကဿပသည် မြတ်စွာဘုရားရှိရာသို့ကြွလာ၍ ရှိသေစွာ ရှိခိုးလျက် သင့်တင့်ရာနေရာ၌ ထိုင်နေ၏။

http://www.dhammadownload.com

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာကဿပကို ဤသို့ မိန့်တော်မူ၏။ "ချစ်သားကဿပ၊ ရဟန်းတို့ကို ဆုံးမသြဝါဒပေးလော့။ ရဟန်းတို့အား တရားစကား ကို ပြောဟောလော့။ ငါဘုရားလည်း ရဟန်းတို့ကို ဆုံးမအံ့။ သင်သည်လည်း ရဟန်းတို့ကို ဆုံးမလော့။ ငါဘုရားသည်လည်း ရဟန်းတို့အား တရားစကားကို ပြောဟောအံ့။ သင်သည်လည်း ပြောဟောလော့" ဤသို့ မြတ်စွာဘုရားမိန့်တော် မူသောအခါ "ရဟန်းတို့သည် ဆိုနိုင်ခက်သော ဒုဗ္ဗစသဘော ရှိကြပါသည် မြတ်စွာဘုရား၊ ပြောဆို ဆုံးမခြင်းငှာ ခက်ခဲသောအကြောင်းတို့နှင့် ပြည့်စုံ၍ နေပါသည်ဘုရား။ ပြောဆိုဆုံးမသော စကားကို ရိုသေစွာ နာယူခြင်း မရှိကြပါ ဘုရား။ အရှင်အာနန္ဒာ၏တပည့် ဘဏ္ဍာမည်သော ရဟန်းနှင့် အရှင်အနုရုဒ္ဓါ၏ တပည့် အဘိဇိကမည်သော ရဟန်းတို့သည် သင်ကြားမှတ်မိသမျှသော ပရိယတ္တိ သုတဖြင့် အချင်းချင်းကျူးလွန်၍ 'ရဟန်းလာလှည့်၊ အဘယ်သူသည် များစွာပြောဆို နိုင်သနည်း၊ အဘယ်သူ ကောင်းကောင်းပြောနိုင်သနည်း၊ အဘယ်သူ ကြာကြာ ပြောနိုင်သနည်း'ဟူ၍ ဆိုကြသည်တို့ကို တပည့်တော် မြင်ရကြားရပါသည် ဘုရား"ဟူ၍ လျှောက်၏။

— ထိုအခါ မြတ်စွာဘုရားသည် တစ်ယောက်သော ရဟန်းကို ခေါ်တော်မူ၍ "ရဟန်း သွားလော့။ ငါဘုရား၏စကားဖြင့် ဘဏ္ဍာမည်သောရဟန်းနှင့် အဘိဇိက မည်သော ရဟန်းတို့ကို ခေါ်ချေလော့"ဟူ၍ စေ၏။

ထိုရဟန်းသည် သွား၍ "ငါ့ရှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူသည်" ဟုပြော၏။ "ကောင်းပါပြီ ငါ့ရှင်"ဟုဆို၍ ထိုဘဏ္ဍာရဟန်းနှင့် အဘိဇိက ရဟန်း တို့သည် မြတ်စွာဘုရားအထံတော်သို့ရောက်လာပြီး ရိုသေစွာ ရှိခိုး၍ သင့်တင့်ရာ နေရာ၌ ထိုင်ကြကုန်၏။

ဘုရားရှင်က မေးပြီ

ထိုရဟန်းနှစ်ပါးတို့ကို မြတ်စွာဘုရားသည် ဤသို့ မေးတော်မူ၏ "ရဟန်းတို့၊ သင်တို့သည် သင်ကြား၍ မှတ်မိသမျှသော ပရိယတ္တိသုတစကားဖြင့် အချင်းချင်း ကျူးလွန်၍ ဆိုကြကုန်၏ဟူသည် မှန်သလော"ဟု မေးတော်မူ၏။ "မှန်ပါသည် မြတ်စွာဘုရား"။ "ရဟန်းတို့၊ သင်တို့ကို 'ပရိယတ္တိသုတမျှဖြင့် အချင်းချင်း ကျူးလွန်၍ ဆိုကြကုန်လော့'ဟု ငါဘုရား ဟောဖူးသလော" "မဟောဖူးပါ

http://www.dhammadownload.com

မြတ်စွာဘုရား"၊ "ငါဘုရား မဟောပါဘဲလျက် အဘယ်ကြောင့် အဘယ်ကိုမြင်၍ သင်မင်္ဂလာမှ အချီးနှီးဖြစ်သောရဟန်းတို့သည် အချင်းချင်း ကျူးလွန်၍ ဆိုကြကုန်သနည်း"

ထိုအခါ ထိုရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရား၏ခြေတော်ရင်း၌ ဦးတိုက်ကာ "တပည့်တော်များ မိုက်မဲတွေဝေခြင်းကြောင့် အပြစ်ရောက်ပါသည် မြတ်စွာဘုရား။ တပည့်တော်များသည် အပြစ်ကို မြင်သိပြီဖြစ်၍ နောင်အခါ၌ စောင့်စည်းခြင်းငှာ သည်းခံတော်မူပါ မြတ်စွာဘုရား"ဟု တောင်းပန် ကန်တော့ကြကုန်၏။ "ရဟန်းတို့၊ သင်တို့သည် အပြစ်ကိုမြင်၍ တောင်းပန်ဝန်ချ ကန်တော့ကြကုန်၏။ ထိုအပြစ်ကို ငါဘုရားသည် သည်းခံတော်မူ၏။ ရဟန်းတို့၊ အပြစ်ကိုမြင်၍ ကုစားခြင်းသည် မြတ်သော သာသနာတော်၌ ကြီးပွားခြင်း၏ အကြောင်းဖြစ်၏" ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။

ဆုတ်ယုတ်ကြောင်းနှင့် တိုးပွားကြောင်း တရားများ

ဝေဠုဝန ဝါးတောကျောင်းတိုက်၌ နေတော်မူသော အရှင်မဟာကဿပသည် ရာဇဂြိုဟ်တွင် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ ကြွလာကာ ဦးချညွတ်ကျိုး ရှိခိုးပြီးနောက် သင့်တင့်ရာအရပ်၌ ရှိသေစွာ ထိုင်နေတော်မူ၏။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားသည် အရှင်မဟာကဿပကို ဤသို့ မိန့်ဟတိုက်တွန်းတော်မူ၏။

"ချစ်သား ကဿပ၊ ရဟန်းတို့ကို ဆုံးမ ဩဝါဒ ပေးလော့။ ရဟန်းတို့အား တရားစကားဖြင့် ဟောကြားပြသ သွန်သင်ဆုံးမလော့။ တပည့်ကြီး ကဿပ၊ ရဟန်းတို့ကို ငါဘုရားလည်း ဆုံးမအံ့။ သင်လည်း ဆုံးမလော့၊ ရဟန်းတို့အား ငါဘုရားလည်း တရားဟောအံ့။ သင်လည်း တရားဟောလော့"

ထိုအခါ၌ အရှင်မဟာကဿပသည် ဘုရားရှင်အား ဤသို့ပြန်လည် လျှောက်ကြားပြန်၏။

"ဘုန်းတော်ရောင်ဖြင့် ပြောင်ပြောင်ပဝင်း ထွန်းလင်းတော်မူလှပါသော သဗ္ဗညူမြတ်စွာဘုရား၊ ယခုအခါ၌ ရဟန်းတို့သည် ဆုံးမခြင်းငှာ လွန်စွာခက်ခဲလှပါသည်ဘုရား။ ဆုံးမသြဝါဒပေးသည်ကို ရှိသေစွာနာယူခြင်း မရှိကြပါ မြတ်စွာဘုရား။

http://www.dhammadownload.com

"အကြင်သူသည် ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းမရှိ။ ရှက်ခြင်း, ကြောက်ခြင်းမရှိ။ အားထုတ်ခြင်း လုံ့လမရှိ။ အသိဉာဏ်ပညာမရှိ။ ထိုသူအား နေ့ရက်ရှိသမျှ ကာလပတ်လုံး ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းသာလျှင် ဖြစ်၍ နေပါ၏။ ကုသိုလ်တရားတို့၌ တိုးပွားခြင်း မရှိနိုင်ပါ မြတ်စွာဘုရား။ လဆုတ်ပက္ခအခါ၌ လသည် နေ့ရက်ရှိသမျှ တဖြည်းဖြည်း ဆုတ်ယုတ်သကဲ့သို့ ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း သဒ္ဓါတရား, ရှက်ကြောက်ကြောင်း ဟိရီညတ္တပ္ပ တရား, အားထုတ်ခြင်း ဝီရိယတရား, ဟုတ်မှန်စွာ သိခြင်း ပညာတရား မရှိသော သူတို့အား ကုသိုလ်တရားတို့သည် နေ့ရက်ရှိသမျှ ဆုတ်ယုတ်၍ နေပါသည် မြတ်စွာဘုရား။

"အကြင်သူတို့အား ထိုသဒ္ဓါ, သတိ, ဟိရီ, ညတ္တပ္ပ, ပညာတရားရှိကြားအံ့။ ထိုသူတို့အား ကုသိုလ်တရားတို့သည် နေ့ရက်ရှိသမျှ တိုးပွား၍ နေပါသည်မြတ်စွာဘုရား။ လဆန်းပက္ခအခါ၌ လသည်နေ့ရက်ရှိသမျှ တိုးပွားလာသကဲ့သို့ ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းသဒ္ဓါတရား, ရှက်ကြောက်ခြင်း ဟိရီညတ္တပ္ပတရား, အားထုတ်ခြင်း ဝီရိယတရား, ဟုတ်မှန်စွာသိခြင်း ပညာတရား ရှိသော သူတို့အား ကုသိုလ်တရားတို့သည် နေ့ရက်ရှိသမျှ တိုးပွား၍ နေပါသည် မြတ်စွာဘုရား။

မဆုတ်ယုတ်သောပုဂ္ဂိုလ်

"သဒ္ဓါတရားရှိသောသူဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါအရှင်ဘုရား။

"ရှက်ခြင်းရှိသောပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"မကောင်းမှုမှ ကြောက်ခြင်းရှိသောပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"ကုသိုလ်တရား၌ လုံ့လအားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"တရားကို ဟုတ်မှန်စွာသိသောပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"စိတ်ဆိုးခြင်း အမျက်ထွက်ခြင်းမရှိသောပုဂ္ဂိုလ်ဟုခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

http://www.dhammadownload.com

"ရန်ငြိုးမရှိသောပုဂ္ဂိုလ်ဟုခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါမြတ်စွာဘုရား။

"ဆုံးမဩဝါဒပေးသူရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်၏အမည်ပါမြတ်စွာဘုရား။

ဆုတ်ယုတ်သောပုဂ္ဂိုလ်

"သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်"ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"အရှက်မရှိသော သူ"ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"မကောင်းမှုမှကြောက်ခြင်းမရှိသောသူ"ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသောသူ၏အမည်ပါဘုရား။

"တရားကို အားမထုတ် ပျင်းရိသောသူ"ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသောသူ၏အမည်ပါဘုရား။

"တရားကိုမသိ, ပညာမရှိ, တရားမှန်းမသိသောသူဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသော ပုဂ္ဂိုလ်၏အမည်ပါဘုရား။

"တရားသဖြင့် ဆုံးမသည်ကို အမျက်ထွက်တတ်၊ စိတ်ဆိုးတတ်သောသူဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသော ပုဂ္ဂိုလ်၏ အမည်ပါဘုရား။

"တရားသဖြင့် ဆုံးမသည်ကို ရန်ငြိုးဖွဲ့တတ်သောသူ"ဟု ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသောသူ၏ အမည်ပါဘုရား။

"ဤသူကို ဆုံးမဩဝါဒပေးသူ မရှိ"ဟူ၍ ခေါ်ဆိုခြင်းသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍နေသော ပုဂ္ဂိုလ်၏အမည်ပါ မြတ်စွာဘုရား"

ဤသို့ အရှင်မဟာကဿပသည် လျှောက်ထားတော်မူ၏။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားသည် "သာဓု သာဓု သာဓု ကဿပ"ဟူ၍ သာဓုခေါ်တော်မူ၏။

အရှင်မဟာကဿပအား ချီးမွမ်းတော်မူခြင်း

လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်းအတွင်း၌ ပွင့်တော်မူသော မြတ်စွာဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူ၊ တစ်ဆယ့်ခြောက်အသင်္ချေအတွင်း၌ ပွင့်တော်မူသော

http://www.dhammadownload.com

မြတ်စွာဘုရားပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင်၊ အသင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်း၏အထက်ကျသော ရှေးရှေးကမ္ဘာတို့က ပွင့်တော်မူကုန်သော မြတ်စွာဘုရားပေါင်း ကုဋေသုံးသိန်း ငါးသောင်း သုံးရာခုနစ်ဆယ်၊ ထို့ပြင် အနမတဂ္ဂသံသရာအဆက်ဆက် ကမ္ဘာအဆက်ဆက်က ပွင့်တော်မူကြကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့၏ သီတင်းသုံးတော်မူရာ အဝိဇဟိတဌာနဖြစ်သော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသော အခါဝယ် အရှင်မဟာ ကဿပထေရ်မြတ်သည် မြတ်စွာဘုရား အထံတော်သို့လာ၍ ပူဇော်ဝတ်ပြုမြဲဖြစ်သည် အားလျော်စွာ ဝတ်ပြုတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍-

"ချစ်သားရဟန်းတို့၊ ငါဘုရားသည် ကိလေသာကာမတို့မှ ကင်းကွာ၍ ဝိတက်၊ ဝိစာရနှင့်တကွဖြစ်သော ပထမဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်၏။ ချစ်သားရဟန်းတို့၊ ကဿပသည်လည်း ကိလေသာကာမတို့မှ ကင်းကွာ၍ ဝိတက်ဝိစာရနှင့်တကွဖြစ်သော ပထမဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်၏။

"ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဝိတက် ဝိစာရမရှိ၊ သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော ဒုတိယဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်၏။ ငါ၏တပည့်ကြီး ကဿပသည်လည်း ဒုတိယဈာန်ကို အလိုရှိတိုင်း ဝင်စားနိုင်၏။

"ငါဘုရားသည် တတိယဈာန်, စတုတ္ထဈာန်တို့ကို အလိုရှိတိုင်း ဝင်စား၍နေနိုင်၏။ ကဿပသည်လည်း တတိယဈာန်, စတုတ္ထဈာန်တို့ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ ငါဘုရားသည် အာကာသဈာန်, ဝိညာဏဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်တို့ကို အလိုရှိတိုင်းဝင်စား၍ နေနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် အလိုရှိတိုင်း ဝင်စား၍နေနိုင်၏။

"ချစ်သားရဟန်းတို့၊ ငါဘုရားသည် အခါခပ်သိမ်း နေဝသညာနာသညာဈာန်ကို လွန်၍ သညာ, ဝေဒနာ, စိတ်မရှိသော နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ ငါ၏တပည့်ကြီး ကဿပသည်လည်း နေဝသညာနာသညာဈာန်ကိုလွန်၍ သညာ, ဝေဒနာ, စိတ်မရှိသော နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စား၍နေနိုင်၏။

"ငါဘုရားသည် များစွာသော တန်ခိုးဖန်ဆင်းခြင်းကို အလိုရှိတိုင်း ဖန်ဆင်းနိုင်၏။ တစ်ယောက်တည်းကို အများဖြစ်အောင်၊ အများကို တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းနိုင်၏။ တိုက်နံရံတံတိုင်းခြားရာကို ငြိကပ်ခြင်း မရှိအောင်

http://www.dhammadownload.com

သွားနိုင်၏။ မြေကြီးအတွင်း၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ပြုနိုင်၏။ ရေပေါ်သို့လည်း မြေပေါ်၌ သွားသကဲ့သို့ သွားနိုင်၏။ ကောင်းကင်၌လည်း ငှက်တို့ကဲ့သို့ ပျံသွားနိုင်၏။ အလွန်အရှိန်ကြီးလှစွာသော နေလတို့ကိုလည်း လက်ဖြင့်ကိုင်နိုင် သုံးသပ်နိုင်၏။ ဗြဟ္မာ့ပြည်သို့တိုင်ရောက်အောင် ကိုယ်ဖြင့် သွားနိုင်၏။

"ချစ်သားရဟန်းတို့၊ တပည့်ကြီးကဿပသည်လည်း ငါဘုရားကဲ့သို့ပင် မြေလျှိုးမိုးပျံခြင်း အစရှိသော အလုံးစုံသောတန်ခိုးဣဒ္ဓိကို ဖန်ဆင်းနိုင်၏။ ငါဘုရားသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် အဝေးအနီးဖြစ်ကုန်သော လူနတ်ဗြဟ္မာစသော အနန္တ သတ္တဝါတို့၏ စကားအသံတို့ကို ကြားနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် ကြားနိုင်၏။ ငါဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ စိတ်အကြံကို သိနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ အလုံးစုံသော သတ္တဝါတို့၏ စိတ်အကြံကို သိနိုင်၏။

"ငါဘုရားသည် ရှေးကဖြစ်ခဲ့ဖူးသော ဘဝတို့ကို အောက်မေ့နိုင်၏။ ဘဝအရာ, ဘဝအထောင်, အသောင်း, အသိန်းများစွာသော သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တို့၌ ဤကမ္ဘာ၌ ဤသို့နာမည်နှင့် ဤသို့အဆင်းရှိ၍၊ ဤသို့အစားအစာကို စား၍၊ ဤသို့ ချမ်းသာဆင်းရဲကို ခံ၍၊ ဤမျှ အသက်ရှင်၍ ဖြစ်ရ၏။ ထိုဘဝမှ စုတေသော် ဤဘဝ၌ ဖြစ်၏။ ဤသို့ အဆင်းအသံနှင့်ဖြစ်၍၊ ဤသို့ချမ်းသာဆင်းရဲကို ခံ၍ ဤဘဝမှ စုတေပြန်သော် ယခုဘဝ၌ ဤသို့ဖြစ်၏။ ဤကဲ့သို့ အတိုအရှည် အကျဉ်းအကျယ် အသွယ်သွယ် အဖြာဖြာ များစွာသော ရှေးဘဝတို့ကို အောက်မေ့နိုင် မြင်နိုင်၏ သိနိုင်၏။ ငါ၏ တပည့်ကြီး ကဿပသည်လည်း ငါဘုရားကဲ့သို့ များစွာသော ရှေးဘဝတို့ကို အောက်မေ့နိုင်၏။ မြင်နိုင် သိနိုင်၏။

"ငါဘုရားသည် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် အလုံးစုံသော သတ္တဝါတို့ကို မြင်နိုင်၏။ သေဆဲဖြစ်သော သူကိုလည်းကောင်း, ပဋိသန္ဓေနေဆဲဖြစ်သောသူကိုလည်းကောင်း, မြတ်သူ, ယုတ်သူ, အဆင်းလှသူ, မလှသူ, ကောင်းသောဂတိသို့ရောက်သူ, မကောင်းသောဂတိသို့ ရောက်သူ, ကံအားလျော်စွာ ဖြစ်ကြကုန်သော သတ္တဝါတို့ကို မြင်နိုင်၏။

"အဘယ်သို့ မြင်သနည်း ဟူမူကား ဤသတ္တဝါတို့သည် သူ၏အသက်ကို သတ်ခြင်း, သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်း, မိစ္ဆာစာရကို ကျူးလွန်ခြင်းတို့ကို ပြုလုပ်လျက် မကောင်းမှု ကာယဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ မကောင်းမှုပြုလုပ်

F-21A ထေရအပဒါန်

http://www.dhammadownload.com

နေသည်ကိုလည်း မြင်နိုင်၏။ ကောင်းမှုပြုလုပ်၍ နေသည်ကိုလည်း မြင်နိုင်၏။ မကောင်းမှုကို ပြုသောသူတို့ သေလျှင် အပါယ်သို့ ကျကုန်လတ္တံ့ ဟူ၍လည်း မြင်နိုင်၏။ ကောင်းမှုကိုပြုသော သတ္တဝါတို့သေလျှင် လူ့ပြည်, နတ်ပြည်သို့ ရောက်လတ္တံ့ဟူ၍လည်း မြင်နိုင်၏။

"ချစ်သားရဟန်းတို့၊ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် ဒီဗ္ဗစက္ခုအဘိညာဉ်ဖြင့် အလုံးစုံသော သတ္တဝါတို့ကို မြင်နိုင်၏။ ချစ်သားရဟန်းတို့၊ ငါဘုရားသည် အာသဝေါတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ကိုယ်တိုင်သိ၍မြင်၍ မျက်မှောက်ပြု၍ နေသကဲ့သို့ တပည့်ကြီး ကဿပသည်လည်း ကိုယ်တိုင်သိ၍ မြင်၍ မျက်မှောက်ပြု၍ နေ၏"

ဤကဲ့သို့ သဗ္ဗညုမြတ်စွာဘုရားသည် အရှင်မဟာကဿပထေရ်မြတ်အား ကိုယ်တော်မြတ်နှင့်အတူ ထား၍ အဘိညာဉ် စွာန်တို့၏အရာ၌ ချီးမွမ်းတော်မူ၏။

အရှင်မဟာကဿပကို ကဲ့ရဲ့သူ

သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း တစ်ခုသောကျောင်း၌ အရှင်မဟာကဿပထေရ် နေတော်မူသောအခါ အရှင်အာနန္ဒာသည် နံနက်အခါ၌ သပိတ်သင်္ကန်းကို ယူဆောင်လျက် အရှင်မဟာကဿပအထံသို့ လာ၍ ဤသို့ လျှောက်၏။

"အရှင်ဘုရား ကဿပ၊ တစ်ခုသော ဘိက္ခုနီမကျောင်းသို့ သွားကြပါအံ့"ဟု လျှောက်၏။ "ငါ့ရှင်အာနန္ဒာ သင်သွားလော့။ သင်သည် ကိစ္စများလော့၏။ ပြုဖွယ်များလော့၏"ဟု ဆို၏။

ဒုတိယတစ်ဖန် လျှောက်သော်လည်း အရှင်မဟာကဿပက "ငါ့ရှင်အာနန္ဒာ၊ သင်သွားလော့။ သင်သည် ကိစ္စများလော့၏။ ပြုဖွယ်ကိစ္စများလော့၏"ဟု ဆိုပြန်၏။

တတိယအကြိမ် လျှောက်ထားသောအခါမှ အရှင်မဟာကဿပသည် သပိတ်သင်္ကန်းကိုယူလျက် အရှင်အာနန္ဒာကို နောက်ပါရဟန်းပြုလျက် တစ်ခုသော ဘိက္ခုနီမ ကျောင်းတိုက်သို့ ကြွရောက်တော်မူပြီး ခင်းထားသောနေရာ၌ နေတော်မူ၏။ များစွာသော ဘိက္ခုနီမတို့သည် အရှင်မဟာကဿပအထံသို့ လာကြ၍ ရှိသေစွာ ရှိခိုးကုန်လျက်သင့်တင့်ရာ၌ ထိုင်နေကြကုန်၏။ အရှင်မဟာကဿပသည် ထို ဘိက္ခုနီမတို့ကို တရားစကား ဟောပြောပြီး၍ ပြန်လည်ကြွသွားတော်မူ၏။

http://www.dhammadownload.com

အပ်လုပ်သူထံ အပ်လာရောင်းသလို

ထိုအခါ ထုလ္လတိဿာမည်သော ဘိက္ခုနီမသည် မနှစ်သက်သည်ဖြစ်၍ နှလုံးမသာဖွယ်သောစကားကို ဆို၏။ "အဘယ်ကြောင့် အရှင်မဟာကဿပသည် ငါတို့ဆည်းကပ် ကိုးကွယ်၍နေသော ဝေဒေဟမုနိ အရှင်အာနန္ဒာ၏ ရှေ့မျက်မှောက်၌ တရားဟောသင့်သည်ဟု ထင်မှတ်သနည်း။ အပ်ရောင်းသူက အပ်လုပ်သူအထံသို့ လာ၍အပ်ရောင်းသကဲ့သို့၊ ထို့အတူ အရှင်မဟာကဿပသည် ဝေဒေဟမုနိ အရှင်အာနန္ဒာ၏ ရှေ့မျက်မှောက်၌ တရားဟောသင့်သည်ဟု မှတ်ထင်ဘိ၏"

ဤသို့ ထုလ္လတိဿာ ဘိက္ခုနီမပြောဆိုသော စကားကို အရှင်မဟာကဿပ ကြားတော်မူသော် အရှင်အာနန္ဒာကိုခေါ်ပြီးလျှင် "ငါ့ရှင် အာနန္ဒာ၊ ငါသည် အပ်ရောင်းသမားဖြစ်၍ သင်ကား အပ်လုပ်သမားလော။ သို့တည်းမဟုတ် သင်သည်အပ်ရောင်း သမားဖြစ်၍ ငါသည်ကား အပ်လုပ်သမားလော"ဟု မေးတော်မူ၏။ သည်းခံတော်မူပါဘုရား၊ မိုက်လှသော မာတုဂါမပါ ဘုရား"ဟု အရှင်အာနန္ဒာက လျှောက်ထား၏။

"ငါ့ရှင် အာနန္ဒာ၊ သင်နေဦးလော့။ သင့်အပေါ်၌ သံဃာများ မေးမြန်းစီစစ်ခြင်း မပြုစေလင့်။ သင်၏ အပေါ်၌ သံဃာများ စီစစ်ခြင်းကို မပြုမီ သင့်ကိုငါ မေးဦးအံ့။ ငါ မေးသော စကားကို သင် အဘယ်သို့ အောက်မေ့သနည်း။ အဘယ်သို့ မှတ်ထင်သနည်း။

"ငါ့ရှင် အာနန္ဒာ၊ သင့်ကို မြတ်စွာဘုရားသည် ရဟန်း သံဃာတို့၏ မျက်မှောက်အလယ်၌ ကိုယ်တော်မြတ်နှင့် ထပ်တူဆောင်၍ ဟောတော်မူဖူးပါသလော။ 'ရဟန်းတို့၊ ငါဘုရားသည် ကိလေသာကာမတို့မှ ကင်းကွာ၍ ဝိတက် ဝိစာရနှင့်တကွဖြစ်သော ပထမဈာန်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ ငါ၏တပည့် အာနန္ဒာသည်လည်း ပထမဈာန်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏' ဤသို့ ဟောဖူးပါသလော"

"မဟောဘူးပါ ဘုရား"

"ငါဘုရားသည် နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ အာနန္ဒာသည်လည်း ငါဘုရားကဲ့သို့ပင် နေနိုင်၏။ ဤသို့ ဟောဖူးပါသလော"

"မဟောဖူးပါ ဘုရား"

http://www.dhammadownload.com

"ငါ့ရှင် အာနန္ဒာ၊ ငါ့ကိုမူကား မြတ်စွာဘုရားသည် ရဟန်း သံဃာတို့၏ မျက်မှောက်အလယ်၌, ကိုယ်တော်မြတ်နှင့် ထပ်တူဆောင်၍ ဟောတော်မူ၏။ 'ရဟန်းတို့၊ ငါဘုရားသည် ပထမစျာန်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် နေနိုင်၏။ ရဟန်းတို့၊ ငါဘုရားသည် နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် နိရောဓသမာပတ်ကို အလိုရှိတိုင်းဝင်စား၍ နေနိုင်၏။ ရဟန်းတို့၊ ငါဘုရားသည် အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ကိုယ်တိုင်သိ၍ မြင်၍ နေနိုင်၏။ ကဿပသည်လည်း ငါဘုရားကဲ့သို့ပင် ကိုယ်တိုင်သိ၍ မြင်၍ မျက်မှောက်ပြု၍ နေနိုင်၏' ဤသို့ မြတ်စွာဘုရားသည် ငါ့အား ကိုယ်တော်မြတ်နှင့် ထပ်တူဆောင်၍ ဟောတော်မူ၏။

"ငါ့ရှင် အာနန္ဒာ၊ ခုနစ်တောင်သော်လည်းကောင်း, ခုနစ်တောင့် တစ်ထွာ ကသော်လည်းကောင်း အရပ်မြင့်သော ဆင်ပြောင်ကြီးကို ထန်းရွက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ ငါ၏အဘိညာဉ်ခြောက်ပါးကို အဘယ်သူသည် ဖုံးလွှမ်းနိုင်ရာသနည်း။ ဖုံးလွှမ်းနိုင်မည်လော။ ထုလ္လတိဿဘိက္ခုနီမသည် ဗြဟ္မစရိယ သာသနာတော်မှ ရွေ့လျော၏" ဤသို့ အရှင်မဟာကဿပသည် မိန့်တော်မူ၏။

အရှင်မဟာကဿပ ရာဇဂြိုဟ်သို့ကြွပြီ

မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ ဓာတ်တော်များကို ခွဲဝေ၍နေရာချထားပြီးနောက် မြတ်စွာဘုရား တရားတော်များကို စုပေါင်း၍ သင်္ဂါယနာတင်ရန် အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ကြွတော်မူ၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် သောကဖြစ်နေသော လူအဝေါင်းတို့အား သက်သာရာရစေရန် တရားဟောပြောတော်မူ၏။ ဒက္ခိဏာဂိရိ တောင်ဘက်မျက်နှာတောင်ရိုးတစ်လျှောက် ရွာစဉ်လျှောက်၍ ကြွချီတော်မူစဉ်က နောက်ပါတပည့် ရဟန်းငယ် သုံးဆယ်လောက်သည် သိက္ခာချကာ လူထွက်ကြကုန်၏။ ဒက္ခိဏာဂိရိတောင်မျက်နှာ တောင်စဉ်မြို့အတိုင်း ကြွချီတော်မူပြီးသော် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်လာ၏။ အရှင်မဟာကဿပရှိရာ ကျောင်းသို့သွားကာ အရှင်မဟာကဿပအား ရိုသေစွာ ရှိခိုးဦးချဝတ်ပြုပြီး သင့်တင့်ရာ၌ ထိုင်နေ၏။

http://www.dhammadownload.com

အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ဤသို့ မေးတော်မူ၏။ "ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသည် အဘယ်မျှလောက်သော အကျိုးထူးတို့ကို စွဲ၍ တိကဘောဇဉ်ကို ပညတ်တော်မူသနည်း"

"အရှင်ဘုရားကဿပ၊ မြတ်စွာဘုရားသည် သုံးပါးသော အကျိုးထူးတို့ကို စွဲ၍ တိကဘောဇဉ်ကို ပညတ်ပါသည် အရှင်ဘုရား၊ နှလုံးမကောင်းသော ဒုမ္မင်္ဂုပုဂ္ဂိုလ်တို့အား နိဂ္ဂဟပြုခြင်းငှာလည်းကောင်း, သီလကို ချစ်ကုန်သော ရဟန်းကောင်းတို့အား ချမ်းသာစွာ နေရခြင်း အကျိုးငှာလည်းကောင်း, အလိုယုတ်မာ ပါပိစ္ဆာ ရဟန်းတို့ အသင်းကိုမှီ၍ သံဃာကို မခွဲနိုင်စေလင့်။ ဒါယကာများကို အစဉ်သနား သဖြင့်လည်းကောင်း, ဤသုံးပါးသော အကျိုးထူးကို စွဲ၍ တိကဘောဇဉ်ကို ပညတ်ပါသည် အရှင်မဟာကဿပဘုရား"

"ထိုသို့ဖြစ်ပါလျက် ငါ့ရှင်အာနန္ဒာ၊ သင်သည် အစားအသောက်ကိုပမာဏ မသိ၊ နိုးကြား ထကြွခြင်း မရှိ၊ ဣန္ဒြေကို မထိန်းသိမ်း မစောင့်စည်းနိုင်သော ဤရဟန်းငယ်တွေနှင့် အတူတကွ အဘယ့်ကြောင့် ခရီးလှည့်လည်ရသနည်း။ ကောက်ပင်တွေ ကြေမွအောင် လှည့်လည်သကဲ့သို့၊ ဒါယကာတွေ ပျက်စီးအောင် လှည့်လည်သကဲ့သို့ လှည့်လည် သွားလာဘိ၏တကား။ သင်၏ ပရိသတ်သည် ယုတ်လျော့၍ကုန်ပြီ။ ရဟန်းငယ်တွေ ပျက်စီးကုန်ပြီ။ ဤသူငယ်သည် အတိုင်း အရှည် ပမာဏကို မသိတတ်ချေ။ ဤသူငယ်သည် အတိုင်းအရှည် ပမာဏကို မသိတတ်ချေ"

"အရှင်ဘုရား ကဿပ၊ တပည့်တော်သည် မြတ်စွာဘုရားနှင့် ဖွားဖက်တော် ဖြစ်၍ အသက်ရှစ်ဆယ်ရှိပါပြီ။ ဦးခေါင်း၌ ဆံပင်ဖြူပါပြီ။ ယင်းသို့ အိုမင်း၍ ဆံပင်ဖြူသော်လည်း ယခုထက်တိုင် အရှင်မဟာကဿပ၏ "သူငယ် သူငယ်" ဟူသော ခေါ်ဆိုခြင်းမှ မလွတ်နိုင်သေးပါ"

ဤသို့ အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား ကုမာရက= (သူငယ်) ဟူသော ခေါ်ဆိုခြင်းဖြင့် ခေါ်ဆိုလျက် အလွန် အကျွမ်းဝင်၍ ချစ်ခင်လှစွာသော အရှင်အာနန္ဒာကို မြည်တွန်မောင်းမဲ၍ စိတ်ဆိုးသကဲ့သို့ ဆိုသည်ကို ထုလ္လနန္ဒာ ဘိက္ခုနီမသည် ကြားလေ၏။

ကြားသောအခါ ဘိက္ခုနီမက ဤစကားကို ဆို၏။ "အဘယ်ကြောင့် မိစ္ဆာဒိဋ္ဌိ ဖြစ်ဖူးသော အရှင်မဟာကဿပသည် ငါတို့ ဆည်းကပ်နေသော ဝေဒေဟမုနိ

http://www.dhammadownload.com

အရှင်အာနန္ဒာကို ကုမာရက=(သူငယ်)ဟူ၍ ခေါ်ဆိုလျက် မြည်တွန်မောင်းမဲ့ရာဘိသနည်း"

အရှင်အာနန္ဒာအား ပြန်လည်မိန့်ကြား

ထိုလွန်ဘုရားဘိက္ခုနီမက ဆိုသည်ကို အရှင်မဟာကဿပ ကြားတော်မူ၍ အရှင်အာနန္ဒာကို ခေါ်ပြီးလျှင်-

"ငါ့ရှင် အာနန္ဒာ၊ ယခု ထိုလွန်ဘုရား ဘိက္ခုနီမသည် မဆင်ခြင်ဘဲ အဆော်တလျင်သော စကားကိုဆို၏။ ငါသည် အကြင်အခါမှစ၍ ဆံမုတ်ဆိတ်ကိုပယ်လျက် ရဟန်းပြု၏။ ထိုရဟန်းပြုသောအခါမှစ၍ မြတ်စွာဘုရားမှတစ်ပါး အခြားသော မိစ္ဆာဒိဋ္ဌိဆရာကြီးများကို ဆရာဟူ၍ ညွှန်ပြဖူးခြင်းမရှိ။ ရှေးလူဖြစ်စဉ်အခါ၌လည်း ငါသည် ဤသို့အကြံ ဖြစ်၏။ အိမ်ရာတည်ထောင် လူ၏ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းကျပ်တည်း လို့၏။ ကိလေသာမြူတို့၏ ဖုံးပိတ်ရာလမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် အလွန်ကျယ်ပြန့်၏။ အိမ်ရာတည်ထောင် လူ၏ဘောင်၌ နေသောသူသည် စင်ကြယ်သန့်ရှင်း ဖြူစင်သော ဗြဟ္မစရိယ အကျင့်မြတ်ကို ပြည့်စုံစွာ ကျင့်သုံးခြင်းငှာ မလွယ်ကူ။ ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ဆင်မြန်းလျက် ရဟန်းပြုတော့အံ့ဟု ကြံ၍ ပုဆိုးနွမ်းပိုင်းတို့ကို သင်္ကန်းချုပ်ကာ ဝတ်ပြီးလျှင် လောက၌ အကြင်သူတို့သည် ကိလေသာမြူမတင် ကင်းစင်သန့်ရှင်းသည့် ရဟန္တာ ဖြစ်ကုန်၏။ ထိုရဟန္တာ ဖြစ်ကုန်သော သူမြတ်တို့ကို ရည်မှန်း၍ ရဟန်းပြု၏။ ငါရဟန်းပြုလာသောနေ့၌ပင် ရာဇကြိုဟ်ပြည်နှင့် နာဠန္ဒအကြား ဗဟုပုတ္တ ညောင်ပင်အောက်၌ မြတ်စွာဘုရားကို ဖူးတွေ့ရ၏။

"ငါ့ရှင် အာနန္ဒာ၊ ငါသည် ထိုနေရာ၌ပင်လျှင် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်၍ မြတ်စွာဘုရားသည် ငါ၏ဆရာဖြစ်၏။ ငါသည် မြတ်စွာဘုရား၏ တပည့်ဟူ၍ လျှောက်ကြား၏။ ငါ့ရှင် အာနန္ဒာ၊ ဤသို့ဆို၍ လျှောက်ကြားသော ငါ့အား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ချစ်သား ကဿပ၊ အကြင်မိစ္ဆာဒိဋ္ဌိ ဆရာကြီးသည် ဤသို့ညွှတ်ကိုင်းရိုသေစွာသော ခပ်သိမ်းသော စိတ်ကောင်းစိတ်မြတ်နှင့် ပြည့်စုံသော တပည့်သာဝကကို မသိဘဲသာလျှင် အလုံးစုံသော တရားကို ငါသိ၏ဟူ၍ (ဝါ) ဘုရားဖြစ်၏ဟူ၍

http://www.dhammadownload.com

ပြောကြားအံ့။ နိဗ္ဗာန်ကို မမြင်ဘဲသာလျှင် နိဗ္ဗာန်ကို ငါမြင်၏ဟူ၍ လိမ်လည်ပြောဆို ကြားအံ့။ ထိုလိမ်လည်ပြောကြားသော မိစ္ဆာဒိဋ္ဌိဆရာ၏ ဦးခေါင်းသည်လည်း မြေသို့ ပြတ်ကျရာ၏။ ရိသေကိုင်းညွှတ် တုပ်ဝပ်ကျိုးနွံ့ အလွန်မြတ်လှစွာသော စိတ်ဖြင့် တပည့်ဟူ၍ လျှောက်ကြားသော ချစ်သားကဿပ၊ ငါဘုရားသည်ကား အလုံးစုံသောတရားကို သိသောကြောင့်သာလျှင် သိ၏ဟူ၍ ဆိုတော်မူ၏။ နိဗ္ဗာန်ကို မြင်၍သာလျှင် မြင်၏ဟူ၍ ဆိုတော်မူ၏။ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

အရှင်မဟာကဿပ ရဟန်းဖြစ်စေသော ဩဝါဒသုံးမျိုး

၁။ ထေရ နဝ မန္တိမ = အကြီး, အငယ်, အလတ် သုံးရပ်သော ပုဂ္ဂိုလ်တို့၌ ရှက်ကြောက်ခြင်း ရေးရှုတည်လျက် ဖြစ်လတ္တံ့ဟူ၍ ကျင့်အပ်၏။

၂။ ကုသိုလ်နှင့် စပ်သော အလုံးစုံသော တရားတော်တို့ကို ကောင်းမွန်ရှိသေစွာ နှလုံးသွင်း နားထောင်၍ နာအံ့ဟူ၍ ကျင့်အပ်၏။

၃။ သာတသဟဂတ ကာယဂတာသတိသည် ငါ့အား မစွန့်လတ္တံ့ဟူ၍ ကျင့်အပ်၏။

"ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသည် ငါ့အား ဤသုံးပါးသော ဩဝါဒဖြင့် ဆုံးမတော်မူကာ သာသနဒါယဇ္ဇ=သာသနာအမွေကို ပေးပြီး ရဟန်းဖြစ်စေတော်မူခဲ့၏"

"ငါ့ရှင်အာနန္ဒာ၊ ငါသည် ခုနစ်ရက်သာလျှင် ကိလေသာနှင့်တကွ ပြည်သူတို့၏ ဆွမ်းကိုစား၏။ ရှစ်ရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်တည်၏။ ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသည် လမ်းမှဖဲသွား၍ တစ်ခုသော သစ်ပင်ရင်းသို့ရောက် တော်မူလျှင် ငါသည် ပုဆိုးနွမ်းပိုင်းတို့ဖြင့် ချုပ်အပ်သော ဒုကုဋ်သင်္ကန်းကိုခင်း၍ 'မြတ်စွာဘုရား၊ တပည့်တော်အား နေ့ရက်ရှည်သမျှ ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်စေခြင်းအကျိုးငှာ ဤနေရာ၌ ထိုင်တော်မူပါ' ဟု ငါသည် လျှောက်ကြား၏။ ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသည် ထိုင်တော်မူပြီး၍ 'ချစ်သား

[ထိုဩဝါဒသုံးပါးတို့ကို အရှင်မဟာကဿပထေရ်သည် ရှိသေစွာ ဓံယူလေသည်။ ဤဩဝါဒသုံးပါးသည်ပင် အရှင်မဟာကဿပအတွက် ရှင်ပြုခြင်းလည်း ဖြစ်၏။ ရဟန်းခံခြင်းလည်း ဖြစ်လေသည်။ ဤသို့ရဟန်းပြုခြင်းကို ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါဟု ခေါ်သည်။ ဤသာသနာတော်၌ အရှင်မဟာကဿပတစ်ပါးသာ ရှိသည်။]

http://www.dhammadownload.com

ကဿပ၊ သင်၏ ပုဆိုးနွမ်းကို ချုပ်သော ဒုကူဋ္ဌသင်္ကန်းသည် နူးညံ့၏'ဟူ၍ မိန့်တော်မူသောအခါ 'တပည့်တော်ကို သနားရှေးရှု အကြောင်းပြု၍ ပုဆိုးနွမ်းပိုင်း ဒုကူဋ္ဌသင်္ကန်းကို အလှူခံယူတော်မူပါဘုရား'ဟု လျှောက်၏။

"ငါ့ရှင် အာနန္ဒာ၊ ငါသည် ပုဆိုးနွမ်းပိုင်း ဒုကူဋ္ဌသင်္ကန်းကို မြတ်စွာဘုရားအား ကပ်လှူ၏။ မြတ်စွာဘုရား၏ ပိုက်ဆံလျှော် ပုံသကူသင်္ကန်းတော်ကြီးကို ငါသည် ဝတ်ရုံ၏။ ငါ့ရှင်အာနန္ဒာ၊ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော သားတော်ကြီးဟူ၍ လည်းကောင်း, ခံတွင်းတော်မှဖြစ်သော တရားတော်ကြောင့်ဖြစ်သော တရားတော်ဖြင့် ဖန်ဆင်းအပ်သော တရားအမွေခံဖြစ်သော သားတော်ကြီးသည် အဖ၏ အမွေတော် ဝတ်ရုံဟောင်းနွမ်း ပိုက်ဆံလျှော် ပုံသကူ သင်္ကန်းကြီးကို ခံယူ၏ ဟူ၍ အကြင်စကားကို ကောင်းစွာ အမှန်ကို ဆိုလိုသောသူသည် ဆိုရာ၏။ ထိုစကားသည် ငါ့ကိုသာ ဆိုသော စကားဖြစ်သင့်ရာ၏။ ငါ့ကိုသာ ဆိုထိုက်၏။ ငါ့ရှင်အာနန္ဒာ၊ ငါသည် အလိုရှိတိုင်း ပထမဈာန်ကို ဝင်စား၍ နေနိုင်၏။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်, အာကာသဈာန်, ဝိညာဏဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်ကိုလည်း အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။ နိရောဓသမာပတ်ကိုလည်း အလိုရှိတိုင်း ဝင်စား၍ နေနိုင်၏။

"ငါ့ရှင်အာနန္ဒာ၊ ငါသည် အာသဝေါတို့၏ကုန်ခြင်းကြောင့် အနာသဝစေတော ဝိမုတ္တိ, ပညာဝိမုတ္တိဖြစ်သော တရားမြတ်ကို မျက်မှောက်ယခု ကိုယ်တိုင်သိ၍ ပြည့်စုံစေလျက် မျက်မှောက်ပြု၍နေ၏။ ငါ့ရှင် အာနန္ဒာ၊ ခုနစ်တောင်သော်လည်း ကောင်း, ခုနစ်တောင့်ထွာသော်လည်းကောင်း အရပ်မြင့်သော ဆင်ပြောင်ကြီးကို ထန်းရွက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အကြင်သူသည် ငါ၏အဘိညာဉ်ခြောက်ပါးကို ဖုံးအုပ်နိုင်မည်လော။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဗြဟ္မစရိယ သာသနာတော်မှ ရွေ့၏"ဟု မိန့်တော်မူ၏။

အရှင်မဘဒ္ဒါပြောသော အရှင်မဟာကဿပ

ရူတင်အကျင့်မြတ်ကို မြတ်နိုင်သဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်က အတူနေရန် ခေါ်သော်လည်း ငြင်းပယ်၍ နောက်ပါ သံဃာတော်အပါးငါးရာနှင့် ခရီးလှည့်လည် သာသနာပြုနေသော အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူချိန်၌ ထံတော်ပါး၌ မရှိပေ။ မြေငလျင်

http://www.dhammadownload.com

လှုပ်ခြင်း၊ မိုးထစ်ချုန်းစွာရွာခြင်း စသည့် အတိတ်နိမိတ်အရာ လည်းကောင်း၊ မိမိ၏ အဘိညာဉ်တန်ခိုးဖြင့် လည်းကောင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်သွားပြီကို သိတော်မူလိုက်ပြီ။ သို့သော် နောက်ပါတပည့်များ ခရီးတစ်လျှောက် ပူဆွေးသောကရောက်ရမည့်အရေးကြောင့် မပြောဘဲထားခဲ့သည်။ ထိုသို့ ခရီးဆက်လာရင်း လမ်းခရီး၌ ကုသိနာရုံမှ ပြန်လာသော အာဇီဝကရဟန်းတစ်ပါးနှင့် တွေ့ဆုံ၏။ အာဇီဝကရဟန်းသည် ဘုရားရှင် ပရိနိဗ္ဗာန်စံရာမှာ နှတ်တို့ကျဲချထားသော မန္ဒာရဝနတ်ပန်းကို ထီးအဖြစ် ဆောင်းလာသည်။ ထိုအခါတွင်မှ နောက်ပါရဟန်းများအား ဘုရားရှင်ပရိနိဗ္ဗာန် ဝင်စံသွားကြောင်းကို အသိပေးသည်။ ရှေ့မှလာနေသော အာဇီဝကရဟန်းကိုလည်း မည်သည့်အရပ်မှ လာကြောင်းကို နှုတ်ခွန်းဆက် မေးမြန်းသည်။ ထိုအခါ အာဇီဝကရဟန်းက "ရဟန်းကြီး ဂေါတမ ပရိနိဗ္ဗာန်ဝင်စံရာအရပ်မှ ပြန်လာကြောင်း၊ ဤမန္ဒာရဝနတ်ပန်းကိုလည်း ထိုအရပ်မှပင် ယူဆောင်လာခဲ့ကြောင်း"များကို ပြောပြသည်။ နောက်ပါ ရဟန်းငယ်တို့သည် စိတ်မထိန်းနိုင်ကြဘဲ လူးလိမ့်ငိုကြွေး ပူဆွေးကြလေသည်။

ထိုကဲ့သို့ ရဟန်းငယ်များက ငိုကြွေးနေစဉ် အတုလာမြို့သား တောထွက်ရဟန်းကြီး သုဘဒ္ဒက အားရဝမ်းသာစွာ "ငါ့ရှင်တို့ ပူဆွေးမနေကြနှင့်၊ ငိုကြွေးမနေကြနှင့် ယခုငါတို့သည် အချုပ်အချယ်ကြီးလွန်းလှသည့် ရဟန်းကြီးဂေါတမ၏ လက်မှ လွတ်မြောက်ပြီ။ ယခု ငါတို့စိတ်ကြိုက်ရာကို လုပ်နိုင်ပြီ"ဟု ကြွေးကြော်၏။

သုဘဒ္ဒရဟန်းကြီး၏စကားကို ကြားလိုက်ရသော အရှင်မဟာကဿပသည် ဓမ္မသံဝေဂကြီးစွာ ဖြစ်ပေါ်လာသည်။ ဘုရားရှင်ထူထောင်ခဲ့သော သာသနာတော်တွင် ယခုကစပြီး ဆူးငြောင့်ခလုတ်အဖြစ် ပေါ်ထွန်းလာပေပြီ။

ဘုရားရှင်ကိုယ်တော်တိုင် လေးဆယ့်ငါးဝါပတ်လုံး နေ့မနား၊ ညမအား ကြိုးစားထူထောင်လာခဲ့သည့် သာသနာတော်ကြီးအတွင်း၌ ဆူးငြောင့်ခလုတ်သည် ဤမျှမြန်မြန်ပေါ်လာရသည်မှာ အံ့သြဖွယ်ရှိပေစွ။ ဤကောင်းမှုသည် တစ်စတစ်စ ကြီးထွားလာပါက သာသနာတော်ကြီးအတွက် ဆုတ်ယုတ်သွားစရာ ဖြစ်သည်။ သာသနာတော်နှင့် မသင့်တော်သဖြင့် သူ့အား သာသနာမှ နှင်ထုတ်မည်ဆိုပါက လည်း အများသူငါ ကဲ့ရဲ့စရာသာဖြစ်မည်။ ထို့ကြောင့် သည်းခံခွင့်လွှတ်လိုက်ရပေပြီ။

http://www.dhammadownload.com

ဘုရားရှင်ဟောပြောခဲ့သော တရားဒေသနာများသည် ကြိုးမသီရသေးသော ပန်းပွင့်များကဲ့သို့ ဖြစ်နေသည်။ ဟိုတစ်ပွင့် သည်တစ်ပွင့်ဖြင့် ပြန့်ကျဲနေသည်။ ဤအတိုင်းဆိုသော် အချိန်ကြာညောင်းလာလျှင် ပန်းပွင့်ကလေးများသည် တစ်စ တစ်စ ပျောက်ပျက်သွားနိုင်သကဲ့သို့ တရားတော်များလည်း လွင့်ပါးပျောက်ကွယ် ကုန်မည်။ ထို့ကြောင့် အချိန်မီ သီကုံးထားပါမှ တော်ရာကျမည်။ ဤသို့ စဉ်းစားရင်း ခရီးဆက်ခဲ့ရာ ကုသိနာရုံသို့ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံအပြီး ခုနစ်ရက်မြောက်နေ့မှ ရောက်ရှိခဲ့သည်။ ကုသိနာရုံဝယ် ဘုရားရှင်ကလည်း သူ၏တတိယမြောက် သာဝကကြီးကို နံ့သာထင်းပုံထက်မှ စောင့်ကြိုတော်မူလျက် ရှိသည်။ ဘုရားရှင်ကို အားရအောင်ပူဇော်ပြီးသည်နှင့်တစ်ပြိုင်နက် အလောင်းတော် သည် တေဇောဓာတ် လောင်ကျွမ်း၍သွားသည်။

ရှင်မဟာကဿပသည် ထိုနေရာမှာပင် ရောက်လာသမျှသော ရဟန်းအပေါင်း ကို စုဝေးကြစေပြီး မိမိလမ်းမှာ ကြုံတွေ့ရခဲ့သည်များကို ရှင်းပြကာ သာသနာ တော် တည်တံ့ပြန့်ပွားရေးအတွက် သင်္ဂါယနာတင်ရန် လိုအပ်ပုံကို လျှောက်ထား ပြောဆိုသည်။ ရဟန်းအားလုံးက တညီတညွတ်တည်း သဘောတူကြသဖြင့် ထိုနှစ် ဝါတွင်းကာလတွင် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ခြေရှိ စရည်းပင် ပေါက်ရာအရပ်၌ အဇာတသတ်မင်းကြီးကို အမှီပြု၍ ပထမဦးဆုံးသော သင်္ဂါယနာ တင်ပွဲကြီးကို ဦးဆောင်ဦးရွက်ပြုကာ တင်လှူခဲ့ကြသည်။

ဤသို့ သာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဘုရားရှင်၏ တတိယသာဝကကြီးဖြစ်သည့် အရှင်မဟာကဿပသည် ဓူတင်အကျင့်ကို နောက်ဆုံး အထိ ကျင့်သုံးကာ သက်တော်တစ်ရာ့နှစ်ဆယ်ပြည့်ချိန်တွင် သူနေထိုင်ရာ ကျောက်တောင်ထက်၌ပင် ပရိနိဗ္ဗာန်ဝင်စံသွားလေသည်။

ဤကဲ့သို့ဂုဏ်ထူးရှိတော်မူသော ရဟန္တာကြီးများသည်ပင် ယုတ်မာ သေးနုပ် ပုတ်ခတ်ဆဲရေး အလှေးအမွှား သူမိုက်များနှင့် တွေ့ကြုံရသေး၏။ အခြားသူ တို့မှာကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။

အရှင်မဘဒ္ဒါဟောသောတရား

"အရှင်မတို့၊ မြတ်စွာဘုရား၏ သားတော်ဖြစ်သော ပံသုကူသင်္ကန်းကြီးနှင့် တကွ အမွေတော်ကိုခံယူသော ကောင်းစွာတည်ကြည်သော စိတ်ရှိသော ကဿပဟု အမည်တော်ရှိသော အကြင်ရဟန္တာအရှင်မြတ်ကြီးသည် ရှေးဘဝ၌နေဖူးသော

F-22B

http://www.dhammadownload.com

ခန္ဓာအစဉ်ကိုသိတော်မူ၏။ နတ်ပြည် လူ့ဘုံ အပါယ်ဘုံ၌ စုတေဆဲ၊ ဖြစ်ဆဲသော သတ္တဝါတို့၏ အဆင်းကိုလည်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်နိုင်၏။

ထိုမှတစ်ပါး ဘဝကုန်ခန်း နိဗ္ဗာန်နန်းသို့ ရောက်တော်မူပြီး အဘိညာဉ်အဆုံးသို့ ရောက်တော်မူသော ထိုကဿပအမည်ရှိသော ရဟန်းမြတ်သည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ရဟန္တာဖြစ်၏။

ထိုအရှင်မဟာကဿပနှင့်အတူသာလျှင် ကပိလသူဋ္ဌေး၏ သမီးဖြစ်သော ဘိက္ခုနီမဖြစ်သော ငါဘဒ္ဒါသည်လည်း ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏။ သေမင်းနိုင်ငံမှ လွန်မြောက် စွန့်ခွာနိုင်၏။ စစ်သည်နှင့်တကွသော မာရ်ကို အောင်ပြီး၍ အဆုံးဘဝဖြစ်သော ကိုယ်ကို ဆောင်၏။

လောက၏အပြစ်ကို မြင်ကြကုန်၍ ငါတို့နှစ်ယောက်သည် ရဟန်းပြုကြကုန်၏။ ထိုရဟန်းပြုကြသော ငါတို့သည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြကုန်၏။ ကိုယ်ရောစိတ်ပါ ယဉ်ကျေးကုန်သော ငါတို့သည် ငြိမ်းချမ်းအေးမြသည်ထက် အလွန်အကြူး အထူးအေးမြသည် ဖြစ်ကြကုန်၍ ပူလောင်လှစွာသော ကိလေသာမီး အပြီးကုန်ရှင်း ငြိမ်းအေးခြင်းသို့ ရောက်ကြ၏။

အရှင်မ ဘဒ္ဒါ ဘိက္ခုနီ ရဟန္တာမိန်းမမြတ်သည် အမြဲမပြတ် ဤသို့ဟောလေ့ရှိ၏။

အရှင်မဘဒ္ဒါသည် အပျိုအရွယ် တစ်ဆယ့်ခြောက်နှစ်သမီးအခါက အရှင်မဟာကဿပနှင့် ပေးစားလက်ထပ်သောအကြောင်းကိုလည်း ဤသို့ဟောပြန်၏။

အရှင်မဟာကဿပထေရ်မြတ်သည် လူဖြစ်စဉ်အခါ၌ အမိအဖဖြစ်ကြသော ကောသိယ ဂေါတ္တသူဋ္ဌေးနှင့် သုမနဒေဝီသူဋ္ဌေးကတော်ကြီးတို့သည် မိမိတို့၏သား အသက်နှစ်ဆယ် အရွယ်ရောက်သောအခါ အမျိုးအနွယ်မပျက် ဆက်စပ်ရည်ကြာတည်စိမ့် သောငှာ အိမ်ရာတည်ထောင်ရန်အကြောင်းကို ပြောကြားကြသည်။ ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ လူဖြစ်လာကြသော ပိပ္ပလိနှင့် ဘဒ္ဒါတို့သည် ဗြဟ္မဝိဟာရ မေတ္တာစျာန် ကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ဖူးသော အစွမ်းအရှိန်အားဖြင့် ဗြဟ္မာစိတ်ဝင်၍ နေသဖြင့် ကာမဂုဏ်စိတ် မဖြစ်ပေါ်ကြပေ။

ဗြဟ္မာမင်းကြီးတို့ကဲ့သို့

ဗြဟ္မာအလား ကာမဂုဏ်ပယ်ရှားသော ပိပ္ပလိလုလင်သည် လူ့ပြည်တွင် မရနိုင်၊ မရှိနိုင်ဟူသော အထင်ဖြင့် နိကွတစ်ထောင်ရှိသော ရွှေတုံးရွှေခဲတို့ဖြင့်

http://www.dhammadownload.com

ပန်းထိမ်ဆရာတို့အား ရွှေရုပ်သွန်းထုပြုလုပ်စေ၏။ 'ရွှေရုပ်နှင့်တူသောသူကို ရလျှင် အိမ်ထောင်ခြင်းကိစ္စကို ပြုပါအံ့'ဟု ဝန်ခံစကားပြောမိသည်။ ရွှေရုပ်နှင့်တူသော အဆင်းလှသူကို ဖမ္မူဒီပါကျွန်းအနှံ့လှည့်ပတ်၍ ရှာသောအခါ ရွှေရုပ်မှ မက အဆပေါင်း ရာ ထောင် ပို၍လှသော အရှင်မဘဒ္ဒါလောင်းလျာ တစ်ဆယ့်ခြောက်နှစ်သမီးအရွယ် မိန်းမငယ်ကို တွေ့ရှိကြသည်။ ပုဏ္ဏားတို့သည် ထိုရွှေရုပ်ကိုပင် လက်ဆောင်တင်၍ အရှင်မဘဒ္ဒါ၏ဖခင် ကပိလသူဋ္ဌေးအထံ၌ အရှင်မဘဒ္ဒါကို တောင်းသည်။ ပိပ္ပလိလုလင်နှင့် အရှင်မဘဒ္ဒါကို လက်ထပ်ပေးစားသည်။ ယင်းသို့ ပေးစားလက်ထပ်ကြသော်လည်း မိဖနစ်ဦးတို့၏ အလိုသို့လိုက်၍ အတူနေကြသောအခါ ဗြဟ္မာ့ဘုံဗိမာန်တွင်းဝယ် ဗြဟ္မာမင်းကြီးနှစ်ပါး အတူနေသကဲ့သို့ နေကြကုန်၏။

သံဝေဂဖြစ်ကြပုံ

အရှင်မဟာကဿပ ထေရ်မြတ်သည် ရဟန်းမပြုမီ လူဖြစ်စဉ်အခါကလည်း ပိုးပရွက်, ကျီး, ငှက် အစရှိသော တိရစ္ဆာန်သတ္တဝါတို့ကို အလွန်သနားတတ်သော သဘောရှိ၏။ တစ်နေ့သ၌ အခြေအရံကျေးကျွန် အလုပ်အကျွေးများ ခြံရံကာ လယ်ထွန်ရာသို့သွား၍ ကြည့်ရှုသည်။ ထိုအခါ ငါး ပုစွန်စသော ပိုးမွှားတိရစ္ဆာန်တို့ကို နိုင်ရာစား ကျီး, ငှက်, စွန်ရဲတို့ ကိုက်ချီ စားသည်ကို မြင်၍ သံဝေဂဖြစ်၏။

အရှင်မ ဘဒ္ဒါသည်လည်း ကျွန်မတို့ကို နှမ်းအိုးမှ နှမ်းများကို ထုတ်ယူ၍ နေလှန်းစေရာ နှမ်းပိုးတို့ကို ကျီးငှက်တို့ကိုက်ချီ၍ စားသည်ကိုမြင်၍ အိမ်မှာ နေရင်း သံဝေဂဖြစ်၏။

"စည်းဝေးရောက်လာ တရားနာကြကုန်သော ဘိက္ခုနီ အရှင်မတို့၊ ငါဘဒ္ဒါသည် လူဖြစ်စဉ်အခါ အိမ်၌နေလျက် ကျွန်မအပေါင်းတို့သည် နှမ်းအိုးထဲမှ နှမ်းကို ထုတ်ယူ၍ နေပူတွင် လှန်းကုန်သောအခါ နှမ်းထဲ၌ နေကြကုန်သော ပိုးမွှားတိရစ္ဆာန်တို့ကို ကျီးငှက်တို့သည် ထိုးဆိတ်၍ စားကြကုန်၏။ ထိုသို့ ထိုးဆိတ်လျက် စားသည်ကို မြင်၍ ငါသည် သံဝေဂစိတ် ထိတ်လန့်ခြင်း ဖြစ်၏။ ဤအကုသိုလ်တရားများကို မပယ်ရှားနိုင်လျှင် ဘဝပေါင်း ရာထောင်သိန်းသန်း ကာလပတ်လုံး သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်း ချမ်းသာဖို့ မရှိ။ ထို့ကြောင့်

http://www.dhammadownload.com

အရှင့်သား ပြန်လာလျှင် ခွင့်ပန်၍ ရဟန်းပြုအံ့ဟု ငါဘဒ္ဒါသည် အကြံဖြစ်၏"ဟူ၍ သံဃရကြောင်းကို အရှင်မဘဒ္ဒါ ဟောတော်မူသည်။

ဥစ္စာ ပစ္စည်းယူ၍ နေခဲ့ပါ

အရှင်မဟာကဿပ ထေရ်မြတ်အလောင်းလျာ ပိပ္ပလိသတို့သားသည် လယ်ထွန်လုပ်ကိုင်သည်ကို ကြည့်ရှုရာတွင် သံဃရ၍ ရဟန်းပြုအံ့ဟု ကြံလျက် အိမ်သို့ပြန်လာကာ အရှင်မဘဒ္ဒါကို "ငါ ရဟန်းပြုတော့အံ့၊ သင်သည် ဥစ္စာပစ္စည်း အလုံးစုံကိုယူ၍ နေရစ်လော့"ဟု ပြောသည်။ ထိုအခါ အရှင်မ ဘဒ္ဒါသည် "ကျွန်ုပ်သည်လည်း ဤသို့ သံဃစိတ်ဖြစ်၍ ရဟန်းပြုတော့အံ့ဟု ကြံလျက်နေပါသည်။ ကျွန်ုပ်သည်လည်း အတူလိုက်၍ ရဟန်းပြုပါအံ့ဟုဆို၏။ ထိုသူမြတ်နှစ်ဦးတို့သည် အကြံတူ, ဉာဏ်တူ, ကံပါရမီတူကြ၍ အိမ်ဈေးတန်းမှ သင်္ကန်း သပိတ်တို့ကိုဝယ်ကာ တစ်ယောက်ဆံပင်ကို တစ်ယောက် ရိတ်ဖြတ်ပေးပြီး သင်္ကန်းတို့ကို ဝတ်ရုံကြသည်။ ရဟန်းပြုပြီးလျှင် အတူတကွ တောထွက်ခဲ့ကြကုန်၏။

အရှင်မဟာကဿပနှင့် အရှင်မ ဘဒ္ဒါအလောင်းလျာတို့သည် ကံတူ, ဉာဏ်တူ, ပါရမီတူ ကြ၍ အတူတကွ နှစ်ပါးစုတောထွက်၍ လာကြသည်ရှိသော် လမ်းနှစ်ခွခရီးဆုံသို့ ရောက်လျှင် အရှင်ပိပ္ပလိသည် အရှင်မဘဒ္ဒါကို ဤသို့ပြောဆိုသည်။ "ဘဒ္ဒါ၊ သင်သည် တစ်ခုသောလမ်းကိုရွေး၍ သွားလော့။ ငါသည်လည်း အခြားတစ်ခုသောလမ်းမှ သွားအံ့"ဟု ဆို၍ လမ်းခွဲခဲ့ကြသည်။ ထိုစဉ်အခါက မြတ်စွာဘုရားသည် ခရီးလမ်းရှေ့မှ ကြိုနှင့်တော်မူ၍ အရှင်မဟာကဿပကို ဥပသမ္ပဒါ ပဉ္စင်းအဖြစ်ကိုပေးတော်မူသည်။ တောထွက်သောနေ့မှ ရှစ်ရက်မြောက်သောနေ့၌ အရှင်မဟာကဿပသည် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ဘိက္ခုနီမရှိသေး၍

အရှင်မ ဘဒ္ဒါသည်ကား မြတ်စွာဘုရား သာသနာတော်ဝယ် ဘိက္ခုနီမသာသနာမရှိသေး၍ အညတိတ္ထိယ ပရိဗိုဇ်မတို့ကျောင်း၌ ငါးနှစ်ပတ်လုံး နေရ၏။ ထိုနောက်မြတ်စွာဘုရားကို နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့သော မိထွေးတော် ဂေါတမီသည် သာကီဝင်မင်းသမီးငါးရာတို့နှင့် အတူတကွ ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့လာကာ မြတ်စွာဘုရားအထံတော်၌ ခက်ခက်ခဲခဲ ခွင့်တောင်း၍ ဘိက္ခုနီမပြုလုပ်သည်။ အရှင်မဘဒ္ဒါသည် ထိုမိထွေးတော် ဂေါတမီ ဘိက္ခုနီ အရှင်မကြီး၏

http://www.dhammadownload.com

အထံသို့သွား၍ ရဟန်းမိန်းမ ဘိက္ခုနီပြုလုပ်သည်။ မကြာမြင့်မီပင် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ ရဟန္တာမိန်းမ ဖြစ်တော်မူ၏။

မြတ်စွာဘုရားသည် အရိယာသံဃာတော်တို့၏ အလယ်၌ နေတော်မူလျက် "ငါ၏ တပည့်မ အပေါင်းတို့တွင် ဘဒ္ဒါသည် ပုဗ္ဗေနိ၀ါသ အဘိညာဉ်အရာ၌ အသာလွန်ဆုံး၊ အမွန်မြတ်ဆုံး"ဟူ၍ ဧတဒဂ် ပေးတော်မူ၏။

ဤသို့ ပုဗ္ဗေနိ၀ါသ အဘိညာဉ် ဧတဒဂ်ရတော်မူသော အရှင်မ ဘဒ္ဒါထေရီ ဘိက္ခုနီမသည် ပုဗ္ဗေနိ၀ါသ အဘိညာဉ်ဖြင့် ရှေးရှေးဘ၀တို့ကို ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် ယခုနောက်ဆုံးဖြစ်သော ဘ၀၌သာလျှင် အရှင်မဟာကဿပထေရ်မြတ်နှင့်အတူတကွ နေထိုင်ရာမှ နှစ်ဦးစုံတောထွက်၍ ချမ်းသာစွာသော အကျိုးထူးကို၍ ချမ်းသာစွာနေရသည် မဟုတ်သေး။ ရှေးရှေးဘ၀တို့၌လည်း အရှင်မဟာကဿပထေရ်မြတ်နှင့် အတူတကွ နေထိုင်ပြီးလျှင် ကုသိုလ်ကောင်းမှု ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့သော အကြောင်းကို မြင်တော်မူ၍ သူ၏တပည့်မများမှတ်သားနည်းယူ၍ ပါရမီဖြည့်ကျင့် ဆည်းပူးကြစေရန် ရှေးဘ၀ တို့၌ ကုသိုလ်ပြုပုံ, ပါရမီဖြည့်ပုံများကို အတိတ်ဆောင်၍ ဤသို့ ဟောတော်မူ၏။

အတိတ်ဘ၀အကြောင်းများ

"တရားနာလာကြကုန်သော ဘိက္ခုနီ အရှင်မတို့၊ ဤကမ္ဘာမှ ပြန်၍ရသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ ငါသည် ဟံသာ၀တီ ပြည်ကြီး၀ယ် များစွာကြွယ်၀သော ရတနာဥစ္စာရှိသော ဝိဒေဟသူဌေးကြီး၏ ခင်ပွန်းမ သူဌေးကတော် ဖြစ်ဖူး၏။ ထိုဝိဒေဟ သူဌေးသည် ရံခါမပြတ် မြတ်စွာဘုရားအထံတော်သို့ သားသမီးအခြွေအရံတို့နှင့်တကွ သွား၍ တရားတော်ကို နာ၏။ ထိုသို့ တရားတော်နာသွားရာတွင် မြတ်စွာဘုရားသည် ဓုတင်တေရသကို ဆောင်သော ရဟန်းတစ်ပါးကို ဧတဒဂ်ထားတော်မူသည်ကို မြင်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူကာ ဝိဒေဟသူဌေးသည် ဓုတင်ဆောင် ဧတဒဂ်အရာကို ဆုတောင်း၏။"

သာဓုကီဠနပူဇော်ပွဲ

"အို အရှင်မတို့၊ ထိုဝိဒေဟ သူဌေးသည် မြတ်စွာဘုရားကို အသက်တော်ရှည် သမျှ ကာလပတ်လုံး လုပ်ကျွေး၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ

http://www.dhammadownload.com

အလောင်းတော်ကို ပူဇော်ခြင်းငှာ ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းတို့ကို နှိုးဆော်တိုက်တွန်းသည်။ ထိုဆွေမျိုးမိတ်သင်္ဂဟတို့နှင့် အတူတကွ သာဓုကီဠနပူဇော်ပွဲ ကျင်းပသည်။

ဘုရားရှင်၏ သရီရအလောင်းတော်ကို နံ့သာထင်းတို့ဖြင့် မီးသင်္ဂြိုဟ်သည်။ တစ်လုံးတစ်ခဲတည်းသော ဓာတ်တော်တို့ကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်ကြသည်။

ထိုစေတီတော်ကို လူအများတို့သည် ပေါင်းစုကာ ရွှေတစ်ရစ်, မြတစ်ရစ်, ငွေတစ်ရစ်, ဖန်တစ်ရစ်, စဉ့်တစ်ရစ်, ပတ္တမြားနီတစ်ရစ်, ပတ္တမြားပြောက်တစ်ရစ် စသည်ဖြင့် ရတနာမျိုးစုံ တစ်ရစ်စီခြယ်သကြသည်။ အခြေ,ပလ္လင်နှင့် ဖိနပ်တော်ကို မြဖြင့်ခံပြီး ရတနာပွတ်တိုင်တို့ဖြင့်ရံလျက် ကွက်လပ်အကြားအကြား၌ ရွှေဖြင့် မွမ်းမံသည်။ ထိုရွှေစေတီသည် တစ်ယူဇနာ မြင့်တော်မူ၏။

ထို့ပြင် ယက္ခဘီလူးတို့သည် ဖန်ဖြင့်စီခြယ်၍ တစ်ယူဇနာထပ်ဆင့် ပြန်၏။ ဂန္ဓဗ္ဗနတ်တို့သည်လည်း အလုံးစုံရွှေတို့ဖြင့် မွမ်းမံ၍ တစ်ယူဇနာ ထပ်ဆင့်ပြန်၏။ ထို့နောက် ဗြဟ္မာစသည်တို့ အသီးသီး စေတီတော်ကိုထပ်ဆင့်ကြရာ တစ်ဆယ့်နှစ်ယူဇနာအထိ မြင့်တော်မူ၏။ တစ်ဆယ့်နှစ်ယူဇနာမြင့်သော ထိုစေတီတော်၏ ထက်ဝန်းကျင်ပတ်လည် ယူဇနာတစ်ရာစီအတွင်း၌ မီးရောင်, လရောင်, နေရောင်တို့သည် မထွန်းလင်းနိုင်မူ၍ စေတီတော်၏ အရောင်သည်သာ လွှမ်းမိုး၍နေ၏။

နတ်သားကယူဆောင်

လူတို့သည် ပန်းကုံးတို့ကိုလည်းကောင်း, တံခွန်, ကုက္ကား, မုလေးပွား, ပန်းစည်း, ပန်းခိုင်တို့ကိုလည်းကောင်း တစ်ဆယ့်နှစ်ယူဇနာမြင့်သော စေတီတော်၏ ထီးပေါ်သို့တင်၍ လျှဒါန်းပူဇော်လိုလျှင် ငြမ်းဆင်၍ဖြစ်စေ, တစ်စုံတစ်ခုသော လှေကားထောင်၍ဖြစ်စေ မျှတက်ကြကုန်။ ကောင်းကင်သို့မြှောက်၍ ပစ်လိုက်ကြကုန်၏။ လူတို့ ကောင်းကင်သို့မြှောက်၍ ပစ်လိုက်သော ပန်းကုံး, တံခွန်, ပန်းစည်း, ပန်းခိုင်စသော ပူဇော်ဖွယ်တို့ကို နတ်အပေါင်းတို့က စေခိုင်း၍ထားသော အဘိသမ္မတအမည်ရှိသော စေတီတော်စောင့်နတ်သားက တစ်ဆယ့်နှစ်ယူဇနာမြင့်သော စေတီတော်၏ ထီးတော်ပေါ်သို့ ယူဆောင်၍ တင်လျှ၏။

ထိုသို့ ယူဆောင်သော အဘိသမ္မတ နတ်သားကို လူတို့မမြင်ကြကုန်။ ပန်းကုံး, ပန်းခိုင်စသည်တို့ သွားသည်ကိုသာ မြင်ကြကုန်၏။ ဤသို့အံ့ဖွယ်သရဲ

http://www.dhammadownload.com

ပန်းကုံး, ပန်းခိုင်စသော ပူဇော်ဖွယ်တို့ အလိုလိုကောင်းကင်သို့ တက်သွား၍ တစ်ဆယ့်နှစ်ယူဇနာမြင့်သော ထီးတော်ပေါ်၌ တင်သည်ကို လူအများတို့သည် မြင်ကြသည်ရှိသော် အံ့လွန်ကြည်ညိုသောစိတ် ဖြစ်ကြကုန်၍ သေလွန်သော် နတ်ပြည်သို့ ရောက်ကြကုန်၏။

ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ သာသနာတော်၌ မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိတို့သည်လည်းကောင်း, ကြည်ညိုကုန်သော သမ္မာဒိဋ္ဌိတို့သည်လည်းကောင်း အလုံးစုံသော လူတို့သည် ဤသို့သော အံ့ဖွယ်သရဲ တန်ခိုးအထူးကို ကြည့်ရှုလိုကြကုန်၍ စေတီတော်ကို ပန်းကုံး, ပန်းခိုင်စသော ပူဇော်ဖွယ်တို့ကို ကောင်းကင်သို့မြှောက်၍ ပစ်ကာပစ်ကာ မကြာမကြာ ပူဇော်ကြကုန်၏။

ထိုပူဇော်ဖွယ် အမျိုးမျိုးတို့ကို အသက်ထက်ဆုံး ဝိဒေဟသူဌေးနှင့် အတူတကွ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လျှဒါန်း ပူဇော်သောကြောင့် ငါသည် လူ့ပြည်, နတ်ပြည်, သုဂတိဘဝသို့ အရှင်မဟာကဿပလောင်းလျှာနှင့် အတူဖြစ်ရသည်။ လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကိုလည်း အတူတကွ ခံစားရသည်။ ကိုယ်နှင့်အရိပ် မကွေမကွာ အမြဲပါသကဲ့သို့ ငါဘဒ္ဒါသည် အရှင်မဟာကဿပလောင်းလျှာနှင့် အတူတကွ ကျင်လည်၍ လာခဲ့၏။

ဝိပဿီဘုရားရှင်လက်ထက်

အရှင်မဘဒ္ဒါ ဘိက္ခနီရဟန္တာ မိန်းမမြတ်သည် ဝိပဿီမြတ်စွာဘုရား လက်ထက်၌ ဧကသာဋက ပုဏ္ဏားဖြစ်သော အရှင်မဟာကဿပ အလောင်းတော်နှင့် အတူတကွ နေထိုင်လျက် ကုသိုလ်ကောင်းမှု ပါရမီတို့ကို ဆည်းပူခဲ့သည်။ စုတေသော် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြီး ယခုကမ္ဘာအတွင်း၌ ကောဏာဂုံဘုရား ပွင့်တော်မူပြီးနောက် ကဿပမြတ်စွာဘုရား မပွင့်မီ အန္တရကပ်အတွင်းတွင် ဗာရာဏသီပြည်၌ ပြည့်ရှင်မင်း၏ မိဖုရားကြီးဖြစ်ခဲ့သည်ကိုလည်း ဟောတော်မူခဲ့၏။

ငါသည် ထိုပြည့်ရှင်မင်း၏ မိဖုရားဖြစ်သောအခါ ဆွမ်းခံလာသော ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကိုမြင်၍ မွန်မြတ်သော ဆွမ်းကို လောင်းပြီးသည်။ နောက်တစ်ဖန် ပင့်ဖိတ်၍ အတောင်တစ်ရာရှိသော ရတနာမဏ္ဍပ်ကို ဆောက်လုပ်စေကာ။ ထိုမဏ္ဍပ်၌ နေရာကို ရွေဖြင့်ပြီးသော အင်းပျဉ်တို့ကို ပန်းထိမ်ဆရာတို့အား ပြုလုပ်စေသည်။

http://www.dhammadownload.com

ထိုရွှေအင်းပျဉ်, ရွှေညောင်စောင်း, နေရာ,ထိုင်ရာ အခင်း စသည်တို့ကို ဆောင်ယူ၍ ရတနာမဏ္ဍပ်၌ ပစ္စေကဗုဒ္ဓါတို့အား ကိုယ်တိုင် မိမိလက်ဖြင့် လှူဒါန်း၏။

ထိုအလှူ ကိုလည်း ငါသည် အရှင်မဟာကဿပလောင်းလှာ ဖြစ်သော ကာသိကရာဇာ ဗာရာဏသီပြည့်ရှင်မင်းနှင့် အတူတကွလှူ၍ ထိုဘဝမှစုတေသော် ထိုပြည့်ရှင်မင်းသည် ဗာရာဏသီပြည်၏အနီး ကျေးလက်တံခါးရွာငယ်၌ ဥစ္စာ ပေါများသော သူကြွယ်မျိုး၌ ဖြစ်သည်။ ငါဘဒ္ဒါသည်လည်း သူ၏မယား ဖြစ်၏။

ထိုသူကြွယ်၌လည်း နှမတစ်ယောက်သည် ရှိ၏။ တစ်နေ့ သူကြွယ်၏ နှမနှင့် ငါတို့ ခိုက်ရန်ဖြစ်ပွားနေစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းရပ်ကြွလာသည်။ သူကြွယ်၏နှမက ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလောင်းလှူပြီး "ဤသို့ သဘောရှိသည့် သူမိုက်မနှင့် ယူဇနာတစ်ရာမျှ ဝေးအောင် ရှောင်နိုင်ပါစေဘုရား" ဟု ဆုတောင်းသည်ကို ငါကြားရ၏။

သူကြွယ်၏မယားဖြစ်သော ငါကလည်း ဤမိန်းမလှူသောဆွမ်းကို မစားရစေ ဟု ပစ္စေကဗုဒ္ဓါလက်တော်မှ သပိတ်ကိုယူပြီး ရွှံ့ညွှန်တို့ကို လောင်း၍ ပြန်ကပ် သည်။ ငါထိုသို့လုပ်သည်ကို သူကြွယ်၏နှမက မြင်သဖြင့် ငါ့ကို ဤသို့မလုပ် သင့်ကြောင်း အော်ဟစ်ကြိမ်းမောင်းသည်။ ငါလည်း ပညာဖြင့် ဆင်ခြင်မိ၍ ပစ္စေကဗုဒ္ဓါလက်တော်မှ သပိတ်ကိုယူပြီး ရွှံ့ညွှန်ကို ဆေးကြောသုတ်သင်ပြီး နံ့သာမှုန့်တို့ဖြင့် ပွတ်တိုက်ကာ ထောပတ်ဆွမ်း၊ စတုမဓုတို့ ပေးလှူလိုက်၍ ဤဆွမ်းလှူရသောအကျိုးကြောင့် အရောင်အလင်းနှင့် ပြည့်စုံသောကိုယ် ဖြစ်ပါစေဟု ဆုတောင်း၏။

ကိုယ်နံ့မကောင်း၍ ယောကျ်ားတို့က စွန့်ပစ်ခံရခြင်း

ထိုသူကြွယ် သမီးခင်ပွန်းတို့သည် ထိုဘဝမှ စုဆောပြန်သော် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်သော သူဌေးသား, သူဌေးသမီးတို့ ဖြစ်ကြကုန်၏။ ထိုသူဌေးသား သူဌေးသမီးတို့သည် အရွယ်ရောက်ကြသောအခါ လက်ထပ်မင်္ဂလာပြု၍ အိမ်သို့ ဆောင်ယူသည်ရှိသော် ဘဒ္ဒါ၏လောင်းလှာ သူဌေးသမီးသည် ရွှံ့ညွန်ကို လောင်းမိ သောမကောင်းမှုကံကြောင့် သူဌေးသား၏အိမ်သို့ ရောက်ခါမျှဖြင့် တံခါးခုံမှစ၍ တစ်အိမ်လုံး အပုပ်နံ့ နံ၏။ မစင်တွင်းကို ဖွင့်သကဲ့သို့ မကောင်းသော အနံ့သည် ထွက်၏။

http://www.dhammadownload.com

ထို့ကြောင့် သူဌေးသားသည် အိမ်မှ နှင်ထုတ်လိုက်သဖြင့် မိဘအိမ်သို့ ပြန်၍ရောက်ရ၏။ ထိုသူဌေးသမီးသည် ဤသို့ဖြင့် လင်ယောကျ်ား ခုနစ်ယောက်တို့၏ နှင်ထုတ်ပစ်ခြင်းကို ခံခဲ့ရ၏။

ထိုအခါ ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူ၍ ရွှေအုတ်တို့ဖြင့် ဓာတ်တော်ဌာပနာရန် စေတီတော်တည်ဆဲဖြစ်၏။ သူဌေးသမီးသည် ကိုယ်နှံ့မကောင်း၍ ယောကျ်ားခုနစ်ဦးတို့ စွန့်ပစ်သည်ကို ခံရသဖြင့် ငါသည် အသက်ရှင်၍ နေသော်လည်း အဘယ်အကျိုးရှိတော့အံ့နည်းဟု သံဝေဂတိုးပွား၍ မိမိဝတ်ဆင်သော ရွှေတန်ဆာ, လက်ကောက်, ခြေချင်း အစရှိသည်တို့ကို ရွှေအုတ်လုပ်စေကာ စေတီတော်၌ စီထား၏။ ဥပုလကြာပန်းစည်းတို့ဖြင့်လည်း ပူဇော်၏။

ကိုယ်နှံ့ကောင်းရန်ဆုတောင်းခဲ့ပုံ

ထိုသို့ ပူဇော်ပြီး "ငါ၏ ကိုယ်နှံ့သည် စန္ဒကူးနှံ့ကဲ့သို့ မွှေးစေသတည်း။ ခံတွင်းမှ ကြာပန်းအနှံ့ကဲ့သို့ မွှေးစေသတည်း"ဟု ငါဆုတောင်း၏။ ဤသို့ ဆုတောင်းပြီး၍ စေတီတော်ကို ရှိခိုးလျက် အိမ်သို့ ပြန်လာ၏။

ကောင်းကျိုးရပြီ

ထိုဧဏ္ဍပင်လျှင် ပထမဆုံးနှင်ထုတ်သော အရှင်မဟာကဿပလောင်းလျာ သူဌေးသားသည် သူဌေးသမီးကို အောက်မေ့သတိရသည်ဖြစ်၍ ဆောင်ယူရန် စေခိုင်းသည်။ သူဌေးသမီးကို အိမ်သို့ဆောင်ယူလာသောအခါ အိမ်ဝသို့ ရောက်စဉ်ပင် တစ်အိမ်လုံးသည် စန္ဒကူးနှံ့ကဲ့သို့ လှိုင်ပျံ့မွှေးကြိုင်လေ၏။

ထိုအခါ၌ သူဌေးသားသည် "သင်၏ကိုယ်၌ ရှေးအခါက မကောင်းသော အနံ့ နံ၏။ ယခုမူကား စန္ဒကူးနှံ့ကဲ့သို့ မွှေး၏။ အဘယ်ကဲ့သို့ သင်ပြုလုပ်သနည်း"ဟု မေးသည်။ သူဌေးသမီးသည် အစမှအဆုံးတိုင်အောင် သူပြုလုပ်ခဲ့သည်တို့ကို ပြန်ပြော၏။ သူဌေးသားသည် "ဩော် မြတ်စွာဘုရားတို့အား ပူဇော်ခြင်းသည် မကောင်းသော အကျိုးတို့ပယောက်၍ ကောင်းသောအကျိုးတို့ကို ဖြစ်စေနိုင်စွတကား" ဟု ကြည်ညိုခြင်းဖြစ်ကာ တစ်ယူဇနာမြင့်သော ရွှေစေတီတော်ကို ကမ္မလာနိုဖြင့် ဖုံးလွှမ်းလျက် ပူဇော်သည်။ ထိုကမ္မလာ၌ လှည်းဘီးမျှသော ရွှေကြာပွင့်တို့ဖြင့် တန်ဆာဆင်၍ ထား၏။

http://www.dhammadownload.com

စေတီတော်ကို ဆီမီးပူဇော်ခြင်းကြောင့် ကိုယ်ရောင်လင်းပုံ

အရှင်မဘဒ္ဒါသည် ကဿပ မြတ်စွာဘုရား၏ စေတီတော်၌ ဆီမီးပူဇော်ရန် ရတနာခုနစ်ပါးဖြင့် ပြုလုပ်အပ်သော ရတနာဆီမီးခွက် ခုနစ်ထောင်တို့ကိုတစ်ထောင် စီတန်း၍ ခုနစ်တန်းသော ရတနာဆီမီးခွက်တို့၌ ထောပတ်ဆီတို့ဖြင့် ထည့်လောင်း ထားသည်။ ဆီမီးစာ တစ်ထောင်စီအားဖြင့် ခုနစ်ထောင်သော ဆီမီးစာတို့ကို မီးညှိထွန်းပူဇော်၏။ ထိုကောင်းမှုကြောင့် တစ်ဆယ့်နှစ်တောင်အတွင်း ကိုယ်ရောင် လင်း၏။

သုမိတ္တာဘဝတုန်းက

ထိုသူဌေးသား သူဌေးသမီးနှစ်ဦးတို့သည် အသက်ရှည်သမျှ ကုသိုလ်ပါရမီ တို့ကို ပြုလုပ်ဆည်းပူး၍ စုတေပြန်သော် ကာသိတိုင်းအတွင်း၌ပင်လျှင် တစ်ခုသော ရွာ၌ ဖြစ်ကြပြန်၏။ သုမိတ္တာဟူသောအမည်ဖြင့် အရှင်မဟာကဿပ၏ လောင်းလျာ ဖြစ်၏။ အရှင်မဘဒ္ဒါသည်လည်း ထိုသုမိတ္တာမည်သော သူကြွယ်၏မယားဖြစ်သည်။ ပစ္စေက ဗုဒ္ဓါတစ်ပါးကို ဦးရစ်ခေါင်းပေါင်း ကောင်းမွန်ထူထဲစွာသော ပဝါကို လှူဖူး၏။

ပစ္စေကဗုဒ္ဓါ ငါးရာတို့အား တစ်ဝါတွင်း လုပ်ကျွေးခြင်း

ထိုသမီးခင်ပွန်းတို့သည် ထိုဘဝမှ စုတေပြန်သော် ကာသိတိုင်းအတွင်း၌ပင် လျှင် ကောလိယအမျိုး၌ အကြီးဥကွဋ္ဌဖြစ်ရသည်။ ငါးရာကုန်သော ကောလိယအမျိုး တို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ဝါတွင်းသုံးလပတ်လုံး ဆွမ်းလုပ်ကျွေး သည်။ ဝါကျွတ်သောအခါ တစ်ပါးလျှင် တိစီဝရိတ် တစ်စုံစီ လှူဒါန်း၏။

ပစ္စေကဗုဒ္ဓါ ငါးရာကို ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်း

ထိုသမီးခင်ပွန်းတို့သည် ထိုဘဝမှစုတေပြန်သော် ဗာရာဏသီပြည်၌ဖြစ်ကြ ရပြန်သည်။ ခင်ပွန်းသည် နန္ဒအမည်ရှိသော ပြည့်ရှင်မင်းဖြစ်သည်။ အရှင်မ ဘဒ္ဒါသည် မိဘုရားကြီးဖြစ်၍ ဥပွလဝဏ္ဏာ ထေရီအလောင်းဖြစ်သော ပဒုမဝတီ မင်းသမီး၏ သားငါးရာဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို ပရိနိဗ္ဗာန်ပြုတော်မူ သည်တိုင်အောင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးသည်။ ပရိနိဗ္ဗာန် ပြုကုန်သော် အရိုးတော် ဓာတ်တော်တို့ကို စေတီတည်၍ ကိုးကွယ်ပူဇော်ပြီးလျှင် ထိုမင်းနှင့်

http://www.dhammadownload.com

မိဖုရားတို့သည် အတူတကွ တောထွက်တော်မူကြသည်။ ဗြဟ္မဝိဟာရတရားကို ပွားလျက် စုတေသည်မှနောက် ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်၏။

နောက်ဆုံးဘဝ

အရှင်မဘဒ္ဒါ ဘိက္ခုနီရဟန္တာ မိန်းမမြတ်သည် အရှင်မဟာကဿပထေရ်မြတ်နှင့် အတူတကွ ပါရမီဖြည့်ဘက် ဆုတောင်းဘက်ဖြစ်လျက် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်မှ အစပြု၍ သမီးခင်ပွန်းနှစ်ပါး များစွာသော ဘဝတို့၌ အတူတကွ ကုသိုလ်ပါရမီ ဖြည့်ခဲ့ကြသည်။ နောက်ဆုံးဘဝ၌ ပိပွလိဟူသော အမည်၊ ဘဒ္ဒါဟူသောအမည်တို့ဖြင့် လူဖြစ်တော်မူကြ၏။

ဓုတင်ဧတဒဂ်ရ

မြတ်စွာဘုရားသည် စန္ဒူပမသုတ္တန် အစရှိသော များစွာသော သုတ္တန်တို့ဖြင့် ချီးမွမ်းတော်မူကာ အရှင်မဟာကဿပ မထေရ်အား ဓုတင်ပဋိပတ်ကျင့်သုံးသူ ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဟု ဧတဒဂ်ပေးတော်မူသည်။

အရှင်မဟာကဿပထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

အရှင်အနုရုဒ္ဓါထေရ် အပဒါန်ဝတ္ထု

အရှင်အနုရုဒ္ဓါထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏အထံ၌ ပတ္ထနာဆုတောင်းဖြင့် အဓိကာရပါရမီတို့ကို ဆည်းပူးဖြည့်ကျင့်ခဲ့သည်။ ပတ္ထနာကာလမှာ ကမ္ဘာတစ်သိန်းရှိ၏။ အဘိနီဟာရ နိယတဗျာဒိတ်ကို ရနိုင်လောတ်သည့် ပါရမီ ရင့်သောအခါသည် ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းအထက် အရှင်ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူစဉ်ကဖြစ်သည်။

သူကြွယ်ဘဝ

ထိုအခါက အရှင်အနုရုဒ္ဓါလောင်းလျာသည် သူကြွယ်မျိုး၌ဖြစ်၏။ တစ်နေ့သ၌ မြတ်စွာဘုရား၏ ကျောင်းတော်သို့ သွား၍ တရားတော်ကို နာသည်ရှိသော်

http://www.dhammadownload.com

မြတ်စွာဘုရားသည် ဒီဗ္ဗစက္ခုအရာ၌ ဇောဒဂ်ထားတော်မူသော ရဟန်းတစ်ပါးကို ဖူးမြင်ရသည်။ သူသည်လည်း ထိုဒီဗ္ဗစက္ခု ဇောဒဂ်အရာကို တောင့်တမိသည်။ သူသည် တစ်သိန်းသောရဟန်းတို့ဖြင့် ခြံရံအပ်သော ပဒုမုတ္တရမြတ်စွာဘုရားအား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူသည်။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားအား လည်းကောင်း, ရဟန်းသံဃာများအားလည်းကောင်း မြတ်ကုန်သော အဝတ်သင်္ကန်း တို့ကို ပေးလှူကာ ဒီဗ္ဗစက္ခုဇောဒဂ်ဆုကို တောင်း၏။

ဗျာဒိတ်ပေးပြီ

ပဒုမုတ္တရ မြတ်စွာဘုရားသည် ပြည့်စုံအံ့သည်ကို မြင်တော်မူ၍ "နောင်အခါ ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဒီဗ္ဗစက္ခု အဘိညာဉ်ရကုန်သော ရဟန်းတို့တွင် အမြတ်ဆုံး ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူ၏။

ထိုသူကြွယ်သည်လည်း ကုသိုလ်ကောင်းမှုတို့ကို အစဉ်သဖြင့် ပြုသည်။ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ခုနစ်ယူဇနာ ရှိသော ရွှေစေတီတော်၌ များစွာကုန်သော ကြေးခွက်တို့ကို လည်းကောင်း၊ ဆီမီးတိုင် ဆီမီးခွက်တို့ဖြင့် လည်းကောင်း၊ ပူဇော်ကာ "ဒီဗ္ဗစက္ခုဉာဏ်ရခြင်း၏ ဥပနိဿယ အကြောင်း ဖြစ်စေသတည်း"ဟု ဆုတောင်းသည်။

ဤကဲ့သို့ သက်တမ်းရှည်သမျှ ကာလပတ်လုံး ကောင်းမှုကုသိုလ်တို့ကို ပြု၍ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့ရသည်။

ကဿပဘုရားရှင်လက်ထက်

ဤငါတို့ဘဒ္ဒကမ္ပာအတွင်း၀ယ် ကဿပ မြတ်စွာဘုရား၏လက်ထက်တော်၌ ဗာရာဏသီပြည်ရှိ သူကြွယ်တစ်ဦး၏အိမ်၌ ဖြစ်လေသည်။ သိ,ကြားလိမ္မာသော အရွယ်သို့ ရောက်သည်ရှိသော် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်။ ဘုရားရှင်၏ဓာတ်တော်တို့ကို တည်ထားရာဖြစ်သော တစ်ယူဇနာရှိသော ရွှေစေတီတော်၌လည်း ဆီမီးခွက်ချင်း ထိအောင်စီထား၍ စေတီတော်တစ်ပတ်ပြည့်အောင် ဆီမီးပူဇော်၏။

ထို့ပြင် ကြေးခွက်ကြီး တစ်ခုအတွင်း၌ ထောပတ်ဆီတို့ကို ပြည့်အောင် လောင်းထည့်ပြီးလျှင် ဆီမီးစာတစ်ထောင်တို့ကို မီးညှိထွန်းလျက် မိမိ၏ဦးခေါင်းဖြင့် ရွက်ကာ စေတီကြီးအား ညဉ့်သုံးယံပတ်လုံး လှည့်လည်ပူဇော်၏။

http://www.dhammadownload.com

အန္နဘာရဆင်းရဲသားဘဝ

ထိုဘဝ၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကိုပြုသောကြောင့် နတ်ပြည်၌ဖြစ်ရသည်။ ထိုနတ်ပြည်မှ စုတေပြန်သော် ကဿပဘုရားရှင် သာသနာကွယ်ပျောက်ခါနီး၌ ဗာရာဏသီပြည်ဝယ် သူဆင်းရဲမျိုး၌ ဖြစ်ပြန်၏။ ထိုသူဆင်းရဲကို အန္နဘာရဟူ၍ ခေါ်ကြကုန်၏။

ဖနီးမောင်နှံတို့ ကုသိုလ်ပြုပုံ

ထိုအန္နဘာရသူဆင်းရဲသည် သုမနမည်သော သူဌေးအိမ်၌ သူရင်းငှားလုပ်၍ အသက်မွေးရ၏။ တစ်နေ့သ၌ ဥပရိဋ္ဌဘွဲ့မည်ရသော ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှ ထတော်မူပြီးလျှင် ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူသည်။ ဗာရာဏသီမြို့ တံခါးအနီး၌ ကောင်းကင်မှ သက်တော်မူလျက် ဆွမ်းခံလှည့်တော်မူသည်ကို အန္နဘာရမြင်၍ ကြည်ညိုသောစိတ်ဖြစ်လျက် သပိတ်ကို တောင်းယူသည်။ မိမိစားအံ့ သောဌာထားသောထမင်းကို အကုန်လုံးသပိတ်၌ထည့်ပြီး ၎င်းသပိတ်ကို ပစ္စေကဗုဒ္ဓါ၏လက်သို့ ကပ်မံည်ပြုဆဲတွင် မယားဖြစ်သူကလည်း သူစားရန်ထားသော ထမင်းအကုန်လုံးပင် ထိုသပိတ်ထဲသို့ လောင်းပြန်၏။ ထိုနောက် အန္နဘာရသူဆင်းရဲသည် ထိုသပိတ်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏လက်သို့ ကပ်လှူ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုသပိတ်ကို အကပ်ခံပြီး ဆွမ်းအလှူကို အနုမောဒနာပြုကာ ကြွသွားတော်မူ၏။

ထိုနေ့တွင် သုမနသူဌေး၏ ပြာသာဒ်၌ ထီးဖြူကိုစောင့်သော နတ်သည် "ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းရသော အလှူဒါနသည် အလွန်မွန်မြတ်လှပေစွတကား"ဟူ၍ ကျယ်စွာသောအသံဖြင့် ဝမ်းမြောက်စွာ ဆို၏။ ထိုနတ်၏အသံကိုကြားသဖြင့် သုမနသူဌေးသည် အန္နဘာရ၏အထံမှ အလှူ၏အဖို့ကို မိမိအားလည်း ပေးဝေမျှပါရန် တောင်းပန်၏။

ဒါနအကျိုး လက်ငင်းခံစားရပြီ

အန္နဘာရသည်လည်း သူဌေးအား အလှူ၏ အဖို့ကို အမျှဝေပေး၏။ ထို့ကြောင့် သူဌေးက အန္နဘာရအား အသပြာတစ်ထောင်ပေးကာ "သင်သည် ဤနေ့မှစ၍ မိမိလက်ဖြင့် အလုပ်လုပ်ရန်မလို။ သင့်လျော်စွာ အိမ်ကိုဆောက်ကာ

http://www.dhammadownload.com

အမြဲနေလော့"ဟု ဆို၏။ နိရောဓသမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လျှဒါန်းအပ်သော ဆွမ်းသည် ထိုနေ့၌ပင်လျှင် များမြတ်သော အကျိုးကို ပေး၏။

ထိုနေ့မှာပင် သုမနသူဌေးသည် ပြည့်ရှင်မင်း၏အထံသို့ အခစားဝင်သော အခါ အနုဘာရကိုခေါ်၍ သွားသည်။ ပြည့်ရှင်မင်းသည် အနုဘာရကို မြင်လျှင်ပင် အလေးဂရုပြု၍ တစိမ့်စိမ့် ကြည်တော်မူ၏။ အနုဘာရ၏ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူပုံ မိမိအား အမျှပေးဝေပုံ၊ ချစ်အပ်သော အဖော်မိတ်ဆွေဖြစ်ပုံကို ပြည့်ရှင်မင်းအား သူဌေးကလျှောက်ထား၏။ ပြည့်ရှင်မင်းသည် အနုဘာရအား နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အသပြာငွေတစ်ထောင်ကို ပေးလျက် "ဤမည်သော အရပ်၌ အိမ်ဆောက်၍ နေလော့"ဟု အိမ်ဆောက်ရန် နေရာကိုလည်းပေး၏။

အိမ်ဆောက်မည့် နေရာမှ ရွှေအိုးငွေအိုးများ တွေ့ရခြင်း

အနုဘာရသည် ပြည့်ရှင်မင်းပေးသော မြေနေရာကွက်မှ ခြုံနွယ်ပိတ်ပေါင်းများကို သုတ်သင်ရှင်းလင်း တူးဆွပြုပြင်သောအခါ ကြီးစွာသော ရွှေအိုးငွေအိုးတို့သည် ပေါ်ထွက်လာကုန်၏။ အနုဘာရသည် ထိုအကြောင်းကို ပြည့်ရှင်မင်းအား လျှောက်ထား၏။ ပြည့်ရှင်မင်းသည် အလုံးစုံသော ရွှေအိုးငွေအိုးတို့ကို တူးဖော်ထုတ်ယူစေ၍ စုပုံထားစေသည်။ ထို့နောက် မြို့သူမြို့သား အပေါင်းတို့အား "ဤမျှလောက်သောဥစ္စာသည် ဤမြို့၌အဘယ်သူ့အိမ်မှာရှိသနည်း"ဟု မေးတော်မူ၏။ "ဘယ်သူ့အိမ်မှာမှ မရှိပါ"ဟု သံတော်ဦးတင်၏။ "သို့ဖြစ်သော် ဤအနုဘာရကို ဤမြို့၌ 'မဟာဓနသေဋ္ဌိ'ဟူသော အမည် ဖြစ်စေလော့"ဟုဆို၍ ထိုနေ့၌ပင်လျှင် အနုဘာရအား သူဌေးတို့ဆောင်ထိုက်သော ထီးဖြူကို ဆောင်စေ၏။

ဘုရားပွင့်တော်မူသောအခါ

ထိုအနုဘာရ သူဆင်းရဲသူ၌ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသောကြောင့် ထိုနေ့ပင်လျှင် ဒိဋ္ဌမင်္ဂလအကျိုးပေး၍ သူဌေး ဖြစ်လာသည်။ အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကိုပြုသောကြောင့် နတ်ပြည်၌ဖြစ်ပြီးလျှင် ရှည်ကြာလှစွာသော သံသရာကာလပတ်လုံး နတ်ပြည်လူ့ပြည်၌ ကျင်လည်လာခဲ့ရသည်။ ယခု ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ ခမည်း

http://www.dhammadownload.com

တော် သုဒ္ဓေါဒနမင်းကြီး၏ ညီတော်ဖြစ်သော သုက္ကောဒနမင်း၏သားဖြစ်ရသည်။ သူ့ကို "အနုရုဒ္ဓါ" ဟူ၍ အမည်ကို မှည့်ခေါ်ကြကုန်၏။ သူ၏နောင်တော်မှာ မဟာနာမ်မင်းသားဖြစ်သည်။ သူတို့သည် ဘုရားရှင်နှင့် ညီနောင်တစ်ဝမ်းကွဲများ ဖြစ်ကြသည်။

မရှိဟူသောစကား၏ အဓိပ္ပာယ်ကို မသိသူ

ထိုအနုရုဒ္ဓါမင်းသားသည် အလွန်နူးညံ့သိမ်မွေ့၏။ ရွေးကာ ပြုဖူးခဲ့သော ကုသိုလ်ထူးရှိသူဖြစ်၏။ ရွှေခွက်၌ ထမင်းအစာ ခဲဖွယ်တို့ဖြစ်နိုင်သော ဘုန်းထူး၊ ကံထူးသူဖြစ်၏။ "မရှိ" ဟူသော စကားကို မကြားဖူးသောကြောင့် ထို 'မရှိ' ဟူသော စကား၏ အဓိပ္ပာယ်ကိုပင် မသိပေ။

တစ်နေ့သ၌ ထိုအနုရုဒ္ဓါမင်းသား၏ မယ်တော်သည် သူ၏သားတော်သည် 'မရှိ' ဟူသော စကား၏အဓိပ္ပာယ်ကိုမျှ မသိ။ ယနေ့ သိစေအံ့ဟု ကြံ၍ တစ်ခုသော ရွှေခွက်၌ တစ်စုံတစ်ခုမျှ မထည့်ဘဲ အလွတ်သက်သက် ဖုံးအုပ်၍ သားထံ ပို့စေ၏။ ခရီးလမ်းအကြား၌ နတ်တို့က ထိုရွှေခွက်အတွင်း နတ်၌ဖြစ်သော မုန့်ခဲဖွယ်တို့ဖြင့် ပြည့်စေကုန်၏။ ရွှေးကုသိုလ်ထူးရှိသော အနုရုဒ္ဓါမင်းသားသည် ဥတုသုံးပါးတို့နှင့်လျော်သော ပြာသာဒ်သုံးဆောင်တို့၌ တန်ဆာဆင်အပ်သော ကချေသည် မိန်းမပျိုတို့ဖြင့် ခြံရံလျက် နတ်၏စည်းစိမ်ကဲ့သို့ ခံစား၏။

မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသောအခါ ရာဟုလာကို ရှင်ပြုသည်။ မကြာမြင့်မီ ကလိလဝတ်နေပြည်တော်မှ မလွှာပြည်သို့ ဒေသစာရီ ကြွချီတော်မူရာ အနုပိယတောအုပ်သို့ ရောက်တော်မူ၏။

ထိုအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းအပေါင်းတို့ကို စည်းဝေးစေ၍ "အို... သာကီဝင်မင်းအပေါင်းတို့၊ ငါ၏သားတော်ကြီးသည် ရွှေနန်းတော်၌ နေငြားအံ့၊ ရတနာ ခုနစ်ပါးနှင့်ပြည့်စုံသော စကြာမင်းသည် ဖြစ်ရာ၏။ ထိုအခါ မြေးတော်ရာဟုလာသည်လည်း သာကီဝင်အပေါင်း ခြံရံလျက်နေရာ၏။ ထို စကြာမင်းဖြစ်အံ့သော အကြောင်းကိုလည်း အသင်တို့ အသိပင် ဖြစ်၏။

ယခုမှာမူ ငါ၏သားတော်သည် တောထွက်၍ ရဟန်းပြုသောကြောင့် ဘုရားဖြစ်၍နေ၏။ သာကီဝင်မျိုးဖြစ်သော ငါ၏သားတော်ဘုရားကို သာကီဝင်မင်းသား ရဟန်းတို့ဖြင့် ခြံရံစေကုန်လော့။ အမောင်တို့သည် တစ်အိမ်လျှင် တစ်ယောက်ကျစီ သားတော်တို့ကို ပေးကြကုန်လော့" ဟု ဆို၏။

http://www.dhammadownload.com

ဤသို့ဖြင့် ရှစ်သောင်းနှစ်ထောင်သော မင်းသားတို့သည် ရဟန်းပြုကြကုန်၏။ ထိုသို့ ရဟန်းပြုကြကုန်သည် ရှိသော် မဟာနာမ်မင်းသားကြီးသည် မိမိ၏ညီတော် အနုရုဒ္ဓါ မင်းသားကို "ညီချစ် အနုရုဒ္ဓါ၊ ယခုအခါ ထင်ရှား လူသိများသူ မင်းသားတို့ ရဟန်းပြုကုန်ကြပြီ။ ငါတို့အိမ်မှ ရဟန်းပြုသူတို့ မရှိသေး၊ ငါ့ညီပင် ရဟန်းပြုမည်လော၊ သို့မဟုတ် ငါပင် ရဟန်းပြုရမည်လော" ဟု မေးလေသည်။

ထိုအခါ အနုရုဒ္ဓါမင်းသားက အိမ်၌နေသောအခါ မည်သို့သောလုပ်ငန်းများကို ဆောင်ရွက်ရပါမည်နည်းဟု မေး၏။ မဟာနာမ်မင်းသားကြီးက "လယ်ယာစိုက်ပျိုးထွန်ယက်လုပ်ကိုင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ညီတော်အား ရှင်းပြသည်။ ကြောင့်ကြမဲ့နေလာခဲ့သော ညီတော်သည် လုပ်ငန်းခွင်ကို စိတ်မဝင်စားနိုင်။ ထို့ကြောင့် လူ့လောကကြီးတွင် ပြီးဆုံးခြင်းမရှိသည့်လုပ်ငန်းကို နောင်တော်ကြီး သာလျှင် ဆက်လက်လုပ်ကိုင်စေပြီး သူကမူ သာသနာတော်ထမ်း၍ ရှင်ရဟန်းပြုတော့မည်ဟု ပြောလိုက်သည်။

ညီနောင်နှစ်ပါးတို့ တိုင်ပင်ဆုံးဖြတ်ပြီးသောအခါ အနုရုဒ္ဓါသည် ထိုအကြောင်းကို မယ်တော်ကြီးအား အသိပေးပြီး ရဟန်းပြုခွင့်ပေးရန် တောင်းပန်သည်။ မယ်တော်ကြီးသည် ချစ်လှသည့်သားငယ်ကို မခွဲချင်ပေ။ သို့သော် ကန့်ကွက်မှုကိုလည်း မပြုလိုပေ။ ထို့ကြောင့် တိုင်းပြည်အုပ်ချုပ်ရေးကို သုဒ္ဓေါဒန မင်းကြီးကိုယ်စား စီမံအုပ်ချုပ်နေသော နောင်တော်ကြီး ဘဒ္ဒိယမင်းသားထံ စေလွှတ်လိုက်၏။ "ဘဒ္ဒိယမင်းသား ရဟန်းပြုလျှင် သူနှင့်အတူ သားတော်လည်း ရဟန်းပြုလေ့" ဟု မှာကြားလိုက်သည်။

မယ်တော်ကြီးက ဘဒ္ဒိယမင်းသားသည် သုဒ္ဓေါဒနမင်းကြီး ကိုယ်စား တိုင်းပြည်ကို စီမံခန့်ခွဲနေသဖြင့် ရဟန်းပြုမည်မဟုတ်ဟု ယုံမှတ်နေသည်။ မယ်တော်ကြီး၏အထင်သည် တကယ့်လက်တွေ့မျက်မြင်နှင့် ကွာခြားသွားပေပြီ။ ဘဒ္ဒိယမင်းသားသည် အနုရုဒ္ဓါမင်းသား၏ တိုင်ပင်စကားကို ကြားသော် ချက်ခြင်းပင် ရဟန်းပြုရန် သဒ္ဓါစိတ်ပေါ်လာပြီး ဘုရားရှင်ထံ ညီတော်နှင့်အတူ လိုက်ပါသွားသည်။

ဘဒ္ဒိယမင်းသားနှင့် အနုရုဒ္ဓါတို့ ရဟန်းပြုမည့်သတင်းကို ကြားသော သာကီဝင်မင်းသားများဖြစ်ကြသည့် အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်တို့

http://www.dhammadownload.com

ကြားသော် သူတို့လည်း ရဟန်းပြုမည့်အကြောင်း သဘောတူရောက်လာကြသည်။ သူတို့နှင့်အတူ မင်းသားတို့၏ အလုပ်အကျွေးဖြစ်သည့် ဆတ္တာသည် ဥပါလိလည်း ပါလာသည်။

သို့ဖြင့် သူတို့သည် မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ အနုပိယ သရက်တောသို့ သွားရောက်ကြပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းခံကြသည်။

တရားရကြသူများ

ဤသို့လျှင် အနုပိယ သရက်တော၌ ရဟန်းပြုကြသော မင်းသား ခုနစ်ယောက်တို့တွင် ဘဒ္ဒိယထေရ်သည် ထိုဝါတွင်းဥပင် ရဟန္တာဖြစ်၏။ အနုရုဒ္ဓါထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရ၏။ အရှင်ဒေဝဒတ်သည် သမာပတ် ရှစ်ပါးနှင့် ပဋိဘာဏ အဘိညာဉ်ကိုရ၏။ အာနန္ဒာထေရ်သည် သောတာပန်တည်၏။ ဘဂုထေရ်နှင့် ကိမိလထေရ်တို့သည် နောက်မှရဟန္တာဖြစ်ကြကုန်၏။ အရှင်ဥပါလိသည် ဘုရားရှင်ထံတော်၌နေလျက် ဝိနည်းကိုသင်အံသည်။ နောင် ဝိနည်းဆောင်စတဒဂ် ရသည်။

အရှင်အနုရုဒ္ဓါသည် စကြာဝဠာပေါင်းတစ်ထောင်အထိ မြင်နိုင်သော အစွမ်းထက်မြက်သည့် အဘိညာဉ်အားအစွမ်းကြောင့် ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် အလျင်အမြန်ပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိနိုင်မည်ဟု ယုံကြည်၏။ သို့သော် ဝိပဿနာကို တကယ်တမ်းအားထုတ်ရာ၌မူ ထင်တိုင်းမပေါက်ပေ။ ဘယ်လိုပင် ကြိုးစားအားထုတ်သော်ငြားလည်း မရရှိပေ။ ထို့ကြောင့် အရှင်မဟာသာရိပုတ္တရာကို ဤသို့ လျှောက်ထားမေးမြန်းသည်။

"အရှင်ဘုရား၊ တပည့်တော်သည် စကြာဝဠာပေါင်းတစ်ထောင်ထိတိုင် အောင်သော လောကဓာတ်တစ်ခွင်လုံးကို မြင်နိုင်ပါသည်ဘုရား။ မတွန့်မဆုတ်သော လုံ့လဝီရိယနှင့်လည်း ပြည့်စုံပါသည်ဘုရား။ မှောလျှာခြင်းမရှိ၊ သတိသည် လွန်စွာ ခိုင်မြဲပါသည်ဘုရား။ ကိုယ်ခန္ဓာသည် ပူပန်ခြင်းအလျဉ်းမရှိ၊ ငြိမ်းအေးနေပါသည်။ စိတ်သည် တစ်ခုတည်းသောအာရုံ၌သာ မြဲနေပါသည်ဘုရား။ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် ဘုရားတပည့်တော်သည် အာသဝတရားတို့မှ မလွတ်မမြောက် ဖြစ်နေရပါသနည်း ဘုရား"ဟု လျှောက်ထား၏။ ထိုအခါ အရှင်သာရိပုတ္တရာက–

http://www.dhammadownload.com

"ငါ့ရှင် အနုရုဒ္ဓါ၊ သင့်၌ 'တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်သည်'ဟူသော စိတ်အကြံသည် သင့်အား မာနကို ဖြစ်ပွားစေပေသည်။"

"ငါ့ရှင် အနုရုဒ္ဓါ၊ မတွန့်မဆုတ်သော ဇွဲလုံ့လဖြင့် ငါသည် အားထုတ်နေသည်။ မေ့လျော့ခြင်းမရှိ၊ သတိတရားသည် အမြဲပင်ရှိနေသည်။ ကိုယ်ခန္ဓာ ပူပန်ခြင်းမရှိ၊ ငြိမ်းအေးနေသည်။ စိတ်သည် အာရုံတစ်ခုတည်းပေါ်၌ မြဲမြံတည်ရှိနေသည်" ဤသို့ အကြံဖြစ်နေခြင်းသည်ပင်လျှင် သင်၏စိတ်သည် ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)ဖြစ်နေသည်။

"ငါ့ရှင် အနုရုဒ္ဓါ၊ သင့်စိတ်၌ 'မာန'၊ 'ဥဒ္ဓစ္စ'ဖြစ်နေသော်လည်း ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့၌ မစွဲလမ်းဘဲ ဘာ့ကြောင့် အာသဝတို့မှ မလွတ်ပါသနည်း ဟု ဖြစ်နေခြင်းသည်ပင် သင့်အား သံသယကုက္ကုစ္စ ဖြစ်နေခြင်းပင် ဖြစ်သည်"

ရဟန္တာဖြစ်ပြီ

အရှင်အနုရုဒ္ဓါထေရ်သည် ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာအထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ စေတိယတိုင်း ပါစိနဝံသဒါယ (အရှေ့တောတန်း)သို့ ကြွသွားကာ ရဟန်းတရားကို အားထုတ်သည်။ ယောဂျားမြတ်တို့၏ အကြံအစည်များဖြစ်သည့် မဟာပုရိသဝိတက်ခုနစ်မျိုး အထိကို ကြံနိုင်၏။ ရှစ်ခုမြောက်သော မဟာပုရိသဝိတက်၌ ပင်ပန်းခြင်းသို့ ရောက်တော်မူ၏။ မြတ်စွာဘုရား သိတော်မူလျှင် ကြွလာတော်မူ၍ ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကို ပြည့်စေပြီး မဟာအရိယဝံသ ပဋိပဒါကို ဟောတော်မူကာ ကောင်းကင်ဖြင့် ပဲစင်းခုန်တောသို့ ကြွတော်မူ၏။ (အင်္ဂုတ္တိရ် အဋ္ဌကနိပါတ်)

အရှင်အနုရုဒ္ဓါထေရ်သည် မြတ်စွာဘုရား ကြွသွားတော်မူသည့် အချိန်တိုင်ကလေးအတွင်း၌ ဝိဇ္ဇာသုံးပါးနှင့်တကွ ခဏာသဝ ရဟန္တာကြီးဖြစ်တော်မူသည်။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရသောအရာဌာနတွင် ဧတဒဂ်ဂုဏ်ထူးရတော်မူ၏။

အရှင်အနုရုဒ္ဓါဟောတော်မူသော တရားတော်

ထိုအရှင် အနုဒ္ဓါထေရ်မြတ်သည် ဒိဗ္ဗစက္ခုဧတဒဂ်ရတော်မူ၍ ဝမ်းမြောက်သောအားဖြင့် ရွှေဘဝတို့က ပြုကျင့်ဆည်းပူးခဲ့သော ပါရမီထူးကိုပြလိုသဖြင့် ဤသို့ဟောတော်မူ၏။

http://www.dhammadownload.com

"အိုတပည့်အပေါင်းတို့၊ ငါ အနုရုဒ္ဓါထေရ်သည် ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာပေါင်းသုံးသောင်းထက်၌ သုမေဓာ အမည်တော်ရှိသော မြတ်စွာဘုရားသည် လူသုံးပါးတို့တွင် ထင်ရှားပွင့်တော်မူ၏။

ထိုသုမေဓာမြတ်စွာဘုရားသည် တစ်ခုသော တောအုပ်၌ သီတင်းသုံးနေတော်မူသည်ကို ငါဖူးတွေ့ရ၏။ ဘုရားရှင်၏ တည်ကြည်ငြိမ်သက်သော ဣန္ဒြေတော်ကို ကြည်ညိုလွန်းလှသဖြင့် ငါသည် ဘုရားရှင်ကို ဤသို့ လျှောက်ထားခဲ့သည်။ "မြတ်စွာဘုရား၊ အရှင်ဘုရားအား တပည့်တော်သည် ဆီမီးဖြင့် ပူဇော်ပါအံ့"။ ဤသို့ ငါတောင်းပန်လျှောက်ကြားသည်ကို မြတ်စွာဘုရားကသဘောတူတော်မူ၏။

ထိုသို့မြတ်စွာဘုရား ခွင့်ပြုတော်မူသောအခါ ငါသည် တောတွင်းမှ ရနိုင်သမျှသော သစ်ပင်မှရသည့်အဆီဖြင့် သစ်ပင်တို့၌ ဖောက်ထွင်း၍ ကြိုးတို့ဖြင့် စက်ယန္တရားကိုဆင်ကာ တစ်ထောင်သော မီးပွင့်, မီးတိုင်, မီးခွက်, မီးစာ, မီးရောင်တို့ဖြင့် ခုနစ်ရက်ပူဇော်၏။ ထိုငါပူဇော်သောမီးတို့သည် ခုနစ်ရက်ပတ်လုံး တောက်ပထွန်းလင်းလျက် ခုနစ်ရက်မြောက်သောအခါ၌ မီးသည် ငြိမ်းလေကုန်၏။ ဤသို့ ပူဇော်ရသောစိတ်၏ ကြည်ညိုခြင်းဖြင့် လည်းကောင်း, ဆုတောင်းစေတနာတို့ကြောင့်လည်းကောင်း ငါသည် သေလွန်သော် နတ်ဗိမာန်၌ဖြစ်ရ၏။

(ဗုဒ္ဓ၀င်ပါဠိတော်)

ဥပဖဒ္ဓဝေဒနီယက်(ဒုတိယဘ၀၌ခံစားရသောကံ)၏အကျိုး

နတ်ပြည်၌ဖြစ်သောအခါ ငါ၏ဘုံဗိမာန် အရောင်တို့သည် ထက်၀နှံးကျင်ပတ်လည် ရှစ်မျက်နှာ, ဆယ်မျက်နှာတို့ကို ယူဇနာတစ်ရာစီတိုင်ရောက်အောင် တောက်ပထွန်းလင်း၍ နေ၏။ ဤသည်ကား သုမေဓာမြတ်စွာဘုရားအား တစ်ထောင်သော မီးပွင့်တို့ဖြင့် သစ်ပင်တို့၌ ကြိုးဖြင့်ဆင်၍ ပူဇော်ရသော ငါ၏ ဥပဖဒ္ဓဝေဒနီယက်၏ အကျိုးပေတည်း။

အိုတပည့်အပေါင်းတို့၊ ငါ အနုရုဒ္ဓါထေရ်သည် သုမေဓာမြတ်စွာဘုရားအား ဆီမီးတစ်ထောင်တို့ဖြင့် စက်ဆင်၍ ပူဇော်ရသော ကံ၏အကျိုးအဆက်ဆက်ကြောင့် သိကြားနတ်မင်းအဖြစ်၌လည်း ကမ္ဘာသုံးဆယ်ပတ်လုံး နတ်စည်းစိမ်ကို ခံစားရ၏။ လူ့ပြည်၌ စကြာမင်း နှစ်ဆယ့်ရှစ်ကြိမ် ဖြစ်ပြီး မင်းစည်းစိမ်ကို စံစားရ၏။ ထိုစကြာမင်းဖြစ်သောအခါ၌ ငါ၏မျက်စိသည် တစ်ယူဇနာဝေးသောအရပ်၌

http://www.dhammadownload.com

ရှိသည့် အဏုမြူမှုန့်ကိုသော်လည်း မြင်နိုင်သည်။ ထိုသို့ မြင်နိုင်ခြင်းသည် နေ့အခါ၌သာ မဟုတ်။ ည၌အခါ၌လည်း မြင်နိုင်၏။

ဤကား ဆီမီးတစ်ထောင်လှူရခြင်း၏ အကျိုးတည်း။

အရှင်အနုရုဒ္ဓါထေရ်သည် များသောအားဖြင့် တောရ ဆောက်တည်၍ နေသည်သာ ဖြစ်သည်။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ဝင်စားနေသည့်အချိန်က များသည်။ ရှုတင်အကျင့်ကိုလည်း ဆောင်သည်။ ထို့ကြောင့် ပုံသကူကောက်ယူ၍ ဝတ်ရုံထားသည့် သင်္ကန်းသည်လည်း မဲညစ်ရုပ်ထွေးနွမ်းယိနေပေပြီ။ ခရီးထွက်ရာ အရပ်တိုင်း၌ ပုံသကူသင်္ကန်းစကို ရရှိရန် အမြဲကြည့်ရှုနေရသည်။ ဤတွင် လွန်ခဲ့သော အတိတ်သုံးဘဝက သူ၏မယားဖြစ်ခဲ့ဖူးသော ဇာလိနီနတ်သမီးသည် ထိုအကြောင်းကို သိသဖြင့် အရှင်မြတ်စကြ်ာလျှောက်ရာလမ်းအနီးရှိ အမှိုက်ပုံတစ်ခုတွင် အဝတ်စတစ်ခုကို အစွန်းကလေးပေါ်ရုံသာ ထားသည်။ အနုရုဒ္ဓါ မထေရ် စကြ်ာကြွသောအခါ ထိုအဝတ်ပိုင်းကလေးကို မြင်သော် လူတို့အသုံးမလို သဖြင့် စွန့်ပစ်သည်ဟု သဘောထား၍ ကောက်ယူလိုက်သည်။ ထိုအဝတ်စကလေးသည် အလျားတစ်ဆယ့်သုံးတောင်၊ အနံလေးတောင်ရှိသော အဝတ်ပုဆိုးသုံးထည်ဖြစ်နေသည်။

ထိုအဝတ်ပုဆိုးတို့ကို သင်္ကန်းအဖြစ်ချုပ်သောနေ့သည် အလွန်ထူးခြားသော နေ့ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်နှင့်တကွ ရှစ်ကျိပ်သော မဟာသာဝကကြီးတို့သည် အရှင်အနုရုဒ္ဓါထံ ကြွရောက်လာကြပြီး အရှင်မဟာကဿပမထေရ်ကြီးက သင်္ကန်းကို အစွန်းတစ်ဖက်မှ လည်းကောင်း၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အလယ်မှ လည်းကောင်း၊ အရှင်အာနန္ဒာက အခြားအစွန်းတစ်ဖက်မှ လည်းကောင်း ကိုင်ပေးထားကြသည်။ အခြားသော မထေရ်ကြီးများက အပ်ချည်ကို ကျစ်ပေးကြသည်။ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက လိုအပ်သည့်အရာများကို ဆောင်ယူပေးသည်။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုကာနီးတွင် ဘုရားရှင်၏နောက်တော်မှ လိုက်ပါခဲ့သည်။ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူရာတွင် အရှင်အနုရုဒ္ဓါသည် ဘုရားရှင်နှင့် အတူ ဈာန်အဆင့်ဆင့်ကို ဝင်စားတော်မူသည်။ ဘုရားရှင်သည် ဈာန်များကို အထက်မှ အောက်သို့လည်းကောင်း၊ အောက်မှ အထက်သို့လည်းကောင်း ဝင်စား

http://www.dhammadownload.com

တော်မူရာမှ နောက်ဆုံးစတုတ္ထဈာန်မှအထတွင် စုတိစိတ်ကျသည်။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်က ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံသွားပြီ ဖြစ်ကြောင်း လျှောက်ထားသည်။

နောက်ဆုံးဘဝခံ့

ငါအနုရုဒ္ဓါထေရ်သည် ယခုအဆုံးဖြစ်သောဘဝခံ့ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ဝယ် ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ တစ်ထောင်သော စကြဝဠာလောကဓာတ်ကို မြင်နိုင်၏။ ဤကား ဆီမီးတစ်ထောင်လှူသောကောင်းမှု၏ အကျိုးတည်း။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရုစ်ပါး, အဘိညာဉ်ခြောက်ပါးတို့ကိုရ၍ မြတ်စွာဘုရား၏သာသနာတော်ကို ပြုရပြီ။ သာသနာပြု ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီဟူ၍ အရှင်အနုရုဒ္ဓါ မဟာထေရ်မြတ်ဟောတော်မူ၏။

အရှင်အနုရုဒ္ဓါထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ ဧတဒဂ် ရတော်မူသော မထေရ်ကြီးဖြစ်သည်။

အရှင်အနုရုဒ္ဓါထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ပုဏ္ဏဇထေရ် အပဒါန်ဝတ္ထု

ဓမ္မကထိက ဧတဒဂ်ရပုဏ္ဏထေရ် အရှင်မြတ်သည် ရှေးရှေးသော ဘုရားရှင်တို့၏အထံတော်၌ ပြုအပ်သော အဓိကာရ, သမ္ဘာရကုသိုလ်ထူးရှိသည်ဖြစ်၍ ထိုထိုဘဝတို့၌ ဝဋ်ဆင်းရဲမှ ကင်းလွတ်ကြောင်းဖြစ်သော ဝိဝဋ္ဋနိဿိတကုသိုလ်ကို ဆည်းပူးအားထုတ်သည်။ ဗျာဒိတ်မရမီ ပတ္ထနာဆုတောင်းဖြင့် ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်တော်မူသည်။ ရှင်ပြီးသော ပါရမီရှိရကား အဘိနီဟာရ, နိယတ ဗျာဒိတ်ကို ရလောက်သောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားမပွင့်မီ ဟံသာဝတီပြည်တွင် ဥစ္စာပေါများသော ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ ဖြစ်သည်။ သူအရွယ်ရောက်သောအခါ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသည်။

http://www.dhammadownload.com

ပုဏ္ဏထေရ်လောင်းလျာတရားနာ

ထိုအခါ၌ ဓမ္မကထိကဧတဒဂ်ရ ပုဏ္ဏထေရ်လောင်းလျာဖြစ်သော ပုဏ္ဏား သည် များစွာသော လူအပေါင်းတို့နှင့်အတူတကွ ဘုရားရှင်ရှိရာ ကျောင်းတော်သို့ သွား၍ ပရိသတ်အစွန်း၌ ထိုင်လျက် တရားနာ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းတစ်ပါးကို ဓမ္မကထိကအရာ၌ ဧတဒဂ် ထားတော်မူသည်ကိုမြင်၍ ငါသည်လည်း နောင်အခါ၌ ဤရဟန်းကဲ့သို့ ဓမ္မကထိက ဧတဒဂ်အရာကို ရခြင်းငှာသင့်၏ဟု ကြံ၏။ တရားတော်အဆုံး၌ ပရိသတ် အပေါင်းတို့ ထသွားသည်ရှိသော် မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်၍ အိမ်သို့ ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်များပါ ကြွရောက်ပါရန် ပင့်ဖိတ်၍ ကြီးစွာသော အလှူကြီးကို ပေးလှူပြီး မြတ်စွာဘုရားအား ဤသို့လျှောက်၏။

ဆုတောင်းခဲ့ပုံ

"မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ယခုပြုရသော ဤအလှူဒါန အဓိကာရ ကုသိုလ်ကြောင့် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တို့ကို လိုလားခြင်းမရှိပါ။ တပည့်တော် ယခုအလှူကြီး မပေးလှူမီ ရှေးအဖို့ ခုနစ်ရက် မြောက်သောနေ့၌ အရှင်ဘုရား၏ ကျောင်းတော်သို့လာ၍ တရားနာပါသည်။ ထိုအခါ အရှင်ဘုရားသည် ရဟန်းတစ်ပါးကို ဓမ္မကထိကအရာ၌ ဧတဒဂ်ထားတော် မူသည်ကို တပည့်တော် တွေ့မြင်ရပါသည်။ ထိုဧတဒဂ်ရသော ဓမ္မကထိက ရဟန်းကဲ့သို့ တပည့်တော်သည်လည်း နောင်အခါပွင့်တော်မူလတ္တံ့သော တစ်ဆူ သော ဘုရားရှင်၏အထံ၌ ဓမ္မကထိက ဧတဒဂ်ရရဟန်း ဖြစ်လိုပါ၏"ဟု ဆုတောင်းခြင်းကို ပြု၏။

ဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတ်ကို ရှုတော်မူ၍ ထိုပုဏ္ဏား၏ ဆုတောင်း ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ "သင်သည် နောင်သောအခါ ကမ္ဘာတစ်သိန်းထက်၌ ဂေါတမမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။ ထိုဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌ ဧတဒဂ်ရ ဓမ္မကထိက ရဟန်း ဖြစ်လတ္တံ့"ဟူ၍ နိယတဗျာဒိတ်ကို ပေးတော်မူ၏။

ထိုပုဏ္ဏားသည် အဘိနီဟာရ နိယတဗျာဒိတ် ရသည်ဖြစ်၍ သက်တမ်းရှည် သမျှ ပုညအစု ကောင်းမှုကုသိုလ်တို့ကို ပြုသည်။ ထိုဘဝမှ စုတေသော် နတ်ပြည်

http://www.dhammadownload.com

လူ့ပြည်တို့သာ၌လျှင် ကျင်လည်၍ ကမ္ဘာတစ်သိန်းပတ်လုံး အဘိနီဟာရ ဆုတောင်းဖြင့် ပါရမီတို့ကို ဖြည့်တော်မူသည်။

ငါတို့မြတ်စွာဘုရားသခင် လက်ထက်တော်အခါတွင် ကပိလဝတ် နေပြည်တော်နှင့် မနီးမဝေးဖြစ်သော ဒေါဏဝတ္ထုမည်သော ပုဏ္ဏားရွာ၌ ဥစ္စာပေါများသော ဗြာဟ္မဏ မဟာသာလအမျိုး၌ဖြစ်၏။ သူ၏ မိခင်မန္တာဏီပုဏ္ဏားမကြီးသည် အရှင် ကောဏ္ဍညထေရ်၏ နှမဖြစ်သည်။

အရှင်ပုဏ္ဏထေရ်၏ ပစ္ဆိမဘဝတ္ထု

အရှင်ကောဏ္ဍညထေရ်၏တူဖြစ်သော ထိုပုဏ္ဏားလုလင်သည် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသောအခါ ဦးလေးဖြစ်သူ အရှင်ကောဏ္ဍညထေရ်မြတ်၏ အထံ၌ ရဟန်းပြုသည်။ ကမ္မဋ္ဌာန်းကို အားထုတ်သည်။ ထို့နောက် ပုဏ္ဏမထေရ်သည် ဘုရားရှင် ကပိလဝတ်မြို့တော်သို့ ဒေသစာရီကြွချီလာရာတွင် ဦးလေးဖြစ်သော အရှင်ကောဏ္ဍညမထေရ်နှင့် အတူတကွ ဘုရားရှင် နောက်ပါးမှ လိုက်ပါလာခဲ့သည်။ ဘုရားရှင် ကပိလဝတ်မှတဖန် ဒေသစာရီကြွချီသောအခါတွင် အရှင်ပုဏ္ဏာသည် ဆက်လက်မလိုက်ပါတော့ဘဲ ကပိလဝတ်အနီး၌ ချန်နေရစ်ခဲ့သည်။ ထိုနေရာမှာပင် တရားတော်ကို ယောနိသော မနသိကာရဖြင့် အသင်အတင့် နှလုံးသွင်းရာ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်သည်။

တပည့်တို့လည်း ရဟန္တာဖြစ်ကြပြီ

ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် ထိုအရှင်ပုဏ္ဏထေရ်၏အထံ၌ ရဟန်းပြုကြကုန်သော အမျိုးကောင်းသား တို့သည် ငါးရာရှိကုန်၏။ မထေရ်မြတ် အရှင်ပုဏ္ဏသည် ထိုငါးရာသော တပည့်ရဟန်းတို့ကို ဆယ်ပါးသော ကထာဝတ္ထုတို့ဖြင့် ဆုံးမ၏။ ထိုငါးရာသော ရဟန်းတို့သည်လည်း ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ထိုရဟန္တာငါးရာတို့သည် ဥပဇ္ဈာယ်ဆရာအရှင်ပုဏ္ဏာထေရ်အား ဤသို့ လျှောက်ထားကြသည်။ "အရှင်မြတ်ဘုရား၊ တပည့်တော်များသည် ရဟန်းကိစ္စပြီးစီးကုန်ငြိမ်း၍ ဆယ်ပါးသော ကထာဝတ္ထုတို့ကိုလည်း ဆောင်ကြပါကုန်၏ ဘုရား။ ယခုအခါ မြတ်စွာဘုရားကို ဖူးမြင်ရန် အချိန်သင့်တော်ပါပြီအရှင်ဘုရား" ဟု လျှောက်ကြကုန်၏။

http://www.dhammadownload.com

ထိုအခါ အရှင်ပုဏ္ဏထေရ်မြတ်သည် ဤသို့ကြံ၏၊ ငါသည် ဆယ်ပါးသော ကထာဝတ္ထုဆောင်သည်ကို မြတ်စွာဘုရား သိတော်မူ၏။ ငါသည် တရားဟောသည်ရှိသော် ဆယ်ပါးသော ကထာဝတ္ထုတို့ကို မလွတ်စေမူ၍ ဟော၏။ ယခု ငါသည် မြတ်စွာဘုရားအထံသို့ သွားသည်ရှိသော် ဤရဟန်းတို့သည်လည်း ဝန်းရံ၍လိုက်ပါကြကုန်လတ္တံ့။ ဤကဲ့သို့ သံဃာအပေါင်း ခြံရံလျက် မြတ်စွာဘုရားအထံသို့ သွားခြင်းငှာ မသင့်လျော်ချေဟု ကြံတော်မူ၏။

ထို့နောက် မထေရ်မြတ်က ဤသို့မိန့်တော်မူသည်။ "ငါ့ရှင်တို့၊ သင်တို့သည် ရှေးဦးစွာ သွား၍ မြတ်စွာဘုရားကို ဖူးမြင်ကြကုန်လော့။ ငါသည်လည်း သင်တို့သွားသော လမ်းဖြင့်ပင်လျှင် လာခဲ့အံ့"ဟုဆို၍ စေလွှတ်တော်မူ၏။

ထိုအရှင်ပုဏ္ဏထေရ်၏ တပည့်ရဟန္တာ ငါးရာတို့သည် မြတ်စွာဘုရား ဖွားမြင်တော်မူရာ ကပိလဝတ်နေပြည်တော်ပိုင်နက်အတွင်း၌ နေတော်မူကြသော ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။ ထိုအရှင်မြတ် အားလုံးတို့သည် ခီဏာသဝရဟန္တာ ချည်းသာ ဖြစ်ကုန်၏။ ဆယ်ပါးသော ကထာဝတ္ထုကို ဆောင်ကြကုန်၏။

ထိုရဟန္တာငါးရာတို့သည် အရှင်ပုဏ္ဏထေရ်ကို ရှိခိုးကာ ဒေသစာရီ ကြွချီတော်မူကြကုန်သည်ရှိသော် ယူဇနာခြောက်ဆယ်ရှိသော ခရီးကိုလွန်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ရဟန်းတို့၊ သင်တို့သည် ကျန်းမာကြကုန်၏လော... စသည်ဖြင့် ချိုသာလှစွာသော ပဋိသန္ထာရစကားကို ပြုတော်မူသည်။ "ရဟန်းတို့၊ သင်တို့သည် အဘယ်အရပ်မှ လာခဲ့ကြကုန်သနည်း"ဟု မေးတော်မူသော် ရဟန်းတို့က "အရှင်ဘုရား ဖွားတော်မူရာ ဇာတိဘူမိမြေအရပ်မှ လာခဲ့ကြပါသည် မြတ်စွာဘုရား"ဟူ၍ လျှောက်ကြားကြကုန်၏။

ကထာဝတ္ထု ဆယ်ပါးတရားတော်

"ချစ်သားရဟန်းတို့၊ ငါဘုရား ဖွားတော်မူရာ ဇာတိဘူမိမြေ အရပ်တွင်း၌ နေကုန်သော သီတင်းသုံးဖော်တို့၏ ချီးမွမ်းခြင်းကိုခံရသော ရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင် အလိုနည်းခြင်း အပ္ပိစ္ဆဂုဏ်နှင့် ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း အလိုနည်းခြင်း အပ္ပိစ္ဆတရားစကားကိုသာ ဟောပြောတတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

http://www.dhammadownload.com

"မိမိကိုယ်တိုင် ရောင့်ရဲလွယ်၍ ခေါင်းပါးသောအကျင့် သန္တုဋ္ဌိ, သလ္လေခ ဂုဏ်နှင့်ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း သန္တုဋ္ဌိ, သလ္လေခ တရားစကားကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း ဆိတ်ငြိမ်စွာနေခြင်း ပဝိဝိတ္တဂုဏ်နှင့် ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း အပေါင်းအသင်းတို့မှ ကင်းဆိတ်စွာ နေခြင်း ပဝိဝေကတရားစကားကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ် ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း မသင့်မလျော်သော ရောယှက်ခြင်းမှ လွတ်ကင်း စွာနေခြင်း အသံသဋ္ဌဂုဏ်နှင့်ပြည့်စုံ၍ သီတင်းသုံးဖော် ရဟန်းတို့အားလည်း မသင့်လျော်သော ရောယှက်ခြင်းမှ လွတ်ကင်းစွာနေခြင်း အသံသဋ္ဌတရားစကား ကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း ဖြစ်ခြင်းပျက်ခြင်းကို ကြည့်ရှုဆင်ခြင်ခြင်း ဥဒယဗ္ဗယာ နုပဿနာဉ် အားထုတ်လုံ့လ ရှိသည်ဖြစ်၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့ အားလည်း ဖြစ်ခြင်းပျက်ခြင်းကို ကြည့်ရှုဆင်ခြင်ခြင်း ဥဒယဗ္ဗယာနုပဿနာဉ် အားထုတ် လုံ့လဝီရိယရှိစေရန် ဝီရိယာရဗ္ဘတရားစကားကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း သီလနှင့်ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်း တို့အားလည်း သီလနှင့်ပြည့်စုံခြင်း သီလသမ္ပဒါ တရားစကားကိုသာ ပြောဟော တတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း စျာနသမာဓိ, ဝိပဿနာသမာဓိနှင့်ပြည့်စုံ၍ သီတင်း သုံးဖော် တပည့်ရဟန်းတို့အားလည်း စျာနသမာဓိ, ဝိပဿနာသမာဓိနှင့် ပြည့်စုံစေရန် သမာဓိသမ္ပဒါ တရားစကားကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ် ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာနှင့် ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း ဖြစ်ပျက်ကို ကြည့်ရှုခြင်း ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံစေရန် ပညာသမ္ပဒါ တရားစကားကိုသာ ပြောဟောတတ်သော ရဟန်းသည် အဘယ်ရဟန်းနည်း။

http://www.dhammadownload.com

"မိမိကိုယ်တိုင်လည်း နိဝရဏ, ကိလေသာ, တဏှာ, ဒိဋ္ဌိမှ ကင်းလွတ်ခြင်း ဝိမုတ္တိ ဂုဏ်နှင့် ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း နိဝရဏ, ကိလေသာ, တဏှာ, ဒိဋ္ဌိမှ ကင်းလွတ်ကြောင်း ဝိမုတ္တိသမ္မဒါ တရားစကားကိုသာ ပြောဟောတတ်သောရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင်လည်း နိဝရဏ, ကိလေသာ, တဏှာ, ဒိဋ္ဌိကင်းလွတ်ရာ ကင်းလွတ် ကြောင်းကို ကြည့်ရှုဆင်ခြင်ခြင်း ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံ၍ သီတင်းသုံးဖော် တပည့်ရဟန်းတို့အားလည်း နိဝရဏ, ကိလေသာ, တဏှာ, ဒိဋ္ဌိ ကင်းလွတ်ကြောင်းကို ဆင်ခြင်ခြင်း ဝိမုတ္တိဉာဏသမ္မဒါ တရားစကားကိုသာ ပြောဟောတတ်သောရဟန်းသည် အဘယ်ရဟန်းနည်း။

"မိမိကိုယ်တိုင် ဤကထာဝတ္ထုဆယ်ပါးနှင့်ပြည့်စုံ၍ သီတင်းသုံးဖော် တပည့် ရဟန်းတို့အားလည်း ဤကထာဝတ္ထုဆယ်ပါး တရားစကားကိုသာ ပြောဟော တတ်သူ ရဟန်းသည် အဘယ်ရဟန်းနည်း"ဤသို့ မြတ်စွာဘုရား မေးတော်မူ၏။

ရဟန်းတို့ ဖြေကြားကြပုံ

"ဘုန်းတော်နေဝန်း တောက်ထွန်းတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ဇာတိချက်ကြွေ မွေးရပ်မြေ၌ ပျော်ပိုက်မှီတင်း နေထိုင်ကြကုန်သော သီတင်းသုံးဖော် ရဟန်းတို့အား ကထာဝတ္ထုဆယ်ပါး မြတ်တရားနှင့် ပြည့်စုံ၍ ဆုံးမစကားကို ပြောဟောတတ်သောရဟန်းသည် အခြားသူ မဟုတ်ပါ၊ အရှင်ကောဏ္ဍညဟု နာမည်ကျော်ကြား တရားအထူး လက်ဦးသိမြင် ထေရ်အရှင်၏ တူတော်အရင်း ဖြစ်သော ပုဏ္ဏအမည်ရှိသော ရဟန်းပါဘုရား"ဟု လျှောက်ကြကုန်၏။

အရှင်သာရိပုတ္တရာ၏အကြံ

ဤသို့ အာဂန္တုရဟန်းတို့ လျှောက်ကြားသောစကားကို မြတ်စွာဘုရား၏ မနီးမဝေး၌ ရှိနေတော်မူသော ပညာဇတဒဂ်ရ အရှာသာဝက လက်ယာတော်ရံ အရှင်သာရိပုတ္တရာသည် ကြားတော်မူသော် ဤသို့ ကြံ၏။ မန္တာဏီပုဏ္ဏေးမ၏ သား အရှင်ပုဏ္ဏကား အရတော်လေစွတကား။ ကောင်းသောရခြင်းဖြင့် ရတတ် လေစွတကား။ ဤအရှင်ပုဏ္ဏ၏ဂုဏ်ကို သီတင်းသုံးဖော် ရဟန်းတို့သည် မြတ်စွာ ဘုရား၏ ရှေ့တော်၌ ချီးမွမ်းလျှောက်ကြားကြကုန်၏။ ထိုလျှောက်ကြားသော စကားကိုလည်း မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူ၏။ ငါတို့သည်လည်း

http://www.dhammadownload.com

အရှင်ပုဏ္ဏနှင့် တစ်ရံတစ်ခါ တွေ့ကြုံ၍ တစ်စုံတစ်ခုသော အာလာပ သလ္လာပ စကားများကို ပြောဆိုရမူကား ကောင်းလေစွဟူ၍ အကြံဖြစ်၏။

ထိုနောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ မြောက်အရပ်၌ရှိသော လေးဆယ့်ငါးယူဇနာ ခရီးဝေးသော သာဝတ္ထိပြည်သို့ ကြွတော်မူ၏။ အရှင်ပုဏ္ဏထေရ်သည်လည်း သာဝတ္ထိပြည်သို့ မြတ်စွာဘုရား ကြွရောက်တော်မူသည်ကို ကြား၍ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှာ သာဝတ္ထိပြည်သို့ ကြွလာသည်။ ဂန္ဓကုဋီတိုက်တော်အတွင်း၌ မြတ်စွာဘုရားအား ဝင်ရောက်ဖူးမြင်ပြီး တရားတော်ကို နာသည်။ ထို့နောက် နေ့သန့်ခြင်းအလို့ငှာ ဆိတ်ငြိမ်သော အန္ဓဝန်တောအုပ်သို့ ကြွသွား တော်မူ၏။

ထိုအခါ၌ ရဟန်းတစ်ပါးသည် အရှင်သာရိပုတ္တရာထံသို့ လာ၍ "အရှင်ဘုရား၊ တောင့်တချီးမွမ်းလျက်နေသော အရှင်ပုဏ္ဏသည် မြတ်စွာဘုရား အထံတော်သို့ ဖူးမြော်ရန် လာရောက်ပါသည်။ ယခု နေသန့်ရာအလို့ငှာ အန္ဓဝန်တောအုပ်သို့ ဝင်သွားပါကြောင်းနှင့်လျှောက်ကြားလာသည်။ အရှင်သာရိပုတ္တရာသည် လျင်မြန်စွာ နိသီဒိုင် အခင်းကိုယူ၍ အရှင်ပုဏ္ဏ၏နောက်မှ လိုက်တော်မူ၏။

အရှင်ပုဏ္ဏသည် အန္ဓဝနတောအုပ်သို့ ရောက်၍ တစ်ခုသောသစ်ပင်ရင်း၌ နေ့သန့်၍ နေ၏။ အရှင်သာရိပုတ္တရာသည်လည်း အခြားသော သစ်ပင်ရင်း၌ နေ့သန့်ခြင်းကို ပြု၏။ ညနေချမ်းအခါဝယ် ဆိတ်ငြိမ်စွာနေခြင်းမှ ထတော်မူ၍ အရှင်ပုဏ္ဏရှိရာ သစ်ပင်ရင်းသို့ အရှင်သာရိပုတ္တရာ ကြွသွားပြီး အလွှာပသလ္လာပ ပဋိသန္ထာရစကားကို ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြ၏။ အရှင်သာရိပုတ္တရာသည် ထိုင်တော်မူပြီး၍ အရှင်ပုဏ္ဏထေရ်ကို "ငါ့ရှင်ပုဏ္ဏ၊ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး၍နေသည် မဟုတ်လော" "ဟုတ်ပါ၏" "ငါ့ရှင် အဘယ်သို့နည်း။ သီလ ဝိသုဒ္ဓိအကျိုးငှာလည်းကောင်း, စိတ္တဝိသုဒ္ဓိအကျိုးငှာလည်းကောင်း, ဒိဋ္ဌိဝိသုဒ္ဓိ အကျိုးငှာလည်းကောင်း, ကင်္ခါဝိတရဏဝိသုဒ္ဓိအကျိုးငှာလည်းကောင်း ကျင့်သုံး၍ နေသလော။ သို့တည်းမဟုတ်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအကျိုးငှာ လည်းကောင်း, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအကျိုးငှာလည်းကောင်း, ဉာဏဒဿန ဝိသုဒ္ဓိအကျိုးငှာ လည်းကောင်း ကျင့်သုံး၍နေသလော"ဟု မေးတော်မူ၏။

"ငါ့ရှင်မေးသော ဝိသုဒ္ဓိခုနစ်ပါးတို့၏ အကျိုးငှာ ကျင့်သည်မဟုတ်ပါ" "အသို့နည်း၊ ငါ့ရှင်သည် မေးသမျှကိုပင် 'မဟုတ်ပါ'ဟူ၍သာ ဖြေ၏။ ယင်းသို့ ဖြစ်သော် အဘယ်အကျိုးငှာ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး၍

http://www.dhammadownload.com

နေသနည်း"ဟု မေးတော်မူသော် "ငါ့ရှင်၊ အနုပါဒါပရိနိဗ္ဗာန်အကျိုးငှာ ကျင့်သုံး၍ နေသည်"ဟူ၍ ဖြေဆိုတော်မူသောအခါ "အသို့နည်း၊ ငါ့ရှင်၊ သီလဝိသုဒ္ဓိသည်လည်းကောင်း, စိတ္တဝိသုဒ္ဓိသည်လည်းကောင်း, ဒိဋ္ဌိဝိသုဒ္ဓိသည်လည်းကောင်း ကင်္ခါဝိတရဏဝိသုဒ္ဓိသည်လည်းကောင်း အနုပါဒါပရိနိဗ္ဗာန်လော။ သို့တည်းမဟုတ်မူ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည်လည်းကောင်း, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည်လည်းကောင်း, ဉာဏဒဿနဝိသုဒ္ဓိသည်လည်းကောင်း အနုပါဒါပရိနိဗ္ဗာန် လော'ဟု မေးတော်မူပြန်၏။

"ငါ့ရှင်မေးသော ဝိသုဒ္ဓိတရား ခုနစ်ပါးသည် အနုပါဒါ ပရိနိဗ္ဗာန်မဟုတ်။ ဟု ဖြေတော်မူပြန်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် "အသို့နည်းငါ့ရှင်၊ ဤတရားတို့မှ ကြဉ်၍ အနုပါဒါပရိနိဗ္ဗာန် ရောက်သလော"ဟု မေးတော်မူပြန်၏။ "ငါ့ရှင် မေးသမျှ အလုံးစုံတို့သည် နိဗ္ဗာန်ပင် မဟုတ်'ဟူ၍ ဖြေ၏။ "အဘယ်ကဲ့သို့ အခြင်းအရာဖြင့် ငါ့ရှင်ပြောသော စကား၏အဓိပ္ပာယ်ကို မှတ်ရပါအံ့နည်း"ဤသို့ အရှင်သာရိပုတ္တရာထေရ်မြတ်က မေးတော်မူသောအခါ အရှင်ပုဏ္ဏထေရ်မြတ်သည် ဤသို့ဖြေရှင်း၍ ပြတော်မူ၏။

အရှင်ပုဏ္ဏဖြေရှင်းပြပုံ

"ငါ့ရှင်၊ သီလဝိသုဒ္ဓိကို အကယ်၍ မြတ်စွာဘုရားသည် အနုပါဒါနိဗ္ဗာန်ဟူ၍ ပညတ်တော်မူကြားအံ့၊ သဉ္ဇပါဒါန်ဖြစ်လျက်သာလျှင် အနုပါဒါပရိနိဗ္ဗာန်ကို ပညတ်တော်မူရာ ရောက်ခဲ့၏။ စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိတို့ကို အကယ်၍မြတ်စွာဘုရားသည် အနုပါဒါပရိနိဗ္ဗာန်ဟု ပညတ်တော်မူကြားအံ့၊ သဉ္ဇပါဒါန် ဖြစ်လျက်သာလျှင် အနုပါဒါပရိနိဗ္ဗာန်ကို ပညတ်ရာ ရောက်ချေ၏။ ဤခုနစ်ပါးသော တရားတို့မှ ကြဉ်၍ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ကြားအံ့၊ ပုထုဇဉ်ဆည် ပရိနိဗ္ဗာန်ပြုရာ၏။ ပုထုဇဉ်သည် ဤခုနစ်ပါးသော တရားတို့မှကင်း၏။ ထို့ကြောင့် ဥပမာဖြင့် ဖြေရှင်း၍ ပြပေအံ့။ ဤလောက သာသနာတော်၌ အချို့သော ပညာရှိတို့သည် ဥပမာဖြင့် ဖြေဆိုသော စကား၏အဓိပ္ပာယ်ကို သိကြကုန်၏။

"ဥပမာသည်ကား–သာဝတ္ထိနေပြည်တော်၌နေသော ပသေနဒိကောသလမင်းသည် ခုနစ်ယူဇနာဝေးသော သာကေတမြို့၌ ပြဖွယ်ကိစ္စရှိလျှင် ဆောင်ရွက်နိုင်ရန် သာဝတ္ထိမြို့နှင့် သာကေတမြို့၏အကြား၌ တစ်ယူဇနာလျှင် ရထားတစ်စီးအားဖြင့်

http://www.dhammadownload.com

ရထားခုနစ်စီးထား၏။ သာဝတ္ထိမြို့မှ ပထမဆုံးရထားကိုစီး၍ခရီးနှင်ခဲ့ရာ ဒုတိယရထားရှိရာသို့ရောက်၍ ထိုရထားပေါ်သို့ တက်ရာ၏။ ပထမရထားကို ဤ၌ ခွန့်ရာ၏။ ၎င်းဒုတိယရထားဖြင့် စီး၍ တတိယရထားသို့ရောက်၏။ ထိုရထားပေါ်သို့ တက်စီးရာ၏။ ဒုတိယရထားကို ခွန့်လွှတ်ရာ၏။ တတိယရထားဖြင့် စတုတ္ထရထားသို့, စတုတ္ထရထားဖြင့် ပဉ္စမရထားသို့, ပဉ္စမရထားဖြင့် ဆဋ္ဌမရထားသို့, ဆဋ္ဌမရထားဖြင့် သတ္တမရထားသို့ရောက်၍ တက်စီးရာ၏။ ဆဋ္ဌမရထားကို ခွန့်လွှတ်ရာ၏။ သတ္တမရထားဖြင့် သာကေတမြို့ နန်းတော်သို့ ရောက်ရာ၏။

"ထိုအခါ၌ သဟာယဆွေမျိုးသားချင်းမိတ်ဆွေတို့က 'အရှင်မင်းမြတ်၊ ဤရထားဖြင့် သာဝတ္ထိမြို့မှ သာကေတသို့ရောက်ပါသလော'ဟု မေးကုန်ရာ၏။ အဘယ်သို့ဖြေလျှင် ကောင်းသောဖြေခြင်း ဟုတ်မှန်သောဖြေခြင်း ဖြစ်ပါမည်နည်း ငါ့ရှင်။

ထိုအခါ အရှင်သာရိပုတ္တရာက "ပထမရထားဖြင့် ဒုတိယရထားသို့ရောက်၏။ ဒုတိယရထားဖြင့် တတိယရထားသို့ ရောက်၏။ တတိယရထားဖြင့် စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမရထားဖြင့် သာကေတမြို့သို့ရောက်၏။ ဤသို့ဖြေလျှင် ကောင်းသောဖြေခြင်း ဟုတ်မှန်သော ဖြေခြင်း ဖြစ်ပေ၏ ငါ့ရှင်"ဟူ၍ မိန့်ဆိုသည် ရှိသော်-

အရှင်ပုဏ္ဏထေရ်က "ငါ့ရှင်၊ ဤရထားခုနစ်စီးအတူသာလျှင် သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိအကျိုးငှာသာ ဖြစ်၏။ စိတ္တဝိသုဒ္ဓိသည် ဒိဋ္ဌိဝိသုဒ္ဓိအကျိုးငှာသာ ဖြစ်၏။ ဒိဋ္ဌိဝိသုဒ္ဓိသည် ကင်္ခါဝိတရဏဝိသုဒ္ဓိအကျိုးငှာသာ ဖြစ်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအကျိုးငှာသာ ဖြစ်၏။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အကျိုးငှာသာ ဖြစ်၏။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် ဉာဏဒဿနဝိသုဒ္ဓိအကျိုးငှာသာ ဖြစ်၏။ ဉာဏဒဿနဝိသုဒ္ဓိသည် အနုပါဒါပရိနိဗ္ဗာန်အကျိုးငှာ ဖြစ်၏။ ဤအနုပါဒါပရိနိဗ္ဗာန် အကျိုးငှာ မြတ်စွာဘုရား သာသနာတော်၌ မြတ်သောအကျင့်သီလ ဗြဟ္မစရိယကို ကျင့်သုံး၍နေပါ၏ ငါ့ရှင်"။

ဤသို့ အရှင်ပုဏ္ဏ ဖြေရှင်းသောအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အရှင်ပုဏ္ဏထေရ်မြတ်ကို ဤသို့မေးတော်မူပြန်၏။ "ငါ့ရှင်သည် အဘယ်အမည် ရှိသနည်း။ ငါ့ရှင်အား သီတင်းသုံးဖော်တို့သည် အဘယ်သို့ သိကြကုန်သနည်း" ဟူ၍ မေးသောအခါ "ဘုရားတပည့်တော်၏ အမည်ကို ပုဏ္ဏဟူ၍ ခေါ်ပါသည်။

http://www.dhammadownload.com

ဘုရားတပည့်တော်ကို မန္တာဏီ၏သားဟူ၍ သီတင်းသုံးဖော်တို့ သိကြပါကုန်၏"ဟု ဆိုလျှင် အရှင်သာရိပုတ္တရာထေရ်မြတ်သည် "အံ့သြခြင်းဖြစ်၍ အံ့သြဖွယ်ရှိပေ၏ ငါ့ရှင်။ မဖြစ်ဖူးမြဲ ဖြစ်ခဲလှစွာ ဖြစ်လာပေ၏ငါ့ရှင်။ မြတ်စွာဘုရား၏ သာသနာတော်ကို ကောင်းစွာသိသော သုတပဋိဘာန် ဉာဏ်ပညာနှင့် ပြည့်စုံပါပေ၏ငါ့ရှင်။ သုတပဋိဘာန် ဉာဏ်ပညာနှင့် ပြည့်စုံသည်အားလျော်စွာ မန္တာဏီ၏သားဖြစ်သော အရှင်ပုဏ္ဏသည် နက်နဲသည်ထက် နက်နဲလှစွာသော ဂမ္ဘီရာဂမ္ဘီရပဉ္ဉာတို့ကို စိစစ်၍ ဆစ်ကာဆစ်ကာ နေရာတကျ ဥပမာပြ၍ ဖြေရှင်းပေးနိုင်၏။ အကြင် သီတင်းသုံးဖော်ရဟန်းတို့သည် အရှင်ပုဏ္ဏထေရ်ကို ဖူးမြင်ဆည်းကပ်ခြင်းငှာ အခွင့်ရကြ၏။ ထို အခွင့်ရကြသော သီတင်းသုံးဖော်တို့သည် ကောင်းသောရခြင်း ဖြစ်ပေ၏။ ငါတို့သည်လည်း ယခုအခါ အရှင်ပုဏ္ဏထေရ်ကို ဖူးမြင်ဆည်းကပ်ရသဖြင့် ကောင်းသောရခြင်းဖြစ်ရ၏"ဟူ၍ ဆိုတော်မူ၏။

ဤသို့ ဆိုသည်ရှိသော် အရှင်ပုဏ္ဏထေရ်က တစ်ဖန်မေးပြန်၏။ "ငါ့ရှင်သည် အဘယ်အမည်ရှိပါသနည်း။ ငါ့ရှင်ကို သီတင်းသုံးဖော်တို့သည် အဘယ်သို့ သိကြပါကုန်သနည်း"။

"ငါ့ရှင်၊ ငါ၏အမည်သည် ဥပတိဿအမည်ရှိသတည်း။ ငါ့ကို သာရီပုတ္တရာမ၏ သားဟူ၍ သီတင်းသုံးဖော်တို့သည် သိကြကုန်၏"ဟု ဆိုလျှင် "ကြော်...ဘုရားနှင့်တူသော အဂ္ဂသာဝကကြီးနှင့်အလွန်ပသလွန်ပစကား ပြောရပါလျက် အရှင်သာရိပုတ္တရာဟူ၍ မသိပါကုန်။ အကယ်၍ အရှင်သာရိပုတ္တရာဟု သိငြားအံ့၊ ဘုရားတပည့်တော်သည် ဤမျှလောက်သော အဖြေတို့ကို ဖြေမည်မဟုတ်ပါ။ အံ့သြဖွယ်ရှိပေစွ။ မဖြစ်ဖူးမြဲ ဖြစ်ခဲလှစွာ ဖြစ်လာပေ၏တကား။ အရှင်သာရိပုတ္တရာသည် နက်နဲသည်ထက် နက်နဲစွာ ဂမ္ဘီရာဂမ္ဘီရပဉ္ဉာတို့ကို စိစစ်၍ ဆစ်ကာဆစ်ကာ နေရာတကျ မေးတော်မူ၏။ အရတော်လေစွတကား၊ ကောင်းသောရခြင်းဖြစ်လေစွတကား"ဟူ၍ နှစ်ပါးကုန်သော ရဟန္တာကြီးတို့သည် အချင်းချင်းကောင်းစွာ ပြောဆိုကြကုန်သော စကားတို့ကို ဝမ်းမြောက်တော်မူကြလေကုန်၏။

ဇာတဒက်ဘွဲ့ထူးရပြီ

ထိုနောက် မြတ်စွာဘုရားသည် ရဟန်းသံဃာတို့အလယ်၌ အရှင်ပုဏ္ဏထေရ်ကို ဓမ္မကထိကအရာဝယ် အသာလွန်ဆုံးဟူ၍ ဇာတဒက်ထားတော်မူ၏။

http://www.dhammadownload.com

ထိုအရှင်ပုဏ္ဏထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့က ဆည်းပူးအားထုတ် ပြုလုပ်ခဲ့ဖူးသော ပါရမီသမ္ဘာရအဓိကာရ ကုသိုလ်ကံတို့ကို ဆင်ခြင်ရှုကြည့်တော်မူလျက် နောင်လာ နောက်သား တပည့်များတို့ မှတ်သားနည်းယူ ပြုလုပ်အားထုတ်၍ ပါရမီကို ဖြည့်ဆည်းကြစေရန် ဤသို့ ဟောတော်မူ၏။

"အိုတပည့်အပေါင်းတို့၊ ငါသည် ကမ္ဘာတစ်သိန်းထက်၌ ဗေဒင်သုံးပုံကို ကမ်းတစ်ဖက်ရောက် တတ်မြောက်သော ပုဏ္ဏားဆရာကြီးဖြစ်ခဲ့ဖူးသည်။ တပည့် အပေါင်း ခြံရံလျက် ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ တရား တော်ကို နာခဲ့၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် တရားတော်ကို အကျဉ်းအားဖြင့် ဟောတော်မူ၏။ ငါသည် ထိုအကျဉ်းအားဖြင့် ဟောတော်မူသော တရားတော်ကို မှတ်သားနာယူပြီးသော် ဘုရားရှင်ကို ရှိခိုး၍ လက်ယာရစ်လှည့် ပြန်လာပြီးလျှင် ငါ၏တပည့်တို့အား အကျယ်ဟောပြ၏။ ငါဟောသောတရားကို ငါ၏တပည့် တို့သည် နှစ်သက်ဝမ်းမြောက်ကြကုန်၏။ မိမိတို့၏ဩဟတ္ထအယူကို ပယ်ဖျောက်၍ မြတ်စွာဘုရား၌ စိတ်ကိုဖြောင့်စွာ ကြည်ညိုစေ၏။

"ငါသည် ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ အကျဉ်းအားဖြင့် ဟောတော်မူသော တရားတော်ကို ထပ်ကာထပ်ကာ အကျယ်အားဖြင့်လည်း ဟောလေ့ရှိ၏။ အကျဉ်း အားဖြင့်လည်း ဟောလေ့ရှိ၏။ ဤကဲ့သို့ အကျဉ်းအကျယ်အားဖြင့် အထပ်ထပ် အခါခါ တရားဟောရသော ဓမ္မဒေသနာ ကုသိုလ်ကံ၏ အစွမ်းအားဖြင့် ယခု ဘဝသို့ ရောက်သောအခါ ငါသည် အဘိဓမ္မာနည်း၌ ကောင်းစွာ လိမ္မာကျွမ်းကျင် သည်ဖြစ်၍ ကထာဝတ္ထုဆယ်ပါးဖြင့် စင်ကြယ်စွာ အလုံးစုံသော တပည့်ငါးရာတို့ကို သိစေ၏။ အာသဝေါကင်းပြီးသော ရဟန္တာ၏အဖြစ်သို့ ရောက်၍ ဝမ်းမြောက်စွာ နေရ၏။

"ယခုနောက်ဆုံးဘဝသို့ မရောက်မီ ကျင်လည်ခဲ့သော အတိတ်သံသရာ၌ လည်း ဤကမ္ဘာမှပြန်၍ရသော် ကမ္ဘာငါးရာထက်၌ စကြာမင်းအဖြစ်လေးကြိမ် ဖြစ်ရဖူး၏" ဟူ၍ ဟောတော်မူ၏။

အရှင်ပုဏ္ဏထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

အရှင်ဥပါလိထေရ် အပဒါန်ဝတ္ထု

ဥပါလိထေရ် အရှင်မြတ်သည် ရှေးရှေးသော ဘုရားရှင်တို့၏ အထံတော်၌ ပြုအပ်သော ပုညသမ္ဘာရအဓိကာရကုသိုလ်ရှိသည်ဖြစ်၍ ထိုထိုဘုရားတို့၌ ဝင့်ဆင်းရဲမှ ကင်းလွတ်ကြောင်း ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးသည်။

ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်တော်၌ ဟံသာဝတီပြည်ဝယ် ဥစ္စာကြွယ်ဝသော ပုဏ္ဏားမျိုးဌဖြစ်၏။ တစ်နေ့ မြတ်စွာဘုရားအထံတော်၌ တရားတော်ကို နာလျက်နေစဉ် မြတ်စွာဘုရားသည် ရဟန်းတစ်ပါးကို ဝိနည်းခိုရ်အရာ ဧတဒဂ်ထားတော်မူသည်ကို မြင်၍ သဒ္ဓါကြည်ညိုခြင်းဖြစ်ကာ အဓိကာရကုသိုလ်တို့ကို ပြုလျက် ဝိနည်းခိုရ် ဧတဒဂ်အရာကို ဆုတောင်း၏။

ထိုပုဏ္ဏားသည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကိုပြုပြီး လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ခဲ့သည်။ ဤဘဒ္ဒကပ္ပတွင် မြတ်စွာဘုရားပွင့်တော်မူသော ကာလ ကပ္ပကဧဟဆတ္တာသည် အစေခံ၏အိမ်၌ ဥပါလိဟူသောအမည်ဖြင့် အစေခံသား ဆတ္တာသည်ဖြစ်၏။

ဥပါလိသည် အနုရဒ္ဓါမင်းသား စသော မင်းသားခြောက်ယောက်တို့၏ ဆံ၊ မုတ်ဆိတ်ကို ပြုပြင်ရိတ်ပယ်ပေးရသည့် မင်းသားတို့၏ အစေအပါးဖြစ်သည်။ မြတ်စွာဘုရားသည် အနုပိယတောအုပ်၌ စံပယ်နေတော်မူစဉ် ဘုရားရှင်ထံ၌ ရဟန်းပြုခြင်းငှာ ထွက်လာကြကုန်သော မင်းသားခြောက်ယောက်တို့နှင့်အတူတကွ လိုက်ပါလာပြီး ရဟန်းပြု၏။

ဥပါလိသည် ရဟန်းပြု၍ မြတ်စွာဘုရား၏အထံတော်၌ ကမ္မဋ္ဌာန်းကို ယူကာ "အရှင်ဘုရား၊ တပည့်တော်အား တောရဆောက်တည်ခြင်းကို ခွင့်ပြုတော်မူ၍ဘုရား" ဟု လျှောက်ကြားတောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား ဥပါလိ၊ တောရဆောက်တည်နေလျှင် ဝိပဿနာဓုရ တစ်ပါးသာလျှင် ဆောင်နိုင်လတ္တံ့။ ငါ၏အထံ၌နေလျှင် ဝိပဿနာဓုရနှင့်တကွ ဂန္ထဓုရဟု ဆိုအပ်သော စာပေသင်ယူခြင်းကိုပါ ပြည့်စုံအောင် ဆောင်နိုင်လတ္တံ့"ဟု မိန့်တော်မူ၍ ဥပါလိထေရ်ကို တောရဆောက်တည်နေခြင်းမှ တားမြစ်တော်မူ၏။ (အင်္ဂုတ္တရပါဠိတော်၊ ဒသကနိပါတ်)

အရှင်ဥပါလိထေရ်သည် မြတ်စွာဘုရား အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်ကာ သံဃာတော်အပေါင်းနှင့်တကွ ရွာနီးကျောင်း၌ နေလျက်ပင်လျှင်

http://www.dhammadownload.com

ဝိပဿနာရှုသဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်တော်မူ၏။ မြတ်စွာဘုရားသည်လည်း ဥပါလိထေရ်ကို ကိုယ်တော်တိုင်ပင်လျှင် ဝိနည်းပိဋကကို ပို့ချပေးတော်မူ၏။

အရှင်ဥပါလိသည် ဝိနည်းတော်၌ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်လိမ္မာလာသည်။ ကံကြီးကံငယ်အလုံးစုံကို အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်။ ဝိနည်းအဆုံးအဖြတ်နှင့် ပတ်သက်၍ မေးလာသမျှအားလုံးကို ပြေလည်အောင် ဖြေကြားပေးနိုင်တော်မူသည်။ အရှင်ဥပါလိထေရ်၏ ဝိနည်းဓမ္မကံကျွမ်းကျင်မှုနှင့် ပတ်သက်၍ သာသနာတော်၌ ထင်ရှားသော အဖြစ်အပျက်ကြီးသုံးခု ပေါ်ပေါက်ခဲ့သည်။

ပထမဦးဆုံး ပေါ်ပေါက်လာသော ဝိနည်းဓမ္မကံအမှုမှာ ဘာရုကစ္ဆအရပ်၌ ဖြစ်ပွားသော ရဟန်းတစ်ပါး၏ မေထုန်အမှုကိစ္စဖြစ်သည်။ ဘာရုကစ္ဆသည် သင်္ဘောဆိပ်ကမ်းမြို့ဖြစ်သည်။ ယင်းဆိပ်ကမ်းရှိ ကျောင်းတစ်ကျောင်း၌ သီတင်းသုံးနေသော ရဟန်းတစ်ပါးသည် အိမ်မက်ထဲ၌ မေထုန်အမှုကို ပြုခဲ့ရသည်ဟု မြင်မက်ခဲ့သည်။ ထိုသို့ မေထုန်အမှုကိုပြုခြင်းကြောင့် "မိမိသည် ရဟန်းမဟုတ်တော့၊ လူထွက်တော့မည်"ဆိုကာ ကျောင်းမှ ထွက်ခွာလာခဲ့သည်။ လမ်းတွင် အရှင်ဥပါလိနှင့်တွေ့ဆုံသဖြင့် အကျိုးအကြောင်းကို ပြောပြရာ အရှင်ဥပါလိက ကာယက်မြောက် မေထုန်မှီဝဲခြင်းမဟုတ်၍ ပါရာဇိက မကျကြောင်း မိန့်ဆို၍ အဆုံးအဖြတ်ပေးလိုက်သည်။

ဒုတိယအမှုမှာ အရှင်အဇ္ဈုကဓ၏အမှု ဖြစ်သည်။ အရှင်အဇ္ဈုကဓ၏အမှုမှာ ဒုတိယပါရာဇိကသိက္ခာပုဒ်နှင့်ဆိုင်သော ကိစ္စဖြစ်သည်။ အရှင်အဇ္ဈုကတွင် ရင်းနှီးရသော ဒါယကာသူဌေးကြီးတစ်ဦးရှိ၏။ ထို သူဌေးကြီး ကွယ်လွန်ခါနီးတွင် သူဌေးကြီးက အရှင်အဇ္ဈုကအား "အရှင်ဘုရား၊ တပည့်တော်တွင် သားတစ်ယောက်နှင့် တူတစ်ယောက် ရှိပါသည်။ တပည့်တော် ကွယ်လွန်ပါလျှင် တပည့်တော်၏ ကျန်ပစ္စည်းများကို ရတနာသုံးပါး၌ ကြည်ညိုကိုးကွယ်သူအား အမွေပေးတော်မူပါဘုရား"ဟု ပြောကြား၍ ကွယ်လွန်သွားသည်။ အရှင်အဇ္ဈုကသည် သူဌေးကြီးမှာကြားခဲ့သည့်အတိုင်း ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်သော တူဖြစ်သူအား အမွေပစ္စည်းများကို ပေးလိုက်သည်။

ဖခင်၏ကျန်ရစ်သောအမွေကိုမရသည့် သားဖြစ်သူသည် အရှင်အာနန္ဒာထံချဉ်းကပ်၍ "အရှင်ဘုရား၊ ဖခင်၏အမွေကို သားနှင့်တူ မည်သူကခံထိုက်ပါသနည်းဘုရား"ဟု မေးမြန်းလျှောက်ထား၏။ အရှင်အာနန္ဒာသည် တကယ့်အဖြစ်မှန်ဓကာကို မသိသဖြင့် လောကထုံးတမ်းစဉ်လာရှိသည့်အတိုင်း "သားဖြစ်သူက

http://www.dhammadownload.com

ခံစားထိုက်၏"ဟု မိန့်မြွက်သည်။ ထိုအခါ သားဖြစ်သူက ဆက်လက်၍ "အရှင်ဘုရား၊ ဤသို့ဖြစ်လျှင် တပည့်တော်ဖခင် ကျန်ရစ်ခဲ့သော ပစ္စည်းအားလုံးကို အရှင်အဖူးကသည် တူဖြစ်သူကို အားလုံးပေးလိုက်ပါသည်ဘုရား"ဟု လျှောက်ထားသည်။ အဖြစ်မှန်ကို မသိရသေးသည့် အရှင်အာနန္ဒာက "ဤသို့ဖြစ်လျှင် အရှင်အဖူးကသည် ရဟန်းမဟုတ်တော့ပြီ"ဟု မြွက်ဆိုသည်။

အရှင်အာနန္ဒာ၏ မိန့်ဆိုချက်ကို အရှင်အဖူးက ကြားသော် အရှင်အာနန္ဒာထံ ကိုယ်တိုင်ကြွရောက်၍ အမှုကိစ္စကို သံဃာပရိသတ်အလယ်တွင် ဆုံးဖြတ်ပေးရန် အပ်နှံလိုက်သည်။ ထို့ကြောင့် ဝိနည်းအရာ ကျွမ်းကျင်လိမ္မာသော အရှင်ဥပါလိ ဆုံးဖြတ်ပေးရန် သဘောတူကြသည်။ ထိုအခါ အရှင်ဥပါလိက အရှင်အာနန္ဒာအား "ငါ့ရှင်အာနန္ဒာ၊ ဥစ္စာရှင်တစ်ဦးသည် မိမိကွယ်လွန်သည့်အခါ ထိုပစ္စည်းကို မည်သူ့အားပေးပါဟု အမှာစကား ထားခဲ့သည်။ ထိုသူကွယ်လွန်သည့်အခါ ရဟန်းတစ်ပါးသည် ဥစ္စာရှင် မှာကြားခဲ့သည့်သူကို အမွေပေး၏။ ထိုကဲ့သို့ အမွေခွဲဝေပေးခြင်းအတွက် ထိုရဟန်း၌ မည်သည့်အာပတ်သင့်ပါသနည်း"ဟု မေးမြန်း၏။ အရှင်အာနန္ဒာက "မည်သည့်အာပတ်မျှမသင့်ပါဘုရား"ဟု လျှောက်ထားသည်။ ဤတွင် အရှင်ဥပါလိက "ငါ့ရှင်အာနန္ဒာ၊ ဥစ္စာရှင်က မှာကြားထားသည့်အတိုင်း အရှင်အဖူးကက အမွေခွဲဝေပေးခဲ့ခြင်းသာ ဖြစ်သည်။

တတိယအမှုမှာ အရှင်ကုမာရကဿပ၏မိခင် ဘိက္ခုနီ၏အမှု ဖြစ်သည်။ ထိုဘိက္ခုနီသည် ရဟန်းဘဝမရောက်မီက အိမ်ထောင်သည်ဖြစ်၏။ အိမ်ထောင်ကျပြီးသောအခါ လောကီလူ့ဓလေ့ကို ငြီးငွေ့ပင်ပန်းသောကြောင့် လင်ဖြစ်သူထံ ရဟန်းပြုခွင့်ပေးရန် တောင်းပန်သည်။ လင်ကလည်း အသာတကြည်ပင် ဘိက္ခု ရဟန်းပြုခွင့်ပေးသည်။ ထိုစဉ်က ဘိက္ခုနီတွင် ကိုယ်ဝန်တည်ပြီး ဖြစ်သည်ကို သူကိုယ်တိုင်လည်း မသိ၊ အခြား မည်သူတစ်ဦးတစ်ယောက်မျှလည်း မသိပေ။ သို့ဖြင့် ကိုယ်ဝန်သည် ရင့်မာလာသည်။ အဖော်ဘိက္ခုနီများက မိမိတို့၏ဆရာ ဒေဝဒတ်ထံ အကြောင်းကြားသည်။ ဒေဝဒတ်သည် ဘာကိုမျှ စဉ်းစားမနေတော့ဘဲ ဘိက္ခုနီမကို သင်္ကန်းချွတ်၍ ကျောင်းမှနှင်ထုတ်ရန် အမိန့်ချလိုက်သည်။ ထိုလူဝတ်လဲခံရတော့မည့် ဘိက္ခုနီမက ဘုရားရှင်ထံပို့ပေးရန် တောင်းဆိုသဖြင့် ဘုရားရှင်ထံ ပို့လိုက်ကြသည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင်ပင် ဤအမှုကို အရှင်ဥပါလိထံ အစစ်ဆေးခံရန် အပ်နှံလိုက်သည်။ အရှင်ဥပါလိ၏စစ်ဆေးတွေ့ရှိချက်အရ-

http://www.dhammadownload.com

ဤဘိက္ခုနီမသည် အပြစ်မရှိ၊ ရဟန်းအဖြစ်၌သာ ကည်ရှိကြောင်း အဆုံးအဖြတ်ပေးလိုက်သည်။ **[အပြည့်အစုံကို အရှင်ကုမာရကဿပတွင်ကြည့်]**

မြတ်စွာဘုရားသည် အရှင်ဥပါလိ၏ ဝိနိစ္ဆယအဆုံးအဖြတ်ကို သာဓုခေါ်တော်မူ၍ ဝိနည်းခိုရ် ဧတဒဂ်အရာ၌ထားတော်မူ၏။ ထိုအရှင်ဥပါလိထေရ်သည် မိမိပြုကျင့် ဆည်းပူးခဲ့သော ပါရမီပုညသမ္ဘာရအစု ကောင်းမှုကုသိုလ်ကံ တို့ကို ပုဗ္ဗေနိ၀ါသအဘိညာဉ်ဖြင့် ရှေးဘ၀တို့ကို မြင်တော်မူ၍ နှောင်လာ နောက်သား တပည့်များ မှတ်သားနည်းယူ ကျင့်ကြံအားထုတ် ပြုလုပ်ဆည်းပူး ကုသိုလ်ထူး ပါရမီသမ္ဘာရကို ဖြည့်ကြစေရန် ရည်သန်တော်မူ၏။ ဤသို့ ဟောတော်မူ၏။

အရှင်ဥပါလိထေရ်ဟောသော တရားတော်

ဝိနည်းခိုရ်အရာ၌ ဧတဒဂ်ရသော ငါသည် ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာတစ်သိန်းထက်၌ သုဇာတအမည်ရှိသော ပုဏ္ဏားဖြစ်ဖူး၏။ ကုဋေရှစ်ဆယ်ဥစ္စာကြွယ်၏။ များစွာသော စပါး, ဆန်, ရေ, အထွေထွေသော ဥစ္စာဓန ဘောဂနှင့် ပြည့်စုံ၏။ ဗေဒင်သုံးပုံပညာနှင့်လည်း ပြည့်စုံ၏။

ထိုအခါ၌ ဆံကျစ်ဦးစွန် တစ်ခုသာရှိသော ရသေ့တို့သည်လည်းကောင်း, အ၀တ်ဖြူ၀တ်သော ပရိဗိုဇ်တို့သည်လည်းကောင်း, ကောင်းကင်ပျံသွား စွာန်ကစား ကြကုန်သော တာပသရသေ့တို့သည်လည်းကောင်း, လူအပေါင်းတို့သည် လည်းကောင်း သုဇာတပုဏ္ဏားအား ရိသေလေးမြတ် ပူဇော်ကြကုန်၏။ သူကမူ ပူဇော်ရှိခိုးထိုက်သောသူကို မမြင်ဟုဆိုကာ မာနဖြင့် ခက်ထန်၍ နေခဲ့၏။ ဘုရားဟူသော စကားကိုမျှလည်း သူမကြား။

နှစ်အတန်ကြာသော် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူလာ၏။ မြတ်စွာဘုရားသည် လူအပေါင်းတို့အား တရားစကား ဟောကြားတော်မူသဖြင့် သာသနာတော်သည် စည်ပင်ပြန့်ပွားထွန်းလင်း၏။ မြတ်စွာဘုရားသည် ဟံသာ၀တီနေပြည်တော်သို့ ကြွလာတော်မူလာပြီး ခမည်းတော်မင်းကြီးအား တရားဟောတော်မူ၏။

သုနန္ဒရသေ့ ပန်းပွင့်မဏ္ဍပ်ဖန်ဆင်းခြင်း

ထိုအခါ၌ ခမ္မကထိကဧတဒဂ်ရတော်မူသော အရှင်ပုဏ္ဏထေရ် လောင်းလျာ သုနန္ဒမည်သော တာပသရသေ့သည် တစ်ယူဇနာရှိသော ပရိသတ်အပေါ်မှ

http://www.dhammadownload.com

နေမပူရအောင် တန်ခိုးဖြင့် ပန်းပွင့်တို့ကို မဏ္ဍပ်ပြုလုပ်ဖန်ဆင်း၍ မိုးထား၏။ ထိုပန်းပွင့်မဏ္ဍပ်ကြီး၏အောက် ဓမ္မာသနပလ္လင်ဝယ် ထိုင်တော်မူကာ ပဒုမုတ္တရမြတ်စွာဘုရားသည် သစ္စာလေးပါးတရားတော်ကို ခုနစ်ရက်ပတ်လုံး ဟောကြားတော်မူ၏။ ကုဋေတစ်သိန်းမျှသော သတ္တဝါတို့သည် သစ္စာလေးပါးကို ကိုယ်တွေ့ဒိဋ္ဌသိမြင်ကြ၍ မဂ်ဖိုလ်ကို ရကြကုန်၏။ ခုနစ်ရက်လွန်၍ ရှစ်ရက်မြောက်သောနေ့၌ သုနန္ဒအမည်ရှိသော တာပသရဿကို ပဒုမုတ္တရမြတ်စွာဘုရားက ဤသို့ ဗျာဒိတ်ပေးတော်မူ၏။

"ရဟန်းတို့၊ ဤသုနန္ဒမည်သော ရဿေသည် သံသရာဘဝ၌ ကျင်လည်၍ နတ်ပြည်၌လည်းကောင်း, လူ့ပြည်၌လည်းကောင်း, ဖြစ်ရသည်ရှိသော် အလုံးစုံသော အတူနေသူ ပရိသတ်အပေါင်းတို့ထက် မြင့်မြတ်သူဖြစ်ရလတ္တံ့။ နောင်အခါကမ္ဘာတစ်သိန်းထက်တွင် သြက္ကာက မင်းမျိုး၌ဖြစ် သော ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မန္တာဏီပုတ္တောမ၏သား ပုဏ္ဏ ဟူသောအမည်ဖြင့် ဓမ္မကထိက အရာ၌ ဧတဒဂ်ရလတ္တံ့။

မြတ်စွာဘုရား၏ မိန့်ကြားချက်ကို ကြားရသော သုဇာတပုဏ္ဏားသည်လည်း ဂေါတမမြတ်စွာဘုရားကို ဖူးမြင်လိုသောစိတ်ဖြင့် သူလည်းကုသိုလ်ကောင်းမှုပြုရန် အကြံဖြစ်၏။ ဤသုနန္ဒရဿေသည် နောင်ပွင့်လတ္တံ့သော ဂေါတမမြတ်စွာဘုရား လက်ထက်၌ ဓမ္မကထိက ဧတဒဂ်ရ အဘိဓမ္မာတတ် သာဝကဖြစ်အောင် မြတ်စွာဘုရား၌ ဤပန်းပွင့်မဏ္ဍပ်ဖြင့် ကုသိုလ်ပြု၏။ ငါသည်လည်း ဂေါတမမြတ်စွာဘုရား လက်ထက်၌ ဝိနည်းတတ် ဝိနည်းခိုရ် ဧတဒဂ်ရအောင် ကုသိုလ်ကို ပြုလုပ်အံ့ဟုကြံ၏။

ဤသို့ကြံစည်ပြီးသော် ဟံသာဝတီမြို့တော်၏အရှေ့မျက်နှာအရပ်ရှိ သောဘနအမည်ရှိသော ဥယျာဉ်ကြီးတစ်ခုကို အသပြာတစ်သိန်းဖြင့်ဝယ်ကာ သံဃာရာမကျောင်းတိုက်ကြီးကို ဆောက်လုပ်၏။

ပရိဘောဂအစုံဖြင့် ကျောင်းဆောက် လှူခဲ့

ထိုသံဃာရာမ ကျောင်းတိုက်ကြီး၏အတွင်း၌ စုလစ်မွန်းဆွန်တင်သော ကျောင်းများ၊ ပြာသာဒ်များ, မဏ္ဍပ်များ, တိုက်ကတုံးများ, ဂူလိုဏ်များ, အတောင်ခြောက်ဆယ်ရှိသော မြေပလ္လင်လမ်းဖြင့် အပေါ်က အမိုးပြုလုပ်၍

http://www.dhammadownload.com

ဆောက်သော စကြ်လမ်း၊ ချွေးအောင်းသော ဇရုံးအိမ်, မီးတင်းကုတ်, ရေအိုးစင်, ရေချိုးအိမ်, ညောင်စောင်း, ခုတင်, အင်းပျဉ်, အသုံးအဆောင် ပစ္စည်းများဖြစ်သည့် ရေအိုး၊ ခွက်ကြီးခွက်ငယ် အသွယ်သွယ်အဝေ ကပ္ပိယဘဏ္ဍာ အသုံးအဆောင်များ၊ ဂိလာနဘေသဇ္ဇ ဆေးအမျိုးမျိုး၊ ရဟန်းတို့သုံးဆောင်အပ်သော ဝတ္ထုဘဏ္ဍာတို့ကို ပြည့်စုံအောင်ထားသည်။ ကျောင်းတိုက်ကြီး၏ ဝန်းကျင်ပတ်လည်၌ တစ်စုံတစ်ခု သော ရန်သူတို့ ဖျက်ဆီးခြင်းမရှိအောင် တံတိုင်းကြီးကို မြဲမြံခိုင်ခဲ့စွာ ပြုလုပ်ကာရံသည်။ အရံစောင့်နှင့် ကပ္ပိယကာရကတို့ကိုထား၍ ကောင်းစွာ စီမံပြုလုပ်ပြီး ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်ဖိတ်လျက် "သုဇာတမည်သော တပည့်တော်ကို ချီးမြှောက်သော အားဖြင့် ဤသောဘနမည်သော ကျောင်းတိုက်ကြီးကို အလှူခံတော်မူပါဘုရား" ဟူ၍ လျှောက်ထား၏။

မြတ်စွာဘုရားသည် ကျောင်းတိုက်ကြီးကို အလှူခံတော်မူကာ ကျောင်းတိုက်ကြီးအတွင်းရှိ ဂန္ဓကုဋီ၌ သီတင်းသုံးတော်မူသည်။

သုဇာတပုဏ္ဏားသည် ကျောင်းတိုက်ကိုလှူပြီးနောက် ဘုရားရှင်ထံ၌ ဤသို့ ဆုတောင်းလေသည်။

"သုဇာတခေါ် တပည့်တော်သည် ဤကျောင်းတိုက် အရံကိုလှူဒါန်းရသော ဒါနကုသိုလ်ကြောင့် တပည့်တော်သည် နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူ၏ လက်ထက်တွင် ဝိနယဓရအရာ၌ ဧတဒဂ်ရသော အရှင်ဘုရား၏ တပည့်ကဲ့သို့ ဝိနယဓရ ဧတဒဂ်ကို ရလိုပါသည်ဘုရား"

သုဇာတပုဏ္ဏား ဤသို့ ဆုတောင်းသောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာတော်၏ အလယ်၌ ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ယော သော ဗုဒ္ဓသ ပါဒါသိ၊ သံဃာရာမံ သုမာပိတံ။
တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။

ဟတ္ထိ အဿာ ရထာ ပတ္တိ၊ သေနာ စ စတုရင်္ဂိနီ။
ပရိဝါရေဿန္တိ'မံ နိစ္စံ၊ သံဃာရာမဿိဒံ ဖလံ။

တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိဿတိ။
သဟဿက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇံ ကရိဿတိ။

သဟဿက္ခတ္တုံ စက္ကဝတ္တိ၊ ရာဇာ ရဇ္ဇေ ဘဝိဿတိ။
ဝိပုလံ ပထဝျာ ရဇ္ဇံ၊ ဂဏာနာတော အသင်္ခိယံ။

http://www.dhammadownload.com

ယောသော၊ အကြင်သုဇာတပုဏ္ဏားသည်။ ဗုဒ္ဓသ၊ မြတ်စွာဘုရားအား။ သုမာပိတံ၊ ကောင်းစွာစီမံဆောက်လုပ်အပ်သော။ သံဃာရာမံ၊ သံဃာ၏အရံ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ဧရပ်၊ လိုဏ်၊ ဂူ၊ ဥယျာဉ်အလှူကို။ ပါဒါသိ၊ လှူဒါန်း၏။ တံ၊ ထိုသို့သုဇာတပုဏ္ဏားလှူသော ဒါန၏အကျိုးကို။ အဟံ၊ ငါသည်။ ကိတ္တယိဿာမိ၊ ဟောကြားပေအံ့။ မမ၊ ငါဘုရား၏။ ဘာသတော၊ ဟောတော်မူသော တရားတော်ကို။ သုဏာထ၊ နာကြကုန်လော့။

ဟတ္ထိအဿရထပတ္တီ၊ ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည်တပ်ဟု ဆိုအပ်ကုန်သော။ စတုရင်္ဂနီ၊ အင်္ဂါလေးပါး ရှိကုန်သော။ သေနာစ၊ စစ်သည်တပ်တို့သည်လည်း။ ဣမံ၊ ဤသုဇာတပုဏ္ဏားကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေဿန္တိ၊ ခြံရံကုန်လတ္တံ့။ ဣဒံ၊ ဤသည်ကား။ သံဃာရာမဿ၊ သံဃာအရံကျောင်းတိုက်ကို လှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

တိ သကပွသဟသာနိ၊ ကမ္ဘာပေါင်းသုံးသောင်းတို့ကာလပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိဿတိ၊ မွေ့လျော်ရလတ္တံ့။ သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ ဒေဝိန္ဒော၊ သိကြားဖြစ်၍။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကာရိဿတိ၊ ပြုရလတ္တံ့။

သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ စက္ကဝတ္တိရာဇာ၊ စကြာမင်းသည်။ ရဋ္ဌေ၊ တိုင်းပြည်တစ်ဆုံး လေးကျွန်းလုံး၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပထဗျာရဇ္ဇံ၊ မြေအပြင်ကို အုပ်စိုးနိုင်သော ဧကရာဇ်မင်း အဖြစ်သည်။ ဝိပုလံ၊ ပြန့်ပြောကြီးမား အလွန်များသည်ဖြစ်၍။ ဂဏနာတော၊ ဘဝပေါင်းအရေအတွက်အားဖြင့်။ အသင်္ခိယံ၊ မရေတွက်နိုင်။

ဝိနည်းဓိုရ် ဧတဒဂ်ဗျာဒိတ် ပေးတော်မူခြင်း

ကပွသတသဟဿမှိ၊ သြက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒေါ၊ သြရသော ဓမ္မနိမ္မိတော။
ဥပါလိ နာမ နာမေန၊ ဟေဿတိ သတ္ထုသာဝကော။
သဗ္ဗမေတံ အဘိညာယ၊ ဂေါတမော သက္ကပုင်္ဂဝေါ။
ဘိက္ခုသံဃေ နိသီဒိတွာ၊ ဧတဒဂ္ဂေ ဌပေဿတိ။

http://www.dhammadownload.com

ကပ္ပသတသဟဿမှီ၊ ကမ္ဘာတစ်သိန်းထက်၌။ သြက္ကာကကုလသမ္ဘဝေါ၊ သြက္ကာက မင်းမျိုး၌ဖြစ်သော။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမ အမည်တော်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဘဝိဿတိ၊ ပွင့်ထွန်းတော်မူလတ္တံ့။

တဿ၊ ထိုဂေါတမမြတ်စွာဘုရား၏။ ဓမ္မေသု၊ တရားတို့၌။ ဒါယာဒေါ၊ အမွေခံ၍။ သြရသော၊ ရင်၌ဖြစ်သော။ ဓမ္မနိမ္မိတော၊ တရားတော်ဖြင့် ဖန်ဆင်းအပ်သော။ ဥပါလိနာမနာမေန၊ ဥပါလိဟူသော အမည်ဖြင့်။ သတ္ထု၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော မဟာသာဝကသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

သက္ယပုင်္ဂေါ၊ သာကီဝင်တို့၏ ရှေ့ဆောင်ဖြစ်သော။ ဂေါတမော၊ ဂေါတမ မြတ်စွာဘုရားသည်။ သဗ္ဗံ၊ အလုံးစုံသော။ ဇတံ၊ ဤဂုဏ်အပေါင်းကို။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့်သိ၍။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၏အလယ်၌။ နိသီဒိတ္ထာ၊ သီတင်းသုံးတော်မူ၏။ ဇတဒဂ္ဂေ၊ ဇတဒဂ်အရာ၌။ ဌပေသတိ၊ ထားလတ္တံ့။

သုဇာတပုဏ္ဏားသည် ပဒုမတ္တရ မြတ်စွာဘုရားအထံတော်မှ နိယတဗျာဒိတ်ရပြီး ထိုဘဝမှ စုတေသော် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ရသည်။ ကမ္ဘာတစ်သိန်းလွန်သောအခါ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသည်။ ထိုအခါ သူသည် ဆတ္တာသည်အမျိုး၌ ဖြစ်သဖြင့် ဥပါလိဟု အမည်တွင်လေ၏။

အရှင်ဥပါလိ ဝိနည်းပိဋကတော်ကို ရှိုးပူတော်ခြင်း

သတ္ထုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟဒယေနဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။
ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

အဟံ၊ ဥပါလိမည်တွင် ငါ အရှင်သည်။ သတ္ထုကပ္ပံ၊ မြတ်စွာဘုရားနှင့် တူတော်မူသော။ သုဝိနယံ၊ ကောင်းစွာ ဆုံးမတော်မူတတ်သော။ ဝိနယံ၊ ဝိနည်းပိဋကတ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမဿမာနော၊ ရှိခိုးလျက်။ ဝိဟရိဿာမိ၊ နေပါအံ့။

ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ အာသယော၊ နေရာတည်း။ ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ ဌာနစင်္ကမံ၊ ရပ်ရာ, စင်္ကြံသွားရာ ဖြစ်၏။ ဝိနယေ၊

http://www.dhammadownload.com

ဝိနည်းပိဋကဋ္ဌ။ ဝါသံ၊ နေခြင်းကို။ ကပွေမိ၊ ပြုပါ၏။ ဝိနယော၊ ဝိနည်းပိဋကသည်။ မမ၊ ငါ၏။ ဂေါစရော၊ စိတ်၏ကျက်စားရာ အာရုံတည်း။

ဤသို့ အရှင်ဥပါလိထေရ်မြတ်သည် ဝိနည်းပိဋကတ်တော်၌ လွန်ကဲစွာသော ကြည်ညိုခြင်းရှိသည်ကို ဟော ပြတော်မူ၏။

အရှင်ဥပါလိထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်အညာသိကောဏ္ဍညထေရ် အပဒါန်ဝတ္ထု

အရှင်အညာသိကောဏ္ဍညထေရ်မြတ်သည်လည်း ကမ္ဘာတစ်သိန်း၏အထက် ရှေးဖြစ်သော ကမ္ဘာတစ်သိန်းကာလ၌ ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့၏ အထံတော်၌ ပတ္ထနာဆုတောင်းခြင်းကို ပြုခဲ့၏။ များစွာသော ဘဝတို့၌ ဝဋ်ဆင်းရဲမှလွတ်ကြောင်း ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးအားထုတ်၏။ ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်၌ တုသိတာ နတ်ပြည်မှ စုတေကာ ဟံသာဝတီပြည်ဝယ် ဂဟပတိ မဟာသာလအမျိုး၌ဖြစ်၏။ သူအရွယ်သို့ရောက်သော တစ်နေ့၌ သူသည် မြတ်စွာဘုရားကို ပန်းနံ့သာတို့ဖြင့် ပူဇော်၍ တရားတော်ကို နာယူသည်။ ထိုတရားသဘင်၌ မြတ်စွာဘုရားသည် မိမိ၏ သာသနာတော်တွင် သစ္စာလေးပါး တရားကို ပထမဦးဆုံး ထိုးထွင်းသိမြင်သော အရှင်မြတ်ကြီးတစ်ပါးကို သာသနာကော်၌ သိက္ခာဝါ အကြီးဆုံးအရာ၌ ဧတဒဂ် ထားတော်မူသည်ကို ဖူးတွေ့ရ၏။ သူသည်လည်း သိက္ခာဝါအကြီးဆုံး ရတ္တညူအရာကို တောင့်တလျက် တစ်သိန်းသော ရဟန်းသံဃာတော် ခြံရံအပ်သော ပဒုမုတ္တရမြတ်စွာ ဘုရားအား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူကာ ပဏိဓာန မြတ်သော ဆုတောင်းခြင်းကို ပြု၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည်လည်း ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။ ထိုဂဟပတိမဟာသာလ သူကြွယ်သည် အသက်ရှည်သမျှ ကုသိုလ်ကိုပြု၍ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ စေတီတော်အတွင်း၌ ဓာတ်တော်ကို ဌာပနာရုန် ရတနာဖြင့်ပြီးသော ရတနာဃရဓာတ်တော်တိုက်ကို ပြုလုပ်စေ၏။ စေတီတော်၏ပတ်လည်၌ ရတနာဖြင့်ပြီးသော ပွတ်လုံးပွတ်တိုင်တို့ကိုလည်း ပြုလုပ်ထား၏။

http://www.dhammadownload.com

မဟာကာလသူကြွယ် အဦးကိုးပါးလှူနည်း

ထိုဘဝမှ စုတေကာ နတ်ပြည် လူ့ပြည်တို့၌ ကံအားလျော်စွာ ကျင်လည်ရ၏။ ဤကမ္ဘာမှ ပြန်၍ရသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီဘုရားပွင့်တော်မူသောကာလတွင် မဟာကာလမည်သော သူကြွယ်ဖြစ်သည်။ ရှစ်ပယ်မျှသောလယ်၌ ဖုံးစလုံးစဖြစ်သော သလေးစပါးအနှံတို့မှ အရည်ခဲများကို ခွဲယူပြီး ရေမရောသော နွားနို့ဖြင့်ရောရ၍ ဃနာနို့ဆွမ်းကို စီရင်သည်။ ရက်တက်,ပျားရည်, ထောပတ်, သကာ, တင်လဲစသော ချိုမြိန်ကောင်းမွန်သော ရသာတို့ကိုလည်း ထည့်လောင်းလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ကပ်လှူ၏။

ထိုဖုံးစလုံးစဖြစ်သော သလေးစပါးပင်ကို ရိပ်ယူရာအရပ်၌ စပါးပင်သည် ပြည့်မြိပြည့်၍ လာ၏။ စပါးရင့်စ ကာလ၌ မုန့်ဆန်းဦးကို စီရင်၍ လှူ၏။ စပါးရိတ်သိမ်းသောအခါ၌ လည်းကောင်း၊ ထို့အတူ ကောက်လိုင်းထုံးခြင်း၊ ကျီသွင်းခြင်း စသည်ဖြင့် ကိုးကြိမ်ကိုးခါ ဦးဦးဖျားဖျား ဆွမ်းဆက်ကပ်သည်။

ဤကဲ့သို့ အသက်ရှည်သမျှ ကာလပတ်လုံး ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်၍ စုတေသော် နတ်ပြည်၌ဖြစ်၏။ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာမှစ၍ ငါတို့မြတ်စွာဘုရားပွင့်တော်မူသော ကမ္ဘာတိုင်အောင် ကိုးဆယ့်တစ်ကမ္ဘာကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်သည်။ ငါတို့ မြတ်စွာဘုရားမပွင့်မီ ရွှေးအဖို့၌ ကပိလဝတ္ထုပြည်၏အနီး ဒေါဏမည်သော ပုဏ္ဏားရွာတွင် ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်လာကာ အန္ဓယဂေါတ္တအားဖြင့် ကောဏ္ဍညဟူသော နာမည်ဖြစ်၏။

ရှစ်ယောက်တို့တွင် အငယ်ဆုံးပုဏ္ဏား

ထို ကောဏ္ဍညအမည်ရှိသော ပုဏ္ဏားလုလင်သည် ဝေဒကျမ်းဂန်တို့ကို သင်ကြားတတ်မြောက်၍ လက္ခဏာကျမ်းတို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်၏။ ထိုလုလင်သည် ငါတို့မြတ်စွာဘုရားလောင်းလျာ သိဒ္ဓတ္ထမင်းသား ဖွားတော်မူသောကာလ လက္ခဏာတော်တို့ကို ကြည့်ရှုရန် ပင့်ဆောင်သော ပုဏ္ဏားဗေဒင်ဆရာတစ်ရာ့ရှစ်ယောက်တို့တွင် အထူးချွန်ဆုံးအဖြစ် ဆန်ခါတင် ရွေးကောက်သော ပုဏ္ဏားရှစ်ယောက်တို့တွင် အငယ်ဆုံး ဖြစ်၏။

http://www.dhammadownload.com

သူသည် သိဒ္ဓတ္ထမင်းသား၏ လက္ခဏာကိုကြည့်ရှုကာ "မုချစင်စစ် ဘုရား ဖြစ်လတ္တံ့" ဟု ဆုံးဖြတ်သည်။ ဘုရားလောင်းလျာ၏ တောထွက်ခြင်းကိုသာလျှင် မြော်လင့်စောင့်ဆိုင်း ကြည့်ရှုလျက်နေ၏။ ငါတို့ ဘုရားလောင်းသည် နှစ်ဆယ့်ကိုးနှစ်အရွယ်ရောက်သောအခါ တောထွက်ကာ အနောမာမြစ်ကမ်း၌ ရဟန်းပြုပြီး ဥရုဝေဠတောသို့ကြွတော်မူလျက် ပဓာနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော်မူလေ၏။

ထိုအခါ၌ ကောဏ္ဍညပုဏ္ဏားသည် လက္ခဏာကြည့်ရာတွင် ပါဝင်သော ပုဏ္ဏားကြီး လေးဦး၏ သားလေးဦးတို့နှင့် အတူ ရဟန်းပြုခဲ့ကြပြီး ဘုရားလောင်း အထံ၌လည်း ခြောက်နှစ်ပတ်လုံး ဝတ်ကြီးဝယ်ငယ်ကို ပြုစုလုပ်ကျွေးလျက်ရှိ၏။ ဘုရားအလောင်း ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်ပြီး အာဟာရကို ပြန်လည် သုံးဆောင်သောအခါ ဘုရားဖြစ်မည်မထင်၍ စွန့်ခွာ ခွဲထွက်ခဲ့လျက် မိဂဒါဝုန်တောသို့ သွား၍နေ၏။

ထိုနောက် ဘုရားလောင်းသည် ဘုရားဖြစ်၍ မဟာဗောဓိပင်၏အနီး၌ လေးဆယ့်ကိုးရက် နေတော်မူပြီး အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူရာ ဝါဆို လပြည့်နေ့တွင် ဣသိပတန မိဂဒါဝုန်တောသို့ ရောက်တော်မူ၏။ ထိုကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂိငါးဦးတို့အား ဘုရားရှင်က ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်ကိုဟောတော် မူ၏။ ဒေသနာတော်အဆုံး၌ အရှင်ကောဏ္ဍညထေရ်သည် တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်တော်မူ၏။ အဦးကိုးမျိုး လျှခဲ့သော ပတ္ထနာ ကုသိုလ်အားကြောင့် အဦးဆုံး တရားကို သိတော်မူ၏။

အညာသိကောဏ္ဍညထေရ် ဟောတော်မူသော တရားတော်

သိက္ခာဝါအကြီးဆုံး ရတ္တညူ ဇာတဒဂ်ကိုရသော အညာသိကောဏ္ဍညသည် ဤငါတို့ကမ္ဘာမှ ပြန်၍ရောက်သော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူစဉ်က တုသိတာနတ်ပြည်၌ နတ်သားဖြစ်နေသည်။ ပဒုမုတ္တရမြတ်စွာ ဘုရားပွင့်လာသည့်အခါ ရှေးဦးစွာ မြတ်စွာဘုရားကို လာရောက်ဖူးမြော်ကြသော နတ်ဗြဟ္မာအပေါင်းတွင် ကောဏ္ဍညလောင်းလျာ နတ်သားလည်း ပါသည်။

အညာသိကောဏ္ဍညထေရ် လောင်းလျာဖြစ်သော တုသိတာနတ်သားသည် ပဒုမုတ္တရမြတ်စွာဘုရား မဟာဗောဓိပင်ရင်းရှိ ရွှေပလ္လင်ထက်၌ သတ္တသတ္တာဟ လေးဆယ့်ကိုးရက်စံနေတော်မူအပြီး နောက်ဆုံးနေ့၌ တဖုဿ ဘလ္လိက ညီနောင်တို့ ကဲ့သို့ ရှေးဦးအစဆုံးသော ဆွမ်းကို လှူခဲ့သည်။

http://www.dhammadownload.com

ဘုရားတစ်ဆူတည်းအထံ၌ နှစ်ကြိမ်တိုင် ဗျာဒိတ်ရခြင်း

အညာသိကောဏ္ဍညထေရ်လောင်းလျာ နတ်သား ဆွမ်းဦးလှူသောအခါ နတ်ဗြဟ္မာအပေါင်းတို့၏ အလယ်၌ ဗျာဒိတ် ပေးတော်မူသည်။ နတ်သားအဖြစ်၌ နိယတဗျာဒိတ်ကို ပထမရတော်မူ၏။ ထိုနတ်သားသည် တုသိတာနတ်ပြည်မှ စုတေ၍ ဟံသာဝတီနေပြည်တော်၌ ဂဟပတိ မဟာသာလသူကြွယ်မျိုး၌ ဖြစ်ပြန်သည်။ ပဒုမုတ္တရမြတ်စွာဘုရားအထံ၌ တရားတော်ကိုနာကာ အလှူကြီးကို ပေးလှူသဖြင့် ဒုတိယအကြိမ် ဗျာဒိတ်ရပြန်၏။

ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားအထံတော်၌ အဘိနီဟာရ နိယတဗျာဒိတ်ကို နှစ်ကြိမ် ခံယူရရှိသော အရှင်ကောဏ္ဍညထေရ်လောင်းလျာသည် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီ မြတ်စွာဘုရား လက်ထက်၌ မဟာသာလသူကြွယ်ဖြစ်ဖူးသည်။ ထိုဘဝ၌ အဦးကိုးပါးတို့ကို လှူဒါန်းခဲ့သည်။ ယခုဘဝ၌ ဗေဒင်သုံးပုံတတ် ဗြာဟ္မဏမဟာသာလအမျိုး၌ ဖြစ်၍ ကောဏ္ဍညဟု အမည်သညာခေါ်တွင်သည်။ ဘုရားလောင်း ဖွားမြင်တော်မူသောအခါ လက္ခဏာတော်ကြည့်ရှုသော ပုဏ္ဏားရှစ်ယောက်တို့တွင် ကောဏ္ဍညသည် အငယ်ဆုံးဖြစ်သည်။

ပဋ္ဌဝင်္ဂီဟူသော အမည်ဖြင့် မိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် ဓမ္မစကြာတရားဦး ဟောတော်မူသောအခါတွင် ရှေးဦးစွာ တရားတော်ကို သိ၍ "အညာသိကောဏ္ဍည"ဟူသော အမည်တော်ရကာ အနုတ္တလက္ခဏသုတ်ကို ဟောတော်မူရာတွင် ရဟန္တာဖြစ်သည်။

ထိုနောက် မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လှူသော ဇေတဝန်ကျောင်းတော်ကြီး၌ နေတော်မူစဉ် ရဟန်းသံဃာတော်တို့၏ အလယ်၌ ထိုင်နေတော်မူကာ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော"ဟူ၍ ရတ္တညူ ဧတဒဂ် ထားတော်မူသည်။

ရဟန်းသံဃာတို့တွင် အရှင်အညာသိကောဏ္ဍညထေရ်သည် သိက္ခာဝါအကြီးဆုံး (ရတ္တညူ) ဖြစ်တော်မူ၏။

သိက္ခာဝါတော်အကြီးဆုံးဖြစ်သော ကောဏ္ဍညထေရ်မြတ်ကို ပါရမီ သမ္ဘာရ ပညာတော်ဂုဏ်, တန်ခိုးဣဒ္ဓိဂုဏ်တို့ဖြင့် ကျော်စောထင်ရှား ကြီးမားလှသော အဂ္ဂသာဝကကြီး နှစ်ပါးတို့သည်လည်း အလွန်တရာ ရိုသေကြကုန်၏။ ဆိတ်ငြိမ်စွာ

http://www.dhammadownload.com



မြတ်စွာဘုရား ပဉ္စဝဂ္ဂိဝါးဦးအား တရားဦးဓမ္မစကြာဟောကြားနေဟန် ၁၉၆

http://www.dhammadownload.com

http://www.dhammadownload.com

နေခြင်း ဂိဝေကာဘိရတိဖြင့် နေလိုသည်ဖြစ်၍ မြတ်စွာဘုရားကို ပန်ကြားကာ ဟိမဝန္တာတောသို့ဝင်လျက် ဆဒ္ဒန္တ အိုင်ကြီး၏ ကမ်းပေါ်၌ ဆဒ္ဒန္တ ဆင်တို့၏ အလုပ်အကျွေးကို ခံတော်မူလျက် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး နေတော်မူ၏။

ထိုအခါ သိကြားမင်းသည် လာရောက်လျက် "အရှင်ဘုရား၊ တရားဟော တော်မူပါ" ဟု တောင်းပန်သောအခါ သစ္စာလေးပါး, လက္ခဏာယာဉ်သုံးပါး, သုညတ ပဋိသံယုတ္တတရားတော်ကို ဆန်းကြယ်စွာသော နည်းတို့ဖြင့် ဟောတော်မူ၏။

အညာသိကောဏ္ဍညထေရ်မြတ်သည် ဆဒ္ဒန္တ အိုင်ကြီး၏ ကမ်းပေါ်၌ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး နေတော်မူ၍ ပရိနိဗ္ဗာန်ပြုခါနီးတွင် မြတ်စွာဘုရား၏ အထံတော်သို့ ကြွလာသည်။ ပရိနိဗ္ဗာန်ပြုအံ့သော အကြောင်းကိုလည်း လျှောက်ကြားသည်။

ထို့နောက် ထိုဆဒ္ဒန္တ အိုင်ကြီး၏ ကမ်းပေါ်အရပ်သို့ပင်လျှင် ပြန်ကြွတော်မူ၍ ဆဒ္ဒန္တ ဆင်အပေါင်းတို့၏ အလုပ်အကျွေးအပူဇော်ကို ခံတော်မူလျက် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မထေရ်ကြီး၏ သရီရရုပ်အလောင်းကို ဆဒ္ဒန်ဆင် အပေါင်းတို့က ဦးကင်းဖြင့်တင်မြှောက်လျက် သာဓုကီဠနသဘင် ပူဇော်ကြသည်။ ထို့နောက် နတ်ပြည်မှ နတ်တို့ ယူဆောင်၍ နတ်ပြည်ခြောက်ထပ်စေ့မှ ဆဒ္ဒန်ဆင်တို့၏ အထံသို့ ပြန်ပို့ကြသည်။ ဆဒ္ဒန်ဆင်တို့ တစ်ကောင်စီစေ့အောင် ဦးကင်းဖြင့် တင်မြှောက်ပူဇော်ပြီးမှ တေဇောဓာတ်လောင်တော်မူ၏။

အရှင် အညာသိကောဏ္ဍညထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ပိဏ္ဍောလဘာရဒွါဇထေရ် အပဒါန်ဝတ္ထု

အရှင်ပိဏ္ဍောလဘာရဒွါဇထေရ်မြတ်သည် ရှေးရှေးသော မြတ်စွာဘုရားရှင်တို့၏ အထံ၌ ပြုအပ်ပြီးသော ပါရမီရှိ၍ ပတ္ထနာဆုတောင်းခြင်းဖြင့် ဆုတောင်းခဲ့သည်။ ထိုထိုဘဝများစွာတို့၌လည်း သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ကြောင်း နိဗ္ဗာန်ကို ဆုတောင်းလျက် ဝိဝဋ္ဋနိဿိတ ကုသိုလ်တို့ကို ပြုသည်။ ပဒုမုတ္တရ

http://www.dhammadownload.com

မြတ်စွာဘုရား လက်ထက်တော်၌ ဟိမ၀န္တာတောင်ခြေတွင် အရှေ့မျက်နှာအရပ်ရှိ တစ်ခုသောဂူလိုဏ်အတွင်း၌ ခြင်္သေ့ဖြစ်၍ နေ၏။

ထိုအခါ မြတ်စွာဘုရားသည် စိတ္တကူဋ္ဌတောင်၌ သီတင်းသုံးနေတော်မူ၏။ ဘုရားရှင်သည် ထိုခြင်္သေ့ကို ချီးမြှောက်တော်မူလို၍ ခြင်္သေ့အစာရှာသွားသော အခါတွင် ဂူလိုဏ်တွင်းသို့ ဝင်တော်မူကာ နိရောဓသမာပတ်ကို ဝင်စားလျက် နေတော်မူ၏။

ခြင်္သေ့သည် အစာရှာသွားရာမှ ပြန်လာ၍ ဂူလိုဏ်၀သို့ရောက်လျှင် ဘုရားရှင်ကို မြင်သဖြင့် ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိလျက် ကုန်းပန်းရေပန်းတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်၏။ သားရဲတိရစ္ဆာန်တို့ဘေးမှ မြတ်စွာဘုရားအား စောင့်ရှောက်ခြင်းငှာ တစ်နေ့လျှင်သုံးကြိမ် ခြင်္သေ့အသံဖြင့် ဟောက်၏။ ဤသို့မြတ်စွာဘုရားအား ပူဇော်၍ ခုနစ်ရက်ပတ်လုံး ဘုရားကို အာရုံပြုသောစိတ်ဖြင့် နေ၏။

မြတ်စွာဘုရားသည် ခုနစ်ရက်လွန်၍ နိရောဓသမာပတ်မှ ထတော်မူပြီး ဤခြင်္သေ့အား ဤမျှလောက်ဖြင့်ဆိုလျှင် ခြင်္သေ့အတွက် မှီခိုအားထားလောက်သော ဥပနိဿယကုသိုလ်သည် အကျိုးဖြစ်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍ ကောင်းကင်သို့ ပျံတက်တော်မူပြီး ခြင်္သေ့မြင်စဉ်ပင် ကျောင်းတော်သို့ ကြွတော်မူ၏။ ခြင်္သေ့သည် မြတ်စွာဘုရားကို လွမ်းဆွတ်သော ပိယဝိပွယောဂ ချစ်ခင်သူနှင့် ကွေကွင်းရသော ဆင်းရဲကို မခံနိုင်သဖြင့် နှလုံးကွဲ၍ သေလေ၏။

သူသည် ထိုဘ၀မှ သေလွန်ပြီး၍ ဟံသာ၀တီပြည်၀ယ် ဥစ္စာပေါများသော အမျိုး၌ လူဖြစ်လာသည်။ အရွယ်ရောက်လျှင် မြို့သူမြို့သားတို့နှင့် အတူတကွ ကျောင်းတော်သို့လာ၍ တရားတော်ကို နာသည်။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူသည်။ အသက်ထက်ဆုံးကုသိုလ်ကို ပြုလုပ်ခဲ့သည်။ လူ့ဘ၀, နတ်ဘ၀တို့၌ ကျင်လည်လျက် ငါတို့ မြတ်စွာဘုရား လက်ထက်တွင် ကောသမ္ဗီပြည် ဥတေနမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏား၏သား ဖြစ်ရသည်။ သူ့အမည်မှာ ဘာရဒ္ဝါဇ ဖြစ်၏။

အရှင်ပိဏ္ဍောလဘာရဒ္ဝါဇထေရ်၏ ပစ္စုပ္ပန်၀တ္ထု

ထိုအရှင် ပိဏ္ဍောလလောင်းလျာ ဘာရဒ္ဝါဇ ပုဏ္ဏားသည် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်၍ ငါးရာကုန်သော တပည့်သူငယ်လုလင်တို့အား သင်ကြားချပို့၍နေ၏။

http://www.dhammadownload.com

အစားကြီးသူ

ထိုဘာရဒ္ဓါဇပုဏ္ဍားသည် အလွန်အစားကြီး၏။ မနှစ်မျို့ဖွယ်ရာ အကျင့်စရိုက် ရှိ၏။ တပည့်များထံမှ ဉာဏ်ပူဇော်ခ အလွန်အကျူးတောင်း၏။ ထို့ကြောင့် တပည့်သူငယ် တို့က စွန့်ပစ်အပ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ ထွက်ခွာလာခဲ့သည်။ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့၏ လာဘ်လာဘ ဖွံ့ဖြိုးပုံကို မြင်၍ ဤသာသနာတော်၌ ဝင်ရောက်လာကာ ရဟန်းပြုသည်။ ရဟန်းအဖြစ်ကို ရရှိပြီးသော် အရှင်ဘာရဒ္ဓါဇသည် ဆွမ်းဘောဇာဉ်တို့ကို အတိုင်းအရှည် မထားဘဲ သုံးဆောင်သည်။ ထို့ကြောင့် သီဇာင်းသုံးဖော်ရဟန်းတို့က အရှင်၏ဘွဲ့အမည်ရှေ့တွင် "ပိဏ္ဍောလ"ဟု တိုးကာ ခေါ်ဝေါ်ကြသဖြင့် "အရှင်ပိဏ္ဍောလဘာရဒ္ဓါဇ"ဟု အမည်တွင်သွားလေသည်။

အစားအသောက်ကို အတိုင်းအရှည်မထားဘဲ မက်မက်မောမော စားသုံးတတ်သည့် အရှင်ပိဏ္ဍောလဘာရဒ္ဓါဇအား မြတ်စွာဘုရားက အကြောင်းတစ်ခုကို ပြပြီး ဆုံးမသောအခါ အစားအသောက်၌ အတိုင်းအရှည်သိလာသည်။ ခန္ဓာကိုယ်တည်တံ့မျှတစေရုံသာ အစားအသောက်တို့ကို စားသောက်တော့သည်။ ဘုရားရှင်ဟောကြားပြသသော ဝိပဿနာ ဘာဝနာတရားကို မနားမနေ ကြိုးစားအားထုတ်ရာ မကြာမီပင် အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တအဖြစ်သို့ ရောက်ရှိတော့သည်။

ထို့နောက် အရှင်သည် မြတ်စွာဘုရားသခင်၏ရှေ့တော်မှောက်၌ "သာဝက တို့ရောက်ထိုက်သော တရားအဆုံးသို့ တပည့်တော်ရောက်ပါပြီဘုရား"ဟု လျှောက်ကြားသည်။ ရဟန်းသံဃာအလယ်၌လည်း "အကြင်သူသည် မဂ်၌လည်းကောင်း, ဖိုလ်၌လည်းကောင်း ယုံမှားမကင်း ဉာဏ်မလင်း၍ မသိဝိုးဝါးရှိပါငြားအံ့၊ ငါ့ကိုသာ မေးကြကုန်လော့"ဟူ၍ ခြသေ့်မင်းကဲ့သို့ ရဲရင့်စွာဖြင့် သီဟနာဒစကားကို ကျူးရင့်ပြောဆို၏။

ဘုရားရှင်က ဧတဒဂ်ပေးပြီ

ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်ပိဏ္ဍောလဘာရဒ္ဓါဇထေရ်မြတ်ကို "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သီဟနာဒနဒိကာနံ ယဒိဒံ ပိဏ္ဍောလဘာရ ဒ္ဓါဇော"ဟူ၍ မကြောက်မရွံ့ ရဲဝံ့စွာ ပြောဆိုကြသော ငါဘုရား၏ တပည့်များတွင် အထွတ်မြတ်ဆုံး သီဟနာဒဧတဒဂ်အရာ ထားတော်မူ၏။

http://www.dhammadownload.com

ခြင်္သေ့မင်းဘဝအဖြစ်

ဤသို့ ဧတဒဂ်အရာသို့ ရောက်တော်မူသော အရှင်ပိဏ္ဍောလဘာရဂ္ဃါဧထေရ် မြတ်သည် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးဘဝတို့က ဆည်းပူးခဲ့သော ပါရမီပုညသမ္ဘာရကို ဆင်ခြင်သည်ရှိသော် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရမြတ်စွာဘုရားသည် ဟိမဝန္တာတောင်အရှေ့မျက်နှာ စိတ္တကူဋတောင်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ပိဏ္ဍောလဘာရဂ္ဃါဧ အလောင်းလျာသည် ခြင်္သေ့မင်းဖြစ်၍နေ၏။ ထိုခြင်္သေ့သည် ပဒုမုတ္တရမြတ်စွာဘုရားကို ပန်းပွင့်တို့ဖြင့် ပူဇော်၏။ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ တစ်နေ့လျှင် သုံးကြိမ် ခြင်္သေ့သံဖြင့် ဟောက်၍ ပူဇော်၏။

သီဟနာဒဧတဒဂ်ရသော ပိဏ္ဍောလဘာရဂ္ဃါဧထေရ်မြတ်သည် ခြင်္သေ့ဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရားကို ပန်းပွင့်တို့ဖြင့်လည်းကောင်း, ခြင်္သေ့ဟောက်သော အသံဖြင့်လည်းကောင်း ပူဇော်သောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်းတို့၏ အလယ်၌ ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဣတော အဋ္ဌမကေ ကပ္ပေ၊ စက္ကဝတ္တိ ဘဝိဿတိ။
သတ္တရတနသမ္ပန္နော၊ စတုဒီပမှိ ဣဿရော။
ကာရယိဿတိ ဣဿရိယံ၊ မဟိယာ စတုသင်္ဌိယာ။
ပဒုမော နာမ နာမေန၊ စက္ကဝတ္တီ မဟဗ္ဗလော။
ပကာသိတော ပါဝစနေ၊ ဗြဟ္မဗန္ဓု ဘဝိဿတိ။
ဗြဟ္မညာ အဘိနိက္ခမ္မ၊ ပဗ္ဗဇိဿတိ တာဝဒေ။
ပဓာနပဟိတတ္တော သော၊ ဥပသန္တော နိရူပဓိ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿတိ နာသဝေါ။

ဣတော၊ ဤကမ္ဘာမှ။ အဋ္ဌမကေ၊ ရှစ်ခုမြောက်သော။ ကပ္ပေ၊ ကမ္ဘာ၌။ စတုဒီပမှိ၊ လေးကျွန်းလုံး၌။ ဣဿရော၊ အစိုးရသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

မဟိယာ၊ မြေပြင်လုံး၌။ စတုသင်္ဌိယာ၊ ခြောက်ဆယ့်လေးဘဝတို့ပတ်လုံး။ ပဒုမောနာမနာမေန၊ ပဒုမမည်သောနာမည်ဖြင့်။ မဟဗ္ဗလော၊ ခြင်္သေ့ကဲ့သို့ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဣဿရိယံ၊ အစိုးရခြင်းကို။ ကာရယိဿတိ၊ ပြုလတ္တံ့။

http://www.dhammadownload.com

ပါဝစနေ၊ သာသနာတော်သည်။ ပကာသိတေ၊ ထင်ပေါ်ထွန်းလင်းသည်ရှိသော်။ အယံသီဟရာဇာ၊ ဤခြင်္သေ့မင်းသည်။ ဗြဟ္မဇန္ဓု၊ ပုဏ္ဏားမျိုးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဗြဟ္မညာ၊ ပုဏ္ဏားအဖြစ်မှ။ အဘိနိက္ခမ္မ၊ ထွက်၍။ တာဝဒေ၊ ထိုမျှထွန်းလင်းသော သာသနာတော်အတွင်း၌။ ပဇ္ဇဒိဿတိ၊ ရဟန်းပြုလတ္တံ့။

ပဓာနပဟိတတ္တော၊ ကာမဋ္ဌာန်းအား ထုတ်ခြင်း၌ စေလွှတ်သောစိတ်ရှိလျက်။ (ဝါ) ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်းအား ထုတ် နောက်မဆုတ်သော စိတ်ရှိလျက်။ သော၊ ထိဘာရဒ္ဒါဇပုဏ္ဏားသည်။ ဥပသင်္ကော၊ ငြိမ်သက်သည်ဖြစ်၍။ နိရုပဓိ၊ ဥပဓိကင်းသည်ဖြစ်၍။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတရားတို့ကို။ပရိညာယ၊ ပဟာနပရိညာဖြင့် ပယ်ခွာ၍။ အနာသဝေါ၊ အာသဝေါကင်းစင်လျက်။ နိဗ္ဗာယိဿတိ၊ အေးငြိမ်းလတ္တံ့။

အရှင်ဝိဇ္ဇောလဘာရဒ္ဒါဇထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ရှားတောကျောင်းနေ အရှင်ရေဝတ အပဒါန်ဝတ္ထု

ရှားတောကျောင်းနေ အရှင်ရေဝတထေရ်သည် ရှေးဘုရားတို့ အထံ၌ပြုအပ်သော အဓိကာရပုညသမ္ဘာရရှိပြီး ထိုထိုဘဝများစွာတို့၌ သံသရာဝဋ်မှ ကင်းလွတ်စေကြောင်း ကောင်းမှုတို့ကို ဆည်းပူးတော်မူခဲ့သည်။ နိယတဗျာဒိတ် ရလောက်အောင် ပတ္ထနာကာလရှိသောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါနှင့် ကြုံကြိုက်၍ ဟံသာဝတီပြည်ဝယ် ကူးတို့ဆိပ်ကမ်းသူကြီး၏သား ဖြစ်လာသည်။

သူသည် ဂင်္ဂါမြစ်ကြီးဝယ် ပယာဂဆိပ်ကမ်း၌ လှေဖြင့်ကူးတို့ ပို့ခြင်းအလုပ်ဖြင့် အသက်မွေးလျက်နေ၏။ တစ်နေ့သ၌ ရဟန်းသံဃာအပေါင်းနှင့်တကွ ကြွလာတော်မူသော မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြင့် လှေတို့ကို တွဲစပ်ကာ ဖောင်ဖွဲ့စီရင်၍ စကားစိမ်း စကားဝါပန်းပွင့်တို့ဖြင့် အမိုးဗိတာန် မျက်နှာကြက် မိုးကာလျက် ကြီးစွာသော ပူဇော်သက္ကာရကို ပြုသည်။ ကမ်းတစ်ဖက်သို့ ရောက်အောင်ပို့၍ မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ကြီးစွာသောအလှူကြီးကို

http://www.dhammadownload.com

ပေးလျှသည်။ တစ်နေ့သောအခါ ဘုရားရှင်သည် ရဟန်းတစ်ပါးကို တောရ ဆောက်တည်ခြင်းအရာ၌ ဧတဒဂ်ထားတော်မူသည်ကို ဖူးတွေ့ခဲ့ရသဖြင့် သူလည်း ထိုဆုမျိုးနှင့်ပြည့်စုံရန် ဆုတောင်းသည်။ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆုတောင်းခြင်း ပြည့်စုံလတ္တံ့သည်ကို မြင်၍ ဗျာဒိတ်ကြားတော်မူ၏။

ထိုအရှင်ရေ၀တအလောင်းလျာဖြစ်သော လေ့သူကြီး၏သားသည် ထိုဘ၀မှ စ၍ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးအားထုတ်ခဲ့သဖြင့် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရသည်။

နောင်တော်များစွန့်ခဲ့သော စည်းစိမ် ငါးခံစား

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ကျေးလက် နာဠကရွာ၌ အရှင်သာရိပုတ္တရာ၏ မယ်တော်ဖြစ်သော သာရီမည်သော ပုဏ္ဏေးမ ကြီး၏ ဝမ်းတိုက်ဝယ် ပဋိသန္ဓေ စွဲနေခဲ့သည်။ ရေ၀တသတို့သား၏ အထက်တွင် ဥပတိဿ၊ ဥပသေနနှင့် စုန္ဒဟူသော အစ်ကိုသုံးယောက်နှင့် စာလာ၊ ဥပစာလာ၊ သီသူပစာလာ ဟူသော အစ်မသုံးယောက်တို့ ရှိကြ၏။ ထိုအစ်ကို အစ်မ ခြောက်ယောက်စလုံး သာသနာတော်၌ ရဟန်းပြုသွားခဲ့ကြသည်။ ထို့ကြောင့် အမိအဖတို့သည် အငယ်ဆုံး အထွေးဆုံးဖြစ်သော သားကို မိမိတို့၏ မျိုးနွယ်ကို စောင့်ရှောက်ရန်အလို့ငှာ မျိုးရိုးတူသော မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင် ချပေးရန် ကြိုးစားကြသည်။ ရဟန်းပြုရန် စိတ်ထက်သန်နေသော ရေ၀တသည် နောင်တော် အစ်မတော်တို့က စွန့်ပယ်ထားခဲ့သော တဲတွေးပေါက်နှင့်တူသည့် လောကစည်းစိမ်ကို အလွန်တရာ ရွံမုန်းနေ၏။ ကျော့ကွင်းနားသို့ရောက်မှ နောက်သို့ အတင်းရုန်းကန်ဆုတ်ပြေးသော သားသမင်ကဲ့သို့ လက်ထပ်ထိမ်းမြားရန် လှည်းဖြင့်ခေါ်ဆောင်လာသော သတို့သမီးနှင့် အစောင့်အရောက်တို့ကို တပိုတပါး ကိုယ်လက်သုတ်သင်ရန် အကြောင်းပြလျက် ကိုယ်လွတ်ထွက်ပြေးတော့သည်။

အရှင်သာရိပုတ္တရာ၏ညီပါ

တောရဆောက်တည်နေသော ရဟန်းသံဃာများ၏ အထံသို့ ရောက်အောင် ထွက်ပြေးခဲ့သည်။ ဓမ္မသေနာပတိ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၏ ညီ အထွေးဆုံးဖြစ်ကြောင်းကို လျှောက်ကြား၍ ရှင်သာမဏေအဖြစ်ကို တောင်းခံ လေသည်။

http://www.dhammadownload.com

ရဟန်းသံဃာတော်တို့ကလည်း အရှင်သာရိပုတ္တရာက "ရေဝတသတို့သား ရောက်လာလျှင် ချက်ခြင်းရဟန်းပြုပေးလိုက်"ဟု အမှာစကား ပို့ထားသဖြင့် သူ့ကို ရှင်ပြုပေးလိုက်သည်။ အသက်နှစ်ဆယ်ပြည့်သောအခါ ဥပသမ္ပဒကံဖြင့် ရဟန်းခံစေကာ ကမ္မဋ္ဌာန်း စီးဖြန်းနည်းကို သင်ပြကြကုန်၏။ အရှင်ရေဝတသည် ရဟန်းသံဃာများ သင်ပြသော ကမ္မဋ္ဌာန်းကို သင်ယူမှတ်သားကာ ရှားတောသို့ ဝင်ရောက်ကာ ဝိပဿနာကို အားထုတ်သည်။ မကြာမီပင်လျှင် အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

ထို့နောက် အရှင်ရေဝတသည် မြတ်စွာဘုရားကိုလည်းကောင်း, နောင်တော် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကိုလည်းကောင်း ဖူးမြင်ရန် ကျောင်းအိပ်ရာနေရာ တို့ကို သိမ်းဆည်းသိမ့်၍ သပိတ်သင်္ကန်းကိုဆောင်ယူလျက် ထွက်လာခဲ့သည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ကြီးအတွင်းသို့ ဝင်လျက် မြတ်စွာဘုရားကို လည်းကောင်း ၎နောင်တော်ကြီးကိုလည်းကောင်း အရိုအသေပြုလျက် လေးရက် ငါးရက်မျှ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း၌ နေတော်မူ၏။

ဇာတဂ်ပေးပို့

ထိုအခါ မြတ်စွာဘုရားသည် အရိယာအပေါင်းတို့၏အလယ်၌ စံပယ် နေတော်မူလျက် "ဇာတဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရညိကာနံ ယဒိဒံ ရေဝတော"ဟူ၍ အာရညိက တောရကျောင်းနေရဟန်း ဇာတဂ်အရာ၌ ထားတော်မူ၏။

ထိုတောရဆောက်တည်ခြင်း၌ ဇာတဂ်ရသော ရှားတောကျောင်းနေ အရှင် ရေဝတမထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့က ပြုလုပ်ဆည်းပူး ခဲ့သော ပါရမီပုညသမ္ဘာရတို့ကို ပြန်လည်၍ ဤသို့ ဟောတော်မူသည်။

အတိတ်အကြောင်း ဟောပြ

အို နောင်လာ နောက်သား တပည့်များတို့၊ သင်တို့သည်လည်း ငါကဲ့သို့ ပါရမီကိုဖြည့်၍ ငါကဲ့သို့ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လျှင် ငါကဲ့သို့ရဟန္တာဖြစ်၍ ဒုက္ခဓပ်သိမ်း ဧငြိမ်းရာ နိဗ္ဗာန်သို့ ရောက်လတ္တံ့ဟူ၍ တောရဆောက်တည်ခြင်း၌ ဇာတဂ် ရတော်မူသော ရှားတောကျောင်းနေ အရှင်ရေဝတထေရ်မြတ် ဟောတော် မူသည်။

http://www.dhammadownload.com

တူသုံးယောက်ကို ကမ္မဋ္ဌာန်းသင်ပေးပြီ

ထိုအရှင်ရေ၀တ မထေရ်မြတ်သည် တစ်နေ့သ၌ မိမိဖွားတော်မူရာ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော နာဠကရွာသို့ သွားတော်မူ၍ စာလာ, ဥပစာလာ, သီသူပစာလာဟူသော အစ်မသုံးယောက်တို့မှ မွေးဖွားသော တူသုံးယောက်တို့ကို မိမိနေရာသို့ ခေါ်ဆောင်ခဲ့ကာ ရှင်ပြုပေးပြီးလျှင် ကမ္မဋ္ဌာန်းနည်းကိုလည်း သင်ပြပေးတော်မူ၏။

တစ်နေ့သ၌ အရှင်ရေ၀တ မကျန်းမမာဖြစ်ရာ ထိုအကြောင်းကို နောင်တော်ကြီး အရှင်သာရိပုတ္တရာထေရ် ကြားသိသဖြင့် မကျန်းမမာဖြစ်မှုကိုမေးရန်နှင့် တရားထူးကိုလည်း ရ,မရ မေးရန် ကြွလာတော်မူသည်။

အရှင်သာရိပုတ္တရာ ကြွလာသည်ကို အ၀ေးကပင် မြင်နေသော အရှင်ရေ၀တက တူဖြစ်သူ သာမဏေများအား ဤသို့ ဆုံးမတော်မူသည်။ "စာလာ၊ ဥပစာလာနှင့် သီသူပစာလာတို့၊ သင်တို့သည် သတိသမ္ပဇဉ်နှင့် ယှဉ်စပ်၍ နေကြကုန်လော့။ သားမြီးဖျားကို ထက်ခြမ်းကွဲအောင် ပစ်နိုင်သော လေးသမားကဲ့သို့ ဉာဏ်ပညာထက်မြက်လှသော အရှင်သာရိပုတ္တရာမထေရ်မြတ် လာနေတော်မူပြီ" ဦးလေးဖြစ်သော အရှင်ရေ၀တထေရ်မြတ်၏ ဩ၀ါဒစကားကို လိုက်နာကြကုန်သော သာမဏေသုံးပါးတို့သည် ဦးရီးတော် အရှင်သာရိပုတ္တရာထေရ် ကြွလာသည်ကို ခရီးဦးကြို၍ နှစ်ပါးကုန်သော ဦးရီး ဦးလေးထေရ်မြတ်တို့ အချင်းချင်း ပဋိသန္ဓာရစကား ပြောကြားကြသော ကာလတွင် အနီးအနားနေရာ၌ ဈာန်၀င်စားနေကြကုန်၏။

အရှင်သာရိပုတ္တရာထေရ်မြတ်သည် ညီတော်အရှင်ရေ၀တနှင့် ၀မ်းမြောက်၀မ်းသာ ပဋိသန္ဓာရ သာရဏီယစကားတို့ကို ပြောဆိုပြီး တူဖြစ်ကြကုန်သော သာမဏေ သုံးပါးရှိရာသို့ ကြွလာသည်။ သာမဏေတို့သည် အခါကာလပိုင်းခြား၍ ၀င်စားကြသောကြောင့် ဈာန်သမာပတ်မှ ထကြကုန်လျက် အရှင်သာရိပုတ္တရာကို ရှိခိုးဦးတင်ကာ ရပ်နေကြကုန်၏။

မထေရ်မြတ်က "ငါ့၏တူရင်း အချင်းသာမဏေတို့၊ သင်တို့သည် အဘယ်ဝိဟာရဖြင့်နေကြကုန်သနည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား၊ တပည့်တော်များသည် ဦးလေးဆရာ ဆုံးမတော်မူတိုင်း သမထဈာန် သမာပတ္တိဝိဟာရဖြင့် နေကြပါကုန်၏"ဟူ၍ လျှောက်ကြားကြကုန်၏။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဤမျှလောက် ငယ်နုလှသော သာမဏေများကိုပင် ဈာန်ဝင်စားတတ်အောင် ငါ၏ညီတော် ရေဝတသည် ဆုံးမတတ်ပေစွ။ လောကုတ္တရာတရားတော်အားလျော်သော ဈာန်တရားကို ဖြစ်စေနိုင်၏ တကားဟု အံ့သြချီးမွမ်း၍ ပြန်ကြွတော်မူ၏။

အရှင်ရေဝတထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်အာနန္ဒာထေရ် အပဒါန်ဝတ္ထု

အရှင်အာနန္ဒာထေရ်မြတ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ ပြုအပ်ပြီးသော အဓိတာရ ပါရမီပုညသမ္ဘာရရှိသည်ဖြစ်၍ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပတ္ထနာဆုတောင်းဖြင့် ဆုတောင်းလျက် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သည်။ အဘိနီဟာရ နိယတဗျာဒိတ်ကို ရနိုင်သည့် ပါရမီရင့်သောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။

သုမနမင်းသားဘဝ

ထိုအခါက အရှင်အာနန္ဒာလောင်းလျာသည် ဟံသာဝတီပြည်ဝယ် ပဒုမုတ္တရ မြတ်စွာဘုရား၏ အမိကွဲအဖတူဖြစ်သော ညီတော်အရင်းဖြစ်တော်မူ၏။ သုမနမင်းသားဟူ၍ အမည်တွင်၏။ သုမနမင်းသား၏ အဖဖြစ်သော အာနန္ဒရာဇာမင်းကြီးသည် သားတော်သုမနမင်းသား အရွယ်ရောက်သောအခါ မင်းသားအား ဟံသာဝတီနေပြည်တော်မှ ယူဇနာနှစ်ရာဝေးကွာသော အရပ်၌ မြို့စားအရာ ပေး၍ထား၏။

သုမနမင်းသားသည် တစ်ရံတစ်ခါ ဟံသာဝတီနေပြည်တော်သို့ ရောက်လာကာ မြတ်စွာဘုရားကိုလည်းကောင်း, ဖခမည်းတော်ကိုလည်းကောင်း ဖူးမြင်၏။ ခမည်းတော်မင်းကြီးသည် သားတော် ဘုရားကိုလည်းကောင်း, ရဟန်းသံဃာတော်ကို လည်းကောင်း ကျောင်းကန်တိုက်တာတို့ကို ခမ်းနားစွာ ဆောက်လုပ်လှူဒါန်းပြီး သူတစ်ဦးတည်းသာလျှင် ဆွမ်းဝတ်ကို ပြုစုလုပ်ကျွေးလျက် တစ်ပါးသူတို့အား လုပ်ကျွေးခွင့်ကို မပေးချေ။

http://www.dhammadownload.com

ပုန်ကန်မှုငြိမ်းအောင် ပြုပေးခဲ့

တစ်နေ့သော် တိုင်းပြည်အစွန်အဖျား ဒေသ၌ ထကြွလှုပ်ရှား ပုန်ကန်မှုများ ဖြစ်ပွားသည်။ သုမနမင်းသားသည် ထကြွ လှုပ်ရှားမှုများကို ခမည်းတော်မင်းကြီးအား မပြောကြားဘဲ ငြိမ်းအောင်ပြုလုပ်၏။

အလိုရှိရာဆုကို တောင်းစေ

ထိုအကြောင်းကို ခမည်းတော်မင်းကြီး သိတော်မူ၍ "ချစ်သား၊ သင့်ကို ငါဆုပေးအံ့၊ သင်အလိုရှိရာဆုကို တောင်းလော့"ဟူ၍ ဆို၏။ သုမနမင်းသားသည် အခြားသောဆုများကို မတောင်းဘဲ မြတ်စွာဘုရားကို လည်းကောင်း, ရဟန်းသံဃာတော်တို့ကို လည်းကောင်း ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးခွင့်ကို အလိုရှိပါသည်ဘုရား"ဟု လျှောက်တင်၏။ "သားတော် ဤဆုကိုတော့ ဖခမည်းတော် ခွင့်မပြုနိုင်ပါ။ တစ်ပါးသောဆုများကိုသာ ချစ်သားတောင်းဆိုပါ"ဟု ခမည်းတော်မင်းကြီးက မိန့်၏ "အရှင်မင်းမြတ်၊ ခတ္တိယဇာတ်မင်းမြတ်တို့ မည်သည်ကား စကားနှစ်ခွ ပြောရိုးမရှိကြပါ။ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့ကိုသာ ပြုစုလုပ်ကျွေးခွင့်ပေးပါ။ သားတော်သည် တစ်ပါးသောဆုကို အလိုမရှိပါ"ဟု လျှောက်ထား၏။ ထိုအခါမင်းကြီးက "ချစ်သား မြတ်စွာဘုရားသည် ခွင့်ပြုငြားအံ့၊ ပေးအပ်ပါအံ့"ဟု ပြန်လည် မိန့်ကြားသည်။

သုမနမင်းသားသည် မြတ်စွာဘုရား၏ စိတ်တော်အကြိုကို သိနိုင်ရန် ကျောင်းတော်သို့သွား၏။ သုမနမင်းသားသည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ "အရှင်ဘုရားတို့၊ မြတ်စွာဘုရားကိုဖူးမြင်လို၍ မြတ်စွာဘုရားအဘယ်မှာ ရှိပါသနည်း၊ ညွှန်ကြားတော်မူကြပါ"ဟု လျှောက်၏။ ထိုအခါ ရဟန်းတို့က ကျောင်းဆောင်တစ်ခုကို ညွှန်ပြ၍-

"သုမနအမည်ရှိသော ထေရ်သည် မြတ်စွာဘုရား၏ အလုပ်အကျွေးတည်း။ ထိုသုမနထေရ်၏ အထံသို့သွား၍ လျှောက်ထားလော့"ဟူ၍ ညွှန်ကြကုန်၏။

သုမနမင်းသားသည် မိမိနှင့်အမည်တူ သုမနထေရ်အထံသို့သွား၍ "အရှင်ဘုရား၊ မြတ်စွာဘုရားရှိရာကို ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်၏။ သုမနထေရ်သည် သုမနမင်းသားကို ခေါ်ဆောင်၍ ဂန္ဓကုဋိတိုက်ကျောင်းနားသို့ သွားသည်။ ထိုမှ အဘိညာဉ်တန်ခိုးဖြင့် သုမနမင်းသားရှေ့၌ပင် မြေကြီးအတွင်းသို့ဝင်ပုံလျှို

http://www.dhammadownload.com

သွားပြီး မြတ်စွာဘုရားထံသို့ ဦးခိုက်လျက် "သုမန မင်းသားသည် ဘုရားရှင်ကို ဖူးမြင်ရန်ရောက်လာပါသည် မြတ်စွာဘုရား"ဟု လျှောက်၏။ "သုမန၊ ယင်းသို့ ဖြစ်သော် ဂန္ဓကုဋီတိုက်တော်၏အပြင်၌ နေရာကိုခင်းလော့"ဟု မိန့်တော်မူ၏။ သုမနထေရ်မြတ်သည် ဘုရားရှင်အတွက် ခင်းပေးနေကျနေရာ အခင်းတော်ကို ယူ၍ ဂန္ဓကုဋီတိုက်တော် သမံတလင်းမြေအပြင်၌ နေရာတော်ကို ခင်း၏။

သုမနမင်းသားသည် ရဟန်း၏တန်ခိုးဂုဏ်ကိုမြင်၍ ဤရဟန်းကား ကြီးမြတ်လှပေစွတကားဟု စိတ်၌ ဖြစ်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်မှ ထွက်တော်မူ၍ ခင်းထားအပ်သော နေရာအခင်းတော်၌ စံပယ်တော်မူ၏။ သုမနမင်းသားသည် မြတ်စွာဘုရားကိုရှိခိုး၍ ပဋိသန္ထာရ ပြုပြီးလျင် "အရှင်ဘုရား၊ ဤရဟန်းသည် အရှင်ဘုရားနှင့် အလွန်အကျွမ်းဝင်သော ရဟန်းဟု ထင်ပါသည်ဘုရား"ဟု လျှောက်၏။ "အလွန်အကျွမ်းဝင်သော ရဟန်းဟုတ်၏မင်းသား"ဟု ဘုရားရှင်က မိန့်တော်မူ၏။ "ဤရဟန်းသည် အဘယ်ကဲ့သို့ အမှုကိစ္စများ ပြုလုပ်၍ အကျွမ်းဝင်သော ရဟန်းဖြစ်ပါသနည်း"ဟု မင်းသားက မေးလျှောက်သော် အလှူဒါနပြုခြင်း စသည်ကို ပြုသောကြောင့်ဟု ဘုရားရှင်က မိန့်တော်မူ၏။

"ဘုန်းတော်သခင် အရှင်ဘုရား၊ တပည့်တော်သည်လည်း ဤသုမနထေရ်ကဲ့သို့ နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့၏ သာသနာတော်၌ ဖြစ်လိုပါသည်"ဟု လျှောက်ထားပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး မင်းတို့ ခေတ္တခဏနေထိုင်တည်းခိုရာဖြစ်သော သစ်တပ်တဲနန်းတော်၌ ဆွမ်းလုပ်ကျွေးသည်။ ခုနစ်ရက်မြောက်သောနေ့၌ "ဘုန်းတော်နေဝန်းထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ခမည်းတော်၏အထံမှ အရှင်ဘုရားတို့ကို ဝါတွင်းသုံးလပတ်လုံး ဆွမ်းလုပ်ကျွေးခွင့်ကိုရပါသည်။ ထို့ကြောင့် တပည့်တော်နေထိုင်ရာ ဘောဂနဂရမြို့တွင် ဝါကွင်းသုံးလ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ကြားသည်။ ထိုနောက် အခြံအရံသံဃာတော်များနှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်ဆောင်ယူ၍ တစ်ယူဇနာလျှင်တစ်ကျောင်း ဆောက်လုပ်လှူဒါန်းသည်။ တစ်ကျောင်းလျှင် တစ်နေ့ခရီး ကြွသွားနေတော်မူစေလျက် ခရီးလမ်း၌ရှိသော ကျောင်းပေါင်း တစ်ရာ့နှစ်ဆယ်အဆုံးတွင် မိမိနေသော ဘောဂနဂရမြို့၏ အနီး၌ အဖိုးတစ်သိန်းပေး၍ သောဘနမည်သော ဥယျာဉ်ကို ဝယ်သည်။

http://www.dhammadownload.com

ဥယျာဉ်အတွင်း၌ အဖိုးတစ်သိန်းထိုက်တန်သော ကျောင်းဆောင်များကိုဆောက် စေကာ သောဘနမည်သော ကျောင်းတိုက်အတွင်းသို့ မြတ်စွာဘုရားကို ပင့်ဆောင် ကာ အလှူခံတော်မူပါဘုရားဟု လျှောက်ကြား၍ ရေစက်ချလှူဒါန်းသည်။

ကိုယ်တိုင်လည်းလှူ၊ တစ်ပါးကိုလည်း တိုက်တွန်းခဲ့

သုမနမင်းသားသည် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌ မြတ်စွာဘုရားအား ကြီးစွာသော အလှူကြီးကိုပေးလှူလျက် ဤယခု ငါလှူသောနည်းဖြင့် နေ့တိုင်း လှူကြကုန်ဟူ၍ သားမယားတို့ကိုလည်းကောင်း, အမှူးအမတ်တို့ကိုလည်းကောင်း, ဒါနအလှူ၌ ပြဖွယ်ကိစ္စရှိသမျှတို့၌ ဆက်လက်လှူဒါန်းရန် တိုက်တွန်းပြောဆို ဆုံးမသည်။

သူကိုယ်တိုင်ကမူကား သုမနထေရ်၏ အနီးအပါး၌သာလျှင် နေထိုင်ပြီး ဝါတွင်းသုံးလပတ်လုံး သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို လုပ်ကျွေးနေသည်။

သီတင်း၀ါလကျွတ်၍ ပ၀ါရဏာ ပြုခါနီးအချိန်ရောက်သောအခါ သူသည် မြို့သို့ ပြန်၀င်လာပြီး ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးရန် စီမံပြန်သည်။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်တို့၏ ခြေတော် ရင်း၌ တိစီ၀ရိတ်သင်္ကန်းတို့ကို ထား၍ရှိခိုးပြီးလျှင် မြတ်စွာဘုရား၊ တပည့်တော်သည် သစ်တပ်တဲနန်းမှ အစပြု၍ အကြင်ကုသိုလ်ကို ပြုအပ်ခဲ့ပါပြီ။ ထိုကုသိုလ်သည် သိကြားနတ်မင်းတို့၏ စည်းစိမ် စသည်တို့ကဲ့သို့ အကျိုးငှာ လှူဒါန်းသည် မဟုတ်ပါ။ စင်စစ်သော်ကား တပည့်တော်သည် ဤသုမနထေရ်ရှင်ကဲ့သို့ နောင် အခါ၌ တစ်ဆူသော မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်ရလိုပါ၏"ဟု ဆုတောင်း ၏။

ကဿပဘုရားရှင်လက်ထက်

ပဒုမုတ္တရ မြတ်စွာဘုရားသည် နောင်တွင် ဖြစ်လာလတ္တံ့သည်ကို မြင်တော် မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုအရှင်အာနန္ဒာလောင်းလျှာ သုမနမင်းသား သည် အနှစ်တစ်သိန်း ကာလပတ်လုံး ကောင်းမှုတို့ကို ပြုလုပ်သည်။ ထိုမှ နောက်ဖြစ်သော ဘ၀အဆက်ဆက်တို့၌လည်း ကုသိုလ်ပါရမီ တို့ကို ဖြည့်ကျင့် ဆည်းပူးသည်။ ကဿပမြတ်စွာဘုရား၏ လက်ထက်၌ သူကြွယ်မျိုးတွင်

http://www.dhammadownload.com

ဖြစ်ရပြန်သည်။ ဆွမ်းခံကြွလာသော မထေရ်တစ်ပါးသည် ပူလောင်သော သပိတ်ကို ပွေ့ပိုက်ယူလာရသည်။ သူကြွယ်သည် မိမိဝတ်ရုံလာသော အပေါ်ရုံတဘက် ပုဆိုးတစ်ထည်ကို ထိုရဟန်းအား လှူဒါန်းပူဇော်၏။ ထိုနောက် နတ်ပြည်၌ဖြစ်၍ စုတေသော် ဗာရာဏသီပြည်တင် ပြည့်ရှင်မင်းဖြစ်သည်။ တစ်နေ့တွင် ဂန္ဓာမာဒနတောင်တွင် သီတင်းသုံးနေသော ပစ္စေကဗုဒ္ဓါရှစ်ပါးတို့သည် မင်း၏ ဥယျာဉ်တော်သို့ ကြွရောက်တော်မူလာကြသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ တည်ငြိမ်သော ဣန္ဒြေတော်ကို ဖူးမြင်ရသဖြင့် ကြည်ညိုသဒ္ဓါဖြစ်ပြီး မိမိဥယျာဉ်တော်၌ သစ်ရွက်မိုးကျောင်းတို့ကို ဆောက်လုပ်စေကာ ရတနာမယအင်းပျဉ်တို့ကို လည်းကောင်း, မြသပိတ်ခြေတို့ကို လည်းကောင်း စီမံပြုလုပ်လှူဒါန်း ကိုးကွယ်သည်။ ထိုစဉ်ကလူတို့၏သက်တမ်းသည် အနှစ်တစ်သောင်း ရှိ၏။ ထိုအနှစ်တစ်သောင်း ကာလပတ်လုံး အရှင်မြတ်တို့အား ပြုစုလုပ်ကျွေး၏။

အရှင်အာနန္ဒာထေရ်မြတ်သည် ဗျာဒိတ်မရမီ ပတ္ထနာဆုတောင်းဖြင့် ကမ္ဘာတစ်သိန်းပါရမီကိုဖြည့်ခဲ့ရသည်။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် အဘိနီဟာရနိယတဗျာဒိတ်ဆုအဖြစ် အလုပ်အကျွေးဆုကို တောင်းဆိုခဲ့ရာ ထိုမှစ၍ ဖြစ်လေရာဘဝတိုင်း၌ အလောင်းတော်နှင့် နီးနီးစပ်စပ် ပါရမီတော်များကို အတူဖြည့်ခဲ့သည်။

ယခုနောက်ဆုံးဘဝမရောက်မီ ရှေ့တစ်ဘဝက ဘုရားအလောင်းလျာနှင့် အတူတကွ တုသိတာနတ်ပြည်၌စံစားရသည်။ ထိုမှ စုတေသော် အမိတောဒနသာကီဝင်မင်း၏ သားတော် ဖြစ်လာသည်။ မြတ်စွာဘုရားနှင့် တစ်နေ့တည်း မွေးဖွားသောကြောင့် ဖွားဖက်တော်တစ်ဦးလည်း ဖြစ်၏။ ရဟန်းပြုပြီးနောက် မန္တာဏီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏ၏အထံ၌ တရားနာရ၍ သောတာပန်တည်၏။

မြတ်စွာဘုရားအား ပထမဗောဓိ (၀ါတော် ၂၀) အတွင်း၌ မြဲသောအလုပ်အကျွေး ရဟန်းမရှိ။ တစ်ရံတစ်ခါ အရှင်နာဂသမာလထေရ်, တစ်ရံတစ်ခါတွင် အရှင်နာဂိတထေရ်, တစ်ရံတစ်ခါ၌ အရှင်ဥပါဝါနထေရ်, တစ်ရံတစ်ခါ အရှင်သုနက္ခတ္တလိစ္ဆဝီပုတ္တထေရ်, တစ်ရံတစ်ခါ အရှင်စုန္ဒသာမဏေ, တစ်ရံတစ်ခါ အရှင်မေဃိယထေရ်, တစ်ရံတစ်ခါ အရှင်သာဂတထေရ် စသည်တို့က ပြုစုလုပ်ကျွေးကြသည်။

တစ်နေ့တွင် မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်ပရိဝုဏ်အတွင်း ခင်းထားသောနေရာ၌ ရဟန်းအပေါင်းခြံရံကာ ထိုင်နေတော်မူလျက် ဤသို့မိန့်တော်၏။

http://www.dhammadownload.com

"ရဟန်းတို့–ယခုအခါ၌ ငါဘုရားသည် သက်တော်ကြီးရင့် အိုမင်းပြီး အချို့သော ရဟန်းတို့သည် ငါဘုရားက ဤလမ်းဖြင့် သွားရန်ပြောဆိုသော် တစ်ပါးသောလမ်းဖြင့် သွားကုန်၏။ အချို့သောရဟန်းတို့သည် ငါဘုရား၏ သပိတ်သင်္ကန်းတို့ကို မြေ၌ ချထားခဲ့ကြကုန်၏။ ငါဘုရားအား အမြဲလုပ်ကျွေးသော ရဟန်းတစ်ပါးကို စီစဉ်ကြကုန်လော့"ဟု မိန့်တော်မူ၏။

လုပ်ကျွေးခွင့်ရရန် အရှင်သာရိပုတ္တရာ လျှောက်ထား

ထိုစကားကို ကြားသော် ရဟန်းတို့သည် ဓမ္မသံဝေဂဖြစ်ကြကုန်၏။ ထိုအခါ၌ အရှင်သာရိပုတ္တရာထေရ်မြတ်သည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် "တပည့်တော်သည် မြတ်စွာဘုရားအား လုပ်ကျွေးပါအံ့"ဟု လျှောက်ကြား၏။

မြတ်စွာဘုရားသည် လက်မခံ၊ ပယ်တော်မူ၏။ ဤသို့အားဖြင့် အရှင်မဟာမောဂ္ဂလာန်စသော မဟာသာဝကကြီးတို့ကလည်း လျှောက်ထားတောင်းပန်ကြကုန်၏။ မြတ်စွာဘုရားသည် လက်ခံတော်မမူ၊ အားလုံးကို ပယ်တော်မူ၏။

အရှင်အာနန္ဒာကား တိတ်ဆိတ်စွာသာလျှင် နေနေ၏။ ထိုအခါ ရဟန်းတို့က "ငါ့ရှင်အာနန္ဒာ၊ သင်သည်လည်း မြတ်စွာဘုရား၏ အလုပ်အကျွေးဥပဋ္ဌာကအရာကို တောင်းပန်လျှောက်ကြားလော့"ဟု တိုက်တွန်းကြကုန်၏။ "ငါ့ရှင်၊ ဦး၊ တောင်း၍ရသော အရာဌာနမည်သည် အဘယ်ကဲ့သို့ သဘောရှိသနည်း။ အကယ်၍ အလိုတော် ရှိငြားအံ့၊ မြတ်စွာဘုရားသည် ကိုယ်တောင်တိုင်ပင်လျှင် မိန့်တော်မူလတ္တံ့" ဟု အရှင်အာနန္ဒာက ပြန်လည်လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့၊ အာနန္ဒာသည် သူတစ်ပါးတို့ စေခိုင်း တိုက်တွန်းမှရသောသူ မဟုတ်။ ကိုယ်တိုင်သိ၍ ငါ့အား လုပ်ကျွေးလတ္တံ့"ဟု မိန့်တော်မူ၏။

ပယ်သောဆုလေးပါး

ထိုနောက် ရဟန်းတို့သည် "ငါ့ရှင်အာနန္ဒာ၊ ထလော့၊ မြတ်စွာဘုရားထံမှ အလုပ်အကျွေး ဥပဋ္ဌာကအရာကို တောင်းလော့"ဟု ဆိုကြကုန်၏။ အရှင်အာနန္ဒာထေရ်သည် နေရာမှထ၍ "ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားရတော်မူသော သင်္ကန်းတို့ကိုလည်းကောင်း၊ အရှင်ဘုရားရတော်မူသော

http://www.dhammadownload.com

ဆွမ်းတို့ကိုလည်းကောင်း အကယ်၍ တပည့်တော်အား ပေးစွန့်ခြင်း မပြုငြားအံ့၊ အရှင်ဘုရားနှင့် အတူတကွ တစ်ခုတည်းသော ဂန္ဓကုဋီကျောင်းအတွင်း၌ အတူနေခြင်းကို မပေးငြားအံ့၊ အရှင်ဘုရားအား ပင့်ဖိတ်ရာသို့ တပည့်တော်အား နောက်ပါခေါ်၍ ကြွတော်မမူငြားအံ့၊ ဤလေးပါးသော ပယ်ရှားခြင်းဆုကို ခွင့်ပြုသည်ရှိသော် မြတ်စွာဘုရားကို လုပ်ကျွေးပါအံ့"ဟူ၍ လျှောက်ကြား၏။

အရှင်အာနန္ဒာ ဤကဲ့သို့ လျှောက်ထားခြင်းမှာ ဤမျှလောက်အကျိုးကျေးဇူး လာဘ်လာဘများကိုရသောကြောင့် မြတ်စွာဘုရားကို လုပ်ကျွေးခြင်းဖြစ်သည်ဟု အများ၏ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာ လေးပါးသော ပယ်ရှားခြင်းတို့ကို အရှင်အာနန္ဒာ လျှောက်ကြားခြင်းဖြစ်သည်။

ရလိုသောဆုလေးပါး

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အကယ်၍ တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာသို့ လိုက်ပါကြွတော်မူငြားအံ့၊ အကယ်၍ ဒေသန္တရအထူးထူး သောအရပ်မှ လာကြကုန်သောသူတို့အား ထိုလာသောခဏ၌ တပည့်တော်အနေဖြင့် ဘုရားရှင်ကို ဖူးတွေ့ခွင့်ရအောင် ပြုငြားအံ့၊ အကြင်အခါ၌ တပည့်တော်တွင် ယုံမှားသံသယဖြစ်၏၊ ထိုဖြစ်သောခဏ၌ပင် အရှင်ဘုရားထံသို့ ချဉ်းကပ်၍ မေးလျှောက်ခွင့် ကို ရငြားအံ့။ အကယ်၍ အရှင်ဘုရားသည် တပည့်တော်၏ မျက်ကွယ်၌ဟောကြားတော်မူသော တရားတော်ကို တပည့်တော်အား တစ်ဖန်ပြန်ဟောကြားပါငြားအံ့၊ ဤလေးပါးသောရခြင်းတို့ကို ခွင့်ပြုပါလျှင် တပည့်တော်သည် အရှင်ဘုရားကို လုပ်ကျွေးပါအံ့"ဟူ၍ လျှောက်ထား၏။

ဤသို့လျှောက်ထားခြင်းမှာလည်း မြတ်စွာဘုရားကို လုပ်ကျွေး၍ နေပါသော်လည်း ဤမျှလောက်သော ချီးမြှောက်ခြင်းကိုမျှ မရဟူသော ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာလည်းကောင်း, တရားဘဏ္ဍာစိုးအဖြစ်ကို ပြည့်စုံစေခြင်းငှာလည်းကောင်း ဤလေးပါးသောပန်ဆုတို့ကို လျှောက်ထားခြင်းဖြစ်သည်။

အရှင်အာနန္ဒာသည် ဤရှစ်ပါးသော ဆုတို့ကိုယူ၍ မြတ်စွာဘုရားအား အမြဲလုပ်ကျွေးသော ဥပဋ္ဌာကအဖြစ်သို့ ရောက်၏။

ထိုဥပဋ္ဌာကအဖြစ်ကိုပင်လျှင် တောင့်တလျက် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီကို ဖြည့်ကျင့်ခဲ့သည်။ ယခု ဖြည့်ကျင့်ရခြင်း၏အကျိုးသည် ပြည့်စုံခြင်းသို့ ရောက်၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို အမြဲလုပ်ကျွေးသော ဥပဋ္ဌာက

http://www.dhammadownload.com

အဖြစ်ကို ရသည့်နေ့မှစ၍ ပူဇော်နှစ်ထွေ သောက်ရေသုံးရေ မျက်နှာသစ်ရေတို့ကိုလည်း ကောင်း, အပါး အလတ် အထူ သုံးမျိုးသော ဒန်ပူတို့ကို လည်းကောင်း, ခြေတော်ကို ဆုပ်နယ်ခြင်းဖြင့်လည်းကောင်း, ဂန္ဓကုဋီပရိဝုဏ်ကို တံမြက်လှည်းခြင်း ဖြင့်လည်း ကောင်း ဤသို့စသော ကိစ္စကြီးငယ်တို့ဖြင့် လုပ်ကျွေးပြုစုတော်မူသည်။

ဤအချိန်ကာလ၌ ဤမည်သောအရာကို ရခြင်းငှာ သင့်၏ဟူ၍ လည်း ကောင်း, ဤမည်သောအရာကိုပြုခြင်းငှာ သင့်၏ဟူ၍လည်းကောင်း, နေ့အခါဝယ် အပါးတော်မြဲ ဖြစ်၍ ညဉ့်အခါ၌မူကား ကြီးစွာသော ဆီမီးတိုင်ကိုကိုင်ယူလျက် ဂန္ဓကုဋီပရိဝုဏ်သို့ တစ်ညဉ့်လျှင် ကိုးကြိမ်တိုင်တိုင် လှည့်လည်တော်မူ၏။

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတိုက်တော်ကြီးအတွင်း၌ အရိယာ အပေါင်းတို့၏အလယ်၌ စံပယ်တော်မူတိုင်း အရှင်အာနန္ဒာကို ဘက်ပေါင်းစုံမှ ချီးမွမ်းတော်မူသည်။ အရှင်အာနန္ဒာကလည်း ဘုရားရှင်က အလုပ်အကျွေးတာဝန် ပေးအပ်ခံရသောအချိန်မှစပြီး ဘုရားရှင်နောက်တော်ပါးမှ အရိပ်ပမာလိုက်ပါခဲ့ သည်။ ဘုရားရှင်၏ သပိတ်၊ သင်္ကန်းတို့ကိုလည်း အမြဲဆောင်ထားတော်မူသည်။ ဘုရားရှင်ဟောကြားတော်မူသမျှ ဒေသနာတော်အားလုံးကို ကာလအားဖြင့် လည်း ကောင်း၊ ဒေသအားဖြင့် လည်းကောင်း၊ တရားနာခံသူပုဂ္ဂိုလ်မှအစ အားလုံးကို ဆောင်ယူမှတ်သားထားသည်။ ထို့ပြင်ဒေသနာတော်လာ ဗဟုသုတမှန်သမျှကိုလည်း တစ်စမကျန်ဆည်းပူးထားသည်။ သတိသမ္ပဇဉ်တရားနှင့်ပြည့်စုံ၍ လုံ့လဝီရိယ ရှိခြင်း၊ ဘုရားရှင်အား ပြုစုလုပ်ကျွေးခြင်းတည်းဟူသော ဂုဏ်ထူးဝိသေသကြောင့် ဘုရားရှင်လက်ထက်တော်၌ ဗောဒင်ငါးတန် ပန်ဆင်ရသောပုဂ္ဂိုလ်ဟူ၍ အရှင် အာနန္ဒာ တစ်ပါးတည်းသာ ရှိသည်။

ဤမျှလောက် ထင်ရှားကျော်ကြားတော်မူသည့် အရှင်မြတ်ကြီးသည် နောင်တော်မြတ် ပရိနိဗ္ဗာန်စံဝင်သည့်အချိန်အထိ မိမိ၏ရဟန်းကိစ္စမပြီးပြတ်သေးပေ။ သောတာပန်ပုဂ္ဂိုလ်အဆင့်၌သာ ရှိတော်မူသည်။ အချိန်ရတိုင်း အထက် မဂ်ဖိုလ်ကိစ္စအတွက် ဆိတ်ငြိမ်ရာသို့ကပ်၍ ကမ္မဋ္ဌာန်းစီးဖြန်းတော်မူပါသေးသည်။ ကမ္မဋ္ဌာန်းအာရုံကို ကြည်ကြည်လင်လင် မရှုမြင်ရသေးမီပင် ဘုရားရှင်အတွက် ကြောင့်ကြစိတ်များ ဝင်လာသည်။ မိမိ၏ အလုပ်အကျွေးတာဝန်များ လစ်ဟင်း ပေါ့လျော့မည်ကို အထူးစိုးရိမ်သည်။ ထို့ကြောင့်ပင် နောင်တော်ဘုရား အာယု သခ်ါရလွတ်တော်မူစဉ်က ယူကျုံးမရဖြစ်ကာ ငိုကြွေးခဲ့ရကြသည်။

http://www.dhammadownload.com

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် နှစ်လအကြာတွင် အရှင်မဟာကဿပမထေရ်ကြီးသည် ရဟန်းကြီးသုဘဒ္ဒ၏ ရိုင်းပြသောစကားကို သံဃာ့အစည်းအဝေးတွင် မြွက်ကြား၍ သာသနာတော်ကြီး အဝွန့်ရှည်စွာတည်မြဲနေရန် သင်္ဂါယနာတင်ရန် လိုအပ်ကြောင်း သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်တော်မူကြသည်။ ဆုံးဖြတ်ချက်အရ အရှင်မဟာကဿပသည် သင်္ဂါယနာတင်ပွဲကြီးတွင် ပါဝင်ရမည့် သံဂီတိကာရက ပုဂ္ဂိုလ် ၅၀၀ အနက် ၄၉၉ ပါးကို ကိုယ်တိုင် ရွေးကောက်တင်ပြသည်။ ကျန်တစ်ပါးကား အရှင်အာနန္ဒာအတွက် နေရာချန်ထားခြင်း ဖြစ်သည်။

ထိုသံဃာ့အစည်းအဝေးကြီးမှ တာဝန်ပေးချက်အရ အရှင်မဟာကဿပမထေရ်ကြီးရွေးချယ်သော ပုဂ္ဂိုလ်များအားလုံးမှာ ပိဋကသုံးပုံဆောင် အဘိညာဉ်ခြောက်ပါးရ ရဟန္တာပုဂ္ဂိုလ်ကြီးများပင် ဖြစ်သည်။ အရှင်အာနန္ဒာမှာမူကား သေက္ခပုဂ္ဂိုလ်မျှသာရှိသေးသည်။ ရွေးချယ်ရန် မသင့်သေးပေ။ သို့သော် ဘုရားရှင် ဟောတော်မူသော ဒေသနာအားလုံးကို မြတ်စွာဘုရားထံမှ ကိုယ်တိုင်ကိုယ်ကြပ်ကြားနာသင်ယူ၍ ကာလ၊ ဒေသ၊ ပုဂ္ဂလပါမကျန် အားလုံးကို နှုတ်ငုံဆောင်ထားတော်မူသော ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ကြီးဖြစ်၍လည်း ဤပွဲ၌ သူမပါလျှင် မပြီးနိုင်ပေ။ ထို့ကြောင့် အရှင်မဟာကဿပကိုယ်တော်ကြီးက အရှင်အာနန္ဒာကို ကိုယ်တိုင် မရွေးပေ။ သံဃာ့ပရိသတ်အားလုံးက တစ်ခဲနက် ရွေးကောက်ပေးခဲ့သည်။

အရှင်အာနန္ဒာရဟန္တာဖြစ်ပုံ

သင်္ဂါယနာတင်ပွဲနှင့်ပတ်သက်၍ စည်းဝေးတိုင်း "ပုထုဇဉ်ညီစော်နံသည်" ဟု ရေရွတ်တတ်ကြသည်။ ကိလေသာ မစင်သေးသဖြင့် အညီနှံ့မကင်းသေးသော အရှင်အာနန္ဒာမထေရ်အဖို့ ဓမ္မသံဝေဖြစ်တော်မူသည်။ သို့ဖြစ်၍ ကမ္မဋ္ဌာန်းတရားကို အပြင်းအထန် ကြိုးစားအားထုတ်သည်။ ဝီရိယလွန်ကဲသဖြင့် သမာဓိမမြဲဖြစ်နေရသည်သာ။

အချို့သောရဟန်းတို့က "ငါ့ရှင်အာနန္ဒာ၊ မနက်ဖြန်ဆို သင်္ဂါယနာတင်ပွဲစတော့မည်။ သင်မူကား ယခုတိုင် ရဟန္တာဖြစ်ရန် ကျင့်ရဆဲဖြစ်၏။ ရဟန္တာမဖြစ်သေးဘဲ ကျင့်ဆဲပုဂ္ဂိုလ်အနေဖြင့် သံဃာ့အစည်းအဝေးပွဲကြီးကို တက်ရောက်ရန် မသင့်"ဟု သတိပေးစကားဆိုလာကြသည်။ အရှင်အာနန္ဒာကိုယ်တိုင်လည်း ရဟန္တာမဖြစ်သေးဘဲ ကိလေသာတန်းလန်းဖြင့် ထိုပွဲသို့ မတက်ဝံ့။ ကိလေသာ

http://www.dhammadownload.com

ကင်းစင်သည့် ရဟန္တာပုဂ္ဂိုလ်အနေဖြင့် တက်ရောက်နိုင်ရန်ကြိုးစားသည်။ ထို့ကြောင့် ထိုနေ့မတိုင်မီ ညဉ့်တစ်ညဉ့်လုံး စင်္ကြံလျှောက်ရင်း ကမ္မဋ္ဌာန်းတရားကို ဇွဲလုံ့လပြင်းထန်စွာဖြင့် စီးဖြန်းအားထုတ်သည်။

နောင်တော်ဘုရား ပရိနိဗ္ဗာန်မပြုမီကလေးက "အာနန္ဒာ၊ သင်သည်ပါရမီကုသိုလ်ပြည့်စုံသူဖြစ်သည်။ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်လော့၊ လျင်မြန်စွာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်မည်"ဟု မိန့်တော်မူခဲ့သည်ကို သတိရသည်။ "ဘုရားရှင်၏စကားတော်သည် မလွဲဧကန်ဖြစ်သည်။ ငါ့မှာ အားထုတ်မှုဝီရိယလွန်ကဲနေသဖြင့် စိတ်တက်ကြွနေသည်။ မငြိမ်မသက် ပျံ့လွင့်မှုဖြစ်နေသည်။ ဝီရိယလွန်၍ ဥဒ္ဓစ္စဖြစ်နေသည်။ မင်္ဂလာဆန်းသို့အရောက်မလှမ်းနိုင်ဘဲ အရာမရောက် ဉာဏ်မပေါက်ဖြစ်နေရသည်"ဟု ကြံစည်ရင်း အားတင်းထားသော ဇွဲနှင့်ဝီရိယတို့ကို စွန့်လွှတ်ကာ မိုးသောက်ယံ၌ စင်္ကြံန်မှသက်၍ ခြေလက်တို့ကို ဆေးကြောပြီး ကျောင်းအတွင်းသို့ ဝင်တော်မူသည်။ ခေတ္တခဏမျှ အပန်းဖြေကျိန်းစက်ရန် ညောင်စောင်းပေါ်သို့ထိုင်ပြီး ကိုယ်ကိုညွတ်ကိုင်းလိုက်စဉ် ခြေနှစ်ဖက်သည် မြေမှ အကြွ၊ ဦးခေါင်းတော်သည် ခေါင်းအုံးသို့မကျမီ အချိန်အခိုက်အတန့်ကလေး အတွင်း၌ပင် အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သာသနာတော်၌ သွား၊ ရပ်၊ ထိုင်၊ လျောင်းလေးပါးသော ဣရိယာပုတ်တို့တွင် မည်သည့်ဣရိယာပုတ်မှ မဟုတ်ဘဲ ထူးထူးခြားခြား ဆန်းပြားစွာဖြင့် ရဟန္တာဖြစ်ရသူဟု ထင်ရှားသည်။

နောက်တစ်နေ့တွင် ကျင်းပသည့် သင်္ဂါယနာတင်ပွဲကြီးသို့ ကျက်သရေမင်္ဂလာတင့်တယ်စွာဖြင့် ဝင်ရောက်လာသော အသစ်စက်စက်ရဟန္တာမထေရ်မြတ်ရှင်အာနန္ဒာသည် ကြည်လင်ရွှင်ပျ ဝင်းဝင်းပသော မျက်နှာဖြင့် မိမိ၏နေရာ၌သီတင်းသုံးတော်မူသည်။ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို မြင်ရသော အခါ ရဟန္တာအဖြစ်သို့ ရောက်ရှိပြီးသော အာနန္ဒာကား တင့်တယ်လှပေစွတကား။ အကယ်၍များ မြတ်ဘုရားကိုယ်တော် သက်တော်ထင်ရှားရှိနေခဲ့ပါလျှင် အာနန္ဒာအား မချွတ်ဧကန် ကောင်းချီးပေးလေရာသည်။ ယခုငါသည် မြတ်စွာဘုရားကိုယ်စား ကောင်းချီးပေးအံ့ဟု ကြံတော်မူ၍ "သာဓု၊ သာဓု၊ သာဓု" သုံးကြိမ်ခေါ်တော်မူ၏။

အရှင်မဟာကဿပသည် ဝိနယပိဋကလာ ဝိနည်းသိက္ခာပုဒ် တစ်ခုချင်းအလိုက်ဖြစ်ပေါ်လာပုံ။ သိက္ခာပုဒ် ပညတ်ရာ နေရာဒေသ၊ အပြစ်ကျူးလွန်သော

http://www.dhammadownload.com

ပုဂ္ဂိုလ်၊ အာပတ်သင့်မှု၊ မသင့်မှုတို့ကို အသေးစိတ် မေးမြန်းစီစစ်သည်။ အရှင် ဥပါလိထေရ်က မေးလေသမျှ ပြဿနာတိုင်းကို ရှင်းလင်းပြတ်သားစွာ ဖြေကြားသည်။ အမေးအဖြေအားလုံးကို မထေရ်မြတ်ကြီးအားလုံးက သဘောတူညီကြ၍ လက်ခံတော်မူသည်။

သုတ္တန်နှင့် အဘိဓမ္မာပိဋကကို အရှင်အာနန္ဒာမထေရ်က အရှင်မဟာကဿပ မထေရ်မြတ်ကြီး မေးတော်မူတိုင်း ဖြစ်ပေါ်လာပုံအကြောင်းနိဒါန်း၊ အဘယ်သူကို အကြောင်းပြု၍ ဤတရားကို ဟောကြားကြောင်း၊ ဟောကြားသည့် တရားများကိုလည်း ဖြေဆိုတော်မူသည်။

သင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးသောအခါ အရှင်အာနန္ဒာသည် ကြီးကျယ်စည်ကား မြို့ကြီးပြကြီး ကျောင်းတိုက်ကြီးများ၌ သီတင်းသုံးဝါကပ်တော်မမူဘဲ ရောဟဏီမြစ်ကမ်းနားရှိ မထင်ရှားသော ရွာကလေးတစ်ရွာတွင် အတည်တကျ ဝါကပ်နေထိုင်တော်မူသည်။ ထိုသို့ ဝါကပ်နေထိုင်စဉ်ကာလမှာပင် မိမိ၏ ဒါယကာ ဒါယိကာမတို့အား ဤသို့သော ဝမ်းမြောက်ဖွယ်ရာ တရားစကားများကို ဟောကြားလေ့ရှိ၏။

"နှစ်ဆယ့်ငါးနှစ်သောကာလပတ်လုံး သေက္ခပုဂ္ဂိုလ်မျှသာဖြစ်ခဲ့ရသော ငါသည် ငါ့အား ကာမဂုဏ်နှင့်ပတ်သက်သော စိတ်သညာသည် မပေါ်လာခဲ့ပေ။ တရားတော်၏ ကောင်းမြတ်သော ဂုဏ်ကျေးဇူးကို ရှုမြင်ကြပါကုန်လော့"

"နှစ်ဆယ့်ငါးနှစ်သောကာလပတ်လုံး သေက္ခပုဂ္ဂိုလ်မျှသာဖြစ်ခဲ့ရသော ငါသည် အမျက်ဒေါသနှင့် ပတ်သက်သော စိတ်သညာသည် မပေါ်ပေါက်ခဲ့ပေ။ တရားတော်၏ ကောင်းမြတ်သော ဂုဏ်ကျေးဇူးကို ရှုမြင်ကြပါကုန်လော့"

"ငါသည် နှစ်ဆယ့်ငါးနှစ်သောကာလပတ်လုံး မေတ္တာလွှမ်းခြုံသော ကာယကံဖြင့်၊ မေတ္တာလွှမ်းခြုံသော ဝစီကံဖြင့်၊ မေတ္တာလွှမ်းခြုံသော မနောကံဖြင့် ဘုရားရှင်အား ပြုစုလုပ်ကျွေးခဲ့ပေသည်။ အရိပ်ပမာသွားလေရာသို့ လိုက်ပါ၍ လာခဲ့ပေ၏"

ဤသို့လျှင် ဘုရားရှင်သာသနာတော်ကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သော အရှင်အာနန္ဒာသည် သက်တော် ၁၂၀ အထိ နေထိုင်ကာ ထိုမထင်မရှားသော ရွာကလေး၌ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

အရှင်အာနန္ဒာထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

သီဟာသနဒါယကထေရ် အပဒါန်ဝတ္ထု

သီဟာသနဒါယကထေရ်မြတ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ လက်ထက်တို့၌ ပြုအပ်ပြီးသော ပါရမီသမ္ဘာရ အဓိကာရ ကုသိုလ်ကောင်းမှုရှိသူဖြစ်သည်။ ဘဝများစွာတို့၌ ဝဋ်ဆင်းရဲမှကင်းလွတ်ကြောင်း ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုလုပ်ဆည်းပူးတော်မူခဲ့သည်။

သိဒ္ဓတ္ထမြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ နတ်ပြည်၌ဖြစ်ရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါတွင်မူ လူ့ပြည်၌ တစ်ဦးသော သူကြွယ်၏သားဖြစ်လာခဲ့ရသည်။ အရွယ်ရောက်သောအခါ မြတ်စွာဘုရား၏ ဓာတ်တော် ဌာပနာကိုးကွယ်သော စေတီတော်ကို ဖူးမြင်ရ၍ ရတနာတို့ဖြင့် စီခြယ်သော ခြင်္သေ့ခံသော ရတနာပလ္လင်ကို ပြုလုပ်စေသည်။ သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားသည် ရတနာပလ္လင်ထက်၌ သီတင်းသုံး ထိုင်နေတော်မူသကဲ့သို့ စိတ်ကရည်မှန်း အာရုံတန်းလျက် ပူဇော်ခဲ့သည်။

သီဟာသနပလ္လင်တော်၏အထက်၌ နတ်ဗိမာန်နှင့်တူသော တန်ဆောင်းတော်ကိုလည်း ကောင်းစွာပြုလုပ်သည်။ သီဟာသနပလ္လင်တော်ပေါ်သို့ ခြေနင်း၍တက်ရန် ခြေနင်းခုံကိုလည်း ပြုလုပ်သည်။ ထိုရတနာပလ္လင်တော်နှင့် တန်ဆောင်းတော်ကို နေ့စဉ်မပြတ် ဆီမီးထွန်းခြင်း၊ အခိုးတိုင် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းကို အသက်ရှည်သမျှ ကာလပတ်လုံး ပြုလုပ်သည်။

ကောင်းမှု၏အကျိုး

ထိုဘဝမှ စုတေသော် နတ်ပြည်မှာဖြစ်ရကာ ခြောက်ထပ်သော နတ်ပြည်၌ အကြိမ်ကြိမ် နတ်စည်းစိမ်ကို ခံစားရသည်။ တစ်ဖန် လူ့ပြည်၌ ဖြစ်လာသောအခါ စကြာမင်း၏ စည်းစိမ်ကို အကြိမ်များစွာ ခံစားရသည်။ ပဒေသရာဇ်မင်း၏ စည်းစိမ်တို့ကိုလည်း အကြိမ်ကြိမ် ခံစားရသည်။

ကဿပဘုရားရှင် လက်ထက်၌

ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ သာသနာတော်အတွင်း၌ ရဟန်းပြုလျက် ဖြစ်,ပျက် ကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်သည်။ ထိုဘဝမှ စုတေပြန်သော် နတ်ပြည်၌ဖြစ်ပြန်သည်။ နတ်ပြည်မှ စုတေပြန်သော် လူ့ပြည်၌ဖြစ်သည်။

http://www.dhammadownload.com

ဤသို့ နတ်ပြည်လူ့ပြည် ကျင်လည်ခဲ့၍ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ သူကြွယ်မျိုးဌဖြစ်လာရသည်။ သိ, ကြား, လိမ္မာသောအရွယ်သို့ရောက်လျှင် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာတော်ကို ကြည်ညိုသောစိတ်ဖြင့် ရဟန်းပြုသည်။ ဖြစ်ပျက် ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို ကြည့်ရှုဆင်ခြင်သောအခါ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ပုဗ္ဗေနိဝါသအဘိဉာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် ဆည်းပူးခဲ့သော ပါရမီသမ္ဘာရတရားတို့ကို ဤသို့ ဟောကြားတော်မူသည်။

ဖြည့်ကျင့်ခဲ့သော ကောင်းမှုများ

အိုတပည့်အပေါင်းတို့၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်၊ ပိဋကတရားတော်ကျယ်ပြန့်သည်ရှိသော်၊ သာသနာတော်ကို တတ်သိနားလည်သူ ပေါများသည်ရှိသော် သီဟာသနဒါယကမည်ခေါ် ထေရ်ကျော်သည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ခြေသုံ့ခံသော ရတနာပလ္လင်တော်နှင့် ခြေနင်းခုံကို ပြုလုပ်ပြန်၏။

ခြေသုံ့ခံသော ရတနာပလ္လင်ကို အမိုးမရှိ၍ မိုးရေစွတ်စိုသည်ရှိသော် ထိုသီဟာသနပလ္လင်တော်၏ အထက်၌ တန်ဆောင်း ဆောက်လုပ်လှူပြန်၏။ ထိုကောင်းမှုကြောင့် တုသိတာနတ်ပြည်၌ ငါ ဖြစ်ဖူးပြီ။

အို တပည့်အပေါင်းတို့၊ တုသိတာနတ်ပြည်၌ ငါ၏ ဗိမာန်သည် အလျားအားဖြင့်လည်းကောင်း၊ အမြင့်အားဖြင့်လည်းကောင်း နှစ်ဆယ့်လေးယူဇနာရှိ၏။ အနံအားဖြင့် တစ်ဆယ့်လေးယူဇနာရှိ၏။ ထိုမျှလောက်ကြီးကျယ်သော ဘုံဗိမာန်ကို ထိုခဏအတွင်း ချက်ချင်းမကြာ လျင်မြန်စွာ ကောင်းစွာ ဖန်ဆင်းနိုင်၏။

နတ်သမီးကညာ တစ်သိန်းတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

ရွှေဖြင့်ပြီးသော ပလ္လင်ကို ဗိမာန်တွင်း၌ ကောင်းစွာ ဖန်ဆင်းထားသည်။ နတ်ပြည်၌ဖြစ်သောရထားယာဉ် စသည် ယာဉ်အမျိုးမျိုးတို့သည် ရှေ့ရှုတည်ရပ်လျက် တက်စီးရန် ရောက်၍လာ၏။ ပြာသာဒ်တို့သည်လည်းကောင်း၊ ရွှေထမ်းစင်တို့သည်လည်းကောင်း အလိုရှိတိုင်း ဖြစ်ပေါ်လာကုန်၏။

ပတ္တမြားဖြင့်ပြီးကုန်သော ပလ္လင်တို့သည်လည်းကောင်း၊ တစ်ပါးသော တန်ဖိုးရှိအနှစ်ဖြင့် ပြုလုပ်ကုန်သော ပလ္လင်တို့သည်လည်းကောင်း ငါ၏အထံ၌ ဖြစ်ပေါ်လာကုန်၏။ ဤသည်ကား ခြေသုံ့ခံသော ရတနာပလ္လင်လှူခြင်း၏ အကျိုးပေတည်း။

F-30A ထေရအပဒါန်

http://www.dhammadownload.com

အိုတပည့်တို့၊ ရွှေဖြင့်ပြီးကုန်သော ရွှေခြေနင်းဖိနပ်တို့ကိုလည်းကောင်း၊ ငွေဖြင့်ပြီးကုန်သော ငွေခြေနင်းဖိနပ်တို့ကိုလည်းကောင်း၊ ဖန်ဖြင့်ပြီးကုန်သော ဖန်ခြေနင်းဖိနပ်တို့ကိုလည်းကောင်း၊ ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော ခြေနင်းဖိနပ်တို့ကိုလည်းကောင်း ငါသည် စီးနင်းရ၏။ ဤသည်ကား ခြေနင်းခုံလျှူခြင်း၏ အကျိုးတို့ပေတည်း။

သီဟာသနဒါယက ထေရ်အရှင်သည် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်ဆင်းရဲမှကင်းလွတ်၍ လူနတ်တို့၏စည်းစိမ်ကို အကြိမ်ကြိမ်ခံစားရသည်။ ထို့နောက် လောကုတ္တရာမြတ်ချမ်းသာ ခံစားရပုံကို ဤသို့ ဟောတော်မူသည်။

ပဋိသမ္ဘိဒါစတသ္သော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဘောသိဿာ၊ အိုတပည့်တို့။ ပဋိသမ္ဘိဒါစတသ္သော၊ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာပိစ၊ ဤဝိမောက္ခတို့ကိုလည်းကောင်း။ ဆဠဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုရလေပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုကျင့်၍ ပြီးလေပြီ။

သီဟာသနဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဧကထမ္ဘိကဒါယကထေရ် အပဒါန်ဝတ္ထု

ဥက္ကေပကဝဋ္ဋ အမည်ရှိ ဧကထမ္ဘိက ဒါယက မထေရ်မြတ်သည် သိဒ္ဓတ္ထ မြတ်စွာဘုရား ပွင့်တော်မူသောအခါ သူကြွယ်အမျိုးဥစ္ဆဖြစ်၍ သစ်တောအလုပ်ကို လုပ်၍နေသည်။ သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော ဥပါသကာတို့က စည်းဝေးရာ မဏ္ဍပ်ပြုလုပ်ရန် တိုင်တစ်လုံးကို တောင်းကြကုန်၏။ ထိုအခါ အနှစ်ရှိသော သစ်တစ်လုံးကိုယူ၍ မြတ်စွာဘုရားအား ပြပြီးမှ ထိုဥပါသကာတို့အားပေး၏။ သစ်တောအလုပ်ကိုလုပ်ရသော သူကြွယ်သည် ဝမ်းမြောက်သောစိတ်ဖြင့် အခြားသော ကုသိုလ်တို့ကိုလည်း တတ်အားသမျှ ပြုလုပ်၏။

http://www.dhammadownload.com

ကောင်းမှုအကျိုး ခံစားရပြီ

ထိုဘဝမှစုတေသော် ခြောက်ထပ်သော နတ်ပြည်တို့၌ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစားရ၏။ လူ့ပြည်၌ဖြစ်သောအခါလည်း စကြာမင်းတို့၏စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရ၏။ ပဒေသရာဇ်မင်းတို့၏ စည်းစိမ်ကိုလည်း ဘဝများစွာ မရေတွက်နိုင်အောင် ခံစားရ၏။

သူကြွယ်၏သားဘဝ

ငါတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သဒ္ဓါတရားနှင့်ပြည့်စုံသော သူကြွယ်တစ်ဦး၏သားဖြစ်၍ အမိအဖတို့နှင့် အတူတကွ မြတ်စွာဘုရားကျောင်းတော်သို့လာလျက် တရားနာသည်။ သာသနာကိုကြည်ညိုသဖြင့် ရဟန်းပြု၍ ဖြစ်ပျက်တရားကို ကြည့်ရှုဆင်ခြင်သောအခါ ရဟန္တာဖြစ်တော်မူ၏။

မထေရ်လောင်းလျာဖြစ်သော သစ်တောအလုပ်သမားသည် ဓမ္မာရုံ ဇရပ်တိုင်တစ်လုံးအလိုရှိ၍ တောကြီးအတွင်းသို့ လာရောက်ရှာဖွေကြကုန်သော ဥပါသကာအသင်းသားတို့ကိုမြင်လျှင် သီလနှင့်ပြည့်စုံကြသော အသင်းသားတို့အား လက်အုပ်ချီ၍ အဘယ်ကို အလိုရှိ၍ ရှာဖွေကြပါသနည်းဟု မေး၏။ မြတ်စွာဘုရားအား ဓမ္မာရုံဇရပ်ဆောက်၍ လှူရန် ဇရပ်တိုင်တစ်တိုင်ကို အလိုရှိပါ၍ ရှာဖွေကြောင်း ပြောကြသောအခါ ထိုဇရပ်တိုင်တစ်လုံးကို ကျွန်တော်က လှူပါအံ့။ စိတ်ချစွာဖြင့် ပြန်သွားတော်မူပါဟု ပြောဆို၍ သစ်တောအလုပ်သမားသည် ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် ဇရပ်တိုင်ကို ဆောင်ယူပြီးလျှင် ရှေးဦးစွာစိုက်ထူ၍ လှူ၏။

ထိုအကြောင်းကို ပြတော်မူလိုသော မထေရ်သည် ဤသို့ ဟောတော်မူ၏။

မထေရ်ဟောသောတရား

တရားနာသူ အိုလူအပေါင်းတို့ ဧကထန္ဒိကဒါယကမည်တွင် ငါထေရ်ရှင်သည် ထိုသစ်တောအလုပ်သမားဖြစ်သော ဘဝ ရှေးကာလ၌ ဥပါသကာအသင်းသားများသည် ပြန်သွား၍မကြာမြင့်မီ တရားဟောစရာ ဓမ္မာရုံဇရပ်တိုင်ကို ဆောင်ယူပို့လှူ၏။ ရွှင်လန်းဝမ်းမြောက်သော ငါသည် ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် ရှေးဦးစွာ ထိုသစ်သားဓမ္မာရုံဇရပ်တိုင်ကို စိုက်ထူ၏။

http://www.dhammadownload.com

အိုလူအပေါင်းတို့၊ ထိုတိုင်တစ်လုံးမျှ လှူဒါန်းရသောစိတ်၏ ကြည်ညိုခြင်းကြောင့် နတ်ဘုံဗိမာန်သည် ဖြစ်လေပြီ။ ငါ၏ ဘုံဗိမာန်သည် ဘုံဆင့်တစ်ရာရှိ၏။ ကောင်းကင်သို့ စွင့်စွင့်တက်အောင် မြင့်၏။

နတ်စောင်း နတ်စည်တို့သည် တီးမှုတ်ကြကုန်သည်ရှိသော် နတ်စောင်း နတ်စည်တို့၏အလယ်၌ အခါခပ်သိမ်း ငါသည် စံစား၍နေရ၏။

ငါးဆယ့်ငါးကမ္ဘာထက်၌ ယသောဓရအမည်ရှိသော စကြာမင်းသည် ဖြစ်ဖူးလေပြီ။ ထိုစကြာမင်းဖြစ်သောအခါ၌လည်း ငါ၏ ဘုံဗိမာန်သည် ဘုံဆင့်တစ်ရာရှိ၏။ ကောင်းကင်သို့ စွင့်စွင့်တက်၏။ မြတ်သောရတနာတို့ဖြင့် ပြီးသော အထွဋ်အချွန် အမွန်အဖူးတို့နှင့် ပြည့်စုံသည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ တိုင်တစ်လုံးတည်းသာရှိ၏။

နှစ်ဆယ့်တစ်ကမ္ဘာထက်၌ ဥဒေနမည်သော ပြည့်ရှင်မင်း ဖြစ်ဖူးပြီ။ ထိုမင်းဖြစ်သောအခါ၌လည်း ငါ၏ဘုံဗိမာန်သည် ဘုံဆင့်တစ်ရာရှိ၏။ ကောင်းကင်သို့စွင့်စွင့်တက်၏။

ငါသည် နတ်၏အဖြစ်၌လည်းကောင်း၊ လူ၏အဖြစ်၌လည်းကောင်း၊ အကြင်အကြင်ဘဝ၌ ဖြစ်ခဲ့ဖူး၏။ ထိုထိုဖြစ်လေရာဘဝ၌ အလုံးစုံသော ချမ်းသာကို စံစားရ၏။ ဤသို့စံစားရခြင်းသည် ဧရပ်တိုင်တစ်လုံး လှူရခြင်း ကုသိုလ်၏ အကျိုးပေတည်း။

ကေထဗ္ဗိကဒါယကထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ညီတော်မင်းနန်ထေရ် အပဒါန်ဝတ္ထု

အရှင်နန္ဒရဟန္တာထေရ်မြတ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပတ္ထနာဆုတောင်းဖြင့် ပြုအပ်ပြီးသော ပါရမီကုသိုလ် သမ္ဘာရရှိသူဖြစ်သည်။ ထိုထိုဘဝများစွာတို့၌ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ကြောင်းကို ဆုတောင်း၍ ပြုလုပ်ဆည်းပူးအပ်သော ကုသိုလ်ပါရမီထူးနှင့် ပြည့်စုံသူဖြစ်သည်။ ပဒုမုတ္တရ

http://www.dhammadownload.com

မြတ်စွာဘုရားလက်ထက်တော်တွင် အမျိုးကောင်းသားတစ်ဦး ဖြစ်လာ၏။ တစ်နေ့သောအခါ ပဒုမုတ္တရမြတ်စွာဘုရား အထံသို့ ရောက်လာ၍ တရားနာယူသည်။ ထိုသို့ တရားတော်နာရာတွင် ဣန္ဒြေကို စောင့်ထိန်းသော ရဟန်းတော်တစ်ပါးအား မြတ်စွာဘုရားက ဧတဒဂ် ဂုဏ်ထူးချီးကျူးတော်မူသည်ကို မြင်လျှင် ကြည်ညိုသော စိတ်ဖြင့် ထိုကဲ့သို့သော ဧတဒဂ်ဂုဏ်ထူးကို တောင့်တလျက် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော အလှူကြီးကို ပေးလှူသည်။

မထေရ်၏ ရှေးဆုတောင်း

ထို့နောက် ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်သည် ယခုပြုလုပ်သော ဒါနကုသိုလ်ကြောင့် နောင်အခါ အရှင်ဘုရားတို့ကဲ့သို့ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်၌ ဤရဟန်းကဲ့သို့ ဣန္ဒြေယဂုတ္တဂုဏ် (ဣန္ဒြေကို စောင့်စည်းသောဂုဏ်)နှင့် ပြည့်စုံပါစေသောဟူ၍ ဆုတောင်း၏။

အတ္ထဒဿီဘုရားရှင်လက်ထက်

အတ္ထဒဿီ မြတ်စွာဘုရား၏ လက်ထက်သို့ရောက်သောအခါ အရှင်နန္ဒထေရ်လောင်းလျာသည် ဓမ္မတာမည်သော မြစ်အတွင်း၌ ရေလိပ်ကြီးဖြစ်ရသည်။ တစ်နေ့သ၌ မြတ်စွာဘုရားသည် မြစ်ကို ဖြတ်ကူးခြင်းငှာ ဆိပ်ကမ်း၌ ရပ်တော်မူ၍ နေသည်ကို ညီတော်မင်းနန်လောင်းလျာ ရေလိပ်ကြီးက မြင်လေသည်။ တိရစ္ဆာန်ပင် ဖြစ်သော်လည်း ပါရမီဆုတောင်း ကောင်းမြတ်သောကြောင့် ကြည်ညိုသောစိတ်ဖြစ်၍ မြတ်စွာဘုရားကို ကမ်းတစ်ဖက်သို့ ကူးပို့ခြင်းငှာ အတ္ထဒဿီ မြတ်စွာဘုရား၏ ခြေရင်းတော်၌ လာရောက်ဝပ်၍နေ၏။

မြတ်စွာဘုရားသည် ထိုရေလိပ်ကြီး၏အလိုဆန္ဒ အဇ္ဈာသယကို သိတော်မူသဖြင့် လိပ်ကြီးအား ချီးမြှောက်လို၍ ကျောကုန်းပေါ်သို့ တက်၍ရပ်တော်မူ၏။ ထိုရေလိပ်ကြီးသည် အလွန်ဝမ်းသာသောစိတ်ဖြင့် လျင်မြန်စွာ ကမ်းတစ်ဖက်သို့ ရောက်အောင် ကူးပို့ပေးလေ၏။

အတ္ထဒဿီ မြတ်စွာဘုရားသည် တိရစ္ဆာန်ရေလိပ်ကြီးနားလည်လောက်သော တန်ခိုးဣဒ္ဓိစကားတော်ဖြင့် အနုမောဒနာပြုလျက် နောင်ခံစားရလတ္တံ့သော စည်းစိမ်ကို ဟောကြားတော်မူပြီးမှ ကြွသွားတော်မူ၏။

http://www.dhammadownload.com

ငါတို့ဘုရားရှင် လက်ထက်၌ နန္ဒဖြစ်လာ

ထိုရေလိပ်ကြီးဘဝမှ စုတေသော် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ခဲ့ပြီး ငါတို့မြတ်စွာဘုရားလက်ထက်၌ မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ မိထွေးတော် ဂေါတမီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေ၏။ ဖွားမြင်သောအခါ ဆွေတော်မျိုးတော်အပေါင်းတို့ နှစ်ထောင်းအား၍ ဝမ်းသာကြသဖြင့် နန္ဒဟု အမည်မှည့်ကြကုန်၏။

မြတ်စွာဘုရားသည် ကပိလဝတ် နေပြည်တော်သို့ ပထမ အစဦးဆုံး ရောက်တော်မူ၍ ဆွေတော်မျိုးတော်တို့ ပေါင်းစုမိသောအခါ၌ တန်ခိုးတော်ဖြင့် ပေါက္ခရမည်သောမိုးကြီးကို ရွာသွန်းစေကာ ဝေဿန္တရဇာတ်တော်ကြီးကို ဟောတော်မူ၏။

ဒုတိယနေ့၌ မြတ်စွာဘုရားသည် နောက်ပါရဟန်းတော်များနှင့်အတူ ကပွလဝတ်မြို့တော်အတွင်း၌ ဆွမ်းခံကြွတော်မူသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားရှင်နှင့် နောက်ပါသံဃာတော်များအတွက် ဆွမ်း စသည်တို့ကို စီမံပြုလုပ်ထားပြီးဖြစ်သည်။ သို့သော် ယမန်နေ့က ဘုရားရှင်အား နန်းတော်သို့ ဆွမ်းစားကြွရန် မပင့်လျှောက်မိပေ။ သူ့စိတ်တွင် သားတော်သည် ဆွမ်းကွမ်းကိစ္စအတွက် "ငါ့နန်းတော်မှတစ်ပါး အခြားမရှိပြီ"ဟု တွေးကာ စောင့်မျှော်နေမိသည်။

ထိုသို့ စောင့်စားနေစဉ်ပင် မင်းချင်းတို့က မြတ်စွာဘုရားသည် ဆွမ်းကိစ္စအလို့ငှာ မြို့တွင်း၌ တစ်အိမ်ဝင်တစ်အိမ်ထွက် ဆွမ်းရပ်နေကြောင်း လာရောက်လျှောက်ထားသည်။ မင်းကြီးသည် ချက်ခြင်းပင် မြတ်စွာဘုရား ဆွမ်းခံရာနေရာသို့ အပြေးအလွှား ရောက်ရှိလာပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်တို့ အသမ္ဘိန္နခတ္တိယမင်းမျိုးဟူသည် သူတစ်ပါးထံမှ ထမင်းတောင်းစားသူများမဟုတ်ကြပါ။ ယခု အရှင်ဘုရားသည် တပည့်တော်တို့၏ မျိုးရိုးအစဉ်အလာကို ဖျက်ဆီးပစ်နေပြီ" ဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "တကာတော်မင်းကြီး၊ သင်မင်းတို့၏ မျိုးရိုးအစဉ်အလာသည် သူတစ်ပါးထံမှ တောင်းရမ်းစားသောက်ခြင်းမရှိသည်မှာ မှန်ပေ၏။ သို့သော် ရှေးရှေးကုန်သော ဘုရားရှင်တို့၏ မျိုရိုးမှာမူ အစဉ်အလာအတိုင်း ဆွမ်းခံ၍သာ စားသောက်ရသည် တကာတော်မင်းကြီး" ဟု မိန့်ကြားတော်မူပြီး အောက်ပါဂါထာဖြင့် ဟောပြတော်မူသည်။

http://www.dhammadownload.com

ခမည်းတော်ကို ဘုရားရှင်ဟောသောတရား

ဥတ္တိဌေ နပွမဇ္ဇေယျ၊ ခမ္မံ သုစရိတံ စရေ။
ခမ္မစာရီ သုခံ သေတိ၊ အသ္မိံလောကေ ပရမှိ စ။

ဥတ္တိဌေ၊ ဆွမ်းခံသောအကျင့်၌။ နပွမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ခမ္မံ၊ ဆွမ်းခံလျက် ကျင့်ရသော အကျင့်ကောင်းကို။ စရေ၊ ကျင့်ရာ၏။ ခမ္မစာရီ၊ ဆွမ်းခံသဖြင့် ဝတ်အကျင့်ကို ကောင်းစွာကျင့်သော သူသည်။ အသ္မိံလောကေစ၊ ဤယခုဘဝ၌လည်းကောင်း။ ပရမှိစ၊ တမလွန်လောက၌လည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာလျှင်။ သေတိ၊ အိပ်ကာစားကာ နေထိုင်ရရာ၏။

ထို့နောက် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ နန်းတော်ပေါ်သို့ ရောက်သောအခါ ဘုရားရှင်က ဤဂါထာကို ဆက်လက်ဟောတော်မူ၏။

ခမ္မံ စရေ သုစရိတံ၊ နံ ဒုစ္စရိတံ စရေ။
ခမ္မစာရီ သုခံ သေတိ၊ အသ္မိံလောကေ ပရမှိ စ။

သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ခမ္မံ၊ တရားကို။ စရေ၊ ကျင့်ရာ၏။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ဖြစ်သော။ နံ၊ ထိုသူယုတ်မာတို့၏ တရားကို။ နစရေ၊ မကျင့်ရာ။ ခမ္မစာရီ၊ တရားကို ကျင့်သောသူသည်။ အသ္မိံလောကေစ၊ ယခုဘဝ ဤလောက၌လည်းကောင်း။ ပရမှိစ၊ တမလွန်လောကနောက်ဘဝ၌လည်းကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေထိုင်ရ၏။

ဤဂါထာကို ဟောတော်မူသောအခါ မိထွေးတော်ဂေါတမီသည် သောတာပန်တည်၏။

တတိယမြောက်နေ့သည်ကား ညီတော်နန္ဒမင်းသား၏ အဘိသိက်မင်္ဂလာ၊ ထီးနန်းဆက်ခံပွဲမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ နားသမင်္ဂလာနှင့် ဦးခေါင်းဆေးမင်္ဂလာ စသည်ဖြင့် ထီးဓလေ့နန်းဓလေ့ ထုံးတမ်းစဉ်လာအရ မင်္ဂလာငါးမျိုးကို ကျင်းပပြုလုပ်ကြသည်။ ဘုရားရှင်လည်း မင်းကြီး၏ ပင့်လျှောက်ချက်အရ နန်းတော်သို့ ဆွမ်းစားကြွရောက်တော်မူလာသည်။ ဆွမ်းကိစ္စပြီးစီးသောအခါ အနီးရှိ ညီတော် နန္ဒ၏လက်သို့ သပိတ်ကို လွှဲပေးလိုက်သည်။ ညီတော်လည်း နောင်တော်ဘုရားရှင်

http://www.dhammadownload.com

အား ပြန်လှန်မလျှောက်ထားဝံ့သဖြင့် သပိတ်ကို ထမ်းကာ နောက်တော်မှ လိုက်ပါခဲ့ရသည်။ နန္ဒမင်းသား၏စိတ်တွင် သူ့လက်မှသပိတ်ကို ဘုရားရှင်က ပြန်ယူနိုးဖြင့် လိုက်လာခဲ့ရာ ကျောင်းတော်သို့ ရောက်သည်အထိပင်။

မင်္ဂလာလက်ထပ်ပွဲ ဆင်နွှဲရန်ပြင်ဆင်နေသော နှမတော် ဇနပဒကလျာဏီမင်းသမီးသည် ဆံပင်ကို မတ်တတ်စီးလျက်နေစဉ်ပင် မောင်တော်အား ဘုရားရှင်က သပိတ်ကို ထမ်းစေကာ နောက်မှ လိုက်ပါသွားသည်ကို လေသာပြူတင်းမှ မြင်နေရသည်။ ထိုအခါ လက်တစ်ဖက်မှ ဆံပင်ကို ကိုင်လျက် ဦးခေါင်းကလေးကို ငဲ့စောင်းကာ "မောင်တော်ဘုရား၊ မြန်မြန်ပြန်လာခဲ့ပါ" ဟု ချစ်ခင်စရာနွဲ့မူရာဖြင့် သာယာသောအသံကလေးဖြင့် မှာကြားနေရှာသည်။

နန္ဒမင်းသားခမျာ နောင်တော်၏ အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် သပိတ်ကို ထမ်းကာ နောက်တော်မှ လိုက်လာရသည်မှ ကျောင်းတော်သို့ပင် ရောက်ခဲ့ပေပြီ။

ကျောင်းတော်သို့ရောက်သောအခါ ရဟန်းပြုခြင်းငှာ အလိုမရှိဘဲ ရဟန်းပြုခဲ့ရသည်။ နှမတော်ဇနပဒကလျာဏီကိုသာ လွမ်းဆွတ်အောက်မေ့၍ သာသနာတော်၌ မပျော်မွေ့ဘဲနေရသည်ကို မြတ်စွာဘုရားသိတော်မူသည်။

မြတ်စွာဘုရားရှင်သည် အနာထပိဏ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူရန် ကပိလဝတ်ရွှေမြို့တော်မှ သာဝတ္ထိသို့ ကြွရောက်တော်မူလာခဲ့ရာတွင်လည်း ညီတော်နန္ဒကို တပါတည်းခေါ်ဆောင်လာခဲ့သည်။ ဇေတဝန်ကျောင်းတော်သို့ ရောက်လာခဲ့သော နန္ဒသည် နှမတော် ဇနပဒကလျာနီနှင့်ပို၍ဝေးလာရသဖြင့် စိတ်တွင် ပို၍ မချင်မပျ ဖြစ်လာရသည်။

သို့အတွက် ဘုရားရှင်သည် ညီတော်နန္ဒကို ခေါ်ဆောင်ကာ ဟိမဝန္တာတောတွင်း တစ်နေရာသို့ ကြွရောက်တော်မူလာသည်။ လမ်းခရီးတစ်နေရာရှိ မီးလောင်ထားသော သစ်ငုတ်တို တစ်ခုပေါ်တွင် မျောက်အိုမတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်ကိုမြင်တွေ့ရသောအခါ ဤမျောက်အိုမနှင့် နှမတော် ဇနပဒကလျာဏီ မည်သူက သာလွန်၍လှသနည်းဟု မေးတော်မူသည်။ ညီတော် နန္ဒခမျာ စိတ်မသက်မသာ ဖြစ်သွားရသည်။ အိုမင်းရွတ်တွနေသည့် မျောက်အိုမနှင့် နှမတော် ဇနပဒကလျာဏီကို နှိုင်းမှန်းရက်ပလေဟု မချိတင်ကဲ ဝမ်းနည်းစရာ ဖြစ်ရလေသည်။



ဘုရားရှင်သည် ညီတော်နန္ဒအား နတ်ပြည်သို့ခေါ်၍ နတ်သမီးတို့ကိုပြသရာ ညီတော်နန္ဒ နတ်သမီးတို့၏ ရူပါရုံတွင် သာယာနေပုံ။ ၂၂၅

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ထိုမှတစ်ဖန် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် ခိုခြေအဆင်းကဲ့သို့ နီဝင်းစက်စက် နှစ်သက်ချစ်ခင်ဖွယ်ရှိလှသော နတ်သမီးတို့ကို ဘုရားရှင်က ပြတော်မူပြန်သည်။ ထို့နောက် မြတ်စွာဘုရားက နှမတော် ဇနပဒ ကလျာဏီနှင့် ဤနတ်သမီးများ ဘယ်သူက ပို၍လှသနည်းဟု မေးတော်မူသည်။ ထိုအခါ ညီတော်နန္ဒက နှမတော် ဇနပဒကလျာဏီ၏ အလှနှင့် ဤနတ်သမီးများ၏ အလှကို နှိုင်းစာပါလျှင် ဇနပဒကလျာနီသည် လမ်းတွင်တွေ့ခဲ့သော မျောက်အိုမကဲ့သို့ ဖြစ်၍နေပါကြောင်း၊ ဤနတ်သမီးများနှင့် နှိုင်းယှဉ်ဖွယ် မရှိပါကြောင်း လျှောက်ကြားသည်။

နတ်ပြည်မှ မပြန်လို

နတ်သမီးတို့ကို ခင်တွယ်စုံမက်လှသဖြင့် နန္ဒသည် နတ်ပြည်မှ မပြန်လိုပေ။ ထိုအခါ ဘုရားရှင်က "နန္ဒ၊ ဤနတ်သမီးများကို လိုချင်လျှင် သာသနာတော်မှာ ဆက်နေ၊ သာသနာတော်၌ ပျော်ပိုက်စွာနေလျှင် သင့်အား ဤနတ်သမီးများကို ရအောင်လုပ်ပေးရန်မှာ ငါဘုရားတာဝန်ထားလိုက်"ဟု မိန့်၏။

ဘုရားရှင်၏ တာဝန်ခံချက်ကို ကြားရသဖြင့် နန္ဒမှာ အကျေနပ်ကြီး ကျေနပ်ပြီး သာသနာတော်၌ ဆက်လက်နေထိုင်ရန် တုံ့ပြန်ဝန်ခံလိုက်သည်။

ရဟန်းတို့က ပြက်ရယ်ပြုကြပြီ

ထိုအခါ သီတင်းသုံးဖော်ရဟန်းတို့က အရှင်နန္ဒထေရ်သည် နိဗ္ဗာန်ကို အလိုရှိ၍ သာသနာတော်၌ ရဟန်းပြုသည်မဟုတ်၊ နတ်သမီးတို့ကို အလိုရှိ၍ ရဟန်းပြုသည်။ မြတ်စွာဘုရားကလည်း ညီတော်ဖြစ်၍ နတ်သမီးတို့ကို ရစေနိုင်သော ဂါထာမန္တန်တို့ကို ပေးတော်မူ၏ဟူ၍ ပြက်ရယ်ပြောဆိုကြကုန်၏။

အရှင်နန္ဒသည် နတ်သမီးတို့ကို အလိုရှိ၍ ရဟန်းပြုသည်ဟူသော ဤစကားသည် အဆင့်ဆင့်အားဖြင့် ဓမ္မဒိဗ်တစ်ကျန်းလုံး ပျံ့နှံ့၍သွားလေ၏။ ထို့ကြောင့် အရှင်သုဒိန်၏မယားဟောင်း၊ အရှင်ရဋ္ဌပါလ၏မယားဟောင်းတို့က နတ်သမီးကို အလိုရှိ၍ရဟန်းပြုလျှင် နတ်သမီးတို့သည် အဘယ်မျှလောက်လှကြပါသနည်းဟူ၍ မေးခွန်းထုတ်ကြကုန်၏။

ထိုကဲ့သို့ အများက ပြောဆိုလာကြသည့်အတွက် နန္ဒသည် သံဃာ့ပရိသတ်ထဲတွင် မနေရဲတော့ပေ။ ထို့ပြင် သူ့ကြောင့် နောင်တော်ဘုရားအပေါ် ပရိသတ်

http://www.dhammadownload.com

အထင်လွဲစရာဖြစ်တော့မည်ကိုလည်း မလိုလားသည့်အတွက် လူသူကင်းရှင်းသည့် ဆိတ်ငြိမ်ရာနေရာတစ်နေရာတွင် နေထိုင်ရန် စိတ်ကူးမိသည်။ ထိုအချိန်မှာပင် နောင်တော်ဘုရားက–

"ညီချစ်တော်နန္ဒ၊ သင်သည် အရှည်ကင်ခုတင်ဆောက်တည်လျက် နေလေတော့။ ပိဏ္ဍပါတ်ခုတင်ဆောက်တည်လျက် နေလေလော့။ ပံသုကူ ခုတင်ကိုလည်း ဆောက်တည်လျက် နေလေလော့။ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်း မရှိဘဲ နေလေလော့" ဟု မြတ်စွာဘုရား ဆုံးမတော်မူ၏။ ဘုရားရှင်က ဆုံးမသြ၀ါဒပေးတော်မူသည်ကို အကြောင်းပြုပြီး နန္ဒထေရ်သည် ပိဏ္ဍပါတ်ခုတင်၊ ပံသုကူခုတင်၊ အရှည်ကင်ခုတင်စသော ခုတင်တေရသကိုကျင့်သုံး ဆောက်တည်လျက် တရားကို အားထုတ်လေသည်။

အရှင်နန္ဒရဟန္တာဖြစ်ပြီ

ရွေးကောင်းမူကုသိုလ်နှင့် ပြည့်၀သူ ဖြစ်သည့်အလျောက် မကြာမြင့်မီပင် အရှင်နန္ဒထေရ်သည် ရဟန္တာဖြစ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပြီး ဤသို့ ဥဒါန်းကျူးတော်မူ၏။

အရှင်နန္ဒဥဒါန်းကျူးပုံ

အယောနိသော မနသိကာရာ၊ မဏ္ဍနံ အနယုဉ္ဇိသံ။
ဥဒ္ဓတော စပလော စာသိ၊ ကာမရာဂေန အဋ္ဋိတော။
ဥပါယ ကုသလေနာဟံ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
ယောနိသော ပဋိပန္နိတ္တာ၊ ဘ၀ေ စိတ္တံ ဥဒဗ္ဗဟိံ။

အဟံ၊ ဉာနန္ဒထေရ်သည်။ အယောနိသော၊ မသင့်လျော်သောအကြောင်းအားဖြင့်။ မနသိကာရာ၊ နှလုံးသွင်းမိသောကြောင့်။ မဏ္ဍနံ၊ ကိုယ်ကိုပြုပြင်တန်ဆာဆင်ခြင်းကို။ အနယုဉ္ဇိသံ၊ လုံ့လပြုမိချေ၏။ ဥဒ္ဓတောစ၊ ပျံ့လွင့်သောစိတ်ရှိသည်လည်း။ အာသိံ၊ ဖြစ်ဖူးပြီ။ စပလောစ၊ လျှပ်ပေါလော်လီသော စိတ်ရှိသည်လည်း။ အာ သိံ၊ ဖြစ်ဖူးပြီ။ ကာမရာဂေန၊ အလိုဆော့သွမ်း ကာမရာဂစိတ်ဆိုးသွမ်းသည်။ အဋ္ဋိတော၊ ပြင်းပြထက်မြက် နှိပ်စက်ခြင်းသည်လည်း။ အာသိံ၊ ဖြစ်ဖူးလေပြီ။ ဥပါယကုသလေန၊ တရားဓမ္မ ဆုံးမဟောပြောခြင်း၌ လိမ္မာတော်

http://www.dhammadownload.com

မူလသော။ အာဒိစ္စဗန္ဓုနှာ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားကြောင့်။ အဟံ၊ ငါနန္ဒထေရ်သည်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိပဒ္ဒိတွာန၊ ကျင့်သုံး၍။ ဘဝေ၊ သံသရာဒုက္ခ ဘဝအဆက်ဆက် ဖြစ်ပျက်ဆင်းရဲ ညှဉ်းဆဲခဲ့၌။ ဒိတ္တံ၊ မြုပ်၍နေသော စိတ်ကို။ ဥဒဗွဟိ၊ ထုတ်ယူနိုင်လေပြီ။

အရှင်နန္ဒထေရ်သည် ဤဂါထာတို့ကို ဥဒါန်းကျူးတော်မူပြီး နောက်တစ်နေ့၌ မြတ်စွာဘုရားအထံသို့ သွားကာ ဤသို့လျှောက်ကြား၏။ ဂုဏ်တော်အနန္တ ကျေးဇူးတော်ကြီးလှသော သဗ္ဗညုမြတ်စွာဘုရား၊ တပည့်တော်သည် နှတ်သမီးတို့ကို လိုချင်သောဆန္ဒ မရှိပါတော့ပါဘုရားဟု လျှောက်ကြားသည်။

စင်ကြယ်သောအကျင့်ကို ကျင့်နေပြီ

မြတ်စွာဘုရားသည် ရဟန်းတို့၏အလယ်၌ ဤသို့ မိန့်တော်မူ၏။

ချစ်သားရဟန်းတို့၊ ငါ၏ညီတော်နန္ဒထေရ်ကို အမျိုးကောင်းသားဟူ၍လည်းကောင်း၊ အားခွန်ဗလနှင့် ပြည့်စုံသူဟူ၍လည်းကောင်း၊ ကြည်ညိုဖွယ်ရှိသောသူဟူ၍လည်းကောင်း ဆိုရ၏။ ချစ်သား ရဟန်းတို့၊ ညီတော်နန္ဒထေရ်သည် စက္ခု၊ သောတ စသည်ခြောက်ထွေ ဣန္ဒြေကို စောင့်စည်းခြင်းလည်းရှိ၏။ အစားအသောက်၌ ပမာဏကိုလည်း သိတတ်၏။ နိုးကြားခြင်းနှင့်လည်း မပြတ်ယှဉ်၏။ ပညာဆင်ခြင် ထင်သောသတိလည်းရှိ၏။ ဤလေးပါးသောအကြောင်းကြောင့် ညီတော်နန္ဒသည် စင်ကြယ်သော သာသနာတော်အကျင့်ကို ကျင့်နိုင်၏။

မြတ်စွာဘုရား၏ညီတော် အရှင်နန္ဒထေရ်သည် ဣန္ဒြေကို စောင့်စည်းခြင်း၌ အထူးသဖြင့် လွန်ကဲသည်ဖြစ်၍ ဘုရားရှင်က ဤသို့ တဒဂ် ထားတော်မူ၏။

အရှင်နန္ဒထေရ် တဒဂ်ရပြီ

တဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣန္ဒြိယေသု ဂုတ္တဒ္ဝါရာနံ ယဒိဒံ နန္ဒော။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဣန္ဒြိယေသု ဂုတ္တဒ္ဝါရာနံ၊ စက္ခုသောတ စသည်ထွေထွေ ဣန္ဒြေတို့၌ စောင့်စည်းခြင်းရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ–ယောအယံနန္ဒော၊

http://www.dhammadownload.com

အကြင်နန္ဒထေရ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသော နန္ဒထ္ထေရာ၊ ဤနန္ဒထေရ်သည်။ အဂ္ဂံ–အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်၏။

ညီတော်မင်းနန်ခေါ် အရှင်နန္ဒထေရ် အပဒါန်ဝတ္ထုပြီး၏။

● ● ● ● ● ● ● ● ● ●

အရှင်မဟာပန္ထကထေရ် အပဒါန်ဝတ္ထု

မဟာပန္ထကထေရ်နှင့် ညီတော်စူဠပန္ထကထေရ်တို့သည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်က ဟံသာဝတီနေပြည်တော်တွင် ဥစ္စာဓနကြွယ်ဝသော သူကြွယ် ညီနောင်တို့ဖြစ်ခဲ့ကြသည်။ တစ်နေ့တွင် ထိုသူကြွယ်ညီနောင်နှစ်ဦးတို့သည် မြတ်စွာ ဘုရားကျောင်းတော်သို့ တရားနာရောက်သွားကြသည်။

ထိုနေ့၌ပင် ပဒုမုတ္တရဘုရားရှင်သည် ရဟန်းတစ်ပါးအား ဈာန်အင်္ဂါ အဆင့်ဆင့်မှ အရူပဈာန်သို့လည်းကောင်း၊ ထိုမှတစ်ဖန် ဝိပဿနာကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ်အထိ ဆိုက်ရောက်သောအရာဌာနတွင် ပညာဝိဝဋ္ဌကုသလ ဧတဒဂ် ဂုဏ်ထူးချီးမြှင့်တော်မူသည်ကို လည်းကောင်း၊ အခြားရဟန်းတစ်ပါးမှာ အဘိညာဉ် စိတ်တန်ခိုးဖြင့် ကိုယ်ခန္ဓာအပွားများ ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဧတဒဂ်နှင့် စေတောဝိဝဋ္ဌကုသလဧတဒဂ် အရာဌာနတို့တွင် ထူးချွန်သော ဧတဒဂ်ဂုဏ်ထူးကို ချီးမြှင့်တော်မူသည်ကို တွေ့ရှိရလေသည်။ သူကြွယ်ညီနောင်တို့သည် ထိုရဟန်းတို့ ရရှိသော ဆုထူးဆုမြတ်ကို ရယူပန်ဆင်လိုသဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော် များအား ကုသိုလ်အမျိုးမျိုးပြုကာ ဆုပန်ယူခဲ့ကြသည်။

ပဒုမုတ္တရဘုရားရှင်သည်လည်း ထိုညီနောင်နှစ်ဦးတို့အား ဗျာဒိတ်ပေးတော် မူ၏။

ဤဘဒ္ဒကမ္ဘာအတွင်း ကဿပမြတ်စွာဘုရားလက်ထက်၌ စူဠပန္ထက လောင်း လျာသည် ရဟန်းပြု၍ နှစ်ပေါင်းနှစ်သောင်း ဩဒါတကသိုဏ်းကို ပွားများလျက် ဈာန်ရှုကာ နေ၏။

ထိုမှတစ်ဖန် ကာလများစွာကျော်လွန်လာပြီးနောက် ထိုညီနောင်နှစ်ဦး တို့သည် ငါတို့မြတ်စွာဘုရားလက်ထက်တွင် ရာဇဂြိုဟ်ပြည်၌ ဓနသေဋ္ဌိသူဌေး၏ မြေးများ ဖြစ်လာကြကုန်၏။

http://www.dhammadownload.com

ထိုဓနသေဋ္ဌိ သူဌေးကြီး၏သမီးပျိုတစ်ယောက်သည် အစေခံကျွန်ယောကျ်ား တစ်ဦးနှင့် ဆက်ဆံမှားယွင်း မိရာမှ မေတ္တာမျှသွားကြသည်။ ဤအကြောင်းကို လူကြီးမိဘ ဆွေမျိုးတို့သိမည်ကို ကြောက်သောကြောင့် ရွှေ ငွေ အတွင်းပစ္စည်း တို့ကိုယူကာ နယ်စွန်နယ်ဖျား အရပ်တစ်ပါးတွင် သွားရောက်နေထိုင်ကြသည်။ အချိန်ကာလကြာညောင်းလာသော် ဓမ္မတာအတိုင်း အမျိုးသမီးငယ်၌ ကိုယ်ဝန် တည်ရှိလာသည်။ ထိုအခါ အမျိုးသမီးငယ်သည် ကြောက်ရွံ့စိတ်များ ဖြစ်လာသည်။ မိဘများ၏ ကူညီဖေးမမှုကို တောင့်တလာသည်။ သို့ဖြင့် ခင်ပွန်းသည် အား မိဘများထံတွင် သွားရောက်မီးဖွားလိုကြောင်း ပြောပြသည်။ ခင်ပွန်းသည် ခမျာမှာလည်း မိမိ၏အရှင်သခင်များ၏မျက်နှာကို မကြည့်ဝံ့။ ရင်ဆိုင်ရမည်ကိုလည်း သေမလောက် ကြောက်နေရသည်။ ထို့ကြောင့် ဇနီးသည်ကို အမျိုးမျိုး အကြောင်းပြ၍ ရက်ဆွဲလာခဲ့သည်။ အမျိုးသမီးသည် ခင်ပွန်းသည်ဖြစ်သူက မိမိ၏- မိဘတို့ကို ကြောက်ရွံ့၍ မပို့ဝံ့ကြောင်း ရိပ်စားမိသည်။ ထို့ကြောင့် တစ်နေ့တွင် ခင်ပွန်းသည် မရှိခိုက် မိဘအိမ်သို့ တစ်ဦးတည်း စွန့်စားကာ ပြန်လာခဲ့သည်။ ခင်ပွန်းဖြစ်သူ အိမ်ပြန်ရောက်သောအခါ ဇနီးသည်ကို မမြင်ရသဖြင့် ရင်ဝတွင် လှံစူးသကဲ့သို့ စူးကနဲ မျက်ကနဲ ဖြစ်သွားသည်။ အဖြစ်မှန်ကို ရိပ်မိသည်နှင့် ချက်ခြင်းပင် အိမ်မှ အပြေးထွက်ကာ ဇနီးသည်သွားရာကို လိုက်ပါခဲ့ရသည်။ လမ်းခရီး တစ်နေရာသို့အရောက်တွင် တွေ့ရလေပြီ။ ဇနီးသည်မှာ သားဦးကလေးကို မိမိ ဘာသာ အောင်မြင်စွာ စွန့်စားမွေးဖွားခဲ့ပြီးလေပြီ။ ထို့ကြောင့် ကလေးကို ပွေ့ချီလျက် မယားကို လက်တွဲကာ အိမ်သို့ပြန်လာကြသည်။ လမ်းမှာ ဖွားသည့်ကလေးဖြစ်၍ အမည်ကို ပန္ထကဟူ၍ မှည့်ခေါ်ကြလေသည်။

နောက် ဒုတိယအကြိမ် ကိုယ်ဝန်ရသောအခါ ရှေးနည်းအတူပင်လျှင် လမ်း ခရီး၌ ဖွားမြင်ပြန်၍ ဆွေမျိုးတို့ထံမသွားဘဲ နေမြဲနေရာ၌ နေပြန်၏။ သားကြီးကို မဟာပန္ထက၊ သားငယ်ကို စူဠပန္ထကဟု အမည်ခေါ်ကြကုန်၏။

ထိုသားကလေးများ ပြေးသွားနိုင်သောအခါ အဘိုးအဘွား ဦးရီး ဦးလေး တို့ကို တွေ့ချင်သည်ဟု ပူဆာသောကြောင့် အဘိုးအဘွားများရှိရာ ရာဇဂြိုဟ်မြို့သို့ မိသားစု လေးဦးစလုံး ထွက်ခွာလာခဲ့ကြသည်။ ကလေးနှစ်ဦးသည် ရာဇဂြိုဟ် ကဲ့သို့သော မြို့ကြီးပြကြီးကို ဤတစ်ကြိမ်သာ ရောက်ဖူးသည့်အတွက် မြင်မြင်သမျှ တအံ့တသြဖြစ်ကြရသည်။ မိဘနှစ်ပါးမှာတော့ ရင်မှာတထိတ်ထိတ်ဖြစ်နေကြသည်။ ဘယ်သူ့ကိုမှလည်း မတွေ့ရဲ၊ မတွေ့ဝံ့။ သို့ဖြင့် ဇရပ်တစ်ဆောင်ပေါ်တက်ကာ

http://www.dhammadownload.com

ခရီးသွားတစ်ဦးကို စကားကြုံပါး၍ မိဘများထံ သတင်းပို့လိုက်ရသည်။ မိဘများထံမှ ပြန်ကြားချက်မှာကား-"ကလေးငယ်နှစ်ယောက်ကို ငါတို့ထံ ခေါ်ခဲ့ကြ၊ သင်းတို့လင်မယားအတွက် ဤပစ္စည်းဥစ္စာတို့ကို ပေးလိုက်သည်၊ ဝေးရာသို့ သွားကြတော့"ဟု ဆိုလာသည်။ ထို့ကြောင့် မိဘနှစ်ဦးတို့၏ သဘောတူညီချက်အရ ကလေးငယ်နှစ်ဦးအား အဘိုးအဘွားများထံမှာ ထားခဲ့ကြတော့သည်။

အဘိုးကို ပန်ကြားပြီး ရဟန်းပြု

မဟာပန္ထကသူငယ်သည် အဘိုးနှင့်အတူတကွ မြတ်စွာဘုရားအထံသို့ မကြာခဏရောက်သည်။ ပါရမီရင့်ပြီးဖြစ်ရကား မြတ်စွာဘုရားကို ဖူးတွေ့ရသည်နှင့် တစ်ပြိုင်နက် ပိတိဖြစ်သည်။ သာသနာတော်သို့ ဝင်လိုစိတ် ပြင်းပြလာသည်။ ထို့ကြောင့် အဘိုးအဘွားကို ပန်ကြား၏။ အဘိုးအဘွားတို့ကလည်း မြတ်စွာဘုရားအား လျှောက်ကြား၍ ရှင်ပြုစေ၏။ ရှင်သာမဏေဖြစ်၍ ပါဠိတော်တို့ကို ကြိုးကြိုးစားစား သင်ကြား၏။ အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်းပြုသည်။ အရှင်ပန္ထကသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ကာ သမထကမ္မဋ္ဌာန်းစီးဖြန်း၏။ ထိုမှ စျာန်အဆင့်ဆင့်တက်ကာ အရှုပစျာန်လေးပါးအထိ ရ၏။ အရှုပစျာန်ကို အခြေပြု၍ ဝိပဿနာကမ္မဋ္ဌာန်းကို ကူးပြောင်းရှုသည်။ ဖြစ်ပျက်သံသရာ ကမ္ဘာအဆက်ဆက်ကတည်းက မိမိရင်မှာ စူးဝင်နစ်မြုပ်နေသော သမုဒယတဏှာကို အရဟတ္တဖိုလ်တရားဖြင့် မပယ်နုတ်နိုင်သေးသမျှ ငါသည် ယနေ့ လုံးဝ အလျှော့ပေးမည်မဟုတ်ဟု အဓိဋ္ဌာန်ပြုကာ အားထုတ်၏။ ထို့နေ့ တစ်ညတာလုံး မလျှော့သော ဇွဲဖြင့် အားထုတ်ရာ နံနက်မိုးသောက် အရှေ့လောကဓာတ်မှ ရောင်နီပြုလာချိန်တွင် စျာန်အသီးသီးမှထကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

ထိုကဲ့သို့ သမထကမ္မဋ္ဌာန်းဖြင့် စျာန်အသီးသီးရယူပြီး ထိုမှတစ်ဖန် အရဟတ္တဖိုလ်သို့ရောက်ရှိအောင် အားထုတ်သည့် အရှင်မဟာပန္ထကအား ဘုရားရှင်က ပညာဝိဝဋ္ဋကုသလဇာတဒဂ်အရာ၌ အသာလွန်ဆုံးဟု ချီးကျူးတော်မူသည်။

မဟာပန္ထကထေရ် အပါဒန်ဝတ္ထုပြီး၏၊

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

ရှင်စူဠပန္ထကထေရ် အပဒါန်ဝတ္ထု

ရှင်စူဠပန္ထကထေရ်သည် အရှင်မဟာပန္ထက၏ ညီတော်ဖြစ်သည်။ ရှေးရှေး ဘဝများစွာက နောင်တော်နှင့်အတူ ဆုထူးဆုမြတ်ကို ပန်ဆင်ခဲ့ကြသူများ ဖြစ်သည်။ ကဿပဘုရားရှင်လက်ထက်ကလည်း ရဟန်းဘဝကိုရခဲ့ရာ နှစ်ပေါင်းနှစ်သောင်း တိုင်အောင် သြဒါတကသိုဏ်းကို ပွားများခဲ့ဖူးသူဖြစ်၏။ ယခုဘဝ၌ နောင်တော် ပန္ထကထေရ်က ကျောင်းသို့ခေါ်ယူပြီး ရှင်သာမဏေပြုပေးခဲ့သည်။ စူဠပန္ထက သာမဏေသည် နောင်တော်အား ဝတ်ကြီးဝတ်ငယ်ပြုလျက် ဆယ်ပါးသော သီလကို လုံခြုံစွာ ကျင့်သုံးလျက်နေထိုင်၏။ နောင်တော်မဟာပန္ထကထေရ်က ညီဖြစ်သူ ရှင်စူဠပန္ထကကို ဒေသနာပရိယတ်များ သင်ကြားပို့ချပေးသည်။ ထို့ကြောင့် "အနုံမွေးကြိုင်လှသော ကောကနဒ အမည်ရသည့် ပဒုမ္မာကြာပန်းသည် နံနက်ခင်းအချိန်၌ ငွားငွားစွင့်စွင့် လှလှကြီး ပွင့်လာသကဲ့သို့ ထက်ကောင်းကင်၌ ထွန်းလင်းတောက်ပစွာ ပေါ်ထွက်လာသော နေမင်းကဲ့သို့ ကိုယ်တော်မှထွက်သော ပြိုးပြိုးပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်တောက်ပ တော်မူသော ဘုရားရှင်ကို ဖူးမြင်ပါလော့"ဟု အဓိပ္ပါယ်ရသည့်–

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတောသိယာဖုလ္လ မာဒိတဂန္ဓံ။
အင်္ဂီရသံပသဿ ဝိရောစမာနံ၊
တပန္တ မာဒိစ္စမိဝန္တ လိက္ခေ။

ဤလေးပါဒမျှရှိသောဂါထာကို နောင်တော်က အခေါက်ခေါက်အခါခါ ချပေးသည်။ သို့သော် ညီတော်ခင်မျာ ဉာဏ်ထိုင်းလွန်းသောကြောင့် ဘယ်လိုမှ မမှတ်မိ။ တစ်ပါဒချင်း ချပေးသည်ကို လိုက်၍ဆိုသည်။ ရပြီအထင်ဖြင့် ရွှေ့ပါဒသို့ တက်၏။ နောက်ပါဒ မေ့နေပြီ။ ဤသို့ဖြင့် ဝါတွင်းလေးလလုံး နောင်တော်က ဧွဖြင့် ပို့ချသည်။ ညီတော်ကလည်း ဝီရိယဖြင့် ကြိုးစားသည်။ သို့သော် မည်သို့မျှ အရာမထင်။ နောင်တော်၏ ညီတော်အပေါ်၌ ထားရှိသော မျှော်လင့်ချက်သည် လုံးဝစွန့်လွှတ်လိုက်ရလေသည်။

ထို့ကြောင့် နောင်တော်က ဤသာသနာတော်၌ သင်သည် မည်သို့မျှ အကျိုးပြုမည်မဟုတ်၊ ဤသာသနာနှင့် မထိုက်တန်သော အဘဗ္ဗပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ ကျောင်းမှ နှင်ထုတ်လိုက်သည်။ နောင်တော်ကတိုက်တွန်း၍ နောင်တော်ကို

http://www.dhammadownload.com

အကြောင်းပြုပြီး သာသနာတော်ကို ခိုဝင်လာသော အရှင်စူဠပန္ထကသည် အဘိုး အဘွားတို့ရှိရာသို့လည်း မပြန်ချင်၊ ဤသာသနာတော်၌ သူခင်တွယ်ရသော သီတင်းသုံးဖော်တို့နှင့်လည်း မခွဲချင်၊ သို့ဖြင့် စူဠပန္ထက ကျောင်းတံခါးမုခ်ဝတွင် ငိုယိုလျက် ရပ်နေသည်။ ထိုအခါ မြတ်စွာဘုရားသည် သမားတော် ဆရာဇီဝက၏ သရက်တောကျောင်းတိုက်၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

ဆရာဇီဝကသည်လည်း အစေခံယောကျ်ားတစ်ယောက်ကို ကျောင်းတိုက် သို့သွား၍ ရဟန်းငါးရာပင့်ချေလော့ဟု စေလွှတ်သည်။ ထိုယောကျ်ား ကျောင်းသို့ ရောက်လာသောအခါ မဟာပန္ထကထေရ်သည် ဆွမ်းဉာန်းသမ္မုတိရသော ရဟန်းဖြစ်၍ ငါးရာသော ရဟန်းတို့ ဆွမ်းခံကြွတော်မူပါဘုရားဟု ပင့်လျှောက်လျှင် စူဠပန္ထကကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သာလျှင် ဆွမ်းခံလာအံ့ဟု မိန့်ဆို၏။ ထိုစကားကို ကြား၍ စူဠပန္ထကသည် လွန်စွာနှလုံးမသာခြင်းဖြစ်၏။

မဂ်ဖိုလ်ရမည့်အရေး မြင်တော်မူ၍

ထိုအခါ၌ မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့ကို ကြည့်ရှုတော်မူသည် ရှိသော် အရှင်စူဠပန် မဂ်ဖိုလ်ရလတ္တံ့ဟု မြင်တော်မူ၍ ကျောင်းစဉ်လျှောက်ကာ ဒေသစာရီလှည့်လည်တော်မူသကဲ့သို့ အရှင်စူဠပန်အထံသို့ သွားတော်မူကာ ချစ်သား စူဠပန္ထက၊ အဘယ့်ကြောင့် ငိုရသနည်းဟု မေးတော်မူ၏။

နောင်တော်နှင့်ထုတ်သောကြောင့်

ရှင်စူဠပန္ထကသည် နောင်တော် ကျောင်းမှနှင်ထုတ်သောအကြောင်းကို လျှောက်ကြား၏၊ မျက်ရည်ရွဲစိုငိုကြွေးလျက် အားငယ်သောအမူအရာဖြင့် ရှိသေစွာ လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ရှင်စူဠပန္ထက၏ ဦးခေါင်းကို သုံးသပ်ကာ သားငယ်ကို ခေါ်ဆောင်သကဲ့သို့ ချစ်သား ပန္ထက၊ ငါဘုရား၏ သာသနာတော်မှာ ရဟန်းပြု၍ သင်နေ၏။ သင်၏နောင်တော် မဟာပန္ထက၏ သာသနာမှာ နေသည်မဟုတ်။ စာမတတ်ရုံမျှဖြင့် ငါ၏သာသနာတော်၌ မနေထိုက်သူ ဟူ၍ မရှိ။ ဤအဝတ်ပုဆိုးပိုင်းကို ကိုင်၍ "ရဇောဟရဏံ၊ ရဇောဟရဏံ"ဟု ရွတ်ဆိုပွားများက ဆုပ်နယ်လော့ဟု မိန့်တော်မူ၏။

ရှင်စူဠပန္ထကလည်း မိမိနေရာသို့သွား၍ ထိုင်နေပြီးလျှင် မြင်ဖူးစွာဘုရား တန်ခိုးတော်ဖြင့် ဖြူစင်စွာ ဖန်ဆင်း၍ ပေးထားသော အဝတ်ပုဆိုးပိုင်းကလေးကို

http://www.dhammadownload.com

ကြိမ်ဖန်များစွာ ဆုပ်နယ်လေ၏။ ပုဆိုးပိုင်းကလေးသည် အရှင်ပန္ထကက လက်ဖြင့် ကြိမ်ဖန်များစွာဆုပ်နယ်သောကြောင့် ထမင်းအိုးကိုင်သော လက်နှိုးကဲ့သို့ မကြာမီ ညစ်မဲ၍ လာသည်။ ရှင်စူဠပန်သည် ပါရမီပုညသမ္ဘာရအားဖြင့် ရင့်ကျက်ပြီး ဖြစ်လေသောကြောင့် ဤသို့ ကြံ၏။ ဤပုဆိုးပိုင်းပဝါကလေးသည် ပင်ကိုယ်အားဖြင့် ဖြူစင်၏။ ငါအဆက်မပြတ်ကိုင်တွယ် ဆုပ်နယ်မှုကြောင့် ယခုမဲညစ်ရချေပြီ။ မမြဲသော၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောဖြစ်၏။ ဖြစ်ခြင်း, ပျက်ခြင်း, အနိစ္စသဘော တွေ့ပါတကားဟု သံဝေဂဉာဏ်ရ၍ ဝိပဿနာဉာဏ်သို့ ဆိုက်လျက် နေသည်ကို သိတော်မူလျှင် ဘုရားရှင်က သြဘာသရောင်ခြည်တော်ကို လွှတ်တော်မူ၍ ဤဂါထာကို ဟောတော်မူလျှင် ဂါထာ၏အဆုံး၌ ရဟန္တာဖြစ်တော်မူ၏။

ရဟန္တာဖြစ်တော်မူပြီ

အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊ ဥပသန္တ ဿ သဒါသတိမတော။
(ပါစိတ်ပါဠိတော်၊ အတ္ထဂ်တသိက္ခာပုဒ်)

အဓိစေတသော၊ အရဟတ္တဖိုလ်စိတ်နှင့် ပြည့်စုံသော။ အပ္ပမဇ္ဇတော၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ ရှိသေစွာ မလစ်လပ်ရအောင် မပြတ်မလပ် ပြုလုပ်ခြင်းရှိသော။ မောနပထေသု၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ရောက်ကြောင်းဖြစ်သော ဗောဓိပက္ခိယတရား သိက္ခာသုံးပါးတို့၌။ သိက္ခတော၊ ကျင့်လေ့ရှိသော။ ဝါ၊ ကျင့်ပြီးဖြစ်တော်မူသော။ တာဒိနော၊ ဣဋ္ဌာနိဋ္ဌ စသည်အာရုံ အလုံးစုံ၌ တုန်လှုပ်ဖောက်ပြန်မရှိ တာဒိကျေးဇူးဂုဏ်အထူးနှင့် ပြည့်စုံတော်မူသော။ ဥပသန္တ ဿ၊ ငြိမ်သက်သောစိတ် ရှိတော်မူသော။ သဒါ၊ အခါခပ်သိမ်း။ သတိမတော၊ သတိတရားနှင့်ပြည့်စုံတော်မူသော ရဟန္တာပုဂ္ဂိုလ်အား။ သောကာ၊ စိုးရိမ်ခြင်းတို့သည်။ နဘဝန္တိ၊ မဖြစ်ကုန်။

ရဟန်းအများ ဖန်ဆင်းထားပုံ

မြတ်စွာဘုရားသည်လည်း ဆရာဇီဝက ပင့်ဖိတ်ရာသို့ တစ်ပါးလျှောင်းရာ သောရဟန်းတို့နှင့် ကြွတော်မူ၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ ဆရာဇီဝကသည် ယာဂုကိုဆက်ကပ်ရန် ဘုရားရှင်အနီးသို့ ချဉ်းကပ်လာသည်။ ဘုရားရှင်ထံမှ သပိတ်တော်ကို လှမ်းယူသောအခါ ဘုရားရှင်က သပိတ်တော်ကို လက်တော်ဖြင့် ဖုံးအုပ်ထားသည်။ အဘယ့်ကြောင့် သပိတ်တော်ကို ဖုံးအုပ်ထားပါ

http://www.dhammadownload.com

သနည်း အရှင်ဘုရားဟု မေးလျှောက်သော် ကျောင်း၌ ရဟန်းတစ်ပါးရှိသေးသည်ဟု ဘုရားရှင်က မိန့်တော်မူ၏။

ဆရာဇီဝကသည် အစေခံယောကျ်ားတစ်ယောက်ကို စေခိုင်းကာ ကျောင်း၌ ကျန်ရစ်ခဲ့သော ရဟန်းတစ်ပါးကို ပင့်စေ၏။ ပင့်ဆောင်ရန် သွားသောသူ ကျောင်းတိုက်သို့ ရောက်သောအခါ ရဟန်းတစ်ပါးတည်းမဟုတ်ဘဲ ရဟန်းပေါင်းတစ်ထောင်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ ထိုရဟန်းတော်များသည် ရုပ်ဆင်းသဏ္ဌာန်အားဖြင့် လည်းကောင်း၊ အနေအထိုင် အပြုအမူများသည် လည်းကောင်း တစ်ပါးနှင့်တစ်ပါး မတူကြ။ ပင့်ရန်သွားသောယောကျ်ားသည် ရဟန်း တစ်ပါးကိုသာ ပင့်ချေဟုစေသည်ကို ယခုရဟန်းအများဖြစ်၍နေသောကြောင့် အိမ်သို့ ပြန်လာကာ ရဟန်းအများ ရှိပါသည်။ အဘယ်ရဟန်းကို ပင့်ရမည် မသိ၍ ပြန်လာရပါသည်ဟု ဆို၏။

ထိုအခါ ဆရာဇီဝကက "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ အရှင်ဘုရားက ကျောင်းမှာ ရဟန်းတစ်ပါးရှိသေးသည်ဟု မိန့်တော်မူပါသည်။ ယခု ကျောင်း၌ ရဟန်းများ ရာထောင်မျှရှိနေပါသည်ဘုရား၊ အဘယ်ရဟန်းကို ပင့်လျှောက်ရမည်ကို မိန့်တော်မူပါဘုရား"ဟု ဆရာဇီဝကမေးလျှောက်လျှင် စူဠပန္ထကမည်သော ရဟန်းရှိ၏ဟု မိန့်တော်မူ၏။ ဆရာဇီဝကသည် အရှင်စူဠပန်ကို ပင့်ချေဟု အစေခံယောကျ်ားကို စေခိုင်းပြန်၏။ အစေခံယောကျ်ားသည် ကျောင်းသို့တစ်ဖန် သွား၍ အရှင်စူဠပန်မည်သော ရဟန်းကား အဘယ်ရဟန်းပါနည်းဘုရားဟု မေးလျှောက်၏။ ထိုအခါ ရဟန်းတစ်ထောင်လုံးက ငါသည် စူဠပန်တည်း၊ ငါသည် စူဠပန်တည်းဟု တစ်ပြိုင်နက် ပြောဆိုကြ၏။

ပင့်သော ယောကျ်ားသည် တစ်ဖန်အိမ်သို့ပြန်လာကာ ထိုအကြောင်းကို ဆရာဇီဝကအား ပြော၏။ ဆရာဇီဝကသည် သောတာပန်တည်ပြီးသော အရိယာဖြစ်ရကား အဖြစ်မှန်ကိုရိပ်စားမိကာ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန်းဖြစ်မည်ဟု သိသဖြင့် ပထမဆုံးတွေ့သော အနီးရှိရဟန်း၏သင်္ကန်းစွန်းကိုဆွဲပြီး "အရှင်ဘုရားကို မြတ်စွာဘုရားက ခေါ်တော်မူသည်"ဟု လျှောက်ကြားပြောဆိုဟု မှာကြားကာ စေခိုင်းပြန်၏။

စေခိုင်းခံရသောသူသည် ဆရာဇီဝက မှာကြားပြောဆိုသည့်အတိုင်း အနီးရှိ ရဟန်း၏သင်္ကန်းစွန်းကိုဆွဲကိုင်ကာ ပင့်ဖိတ်စဉ် တစ်ထောင်သော အခြားရဟန်းတို့သည် ကွယ်ပျောက်သွားကြပြီး ရှင်စူဠပန်ထေရ်တစ်ပါးတည်း ဆွမ်းကျွေးရာ

http://www.dhammadownload.com

ဆရာဇီဝကဓ၏အိမ်သို့ လိုက်ပါလာသည်။ သံဃာတော်အားလုံး စုံလင်သောအခါ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းဘောဇဉ်များကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားရှင်က ရှင်စူဠပန်ထေရ်အား ဆွမ်းအနုမောဒနာတရား ဟောကြားရန် တာဝန်ပေးတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွသွားသည်။

ဘုရားအလိုတော်ကျ အနုမောဒနာတရား

ရှင်စူဠပန်ထေရ်မြတ်သည် ပိဋ္ဌကသုံးပုံကို မွေနှောက်၍ မြတ်စွာဘုရား၏ အလိုတော်ကျအတိုင်း ဆွမ်းအနုမောဒနာပြုတော်မူ၏။

ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ ဓမ္မသဘင်၌ စည်းဝေးစုမိကြကုန်သော ရဟန်းတို့သည် သြော် မြတ်စွာဘုရားတို့၏ အစွမ်းအာနုဘော်သည် ကြီးမားပေစွတကား၊ လေးလပတ်လုံး ကြိုးကြိုးစားစားသင်ယူပါသော်လည်း လေးပါဒမျှ ရှိသောဂါထာကိုမျှ မရနိုင်သည့် ရှင်စူဠပန်ကို တစ်ခဏချင်းဖြင့် ပိဋ္ဌကသုံးပုံကို ဆောင်နိုင်ပြီး တန်ခိုးအာနုဘော်ကြီးအောင် ပြုတော်မူနိုင်ပါပေ၏တကားဟု ပြောဆိုကြကုန်၏။

ရှင်စူဠပန္ထကထေရ်မြတ်သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ရှေးဘဝတို့ကိုကြည့်ရှုသော် အတိတ်ဘဝကပြုစုခဲ့သော ကောင်းမှုများအကြောင်းကို ဤသို့ ပြန်လည်ဟောတော်မူသည်။

စူဠပန္ထကနာမမည်ခေါ် ငါထေရ်ကျော်သည် ကမ္ဘာတစ်သိန်းထက်၌ ရသေ့ဘဝဖြင့် ဟိမဝန္တာတွင် သခ်ိမ်းကျောင်းတစ်ခုဖြင့်နေခဲ့သည်။ ပဒုမုတ္တရ မြတ်စွာဘုရားသည် ငါရှိရာသို့ကြွလာတော်မူပြီး သမာပတ်ဝင်စားတော်လျက် နေတော်မူသည်။ ငါသည် ဘုရားရှင်အနီးသို့ချဉ်းကပ်ကာ ဘုရားရှင်အား ပဒုမ္မာကြာပန်းတို့ကို ပန်းထီးပြုလုပ်ကာ ဆောင်းမိုးပူဖော်ခဲ့၏။

ထိုအခါနတ်ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်သောစိတ်ဖြင့် ဟိမဝန္တာ၌ စည်းဝေးရောက်လာကုန်ကြ၍ သာဓုခေါ်ကြကုန်၏။ တရားတော်ကို နာခြင်းငှာ မြတ်စွာဘုရားကို ဝန်းရံ၍ နေကြကုန်၏။ ထိုနတ်ဗြဟ္မာတို့၏အလယ်၌ ပန်းထီးကို ဆောင်းမိုးပူဖော်လျက်နေသော ငါရသေ့ကို ဘုရားရှင်က ဤသို့ ဗျာဒိတ်ပေးတော်မူ၏။

ကပ္ပသတ သဟဿမှိ၊ သြက္ကာက ကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။

http://www.dhammadownload.com

ပကာသိတေ ပါဝစနေ၊ မနုဿတ္တံ လဘိဿကိ။
မနောမယာ ကာယာမှိ၊ ဥတ္တမော သော ဘဝိဿတိ။
ဒွေ ဘာတရော ဘဝိဿန္တိ၊ ဥဘောပိ ပန္ထက ဝှယာ။
အနုဘောတွာ ဥတ္တမတ္တံ၊ ဇောတယိဿန္တိ သာသနံ။

သြဝါဒမပြည့်စုံဟု ရဟန်းမတို့ကဆို

ရှင်စူဠပန်သည် ဤဂါထာကို အခါခါရွတ်ဆိုလေ့ရှိ၏။ တရံရောအခါ ဘိက္ခုနီ ရဟန်း မိန်းမတို့ကိုအလှည့်ကျ၍ ဆုံးမရာတွင် ဤဂါထာကိုသာလျှင် အခါခါရွတ်ဆိုပြသည်။ ထို့ကြောင့် နောင် ရှင်စူဠပန်အလှည့်ကျ၍လာလျှင် သူ့ဂါထာကလေးကိုသာ အခါခါရွတ်ဆို၍နေသောကြောင့် သြဝါဒမပြည့်စုံဟု ရဟန်းမိန်းမတို့က ဆိုကြကုန်၏။

ထိုစကားကို ကြားသောအခါ ရှင်စူဠပန်သည် ကောင်းကင်သို့ပျံတက်၍ ကောင်းကင်၌ စင်္ကြံသွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို ပြုလျက် အခိုးအလျဲကို လွှတ်၏။ ကိုယ်ကိုလည်း ဖျောက်ကွယ်ကာ ထိုဂါထာကိုလည်း ရွတ်ဆို၏။ ဤဂါထာမှတစ်ပါး ဘုရားစကား တရားတော် ဂါထာတို့ကိုလည်း များစွာရွတ်ဆို၍ အစွမ်းတော်ကို ပြသည်။ ထိုအခါ အံ့ဩဖွယ် ရှိစွတကား၊ မဖြစ်ဖူးမြဲ ထူးကဲစွာ ဖြစ်ပေစွတကားဟူ၍ ဘိက္ခုနီရဟန်းမိန်းမတို့သည် ချီးမွမ်းအံ့ဩခြင်းကို ပြုကြကုန်၏။

ရှင်စူဠပန်သည် နေဝင်၍ မှောင်မိုက်သည်တိုင်အောင် သြဝါဒပေးပြီးမှ ပြန်ကြတော့ နှမတို့ဟု ဆို၍လွှတ်လိုက်၏။ ဘိက္ခုနီရဟန်းမိန်းမတို့ ပြန်ကြသောအခါ မြို့တံခါးပိတ်ပြီးသောကြောင့် မြို့အပြင်၌ တစ်ညလုံးနေရသည်။ နံနက်စောစော မြို့တံခါးဖွင့်မှ မြို့တွင်းသို့ဝင်ကြရသည်။ ထိုအခါ လူတို့က ကဲ့ရဲ့ကြကုန်၏။

သိက္ခာပုဒ်ပညတ်

မမြတ်သောအကျင့်ကို ကျင့်ကြကုန်သော ဤဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့နှင့် အတူတကွနေ၍ ယခုမှ မြို့တွင်းသို့ ဝင်လာကြကုန်၏ဟူ၍ ဆိုကြကုန်၏။ ထို့ကြောင့် ဘိက္ခုနီမတို့ကို နေဝင်သောအခါ ဆုံးမသြဝါဒမပြုရဟု အတ္ထဋ္ဌကထာသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူ၏။

http://www.dhammadownload.com

ဘုရားရှင်၏ ဗျာဒိတ်တော်

ဘောန္တော၊ လူနတ်ဗြဟ္မာအပေါင်းတို့။ ကပ္ပသတ သဟဿမှိ၊ ကမ္ဘာတစ်သိန်း လွန်သောအခါ၌။ သြက္ကာကကုလသမ္ဘဝေါ၊ သြက္ကာကမင်းမျိုးဌဖြစ်သော။ ဂေါတ္တေန၊ အနွယ်တော်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမအမည်တော်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လူ့ပြည်၌။ ဘဝိဿတိ၊ ပွင့်တော်မူလတ္တံ့။

ပါဝစနေ၊ ပိဋကတော်သည်။ ပကာသိတေ၊ ဖြန့်ပွားပေါ်လွင် ထင်ရှားလတ်သော်။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ လဘိဿတိ၊ ရလတ္တံ့။ မနောမယိဒ္ဓိ၊ စိတ်ဖြင့်ပြီးသော။ ကာယမှိ၊ ကိုယ်၌။ ဝါ၊ မနောမယိဒ္ဓိ တန်ခိုး၌။ ဥတ္တမော၊ လွန်ကဲသော။ သော၊ ထိုရသေ့သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဒေ ဘာတရော၊ ညီနောင်နှစ်ယောက်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဥဘောပိ၊ ညီနောင်နှစ်ယောက်တို့သည်လည်း။ ပန္ထ ကဝ္ဟာ၊ ပန္ထ ကအမည် ရှိကုန်လတ္တံ့။ ဥတ္တမတ္ထံ၊ မြတ်သော အရဟတ္တဖိုလ်ချမ်းသာကို။ အနုဘောတွာ၊ ခံစား၍။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာကို။ ဇောတယိဿန္တိ၊ ထွန်းလင်းစေနိုင်ကြကုန်လတ္တံ့။

ဤဂါထာတို့ဖြင့် ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူသည့်အတိုင်း ရသေ့သည် ဂေါတမမြတ်စွာဘုရားလက်ထက်၌ ရှင်စူဠပန္ထက မည်သော ရဟန္တာ ဖြစ်၏။

ထိုရှင်စူဠပန်ထေရ်မြတ်သည် ကဿပမြတ်စွာဘုရားလက်ထက်၌ ပညာရှိ စာတတ်သော ရဟန်းဖြစ်ခဲ့သည်။ ဉာဏ်ထိုင်းသော ရဟန်းတစ်ပါးကို စာပေသင်ကြားရာ၌ ပြောင်လှောင်ခဲ့ဖူးသော မကောင်းမှုကံ လိုက်၍နှိပ်စက်သဖြင့် ယခုဘဝ သာမဏေ ဖြစ်စအခါတွင် တစ်ဂါထာကို လေးလသင်၍ မရနိုင်အောင် ပညာထိုင်းမှိုင်း၍ နေခဲ့ရ၏။

ရှင်စူဠပန္ထကထေရ်သည် သမာဓိအရာ၌ လိမ္မာသောကြောင့် စေတောဝိဝဋ္ဋကုသလ ဖြစ်သည်ဟု ဆို၏။ မဟာပန္ထကထေရ်ကား ဝိပဿနာအရာ၌ လိမ္မာသောကြောင့် ပညာဝိဝဋ္ဋကုသလ ဖြစ်သည်ဟုဆို၏။

မနောမယိဒ္ဓိကို ရရာ၌ အခြားတစ်ပါးသော ရဟန်းတို့သည် သုံးပါးလေးပါးကိုသော်လည်းကောင်း၊ အများကိုသော်လည်းကောင်း၊ တစ်မျိုးတည်း တစ်ပုံတည်း အတူတူသာလျှင် ဖန်ဆင်းနိုင်၏။ နိမ္မိတကိုခွဲ၍ တစ်မျိုးစီဖြစ်အောင် ဖန်ဆင်းခြင်းငှာ မတတ်နိုင်။

http://www.dhammadownload.com

ရှင်စူဠပန်ကား ရဟန်းတစ်ထောင်ကို ရုပ်သွင်မူရာမှအစ တစ်မျိုးစီ တစ်ဖုံစီ ဖန်ဆင်းနိုင်သည်။ တချို့ကသက်နံးချုပ်နေပုံ၊ တချို့က စကြံသွားနေပုံ၊ တချို့က စာပြန်၊ စာအံ၊ စာကျက် ၍နေပုံ စသည်ဖြင့် တစ်မျိုးစီ မတူအောင် ဖန်ဆင်းနိုင်သည်။ ထို့ကြောင့် ရှင်စူဠပန္ထကထေရ်ကို မနောမယကာယ ဖန်ဆင်းရာ၌ အလွန်ဆုံး၊ အသာဆုံးဟူ၍ ဧတဒဂ်ထားတော်မူ၏။

နိဗ္ဗာန်ကိုရသူပုဂ္ဂိုလ် ဟူသမျှသည် ရှေးရှေးသော မြတ်စွာဘုရားတို့အထံ၌ ပြုအပ်ဖူးသော ကုသိုလ်ပါရမီက ကတာမိကာရ (ပြုအပ်ပြီးသောကောင်းမှု) ပါရမီသမ္ဘာရ မရှိဘဲ ဘုရားတစ်ဆူတည်း၏အထံ၌ နိဗ္ဗာန်ကို မရနိုင်ကြကုန်။ ရှေးရှေးဘုရားတို့ထံ၌ ပြုအပ်သော ကုသိုလ်ပါရမီက နှီးဆော်တိုက်တွန်းမှသာလျှင် မဏ္ဍူကဖားသူငယ်တို့သည်လည်းကောင်း၊ ဝေဒိသကတောင်၌နေသော ဥလူက ဓိကွက်ငယ်တို့သည် လည်းကောင်း၊ အရှင်နန္ဒထေရ်လောင်းလျာ ရေလိပ်ကြီးတို့သည် လည်းကောင်း တိရစ္ဆာန်ပင် ဖြစ်သော်လည်း ဘုရားမှန်းတရားမှန်းသိနိုင်သော စိတ်ကောင်းဖြစ်လာကြ၏။ အကုသိုလ်က နှီးဆော်တိုက်တွန်းလျှင် ပါရမီကုသိုလ်ရှိသူ ဖြစ်သော်လည်း ပစ္စေကဗုဒ္ဓါလောင်း အရှင်ဒေဝဒတ်သည် . မြတ်စွာဘုရားကို သေကြောင်းကြံသေး၏။ ထို့ကြောင့် ကုသိုလ် အကုသိုလ်ကံသာလျှင် မူလဖြစ်ကြောင်း ထင်ရှားလှ၏။

ရှင်စူဠပန္ထကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ပိလိန္ဒဝစ္ဆထေရ် အပဒါန်ဝတ္ထု

အရှင်ပိလိန္ဒဝစ္ဆထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရားအထံတော်မှ နိယတဗျာဒိတ်ကိုရခဲ့သူသည်။ ငါတို့မြတ်စွာဘုရား ပွင့်တော်မမူမီ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ဖြစ်၍ ပိလိန္ဒဗာသော အမည်ရှိ၏။ ဝစ္ဆဟူသည်ကား အနွယ်၏အမည်ဖြစ်၏။ မူလနာမည်နှင့် ရောစပ်၍ ပိလိန္ဒဝစ္ဆဟု ကျော်စော၏။ ထိုမထေရ်လောင်းလျာ ပိလိန္ဒဝစ္ဆပုဏ္ဏားသည် သံသရာ၌ကျင်လည်ရစဉ် ဖြစ်ပျက်ခြင်းကိုမြင်၍ များစွာသံဝေဂ ရရှိရကား၊ ပရိဗိဗ္ဗာန်းပြုလျက်နေပြီး စူဠဂန္ဓာရီဝိဇ္ဇာ အတတ်ကိုတတ်မြောက်သူ ဖြစ်၏။ ထိုဂန္ဓာရီဝိဇ္ဇာအတတ်ကြောင့် ကောင်းကင်သို့ ပျံသွားနိုင်သည်။ သူတစ်ပါး

http://www.dhammadownload.com

တို့၏ စိတ်အကြံကို သိနိုင်သည်။ ထို့ကြောင့် ရာဇဂြိုဟ်မြို့၌ ဘုန်းကံကြီးမား၍ လာဘ်ပေါ်များသည်။

တန်ခိုးတော်က လွှမ်းမိုးပုံ

မြတ်စွာဘုရားပွင့်တော်မူလာသည့်အခါ ခရီးစဉ်အတိုင်း ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူလာသည်။ ထိုအခါ ဗုဒ္ဓ၏တန်ခိုးတော်က လွှမ်းမိုးသောကြောင့် ဂန္ဓာရီဝိဇ္ဇာပိလိန္ဒဝစ္ဆသည် မှေးမှိန်သွား၏။ ကောင်းကင်ပျံခြင်းဖြင့်လည်း အစွမ်းမပြနိုင်တော့။

ထိုအခါ ပိလိန္ဒဝစ္ဆပရဖို၌သည် ဤသို့စဉ်းစား၏။ ရှေးဆရာကြီးများ အဆက်ဆက်က ပြောကြသော စကားသည်ရှိ၏။ အကြင်အရပ်၌ မဟာဂန္ဓာရီဝိဇ္ဇာရှိ၏။ ထိုအရပ်၌ ဗုဒ္ဓဂန္ဓာရီဝိဇ္ဇာသည် အစွမ်းမပြနိုင် ဟူ၍ ကြားဖူး၏။ ရဟန်းဂေါတမ ရောက်လာသည်မှစ၍ ငါ၏ဂန္ဓာရီဝိဇ္ဇာအစွမ်းသည် မပြနိုင်တော့ပေ။ ယခု ရဟန်းဂေါတမသည် ဧကန္တ မဟာဂန္ဓာရီဝိဇ္ဇာအတတ်ကို သိသူ ဖြစ်မည်။ ငါသည် ဆည်းကပ်ခစား၍ သူ့ထံမှ သင်ယူအံ့ဟုကြံလျက် မြတ်စွာဘုရားအထံတော်သို့လာခဲ့ပြီး "တပည့်တော်သည် အရှင်ဘုရား၏ ဂန္ဓာရီဝိဇ္ဇာအတတ်ကို သင်ကြားလိုပါသည်။ အခွင့်ပေးတော်မူပါ"ဟု လျှောက်၏။ သို့သင်ယူလိုလျှင် ငါ၏အထံ၌ ရဟန်းပြုလော့ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

ထိုပရဖို၌က သြော် ရဟန်းပြုခြင်းသည် မဟာဂန္ဓာရီဝိဇ္ဇာ၏ အခြေခံပင်ဖြစ်၏ဟု မှတ်ထင်လျက် ရဟန်းပြုလေ၏။

ရဟန္တာဖြစ်ပြီ

မြတ်စွာဘုရားသည် တရားဟောတော်မူ၍ ထိုရဟန်း၏ စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ရှေးဘဝတို့၌ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီဥပနိဿယနှင့် ပြည့်စုံရကား မကြာမြင့်မီပင် ပိလိန္ဒဝစ္ဆသည် ရဟန္တာဖြစ်လေ၏။

ရှေးဘဝက ပိလိန္ဒဝစ္ဆ၏ ဆုံးမသြဝါဒကို နာယူ၍ ဒါနကုသိုလ်စသည်တို့ကို ပြုလုပ်ခဲ့သူ တစ်ယောက်သည် နတ်သမီးဖြစ်နေသည်။ ထိုနတ်သမီးသည် ကျေးဇူးဂုဏ်ကို လေးစား၍ ပိလိန္ဒဝစ္ဆထေရ်၌ များစွာချစ်ခင်မြတ်နိုးခြင်းရှိရကား နံနက်တိုင်း ညနေတိုင်း တစ်နေ့လျှင် နှစ်ကြိမ်လာ၍ ဆည်းကပ်၏။ ထိုနတ်သမီးနှင့်အတူ အခြွေအရံ နတ်သမီးတို့သည်လည်း ပါရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်

http://www.dhammadownload.com

ပိလိန္ဒ၀စ္ဆထေရ်အား နတ်တို့ ချစ်ခင်မြတ်နိုးသူတို့တွင် အမြတ်ဆုံးဟု ဧတဒဂ်ထား တော်မူ၏။

ထိုပိလိန္ဒ၀စ္ဆထေရ်မြတ်သည် ပုဗ္ဗေနိ၀ါသအဘိညာဉ်ဖြင့် ရှေးဘ၀တို့ကို ကြည့်ရှုဆင်ခြင်၍ ဤတရားတို့ကို ဟောတော်မူ၏။

ပရိကွရာအမျိုးမျိုး လှူရန်

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါက ငါသည် ဟံသာ၀တီမြို့တံခါးကို စောင့်ကြပ်ရသော ဒေါ၀ါရိက အမတ်ကြီးဖြစ်ခဲ့သည်။ ငါ၌ များစွာသော ဥစ္စာ စည်းစိမ်တို့သည်လည်း ရှိ၏။ မြတ်စွာဘုရား၏ ခမည်းတော် အာနန္ဒာမင်းကြီးသည် သားတော် ပဒုမုတ္တရာမြတ်စွာဘုရားအား ကိုယ်တိုင် ဆွမ်းလုပ်ကျွေးသည်။ အခြားသူများကို အလှည့်မပေးပေ။ ဒေါ၀ါရိက အမတ်ကြီးက မြတ်စွာဘုရားအား သူတစ်ပါးတို့ မလှူဖူးသေးသော ပရိက္ခရာအမျိုးမျိုးကို လှူရန် စိတ်ကူးထားသည်။ ထို့ကြောင့် မင်းကြီးထံ ချဉ်းကပ်၍ ဤသို့လျှောက်ကြား၏။ အရှင်မင်းမြတ်၊ အကျွန်ုပ်နှင့် အရှင်မင်းမြတ်တို့သည် အတူတကွ ဖွားဖက်ကြီးဖော် ဖြစ်ကြကုန်၏။ နှစ်ဦးသားတို့၏စိတ်သည် တစ်ခုတည်း ဖြစ်ကြပါ၏။ နှစ်ဦးသားတို့၏ ဆင်းရဲချမ်းသာသည် စပ်ယှက်ဆက်ဆံ၍ နေပါ၏။ နှစ်ဦးသားတို့သည် တစ်ဦးအလိုကို တစ်ဦးလိုက်ကြကုန်၏။ ရန်သူကို ဆုံးမတော်မူတတ်သော အရှင်မင်းမြတ်၊ အကျွန်ုပ်၏ စိတ်ဆင်းရဲခြင်းသည် အရှင်မင်းမြတ်နှင့် စပ်လျက်ရှိပါ၏။ အကျွန်ုပ်၏ စိတ်ဆင်းရဲခြင်းကို အရှင်မင်းမြတ်သည် အကယ်၍ ပျောက်စေနိုင်ငြားအံ့ အရှင်မင်းမြတ် ပယ်ဖျောက်တော်မူပါလော့။

ဝန်မလေးဘဲ ပေးတော်မူပါ

အကျွန်ုပ်၏ဆင်းရဲခြင်းသည်လည်းကောင်း၊ အရှင်မင်းမြတ်၏ဆင်းရဲခြင်းသည်လည်းကောင်း၊ နှစ်ဦးသောသူတို့၏ဆင်းရဲသောစိတ်သည် တစ်ပေါင်းတည်း အတူတူ ဖြစ်ကြပါသည်။ အကယ်၍ အရှင်မင်းမြတ်၏ စိတ်ဆင်းရဲခြင်းသည် အကျွန်ုပ်နှင့် စပ်ငြားအံ့၊ အကျွန်ုပ်ပယ်ဖျောက် ပေးပါအံ့။ အရှင်မြတ် စိတ်ဆင်းရဲမှု မရှိအောင် ဆောင်ရွက်ပြုလုပ်ပေးပါမည်။ အမိန့်ရှိတော်မူပါ။ အကျွန်ုပ်၌မူကား အရှင်မင်းမြတ်နှင့်စပ်သော စိတ်ဆင်းရဲခြင်း တစ်ခုရှိပါ၏။ ထိုစိတ်ဆင်းရဲခြင်း တစ်ခုသည် အကျွန်ုပ်အတွက် အလွန်ဖျောက်နိုင်ခဲပါ၏။ အရှင်မင်းမြတ်အထံမှ

http://www.dhammadownload.com

အကျွန်ုပ်တောင့်တသော အရှင်မြတ်ကလည်း ပေးရန်ခက်ခဲသော ဆုမြတ်တစ်ခု ရှိပါသည်။ ထိုဆုမြတ်ကို အရှင်မင်းမြတ်သည် ဝန်မလေးဘဲ ပေါ့ပါးသည်ဖြစ်၍ ပေးတော်မူပါလော့။

သင်အလိုရှိလျှင် ပေးနိုင်

ဤကဲ့သို့ ဒေါဝါရိကအမတ်က လျှောက်တင်သောအခါ အာနန္ဒာမင်းကြီး သည် ဤသို့အမိန့်ပေးတော်မူ၏။ အချင်း ဒေါဝါရိကအမတ်...ငါ၏နိုင်ငံတော် အတွင်း၌ အကြင်ရွှေ့မျှလောက်သော ဝတ္ထုစ္စည်းတို့သည်ရှိကုန်၏။ ထိုဝတ္ထုပစ္စည်း အားလုံးကို သင်အလိုရှိငြားအံ့။ ငါသည် တုန်လှုပ်ခြင်းမရှိ ပေးနိုင်၏။

အရှင်မင်းမြတ်၊ အရှင်မင်းမြတ် အမိန့်ရှိသော စကားသည် ပေါ့ပါးသော စကားတော်ဖြစ်ပါ၏။ ဝန်မလေးဘဲပေးနိုင်လွယ်သော စကားတော်ဖြစ်ပါ၏။ ယင်းသို့ ပေးနိုင်လွယ်သောစကား ဖြစ်ပါသော်လည်း မှန်သောစကားတော်မဟုတ်၊ မှားသော စကားတော်ဖြစ်ရာ၏။ အလုံးစုံသော မင်းကျင့်တရား၌တည်နေသော အရှင်မင်းမြတ် ကို ယခုပင်လျှင် သိရပါစေအံ့။

ဒေါဝါရိကအမတ်က ဤကဲ့သို့မြဲစွာ ကိုင်၍ချည်ထားပြီးမှ အရှင်မင်းမြတ်၏ စကား မှားသည်ကိုလည်းကောင်း၊ မှန်သည်ကိုလည်းကောင်း ယခုပင် သိရတော့အံ့ဟု လျှောက်တင်သောအခါ အချင်းဒေါဝါရိက ပေးမည်ဟူ၍ ဝန်ခံပြောဆိုသော ငါ မင်းမြတ်အား အလွန်ပြင်းပြစွာ ဖိညှပ်ဆုပ်ကိုင်၍လျှောက်တင်ဘိ၏။ ဤသို့ဖိညှပ်၍ လျှောက်တင်သဖြင့် သင် ဒေါဝါရိကအမတ်အား ဘာအကျိုးရှိသနည်း၊ သင် အလို ရှိရာကိုသာလျှင် ငါမင်းမြတ်အား လျှောက်တင်လော့ဟူ၍ မင်းကြီးက ဆို၏။

ဘုရားရှင်ကို ငါမပေး

အရှင်မင်းမြတ်၊ အကျွန်ုပ်ဒေါဝါရိကသည် အရှင်မင်းမြတ်၏ တိုင်းပြည် တစ်ခုလုံးကို ပေးသော်လည်း အလိုမရှိပါ။ အတူမရှိသောမြတ်စွာဘုရားကိုသာ အလိုရှိပါ၏။ ထိုမြတ်စွာဘုရားကို အကျွန်ုပ်ဆွမ်းလုပ်ကျွေးလိုပါ၏။

ဤသို့တောင်းသောအခါ အချင်း ဒေါဝါရိက၊ သင့်အား တခြားဆုကို ငါပေးအံ့။ မြတ်စွာဘုရားကိုတော့ သင် မတောင်းခံလင့်။ မြတ်စွာဘုရားကို အဘယ်သူအားမျှပေးမည်မဟုတ်။ မဏိဇောတိရသပတ္တမြားကဲ့သို့ မှတ်လေလော့။

http://www.dhammadownload.com

ဤသို့မင်းကြီးဆိုသောအခါ ဒေါ၀ါရိကအမတ်ကြီးက အရှင်မင်းမြတ်၊ ငါ၏တိုင်းပြည်၌ အကြင်ရွှေ့မျှလောက် ၀တ္ထုပစ္စည်းရှိ၏။ ထို၀တ္ထုပစ္စည်းတို့ကို ပေးအံ့ဟူ၍ ဆိုတော်မူ၏။ တိုင်းပြည်တစ်ခုလုံးရှိ ၀တ္ထုကိုပေးပါလျှင် မြတ်စွာဘုရားကိုလည်း ပေးခြင်းငှာ သင့်ပါ၏ဟု ၎ကျွာက်တင်၏။ ထိုအခါ မင်းကြီးက-

အချင်း ဒေါ၀ါရိကအမတ်၊ မြတ်စွာဘုရားကိုချန်ထားလော့။ မြတ်စွာဘုရားကို ဘယ်သူအားမျှ ငါမပေး။ မြတ်စွာဘုရားကိုပေးအံ့ဟုလည်း ငါ၀န်မခံ။ အတိုင်းမသိသော အခြားသောဥစ္စာကို သင်တောင်းလော့ဟု မင်းကြီးဆိုလျှင် အရှင်မင်းမြတ် တရားစီရင်ဆုံးဖြတ်ရာ ရုံးတော်သို့သွားပါအံ့။ တရားစီရင်ဆုံးဖြတ်တတ်သော တရားသူကြီးတို့ကို မေးပါအံ့ဟုဆို၍ ဒေါ၀ါရိကအမတ်သည် မင်းကြီး၏လက်ကို ဆွဲ၍ တရားစီရင်ရာ ရုံးတော်သို့သွားကာ တရားသူကြီးတို့၏ရှေ့၌ ဤသို့ဆို၏။

အကျွန်ုပ်ဘုရားဟု ဆုံးဖြတ်ပါ

အို... တရားသူကြီးမင်းတို့၊ အကျွန်ုပ် ဒေါ၀ါရိကအမတ်၏ စကားကို နားထောင်ကြပါကုန်။ အကျွန်ုပ် အစီရင်တော်ခံပါအံ့။ ပြည့်ရှင်မင်းမြတ်သည် အကျွန်ုပ်အား ဆုကိုပေးပါ၏။ တစ်စုံတစ်ခုကို ချန်လှပ်ခြင်းမရှိဘဲ တိုင်းပြည်တစ်ပြည်လုံးကိုပါ ပေးမည်ဟု ၀န်ခံပါ၏။ ဤသို့ဆုပေးသော ပြည့်ရှင်မင်းမြတ် အထံ၌ အကျွန်ုပ်သည် မြတ်စွာဘုရားတည်းဟူသော ဆုကိုသာ ယူပါသည်။ မြတ်စွာဘုရားတည်းဟူသောဆုကို အကျွန်ုပ်အား ပေးခြင်းသည် ကောင်းသော ပေးခြင်းဖြစ်၏။ မြတ်စွာဘုရားသည် အကျွန်ုပ်၏ဘုရားဟူ၍ ဆုံးဖြတ်ထိုက်ပါ၏။

ဤသို့ဒေါ၀ါရိကအမတ်က ဆိုသောအခါ တရားသူကြီးတို့သည် ဤသို့ဆိုကြကုန်၏။ အသင်ဒေါ၀ါရိက၏စကားကိုလည်းကောင်း၊ အရှင်မင်းမြတ်၏ စကားကိုလည်းကောင်း၊ နှစ်ဦးလုံးတို့၏စကားကိုကြားရမှ မှန်ရာကို ဆုံးဖြတ်နိုင်ကုန်အံ့။ အရှင်မင်းမြတ်သည် အလုံးစုံဟူသော စကားကိုဆိုလျက် တစ်စုံတစ်ခုကိုမျှ အကြွင်းအကျန်မထားဘဲ ဤအမတ်အား တိုင်းပြည်အလုံးကိုပင် ပေးမည်ဟု ဖိတ်ကြားခြင့်းသည် မှန်ပါသလောဟူ၍ မေးကြကုန်၏။

မင်းကြီးက ၀န်ခံပြီ

ဤသို့မေးကြသောအခါ ပြည့်ရှင်မင်းသည် ဤသို့ ၀န်ခံလေ၏။ အချင်းတရားသူကြီးတို့၊ ဤဒေါ၀ါရိကအမတ်သည် အလွန်စိတ်ဆင်းရဲခြင်းဖြစ်၍နေ

http://www.dhammadownload.com

ကြောင်းနှင့် ငြိုငြင်စွာသောစကားဖြင့် ငါမင်းမြတ်အထံ၌ ဆုကို တောင်း၏။ အလွန်စိတ်ဆင်းရဲသော အမူအရာရှိသော အမတ်ကိုမြင်လျှင် သနားကရုဏာတော် ရှိလှသဖြင့် ငါမင်းမြတ်နှင့် အကူတကွ ဖွားဖက်ကြီးဖော်ဖြစ်သော အမတ်ကို (အလုံးစုံ)ဟူသောစကားဖြင့်သိမ်းဂျိုး၍ ငါမင်းမြတ် ဆုပေးလိုက်၏ဟူ၍ မင်းကြီးက ဆို၏။

တရားသူကြီးတို့က အရှင်မင်းမြတ် ရှုံးတော်မူပြီ။ မြတ်စွာဘုရားကို အမတ် အား ပေးပြီးဖြစ်ပေပြီ။ အရှင်မင်းမြတ်နှင့် ဒေါဝါရိက အမတ်နှစ်ဦးသားတို့၏ ယုံမှား သံသယသည် ပြီးပြတ်လေပြီ။ တည်မြဲတိုင်းသော တရားမှန်၌ တည်ကြပါကုန်လော့ ဟူ၍ ဆုံးဖြတ်ကြကုန်၏။

ပြည့်ရှင်မင်းသည် ထိုတရားသူကြီးတို့၏ ရှေ့၌ရပ်၍ ဤစကားကိုဆိုပြန်၏။ အချင်းတရားသူကြီးတို့၊ မြတ်စွာဘုရားကို ဆွမ်းကျွေးပြီးသောအခါ တစ်ဖန်ပြန်၍ ငါ့အား ပေးကြပါကုန်။ မြတ်စွာဘုရားကို တစ်ဖန်ပြန်၍ ရလိုပါ၏ဟုဆိုသောအခါ ဒေါဝါရိကအမတ်ကို တရားသူကြီးတို့က အချင်း ဒေါဝါရိက... အသင်၏လိုရာကိစ္စ ကိုပြည့်စုံစေ၍ မြတ်စွာဘုရားကို ဆွမ်းကျွေးပြီးလျှင် အာနန္ဒာမင်းမြတ်အား မြတ်စွာ ဘုရားကို တစ်ဖန်ပြန်၍ ပေးပါလေလော့ဟူ၍ ဆိုကြကုန်၏။

ပတ္တမြားရသကဲ့သို့

ဒေါဝါရိကအမတ်သည် တရားသူကြီးတို့ကိုလည်းကောင်း၊ အာနန္ဒာမင်းကြီးကို လည်းကောင်း ရှိခိုးပြီး နှစ်သက်ဝမ်းမြောက်ခြင်းရှိလျက် မြတ်စွာဘုရားကို ဤသို့ လျှောက်ကြား၏။ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူပေသော မြတ်စွာဘုရား၊ တစ်သိန်း သောရဟန်းတို့နှင့်တကွ တပည့်တော်၏စိတ်ကို ရွှင်လန်းစေလျက် တပည့်တော်၏ အိမ်သို့ ကြွတော်မူပါဘုရားဟူ၍ ပင့်လျှောက်သည်။ မြတ်သောအလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် ငါ၏စိတ်အကြံကိုသိ၍ သည်းခံတော်မူ ပေ၏။ ငါသည် ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် ပြန်လာခဲ့ပြီး မိတ်ဆွေအပေါင်း တို့အား ဤသို့ပြောဆို၏။ အို မိတ်ဆွေအပေါင်းတို့၊ အလွန်ရခဲသော မဏိဇောတိ ရသ ပတ္တမြားကို ရသကဲ့သို့ ပဒုမုတ္တရ မြတ်စွာဘုရားကို ငါရခဲ့၏။ ထိုမြတ်စွာဘုရား ကို အာဘယ်သို့သော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ရအံ့နည်း။

အပွမေယျ စသည်များစွာ အနန္တဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို အလွန်ရခဲစွာဖြင့် ငါသည်ရပေသည်။ ထိုရခဲစွာသော မြတ်စွာဘုရား

http://www.dhammadownload.com

နှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော ပူဇော်ခြင်းကိုလည်း အလွန်ပြုနိုင်ခဲလှ၏။ ထို့ကြောင့် မြတ်စွာဘုရား.နှင့် သင့်လျော်စွာ နာနာပုပ္ပအထူးထူးသော ပန်းအမျိုးမျိုးတို့ကိုဆောင်ယူ၍ ပန်းတို့ဖြင့် မိုးကာသော ပန်းမဏ္ဍပ်ကို ပြုလုပ်ကြကုန်အံ့။ ဤပန်းမဏ္ဍပ်သည် မြတ်စွာဘုရားတို့အား ထိုက်တန် သင့်မြတ်လျောက်ပတ်သဖြင့် အလုံးစုံသော ပူဇော်ခြင်းဖြစ်လတ္တံ့ဟု မိတ်ဆွေတို့အား ပြောကြားတိုင်ပင်ကာ ဥပဂလကြာညို ကြာပဒုမ္မာ။ ဝဿိက-မိုးစွေပန်း။ အဓိမုတ္တက-လမ်းသွယ်ပန်း။ စန္ဒန-စန္ဒကူးပန်း၊ နာဂပုပ္ဖ-ကဲ့ဂေါ်ပန်းစသော အမျိုးမျိုးသောပန်းတို့ကို ယူဆောင်၍ မဏ္ဍပ်ကို စီမံဆောက်လုပ်၏။

ထီးဖြူတစ်သိန်းမိုးထား

ထိုပန်းမဏ္ဍပ်ကြီး၏အောက်၌ တစ်သိန်းသောနေရာတို့ကို ခင်းပြီး တစ်နေရာလျှင် ထီးဖြူတစ်စင်းပြုလုပ်၍ တစ်သိန်းသောထီးဖြူတို့ကို မိုးထား၏။ အငယ်ဆုံးဖြစ်သော သံဃာနောက်မှ ရဟန်းငယ်၏နေထိုင်ရာသည် အလွန်အဖိုးထိုက်သောနေရာဖြစ်၏။ ထိုတစ်သိန်းသောနေရာတို့ကို ထီးဖြူတစ်သိန်းတို့၏အရုပ်၌ ကောင်းစွာခင်းထားပြီး ဆွမ်းခဖွယ်ဘောဇဉ်တို့ကို ပြင်ဆင်သည်။ မြတ်စွာဘုရားအား ဆွမ်းပြင်၍ ပြီးပါပြီဘုရားဟု လျှောက်ကြား၏။ ဗဒုမုတ္တရ မြတ်စွာဘုရားသည် တစ်သိန်းသော ရဟန်းတို့နှင့်တကွ ကြွလာတော်မူကာ ပန်းမဏ္ဍပ်ကြီးအတွင်း ထီးဖြူတစ်သိန်းဆောင်းမိုးသော နေရာတော်တစ်သိန်းတို့၌ တစ်သိန်းသော ရဟန္တာတို့သည် စံပါယ်နေတော်မူကြကုန်၏။ ရဟန္တာတစ်သိန်းတို့နှင့်တကွ စံပါယ်နေတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားအား ဤဂါထာဖြင့် လျှောက်ကြား၍ လှူ၏။

ဆတ္တသတသဟဿာနိ၊ သတ သဟဿ မာသနံ။
ကပ္ပိယံ အနဝဇ္ဇံ၊ ပဒိဋ္ဌာဟိ စက္ခုမ။

စက္ခုမ၊ စက္ခုဝါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ကပ္ပိယဉ္စ၊ မြတ်စွာဘုရားတို့အား သင့်လျော်လျောက်ပတ် အပ်သည်လည်းဖြစ်သော။ အနဝဇ္ဇဉ္စ၊ အပြစ်ကင်းသည်လည်းဖြစ်သော။ ဆတ္တသတသဟဿာနိ၊ တစ်သိန်းသော ထီးဖြူတို့ကိုလည်းကောင်း။ သတသဟဿံ၊ တစ်သိန်းသော။ အာသနဉ္စ၊ နေရာကိုလည်းကောင်း။ ပဒိဋ္ဌာဟိ၊ အလှူခံတော်မူပါ မြတ်စွာဘုရား။

http://www.dhammadownload.com

ဤသို့ လျှောက်ကြား၍ လျှုသည်ရှိသော် ငါ့အား သံသရာဝဲဩဃထဲမှ ထုတ်ဆွဲကယ်တင်တော်မူလိုသော မြတ်စွာဘုရားသည် အလျှုခံတော်မူ၏။ ငါသည် ရဟန္တာတစ်ပါးလျှင် သံသပိတ် တစ်လုံးစီလျှု၏။ မြေသပိတ်တို့ကို စွန့်တော်မူကြကုန်၍ ငါလျှုသော သံသပိတ်ကို ဆောင်ယူတော်မူကြကုန်၏။

သတ္တ ရတ္တိ ဒိဝံ ဗုဒ္ဓေါ၊ နိသိန္နော ပုပ္ဖမဏ္ဍပေ။
ဗောဓယန္တော ဗဟူ သတ္တေ၊ ဓမ္မစက္ကံ ပဝတ္တယိ။
ဓမ္မစက္ကံ ပဝတ္တေန္တော၊ ဟေဋ္ဌတော ပုပ္ဖမဏ္ဍပေ။
စုလ္လာသီတိ သဟဿာနံ၊ ဓမ္မာဘိသမယော အဟု။

ဘောသိဿာ၊ အိုနောင်လာနောက်သား တပည့်များတို့။ ဗုဒ္ဓေါ၊ ပဒုမုတ္တရ မြတ်စွာဘုရားသည်။ သတ္တရတ္တိဒိဝံ၊ ခုနစ်ည ခုနစ်နေ့ပတ်လုံး။ ပုပ္ဖမဏ္ဍပေ၊ ငါလျှုသော ပန်းမဏ္ဍပ်ကြီး၌။ နိသိန္နော၊ စံပါယ်တော်မူလျက်။ ဗဟူ၊ များစွာကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ဗောဓယန္တော၊ သိစေတော်မူလျက်။ ဓမ္မစက္ကံ၊ တရားစကြာတော်ကို။ ပဝတ္တယိ၊ လည်စေတော်မူ၏။

ပုပ္ဖမဏ္ဍပေ၊ ပန်းမဏ္ဍပ်အတွင်း၌။ ဟေဋ္ဌတော၊ အောက်မှ။ ဝသန္တာနံ၊ ဘရားနာ၍နေကုန်သော။ စုလ္လာသီတိသဟဿာနံ၊ ရှစ်သောင်းလေးထောင် ကုန်သော လူအပေါင်းတို့အား။ ဓမ္မစက္ကံ၊ တရားစကြာတော်ကို။ ပဝတ္တေန္တော၊ လည်တော်မူစေသည်ရှိသော်။ ဓမ္မာဘိသမယော၊ တရားရခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အိုတပည့်အပေါင်းတို့၊ ပဒုမုတ္တရ မြတ်စွာဘုရားသည် ပန်းမဏ္ဍပ်ကြီးအတွင်း ထီးဖြူရိပ်၌စံပါယ်တော်မူလျက် ခုနစ်ရက်ပတ်လုံး တရားဟောတော်မူပြီး၍ ခုနစ်ရက် မြောက်သောနေ့၌ ဤဗျာဒိတ်ကို ပေးတော်မူ၏။

ဗျာဒိတ်ပေးဂါထာများ

အနူနကံ ဒါနဝရံ၊ ယော မေ ပါဒါသိ မာဏဝေါ။
တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။ ။
ဟတ္ထီ အဿာ ရထာ ပတ္တီ၊ သေနာစ စတုရင်္ဂိနီ။
ပရိဝါရေဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒံ ဖလံ။
ဟတ္ထိယာနံ အဿယာနံ၊ သိဝိကာ သန္ဒမာနိကာ။
ဥပဋ္ဌိဿန္တိ မံ နိစ္စံ၊ သဗ္ဗ ဒါနသိဒံ ဖလံ။ ။

http://www.dhammadownload.com

သဋ္ဌိရထသဟဿာနိ၊ သဗ္ဗာလင်္ကာရဘူသိတာ။
ပရိဝါရေဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒ်ဒံ ဖလံ။
သဋ္ဌိ တူရိယ သဟဿာနိ၊ ဘေရိယော သမလင်္ကတာ။
ဝဇ္ဇယိဿန္တိ' မံ နိစ္စံ၊ သဗ္ဗဒါနသိဒ်ဒံ ဖလံ။ ။

ဆဋ္ဌာသီတိ သဟဿာနိ၊ နာရိယော သမလင်္ကတာ။
ဝိစိတ္တဝတ္ထာ ဘရဏာ၊ အာမုက္ကမဏိကုဏ္ဍလာ။
အာဠာရပမှာ ဟသုလာ၊ သုသညာ တနုမဇ္ဈိမာ။
ပရိဝါရေဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒ်ဒံ ဖလံ။ ။

တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိဿတိ။
သဟဿက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇံ ကရိဿတိ။
သဟဿက္ခတ္တုံ ရာဇာ စ၊ စက္ကဝတ္တီ ဘဝိဿတိ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။ ။

ဒေဝလောကေ ဝသန္တဿ၊ ပုညကမ္မသမင်္ဂိနော။
ဒေဝလောကပရိယန္တံ၊ ရတနဆတ္တံ ဓရိဿတိ။ ။

ဣစ္ဆိဿတိ ယဒါဆာယံ၊ ဆဒနံ ဒုဿ ပုပ္ဖဇံ။
ဣမဿ စိတ္တမညာယ၊ နိဗ္ဗဒ္ဓံ ဆာဒယိဿတိ။ ။

ဒေဝလောကာ စဝိတ္ဝာန၊ သုက္ကမူလေန စောဒိတော။
ပုညကမ္မေန သံယုတ္တော၊ ဗြဟ္မဗန္ဓု ဘဝိဿတိ။ ။

ကပ္ပသတသဟဿမှိ၊ သြက္ကာက ကုလသမ္ဘဝေါ။
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။ ။

သဗ္ဗမေတံ အဘိညာယ၊ ဂေါတမော သက္ယပုင်္ဂဝေါ။
ဘိက္ခုသံဃေ နိသီဒိတွာ၊ ဇောဒဂ္ဂေ ဌပေဿတိ။ ။

ပိလိန္ဒဝစ္ဆနာမေန၊ ဟောဿတိ သတ္ထုသာဝကော။
ဒေဝါနံ အသုရာနဉ္စ၊ ဂန္ဓဗ္ဗာနဉ္စ သက္ကတော။
ဘိက္ခူနံ ဘိက္ခုနီနဉ္စ၊ ဂိဟီနဉ္စ တထေဝ သော။
ပိယော ဟုတွာန သတ္ထေသံ၊ ဝိဟရိဿတိ အနာသဝေါ။

(ထေရအပဒါန်ပါဠိတော်)

http://www.dhammadownload.com

ဘုရားရှင်၏ ဗျာဒိတ်တော်

မာဏဝေါ၊ မြတ်နိုးဖွယ်ရာ နုပျိုစွာသော။ ယော၊ အကြင်ဒေါဝါရိက နာမပြန့်သင်း အမတ်မင်းသည်။ မေ၊ ပဒုမုတ္တရ နာမထင်ရှား ငါဘုရားအား။ အန္နနက်၊ ယုတ်လျော့မထင် ပြည့်ဝစုံလင်သော။ ဒါနဝရ်၊ မျိုးပေါင်းစုံစွာ သုံးဆောင်ရာဟု ပရိက္ခရာအရပ်ရပ် အလှူမြတ်ကို။ ပါဒါသိ-ပ အဒါသိ၊ စေတနာများ သဒ္ဓါပွား၍ စိတ်ထားကြည်ဖြူ ကောင်းစွာလှူ၏။ တံ၊ ထိုဒေါဝါရိက နာမပြန့်သင်း အမတ်မင်းကို။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဗျာဒိတ်စကား မိန့်ကြားပေအံ့။ မမ၊ ငါဘုရား၏။ ဘာသတော၊ ဗျာဒိတ်စကား မိန့်ကြားသည်ကို။ သုဏာထ၊ နားထောင်ကြကုန်လော့။

ဟတ္ထိအဿရထပတ္တီ၊ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေသည်တပ်ဟု ဆိုအပ်ကုန်သော။ စတုရင်္ဂနီ၊ အင်္ဂါလေးပါးရှိကုန်သော။ သေနာစ၊ စစ်သည်တပ်သား တို့သည်လည်း။ ဣမံ၊ ဤဒေါဝါရိကအမတ်ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေဿန္တိ၊ ခြံရံကုန်လတ္တံ့။ ဣဒံ၊ ဤသည်ကား။ သဗ္ဗဒါနသ၊ အလုံးစုံသော ပရိက္ခရာလှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဟံတ္ထိယာနံ၊ ဆင်ယာဉ်လည်းကောင်း။ အဿယာနံ၊ မြင်းယာဉ်လည်းကောင်း။ သိဝိကံ၊ ထမ်းစင်လည်းကောင်း။ သန္ဒမာနိကံ၊ ဂဠုန်တောင်ကဲ့သို့ မိုးသောရွှေဝေါသည်လည်းကောင်း။ ဣမံ၊ ဤဒေါဝါရိကအမတ်ကို။ နိစ္စံ၊ အမြဲ။ ဥပဋ္ဌိဿန္တိ၊ ရှေးရှုတည်ရပ်လာကုန်လတ္တံ့။ ဣဒံ၊ ဤသည်ကား။ သဗ္ဗဒါနသ၊ အလုံးစုံသော ပရိက္ခရာလှူခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

သဗ္ဗာလင်္ကာရဘူသိတာ၊ အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် ဆင်ထားကုန်သော။ သဒ္ဓိရထသဟဿာနိ၊ ခြောက်သောင်းသော ရထားတို့သည်။ ဣမံ၊ ဤဒေါဝါရိကအမတ်ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေဿန္တိ၊ ဝန်းရံကုန်လတ္တံ့။ ဣဒံ၊ ဤသည်ကား။ သဗ္ဗဒါနသ၊ အလုံးစုံသော ပရိက္ခရာလှူခြင်း၏။ ဖလံ၊ အကျိုးတည်း။ ဘေရိယော၊ စည်ကြီး, စည်ငယ်တို့ကို။ သမလင်္ကတာ၊ ညီညာပြုပြင်တန်ဆာဆင်ကုန်လျက်။ သဒ္ဓိတူရိယ သဟဿာနိ၊ ခြောက်သောင်းသော တူရိယာတို့သည်။ ဣမံ၊ ဤ ဒေါဝါရိကအမတ်ကို။ နိစ္စံ၊ အမြဲ။ ဝဇ္ဇယိဿန္တိ၊ တီးမှုတ်ခြံရံကြကုန်လတ္တံ့။ ဣဒံ၊ ဤသည်ကား။ သဗ္ဗဒါနသ၊ အလုံးစုံသော ပရိက္ခရာလှူခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

http://www.dhammadownload.com

ဆဋ္ဌာသီတိ သဟဿာနိ၊ ရှစ်သောင်းခြောက်ထောင်ကုန်သော။ နာရိယော၊ သမီးကညာတို့သည်။ သမလင်္ကတာ၊ ညီညာပြုပြင် တန်ဆာဆင်ကြကုန်လျက်။ ဝိစိတ္တဝတ္ထာဘရဏာ၊ ဆန်းကြယ်လှစွာ ဝတ်တန်ဆာဖြင့် ကောင်းစွာပြုပြင် တန်ဆာဆင်ကြကုန်လျက်။ အာမုက္ကမဏိကုဏ္ဍလာ၊ ပုလဲပတ္တမြား နားတောင်းတန်ဆာဝတ်ဆင်ကြကုန်လျက်။ အဋ္ဌာရပမှာ၊ ကျယ်ပြန့်ယဉ်ကြေး သေးကော့မျက်စေချောလှမျက်ခုံး မျက်လုံးအင်္ဂါ ပြည့်စုံစွာလျက်။ ဟသုလာ ဟာသပကတိကာ၊ ပြုပြင်မရှိ ပကတိအလို ပြုံးချိုသော မျက်နှာရှိကုန်လျက်။ သုသညာ–သုန္ဒရသညီ တဗ္ဘာ၊ နူးညံ့ပျော့ပျောင်းကောင်းမွန်တင့်တယ် မှတ်ထင်ဖွယ်ရှိကုန်သော။ တနုမဇ္ဈိမာ၊ ခါးသေးတင်ကျယ် သေးငယ်သော ဝမ်းဗိုက်ရှိကုန်သော။ တာဠုတ္ထိယော၊ ထိုနှစ်သောင်းခြောက်ထောင်ကုန်သော မိန်းမချော ပို့ကညာတို့သည်။ ဣမံ၊ ဤဒေါဝါရိက အမတ်ကို။ နိစ္စံ၊ အမြဲ။ ပရေဝါရိဿန္တိ၊ ဝန်းရံကြကုန်လတ္တံ့။

တိ သကပွသဟဿာနိ၊ ကမ္ဘာသုံးသောင်းတို့ပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိဿတိ၊ ပျော်မွေ့ရလတ္တံ့။ သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ ဒေဝိန္ဒော၊ နတ်တို့ကို အစိုးရလျက်။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ ရာဇာ စ စ၀္တိဝတ္တီ၊ စကြာမင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ ပဒေသရဇ္ဇံ၊ တစ်ဒေသကိုမျှ အစိုးရသော ပဒေသရာဇ်မင်း အဖြစ်ကိုကား။ ဝိပုလံ၊ များပြားလှ၍။ ဂဏနတော၊ အရေအတွက်အားဖြင့်။ အသင်္ခယံ၊ မရေတွက်နိုင်။

ဒေဝလောကေ၊ နတ်ပြည်၌။ ဝသန္တ သ၊ နေသော။ ပုညကမ္မသမင်္ဂီ နော၊ ကောင်းမှုကံနှင့် ပြည့်စုံသောသူအား။ ဒေဝလောကပရိယန္တံ၊ နတ်ပြည်အဆုံးတိုင်အောင်။ ရတနဆတ္တံ၊ ရတနာထီးကို။ ဓရိဿတိ၊ ဆောင်းမိုးလတ္တံ့။ ၈

အယံ၊ ဤပန်းမဏ္ဍပ်အမိုး လုပ်၍ လှူသော ဒေါဝါရိကအမတ်သည်။ ဒုဿပုပ္ဖဓံ၊ ပန်းပွင့်ပုဆိုး အမိုးအကာဖြစ်သော။ ဆဒနံ၊ အမိုးအကာကို။ ယဒါ၊ အကြင်အခါ၌။ ဣစ္ဆိဿတိ၊ အလိုရှိလတ္တံ့။ တဒါ၊ အလိုရှိသောထိုအခါ၌။ ဣမဿ၊ အလိုရှိသော ဤကုသိုလ်ရှင်၏။ စိတ္တံ၊ စိတ်ကို။ အညာယ၊ သိ၍။ နိဗ္ဗဒ္ဓံ၊ အမြဲမပြတ်။ ဆာဒယိဿတိ၊ မိုးကာလတ္တံ့။

ဒေဝလောကာ၊ နတ်ပြည်မှ။ စဝိတ္ဝာန၊ စုတေရွှေ့လျောခဲ့၍။ သုက္ကမူလေန၊ ဖြူစင်သန့်ရှင်း ကုသိုလ်ရင်းသည်။ စောဒိတော၊ တိုက်တွန်းသည်ဖြစ်၏။ ပုညကမ္မေန၊

http://www.dhammadownload.com

ကောင်းမှုကုသိုလ်ကံနှင့်။ သံယုတ္တော၊ စပ်ယှဉ်၍။ ဗြဟ္မဗန္ဓု၊ ပုဏ္ဏားမျိုးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ကပ္ပသတသဟဿမှိ၊ ကမ္ဟာတစ်သိန်းအလွန်၌။ သြက္ကာကကုလသမ္ဘဝေါ၊ သြက္ကာကမင်းမျိုးဖြစ်သော။ နာမေန၊ အမည်တော်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမအမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လူ့ပြည်၌။ ဘဝိဿတိ၊ ပွင့်ထွန်းတော်မူလတ္တံ့။

သဗ္ဗဇေတံ၊ ထိုအလုံးစုံပြုလုပ်ပုံကို။ အဘိညာယ၊ သိတော်မူ၍။ သက္ကပုဂ်ဂေါ၊ သာကီဝင်မင်းမျိုးတို့၏ ရှေ့ဆောင်နွားလားသဖွယ် ဖြစ်တော်မူသော။ ဂေါတမော၊ ဂေါတမြတ်စွာဘုရားသည်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာအလယ်၌။ နိသိဒိတွာ၊ စံပါယ်နေတော်မူ၍၊ ဇေတဝဂ္ဂေ၊ ဇေတဝန်ရပုဂ္ဂိုလ်အရာ၌။ ဌပေဿတိ၊ ထားလတ္တံ့။

ပိလိန္ဒဝစ္ဆနာမေန၊ ပိလိန္ဒဝစ္ဆဟူသောအမည်ဖြင့်။ သတ္ထု၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော ရဟန္တာသည်။ ဟောဿတိ၊ ဖြစ်လတ္တံ့။ ဒေဝါနဉ္စ၊ တာဝတိံသာနတ်တို့၏လည်းကောင်း။ အသုရာနဉ္စ၊ အသုရာနတ်တို့၏လည်းကောင်း။ ဂန္ဓဗ္ဗာနဉ္စ၊ သဘင်သည်နတ်တို့၏လည်းကောင်း။ ဘိက္ခူနဉ္စ၊ ရဟန်းယောကျ်ားတို့၏လည်းကောင်း။ ဘိက္ခုနီနဉ္စ၊ ရဟန်းမိန်းမတို့၏လည်းကောင်း။ ဂိဟီနဉ္စ၊ လူမိန်းမတို့၏လည်းကောင်း။ သက္ကတော၊ အရှိအသေပြုအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ တထေဝ၊ ထိုအတူပင်လျှင်။ သော၊ ထိုပိလိန္ဒထေရ်သည်။ သဗ္ဗေသံ၊ အလုံးစုံသောသူတို့၏။ ပိယော၊ချစ်ခင်အပ်သည်။ ဟုတ္ဝာန၊ ဖြစ်ပြီး၍။ အနာသဝေါ၊ ကိလေသာ အာသဝကင်းသော ရဟန္တာသည်။ ဟုတ္ဝာန၊ ဖြစ်ပြီး၍။ ဝိဟရိဿတိ၊ နေရလတ္တံ့။

အရှင်ပိလိန္ဒဝစ္ဆထေရ်သည် ရဟန်းတို့သုံးဆောင်ဖွယ်ရာ ပရိက္ခရာလှူခြင်းအကျိုးတို့ကို အသီးသီးခွဲခြား၍ ဟောကြားတော်ပြန်၏။ အို နောင်လာနောက်သားလူအများတို့၊ ကမ္ဘာတစ်သိန်းထက်က ပြုလုပ်ခဲ့သော ကုသိုလ်ကံသည် ပိလိန္ဒဝစ္ဆအမည်ရသော ငါထေရ်မြတ်အား၊ ယခုဤဘဝ၌ အကျိုးကိုပြပေ၏။ အဘယ်အကျိုးကို ပြသနည်းဟူမူကား အဟုန်ပြင်းစွာ လွှတ်လိုက်သော မြားသည် ရန်သူကို သတ်နိုင်သကဲ့သို့ ကမ္ဘာတစ်သိန်းထက်က ပါရမီကုသိုလ်ကံကို ပြုလုပ် သောငါသည် ကိလေသာတည်းဟူသော ရန်သူကို သတ်နိုင်ပေ၏။ ဖြစ်ပျက်၊ ဆင်းရဲ၊ ပြောင်းလဲဖောက်ပြန် ရောက်ရက်ဆဲမျှ တုန်လှုပ်ရသော ဒုက္ခအပေါင်းတို့၏ ကင်းလွတ်ရာ

http://www.dhammadownload.com

ချမ်းသာဇက် မြတ်နိဗ္ဗာန်သို့ ငါရောက်ပေပြီ။ ကိလေသာ လွတ်ကင်း၍ ချမ်းသာခြင်းရှိသော နိဗ္ဗာန်သို့ ရောက်ရခြင်းအကျိုးကို ယခုဘဝ၌ ပြပေ၏ဟူ၍ ဟောတော်မူ၏။

အရှင်ပိလိန္ဒ ဝစ္ဆထေရ်မြတ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်၌ ဒေါဝါရိကအမတ်ဖြစ်၍ ဒါနကုသိုလ်တို့ကိုပြုလျက် နတ်အပေါင်းတို့ချစ်သော ရဟန်းတစ်ပါးကိုမြင်သဖြင့် ထိုရဟန်းကဲ့သို့ နတ်ချစ်စေသောဆုကို တောင်း၍ ပါရမီကို ဖြည့်ကျင့်ဆည်းပူး၏။ ထိုဒေါဝါရိကအမတ်ဘဝမှ စုတေသော် လူ့ပြည် နတ်ပြည် တို့၌ ကျင်လည်ပြီး သုံးမြေ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ဓာတ်တော် ဌာပနာသောစေတီတော်ကို ပူဇော်ဖွယ်ရာ အဖြာဖြာတို့ဖြင့် ပူဇော်၏။ သံဃာတော်အရှင်မြတ်တို့အားလည်း ဆွမ်းကျွေးခြင်းစသော အလှူကြီးကိုပေးလှူ၏။

ငါတို့ဘုရားရှင် လက်ထက်၌ ရဟန္တာဖြစ်ပြီ

ထိုဘဝမှ စုတေပြန်သော် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်၍ သဗ္ဗညုမြတ်စွာဘုရားတို့ပွင့်ခြင်းမရှိသော အဗုဒ္ဓုပ္ပါဒကာလ၌ စကြာမင်းဖြစ်၍ လူအပေါင်းတို့အား ငါးပါးသီလကို ဆောက်တည်စေသည်။ တရားဓမ္မနှင့်အညီ ဆုံးမပြောဟော၍ ဒါနသီလ ကုသိုလ်တို့ကိုလည်းပြုလုပ်စေ၏။ ဤသို့ စသည်ဖြင့် ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်၍ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရဟန္တာအဖြစ်သို့ ရောက်တော်မူရသည်။

အရှင်ပိလိန္ဒဝစ္ဆထေရ်သည် ဘဝငါးရာပတ်လုံး ယုတ်ကြမ်းသော ဝသလဝါဒီပုဏ္ဏားမျိုး၌ ဖြစ်ဖူးသောကြောင့် ဝသီပါ၍နေသဖြင့် နှုတ်ထွက်စကား ကြမ်းတမ်းကြောင်းကို ဥဒါန်းပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူ၏။

နှုတ်ထွက်ကြမ်းခဲ့သူ

တစ်နေ့သ၌ အရှင်ပိလိန္ဒဝစ္ဆထေရ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံအလို့ငှာ ဝင်တော်မူလျှင် ပိတ်ချင်းတောင့်တို့ကို အိုးဖြင့်ပြည့်အောင် ထည့်၍ ကိုင်ယူကာ မြို့တွင်းသို့ဝင်လာသော ယောကျ်ားတစ်ယောက်ကိုမြင်သဖြင့် ကိုတေဝသလဘာဇနေ=ဟေ့ကောင်၊ နင့်အိုးထဲမှာ ဘာလဲဟု မေးလေ၏။ ထိုပိတ်ချင်းတောင့်အိုးကို ယူလာသောသူသည် ဤသို့ကြွေ၏။ ဤရဟန်းသည် စောစောစီးစီး ငါ့အား ကြမ်းကြုတ်သော စကားကို ပြောဆို၏။ သူ့စကားနှင့် လျော်စွာပြန်လှန်၍

http://www.dhammadownload.com

ပြောသင့်၏ဟု ကြံကာ အိုးထဲ၌ ကြွက်ချေးတွေပါဘုရားဟု လျှောက်လေ၏။ ထိုအခါ ပိလိန္ဒဝစ္ဆထေရ်က– ဟေ့ လူယုတ်မာ နင်ဆိုသလိုဖြစ်လတ္တံ့ဟု ဆို၍ ကြွသွားတော်မူလေ၏။

ပိတ်ချင်းတောင့်တို့ ကြွက်ချေးဖြစ်ရပြီ

ထိုအရှင်ပိလိန္ဒဝစ္ဆ၏ မျက်စိအမြင်ကို လွန်သည်ရှိသော် အလုံးစုံသော ပိတ်ချင်းတောင့်တို့သည် ကြွက်ချေးဖြစ်ကြကုန်၏။ ထိုသူသည် ဤသို့ကြံ၏။ ဤပိတ်ချင်းတောင့်တို့သည် ကြွက်ချေးနှင့် တူကြကုန်၏။ ကြွက်ချေး အစစ်ပင် ဖြစ်လေသလော၊ မဖြစ်သလောဟု စုံစမ်းလျက် လက်ဖြင့်ဖြစ်၍ ချေ၍ကြည့်သည်။ ထိုသောအခါ ကြွက်ချေးအစစ် ဖြစ်သည်ကိုသိ၍ များစွာ စိတ်ဆင်းရဲခြင်း နှလုံးမသာဖြစ်၏။

ထိုသူသည်-ဤပိတ်ချင်းတောင့်တို့သာလျှင် ဤသို့ဖြစ်လေသလော၊ လှည်းပေါ်၌ရှိသော ပိတ်ချင်းတောင့်တို့သည် ဤသို့ပင် ကြွက်ချေးဖြစ်လေသလောဟု သွား၍ ကြည့်ရှုသောအခါ အလုံးစုံသော ပိတ်ချင်းတောင့်တို့သည် ကြွက်ချေးဖြစ်၍ နေသည်ကိုမြင်လျှင် ရင်ဘတ်ကို လက်ဖြင့်မလျက် ဤဖြစ်ရခြင်းသည် တစ်ပါးသူ၏ အလုပ်မဟုတ်။ တစ်ပါးသူ၏ အတတ်မဟုတ်။ စောစောအခါက ငါ မြင်လိုက်သော ရဟန်း၏အတတ်ပင် ဖြစ်မည်။ ဧကန်စင်စစ် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖြစ်လိမ့်မည်ဟု ကြံ၍ မထေရ်မြတ်သွားရာလမ်းကို မေး၍ လိုက်လေ၏။

ထိုအခါ လူတစ်ယောက်က ထိုသူ သွားလာပုံကိုမြင်၍ အိုမိတ်ဆွေ၊ အဘယ့်ကြောင့် ဤသို့ သွားလာရသနည်းဟုမေး၏။ ကြမ်းတမ်းစွာ ခြေလှမ်း၍ သွားသော ထိုသူက သူ၏ပိတ်ချင်းတောင့်တို့ ကြွက်ချေးဖြစ်သောအကြောင်းတို့ကို ပြောကြား၏။

ထိုစကားကိုကြားလျှင် အိုမိတ်ဆွေ၊ ထိုထိုဤဤ မကြံစည်လင့်၊ အရှင်ပိလိန္ဒဝစ္ဆ ဖြစ်လိမ့်မည်။ သင်သည် ကြွက်ချေးတို့ဖြင့် ပြည့်နေသော ထိုအိုးကို ယူ၍သွားပြီး။ မထေရ်၏ ရှေ့၌ရပ်လေလော့။ ထိုအခါ ဟေ့ကောင်၊ ဘာတွေလဲဟု မထေရ်က မေးမည်။ ပိတ်ချင်းတွေပါဘုရားဟု လျှောက်လေလော့၊ တစ်ဖန် ပိလိန္ဒဝစ္ဆထေရ်က ဟေ့ကောင်၊ နင်ဆိုသလိုဖြစ်လတ္တံ့ဟု မိန့်ဆိုလိမ့်မည်။

ဤသို့ဖြင့် အလုံးစုံသော ကြွက်ချေးများသည် ပိတ်ချင်းတောင့်တွေ ပြန်ဖြစ်ကုန်လိမ့်မည်ဟု ပြောသောအခါ ဥစ္စာရှင်သည် ထိုစကားအတိုင်း ပြုလုပ်သည်

http://www.dhammadownload.com

ရှိသော် အလုံးစုံသော ပိတ်ချင်းတောင့်တို့သည် ကြွက်ချေးမဟုတ်ဘဲ ပကတိ အတိုင်း ပြန်၍ ပိတ်ချင်းတို့သာလျှင် ဖြစ်ကြလေကုန်၏ (အင်္ဂုတ္တရအဋ္ဌကထာ)

အရှင်ပိလိန္ဒဝစ္ဆထေရ်သည် လူတို့နှင့်သော်လည်းကောင်း၊ ရဟန်းတို့နှင့်သော်လည်းကောင်း၊ စကားပြောသောအခါ လာ ဟေ့ကောင်၊ သွား ဟေ့ကောင် ဆောင်ယူခဲ့လော့၊ ဟဲ့ကောင် ယူသွားလော့ စသည် ပြောဆိုလေ့ရှိသောကြောင့် မြတ်စွာ ဘုရားအား လျှောက်ကြားကြသောအခါ ဘဝငါးရာဆက်၍ ဝသလဝါဒီ ယုတ်ကြမ်းသော ပုဏ္ဏားမျိုးတို့ အလေ့အကျင့် ဝသီပါသောကြောင့် ပြောဆိုခြင်း ဖြစ်၏။ ဖရသဝါစာ မဖြစ်ဟု မိန့်တော်မူသည်။

အရှင်ပိလိန္ဒဝစ္ဆထေရ် အပါဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

အရှင်ဥပသေနထေရ် အပဒါန်ဝတ္ထု

အရှင်ဥပသေနအလောင်းအလျာသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော် အခါက အမျိုးကောင်းသား တစ်ယောက်ဖြစ်သည်။ တစ်နေ့သူသည် တောတွင်း တစ်နေရာသို့သွားစဉ် ချောက်ကမ်းပါးတစ်ခုအောက်၌ တစ်ပါးတည်း ဧကစာကျင့်သုံးနေသော မြတ်စွာဘုရားကို ဖူးတွေ့ရသည်။ ဘုရားရှင်၏အသရေတော်ကို ဖူးလို့မဝ ကြည်ညိုလွန်းလှသဖြင့် အနီးအနားဌာတွေ့ရသော မဟာလှေကားပန်းကို ဆွတ်ဆွတ်ခူး၍ ထီးသဏ္ဌာန်ပြုလုပ်ကာ မြတ်စွာဘုရားကို ပူဇော်သည်။ ထိုမှစ၍ သူသည် မြတ်စွာဘုရားကျောင်းတော်သို့ နေ့စဉ်သွားရောက်တရားနာသည်။ တစ်နေ့သော တရားပွဲသဘင်၌ မြတ်စွာဘုရားသည် တပည့်ရဟန်းတစ်ပါးအား တပည့်ရဟန်းပရိသတ်အား ကြည်ညိုဖွယ်ရာဖြစ်အောင် စွမ်းဆောင်ဆုံးမနိုင်သော အရာတွင် ဧတဒဂ်ဂုဏ်ထူးချီးမြှင့်တော်မူသည်ကို တွေ့ရသည်။ သူသည်လည်း ဤကဲ့သို့သော ဧတဒဂ်ဂုဏ်ထူးကို ဆွတ်ခူးရယူလိုသဖြင့် ပဒုမုတ္တရဘုရားရှင်အား သံဃာတော်ရှစ်ပါးနှင့်အတူ ဆွမ်းလုပ်ကျွေးလိုကြောင်း လျှောက်ထားသည်။ ဘုရားရှင်လည်း အမျိုးကောင်းသား လျှောက်ထားချက်ကို ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူလိုက်သည်။ ဆွမ်းဘောဇဉ်များဆက်ကပ်အပြီးတွင် အမျိုးကောင်းသား

http://www.dhammadownload.com

သည် ယမန်နေ့က ဘုရားရှင်၏ တပည့်ရဟန်းတစ်ပါး ရရှိသော ဇာတဒဂ်ဘွဲ့ထူး ကို ဘုရားရှင်တစ်ဆူဆူထံတွင် ရယူလိုပါကြောင်း ဆုတောင်းသည်။

ထိုအမျိုးကောင်းသားသည် ယခုဂေါတမမြတ်စွာဘုရား၏ လက်ထက်တော် တွင် မာဂဓတိုင်း ဝက်န္တ ရွာသူကြီးနှင့် ရူပသာရီပုဏ္ဏားမတို့၏သားလတ်ဖြစ်လာ သည်။ နောင်တော်ကြီးမှာ ဥပတိဿ(နောင် အရှင်သာရိပုတ္တရာ)နှင့် ညီငယ်များ မှာ စုန္ဒနှင့် ရေဝတတို့ဖြစ်ကြပြီး နှမငယ်များမှာ စာလာ၊ ဥပစာလာနှင့် သီသုပ စာလာတို့ ဖြစ်ကြသည်။ ငယ်စဉ်အခါက ပုဏ္ဏားတို့ ဓလေ့ထုံးတမ်းအရ ဗေဒင် သုံးပုံကို သင်ကြားတတ်မြောက်သည်။ ထို့နောက် မြတ်စွာဘုရားနှင့် တွေ့သဖြင့် ဘုရား၏တရားတော်ကို နှစ်သက်ကြည်ညိုသဖြင့် ရဟန်းပြုသည်။ ရဟန်းပြုပြီး၍ နှစ်ဝါအရတွင် ဘုရားရှင်ထံသို့ တပည့်တစ်ဦးနှင့်အတူ ဖူးမြော်ရန် ရောက်လာ သည်။

ထိုအခါ ဘုရားရှင်က ချစ်သား ဥပသေန၊ သင်သည် နှစ်ဝါမျှသာရှိသေး သည်။ သူတစ်ပါးတို့အထံ၌ တပည့်ခံကာ ဝိနည်းကျမ်းဂန်များကို သင်ကြားသင့် ပါလျက် ယခုမှာမူ သင်က ဆရာကြီးပြုလုပ်၍ စောစောစီးစီး ဂိုဏ်းဂဏကြီးထွား အောင် ပြုလုပ်ချေပြီ။ အဘယ့်ကြောင့် ထိုသို့ ပြုလုပ်ဘိသနည်းဟူ၍ မြတ်စွာဘုရား က မောဃပုရိသ ဟူသော စကားတော်ဖြင့် ရှုတ်ချမိန့်ကြားတော်မူသည်။

ထိုအခါ ဥပသေနက ငါသည် ပရိသတ်ကို အမှီပြု၍ မြတ်စွာဘုရား၏ ကဲ့ရဲ့ရှုတ်ချတော်မူခြင်းကို ခံရသည်။ ဤပရိသတ်ကိုပင် အမှီပြု၍ မြတ်စွာ ဘုရား၏ ချီးမွမ်းခြင်းကိုရအောင် ငါ အားထုတ်အံ့ဟု ကြံလျက် ဥပသေနအရှင် မြတ်သည် ပရိသတ်ကို ဖဲကြဉ်ကာ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး ဖြစ်, ပျက် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သည်။ မကြာမီ ရဟန္တာဖြစ်တော်မူသည်။ ဆယ်ဝါ ရသောအခါ မိမိကဲ့သို့ ခုတင်တေရသကို ဆောက်တည်နိုင်သော ရဟန်းငယ် တို့သည် ငါ၏ထံ၌နေနိုင်သည်ဟု ဆုံးမပြောဟောလက်ခံသည်။ သို့ဖြင့် သူ့ထံ၌ ခုတင်တေရသကို မိမိတို့အစွမ်းရှိသလောက်ဆောင်နိုင်သော ရဟန်းငယ်ပေါင်း ငါးရာရှိလာသည်။ ထို့နောက် ဥပသေနသည် ခုတင်ဆောင် ရဟန်းငါးရာတို့နှင့်တကွ မြတ်စွာဘုရားကို ဖူးမြင်ရန် သွားသည်။

ဆရာ၏အဆုံးအမကြောင့်

ထိုအခါ မြတ်စွာဘုရားက အနီး၌နေသော ရဟန်းငယ်တစ်ပါးကို သင်အလို ရှိ၍ ဤပုံသုကုခုတင်ကို ဆောက်တည်သလောဟု မေးတော်မူလျှင် တပည့်တော်

http://www.dhammadownload.com

အလိုရှိ၍ ဆောက်တည်သည် မဟုတ်ပါ။ တပည့်တော်၏ဆရာ အရှင်ဥပသေန ထေရ်က ခုတင်ဆောင်နိုင်မှ သူ့ထံတွင် နေရမည်ဟု ဆုံးမ၍ ခုတင်တေရသကို ဆောက်တည်ရပါသည်ဟု လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သား ဥပသေန၊ သင်၏ပရိသတ်သည် ကြည်ညိုဖွယ်ရှိလှ၏။ အဘယ်သို့ ပရိသတ်ကို ဆုံးမပြောဟောသနည်းဟု မေးတော်မူလျှင် နုကြမ်းနှစ်ပါး နှုတ်စကားဖြင့် တရားညွှန်ပြ ဆုံးမတော်မူတတ်ပေသော သဗ္ဗညုမြတ်စွာဘုရား။ အကြင်သူသည် တပည့်တော်ဥပသေနအထံ ဥပဇ္ဈာယ်နိသျည်းယူ၍ နေလိုငြားအံ့။ ထိုသူအား ပုတင်တေရသကို ဆောင်နိုင်မှသာလျှင် နေရမည်ဟူ၍ ဆုံးမပြောဟောပါသည် ဤစွာဘုရားဟု လျှောက်ကြား၏။

ဧတဒဂ်ပေးပြီ

ထိုအခါ မြတ်စွာဘုရားက သာဓု သာဓု သာဓု ဥပသေနဟု ချီးမွမ်းတော်မူကာ ကြည်ညိုဖွယ် ပရိသတ်နှင့် ပြည့်စုံသောကြောင့် အလုံးစုံ ရိသတ် ကြည်ညိုဖွယ်ရှိသော သမန္တ ပါသာဒိက ဧတဒဂ်အရာ၌ ဥပသေနကို ထားတော်မူ၏။

ထိုမှတစ်ပါး အရှင်ဥပသေနသည် နောက်ပါရဟန်းငါးရာဖြင့် သာသနာပြုခရီး လှည့်လည်ရာတွင် တစ်နေ့သ၌ ကောသမ္မီပြည်သို့ ရောက်ရှိလာခဲ့ရာ ကုဋီအိမ်ထဲ၌ ထားသော သန့်သက်ရေခွက်ထဲတွင် ရေအကြွင်းအကျန် ထားခဲ့မိခြင်းကို အကြောင်းပြု၍ ရဟန်းတို့ ဝိဝါဒါဓိကရဏ်းဖြစ်ကြပြီး သံဃာများ ညီညွတ်မှု ပျက်ပြားလျက် အုပ်စုနှစ်စုကွဲသည်။ ထိုငြင်းခုံဖြစ်ခြင်းကို ရှောင်ကြဉ်လိုသော ရဟန်းတစ်ပါးသည် အရှင်ဥပသေနအထံသို့ လာကာ ငါ့ရှင် ဥပသေန၊ ယခုအခါ၌ ရဟန်းတို့သည် အငြင်းအခုန် ဝိဝါဒါဓိကရဏ်းဖြစ်၍နေသဖြင့် နှစ်ဖြာကွဲပြားနေကြ၏။ အဘယ်သို့ ကျင့်ရပါအံ့နည်းဟု မေးသည်။ ထိုအခါ အရှင်မြတ်က မ,အသော်လည်း အ,သကဲ့သို့ နေရာ၏။ နားမထိုင်းသော်လည်း ထိုင်းသကဲ့သို့ တစ်ကိုယ်တည်း တိတ်ဆိတ်စွာနေ၍ ကာယဝိဝေက၊ စိတ္တဝိဝေကကို ဖြစ်စေလျက် ကျင့်ရမည်ဟူသော ပဋိပတ္တိကျင့်စဉ်ကို ဟောပြသည်။

ရဟန္တာဖြစ်တော်မူပြီးသော အရှင်ဥပသေနထေရ်သည် မိမိဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီကိုပြတော်မူခြင်းငှာ ဤတရားတို့ကို ဟောတော်မူ၏။

ပဒုမုတ္တရံ ဘဂဝန္တံ၊ လောကဇေဋ္ဌံ နရာသဘံ။
ပဿာရမှိ နိသီဒန္တံ၊ ဥပဂစ္ဆိ နရုတ္တမံ။

http://www.dhammadownload.com

ကဏိကာရပုပ္ဖံ ဒိသွာ၊ ဝဏ္ဏေ ဆေတွာ ဟံ တဒါ၊
အလင်္ကိ ... ဆတ္တမှိ၊ ဗုဒ္ဓဿ အာဘိရောပယိံ။
ပိဏ္ဍာပါတဉ္စ ပါဒါသိ၊ ပရမန္နံ သုဘောဇနံ။
ဗုဒ္ဓေန နဝမေ တတ္ထ၊ သမဏော အဒ္ဒ ဘောဇယိ။

ဘောဘိဿာ၊ အို တပည့်အပေါင်းတို့။ လောကဇေဋ္ဌ၊ လူတို့ထက်ကြီးမြတ်တော်မူသော။ နရာသဘ၊ လူတို့ရှေ့ဆောင်ဦးစီးဖြစ်တော်မူသော။ ပဒုမုတ္တရံ ဘဂဝန္တံ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို။ ပဿာရမှိ၊ တောင်ဝှမ်း၌။ နိသီဒန္တံ၊ စံပါယ်နေတော်မူသည်ကို။ ဒိသွာ၊ မြင်၍။ နရုတ္တမံ၊ မြတ်စွာဘုရားသို့။ ဥပဂစ္ဆိံ၊ ရိုသေဝတ်တွား ခစားဆည်းကပ်ဖူးလေပြီ။

တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ကဏိကာရပုပ္ဖံ၊ မဟာလှေကားပန်းပွင့်ကို။ ဒိသွာ၊ မြင်၍။ ဝဏ္ဏေ၊ အညာ၌။ ဆေတွာ၊ ဖြတ်ခူး၍။ ဆတ္တမှိ၊ ထီး၌။ အလင်္ကိရိတွာ၊ ပန်းပွင့်တန်ဆာဆင်၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အာဘိရောပယိံ၊ ဆောင်းမိုးစိုက်ထူတင်လှူဖူးလေပြီ။ ပိဏ္ဍာပါတဉ္စ၊ ဆွမ်းကိုလည်းကောင်း။ သုဘောဇနံ၊ ကောင်းသော ဘောဇဉ်ကိုလည်းကောင်း။ ပါဒါသိ၊ ကပ်လှူ၏။ ပရမန္နံ၊ မြတ်သော ဆွမ်းကောင်းကို။ အဒ္ဒ၊ ရှစ်ပါးကုန်သော။ သမဏော၊ ရဟန်းတို့ကို။ တတ္ထ၊ ထို တောင်ဝှမ်း၌။ ဗုဒ္ဓေန၊ မြတ်စွာဘုရားနှင့်တကွ။ နဝမေ၊ ကိုးပါးမြောက်။ ဘောဇယိ၊ လုပ်ကျွေးဖူးပြီ။

ရဟန်းရှစ်ပါးကျွေးသော အဒ္ဓကဘတ္တဆွမ်း၊ ဘုရားနှင့်တကွ နဝမမြောက်ကိုးပါးဆွမ်း၊ ဤကောင်းမြတ်သောဆွမ်းဖြင့် လုပ်ကျွေးခြင်း၊ ပန်းပွင့်တို့ဖြင့် တန်ဆာဆင်သော ထီးကို ဆောင်းမိုးပူဇော်ခြင်း ဤကုသိုလ်တို့ကို အနုမောဒနာပြု၍ ပဒုမုတ္တရမြတ်စွာဘုရားသည် ဗျာဒိတ်ပေးတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ရဟန်းတို့၊ ဤပန်းထီးနှင့် ဆွမ်းကိုလှူဒါန်းပူဇော်သော ဥပါသကာသည် ထိုစိတ်၏ကြည်ညိုခြင်းဖြင့် စည်းစိမ်ချမ်းသာ ခံစားရလတ္တံ့။ သုံးဆယ်ခြောက်ကြိမ်၊ နတ်တို့ကို အစိုးရလျက် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ နှစ်ဆယ့်တစ်ကြိမ် စကြာမင်းသည်လည်း ဖြစ်ရလတ္တံ့၊ ပဒေသရာဇ်မင်းအဖြစ်ကား အရေအတွက်အား ဖြင့် မရေတွက်နိုင်။

http://www.dhammadownload.com

မြေကြီးနှင့်တူသော ပညာရှိသော ကောင်းသောပညာရှိသော အကြင်ဒီပင်္ကရာ ဘုရား ဗျာဒိတ်ကြားသောရသေ့ကို သုမေဓရသေ့ဟူ၍ ဆိုကြကုန်၏။ သုမေဓ ရသေ့သည် ပဒုမုတ္တရနာမထင်ရှား ငါဘုရားပွင့်ရာ ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ဘုရား ဖြစ်တော်မူလတ္တံ့။ ထိုဂေါတမသာသနာတော်ထွန်းလင်းတောက်ပချိန်တွင် သူသည် လူအဖြစ်သို့ ရောက်လတ္တံ့၊ ဥပသေနဟူသော အမည်ဖြင့် မြတ်စွာဘုရား၏ တပည့် ဖြစ်လတ္တံ့။

ကြည်ညိုဖွယ်ရှိသော ပရိသတ်ရှိသည့် သမန္တပါသာဒိကာဇတဒဂ်ရ အရှင် ဥပသေနသည် နောင်တော်အရှင်သာရိပုတ္တရာနှင့်အဟူ ရာဇဂြိုဟ်မြို့အနီးရှိ သဗ္ဗသောဏ္ဍိက မည်သော ချိုင့်ဝှမ်းတစ်ခုအတွင်း၌ သီတင်းသုံးနေတော်မူစဉ် အဆိပ်ပြင်းသော မြွေတစ်ကောင်သည် အထက်ကျောက်ချပ်များအကြားမှ အရှင်၏ ကိုယ်ပေါ်သို့ တိုက်ရိုက်ကျလာပြီး ထိုမြွေနှင့် ထိသည်နှင့်ပင် အရှင်ဥပသေန ခန္ဓာကိုယ်သည် ဖရိုဖရဲ ပြိုကွဲပျက်စီး၍ ပရိနိဗ္ဗာန် စံဝင်သွားရှာလေသည်။

အရှင်ဥပသေနထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

အရှင်ရဋ္ဌပါလထေရ် အပဒါန်ဝတ္ထု

အရှင်ရဋ္ဌပါလထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပြုအပ်ပြီးသော ပါရမီသမ္ဘာရရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်။ ပါရမီရင့်သောအခါ ပဒုမုတ္တရ မြတ်စွာဘုရား မပွင့်မီ ရှေးအဖို့၌ ဟံသာဝတီပြည်၌ ဥစ္စာကြွယ်ဝသော ဂဟပတိ မဟာ သာလအမျိုး၌ဖြစ်နေသည်။ အမိအဖတို့ သေလွန်သောအခါ များစွာသော ရတနာ ရွှေငွေ အမွေဥစ္စာတို့ကို ရရှိသည်။ ထိုအခါ သူစဉ်းစားမိသည်မှာ ဤဥစ္စာ ရတနာ ရွှေငွေတို့ကို ငါ၏မိဘဘိုးဘေး စသောသူတို့သည် ယူဆောင်၍ မသွား နိုင်ကြကုန်၊ ငါသည်ကား ယူဆောင်၍ သွားခြင်းငှာ သင့်၏ဟု ကြံလျက် သူတောင်းစား၊ ခရီးသွား၊ နွမ်းပါးဆင်းရဲ ဥစ္စာ မွဲကုန်သောသူအပေါင်းတို့အား စွန့်ကြဲပေးကမ်းခြင်းဖြင့် အလှူကြီးကို ပေး၏။

http://www.dhammadownload.com

အဘိညာဉ်ရသော ရသေ့တစ်ပါးက နတ်ပြည်ရောက်ကြောင်းလမ်းကိုညွှန်ပြ ပြောဟောသည့်အတိုင်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူး၏။ ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်၏။ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ နတ်ပြည်မှ စုတေ၍ အမျိုးကောင်းသားတစ်ယောက်ဖြစ်လာသည်။ တစ်နေ့သ၌ သူသည် ဥပါသကာအပေါင်းတို့နှင့် အတူတကွ မြတ်စွာဘုရား ကျောင်းတော်သို့ လိုက်ပါကာ တရားတော်ကိုနာသည်။

ဗျာဒိတ်ရခြင်း

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းတစ်ပါးအား သဒ္ဓါပဗ္ဗဇိတ အရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်တွေ့ရ၍ ကြည်ညိုသောစိတ်ဖြစ်ကာ တစ်သိန်းသော ရဟန္တာအပေါင်း နှင့်တကွ မြတ်စွာဘုရားကို ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပြီး အလှူကြီးကို ပေးလှူသည်။ သဒ္ဓါပဗ္ဗဇိတ ရဟန်းဖြစ်ရန်ဆုကိုလည်း တောင်း၏။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။

ဗျာဒိတ်ရခြင်းသော ထိုအမျိုးကောင်းသားသည် ထိုဘဝမှစုတေ၍ လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်လာခဲ့ရသည်။ ကံအားလျော်စွာ ဤကမ္ဘာမှ ကိုးဆယ့် နှစ်ကမ္ဘာထက်၌ ဖုဿမြတ်စွာဘုရား ပွင့်တော်မူသောအခါ မြတ်စွာဘုရားနှင့် အဖေတူ အမေကွဲ ဖြစ်ကုန်သော ဥရုဝေဠုကဿပ၊ နဒီကဿပ၊ ဂယာကဿပ ညီနောင် သုံးယောက်တို့က ဖုဿမြတ်စွာဘုရားအား ပူဇော်သောအခါ ထိုအမျိုး ကောင်းသားသည်လည်း ဝေယျာဝစ္စကုသိုလ်များ ပါဝင်ကုသိုလ်ပြုသည်။

ဤကဲ့သို့ ဘဝများစွာ ပါရမီကိုဖြည့်ကျင့်ဆည်းပူးလျက် လူ့ပြည်နတ်ပြည် တို့၌သာလျှင် ကျင်လည်၍ နေခဲ့ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ ကုရုတိုင်း ထုလ္လကောဋ္ဌကမြို့ရှိ ရဋ္ဌပါလသူဌေးကြီး၏သား ဖြစ်လာသည်။

ထိုရဋ္ဌပါလ သူဌေးသား အရွယ်ရောက်သောအခါ အမိအဖတို့က ၎င်းတို့နှင့် မျိုးနွယ်တူ ပုဏ္ဏားသူဌေးကြီးတစ်ဦး၏သမီးများနှင့် လက်ထပ်ထိမ်းမြားပေးကြ

F-35A ဆရာအပါန်

http://www.dhammadownload.com

သည်။ ချောမောလှပသည့် မယားနှစ်ယောက်တို့နှင့်အတူ များစွာသော အခြေအရံတို့နှင့် ပျော်ရွှင်စွာ စည်းစိမ်ခံစားနေ၏။ တစ်နေ့သောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ကုရုတိုင်းသို့ ဒေသစာရီ ကြွချီတော်မူရာ ထုလ္လကောဋ္ဌိကမြို့သို့ ရောက်ရှိရပ်နားတော်မူသည်။ များစွာကုန်သော ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့သည် လာရောက်ကြကုန်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပူဇော်ကြသည်။

ရဋ္ဌပါလ သူဌေးသားသည် တရားပွဲသို့ လာရောက်၍ ပရိသတ်အစွန်၌ တရားနာရင်း ဤသို့ အကြံဖြစ်၏။ မြတ်စွာဘုရား ဟောတော်မူသည့် ထိုတရားတော်၏ အဓိပ္ပာယ်ကို ငါသိ၏။ အိမ်ရာတည်ထောင် လူတို့ဘောင်၌နေသောသူသည် ခရာသင်းပွတ်သစ်ကဲ့သို့ ဖြူစင်စွာသော ဗြဟ္မစရိယအကျင့်မြတ်ကို ကျင့်ခြင်းငှာ မလွယ်ကူ။ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ဖြတ်၍ ရဟန်းဘောင်၌ ရဟန်းပြုကာ မြတ်သော ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးတော့အံ့ဟူ၍ အကြံဖြစ်လေ၏။

မိဘခွင့်ပြုမှု

ထုလ္လကောဋ္ဌိက မြို့သား လူအများတို့သည် မြတ်စွာဘုရားကို ဖူးမြော်ပြီးသော် ကိုယ်နေရာဒေသသို့ ပြန်သွားကြကုန်၏။ ရဋ္ဌပါလသူဌေးသားသည် မြတ်စွာဘုရား အထံ ချဉ်းကပ်၍ ရှိခိုးကာ ဤသို့ လျှောက်ကြား၏။

ဘုန်းတော်နေ၀န်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ရဋ္ဌပါလသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ နေလိုပါ၏။ တပည့်တော်အား ရဟန်းပြုပေးတော်မူပါဘုရားဟု လျှောက်ကြား၏။ ထိုအခါ ဘုရားရှင်က ရဋ္ဌပါလ၊ သင့်ကို ရဟန်းပြုရန် အမိအဖတို့က ခွင့်ပြုပါ၏လောဟု မေးတော်မူလျှင် ခွင့်မတောင်းရသေးကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ရဋ္ဌပါလ၊ အမိအဖတို့ ခွင့်မပြုသောသားကို ငါဘုရားသည် ရဟန်းပြုပေးတော်မမူဟု မိန့်တော်မူလျှင် တပည့်တော်သည် အမိအဖတို့ထံ၌ ခွင့်တောင်းပါဦးအံ့ဟု လျှောက်ကြားပြီး မိဖထံသို့သွား၍ ခွင့်တောင်းလေသည်။

"အို အမိအဖတို့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ တရားတော်ကိုနာကြားရပါသည်။ လူအဖြစ်ဖြင့် မြတ်သော သာသနာတော်အကျင့်ကို ကျင့်ခြင်းငှာ မလွယ်ကူပါ။ ထို့ကြောင့် ရဟန်းပြုလိုပါသည်။ အခွင့်ပြုကြပါ။

http://www.dhammadownload.com

ရဟန်းပြုခွင့် မပေးနိုင်

"ချစ်သား ရဋ္ဌပါလ၊ သင်သည် ငါတို့၏ တစ်ဦးတည်းသောသား ဖြစ်၏။ ချမ်းသာသဖြင့် လိုလေသေးမရှိ ကျွေးမွေးပြုစုစောင့်ရှောက်ထားသောသားလည်း ဖြစ်၏။ သင်ချစ်သားသည် တစ်စုံဟစ်ခုသော ဆင်းရဲကိုမျှ မသိ၊ အေးမြချမ်းသာစွာ နေရ၏။ စားကာသောက်ကာ ချမ်းသာစွာဖြင့် ကာမဂုဏ်ကို ခံစားစံစား၍သာ နေပါတော့။ ကာမဂုဏ်ကို ခံစားစံစားလျက် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ကာ မွေ့လျော်ပျော်ပိုက်စွာနေပါတော့။ သေကွဲကွဲ၍ ကွေကွင်းရခြင်းဖြစ်လျှင် ငါတို့ မိဘများ ပြုပြင်နိုင်သော အလုပ်မဟုတ်၍ မတတ်သာသော်လည်း ရှင်ကွဲကွဲ၍ နေသည်ကို ငါတို့အလို မရှိကုန်။ ထို့ကြောင့် ငါတို့သည် သင့်ကို ရဟန်းပြုရန် အဘယ်မှာ ခွင့်ပြုနိုင်အံ့နည်း။

မိဘတို့က ဤသို့ဆိုသော် ရဋ္ဌပါလအမျိုးကောင်းသားသည် မြေပေါ်၌လဲကာ အိပ်လျက် ခုနစ်ရက်တိုင်အောင် ထမင်းမစားဘဲ နေသည်။ အမိအဖတို့က မည်သို့ပင် ဖြောင်းဖျသော်လည်း ရဋ္ဌပါလအမျိုးကောင်းသားသည် စကားမပြော တုဏှီဘောသာ နေတော့၏။

ကာမဂုဏ်ခံစားရင်း ကောင်းမှုပြုပါ

အမိအဖတို့က သုံးကြိမ်တိုင်အောင် ပြောသော်လည်း မရပေ။ ထို့အခါ ရဋ္ဌပါလ၏ မိတ်ဆွေသူငယ်ချင်းတို့ သူ့အထံသို့လာကြ၍ ဤသို့ပြောဆိုကြ၏။ မိတ်ဆွေရဋ္ဌပါလ၊ သင်သည် သင့်မိဘတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ သင့်၌ လောက၏တစ်စုံတစ်ရာသော ဆင်းရဲဒုက္ခကို မခံစားရ။ လောက၏ ဆင်းရဲဒုက္ခကိုလည်း သင်မသိ။ ချမ်းသာစွာ နေရစားသောက်ရ၏။ ဤအတိုင်းပင် ကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားလျက် သင်ပြုလိုသော ကောင်းမှုကုသိုလ်ကိုလည်း ပြုနေပါ။

ဤသို့ မိတ်ဆွေသူငယ်ချင်းများက အကြိမ်ကြိမ်အဖန်ဖန် ပြောကြသော်လည်း သူသည် အခင်းမရှိသော မြေကြီးပေါ်၌သာ လဲလျောင်းအိပ်စက်နေ၏။ ထိုအခါ သူ၏မိတ်ဆွေသူငယ်ချင်းများက ရဋ္ဌပါလ၏ အမိအဖတို့အား ဤအတိုင်း သူ့ကို ရဟန်းပြုခွင့်မပေးလျှင် သူသည် မကြာမီ သေသွားနိုင်သည်။ ရဟန်းပြုခွင့် ပေးလျှင် သူ့ကို အသက်ရှင်လျက် မြင်နေရဦးမည်။ အကယ်၍ သူရဟန်းဘဝကို

http://www.dhammadownload.com

မပျော်ပိုက်၍ လူထွက်လာသော် သူသည် အမိအဖတို့၏ အိမ်သို့သာလျှင် ပြန်လာမည်။ ထို့ကြောင့် သူ့ကို ရဟန်းပြုခွင့်ပေးလိုက်ပါဟု ပြောဆိုကြသည်။

အမိအဖတို့လည်း ဤသို့ဖြစ်လျှင် ရဟန်းပြုခွင့်ပေးမည်။ ရဟန်းပြုပြီးသော် ငါတို့၏အထံသို့ လာရောက်ပြသပါဟုဆို၍ ရဟန်းပြုခွင့်ပေးလိုက်သည်။

ရဋ္ဌပါလ ရဟန်းဖြစ်ပြီ

ဤသို့မိတ်ဆွေသူငယ်ချင်းတို့က ပြောသောအခါ ရဋ္ဌပါလ သူဌေးသားသည် အခင်းမရှိသော မြေပေါ်၌အိပ်နေရာမှထ၍ ရေမိုးချိုးပြီး စားသောက်ဖွယ်တို့ကို စားသောက်သည်။ အမိအဖတို့ကို ရှိခိုးသည်။ မျက်ရည်စက်လက် ငိုကြွေးနေကြကုန်သော ဆွေမျိုးအပေါင်းတို့ကို စွန့်ခွာ၍ မြတ်စွာဘုရားအထံသို့လာပြီးလျှင် ရှိခိုးဦးချကာ ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်ကို အမိအဖတို့ကခွင့်ပြုပါပြီ။ ရဟန်းပြုပေးတော်မူပါဘုရား"ဟု လျှောက်ကြားသည်။ မြတ်စွာဘုရားသည် အနီးဌာနရှိသော ရဟန်းတစ်ပါးကို ခေါ်တော်မူ၍ ဤရဋ္ဌပါလသူဌေးသားကို ရှင်ရဟန်းပြုပေးလော့ဟု မိန့်တော်မူသဖြင့် ရဋ္ဌပါလသူဌေးသားသည် ရဟန်းအဖြစ်ကို ရလေ၏။

အရှင်ရဋ္ဌပါလသည် ရဟန်းဖြစ်၍ လခွဲဆယ့်ငါးရက်မျှ မွေးရပ်မြေထုလွှကောင်္ခကမြို့၌ နေ၏။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသောအခါ ရဋ္ဌပါလထေရ်လည်း အတူလိုက်ပါသွားသည်။

နေယျပုဂ္ဂိုလ်ဖြစ်၍

အရှင်ရဋ္ဌပါလထေရ်သည် နေယျပုဂ္ဂိုလ်ဖြစ်သဖြင့် တော်တော်နှင့် တရားမရ။ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး မနားမနေ တရားကို အားထုတ်မှ ရဟန္တာ အဖြစ်ကို ရတော်မူ၏။

ရဟန္တာဖြစ်ပြီးသော် အရှင်ရဋ္ဌပါလထေရ်သည် မြတ်စွာဘုရားအထံသွားရောက် ရှိခိုးဦးချကာ ဤသို့လျှောက်၏။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော် ရဋ္ဌပါလသည် အမိအဖတို့နှင့် တွေ့ဆုံခြင်းငှာ အလိုရှိပါသည်ဘုရားဟု လျှောက်ကြားသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ရဋ္ဌပါလ၏စိတ်ကို ဆင်ခြင်ကြည့်ရှုတော်မူလျှင် ရဟန်းအဖြစ်မှ ရွှေ့လျား ပျက်စီးခြင်း ဘေးအန္တရာယ်ရှိသော်လည်း

http://www.dhammadownload.com

မပျက်စီးနိုင်သော အရဟတ္တမဂ် အရဟတ္တဖိုလ်နှင့် ပြည့်စုံပြီးဖြစ်သည်ကို မြင်တော်မူ၍ ခွင့်ပြုတော်မူ၏။

ထုလ္လကောဋ္ဌိကမြို့သို့ ကြွပြီ

ရဋ္ဌပါလထေရ်သည် မြတ်စွာဘုရားကို ရှိခိုးဦးချပြီးလျှင် နေရာမှထခဲ့ပြီး ကျောင်းအိပ်ရာနေရာတို့ကို သိုဇီးသိမ်းဆည်းခဲ့သည်။ သပိတ်သင်္ကန်းတို့ကိုလည်း ယူဆောင်လျက် ထုလ္လကောဋ္ဌိကမြို့သို့ ဒေသစာရီကြွတော်မူသည်။ ထုလ္လကောဋ္ဌိကမြို့၌ ကောရဗျမင်း၏ မိဂစီရဉျာဉ်တော်၌ သီတင်းသုံးတော်မူသည်။

မထေရ်သည် နံနက်အခါ၌ သပိတ်သင်္ကန်းကို ယူတော်မူ၍ ကောင်းစွာ ဝတ်ရုံပြီးလျှင် ထုလ္လကောဋ္ဌိကမြို့တွင်းသို့ အိမ်စဉ်မပျက် သပွဒါနစာရီခုတင်ဖြင့် ဆွမ်းခံ လှည့်လည်သည်။ မိဘအိမ်အနီးသို့ ရောက်သောအခါ ရဋ္ဌပါလထေရ်၏ အဖ သူဋ္ဌေးကြီးသည် တံခါးခုနစ်ထပ်ရှိသောအိမ်၏ အလယ်ဖြစ်သော တံခါးမုခ်၌ နေကာ ကပွကဆတ္တာသည်နှင့် ဆံပင်တို့ကိုပြင်နေသည်။

ဖခင်ကြီးသည် ရဋ္ဌပါလထေရ်ကြွလာသည်ကို အဝေးကပင် မြင်သော်လည်း သူ၏သားမှန်းမသိပေ။ ဤ ဦးပြည်းကတုံးရဟန်းယုတ်တို့သည် ငါတို့၏သားကို ခေါ်ဆောင်သွားကုန်၏ ဂုပင် ရွှတ်ချဆဲရေးလိုက်သေး၏။

အရှင်ရဋ္ဌပါလသည် မိမိအဘတို့နေအိမ်မှ အလှူဒါနအဖြစ် အာမိသဆွမ်းကို ရမည်ကားဝေးလေစွ။ ကန်တော့ဆွမ်းပါဟူ၍ ဆိုသော စကားကိုမျှပင် မရခဲ့ပေ။

အရှင်ရဋ္ဌပါလကို မှတ်မိသူ ကျွန်မ

ထိုအခါ အရှင်ရဋ္ဌပါလ မိဘများ၏ ကျွန်မသည် သိုးလေပြီးဖြစ်သော မုယောမုန့်၊ ဂျုံမုန့်ကို စွန့်ပစ်ရန် အိမ်မှထွက်လာသည်။ ဤတွင် အရှင်ရဋ္ဌပါလက "အိုနှမ ဤစားဖွယ်ကို စွန့်ပစ်မည်ဆိုလျှင် ငါ၏သပိတ်ထဲသို့ လောင်းထည့်လော့" ဟု ဆိုသည်။ ကျွန်မသည် သပိတ်ထဲသို့ မုန့်ကိုလောင်းထည့်စဉ် မထေရ်၏ မျက်နှာသွင်ပြင် လက်ခြေတို့ကို ကြည့်လိုက်သော် မိမိတို့၏ အရှင်သခင်မှန်း မှတ်မိသွားသည်။ သို့ဖြင့် အရှင်ရဋ္ဌပါလ၏အမိ သူဋ္ဌေးကတော်ကြီးထံသို့ သွား၍ အရှင်မ၏သား အရှင်ရဋ္ဌပါလ ရောက်လာပါသည်ဟု ပြောလေ၏။ သူဋ္ဌေးကတော်ကြီးက အကယ်၍ သင်ပြောသည့်အတိုင်း ငါ၏သား အမှန်တကယ်ဖြစ်လျှင် သင့်ကို ကျွန်အဖြစ်မှလွတ်စေအံ့ဟု ဆိုပြီးလျှင်၊ အရှင်ရဋ္ဌပါလ၏

http://www.dhammadownload.com

အဖသူဌေးကြီး အထံသို့သွား၍ အရှင်သေဌေးမင်း၏ သားတော်မောင်ရဋ္ဌပါလသည် ရောက်လာသတဲ့ဟု ပြောလေ၏။

အရှင်ရဋ္ဌပါလသည်လည်း ဇရပ်တစ်ခု၏ နံရံကိုမှီ၍ သိုးလေပြီးသော ထိုမုယောမုန့်တို့ကို ဘဉ်းပေး၍ နေတော်မူ၏။ အဖသူဌေးကြီးရောက်လာသောအခါ ထိုအဖြစ်ကိုမြင်သဖြင့် စိတ်မကောင်းကြီးစွာဖြစ်လျက် ချစ်သားရဋ္ဌပါလ၊ မိမိအိမ်ရှိလျက်နှင့် မုန့်သိုးကိုဘဉ်းပေး၍နေဘိ၏။ ကိုယ့်အိမ့်သို့ ဝင်လျက် ဆွမ်းဘဉ်းပေးပါဟု လျှောက်ထား၏။

ထိုအခါ ရဋ္ဌပါလက ရဟန်းဖြစ်ကုန်သော ငါတို့မှာ ကိုယ့်အိမ်ဟူ၍ အဘယ်မှာရှိမည်နည်း။ ဒကာကြီးအိမ်သို့ရောက်ခဲ့ပြီ။ ယခု ကျွန်ုပ် ဘဉ်းပေးသုံးဆောင်နေသော မုယောမုန့်သိုးသည် ဒကာကြီးအိမ်မှရခဲ့သော မုန့်တည်းဟု ပြောလေ၏။

ယနေ့အဖို့ ဆွမ်းကိစ္စသည် ပြီးပြတ်ပြီဟူ၍ အရှင်ရဋ္ဌပါလက ဆိုလေ၏။

အဖသူဌေးကြီးက အိမ်သို့ ပင့်ပြီ

အဖသူဌေးကြီးက သို့ဖြစ်လျှင် မနက်ဖြန်အတွက် တပည့်တော်တို့အိမ်သို့ ဆွမ်းစားကြပါဟု ပင့်သည်ကို အရှင်ရဋ္ဌပါလက လက်ခံတော်မူ၏။ အရှင်ရဋ္ဌပါလထေရ်သည် အရဟတ္တဖိုလ်ကိုရပြီးဖြစ်လျက် နောက်လာနောင်သား တပည့်တို့အတုယူစေရန် ဥက္ကဋ္ဌပိဏ္ဍပါတဓုတင်၊ သပ္ပဒါနစာရိကဓုတင်တို့ကို ဆောက်တည်၍ နေသော်လည်း အမိအဖတို့ကို ချီးမြှောက်ခြင်းငှာ ဆွမ်းအတွက် ပင့်သည်ကို လက်ခံသည်။

လူထွက်ရန်ပြောပြီ

အဖသူဌေးကြီးသည်လည်း အိမ်သို့ပြန်၍ ကြီးစွာသော ရွှေပုံတစ်ပုံနှင့် ငွေပုံတစ်ပုံတို့ကိုပုံစေကာ ဖျာတို့ဖြင့် ဖုံးလွှမ်းထား၏။ ထိုရွှေပုံငွေပုံတို့သည် လူတစ်ရပ်ကျော်မြင့်ကုန်၏။ အရှင်ရဋ္ဌပါလ၏မယားဟောင်းတို့ကိုလည်းခေါ်၍ ငါ၏သားရဋ္ဌပါလ ချစ်ခင်စုံမက်သော အဝတ်တန်ဆာ နံ့သာပန်းတို့ကို လိမ်းကျံဝတ်ဆင်ပြီးနေကြကုန်လော့ဟု ပြောကြားထားလေ၏။

နံနက်မိုးသောက် အလင်းရောက်သော် မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ကို ပြင်ဆင်ပြီးလျှင် မိဂစီရဉယျာဉ်၌နေသော အရှင်ရဋ္ဌပါလကိုပင့်ကြသည်။ ရောက်လာသောအခါ ဆွမ်းလည်းဆက်ကပ်လှူဒါန်းသည်။ ရွှေပုံ ငွေပုံတို့ကိုလည်း ပြလျက် လူထွက်ရန် မိသားစုတို့က လျှောက်ထားကြသည်။

http://www.dhammadownload.com

ရွှေ ငွေတို့သည် စိုးရိမ်ပူဆွေးရခြင်း၏အကြောင်း

အရှင်ရဋ္ဌပါလထေရ်မြတ်က ဤရွှေပုံငွေပုံတို့ကို လှည်းဖြင့်တိုက်ယူ ထုတ်ဆောင်၍ ဂင်္ဂါမြစ်၌ချမ္မောလိုက်လော့။ ဤရွှေငွေတည်းဟူသော အကြောင်းကြောင့် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပူပန်ခြင်းတို့ ဖြစ်ရကုန်၏ဟူ၍ မိန့်ကြားလိုက်သည်။

ရွှေ ငွေ ဥစ္စာတို့ဖြင့် ဖျားယောင်း၍ မရသောအခါ အဖသူဌေးကြီးသည် အရှင်ရဋ္ဌပါလ၏ မယားကြီးနှစ်ယောက်နှင့်တကွ ကချေသည် အခြွေအရံ မယားငယ်တို့ကိုခေါ်၍ သင်တို့၏လင်ဖြစ်သော ရဋ္ဌပါလကို ဝိုင်းဝန်း၍ တားကြကုန်လော့ဟု စေခိုင်းပြန်သည်။

မယားအပေါင်းတို့တွင် အကြီးဆုံးဖြစ်သော မယားကြီးနှစ်ယောက်တို့သည် အရှင်ရဋ္ဌပါလ၏ခြေတော်နှစ်ဖက်တို့ကို အသီးသီးတစ်ဖက်စီကိုင်ကြပြီး "အရှင့်သားသည် နတ်သမီးတို့ကိုရယူလို၍ ရဟန်းပြု၏။ ထိုနတ်သမီးတို့သည် အဘယ်သို့သော သူများပါဖြစ်သနည်း၊ ကျွန်တော်မတို့ထက်ပင် ပို၍ လှပကြ ချောမောကြပါသလော"ဟု မေးကြ ကုန်၏။

ထိုအခါ အရှင်ရဋ္ဌပါလထေရ်က "အိုနမတို့၊ ငါသည် နတ်သမီးတို့ကို ရယူလို၍ ရဟန်းပြုသည်မဟုတ်"ဟု ဆိုမိန့်တော်မူသည်။

မယားကြီးနှစ်ယောက်တို့သည် ငါတို့၏လင်သည် ငါတို့ကို "နမ"ဟူသော စကားလုံးဖြင့် ပြောဆိုနေပြီ။ မယားဟူ၍ စုံမက်ခြင်း မရှိတော့ပြီ။ ငါတို့မှာလည်း အားကိုးစရာ သားတစ်ယောက်မျှမရလိုက်၊ ဟိုနေ့လာလိမ့်နိုး၊ သည်နေ့လာနိုးဖြင့် အိမ်တွင်းပုန်းလုပ်ကာ စောင့်ဆိုင်း၍ နေရသည်မှာ တစ်ဆယ့်နှစ်နှစ်ရှိလေပြီ။ လင်ဟောင်းကလည်းပြစ်၊ လင်သစ်ကိုလည်း မရ။ ဒုက္ခရောက်ပါပြီတကားဟု ပြောဆိုလျက် စိုးရိမ်ပူဆွေးကာ မူးမေ့၍ လဲသွားကြကုန်၏။

ထိုအခါ အရှင်ရဋ္ဌပါလထေရ်သည် အဖသူဌေးကြီးအား ဤသို့ပြောဆို၏။ အကယ်၍ ဆွမ်းကပ်လိုလျှင် ကပ်ပါလော့။ ရွှေပုံငွေပုံနှင့် မိန်းမတွေကို ဝိုင်းဝန်းစေ၍ မနှိပ်စက်ပါလင့်ဟု ဆိုသောအခါ အဖသူဌေးကြီးသည် ဆွမ်းကိုကပ်၍ မွန်မြတ်သော ဘောဇဉ်တို့ဖြင့်လုပ်ကျွေး၏။

အရှင်ရဋ္ဌပါလထေရ် ဆွမ်းသုံးဆောင်ဆဲအခါ၌ အဖသူဌေးကြီးသည် အိမ်ဝိုင်းတံခါး ခုနစ်ထပ်တို့ကို မင်းတုံးထိုး၍ ပိတ်ထားသည်။ အားကြီးသောယောကျ်ား

http://www.dhammadownload.com

တို့ကိုခေါ်၍ ငါ၏သား အရှင်ရဋ္ဌပါလ အကယ်၍ ထွက်သွားငြားအံ့။ လက်ခြေကို ကိုင်၍ သင်္ကန်းကိုချွတ်ပြီးလျှင် လူဝတ်လဲထားကြကုန်လော့ဟူ၍ စေခိုင်း၏။

အရှင်ရဋ္ဌပါလသည် ဆွမ်းဘဉ်းပေးပြီးသော် မတ်တတ်ရပ်လျက် ဤဂါထာတို့ကို ရွတ်ဆို၍ ဟောတော်မူ၏။

အရှင်ရဋ္ဌပါလဟောတော်မူသော ဂါထာများ

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ပဿ စိတ္တကတံ ရူပံ၊ မဏိနာ ကုဏ္ဍလေန စ။
အဋ္ဌိ တစေန သြနဒ္ဓံ၊ သဟ ဝတ္ထေဟိ သောဘတိ။

အလတ္တကကတာ ပါဒါ၊ မုခံ စုဏ္ဏကမက္ခိတံ၊
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂဝေသိနော။

အဋ္ဌပဒကတာ ကေသာ၊ နေတ္တာ အဉ္ဇနမက္ခိတာ။
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂဝေသိနော။

အဉ္ဇနီဝ နဝါစိတ္တာ၊ ပူတိကာယော အလင်္ကတော။
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂဝေသိနော။

သြဒဟိ မိဂဝေါ ပါသံ၊ နာသဒါ ဝဂုရံ မိဂေါ။
ဘုတ္တာ နိဝါပံ ဂစ္ဆာမ၊ ကန္ဒန္တေ မိဂမန္ဒကေ။

ဆိန္နော ပါသော မိဂါဝဿ၊ နာသဒါ ဝါဂုရံ မိဂေါ။
ဘုတ္တာ နိဝါပံ ဂစ္ဆာမ၊ သောစန္တေ မိဂလုဒ္ဒကေ။

စိတ္တကတံ၊ ဆန်းကြယ်စွာပြုလုပ်၍ထားသော။ ဗိမ္ဗံ၊ အရုပ်နှင့်တူသော။ သမုဿိတံ၊ သုံးရာသောအရိုးတို့ကို ကိုးရာသောအကြောတို့ဖြင့် ဖွဲ့ဆက်၍ ကိုးရာသော အသားတစ်တို့ဖြင့် လိမ်းကျံ၍ထားသော။ အာတုရံ၊ အိုနာရောဂါကိလေသာတို့ဖြင့် ကျင်နာတတ်ထသော။ ဗဟုသင်္ကပ္ပံ၊ မိန်းမယောကျ်ား လူမိုက်များတို့ လိုလားစုံမက် မလွှာရက်ဘဲ နှစ်သက်ခင်တွယ် ကြံစည်ဖွယ်ဖြစ်ထသော။ အရုကာယံ၊ ကိုးပေါက်ဒွါရ အနာဝရိုသောကိုယ်ကို။ ပဿ၊ ရှုစမ်းကြလော့။ ယဿ၊ အကြင်ကိုယ်ကောင်ပုပ်၏။ ဓုဝံဌိတိ၊ အကျိတ်အခဲ ခိုင်မြဲစွာ တည်နေခြင်းသည်။ နတ္ထိ၊ မရှိချေ။

http://www.dhammadownload.com

မဏိနာဝ၊ ပတ္တမြားတန်ဆာဖြင့်လည်းကောင်း။ ကုဏ္ဍလေနစ၊ နားတောင်းဖြင့်လည်းကောင်း။ စိတ္တကတံ၊ ဆန်းကြယ်စွာပြုလုပ်၍ထားသော။ ရူပံ၊ အရုပ်နှင့်တူစွာသော။ တစေန၊ အပေါ်ယံ အရေပါးအရေထူဖြင့်။ သြနဒ္ဓံ၊ မှေးယှက်ဆက်စပ်ဖုံးလွှမ်းအပ်သော။ အဒ္ဒံ၊ အရိုးစုကို။ ပဿ၊ ပညာစက္ခုဖြင့် မြင်အောင်ရှုလော့။ ဧဝံပိ၊ ဤသို့နှံ့သာပန်းမန် လိမ်းကျံပြုပြင် တန်ဆာဆင်၍ထားသော်လည်း။ ဝတ္ထေဟိ၊ အဝတ်ထဘီ အင်္ကျီပုဆိုးတို့နှင့်။ သဟ၊ တကွ ဝတ်ရုံဖုံးလွှမ်းမှသာလျှင်။ သောဘတိ၊ ကြည့်ချင်စရာ တင့်တယ်ပါ၏။

ပါဒါ၊ ခြေတို့ကို။ အလတ္တကကတာ၊ ချိပ်ရည်ဖြင့် နီမြန်းနှစ်သက်ဖွယ်ရှိအောင် ဆိုး၍ထားအပ်ကုန်၏။ မုခံ၊ မျက်နှာကို။ စုဏ္ဏကမက္ခိတံ၊ နံ့သာမျက်နှာချေမှုန့်တို့ဖြင့် လိမ်းသုတ်၍ထား၏။ ဗာလဿ၊ မိုက်သောသူအား။ မောဟာယ၊ မေ့မူးခြင်းငှာ။ အလံ၊ သင့်လျော်ပေ၏။ ပါရဂဝေသိနော၊ နိဗ္ဗာန်ကမ်းရောက် ကူးမြောက်စရာ တရားရှာသော သူမြတ်အား။ နောစအလံ၊ မသင့်လျော်ပေ။

ကေသာ၊ ဆံပင်တို့ကို။ အဋ္ဌပဒကတာ၊ နဖူးဆံစပ် ရစ်ကာပတ်၍ ရှစ်ပတ်စီစဉ် ပြုပြင်၍ထားကုန်၏။ နေတ္တာ၊ မျက်လုံးတို့ကို။ အဉ္ဇနမက္ခိတာ၊ မျက်စဉ်းညှိလုံး မျက်ခုံးမှင်သ မျက်စချီချီ မျက်စဉ်းရည်ဖြင့် ပြုပြင်သုတ်လိမ်း ၍ ထားကုန်၏။ ဗာလဿ၊ မိုက်သောသူအား။ မောဟာယ၊ မေ့မူးခြင်းငှာ။ အလံ၊ သင့်လျော်ပေ၏။ ပါရဂဝေသိနော၊ နိဗ္ဗာန်ကမ်းရောက် ကူးမြောက်စရာ တရားရှာသောသူမြတ်အား။ နောစအလံ၊ မသင့်လျော်ချေ။

စိတ္တာ၊ ဆန်းကြယ်စွာကုန်သော။ အဉ္ဇနီဝနဝါ၊ မျက်စဉ်းညှိအဆင်းရှိကုန်၏။ ပူတိကာယော၊ ကိုယ်ကောင်ပုပ်ကို။ အလင်္ကတော၊ တန်ဆာဆင်၍ထား၏။ ဗာလဿ၊ မိုက်သောသူအား။ မောဟာယ၊ မေ့မူးခြင်းငှာ။ အလံ၊ သင့်လျော်ပေ၏။ ပါရဂဝေသိနော၊ နိဗ္ဗာန်ကမ်းရောက် ကူးမြောက်စရာ တရားရှာသော သူမြတ်အား။ နောစအလံ၊ မသင့်လျော်ချေ။

မိဂဝေါ၊ သမင်လိုက်စား မုဆိုးသားသည်။ ပါသံ၊ ကျော့ကွင်းကိုလည်းကောင်း။ ဝါဂုရံ၊ ပိုက်ကွန်ကိုလည်းကောင်း။ နာသဒါ၊ မတိုက်ခိုက်မိမထိတိုးဘဲ။ နိဝါပံ၊ အစာကို။ ဘုတ္တာ၊ စားပြီး၍။ မိဂဗန္ဓကော၊ သမင်ဖမ်းစားမုဆိုးများသည်။ ကန္ဒန္တေ၊ အော်ဟစ်မြည်တမ်းစဉ်။ ဂစ္ဆာမ၊ လွတ်အောင်ခုန်လွှားပြေးသွားကြလေကုန်၏။

http://www.dhammadownload.com

မိဂါဝဿ (မိဂဝဿ)၊ သမင်လိုက်စား မုဆိုးသား၏။ ပါသာ၊ ထောင်၍ထား သော ကျော့ကွင်းတို့သည်။ ဆိန္နာ၊ ပြတ်လေကုန်ပြီ။ မိဂေါ၊ သမင်သည်။ ဝါဂုရံ၊ ကျော့ကွင်းထောင်ထား ပိုက်ကွန်များကို။ နာသဒါ၊ မတိုးမထိ မတိုက်မိဘဲ။ နိဝါပံ၊ အစာကို။ ဘုတ္တာ၊ ဝအောင်စားပြီး၍။ မိဂလုဒ္ဒကော၊ သမင်ဖမ်းစား မုဆိုး များသည်။ သောစန္တေ၊ ကြောင့်ကြစိုးရိမ်စဉ်။ ဂစ္ဆာမ၊ ပိုက်ကွန်လွတ်အောင် ကွင်းရှောင်ခုန်လွှား ပြေးသွားကြလေကုန်၏။

အရှင်ရဋ္ဌပါလထေရ်မြတ်က အမိအဖတို့ကို မုဆိုးနှင့် နှိုင်းပြလျက် ကြွင်းသော ဆွေမျိုးတို့ကို မုဆိုး၏ပရိသတ်နှင့် နှိုင်းပြသည်။ ရွှေပုဇွေပုံနှင့်တကွ မယားကြီး နှစ်ယောက်နှင့် မယားငယ်အများတို့ကိုမူ ထောင်ထားသော ကျော့ကွင်း ပိုက်ကွန်ကဲ့သို့ ဥပမာပြုသည်။ မိမိသုံးဆောင်သော ဆွမ်းဘောဇဉ်ခဲဖွယ်တို့ကိုမူ သမင်ကို မြှူ၍ ထားသော အစာကဲ့သို့ ဥပမာပြုသည်၊ မိမိကိုယ်ကိုမူ လိမ္မာလှစွာသော ရွှေသမင်ကဲ့သို့ ဥပမာပြုလျက် ဟောပြတော်မူပြီးလျှင် ရွှေသမင်သည် အစာကို ဝစွာစားပြီး ရေကိုသောက်သည်။ ထို့နောက် ဝိုင်းကာ ပိတ်ဆီးကြကုန်သောမုဆိုးတို့ အော်ဟစ် မြည်တမ်းကြကုန်စဉ် ကျော့ကွင်းပိုက်ကွန်ကို ခုန်ကျော်ပြေးလွှားသကဲ့သို့ မထေရ် သည် ဝိုင်းဝန်းကာဆီး ပိတ်ဆို့၍ထားကြကုန်သော လူအပေါင်းတို့ကို ကျော်ဖြတ် လာခဲ့ပြီး ရွှတ်ဆိုသော ဂါထာများဆုံးသည်နှင့် တစ်ပြိုင်နက် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ကောရဗျမင်း၏ မိဂစိရ ဥယျာဉ်တော်ဝယ် တစ်ခုသော သစ်ပင်ရင်း၌ နေသန့်ခြင်းပြု၍နေ၏။

ကောရဗျမင်းနှင့် တွေ့ဆုံခြင်း

ထိုအခါ၌ ကောရဗျမင်းသည် မိဂဝအမည်ရှိသော ဥယျာဉ်မှူးကို ခေါ်လျက် ဥယျာဉ်မြေကို သုတ်သင်ရှင်းလင်းရန် စေခိုင်းသည်။ ဥယျာဉ်မှူးသည်ဥယျာဉ်မြေကို သုတ်သင်ရှင်းလင်းသောအခါ အရှင်ရဋ္ဌပါလထေရ်ကို မြင်သွား၍ ကောရဗျမင်းအား ဤသို့ လျှောက်ထား၏။ အရှင်မင်းမြတ်၊ ဥယျာဉ်ကို သုတ်သင်ရှင်းလင်းပြီးပါပြီ။ ထိုဥယျာဉ်အတွင်းရှိ တစ်ခုသောသစ်ပင်ရင်း၌ အရှင်မင်းမြတ် ချီးမွမ်းပြောဆို၍ နေသော ဤမြို့၌ အချမ်းသာဆုံးသော သူဌေးသား အရှင်ရဋ္ဌပါလ အမျိုးကောင်း သားသည် ထိုနေရာ၌ ရှိနေပါသည်ဟူ၍ လျှောက်ထား၏။

ထိုအခါ ကောရဗျမင်းသည် အဆွေမိဂဝ၊ ယနေ့ဥယျာဉ်ကစားဖွယ်မရှိပြီ၊ အရှင်ရဋ္ဌပါလထေရ်ကို ဆည်းကပ်ရန်သွားအံ့ ဟုဆို၍ အကောင်းဆုံးသောယာဉ်

http://www.dhammadownload.com

တို့ကို ပြင်စေကာ ထုလ္လကောဋ္ဌိကမြို့မှ ထွက်လေ၏။ ယာဉ်ဖြင့်သွားနိုင်သော နေရာဆုံးလျှင် ယာဉ်ပေါ်မှဆင်း၍ ခြေဖြင့်သာလျှင် ဝန်းရံလိုက်ပါသော ပရိသတ်နှင့် အတူ သွားလေသည်။ အရှင်ရဋ္ဌပါလထံ ရောက်သောအခါ ဤကဲ့သို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ဤလောကဌ် အချို့သောသူတို့သည် အိုမင်း၍မစွမ်းမသန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရောဂါကျရောက်၍ မစွမ်းမသန်သောကြောင့်လည်းကောင်း၊ ဥစ္စာကုန်ခန်း၍သော်လည်းကောင်း၊ ဆွေမျိုးဉာတိ ပျက်စီးခြင်းကြောင့်လည်းကောင်း ဆံမုတ်ဆိတ်တို့ကို ရိတ်ဖြတ်ကာ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကိုဝတ်၍ ရဟန်းပြုကြပါ၏။

ဘယ်အကျိုးတွေ့ ရဟန်းပြုပါသနည်း

"အရှင်ဘုရားသည်ကား ယခုအခါ အိုမင်းခြင်းသို့ မရောက်သေး၊ နုပျိုသဖြင့် အရွယ်ကောင်းမျှသာ ရှိပါသေး၏။ အနာရောဂါ နှိပ်စက်ခြင်းလည်း မရှိ။ အလွန်ကျန်းမာသော ကိုယ်ရှိပါ၏။ အရှင်ဘုရားတွင် ဥစ္စာကုန်ခန်းခြင်းလည်းမရှိ။ ဤထုလ္လကောဋ္ဌိကမြို့၌ အကြီးကျယ်ဆုံး၊ အကျော်ကြားဆုံး၊ ဥစ္စာပစ္စည်း အများဆုံး သူဌေးသားဖြစ်ပါ၏။ အရှင်ဘုရား၌ ဆွေမျိုးဉာတိ ပျက်စီးဆုံးရှုံးခြင်းလည်းမရှိ။ ထို့ပြင် ဤထုလ္လကောဋ္ဌိကမြို့၌ ဆွေမျိုးဉာတိ မိတ်သင်္ဂဟ အလွန်ပေါများကုန်၏။ ယင်းသို့ဖြစ်ပါလျက် ဘယ်အကျိုးကိုသိမြင်၍ ရဟန်းပြုပါသနည်း။

ဤသို့ ကောရဗျမင်းက မေးလျှောက်သောအခါ အရှင်ရဋ္ဌပါလထေရ်သည် ဓမ္မဒ္ဒေသလေးပါးကို ညွှန်ပြလျက် တရားဟောတော်မူ၏။

ဓမ္မဒ္ဒေသလေးပါး ဟောကြား

ဓမ္မဒ္ဒေသဆိုသည်ကား အကျယ်အားဖြင့်ရှိသော အဓိပ္ပာယ်စကားတို့ကို အကျဉ်းအားဖြင့် သိမှတ်စေရန် ညွှန်ပြခြင်း ဖြစ်သည်။

အိုကောရဗျမင်းမြတ်၊ အလုံးစုံသောတရားကို သိမြင်တော်မူသော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောကြားညွှန်ပြတော်မူသော ဓမ္မဒ္ဒေသတရားလေးပါး ရှိကုန်၏။ ထိုလေးပါးဟူသည်မှာ–

၁။ အလုံးစုံသော လောကသည် အိုခြင်း၊ သေခြင်း၊ ပျက်စီးခြင်းသို့သာလျှင် ရောက်၍သွား၏။ တည်တံ့ခိုင်မြဲခြင်းမရှိ။

http://www.dhammadownload.com

၂။ အလုံးစုံသောလောက၌ အို နာ သေရေး ဒုက္ခဘေးတို့နှင့် ကြုံတွေ့ရသော် အားကိုးစရာ၊ အားထားစရာ အဆွေအမျိုးတို့မရှိကြ။ ကယ်ဆယ်နိုင်သူ၊ ကယ်မနိုင်သူနှင့် အစိုးရသူဟူ၍ မရှိ၊

၃။ အလုံးစုံသော လောကတွင် မိမိပိုင်ပစ္စည်းဥစ္စာဟူ၍ စိုးပိုင်ခြင်းမရှိ။ သေလွန်သောအခါ အလုံးစုံကို စွန့်၍သွားရ၏။

၄။ အလုံးစုံသော လောကတွင် လိုချင်မှုဟူသမျှ မပြည့်စုံနိုင်(အလိုမပြည့်နိုင်) ရောင့်ရဲခြင်း၊ အားရတင်းတိမ် ခြင်းမရှိ။ တဏှာ၏ကျေးကျွန်သာ ဖြစ်ကြရ၏။

ဤကဲ့သို့ မြတ်စွာဘုရားက ဟောကြားညွှန်ပြတော်မူပါသည်။

မြတ်စွာဘုရား အကျဉ်းမျှဟောကြားသောတရားတော်ကို သိမြင်မှတ်သား နာကြားရ၍ အိမ်ရာတည်ထောင် လူ၏ဘောင်ကို စွန့်ပစ်ကာ ငါသည် သာသနာတော်ထမ်း ရဟန်းပြုအပ်၏ဟူ၍ အရှင်ရဋ္ဌပါလထေရ်က မိန့်ကြားတော်မူ၏။

ထိုအခါ ကောရဗျမင်းကြီးက ဤသို့ မေးလျှောက်ပြန်၏။ အရှင်ရဋ္ဌပါလ၊ မြတ်စွာဘုရားက အကျဉ်းပြ၍ ဟောတော်မူသည်ကို တပည့်တော်သည် အဘယ်ကဲ့သို့ သိရပါမည်နည်း။

ကောရဗျမင်းမြတ်၊ သင်မင်းမြတ်သည် အသက်နှစ်ဆယ်ရွယ်၊ နှစ်ဆယ်ကျော်အရွယ်တွင် လက်, ခြေ, ကိုယ် စသည်တို့၌ အင်အားကြီးမားသန်စွမ်းလှသဖြင့် စစ်မြေပြင်သို့ သွားရောက်နိုင်သည်။ ယခုဤကဲ့သို့ ကြီးမားသန်စွမ်းသော လက် ခြေ ကိုယ် စသည်တို့၌ အင်အားရှိပါသေး၏လော။

မှန်လှပါ တပည့်တော် ယခုအသက်ရှစ်ဆယ်ရှိပြီဖြစ်၍ လက် ခြေ ကိုယ် စသည်တို့၌ အင်အားမရှိတော့ပါ။

ကောရဗျမင်းမြတ်၊ ဤသို့သော သဘောကို မြင်တော်မူသော မြတ်စွာဘုရားသည် လောက၌ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပျက်စီးခြင်းရှိ၏။ တည်တံ့ခိုင်မြဲခြင်းမရှိ ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

အနက်အဓိပ္ပာယ် ဘယ်သို့ သိရပါမည်နည်း

ထိုအခါ ကောရဗျမင်းက အရှင်ဘုရား၊ မင်းမျိုးတို့၌ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည် တပ်တို့သည် ရှိကြပါကုန်၏။ တပည့်တော်တို့ မင်းမျိုးတို့သည်

http://www.dhammadownload.com

ထိုစစ်တပ်တို့ကို အားကိုးအားထားပြု၍နေရပါကုန်၏။ အလုံးစုံသော လောကသည် အားကိုးစရာ အားထားစရာ မရှိဟူ၍ အရှင်ဘုရား ဟောတော်မူ၏။ အနက်အဓိပ္ပာယ်ကို အဘယ်သို့ သိရပါမည်နည်း။

ကောရဗျမင်းမြတ်၊ သင်မင်းမြတ်အား တစ်စုံတစ်ခုသော မထနိုင်မထူနိုင်သော အနာရောဂါဖြစ်ဖူးသည် မဟုတ်ပါလော။ ထိုအနာဖြစ်၍ နာကျင်ဆင်းရဲသော ဒုက္ခဝေဒနာကို သင်မင်းမြတ်၏ ဆွေမျိုးဉာတိ မိတ်ဆွေအပေါင်းတို့က ဝေမျှ၍ ခံကြသည်မဟုတ်။ သင်မင်းမြတ်သည်သာလျှင် ထိုဆင်းရဲဝေဒနာကို ခံစားရ၏။ ထို့ကြောင့် မြတ်စွာဘုရားက ဤလောကဌ် ကိုးစားစရာ၊ အားကိုးစရာ၊ အားထားစရာ မရှိဟူ၍ ဟောတော်မူခြင်းဖြစ်၏။

အရှင်ရဋ္ဌပါလ၊ တပည့်တော်တို့ မင်းမျိုးတို့ဌ် များစွာသော ရွှေ ငွေ ဥစ္စာတို့သည် ရှိကြပါကုန်၏။ အရှင်ဘုရားက အလုံးစုံသော လောကတွင် မိမိပိုင်ပစ္စည်းဥစ္စာဟူ၍ စိုးပိုင်ခြင်း မရှိ။ သေလွန်သောအခါ အလုံးစုံကို စွန့်၍ သွားရ၏ဟု ဟောတော်မူ၏။ အနက်အဓိပ္ပာယ်ကို အဘယ်သို့ သိရမှတ်ရပါမည်နည်း။

ကောရဗျမင်းမြတ်၊ သင်မင်းမြတ်သည် ငါးပါးသောကာမဂုဏ်တို့နှင့် ပြည့်စုံ၏။ ထိုကာမဂုဏ်တို့ကို သေသည်မှ နောက်ဘဝသို့ ယူမသွားနိုင်။ အလုံးစုံသော ရွှေငွေရတနာ ဥစ္စာ ပစ္စည်းတို့ကို စွန့်ထား၍ သေမင်းနောက်သို့ လိုက်သွားရ၏။ ထိုရွှေငွေဥစ္စာတို့ကို တစ်ပါးသူတို့သာလျှင် ယူ၍ ခံစားရလတ္တံ့။ ဤသည်ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် အလုံးစုံသော လောကတွင် မိမိပိုင်ပစ္စည်းဥစ္စာဟူ၍ စိုးပိုင်ခြင်းမရှိ။ သေလွန်သောအခါ အလုံးစုံကို စွန့်၍ သွားရ၏ဟု ဟောတော်မူခြင်းဖြစ်၏။

အရှင်ရဋ္ဌပါလ၊ အရှင်ဘုရားက အလုံးစုံသော လောကတွင် လိုချင်မှုဟူသမျှ မပြည့်စုံနိုင်။ အားရရောင့်ရဲတင်းတိမ်ခြင်းမရှိ။ တဏှာ၏ကျေးကျွန်ဖြစ်၏ဟု ဟောတော်မူ၏။ အနက်အဓိပ္ပာယ်ကို အဘယ်သို့ သိမှတ်ရပါမည်နည်း။

အရှင်ရဋ္ဌပါလက မေးပြီ

ထိုအခါ အရှင်ရဋ္ဌပါလက ကောရဗျမင်းမြတ်၊ သင်မင်းမြတ်သည် ရွှေ ငွေ ရတနာ ဥစ္စာ စပါး ပေါများစည်ပင်လှသော ကုရုတိုင်းကြီးကို အုပ်စိုးရ၏။ မင်းစည်းစိမ်ကိုလည်း စံစား၍နေရ၏။ ထို ကုရုတိုင်းကြီးမှတစ်ပါး အရပ်လေးမျက်နှာ၌ ရှိကုန်သော ကာသိတိုင်း၊ ကောသလတိုင်း၊ အင်္ဂတိုင်း၊ မဂဓတိုင်း

http://www.dhammadownload.com

တို့ကို လည်းကောင်း၊ သမုဒ္ဒရာ၏ တစ်ဖက်ကမ်း၌ရှိသော တိုင်းပြည်တို့ကို လည်းကောင်း၊ အနည်းငယ်မျှသော စစ်သည်တို့ဖြင့် လွှမ်းမိုးယူငင်၍ အုပ်စိုးနိုင်ပါသည်ဟု သင်မင်းမြတ်၏ ကျွန်ယုံတော်တစ်ယောက်က ပြောလာငြားအံ့။ သင်မင်းမြတ် အဘယ်သို့ ပြုမည်နည်းဟု အရှင်ရဋ္ဌပါလကဲ့ မေးတော်မူသည်။

ထိုအခါ ကောရဗ္ယမင်းက ထိုတိုင်းပြည်တို့ကို သိမ်းယူ၍ အုပ်စိုးလိုပါသည် အရှင်ဘုရားဟု လျှောက်ကြား၏။

ကောရဗ္ယမင်းမြတ်၊ ဤကဲ့သို့ ရသရွေ့နှင့် မတင်းတိမ်နိုင်သည့်လိုချင်တပ်မက်မှုကို ရည်ရွယ်လျက် မပြည့်စုံနိုင်၊ အားရရောင့်ရဲတင်းတိမ်ခြင်းမရှိ။ တဏှာ၏ ကျေးကျွန်သာဖြစ်ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်သည်ဟူ၍ မိန့်ကြားတော်မူ၏။

ထို့နောက် တစ်ဖန် အရှင်ရဋ္ဌပါလထေရ်သည် ဤစကားကို မိန့်ကြားတော်မူပြန်၏။

လုံ့ပြည်၌ ဥစ္စာရှိကုန်သော လူတို့ကိုငါမြင်ရ၏။ ဥစ္စာကို ရကြပါကုန်လျက် လူမိုက်တို့သည် မလှူရက်ကြကုန်။ ဥစ္စာကို ရပါကုန်လျက် စုဆောင်းထားခြင်းကိုသာ ပြုကြကုန်၏။ ကာမဂုဏ်တို့ကိုသာ တောင့်တခင်မင် လိုချင်ကြကုန်၏။

မင်းသည် သမုဒ္ဒရာအဆုံးရှိသောမြေကို အောင်မြင်လျက် မြေပေါ်၌ အုပ်စိုး၍ နေရပါလျက် အားရတင်းတိမ်ခြင်းမရှိဘဲ သမုဒ္ဒရာကမ်းတစ်ဖက်ကိုလည်း လိုချင်သေး၏။

မင်းသည်လည်းကောင်း၊ မင်းမှတစ်ပါး များစွာကုန်သော လူတို့သည် လည်းကောင်း မိမိ၌ရှိသမျှနှင့် အားရရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ မြင်မြင်သမျှ ခင်တွယ်စုံမက် လိုချင်လျက်သာလျှင် သေခြင်းသို့ ရောက်ကြကုန်၏။ အလိုမပြည့်သေးဘဲသာလျှင် မိမိတို့ခန္ဓာကို စွန့်သွားရကုန်၏။ လူ့သဘာဝသည်ကား ကာမဂုဏ်အာရုံတို့၌ အားရတင်းတိမ်ခြင်းဟူသည် မရှိသည်သာတကား။

ဆွေမျိုးတို့သည်လည်း ထိုသေသောသူကို တမ်းတလျက် ငိုကြွေးမြည်တမ်းကြကုန်၏။ ထိုသူသေကောင်ကို သုသာန်သို့ ထုတ်ဆောင်၍ သင်္ဂြိုဟ်ကြကုန်၏။ မီးရှို့ကြကုန်၏။

ထိုသေသောသူသည် ပစ္စည်းဥစ္စာစည်းစိမ်တို့ကို စွန့်ထားခဲ့ကာ လွှမ်းခြုံ၍ ထားသော အဝတ်တစ်ထည်ဖြင့်ပင် မီးလောင်ခံသွားရ၏။ ထိုသေသောသူ၌ အားကိုးစရာတို့သည် မရှိကြကုန်။ ဆွေမျိုးတို့သည်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟ

http://www.dhammadownload.com

အပေါင်းအဖော်တို့သ ည်လည်းကောင်း၊ အမွေခံတို့သည်လည်းကောင်း ထိုသေသော သူ၏ ကျန်ရစ်ခဲ့သမျှဥစ္စာကို ယူဆောင်ကြကုန်၏။ သေသောသူသည်ကား မိမိ ပြုခဲ့ဖူးသည့် ကံအားလျော်စွာ နောက်ဘဝသို့ ရောက်သွားရ၏။ သေသူနောက်သို့ သူပိုင်ဆိုင်ခဲ့သော ဥစ္စာပစ္စည်းတို့သည် တစ်ခုမျှ မလိုက်ပါကြကုန်။

ရဟန်းပြုရသည့်အကြောင်း

ကောဏ္ဍမင်းမြတ်၊ ကာမဂုဏ်တို့သည် ဆန်းကြယ်ကုန်၏၊ နှလုံးမွေ့လျော်ဖွယ်လည်း ရှိကုန်၏။ အထူးထူး အထွေထွေသော သဘောဖြင့် စိတ်ကိုလည်း နှိပ်စက်ညှဉ်းဆဲတတ်ကုန်၏။ ထိုကာမဂုဏ်တို့၌အပြစ်ကို မြင်၍ ငါထေရ်ရှင်သည် ရဟန်းပြု၏။

ကောရဏ္ဍမင်းမြတ်၊ ငယ်ကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ကြီးကုန်သော သတ္တဝါတို့သည်လည်းကောင်း ခန္ဓာကိုယ် ပျက်စီးကြကုန်၍ သစ်သီးတို့ကဲ့သို့ ကြွေကျကြကုန်၏။ ဤသစ်သီးကြွေကျသကဲ့သို့ သေရခြင်းကို မြင်သောကြောင့် ငါရဟန်း ပြုခဲ့၏။ နိဗ္ဗာန်ရောက်ကြောင်း တိမ်းစောင်းချွတ်လွဲခြင်းမရှိသော ရဟန်းအဖြစ် သည်သာလျှင် မြတ်၏။

အရှင်ရဋ္ဌပါလထေရ်မြတ်သည် ကောရဏ္ဍမင်းအား တရားဟောတော်မူပြီး၍ မြတ်စွာဘုရားအထံသို့ ကြွသွားတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာအရိယာအပေါင်းတို့၏အလယ်၌ စံပါယ်တော်မူလျက် သဒ္ဓါပဗ္ဗဇိတ ဧတဒဂ် ရတော်မူသော အရှင်ရဋ္ဌပါလထေရ်မြတ်၏ ရှေးဘဝတို့၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီသံဘာရ၊ ပုဗ္ဗစရိတ (ရှေးကဖြည့်ကျင့်ခဲ့ဖူးသော)တရားတို့ကို ပြတော်မူလို၍ ဤသို့ ဟောတော်မူ၏။

အရှင်ရဋ္ဌပါလထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးအဖို့၌ သူကြွယ်ဖြစ်ခြင်း၊ ထိုမှလွန်သော် သိကြားမင်းဖြစ်သည်။ သိကြားမင်းဘဝမှ မစုတေမီပင်လျှင် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသည်။ သိကြားမင်းအဖြစ်၌ ရှိနေစဉ်ပင် ပဒုမုတ္တရမြတ်စွာဘုရားအား ပူဇော်ဖွယ်တို့ဖြင့် လှူဒါန်း၍ပူဇော်ခဲ့ပြီး ရဋ္ဌပါလအမျိုး၌ ဖြစ်ရပါစေဟု ဆုတောင်းပြီး စုတေသည်။ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ လူ့ပြည်၌ လူပြန်ဖြစ်ရသည်။ ထိုဘဝ၌ ပဒုမုတ္တရ မြတ်စွာဘုရားအား စီးတော်ဆင်ကို အဆင်တန်ဆာနှင့် ပြည့်စုံစွာ လှူသည်။

http://www.dhammadownload.com

ဆင်ဟူသည် မြတ်စွာဘုရားတို့၏ အသုံးအဆောင် မဟုတ်။ ထိုကြောင့် အလုံးစုံသော အဆင်တန်ဆာနှင့်တကွ ဆင်တော်ကို အဖိုးဖြတ်လျက် ထိုက်တန်သော အဖိုးတို့ဖြင့် သံဃာရာမ ကျောင်းတိုက်ကြီးကို ငါးသောင်းလေးထောင်သော ပြာသာဒ်တို့ဖြင့် ဆောက်လုပ်ကာ အလှူကြီးကို ပေးလှူ၍ မိမိအလိုရှိသော သဒ္ဓါ ပဗ္ဘဇိတ ဧတဒဂ်ဆုထူးကို တောင်းခံခဲ့လေသည်။

အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလတို့၏အတိတ်ကံ

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးအခါ၌ ဟံသာဝတီပြည်ဝယ် သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော သူကြွယ်နှစ်ဦးတို့ ရှိကြသည်။ သူတို့သည် ဆင်းရဲသူ၊ အထီးကျန်သူ၊ သူတောင်းစား၊ ခရီးသွား အစရှိသည်တို့ကို အလှူဒါနဝတ် တည်ထားပြုလုပ်၍ ပေးကမ်းစွန့်ကြဲကြသည်။

ဟိမဝန္တာမှ ရသေ့ငါးရာတို့သည် ဟံသာဝတီပြည်သို့ ရောက်လာကြရာ ထိုသူကြွယ်နှစ်ဦးတို့သည် ရသေ့ငါးရာတို့ကို ထက်ဝက်စီ ခွဲ၍ လုပ်ကျွေးကြကုန်၏။ ရသေ့ငါးရာတို့သည် ကာလအနည်းငယ်မျှသာ ထိုဒေသ၌ နေ၍ ဟိမဝန္တာသို့ ပြန်သွားကြကုန်၏။ ရသေ့ဆရာကြီး နှစ်ပါးသာလျှင် ကျန်ရစ်ခဲ့ကြ၏။

သူကြွယ်နှစ်ဦးတို့သည် ရသေ့ဆရာကြီးနှစ်ပါးကို အသက်ထက်ဆုံး လုပ်ကျွေး ကြကုန်၏။ တစ်ဦးသော ရသေ့ဆရာကြီးက သိကြားမင်း၏ စည်းစိမ်ကို ချီးမွမ်း၍ တရားဟော၏။ တစ်ဦးသော ရသေ့ဆရာကြီးက ဘူမိန္ဒရနဂါးမင်း၏ စည်းစိမ်ကို ချီးမွမ်း၍တရားဟော၏။ သိကြားမင်း၏ စည်းစိမ်တရားကို နာရသော သူကြွယ်သည် သိကြားမင်း၏စည်းစိမ်ကို ဆုတောင်း၍ သေသည်၏နောက်၌ သိကြားမင်းဖြစ်၏။

နဂါးမင်း၏ စည်းစိမ်တရားကို နာရသော သူကြွယ်သည် နဂါးမင်း၏ စည်းစိမ်ကို ဆုတောင်း၍ သေသည်၏နောက်၌ ပါလိတနဂါးမင်းဖြစ်၏။ ထိုပါလိတ နဂါးမင်းသည် သိကြားမင်း၏ အထံသို့သွား၏။ သိကြားမင်းက နဂါးပြည်၌ ပျော်ပါ၏လောဟုမေး၍ နဂါးမင်းက မပျော်ပိုက်ကြောင်း ပြောပြ၏။ နဂါးပြည်၌ နဂါးမင်းဖြစ်နေရသည်ကို မပျော်မွေ့ပါလျှင် ပဒုမုတ္တရမြတ်စွာဘုရားအထံသို့ သွား၍ အလှူပေးပြီးလျှင် ဤတာဝတိံသာနတ်ပြည်၌ဖြစ်စေရန် ဆုတောင်းလော့ဟု သိကြားမင်းက တိုက်တွန်း၏။

ထိုအခါ၌ အရှင်ရာဟုလာလောင်းလျာ နဂါးမင်းသည် ပဒုမုတ္တရမြတ်စွာ ဘုရားကို ရဟန်းတစ်သိန်းနှင့်တကွပင့်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးသည်။

http://www.dhammadownload.com

ထိုအလှူပွဲ၌ ပဒုမုတ္တရမြတ်စွာဘုရား၏ သားတော်အရင်းဖြစ်သော ဥပရေဝတ သာမဏေကို မြင်၍ အားကျကာ အလှူပွဲအပြီး၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား နတ်အဝတ်ပုဆိုးနှင့်အထည်တို့ကို လှူလျက် ဘုရားရှင်၏ သားတော် ဥပရေဝတ သာမဏေကဲ့သို့ ဖြစ်ရပါလို၏ ဟု ဆုတောင်း၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် အနာဂတံသ ဉာဏ်တော်ဖြင့် ကြည့်ရှု၍ နောင်အခါ၌ ဂေါတမ မြတ်စွာဘုရား၏သားတော် ရာဟုလာဟူသောအမည်ဖြင့် ဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၏။

နဂါးမင်းသည် ထိုအကြောင်းကို သိကြားမင်းအထံသို့ သွား၍ပြောကြား၏။ သိကြားမင်းသည်လည်း ထိုအတူပင်လျှင် ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူကာ ခုနစ်ရက်မြောက်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားတပည့် သဒ္ဓါပဗ္ဗဇွိတ ဧတဒဂ်ရသော ရဋ္ဌပါလဟူသော အမည်နှင့်ပင် ဖြစ်ပါစေသောဟု ဆုတောင်း၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ထိုဆုတောင်းခြင်း ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူလျှင် သူ၏ တောင့်းဆုသည် ပြည့်စေသတည်းဟု ဗျာဒိတ်ပေးတော်မူ၏။

ဤသို့ဗျာဒိတ်ရပြီးနောက် သိကြားမင်းအဖြစ်မှစုတေ၍ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် မပြုမီပင်လျှင် ဟံသာဝတီပြည်၌ ရဋ္ဌပါလဟူသောအမည်ဖြင့်ပင်လူ၏ဘဝကို ရပြန်၏။ ထို့ကြောင့် အရှင်ရဋ္ဌပါလထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်ကပင်လျှင် ရဋ္ဌပါလဟူသောအမည် ရှိခဲ့၏။

မြတ်စွာဘုရား၏သားတော်ဖြစ်စေရန် ဆုတောင်းသော နဂါးမင်းသည်လည်း နဂါးမင်းဘဝမှ စုတေ၍ ပဒုမုတ္တရ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီပင်လျှင် ဟံသာဝတီပြည်၌ အမျိုးကောင်းသားဖြစ်ပြန်၏။

ထို့ကြောင့် အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလ တို့သည် ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ နှစ်ဘဝစီဖြစ်၍ နှစ်ကြိမ်စီ ဗျာဒိတ် ရကြသော အရှင်မြတ်တို့ ဖြစ်ကုန်၏။

အရှင်ရဋ္ဌပါလထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

အရှင်သောပါကထေရ် အပဒါန်ဝတ္ထု

အရှင်သောပါကထေရ်သည် ရှေးရှေးသောမြတ်စွာဘုရားတို့အထံ၌ အဓိကာရ ပါရမီဆုတောင်းရှိသောပုဂ္ဂိုလ်ဖြစ်သည်။ ထိုထိုဘဝ၌ ဆင်းရဲမှ လွတ်ကင်းကြောင်း ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးအားထုတ်ပြုလုပ်ခဲ့သည်။ ကိုးဆယ့်လေးကမ္ဘာ ထက်၌ သိဒ္ဓတ္ထမြတ်စွာဘုရားပွင့်တော်မူသောအခါ သူကြွယ်သား ဖြစ်လာခဲ့သည်။ သိ, ကြား, လိမ္မာသော အရွယ်သို့ ရောက်သောအခါ ရဟန်းသံဃာတော်တို့ သီတင်းသုံးရန် တစ်ခုသော ကျောက်တောင်၏ နံဘေးရှိ လိဏ်ခေါင်းကို သုတ်သင် ရှင်းလင်းကာ အုတ်တံတိုင်းနံရံကို ပြုလုပ်သည်။ လေသာပြတင်းပေါက် တံခါးရွက် တို့ကို တပ်ဆင်သည်။ ထိုနေရာသို့ သိဒ္ဓတ္ထ မြတ်စွာဘုရားကြွလာတော်မူသော် မြက်အခင်း တို့ကို ခင်းပြီးလျှင် ပန်းပွင့်တို့ကို ဖြန့်ခင်း၍ လျှူ၏။ သိဒ္ဓတ္ထမြတ်စွာ ဘုရားသည် မြက်အခင်းပန်းမွေ့ရာပေါ်၌ စံပါယ်တော်မူလျက် ဤသို့ဟောတော် မူ၏။

အနိစ္စာ ဝတ သခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

သခါရာ၊ အဆင်း အသံ အနံ့ စသော ရုပ်နာမ်ဓမ္မ သခါရတို့သည်။ အနိစ္စာ ဝတ၊ ဖြစ်ပျက်ပြောင်းလဲ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် တရစပ်ဖြစ်ပျက်၍နေသော သဘောတရားတို့သာလျှင် တည်း။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်ကုန်ပြီး၍ နိရုဇ္ဈန္တိ၊ ခဏမကြာ လျင်မြန်စွာလျှင် ပျက်ကြ ကုန်၏။ တေသံ၊ ထိုဖြစ်ပျက်တရားတို့၏။ ဝူပသမော၊ မဖြစ်ပေါ်လာခြင်းသည်။ သုခေါ၊ ဖြစ်ပျက် မရှိ ပကတိချမ်းသာဖြစ်၏။

တာဝတိံသာ၌ ဖြစ်ရပြီ

ယင်းသို့ ဘုရားရှင်က ဟောတော်မူသော် ဘုရားရှင် ဟောတော်မူသည့်အတိုင်း သခါရတရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေသောကြောင့် အနိစ္စပါတကားဟူ၍ သောပါကထေရ်လောင်းလျာ အမျိုးကောင်းသားသည် တစ်နေ့ပတ်လုံး ဆင်ခြင် စဉ်းစား နှလုံးသွင်းလျက်နေ၏။ အနိစ္စသညာကို နှလုံးသွင်းလျက်နေဆဲခဏတွင် ဖြုတ်ခနဲ သေသွားသဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရလေ၏။

http://www.dhammadownload.com

အပါယ်မကျခဲ့

သူသည် တစ်နေ့ပတ်လုံး အနိစ္စဘာဝနာကိုသာ ပွားများဆင်ခြင်၍နေသော ကုသိုလ်ကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်စံစားရ၏။ ကိုးဆယ့်လေးကမ္ဘာထက်က သိဒ္ဓတ္ထ မြတ်စွာဘုရားအား ပန်းမွေ့ရာဖြင့် ကြဲသော မြက်အခင်းကို တစ်ခဏမျှ စံပါယ်တော်မူရန် ဖြန့်ခင်း၍လှူဒါန်းရသော ကုသိုလ်ကြောင့် လည်းကောင်း၊ အနိစ္စ သညာကို နှလုံးသွင်း၍ ဖြစ်ပျက် မမြဲသော သင်္ခါရသဘောတရားများကို ဆင်ခြင်စဉ်းစား နှလုံးထား ပွားများအပ်သော ဘာဝနာကုသိုလ်ကြောင့်လည်းကောင်း အပါယ်လေးပါးသို့ မကျမရောက်ခဲ့ရပေ။

ဤဘဒ္ဒကမ္ဘာအတွင်း၌ ရှေးဦးစွာ ပွင့်တော်မူသော ကကုသန် မြတ်စွာဘုရားကို ဖူးမြင်ရလျှင် ကြည်ညိုသောစိတ်ရှိသောကြောင့် နွယ်ဖြင့်သီ၍ ဆောင်ယူလာသော သစ်ဆိမ့်သီးတို့၏ အဆံကိုထုတ်ယူကာ မြတ်စွာဘုရားအား ကပ်လှူ၏။

နို့ဆွမ်းလှူခဲ့

ထိုသောပါကထေရ်အလောင်းလျာသည် ရဟန်းသံဃာတော်တို့ကို စာရေးတံမဲချ၍ ဆွမ်းကိုလည်း လှူ၏။ သံဃာတော်မှ ညွှန်ကြားသော ရဟန်းသုံးပါးကိုလည်း တစ်သက်ပတ်လုံး နို့ရည်ဖြင့် စီရင်အပ်သော ခီရဘတ္တဆွမ်းကိုလည်း လှူ၏။ ထိုကုသိုလ်တို့ဖြင့် လူ့ပြည်နတ်ပြည် ကျင်လည်လာခဲ့သည်။ ငါတို့ ဂေါတမမြတ်စွာဘုရားမပွင့်မီကာလကလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးအား ခီရဘတ္တနို့ဆွမ်းကို လှူခဲ့ပြန်၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ အရှင်ဥပါလိထေရ်ကဲ့သို့ တစ်စုံတစ်ခုသော မကောင်းမှုကံကြောင့် မထင်ရှားသော သူဆင်းရဲမ၏ဝမ်း၌ ပဋိသန္ဓေ တည်နေရသည်။ သူ့ကိုဖွားမြင်ရန် နေ့ရက်စေ့သောအခါ အမိသည် မဖွားမြင်နိုင်ဘဲ သူသေကဲ့သို့ လဲ၍နေ၏။ ဆွေမျိုးတော်သူတို့သည် သေပြီမှတ်ထင်၍ သုသာန်သို့ ယူဆောင်ပြီး ထင်းပုံထက်၌ တင်ထားကာ မီးသင်္ဂြိုဟ်ရန် စီစဉ်ကြသည်။ နတ်တို့၏အာနုဘော်ကြောင့် မိုးကြိမ်းလေကြိမ်းတိုက်ခတ်ရွာသွန်းလာသဖြင့် ဆွေမျိုးတို့သည် သူမ၏ရုပ်အလောင်းကို မီးမရှို့ဘဲ ပြန်သွားကြကုန်၏။

နတ်တို့ ကယ်မပုံ

သူငယ်သည် နိဗ္ဗာန်ရမည့်သူ ဇကန်မုချမှန်သောကြောင့် နတ်တို့၏အာနုဘော်ကြောင့် အနာရောဂါမရှိဘဲ အမိဝမ်းမှကျွတ်၏။ အမိသည် ထိုထင်းပုံထက်၌ပင်လျှင်

http://www.dhammadownload.com

သေဆုံးသွား၏။ နတ်တို့သည် လူ၏အသွင်ကိုဆောင်၍ ထိုသူငယ်ကို ယူပြီးလျှင် သုသာန်စောင့်၏အိမ်၌ ထားသည်။ သင့်လျော်သောအစာကိုလည်း ကျွေးမွေးစေ၏။

သုသာန်စောင့် စဏ္ဍာလသူကြီးသည် သူငယ်ကို သူ၏သားအဖြစ် မွေးစားပြီး "သောပါက"ဟူသောအမည်ကိုပေး၏။ သုသာန်စောင့်သူကြီးတွင် သုပ်ပွဲယမည်သော သားအရင်းတစ်ဦးလည်း ရှိ၏။

ဘုရားရှင်ကြွလာပုံ

တစ်နေ့တွင် မြတ်စွာဘုရားသည် နံနက်စောစောအခါ၌ ရွှေဉာဏ်တော်ကွန်ရက်ကို ဖြန့်ကျက်၍ ဆင်ခြင်တော်မူလျှင် ထိုသတို့သားကို မြင်တော်မူသဖြင့် သုသာန်သို့ ကြွလာတော်မူ၏။ ခုနစ်နှစ်သားအရွယ်မျှသာ ရှိသေးသော သူငယ်သည် ရှေးပါရမီကုသိုလ်ရှိသူ ဖြစ်သဖြင့် ဘုရား တရားကို ကြည်ညိုသောစိတ်ရှိရကား မြတ်စွာဘုရားအထံသို့ လာပြီးလျှင် လက်အုပ်ချီကာ ရှိခိုးလျက် ရပ်နေ၏။

ရှင်သာမဏေဖြစ်ရန် တောင်းပန်

မြတ်စွာဘုရားသည် သောပါက သူငယ်အား တရားစကား ဟောကြားတော်မူ၏။ သောပါကသူငယ်သည် တရားတော်ကိုကြားနာရလျှင်ပင် ဘုရားရှင်ထံ၌ ရှင်သာမဏေအဖြစ်ကို တောင်းပန်၏။

အဖဖြစ်သူက ခွင့်ပြု၏လောဟု ဘုရားရှင် မေးတော်မူလျှင် သောပါက သူငယ်သည် အဖဖြစ်သော သုသာန်စောင့်သူကြီးကို ဘုရားရှင်ရှေ့တော်မှောက်သို့ ခေါ်ဆောင်၍ ပြသ၏။ အဖ သုသာန်စောင့်သူကြီးသည် ဘုရားရှင်ထံ ရောက်သော အခါ မြတ်စွာဘုရားကို ရှိခိုးလျက် ဤသူငယ်ကို ရှင်သာမဏော ပြုပေးတော်မူပါ ဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည် သူငယ်အား ရှင်သာမဏော ပြုပေးတော်မူပြီးလျှင် မေတ္တာဘာဝနာပွားနည်းကို ဟောကြားညွှန်ပြတော်မူ၏။

သောပါက သာမဏော ရဟန္တာဖြစ်ပုံ

သောပါကသာမဏောသည် ဘုရားရှင်ထံမှ မေတ္တာဘာဝနာပွားနည်းကို သင်ယူ၍ သုသာန်၌ပင် မေတ္တာဘာဝနာကို ပွားများသည်။ ဤသို့ဖြင့် မေတ္တာစျာန်ကို ရရှိသည်။ မေတ္တာစျာန်ကိုရလျှင် ထိုစျာန်ကို အခြေပြုကာ ဝိပဿနာရှုသောကြောင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

http://www.dhammadownload.com

ခုနစ်နှစ်သားအရွယ်၌ ရဟန္တာဖြစ်တော်မူသော ရှင်သောပါက သာမဏေသည် သုသာန်၌ပင်လျှင် အဖ၏အလုပ်အကျွေးကို ခံယူလျက်နေထိုင်သည်။ သုသာန်သို့ ရောက်လာကြသော သုသာန်ခုတ်ဆောင် ရဟန်းတို့အား မေတ္တာဘာဝနာပွားနည်းကို ဤသို့ဟောတော်မူ၏။

ယထာဝိ ဧကပုတ္တသ္မိံ၊ ပိယသ္မိံ ကုသလီ သိယာ။
ဧဝံ သဗ္ဗေသု ပါဏေသု၊ သဗ္ဗတ္ထ ကုသလော သိယာ။

အာဝုသော၊ ငါရှင်တို့။ မာတာ၊ အမိသည်။ ပိယသ္မိံ၊ ချစ်ခင်သော။ ဧကပုတ္တသ္မိံ၊ တစ်ယောက်တည်းသောသား၌။ ကုသလီ၊ ကောင်းသည်ကိုသာ အလိုရှိသည်။ ဝါ၊ ဘေးကင်း၍ ချမ်းသာခြင်းကိုသာ အလိုရှိသည်။ သိယာယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ပါဏေသု၊ သတ္တဝါတို့၌။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ် အလုံးစုံသောဘဝ အလုံးစုံသောအရွယ်၌။ ကုသလော၊ ကောင်းသည်ကိုသာ အလိုရှိသည်။ ဝါ၊ ဘေးကင်း၍ ချမ်းသာခြင်းကိုသာ အလိုရှိသည်။ သိယာ၊ ဖြစ်ရာ၏။

ပဥ္စာဗျာကရဏ သောပါကထေရ်

(ဤသောပါကထေရ်သည် အဆုံးဘဝ၌ ဒွန်းစဏ္ဍားမျိုးတွင် ပဋိသန္ဓေနေ၍ သောပါကဟူသော အမည်ဖြင့်လူဖြစ်ရ၏ဟု အချို့ဆရာတို့က ဝါဏိဇအမျိုးမျိုး၌ ဖြစ်ကြ၏။ သောပါကဟူ၍ နာမည်မျှသာလျှင် ခေါ်သည်ဟုဆိုကြကုန်၏။)

သူမွေးဖွား၍ သူငယ်အဖြစ်သို့ ရောက်သောအခါ အဖသေဆုံး၍ ဘထွေးနှင့် နေရ၏။ ခုနစ်နှစ်သားအရွယ်ရှိသောအခါ ဘထွေး၏ သားရင်းနှင့် သူငယ်တို့ ခိုက်ရန်ဖြစ်သောကြောင့် ဘထွေးက အမျက်ထွက်ကာ သူ့ကို သုသာန်သို့ဆောင်ယူပြီးလျှင် ခွေး၊ မြေခွေးတို့ စားစေရန် ကြိုးတို့ဖြင့် တုပ်ချည်ပြီး ထားခဲ့၏။ ပစ္ဆိမဘဝိက နောက်ဆုံးဘဝ လူဖြစ်ရသူ သူငယ်ဖြစ်၍ အသက်၏အန္တရာယ် တစ်စုံတစ်ရာ မရှိပေ။ ညဉ့်သန်းခေါင်ရောက်သောအခါ သူငယ်က ဤသို့ မြည်တမ်း၍ နေ၏။

ကာဂတိ မေ အဘဝိဿ၊ ကော ဝါ ဗန္ဓု အဗန္ဓုနော။
သုသာနမဇ္ဈေ ဗန္ဓဿ၊ ကော မေ ဘဝဿ ဒါယကော။

မေ၊ ငါအား။ ကာဂတိ၊ အဘယ်သို့သော လားရာသည်။ အဘဝိဿ၊ ဖြစ်လေသနည်း။ သုသာနမဇ္ဈေ၊ သုသာန်သချိုင်း အလယ်၌။ ဗန္ဓဿ၊ ချည်နှောင်

http://www.dhammadownload.com

တုပ်ထားသည်ကို ခံရသော်။ အဗန္ဓုနော၊ အဆွေအမျိုးမရှိသော။ မေ၊ ငါ၏။ ဘ၀ဿ၊ ဘ၀ကို။ ဒါယကော၊ ပေးတတ်သော။ ဗန္ဓု၊ အဆွေအမျိုးသည်။ ကော၀ါ၊ အဘယ်သူရှိပါမည်နည်း။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် လောကကို ကြည့်ရှုတော်မူသော် သူငယ်၏နှလုံးအတွင်း၌ တောက်ပထိန်လင်း၍နေသော ရဟန္တာဖြစ်ကြောင်း ဖြစ်မည့် မိုးရောင်ကို မြင်တော်မူလျှင် ရောင်ခြည်တော်ကိုဖြန့်၍ ဤသို့ ဟောတော်မူ၏။

ဧဟိ သောပါက မာ ဘာယိ၊ ဩလောကသု တထာဂတံ။
အဟံ တံ တာရယိဿာမိ၊ ရာဟု မုခေ၀ စန္ဒိမံ။

သောပါက၊ ချစ်မြေး သောပါက။ ဧဟိ၊ လာခဲ့။ မာဘာယိ၊ မကြောက်လင့်။ တထာဂတံ၊ ငါဘုရားကို။ ဩလောကသု၊ ကြည့်ရှုဖူးမြင်လော့။ အဟံ၊ ငါဘုရားသည်။ တံ၊ သင်ချစ်မြေးကို။ တာရယိဿာမိ၊ ကယ်တင်တော်မူအံ့။ ရာဟုမုခေ၊ ရာဟုခံတွင်း၌။ စန္ဒိမံ၊ လကို။ တာရယိဿမိ'ဣဝ၊ ကယ်တင်သကဲ့သို့တည်း။ ဝါ၊ ငါကယ်တင်သကဲ့သို့။ တံပိ၊ သင်ချစ်မြေးကိုလည်း။ တာရယိဿာမိ၊ ငါကယ်တော်မူအံ့။

သောပါကသူငယ်သည် မြတ်စွာဘုရား တန်ခိုးတော်ဖြင့် အနောင်အဖွဲ့မှလွတ်ကာ ဂါထာအဆုံး၌ သောတာပန်တည်လေ၏။

သားကို အမိကရုဏာဖွေသော်

သောပါက၏ အမိသည် သားကိုမမြင်၍ ဘထွေးကို မေးမြန်းသော်လည်း မေး၍မရသဖြင့် လှည့်လည်ရှာဖွေရာ မြတ်စွာဘုရားထံသို့ ရောက်လာ၏။ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် မိခင်ဖြစ်သူက သားကိုမမြင်စေရန်ထား၏။ သူငယ်၏မိခင်က မြတ်စွာဘုရားအား တပည့်တော်မ၏သားကို တွေ့မြင်မိပါသလားဟု မေးလျှောက်သောအခါ မြတ်စွာဘုရားက တရားတော်ကိုသာ ဟောကြားသည်။ တရားအဆုံး၌ သောပါကအမိသည် သောတာပန် တည်လေ၏။ သောပါကသူငယ်သည်လည်း အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုအခါ မြတ်စွာဘုရားက တန်ခိုးတော်ကို ရုပ်သိမ်းလိုက်ရာ အမိသည် သားကိုမြင်လျှင် ရွှင်လန်းသောစိတ်ဖြင့် အလွှာပသလွှာပစကားပြောဆိုသည်။ သားရဟန္တာဖြစ်သည်ကို သိလျှင် ရှင်ပြုစေရန် အပ်နှံ၍ မိခင် ပြန်သွား၏။

http://www.dhammadownload.com

သောပါက သူငယ်အား မြတ်စွာဘုရားသည် ဂန္ဓကုဋိကျောင်းတော်အရိပ်၌ စင်္ကြံသွားရင်း ပဉ္စင်းအဖြစ်ကို ပေးတော်မူလို၍ "ဧကံ နာမ ကိ"ံတစ်ခုဟူသည်ကား အဘယ်နည်းဟူသော ပုစ္ဆာတို့ကို မေးတော်မူသည်။

ထိုအခါ ရှင်သောပါကက "ဧကံ နာမ, သတ္ထေသတ္တာ အာဟာရဋ္ဌိတိကာ" (သတ္တဝါတို့သည် အာဟာရတစ်ခုတည်း၌သာ တည်မှီပါသည်)ဟု ဖြေကြားသော အခါ ဘုရားရှင်က ပဉ္စင်းအဖြစ်ကို ပေးတော်မူသည်။ ထို့ကြောင့် အရှင်သောပါကသည် ပဥ္စာဗျာကရဏဥပသမွဒါပြဿနာကို ဖြေရှင်းခြင်းဖြင့် ရဟန်းအဖြစ်ကို ရလေသည်။

သောပါကဆေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်သုမင်္ဂလဆေရ် အပဒါန်ဝတ္ထု

အရှင်သုမင်္ဂလဆေရ်သည် ကမ္ဘာပေါင်းတစ်ထောင့်ရှစ်ရာအထက်တွင် ပွင့်တော်မူသော ပိယဒဿီမြတ်စွာဘုရားလက်ထက်၌ ဥစ္စာပေါများသော အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။ မြတ်သောဗြာဟ္မဏတို့ကို ဆွမ်းကျွေးလို၍ ဘောဇဉ်တို့ကို စီရင်ချက်ပြုတ်ပြီး အိမ်ရှေ့တလင်း၌ သဲဖြူခင်းကာ မျှော်လင့်စောင့်စားနေ၏။

စိတ်ထဲမှ ဘုရားရှင်ကို ဖိတ်ကြား

ထိုအခါ ပိယဒဿီမြတ်စွာဘုရားသည် သံဃာတော်အပေါင်းနှင့်တကွ ဆွမ်းခံကြွလာတော်မူလျှင် ထိုအရှင်သုမင်္ဂလလောင်းလျာ အမျိုးကောင်းသားသည် ကြည်ညိုသောစိတ်ဖြစ်၍ မြတ်စွာဘုရား ကြွလာတော်မူပါဘုရားဟု စိတ်ဖြင့် ပင့်ဖိတ်၏။ ပိယဒဿီမြတ်စွာဘုရားသည် အမျိုးကောင်းသားစိတ်ဖြင့် ပင့်ဖိတ်သည်ကို သိတော်မူလျှင် ထိုအမျိုးကောင်းသား၏ အိမ်တံခါးဝသို့ ဆွမ်းခံကြွတော်မူ၏။

ထိုအခါ အမျိုးကောင်းသားသည် ပြာသာဒ်ပေါ်သို့ ရဟန်းသံဃာတော်နှင့်တကွ မြတ်စွာဘုရားကိုပင့်၍ ကောင်းမွန်စွာ ပြင်ဆင်ထားသော ဘောဇဉ်ခဖွယ်

http://www.dhammadownload.com

အစာအာဟာရအာမိသတို့ကို ကပ်လှူ၏။ ပိယဒဿီမြတ်စွာဘုရားသည် ဆွမ်းလှူဒါန်းရခြင်း၏အကျိုးကို ပြတော်မူလို၍ ဤသို့ မိန့်ကြားတော်မူ၏။

ဘုရားရှင်ဟောကြားချက်

တစ်ဆယ့်ရှစ်ကမ္ဘာထက်က ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အားဆွမ်းလှူခဲ့သော ကုသိုလ်ကြောင့် နောက်ဆုံးဘဝ ရဟန္တာဖြစ်သည်တိုင်အောင် လူ့ပြည်နတ်ပြည်တို့၌သာ ဖြစ်ရ၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးသို့ တစ်ကြိမ်တစ်ခါမျှမကျဘဲ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစား၍ နေရလတ္တံ့ဟု မိန့်တော်မူ၏။

ရဂ္ဂစိုးနတ်ဘဝ

အရှင်သုမင်္ဂလထေရ်လောင်းလျာသည် ပိယဒဿီမြတ်စွာဘုရား၏နောက်တစ်ကမ္ဘာအတွင်း၌ ပွင့်တော်မူသော အတ္ထဒဿီမြတ်စွာဘုရား လက်ထက်တွင် ရဂ္ဂစိုးနတ် ဖြစ်၏။ ထိုရဂ္ဂစိုးနတ်သည် တစ်ဖက်ဆည်ရေကန်တစ်ခု၏အနီး၌ မိမိဘုံဗိမာန်ဖြင့် နေ၏။

ရဂ္ဂစိုးနတ်က ပူဇော်ပြီ

တစ်နေ့သောအခါ၌ အတ္ထဒဿီမြတ်စွာဘုရားသည် ရေသပွာယ်တော်မူလို၍ ထိုတစ်ဖက်ဆည်ကန်၌ ရေသပွယ်တော်မူပြီးလျှင် ရေကန်မှတက်တော်မူပြီးနောက် တစ်ထည်သော သင်္ကန်းတော်ဖြင့် ရပ်တော်မူနေ၏။ ထိုအခါ ရဂ္ဂစိုးနတ်သည် မိမိဗိမာန်၌နေရင်း မြတ်စွာဘုရားကိုမြင်သဖြင့် ကြည်ညိုခြင်းရှိရကား လက်ပန်းပေါက်ခတ်လျက် နတ်တို့၏တူရိယာဖြင့် ပူဇော်၏။

ထိုရဂ္ဂစိုးနတ်ဘဝမှ စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်၏။ နတ်ပြည်မှစုတေပြန်လျှင် လူ့ပြည်၌ဖြစ်၍ စကြာမင်း ကိုးဆယ့်နှစ်ကြိမ်ဖြစ်၏။ ငါတို့ဘုရားရှင် လက်ထက်၌ လူဖြစ်လာ၍ ရဟန်းပြုသည်။

ပစ္စုပ္ပန်ဝတ္ထု

အရှင်သုမင်္ဂလထေရ်လောင်းလျာသည် နောက်ဆုံးဖြစ်သော ယခုဘဝ၌သာဝတ္ထိပြည်အနီး တစ်ခုသောရွာငယ်၌ သူဆင်းရဲမျိုးတွင်ဖြစ်နေရသည်။ သူသည်

http://www.dhammadownload.com

ငါ့ ။ဒွိဇလျှာယဉ် ထိုးပြသောခန်းငါးပွဲတွင် ဖြစ်ပြုပုံဝယ်ဆိတ်ကဖြစ် ကြွေတွင်းပန်းဇွန်ကို ပွါတန်းပြီးဖြစ် ။ဧးဆိုက်ပွတ်ကောင်းလေ

http://www.dhammadownload.com

http://www.dhammadownload.com

ပေါက်တူးပေါက်ပြား၊ ထွန်တုံး၊ထယ်တုံး တံဇဉ်တို့ဖြင့် လယ်ထွန်ခြင်း၊ ယာထွန်ခြင်း၊ စပါးရိတ်ခြင်း၊ မြေတူးခြင်း စသော အလုပ်တို့ဖြင့် အသက်မွေးမှုပြုရ၏။

မထေရ်ကြီးထံ ရဟန်းပြုခဲ့

တစ်နေ့သ၌ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား ရဟန်းသံဃာတော်အပေါင်းနှင့်တကွ ကြီးစွာသော အလှူကြီးကို ပေးလှူသည်။ မထေရ်လောင်းလျာသည် ဆွမ်းချက်ရန် ထင်း၊ အိုးခွက် စသည်တို့ကို ထမ်းပိုးယူဆောင်လာကြသူတို့နှင့်အတူ နို့ဓမ်း ဒိန်ခဲထည့်သောအိုးကို ထမ်း၍လိုက်လာသည်။ ရဟန်းတို့အား လူအပေါင်းတို့က လှူဒါန်းပူဇော်သည်ကို မြင်သော် ငါသည်လည်း ရဟန်းပြု၍နေတော့အံ့ဟု ကြံပြီးလျှင် မထေရ်ကြီးတစ်ပါးအားချဉ်းကပ်၍ ရဟန်းပြုလိုသောအကြောင်းကို လျှောက်ထားသည်။ မထေရ်ကြီးသည်လည်း ထိုသုမင်္ဂလမည်သော သူဆင်းရဲအား ရဟန်းပြုပေးပြီးလျှင် ကမ္မဋ္ဌာန်းနည်းကို သင်ပြပြောဟော၏။

သံဝေဂဖြစ်ရပုံ

ရဟန်းဖြစ်သောအခါ အရှင်သုမင်္ဂလသည် တောကျောင်း၌ တစ်ပါးတည်းနေသည်။ သို့သော် အချိန်ကြာလာသော် ပျင်းရိခြင်းဖြစ်၍ လူထွက်လိုသောစိတ်ဖြစ်ပေါ်လာသဖြင့် ရွာသို့သွားသည်။ လမ်းခရီးအကြား၌ ဟောင်းနွမ်းညစ်ပေသော ပုဆိုးတို့ကို ခါးတောင်းကျိုက်လျက် ဖုန် မြူမှုန် အလိမ်းလိမ်းတို့ဖြင့် လူအပေါင်းတို့ လယ်ယာ ထွန်ယက်လုပ်ကိုင်၍ နေကြသည်ကို မြင်လေသည်။ ထိုသို့မြင်သောအခါ ဤသူတို့သည် အသက်မွေးမှုကိစ္စကိုလုပ်ကိုင်နေကြရသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစား၍နေကြရပါတကားဟု သံဝေဂစိတ် ဖြစ်တော်မူသည်။

အရှင်သုမင်္ဂလထေရ်သည် လယ်သမား, ယာသမား, ဆင်းရဲသားများ၏ ဘဝသည် ဒုက္ခအဖုံဖုံ ဆင်းရဲမျိုးစုံနှင့်သာ ပြွမ်းတီး၍နေ၏။ အကယ်၍ ငါသည် လူ့ဘောင်သို့ ကူးပြောင်းသွားခဲ့လျှင် ငါ့၌ ဤဆင်းရဲတို့သည် မလွဲမသွေ ကြုံတွေ့နေရမည်မှာ မုချဖြစ်သည်။ ယခုငါသည် ရဟန်းဖြစ်နေ၍သာ ဤဒုက္ခများမှ လွတ်ကင်းရ၏။ ငါသည် ရှေ့ဆက်၍ ဘဝဆင်းရဲမှ လွတ်ကင်းအောင် မမေ့မလျော့သော သတိဝီရိယဖြင့် အားထုတ်အံ့ဟု ကြံလျက် သစ်ပင်ရင်း တစ်ခုတွင်

http://www.dhammadownload.com

ထိုင်လျက် ကမ္ဘာန်းတရား စီးဖြန်းအားထုတ်ရာ ပါရမီပုညသမ္ဘာရရင့်သန်ပြီးသူ ဖြစ်ရကား မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာဖြစ်တော်မူ၏။

အရှင်သုမင်္ဂလထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်သုဘူတိထေရ် အပဒါန်ဝတ္ထု

အနာထပိဏ်ဆု သူဌေးကြီး၏ညီ အရှင်သုဘူတိထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရားမပွင့်မီ ရှေးနှစ်ပေါင်းသုံးသောင်းထက်က ဟံသာဝတီနေပြည်တော်ကြီးတွင် ဗြာဟ္မဏ မဟာသာလပုဏ္ဏားသူဌေး၏ တစ်ဦးတည်းသောသား ဖြစ်သည်။ နန္ဒလုလင်ဟု အမည်မှည့်ကြ၏။

ရဿေဘဝဖြင့်

ထိုနန္ဒလုလင်အရွယ်ရောက်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်သည်။ ထိုဗေဒင်ကျမ်းတို့၌ အနှစ်သာရမရှိသည်ကိုသိသဖြင့် ရဿေရဟန်းပြုသည်။ ဟိမဝန္တာတောင်၏အနီး နိသဘအမည်ရှိသောတောင်၌ သစ်ရွက်မိုးသောကျောင်းကို ဆောက်လုပ်ကာ တစ်ပါးတည်း သီတင်းသုံးနေထိုင်သည်။ အလိုလိုကြွေကျသော သစ်ရွက်သစ်သီးတို့ကိုသာ ကောက်ယူစားသုံး၏။

ထိုနန္ဒလုလင်သည် ဆဲကျစ်ရဿေဖြစ်သောအခါ ကောသိယရဿေဟူ၍ နာမည်ကျော်၏။ သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးတို့ကိုလည်းရ၏။

ထို့နောက် လေးသောင်းလေးထောင်ကုန်သော လုလင်တို့သည်လည်း ထို ကောသိယရဿေနှင့်အတူ ရဿေပြုလုပ်နေကြကုန်၏။ အလုံးစုံသော ရဿေတို့သည် ကောသိယရဿေ ညွှန်ကြားဆုံးမသည့်အတိုင်း ကမ္ဘာန်းကို အားထုတ်ကြကုန်၍ ဈာန်အဘိညာဉ်ကို ရကြကုန်၏။

ပဒုမုတ္တရဘုရားရှင် ကြွလာပြီ

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသည်။ တစ်နေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် မဟာကရုဏာဉာဏ်တော်ဖြင့် သတ္တလောကကို ကြည့်ရှု

http://www.dhammadownload.com

တော်မူသည်ရှိသော် ကောသိယရသ္မေ၏ တပည့်အပေါင်းတို့ ရဟန္တာဖြစ်အံ့သော အကြောင်းကို လည်းကောင်း၊ ဆရာဖြစ်သော နန္ဒကောသိယရသ္မေ၏ အင်္ဂါနှစ်ပါး ပြည့်စုံသော မဟာသာဝက ဆုတောင်းမည့်အကြောင်းကိုလည်းကောင်း မြင်တော်မူသဖြင့် သပိတ်သင်္ကန်းကို ယူ၍တော်မူကာ တစ်ပါးတည်း ကြွတော်မူလာသည်။ ဘုရားရှင်သည် ကောသိယရသ္မေ၏တပည့်အပေါင်းတို့ သစ်သီးရှာသွားကြစဉ် နန္ဒကောသိယရသ္မေမြင်အောင် ကောင်းကင်မှ ဆင်းသက်တော်မူ၏။

ခရီးဦးကြိုဆို

ရသ္မေသည် မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးငယ်တို့ကို ကြည့်ရှုဆင်ခြင်၍ ဤလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနှင့် ပြည့်စုံသောယောကျ်ားမြတ်သည် အိမ်ရာတည်ထောင်လျှင် စကြာမင်းဖြစ်မည်။ ရဟန်းပြုလျှင် ဘုရားစင်စစ် ဧကန်ဖြစ်ရမည်ဟုဆင်ခြင်ပြီးသော် ဤအာဇာနည်ယောကျ်ားမြတ်ကား စကြာမင်း မဟုတ်နိုင်။ ဘုရားစင်စစ်ဖြစ်မည်ဟု ဆုံးဖြတ်လျက် နေရာမှထကာ ခရီးဦးကြိုဆိုသည်။

ထိုခဏ၌ပင် လေးသောင်းလေးထောင်သော တပည့်ရသ္မေတို့သည် ဩဇာအရသာရှိကုန်သော သစ်သီးကြီးငယ်တို့ကို ယူဆောင်၍ ဆရာ၏အထံသို့ ပြန်လာကြသည်။ မြတ်စွာဘုရားနှင့် ရသ္မေဆရာ နေထိုင်ပုံကို ကြည့်ရှုပြီးလျှင် ဤသို့ မေးမြန်းကြကုန်၏။ ဤလောက၌ ဆရာထက်ကြီးမြတ်သာလွန်သူမရှိဟု မှတ်ထင်ပါကုန်၏။ ဤယောကျ်ားမြတ်ကား ဆရာတို့ထက်ကြီးမြတ်သာလွန်သူပေလော။

ထိုအခါ ဆရာရသ္မေက အမောင်တပည့်တို့၊ မုနိညင်းစေ့နှင့် မြင်းမိုရ်တောင်ကို နှိုင်းယှဉ်သကဲ့သို့ မြတ်စွာဘုရားနှင့် ငါဆရာတို့ကို မနှိုင်းယှဉ်ကြကုန်လင့်ဟု ပြောရာ တပည့်ရသ္မေအပေါင်းတို့သည် ပဒုမုတ္တရ မြတ်စွာဘုရားကို ဦးတိုက်၍ ရှိခိုးကြကုန်၏။

သစ်သီးကြီးငယ်တို့ကို လှူဒါန်း

ထိုအခါ ဆရာရသ္မေကြီးက အမောင်တပည့်တို့၊ ငါတို့မှာ မြတ်စွာဘုရားအား ထိုက်သင့်သော လှူဖွယ်ဝတ္ထုသည် မရှိ၊ ယခု မြတ်စွာဘုရားသည်လည်း ဆွမ်းဘုဉ်းပေးချိန်အခါ၌ ရောက်လာတော်မူ၏။ ထို့ကြောင့် ငါတို့သည် တတ်စွမ်း

http://www.dhammadownload.com

နိုင်သလောက်သော လှူဖွယ်ဝတ္ထုကို လှူကြကုန်အံ့။ သင်တို့ဆောင်ယူခဲ့သော သစ်သီးကြီးငယ်တို့တွင် ကောင်းသည်ထက် ကောင်းမွန်သော သစ်သီးတို့ကို ရွေးချယ်၍ ယူခဲ့ကြကုန်လော့ဟု ပြောဆိုညွှန်ကြားပြီး မိမိလက်ဖြင့် သစ်သီးကြီးငယ်တို့ကို ရေဆေးပြီးလျှင် ကိုယ်တိုင်ပင် မြတ်စွာဘုရား၏ သပိတ်တော်အတွင်းသို့ သစ်သီးတို့ကို လောင်းထည့်ကပ်လှူ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် သစ်သီးတို့ကို အလှူခံတော်မူကာမျှ၌ နတ်တို့သည် နတ်သြဇာကို ထည့်လောင်းကြကုန်၏။ ဆရာရသေ့ကြီးသည် သောက်တော်ရေကိုလည်း ကိုယ်တိုင်စစ်၍ ကပ်လှူ၏။ မြတ်စွာဘုရား သစ်သီးဆွမ်းတို့ကို သုံးဆောင်တော်မူပြီးသောအခါ အလုံးစုံသောတပည့်တို့ကို ခေါ်၍ မြတ်စွာဘုရား အထံ၌ အသက်ထက်ဆုံး အောက်မေ့သတိရဖွယ်သော သာရဏီယစကားတို့ကို ပြောဆိုလျှောက်ကြားလျက် ထိုင်နေကြကုန်၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ရဟန်းသံဃာတို့ လာစေသတည်းဟု အဓိဋ္ဌာန်တော်မူလျှင် တစ်သိန်းမျှသော ရဟန္တာတို့ ရောက်လာကြသည်။ ထိုအခါ၌ ကောသိယရသေ့သည် တပည့်ရသေ့တို့ကို ခေါ်၍ အမောင်တပည့်တို့၊ ယနေ့ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား မွန်မြတ်ကြီးကျယ်သော ပူဇော်ခြင်းကို ပြုလုပ်ခြင်းငှာ သင့်၏။ ဟိမဝန္တာတောင်ခြေမှ အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းတို့ကို ဆောင်ယူကြကုန်လော့ဟု မှာကြားပြောဆိုလေသည်။

အဘိညာဉ်တန်ခိုးရှိကုန်သော တပည့်ရသေ့တို့သည် တစ်ခဏချင်းဖြင့် အဆင်းအနံ့နှင့်ပြည့်စုံသောပန်းတို့ကို ဆောင်ယူပြီးလျှင် မြတ်စွာဘုရားသီတင်းသုံး နေတော်မူရန် ပန်းမွေ့ရာကို ခင်းကြကုန်၏။ အဂ္ဂသာဝကရဟန္တာတို့နှင့် ကြွင်းသောရဟန္တာတို့၏ နေရာတို့ကိုလည်း ပန်းမွေ့ရာခင်းထားကြကုန်၏။

ကောသိယရသေ့ကြီးသည် ပဒုမုတ္တရမြတ်စွာဘုရားအား ပန်းမွေ့ရာထက်သို့ တက်တော်မူ၍ သီတင်းသုံးနေတော်မူပါဟု လျှောက်ကြားသည်။ ပဒုမုတ္တရ မြတ်စွာဘုရားနှင့်တကွ သံဃာတို့သည်လည်း ပန်းမွေ့ရာတို့ထက်၌ သီတင်းသုံးနေကြကုန်၏။

ပန်းထီးကို ကိုင်ကာ

ဆရာရသေ့ကြီးသည် ကြီးစွာသော ပန်းထီးကြီးကို ကိုင်၍ မြတ်စွာဘုရားအား ဆောင်းမိုးလျက် ရပ်နေ၏။

http://www.dhammadownload.com

ဤရသေ့အပေါင်းတို့၏ ပူဇော်ခြင်း ကုသိုလ်စေတနာသည် ကြီးသော အကျိုး ဖြစ်စေသတည်းဟု နှလုံးပြု၍ ပဒုမုတ္တရ မြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ အလုံးစုံသော ရဟန္တာအပေါင်းတို့သည်လည်း နိရောဓသမာပတ်ကို ဝင်စား၍ သီတင်းသုံးနေတော်မူကြကုန်၏။ ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားနှင့်တကွ ရဟန္တာအပေါင်းတို့ နိရောဓသမာပတ်ကို ဝင်စား၍ ပတ္တမြားဆင်းတုတော်တို့ကဲ့သို့ ငြိမ်သက်စွာ အပူဇော်ခံတော်မူကြ၏။ ဤခုနစ်ရက်အတွင်း ဆွမ်းစားချိန်ရောက်တိုင်း တပည့်ရသေ့အပေါင်းတို့သည် သစ်မြစ်သစ်ဥ သစ်သီးသစ်ရွက်တို့ကို စားသုံးကြသည်။ ကျန်အချိန်ကာလတို့၌ နိရောဓသမာပတ် ဝင်စား၍ နေတော်မူကြကုန်သော မြတ်စွာဘုရားနှင့်တကွ ရဟန္တာအရှင်မြတ်တို့ကို မတ်တပ်ရပ်လျက် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကာ နေကြကုန်၏။

ဆရာဖြစ်သော ရသေ့ကြီးသည်ကား ခုနစ်ရက်ပတ်လုံး မစားမသောက် မတ်တတ်ရပ်လျက်သာလျှင် ပန်းထီးကြီးကို ကိုင်လျက် ပူဇော်ခြင်း ပြု၍နေသည်။ ဝမ်းမြောက်နှစ်သက်ခြင်း ပီတိသုခကို ခံစား၍နေသောကြောင့် မစားမသောက် နေနိုင်ခြင်း ဖြစ်သည်။

မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူလျှင် ရဟန်းတစ်ပါးကို ရသေ့အပေါင်းတို့အား ပန်းမွေ့ရာခင်း၍ ပူဇော်သော ကုသိုလ်စေတနာကို ဝမ်းမြောက်ခြင်းဖြစ်စေရန် အနုမောဒနာတရား ဟောကြားလော့ဟူ၍ တိုက်တွန်းတော်မူ၏။

တပည့်တို့ ရဟန္တာဖြစ်ကြပြီ

ရဟန်းသည် အနုမောဒနာတရားဟောကြားလေ၏။ ထိုရဟန်းဟောသော တရားပြီးဆုံးသောအခါ မြတ်စွာဘုရားသည် ရသေ့အပေါင်းတို့၏ အဇ္ဈာသယ အားလျော်သော တရားကို ဟောတော်မူ၏။ တရားတော်အဆုံး၌ တပည့်ရသေ့အပေါင်းတို့သည် ရဟန္တာဖြစ်ကြကုန်သည်။ မြတ်စွာဘုရားက "ဧဟိဘိက္ခု" ခေါ်တော်မူသဖြင့် ရသေ့အသွင် ကွယ်ပျောက်ကာ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် မြတ်စွာဘုရားကို ဝန်းရံ၍နေကြကုန်၏။

ဆရာရသေ့ကြီး တရားထူး မရသေး

တပည့်ရသေ့ပေါင်း လေးသောင်းလေးထောင်တို့ ရဟန္တာဖြစ်ကြကုန်သော်လည်း နန္ဒကောသိယ ဆရာရသေ့ကြီးသည်ကား အကြွများသဖြင့် ဉာဏ်ကစား၍ နေသောကြောင့် တရားထူးကိုမရဘဲ တစ်ပါးတည်းသာ ကျန်ရစ်ရှာလေသည်။

http://www.dhammadownload.com

နန္ဒကောသိယ ရသေ့ဆရာကြီးသည် အနုမောဒနာတရား ဟောကြားသော ရဟန္တာအရှင်မြတ်၏ တရားတော်ကိုနာကြားရသည်မှစ၍ ငါသည်လည်း ဤရဟန္တာ မထေရ်ကဲ့သို့ နောင်အခါပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့၏ သာသနာတော်၌ ဖြစ်ရပါလိုကြောင်း စိတ်အကြံ ရှိနေသောကြောင့် မဂ်ဖိုလ်ကို မရသေးခြင်း ဖြစ်သည်။

အရဏဝိဟာရီ ဒက္ခိဏေယျဂုဏ်နှင့်ပြည့်စုံ

ဆရာရသေ့ကြီးသည် ပဒုမုတ္တရမြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် ရှေ့တော်၌ရပ်လျက် "သဗ္ဗညုမြတ်စွာဘုရား၊ ရသေ့အပေါင်းတို့အား ပန်းမွေ့ရာပူဇော်ခြင်း၏အကျိုးတရားကို ဟောကြားတော်မူသော ရဟန်းသည် အရှင်ဘုရားတို့၏ သာသနာတော်၌ အဘယ်သို့သော ဂုဏ်ထူးရှိသော ရဟန်းဖြစ်ပါသနည်း" ဟူ၍ လျှောက်ကြားသည်။ ထိုအခါ ဘုရားရှင်က ဤရဟန်းသည် အရဏဝိဟာရီ ဒက္ခိဏေယျ (ကိလေသာကင်းသောနေခြင်းဖြင့် ပြည့်စုံ၍ မြတ်သောအလှူကိုလည်း ခံထိုက်သူ ဟူသည့်) ဤနှစ်ဝသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ရဟန်းဖြစ်သည်ဟု မိန့်ကြားတော်မူ၏။

ရသေ့ကြီး၏ ရွေးဆုတောင်း

ထိုအခါ ဆရာရသေ့ကြီးသည် မြတ်စွာဘုရား...တပည့်တော်သည်လည်း အရှင်ဘုရား တို့အား ပန်းထီးကိုကိုင်ကာ မတ်တတ်ရပ်လျက် ခုနစ်ရက်ပတ်လုံး ပူဇော်ရသော ကုသိုလ်စေတနာကြောင့် လူ့ရွာနတ်ပြည် လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာဟူမျှကို ရပါစေကြောင်း၊ ဆုတောင်းပန်ဆိုခြင်း မပြုလိုပါ။ နောက်အခါ၌ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့တွင် တစ်ဆူသော မြတ်စွာဘုရား၏ သာသနာတော်၌ ဤမထေရ်မြတ်ကဲ့သို့ ဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သာဝက ရဟန္တာဖြစ်ရပါလို၏ ဟူ၍ ဆုတောင်းခဲ့သည်။

ပဒုမုတ္တရမြတ်စွာဘုရားသည် အနာဂတ်သဉ္ဇာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်လျက် ကမ္ဘာတစ်သိန်းလွန်သောအခါ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ "သုဘူတိ" ဟူသော အမည်ဖြင့် အရဏဝိဟာရီ ဒက္ခိဏေယျ ဤဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သာဝကရဟန္တာဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်တော်မူသည်။

http://www.dhammadownload.com

သုဘူတိထေရ်လောင်းလျှာ နန္ဒကောသိယရသေ့ကြီးသည် ရဟန်းပြုခြင်း မရှိဘဲ ရသေ့အဖြစ်ဖြင့်ပင်လျှင် တစ်သက်လုံးနေကာ ပဒုမုတ္တရမြတ်စွာဘုရားကို ဆည်းကပ်သည်။ တရားတော်ကို နာကြားသည်။ ထိုဘဝမှ စုတေပြီးနောက် သူသည် ဗြဟ္မာပြည်သို့ ရောက်လေ၏။

သုဘူတိထေရ် အရှင်မြတ်လောင်းလျှာသည် ပဒုမုတ္တရ မြတ်စွာဘုရား ထံတော်၌ ဗျာဒိတ်ရပြီးနောက်လည်း ဘဝပေါင်းငါးရာတိုင်အောင် တောထွက်၍ ရသေ့ရဟန်းပြုကာ နေဖူးလေသည်။

လူနတ်စည်းစိမ် ခံစားခဲ့ရ

ဤဘဒ္ဒကမ္ပာ၌ ကဿပမြတ်စွာဘုရားပွင့်တော်မူသောအခါ သုဘူတိထေရ် လောင်းလျှာသည် လူ့ဘဝကိုရပြန်သည်။ သူသည် သာသနာတော်ထမ်း ရဟန်း ပြုပြီးလျှင် ပိဏ္ဍပါတိက(ဆွမ်းခံသော)ဓုတင်ဖြင့် အိမ်စဉ်လျှောက်၍ ဆွမ်းခံလျက် နေတော်မူ၏။

သုဘူတိထေရ်မြတ်လောင်းလျှာသည် ကဿပမြတ်စွာဘုရားလက်ထက်၌ ဂတပွစ္စာဂတဝတ်ကို ဖြည့်ကျင့်ခဲ့သောကြောင့် စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ ကဿပ မြတ်စွာဘုရားလက်ထက်မှစ၍ ယခုပွင့်တော်မူသော ဂေါတမ မြတ်စွာဘုရား လက်ထက်တိုင်အောင် အန္တရကပ် တစ်ကပ်၏အတွင်း တာဝတိံသာ နတ်ပြည်၌ပင်လျှင် အကြိမ်ကြိမ်ဖြစ်၍ နတ်စည်းစိမ်ကို ခံစားနေခဲ့ရ၏။ လူ့ပြည်၌လည်း အကြိမ်တစ်ရာမက စကြာမင်း၊ ဓကရာဇ်မင်း၊ ပဒေသရာဇ်မင်း ဖြစ်ရသည်။ လူ၏စည်းစိမ်ကိုအကြိမ်ကြိမ်အခါခါ ကြီးကျယ်စွာစံစားရပြီး ငါတို့ မြတ်စွာဘုရားပွင့်တော်မူသောအခါ သူသည် သာဝတ္ထိပြည်၌ သုမနသူဌေးကြီး၏ သား အနာထပိဏ်သူဌေး၏ ညီအငယ် ဖြစ်၍ "သုဘူတိ"ဟူသော နာမည်ဖြင့် ကျော်ကြားလာခဲ့၏။

ဤကား အရှင်သုဘူတိထေရ်၏ ရှေးဘဝက ပါရမီဖြည့်သော အတိတ် အကြောင်းတည်း။

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစကြာတရားဦး ဒေသနာကိုဟောကြားသည်။ ပဉ္စဝဂ္ဂိတို့ရဟန္တာဖြစ်သွားကြသည်။ အရှင်ယသထေရ်

http://www.dhammadownload.com

အမှူးရှိသော ငါးကျိပ်ငါးပါးတို့ကိုလည်းကောင်း၊ ဘဒ္ဒဝဂ္ဂိညိနောင်ခြောက်ကျိတ်တို့ကိုလည်းကောင်း၊ ဥရုဝေဠုဝေါဒ် ဥရုဝေဠုကဿပ၊ နဒီကဿပနှင့် ဂယာကဿပ အမှူးရှိသော ဆံကျစ်ရသေ့တစ်ထောင်တို့ကိုလည်းကောင်း တရားဟောတော်မူသည်။

ထိုတစ်ထောင်သော ရဟန္တာများခြံရံလျက် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ကြွသွားတော် မူသည်။ ဗိမ္ဗိသာရမင်းကြီးလှူအပ်သော ဝေဠုဝန်ဥယျာဉ်တော်ကြီး၌ သီတင်းသုံး နေတော်မူသောအခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်အစရှိသော ရာဇဂြိုဟ်ပြည်သား ရဟန်းတစ်ထောင်၊ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကမြတ်စွာဘုရားကို ပင့်ဆောင်ရန် စေလွှတ်သော ကပိလဝတ်ပြည်သား ရဟန်းတစ်သောင်း၊ ဤတစ်သောင်းနှစ်ထောင်သော ရဟန်းအပေါင်းတို့နှင့်တကွ ထိုပြည်၌ ဝါဆိုတော်မူ၏။

ဇေတဝန်ကျောင်းတိုက်လှူ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် သီတဝန =ယင်းတိုက်တောသုသာန်၌ သီတင်းသုံးတော်မူစဉ်အခါ ရာဇဂြိုဟ်ပြည်သား သူဌေးတစ်ယောက်သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်သည်။ ထိုအချိန်၌ ၎င်း၏အိမ်တွင် မိတ်ဆွေဖြစ်သော သုဒတ္တသူကြွယ် ရောက်နေသည်။ သူသည် မြတ်စွာဘုရား သီတင်းသုံးတော်မူသော ယင်းတိုက်သော သုသာန်ကျောင်းသို့ သွားရောက်ကာ တရားတော်ကို နာကြားရလျှင် သောတာပန် ဖြစ်လေသည်။ ဘုရားရှင်အား သာဝတ္ထိပြည်သို့ ကြွရောက်ချီးမြှောက်တော်မူပါမည့်အကြောင်း ပင့်ဖိတ်လျှောက်ကြား၍ ပြန်သွားပြီးလျှင် ဇေတမင်းသား၏ဥယျာဉ်ကို ဝယ်ယူကာ ဇေတဝန်ကျောင်းတိုက်ကြီးကို ဆောက်လုပ်ကာ အလှူပွဲကို အကြီးအကျယ်ပြုလုပ်သည်။ အလှူရှင်သုဒတ္တသည် အလှူအတန်းပြုလုပ်ရာ၌ သူမတူပြိုင်စံမရ ပေးလှူတတ်သောကြောင့် နောင်အခါ "အနာထပိဏ္ဍ"ဟု ထင်ရှားကျော်ကြားလာသည်။

သုဘူတိထေရ် ရဟန္တာဖြစ်ပြီ

အနာထပိဏ်သူဌေး၏ညီအငယ်ဖြစ်သော သုဘူတိသူကြွယ်သည် ကြည်ညိုသောစိတ်ဖြင့် ရဟန်းပြုကာ ဒွေမာတိကာကို နှုတ်တက်ရဆောင်သည်။ ကမ္မဋ္ဌာန်းနည်းကို သင်ယူပြီး ရဟန်းတရားကို အားထုတ်သည်။ မေတ္တာစျာန်ကိုရလျှင်

http://www.dhammadownload.com

ထိုစျာန်ကို အခြေပြု၍ ကမ္မဋ္ဌာန်းတရားပွားများ ဆင်ခြင်သည်ရှိသော် မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ရဟန္တာဖြစ်တော်မူသော အရှင်သုဘူတိထေရ်သည် အရဏဝိဘင်္ဂသုတ်၌ ဟောတော်မူသော ဒေသနာတော်နည်းဖြင့် တရားဟောတော်မူတတ်သောကြောင့် အရဏဝိဟာရီ ပုဂ္ဂိုလ်တို့တွင် အဘာလွန်ဆုံးဖြစ်တော်မူ၏။ ဆွမ်းခံလှည့်လည်သည်ရှိသော် မေတ္တာစျာန်ကို ဝင်စားပြီးမှ ဆွမ်းကိုခံယူ၏။ မေတ္တာစျာန်ကို ဝင်စားပြီးမှ ဆွမ်းကို ခံယူလျှင် ဒါယကာတို့အား ကြီးသောအကျိုးရှိသောကြောင့် ဒက္ခိဏေယျ ပုဂ္ဂိုလ်တို့တွင်လည်း အဘာလွန်ဆုံး ဖြစ်တော်မူ၏။

ဧတဒဂ်ဘွဲ့ထူးရခြင်း

ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်သုဘူတိအား အရဏဝိဟာရီ ဒက္ခိဏေယျ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင် အဘာလွန်ဆုံးဟူ၍ ဧတဒဂ်ထားတော်မူ၏။

ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် ဆွမ်းခံလှည့်လည်သောအခါ ဆွမ်းခံအိမ်တံခါးဝ၌ ရပ်ပြီးလျှင် ဆွမ်းလောင်းမလာမီ ရှေးအဖို့၌ ကာလကို ပိုင်းခြား၍ နိရောဓသမာပတ်ကို ဝင်စား၏။ ဆွမ်းလောင်းလာသောအခါ နိရောဓသမာပတ်မှထကာ ဆွမ်းကိုခံယူတော်မူသည်။

အရှင်သုဘူတိထေရ်သည်ကား ဆွမ်းခံအိမ်တံခါးဝ၌ရပ်၍ ဆွမ်းလောင်းမလာမီ မေတ္တာစျာန်ကို ဝင်စား၏။ ဆွမ်းလောင်းလာသောအခါ မေတ္တာစျာန်မှထ၍ ဆွမ်းကိုခံယူတော်မူ၏။

သာဝကရဟန္တာတို့သိနိုင်လောက်သော တရားကို အလုံးစုံသိတော်မူသဖြင့် မဟာဘိညအဖြစ်သို့ ရောက်တော်မူသော ရဟန္တာကြီးတို့သည် ဤသို့အလိုရှိရာသမာပတ်ကို အလိုရှိသောခဏ၌ လျင်မြန်စွာ ဝင်စားနိုင်ကြသည်။

မျက်မှောက်ဘဝ၌အကျိုးပေးသော ဂုဏ်အင်္ဂါလေးပါး

ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ၌ပုဏ္ဏသူဆင်းရဲတို့ကဲ့သို့ ခဏမကြာ သူဌေးသူကြွယ်ဖြစ်အောင် အကျိုးပေးစေနိုင်သော ဂုဏ်အင်္ဂါလေးပါးရှိသည်။ ထိုလေးပါးဟူသည်မှာ အလှူခံပုဂ္ဂိုလ်၌ ဂုဏ်အင်္ဂါနှစ်ပါး၊ လှူသောပုဂ္ဂိုလ်၌ ဂုဏ်အင်္ဂါနှစ်ပါးတို့ ဖြစ်ကြသည်။

http://www.dhammadownload.com

အလျှုခံပုဂ္ဂိုလ်၌ရှိသော ဂုဏ်အင်္ဂါ နှစ်ပါးဟူသည်မှာ–

၁။ ကိလေသာအာသဝေါကုန်ပြီးဖြစ်၍ အလွန်ကြီးမြတ်သော ဂုဏ်ရှိခြင်း။

၂။ ထိုနေ့၌ နိရောဓသမာပတ်မှ ထခါစဖြစ်ခြင်း။

လှူသောပုဂ္ဂိုလ်၌ ပြည့်စုံရမည့် ဂုဏ်အင်္ဂါနှစ်ပါးဟူသည်မှာ–

၁။ သူတစ်ပါးတို့အား နှိပ်စက်ညှဉ်းဆဲခြင်းမရှိဘဲ ဓမ္မိယလဒ္ဓ တရားနှင့်အညီ ရှာဖွေ၍ရသော ဥစ္စာဖြစ်ခြင်း၊

၂။ ပုဗ္ဗ၊ မုဉ္စ၊ ပရ ဤစေတနာသုံးတန် ထုတ်သန်သန့်ရှင်းခြင်းတို့ ဖြစ်သည်။

ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာထေရ်မြတ်သည် ဆွမ်းခံသော အိမ်တံခါးဝ၌ နိရောဓသမာပတ်ကို ဝင်စား၍ထပြီးမှ ဆွမ်းခံသောကြောင့် အလျှုခံပုဂ္ဂိုလ်၌ ပြည့်စုံရမည့် ဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံတော်မူ၏။

ဆွမ်းလောင်းသောသူသည် ဓမ္မိယလဒ္ဓဥစ္စာ=တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ခြင်း၊ စေတနာထက်သန်ခြင်း ဤဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံခြင်းအံ့၊ ဒိဋ္ဌဓမ္မ အကျိုးပေး၍ သူဌေး သူကြွယ်ဖြစ်နိုင်လောက်အောင် ဆွမ်းခံသောနည်းကို အရှင်သာရိပုတ္တရာ ပြုတော်မူ၏။

မြတ်စွာဘုရားသည် မကြည်ညိုး၍ မလှူလိုသော မလွှာမင်းသား ရောဇကို ရည်ညွှန်း၍ မေတ္တာပို့သောအခါ နို့စို့နွားငယ်သည် နို့ဆာသောအခါ အမိနွားမရှိရာ ပြေး၍ လာသကဲ့သို့ မလွှာမင်းသား ရောဇသည် မြတ်စွာဘုရားရှိရာသို့ ပြေး၍ လာပြီးလျှင် ယနေ့မှစ၍ တပည့်တော်ရောဇ၏အိမ်၌ နေ့တိုင်းဆွမ်းဘုဉ်းပေးတော်မူပါဟု ပင့်ဖိတ်၏။ ဗုဒ္ဓ၏မေတ္တာအစွမ်းကြောင့် စေတနာထက်သန်စွာ ဖြစ်လာခြင်းဖြစ်၏။

ဒကွိဏောယျ စေတဒဂ်ရသည့်အကြောင်း

အရှင်သုဘူတိထေရ်မြတ်သည်လည်း ဆွမ်းခံအိမ်တံခါးဝ၌ ရပ်တော်မူ၍ မေတ္တာစျာန်သမာပတ်ကို ဝင်စားတော်မူခြင်းသည် ဆွမ်းလောင်းသောသူ၏ စေတနာထက်သန်စွာဖြစ်ခြင်း၏အကြောင်းဖြစ်သည်။ ထိုစေတနာဖြင့် ထက်သန်စွာ ကြည်ညိုး၍ ဆွမ်းလောင်းသောသူသည် ဓမ္မိယလဒ္ဓ ဥစ္စာဖြစ်ငြားအံ့။ ဒိဋ္ဌဓမ္မအကျိုးပေးကာ သူဌေး သူကြွယ်ဖြစ်နိုင်လောက်သောနည်းကို အရှင်သုဘူတိထေရ်ပြုတော်မူသည်။

http://www.dhammadownload.com

ထိုမထေရ် သည် ဒက္ခိဏာစေတနာ ထက်သန်စွာလှူသည်ကို ခံယူတော်မူလေ့ရှိရကား ဒက္ခိဏေယျ ဇောဒဂ်ကို ရတော်မူသည်။

ဤသို့လျှင် ဇောဒဂ်နှစ်တန်ရတော်မူသော အရှင်သုဘူတိထေရ်မြတ်သည် အလွန်ထင်ရှား ကျော်စောသော မထေရ်ဖြစ်သည်။ များစွာသော လူအပေါင်းတို့၏ အကျိုးစီးပွား အလို့ငှာ ဒေသစာရီ လှည့်လည်တော်မူသည်။ ရာဇဂြိုဟ်ပြည်သို့ မထေရ် ရောက်သော အခါ ဗိမ္ဗိသာရမင်းကြီး ကြားသိလျှင် သုဘူတိအရှင်မြတ်ထံသို့ လာရောက်၍ ဤရာဇဂြိုဟ်ပြည်၌ ဝါဆိုဝါကပ်၍နေတော်မူပါ။ နေရာကျောင်းကို တပည့်တော်ပြုလုပ် လှူဒါန်းပါမည်ဟု လျှောက်ကြား၍ ပြန်သွားသည်။ ထို့နောက် ထိုအကြောင်းများကို မင်းကြီး မေ့လျော့၍နေလေ၏။

အရှင်သုဘူတိ ထေရ်မြတ်သည် သီတင်းသုံးရန် ကျောင်းမရှိသဖြင့် လွင်တီးခေါင်၌သာ သီတင်းသုံးဟော်မူ၏။ မထေရ်မြတ်၏အာနုဘော်ကြောင့် ထိုဒေသ၌ မိုးမရွာဘဲ ဖြစ်နေသည်။ ထို့ကြောင့် လူအပေါင်းတို့သည် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်တံခါးဝသို့ သွား၍ ကြွေးကြော်အော်ဟစ်ခြင်းကို ပြုကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် အကြောင်းစုံကို စုံစမ်းသော် အရှင်သုဘူတိ လွင်တီးခေါင်၌ သီတင်းသုံးနေတော်မူသဖြင့် ထိုသို့ဖြစ်ရကြောင်း သသိသွားသည်။ ချက်ခြင်းပင် တောကျောင်းနေရဟန်းတို့နှင့် သင့်လျော်သော သစ်ရွက်မိုး ကျောင်းငယ် ကလေးကို ပြုလုပ်ကာ "အရှင်ဘုရား ဤကျောင်းငယ်ကလေး၌သာ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ကြားပြီး ပြန်သွား၏။

အရှင်သုဘူတိ ထေရ်မြတ်သည် သစ်ရွက်မိုးကျောင်းငယ်ကလေးအတွင်းသို့ ဝင်တော်မူ၍ မြက်အခင်းပေါ်၌ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထိုအခါ၌ မိုးသည် ဖွဲဖွဲနည်းနည်း တစ်ပေါက်တစ်ပေါက်မျှသာ ကျ၏။ သည်းထန်စွာ ရွာသွန်းခြင်း မရှိ။

ထိုအခါ အရှင်သုဘူတိထေရ်မြတ်သည် လူအပေါင်းတို့အား မိုးခေါင်ခြင်းဘေးကို ပယ်ဖျောက်လိုသည်ဖြစ်၍ မိမိ၌အတွင်းအပ ဘေးအန္တရာယ်မရှိသည်ကို ပြောကြားလျက် ဤသို့သော တရားကို ဟောကြားရွတ်ဆိုတော်မူသည်။

ဆန္နာမေ ကုဋိကာ သုခါ နိဝါတာ၊ ဝဿ ဒေဝ ယထာသုခံ။
စိတ္တံ မေ သုသမာဟိတံ ဝိမုတ္တံ၊ အာတာပီ ဝိဟရာမိ ဝဿ ဒေဝ။

(ထေရဂါထာပါဠိတော်)

http://www.dhammadownload.com

မေ၊ ငါ၏။ ကုဋိကာ၊ သစ်ရွက်မိုးကျောင်းကလေးသည်။ ဆန္နာ၊ မိုးလုံ၏။ နိဝါတာ၊ လေလုံ၏။ သုခါ၊ ချမ်းသာ၏။ ဒေဝ၊ မိုးနတ်သား။ ယထာသုခံ၊ ချမ်းသာသလို။ (ဝါ) အလိုရှိတိုင်း။ ဝဿ၊ ရွာသွန်းလော့။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ သုသမာဟိတံ၊ ကောင်းစွာတည်ကြည်၏။ ဝိမုတ္တံ၊ ကိလေသာမှ လွတ်၏။ အတာပီ၊ လုံ့လထုတ်လျက်။ ဝိဟရာမိ၊ နေ၏။ ဒေဝ၊ မိုးနတ်သား။ ဝဿ၊ ရွာသွန်းလေလော့။

ဖြည့်ကျင့်ခဲ့သော ပါရမီအကြောင်းဟော

အရှင်သုဘူတိထေရ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုတော်မူကာ ဖြည့်ကျင့်ခဲ့သော ပါရမီတရားတို့ကို ဤသို့ဟောတော်မူ၏။

ဆီနှင်းဝေမှောင် ဟိမဝန္တာတောင်၏ မဝေးမနီး ခရီးအကြား လူအများတို့ သွားလာရှုမျှော် သင့်လျော်စွာသောအရပ်၌ နိသဘမည်သော တောင်ရှိ၏။ ထိုတောင်၌ ငါ၏ရသေ့ကျောင်းကို ကောင်းစွာပြုလုပ်၍ထား၏။ သစ်ရွက်မိုးကာ သစ်မ်းသာကို ကောင်းစွာဆောက်လုပ်၍ထား၏။

ထိုစဉ်က ငါ၏အမည်သည် ကောသိယမည်၏။ ဆံကျစ်ထုံးသောရသေ့ ဖြစ်၏။ ပြင်းထန်ထက်မြက် အသက်မညှာ ပြင်းစွာသော လုံ့လရှိ၏။ အဖော်မထားဘဲ တစ်ပါးတည်းသာ ငါနေလေ့ရှိ၏။

သုဘူတိခေါ် ငါထေရ်ကျော်သည် ထိုသို့ရသေ့လုပ်၍နေသောအခါက အသီးကိုလည်းကောင်း၊ အမြစ်ကိုလည်းကောင်း၊ အရွက်ကိုလည်းကောင်း ဆွတ်ခူး၍ မစား။ အလိုလိုဖြစ်သော၊ အလိုလိုကြွေကျသော သစ်သီးသစ်ရွက်တို့ကိုသာ ထိုကာလက ငါသည် အစာပြု၍ အသက်မွေးခဲ့၏။

ငါသည် အသက်ကို စွန့်ပစ်ရင်းသော်လည်း သစ်သီးသစ်ရွက်ဖြင့် အသက်မွေးခြင်းကိုမပျက်စီးစေရ၊ မိမိစိတ်ကို အလိုနည်းခြင်း၊ ရောင့်ရဲခြင်းဖြင့် နှစ်သက်စေခဲ့။ ဆေးကုခြင်းစသည့် မကောင်းသော အစာအာဟာရ ရှာဖွေခြင်းကို ရှောင်ကြဉ်ခဲ့။

ငါ့အား အကြင်အခါ၌ ရာဂနှင့်ယှဉ်သောစိတ်သည် ဖြစ်ငြားအံ့။ ထိုအခါ၌ ကိုယ်တိုင်ပင်လျှင် ထိုရာဂစိတ်ကို လွှင့်ပျောက်ဖယ်ရှား နှလုံးထား၍ စဉ်းစားဆင်ခြင်၏။ ငါသည် ထိုရာဂစိတ်ကို တစ်ခုသော ကမ္မဋ္ဌာန်းတွင် စိတ်ကိုတည်စေလျက် ဆုံးမ၏။

http://www.dhammadownload.com

ကိုယ့်ကိုယ်ကို ဆုံးမပုံ

သားမယားကိုလည်း မရ။ ရဟန်းတရားကိုလည်း မရ။ ထိုနှစ်ပါးစုံတို့မှ တစ်ပါးပါးကိုမျှ မရဘဲ မလွဲချော်စေလင့်။ သားမယားကိုသော်လည်းကောင်း၊ ရဟန်းတရားကိုသော်လည်းကောင်း၊ တစ်ပါးပါးကို ရအောင် လုပ်လေလော့။ ထိုနှစ်ပါးတို့တွင် တစ်ပါးပါးကိုမျှမရဘဲနှင့် တောထဲ၌ အလကားမနေလင့်။ ယခု ထွက်သွားလော့ ဟူ၍ မိမိစိတ်ကို မိမိကိုယ်တိုင် နှင်ထုတ်ဆုံးမခဲ့သည်။

ကိုယ့်ကိုယ်ကို စိစစ်ပုံ

သင်ရသေ့လုပ်ခြင်းမှာ သဒ္ဓါတရားရှေ့သွားပြု၍လုပ်ခြင်း သဒ္ဓါပဗ္ဗင်္ဂိတ ကြောင့် ဖြစ်သည်ဟူ၍လည်း ဘယ်သူမျှမသိနိုင်။ အလုပ်အကိုင်လုပ်ရမှာ ပျင်းရိ၍ စားရလွယ်, သောက်ရ လွယ်စေရန် လုပ်သော ကောသဇ္ဇပဗ္ဗင်္ဂဟူ၍လည်း ဘယ်သူမျှ မသိနိုင်။ ငါလုပ်သော အလုပ်ကို ငါသာလျှင်သိနိုင်၏။ သူတစ်ပါးတို့ မသိနိုင်ဟူ၍ သင်သည် ထင်မှတ်ပါသလော။ ဤကဲ့သို့ မိမိကိုယ်ကို မိမိစောဒနာ တင်၍ စစ်ဆေးမေးမြန်းသည်။

အိုတပည့်အပေါင်းတို့၊ သုဘူတိခေါ်ငါထေရ်ကျော်သည် ထိုကဲ့သို့မိမိစိတ်ကို မိမိဆုံးမလျက် မမေ့မလျော့သောဇွဲဖြင့် မွန်မြတ်သော တရားထူးကို ရှာလျက် ရှိစဉ် တစ်နေ့သောအခါ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ့ကိုသနား၍ ငါ၏အထံသို့ ကြွလာတော်မူ၏။ ဝင်းဝါ ရွှမ်းနီသော ရွှေတည်သီးမှည့် အဆင်းကဲ့သို့လည်းကောင်း၊ နှိုင်းယှဉ်စရာ ဥပမာမရ မတူမျှနိုင်သော အဆင်းတော်ရှိသော မြတ်စွာဘုရားသည် ကောင်းကင်ပြင်ကျယ် မိုးတိမ်လယ်၌ တင့်တယ်လှစွာ ရောင်ဝါသဟာယ် လျှပ်စစ်နယ် ကဲ့သို့လည်းကောင်း၊ ထိန်ဝင်းနီတွတ် ပင်လုံးကျွတ်အောင် ဝေညွတ်ဆင့်ဆင့် တစ်ပြိုင်နက်ပွင့်သော အဇင်ကြင်းပင်မင်းကဲ့သို့လည်းကောင်း ဉာဏ်တော်ဘုန်းတော် တန်ခိုးတော်ဖြင့် ပြိုင်ဖော်မရှိ၊ အစိန္တေယျ အပမေယျ အတုလ အနန္တ ဂုဏ်ရှင် ဘုရားသခင်သည် ကောင်းကင်ပြင်၌ စင်္ကြံကြွတော်မူ၏။

ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်းကို အချင်းခပ်သိမ်း ကင်းလွတ်ငြိမ်းသော ခြင်္သေ့မင်းကဲ့သို့လည်းကောင်း၊ အမျက်စောင်မာန် ပြင်းထန်ကြီးမား ခွန်အားတင်း တင်း မုန်စိတ်သွင်းလျက် ကြောက်ရွံ့ခြင်း အလျှင်းမရှိသော ဆင်မင်း၏သွားခြင်း

http://www.dhammadownload.com

ကဲ့သို့လည်းကောင်း၊ ရွှင်မြူးစံပယ် တင့်တယ်မောက်ကြွား ခုန်ကျော်လွှားသော ကျားမင်း၏သွားခြင်းကဲ့သို့လည်းကောင်း ကောင်းကင်စခန်း အာကာလမ်းဝယ် ပျံသန်းကြွိမ်ဖန် တုံ့ပြန်လှည့်ကာ လူးလာခေါက်ပြန် စကြဲကြွ၍နေတော်မူ၏။

နတ်ပြည်၌ဖြစ်သော သီဂီနိုက်ရွှေအဆင်းကဲ့သို့လည်းကောင်း၊ ရှားနှစ်သစ်သား ထင်းအများဖြင့် ရှို့ထားသော ရှားမီးခဲရောင်ကဲ့သို့လည်းကောင်း၊ အရောင်အရည်၊ ထွေလီတွဲအိ ရွှန်းရွှန်းပြည့်သော မဏိဇောတိရသ် ပတ္တမြားရောင်ကဲ့သို့လည်းကောင်း၊ စင်ကြယ်စွာသော ရတနာအတိပြီးသော ကေလာသ ရွှေတောင်ကြီးကဲ့သို့လည်း ကောင်း၊ လပြည့်နေ့ဝယ် ကောင်းကင်လယ်၌ တင့်တယ်တောက်ထွန်း၊ လပြည့်ဝန်း ကဲ့သို့လည်းကောင်း၊ မွန်းတည့်အချိန် အရှိန်အဝါကြီးမားစွာသော နေဗိမာန်ကဲ့သို့ လည်းကောင်း စကြဲကြွကာ နေတော်မူသော ဘုရားရှင်ကို ငါဖူးမြင်ရပေ၏။

ဤပုဂ္ဂိုလ်မွန်သည် နတ်သားလေလော၊ ဗြဟ္မာလေလော၊ ထိုသို့ မဟုတ်မူ၍ လူသားစင်စစ်ဖြစ်လေသလော။ ငါသည် ရှေးအခါက ကြားလည်းမကြားဖူး၊ မြင်လည်း မမြင်စဖူး၊ ဤမြေပြင်ဝယ် မမြင်စဖူး အမြင်ထူးလှသော ဤပုဂ္ဂိုလ်မွန်သည် အလွန်အကျူး ထူးကဲလှစွာ၏တကား။ ငါသည်ဗေဒင်သုံးပုံကို အကုန်အစင် သိမြင်တတ်ကျွမ်း၏။ ထိုဗေဒင်သုံးပုံတွင် ပါရှိသော လက္ခဏာကျမ်းတို့၌ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံသောယောကျ်ားမြတ်သည် ဘုရားစင်စစ် ဧကန်ဖြစ်သည်ဟူ၍ ဆို၏။

ဤပုဂ္ဂိုလ်မွန်သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးနှင့် ပြည့်စုံ၏။ ဧကန်စင်စစ် ဘုရားဖြစ်သော ပုဂ္ဂိုလ်မွန်ဖြစ်ပေ၏တကားဟု ကြံပြီးလျှင် အထူးထူးသော ပန်းတို့ကို စုဆောင်းဆွတ်ခူး၍ ပန်းမွေ့ရာကို ခင်းသည်။ ကြည်ညိုလှစွာသော စိတ်ဖြင့် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားတို့နှင့် ထိုက်တန် သင့်မြတ်စွာသော ပန်းမွေ့ရာအခင်းကို ခင်းထားပြီးပါပြီ အရှင်ဘုရား။ တပည့်တော်၏စိတ်ကို ရွှင်လန်းဝမ်း မြောက်စေလျက် ဤပန်းမွေ့ရာထက်၌ သနားရှေးရှု ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူပါ မြတ်စွာဘုရားဟု ပင့်လျှောက်ခဲ့လေသတည်း။

ဤသို့ပင့်လျှောက်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် စကြဲကြွတော်မူရာကောင်းကင်မှ သက်ဆင်းတော်မူပြီး ပန်းမွေ့ရာထက်၌ ထက်ဝယ်ဖွဲ့ခွေ စံပါယ်တော်မူလျက် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

http://www.dhammadownload.com

ကောင်းမှု၏အကျိုး

၁။ သိကြားမင်းအဖြစ် ဘဝပေါင်း အကြိမ်ရှစ်ဆယ်၊
၂။ စကြာမင်းဖြစ်၍ ဘဝပေါင်း အကြိမ်တစ်ထောင်၊
၃။ ပဒေသရာဇ်မင်းအဖြစ်ကား အလွန်များ၍ မရေတွက်နိုင်၊
၄။ မင်းအဖြစ်ကိုမရသော သာမညလူ၊ သာမည နတ်တို့၏ဘဝ၌ ကျင်လည်၍ဖြစ်သောအခါ များစွာသော စည်းစိမ်ဥစ္စာတို့ကိုရ၏။
၅။ ရပြီးသော စည်းစိမ်ဥစ္စာတို့သည် ယုတ်လျော့ခြင်းမရှိ။
၆။ ကမ္ဘာတစ်သိန်းကာလပတ်လုံး လူဖြစ်ချည်၊ နတ်ဖြစ်ချည်နေရ၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်ဒုဂ္ဂတိဘုံသို့ မကျမရောက်နိုင်ခြင်း။
၇။ အဆုံးဘဝ၌ ရဟန္တာဖြစ်၍ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခတရားနှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့နှင့် ပြည့်စုံခြင်းတို့ဖြစ်ရ၏။

သုဘူတိထေရ်၏ အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

အရှင်ဥပဝါနထေရ် အပဒါန်ဝတ္ထု

အရှင်ဥပဝါနထေရ်မြတ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်၌ သူဆင်းရဲမျိုးတွင် ဖြစ်နေရသည်။ သူအရွယ်ရောက်သော် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်။ တစ်လုံးတစ်ပေါင်းတည်း ရွှေဖြင့်ပြီးသော ကျောက်ဆင်းတုကဲ့သို့ တည်တော်မူသော ဓာတ်တော်ကို ဌာပနာ၍ ကိုးကွယ်ပူဇော်ကြရန် လူ, နတ်, နဂါး, ဂဠုန်, ယက္ခ, ကုမ္ဘဏ်, ဂန္ဓဗ္ဗတို့သည် ရတနာခုနစ်ပါးဖြင့်ပြီးသော စေတီတော်ကို တည်ကြကုန်၏။

ခြုံစရာပုဆိုးဖြင့် ပူဇော်

ဥပဝါနလောင်းလျာ သူဆင်းရဲသည် ကောင်းစွာ ဖွပ်လျှော်၍ သန့်ရှင်းစင်ကြယ်စွာသော မိမိအပေါ်ရုံ ခြုံစရာပုဆိုးတဘက်ကို ဝါးလုံးအဖျား၌ဆွဲကာ စေတီ

http://www.dhammadownload.com

တော်၌ တံခွန်ပြုလုပ်ပြီး ပူဇော်၏။ ထိုတံခွန်ကို အဘိသမ္ဗုဒ္ဓမည်သော စေတီဆောင့် နတ်သားသည် ကိုယ်ကို မမြင်စေဘဲ ကောင်းကင်၌ဆောင်ယူ၍ စေတီတော်ကို သုံးကြိမ်လက်ယာရစ်လှည့်ခြင်းကို ပြု၏။

ထိုသူဆင်းရဲသည် နတ်သားကို မမြင်။ တံခွန်သည်ဘုရား၏ တန်ခိုးတော်အားဖြင့် ကောင်းကင်၌ အလိုလိုသွားသည်။ စေတီတော်ကို လက်ယာရစ်သုံးပတ်လှည့်လည်၍နေသော အံ့ဖွယ်သရဲထူးကဲလှစွာသော အံ့သြဖွယ်ကို မြင်ရသည်ရှိသော် အတိုင်းထက်အလွန် ကြည်ညိုသောစိတ်ဖြစ်သည်။ ထိုကုသိုလ်စေတနာကံကြောင့် လူနတ်တို့၏ဘဝ၌သာလျှင် ကျင်လည်ရသည်။ ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်သို့ မကျရောက်ခဲ့ရပေ။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ ဥပဝါနဟူသော အမည်ဖြင့် ဗြာဟ္မဏအမျိုး၌ ဖြစ်သည်။ တစ်နေ့သောအခါ အနာထပိဏ်သူဌေး၏ ဧတဝန်ကျောင်းတိုက်ကြီးကို ရေစက်ချလှူဒါန်းပွဲသို့ ရောက်သွားသည်။ ထိုပူဇော်ပွဲတွင် မြတ်စွာဘုရား၏အသရေတော်ကိုဖူးမြင်ရသဖြင့် ကြည်ညိုစိတ်ဖြင့် ရဟန်းပြုသည်။ ဝိပဿနာကို ဆက်လက် အားထုတ်သည်ရှိသော် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားရှင်၏အလုပ်အကျွေး

ထိုဥပဝါနထေရ်မြတ်သည် မြတ်စွာဘုရားအား ဥပဋ္ဌာကအဖြစ် အလုပ်အကျွေးပြု၍နေ၏။ တစ်နေ့တွင် မြတ်စွာဘုရားသည် လေနာရောဂါကို ခံစားတော်မူသဖြင့် "ချစ်သား ဥပဝါန၊ ရေနွေးကိုသိလော့"ဟု မိန့်တော်မူ၏။ ဥပဝါနထေရ်မြတ်သည် သပိတ် သင်္ကန်းကိုယူကာ ဒေဝဟိတမည်သော ပုဏ္ဏား၏အိမ်သို့ သွား၍ တိတ်ဆိတ်စွာရပ်၏။ ဒေဝဟိတပုဏ္ဏားသည် ဥပဝါနထေရ်ကိုမြင်သော် ဤသို့မေး၏။

"ဦးခေါင်းပြောင်စွာ ရိတ်ပြီးခါလျှင် ဆံပင်ရိတ်လှီး ခေါင်းတုံးကြီးနှင့် ဒုကုဋ္ဌသင်္ကန်း ဝတ်ခြုံလွှမ်း၍ သူအ,အလား စကားမပြောက် နှုတ်မဆက်ဘဲ ရပ်လျက်နေသော အရှင်မြတ်သည် အဘယ်ကိုအလိုရှိ၍၊ အဘယ်ကိုရှာလို၍၊ အဘယ်ကို တောင်းခြင်းငှာ ကြွလာပါသနည်း"

http://www.dhammadownload.com

ဥပဝါန၏အဖြေ

ဒေဝဟိတပုဏ္ဏား၊ လောကဋ္ဌ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ ကောင်းသောစကားကိုလည်း ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် လေနာရောဂါ ခံစားနေရတော်မူ၏။ ပုဏ္ဏားကြီးမှာ ရေနွေးရှိငြားအံ့ မြတ်စွာဘုရားအား လှူလော့။

ထန်းလျက်သကာဖြင့် လေနာပျောက်ပြီ

ထိုအခါဋ္ဌ ဒေဝဟိတပုဏ္ဏားသည် ရေနွေးအိုးကို ထမ်းပိုးဖြင့် ယောကျ်ားတစ်ယောက်ကို ထမ်းယူစေကာ ထန်းလျက်သကာအထုပ်ကိုလည်း အရှင်ဥပဝါနထေရ်မြတ်အား ကပ်လှူ၏။ အရှင်ဥပဝါနသည် မြတ်စွာဘုရားအား ရေနွေးဖြင့် ရေချိုးတော်မူစေကာ ထန်းလျက်သကာကိုလည်း ရေနွေးဖြင့်ဖျော်၍ မြတ်စွာဘုရားအား ဆက်ကပ်လှူ၏။ ထိုအခါ မြတ်စွာဘုရား၏ လေနာသည် ငြိမ်းပျောက်လေ၏။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

ဥပဝါနထေရ် ပြန်လည်ဟောကြားသောတရား

အိုတပည့်အပေါင်းတို့၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော၊ အလုံးစုံသော တရားတို့၏အဆုံးသို့ ရောက်တော်မူပြီးသော ပုဗ္ဗမုတ္တရအမည်တော်ရှိသော ဘုရားရှင်သည် မီးပုံကြီးကဲ့သို့ ထွန်းလင်းတော်မူပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။

လူအပေါင်းတို့သည် ညီညာတစ်စု စည်းဝေးပြု၍ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကြ၏။ ကောင်းစွာပြုအပ်သော တစ်ယူဇနာမြင့်သော စန္ဒကူးထင်းပုံကို ပြုလုပ်စီမံ၍ ကိုယ်တော်ကို တင်ထားကြကုန်၏။

ကိုယ်တော်ကို မီးသင်္ဂြိုဟ်ခြင်းအမှု ပြုပြီး၍ တစ်လုံးတစ်ခဲတည်းသော ဓာတ်တော်ကို ထိုနေရာ၌ အလုံးစုံကုန်သော နတ်လူတို့သည် မြတ်နိုးစွာ ပူဇော်ကြကုန်၏။ ထိုနတ်လူတို့သည် ဘုရားစေတီတော်ကို ပြုလုပ်ကြကုန်၏။

ထိုစေတီတော်၏ ပထမအဆင့်သည် ရွှေဖြင့်ပြီး၏။ ဒုတိယအဆင့်သည် မြဖြင့်ပြီး၏။ တတိယအဆင့်သည် ငွေဖြင့်ပြီး၏။ စတုတ္ထအဆင့်သည် ဖန်ဖြင့်ပြီး၏။ ပဉ္စမအဆင့်သည်စဉ့်တို့နှင့်တကွ ပတ္တမြားနီဖြင့်ပြီး၏။ ဆဋ္ဌမအဆင့်သည် ပတ္တမြားပြောက်ဖြင့်ပြီး၏။ အထက်ဆုံး ဖြစ်သော သတ္တမအဆင့်ကား အလုံးစုံသော ရတနာတို့ဖြင့် ပြီး၏။

http://www.dhammadownload.com

ဖိနပ်တော်သည် မြဖြင့်ပြီး၏။ ပွတ်လုံးတို့သည် ရတနာတို့ဖြင့် ပြီးကုန်၏။ အလုံးစုံရွှေဖြင့်ပြီးသော စေတီတော်သည် အထက်သို့ တစ်ယူဇနာ မြင့်တက်၏။

နတ်တို့သည် ထိုစေတီတော်သို့ ရောက်လာပြီး စည်းဝေးတိုင်ပင်ကြ၏။ ငါတို့သည်လည်း စေတီတော်ကို ဝိုင်းဝန်းကူညီတည်ဆောက်ကြကုန်အံ့။ လောကဓံဖြင့် ဖောက်ပြန်တုန်လှုပ်ခြင်း မရှိဘဲ။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်သည် တစ်ကွဲတစ်ပြားစီ မရှိ၊ မြတ်စွာဘုရား၏ ကိုယ်ခန္ဓာတော်သည် ကျောက်ဆင်းတုကဲ့သို့ တစ်ပေါင်းတည်းသာလျှင် ဖြစ်တော်မူ၏။ လူတို့တည်သော ဤဘုရားစေတီတော်၌ပင်လျှင် သင်တိုင်းစွပ်ပုံ လွှမ်းခြုံထပ်ဆင့်၍ ငါတို့သည်လည်း တည်ဆောက်ကြပါကုန်စို့ဟု တိုင်ပင်ကြကုန်၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် သက်တော်တစ်သိန်းတန်း၌ ပွင့်တော်မူသည်။ ပရိနိဗ္ဗာန်ပြုတော် မူသောအခါ၌ ဓာတ်တော်တို့သည် ငါတို့မြတ်စွာဘုရား၏ ဓာတ်တော်တို့ကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ မရှိ။ အဓိဋ္ဌာန်တော်၏အစွမ်းအားဖြင့် ကျောက်ဆင်းတု ကဲ့သို့ တစ်ပေါင်းတည်း တစ်ဆူတည်းသာလျှင် တည်တော်မူ၏။ ထိုကျောက်ဆင်းတုကဲ့သို့ တစ်ပေါင်းတည်း တည်တော်မူသော ဓာတ်တော်ကို ဇမ္ဗူဒီပ်ကျွန်းသူကျွန်းသား လူများတို့သည် တစ်ယူဇနာမြင့်သော စေတီတော်ကို တည်ကြကုန်၏။

နတ်တို့စေတီတည်ကြပုံ

နတ်တို့သည် ထိုတစ်ယူဇနာမြင့်သော စေတီတော်ကို သင်တိုင်းစွပ်သကဲ့သို့ ထပ်ဆင့်ဖုံးအုပ် လွှမ်းခြုံ၍ တစ်ယူဇနာ တိုးမြှင့်တည်ပြန်၏။ ထို့အတူ နဂါးတို့သည် တစ်ယူဇနာ၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့သည်လည်း တစ်ယူဇနာစီ ထပ်ဆင့်၍ တည်ကြသောကြောင့် စေတီသည် ခုနစ်ယူဇနာမြင့်တော်မူ၏။

ခုနစ်ယူဇနာမြင့်သော စေတီတော်၏ ထီးတော်တိုင်အောင် တံခွန်ပန်းဆိုင်းပန်းကုံးစသော ပူဇော်ဖွယ်တို့ဖြင့် လူတို့သည် ပူဇော်ကြသောအခါ စေတီတော်အပေါ်သို့ ငြမ်းဆင်၍သော်လည်းကောင်း၊ လှေကားထောင်၍သော်လည်းကောင်း မတက်ကြကုန်။ ပူဇော်လိုသော ပန်းကုံး တံခွန် စသည်တို့ကို ကောင်းကင်သို့ ပစ်မြှောက်၍ ပူဇော်ကုန်၏။

နတ်အပေါင်းတို့က အဘိသမ္ဗတမည်သော နတ်ဘီလူးကို စေတီစောင့်အဖြစ် ထားသည်။ လူတို့ပစ်မြှောက်သော ပန်းကုံး ပန်းဆိုင်း ပန်းစည်း တံခွန် စသော

http://www.dhammadownload.com

ပူဇော်ဖွယ်တို့ကို နတ်ဘီလူးက ဆောင်ယူ၍ စေတီတော်ကို လက်ယာရစ်လှည့်ကာ ထီးတော်ဖျားဌ် တင်လျှူပူဇော်၏။ ယူဆောင်သောနတ်ကို မမြင်ရ၊ ကောင်းကင်ဌ် ပန်းကုံး တံခွန် စသည်တို့ သွားသည်ကိုသာမြင်ရသဖြင့် လူတို့သည် အလွန်ကြည်ညိုကြကုန်၏။

ထိုကဲ့သို့ အံ့ဩဖွယ်သောတန်ခိုးတော် ကိုမြင်၍ ကြည့်ရှုလိုကြကုန်သော မိစ္ဆာဒိဋ္ဌိတို့ပင်လျှင် မကြာမကြာ များစွာသော ပန်းကုံး ပန်းစည်း တံခွန် စသော ပူဇော်ဖွယ်တို့ကို ကောင်းကင်သို့ ပစ်မြှောက်၍ ပူဇော်ကြကုန်၏။

အတိတ်မှဆုတောင်း

ထိုအခါက ငါအရှင်ဥပဝါနထေရ်လောင်းလျှာသည် ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားမျိုးဌ်ဖြစ်ရသည်။ ငါသည် စေတီတော်ကိုပူဇော်ရန် သစ်လွင်သော အဝတ်ပုဆိုး တစ်ထည်ကို တံခွန်ပြုလုပ်၍ စေတီတော်ဌ် ပူဇော်သည်။ စေတီစောင့်နတ်သားသည် ငါပစ်မြှောက်ပူဇော်လိုက်သော အဝတ်ပုဆိုးကိုခံယူ၍ စေတီ၏ထီးတော်ဌ် ပူဇော်၏။ ပုဏ္ဏားသည် ထိုနတ်သားယူဆောင်၍ ပူဇော်သည်ကိုမြင်လျှင် ကြည်ညိုသောစိတ် ဖြစ်ကာ ငါသည်လည်း နောက်အခါဌ် ဤကဲ့သို့ စေတီစောင့်နတ်သားဖြစ်ပါစေသော ဟူ၍ ဆုတောင်း၏။ ထိုပုဏ္ဏားဘဝမှ စုတေသောအခါ နတ်ပြည်ဌ် ဖြစ်၏။

ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပ ဤခြောက် ဆူသော မြတ်စွာဘုရားတို့ ပွင့်တော်မူ၍ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ သောအခါမှာလည်း ရွှေဆင်းတုကဲ့သို့ တစ်ဆူတည်းသော ဓာတ်တော်ဖြစ်၍ တစ် ယူဇနာမြင့်အောင် တစ်ဆူတည်းသော စေတီတော်ကို တည်ထားကြကုန်၏။

ငါဥပဝါနထေရ်လောင်းလျှာသည် ကဿပမြတ်စွာဘုရား၏ ဓာတ်တော်တည် ထားရာ စေတီတော်ဌ် အစောင့်နတ်သားအဖြစ် ငါ၏ဆုတောင်းအတိုင်း ဖြစ်လာ ရသည်။ ကဿပမြတ်စွာဘုရား သာသနာတော် ကွယ်သည်ရှိသော် အထက် နတ်ပြည်ဌ် ဖြစ်ရပြန်၏။ ယခု ငါတို့ဂေါတမမြတ်စွာဘုရား လက်ထက်တော်ဌ် သာဝတ္ထိပြည်တွင် ဗြဟ္မဏအမျိုးဌ် ဖြစ်၍ ရဟန်းပြုလျက် တရားကို အားထုတ်လျှင် ရဟန္တာဖြစ်တော်မူ၏။

ဤသို့လျှင် ဥပဝါနထေရ်က မိမိ၏အတိတ်ဘဝ အပြည့်အစုံကို ပြန်လည် ဟောပြတော်မူခဲ့သည်။

http://www.dhammadownload.com

ဥပ၀ါနထေရ်ကို နေရာမှ ဖယ်ပေးရန်

မြတ်စွာဘုရားပရိနိဗ္ဗာန်စံ၀င်တော်မူအံ့ဆဲဆဲတွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ ခင်းထားအပ်သော ညောင်စောင်း၀ယ် လျောင်းစက်တော်မူစဉ် မြတ်စွာဘုရားအား ယပ်လေခပ်၍ ပေးနေသော အရှင်ဥပ၀ါနထေရ်ကို "ငါ့ရှင်၊ ငါဘုရား၏ ရှေ့တော်မှာ မနေလင့်၊ ဖယ်လော့"ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာက "အဘယ်အကြောင်းကြောင့် နေ့ရက်ရှည်ကြာ ၀တ်ပြုကာဖြင့် ကောင်းစွာ လုပ်ကျွေးခဲ့သော အရှင်ဥပ၀ါနထေရ်ကို ရှေ့တော်မှာ မနေလင့်ဟု မောင်းမဲ၍ ဖယ်ရှားတော်မူပါသနည်းဘုရားဟု မေးလျှောက်၏။ ထိုအခါ ညီချစ် အာနန္ဒာ၊ များသောအားဖြင့် ဆယ်ခုသော လောကဓာတ်မှ နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ စုဝေးလာကုန်၏။

မြတ်စွာဘုရား၏အနီး၌ သားမြီးဖျားတစ်တို့စာလောက်သောနေရာ၌ တန်ခိုးကြီးသော နတ်ဗြဟ္မာတို့သည် သိမ်မွေ့ သေးငယ်သော ကိုယ်ကို ဖန်ဆင်း၍ ဆယ်ယောက်စီ ဆယ်ယောက်စီ ရပ်နေကြကုန်၏။ ထိုနတ်ဗြဟ္မာတို့၏ နောက်မှ နှစ်ဆယ်စီ နှစ်ဆယ်စီ၊ ထိုနောက်မှ သုံးဆယ်စီ သုံးဆယ်စီ၊ ထိုနောက်မှ လေးဆယ်စီ လေးဆယ်စီ၊ ထိုနောက်မှ ငါးဆယ်စီ ငါးဆယ်စီ၊ ထိုနောက်မှ ခြောက်ဆယ်စီ ခြောက်ဆယ်စီ ရပ်တည်၍ နေကြကုန်၏။

ထိုနတ်ဗြဟ္မာတို့သည် အချင်းချင်း ထိခိုက်ခြင်း မရှိကြဘဲ သားမြီးဖျားတစ်တို့ လောက်ရုံမျှသော အရပ်၌ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် စသည်ဖြင့် တစ်ပေါင်းတည်း ရပ်နေကြကုန်၏။

ဥပ၀ါနထေရ်သည် တန်ခိုးကြီးမားလှ၏။ ထို့ပြင် သူ၏ ကိုယ်ခန္ဓာသည် ကြီးမားလှ၏၊ သူ့ခန္ဓာကိုယ်က ကွယ်နေသဖြင့် နတ်ဗြဟ္မာတို့သည် ဗုဒ္ဓ၏ သရီရကာယတော်ကို မဖူးမြင်နိုင်ကြကုန်။

ဘုရားရှင်က အာနန္ဒာ၊ ငါ၏တပည့်၌ အပြစ်ရှိသဖြင့် နေရာမှ ဖယ်ရှားစေခြင်း မဟုတ်၊ ငါ၏သရီရကာယတော်ကို နတ်ဗြဟ္မာတို့ ရှင်းလင်းစွာ ဖူးမြင်နိုင်ရန် ဖယ်ရှားစေခြင်းဖြစ်ကြောင်း ဗုဒ္ဓက အရှင်အာနန္ဒာအား ပြန်လည်မိန့်ကြားသည်။

အရှင် ဥပ၀ါနထေရ် အပဒါန်၀တ္ထုပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

သရဏာဂမနိယထေရ် အပဒါန်ဝတ္ထု

သရဏာဂမနိယထေရ်သည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ပြုခဲ့ဖူးသော ပုညသမ္ဘာရကုသိုလ်ပါရမီ အဓိကာရ ရှိသည်ဖြစ်၍ ထိုထိုဘဝများစွာတို့၌ သံသရာဝဋ်ဆင်းရဲမှ လွတ်ရုပါလိုကြောင်း ဆုတောင်းခြင်းကို ပြုခဲ့သည်။ ကောင်းမှုကုသိုလ်တို့ကိုလည်း မပြတ် ဆည်းပူးသည်။ အနောမဒဿီ မြတ်စွာဘုရား၏ လက်ထက်တော်တွင် စန္ဒဝတီပြည်၌ ဥစ္စာနည်းပါး အမျိုးကောင်းသားဖြစ်၍ အမိအဖ မျက်မမြင်တို့ကို လုပ်ကျွေး၍နေ၏။

တာဝတိံသာ၌ နတ်သားဖြစ်

ထိုအမျိုးကောင်းသားသည် တစ်နေ့သ၌ ဤသို့အကြံဖြစ်၏။ ငါသည် အမိအဖ မျက်မမြင်တို့ကို လုပ်ကျွေး၍နေရသဖြင့် ရဟန်းပြုခြင်းငှာ မတတ်နိုင်၊ သရဏဂုံကို ဆောက်တည်တော့အံ့။ ဤသရဏဂုံကို ဆောက်တည်သည်ရှိသော် အပါယ်လေးပါးမှ လွတ်ကင်းတော့အံ့ဟုကြံ၍ အနောမဒဿီ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက နိသဘထေရ်မြတ်သို့ကပ်၍ သရဏဂုံကို ခံယူဆောက်တည်၏။ ထိုသရဏဂုံကို နှစ်ပေါင်းတစ်သိန်းပတ်လုံး စောင့်ရှောက်၍ စုတေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၏။

ငါတို့ဘုရားရှင်လက်ထက်

ထိုကုသိုလ်ကို အရင်းပြု၍ လူ့ပြည် နတ်ပြည်သို့၌သာလျှင် ကျင်လည်၍နေရ၏။ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်ရပြန်သည်။ ခုနစ်နှစ်အရွယ်သို့ရောက်လျှင် သူငယ်အပေါင်းခြံရံလျက် တစ်ခုသောကျောင်းတိုက်သို့ သွားရောက်သည်။ ထိုကျောင်းတိုက်မှ ရဟန္တာမထေရ် မြတ်တစ်ပါးသည် ထိုသူငယ်အား တရားဟောကာ သရဏဂုံကို ပေးတော်မူ၏။ ထိုသူငယ်သည် သရဏဂုံကို ခံယူသောအခါ ရှေးဘဝ၌ ဆောက်တည်ခဲ့သော သရဏဂုံကို အောက်မေ့သဖြင့် ဝိပဿနာကိုပွားလျက် ရဟန္တာဖြစ်ရလေ၏။

ရဟန္တာဖြစ်သော ခုနစ်နှစ်သား သူငယ်ကို မြတ်စွာဘုရားသည် ရဟန်းပြု၍ ဥပသမ္ပဒအဖြစ်ကို ပေးတော်မူ၏။ ထို ခုနစ်နှစ်သား ရဟန္တာအရှင်မြတ်သည် မိမိပြုဖူးသော သရဏဂုံတရားတော်ကို ဝမ်းမြောက်သောအားဖြင့် ဤသို့ ဟောကြားတော်မူ၏။

http://www.dhammadownload.com

ဟောတော်မူသော သရဏဝုံအကျိုး

နဂရေ စန္ဒဝတိယာ၊ မာတုဥပဋ္ဌာကော အဟုံ။
အန္ဓာ မာတာ ပိတာ မယှံ၊ တေ ပေါသေမိ အဟံ တဒါ။

ဘောန္တော ဥပါသကာယော၊ ရတနာမြတ် သုံးပါးနတ်ကို ယုံကြည်စွာ ဆည်းကပ်ကြကုန်သော အို ဥပါသကာ ဒါယကာကြီးတို့။ အဟံ၊ ခုနစ်နှစ်အရွယ်ရှိသော ရဟန္တာငါထေရ်မြတ်သည်။ တဒါ၊ အနောမဒဿီ၊ မြတ်စွာဘုရားပွင့်တော်မူသော ထိုအခါ၌။ စန္ဒဝတိယာ၊ စန္ဒဝတီအမည်ရှိသော။ နဂရေ၊ မြို့တော်၌။ မာတုဥပဋ္ဌာကော၊ အမိအဖတို့ကို လုပ်ကျွေးသောသူသည်။ အဟုံ၊ ဖြစ်ခဲ့ဖူးပြီ။ မယှံ၊ ငါ၏။ မာတာပိတာ၊ အမိအဖတို့သည်။ အန္ဓာ၊ စက္ခုနှစ်ဖက် ကွယ်ပျက်ချုတ်ယွင်း အလင်းမရ ကန်းကုန်ကြ၏။ တေ၊ ထိုစက္ခုနှစ်ဖက် ကွယ်ပျက်ချုတ်ယွင်း အလင်းမရ ကန်းကုန်ကြသော အမိအဖတို့ကို။ ပေါသေမိ၊ လုပ်ကျွေး၏။

ရဟောဂတော နိသီဒိတွာ၊ ဧဝံ စိန္တေ သဟံ တဒါ။
ပေါသေန္တော မာတာ ပိတရော၊ ပဗ္ဗဇ္ဖံ နာ လဘာမဟံ။
မဟန္တကာရပိဟိတာ၊ တိဝိဓဂ္ဂိဟိ ဥယှရေ။
ဧတာဒိသေ ဘဝေ ဇာတေ၊ နတ္ထိ ကောစိ ဝိနာယကော။ ။
ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဒီဗ္ဗတိ ဒါနိ သာသနံ။
သက္ကာ ဥဒ္ဓရိတုံ အတ္တာ၊ ပုညကာမေန ဒန္တုနာ။
ဥဂ္ဂယှ တီဏိ သရဏေ၊ ပရိပုဏ္ဏာနိ ဂေါပယိံ။
တေန ကမ္မေန သုကတေန၊ ပဋိမောက္ခာမိ ဒုဂ္ဂတိံ။

တဒါ၊ ထိုအမိအဖကို လုပ်ကျွေး၍နေသောအခါ၌။ အဟံ၊ ငါသည်။ ရဟောဂတော၊ ဆိတ်ငြိမ်ရာသို့ကပ်လျက်။ နိသီဒိတွာ၊ ထိုင်နေ၍။ ဧဝံ၊ ဤသို့။ စိန္တေသိံ၊ ကြံဖူးပြီ။ အဟံ၊ ငါသည်။ မာတာပိတရော၊ အမိအဖတို့ကို။ ပေါသေန္တော၊ လုပ်ကျွေး၍ နေရသောကြောင့်။ ပဗ္ဗဇ္ဖံ၊ ရဟန်းအဖြစ်ကို။ နလဘာမိ၊ မရပါ။

မဟန္တကာရပိဟိတာ၊ အဝိဇ္ဇာမှောင်ကြီး ပိတ်ဆီးကာကွယ်၍ နေကြကုန်သော သတ္တဝါအလုံးတို့သည်။ တိဝိဓဂ္ဂိဟိ၊ ရာဂ ဒေါသ မောဟ ငြီးငြိုး မီးပုံကြီးတို့သည်။ ဥယှရေ-ဥယှန္တိ၊ တဟုန်းဟုန်းတပြောင်ပြောင် ထောက်လောက်၍ နေကြကုန်၏။

http://www.dhammadownload.com

ဇောဒိသေ၊ ဤကဲ့သို့ မီးလောင်၍နေသော။ ဘဝေ၊ သုံးပါးလောက ဘုံဘဝသည်။ ဇာတေ၊ ဖြစ်သည်ရှိသော်။ ဝိနာယကော၊ မီးပုံထဲမှ ထုတ်ဆွဲဆောင်ယူနိုင်သော။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ နတ္ထိ၊ မရှိချေ။

လောကေ၊ လူ့ပြည်၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သမုပ္ပန္နော၊ ကောင်းစွာပွင့်တော်မူ၏။ ဒါနိ၊ ယခုအခါ၌။ သာသနံ၊ သာသနာတော်သည်။ ဒိဗ္ဗတိ၊ ထွန်းလင်း၍နေ၏။ ပုညကာမေန၊ ကောင်းမှုကို အလိုရှိသော။ ဇန္တုနာ၊ အမျိုးကောင်းသား ယောကျ်ားဇာနည် လူရည်မွန်သည်။ အတ္တာ၊ မိမိကိုယ်ကို။ ဥဒ္ဓရိတုံ၊ ထုတ်ဆွဲဆောင်ယူခြင်းငှာ။ သက္ကာ၊ တတ်နိုင်ရာ၏။

ပရိပုဏ္ဏာနိ၊ ပြည့်စုံစွာကုန်သော။ တီဏိသရဏေ၊ သုံးပါးသော သရဏဂုံတို့ကို။ ဥဂ္ဂယှ၊ ဆောက်တည်၍။ ဂေါပယံ၊ စောင့်ရှောက်လျက်။ သုကတေန၊ ကောင်းစွာပြုအပ်သော။ တေန ကမ္မေန၊ ထိုသရဏဂုံ ဆောက်တည်သောကံဖြင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးဘုံမှ။ ပဋိမောဏ္ဍာမိ၊ လွတ်မြောက်စေအံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံဖူးပြီ။

နိသဘော နာမ သမဏော၊ ဗုဒ္ဓသ အဂ္ဂသာဝကော။
တမဟံ ဥပဂန္တွာန၊ သရဏာဂမနံ ဂဟိံ။

ဘောန္တော ဥပါသကာယော၊ သရဏဂုံဆောက်တည်ကုန်သော အို ဥပါသကာ၊ ဒါယကာကြီးတို့။ အဟံ၊ ခုနစ်နှစ်သား ရဟန္တာထေရ်မြတ် ငါသည်။ ဗုဒ္ဓသ၊ အနောမဒဿီ မြတ်စွာဘုရား၏။ အဂ္ဂသာဝကော၊ လက်ယာတော်ရံ အဂ္ဂသာဝက ဖြစ်တော်မူသော။ နိသဘောနာမ၊ နိသဘအမည်တော်ရှိသော။ သမဏော၊ ရဟန်းမြတ်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တံ၊ ထိုနိသဘထေရ်မြတ်၏ အထံသို့။ ဥပဂန္တွာန၊ သွားရောက်ဖူးမြော် ဆည်းကပ်၍။ သရဏာဂမနံ၊ သရဏဂုံကို။ ဂဟိံ၊ ခံယူဆောက်တည်ဖူးပြီ။

ဝဿ သတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝ သရဏာဂမနံ၊ ပရိပုဏ္ဏံ အဂေါပယိံ။

ဝဿသတသဟဿာနိ၊ နှစ်ပေါင်းတစ်သိန်းတို့ပတ်လုံး။ တာဝဒေ၊ ထိုမျှလောက်သော။ အယု၊ သက်တမ်းသည်။ ဝဇ္ဇတိ၊ ရှိ၏။ တာဝ၊ ထိုအသက်တစ်သိန်းကာလပတ်လုံး။ ပရိပုဏ္ဏံ၊ ပြည့်စုံသော။ သရဏာဂမနံ၊ သရဏဂုံကို။ အဂေါပယိံ၊ စောင့်ရှောက်ဖူးပြီ။

http://www.dhammadownload.com

စရိမေ ၀တ္တမာနမှိ၊ သရဏံ တံ အနုဿရိံ။
တေန ကမ္မေန သုကတေန၊ တာ၀တိံသံ အဂစ္ဆဟံ။

စရိမေ၊ စုတိစိတ်သည်။ ၀တ္တမာနမှိ၊ ဖြစ်လုနီးသည်ရှိသော်။ ၀ါ၊ စုတိစိတ်အခါနီးလတ်သော်။ တံ သရဏံ၊ ထိုသရဏဂုံကို။ အနုဿရိံ၊ အောက်မေ့၏။ သုကတေန၊ ကောင်းစွာဆောက်တည်အပ်သော။ တေနကမ္မေန၊ ထိုသရဏဂုံကို အောက်မေ့သော ကုသိုလ်ကံဖြင့်။ တာ၀တိံသံ၊ တာ၀တိံသာဘုံသို့။ အဟံ၊ ငါသည်။ အဂစ္ဆိံ၊ ရောက်ခဲ့ဖူးပြီ။

ဒေ၀လောကဂတော သန္တော၊ ပုညကမ္မ သမာဟိတော။
ယံ ဒေသံ ဥပပဇ္ဇာမိ၊ အဋ္ဌဟေတု လဘာမဟံ။
ဒိသာ ပူဇိတော ဟောမိ၊ တိက္ခပညော ဘ၀ါ မဟံ။
သဗ္ဗေ ဒေ၀ါ နုဝတ္တန္တိ၊ အမိတံ ဘောဂံ လဘာမဟံ။
သုဝဏ္ဏ၀ဏ္ဏော သဗ္ဗတ္ထ၊ ပဋိကန္တော ဘ၀ါမဟံ။
အမိတ္တာနံ အစလော ဟောမိ၊ ယသော အဘ္ဘဂတောမှိ။

ဒေ၀လောကဂတော၊ နတ်ပြည်မှ ရောက်လာသည်။ သန္တော၊ ဖြစ်လျက်။ ပုညကမ္မသမာဟိတော၊ ကောင်းမှုကံနှင့် ပြည်စုံသောကြောင့်။ ယံဒေသံ၊ အကြင်အရပ်သို့။ ဥပပဇ္ဇာမိ၊ ရောက်၏။ တတ္ထ၊ ထိုရောက်ရာဖြစ်ရာအရပ်၌။ အဋ္ဌဟေတု၊ ရှစ်ပါးသော ချမ်းသာကြောင်းတို့ကို။ အဟံ၊ ငါသည်။ လဘာမိ၊ ရ၏။

မထေရ်ဟောသည့် ချမ်းသာကြောင်းရှစ်ပါး

ရှစ်ပါးသောချမ်းသာကြောင်းကို မထေရ်က ဤသို့ဟောပြတော်မူ၏။

၁။ ဒိသာသု၊ အရပ်မျက်နှာတို့၌။ ပူဇိတော၊ ပူဇော်အပ်သည်။ ၀ါ၊ အပူဇော်ကို ခံရသည်။ ဟောမိ၊ ဖြစ်၏။

၂။ အဟံ၊ ငါသည်။ တိက္ခပညော၊ ထက်သောပညာရှိသည်။ ဘ၀ါမိ၊ ဖြစ်ရ၏။

၃။ သဗ္ဗေ၊ အလုံးစုံသော။ ဒေ၀ါ၊ နတ်တို့သည်။ အနုဝတ္တန္တိ၊ အစဉ်လိုက်ကုန်၏။

၄။ အမိတဘောဂံ၊ မနှိုင်းယှဉ်သာသော စည်းစိမ်ကို။ အဟံ၊ ငါသည်။ လဘာမိ၊ ရ၏။

http://www.dhammadownload.com

၅။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောဘဝ၌။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့
သော အဆင်းရှိ၏။
၆။ ပဋိကန္တော၊ လူအများတို့ ချစ်ခင်နှစ်သက်သော။ အဟံ၊ ငါသည်။
ဘဝါမိ၊ ဖြစ်ရ၏။
၇။ မိတ္တာနံ၊ မိတ်ဆွေတို့နှင့်။ အစလော၊ တုန်လှုပ်ပျက်ပြယ်ခြင်း မရှိသည်။
ဟောမိ၊ ဖြစ်ရ၏။
၈။ မမံ၊ ငါ့အား။ ယသော၊ ကျော်စောခြင်းသည်။ အဗ္ဘုဂ္ဂတော၊ ပျံ့နှံ့၏။
အရပ်ရှစ်မျက်နှာရောက်လေရာတို့၌ ဤအကျိုးရှစ်ပါး ပြည့်စုံ၏။

ပစ္ဆိမေ ဘဝေသမ္ပတ္တေ၊ ပုညကမ္မ သမာဟိတော။
ပုရေသာဝတ္ထိယံဇာတော၊ မဟာသာလေသုအမုကေ။
နဂရာ နိက္ခမိတ္တာန၊ဒါရကေဟိ ပုရက္ခတော၊
ဟသခိဋ္ဌသမ်ဂီဟံ။ သံဃာရာမံ ဥပါဂမိံ။
တတ္ထဒ္ဒသာသိံ သမဏံ၊ ဝိပ္ပမုတ္တံ နိရူပဓိံ။
သော မေ ဓမ္မမဒေသေသိ၊ သရဏဉ္စ အဒါသိ မေ။
သောဟံ သုတ္တာန သရဏံ မေ အနုဿရိံ။
ဧကာသနေ နိသီဒိတ္တာ၊ အရဟတ္တမပါပုဏိံ။
ဇာတိယာ သတ္တမေ ဝဿေ၊ အရဟတ္တမပါပုဏံ။
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။

ခုနစ်နှစ်အရွယ် ငါ့ကို ဘုရားရှင်က ရဟန်းပြုပေးခဲ့

ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ ဘဝေ၊ ဘဝသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်၊ ပုညကမ္မသမာဟိတော၊ ရှေးကုသိုလ်ကံနှင့်ပြည့်စုံသောကြောင့်။ သာဝတ္ထိယံ၊သာဝတ္ထိ အမည်ရှိသော။ ပုရေ၊ ပြည်တော်ကြီး၌။ သုအမုကေ၊ အလွန်ကြွယ်ဝပေါများလှသော။ မဟာသာလေ၊ များသောဥစ္စာနှစ်ရှိသော မဟာသာလအမျိုး၌။ ဇာတော၊ဖြစ်ရ၏။

နဂရာ၊ သာဝတ္ထိမြို့တော်မှ။ နိက္ခမိတ္တာန၊ ထွက်လာခဲ့၍။ ဒါရကေဟိ၊ သူငယ်ဖော်အများတို့နှင့်။ ရက္ခတော၊ ခြံရံလျက်။ အဟံ၊ ငါသည်။ ဟသခိဋ္ဌသမ်ဂီ၊ ပျော်ပါးမြူးရွင် ကစားချင်သောစိတ်ရှိလျက်။ သံဃာရာမံ၊ ရဟန်းသံဃာတော် မွေ့လျော်ပျော်ပိုက် ဇေတဝန်ကျောင်းတိုက်သို့။ ဥပါဂမိံ၊ ရောက်၍သွားလေ၏။

F-44A ထေရအပဒါန်

http://www.dhammadownload.com

အဟံ၊ ငါသူငယ်သည်။ တတ္ထ၊ ထိုကျောင်းတိုက်၌။ ဝိပဿိမုတ္တံ၊ ကိလေသာမှ လွတ်ကင်းပြီးသော။ နိရူပဓိံ၊ ဥပဓိကင်းပြီးသော။ သမဏံ၊ ရဟန္တာတစ်ပါးကို။ အဒ္ဒသိံ၊ ဖူးမြင်ရ၏။ သော၊ ထိုရဟန်းတော် အရှင်မြတ်သည်။ မံ၊ ငါသူငယ်ကို။ ဓမ္မံ၊ တရားတော်ကို။ အဒေသေသိ၊ဟောကြားတော်မူ၏။ မေ၊ ငါသူငယ်အား။ သရဏဉ္စ၊ သရဏဂုံကိုလည်း။ အဒါသိ၊ ပေးတော်မူ၏။

သောဟံ၊ ထိုသူငယ်သည်။ သရဏံ၊ သရဏဂုံ အကျိုးတရားတော်ကို။ သုတွာန၊ နာရ၍။ မေ၊ ငါ၏။ သရဏံ၊ ဆောက်တည်သောသရဏဂုံကို။ အနုဿရိံ၊ အောက်မေ့၍နေ၏၊ ဧကာသနေ၊ တစ်နေရာတည်း၌။ နိသီဒိတွာ၊ ထိုင်နေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ ရောက်ပြီ။

ဇာတိယာ၊ မွေးဖွားသည်မှ။ သတ္တမေဝဿေ၊ ခုနစ်နှစ်ရှိသော အရွယ်၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ ရောက်သော။ မံ၊ ငါ ရဟန္တာထေရ်ငယ်ကို။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဂုဏံ၊ ငါထေရ်ငယ်၏ဂုဏ်ကို။ အညာယ၊ သိတော်မူ၍။ ဥပသမ္ပာဒယိ၊ ရဟန်းအဖြစ်သို့ ရောက်စေတော်မူ၏။

သရဏဂမနိယထေရ် အပဒါန်းဝတ္ထုပြီး၏။

●●●●●●●●●●

ပဉ္စသီလသမာဒါနိယထေရ် အပဒါန်းဝတ္ထု

ပဉ္စသီလသမာဒါနိယ ထေရ်သည် ရှေးရှေးသောမြတ်စွာဘုရားတို့၏အထံ၌ ပြုအပ်ပြီးသော ပါရမီသမ္ဘာရရှိသူပုဂ္ဂိုလ်ဖြစ်၏။ ထိုထို ဘဝများစွာတို့၌ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်း ဆုပန်တောင်း၍ ကောင်းမှုကုသိုလ်တို့ကိုပြုလုပ်ဆည်းပူးခဲ့သည်။

ပြုခဲ့သောကောင်းမှုနှင့် အကျိုးခံစားရပုံ

အနောမဒဿီမြတ်စွာဘုရားလက်ထက်တော်၌ စန္ဒဝတီပြည်ဝယ် အခစားဖြင့် အသက်မွေးရသောသူဆင်းရဲဖြစ်၏။ သံသရာ၏ အပြစ်ကိုမြင်၍ ရဟန်းပြုလိုသော်လည်း ရဟန်းပြုခွင့် မရသဖြင့် အနောမဒဿီ မြတ်စွာဘုရား၏

http://www.dhammadownload.com

အဂ္ဂသာဝက နိသဘထေရ်၏အထံ၌ ငါးပါးသော သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်သည်။ နှစ်ပေါင်းတစ်သိန်းပတ်လုံး ငါးပါးသီလကို မကျိုးမပေါက် မပျောက်မပျက်ရအောင် စောင့်ရှောက်၏။ ထိုကံဖြင့် စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်စည်းစိမ်ကို စံစားရ၏။

ရဟန္တာဖြစ်ပြီ

သူဆင်းရဲသည် ထိုငါးပါးသီလ ကုသိုလ်ကံကို အရင်းမူလပြု၍ လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်ခဲ့ရသည်။ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝေသာလီပြည်၌ ဥစ္စာပေါများသော မဟာသာလအမျိုး၌ဖြစ်၏။ ငါးနှစ်သားအရွယ်ရောက်သောအခါ အမိအဖတို့ ငါးပါးသီလဆောက်တည်ကြသည်ဟူသောအသံကို ကြားလျှင် ထိုငါးနှစ်သား သူငယ်သည် မိမိရှေးဘဝက ဆောက်တည်ခဲ့ဖူးသော ငါးပါးသီလကို အောက်မေ့၍ ဝိပဿနာကိုပွားစေသော် တစ်ထိုင်တည်း ထိုနေရာ၌ပင် ရဟန္တာဖြစ်လေ၏။

ရဟန္တာဖြစ်သည်ကို မြတ်စွာဘုရားသိတော်မူ၍ ပဉ္စင်းအဖြစ်ကို ပေးတော်မူ၏။ ထိုငါးနှစ်သား ရဟန္တာအရှင်မြတ်သည် မိမိရှေးဘဝကပြုခဲ့သော ပါရမီတို့ကို အဘိညာဉ်ဖြင့် ဆင်ခြင်သော် မြင်တော်မူ၍ ဝမ်းမြောက်သောအားဖြင့် ဤတရားတော်ကို ဟောတော်မူ၏။

မထေရ်ဟောသောတရား

အို ဦးရီးတော် ဒါယကာကြီးတို့၊ ငါးနှစ်သားရွယ် အသက်ငယ်လှသေးသော ငါထေရ်ကျော်မြတ်သည် တစ်သချေ်နှင့် သိန်းနေကမ္ဘာ ထိုအခါက စန္ဒဝတီ အမည်ရှိသော မြို့တော်ကြီး၌ အခစားဖြင့် လုပ်ကိုင်စားရသည့် ဆင်းရဲသားဖြစ်ဖူးပြီ။ သူတစ်ပါးတို့၏ အလုပ်ရုံ၌ အခစား လုပ်ကိုင်စားနေရသဖြင့် ငါသည် ရဟန်းအဖြစ်ကို မရခဲ့ပါ။ သတ္တဝါတို့သည် ငရဲမီး၊ ပြိတ္တာမီး၊ သံသရာမီး စသောမီးတို့သည် ဝိုင်းရံခြင်း ခံနေကြရကုန်၏။ ထိုမီးတို့မှ ဘယ်နည်းဖြင့် ကင်းလွတ်နိုင်မည်နည်း။

ငါးပါးသီလ ဆောက်တည်ရန် အကြံဖြစ်ပုံ

ငါ့အား လှူစရာဝတ္ထုပစ္စည်းသည်လည်း မရှိ။ ငါသည် အခစားဖြင့် လုပ်ကိုင်စားနေရသော ဆင်းရဲစွာလှ သူဒုက္ခိတဖြစ်ခဲ့၏။ ငါသည် ငါးပါးသီလကို

http://www.dhammadownload.com

စောင့်ရှောက်ရမှု ကောင်းလေစွဟု ကြွေး၏။ ထို့နောက် ငါသည် အနောမဒဿီ မြတ်စွာဘုရား၏ အဂ္ဂသာဝက နိသဘ ရဟန္တာကြီးအထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ခဲ့သည်။

ကွယ်လွန်ပြီးနောက် တာဝတိံသာသို့

ငါသည် ထိုငါးပါးသီလ၏အကျိုးကြောင့် ကွယ်လွန်ခါနီးကာလ၌ နတ်တို့သည် ငါ့အား ငါးပါးသီလ စောင့်ထိန်းမှုကို သတိရစေကြသည်။ ထိုသို့ သတိရစေခဲ့မှုကြောင့် ကွယ်လွန်ပြီးနောက် တာဝတိံသာဘုံသို့ ရောက်ရသည်။

ထို့နောက် ငါသည် ထိုနတ်ဘဝမှ စုတေကာ ပဒေသရာဇ်မင်းဘဝ၊ ဧကရာဇ်မင်းဘဝ စသည်တို့၌ ဘဝများစွာ ခံစားခဲ့ရသည်။ ယခုနောက်ဆုံး ဘဝတွင် ဝေသာလီပြည်၌ လူဖြစ်လာကာ ငါ့ကို ငါးနှစ်သားအရွယ်မှာပင် မိဘတို့က ငါးပါးသီလကို ဆောက်တည်စေခဲ့ကြသည်။

ငါသည် သူဆင်းရဲဘဝတုန်းက ဆောက်တည်ခဲ့ဖူးသော ကောင်းမှုသီလ အရိန်ကြောင့် ထိုအတိတ်ဘဝက သီလကိုအောက်မေ့ ပွားများရာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ရသည်။ ငါ၏အသက်အရွယ်မှာ ထိုအချိန်၌ ငါးနှစ်သားသာ ရှိသေးသည်ဟု မထေရ်က ပြန်လည်ဟောပြတော်မူသည်။

ပဉ္စသီလသမာဒါနိယထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ကုဏ္ဍာဓာနထေရ် အပဒါန်ဝတ္ထု

ကုဏ္ဍာဓာနထေရ်သည် ဗျာဒိတ်မရသေးမီ ကာလတွင် ရှေးရှေးသော ဘုရားရှင်တို့၏ အထံတော်တို့၌ ပတ္ထနာဆုတောင်းအားဖြင့် ပြုအပ်သော ပါရမီသမ္ဘာရ အဓိကာရရှိသူဖြစ်သည်။ ထိုထိုဘဝတို့၌ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ကြောင်း ပတ္ထနာဆုကိုတောင်းလျက် ကောင်းမှုကုသိုလ်ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့သည်။

http://www.dhammadownload.com

ပဒုမုတ္တရ ဘုရားရှင်လက်ထက်

ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသောအခါ ပဒုမုတ္တရမြတ်စွာဘုရား စံတော်မူရာ ကျောင်းတော်ရှိသော ဟံသာဝတီပြည်တော်ကြီးဝယ် အမျိုးကောင်းအိမ်၌ လူဖြစ်လာခဲ့ရသည်။ အရွယ်ရောက်သော် မြတ်စွာဘုရားအထံသို့ ဆည်းကပ်လျက် တရားတော်ကို နာယူသည်။ မြတ်စွာဘုရားသည် ရဟန်းတို့၏အလယ်၌ တစ်ပါးသောရဟန်းကို စာရေးတံယူသော ရဟန်းတို့တွင် အမြတ်ဆုံးဟူ၍ ဧတဒဂ်ထား တော်မူသည်ကို မြင်ရသည်။

ရှေးကပြုခဲ့သောကောင်းမှု

ထိုဧတဒဂ်အရာအထူးကို ထိုရဟန်းကဲ့သို့ ငါသည် နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌ ပထမစာရေးတံဧတဒဂ်ကို ရစေသောဟု ပတ္ထနာပြု၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၏။

တစ်နေ့သ၌ ငါသည် ပဒုမုတ္တရမြတ်စွာဘုရား နိရောဓသမာပတ်မှ ထတော်မူရာတွင် ကြီးစွာသော ငှက်ပျောသီးကို ကပ်လှူ၏။ ငှက်ပျောသီး ကပ်လှူသော ကုသိုလ်ကြောင့် ဘဝပေါင်းတစ်ဆယ့်တစ်ကြိမ် နတ်ပြည်၌ ဖြစ်ရ၏။ ဘဝပေါင်းနှစ်ဆယ့်လေးကြိမ်၊ နှစ်ဆယ့်လေးဘဝ စကြာမင်းဖြစ်ရ၏။

ထိုကဲ့သို့ ဘဝပါင်းများစွာ သံသရာ၌ ကျင်လည်၍ ကုသိုလ်ပါရမီတို့ကို ပြုကျင့်ဆည်းပူးစဉ် ကမ္ဘာတစ်သိန်းလွန်သည်ရှိသော် ကကုသန်၊ ကောဏာဂုံနှင့် ကဿပမြတ်စွာဘုရားတို့ ပွင့်တော်မူကြ၏။

ဘုမ္မစိုးနတ်ဘဝ

ကဿပ မြတ်စွာဘုရား လက်ထက်အခါတွင် ကုဏ္ဍာန၏အလောင်းလျှာသည် ဘုမ္မစိုးနတ်ဖြစ်၏။

ပြုဖူးသောမကောင်းမှု

ရဟန်းတို့ ပါတိမောက်ပြသောနေ့သို့ ရောက်သောအခါ မိတ်ဆွေရဟန်းနှစ်ပါးတို့သည် ဥပုသ်ပြုကြရန် သွားကြကုန်၏။ ရဟန်းနှစ်ပါးတို့သည် တစ်ပါးနှင့်တစ်ပါး အလွန်ချစ်ခင်ကြကုန်၏။

http://www.dhammadownload.com

ထိုအခါ ဘုမ္မစိုးနတ်ဖြစ်သော ကုဏ္ဍာဓာနထေရ်လောင်းလျာသည် ထိုနှစ်ပါး ကိုမြင်၍ ဤရဟန်းနှစ်ပါးတို့ အချင်းချင်းမေတ္တာပျက်၍ ကွဲပြားအောင် တစ်နည်း နည်းဖြင့်ပြုသည်ရှိသော် တကယ်ကွဲပြား၍ သွားကြမည်လော။ မကွဲပြားဘဲ မြဲခိုင်၍ နေမည်လော စုံစမ်းအံ့ဟု ကြဲလျက် ထိုရဟန်းနှစ်ပါးတို့၏ မနီးမဝေးမှ လိုက်၍နေ၏။

အသင့်အတင့် ဆက်၍သွားပြီးသော် မထေရ်မြတ်တစ်ပါးသည် ကုဋီသွားလို သည်ဖြစ်၍ မိမိ၏သပိတ်သင်္ကန်းကို မိတ်ဆွေရဟန်းအထံ၌ ခေတ္တခဏမျှ အပ်ထား ခဲ့သည်။ သန့်စင်ခွက်ဖြင့် ရေကို ယူပြီးလျှင် တစ်ခုသော ချုံအတွင်းသို့ဝင်ကာ ကုဋီသွားသည်။ ထို့နောက် လက်တို့ကို ဆေးကြောပြီး ချုံတွင်းမှထွက်၍လာ၏။

ဘုမ္မစိုးနတ်က မိန်းမယောင်ဆောင်ပြီး လိုက်လာပုံ

ထိုအခါ ဤမထေရ်လောင်းလျာ ဖြစ်သောဘုမ္မစိုးနတ်သည် အလွန်လှပသော မိန်းမယောင် ဖန်ဆင်းလျက် ထို ကုဋီသွားသောရဟန်း၏နောက်မှ လိုက်လာသည်။ အယောင်ဆောင် မိန်းမသည် ရဟန်းနောက်မှ လိုက်လာရင်း ထဘီကိုပြင်ဝတ်ဟန်၊ ကျောၭ် ဖုန်များကပ်နေ၍ ခါဟန်ပြုပြီး ချုံစပ်၌ ရပ်နေသည်။

ဘုမ္မစိုးနတ် မိန်းမအယောင်ဆောင်၍ ပြုလုပ်သည်ကို ချုံ၏ ပြင်ဘက်၌ ရပ်စောင့်နေသော ရဟန်းက မြင်၏။ ဝစ္စကုဋီသွား၍ ချုံထဲမှထွက်လာသော ရဟန်းကား မမြင်။ မြင်အောင်လည်း မပြ။

အထင်လွဲပြီ

ထိုကဲ့သို့ ဘုမ္မစိုးနတ်က မိန်းမအယောင်ဆောင်၍ပြသည်ကို အပြင်ဘက်မှ ရပ်စောင့်နေသော ရဟန်းကမြင်သည်ရှိသော် ငါ၏မိတ်ဆွေသည် ဝစ္စကုဋီသွားလိုဟန် ဆောင်၍ မာတုဂါမနှင့် ချုံထဲ၌ အတူတကွ မွေ့လျော်ပြီးမှ ထွက်၍လာ၏ဟု မှတ်ထင်သွားသည်။

ထို့ကြောင့် ထိုရဟန်းက "ငါ့ရှင်၊ သင်၏ သပိတ်နှင့် သင်္ကန်းကို မြန်မြန် ယူပါလော့။ သင်ကဲ့သို့သော သူယုတ်မာနှင့်အတူ ငါခရီးမသွားလို"ဟု ဆို၏။ အပြင်ဘက်သို့ ရောက်လျှင်ရောက်ချင်း ဤကဲ့သို့ဆိုလိုက်သောစကားကို ကြား၍ ဝစ္စကုဋီသွားသော လဇ္ဇီသူမွန် သီလဝန်ရဟန်းသည် မိမိ၏နှလုံးကို လုံဖြင့် အထိုး ခံလိုက်ရဘိသကဲ့သို့ ဖြစ်သွားခဲ့ရ၏။

http://www.dhammadownload.com

ဗွပ်စွဲခံရသော ရဟန်းက ပြန်၍မေးပုံ

ထိုနောက် ချူထဲသို့ ကုဋီသွားပြီး ပြန်လာသော ရဟန်းက "ငါ့ရှင်သည် အဘယ်ကြောင့် ထိုကဲ့သို့သောစကားကို ငါ့အား ပြောဆိုဘိသနည်း။ ငါသည် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းပြု၍နေခဲ့သော်လည်း ဒုက္ကဋ်အာပတ်မျှ မသင့်ဖူးပေ။ အဘယ်ကြောင့် သင်သည် ငါ့အား သူယုတ်မာဟူ၍ ဆိုသနည်း။ သင်သည် အဘယ်သို့ ငါပြုသည်ကို မြင်သနည်း။ သို့မဟုတ် သူတစ်ပါးပြောကြား၍ ငါ့ကို သူယုတ်မာဟု သင်ဆိုသလော"ဟု မေးသည်။

ထိုအခါ အဖော်ရဟန်းက "သူတစ်ပါးပြောကြား၍ ငါဆိုသည်မဟုတ်၊ ငါကိုယ်တိုင် ဒိဋ္ဌမြင်၍ဆို၏။ သင်သည် ဝစ္စကုဋီသွားလိုဟန်ဆောင်၍ မာတုဂါမနှင့် ချူအကွယ်၌ တွေ့ပြီး ရှေ့နောက်မကွာ ချူထဲမှ ထွက်၍လာ၏"ဟု ပြော၏။

"ငါ့ရှင် ချူထဲ၌ မာတုဂါမ မရှိ၊ ထိုမာတုဂါမကို ငါမမြင်"ဟု အစွပ်စွဲခံရဟန်းက ပြန်လည်ရှင်းပြသည်။

"မာတုဂါမနှင့် ရှေ့နောက်မကွာ ချူထဲမှ သင်ထွက်၍လာသည်ကို ငါကိုယ်တိုင် မြင်ရပါလျက် သင်သည် ထပ်မံဖုံးကွယ်လိမ်ညာနေသည်"ဟု အခြားရဟန်းက ပြန်ပြောသည်။

ဘုရားရှင်ထံရောက်လာကြပြီ

ဝစ္စကုဋီသွားသော ရဟန်းက ထိုသို့ မပြုကြောင်း သုံးကြိမ်တိုင်အောင် ပြောသော်လည်း အပြင်ဘက်မှ ကိုယ်တိုင်မြင်ရသော ရဟန်းက ယုံကြည်ခြင်းမရှိသောကြောင့် ဝစ္စကုဋီသွားသော ရဟန်းနှင့် အတူတကွ ခရီးမသွားဘဲ လမ်းခွဲ၍ သွားသည်။ ထို့နောက် သူတို့နှစ်ပါးမြတ်စွာဘုရားထံ ရောက်လာကြသည်။

မိတ်ဆွေရဟန်းက လမ်းခွဲ၍သွားသည်ရှိသော် ဝစ္စကုဋီသွားသော ရဟန်းသည်လည်း တစ်ပါးသောလမ်းဖြင့်သွား၍ မြတ်စွာဘုရားအထံသို့ ရောက်လာလေ၏။

ထိုမိတ်ဆွေရဟန်းနှစ်ပါးတို့တွင် မာတုဂါမ့ကိုမြင်သောရဟန်းက ကျန်ရဟန်းနှင့် အတူတကွ ဥပုသ်မပြု ဟူ၍ ပြောကာ ဥပုသ်သိမ်၏အပြင်ဘက်သို့ ထွက်ခွာသွားပြီး ရပ်နေသည်။

http://www.dhammadownload.com

ဘုမ္မစိုးနတ် သူအိုယောင်ဆောင်ပြန်ပြီ

ထိုအခါ၌ မိန်းမအယောင်ဆောင်၍ပြသောဘုမ္မစိုးနတ်သည် ငါသည်ကြီးလေး သောအမှုကို ပြုမိချေ၏တကားဟု ထိတ်လန့်၊ သံဝေဂဖြစ်လျက် ဥပါသကာ သူအိုယောင်ဆောင်၍လာပြီးလျှင် ဥပုသ်ပြုရာ သိမ်အပြင်ဘက်၌ ရပ်နေသော ရဟန်းကို "အရှင်ဘုရားသည် ဤနေရာ၌ အဘယ့်ကြောင့် ရပ်၍နေပါသနည်း" ဟု မေးလျှောက်၏။

ထိုအခါ ရဟန်းက "ဥပါသကာ၊ ဥပုသ်သိမ်အတွင်း၌ ယုတ်မာသော ရဟန်းတစ်ပါး ဝင်၍သွား၏။ ငါသည် ထိုရဟန်းနှင့်အတူတကွ ဥပုသ်မပြုလို၍ သိမ်၏အပြင်၌ ရပ်နေ၏ဟု ရှင်းလင်းပြောပြ၏။

"အရှင်ဘုရား၊ ဤသို့ အယူတော် မရှိပါလင့်။ ဤအရှင်မြတ်သည် စင်ကြယ်သော သီလရှိပါ၏။ အရှင်ဘုရားမြင်သော မာတုဂါမသည်ကား သူတစ်ပါး မဟုတ်ပါ။ တပည့်တော်ပင် ဖြစ်ပါသည်။ အရှင်ဘုရားတို့နှစ်ပါး၏ မိတ်ဆွေ အဖြစ်သည် မြဲသလော၊ မမြဲသလော။ ကွဲပြားခြင်း ရှိသလော၊ မရှိသလော စုံစမ်းလို၍ တပည့်တော် မိန်းမ အယောင်ဆောင်ကာ အရှင်ဘုရားမြင်အောင် နောက်မှလိုက်လာပြီး ကိုယ်ထင်ပြမိပါသည်"ဟူ၍ လျှောက်ကြားသည်။

"အသင်သည် အဘယ်ကဲ့သို့ အစွမ်းရှိသောသူဖြစ်၍ မိန်းမအယောင်ဆောင်နိုင်သနည်း"ဟု ရဟန်းက မေးသည်။ ထိုအခါ ဘုမ္မစိုးနတ်က "တပည့်တော်သည် ဥပါသကာသူအိုကြီးမဟုတ်ပါ။ ဘုမ္မစိုးနတ်ဖြစ်ပါသည်"ဟု လျှောက်ကြားလျက် နတ်၏အဖြစ်ကို ထင်ရှားစွာ ပြသည်။

ထို့နောက် မထေရ်မြတ်၏ ခြေရင်း၌ဝပ်စင်းလျက် "အရှင်ဘုရား၊ သည်းခံတော်မူပါ။ ထိုရဟန်း၌ အပြစ်မရှိပါ။ ဘီလစင်ကြယ်ပါသည်။ သိမ်တွင်းသို့ ဝင်၍ ဥပုသ်ပြုတော်မူပါ"ဟု တောင်းပန်၍ သိမ်အတွင်းသို့ ဝင်စေ၏။

အရဟတ္တဖိုလ်ရောက်ပြီ

မာတုဂါမကိုမြင်သောရဟန်းသည် ဘုမ္မစိုးနတ်က ကိုယ်တိုင်လာ၍ ဧတောင်းပန် လျှောက်ကြားသောကြောင့် ဥပုသ်ကိုကား အတူတကွပြုသေး၏။ မိတ်ဆွေအဖြစ် ဖြင့်ကား ရှေးကကဲ့သို့ ချစ်ကျွမ်းဝင်စွာ အတူတကွ သွားလာနေထိုင်ခြင်းကို မပြုတော့ပေ။ နောက်အဖို့၌ ထိုမထေရ်မြတ်သည် ဝိပဿနာကို အားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

http://www.dhammadownload.com

ဆိုးကျိုးခံစားရပုံ

ဘုမ္မစိုးနတ်သည်ကား ထိုအကုသိုလ်ကံ၏အကျိုးဆက်ကြောင့် ဘုရားနှစ်ဆူတို့၏အကြား၌ အပါယ်ဒုဂ္ဂတိဘဝ ကျရောက်ရ၍ လူဖြစ်ချည်တစ်ခါ၊ အပါယ်သို့ရောက်ချည်တစ်လှည့်ဖြင့် သံသရာဆင်းရဲကို ခံရရှာ၏။ တစ်ရံတစ်ခါ လူအဖြစ်ကို ရပါသော်လည်း သူတစ်ပါးတို့ ပြုလုပ်သောအပြစ်သည် သူ၏အပေါ်သို့သာလျှင် ကျရောက်၏။

ငရဲအပ၊ ဝင့်အမြဲ

ထိုဘုမ္မစိုးနတ်သည် ငါတို့အရှင်ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်တွင် ဗြာဟ္မဏအမျိုး၌ လူဖြစ်လာရကာ ကုဏ္ဍဓာနကုမာရဟု သူ့ကို ခေါ်ကြသည်။ အရွယ်ရောက်သည်ရှိသော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်သည်။ အသက်ကြီးရင့်အိုမင်းသောအခါမှ မြတ်စွာဘုရား၏တရားတော်ကို နာရ၍ သဒ္ဓါတရားဖြင့် ရဟန်းပြု၏။ ထိုသို့ ရဟန်းပြု သောအခါမှစ၍ ဝတ်စားတန်ဆာ လှပစွာဖြင့် ပြင်ဆင်ထားသော မိန်းမလှတစ်ယောက်သည် ထိုရဟန်း၏နောက်မှ အမြဲတစေ လိုက်ပါ၍နေ၏။

ပြောင်လှောင်ပြောဆိုကာ ဆွမ်းလောင်းကြပုံ

ထိုရဟန်း ရွာသို့ ဆွမ်းခံဝင်သည်ရှိသော် ဆွမ်းလောင်းကြကုန်သော မိန်းမတို့က အရှင်ဘုရား၊ ဤဆွမ်းကို အရှင်ဘုရားအဖို့ လောင်းပါ၏။ ဤဆွမ်းကိုကား အရှင်ဘုရား၏အဇော်မအဖို့ လောင်းပါ၏ဟု ပြက်ရယ်လှောင်ပြောင်စကားတို့ကို ပြောဆိုလျှောက်ကြား၍ ဆွမ်းလောင်းကြကုန်၏။

ထိုမထေရ်သည် မိန်းမအများ၏ ပြောင်လှောင်စကားဖြင့် ပြောဆို ဆွမ်းလောင်းခံရသည့်အခါ လွန်စွာစိတ်ဆင်းရဲခြင်းဖြစ်၏။ နှလုံးမသာယာခြင်းလည်းဖြစ်၏။ ကျောင်းသို့ ပြန်ရောက်သောအခါ၌လည်း သာမဏေငယ်၊ ရဟန်းငယ်တို့က ဝိုင်းဝန်း၍ ပြောင်လှောင်ကြကုန်၏။

သွားတူလာတူ ထိုင်တူရပ်တူ

ထိုကုဏ္ဍဓာနထေရ်၏ မကောင်းမှုအကုသိုလ်ကံ အကျိုးပေးပုံသည် အလွန်ဆန်းကြယ်၏။ ထိုရဟန်း၏နောက်ဘက်မှ ဝတ်စားတန်ဆာ ဆင်မြန်းထားသော

http://www.dhammadownload.com

မိန်းမလှအမြဲပါ၍နေသည်ကို လူအများတို့ ထင်ရှားစွာ မြင်ကြရကုန်၏။ သို့သော် ထိုကုဏ္ဍဓာနထေရ်ကား မမြင်ရ။ မမြင်ရသော်လည်း ထိုဝတ်စားတန်ဆာ ဆင်မြန်း ထားသော မိန်းမလှသည် မထေရ်မြတ် ဆွမ်းခံရွာသို့ဝင်ရာ၌လည်း နောက်မှလိုက်၍ မထေရ်မြတ်နှင့် အတူတကွသွား၏။

ရွာမှထွက်သောအခါလည်း အတူတကွ နောက်မှလိုက်၍ထွက်၏။ ကျောင်း တိုက်တွင်းသို့ဝင်လျှင်လည်း ထိုမိန်းမသည် နောက်မှလိုက်၍ အတူတကွဝင်၏။ မထေရ်မြတ် ထိုင်နေလျှင်လည်း သူမသည် မထေရ်မြတ်နောက်မှ ကပ်၍ ထိုင်နေ ၏။ ရပ်ရာ၌လည်း နောက်မှ ကပ်၍ ရပ်နေ၏။

ဤကဲ့သို့ မိန်းမလှကလေး နောက်မှ အမြဲပါနေသည်ကို တစ်ပါးသူတို့သာ မြင်ရခြင်းသည်ကား ဘုမ္မစိုးနတ် ဖြစ်စဉ်အခါက သီလဝန္တ ရဟန်းတစ်ပါးကို သူတစ်ပါး ယုံမှားမကင်းဖြစ်အောင် မိန်းမအယောင်ဆောင်၍ နောက်မှလိုက်၍ ပြုမှားမိသော အကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် သူတစ်ပါးတို့သာ မြင်ရ၏။ ထို့ကြောင့် အလွန်ဆန်းကြယ်၏။

ကံ၏အကျိုးတရားဆန်းကြယ်

ဘုမ္မစိုးနတ်ဖြစ်သော ဘဝက ဖန်ဆင်း၍ပြသော မိန်းမသည် ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ပြုလုပ်သော ရူပါရုံ ဖြစ်၏။ ယခုကုဏ္ဍဓာနထေရ်ဖြစ်လာသောဘဝ၌ လူအများတို့ မြင်ရသော မိန်းမသည်လည်း ထိုကမ္မဇိဒ္ဓိရူပါရုံပင်ဖြစ်၏။ ထို့ကြောင့် ကံ ကံ၏ အကျိုးတရားကို သာမန်လူတို့ မသိနိုင်ဟူ၍ ဘုရားရှင်က ဟောတော်မူသည်။

ဘုမ္မစိုးနတ် ဖြစ်စဉ်အခါက မိတ်ဆွေဖြစ်သော ရဟန်းတစ်ပါးကိုသာလျှင် မြင်စေ၍ ယုံမှားမကင်းအောင် အပြစ်ပြောဆိုအောင် ပြုလုပ်၏။ ယခုကုဏ္ဍဓာန ဖြစ်လာသောဘဝ၌မူ လူအများတို့ မြင်ရ၍ ယုံမှားမကင်းအောင် အပြစ်ပြောဆိုခြင်း ခံရသော အကျိုးကိုပေး၏။

မကောင်းမှုနည်းနည်း၊ မကောင်းကျိုးများများ

ဤမျှသာမဟုတ်သေး၊ ဘုရားနှစ်ဆူတို့၏အကြား၌ အပါယ်ဘေးသို့လည်း ကျရောက်ခဲ့ရသေး၏။ အပါယ်ဘုံမှလွတ်၍ လူဖြစ်လာသော ဘဝတို့၌လည်း သူ တစ်ပါးတို့ပြုလုပ်သော အပြစ်ဟူသရွေ့ မိမိအပေါ်သို့ ကျရောက်ရ၏။ အနည်း

http://www.dhammadownload.com

ငယ်မျှသော မကောင်းမှုသည် ကြီးကျယ်များပြားစွာသော မကောင်းကျိုးကို ဖြစ်စေ၏။

ဘုမ္မဓိုးနတ်ဖြစ်စဉ်အခါက စုံစမ်းလို၍ ပြုလုပ်ခြင်းသာဖြစ်၏။ တကယ်ကွဲပြားစေလို၍ သူတစ်ပါးတို့ မကောင်းဖြစ်အောင် ယုတ်မာပြောင်လောင်ပြောဆိုရန် ရည်မှန်း၍ မိန်းမအယောင်ဆောင်ကာ ပြသည်မဟုတ်။

သို့သော် နည်းနည်းကလေးမျှ ပြုလုပ်မိသော ထိုမကောင်းမှုအကုသိုလ်ကံသည် အဖန်ဖန် ပြောင်လောင် ပြောဆိုခံရသည့်အကျိုးကို ဖြစ်စေသည်။ ရောက်လေရာ၊ သွားလေရာ နေလေရာအရပ်တို့၌ မိန်းမချောကလေး၏ သဏ္ဌာန်သည် နောက်မှ အမြဲပါနေ၏။ လူအများတို့ မြင်ပါများသဖြင့် ဆွမ်းခံသွားရာ၌ ဆွမ်းလောင်းသော မိန်းမများကပင် ပြောင်လောင် စကားပြောကြား၍ ပြက်ရယ်ပြုကြသည်။

ဆွမ်းခံရာမှ ကျောင်းသို့ပြန်ရောက်သော် ဤရဟန်းသည် သာသနာတော်၌ ရဟန်းပြု၍ နေပါသော်လည်း မိန်းမနှင့် ယခုထက်တိုင်မခွာနိုင်၊ မိမိစိတ်ကို မိန်းမနှင့်လွတ်ကင်းအောင် မပယ်ရှင်းနိုင်။ ညဲ့ဖျင်းသော မထေရ်ဟူ၍ ပြောင်လောင်ပြောဆိုသည်ကိုလည်း ခံရသည်။

သည်းမခံနိုင်တော့သောအခါ

ဤသို့ကျီစယ်၍ ပြောင်လောင်ပြောဆိုဖန်များသောအခါ သည်းခံ၍နေရခြင်းငှာ မတတ်နိုင်ရကား သင်တို့သည်သာလျှင် အညံ့အဖျင်း၊ သင်တို့၏ဥပဇ္ဈာယ်ဆရာလည်း အညံ့အဖျင်း၊ သင်တို့၏နိဿည်းဆရာလည်း အညံ့အဖျင်းဟူ၍ ထိုရဟန်းက ပြန်၍ ပြောဆိုလေ၏။

ထိုအခါ အခြားရဟန်းသာမဏေတို့က မြတ်စွာဘုရားအား ဤသို့ လျှောက်ကြားကုန်၏။ ဤကုဏ္ဍာနထေရ်သည် သာမဏေငယ် ရဟန်းငယ်တို့ကို ကြမ်းတမ်းသောစိတ်ထားဖြင့် ကြမ်းတမ်းသောစကားကို ဆိုပါသည်။ ထိုစကားကို ကြားရသော အခါ မြတ်စွာဘုရားသည် ထိုကုဏ္ဍာနထေရ်ကို ခေါ်တော်မူကာ ချစ်သား ဓာန၊ သာမဏေငယ် ရဟန်းငယ်တို့ကို ကြမ်းတမ်းသောစကားဖြင့်ဆို၏ဟု လျှောက်ကြားကြသောစကားသည် မှန်ပေသလောဟု မေးတော်မူလျှင် မှန်ပါသည် မြတ်စွာဘုရားဟု လျှောက်ကြားလေ၏။

http://www.dhammadownload.com

ဘုရားရှင်က ချစ်သားဓာန၊ အဘယ့်ကြောင့်ဆိုရသနည်းဟု မေးတော်မူသည်။ ထိုအခါ အမြဲမပြတ် ညဉ်းဆဲနှိပ်စက်ပြောင်လျောင်နေကြသဖြင့် သည်းမခံနိုင်သောကြောင့် ထိုစကားကို ပြောဆိုမိပါသည်ဟု ပြန်လည် လျှောက်ကြားခဲ့သည်။

ဘုရားရှင်က ဆုံးမပြီ

ထိုအခါ ဘုရားရှင်က ချစ်သားဓာန၊ သင်သည် ရှေးဘ၀က ပြုလုပ်ခဲ့သော အကုသိုလ်ကံကို ယနေ့တိုင် ကင်းလွတ်အောင် မပြုလုပ်နိုင်သေးပေ။ နောက် တစ်ဖန်ကံအသစ်ဖြစ်စေမည့် ဤသို့သောကြမ်းတမ်းသည့်စကားကို မဆိုလင့်ဟု ဆုံးမတော်မူ၍ ဤသို့ဟောတော်မူ၏။

မာ၀ေါ စ ဖရုသံ ကဉ္ဆိ၊ ၀ုတ္တာ ပဋိ၀ဒေယျု တံ။
ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျု တံ။
သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။ ။

ဘုရားရှင်ဟောကြား

ဓာန၊ ချစ်သားဓာန။ ကဉ္ဆိ၊ တစ်စုံတစ်ယောက်သောသူကိုမျှ။ ဖရုသံ၊ ကြမ်းကြုတ်သော စကားကို။ မာ၀ေါစ၊ မဆိုလင့်။ ၀ုတ္တာ၊ အဆိုခံရသောသူတို့ကား။ တံ၊ သင့်ကို။ တံ၊ ထိုကြမ်းကြုတ်စွာ သင်ဆိုသော စကားကို။ ပဋိ၀ဒေယျု၊ တစ်ဖန်ပြန်၍ ဆိုကုန်ရာ၏။ သာရမ္ဘကထာ၊ ချုပ်ချယ် ဆောင်းမြောင်း မကောင်းသော စကားသည်။ ဒုက္ခာ ဟိ ဒုက္ခာ ဧ၀၊ စိတ်ဆင်းရဲ ကြောင်းသာလျှင်ဖြစ်၏။ ပဋိဒဏ္ဍာ၊ သူ့ကိုစလျှင် သူကတစ်ဖန် တုံ့ပြန်သော ဒဏ်တို့သည်။ တံ၊ သင့်ကို။ ဖုသေယျု၊ ထိရောက်ကုန်ရာ၏။

ဥပဟတော၊ ကွဲအောင်ရိုက်နှက် ကွဲအက်၍နေသော ကြေးခွက်သည်။ နိသဒ္ဒါယထာ၊ အသံမထွက်သကဲ့သို့။ အတ္တာနံ၊ မိမိကိုယ်စိတ်ကို။ သစေနေရေသိ၊ အကယ်၍ ထိန်းသိမ်းကာ နေထိုင်သည်ဖြစ်ငြားအံ့။ ဧသ ဧသော၊ ဤသို့ နေနိုင်သောသူသည်။ နိဗ္ဗာနံ၊ အေးငြိမ်းခြင်းသို့။ ပတ္တော၊ ရောက်သည်။ အသိ၊ ဖြစ်၏။ တေ၊ သင်ချစ်သားအား။ သာရမ္ဘော၊ ချုပ်ချယ်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်တော့ပေ။

(ဓမ္မပဒ)

http://www.dhammadownload.com

ဤသို့မြတ်စွာဘုရား ဆုံးမသောအခါ ကုဏ္ဍာဓာနထေရ်သည် မတုန်မလှုပ် သည်းခံ၍နေ၏။

ကောသလမင်းကြီး ကိုယ်တိုင်စုံစမ်းပြီ

ထိုကုဏ္ဍာဓာနထေရ်၏မာတုဂါမနှင့် အတူတကွ သွားလာနေထိုင်သည့် အကြောင်းကို ကောသလမင်းကြီးအား လျှောက်ထားကြကုန်၏။ ကောသလမင်းကြီး သည် မင်းချင်းတို့ကို သင့်သလို စုံစမ်းကြည့်ရှုရန် စေခိုင်းပြီး၍ မိမိကိုယ်တိုင်လည်း ပရိသတ်နှင့်တကွကြွလာပြီး သင့်ရာမှရင်လျက် စုံစမ်းကြည့်ရှုကာ နေ၏။ ထိုသို့ ကောသလမင်းကြီးရပ်၍ ကြည့်ရှုနေစဉ်ပင် မထေရ်မြတ်သည် သက်နှံးချုပ်လျက် နေ၏။ ထိုမိန်းမသည်လည်း မထေရ်မြတ်၏ မနီးမဝေး၌ ရပ်နေသည်ကို ကောသလမင်းကြီး မြင်သွား၏။

ကောသလမင်းကြီးသည် ထိုမိန်းမရပ်နေသော နေရာသို့သွား၏။ ထိုမိန်းမ သည် ကောသလမင်းကြီး သူ့အနားသို့ ရောက်လာသောအခါ မထေရ်မြတ်၏ သစ်ရွက်မိုးကျောင်းကလေးအတွင်းသို့ ဝင်သွားသကဲ့သို့ပြု၏။ ကောသလမင်းကြီး သည်လည်း ထိုမိန်းမဝင်သွားရာ သစ်ရွက်မိုးကျောင်းကလေးအတွင်းသို့ နောက်မှ လိုက်၍ဝင်ကာ ထိုမှ ဤမှ ကြည့်ရှုရာဖွေသည်။

မကောင်းမှု၏အကျိုးဆက် ဖြစ်ရာ၏

သို့သော် ကျဉ်းမြောင်းလှစွာ တစ်ပါးသာ နေလောက်သော သစ်ရွက်မိုးကျောင်း ကလေးအတွင်း၌ ထိုမိန်းမကိုမမြင်ရတော့ပေ၊ ဤသည်ကား မာတုဂါမ မဟုတ်၊ မထေရ်မြတ်ပြုခဲ့ဖူးသော မကောင်းမှုအကုသိုလ်ကံ၏အကျိုးဆက်ပင်ဖြစ်ရာ၏ဟု ဆုံးဖြတ်လျက် သစ်ရွက်မိုးကျောင်းကလေးအတွင်းမှ မင်းကြီး ပြန်ထွက်လာခဲ့သည်။

ထို့နောက် မထေရ်မြတ်ကို ရှိခိုးလျက် သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် ဆွမ်းခံ ရသဖြင့် ပင်ပန်းဆင်းရဲပါသလော အရှင်ဘုရား။ ဤသို့ နှောင့်ယှက်ခြင်းခံနေ ရလျှင် အရှင်ဘုရားကို အဘယ်သူ ကြည်ညိုနိုင်တော့မည်နည်း။ ယနေ့မှစ၍ အရှင်ဘုရားသည် တစ်စုံတစ်ခုသောအရပ်သို့ ဆွမ်းခံသွားခြင်းကို မပြုပါလင့်။ တပည့်တော်ပစ္စည်း လေးပါးဖြင့် ထောက်ပံ့ပါအံ့။ အရှင်ဘုရားသည် မိမိကမ္မဋ္ဌာန်း တရားကိုသာလျှင် နှလုံးသွင်းတော်မူပါဟု မင်းကြီးက လျှောက်ကြားကာ အမြဲ ဆွမ်းလှူသည့်ဆွမ်းဝတ်ကို ပြုလုပ်၍ ထိုရဟန်းကို လှူ၏။

http://www.dhammadownload.com

ရဟန္တာဖြစ်၍ အကုသိုလ်ကုန်ပြီ

မထေရ်မြတ်သည် ကောသလမင်းကြီး၏ အထောက်အပံ့ကို ရသဖြင့် ဆွမ်းဘောဇဉ် အဆင်ပြေရကား စိတ်ချမ်းသာစွာဖြင့် ဝိပဿနာကို အားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်၏။ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်သောအခါ၌ ထိုမိန်းမလည်းမရှိတော့ပြီ။ ပျောက်၍ သွားလေ၏။ အကုသိုလ်ကံ၏ အစွမ်းသတ္တိကုန်သောကြောင့် ကမ္မဖိဒ္ဓိရူပါရုံသည်လည်း ကွယ်ပျောက်လေတော့၏။

အဓိဋ္ဌာန်ပန်းလွှတ်လျက် ဘုရားပင့်သူ

အနာထပိဏ်သူဌေးကြီး၏သမီးဖြစ်သည့် မဟာသုဘဒ္ဒါဥပါသိကာမသည်လည်း ထိုအခါက ဥဂ္ဂမြို့ မိစ္ဆာဒိဋ္ဌိအိမ်၌ နေနေရသည်။ မြတ်စွာဘုရားသည် ငါ့ကို သနားရှေ့ရှု စောင့်မခြင်းကို ပြုစေသတည်းဟု အဓိဋ္ဌာန်ပြုကာ ရှစ်ပါးသီလကို ဆောက်တည်သည်။

ထို့နောက် ပြာသာဒ်အထက်အပြင်၌ ရပ်လျက် ဤပန်းပွင့်တို့သည် ခရီးလမ်းအကြား၌ မရပ်မူ၍ မြတ်စွာဘုရား၏အထက်မှ ဗိတာန်မျက်နှာကြက် အမိုးဖြစ်လျက် တည်ပါစေသတည်း။ ဤပန်းပွင့်တို့ကြောင့် မြတ်စွာဘုရား သိတော်မူကာ နက်ဖြန်နံနက်အခါ၌ မြတ်စွာဘုရားသည် သံဃာတော်ငါးရာနှင့်တကွ ကြွလာတော်မူ၍ ငါ၏ဆွမ်းကို ခံယူပါစေသတည်းဟု သစ္စာပြုကာ နှစ်ဆုပ်သော မုလေးပန်းပွင့်တို့ကို စေလွှတ်၏။

မျက်နှာကြက်သဖွယ် တည့်နေကြပုံ

ထိုပန်းပွင့်တို့သည် မြတ်စွာဘုရားတရားဟောသည့်နေရာအထက်မှ ဗိတာန်မျက်နှာကြက်အမိုးတွင် တည်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုမုလေးပန်းပွင့်တို့ကိုမြင်တော်မူ၍ သုဘဒ္ဒါပင့်သောဆွမ်းကို စိတ်တော်ဖြင့် ခံတော်မူကာ နောက်တစ်နေ့နံနက် အရုဏ်တက်သောအခါ ချစ်သားအာနန္ဒာ၊ ယနေ့ငါတို့သည် ဝေးသောအရပ်သို့ ဆွမ်းခံသွားကြကုန်အံ့။ ပုထုဇဉ်ရဟန်းတို့အား စာရေးတံကို မပေးမူ၍ အရိယာပုဂ္ဂိုလ် ရဟန်းတို့အားသာလျှင် စာရေးတံကို ပေးလော့ဟု မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် ရဟန်းတို့အား ငါ့ရှင်တို့၊ ယနေ့မြတ်စွာဘုရားသည် ဝေးသောအရပ်သို့ ဆွမ်းခံသွားတော်မူလတ္တံ့။ ပုထုဇဉ်ရဟန်းတို့သည် စာရေးတံကို

http://www.dhammadownload.com

မယူကြကုန်လင့်။ အရိယာဖြစ်သော ရဟန်းတို့သာလျှင် စာရေးတံကို ယူကြကုန်လော့ဟု လျှောက်ကြားသည်။

ထိုအခါ ကုဏ္ဍာဓာနထေရ်သည် ငါ့ရှင်အာနန္ဒာ၊ ငါ့အားစာရေးတံကို ပေးပါလော့ဟုဆို၍ ရှေးဦးစွာ စာရေးတံကိုယူရန် လက်ကိုဆန့်တန်း၏။

ထိုအခါ အရှင်အာနန္ဒာသည် ထိုကဲ့သို့သောပုထုဇဉ်ရဟန်းများကို စာရေးတံ မပေးရဟု မြတ်စွာဘုရားက မိန့်တော်မူပါတကားဟု စိတ်ထဲကကြံ၍ မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရားက ယူသောသူကို ပေးရမည်ဟု မိန့်တော်မူလိုက်၏။

အရှင်အာနန္ဒာသည် ကုဏ္ဍာဓာနထေရ်အား စာရေးတံပေးခြင်းငှာ မသင့်လျော်ခြားအံ့၊ မြတ်စွာဘုရားတားမြစ်တော်မူရာ၏။ ယခုတားမြစ်တော် မူခြင်းကိုမပြု။ ဤကားအကြောင်းတစ်ခုဖြစ်၏ဟု ကြံပြီးလျှင် ကုဏ္ဍာဓာနထေရ်အား စာရေးတံကို ပေးအံ့ဟုလာခဲ့ရာ ကုဏ္ဍာဓာနထေရ်သည် အရှင်အာနန္ဒာ မရောက်မီပင်လျှင် အဘိညာဉ်၏အခြေဖြစ်သော ပဌမစျာန်ကိုဝင်စားတော်မူလျက် တန်ခိုးဖြင့် ကောင်းကင်မှရပ်ကာ အရှင်အာနန္ဒာအား ဤသို့ လျှောက်ထားသည်။ ငါ့ရှင်အာနန္ဒာ၊ ယူခဲ့ပါလော။ မြတ်စွာဘုရားသည် ငါ၏ အကြောင်းကို သိတော်မူ၏။ ငါကဲ့သို့သော ရဟန်းက ပထမဆုံးစာရေးတံ ယူသည်ကို မြတ်စွာဘုရား တားမြစ်တော်မူခြင်း မရှိဟုဆို၍ လက်ကိုဆန့်တန်းလျက် စာရေးတံကို လှမ်းယူလေ၏။

စေတဒဂ်ရပုဂ္ဂိုလ်

ထို့နောက် မြတ်စွာဘုရားသည် ကုဏ္ဍာဓာနထေရ်ကို ရှေးဦးစွာ စာရေးတံယူခြင်း၌ စေတဒဂ်ထားတော်မူ၏။

ဤကုဏ္ဍာဓာနထေရ်သည်ကား ကောသလမင်းကြီး၏ အထောက်အပံ့ဖြင့် အလုံးစုံသော အာဟာရကိုရသောကြောင့် စိတ်ကြည်လင်ခြင်းဖြစ်လျက် ဝိပဿနာကို အားထုတ်သည်ရှိသော် ဥပနိဿယနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့် ဆဋ္ဌာဘိညရဟန္တာဖြစ်တော်မူ၏။

ဤသို့ဟုတ်မှန်တိုင်းသော ထိုမထေရ်မြတ်၏ဂုဏ်ကို မသိကြသော ပုထုဇဉ်ရဟန်းတို့သည် အဘယ့်ကြောင့် ဤကုဏ္ဍာဓာနထေရ်သည် စာရေးတံကို ရှေးဦးစွာယူပါသနည်းဟု ယုံမှားသံသယ ဖြစ်ကြကုန်၏။

ထိုရဟန်းတို့၏ ယုံမှားခြင်းကို ပယ်ပျောက်ခြင်းငှာ မထေရ်မြတ်သည် ကောင်းကင်သို့ ပျံတက်ကာ တန်ခိုး ပြတော်မူပြီးလျှင် ဤသို့ ဟောတော်မူသည်။

http://www.dhammadownload.com

သံသရာဝဲသြဃမှ လွန်မြောက်သူ

ပဒ္မ ဆိန္နေ ပဒ္မ ဇဟေ၊ ပဒ္မ စုတ္တရိဘာဝယေ။
ပဒ္မသင်္ဂါတိဂေါ ဘိက္ခု၊ သြဃတိဏ္ဏောတိ ဝုစ္စတိ။

ပဒ္မ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ဗျာပါဒဟူသော သြရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့ကို။ ဆိန္နေ၊ ပယ်ဖြတ်ရာ၏။ ပဒ္မ၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာဟူသော ဥဒ္ဓံဘာဂိယသံယောဇဉ်ငါးပါး တို့ကို။ ဇဟေ၊ စွန့်ရာ၏။ ပဒ္မ၊ သဒ္ဒါန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဟူသော ဣန္ဒြေ ငါးပါးတို့ကို။ ဥတ္တရိ၊ အလွန်။ ဘာဝယေ၊ ပွားစေရာ၏။ ပဒ္မသင်္ဂါတိဂေါ၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိဟူသော ငြိတွယ်ခြင်းငါးပါးမှ လွတ်သော။ ဘိက္ခု ရဟန်းကို။ သြဃတိဏ္ဏောတိ၊ သံသရာဝဲသြဃထဲမှ လွန်မြောက်သောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့လျှင် ကုဏ္ဍဓာနထေရ်မြတ်သည် ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရရှိသူဖြစ်သည်။ ရဟန္တာဖြစ်တော်မူပြီးနောက် ဧတဒဂ်ဂုဏ်ကိုလည်း ရတော်မူသည်။ မိမိ၏ ရှေးပါရမီကံဖြင့် ဖြည့်ကျင့်ဆည်းပူးခဲ့သည်ကို ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် မြင်တော်မူ၍ ဖြည့်ကျင့်ခဲ့ဖူးသောအကြောင်းတို့ကို ဤသို့ ပြန်လည် ဟောကြားတော်မူနိုင်ခြင်းဖြစ်သည်။

ကုဏ္ဍဓာနထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်မဟာကစ္စည်းထေရ် အပဒါန်ဝတ္ထု

အရှင်မဟာကစ္စည်းထေရ်အလောင်းအလျာသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါက ဈာန်အဘိညာဉ်ရ တောကျောင်းနေ ရသေ့တစ်ပါး ဖြစ်ခဲ့သည်။ တစ်နေ့တွင် ရသေ့သည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်မှ ခရီးသွားစဉ် ပဒုမုတ္တရဘုရားရှင်အား ဖူးတွေ့ရသဖြင့် မြေပြင်သို့ ဆင်းသက်ခဲ့သည်။ ဘုရားရှင် တရားချီးမြှင့်ရာ တရားပွဲသို့ ချဉ်းကပ်ဝင်ရောက်ပြီး တရားတော်ကို နာယူသည်။ ထိုနေ့က တရားပွဲတွင် မြတ်စွာဘုရားက အကျဉ်းအားဖြင့် ဟောကြား

http://www.dhammadownload.com

သည်ကို အကျယ်ချဲ့၍ ဟောပြောနိုင်သော ရဟန်းတစ်ပါးအား ဧတဒဂ်ထား တော်မူသည်ကို အားကျကာ ထိုဆုမျိုးကို သူလည်း ရယူလိုသည်။ ထို့ကြောင့် သူသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ဟိမဝန္တာသို့ သွားရောက်ကာ မဟာလေ့ကား ပန်းကို ခူးဆွတ်သည်။ ထိုပန်းများကို ထီးပုံသဏ္ဌာန်ပြုလုပ်ပြီး မြတ်စွာဘုရားအား လှူဒါန်းပူဇော်၍ ထိုဆုမျိုးကို တောင်းခဲ့သည်။

ဝိဇ္ဇာခိုရ်လုလင်ဘဝ

ထိုမထေရ်လောင်းလျာသည် သုမေဓာမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ဝိဇ္ဇာခိုရ်လုလင်ဖြစ်ရသည်။ ကောင်းကင်မှ ပျံသွားရာတွင် တစ်ခုသောတောအုပ်အတွင်း သီတင်းသုံးနေတော်မူသော သုမေဓာမြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် မဟာလေ့ကား ပန်းပွင့်တို့ဖြင့် ပူဇော်၏။ ထိုကုသိုလ်ဖြင့် လူ့ပြည်နတ်ပြည်တို့၌ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခံစားရ၏။

ဤဘဒ္ဒကမ္ပာအတွင်းပွင့်တော်မူသော ကဿပမြတ်စွာဘုရား၏ လက်ထက်တော်၌မူ ဗာရာဏသီပြည်၌ အမျိုးကောင်းသား လာဖြစ်ရသည်။ ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ လူအများတို့က ရွှေအုတ်တို့ဖြင့် တစ်ယူဇနာမြင့်သော ရွှေစေတီတော်ကြီးကို တည်ကြသည်။ အရှင်မဟာ ကစ္စည်းထေရ်လောင်းလျာသတို့သားသည် အဖိုးတစ်သိန်းထိုက်သော ရွှေအုတ်ကို လှူဒါန်းပူဇော်သည်။

လူနတ်ချမ်းသာ စံစားခဲ့ရ

ဤကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတို့၌ ရွှေအဆင်းကဲ့သို့ ဖြစ်စေသောဟု ဆုတောင်းခြင်းကို ပြုခဲ့၏။ ထိုဘဝမှစုတေသော် လူ့ပြည်နတ်ပြည်တို့၌ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားရ၏။

ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင်မူ အဝန္တီတိုင်း ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတ မင်း၏ ပုရောဟိတ်ပုဏ္ဏား၏သားဖြစ်ရသည်။ အမည်မှည့်သောနေ့၌ ရွှေအဆင်းရှိသောကြောင့် ကဉ္စနမာဏဝဟု အမည်ကို မှည့်ကြကုန်၏။ သူအရွယ်သို့ ရောက်ရှိသော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်သည်။ အဖကွယ်လွန်လျှင် ပုရောဟိတ်အရာကိုရ၏။ အန္တယ်၏အစွမ်းအားဖြင့် ကစ္စာယနဟူ၍ ထင်ရှား ကျော်ကြားလာခဲ့၏။

http://www.dhammadownload.com

ရဟန္တာဖြစ်ကြပြီ

စဏ္ဍပဒ္မောတမင်းသည် မြတ်စွာဘုရားပွင့်တော်မူသော အကြောင်းကို ကြားသိရလျှင် ကစ္စာယန ပရောဟိတ်အမတ်အား မြတ်စွာဘုရားကို ပင့်ရန် စေခိုင်းသည်။ ကစ္စာယနသည် သူနှင့်အတူ ပုဏ္ဏားခုယောက်တို့ကို အဖော်ခေါ်ကာ မြတ်စွာဘုရား ရှိရာသို့သွားကြသည်။ ရောက်သောအခါ မြတ်စွာဘုရား၏ တရားတော်ကို နာကြားကြသည်။ ရှစ်ယောက်လုံး ဧဟိဘိက္ခု ရဟန်းအဖြစ်ကိုရပြီး ကမ္မဓိဋ္ဌိဖြင့်ပြီးသော သပိတ်သင်္ကန်းတို့ဖြင့် ရဟန္တာဖြစ်ကြကုန်၏။

ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးသောအခါ အရှင်မဟာကစ္စည်းထေရ် မြတ်သည် စဏ္ဍပဒ္မောတမင်းက ဘုရားရှင်အား ပင့်ကြောင်းကို လျှောက်ကြားသည်။ ထိုအခါ ဘုရားရှင်က ချစ်သားကစ္စာယန၊ သင်သည်ပင်လျှင် စဏ္ဍပဒ္မောတမင်းအထံသို့သွားလော့။ စဏ္ဍပဒ္မောတမင်းသည် သင့်အား ကြည်ညိုခြင်းဖြစ်လတ္တံ့ဟု မိန့်တော်မူသဖြင့် အရှင်မဟာကစ္စည်းထေရ်သည် အတူတကွ လာကုန်သော သီတင်းသုံးဖော် ရဟန်းခုနစ်ပါးနှင့်အတူ အဝန္တီတိုင်း ဥဇ္ဇေနိပြည်သို့ ပြန်လည် ကြွတော်မူကြသည်။

စဏ္ဍပဒ္မောတမင်းသည် အရှင်မဟာကစ္စည်းထေရ်တို့၏ ကြည်ညိုဖွယ်ရာသော ဣန္ဒြေသိက္ခာတို့ကို မြင်လျှင်ပင် ထူးထူးခြားခြား ပြောင်းလဲသွားသည့် အရှင်မြတ်တို့အား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ အရှင်မြတ်တို့အတွက်လည်း ပစ္စည်းလေးပါး ထောက်ပံ့ကာ လှူဒါန်းပူဇော်သည်။ စဏ္ဍပဒ္မောတမင်းသည် အရှင်မြတ်တို့၏ တရားအဆုံးအမများကို ကြားနာရသော်လည်း နဂိုမူလ အကျင့်ဟောင်းများကို မစွန့်လွှတ်နိုင်သေးပေ။ ကြမ်းကြုတ်သည့်အမူအရာ၊ ခက်ထန်သည့် မာန်မာန၊ စဉ်းစားဆင်ခြင်မှုကင်းမဲ့သည့်စိတ်၊ မမှန်မကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်တတ်သည့် ဓလေ့စရိုက်အပြင်၊ ရွေးရိုးစွဲ မိစ္ဆာအယူဖြစ်သည့် သတ္တဝါအမြောက်အမြားကို သတ်ဖြတ်ကာ ယစ်ပူဇော်သည့်ပွဲများကိုလည်း ကျင်းပမြဲကျင်းပလျက် ရှိသည်။

ထို့ကြောင့် အရှင်မဟာကစ္စည်းထေရ်သည် စဏ္ဍပဒ္မောတမင်းအား ဤကဲ့သို့ တရားများ ဟောကြားဆုံးမတော်မူသည်။

"တကာတော်မင်းကြီး၊ သူတစ်ဖက်သားအပေါ် မဆင်မခြင် အပြစ်ဒဏ်ပေးခြင်းမျိုးကို မိမိကိုယ်တိုင်လည်း မပြုလုပ်ပါနှင့်။ သူတစ်ပါးကိုလည်း ပြုလုပ်

http://www.dhammadownload.com

ရန် မစေခိုင်းပါနှင့်။ သတ္တဝါမှန်သရွေ့ ငင်းတို့ပြုလုပ်ခဲ့သည့် ကုသိုလ် အကုသိုလ် ကံတို့၏ အမွေခံတို့သာ ဖြစ်ကြပါသည်။

"သူတစ်ပါးတို့က ခိုးသူဟု စွပ်စွဲခံရရုံမျှနှင့် ထိုသူသည် ခိုးသူအစစ်အမှန် မဟုတ်နိုင်ပေ။ ထို့အတူ သူတစ်ပါးတို့က သူတော်သူမြတ်ဟု ချီးမွမ်းမြောက်စား ကြရုံမျှဖြင့် ထိုသူသည် သူဟောသူမြတ်ဖြစ်မလာနိုင်ပေ။ လူတို့သည် မိမိတို့၏ စိတ်ကို မိမိတို့ ဟုတ်တိုင်းမှန်စွာ သိသကဲ့သို့ နတ်ကောင်းနတ်မြတ်တို့က ထိုသူ ကောင်းသည် မကောင်းသည်ကို သိနေကြ၏"

"ဤလောကကြီး၌ 'ငါတို့သည် သေမင်းရှိရာ အရပ်ဌာနသို့ မရပ်မနား တရစပ် ပြေးသွားနေကြရပါသည်တကား'ဟု မသိကြသော လူမိုက်တို့သည် ပျော်ပျော်ပါးပါး နေနိုင်ကြပါပေသည်။ ထိုသို့ သေမင်းထံသို့ မရပ်မနား ပြေးလွှားသွားနေသည်ကို သိရှိကြသော ပညာရှိတို့သည်ကား နှိပ်စက်ညှဉ်းပန်းမှုများ ကင်းငြိမ်းသွားကြရန်သာ ကျင့်သုံးကြပေသည်"

အရှင်မြတ်၏တရားစကားကို ကြားနာသော စဏ္ဍာပဇ္ဇောတမင်းသည် မိမိ ကိုယ်ကို ပြုပြင်ထိန်းသိမ်းလ်ာသည်။ မိမိ၏ လက်အောက်မှူးမတ်တို့အားလည်း ပြုပြင်ထိန်းသိမ်းစေသည်။ သို့ဖြင့် အဝန္တီတိုင်းတစ်တိုင်းလုံး ဗုဒ္ဓသာသနာတော် အရောင် ထွန်းပြောင်လာရသည်။

ဓေတဒင် ဂုဏ်ထူးရ

ထို့နောက် ဘုရားရှင်က အကျဉ်းအားဖြင့်ဟောအပ်သော တရားကို အကျယ် ချဲ့၍ ဟောကြားရာ၌ အရှင်ကစ္စည်းထေရ်သည် အမြတ်ဆုံးဟု ဘုရားရှင်က ဓေတဒင်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။

ထို့နောက် အရှင်မဟာကစ္စည်းထေရ်သည် ဘဝများစွာ သံသရာ၌ သူပြုခဲ့သော ကောင်းမှုအမျိုးမျိုးနှင့် ကောင်းမှုတို့၏အကျိုး ခံစားရပုံ၊ လူ့စည်းစိမ်၊ နတ်စည်းစိမ် တို့ ခံစားရပုံတို့ကို ပြန်ပြောင်း ဟောပြတော်မူသည်။

အရှင်မဟာကစ္စည်းထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

ဖွားဖက်တော် အရှင်ကာဠုဒါယီထေရ် အပဒါန်၀တ္ထု

အရှင်ကာဠုဒါယီထေရ်မြတ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်၌ ဟံသာ၀တီမင်းနေပြည်ကြီး၀ယ် မင်း၏အမတ်မျိုးဖြစ်သော အမျိုးကောင်းအိမ်၌ လူဖြစ်ရသည်။ မြတ်စွာဘုရား၏ တရားတော်ကို နာလျက် အမျိုးကို ကြည်ညိုစေသော အရာ၌ ဧတဒဂ်ထားတော်မူသော ရဟန်းတစ်ပါးကို ဖူးမြင်ရသဖြင့် ထိုရဟန်းကဲ့သို့ ဖြစ်စေသောဟု ဆုတောင်းကာ ပါရမီကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးခဲ့သည်။

ဗျာဒိတ်ပေးခြင်းခံရ

ပဒုမုတ္တရမြတ်စွာဘုရားအား ဆည်းကပ်ခစားသောအခါ ပဒုမုတ္တရမြတ်စွာဘုရား၏ ဗျာဒိတ်တော်ပေးခြင်းကို ခံရသည်။ ထိုဘ၀မှ စုတေသော် နတ်ပြည်လူ့ပြည်၌ ကျင်လည်ခဲ့ရသည်။

ကမ္ဘာတစ်သိန်းလွန်သည်ရှိသော် ငါတို့မြတ်စွာဘုရားလောင်းလျာ ပဒုံသန္ဓေယူသောနေ့၌ပင်လျှင် ကပိလ၀တ္ထုပြည်၀ယ် အရှင်ကာဠုဒါယီလောင်းလျာသည်လည်း အမတ်မျိုးအိမ်၌ ပဋိသန္ဓေ ယူသည်။

ငါတို့မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားတော်မူသောနေ့၌ပင်လျှင် သူသည်လည်း ဖွားမြင်သည်။ ထိုဖွားမြင်သောနေ့၌ပင်လျှင် ဒုက္ကုလပုဆိုးအခင်း မွေ့ရာပေါ်၌ အိပ်စေကာ သူ့ကို ဘုရားလောင်းလျာ သိဒ္ဓတ်မင်းသား ကလေး၏ အထံသို့ ပို့ဆောင်ထားကြကုန်၏။

ဖွားဖက်တော်များ

သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့၌ ဗောဓိပင်၊ ရွှေအိုးကြီးလေးလုံး၊ အရှင်အာနန္ဒာလောင်းလျာမင်းသား၊ ယသော်ဓရာ မင်းသမီး၊ ဤကာဠုဒါယီထေရ်၊ ကဏ္ဍကမြင်းနှင့် အရှင်ဆန္နထေရ်တို့ တစ်ပြိုင်နက် တစ်ချိန်တည်း ဖွားမြင်ကြ၍ သူတို့ကို ဖွားဘက်တော်များဟု ခေါ်ကြသည်။

အရှင်ကာဠုဒါယီထေရ်မြတ် ဖွားမြင်တော်မူ၍ နာမည်မှည့်သောနေ့၌ ကပိလ၀တ္ထု တစ်ပြည်လုံး ရွှင်လန်းတုန်ကြွသောစိတ်ရှိကြသောကြောင့် ဥဒါယီ

(ဧကဂုံတွင်ရ အဋ္ဌကထာ၌ အာနန္ဒာမဟုတ်၊ အာရောဟနီယဟတ္ထိစီးတော်ဆင်ဟုလည်း မူကွဲရှိကြောင်း ဖော်ပြသည်။)

http://www.dhammadownload.com

ဟူသော အမည်ကို ပေးကြခြင်းဖြစ်သည်။ အနည်းငယ်မျှ အသားအရေအဆင်းညိုသည်၏အဖြစ်ကြောင့် ကာဠုဒါယီဟူ၍ ထင်ရှားတော်မူ၏။

ဘုရားပင့်ရန် သွားသူတို့ ရဟန္တာဖြစ်ကြပြီ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် အခွေအရံ တစ်ထောင်ခြံရံလျက် အမတ်တစ်ယောက်ကို မြတ်စွာဘုရားအထံသို့ ရောက်အောင်သွား၍ ပင့်ဆောင်ရန် စေလွှတ်၏။ ထိုအမတ်တို့သည် မြတ်စွာဘုရား တရားဟောတော်မူသောအချိန်၌ရောက်၍ ပရိသတ်အစွန်မှ နေလျက် တရားတော်ကိုနာကြရာ အခွေအရံတစ်ထောင်နှင့်တကွ စေလွှတ်ခံရသူပါ ရဟန္တာဖြစ်သွားကြသည်။ သူတို့ကို မြတ်စွာဘုရားက "ဧထဘိက္ခဝေါ"ဟု ခေါ်တော်မူလျှင် ကျွဒ္ဓိမယ်ပတ္တစီဝရ-တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းနှင့်တကွ ဧဟိဘိက္ခု ရဟန်းများ ဖြစ်ကြကုန်၏။

ဒုတိယအကြိမ် ဘုရားပင့်သူများလည်း ရဟန္တာဖြစ်ကြပြန်ပြီ

ရဟန္တာအဖြစ်သို့ ရောက်ကြကုန်ပြီးသော ရဟန်းတို့သည် သုဒ္ဓေါဒနမင်းကြီး၏ ပင့်ဆောင်ရန် စေလွှတ်သည့်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားခြင်း မရှိကြကုန်။ တစ်စုံတစ်ခုသောစကားကိုမျှ ပြန်ကြားသူ မရှိရကား သုဒ္ဓေါဒနမင်းကြီးသည် နောက်တစ်ကြိမ်လည်း အမတ်တစ်ထောင် ထပ်မံ၍ စေလွှတ်ပြန်၏။ ထိုဒုတိယစေလွှတ်သော အမတ်တစ်ထောင်တို့လည်း ပထမစေလွှတ်သော အမတ်တစ်ထောင်ကဲ့သို့ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ကြကုန်၏။

ကိုးကြိမ်စေလွှတ်ရာ အားလုံး ရဟန်းပြု

ဤသို့သောနည်းဖြင့် ကိုးကြိမ်တိုင် စေလွှတ်၍ အမတ်ပေါင်း ကိုးထောင်တို့သည် ဧဟိဘိက္ခု ရဟန်းဖြစ်ကြကုန်၏။

ကာဠုဒါယီကို စေလွှတ်ပြီ

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ကြံ၏။ ဤမျှလောက်သော အမတ်တို့သည် ငါ၌ချစ်မြတ်နိုးခြင်းမရှိ၍ မြတ်စွာဘုရားကို ပင့်လျှောက်ရန်

http://www.dhammadownload.com

စေခိုင်းသောစကား တစ်စုံတစ်ရာကိုမျှ အကြောင်းပြန်ကြားခြင်း မရှိဘဲ နေကြကုန်၏။ ဤကာဠုဒါယီအမတ်သည်ကား မြတ်စွာဘုရားနှင့် သက်တူ ရွယ်တူဖြစ်သည်။ အတူတကွ ကစားဖက်လည်းဖြစ်သည်။ ငါ့အပေါ်၌လည်း ချစ်မြတ်နိုးခြင်း ရှိ၏။ ဤကာဠုဒါယီကိုပင် ငါစေလွှတ်အံ့ဟုကြို၍ ကာဠုဒါယီကို ခေါ်ပြီးလျှင် ချစ်သား ကာဠုဒါယီ၊ ယောကျ်ားအခြွေအရံတစ်ထောင်နှင့် ရာဇဂြိုဟ်ပြည်သို့သွား၍ ငါ၏ သားတော် မြတ်စွာဘုရားကို ပင့်ဆောင်ချေလော့ ဟု ဆိုကာထပ်၍ လွှတ်ပြန်သည်။

အရှင်မင်းမြတ်၊ အကျွန်ုပ်သည် ရဟန်းအဖြစ်ကို ရပါကြားအံ့၊ ပင့်ဆောင်ပါအံ့ဟု ကာဠုဒါယီ အမတ်က မင်းကြီးအား ပြန်လည်လျှောက်တင်၏။

ထိုအခါ မင်းကြီးက "ချစ်သား ကာဠုဒါယီ၊ အလိုရှိရာကို ပြုလုပ်ခဲ့ပါ။ ငါ၏ သားတော်မြတ်စွာဘုရားကိုသာရအောင် ပင့်ဆောင်ချေလော့" ဟု မှာ၏။

ကာဠုဒါယီလည်း ရဟန်းဖြစ်ပြီ

ကာဠုဒါယီအမတ် သည် အခြွေအရံတစ်ထောင်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့သွားရာ မြတ်စွာဘုရား တရားဟောတော်မူသော အာချိန်၌ပင်လျှင် သူသည်လည်း ရောက်သွားပြန်သည်။ သူသည် ပရိသတ်အစွန်မှနေလျက် တရားတော်ကို နာသည်။ ကာဠုဒါယီအမတ်နှင့် တကွ သူနှင့်အတူလာသူ အားလုံးပင် ရဟန္တာဖြစ်ကြကုန်၍ ဧဟိဘိက္ခု ရဟန်းဖြစ်ကြကုန်၏။

ဤသို့လျှင် သုဒ္ဓေါဒနမင်းကြီးသည် ဆယ်ကြိမ်စေလွှတ်ရာ တစ်သောင်းသော အမတ်တို့သည် အားလုံးရဟန္တာဖြစ်ကြကုန်သဖြင့် ကပိလဝတ္ထုပြည်သား ရဟန်းပေါင်းတစ်သောင်း ရှိ၏။ ထိုကပိလဝတ္ထုပြည်သား ရဟန်းပေါင်း တစ်သောင်းတို့တွင် ကာဠုဒါယီ မထေရ်မြတ်သည် မြတ်စွာဘုရား၏ ဖွားဖက်တော် ဖြစ်၍ အထင်ရှားဆုံးဖြစ်တော်မူ၏။

ရဟန္တာဖြစ်တော်မူပြီးသော ကာဠုဒါယီမထေရ်မြတ်သည် ကပိလဝတ္ထု နေပြည်တော်သို့ မြတ်စွာဘုရားအား ပင့်ဆောင်ရန် အချိန်ကာလကို ကြည့်ရှုတော်မူသည်။ ဆောင်းလကုန်မြောက် နွေဦးပေါက်ကာလ ရောက်လတ်သော် တောအုပ်မြိုင်ခွင်သည် သစ်ပင်ကြီးငယ် ချုံနွယ်ရစ်သန်း တောမြိုင်လမ်းဝယ် ကြိုင်သန်းအေးလှမွေးကြူထုံစွာ ရနံ့ဖြာ၍ သာယာညွှန့်လန်း ရေပန်းတောပန်း ရောပြွမ်းထွေးဆင့်

http://www.dhammadownload.com

ပန်းစုံ ပွင့်၍ နေကြကုန်၏။ ရွက်ရင့်ပြတ်ကြွေ ဝေဝေမြိုင်မြိုင် ရွက်နုလှိုင်သော် ဂနိုင်ပိတ်ကာ မြိုင်ရိပ်သာဝယ် မြေမှာမြက်နု အစုအစု နုနုထွတ်ထွတ်၊ ကွေးညွတ်ယှက်ကာ ပေါက်သောအခါဖြစ်၍ ဒေသစာရီ ကြွချီတော်မူရန် အချိန်ကာလ သင့်လျော်ပြီဟု နှလုံးပြု၍ သဗ္ဗညုမြတ်စွာဘုရားအား ကပိလဝတ္ထုနေပြည်တော်သို့ ကြွတော်မူရန် တောမြို့ဝင်စခန်း ခရီးလမ်းကို ချီးမွမ်းလျက် ဤသို့လျှောက်ကြားတော်မူ၏။

ကာဠဒါယီလျှောက်ထားသော ဂါထာများ

(၁) အဂ်ါရိနော ဒါနိ ဒုမာ ဘဒန္တေ။
ဖလေသိနော ဆဒနံ ဝိပွဟာယ။
တေ အစ္ဆိမန္တော၁၀ ပဘာသယန္တိ၊
သမယော မဟာဝီရ အဂ်ီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဒါနိ ဤဒါနိ၊ ဆောင်းကိုလွန်မြောက် နွေဦးပေါက်သို့ ရောက်လတ်တံ့လာယခုအခါ၌။ ဒုမာ၊ တစ်ခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည်။ ဆဒနံ၊ ရှည်ကြာမြင့်ညောင်း အရွက်ဟောင်းကို။ ဝိပွဟာယ၊ စွန့်ပယ်သာထွေ ကြွေကျကုန်၍ ဖလေသိနော၊ အသစ်ဖြစ်သောအသီးကို ရှာမှီးကြကုန်သကဲ့သို့ ဖြစ်၍။ အဂ်ါရိနော၊ မီးကျီးအသွေး နီတွေးသော ရွက်နု အပွင့်အဖူးတို့နှင့် ပြည့်စုံကြကုန်၏။ တေ၊ ထိုသစ်ပင် အပေါင်းတို့သည်။ အစ္ဆိမန္တော ဝ၊ ဥတုလှဲ့ဆောင် အရောင်ရှိကုန်သည်ဖြစ်၍သာလျှင်။ ပဘာသယန္တိ၊ ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဂ်ီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ်ကောင်းမြတ်သော အချိန်ပါဘုရား။

ကာဠဒါယီ လျှောက်ထားသော ဂါထာသည် ၆၄-ဂါထာ ရှိသည်။ သို့သော် ပညာရှင်များက သိမှတ်ခေါ်ဝေါ်ရ လွယ်စေရန် ဂါထာခြောက်ဆယ်ဟု ခေါ်ဝေါ်ရေးသားပြောဆိုကြသည်။

http://www.dhammadownload.com

(၂) ဒုမာ ဝိစိတ္တာ သုဝိရာဇမောနာ၊
ရတ္တကုံရေဟေဝ စ ပလ္လဝေဟိ။
ရတနုဇ္ဇလမဏ္ဍပသန္နိဘာသာ၊
သမယော မဟာဝီရ အဇိရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဒုမာ၊ သစ်ပင်အပေါင်းတို့သည်။ ရတ္တကုံရေဟေဝစ၊ သန္တာအသွေး နီတွေးသော အညွှန့်တို့ဖြင့်လည်းကောင်း။ ပလ္လဝေဟိ စ၊ မြစိမ်းရောင်ဥ အရွက်နုတို့ဖြင့်လည်းကောင်း။ ဝိစိတ္တာ၊ အုံသြစဖွယ် ဆန်းကြယ်လှပေကုန်၏။ သုဝိရာဇမောနာ၊ နှလုံးမွေ့လျော်ဖွယ် လွန်စွာတင့်တယ်ပေကုန်၏။ ရတနုဇ္ဇလ မဏ္ဍပ သန္နိဘာ သာ၊ ရတနာအရောင် ပြောင်ပြောင်ထိန်လျှပ် မဏ္ဍပ်နှင့်လည်း တူကြပေကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဇိရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃) သုပုပ္ဖိတဂ္ဂါ ကုသုမေဟိ ဘူသိတာ၊
မနုညဘူတာ သုစိသာဓုဂန္ဓာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အဇိရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဥဘောသု ပဿေသု၊ ဝဲယာစုံယှက် လမ်းခရီးနှစ်ဖက်တို့၌။ ရုက္ခာ၊ ဥတု အလျောက် ဖြစ်ပေါက်ကုန်သော သစ်ပင်တို့သည်။ သုပုပ္ဖိတဂ္ဂါ၊ ကောင်းစွာပွင့်သော အဖျားရှိကုန်သည်ဖြစ်၍။ ကုသုမေဟိ၊ ကားကားစွင့်စွင့်ပွင့်သော ပန်းအမျိုးမျိုးတို့ဖြင့်။ ဘူသိတာ၊ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ မနုညဘူတာ၊ ပင်တိုင်းတင့်တယ် နှစ်သက်ဖွယ် ရှိကြကုန်သည်ဖြစ်၍။ သုစိသာဓုဂန္ဓာ၊ စင်ကြယ်သန့်ရှင်း သင်းတကြိုင်ကြိုင် ရနံ့ကောင်းလိုင်ကြကုန်သည်ဖြစ်၍။ ဝိရောစန္တိ၊ ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဇိရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်

http://www.dhammadownload.com

မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄) ဖလေဟိနေကေဟိ သမိဒ္ဓိဘူတာ၊
ဝိစိတ္တရုက္ခာ ဥဘတောဝကာသေ။
ခုဒ္ဒံ ပိပါသမ္ပိ ဝိနောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဥဘတောဝကာသေ၊ လမ်းခရီးဝဲယာ နှစ်ဖြာသောအရပ်၌၊ ဝိစိတ္တရုက္ခာ၊ ဆန်းကြယ်ဘိတောင်း သစ်ပင်အပေါင်းတို့သည်။ အနေကေဟိ၊ အမျိုးအစားများလှစွာကုန်သော။ ဖလေဟိ၊ အသီးတို့နှင့်။ သမိဒ္ဓိဘူတာ၊ ပြည့်စုံကြကုန်သည်ဖြစ်၏။ ခုဒ္ဒံ၊ ခရီးသွားသူ ရှင်လူခပင်း ဆာလောင်ခြင်းကိုလည်းကောင်း။ ပိပါသမ္ပိ၊ ခရီးသွားသူ ရှင်လူခပင်း ရေသိပ်ခြင်းကိုလည်းကောင်း။ ဝိနောဒယန္တိ၊ ပယ်ဖျောက်နိုင်ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅) ဝိစိတ္တမာလာ သုစိပလ္လဝေဟိ၊
သုသဇ္ဇိတာ မောရကလာပသန္ဓိဘာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဥဘောသု ပဿေသု၊ ဝဲယာစုံယှက် လမ်းခရီးနှစ်ဖက်တို့၌။ ရုက္ခာ၊ ဥတုအလျောက် ဖြစ်ပေါက်ကုန်သော သစ်ပင်တို့သည်။ ဝိစိတ္တမာလာ၊ အဆန်းတကြယ် ရှုချင်ဖွယ်သော ပန်းနွယ်ပန်းညွှန့် ရှိကြကုန်သည်ဖြစ်၍လည်းကောင်း။ သုစိပလ္လဝေဟိ၊ ညစ်ကြေးမတွယ် စင်ကြယ်သော ရွက်ညွှန့်တို့ဖြင့်။ သုသဇ္ဇိတာ၊ ကောင်းစွာစီရင် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍။ မောရကလာပသန္ဓိဘာ၊

F-44A ထေရအပဒါန်

http://www.dhammadownload.com

ဥဒေါင်းမြီးစည်း ပုံမှီးစံယူ တူကုန်သည်ဖြစ်၍လည်းကောင်း။ ဝိရောစန္တိ၊ ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၆) ဝိရောစမာနာ ဖလပလ္လဝေဟိ၊
သုသဇ္ဇိတာ ဝါသနိဝါသဘူတာ။
တောသေန္တိ အဒ္ဓါနကီလန္တ သတ္တော၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

သီးကင်းရွက်နုတို့ဖြင့် တင့်တယ်သော အချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ (ရက္ခာ၊ ဥတုအလျောက် ဖြစ်ပေါ်ကြကုန်သော သစ်ပင်တို့သည်)။ ဝိရောစမာနာ၊ ရှုတိုင်းအံ့ဖွယ် တင့်တယ်ကြကုန်သည်ဖြစ်၍လည်းကောင်း။ ဖလပလ္လဝေဟိ၊ သီးကင်းရွက်နု အစုစုတို့ဖြင့်။ သုသဇ္ဇိတာ၊ ကောင်းစွာစီရင် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍လည်းကောင်း။ အဒ္ဓါနကီလန္တ သတ္တော၊ ခရီးပန်းသူ ရှင်လူတို့ကို။ ဝါသနိဝါသဘူတာ၊ ကျောင်း, အိမ်အလား နားနေတည်းခိုရာ ဖြစ်ကြကုန်၍လည်းကောင်း။ တောသေန္တိ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၇) သုဖုလ္လိတဂ္ဂါ ဝနဂုမ္ဗနိဿိတာ၊
လတာ အနေကာ သုဝိရာဇမာနာ။
ဇောသေန္တိ သတ္တော မဏိမဏ္ဍပါဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com

ဘဒ္ဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ အနေကာ၊ အမျိုးအစား များလှစွာကုန်သော။ လတာ၊ နွယ်ပင်တို့သည်။ ဝနဂုမ္ဗနိသိတာ၊ တောချုံတို့ကို မှီတွယ်ရုံ၍ နွယ်ကြကုန်လျက်။ သုဖုလ္လိတဂ္ဂါ၊ ကားကားစွင့်စွင့်ပွင့်သော အညွှန့်အဖျား ရှိကြကုန်သည်ဖြစ်၍။ သုဝိရာမာနာ၊ ကြည့်ရှုချင်ဖွယ် လွန်စွာတင့်တယ်ကြကုန်လျက်။ သတ္တော၊ ခရီးသွားသူ ရှင်ပင် ရှင်လူတို့ကို။ မဏိမဏ္ဍပါဝ၊ ရောင်စုံခြယ်သတ် ပတ္တမြားမဏ္ဍပ်ကဲ့သို့။ တောသေန္တိ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဂ်ီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၈) လတာ အနေကာ ဒုမနိသိတာဝ၊
ပိယေဟိ သဒ္ဒိ သဟိတာ ဝရူဝ။
ပလောဘယန္တိ ဟိ သုဂန္ဓဂန္ဓာ၊
သမယော မဟာဝိရ အဂ်ီရသာနံ။

ဘဒ္ဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပိယေဟိ၊ မေတ္တာသက်ဝင် ချစ်လင်တို့နှင့်။ သဒ္ဒိ၊ အတူတကွ။ သဟိတာ၊ ကိုယ်ချင်းယှဉ်လျက် တွဲဖက်နေကုန်သော။ ဝရူဝ၊ အမျိုးကောင်းသမီး ချွေးမတို့ကဲ့သို့။ အနေကာ၊ အမျိုးအစား များပြားလှစွာကုန်သော။ လတာ၊ နွယ်ပင်တို့သည်။ ဒုမနိသိတာဝ၊ ချစ်လင်သဖွယ် သစ်ပင်၌ မှီတွယ်ကြကုန်လျက်သာလျှင်။ သုဂန္ဓဂန္ဓာ၊ ကောင်းသောရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်ကုန်သည်ဖြစ်၍။ သတ္တော၊ ခရီးသွားသူ ရှင်ရှင်လူတို့ကို။ ပလောဘယန္တိ၊ မွှေ့လျော်ပျော်ပိုက်အောင် သွေးဆောင်ဖြားယောင်းသည့်နယ် တင့်တယ်ကြကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဂ်ီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com

၄င်္ကပေါင်းစုံ၏ ရင့်ကျူးသံကြောင့် နှစ်သက်ဖွယ် အချိန်ပါဘုရား

(၉) ဝိစိတ္တာနိလာဒိမနုညဝဏ္ဏာ၊
ဒိဇာ သမန္တာ အဘိကူဇမာနာ။
တောသေန္တိ မဠုဿရတာရတီဟိ၊
သမယော မဟာဝီရ အဇ်ဈာသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သမန္တာ၊ ဝန်းကျင်ပတ်ချာ ရှစ်မျက်နှာမှ။ ဒိဇာ၊ နှစ်ကြိမ်ပေါက်ဖွား ၄င်္ကအများတို့သည်။ ဝိစိတ္တာနိလာ ဒိမနုညဝဏ္ဏာ၊ ဆန်းကြယ်ရွှန်းစို အညီစသော နှစ်သက်ဖွယ်အဆင်းရှိကြကုန်သည်ဖြစ်၍။ အဘိကူဇမာနာ၊ နှစ်သက်ရွှင်မြူး ရင့်ကျူးတွန်မြည်ကြကုန်လျက်။ မဠုဿရတာရတီဟိ၊ မြူးကွန့်ကျူးညည် သာယာသောအသံနှင့် မောင်နှံယှက်တွဲ ပျော်ပွဲဆင်ကြခြင်းတို့ဖြင့်။ ပထိကော၊ ခရီးသွားသူ ရှင်ပင်လူတို့ကို။ တောသေန္တိ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဇ်ဈာသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၁၀) မိဂါ စ နာနာ သုဝိရာဇ မာနာ၊
ဥတ္တုဂ်ကဏ္ဏာ စ မနုညနေတ္တာ။
ဒိသာ သမန္တာ မဘိဓာဝယန္တိ၊
သမယော မဟာဝီရ အဇ်ဈာသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ နာနာ၊ အမျိုးဇာတ်အား အထူးထူး အပြားပြားကုန်သော။ မိဂါစ၊ သားအပေါင်းတို့သည်လည်း။ သုဝိရာဇမာနာစ၊ မြူးကွန့်စံပယ် တင့်တယ်ကြကုန်သည်ဖြစ်၍လည်းကောင်း။ ဥတ္တုဂ်ကဏ္ဏာစ၊ ကိုယ့်အဖော်နှင့် ပျော်သဖြင့်လျှင် စွင့်စွင့်စိုက်ဆောင်ထောင်သောနားရွက်ရှိကုန်သည် ဖြစ်၍လည်းကောင်း။ မနုညနေတ္တာစ၊ နှစ်သက်စဖွယ် ပြူးကျယ်သော မျက်စိရှိကုန်သည်ဖြစ်၍ လည်းကောင်း သမန္တာဒိသာ၊ ဝန်းကျင်ပတ်ချာ အရပ်ရှစ်မျက်နှာတို့သို့။ အဘိဓာဝယန္တိ၊ ခုန်ပေါက် ပြေးလွှားကစားမြူးထူးကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာ

http://www.dhammadownload.com

ဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၁) မနုညဘူတာ စ မဟီ သမန္တာ၊
ဝိရာဇမာနာ ဟရိတာဝ သဒ္ဒလာ။
သုပုပ္ဖိရုက္ခာ မောဠိနိဝ လင်္ကတာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ မဟီ၊ မြေအပြင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ၊ မနုညဘူတာစ၊ စိတ်နှလုံးဝယ် နှစ်သက်ဖွယ်လည်း ရှိပေ၏။ သဒ္ဒလာ၊ နေဇာမြက်တို့သည်၊ ဟရိတာ၊ စိမ်းလန်း စိုပြည်ကုန်သည်ဖြစ်၏။ ဝိရာဇမာနာ၊ ရှုချင်စဖွယ် တင့်တယ်လှကုန်၏။ သုပုပ္ဖိရုက္ခာ၊ ကောင်းစွာပွင့်သော သစ်ပင်တို့သည်။ မောဠိနိဝ၊ အပျိုနုနယ် ဆံထုံးသွယ်ကဲ့သို့။ အလင်္ကတာ၊ တန်ဆာဆင်ကြကုန်၏။ (တစ်နည်း) မဟီ၊ မြေအပြင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဝိရာဇမာနာ၊ ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ မနုညဘူတာစ၊ စိတ်နှလုံးဝယ် နှစ်သက်ဖွယ်လည်း ရှိပေ၏။ ဟရိတာဝ၊ စိမ်းသောအရောင် ရှိသည်ဖြစ်၍သာလျှင်။ သဒ္ဒလာ စ၊ နေဇာမြက်တို့ဖြင့်လည်း ဖုံးလျက်အုပ်လျက် ရှိပေ၏။ အလင်္ကတာ၊ လှပစွာပြုပြင် တန်ဆာဆင်အပ်သော။ မောဠိနိဝ၊ ဆံထုံးတင့်တယ် သတို့သမီးငယ်ကဲ့သို့။ သုပုပ္ဖိရုက္ခာ၊ ကားကားစွင့်စွင့် ကောင်းစွာပွင့်သော သစ်ပင်ရှိပေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၂) သုသဇ္ဇိတာ မုတ္တမယာဝ ဝါလုကာ၊
သုသဏ္ဌိတာ စာရုသုဖဿဒါတာ။
ဝိရောစယန္တေ ဝ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝါလုကာ၊ သဲနုတို့သည်။ သုသဇ္ဇီတာ၊ ပန်းထိမ်ဉာဏ်ကြွယ် ကောင်းစွာစီခြယ်အပ်ကုန်သော။ မုတ္တာမယာဝ၊ ဖြူဆွတ်ရိုးရဲ့ ရတနာပုလဲလုံးတို့ကဲ့သို့။ သုသဇ္ဇာတာ၊ ကောင်းစွာစီရီ ညီညွတ်စွာ တည်ကုန်လျက်။ စာရုသုဖဿဒါတာ၊ တင့်တယ်လျောက်ပတ် ကောင်းမြတ်သော အတွေ့ကို ပေးကုန်သည်ဖြစ်၍။ သမန္တာဒီသာ၊ ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ ဝိရောစယန္တေဝ၊ ရှုချင်စဖွယ် တင့်တယ်စေသကဲ့သို့ ဖြစ်ကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၃) သမံ သုဖဿံ သုစိဘူမိဘာဂံ၊
မနုညပုပ္ဖါဒယဂန္ဓဝါသိတံ။
ဝိရာဇမာနံ သုစိမဋ္ဌ သောဘံ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

မြေပြင်သည်လည်း ကုန်းကျင်းမရှိ ညီညွတ်နေသော အချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုစိဘူမိဘာဂံ၊ ညစ်ကြေးသန့်စင် မြေအပြင်သည်။ သမံ၊ ကုန်း, ကျင်းမရှိ ပကတိ ညီညွတ်စွာ၏။ သုဖဿံ၊ ချောပြေနမွေ့ကောင်းသောအတွေ့ရှိ၏။ မနုညပုပ္ဖါဒယဂန္ဓဝါသိတံ၊ နှစ်သက်ဖွယ်သော ပန်းပွင့်တို့၏ ပွားဆင့်တိုးတက်သော ရနံ့ဖြင့် ပျံ့တကြိုင်ကြိုင် လှိုင်၍နေပေ၏။ ဝိရာဇမာနံ၊ ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ သုစိမဋ္ဌ၊ သာယာသန့်ရှင်း စင်ကြယ်ခြင်းလည်း ရှိပါပေ၏။ သောဘဋ္ဌ၊ သွားရန်လျောက်ပတ် ကောင်းလည်း ကောင်းမြတ်လှပါပေ၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com

(၁၄) သုသဇ္ဇိတံ နန္ဒနကာနနံဝ၊
ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတံ။
သုဂန္ဓဘူတံ ပဝနံ သုရမ္မံ၊
သမယော မဟာဝီရ အဂိဏသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝိစိတ္တနာနာ ဒုမသဏ္ဍမဏ္ဍိတံ၊ ဆန်းကြယ်ထူးထွေသော သစ်ပင်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော။ သုဂန္ဓဘူတံ၊ ကောင်းစွာသင်းပျံ့ ရနံ့ထူးရှိသည်ဖြစ်၍ ဖြစ်သော။ ပဝနံ၊ ရာဇဂြိုဟ်, ကပိလ နှစ်ဌာနကြားလမ်း တောစခန်းသည်။ သုသဇ္ဇိတံ၊ နတ်သဘင်ပွဲ ခြိမ့်ခြိမ့်သဲအောင် ယင်နွဲအံ့ဌာ နတ်ဒေဝါတို့ ကောင်းစွာ ပြုပြင် တန်းဆာဆင်အပ်သော။ နန္ဒနကာနနံဝ၊ နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကြီး ကဲ့သို့။ သုရမ္မံ၊ လွန်စွာတင့်တယ် နှလုံးမွေ့လျော်ဖွယ် ရှိပါပေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဂိဏသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ်ပို့သို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၅) သရာ ဝိစိတ္တာ ဝိဝိဓာ မနောရမာ၊
သုသဇ္ဇိတာ ပက်ဇပုဏ္ဏရိကာ။
ပသန္နသီတောဒကစာရုပုဏ္ဏာ၊
သမယော မဟာဝီရ အဂိဏသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သရာ၊ လမ်းခရီးအကြား ရေအိုင်များတို့သည်။ ပသန္နသီတောဒကစာရုပုဏ္ဏာ၊ ညစ်ကြေးသန့်စင် ကြည်လင်အေးမြသော ရေတို့ဖြင့် တင့်တယ်စွာ ပြည့်ကုန်သည်ဖြစ်၍။ ပက်ဇပုဏ္ဏရိကာ၊ ညွန့်ဥကြီးပွား ကြာငါးပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍။ သုသဇ္ဇိတာ၊ ကောင်းမြတ်တင့်တယ် ခြယ်လှယ်အပ်ကုန်သကဲ့သို့ ဖြစ်၍။ ဝိစိတ္တာ၊ ရွှေချင်စဖွယ် ဆန်းကြယ်လှကုန်၏။ ဝိဝိဓာ၊ အထူးထူးအပြားပြားအားဖြင့်။ မနောရမာ၊ စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော်ဖွယ်ရာ ဖြစ်ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဂိဏသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်

http://www.dhammadownload.com

တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၆) သုဖုလ္လနာနာဝိဓပကိဏ္ဏေဟိ၊
ဝိရာဇမာနာ သုစိဂန္ဓဂန္ဓာ။
ပမောဒယန္တော ဝ နရာမရာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုဖုလ္လနာနာဝိဓပကိဏ္ဏေဟိ၊ ဝိရာဇမာနာ၊ ရှုချင်စဖွယ်တင့်တယ်ကုန်သည့် (သရာ၊ ရေအိုင်တို့သည်) သုစိဂန္ဓဂန္ဓာ၊ သန့်ရှင်းမွှေးကြိုင် ပန်းရနံ့တို့ဖြင့် လှိုင်ကုန်သည်ဖြစ်၍။ နရာမရာနံ၊ အနီးရောက်လတ် လူနှင့်နတ်တို့ကို။ ပမောဒယန္တော ဝ၊ နှစ်လိုအားရ ဝမ်းမြောက်ကြစေသကဲ့သို့ ဖြစ်ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၇) သုဖုလ္လပင်္ကေရုဟ သန္နိသိန္နာ၊
ဒိဇာ သမန္တာ မဘိနာဒယန္တာ။
မောဒန္တိ ဘရိယာဟိ သမင်္ဂီနော တေ၊
သမယော မဟာဝီရ၊ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုဖုလ္လပင်္ကေရုဟသန္နိသိန္နာ၊ ကောင်းစွာစွင့်စွင့် ပွင့်ကြကုန်သော ကြာပင်ဖျားတို့၌ မှီခိုနားနေကြကုန်သော။ ဒိဇာ၊ ထူးထွေများတောင်း ငှက်အပေါင်းတို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ၊ အဘိနာဒယန္တာ၊ ဝတ်ရည်ရစ်မူး တွန်ကျူးကြကုန်လျက်။ တေ၊ ထိုငှက်အပေါင်း တို့သည်။ ဘရိယာဟိ၊ ကြင်ဖော်မှန်လှ ချစ်ငှက်မတို့နှင့်။ သမင်္ဂီနော၊ တကွယှဉ်နွဲ့ မောင်နှံတွဲကြကုန်လျက်။ မောဒန္တိ၊ ဝမ်းမြောက်ရွှင်ပျော်မွေ့လျော် ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော

http://www.dhammadownload.com

ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၈) သုဖုလ္လပုပ္ဖေဟိ ရဇံ ဂဟေတွာ၊
အလီ ဝိဓာဝန္တိ ဝိကူဇမာနာ။
မခုမှိ ဂန္ဓော ဝိဒိသံ ပဝါယတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင် မြတ်ဘုရား။ အလီ၊ ပျားပိတုန်းတို့သည်၊ ဝိကူဇမာနာ၊ တရုန်းရုန်း တဒီဒီ တွန်မြည် ကုန်သည်ဖြစ်၍။ သုဖုလ္လပုပ္ဖေဟိ၊ ကားကားစွင့်စွင့် ကောင်းစွာပွင့်သော ပန်းတို့မှ။ ရဇံ၊ ချိုမြိန်ရွှန်းစည် ပန်းဝတ်ရည်ကို။ ဂဟေတွာ၊ စုပ်ယူကြ၍။ ဝိဓာဝန္တိ၊ မြည်သံမစဲ ပျံဝဲပြေးသွားကြကုန်၏။ မခုမှိ၊ ပျားကြီးပျားငယ် အသွယ်သွယ်၌။ ဂန္ဓော၊ သင်းကြူမွှေးပျံ့ ဝတ်ရည်နံ့သည်။ ဝိဒိသံ၊ အထူးထူးသော အရပ်မျက်နှာသို့။ ပဝါယတိ၊ ကြိုင်လှိုင်၍နေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၁၉) အဘိန္နနာဒါ မဒဝါရဏာ စ၊
ဂိရိဟိ ဓာဝန္တိ စ ဝါရိဓာရာ။
သဝန္တိ နဒ္ဒော သုဝိရာဇိတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ မဒဝါရဏာ၊ အမုန်ယစ်သောဆင်ပြောင်ကြီးတို့သည်။ အဘိန္နနာဒါစ၊ မကွဲမနာ ကြိုးကြာသံကဲ့သို့လည်း မြည်ဟည်းကြကုန်၏။ ဂိရိဟိ၊ တောင်တို့မှ။ ဝါရိဓာရာစ၊ ရေအယဉ်တို့သည်လည်း။ ဓာဝန္တိ၊ အဟုန်ထန်ပြင်း စီးဆင်းပြေးသွားကြကုန်၏။ နဒ္ဒော၊ မြစ်တို့သည်။ သုဝိရာဇိတာ၊ ရွှေချင်စဖွယ် လွန်စွာ တင့်တယ်ကုန်သည်ဖြစ်၍ သာလျှင်။ သဝန္တိ၊ အဟုန်ထန်သည်း စီးသွားကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော

http://www.dhammadownload.com

ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်း တော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၀) ဂိရီ သမန္တာဝ ပဒိဿမာနာ၊
မယူရဂီဝါ ကုဝ နိလဝဏ္ဏာ။
ဒိသာရဇိန္နာဝ ဝရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဂိရီ၊ တောင်တို့သည်။ သမန္တာဝ၊ ရှစ်မျက်နှာခွင် ထက်ဝန်းကျင်မှသာလျှင်။ ပဒိဿ မာနာ၊ ကြည့်လိုက်တိုင်းမြင် အလွန်ပင် ထင်ရှားကုန်လျက်။ မယူရဂီဝါ ကုဝ၊ ဥဒေါင်းမင်းလည်ရေးကဲ့သို့။ နီလဝဏ္ဏာ၊ စိမ်းတစိုစို ညိုသောအဆင်းရှိကုန် သည်ဖြစ်၍။ ဒိသာရဇိန္နာဝ၊ ဇရာဝတ စသည်ရှစ်သင်း ဒိသာဂဇဆင်မင်းတို့ကဲ့သို့။ (ဒိသာ၊ အရပ်မျက်နှာ အသီးသီး၌။ ရာဇိန္နာကုဝ၊ မြူကိုအစိုးရသကဲ့သို့ မထကြွ စေဘဲ။) ဝိရောစယန္တိ၊ ရှုချင်စဖွယ် တင့်တယ်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့်ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်း တော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၂၁) မယူရသံဃာ ဂိရိမုဒ္ဓနသ္မိံ၊
နစ္စန္တိ နာရီဟိ သမ်ဂီဘူထာ။
ကူဇန္တိ နာနာမဓုရဿရေဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

အမြီးကိုထောင်၊ အတောင်ကိုကော့ကာ ဥဒေါင်းတို့ မြူးရွှင်နေချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ် ဘုရား။ ဂိရိမုဒ္ဓနသ္မိံ၊ ကြွသွားရာလမ်းတစ်ခွင် ဝဲယာဖြစ်သော တောင်ထိပ်အပြင်၌။ မယူရသံဃာ၊ ဥဒေါင်းငှက်အပေါင်းတို့သည်။ နာရီဟိ၊ ကြင်ဖော်မှန်လှ ချစ်ဒေါင်းမ

http://www.dhammadownload.com

တို့နှင့်။ သမ်ဂီဘူတာ၊ တကွယှဉ်နွဲ့ မောင်နှံ တွဲကြကုန်သည်ဖြစ်၍။ နစ္စန္တီ၊ အမြီးကိုထောင် အတောင်ကိုကော့ ခေါင်းကိုမော့၍ ကျော့ကျော့ရွှင်ဖြိုး တင့်စနိုးလျှင် ရှေ့တိုးနောက်ငင် လှူ့အသွင်သို့ မြူးရွှင်ကခုန်ကြကုန်၏။ နာနာမဓုရသရေဟိ၊ အထူးထူးအထွေထွေ "အိုးဝေ အိုးဝေ"ဟူသော သာယာသော အသံတို့ဖြင့်။ ကူဇန္တီ၊ ဘာသာမဂဓ တွန်မြူးကျူးရင့်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၂) သုဝါဒိကာ နေကဒိဇာ မနုညာ၊
ဝိစိတ္တပတ္တေဟိ ဝိရာဇမာနာ။
ဂိရိမှိ ဌတွာ အဘိနာဒယန္တီ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုဝါဒိကာ၊ ကျေးငှက်အစရှိကုန်သော။ အနေကဒိဇာ၊ တစ်ပါးမကများလှစွာသော ငှက်အပေါင်းတို့သည်။ မနုညာ၊ ရှုတိုင်းတင့်တယ် နှစ်သက်ဖွယ်ရှိကုန်သည်ဖြစ်၍။ ဝိစိတ္တပတ္တေဟိ၊ ကဲ့ပန်းချီဆေး ဇာတိသွေးတို့ စီရေးခြယ်လှယ်ဆန်းကြယ်သောအတောင်တို့ဖြင့်။ ဝိရာဇမာနာ၊ ရှုချင်စဖွယ် တင့်တယ်ကုန်သည်ဖြစ်၍။ ဂိရိမှိ၊ လမ်းခရီးဝဲယာ သေလာဂိရိပ် ထိုထိုတောင်ထိပ်၌။ ဌတွာ၊ နားနေကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၃) သုဖုလ္လပုပ္ဖိကရမာဘိကိဏ္ဏာ၊
သုဂန္ဓနာနာဒယလင်္ကတာ စ။
ဂိရိ ဝိရောစန္တိ ဒိသာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သမန္တာဒိသာ၊ ခရီးဝဲယာ ထက်ဝန်းကျင်အရပ်မျက်နှာတို့၌။ ဂိရီ–တောင်တို့သည်။ သုဖုလ္လပုပ္ပါ ကရမာဘိကိဏ္ဏာ၊ ကောင်းစွာပွင့်လန်း ပန်းတို့၏တည်ရာများစွာတင့်ဆန်း သစ်ပင်ပန်းပင်တို့ဖြင့် ပြွမ်းကုန်လျက်။ သုဂန္ဓနာနာ ဒယလင်္ကတာစ၊ ကောင်းသော ရနံ့တို့ဖြင့် သင်းပျံ့လှိုင်ဝေ ထူးထွေများတောင်း ပွင့်ချပ်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်ကုန်လျက်။ ဝိရောစန္တိ၊ ရှုမငြီးဖွယ် တင့်တယ်ကြပေကုန်၏။ မဟာဝီရ၊ ကြီးမြတ်သောဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၄) ဇလာသယာ နေကသုဂန္ဓဂန္ဓာ၊
သုရိန္ဒဥယျာနဇလာသယာဝ။
သဝန္တိ နဇ္ဇော သုဝိရာဇမာနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဇလာသယာ၊ ရေအိုင်တို့သည်။ သုရိန္ဒဥယျာနဇလာသယာဝ၊ သိကြားနတ်မင်း ဥယျာဉ်အတွင်းဝယ် သန့်ရှင်းလှစွာ ကန်အိုင်သာတို့ကဲ့သို့။ အနေကသုဂန္ဓဂန္ဓာ၊ ထူးထွေများတောင်း ကောင်းသော ရနံ့တို့ဖြင့် ပျံ့တကြိုင်ကြိုင်လှိုင်၍ နေကုန်၏။ နဇ္ဇော၊ မြစ်တို့သည်။ သုဝိရာဇမာနာ၊ ရှုချင်စဖွယ် လွန်စွာတင့်တယ်ကုန်သည်ဖြစ်၍။ သဝန္တိ၊ အဟုန်ထန်သည်း တဒီးဒီးလျှင် စီးဆင်း၍နေကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၅) ဝိစိတ္တတိတ္ထေဟိ အလင်္ကာတာ စ၊
မနုညနာနာမိဂပက္ခိပါသာ။

http://www.dhammadownload.com

နဒ္ဓော ဝိရောစန္တိ သုသန္ဓမာနာ၊
သမယော မဟာဝီရ အဒ်ီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ နဒ္ဓော၊ မြစ်တို့သည်။ ဝိစိတ္တာတိတ္ထေဟိ၊ သွယ်သွယ်တင့်ဆန်း ဆိပ်ကမ်းတို့ဖြင့်။ အလင်္ကာတာစ၊ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍လည်းကောင်း။ မနုညနာနာမိဂပက္ခိပါသာ၊ စိတ်၏နှစ်သက်ဖွယ် အသွယ်သွယ်သော သားငှက်ခပင်းတို့၏ ကျော့ကွင်းသဖွယ် ဖြစ်ကုန်၍လည်းကောင်း။ သုသန္ဓမာနာ၊ အဟုန်ထန်လျင် တသွင်သွင်စီးဆင်းကြကုန်လျက်။ ဝိရောစန္တိ၊ ရှုချင်စဖွယ် တင့်တယ်ကြပါကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဒ်ီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၆) ဥဘောသု ပဿေသု ဇလာသယေသု၊
သုပုပ္ဖိတာ စာရု သုဂန္ဓရုက္ခာ။
ဝိဘူသိတဂ္ဂါ သုရသုန္ဒရီဝ၊
သမယော မဟာဝီရ အဒ်ီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဥဘောသု ပဿေသု၊ လှမ်းခရီးဝဲယာ နှစ်ဖြာသောနံပါးတို့၌။ ဇလာသယေသု၊ ရေအိုင်တို့၌။ စာရုသုဂန္ဓရုက္ခာ၊ တင့်တယ်မွှေးကြိုင် ရနံ့လှိုင်သော သစ်ပင်ငယ်တို့သည်။ သုပုပ္ဖိတာ၊ ကားကားစွင့်စွင့် ကောင်းစွာပွင့်ကြကုန်လျက်။ ဝိဘူသိတဂ္ဂါ၊ တန်ဆာဆင်ယင်အပ်သော အဖျားအညွှန့် ရှိကုန်သည်ဖြစ်၍။ သုရသုန္ဒရီဝ၊ နတ်မိန်းမပျိုနှယ် တင့်တယ်လှပေကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဒ်ီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၇) သုဂန္ဓနာနာဒုမဇာလကိဏ္ဏံ၊
ဝနံ ဝိစိတ္တံ သုရနန္ဒနံဝ။

http://www.dhammadownload.com

မနောဘိရာမံ သတတံ ဂတိနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ခရီးသွားတို့ စိတ်နှလုံး မွေ့လျော်ဖွယ်ရာ အချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုဂန္ဓနာနာဒုမဇာလကိဏ္ဏ၊ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သော သစ်ပင်အပေါင်းတို့ဖြင့် ပြွမ်းသော။ ဝနံ၊ ခရီးလမ်းအပြင် တောတခွင်သည်။ သုရနန္ဒနံဝ၊ နတ်တို့ ပျော်ရွှင် နန္ဒဝန် ဥယျာဉ်ကဲ့သို့။ ဝိစိတ္တံ၊ ဆန်းကြယ်လှသည်ဖြစ်၍။ ဂတိနံ၊ ခရီးသွားသူ ရှင်ပင်လူတို့၏။ သတတံ မနောဘိရာမံ၊ အမြဲတစေ စိတ်နှလုံး မွေ့လျော်ဖွယ်ရာ ဖြစ်ပေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၈) သမ္မန္နနာနာသုစိအန္နပါနာ၊
သဗ္ဗနာ သာဒုရသေန ယုတ္တာ။
ပထေသု ဂါမေ သုလဘာ မနုညာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပထေသု၊ ရာဇဂြိုဟ်, ကပိလ နှစ်ဌာနစခန်း ခရီးလမ်းတို့၌။ ဂါမေ၊ ရောက်ရာ ရောက်ရာ ထိုထိုရွာ၌။ သဗ္ဗနာ၊ စားမဲဟင်းလျာနှင့် တကွကုန်သော။ သာဒုရသေန၊ ချိုမြိန်ကောင်းမြတ် ရသာဓာတ်နှင့်။ ယုတ္တာ၊ ယှဉ်ကုန်သော။ မနုညာ၊ နှစ်သက်ဖွယ်ရှိကုန်သော။ သမ္မန္နနာနာ သုစိအန္နပါနာ၊ ချိုမြိန်လှစွာ ထွေလာများဖြင့် ရှင်းသန့်စင်သည့် ဘောဇဉ်ခဲဖွယ် စားသောက်ဖွယ်တို့ကို။ သုလဘာ၊ ကောက်ပဲသီမ်းစ ခါသမယဝယ် ရလွယ်ပါကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်

http://www.dhammadownload.com

လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၂၉) ဝိရာဇိတာ အာသိ မဟီ သမန္တာ၊
ဝိစိတ္တဝဏ္ဏာ ကုသုမာသနသဿ။
ရတ္တိန္ဒဂေါပေဟိ အလင်္ကတာဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ကုသုမာသနသဿ၊ တောရပ်မြို့ငယ သန်းနေရာ၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ မဟီ၊ မြေပြင်သည်။ ဝိရာဇိတာ၊ ရှုချင်စဖွယ် တင့်တယ်သည်ဖြစ်၍။ ရတ္တိ၊ အကာလတာ ညဉ့်အခါ၌။ ဣန္ဒဂေါပကေဟိ၊ သိကြားစောင့်ရှောက် ကွမ်းသွေးပေါက်ဟန် ပိုးပရဲတို့ဖြင့်။ အလင်္ကတာဝ၊ တွေးတွေးနီလျှာ တန်ဆာဆင်အပ်သကဲ့သို့။ ဝိစိတ္တဝဏ္ဏာ၊ ဆန်းကြယ်သော အဆင်းရှိသည်။ အာသိ၊ တင့်တယ်ကောင်းမြတ် ဖြစ်တုံလတ်ပြီ။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် ဖြာလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဗွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၀) ဝိသုဒ္ဓသဒ္ဓါဒိဂုဏောဟိ ယုတ္တာ၊
သမ္မဒ္ဒရာဇံ အဘိပတ္ထယန္တာ။
ဗဟူ ဟိ တတ္ထေဝ ဇနာ သမန္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ တတ္ထေဝ၊ ထိုရာဇကြိုဟ်, ကပိလ နှစ်ဌာန အကြားစခန်း ခရီးလမ်း၌ပင်လျှင်။ သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ ဗဟူ၊ များစွာကုန်သော။ ဇနာ၊ လူအပေါင်းတို့သည်။ ဝိသုဒ္ဓသဒ္ဓါဒိဂုဏောဟိ၊ စင်ကြယ်သန့်ရှင်း သဒ္ဓါစသော ဂုဏ်ကျေးဇူး ခပင်းတို့နှင့်။ ယုတ္တာ၊ ယှဉ်ကုန်လျက်။ သမ္မဒ္ဒရာဇံ၊ သုံးလူ့သနင်းတရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဘိပတ္ထယန္တာ၊ ငါတို့ဌာန ဤလမ်းမှပင် ကြွလာလိမ့်မည် မျှော်ရည်တောင့်တကြကုန်လျက်။ ဝသန္တိ၊ နေကြ

http://www.dhammadownload.com

ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၁) ဝိစိတြအာရာမသုပေါက္ခရညော၊
ဝိစိတြနာနာပဒုမေဟိ ဆန္နာ။
ဘိသေဟိ ခီရံဝ ရသံ ပဝါယတိ၊
သမယော မဟာဝီရ အဴဂီရသာနံ။

ဘဒ္ဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝိစိတြအာရာမသုပေါက္ခရညော၊ ဆန်းကြယ်သော အရံဥယျာဉ်အတွင်း သန့်ရှင်းစင်ကြယ်သော ရေကန်တို့သည်။ ဝိစိတြနာနာပဒုမေဟိ၊ ထူးထွေဆန်းပြား ကြာမျိုးငါးပါးတို့ဖြင့်။ ဆန္နာ၊ အပြည့်တင်းကြမ်း ဖုံးလွှမ်းအပ်ကုန်၏။ ဘိသေဟိ၊ ကြာစွယ်ကြာရင်းတို့မှ။ ရသံ၊ ချိုမြိန်ကောင်းစည် ရသာရည်သည်။ ခီရံဝ၊ နို့ရည်ကဲ့သို့။ ပဝါယတိ၊ ရန့်သင်းကြိုင် လှိုင်၍နေပါ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၂) ဝိစိတြနီလလစ္ဆဒနေနလင်္ကတာ၊
မနုညရက္ခာ ဥဘတောဝကာသေ။
သမုဂ္ဂတာ သတ္တသမူဟဘူတာ၊
သမယော မဟာဝီရ အဴဂီရသာနံ။

ဘဒ္ဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဥဘတောဝကာသေ၊ လမ်းခရီး ဝဲယာ နှစ်ဖြာသော အရပ်၌။ မနုညရက္ခာ၊ နှစ်သက်ဖွယ်တောင်း သစ်ပင်အပေါင်းတို့သည်။ ဝိစိတြနီလလစ္ဆဒနေန၊ ဆန်းကြယ်ရွှန်းစို စိမ်းညိုသော သစ်ရွက်အပေါင်းဖြင့်။ အလင်္ကတာ၊ ပိတ်ဖုံးမိုးကာ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ သမုဂ္ဂတာ၊ နဘန်မိုးမြင့် စွင့်စွင့်တက်ကြကုန်လျက်။

http://www.dhammadownload.com

သတ္တသမူဟဘူတာ၊ များစွာလူထု ပေါင်းစုသကဲ့သို့ ဖြစ်၍ဖြစ်ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၃) ဝိစိတြနီလဗ္ဘမိဝါယတံ ဝနံ၊
သုရိန္ဒလောကေ ဣဝ နန္ဒနံ ဝနံ။
သဗ္ဗောတုကံ သာဓုသုဂန္ဓပုပ္ပံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝိစိတြနီလဗ္ဘမိဝ၊ ဆန်းကြယ်ညိုမှောင် တိမ်ရောင်တိမ်တန်းကဲ့သို့။ အာယတံ၊ မြစောင်းတန်းနှယ် ရှည်သွယ်စိမ်းလန်းသော။ ဝနံ၊ ရာဇဂြိုဟ်, ကပိလနှစ်ဌာန သွားရာခရီးလမ်း ဤတောတန်းသည်။ သုရိန္ဒလောကေ၊ သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌။ နန္ဒနံ ဝနံ ဣဝ၊ နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကဲ့သို့။ သဗ္ဗောတုကံ၊ ဆောင်း, နွေ, မိုးဟု သုံးဥတုအား လျောက်ပတ်သည်ဖြစ်၍။ သာဓုသုဂန္ဓပုပ္ပံ၊ ကောင်းမြတ်မွှေးကြိုင် ရနံ့လှိုင်သော ပန်းအမျိုးမျိုးသည်ရှိပေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၄) သုဘဥ္ဇသံ ယောဇနယောဇနေသု၊
သုဘိက္ခဂါမာ သုလဘာ မနုညာ။
ဇနာဘိကိဏ္ဏာ သုလဘန္ဒပါနာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

တစ်ယူဇနာ တစ်ယူဇနာ၌ ဆွမ်းခံရွာတို့လည်း ရှိပါကုန်၏ အရှင်ဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ယောဇန ယောဇနေသု၊ ယူဇနာတိုင်း ယူဇနာတိုင်းတို့၌။ အဥ္ဇသံ၊ ခရီး

F-46A | ထေရအပဒါန်

http://www.dhammadownload.com

လမ်းသည်။ သုသံ၊ တင့်တယ်ကောင်းမွန်လှပါ၏။ မနုညာ၊ စိတ်နှစ်သက်ဖွယ် ဖြစ်ကုန်သော။ သုဘိက္ခဂါမာ၊ ဝပြောသာယာ ဆွမ်းခံရွာတို့ကို။ သုလဘာ၊ ရလွယ်ပါကုန်၏။ တေ၊ ထိုတစ်ယူဇနာ တစ်ယူဇနာ၌ ဆွမ်းခံရွာတို့သည်။ ဇနာဘိကိဏ္ဏာ၊ ရွာ၌နေသူ လူတို့ဖြင့် ပြွမ်းကုန်သည်ဖြစ်၍။ သုလဘန္နပါနာ၊ မငြိမငြင် မပင်မပန်း ရလွယ်သော ဆွမ်းအဖျော်ယမကာ ရှိပါကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၅) ပဟူတဆာယူဒက ရမ္မဘူတာ၊
နိဝါသိနံ သဗ္ဗသုခပ္ပဒါတာ။
ဝိသာလသာလာ စ သဘာ စ ဗဟူ၊
သမယော မဟာဝီရ အဴဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဗဟူ၊ လမ်းခရီးအကြွား များစွာကုန်သော။ ဝိသာလသာလာစ၊ ကျယ်ပြန့်သော ဇရပ်တို့သည်လည်းကောင်း။ သဘာစ၊ လူတို့ပေါင်းဆုံ သဘင်စည်းဝေးရုံတို့သည်လည်းကောင်း။ ပဟူတဆာယူဒက ရမ္မဘူတာ၊ ပေါများပြည့်လျှမ်း အရိပ်ရေချမ်းတို့ဖြင့် ရှင်လန်းမွေ့လျော်ဖွယ် ရှိကုန်သည်ဖြစ်၍။ နိဝါသိနံ၊ တည်းခိုနေသူ ရှင်ပင်လူတို့အား။ သဗ္ဗသုခပ္ပဒါတာ၊ ကာယစိတ္တ သုခနှစ်ဖြာ အလုံးစုံသော ချမ်းသာကို ပေးတတ်စွာကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၆) ဝိစိတ္တနာနာဒုမသဏ္ဍမဏ္ဍိတာ၊
မနုညဥ္ဃာနသုပေါက္ခရညော။
သုမာပိတာ သာဓုသုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အဴဂီရသာနံ။

http://www.dhammadownload.com

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပထေ၊ ရာဇဂြိုဟ်၊ ကပိလ နှစ်ဌာနစခန်း ခရီးလမ်း၌။ သုမာပိတာ၊ နတ်လမ်းသုတ်သင် သူတော်စင်တို့ တီထွင်တူးဖော်အပ်ကုန်သော။ မနုညဉျာန သုပေါက္ခရညော၊ စိတ်နှစ်သက်ဖွယ် အသွယ်သွယ်သော ဥယျာဉ်ရေကန်တို့သည်။ ဝိစိတ္တနာနာ ဒုမသဏ္ဍမဏ္ဍိတာ၊ ဆန်းကြယ်ထူးထွေသော သစ်ပင်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ သာဓုသုဂန္ဓဂန္ဓာ၊ ကောင်းမြတ်မွှေးကြိုင် ရနံ့တို့ဖြင့် လှိုင်ကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၇) ဝါတော မုဒုသီတလသာဓုရူပေါ၊
နဘာ စ အဇ္ဇာ ဝိဂတာ သမန္တာ။
ဒိသာ စ သဗ္ဗာ ဝိရောစယန္တိ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝါတော၊ ညင်းညင်းသာသာ တိုက်ခတ်လာသောလေသည်။ မုဒုသီတလသာဓုရူပေါ၊ နူးညံ့အေးမြ ကောင်းမွန်လှသော သဘောရှိပါ၏။ နဘာစ၊ အဇ္ဇာပြင် မိုးကောင်းကင်သည်လည်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အဇ္ဇ၊ မည်းညစ်ညိုမှောင် မိုးတိမ်တောင်မှ။ဝိဂတာ၊ ကင်းရှင်းစင်ကြယ်လှပါ၏။ သဗ္ဗာဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဒိသာစ၊ အရပ်မျက်နှာတို့သည်လည်း။ ဝိရောစယန္တိ၊ ရှုချင်စဖွယ် တင့်တယ်တောက်ပကြကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၃၈) ပထေ ရဇောနုဂ္ဂမနတ္ထမေဝ၊
ရတ္တိံ ပဝဿန္တိ စ မန္ဒဝုဋ္ဌိ။

http://www.dhammadownload.com

နဘောစ သူရော မုဒုကောဝ တာပေါ၊
သမယော မာဟာဝိရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပထေ၊ ရာဇကြိုဟ်, ကပိလ နှစ်ဌာနစခန်း ခရီးလမ်း၌။ ရဇောနဂုမနတ္ထမေဝ၊ မြူမှုန်မထ မကြွစေခြင်းငှာသာလျှင် (ဝါ၊မြူမှုန်မထမကြွရုံသာ)။ ရတ္တိ၊ ညဉ့်အခါ၌။ မန္ဒဝုဋ္ဌိစ၊ လေပြည်ဆော်သွေး မိုးသေးမိုးဖွဲတို့သည်လည်း။ ပဇ္ဇဿန္တိ၊ မယုတ်မလွန် ရွာသွန်းကြကုန်၏။ နဘော၊ အဇ္ဈောပြင် မိုးကောင်းကင်၌။ သူရောစ၊ နေမင်းသည်လည်း။ မုဒုကောဝ တာပေါ၊ နူးညံ့လှစွာ ခံသာရုံသာ ထွန်းလင်းတောက်ပ၏။ မဟာဝိရ၊ ကြီးမြတ်သောဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၃၉) မဒပွဗာဟာ မဒဟတ္ထိသဲဃာ၊
ကရေဏုသဲဃေဟိ သုကီဠယန္တိ။
ဒိသာ ဝိဓာဝန္တိ စ ဂဇ္ဇယန္တာ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ မဒပွဗာဟာ၊ လွန်စွာထန်ပြင်း မာန်ယစ်ခြင်းရှိကုန်သော။ မဒဟတ္ထိသဲဃာ၊ အမုန်ယိုစီး ဆင်ပြောင်ကြီး အပေါင်းတို့သည်။ ကရေဏုသဲဃေဟိ၊ ကြင်ဖော်မှန်လှ ဆင်မအပေါင်းတို့ဖြင့်။ သုကီဠယန္တိ၊ မြူးတူးပျော်ပါး ကစားကြကုန်၏။ ဂဇ္ဇယန္တာ၊ ကြိုးကြာသံကဲ့သို့ ကြည်းညည်းဟစ်အော်ကုန်လျက်။ ဒိသာစ၊ အရပ်မျက်နှာဦးတည်ရာတို့သို့လည်း။ ဝိဓာဝန္တိ၊ ထိုမှဤမှ ပြေးသွားကြကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရား တို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

http://www.dhammadownload.com

(၄၀) ဝနံ သုနီလံ အဘိဒဿနီယံ၊
နီလဇ္ဈကူဋံ ဣဝ ရမ္မဘူတံ။
ဝိလောကိတာနံ အတိဝိမ္ဟနီယံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝနံ၊ ရာဇဂြိုဟ်, ကပိလ နှစ်ဌာနခရီးလမ်း တောစခန်းသည်။ သုနီလံ၊ စိမ်းတစိုစို ညိုသောအဆင်းရှိသည်ဖြစ်၍။ အဘိဒဿနီယံ၊ ရှုချင်စဖွယ် အလွန်ပင် တင့်တယ်လှပေ၏။ နီလဇ္ဈကူဋံဣဝ၊ မည်းနက်ညိုမှောင်မိုးတိမ်တောင်ကဲ့သို့။ ရမ္မဘူတံ၊ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ဖြစ်၍လည်း ဖြစ်ပါ၏။ ဝိလောကိတာနံ၊ ကြည့်ရှုကုန်သူ ရှင်ရှင်လူတို့၏။ အတိဝိမ္ဟနီယံ၊ ထူးထွေဆန်းကြယ် အလွန်အံ့သြဖွယ်လည်း ဖြစ်ပါ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၁) ဝိသုဒ္ဓမဇ္ဈ ဂဂနံ သုရမ္မံ
မဏိမဟော်ဟိ သမလင်္ကတာဝဝံ။
ဒိသာ စ သဗ္ဗာ အတိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

မိုးကောင်းကင်သည်လည်း သာယာတင့်တယ်သော အချိန်ပါဘုရား

ဘဒ္ဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင်မြတ်ဘုရား။ ဂဂနံ၊ အဇ္ဈောပြင် မိုးကောင်းကင်သည်။ ဝိသုဒ္ဓမဇ္ဈံ၊ စင်ကြယ်သော တိမ်တိုက်ရှိသည်လည်းဖြစ်၍။ သုရမ္မံ၊ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်လည်း ဖြစ်ပေ၏။ မဏိမဟော်ဟိ၊ မြကျောက်စီခြယ် ဆင်ယင်ဖွယ်တန်းဆာတို့ဖြင့် သမလင်္ကတာဝဝံ၊ ကောင်းစွာပြုပြင် တန်ဆာဆင်အပ်ကုန်သကဲ့သို့။ သဗ္ဗာဒိသာစ၊ အလုံးစုံသော အရပ်မျက်နှာတို့သည်လည်း။ အတိရောစယန္တိ၊ ရှုချင်စဖွယ် လွန်စွာတင့်တယ်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော

http://www.dhammadownload.com

မြတ်စွာဘုရား။ အံဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၂) ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာ စ၊
သုဂီတိယန္တာ မဓုရဿရေန။
စရန္တိ တသ္မိံ ပဝနေ သုရမ္မေ၊
သမယော မဟာဝီရ အံဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုရမ္မေ၊ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ဖြစ်သော။ တသ္မိံ ပဝနေ၊ ထိုရာဇကြိုဟ်၊ ကပိလ နှစ်ဌာနခရီးလမ်း တောစခန်း၌။ ဂန္ဓဗ္ဗဝိဇ္ဇာဓရကိန္နရာစ၊ ဂန္ဓဗ္ဗနတ်ဝိဇ္ဇာမိုရ် ကိန္နရာတို့သည်လည်း။ မဓုရဿရေန၊ ချို့မြိန်လှစွာ သာယာသော အသံဖြင့်။ သုဂီတိယန္တာ၊ လေးတွဲ့သံချို ကောင်းစွာသီဆိုကုန်လျက်။ စရန္တိ၊ လှူးလာကျက်စား သွားလာကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အံဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၃) ကိလေသသံဃသ ဘိတာသကေဟိ၊
တပဿိသံဃေဟိ နိသေဝိတံ ဝနံ။
ဝိဟာရအာရာမ သမိဒ္ဓိဘူတံ၊
သမယော မဟာဝီရ အံဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ကိလေသသံဃသ၊ နှိပ်စက်တတ်စွာ ကိလေသာအပေါင်းကို။ အဘိတာသကေဟိ၊ အလွန်ထိတ်လန့် ကြောက်ရွံ့ကြကုန်သော။ တပဿိသံဃေဟိ၊ ရသေ့ ရဟန်းအပေါင်းတို့သည်။ နိသေဝိတံ၊ အမြဲမပြတ် ကိန်းပျော်မှီဝဲအပ်သော၊ ဝနံ၊ ရာဇကြိုဟ်, ကပိလ နှစ်ဌာနခရီးလမ်း တောစခန်းသည်။ ဝိဟာရအာရာမသမိဒ္ဓိဘူတံ၊ နေထိုင်ဖို့ရန် ကျောင်းအရာမ်တို့ဖြင့် ပြည့်စုံသည်ဖြစ်၍ ဖြစ်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အံဂီရသာနံ၊ ကိုယ်တော်မြတ်မှ

http://www.dhammadownload.com

မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၄) သမိဒ္ဓိနာနာဖလိနော ဝနန္တာ၊
အနာကုလာ နိစ္စမနောဘိရမ္မာ။
သမာဓိပီတိ အဘိဝုယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သမိဒ္ဓိနာနာဖလိနော၊ ပြည့်ဝခိုင်ဖြိုး အထူးထူးသော အသီးရှိကုန်သော။ ဝနန္တာ၊ တောအုပ်တို့သည်။ အနာကုလာ၊ နှောင့်ယှက်ခြင်း ကင်းကုန်သည်ဖြစ်၍။ နိစ္စမနောဘိရမ္မာ၊ အမြဲတစေ နှလုံးမွေ့လျော်ဖွယ် ဖြစ်ကုန်၏။ ပထိကာနံ၊ ခရီးသွားသူ ရှင်ရှင်လူတို့၏။ သမာဓိပီတိ၊ စိတ်တည်ကြည်ခြင်း နှစ်သက်ခြင်းကို။ အဘိဝုယန္တိ၊ အာရုံငါးသင်း ဆိတ်ငြိမ်ခြင်းကြောင့် လွန်မင်းစွာ တိုးပွားစေနိုင်ကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၅) နိသေဝိတံ နေကဒိဓေဟိ နိစ္စံ၊
ဂါမေန ဂါမံ သတတံ ဝသန္တာ။
ပုရေ ပုရေ ဂါမဝရေ စ သန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဝနန္တာ၊ ရာဇဂြိုဟ်, ကပိလ နှစ်ဌာနခရီးလမ်း တောစခန်းကို။ အနေကဒိဓေဟိ၊ အမျိုးစုံတို့အား များစွာသော ဌာနအပေါင်းတို့သည်။ နိစ္စံ၊ အမြဲ။ နိသေဝိတံ၊ ပျော်ရွှင်မှီဝဲ သုံးစွဲအပ်ပေ၏။ ဂါမေန ဂါမံ။ တစ်ရွာမှ တစ်ရွာသို့။ သတတံ၊ အမြဲမပြတ်။ ဝသန္တာ၊ သဘောတူရာပြောင်း၍ စုပေါင်းတည်နေကြကုန်သော။

http://www.dhammadownload.com

ဂါမဝရေ၊ စားကျေးရွာတို့သည်လည်း။ ပုရေ ပုရေ၊ မြို့တိုင်း မြို့တိုင်း၌။ သန္တိ၊ ရှိကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၆) ဝတ္ထန္နပါနံ သယနာသနဉ္စ၊
ဂန္ဓဉ္စ မာလဉ္စ ဝိလေပနဉ္စ။
တဟိံ သမိဒ္ဓါ ဧနတာ ဗဟူ စ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

လမ်းခရီး၌ စီးပွားဥစ္စာ ကြွယ်ဝသူတို့လည်း ရှိပါသည်ဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ တဟိံ၊ ထိုလမ်းခရီးအကြား များပြားလှစွာ စားကျေးရွာတို့၌။ ဝတ္ထန္နပါနဉ္စ၊ ဝတ်ဖွယ်, စားဖွယ်, သောက်ဖွယ် အသွယ်သွယ်သည်လည်းကောင်း၊ သယနာသနဉ္စ၊ အိပ်ရာနေရာသည်လည်းကောင်း။ ဂန္ဓဉ္စ၊ အထုံအခိုး နံ့သာမျိုးသည်လည်းကောင်း။ မာလဉ္စ၊ ပန်းအမျိုးမျိုးသည်လည်းကောင်း။ ဝိလေပနဉ္စ၊ ရနံ့ကြိုင်လှောင်း နံ့သာပျော်း (နံ့သာပျော့) အမျိုးမျိုးသည်လည်းကောင်း။ သမိဒ္ဓါ၊ စီးပွားဥစ္စာ ကြွယ်ဝစွာကုန်သော။ ဗဟူဧနတာစ၊ သချ်ာ့များတောင်း လူအပေါင်းတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြပါကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား။

(၄၇) ပုညိဒ္ဓိယာ သဗ္ဗယသဂ္ဂပတ္တာ၊
ဧနာ စ တသ္မိံ သုခိတာ သမိဒ္ဓါ။
ပဟူတဘောဂါ ဝိဝိဓာ ဝသန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ တသွဲ့၊ ထိုလမ်းခရီးအကြား များပြားလှစွာ စားကျေးရွာအပေါင်း၌။ ပုညိဿိယာ၊ ကောင်းမှုပြည့်ဖြိုး ဘုန်းတန်ခိုးဖြင့်။ (ဝါ) ဘုန်းတန်ခိုးကြောင့်။ သဗ္ဗယသဂ္ဂပတ္တာ၊ လုံးစုံမကြွင်း အခြံအရံများဖြင့် ကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ကုန်သော။ ဇနာ စ၊ ကုသိုလ်ကြီးမား လူအများတို့သည်လည်း။ သုခိတာ၊ ကာယစိတ္တ သုခနှစ်ပါးနှင့်ပြည့်စုံကုန်လျက်။ သမိဒ္ဓါ၊ စည်းစိမ်လောက်ငဲ့ ကုံလုံကြွယ်ဝကုန်လျက်။ ပဟူတဘောဂါ၊ သချိုမြားမြောင် အသုံးအဆောင် ရှိကြကုန်လျက်။ ဝိဝိဓာ၊ အထူးထူးအပြားပြား။ ဝသန္တိ၊ နေထိုင်ကြကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၈) နဘေ စ အဇ္ဇာ သုဝိသုဒ္ဓဝဏ္ဏာ၊
ဒိသာ စ စန္ဒော သုဝိရာဇိတောဝ။
ရတ္တိဉ္စ ဝါတော မုဒုသီတလော စ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ နဘေ၊ အဇ္ဇာပြင် မိုးကောင်းကင်၌။ အဇ္ဇာစ၊ တိမ်တိုက်တို့သည်လည်း။ သုဝိသုဒ္ဓဝဏ္ဏာ၊ စင်ကြယ်သန့်ရှင်းသော အဆင်းရှိကုန်၏။ စန္ဒော စ၊ လမင်းသည်လည်း။ ဒိသာ၊ ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ သုဝိရာဇိတောဝ၊ တင့်တယ်စွာလှ ထွန်းတောက်ပ၏။ ရတ္တိဉ္စ၊ အကာလတာ ညဉ့်အခါ၌လည်း။ ဝါတော၊ ညင်းညင်းသာသာ တိုက်ခတ်လာသောလေသည်။ မုဒုသီတလော စ၊ ဆောင်းရာသီ၌ကဲ့သို့ မကြမ်းလှ, နူးညံ့စွာ အေးမြပေ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၄၉) စန္ဒဂ္ဂမေ သဗ္ဗဇနာ ပဟဋ္ဌာ၊
သကင်္ဂော စိတြကထာ ဝဒန္တော။

http://www.dhammadownload.com

ဝိယေဟိ သဒ္ဒိ အဘိမောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ စန္ဒဂ္ဂမေ၊ စန်းငွေယုန်စက် ထွက်လတ်သောအခါ၌။ ပဟဋ္ဌာ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကုန်သော။ သဗ္ဗဓနာ၊ မြေ၌နေသူ လူခပ်သိမ်းတို့သည်။ သကင်္ကော၊ လသာဆောင်တခွင် မိမိတို့၏ အိမ်ကြမ်းပြင်၌။ စိတြကထာ၊ ဆန်းကြယ်သော စကားတို့ကို။ ဝဒန္တာ၊ ပြောဆိုကုန်လျက်။ ဝိယေဟိ၊ ချစ်ခင်အပ်သောသူတို့နှင့်။ သဒ္ဒိ၊ အတူတကွ။ အဘိမောဒယန္တိ၊ နှစ်လိုအားရ ဝမ်းမြောက်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၀) စန္ဒဿ ရံသီဟိ နဘံ ဝိရောစိ၊
မဟီ စ သံသုဒ္ဓမနုညဝဏ္ဏာ။
ဒိသာ စ သဗ္ဗာ ပရိသုဒ္ဓရူပါ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ကောင်းကင်နှင့် မြေပြင်သည် စင်ကြယ်သန့်ရှင်းသော အချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ စန္ဒဿ၊ လမင်း၏။ ရံသီဟိ၊ အေးမြချမ်းကြည် စန်းရောင်ခြည်တို့ဖြင့်။ နဘံ၊ အဇော့ပြင် မိုးကောင်းကင်သည်။ ဝိရောစိ၊ ရွှေချင်စဖွယ် တင့်တယ်တောက်ပပါ၏။ မဟီစ၊ မြေအပြင်သည်လည်း။ သံသုဒ္ဓမနုညဝဏ္ဏာ၊ စင်ကြယ်သန့်ရှင်း နှစ်သက်ဖွယ်အဆင်း ရှိပါ၏။ သဗ္ဗာ ဒိသာစ၊ ဝန်းကျင်ပတ်ချာ အလုံးစုံသော အရပ်မျက်နှာတို့သည်လည်း။ ပရိသုဒ္ဓရူပါ၊ စင်ကြယ်သန့်ရှင်းသော သဘောရှိကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့

http://www.dhammadownload.com

နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၁) ဒူရေ စ ဒိသွာ ဝရစန္ဒရံသိ၊
ပုပ္ဖိသု ပုပ္ဖါနိ မဟိတလသ္မိ။
သမန္တ တော ဂန္ဓဂုဏာတ္ထိကာနံ
သမယော မဟာဝီရ အဒ်ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ် ဘုရား။ ဂန္ဓဂုဏာတ္ထိကာနံ၊ ရနံ့စုံကို အလိုရှိသူတို့ အကျိုးငှာ။ သမန္တ တော၊ ထက်ဝန်းကျင်မှ။ မဟိတလေ၊ မြေအပြင်၌။ ပုပ္ဖါနိ၊ ပန်းအမျိုးမျိုးတို့သည်။ ဒူရေ စ၊ ခရီးယူဇနာ ဝေးကွာသော အရပ်၌သာလျှင်။ (ဌိတံ၊ တည်သော၊ ထည့်)။ ဝရစန္ဒရံသိ၊ ကောင်းမြတ်ထွန်းပြောင် စန်းလရောင်ကို။ ဒိသွာ၊ ပဏာပေါင်းဆုံ ကြိုက်ကြဲရသောကြောင့်။ ပုပ္ဖိသု၊ ကားကားစွင့်စွင့် ပွင့်ကြလေကုန်ပြီ။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဒ်ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြီးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရား တို့၏။ သမယော၊ ဖွားရပ်ဌာနီပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၂) စန္ဒဿ ရံသီဟိ ဝိလိမ္ဗိတာ ဝ၊
မဟီ သမန္တာ ကုသုမေန 'လင်္ကတာ။
ဝိရောစိ သဗ္ဗင်္ဂသုမာလိနီဝ၊
သမယော မဟာဝီရ အဒ်ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ် ဘုရား။ မဟီ၊ မြေအပြင်သည်။ စန္ဒဿ၊ လမင်း၏။ ရံသီဟိ၊ အေးမြချမ်းကြည် စန်းရောင်ခြည်တို့ဖြင့်။ ဝိလိမ္ဗိတာ၊ တင့်တယ်စေရန် လိမ်းကျံအပ်သကဲ့သို့။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ကုသုမေန၊ ညှဉ်၌ပွင့်ဆန်း ပန်းအမျိုးမျိုးဖြင့်။ အလင်္ကတာ၊ အလှပြုပြင် တန်းဆာဆင်အပ်သည် ဖြစ်၍။ သဗ္ဗင်္ဂသုမာလိနီဝ၊ အင်္ဂါကြီးငယ် အသွယ်သွယ်၌ တင့်တယ်စေကြောင်း ပန်းပေါင်းစုံလင် ပန်ဆင်အပ်သော အမျိုးသမီး ကဲ့သို့။ ဝိရောစိ၊ ရှုချင်စဖွယ် တင့်တယ်လှပါပေ၏။ မဟာဝီရ၊ ကြီးမြတ်သော

http://www.dhammadownload.com

ဝိရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၃) ကုစန္တိ ဟတ္ထိပိ မဒေန မတ္တာ၊
ဝိစိတ္တပိဏ္ဍ စ ဒိဇာ သမန္တာ။
ကရောန္တိ နာဒံ ပဝနေ သုရမ္မေ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သုရမ္မ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာရှိသော။ ပဝနေ၊ ရာဇဂြိုဟ်, ကပိလ နှစ်ဌာန ခရီးလမ်း တောစခန်း၌။ ဟတ္ထိပိ၊ ဆင်တို့သည်လည်း။ မဒေန၊ အမှန်ဖြင့်။ မတ္တာ၊ ယစ်ဂုန်သည်ဖြစ်၍။ ကုစန္တိ၊ ကြိုးကြာသံကဲ့သို့ အသံမူကုန်၏။ ဝိစိတ္တပိဏ္ဍာ၊ အံ့ဖွယ်ဘနန်း ဆန်းကြယ်သော အတောင်ရှိကုန်သော။ ဒိဇာ စ၊ နှစ်ကြိမ်ဖွားတောင်းငှက်အပေါင်းတို့သည်လည်း။ သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ နာဒံ၊ ဝမ်းသာရွှင်မြူး တွန်ကျူးသော အသံကို။ ကရောန္တိ၊ ပြုကုန်၏။ မဟာဝိရ၊ ကြီးမြတ်သော ဝိရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၄) ပထဗ္ဗ သဗ္ဗံ ပဋိပဇ္ဇနကမ္မံ၊
ဣဒ္ဓံ စ ရဇ္ဇံ သဓနံ သဘောဂံ။
သဗ္ဗတ္ထုတော် သဗ္ဗသုခပ္ပဒါနံ၊
သမယော မဟာဝိရ အင်္ဂီရသာနံ။

ဆောင်းကိုလွန်မြောက် နွေဦးပေါက်အချိန်ပါဘုရား

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သဗ္ဗံ၊ အလုံးစုံသော။ ပထဗ္ဗ၊ သွားရန်စခန်း ခရီးလမ်းသည်လည်း။

http://www.dhammadownload.com

ပဋိပဒ္ဓနက္ခမံ၊ ဆောင်းကိုလွန်မြောက် နွေဦးပေါက်၍ သွားရောက်ခြင်းငှာ ခဲ့လှစွာ၏။ ရဏ္ဍစ၊ တိုင်းပြည်ခရိုင် နိုင်ငံများသည်လည်း။ ဣဒ္ဓံ၊ ပြည့်စုံ၏။ သဓနံ၊ ဥစ္စာစီးပွားပေါများလှ၏။ သဘောဂံ၊ သုံးဖွယ်ကုလုံ ပြည့်စုံလှပါ၏။ သဗ္ဗတ္ထုတံ၊ အင်္ဂါခုနစ်ပုံလုံးစုံပြည့်လတ် ချီးမွမ်းအပ်ပါ၏။ သဗ္ဗသုခပဋိဒါနံ၊ ကာယ, စိတ္တ သုခနှစ်ပုံအလုံးစုံသောချမ်းသာကို ပေးတတ်စွာ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၅) ဝနဋ္ဌ သဗ္ဗံ သုဝိစိတ္တရူပံ၊
သုမာပိတံ နန္ဒနံ ကာနနံဝ။
ယတိန ပိတိ သတတံ ဧနေတိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ သဗ္ဗံ၊ အလုံးစုံသော။ ဝနဋ္ဌ၊ သွားရမည့်လမ်း တောစခန်းသည်လည်း။ သုမာပိတံ၊ နတ်တို့၏ကဲ့ စီမံဖန်ဆင်းအပ်သော။ နန္ဒနကာနနံဝ၊ နန္ဒဝန်ခေါ်တွင် နတ်ဥယျာဉ်ကဲ့သို့။ သုဝိစိတ္တရူပံ၊ ရူချင်စဖွယ် လွန်စွာဆန်းကြယ်သော သဘောရှိပါ၏။ ယတိန်၊ တောရပ်စခန်း ခရီးသွားရဟန်းတို့၏။ ပိတိ၊ အာရုံငါးပါးမဖက် တောနှင့်စပ်သော နှစ်သက်ခြင်းကို။ သတတံ ဧနေတိ၊ အမြဲမပြတ် ဖြစ်စေတတ်ပါ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၆) အလင်္ကတံ ဒေဝပုရံဝ ရမ္မံ၊
ကပိလဝတ္ထုံ ဣတိ နာမဓေယ္ယံ၊
ကုလနဂရံ ဣဓ သသိရိကံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ၊

http://www.dhammadownload.com

ကပိလဝတ်မြို့၌ ခမည်းတော် မယ်တော်နှင့် ဆွေတော် ရှစ်သောင်းတို့လည်း ရှိပါသည်ဘုရား

ဘဒန္တေ၊ ကျွးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဣဓ၊ ဤလောကဌ်။ သဿိရိကံ၊ အသရေရှိသော။ ကပိလဝတ္ထုံ၊ ဣတိ နာမဓေယျံ၊ ကပိလရသေ့ ပျော်စံမွေ့သည့် မြေ့သီခရာ သခ်ိမ်းရာဝယ် မြို့ရွာ တည်လတ် ယင်းဗျူဟတ်ကြောင့် အန္တွာဘွဲ့ချည် ကပိလဝတ်ဟူသော အမည်ရှိသော။ ကုလနဂရံ၊ ခမည်းနတ်ကျော် မြတ်မယ်တော်နှင့် ဆွေတော်ရှစ်သောင်း မျိုးတော် ပေါင်းတို့ ကိန်းအောင်းစံပျော် နေပြည်တော်သည်။ အလင်္ကတံ၊ အလှပြုပြင် တန်ဆာဆင်အပ်သော။ ဒေဝပုရံဝ၊ နတ်တို့စံရာ တာဝတိံသာကဲ့သို့။ ရမ္မံ၊ နှလုံးရွှင်ပျော် မွေ့လျော်ဖွယ်ရှိပါပေ၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ် ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(ဤဂါထာမှစ၍ ကပိလဝတ်နေပြည်တော်ကို ဖွဲ့ဆိုချီးလျှောက်သည်။)

(၅၇) မနုညအဋ္ဌာလ ဝိစိတ္တရူပံ၊
သုဖုလ္လပကေ်ရုဟသဏ္ဍမဏ္ဍိတံ။
ဝိစိတ္တ ပရိခါဟိ ပုရံ သုရမ္မံ၊
သမယော မဟာဝိရ အဴဂီရသာနံ။

ဘဒန္တေ၊ ကျွးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပုရံ၊ ကပိလဝတ်တွင်ခေါ် နေပြည်တော်သည်။ မနုညအဋ္ဌာလ ဝိစိတ္တရူပံ၊ စိတ်နှစ်သက်ဖွယ်ရှိသော ပြအိုးတန်ဆောင်းတို့ဖြင့် ဆန်းကြယ်သောသဘော ရှိပါ၏။ သုဖုလ္လပကေ်ရုဟသဏ္ဍမဏ္ဍိတံ၊ ငွားငွားစွင့်စွင့် ကားကားပွင့်သော ကြာတောတို့ဖြင့် သာမောတင့်လင်း တန်းဆာဆင်အပ်ပါ၏။ ဝိစိတ္တပရိခါဟိ၊ ဆန်းကြယ်ဘိတောင်း ကျုံးမြောင်းတို့ဖြင့်။ သုရမ္မံ၊ လွန်စွာမွေ့လျော် ဖျော်ဖွယ်ရာ ရှိပါ၏။ မဟာဝိရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အဴဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ

http://www.dhammadownload.com

ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၈) ဝိစိတ္တပါကာရဿ တောရဏဿ၊
သုဘင်္ကဏ် ဒေဝ နိဝါသဘူတံ။
မနုညဝိထိ သုရလောကသန္နိဘံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျွးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပုရံ၊ ကပိလဝတ်တွင်ခေါ် နေပြည်တော်သည်။ ဝိစိတ္တပါကာရဿ၊ ရှုချင်စဖွယ် ဆန်းကြယ်သော မြို့တံတိုင်းလည်း ရှိပါ၏။ တောရဏဿ၊ ကြဲ့ကြဲ့တည်ခိုင် တုရိဏ်တိုင်လည်း ရှိပါ၏။ သုဘင်္ကဏ်၊ စည်မျက်နှာအသွင် တင့်တယ်သော မြေအပြင် ရှိသည်ဖြစ်၍။ ဒေဝနိဝါသဘူတံ၊ သမ္မုတိနတ် ဥက္ကဋ္ဌနွယ်ရင်း လူမင်းတို့၏ စံနေရာဖြစ်၍လည်း ဖြစ်၏။ မနုညဝိထိစ၊ စိတ်နှစ်သက်ဖွယ် ပြန့်ကျယ် သန့်ရှင်းသော လမ်းခရီးလည်း ရှိ၏။ သုရလောကသန္နိဘံ၊ နတ်တို့စံရာ တာဝတိံသာ နတ်ပြည်နှင့်လည်း တူ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လိစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၅၉) အလင်္ကတာ သာကိယရဇပုတ္တာ၊
ဝိရာဇမာနာ ဝရဘူသနေဟိ။
သုရိန္ဒလောကေ ဣဝ ဒေဝပုတ္တာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒန္တေ၊ ကျွးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ပုရေ၊ ကပိလဝတ်တွင်ခေါ် နေပြည်တော်၌။ သာကိယရာဇပုတ္တာ၊ မဟာနွယ်ဖွား သာကိဝင် မင်းသားတို့သည်။ ဝရဘူသနေဟိ၊ မြတ်သော အဆင်တန်ဆာတို့ဖြင့်။ အလင်္ကတာ၊ အလှပြုပြင် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ သုရိန္ဒလောကေ၊ နတ်တို့သနင်း သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌။ ဒေဝပုတ္တာ ဣဝ၊

http://www.dhammadownload.com

နတ်ဝတ်တန်ဆာ ကောင်းစွာဆင်ထား နတ်သားတို့ကဲ့သို့။ ဝိရာဇ မာနာ၊ ရှုချင်စဖွယ် အလွန်တင့်တယ်ကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်း တော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၀) သုဒ္ဓါဒနော မုနိဝရံ အဘိဒဿနာယ
အမစ္စပုတ္တေ ဒသဓာ အပေသယိ။
ဗလေန သဒ္ဓိံ မဟတာ မုနိန္ဒ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘုရားရှင်ကိုပင့်ရန် ၁၀ ကြိမ်တိုင် အမတ်တို့ကို စေလွှတ်ခဲ့ပါပြီဘုရား

မုနိန္ဒ၊ မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင်ဘုရား။ သုဒ္ဓါဒနော၊ မွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည်။ မုနိဝရံ၊ မုနိဥက္ကဋ္ဌ ရဟန်းမြတ် ဖြစ်တော်မူသော အရှင်ဘုရား။ အဘိဒဿနာယ၊ ကွဲကွာသည်လည်း ကြာမြင့်၊ အသက်အရွယ်ကလည်း ကြီးရင့်၍ ရှင်ပင့်မျက်နှာ စန်းသော်တာကို သဒ္ဓါကော်ရော် ဖူးမြော်ခြင်းငှာ။ အမစ္စပုတ္တေ၊ အမတ်သားတို့ကို။ ဒသဓာ၊ ဆယ်ကြိမ်ဆယ်စု ဆယ်ဖို့ပြု၍။ မဟတာ၊ တစ်ထောင်တစ်ထောင် မြားမြောင် လှစွာသော။ ဗလေန၊ ဗိုလ်ပါအပေါင်းနှင့်။ သဒ္ဓိံ၊ တကွ။ အပေသယိ၊ ရှင်တော် ထံမှောက် ပင့်လျှောက်စေလွှတ်ခဲ့လေပြီ။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်း တော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၁) နေဝါဂတံ ပဿတိ နေဝ ဝါစံ၊
သောဏ္ဍာဘိဘူတံ နရဝီရသေဋ္ဌံ။
တောသေတု မိစ္ဆာမိ နရာဓိပတ္တံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

http://www.dhammadownload.com

မုနိန္ဒ၊ မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင်ဘုရား။ သုဒ္ဓေါဒနော၊ မွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည်။ အာဂတံ၊ ရှင်စောမြတ်စွာ ကြွလာတော်မူသည်ကို။ နေဝ ပဿတိ၊ မဖူးမြင်ရရှာပါ။ ဝါစံ၊ ကြွလာလိမ့်မည် မလာမည်ဟု နှစ်လီကွဲပြား သတင်းစကားကိုမျှလည်း။ နေဝ သုဏာတိ၊ မကြား ရရှာပါ။ သောကာဘိဘူတံ၊ သောကလောင်မီး ဖိစီးနှိပ်စက်အပ်သော။ နရဝီရသေဋ္ဌံ၊ ရဲရင့်သသူ ထိုထိုလူတို့ထက်မြတ်သော။ နရာဓိပတ္တံ၊ လူတို့သနင်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို။ တောသေတုံ၊ ရှင်တော်မျက်နှာ ဖူးရပါ၍ အာသာပြည့်ဝ အားရနှစ်သိမ့်စေခြင်းငှာ။ (အဟံ၊ အကျွန်ုပ် ကာဠုဒါယီသည်။) ဣစ္ဆာမိ၊ တောင့်တလင့်ဆို အလိုရှိပါ၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော် မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၂) တံဒဿနေနဗ္ဗုတပီတိရာသိ၊
ဥဒိက္ခမာနံ ဒွိပဒါန မိန္ဒံ။
တောသေဟိ တံ မုနိန္ဒ ဂုဏသေဋ္ဌံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ခမည်းတော်တို့အား အားရ နှစ်သိမ့်စေတော်မူပါဘုရား

မုနိန္ဒ၊ မုနိငါးမျိုး ခေါင်ကမိုး၍ အစိုးရသခင် မြတ်ရှင်ပင်ဘုရား (ပိတုနော၊ မွေးဖနတ်ကျော် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးအား)။ တံဒဿနေန၊ အရှင်ဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ရခြင်းဖြင့် (ဝါ) ဖူးမြင်ရခြင်းကြောင့်။ အမ္ဗုတပီတိရာသိ၊ မဖြစ်စဖူး ထူးကဲသောနှစ်သက်ခြင်း အစုသည်။ (ဘာဝေယျ၊ ဧကန်စင်စစ် ဖြစ်လေ ရာပါ၏)။ ဥဒိက္ခမာနံ၊ ရှင်တော်ဘုန်းပွင့် ကြွလာခွင့်ကို မျှော်လင့်ကာနေသော။ ဒွိပဒါန မိန္ဒံ၊ အခြေနှစ်ချောင်းရှိသူ လူတို့ကို အစိုးရသော။ ဂုဏသေဋ္ဌံ၊ ကျွေးမွေး ခဲ့ဖူး ဂုဏ်ကျေးဇူးဖြင့် အထူးမြင့်မြတ် ချီးမွမ်းအပ်သော။ တံ၊ ထိုမွေးဖနတ်ကျော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို။ (တွံ၊ အရှင်ဘုရားသည်)။ တောသေဟိ၊ ရှင်တော်မျက်နှာ ဖူးရပါ၍ အာသာပြည့်ဝ အားရနှစ်သိမ့်စေတော်မူပါလော့။

F-48A ထေရအပဒါန်

http://www.dhammadownload.com

မဟာဝီရ၊ ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

(၆၃) အာသာယ ကဿတေ ခေတ္တံ၊
ဗီဇံ အာသာယ ဝပ္ပတိ။
အာသာယ ဝါဏိဇာ ယန္တိ၊
သမုဒ္ဒံ ဓန ဟာရကာ။
ယာယ အာသာယ တိဋ္ဌာမိ၊
သာ မေ အာသာ သမိဇ္ဈတု။

မုနိန္ဒ၊ မုနိငါးမျိုး ခေါင်းကမိုး၍ အစိုးရသခင် မြတ်ရှင်ပင်ဘုရား။ ကဿတော၊ တောင်သူပေါာက်ျား လယ်သမားသည်။ အာသာယ၊ ကောက်ပဲသီးနှံ ရရန်စိတ်ထား လိုလားတောင့်တခြင်းကြောင့်။ ခေတ္တံ၊ လယ်ယာကို။ ကဿတေ၊ ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ထွန်ယက်၏။ (ကသိတွာ၊ ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ထွန်ယက်ပြီး၍) အာသာယ၊ ကောက်ပဲသီးနှံ ရရန်စိတ်ထား လိုလား တောင့်တခြင်းကြောင့်။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတိ၊ ထကြွလုံ့လ ဝီရိယဖြင့် ကြဲချ စိုက်ပျိုး၏။ ဓနဟာရကာ၊ ဥစ္စာကိုဆောင်ကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့သည်။ အာသာယ၊ မြတ်စွန်းလိုငြား တောင့်တချက်တရားကြောင့်။ သမုဒ္ဒံ၊ ငါးလိပ်မကာရ်း ဘေးဘျမ်းတို့ ရောပြွမ်းထူစွာ သမုဒ္ဒရာကို။ ယန္တိ၊ လှေဘော်ကြီး အသီးသီးဖြင့် ခရီးဖြန့်မြန်း သက်စွန့်ကြိုးပမ်း ကူးသန်းသွားလာကြကုန်၏။ (တထေဝ၊ ထို့အတူပင်လျှင်။ အဟမ္ပိ၊ ဖွားဖက်တော်သမုတ် အကျွန်ုပ် ကာဠုဒါယီ သည်လည်း)။ ယာယ အာသာယ၊ နေပြည်တော်ဟောင်း ကြွစေကြောင်းဟု ကောင်းသောဆန္ဒ အကြင်သို့သော တောင့်တခြင်းဖြင့်။ (ဣဓ၊ ဤဝေဠုဝန်ခေါ် မင်းကျောင်းတော်၌) တိဋ္ဌာမိ၊ ရှင်တော်ထံမှောက် ဆိုက်ရောက်ရပ်တည်လာပါ၏။ မေ၊ ဖွားဖက်တော် သမုတ် အကျွန်ုပ် ကာဠုဒါယီ၏။ သာ အာသာ၊ ဆွေထံ မျိုးထံ ကိုယ်တော်ပြန်၍ အဖူးမြော်ခံစေလိုသော သမ္မာဆန္ဒ ထိုတောင့်တချက်သည်။ သမိဇ္ဈတု၊ တောင့်တ သည့်အတိုင်း မဆိုင်းကုံလုံ ပြည့်စုံပါစေသတည်း။

F-48B

http://www.dhammadownload.com

(၆၄) နာတိသီတံ နာတိဥဏှံ၊
နာတိဒုဗ္ဘိက္ခဆာတကံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊
ဧသ ကာလော မဟာမုနိ။

မဟာမုနိ၊ မုနိဥက္ကဋ္ဌ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ ဣဒံ၊ ဆောင်းနှောင်းနွေဦး ဤအခါထူးသည်။ နာတိသီတံ၊ အေးလည်းမအေးလွန်းလှပါ ဘုရား။ နာတိဥဏှံ၊ ပူလည်း မပူလွန်းလှပါဘုရား။ နာတိဒုဗ္ဘိက္ခဆာတကံ၊ ကောက်ပဲသိမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါ၏ဘုရား။ ဘူမိ၊ မြေအပြင်သည်။ သဒ္ဒလာ၊ နေဇာမြက်ညွှန့်ရှိသည်ဖြစ်၍။ ဟရိတာ၊ မြအရောင်သန်း စိမ်းလန်းစိုပြည်လှပါ၏ဘုရား။ ဧသ ဧသော၊ ဆောင်းနှောင်းနွေဦး ဤအခါထူးသည်။ ကာလော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပီသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။

ဤသို့လျှင် ကာဠုဒါယီမထေရ်သည် ထူးထွေဆန်းကြယ်စွာ ဖွဲ့သီထားသော ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်စွာဘုရားသခင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် လျှောက်ထားခဲ့သည်။

ရဟန္တာနှစ်သောင်းဖြင့် ဘုရားရှင်ကြွလာပြီ

ထိုအခါ၌ မြတ်စွာဘုရားသည် ကာဠုဒါယီသည် ငါဘုရား၏ ဒေသစာရီကြွချီ တော်မူခြင်းကို တောင့်တလိုလား၏။ ငါဘုရားသည် ကာဠုဒါယီ၏ အကြံအစည် အလိုဆန္ဒကို ပြည့်စေအံ့ဟု ကြံတော်မူလျက် ဒေသစာရီကြွချီသောအခါ များစွာသော လူအပေါင်းတို့ တရားထူးရကြလတ္တံ့သော အကြောင်းကို မြင်တော်မူ၍ ရာဇဂြိုဟ် ပြည်သား ရဟန္တာပေါင်းတစ်သောင်း၊ ကပိလဝတ္ထုပြည်သား ရဟန္တာပေါင်း တစ်သောင်း ဤနှစ်သောင်းသော ရဟန္တာတို့ဖြင့် ခြံရံတော်မူလျက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။

ကာဠုဒါယီလျှောက်ထားသော ဂါထာတို့နှင့် စပ်လျဉ်း၍ အရေအတွက်တွင် မူကွဲများ ရှိသကဲ့သို့ ပါဠိများတွင်လည်း မူတစ်ခုနှင့်တစ်ခု မတူညီသည်များရှိသည်။

ဤ၌ ဖော်ပြထားသည်တို့မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရား ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် တတိယတွဲပါမူအတိုင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ငှက်အပေါင်းတို့က ပူဇော်

တောမြိုင်စခန်း ခရီးလမ်း၌ သစ်သီးကြီးငယ်တို့ကို ရဟန္တာအရှင်မြတ်အပေါင်းတို့ သုံးဆောင်တော်မူကြသည်။ အခြေနှစ်ချောင်း၊ အခြေလေးချောင်း၊ ငှက်အပေါင်း သားအပေါင်း တောတိရစ္ဆာန် အပေါင်းတို့သည်လည်း သင်္ကန်းရောင်တို့ဖြင့် တောက်ပြောင်ထွန်းလင်း၊ တင့်တယ် ခြင်းရှိကြကုန်သော ရဟန္တာအပေါင်းတို့နှင့်တကွ ကြွတော်မူလာသော မြတ်စွာဘုရားကို ကြည်ညိုခြင်း ရှိကြကုန်သည်ဖြစ်၍ တိရစ္ဆာန်ဘာသာအားဖြင့် အချင်းချင်းပြောဆို ကြကုန်လျက် စုဝေးရောက်လာကြပြီးလျှင် သာယာသောအသံတို့ဖြင့် မြည်တွန်လျက် ပူဇော်ကြကုန်၏။

ရွာနိဂုံးသားတို့ကလည်း ပူဇော်

ရောက်ရာရောက်ရာ မြို့ရွာနိဂုံးတို့မှ လူအားလုံးတို့သည် ဘုန်းတော်သခင်ဘုရားရှင်နှင့် ထေရ်သံဃာပေါင်း နှစ်သောင်းကို ကောင်းမွန်သင့်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ စုံလင်စွာဖြင့် ကောင်းစွာကပ်လှူပူဇော်ကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် တောတိရစ္ဆာန် အပေါင်းနှင့်တကွ ရောက်ရာရောက်ရာ မြို့ရွာနိဂုံး ဧနပုဒ်နေသူ စသည့် လူအပေါင်းတို့အား တရားဖြင့် ချီးမြှောက်ခြင်းကို ပြုတော်မူလျက် ကပိလဝတ်ပြည်တော်သို့ ကြွတော်မူ၏။

ကာဠုဒါယီထေရ်ကား ကောင်းကင်မှရပ်လျက်

ကာဠုဒါယီ မထေရ်မြတ်ကား မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသော ခဏ္ဍပင်လျှင် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ တန်ခိုးတော်ဖြင့် ကပိလဝတ်ပြည်သို့ ကြွတော်မူကာ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်ပြာသာဒ်အထက် ကောင်းကင်မှ ရပ်တော်မူ၏။

မမြင်ဖူးသော ရဟန်းအသွင်ကိုမြင်ရသော သုဒ္ဓေါဒနမင်းကြီးသည် ကောင်းကင်မှရပ်လာသော အရှင်ကား နတ်လော ဗြဟ္မာလော၊ နဂါးဂဠုန် ကုမ္ဘဏ္ဍယက္ခ ဂန္ဓဗ္ဗလောဟု တွေးတောလျက် အဘယ်သူပါနည်းဟု မေးလေ၏။

ထိုအခါ ကာဠုဒါယီ မထေရ်မြတ်က ငါသည်ကား တစ်ပါးသူမဟုတ်ချေ။ မြတ်စွာဘုရား၏သားတော်ဖြစ်၏။ အသင်မင်းကြီးသည်ကား ငါ၏အဘိုးတော်ဖြစ်၏ဟု မိန့်တော်မူသည်။



ကာဠုဒါယီထေရ် ပင့်လျှောက်သဖြင့် ဘုရားရှင်ကပိလဝတ်ပြည်သို့ ကြွတော်မူစဉ်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် အရှင်ကာဠဒါယီဟု ကောင်းစွာသိသဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ရာဇပလ္လင်ထက်၌ ထိုင်နေတော်မူစေသည်။ မိမိစားတော် ခေါ်ရန်အသင့်ပြင်ဆင် ယူလာသော အထူးထူးသော အရသာရှိသည့်ဘောဇဉ်တို့ဖြင့် သပိတ်ကို ပြည့်အောင်လောင်းထည့်သည်။ ထို့နောက် သပိတ်ကို ကာဠဒါယီ မထေရ်၏လက်ကို ကပ်လှူသည်။

ဘုရားရှင် အဘယ်မှာနည်း

မထေရ်က ထသွားတော့မည်အပြုတွင် အဘယ်ကြောင့် သွားမည်နည်း။ ဤနန်းတော်၌ပင်လျှင်နေ၍ ဘုဉ်းပေးပါလော့ဟုလျှောက်သည်။ မြတ်စွာဘုရား အထံသို့ ရောက်မှ ဘုဉ်းပေးအံ့ဟု မထေရ်မြတ်က မိန့်တော်မူသောအခါ ယခု မြတ်စွာဘုရား အဘယ်မှာနည်းဟု မင်းကြီးက လျှောက်၏။

ရဟန်းပေါင်းနှစ်သောင်းခြံရံလျက် ခမည်းတော်မင်းကြီးအထံသို့ ကြွလာတော်မူနေပြီဟု မိန့်တော်မူလျှင် အရှင်ဘုရားသည် ဤဆွမ်းကို သုံးဆောင်ပြီး မြတ်စွာဘုရားအဖို့ ဆွမ်းကိုဆောင်ယူပါလော့ဟု လျှောက်သည်။ ကာဠဒါယီ မထေရ်မြတ်သည် ဆွမ်းကို သုံးဘောင်တော်မူ၏။

ယနေ့မှစ၍ နေ့တိုင်းနေ့တိုင်း တပည့်တော်၏နန်းတော်မှဆွမ်းကို ဆောင်ယူတော်မူပါဘုရားဟုလည်း မင်းကြီးက လျှောက်ကြား၏။ ကာဠဒါယီ မထေရ်သည်လည်း မင်းကြီးအား လည်းကောင်း၊ နန်းတွင်းသူ နန်းတွင်းသားလူအများတို့အား လည်းကောင်း တရားဟောတော်မူကာ အလုံးစုံသော လူအပေါင်းတို့ မြင်စဉ်ပင်လျှင် ကောင်းကင်သို့ ဆွမ်းပြည့်သော သပိတ်ကို စေလွှတ်တော်မူပြီး မိမိကိုယ်တိုင်လည်း လူအပေါင်းတို့၏ ရှေ့မျက်မှောက်၌ပင် ကောင်းကင်သို့ ပျံတက်ကာ မြတ်စွာဘုရား အထံသို့ ပြန်ကြွတော် မူလေ၏။

တစ်နေ့ တစ်ယူဇနာကြွရှိ

မြတ်စွာဘုရားသည် မထေရ်ယူဆောင်လာသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ဤသို့လျှင် ယူဇနာခြောက်ဆယ်ရှိသောခရီးလမ်းကို တစ်နေ့လျှင် တစ်ယူဇနာ ကြွတော်မူသောမြတ်စွာဘုရားအား ကာဠဒါယီ မထေရ်မြတ်သည် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်မှ နေ့တိုင်းနေ့တိုင်း တန်ခိုးဖြင့် ဆွမ်းကိုဆောင်ယူပြီး ကပ်လှူလေ၏။

http://www.dhammadownload.com

ဘုရားရှင် ကြွချီတော်မူ၍ ကပိလဝတ်ပြည်သို့ ရောက်တော်မူသော နောက် တစ်နေ့မှစ၍ နေ့စဉ်နေ့တိုင်း မြို့တွင်းလမ်းတို့ကို ကြွတော်မူ၍ ဆွမ်းခံလှည့်လည် တော်မူ၏။

တောင်းစားရိုးမရှိပါ

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားအထံသို့လာ၍ အရှင်ဘုရား သည် အဘယ့်ကြောင့် ဤကဲ့သို့ ပြုရပါသနည်း၊ တပည့်တော်တို့ မင်းမျိုးဌ ဤသို့ လှည့်လည်ကာ တောင်း၍စားရိုးထုံးစံ မရှိပါဟုလျှောက်လေ၏။

ငါတို့ကား ဘုရားမျိုးနွယ်

ထိုအခါ ဘုရားရှင်က ခမည်းတော်မင်းကြီးတို့ကား မင်းမျိုးမင်းနွယ် အစဉ်အလာဖြစ်၏။ ငါတို့ကား ရှေးရှေးဗုဒ္ဓတော်မူသော မြတ်စွာဘုရားတို့၏ အမျိုးအနွယ် အစဉ်အလာဖြစ်၏ဟု သိစေတော်မူကာ ဤသို့ ဟောတော်မူ၏။

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မေ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ။
ဓမ္မံ စရေ သုစရိတံ၊ နံ နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဤဂါထာကို ဟောတော်မူသည်၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သောတာ ပတ္တိဖိုလ်၌တည်၏။

မင်းကြီးနှင့် ပရိသတ်တို့ အနာဂါမ်ဖြစ်ကြပြီ

ထိုနောက် ဘုရားအမှူးရှိသော သံဃာတော်တို့ကို နှန်းတော်သို့ ပင့်၍ ဆွမ်းကျွေးပြီးသောအခါ၌ ဘုရားရှင်က ဓမ္မပါလဇာတ်ကို ဟောတော်မူသည်။ သုဒ္ဓေါဒနမင်းကြီးသည် ပရိသတ်နှင့်တကွ အနာဂါမိဖိုလ်၌တည်၏။

(အပဒါန်အဋ္ဌကထာ)

စန္ဒကိန္နရီဇာတ်ကိုဟောပြီ

မြတ်စွာဘုရားသည် ရာဟုလမာတာ ယသော်ဓရာ၏ ပြာသာဒ်သို့လည်း ကိုယ်တော်တိုင် ကြွတော်မူသည်။ ရာဟုလမာတာသည် အလိုရှိတိုင်း ဘုရားရှင်ကို

http://www.dhammadownload.com

ဖူးမြင်ရသဖြင့် သောကမီး ငြိမ်းအေးသောအခါ ဘုရားရှင်က စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၏။

ထိုနောက် ဘုရားရှင်သည် နိဂြောဓရုံ ကျောင်းတော်သို့ ပြန်ကြွတော်မူရာ ယသော်ဓရာသည် ရာဟုလာကို အမွေတောင်းရန် လွှတ်လိုက်ရာ ဘုရားရှင်က လောကုတ္တရာအမွေကို ပေးတော်မူသည့် အနေဖြင့် ရာဟုလာကို ရှင်ပြုစေ၏။

ဇာတဒက်ဘွဲ့ရပြီ

ထိုနောက် မြတ်စွာဘုရားသည် ရဟန်းသံဃာအရိယာအပေါင်းတို့၏ အလယ်၌ ကာဠဒါယီမထေရ်အား ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း၌ ထူးချွန်သူအဖြစ် ဇာတဒက် ထားတော်မူ၏။

ဇာတဒက်ရပြီးသော ကာဠဒါယီမထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ဆင်ခြင်ကာ ရှေးရှေးဘဝတို့က ဖြည့်ကျင့်ဆည်းပူးခဲ့သော ဆုတောင်း ပါရမီတို့ကို ဤသို့ ဟောတော်မူ၏။

သလေးဆွမ်းနှင့် ပန်းလှူခြင်းအကျိုး

လူနတ်ချမ်းသာ ကြီးကျယ်စွာကို လွန်စွာတောင့်တ စံလိုကြ၍ ပုညအထူး ဆည်းပူးလိုသူ အိုလူအပေါင်း သူတော်ကောင်းတို့။ ကာဠဒါယီ နာမည်ထင်ပေါ် ငါထေရ်ကျော်သည် ဤကမ္ဘာမှ နောက်ပြန် ရေတွက်သော် ကာလရှည်ကြာ ကမ္ဘာအဆက် တစ်သိန်းထက်၌ လောကထိပ်တင် ဂုဏ်အင်ပြည့်စုံ ပဒုမုတ္တရ နာမထင်ရှား မြတ်ဘုရားသည် အများသတ္တဝါ ဝေနေယျာကို ကရုဏာရှေ့သွား သနားခြင်းအားဖြင့် တရားရေအေး တိုက်ကျွေးသောငှာ ဒေသစာရီ ကြွချီတော်မူလာ၏။ ထိုအခါ၌ ကောင်းစွာပွင့်သော ပဒုမ္မာကြာပန်း၊ ဥပ္ပလကြာပန်း၊ မလွိကကြက်ရုံးပန်း၊ ဤပန်းပွင့်တို့ကို လက်ဖြင့်ကိုင်ယူ၍ ကောင်းမွန်စွာချက်အပ်သော သလေးဆွမ်းကို လည်း ယူဆောင်ကာ ပဒုမုတ္တရမြတ်စွာဘုရားအား ငါ ကပ်လှူခဲ့၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆွမ်းကို သုံးဆောင်တော်မူပြီး ပန်းတို့ကို လည်း အလှူခံတော်မူသည်။ လူအပေါင်းတို့ကို ဤသို့မိန့်တော်မူ၏။

ဤဒါယကာသည် နှစ်သက်ဖွယ်ရှိသော ပန်းတို့ဖြင့် ငါဘုရားအား ပူဇော်၍ မွန်မြတ်သော သလေးဆွမ်းကိုလည်း ကပ်လှူ၏။ ထိုပန်းနှင့်တကွ ဆွမ်းကိုလှူရသော ကုသိုလ် စေတနာ၏အကျိုးကို ဟောကြားတော်မူအံ့။

http://www.dhammadownload.com

ဒသ အဋ္ဌ စက္ခတ္တုံ သော၊ ဒေဝရဇ္ဇံ ကရိဿတိ။
ဥပ္ပလံ ပဒုမဉ္စာပိ၊ မလ္လိကဉ္စ တဒုတ္တရိံ။
အဿ ပုညဝိပါကေန၊ ဒိဗ္ဗဂန္ဓသမာယုတံ။
အာကာသေ ဆဒနံ် ကတ္တာ၊ ဓာရယိဿတိ တာဝဒေ။
ပဉ္စဝီသတိက္ခတ္တုံစ၊ စက္ကဝတ္တိ ဘဝိဿတိ။
ပထဗျာ ရဇ္ဇံ ပဉ္စသတံ၊ ဝသုဓံ အာဝသိဿတိ။

ပဒုမုတ္တရဘုရားရှင် ပေါဆောတရား

ဘောန္တော မနုဿာ၊ လူနတ်စည်းစိမ် ရိပ်ငြိမ်ပျော်ပါး စံစားလိုသူ အိုလူ အပေါင်း သူတော်ကောင်းတို့။ သော၊ ထိုပန်းနှင့်တကွ ဆွမ်းလှူရသော ဒါယကာသည်။ ဒသအဋ္ဌစက္ခတ္တုံ၊ တစ်ဆယ့်ရှစ်ကြိမ်။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ ဥပ္ပလံစ၊ ဥပ္ပလကြာပန်းသည်လည်းကောင်း။ ပဒုမဉ္စာပိ၊ ပဒုမ္မာကြာပန်းသည်လည်းကောင်း။ မလ္လိကဉ္စ၊ ကြက်ရုံးပန်းသည်လည်းကောင်း။ တဒုတ္တရိံ၊ အလွန်များစွာ။ ဒိဗ္ဗဂန္ဓသမာယုတံ၊ နတ်ပန်းနံ့တို့ဖြင့် ယှဉ်အပ်ထုံစေအပ်သော။ ဆဒနံ၊ ပန်းအမိုးကို။ အာကာသေ၊ ကောင်းကင်၌။ ကတ္တာ၊ ပြု၍။ တာဝဒေ၊ ထိုမျှလောက် ကြီးကျယ်ကောင်းမွန်စွာ။ အဿ၊ ထိုဒါယကာ၏။ ပုညဝိပါကေန၊ ကောင်းမှု၏အကျိုးအားဖြင့်။ ဓာရယိဿတိ၊ ဆောင်းမိုးရလတ္တံ့။ ပဉ္စဝီသတိခတ္တုံ၊ နှစ်ဆယ့်ငါးကြိမ်။ စက္ကဝတ္တိစ၊ စကြာမင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပထဗျာရဇ္ဇံ၊ ဧကရာဇ်မင်းအဖြစ်သည်။ ပဉ္စသတံ၊ အကြိမ်ငါးရာ။ ဝသုဓံ၊ မြေအပြင်ကို။ အာဝသိဿတိ၊ အုပ်စိုးရ၍ နေရတတ္တံ့။

ဤသို့ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားပြီး၍ ကမ္ဘာတစ်သိန်းလွန်သည်ရှိသော် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သာကီဝင်မင်းမျိုးတို့၏ နှစ်သက်ခြင်းကို ဖြစ်စေနိုင်သော အမတ်ပညာရှိဖြစ်မည်။ နောက်အခါ၌ အာသဝေါကုန်ခန်းသော ရဟန္တာဖြစ်၍ ဧတဒဂ်ဘွဲ့ထူးကိုလည်း ရလတ္တံ့ဟု ပဒုမုတ္တရမြတ်စွာဘုရားသည် ပထမအကြိမ် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်းအကျိုး

တဒါဟံ ဟံသဝတိယံ၊ ဇာတောမစ္စကုလေ အဟုံ။
ပါသာဒိကော ဒဿနိယော၊ ပဟူတဓနဓညဝါ။

http://www.dhammadownload.com

ဘောန္တော မနုဿာ၊ အမျိုးမြတ်ရာ လူချမ်းသာကို ရပါလိုကြောင်း ဆုယူတောင်း၍ ကောင်းမှုကုသိုလ် ပြုလိုကြသူ အို...လူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ ကာဠုဒါယီ နာမည်ထင်ပေါ် ငါထေရ်ကျော်သည်။ တဒါ၊ ထိုပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌။ ဟံသဝတိယံ၊ ဟံသာဝတီ နာမည်ကျော်ဟီး၊ ပြည်တော်ကြီး၌။ အမစ္စကုလေ၊ အမတ်မျိုး၌။ ဇာတော၊ မွေးဖွားသည်။ အဟုံ၊ ဖြစ်ဖူးပြီ။ ပါသာဒိကော၊ ကြည်ညိုဖွယ်ရှိ၏။ ဒဿနိယော၊ ကြည့်ရှုမဝ အဆင်းလှ၏။ ပဟူတဓနဓညဝါ၊ များသော ဥစ္စာစပါးရှိ၏။

ရှေးဘဝကဆုတောင်း

တရားတော်ကို ရိုသေစွာ နာကြကုန်သော အို... လူအပေါင်း သူတော်ကောင်းတို့၊ ကာဠုဒါယီ နာမည်ကျော်ထင် ငါအရှင်သည် အမတ်မျိုးဖြစ်သော ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရား သီတင်းသုံးတော်မူသော ဟံသာရာမကျောင်းတိုက်သို့ သွားကာ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး တရားတော်ကို နာ၏။ အလှူဒါနကိုလည်း ပြု၏။ ဤသို့ မြတ်စွာဘုရားအား လှူဒါန်းပူဇော်ပြီး ခြေတော်ရင်း၌ နေလျက် ဤသို့ဆုတောင်း၏။

ပဒုမုတ္တရအမည်တော်ရသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် ရဟန်းတစ်ပါးကို ကုလပွသာဒက ဧတဒဂ်ပေးတော်မူကာ ချီးမွမ်းတော်မူ၏။ ထိုရဟန်းကဲ့သို့ ဖြစ်ရပါလို၏ မြတ်စွာဘုရားဟူ၍ ငါ ဆုတောင်းသည်။

ထိုအခါ၌ ပဒုမုတ္တရမြတ်စွာ ဘုရားသည် ဤသို့မိန့်ကြား၍ ဗျာဒိတ်ပေးတော်မူပြန်၏။

ဗျာဒိတ်ပေးတရား

သတသဟဿိတော ကပ္ပေ၊ သြက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒေါ၊ သြရသော ဓမ္မနိမ္မိတော။
ဥဒါယိ နာမ နာမေန၊ ဟေဿတိ သတ္ထု သာဝကော။

ဤဂါထာဖြင့် ဒုတိယအကြိမ် ဗျာဒိတ်ပေးတော်မူပြန်၏။

တံ သုတွာ မုဒိတော ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တော ပရိစရိံ၊ ပစ္စယေဟိ ဝိနာယကံ။

F-49A ထေရအပဒါန်

http://www.dhammadownload.com

တေန ကမ္မဝိပါကေန၊ စေတနာပဏိဓိဟိ စ။
ဧဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

ဘောန္တော မနုဿာ၊ ဗျာဒိတ်ရလို တောင်းဆုဆို၍ ကုသိုလ်ဒါန ပြုလိုကြသူ အို...လူအပေါင်း သူတော်ကောင်းတို့။ တံ၊ ထိုဗျာဒိတ်စကားတော်ကို။ သုတွာ၊ ကြားရ၍။ မုဒိတော၊ ဝမ်းမြောက်သည်။ ဟုတွာ၊ဖြစ်၍။ တဒါ၊ ထိုအမတ်ဖြစ်သော အခါ၌။ ဇိနံ၊ ပဒုမုတ္တရမြတ်စွာဘုရားကို။ ယာဝဇီဝံ၊ တစ်သက်လုံး။ မေတ္တစိတ္တော၊ ချစ်ခင်သောစိတ်ရှိလျက်။ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ ဝိနာယကံ၊ သက်တော် ထင်ရှား မြတ်စွာဘုရားကို။ ပရိစရိံ၊ လုပ်ကျွေး၏။ တေန ကမ္မဝိပါကေန စ၊ ထိုကံ၏အကျိုးအားဖြင့်လည်းကောင်း။ စေတနာပဏိဓိဟိစ၊ ဆုတောင်းစေတနာ မြတ်လှစွာတို့ဖြင့်လည်းကောင်း။ မာနုသံ၊ လူ့ပြည်၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဧဟိတွာ၊ စွန့်၍။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ အဟံ၊ ငါသည်။ အဂမ္ဆိံ၊ ရောက်ခဲ့ရဖူးပြီ။

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ရမ္မေ ကာပိလဝတ္ထဝေ။
ဇာတော မဟာမစ္စကုလေ၊ သုဒ္ဓေါဒနမဟီပတေ။
တဒါ အဇာယိ သိဒ္ဓတ္ထော၊ ရမ္မေ လုမ္ဗိနိကာနနေ။
ဟိတာယ သဗ္ဗလောကဿ၊ သုခါယ စ နရာသဘော။
တဒဟေဝ အဟံ ဇာတော၊ သဟ တေနေဝ ဝဓိတော။
ပိယော သဟာယော ဒယိတော၊ ဝိယတ္တော နိတိကောဝိဒေါ။

သိဒ္ဓတ္ထမင်းသားနှင့် ဖွားဖက်တော်

ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ ဘဝေစ၊ ဘဝ၌လည်း။ ဒါနိ၊ ယခု။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ ကာပိလ ဝတ္ထဝေ၊ ကပိလဟု နာမမည်ခေါ် ရသေ့ကျော်၏ မွေ့လျော်ဖွယ် ကျောင်းနေရာ၌ မြို့ရာသတ်မုတ် တည်ထောင်လတ်၍ ဗျူဟတ္တိရ ကပိလဝတ် ပြည်တော်မြတ်၌။ သုဒ္ဓေါဒန မဟီပတေ၊ မြေကိုစိုးရ လူများသေဋ္ဌနင်း သုဒ္ဓေါဒန မင်းမြတ်စံပျော် ရွှေနန်းတော်၌။ မဟာမစ္စကုလေ၊ ဥစ္စာအင်အား ပညာအားဖြင့် ကြီးမားမြင့်ဖြိုး အမတ်မျိုး၌။ ဇာတော၊ မွေးဖွား၍ဖြစ်၏။

တဒါ၊ ထိုငါမွေးဖွားသောအခါ၌။ နရာသဘော၊ ယောက်ျားမြတ်ဖြစ်တော် မူသော။ သိဒ္ဓတ္ထော၊ သိဒ္ဓတ္ထမင်းသားသည်။ သဗ္ဗလောကဿ၊ အလုံးစုံသော

http://www.dhammadownload.com

သတ္တလောကဓ၏။ ဟိတာယစ၊ အကျိုးစီးပွားအလို့ငှာလည်းကောင်း။ သုခါယစ၊ ချမ်းသာခြင်းငှာ လည်းကောင်း။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ လုမ္ဗိနိကာနနေ၊ လုမ္ဗိနီခေါ် ဥယျာဉ်တော်၌။ အဇာယိ၊ ဖွားမြင်တော်မူ၏။

တဒဟေဝ၊ ထိုနေ့၌ပင်လျှင်။ အဟံ၊ ကာဠဒါယီ နာမည်ထင်ပေါ် ငါထေရ် ကျော်သည်။ ဇာတော၊ မွေးဖွား၏။ တေနေဝ၊ ထိုသို့ခွတ်မင်းသားနှင့်သာလျှင်။ သဟ၊ အတူတကွနေ၏။ ဝနိတော၊ ကြီးပြင်း၍လာရ၏။ ပိယော၊ ချစ်ခင်သော။ သဟာယော၊ သူငယ်ဖော်ဖြစ်၏။ ဒယိတော၊ ကြင်နာ၏။ ဝိယတ္တော၊ လိမ္မာ၏။ နီတိကောဝိဒေါ၊ ရာဇနီတိအရာ၌ ကောင်းစွာကြွမ်းကျင် သိမြင်သော ပညာရှိအမတ် ဖြစ်၏။

ဇကူနတိ်သော ဝယသာ၊ နိက္ခမိတွာ အဂါရတော။
ဆဗ္ဘဿနိ ဝီတိနာမေတွာ၊ အာသိ ဗုဒ္ဓေါ ဝိနာယကော။
ဝေနေယျေ ဝိနယန္တော်ာ သော၊ သင်္ဂဟန္တော်ာ သဒေဝကံ။
ဥပေစ္စ မဂဓေ ဂိရိံ၊ ဝိဟရိတ္ထ တဒါ ဇိနော။
တဒါ သုဒ္ဓေါဒနေနာဟံ၊ ဘူမိပါလေန ပေသိတော။
ဂန္တွာ ဒိသွာ ဒသဗလံ၊ ပဗ္ဗဇိတွာရဟာ အဟုံ။
တဒါ မဟေသိ် ယာစိတွာ၊ ပါပယိ် ကပိလဝှယံ။
တတော ပုရာဟံ ဂန္တွာန၊ ပသာဒေသိ် မဟာကုလံ။
ဇိနော တသ္မိ် ဂုဏော တုဋ္ဌော၊ မံ မဟာပရိသာယ သော၊
ကုလပွသာဒကာနဂ္ဂံ၊ ပညာပေသိ ဝိနာယကော။
ကိလေသာ စျာပိတာ မယံ့။ (လ) ဝိဟရာမိ အနာသဝေါ။
သွာဂတံ ဝတ မေ အာသိ။ (လ) ကတံ ဗုဒ္ဓဿ သာသနံ။
ဣတ္ထံ သုဒမာယသ္မာ ကာဠဒါယိထေရော၊
ဣမာ ဂါထာယော အဘာသိတ္ထ။ ။

(အပဒါန်ပါဠိတော်)

ကာဠဒါယိထေရ် ဟောသောတရား

ဇကူနတိ်သောဝယသာ၊ အရွယ်တော်နှစ်ဆယ့်ကိုးနှစ် ရောက်လတ်သော်။ အဂါရတော၊ ရွှေနန်းတော်မှ။ နိက္ခမိတွာန၊ တောထွက်တော်မူ၍။ ဆဗ္ဘဿံ၊

http://www.dhammadownload.com

ခြောက်နှစ်တို့ကို။ ဝိနာမေတွာ၊ လွန်စေ၍။ ဝိနာယကော၊ လူတို့၏ ရှေ့ဆောင်ဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အာသိ၊ ဖြစ်တော်မူ၏။

သော၊ ထိုမြတ်စွာဘုရားသည်။ ဝေနေယျေ၊ ဆုံးမထိုက်သော သတ္တဝါတို့ကို။ ဝိနယန္တော၊ ဆုံးမတော်မူလျက်။ သဒေဝကံ၊ နတ်ဗြဟ္မာလူ သုံးဘုံသူကို။ သင်္ကာန္တော၊ ချီးမြှောက်တော်မူလျက်။ မဂဓေ၊ မဂဓတိုင်း၌။ ဂိရိံ၊ ရာဇဂြိုဟ်မြို့တော်သို့။ ဥပစ္စ၊ ကပ်ရောက်တော်မူ၍။ ဇိနော၊ မြတ်စွာဘုရားသည်။ တဒါ၊ ထိုအခါ၌။ ဝိဟာရိတ္ထ၊ နေတော်မူ၏။

တဒါ၊ ထိုသို့နေတော်မူသောအခါ။ ဘူမိပါလေန၊ မြေကိုအစိုးရတော်မူသော။ သုဒ္ဓေါဒနေန၊ သုဒ္ဓေါဒနမင်းမြတ်သည်။ အဟံ၊ ငါ့ကို။ ပေသိတော၊ စေအပ်သည်ဖြစ်၍။ ဝါ၊ ပေသိတော၊ စေအပ်သော။ အဟံ၊ ငါသည်။ ဂန္တွာ၊ သွား၍။ ဒသဗလံ၊ မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြုသော်။ ရဟာ၊ ရဟန္တာသည်။ ဒါနဟုံ၊ ဖြစ်ပြီ။

တဒါ၊ ထိုရဟန္တာဖြစ်သောအခါ၌။ မဟေသီ၊ မြတ်စွာဘုရားကို။ ယာစိတွာ၊ တောင်းပန်၍။ ကပိလဝှယံ၊ ကပိလဝတ်ပြည်တော်သို့။ ပါပယိ၊ ပို့ဆောင်အပ်ပြီ။ တတော၊ ထိုသို့တောင်းပန်လျှောက်ကြားပြီးမှ။ အဟံ၊ ကာဠုဒါယီ ငါမထေရ်သည်။ ပုရာဂန္တွာန၊ ရှေးဦးစွာသွား၍။ မဟာကုလံ၊ သာကီနွယ်လာ မဟာမျိုးမဟာနွယ်အပေါင်းကို။ ပသာဒေသိံ၊ ကြည်ညိုစေဖူးပြီ။

သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ တသ္မိံ ဂုဏော၊ သာကီနွယ်လာ မဟာနွယ်ခေါ် ဆွေမျိုးတော်ကို ကြည်ညိုစေနိုင်သော ထိုဂုဏ်ကျေးဇူး၌။ တုဋ္ဌော၊ နှစ်သက်တော်မူသည်ဖြစ်၍။ မံ၊ ကာဠုဒါယီ ငါမထေရ်ကို။ မဟာပရိသာယ၊ များစွာသော ပရိသတ်၌။ ကုလပူသာဒကာနံ၊ ဆွေမျိုးတော်တို့ကို ကြည်ညိုစေသော ရဟန်းအပေါင်းတို့တွင်။ အဂ္ဂံ၊ အမြတ်ဆုံး အလွန်ဆုံးဟူ၍။ ဝိနာယကော၊ မြတ်စွာဘုရားသည်။ ပညာပေသိ၊ ဧတဒဂ်ထားတော်မူ၏။

မယံ၊ ငါ့အား။ ကိလေသာ၊ ကိလေသာတို့ကို။ စျာပိတာ၊ ရှိုမြှိုက်လောင်ကျွမ်းကုန်ခန်းစေအပ်ပြီ။ (လ) အနာသဝေါ၊ အာသဝကင်းလျက်။ ဝိဟရာမိ၊ နေရ၏။ မေ၊ ငါ့အား။ သွာဂတံ၊ ကောင်းသောလာခြင်းသည်။ အာသိ၊ ဖြစ်ပြီ။ (လ) ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာကို။ ကတံ၊ ပြုအပ်ပြီ။

http://www.dhammadownload.com

ဣတ္ထံ၊ ဤသို့သော အပြားအားဖြင့်။ အာယသ္မာကာဠုဒါယီထေရော၊ အရှင်ကာဠုဒါယီ မထေရ်မြတ်သည်။ ဣမာ ဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောကြားတော်မူပြီ။

ဖွားဖက်တော် ကာဠုဒါယီထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဥရုဝေလ ကဿပထေရ် အပဒါန်ဝတ္ထု

ဥရုဝေလကဿပထေရ်သည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။ တပည့်ပရိသတ်ပေါများသော အရာ၌ ဧတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာအရှင်မြတ်တစ်ပါးလည်းဖြစ်သည်။

ပဒုမုတ္တရဘုရားရှင်လက်ထက်

ဥရုဝေလကဿပလောင်းလျာသည် ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော် အခါက ဟံသာဝတီမြို့တော်၌ ပုဏ္ဏားတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့သ၌ ပုဏ္ဏားသည် ကျောင်းတော်သို့ ရောက်သွားလေရာ ပရိသတ်လေးပါးတို့၏အလယ်၌ တည်ကြည်ငြိမ်သက်သော ဣန္ဒြေတော်ဖြင့် သပ္ပာယ်လှစွာ စံပါယ်နေတော်မူသော ပဒုမုတ္တရဘုရားရှင်ကို ဖူးတွေ့ရ၏။ ထိုနေ့ တရားသဘင်၌ ပဒုမုတ္တရဘုရားရှင်သည် သီဟဃောသ ဘွဲ့အမည်ရသော ရဟန်းအား တပည့်ပရိသတ်ပေါများသော အရာဌာနတွင် ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူလိုက်၏။

ဗျာဒိတ်တော် မြွက်ကြား

ဥရုဝေလကဿပလောင်းလျာပုဏ္ဏားသည် ထိုရဟန်း ပန်ဆင်ရသော ဧတဒဂ်ဂုဏ်ထူးဆုမျိုးကို ရယူလိုလှသဖြင့် ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိနေအိမ်သို့ပင့်၍ အလှူတော်ကြီးပေးသည်။ "အရှင်ဘုရား ဤသို့သော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်သည် သီဟဃောသ ဘွဲ့အမည်ရသောရဟန်း ပန်ဆင်ရသော ဧတဒဂ်ဆုထူးကဲ့သို့သော ဆုထူးကို ရယူပန်ဆင်လိုပါ၏ ဘုရား" ဟု ဘုရားရှင်ထံ ဆုတောင်းခဲ့၏။

http://www.dhammadownload.com

ပဒုမုတ္တရဘုရားရှင်ကလည်း "ဒါယကာ၊ နောက်နောင်အခါ ကမ္ဘာတစ်သိန်း ထက်၌ ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားရှင်၏ သာသနာတော်တွင် သင်၏ ဆုတောင်းသည် ပြည့်လတ္တံ့"ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။

လွန်ခဲ့ပြီးသော ကိုးဆယ့်နှစ် ကမ္ဘာထက်၌ ပွင့်ထွန်းတော်မူသော ဖုဿဘုရားရှင်၏ လက်ထက်တော်တွင် ထိုပုဏ္ဏားသည် ဗာရာဏသီမင်းကြီး၏ ဖတူမိကွဲသားတော်လေးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့၏။ အကြီးဆုံးသော သားတော်သည် ဖုဿဟူသော ဘွဲ့နာမ်တော်ဖြင့် သုံးလူ့ထွတ်ထား ဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၏။

စစ်သူရဲကောင်းများ

ဖုဿဘုရားရှင်၏ညီတော်တို့သည် ရဲရင့်တည်ကြည်သောစိတ်ရှိကြကုန်၏။ ခွန်အားဗလ ကြီးမားကြကုန်၏။ စစ်ပွဲတိုင်းတွင် အောင်ပွဲခံကြရသော စစ်သူရဲကောင်းများလည်း ဖြစ်ကြကုန်၏။

ခမည်းဧော်မင်းတရားကြီးသည် သားတော်ဘုရားရှင်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆွမ်းပြုစုလုပ်ကျွေးခွင့်မပေး၊ မိမိကိုယ်တိုင်သာလျှင် ပြုစုလုပ်ကျွေး၏။ ညီတော်သုံးယောက်တို့သည်လည်း နောင်တော်ကြီး ဘုရားကို ပြုစုလုပ်ကျွေးလိုကြသဖြင့် ခမည်းတော်ထံ ခွင့်ပန်ကြ၏။ သားတော်တို့ လိုအပ်သမျှ ဆုများကို ပေးနေကျဖြစ်သော်လည်း ဤဆုကိုကား ဘုရင်ကြီးက မပေးချေ။

သူပုန်နှိမ်ရန် တာဝန်ပေးပို့

တစ်နေ့သောအခါတွင် တိုင်းစွန်ပြည်ဖျား၌ သူပုန်သူကန်များ ပေါ်ပေါက်လာ၏။ ခမည်းတော်မင်းတရားကြီးက ဤရန်ကို သွားရောက်နှိမ်နင်း၍ ထိုတစ်နယ်လုံးကို အေးချမ်းသာယာအောင် ဆောင်ရွက်ကြရန် သားတော်များအား တာဝန်ပေး၏။

သားတော်သုံးပါးတို့က "ခမည်းတော်ဘုရား၊ နောင်တော်ဘုရားရှင်ကို ပြုစု လုပ်ကျွေးခွင့်ရနိုင်ပါလျှင် ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဘုရား"ဟု ပြန်လည်လျှောက်တင်ကြ၏။ ခမည်းတော်မင်းကြီးကလည်း "ပြုစုလုပ်ကျွေးခွင့် ပြုပါမည်"ဟု ကတိပေးလိုက်သည်။

http://www.dhammadownload.com

ဤသို့ဖြင့် ညီနောင်သုံးပါးတို့သည် တိုင်းစွန်ပြည်ဖျားမှ သူပုန်သူကန်တို့ ရန်ကို တိုက်ခိုက်နှိမ်နင်းပြီးလျှင် တစ်နယ်လုံး ဘေးရန်မရှိ ပကတိအေးချမ်း သာယာစွာဖြင့် သွားလာနေထိုင်ကြစေရန် ဆောင်ရွက်ပေးကြ၏။

သူတို့တိုင်းတော်ပြည်တော်သို့ ပြန်ရောက်သောအခါ ခမည်းတော်မင်းတရားကြီး၏ ခွင့်ပြုချက်အရ နောင်တော်ကြီးဖြစ်သော ဖုဿဘုရားရှင်နှင့်တကွ တပည့်သား သံဃာတော်များအား ညီနောင်သုံးဦးတို့ ဝမ်းမြောက်ဝမ်းသာ ပြုစုလုပ်ကျွေးကြ၏။ အခြားအခြားသော ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုစုဆည်းပူးကြ၏။ ဖုဿဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသောအခါ တွင်လည်း ပူဇော်ပွဲကြီး ကြီးကျယ်စွာ ကျင်းပကာ ဗုဒ္ဓ၏ သရီရရုပ်အလောင်းတော်ကို သင်္ဂြိုဟ်ကြ၏။

ကဿပနွယ်ဖွား ပုဏ္ဏားများ ဖြစ်လာကြပြီ

ထိုမင်းသား သုံးပါးတို့ ထိုဘဝမှ စုတေကြကုန်လတ်သော် တုသိတာနတ်ပြည်သို့ လားရောက်ကြရကုန်၏။ ထိုမှတစ်ဖန် လူ့ဘုံ နတ်ဘုံတို့၌ စည်းစိမ်များ စွာစံစားကြရပြီးလျှင် ဤဘုရားရှင် ပွင့်တော်မမူမီ ဗာရာဏသီရှိ ကဿပနွယ်ဖွား ပုဏ္ဏား တစ်ယောက်၏သားများ ဖြစ်လာကြ၏။ အမျိုးအနွယ်အားဖြင့် ညီနောင်သုံးယောက်လုံးပင် ကဿပဟု အမည်ခေါ်တွင်လာကြကုန်၏။

ရသေ့များဖြစ်လာ

ထိုညီနောင် သုံးယောက်တို့အရွယ်ရောက်လတ်သော် လူ့ဘောင်တွင် မပျော်မွေ့ကြသဖြင့် ရသေ့ဝတ်ကြ၏။ တပည့်ပရိသတ်ကိုယ်စီဖြင့် နေရာရာမြစ်၏ မြစ်ကွေ့သုံးခုတို့တွင် ကြီးစဉ်ငယ်လိုက် အထက်အောက်တန်းစီ၍ ရသေ့အဖြစ်ဖြင့် နေကြကုန်၏။

ကိုယ့်ကိုယ်ကိုယ် ရဟန္တာဟု ထင်နေသူ

အကြီးဆုံးရသေ့ကြီးမှာ ဥရုဝေလတောထဲတွင် ရသေ့ရဟန်းပြုသဖြင့် ဥရုဝေလ ကဿပဟု ဘွဲ့မည်ထင်ရှားလာ၏။ လောကီစွာန် အဘိညာဉ်တို့ကို ရရှိ၏။ ထိုရရှိသော အဘိညာဉ်တို့ကို အားကိုးပြုကာ တပည့်ရသေ့ ငါးရာတို့ကို ဦးဆောင်လျက် နေနေ၏။ သူ့ကိုယ်သူလည်း ရဟန္တာဟု မှတ်ယူထား၏။ အင်္ဂတိုင်း၊ မဂဓတိုင်း အတွင်းရှိ လူအပေါင်းတို့ကလည်း သူ့ကို တန်ခိုးအာနုဘော် ကြီးမားသော ရဟန္တာ အရှင်မြတ်ကြီးတစ်ပါးဟူ၍ ယုံကြည်ကိုးစားနေကြသည်။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓဉာဏ်တော်ကြီးသခင် ဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူလာသော အခါ ဘုရားရှင်သည် ဘုရားဖြစ်ခါစ ပထမ၀ါမှာပင် ပဉ္စ၀ဂ္ဂီငါးဦး၊ ယသသူဌေးသား အမှူးရှိသော သူငယ်ချင်း ငါးဆယ့်ငါးယောက်တို့ကို ရဟန္တာအဖြစ်သို့ ပို့ဆောင်တော်မူသဖြင့် ကမ္ဘာမြေပြင်၌ ရဟန္တာခြောက်ကျိပ်ရှိလာသည်။ ထိုရဟန္တာတို့အား နယ်တကာ ရပ်တကာ အနှံ့အပြား ဒေသစာရီ ဖြန့်ချိကာ သာသနာပြုကြရန် ဘုရားရှင်က မိန့်ကြားတော်မူ၏။

ဥရုဝေလကဿပထံ ဘုရားရှင်ကြွပို့

ထို့နောက် ဘုရားရှင်သည်တစ်ပါးတည်း တောလမ်းခရီးဖြင့် ဒေသစာရီ ကြွချီတော်မူရာ လမ်းတွင် ဘဒ္ဒ၀ဂ္ဂီညီနောင် သုံးကျိပ်တို့နှင့် တွေ့ပြီး ထိုညီနောင် သုံးကျိပ်တို့အား ဓဟိဘိက္ခု ရဟန်းအဖြစ်သို့ ပို့ဆောင်တော်မူသည်။ ထိုမှတစ်ဆင့် ဘုရားရှင်သည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ချေချွတ်တော်မူရန် ဥရုဝေလ ကဿပရသေ့ကြီးထံသို့ ကြွသွားတော်မူသည်။

ဘုရားရှင်သည် ဥရုဝေလ ကဿပရသေ့ကြီးထံ ရောက်သောအခါ တစ်ညဉ့်တာအတွင်း နေစရာနေရာ တစ်နေရာပေးပါရန် ပန်ကြားသည်။ ရသေ့ကြီးက အမျက်ဒေါသ ကြီးမားလှသည့် နဂါးကြီးတစ်ကောင်ရှိသော မီးတင်းကုပ်၌ နေထိုင်ရန် ဘုရားရှင်အား နေရာပေးလိုက်၏။

ဘုရားရှင်သည် ထိုညတွင် ရသေ့ကြီးပေးသော မီးတင်းကုပ်ထဲ၌ သီတင်းသုံးတော်မူကာ အမျက်ဒေါသကြီးမားလှသော နဂါးကြီးကို တန်ခိုးတော်ဖြင့် နှိမ်နင်းတော်မူသည်။ ဥရုဝေလကဿပနှင့် တပည့်ရသေ့တို့က ရဟန်းဂေါတမသည် ကြည့်ညို ဖွယ်ရာ ကောင်းလှပါ၏။ သို့ရာတွင် အဆိပ်ပြင်းသော နဂါးကြီးကြောင့် သူ့ခမျာ ဒုက္ခရောက်ရာပေတော့မည်ဟု တွေးထင်ထားကြသည်။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ရသေ့တစ်စုတို့သည် မီးတင်းကုပ်ဆီသို့ သွားရောက် ကြည့်ရှုကြ၏။ ထိုအခါ ဘုရားရှင်က ရသေ့အပေါင်းတို့ ကြောက်ရွံ့ကြရသော နဂါးကြီးကို သပိတ်ထဲမှာ ခွေလျက်ထားသည်ကို ရသေ့တစ်စုတို့အား ပြသတော်မူလိုက်သည်။

ဘုရားရှင်၏ တန်ခိုးပြာဋိဟာကို မြင်သိလိုက်ရသောအခါ ရသေ့အပေါင်းတို့ သည် တအံ့တသြ ဖြစ်သွားကြရ၏။

http://www.dhammadownload.com

တန်ခိုးတော့ကြီးပါ၏ သို့သော်

သို့ရာတွင် သူ့ကိုယ်သူ ရဟန္တာဟု ထင်ကြီးတစ်လုံးဖြင့် အထင်ကြီးနေသော ဥရုဝေလကဿပရသေ့ကြီးကား သူ့မာန်စွယ်ကို မချပေ။ "ရဟန်းကြီး ဂေါတမသည် တန်ခိုးတော့ ကြီးပါ၏။ သို့သော် ငါကဲ့သို့ ရဟန္တာ မဟုတ်သေး" ဟု ထွေး၍ နေသေးသည်။

ဘုရားရှင်သည် ရသေ့ကြီးအား တန်ခိုးပြာဋိဟာ မြောက်မြားစွာကို ဆက်၍ ပြတော်မူ၏။ ဥရုဝေလကဿပရသေ့ကြီးကလည်း မြတ်စွာဘုရား တန်ခိုးကြီးကြောင်းကိုသာဝန်ခံပြီး သူကဲ့သို့ ရဟန္တာမဟုတ်သေးဟူ၍သာ တွေးမြဲ တွေးနေ၏။

ဘုရားရှင်က ဥရုဝေလကဿပ ရသေ့ကြီး၏ စိတ်ကူး အတွေးအကြံ ဖြစ်နေပုံတို့ကို သိတော်မူ၍ ထိုစိတ္တကူးအကြံတို့ကို ထုတ်ဖော် မိန့်ကြားတော်မူလေသော် ဥရုဝေလ ကဿပရသေ့ကြီးသည် ဘုရားရှင်ထံမှောက်၌ ခယဝပ်စင်းကာ တောင်းပန်လေတော့သည်။

ရသေ့ကြီးနှင့် တပည့်တို့ ဧဟိဘိက္ခုဖြစ်ကြပြီ

ထိုအချိန်မှ စ၍ ရသေ့ကြီးနှင့်တကွ တပည့်ရသေ့ငါးရာတို့သည် ဘုရားရှင်ထံတော်မှောက်၌ ဘုရားရှင်ဟောကြားသော တရားများ နာကြားကြရာမှ တရားတော်ကို သိမြင်ကြပြီး ဘုရားရှင်အထံ၌ ဧဟိဘိက္ခု ရဟန်းများ ဖြစ်သွားကြတော့သည်။ သူတို့၏ ရသေ့ဘဝတုန်းက အသုံးအဆောင် ပစ္စည်းအားလုံးကိုလည်း နေရွှေ့ရာမြစ်ရေထဲသို့ မျှောပစ်လိုက်ကြသည်။

နောင်တော်အန္တရာယ် ကြုံပြီလော

မြစ်တစ်ကြော၌ မျောပါလာသော နောင်တော်ကြီးတို့၏ ရသေ့ပရိက္ခရာတို့ကို တွေ့ရသော် ညီတော်လတ် နဒီကဿပနှင့် တပည့်ရသေ့ သုံးရာတို့ ထိတ်လန့်တကြား ဖြစ်ကြရသည်။ နောင်တော်နှင့် တပည့်ရသေ့တို့ အားအန္တရာယ် တစ်စုံတစ်ရာ ဖြစ်ကြလေပြီလောဟု တွေးတောပူပန်ကြလျက် မြစ်ညာဘက်သို့ ရသေ့တစ်စုတို့ လိုက်သွားကြသည်။

နောင်တော်ကြီးတို့နှင့် ဆုံမိသောအခါ အကြောင်းစုံကိုသိရပြီး သူတို့လည်း ဗုဒ္ဓတရားတော်ကို နာရသဖြင့် အားလုံး ဧဟိဘိက္ခုရဟန်းများ ဖြစ်သွားကြတော့သည်။

http://www.dhammadownload.com

ထို့ကြောင့် သူတို့၏ရသေ့အသုံး အဆောင်များကို မြစ်ရေထဲ မျှောပစ်လိုက်ကြပြန်တော့သည်။ ထိုရသေ့အသုံးအဆောင် ပရိက္ခရာများကို မြင်ရသဖြင့် နောင်တော်များရှိရာသို့ ထွက်ခွာလာခဲ့သော ဂယာကဿပရသေ့နှင့်တကွ တပည့်ရသေ့နှစ်ရာတို့လည်း ဘုရားရှင်နှင့်တွေ့ကာ တရားနာကြရပြီးဘုရားထံ၌ ဧဟိဘိက္ခုရဟန်းများဖြစ်သွားကြတော့သည်။

ဘုရားရှင်သည် ရသေ့ညီနောင်တို့နှင့် အတူ ဂယသီသရွာအနီးမှာပင် ဆက်လက်၍ သီတင်းသုံးတော်မူ၏။ တစ်နေ့သောအခါ တရားနာရန် ရောက်လာကြသော ရဟန်းတစ်ထောင်တို့အား အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူ၏။

အာဒိတ္တပရိယာယသုတ်တော်သဘော

ထိုသုတ်၏သဘောမှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယနှင့် မနဟူသော အတွင်း အာယကနခြောက်ပါးတို့သည် ရာဂ၊ ဒေါသ စသော မီးဆယ့်တစ်ပါးတို့ဖြင့် အလျှံပြောင်ပြောင် တောက်လောင်၍ နေကြသည်။ အတွင်းအာယတနသို့ ရိုက်ခတ်လာကြသော အပြင်အာယတန တို့သည်လည်းကောင်း၊ အတွင်းအပြင် အာယတနနှစ်မျိုးတို့ တိုက်ခတ်ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော နာမ်တရားတို့သည်လည်းကောင်း ထိုနည်းအတူသာ ဖြစ်ကုန်၏။

ရသေ့ညီနောင်အုပ်စုတို့ ရဟန္တာဖြစ်ကြပြီ

ဤသို့ ဝိပဿနာဉာဏ်နည်းဖြင့် ရှုမြင်သော် ထိုတရားတို့အပေါ်၌ ငြီးငွေ့လာ၏။ ငြီးငွေ့လာရာမှ ဉာဏ်အဆင့်ဆင့် တိုးမြင့်လာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ပွင့်လင်းလာကြရသည်။ ဒေသနာတော်ကို ကြားနာကြရသောကြောင့် ရသေ့ညီနောင်နှင့်တကွ တပည့်ရှင်တစ်ထောင်တို့သည် အရဟတ္တဖိုလ်ချမ်းသာကို အသီးသီး ခံစားသွားကြရတော့သည်။

ထိုနေ့မှာပင် အင်္ဂတိုင်း၊ မဂဓတိုင်းအတွင်းရှိ လူအပေါင်းတို့သည် နှစ်စဉ် နှစ်တိုင်းကဲ့သို့ ရသေ့တို့ကို ပူဇော်ရန် စုဝေးရောက်လာခဲ့ကြ၏။ ခါတိုင်းနှစ်များတုန်းက ဥရုဝေလကဿပရသေ့ကြီး တစ်ပါးတည်းကိုသာ အားလုံးစုပြုံပြီး ပူဇော်ခဲ့ကြရ၏။

http://www.dhammadownload.com

ယခုနှစ်မှာကား မိမိတို့အပူဇော်ကို ခံယူမည့်ပုဂ္ဂိုလ်ကြီးက မိမိထက် အသက်သိက္ခာများစွာ ငယ်ရွယ်သေးသော ပုဂ္ဂိုလ်တစ်ပါးကို ရိုသေလေးမြတ်စွာ လက်အုပ်ချီ၍ အရိုအသေပေးနေ၏။ ဤသည်ကို မြင်ရသော် 'ဤအရှင်နှစ်ပါးတို့တွင် ဥရုဝေလကဿပ အရှင်မြတ်ကြီးက ဆရာဖြစ်သလော၊ သို့မဟုတ် အရှင်ဂေါတမက ဆရာ ဖြစ်သလော၊ မည်သူသည် ဆရာဖြစ်လိမ့်မည်နည်းဟု တွေးတောနေကြ၏။

ဤအခြေအနေကို အရှင်ဥရုဝေလကဿပက အဘိညာဉ်တန်ခိုးဖြင့် သိမြင်၍ ပရိသတ်အားလုံး ရှေ့မှောက်တွင် ထန်းခုနစ်ဆင့် အမြင့်အထိပျံတက်ပြီး ဘုရားရှင် ခြေတော်ရင်းသို့ သက်ဆင်းဦးခိုက်သည်။

အရှင်ဘုရား၏ တပည့်ပါ

ထို့နောက် "သုံးလူထွတ်ထား အရှင်မြတ်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာသခင်ဖြစ်တော်မူပါ၏။ တပည့်တော် ကား အရှင်ဘုရား၏ တပည့်တစ်ပါးသာဖြစ်ပါ၏"ဟု လျှောက်ထားသည်။ ဤတွင်မှ သူ့ပရိသတ် အဖဲ့ပါင်းတို့သည် အခြေအနေမှန်ကို သိကာ ကောင်းချီးနမော် သာဓုခေါ်ကြတော့သည်။

ဥရုဝေလကဿပသည် မိမိ၏အတိတ်ကျင့်စဉ်ကို ပြန်လည်သုံးသပ်ကာ ဤသို့ ဟောကြားလေ၏။

ဥရုဝေလကဿပ၏ သူ့ကိုသူ သုံးသပ်မှု

ငါသည်ကျော်စောခြင်းရှိတော်မူသော ဘုရားရှင်၏တန်ခိုးပြာဋိဟာကို မြင်သော်လည်း ဘုရားရှင်အပေါ် အပြည့်အဝယုံကြည်မှု မရှိသေး၊ ငြူစူမှု၊ ထောင်လွှားမှုတို့၏ လှည့်စားမှုခံရ၍ ဘုရားရှင်အား ရိုသေကိုးကွယ်ခြင်းကို မပြုခဲ့။

လူနတ်တို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သော ဘုရားရှင်သည် ငါ၏မှားယွင်းလွဲသော အကြံအစည်ကို သိတော်မူ၍ ပြုပြင်ရန် တိုက်တွန်းတော်မူ၏။ ထို့ကြောင့် ရှေးက မဖြစ်ဖူးသော ထိတ်လန့်မှုနှင့် ကြက်သီးမွေးညင်းထမှုတို့သည် ငါ့မှာဖြစ်ပေါ်လာကြ၏။

ထိုအခါ ရှေးကရသေ့ဖြစ်ဖူးသော ငါ့အား ရှိုးသော အနည်းငယ်မျှသော လာဘ်သပ်ပကာပြည့်စုံမှုတို့ကို ပယ်စွန့်ကာ ဘုရားရှင်၏သာသနာတော်၌ ငါသည် ရဟန်းပြုခဲ့၏။

http://www.dhammadownload.com

ငါသည်ရှေးကနေဖူးသော ခန္ဓာအစဉ်ကို သိ၏။ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခု အဘိညာဉ်ကို စင်ကြယ်ကြည်လည်စေအပ်ပြီ။ တန်ခိုးဖန်ဆင်းခြင်း ဣဒ္ဓိ ဝိဓအဘိညာဉ်ကိုရပြီ။ သူတစ်ပါး စိတ်ကို ပိုင်းခြား၍သိသော စေတော ပရိယ ဉာဏ်ကိုလည်း ရပြီ၊ နတ်တို့၏ နားနှင့်တူသော ဒိဗ္ဗသောတအဘိညာဉ်ကိုလည်း ရပြီ။

ငါသည် အရဟတ္တဖိုလ်အကျိုးငှာ ရဟန်းပြုခဲ့၏။ အလုံးစုံသော ဆံယောဇဉ် နောင်ကြိုး၏ကုန်ရာ အရဟတ္တဖိုလ်ဟူသော အကျိုးကိုလည်း ငါရပြီ။

အရှင် ဥရုဝေလကဿပထေရ် အပါဒါန်ဝတ္ထု ပြီး၏။

အရှင်နဒီကဿပထေရ် အပဒါန်ဝတ္ထု

အရှင်နဒီကဿပသည် ရသေ့ညီနောင်ရှင်တစ်ထောင်တွင် အပါအဝင်ဖြစ်သော ရသေ့တစ်ပါးပင်ဖြစ်သည်။ တစ်ချိန်က သူသည် မှားယွင်းသောအယူရှိခဲ့သူ ဖြစ်သည့် မိစ္ဆာဒိဋ္ဌိတစ်ဦးပင်ဖြစ်သည်။ ဘုရားရှင်နှင့် တွေ့ဆုံရသောအခါမှ မှားယွင်းသော မိစ္ဆာအယူမှ လွတ်မြောက်လာခဲ့သော ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်သည်။

ပဒုမုတ္တရ ဘုရားရှင်လက်ထက်

ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်တွင် ဤအရှင်မြတ်လောင်းလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်နေ၏။ တစ်နေ့သောအခါ ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ ဆွမ်းခံကြွတော်မူလာရာ အမျိုးကောင်းသား သည် ပဒုမုတ္တရ ဘုရားရှင်၏ ဘုန်းကျက်သရေ ထွန်းလင်းပုံကို ဖူးမြင်ရ၍ကြည်ညို သဒ္ဓါထက်သန်လာကာ စိုက်ပျိုးထားသော သရက်ပင်မှ ပထမဦးစွာ သီးလာသော သရက်သီးမှည့်ကို ခူးယူ လောင်းလှူလိုက်သည်။

နဒီကဿပ

ထိုအမျိုးကောင်းသားသည် ဤငါတို့ ဘုရားရှင် လက်ထက်တော်တွင်မှု မဂဓတိုင်းအတွင်း၌ ကဿပနွယ်ဖွား ပုဏ္ဏားကြီးတစ်ယောက်၏ သားသုံးယောက်

http://www.dhammadownload.com

တွင် သားအလတ်ဖြစ်လာခဲ့၏။ မျိုးရိုးကို အစွဲပြုကာ ကဿပသတို့သားဟု အမည် တွင်ခဲ့ရာမှ နောင်အခါ နေရွှေရာမြစ်ကမ်းပါးဌာန ရသေ့ရဟန်းပြုကာနေထိုင်သဖြင့် နဒီကဿပဟူ၍ ဘွဲ့မည် ထင်ရှားလာခဲ့သည်။

နဒီကဿပနှင့် သူ၏တပည့်ရသေ့သုံးရာတို့သည် မြစ်အတွင်း မျောပါလာသော နောင်ဆွေးခြင်းရသေ့တို့၏ ရှေးဘဝဆိုင်ရာမျက်နှာမြင်တွေ့ရသဖြင့် ပူပန်စိတ်ဝင်ကာ နောင်တော်တို့ထံ လာခဲ့ကြသည်။ သူတို့နောင်တော်ကြီး ဥရုဝေလကဿပထံ လာရောက်ရာ၌ ဘုရားရှင်နှင့်တွေ့ဆုံသည်။ ထိုအခါ ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ဘုရားရှင်၏ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိသွားကြသည်။ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်ကို ကြားနာရသောအခါ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ရဟန္တာဘုဂ္ဂိုလ် အရှင်နဒီကဿပသည် မိမိဘဝဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကာ ဤသို့ ဟောကြားသည်။

နဒီကဿပ ပြန်လည်ဟောကြားသော တရား

မြတ်စွာဘုရားသည်ကား၏ အကျိုးစီးပွားအလို့ငှာ နေရွှေရာမြစ်အနီးသို့ ကြွလာတော်မူ၏။ ငါသည် မြတ်စွာဘုရား၏ သစ္စာလေးပါးနှင့်စပ်သော တရားတော်ကို နာကြားရသောကြောင့် ယဇ်ပူဇော်ခြင်းစသည့် မှားသောအယူကို ပစ်ပယ်ခဲ့သည်။

ငါသည် အမျိုးမျိုးသော ယဇ်ပူဇော်ခြင်းတို့ကို ပြုခဲ့ဖူးပြီ။ ဤယဇ်ပူဇော်မှုကို သံသရာမှ ထွက်မြောက်ကြောင်း အကျင့်ဟု သိမှတ်၍ မီးကို ပူဇော်လုပ်ကျွေးခဲ့၏။ ငါသည် အလွန်မိုက်မဲခဲ့စွတကား။

ငါသည် မှားသော အယူတည်းဟူသော တောအုပ်သို့ ပြေးဝင်ကာ မှားသော နလုံးသွင်းမှုဖြင့် တွေဝေခဲ့၏။ ထို့သို့ မသိမှုကြောင့် မစင်ကြယ်သော အကျင့်လမ်းစဉ်ကို စင်ကြယ်သော လမ်းစဉ်ဟု ထင်မှတ်မိခဲ့၏။

အယူမှားကို ပယ်အပ်ပြီ

ယခုအခါ ငါသည် မှားသော ယင်းအယူကို ပယ်အပ်ပြီ။ ဘဝများကို လည်းအကြွင်းမဲ့ ပယ်အပ်ပြီ။ မကောင်းမှုအားလုံးကို လောင်ကျွမ်းစေကာ အမြတ်ဆုံး 'ဒက္ခိဏေယျဂို' ဖြစ်သော ဘုရားရှင်ကို ရိုခိုးပါ၏။ ပူဇော်ပါ၏။

http://www.dhammadownload.com

ငါသည် အလုံးစုံသော မောဟတို့ကို ပယ်အပ်ကုန်ပြီ၊ တပ်မက်မှု တဏှာကိုလည်း ပယ်အပ်ပြီ၊ ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိသော သံသရာဝဋ်ကုန်ပြီ။ ယခုအခါ နောင်ဘဝသစ်၌ ဖြစ်ခြင်းလည်း မရှိတော့ပြီ။

အရှင်နဒီကဿပထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဂယာကဿပထေရ် အပဒါန်ဝတ္ထု

အရှင်ဂယာကဿပသည် ကဿပဦးနောင်သုံးယောက်တွင် တစ်ပါးအပါ အဝင်ဖြစ်သည်။ သူသည်လည်း ဘုရားရှင်နှင့် တွေ့ဆုံသောအခါ မိဆွာဒီဋ္ဌဘဝမှ လွတ်မြောက်လာကာ နောက်ဆုံးတစ်နေ့၌ ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်သွားခဲ့သည်။

သိခီဘုရားရှင်လက်ထက်

သိခီဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်ကြီး၏ လောင်းလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့၏။ ထိုအမျိုးကောင်းသားသည် အိမ်ရာတည်ထောင် လူတို့ဘောင်တွင် မပျော်ပိုက်သဖြင့် တောထွက်၍ ရသေ့ဝတ်နေ၏။ လူသူမနီးသည့် တောကြီးထဲဝယ် ရသေ့သစ်မိုးကျောင်းကလေး ဆောက်လုပ်နေထိုင်ကာ တောထဲမှ ရတတ်သမျှသော သစ်သီးကြီးငယ်များဖြင့် အာဟာရပြုနေသည်။

သစ်နက်ဝတ်ရုံ

သူသည် လျှော်ပင်မှ လျှော်ခေါက်များ ခွာယူကာ ရက်လုပ်ထားသော လျှော်တေသင်္ကန်းကို ဝတ်ရုံ၏။ သူ့အလိုလို သေဆုံးနေသော သစ်နက်တစ်ကောင်၏ကိုယ်မှ အရေခွံကို ဆုတ်ခွာယူလျက် ပခုံးတစ်ဖက်မှာ တင်သည်။ ထိုသစ်နက်ရေသည် ရသေ့တို့ အလေးအမြတ်ထားသော ရသေ့ဝတ်ရုံလည်း ဖြစ်၏။ အခင်းလည်း ဖြစ်၏။

http://www.dhammadownload.com

သီခီဘုရားရှင်ကြွလာ

တစ်နေ့တွင် သီခီဘုရားရှင်သည် ထိုရသေ့ကို ချီးမြှောက်လိုသဖြင့် နောက်ပါရဟန်းများမပါဘဲ ထိုတောအုပ်သို့ ကိုယ်တော်တစ်ပါးတည်း ရသေ့၏သခင်မ်းကျောင်းအနီးမှဖြတ်၍ ကြွမြန်းတော်မူလာ၏။ ထိုအချိန်တွင် ထိုအလောင်းလျာရသေ့သည် ဆီးသီးများခူးကာ သူ့ကျောင်းသခင်မ်းသို့ ပြန်လာခိုက်ဖြစ်၏။ ဘုန်းကျက်သရေအဖြာဖြာတို့ဖြင့် ကြွမြန်းတော်မူနေသော ဘုရားရှင်ကို ဖူးမြင်လိုက်ရသောအခါ ရသေ့သည် အလွန်ကြည်ညိုစိတ်များ ဖြစ်ပေါ်လာသည်။ အချိန်ကို အကဲခတ်လိုက်သော် နံနက်ခင်းအချိန်မှာပင် ရှိနေသေးကြောင်း ထွေ့လိုက်ရသဖြင့် သူ့မှာပါလာသော ဆီးသီးမှည့်များကို သီခီဘုရားရှင်အား လောင်းလှူလိုက်သည်။

ဂယာကဿပဟု သိလာကြပြီ

ထိုရသေ့သည် ဂေါတမဘုရားရှင်၏ လက်ထက်တော်တွင် မဂဓတိုင်းအတွင်း၌ ကဿပနွယ်ဖွား ပုဏ္ဏားကြီးတစ်ယောက်၏ သားသုံးယောက်တွင် အထွေးဆုံးသားငယ်ဖြစ်လာခဲ့သည်။ သူ့မျိုးရိုးကို အကြောင်းပြုကာ ကဿပဟု ခေါ်တွင်ရာမှ ဂယာသီသရွာအနီး၌ ရသေ့ရဟန်းပြုကာနေသဖြင့် ဂယာကဿပဟူ၍ အများသိလာကြသည်။

သူတို့လည်း ဖေါဘိက္ခူ ရဟန်းများ ဖြစ်ကြပြီ

ဂယာကဿပ ရသေ့နှင့်တကွ တပည့်ရသေ့ နှစ်ရာတို့လည်း နောင်တော်များထံလာရာမှ ဘုရားရှင်နှင့်တွေ့ကာ တရားနာကြရပြီး ဖေါဘိက္ခူ ရဟန်းများအဖြစ် ရရှိသွားကြ၏။ နောင်တော် ရသေ့တို့နှင့်အတူ အာဒိတ္တပရိယာယ သုတ္တန်ဒေသနာတော်ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ရဟန္တာဖြစ်တော်မူသော အရှင်ဂယာကဿပသည် ဘုရားရှင်၏ ကျေးဇူးတော်ဖြင့် မကောင်းမှု မျှောပယ်နိုင်ပုံများကို ရှင်းလင်းပြလျက် ဤသို့ သူ့ဘဝအတိတ်အကြောင်းကို ပြန်လည်ဟောကြားလေ၏။

ဂယာကဿပ ဟောသောတရား

ငါသည် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်အားဖြင့် တစ်နေ့လျှင် သုံးကြိမ် ရေသို့ ဆင်းသက်ခဲ့၏။ ယင်းသို့ ဆင်းသက်ရာဝယ်

http://www.dhammadownload.com

ထိုငါသည် ဂယာဖဂ္ဂုမည်သော ဥတ္တရဖဂ္ဂုနီ နက္ခတ်ပွဲတော်အခါတွင် ဂယာရေဆိပ်သို့ ဆင်းသက်ခဲ့၏။

ငါသည် ရှေးအခါက တစ်ပါးသောဘဝတို့၌ ဆည်းပူးခဲ့သော ယုတ်ညံ့သည့် မကောင်းမှုကံကို ဂယာရေဆိပ်၌ မျှောလိုက်လျှင် ပပျောက်ပြီဟု ဘုရားရှင်နှင့် မတွေ့ဆုံမီက အယူရှိခဲ့၏။

ငါသည် အကြောင်းအကျိုးနှင့် စပ်သောပုဒ်ဗျည်းရှိသော ကောင်းစွာဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ကြားနာရသောကြောင့် ပရမတ္ထသဘောအားဖြင့် မှန်ကန်သော ဒုက္ခစသည့် အနက်သဘောကို အသင့်အားဖြင့် ဆင်ခြင်မိခဲ့ပြီ။

ဘုရားရှင်၏သားရတနာ

ထို့ကြောင့် ငါသည် မကောင်းမှုအားလုံးကို ဆေးလျှော်ပြီးသူ၊ ရာဂဟူသော အညစ်အကြေး မရှိသူ၊ ကိုယ်နှုတ် အမူအရာအားဖြင့် စင်ကြယ်သန့်ရှင်းသူဖြစ်၏။ ဘုရားရှင်၏ တရားအမွေခံဖြစ်၏။ ဘုရားရှင်၏ရင်နှစ်သည်းချာ သားရတနာလည်းဖြစ်၏။

ငါသည် သမ္မာဒိဋ္ဌိစသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မင်္ဂဟူသော တရားအယဉ်သို့သက်ဝင်၍ မကောင်းမှုအားလုံးကို မျှောပစ်ခဲ့ပြီ၊ ဝိဇ္ဇာသုံးပါးကို ရပြီ။ ဘုရားရှင် ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဂယာကဿပထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

အဓိမုတ္တထေရ် အပဒါန်ဝတ္ထု

အဓိမုတ္တထေရ်လောင်းလျာသည် အတ္ထဒဿီမြတ်စွာဘုရား သက်တော်ဆင်ရှားရှိတော်မူစဉ်အခါ၌ ဘုရားရှင်ကို မဖူးတွေ့လိုက်ရပေ။ အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက်မှ လူ၏ဘဝကို ရသည်။ အတ္ထဒဿီ မြတ်စွာဘုရား၏ သာသနာတော် မကွယ်မီ ရဟန်းသံဃာတော်တို့ကို လုပ်ကျွေးဆည်းကပ် ကိုးကွယ်၍ နေခဲ့၏။

http://www.dhammadownload.com

တစ်နေ့သ၌ သူသည် ကြွရိုးတို့ဖြင့် မဏ္ဍပ်ကို ဆောက်လုပ်ကာ ရဟန်းသံဃာတော်တို့ကိုပင့်၍ ကြည်ညိုသောစိတ်ဖြင့် ဆွမ်းလုပ်ကျွေး၏။ ဆွမ်းလုပ်ကျွေးပြီးနောက် ငါသည် ဤဆွမ်းလုပ်ကျွေးခြင်း ကုသိုလ်စေတနာကြောင့် နိဗ္ဗာန်ချမ်းသာကို ရပါလို၏ဟူ၍ ဆုတောင်းသည်။

ငါတို့ဘုရားရှင်လက်ထက်

သူသည် ထိုဘဝမှ စုတေပြီးနောက် ထိုကုသိုလ်၏အစွမ်းအားဖြင့် လူနတ်တို့၏ စည်းစိမ်ချမ်းသာကို အကြိမ်ကြိမ်ခံစားခဲ့ရသည်။ ငါတို့မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ လူ့ဘဝကိုရပြန်ကာ သာသနာတော်ကို ကြည်ညိုသဖြင့် ရဟန်းပြုခဲ့သည်။ သဒ္ဓါတရားကောင်းသည်၏အဖြစ်ကြောင့် အဓိမုတ္တထေရ်ဟူ၍ ခေါ်ကြ၏။

ထိုမထေရ်သည် အရှင်သံကိစ္စ၏နှမက မွေးဖွားသော သားဖြစ်သည်။ ဦးလေးဖြစ်သော အရှင်သံကိစ္စထေရ်၏အထံ၌ သာမဏေအဖြစ်ကို ခံယူသည်။ ဝိပဿနာကိုလည်း အားထုတ်သည်။ ပါရမီရင့်ပြီးဖြစ်ရကား သာမဏေအဖြစ်၌ ပင်လျှင် အာသဝေါကင်းသော ရဟန္တာအဖြစ်သို့ ရောက်သည်။

ရဟန္တာအဖြစ်သို့ ရောက်ရှိပြီးသော ရှင်အဓိမုတ္တသာမဏေသည် တစ်နေ့သ၌ ဦးရီးတော်ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးပါရန် တောင်းပန်လျှောက်ထားသည့်အခါ အသက်နှစ်ဆယ် ဧကန်ပြည့်သည် မပြည့်သည်ကို မသိရသဖြင့် အမိအဖတို့ထံ ပြန်၍မေးရန် စေလွှတ်လိုက်သည်။

လမ်းခရီးအကြားတောအုပ်တစ်ခုအတွင်းမှ ဖြတ်သွားရာ ဗလိနတ်စာတင်မြှောက်ရန် သားကောင်ရှာနေသော ခိုးသားတို့နှင့် တွေ့ရသည်။ သားကောင်မရသဖြင့် စိတ်ဓာတ်ကျနေသော ခိုးသားတို့သည် ကြွရာမရဖြစ်ကာ အလွယ်တကူ တွေ့ရသော အဓိမုတ္တရှင်သာမဏေကို ဖမ်းယူပြီး ဗလိနတ်စာကျွေးမည့် နေရာသို့ ခေါ်ဆောင်လာကြသည်။ အဓိမုတ္တသာမဏေသည် မိမိအား သတ်ဖြတ်ခုတ်ထစ်ရန် စီစဉ်နေသော ခိုးသားတို့ကို ကြောက်ရွံ့ခြင်းမရှိ ပကတိ ကြည်လင်သော မျက်နှာဖြင့် ကြည့်နေသည်ကို မြင်သောအခါ ခိုးသားခေါင်းဆောင်ကြီးက-

ဘာကြောင့် မကြောက်သလဲ

ယညတ္ထံ ဝါ ဓနတ္ထံ ဝါ၊ ယေ ဟနာမ မယံ ပုရေ။
အဝသေသံ ဘယံဟောတိ၊ ဝေဓန္တိ ဝိလပန္တိ စ။

http://www.dhammadownload.com

တဿ တေ နတ္ထိ ဘီတတ္တံ၊ ဘိယျော ၀ဏ္ဏော ပသီဒတိ။
ကသ္မာ နု ပရိဒေ၀သိ၊ ဧ၀ရူပေ မဟဿယေ။

ပုရေ၊ ရှေးအခါ၌။ မယံ၊ ခိုးသူ ဓားပြဖြစ်သော ငါတို့သည်။ ယေ၊ အကြင် လူတို့ကို။ ယညတ္ထံ၀ါ၊ နတ်ပူဇော်ခြင်းငှာလည်းကောင်း။ ဓနတ္ထံ၀ါ၊ ဥစ္စာရခြင်း အကျိုးငှာလည်းကောင်း။ ဟနာမ၊ သတ်ကြပါကုန်၏။ အ၀သေသံ၊ သင်မှကြွင်းသော။ တေ၊ ထိုလူတို့သည်။ ဘယံ၊ ကြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧ၀န္တိ စ၊ တုန်လှုပ်ကြသည်လည်း ဖြစ်ကုန်၏။ ဝိလပန္တိ စ၊ ငိုကြွေးမြည်တမ်းကြသည်လည်း ဖြစ်ကုန်၏။ တဿ တေ၊ ထိုသင့်အား။ ဘီတတ္တံ၊ ကြောက်လန့်သော အမူအရာသည်။ နတ္ထိ၊ မရှိ။ ဘိယျော၊ လွန်စွာ။ ၀ဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဧ၀ရူပေ၊ ဤသို့သဘောရှိသော။ မဟဿယေ၊ ကြောက်မက်ဖွယ်ဘေးကြီးဖြစ်ရာ ဘေးကြီးနှင့် တွေ့သောအခါ၌။ နုပရိဒေ၀သိ၊ မကြောက်မလန့် မငိုမကြွေးပါသနည်း။

"အို... ကိုရင်သာမဏေ၊ ရှေးအခါက ငါတို့သည် နတ်ပူဇော်ခြင်း၊ ဥစ္စာပစ္စည်းကို ရယူလိုခြင်းတို့ကြောင့် လူတို့ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ သင်မှလွဲ၍ အခြားသောသူတို့သည် ကြောက်ရွံ့ကြသဖြင့် ဆောက်တည်ရာမရ ငိုကြွေးမြည်တမ်းကြ၏။ ယခု သင့်မှာမူကား သေဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းမရှိ၊ ပကတိတည်ကြည်သော သဘောသည် ရှိ၏။ အဘယ်ကြောင့် ထိုသို့နေနိုင်ပါသနည်း"

အမှန်အတိုင်း သိမြင်သောကြောင့်

သုဒ္ဓံ ဓမ္မသမုပ္ပါဒံ၊ သုဒ္ဓံ သင်္ခါရသန္တတိံ။
ပဿန္တသ္မ ယထာဘူတံ၊ နု ဘယံ ဟောတိ ဂါမဏိ။

ဂါမဏိ၊ ခိုးသူငါးရာတို့၏အကြီးအမှူးဖြစ်သော ဓားပြကြီး။ သုဒ္ဓံ၊ သက်သက်သော။ ဓမ္မသမုပ္ပါဒံ၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကိုလည်းကောင်း။ သုဒ္ဓံ၊ သက်သက်သော။ သင်္ခါရသန္တတိံ၊ အဆင်းဖြစ်ပျက် အသံဖြစ်ပျက် မွှမွှကြေအောင် ပျက်၍နေသော သင်္ခါရတို့၏ဖြစ်ပျက်အစဉ်ကိုလည်းကောင်း။ ယထာဘူတံ၊ ဟုတ်မှန်ရာကို။ ပဿန္တသ၊ မြင်သောသူအား။ ဘယံ၊ ကြောက်ခြင်းသည်။ နဟောတိ၊ မဖြစ်။

http://www.dhammadownload.com

"ခိုးသားတို့၏ ခေါင်းဆောင် ဒါယကာကြီး။ ဖြစ် ပျက်ခမ္မ ရုပ် နာမ် သခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင် သိမြင် ထားသူ တစ်ယောက်အဖို့ ကြောက်ရွံ့စရာ မရှိပါပြီ ဒါယကာကြီး"

ထို့ပြင် ကိုရင်သာမဏေက "ဒါယကာကြီး၊ ငါသည် အကျင့်မြတ်ကိုလည်း ကောင်းစွာ ကျင့်သုံးအပ်ပြီးပြီ။ မဂ်ဖိုလ်တရားကိုလည်း ကောင်းစွာ ပွားများခဲ့ပြီးပြီး။ ငါ့မှာ သေရမည့်အရေးကို တွေးပြီး ကြောက်စရာ မရှိပြီ။ အကယ်၍များ ငါ သေရမည်ဆိုလျှင် အခံရခက်သော ရောဂါဇေနာတို့ ကုန်ဆုံးသွားသကဲ့သို့သာ ဖြစ်တော့သည်။

ကိုရင်သာမဏေ၏ တရားစကားကို ကြားနာရသော ခိုးသူကြီးသည် ကိုရင်သာမဏေအား မသတ်ရက်တော့ဘဲ ပြန်လွှတ်ပေးလိုက်သည်။ သို့သော် ကိုရင်သာမဏေ ဤတောတွင်းမှ အပြင်သို့ ရောက်သွားသည့်အခါ ဤတောထဲ၌ ငါတို့ ရှိနေကြောင်း မည်သူကိုမျှ မပြောကြားရန် ကတိတစ်ခုတောင်းခံသည်။ ကိုရင်ကလည်း ထိုကတိကို ပေးလိုက်သည်။

ကိုရင်သည် ဇာတိရပ်ရွာသို့ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ အိမ်သို့ ကြွသွားသည်။ ထိုအိမ်သို့ ဆွေမျိုးတစ်စု အစုံအလင် ရောက်လာကြသည်။ ထိုအခါ သာမဏေ ရှင်အဓိမုတ္တက သူ့ရွာသို့ လာရခြင်းမှာ သူ ရဟန်းခံရန်အတွက် အသက်နှစ်ဆယ် ပြည့်မပြည့် လာရောက်မေးမြန်းခြင်း ဖြစ်ကြောင်းကို ပြောပြသည်။ အမိအဖနှင့်တကွ အားလုံးက အသက်နှစ်ဆယ် ပြည့်ပြီ ဖြစ်ကြောင်း ဝိုင်းဝန်းလျှောက်ထားကြသည်။ ထိုအခါ မယ်တော်ကြီးက မောင်ဖြစ်သူ အရှင်သံကစ္စထေရ်ကိုလည်း ဖူးတွေ့ချင်လှသဖြင့် သာမဏေနှင့်အတူ လိုက်ရန် ပြင်ဆင်သည်။ ဆွေမျိုးအချို့ကလည်း သူတို့ပါလိုက်မည်ဟု ပြောဆိုပြီး လိုက်ပါလာကြသည်။ ထိုလူစုတို့ တောတွင်းတစ်နေရာသို့ ရောက်သောအခါ ခိုးသူတို့၏ ဖမ်းဆီးရိုက်ပုတ်ခြင်းကို ခံကြရသည်။ ရှင်အဓိမုတ္တ၏ မယ်တော်ကြီးသည် ခိုးသားတို့၏ ရိုက်ပုတ်ဒဏ်ကို မခံနိုင်တော့သဖြင့် သားဖြစ်သူအား ဒီနေရာ ဒီတောမှာ ခိုးသားများရှိနေသည်ကို သိရှိပါလျက် မပြောဘဲ ထားသဖြင့် ပြစ်တင်ငိုကြွေးသည်။ သူမပြောသဖြင့် ငါတို့ အခုလို အညှဉ်းဆဲ အသတ်အပုတ် ခံရသည်ဟု မောင်းမဲသည်။

ဤတွင် ခိုးသူမှူးကြီးက "သာမဏော၊ ငိုကြွေးနေသော မိန်းမကြီးသည် သင်နှင့် မည်သို့တော်စပ်သနည်း"ဟု မေးရာ၊ ရှင်အဓိမုတ္တက အဖြစ်မှန်ကို

http://www.dhammadownload.com

ပြောပြလိုက်သည်။ ထိုအခါ ခိုးသားအားလုံး အထိတ်တလန့် တအံ့တသြ ဖြစ်ကြရသည်။ အသက်အရွယ်အားဖြင့် ငယ်နုသေးသော်လည်း ကတိတည်ပေသည်။ သူတော်သူမြတ် ပီသပါပေသည်ဟု ထုတ်ဖော်ချီးကျူးရင်း ကိုရင်သာမဏေ၏ ခြေတော်ရင်းမှာ ဝပ်ဆင်းကာ ဝန်ချတောင်းပန်လေတော့သည်။

ဤသို့ဖြင့် ခိုးသားငါးရာတို့တွင် အချို့သောခိုးသားတို့သည် ရဟန်းအဖြစ်ကို ရရန် ခွင့်တောင်းကြကုန်၏။ အချို့တို့ကား ဥပါသကာ အဖြစ်ကို လျှောက်ကြား၍ မကောင်းမှုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏။

ခိုးသူတို့လည်း တရားရကြပြီ

အဓိမုတ္တသာမဏေသည် ထိုခိုးသားတို့ကို ယဉ်ကျေးအောင် ဆုံးမပြီး ဦးလေးဖြစ်သော ဥပဇ္ဈာယ်ဆရာထံသို့ အပ်နှံသည်။ သူကိုယ်တိုင်လည်း ရဟန်းပြုလေ၏။ ခိုးသားဖြစ်ဖူးသော ရဟန်းတို့ကိုလည်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများနည်း သင်ပြပေးရာ မကြာမြင့်မီပင် အားလုံးရဟန္တာဖြစ်ကြကုန်၏။

ရဟန္တာဖြစ်တော်မူပြီးသော အဓိမုတ္တထေရ်သည် သူ၏ရှေးဘဝတို့ကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူကာ ဤသို့ ပြန်လည် ဟောကြားပြလေသည်။

နိဗ္ဗုတေ လောကနာထမှိ၊ အတ္ထဒဿီ နရုတ္တမေ။
ဥပဋ္ဌဟိ ဘိက္ခုသံဃံ၊ ဝိပ္ပသန္နေန စေတသာ။

အဓိမုတ္တထေရ် ဟောသောတရား

ဘောန္တော မနုဿာ၊ ရဟန်းသံဃာ ထွတ်မြတ်စွာကို၊ သဒ္ဓါကြည်ညို ဆည်းကပ် လိုသူ အိုလူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ အဓိမုတ္တ ခေါ်ကြ နာမည် ငါမထေရ်သည်။ အတ္ထဒဿီ နရုတ္တမေ၊ အတ္ထဒဿီအမည်တော်ဖြင့် ယောကျ်ားမြတ် ဖြစ်တော်မူသော။ လောကနာထမှိ၊ မြတ်စွာဘုရားသည်။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ ဥပဋ္ဌဟိ၊ ဆည်းကပ်လုပ်ကျွေးခဲ့ဖူးလေပြီ။

နိမန္တေတွာ ဘိက္ခုသံဃံ၊ ဥဒုဘူတံ သမာဟိတံ။
ဥစ္ဆုနော မဏ္ဍပံ ကတွာ၊ ဘောဇေသိ သံဃမုတ္တမံ။

http://www.dhammadownload.com

ဥဇုဘူတံ၊ စိတ်ဖြောင့်တော်မူသော။ သမာဟိတံ၊ စိတ်တည်တော်မူသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ နိမန္တေတွာ၊ ပင့်ဖိတ်၍။ ဥစ္ဆုနာ၊ ကြဲရိုးဖြင့်။ မဏ္ဍပံ၊ မဏ္ဍပ်ကို။ ကတွာ၊ ပြုလုပ်၍၊ သံဃမုတ္တမံ၊ သံဃာတော်မြတ်ကို။ ဘောဇေသိ'၊ ဆွမ်းလုပ်ကျွေးခဲ့ဖူးပြီ။

ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထမာနုသံ။
သဗ္ဗေ သတ္တေ အဘိဘောမိ၊ ပုညကမ္မဿိဒံ ဖလံ။
အဋ္ဌာရသေ ကပ္ပသတေ၊ ယံ ဒါနမဒဒိ' တဒါ။
ဒုဂ္ဂတိ' နာဘိဇာနာမိ၊ ဥစ္ဆုဒါနဿိဒံ ဖလံ။

ယံယံယောနိ'၊ အကြင်အကြင်ဘဝသို့။ ဥပပဇ္ဇာမိ၊ ဖြစ်ရ၏။ ဒေဝတ္တံ၊ နတ်အဖြစ်၌လည်းကောင်း။ မာနုသံ၊ လူအဖြစ်၌လည်းကောင်း။ သဗ္ဗေသတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။ အဘိ၊ လွန်၍။ ဘောမိ၊ ချမ်းသာစည်းစိမ်ခံစား ရ၏။ ကွဲဒံ၊ ဤသည်ကား။ ပုညကမ္မဿ၊ ဆွမ်းလုပ်ကျွေးသော ကုသိုလ်ကံ၏။ ဖုလံ၊ အကျိုးပေတည်း။

အဋ္ဌာရသေ ကပ္ပသတေ၊ ကမ္ဘာပေါင်းတစ်ထောင့်ရှစ်ရာအထက်၌။ ယဒါနုံ၊ အကြင် ကြဲရိုးမဏ္ဍပ်အလှူကို။ တဒါ၊ ထိုအတ္ထဒဿီ မြတ်စွာဘုရား၏ သာသနာတော် မကွယ်မီအခါ၌။ အဒဒိ'၊ ရဟန်းသံဃာအား လှူခဲ့ပြီ။ ဒုဂ္ဂတိ'၊ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ ငါမသိ။ ကွဲဒံ၊ ဤအပါယ်ကို ဘယ်လိုမှန်း မသိရအောင် ချမ်းသာ၍နေရခြင်းသည်။ ဥစ္ဆုဒါနဿ၊ ကြဲရိုးမဏ္ဍပ်အလှူ၏။ ဖလံ၊ အကျိုးတည်း။

အဓိမုတ္တထေရ်အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●

လသုဏာဒါယကထေရ် အပဒါန်ဝတ္ထု

လသုဏာဒါယကထေရ်သည် ဝိပဿီ မြတ်စွာဘုရားမပွင့်မီ ရှေးရှေးသော မြတ်စွာဘုရားတို့၏အထံတော်၌ ဝိဝဋ္ဋနိဿိတ ဝင့်ဆင်းရဲမှ လွတ်ကြောင်း

http://www.dhammadownload.com

ကုသိုလ်ပါရမီတို့ကို ဆည်းပူးလျက် နိဗ္ဗာန်ရပါလို၏ဟူသော ပတ္ထနာဆုတောင်းခြင်းကို ပြုခဲ့သည်။

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကိုရ၍ ဃရာဝါသအပြစ်ကိုမြင်ကာ ရသေ့ဝတ်ပြုး ဟိမဝန္တာတောင်၏အဆုံး လူတို့သွားရောက်နိုင်သောတောအရပ်၌ နေသည်။ ကြက်သွန်နီတို့ကို စိုက်ပျိုးကာ ထိုကြက်သွန်နီတို့ကိုပင် စားသောက်၍နေ၏။

ပြုခဲ့သောဒါနနှင့် ခံစားရသောအကျိုး

ထိုရသေ့သည် ကြက်သွန်နီတို့ကို ထမ်းပိုးဖြင့် ထမ်းဆောင်၍ ယူလာပြီးလျှင် ရဟန်းသံဃာတော်တို့ နေထိုင်ရာ ကျောင်းတိုက်သို့သွားကာ ရဟန်းသံဃာများဆေးအလို့ငှာ ကြက်သွန်နီတို့ကိုလှူ၏။ လူတို့ကိုလည်း ဒါနကုသိုလ်ဖြစ်အောင် ပေးကမ်းစွန့်ကြဲ၏။

ထိုကုသိုလ်၏အစွမ်းဖြင့်ပင်လျှင် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်မှစ၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သည်တိုင်အောင် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံးအပါယ်သို့မကျမူ၍ လူ့ပြည်နတ်ပြည်တို့၌သာလျှင် လူနတ်တို့၏ စည်းစိမ်ချမ်းသာကို စံစားခဲ့ရသည်။

ငါတို့ဘုရားရှင်လက်ထက်၌ ရဟန္တာဖြစ်ပြီ

ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ လူ့ဘဝကိုရပြန်၍ ရဟန်းပြုလျက် တရားကို အားထုတ်သည်ရှိသော် ရဟန္တာဖြစ်တော်မူသည်။ ကြက်သွန်နီလှူဖူးသောကုသိုလ်ရှင်ဖြစ်ရကား လသုဏာဒါယကထေရ် ဟူ၍ ခေါ်ကြကုန်၏။

ထိုလသုဏာဒါယက ထေရ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ကြည့်ရှု၍ ရှေးဘဝတို့ကပြုခဲ့သော ကုသိုလ်ပါရမီတို့ကို နောင်လာနောက်သားတို့ အတုယူနိုင်ကြစေချင်ငှာ ဤသို့ဟောကြားတော်မူ၏။

လသုဏာဒါယကထေရ် ဟောသောတရား

ဝိပဿိသ နရဂ္ဂသ၊ သာသနေ နိရတာသဟံ။
သံဃသ လသုဏံ ဒတွာ၊ ကပ္ပံ သဂ္ဂမှိ မောဒဟံ။

http://www.dhammadownload.com

ဧကနဝုတိတော ကပ္ပေ၊ လသုဏံ ယမဒံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ လသုဏသ ဣဒံ ဖလံ။

ဘောန္တော မနုဿာ၊ ဗုဒ္ဓ ဓမ္မ သံဃရတနာ ရှိသောအခါဝယ် သဒ္ဓါရွှင်မြူး ကုသိုလ်ထူးကို ဆည်းပူးလိုသူ အိုလူအပေါင်း သူတော်ကောင်းတို့။ ဝိပဿိသ၊ ဝိပဿီ အမည်ရှိတော်မူသော။ နရဂ္ဂသ၊ လူတို့ထက် မြတ်တော်မူသော။ အသ၊ ထိုမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ နိရတော၊ ရသေ့အဖြစ်နှင့် ပျော်မွေ့သော။ အဟံ၊ ငါသည်။ သံဃသ၊ သံဃာတော်အား။ လသုဏံ၊ ကြက်သွန်နီကို။ ဒတွာ၊ ပေးလှူ၍။ သဂ္ဂမှိ၊ နတ်ပြည်၌။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ ဝါ၊ နတ်တို့၏အသက်တမ်း ရှိသလောက်။ အဟံ၊ ငါသည်။ မောဒိံ၊ နှစ်သက်ဝမ်းမြောက်စွာဖြစ်၍ နေရ၏။

ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတောကပ္ပေ၊ ကိုးဆယ့် တစ်ကမ္ဘာထက်၌။ တဒါ၊ ထိုသာသနာတော်တွင်း ရသေ့အဖြစ်၌ ပျော်ပိုက်၍ နေသောအခါ၌။ ယံ လသုဏံ၊ အကြင် ကြက်သွန်နီကို။ အဒံ၊ လှူဖူးပြီ။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ ငါမသိခဲ့။ ဣဒံ၊ ဤအပါယ်ဆို ဘယ်လိုမှန်း မသိအောင် နတ်ပြည်၌ ပျော်ပိုက်စွာ နေရခြင်းသည်။ လသုဏသ၊ ကြက်သွန်နီ လှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

လသုဏဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

အာယာဂဒါယကထေရ် အပဒါန်ဝတ္ထု

အာယာဂဒါယကထေရ်လောင်းလျာသည် ရှေးရှေးသော မြတ်စွာဘုရားတို့နှင့် တွေ့ကြုံ ဖူးမြင်ရသဖြင့် နိဗ္ဗာန်ရပါလို၏ဟူသော ဆုတောင်းခြင်းဖြင့် ပြုလုပ်သော ကုသိုလ်ထူး ရှိရကား သိခီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် လူ၏အဖြစ်ကိုရသည်။

ပြုဖူးသောကုသိုလ်

သာသနာတော်ကို ကြည်ညိုသော ဗုဒ္ဓဘာသာအမျိုးသားဖြစ်၍ သံဃာတော်တို့ ဆွမ်းဘုဉ်းပေးရန် အာယာဂ ဆွမ်းစားကျောင်းကို လက်သမားတို့အား

http://www.dhammadownload.com

အဖိုးအခပေး၍ ဆောက်လုပ်လှူဒါန်းခဲ့၏။ ရဟန်းသံဃာတော်ကိုလည်း ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းလေ့ ရှိ၏။ ကြီးစွာသောအလှူကိုလည်း ပေးလှူ၏။

ခံစားခဲ့ရသော စည်းစိမ်

ထိုယောကျ်ားသည် ဤကဲ့သို့ တစ်သက်ပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ လူ့ပြည်နတ်ပြည်တို့၌သာလျှင် ကျင်လည်ခဲ့ရပြီး လူစည်းစိမ် နတ်စည်းစိမ်တို့ကိုသာ စံစားခဲ့ရသည်။ ကမ္ဘာပေါင်း သုံးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်ဘုံသို့ မကျရောက်ခဲ့ဖူးပေ။ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါတွင်လည်း လူ၏ အဖြစ်ကို ရပြန်ကာ သာသနာတော်ကို သဒ္ဓါကြည်ညိုခြင်းဖြင့် ရဟန်းပြုပြီး တရားကို အားထုတ်သည်။ မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်ရသည်။

အာယာဂ ဆွမ်းစားကျောင်းကို လှူဖူးသော ကုသိုလ်ထူးနှင့် လျော်ညီစွာ အာယာဂဒါယကထေရ်ဟူ၍ ထင်ရှား၏။ ထိုအာယာဂဒါယကထေရ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် မိမိပြုဖူးသောကုသိုလ် ပါရမီကို နှောင်းလူတို့ အတုယူကြစေခြင်းငှာ ဤသို့ ဟောတော်မူ၏။

နိဗ္ဗုတေ လောကနာထမှိ၊ သိခိမှိ ဝဒတံ ဝရေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အဝန္ဒိ ထူပမုတ္တမံ။
ဝမုကီဟိ ကထာပေတွာ၊ မူလံ ဒတွာနဟံ တဒါ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာယာဂံ ကာရပေ' သဟံ။
အဋ္ဌကပ္ပါနိ ဒေဝေသု၊ အဗ္ဘောကိဏ္ဏံ ဝသိ' အဟံ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သဲသရိ' အဟံ။
ကာယေ ဝိသံ နကမတိ၊ သတ္ထာနိ နစ ဟန္တိ မေ။
ဥဒကေ ဟံ နု မိယျာမိ၊ အာယာဂဿ ဣဒံ ဖလံ။
ယဒိစ္ဆာမိ အဟံ ဝဿံ၊ မဟာမေဃော ပဝဿတိ။
ဒေဝါပိ မေ ဝဿံ ဇန္တိ၊ ပုညကမ္မဿိဒံ ဖလံ။
သတ္တရတန သမ္ပန္နော၊ တိ'သက္ခတ္တုံ အဟော သဟံ။
နမံ ကေစ' ဝဓာနန္တိ၊ ပုညကမ္မဿိဒံ ဖလံ။
ဇကတ္တိ'သေ ဣတော ကပ္ပေ၊ အာယာဂံ ယမကာရယိ'။
ဒုဂ္ဂတိ' နာဘိဇာနာမိ၊ အာယာဂဿ ဣဒံ ဖလံ။

http://www.dhammadownload.com

မထေရ်ဟောသောတရား

၀ဒတဲ၊ တရားဟော ပုဂ္ဂိုလ်တို့ထက်။ ၀ရေ၊ မြတ်လှစွာသော။ သိခိမှိ၊ သိခီ အမည်တော်ရှိသော။ လောကနာထမှိ၊ လူတို့၏ကိုးကွယ်ရာ ဖြစ်သော မြတ်စွာဘုရားသည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုသည်ရှိသော်။ ဟဋ္ဌော၊ ရွှင်လန်းခြင်းရှိလျက်။ ဟဋ္ဌနစိတ္တော်ရန်၊ ရွှင်လန်းသောစိတ်ဖြင့်။ ထူပမုတ္တမံ၊ စေတီတော်မြတ်ကို။ အဝန္ဒိ၊ ရှိခိုးဖူးပြီ။

၀မုကီဟိ၊ လက်သမားတို့ကို။ ကထာပေတွာ၊ စေခိုင်း၍။ မူလံ၊ အဖိုး အခကို။ ဒတွာ၊ ပေး၍။ အဟံ၊ ငါသည်။ တဒါ၊ ထိုသိခီမြတ်စွာဘုရား သာသနာတော်ရှိစဉ်အခါ၌။ ဟဋ္ဌော၊ ရွှင်လန်းခြင်းရှိလျက်။ ဟဋ္ဌနစိတ္တော်ရန်၊ ရွှင်လန်းသောစိတ်ဖြင့်။ အဟံ၊ ငါသည်။ အာယာဂံ-အာယတံ ဒီဃံ ဘောဇနသာလံ၊ ဆွမ်းစားကျောင်းကို။ ကာရပေသိံ၊ ဆောက်လုပ်စေခဲ့ဖူးပြီ။

အဒ္ဓကပ္ပာနိ၊ ရှစ်ကမ္ဘာတို့ပတ်လုံး။ ဒေ၀ေသု၊ နတ်ပြည်တို့၌။ အဗ္ဘောကိဏ္ဏော၊ အစဉ်မပြတ်။ အဟံ၊ ငါသည်။ ၀သိံ၊ နေရပြီ။ အ၀သေသေသု၊ ဤမှကြွင်းကျန်သော။ ကပ္ပေသု၊ ကမ္ဘာတို့၌။ ဓေါကိဏ္ဏော၊ လူ့ပြည် နတ်ပြည် ရောနှောလျက်။ သံသရိံ၊ ကျင်လည်ရဖူးပြီ။

ကာယေ၊ ကိုယ်၌။ ဝိသံ၊ အဆိပ်သည်။ နကမတိ၊ မကျရောက်။ မေ၊ ငါ၏။ ကာယေ၊ ကိုယ်၌။ သတ္တာနိစ၊ လက်နက်တို့သည်လည်း။ နဟန္တိ၊ မစူးရှကုန်။ ဥဒကေ၊ ရေ၌။ နမိယျာမိ၊ နစ်၍ မသေရ။ ဣဒံ၊ ဤသည်ကား။ အာယာဂဿ၊ ဆွမ်းစားကျောင်းလှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ယဒါ၊ ကြင်အခါ၌။ အဟံ၊ ငါသည်။ ၀သံ၊ မိုးရွာခြင်းကို။ ဣစ္ဆာမိ၊ အလိုရှိငြားအံ့။ မဟာမေဃော၊ မိုးကြီးသည်။ ပ၀သတိ၊ ရွာသွန်းရ၏။ မေ၊ ငါ၏။ ၀သံ၊ အလိုသို့။ ဒေ၀ါပိ၊ နတ်တို့သည်လည်း။ ဇန္တို၊ လိုက်ကြရကုန်၏။ ဣဒံ၊ ဤသည်ကား။ ပုညဿ၊ ကောင်းမှု၏။ ဖလံ၊ အကျိုးတည်း။

သတ္တရတနသမုန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာမင်းသည်။ တိံသကွတ္တုံ၊ အကြိမ်သုံးဆယ်။ အဟံ၊ ငါသည်။ အဟောသိံ၊ ဖြစ်ခဲ့ဖူးပြီ။ မံ၊ ငါ့ကို။ ကေစိ၊ အလုံးစုံသောသူတို့သည်။ နအဝဇာနန္တိ၊ မထီလေးစား မပြုဝံ့ကြကုန်။ ဣဒံ၊ ဤသည်ကား။ ပုညဿ၊ ကုသိုလ်ကောင်းမှု၏။ ဖလံ၊ အကျိုးပေတည်း။

ဣတော၊ ဤကမ္ဘာမှ။ ဧကတ္တိံသေကပ္ပေ၊ သုံးဆယ့် တစ်ကမ္ဘာထက်၌။ ယံ အာယာဂံ၊ အကြင်ဆွမ်းစားကျောင်းကို။ အကာရယိံ၊ ပြုလုပ်စေ၍ လှူခဲ့ဖူးပြီ။

http://www.dhammadownload.com

တေန ကမ္မေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ ငါမသိခဲ့ရ။ ဣဒံ၊ ဤသည်ကား။ အာယာဂဿ၊ ဆွမ်းစားကျောင်းလှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

အာယာဂဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဓမ္မစက္ကိကထေရ် အပဒါန်ဝတ္ထု

ဓမ္မစက္ကိကထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ပြုအပ်ပြီးသော ပါရမီသမ္ဘာရ ရှိသည်ဖြစ်၍ သိဒ္ဓတ္ထမြတ်စွာဘုရား၏ 'လက်ထက်တော်၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော အမျိုးကောင်းသား ဖြစ်ရသည်။

တံကဲ လှူဒါန်းခဲ့ဖူးသူ

သူသည် သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်ရကား သိဒ္ဓတ္ထမြတ်စွာဘုရား သီတင်းသုံးတော်မူသော ညောင်ဓောင်းပလ္လင်တော်၏ ရှေ့မှ ရတနာတို့ဖြင့် စီခြယ်၍ ပန်းနွယ်ပန်းခက် ထွေးယှက်ဆန်းကြယ် တင့်တယ်လှပစွာသော ဓမ္မစက္ကမည်သော တံကဲကို ပြုလုပ်လှူဒါန်းခဲ့သည်။ တစ်ဖက်တစ်ချက်မှ ခြေသုံ့ရုပ် ၂-ခုကိုလည်း တပ်ဆင် ပြုလုပ်သည်။ တံကဲ၏အလယ်တွင် မှန်ကဲ့သို့ ပြုလုပ်ကာ လူအပေါင်းတို့ ကြည့်ရှုချင်ဖွယ်ဖြစ်အောင် ပြုလုပ်ပူဇော်ခဲ့၏။

၉၄-ကမ္ပာ အပါယ်မလားခဲ့ရ

ထိုယောက်ျားသည် ထိုကုသိုလ်ကောင်းမှုကြောင့် ကိုးဆယ့်လေးကမ္ပာတို့ပတ်လုံး အပါယ်သို့မကျရောက်ခဲ့ပေ။ နတ်မင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်တို့ကို အကြိမ်များစွာ စံစားခံစားခဲ့ရသည်။

ငါတို့ဘုရားရှင်လက်ထက် အရဟတ္တဖိုလ်ရောက်

ဤဘဒ္ဒကမ္ပာအတွင်း၌ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဥစ္စာပစ္စည်းနှင့် ပြည့်စုံသော အမျိုးကောင်းသားတစ်ယောက်ဖြစ်ရပြန်သည်။ သူသည်

http://www.dhammadownload.com

သဒ္ဒါကြည်ညိုသောစိတ်ဖြင့် ရဟန်းပြုခဲ့ပြီး ဝိပဿနာကို အားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်။ ရှေးက ပြုခဲ့သော ကုသိုလ်ကံအားလျော်စွာ ဓမ္မစက္ကိုကထေရ်ဟူ၍ ထင်ရှား၏။

ထိုမထေရ်သည် ပုဗ္ဗေနိ ၁ါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှု၍ မိမိ ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကောင်းမှုကို နောင်လာနောက်သားတို့ အတုယူ ပြုလုပ်ကြ စေခြင်းငှာ လည်းကောင်း၊ မိမိကဲ့သို့ လူနတ်တို့၏ စည်းစိမ်ကို ခံစားစံစားရကြ စေခြင်းငှာ လည်းကောင်း၊ မိမိကဲ့သို့ သံသရာမှ လွတ်မြောက်၍ ရဟန္တာ ဖြစ်ကြ စေခြင်းငှာလည်းကောင်း ဤသို့ ဟောကြားတော်မူ၏။

သိဒ္ဓတ္ထဿ ဘဂဝတော၊ သီဟာသနဿ သမ္မုခါ။
ဓမ္မစက္ကံ မေ ဒ္ဓပိတံ၊ သုကတံ ဝိညုဝဏ္ဏိတံ။ ။
စာရုဝဏ္ဏော၀ သောဘာမိ၊ သယောဂ္ဂဗလဝါဟနော။
ပရိဝါရေန္တိ မံ နိစ္စံ၊ အနုယန္တာ ဗဟုဇ္ဇနာ။ ။
သဒ္ဒိတူရိယသဟဿေဟိ၊ ပရိစာရေမဟံ သဒါ။
ပရိဝါရေန သောဘာမိ၊ ပုညကမ္မဿိဒံ ဖလံ။ ။
စတုန္နဝုတိတော ကပ္ပေ၊ ယံ စက္ကံ ဒ္ဓပယိ အဟံ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဓမ္မစက္ကဿိဒံ ဖလံ။ ။
ဣတော ဧကာဒသေ ကပ္ပေ၊ အဋ္ဌာသိ သု ဧနာမိပါ။
သဟဿရာဇနာမေန၊ စက္ကဝတ္တီ မဟဗ္ဗလာ။ ။

နောင်လာနောက်သားတို့ သိစေဖို့

ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့။ 'မေ' မယာ၊ ဓမ္မစက္ကိုက ထေရမည်ခေါ် ငါ ထေရ်ကျော်သည်။ သိဒ္ဓတ္ထဿ ဘဂဝတော၊ သိဒ္ဓတ္ထမြတ်စွာဘုရား၏။ သီဟာသနဿ၊ သီတင်းသုံးတော်မူရာ သီဟာသန ညောင်စောင်းပလ္လင်တော်၏။ သမ္မုခါ၊ ရှေ့တော်မှ။ သုကတံ၊ ရတနာတို့ဖြင့် ကောင်းစွာဆန်းကြယ် တင့်တယ်စွာ ပြုလုပ်အပ်သော။ ဝိညုဝဏ္ဏိတံ၊ ပညာရှိတို့ချီးမွမ်းအပ်သော။ ဓမ္မစက္ကံ၊ ဓမ္မာသန နောက်မှမှိတင် တံကဲပြင်ကို။ ဒ္ဓပိတံ၊ ကြည်ညိုဖွယ်ရာ တင့်တယ်စွာဖြင့် ကောင်းစွာ တည်ထားအပ်၏။

တေန ကမ္မေန၊ ထိုတံကဲပန်း တုံကဲမှန် တံကဲပျဉ် လှူရသောကံကြောင့်။ စာရုဝဏ္ဏော၀၊ ရွှေအဆင်းကဲ့သို့။ သောဘာမိ၊ တင့်တယ်ပါ၏။ သယောဂ္ဂဗလ ဝါဟနာ၊ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်, စစ်သည်ဗိုလ်ထု ရှိကုန်သော။

http://www.dhammadownload.com

ဗဟုဇ္ဇနာ၊ များစွာသောလူတို့သည်။ အနုယန္တာ၊ အစဉ်လိုက်ကြကုန်လျက်။ နိစ္စံ၊ အမြဲ။ မံ၊ စကြာမင်းဖြစ်သော ငါမင်းမြတ်ကို။ ပရိဝါရေန္တိ၊ ခြံရံကြကုန်၏။

သဒ္ဓိတူရိယသဟဿေဟိ၊ ခြောက်သောင်းသော မိန်းမတူရိယာသည်တို့ဖြင့်။ သဒါ၊ အခါခပ်သိမ်း။ အဟံ၊ စကြာမင်းဖြစ်သောငါသည်။ ပရိစာရေမိ၊ ကျင်လည်ကျက်စားပျော်ပါးစံပယ်၍နေရ၏။ ပရိဝါရေန၊ အခြံအရံတို့ဖြင့်။ သောဘာမိ၊ တင့်တယ်၏။ ဣဒံ၊ ဤသည်ကား။ ပုညကမ္မဿ၊ ကောင်းမှုကံ၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ ယံစက္ကံ၊ အကြင်တံကဲမှန် တံကဲပန်းကို။ အဟံ၊ ငါသည်။ ဌပယိံ၊ မြတ်စွာဘုရား၏ ရှေ့တော်၌ တည်ထား ပူဇော်ခဲ့ပြီး။ တေန ကမ္မေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ မသိရဖူးပေ။ ဣဒံ၊ ဤသည်ကား။ ဓမ္မစက္ကသဒ္ဒ၊ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဓမ္မာသနပလ္လင်၏ ရှေ့မျက်မှောက်မှ တည်ထားပူဇော်ရသော တံကဲပန်း တံကဲမှန်၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဣတော၊ ဤကမ္ဘာမှ။ ဧကာဒသေကပ္ပေ၊ တစ်ဆယ့်တစ်ကမ္ဘာထက်၌။ စက္ကဝတ္တိရာဇာမေန၊ စကြာမင်းအမည်ဖြင့်။ သဟဿံ၊ ဘဝပေါင်းတစ်ထောင်။ မဟဗ္ဗလာ၊ ကိုယ်အားဉာဏ်အား စည်းစိမ်အားနှင့် စစ်သည်ဗိုလ်ထုအား ကြီးစွာကုန်သော။ ဇနာဓိပါ၊ လူတို့သေဋ္ဌနင်း မင်းအဖြစ်တို့သည်။ အဒ္ဒသိံသု၊ တည်နေရဖူးကုန်ပြီ။

ဓမ္မစက္ကိကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဘဒ္ဒိယထေရ် အပဒါန်ဝတ္ထု

အရှင်ဘဒ္ဒိယထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပြုပြီးသော ပါရမီသမ္ဘာရ ပတ္ထနာဆုတောင်းခြင်း ရှိသည်ဖြစ်၍ ထိုထိုဘဝတို့၌ ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးခဲ့သည်။ ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူသော အခါ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသော အမျိုးကောင်းသားဖြစ်၍ သားမယားတို့ဖြင့် ချမ်းသာစွာနေရ၏။

http://www.dhammadownload.com

ပစ္စည်းစုံလှူဖူးခဲ့

မြို့သူမြို့သားတို့သည် မုန့်ခဲဖွယ်ဘောဇဉ်အရသာတို့ကို ဆောင်ယူကြကုန်၍ သံဃာတော်နှင့်တကွ ပဒုမုတ္တရမြတ်စွာဘုရားအား လှူဒါန်းပူဇော်ကြသည်ကို မြင်သော် ငါသည်လည်း ထိုလူအပေါင်းတို့ကဲ့သို့ ကုသိုလ်ကောင်းမှုကို ပြုအံ့ဟု ကြံ၏။ တစ်သိန်းကုန်သော ရတနာပလ္လင်တို့ကိုလည်းကောင်း၊ လက်လေးသစ်ထက် ရှည်သော သားမွေးတို့ဖြင့် ပြုလုပ်အပ်သော နူးညံ့စွာသော ဂေါနကမည်သော ကော်ဇောကြီး အချပ်တစ်သိန်းတို့ကိုလည်းကောင်း၊ တစ်ခဲနက် ပန်းပွင့်ပန်းပြောက်တို့ဖြင့် ဆန်းကြယ်စွာစီရင်ထားသော ပဒုလိကမည်သော သားမွေးကော်ဇောကြီး အချပ်တစ်သိန်း၊ လဲသွတ်သော ပိုးချည်တို့ဖြင့်ပြုအပ်သော အခင်းပေါင်း တစ်သိန်း၊ ခေါမချည်ဖြင့် ရက်အပ်သော အခင်းပေါင်းတစ်သိန်း၊ ဝါချည် ပိုးချည်တို့ဖြင့် ရက်အပ်သော အခင်းအရံ အဝတ်အထည်တို့ကိုလည်း တစ်သိန်းစီ ပြုလုပ်၍ မြတ်သောသူတို့သာလျှင် နေခြင်းငှာထိုက်သော နေရာတို့ကို ကောင်းစွာစီစဉ်ခင်းထားသည်။

မိမိအိမ်၌ရှိသော လုပ်သား ကျေးကျွန်အစေခံ ဝေယျာဝစ္စ ဆောင်ရွက်သူ ယောကျ်ားတို့ကို မြတ်စွာဘုရားအထံသို့ ပင့်ဆောင်ရန် စေလွှတ်သည်။ ထိုသူတို့သည် သံဃာတော်အပေါင်း တစ်သိန်းနှင့်တကွ ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်ဆောင်၍ လာကြကုန်၏။

ထိုအမျိုးကောင်းသား ဒါယကာသည် မြတ်စွာဘုရား ကြွတော်မူလာသည်ကို ခရီးဦးကြိုကာ ခင်းထားအပ်သော တစ်သိန်းကုန်သော ရတနာရွှေပလ္လင်တို့အပေါ်သို့ ပင့်ဆောင်သည်။ သံဃာတော်တစ်သိန်းနှင့်တကွ မြတ်စွာဘုရားသည် ရတနာပလ္လင်တို့အပေါ်၌ စံပါယ်နေတော်မူ၏။ သံဃာတော်တစ်သိန်းနှင့်တကွ မြတ်စွာဘုရားကို မွန်မြတ်စွာသော ခဲဖွယ်ဘောဇဉ်တို့ကိုကပ်၍ ဆွမ်းလုပ်ကျွေး၏။

ဆွမ်းစားပြီးသောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့၏ အလယ်၌ စံနေတော်မူလျက် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ချစ်သား ရဟန်းတို့၊ ဤဒါယကာသည် တစ်သိန်းသော သံဃာတော်နှင့်တကွ ငါဘုရားအား သဒ္ဓါကြည်ညိုသောစိတ်ဖြင့် တစ်သိန်းကုန်သော ရတနာရွှေပလ္လင်

http://www.dhammadownload.com

တို့ကိုလည်းကောင်း၊ နူးညံ့စွာသော ကော်ဇောအခင်းအရံ အဝတ်အထည်တို့ကိုလည်းကောင်း လှူဒါန်းပူဇော်၏။ ဤမှတစ်ပါး မွန်မြတ်သော ဆွမ်းခဖွယ်တို့ဖြင့်လည်း လုပ်ကျွေး၏။

ထိုကုသိုလ်တို့ကြောင့် အလှူရှင်ဒါယကာသည် ခုနစ်ဆယ့်လေးကြိမ် နတ်မင်းအဖြစ်ကိုရ၍ နတ်မင်း၏စည်းစိမ်ကို ခံစားစံစားရလတ္တံ့။ နတ်သမီးအပေါင်းတို့ဖြင့် ခြံရံလျက် နတ်မင်းစည်းစိမ်ကို ခံစားပြီး လူ့ပြည်၌ လူဖြစ်သောအခါလည်း ငါးဆယ့်တစ်ကြိမ် စကြာမင်းဖြစ်လျက် လူမင်းစည်းစိမ်ကို ရလတ္တံ့။ ပဒေသရာဇ်မင်းအဖြစ်၌ အကြိမ်တစ်ထောင် အုပ်စိုးရလတ္တံ့။ ဤမှတစ်ပါးသော လူ၏ဘဝတို့၌လည်း အမျိုးမြတ်သူ အမျိုးကောင်းသားအဖြစ်သာ ဖြစ်ရလတ္တံ့။

ထိုအလှူရှင်ဒါယကာသည် အဆုံးဘဝ၌ ဘဒ္ဒိယဟူသော အမည်ဖြင့် ရဟန်းပြုပြီးလျှင် အစွန်အဖျားတိတ်ဆိတ်သော တောကျောင်း ဆိတ်ငြိမ်ရာတို့၌ ပျော်မွေ့နေထိုင်လေ့ရှိသော ရဟန္တာဖြစ်လတ္တံ့။

ထိုအရှင်ဘဒ္ဒိယထေရ်လောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရား၏ ဗျာဒိတ်စကားတော်ကို ကြားနာရလျှင် အလွန်ရွှင်လန်းဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ အသက်ထက်ဆုံး ပဒုမုတ္တရမြတ်စွာဘုရားအား ရဟန်းသံဃာတော်နှင့် တကွ လုပ်ကျွေး ဆည်းကပ်ကိုးကွယ်သည်။

သူသည် ဤကောင်းမှုကုသိုလ်အမျိုးမျိုး ပြုလုပ်ခဲ့သည့်အတွက် ကွယ်လွန်သည့်အခါ လူ့ပြည်နတ်ပြည်တို့၌ ခံစားစံစားရသည်။ ကဿပမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဘုရားရှင်၏သာသနာ ကွယ်ပျောက်သောအချိန်၌ ဗာရာဏသီရွှေမြို့တော်၌ သူကြွယ်တစ်ဦး ဖြစ်လာရသည်။

တစ်နေ့သော် သူသည် ဂန္ဓာမာဒနတောင်၌ သီတင်းသုံးတော်မူကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ပါးတို့ ဗာရာဏသီမြို့တော်သို့ ဆွမ်းခံကြွရောက်လာသည်ကို ဖူးတွေ့ရသည်။ အရှင်မြတ်များသည် မြို့တွင်း၌ ဆွမ်းခံအပြီးတွင် ဂင်္ဂါမြစ်ကမ်းပါးအနီးရှိ ပြန့်ဖြူးသော မြေနေရာတွင် တစ်စုတစ်ဝေးတည်း ဆွမ်းဘုဉ်းပေးတော်မူသည်။

ထိုအခါ သူကြွယ်သည် အရှင်မြတ်များ စုဝေးဆွမ်းဘုဉ်းပေးသည့်နေရာတွင် ကျောက်ဖျာချော ရှစ်ချပ်ကိုခင်း၍ လှူဒါန်းသည်။ အရှင်မြတ်များအတွက် ခြေဆေးရန်ရေများကိုလည်း အဆင်သင့်ဖြစ်အောင် ခပ်ပေးထားသည့်အပြင် ဤနေ့

http://www.dhammadownload.com

မှစ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်များအတွက် ဆွမ်းသင်္ကန်းကျောင်းဆောစသည့် ပစ္စည်းလေးပါးကိုလည်း ရာသက်ပန်ပြုစုလုပ်ကျွေးသည်။

ကာဠိဂေါဓာ၏သားဖြစ်လာ

ဤသူကြွယ်သည် ငါတို့ဂေါတမမြတ်စွာဘုရားသခင်၏ လက်ထက်တော်တွင် ကပိလဝတ္ထုနေပြည်တော်ရှိ ထင်ရှားသော သက္ကမျိုးနွယ် ကာဠိဂေါဓာအမည်ရှိ မင်းသမီးကြီး၏ သားတော်ဖြစ်လာရသည်။ ကာဠိဂေါဓာမင်းသမီးကြီးသည် သုဒ္ဓေါဒနမင်းကြီးနှင့် အမျိုးအနွယ်တူရုံမျှမက သွေးသားအားဖြင့်လည်း အမျိုးနီးစပ်သည်။ မင်းသားအရွယ်ရောက်လာသောအခါ ကိုယ်လက်အင်္ဂါ ကြွေခိုင်ကောင်းမွန်သဖြင့် "ဘဒ္ဒိယ"ဟု လည်းကောင်း၊ ကာဠိဂေါဓာမင်းသမီးကြီး၏ သားဖြစ်၍ ကာဠိဂေါဓာယပုတ္တ ဟူ၍လည်းကောင်း ထင်ရှားကျော်ကြားလာသည်။ သုဒ္ဓေါဒနမင်းကြီး သက်တော်ကြီးရင့်လာသောအခါ တူတော်ဖြစ်သော ဘဒ္ဒိယမင်းသားကို အာဏာအပ်နှင်းကာ သူ၏ကိုယ်စား တိုင်းပြည်ကို အုပ်ချုပ်စေသည်။

တိုင်းနိုင်ငံ၏ ကောင်းကျိုးဆိုးကျိုးကို စီမံခန့်ခွဲရသည့် မင်းသားတစ်ပါးဖြစ်သည့်နေ့မှစ၍ သူမှာ ယခင်ကကဲ့သို့ လွတ်လွတ်လပ်လပ် မရှိတော့ပေ။ သွားလေရာအရပ်တိုင်းတွင် လက်နက်ကိုင်အစောင့်အရှောက်တို့ဖြင့် သွားလာရ၏။ အိပ်သည့်အခါ၌လည်း လက်နက်ကိုင် အစောင့်အရှောက် အထပ်ထပ်ချထားပြီးမှ အိပ်ရသည်။ မည်သည့်အချိန် မည်သည့်အခါတွင် ရန်သူ၏ထိုးနှက်ချက်ကို ခံရမည် စသည်ဖြင့် အတွေးမျိုးစုံတို့ကြောင့် သူ့ဘဝသည် စိုးရိမ်ပူပန်ရမှုများနှင့်သာ နေနေရသည်။ ကောင်းစွာအိပ်စက်နားနေရသည့်အခါဟူ၍ မရှိတော့ပေ။

ဤကဲ့သို့ မင်းစည်းစိမ်ခံစားရသည်နှင့်မကာမိအောင် စိုးရိမ်ကြောင့်ကြပူပန်ရသည့် ဒုက္ခကို သူခံစားနေရသည့် ထိုအချိန်မှာပင် မဟာနန်မင်းသားကြီး၏ ညီတော် အနုရုဒ္ဓါမင်းသားက နောင်တော်ဘုရားထံတွင် သူ ရဟန်းပြုမည့် အကြောင်းကို သူ၏မယ်တော်ထံတွင် ခွင့်တောင်းရာ မယ်တော်က "ဘဒ္ဒိယမင်း ရဟန်းပြုလျှင် သားတော်ကိုပါ ရဟန်းပြုခွင့်ပေးမည်"ဟု ခြွင်းချက်ဖြင့် ခွင့်ပြုထားသည့်အတွက် နောင်တော်ထံလာခဲ့ရကြောင်း ပြောပြသည်။ မင်းစည်းစိမ်ခံစားရသည်နှင့် မကာမိအောင် စိုးရိမ်ကြောင့်ကြ လန့်ထိတ်ရသည်ကို ငြီးငွေ့

http://www.dhammadownload.com

နေသော ဘဒ္ဒိယမင်းသည် ရဟန်းပြုရန် သဘောတူလိုက်သည်။ ထိုသတင်းကို ကြားရသော အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ် စသည့်မင်းသားများကလည်း သူတို့နှင့်အတူ ရဟန်းပြုမည်ဟု သဘောတူ ပူးပေါင်းလာပြီး သူတို့နှင့်အတူ အလုပ်အကျွေးဖြစ်သည့် ဆဏ္ဍာသည် ဥပါလိလည်း ပါဝင်လာ၏။ သူတို့ အနုပိယသရက်တောသို့ ရောက်သောအခါ ဘုရားရှင်ထံ ချဉ်းကပ်၍ ရဟန်းပြုခွင့်တောင်းသည်။ ရဟန်းဘဝကို ရရှိစေပြီးသော ဘဒ္ဒိယသည် ဆိတ်ငြိမ်ရာကို ချဉ်းကပ်၍ ဝိပဿနာကမ္မဋ္ဌာန်းရှုရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော ကာဠိဂေါဓာသာကိဝင်မင်းသမီးကြီး၏ သားဖြစ်သော ဘဒ္ဒိယအရှင်သူမြတ်သည် ယခင် မင်းအဖြစ်နေခဲ့ရစဉ်က စိုးရိမ်ကြောင့်ကြထိတ်လန့်နေရသည့်ဘဝအစား ယခုအခါ၌ ငြိမ်သက်အေးချမ်းမှုကို ခံစားပြီး စိုးရိမ်ကြောင့်ကြမရှိသည့်ဘဝကို နှိုင်းယှဉ်ပြီး ယခုဘဝ အေးချမ်းသဟာမှုကို "သြော်...ချမ်းသာလေစွတကား၊ ချမ်းသာလေစွတကား"ဟု မကြာခဏ ကျူးရင့်လေ့ရှိသည်။

ဤအဖြစ်ကို သေသေချာချာ မသိနားမလည်သော ရဟန်းအချို့တို့က "အရှင်ဘဒ္ဒိယသည် ယခင်က သူခံစားစံစားခဲ့ရဖူးသော မင်းစည်းစိမ်ကို ပြန်လည်သတိရ အောက်မေ့တသနေသည်"ဟု ဝေဖန်ကြသည်။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူသောအခါ အရှင်ဘဒ္ဒိယကို ရှေ့တော်သို့ ခေါ်ယူကာ ပရိသတ်များရှေ့တွင်ပင် မေးမြန်းလေသည်။ ထိုအခါ ဘဒ္ဒိယထေရ်က...

"မှန်လှပါ ဘုန်းတော်အရှင်မြတ်ဘုရား၊ တပည့်တော်သည် အဖိုးများစွာထိုက်တန်သော ရွှေခွက်ကို စွန့်လွှတ်ခဲ့ပြီး မြေသပိတ်ကို စွဲကိုင်ခဲ့ပါသည်။ တပည့်တော် ဤကဲ့သို့ ပြုလုပ်ခြင်းသည် တပည့်တော်၏ဘဝတွင် နှစ်ကြိမ်မြောက် အဘိသိက်သွန်းလောင်းခြင်း ဖြစ်ပါသည်။ တပည့်တော်သည် ယခင်က မြို့ရိုးတံတိုင်း ပစ္စင် ပြအိုးတို့ဖြင့် ခိုင်ခံ့စွာသော တံခါးမုခ်အတွင်း တိုက်ခန်းဆောင်တွင် ဓားလွတ်ကိုင် စစ်သူရဲ အခြံအရံတို့ဖြင့် စိုးရိမ်ထိတ်လန့်စွာ အိပ်စက်ခဲ့ရဖူးပါသည်။ ယခုအခါ၌ တပည့်ကော်တွင် ထိတ်လန့်စရာ စိုးရိမ်စရာ ကြောက်ရွံ့စရာဘေးအမျိုးမျိုးတို့ မရှိတော့ပါ။ ဤတောအုပ်အတွင်း၌ နေ့ရောညပါ ငြိမ်သက်စွာဖြင့် သမာပတ်ဝင်စားနိုင်ပါပြီဘုရား"ဟု လျှောက်ထားသည်။

http://www.dhammadownload.com

ဤသို့ အရှင်မြတ်၏ လျှောက်ထားချက်ကို ကြားရသောအခါ သီတင်းသုံးဖော် ရဟန်းတို့သည် အရှင်မြတ်အပေါ်၌ သံသယဝိစိကိစ္ဆာကင်း၍ ကြည်ညိုခြင်း တိုးပွားလာရပေတော့သည်။

ဘုရားရှင်က ဇောဒင်္ဂဆုပေးတော်မူပြီ

ကပိလဝတ္ထုနေပြည်တော်တွင် မယ်တော်မာယာနှင့် မဟာပဇာပတိဂေါတမီတို့ကလွဲလျှင် ကာဠီဂေါဓာမင်းသမီးကြီးသည် ဂုဏ်သတင်းအကျော်ဇောဆုံး၊ သီလ၊ သိက္ခာ၊ သမာဓိ အပြည့်စုံဆုံးဖြစ်သည်။ ပဇာပတိဂေါတမီသည် ရဟန်းဘောင် ဝင်ရောက်သွားပြီးသည့်နောက်တွင် သူသာလျှင် နေပြည်တော်၌ အမြင့်မြတ်ဆုံးလည်း ဖြစ်သည်။ အမျိုးသမီး ပရိသတ်တွင် သက်တော်အကြီးဆုံး မိခင်ကြီးဖြစ်သည်။ ထို့ပြင် သားဖြစ်သူ ဘဒ္ဒိယမင်းသားက အဘိသိက်သွန်းခံရသော မင်းအဖြစ်ကို စွန့်လွှတ်၍ ရဟန်းပြုခဲ့သည်။ ထိုကဲ့သို့သော အကြောင်းများကြောင့် မြတ်စွာဘုရားက အရှင်ဘဒ္ဒိယအား ဥစ္စာကုလဇေတဝန် (အမျိုးမြတ်သူတွင် အသာဆုံး)ထားတော်မူသည်။ ထိုဥစ္စာကုလဇေတဝန်ရတော်မူသော ကာဠီဂေါဓာမင်းသမီးကြီး၏ သားဖြစ်သော အရှင်ဘဒ္ဒိယထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်တန်ခိုးဖြင့် ရှေးရှေးဘဝတို့ကို ကြည့်ရှုရ၍ မိမိပါရမီဖြည့်ခဲ့သောအကြောင်းကို ဤသို့ ပြန်လည်ဟောကြားတော်မူသည်။

ပဒုမုတ္တရသမ္ဗုဒ္ဓံ၊ မေတ္တစိတ္တံ မဟာမုနိံ။
ဥပေတိ ဇနတာ သဗ္ဗာ၊ သဗ္ဗလောကဂ္ဂနာယကံ။
သတ္တုကဋ္ဌ ဗဒ္ဓကဋ္ဌ၊ အာမိသံ ပါနဘောဇနံ။
ဒဒန္တိ သတ္ထုနော သဗ္ဗေ၊ ပုညက္ခေတ္တေ အနုတ္တရေ။

ပြန်လည်ဟောပြသောတရားတော်

ဘောန္တော မနုဿာ၊ ပါရမီကို ပြည့်လိုကုန်သူ အို လူအပေါင်း သူတော်ကောင်းတို့။ ဣတော၊ ဤယခုကမ္ဘာမှ။ သတသဟဿကပ္ပေ၊ ကမ္ဘာတစ်သိန်းထက်၌။ မေတ္တာစိတ်၊ မေတ္တာစိတ်နှင့် ပြည့်စုံတော်မူသော။ မဟာမုနိ၊ အမြတ်ဆုံးမုနိဖြစ်တော်မူသော။ လောကဂ္ဂနာယကံ၊ လောကမြတ်ဗျား ရှေ့သွားရှေ့ဆောင်ဖြစ်တော်မူထသော။ ပဒုမုတ္တရသမ္ဗုဒ္ဓံ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို။ သဗ္ဗာ၊ အလုံးစုံသော။ ဇနတာ၊ လူအပေါင်းသည်။ ဥပေတိ၊ ဆည်းကပ်၏။ သတ္တုကဋ္ဌ၊

http://www.dhammadownload.com

မုန့်လုံးကိုလည်းကောင်း။ ဗဒ္ဓကဋ္ဌ၊ မုန့်ဖက်ထုပ်ကိုလည်းကောင်း။ အမိသဋ္ဌ၊ ဆွမ်းအာမိသကိုလည်းကောင်း။ ပါနဘောဇနဋ္ဌ၊ အဖျော်ဘောဇဉ်ကိုလည်းကောင်း၊ အနုတ္တရေ၊ အတူမရှိသော။ ပုညက္ခေတ္တေ၊ ပါရမီမျိုး စိုက်ပျိုးကြဲရာ မြေကောင်းလယ်၌။ ဒဒန္တိ၊ စိုက်ပျိုးလှူဒါန်းကြကုန်၏။

အရှင်ဘဒ္ဒိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

သန္နိဋ္ဌာပကထေရ် အပဒါန်ဝတ္ထု

သန္နိဋ္ဌာပကထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ အမျိုးကောင်းသားဖြစ်၍ ဃရာဝါသ အိမ်ရာထောင်ခြင်းကိစ္စ၌ အပြစ်ကိုမြင်သဖြင့် ကာမဂုဏ်တို့ကို ပယ်ရှားလျက် ဟိမဝန္တာ၏အနီး တစ်ခုသော တောင်ကြားရှိ တောကျောင်း၌ သီတင်းသုံးနေထိုင်မှုသည်။ မြက်မိုးသော သခ်ိမ်းကျောင်းကလေးကို ပြုလုပ် သီတင်းသုံးလျက် ရသမျှသော အစာအာဟာရတို့ဖြင့် မျှတရောင့်ရဲတော်မူနေသည်။

ပြုခဲ့သောကောင်းမှု

ပဒုမုတ္တရမြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေခြင်းကို အလိုတော်ရှိ၍ ထိုရသေ့၏တောကျောင်းနေရာသို့ ကြွလာတော်မူ၏။ ရသေ့သည် မြတ်စွာဘုရား ကြွလာတော်မူသည်ကိုမြင်၍ မြက်အခင်းကို ကောင်းစွာခင်းကာ ဤနေရာ၌ထိုင်တော်မူပါဘုရားဟု လျှောက်ကြားသည်။ မြတ်စွာဘုရား ထိုင်နေတော်မူသည်ရှိသော် တည်သီး၊ ပိန္နဲသီး၊ သရက်သီး အစရှိသော တောသစ်သီးတို့နှင့် တကွ ကြည်လင်စွာသော ရေကိုလည်း ကပ်လှူ၏။

ကုသိုလ်ကံ၏အကျိုး

ထိုရသေ့သည် ထိုသို့ မြက်အခင်းနေရာကို ခင်းသော ကုသိုလ်စေတနာကြောင့်လည်းကောင်း၊ ကြည်လင်သောရေ၊ တောသစ်သီးတို့ကို ကပ်လှူခဲ့သော စေတနာ

http://www.dhammadownload.com

ကုသိုလ်ကံကြောင့်လည်းကောင်း ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ဖြစ်ရသည်။ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ ဖြစ်သောအခါလည်း ကုသိုလ်ကိုသာလျှင် အဆင့်ဆင့် ပြုသည်ဖြစ်၍ အကုသိုလ်တရားတို့မှ လွတ်ကင်းရကား ကမ္ဘာတစ်သိန်းကာလ ပတ်လုံး အပါယ်လေးပါးသို့ မကျမရောက်ရပေ။ လူ့ပြည်နတ်ပြည်တို့၌သာလျှင် လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားလျက် ဤကမ္ဘာမှ ပြန်၍ရသော် လေးဆယ့်တစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြာမင်းတစ်ကြိမ် ဖြစ်ရသည်။

ရဟန္တာဖြစ်ပြီ

ဤယခု ငါတို့ဘဒ္ဒကမ္ဘာအတွင်း ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကိုရပြန်ကာ သန္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား ဖြစ်ရလေသည်။ သူသည် သာသနာတော်၌ ရဟန်းပြုကာ ဝိပဿနာကို အားထုတ်သောကြောင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

ထိုသန္ဓိဋ္ဌာပက ထေရ်သည် ရဟန္တာဖြစ်ပြီးနောက် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုသော် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကို နောင်လာနောင်သား တို့နည်းယူ၍ ပြုလုပ်ကြခြင်း အကျိုးငှာ ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

ဟောတော်မူသောတရားတော်

အရညေ ကုဋိကံ ကတ္တာ၊ ဝဿာမိ ပဗ္ဗတန္တရေ။
လာဘာလာဘေန သန္တုဋ္ဌော၊ ယသေန အယသေန စ။ ။
ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတီနံ ပဋိဂ္ဂဟော။
ဝသီသတသဟဿေဟိ၊ အာဂစ္ဆိ မမ သန္တိကံ။
ဥပါဂတံ မဟာနာဂံ၊ ဧလဂုတ္တမနာမကံ။
တိဏ္ဏသန္တ ရံ ပညာပေတွာ၊ အဒါသိ သတ္ထုနော အဟံ။ ။
ပသန္နစိတ္တော သုမနော၊ အာမဏ္ဍံ ပါနိယဉ္စဟံ။
အဒါသိ ဥဒုဘူတသ္မိ၊ ဝိပ္ပသန္နေန စေတသာ။ ။

အဟံ၊ သန္ဓိဋ္ဌာပက နာမမည်တွင် ငါထေရ်အရှင်သည်။ ပဗ္ဗတန္တရေ၊ တောင်ကြား၌။ အရညေကုဋိကံ၊ မြက်မိုးတောကျောင်းကလေးကို။ ကတ္တာ၊

http://www.dhammadownload.com

ပြုလုပ်၍။ ဝသာမိ၊ နေဖူး၏။ လဘာလာဘေန၊ ရသမျှဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲတင်းတိမ် လျက်။ ဝသာမိ၊ နေ၏။ ယသေနစ၊ အခြံအရံအကျော်အစော ရှိသဖြင့်လည်းကောင်း။ အယသေနစ၊ အခြံအရံ အကျော်အစော မရှိသဖြင့်လည်းကောင်း။ သန္တုဋ္ဌော၊ စိတ်ကို ဖြေတင်း၍။ (ဝါ) ရောင့်ရဲ၍။ ဝသာမိ၊ ငါနေ၏။

လောကဝိဒူ၊ သတ္တောကာသ သခ်ါရဟု လောကအပြား ဤသုံးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော။ အာဟုတိနံ၊ ပူဇော်ခြင်းတို့ကို။ ပဋိဂ္ဂဟော၊ ခံတော်မူထိုက်သော။ ပဒုမုတ္တရော၊ ပဒုမုတ္တရမြတ်စွာဘုရားသည်။ ဝသီသတ သဟဿေဟိ၊ ရဟန္တာတစ်သိန်းတို့နှင့်။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆိ၊ ကြွလာတော်မူ၏။ မဟာနာဂံ၊ ရဟန်းမင်းဖြစ်တော်မူသော။ ဥပါဂတံ၊ ကြွလာတော်မူသော။ ဇလဇုတ္တမနာမကံ၊ ရေဝယ်ပေါက်လတ် အထပ်တစ်ရာ ပဒုမ္မာပွင့် အသင့်ပေါက်ကာ ခြေနင်းရာ၌ ခံလာသောကြောင့် ပဒုမုတ္တရ အမည်တော်ရှိသော မြတ်စွာဘုရားကို။ တိဏသန္ထရံဏံ၊ မြက်အခင်းကို။ ပညာပေတွာ၊ ခင်း၍။ သတ္ထုနော၊ မြတ်စွာ ဘုရားအား။ အဟံ၊ ငါသည်။ အဒါသိံ၊ လှူခဲ့ဖူးပြီ။

ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ သုမနော၊ ကောင်းသောစိတ် ရှိလျက်။ ဝိပ္ပသန္နေန၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ အဟံ၊ ငါသည်။ ဥဇုဘူတသ၊ ဖြောင့်မတ်တော်မူသော။ သတ္ထုနော၊ မြတ်စွာဘုရားအား။ အာမဏ္ဍံ၊ ကြည်လင်စွာသော။ ပါနိယဉ္စ၊ သောက်ရေကိုလည်း။ အဒါသိံ၊ လှူဖူးလေပြီ။

သတသဟဿိတော ကပ္ပေ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ အာမဏ္ဍဿ ဣဒံ ဖလံ။
ဇေတာလီသကပ္ပမှိ၊ ဇေကော အာသိံ အရိန္ဒမော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

ဣတော၊ ဤကမ္ဘာမှ။ သတသဟဿိတောကပ္ပေ၊ ကမ္ဘာတစ်သိန်းထက်၌။ ယံဒါနံ၊ အကြင်မြက်အခင်းနှင့် ရေအလှူကို။ အဒဒိံ၊ လှူဖူးလေပြီ။ တေန၊ ထိုကုသိုလ်ကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ခဲ့ဖူးသည်ဟူ၍ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ အာမဏ္ဍဿ၊ ရေကြည်တော်ကပ်လှူရခြင်း၏။ ဖလံ၊ အကျိုးတည်း။ ဇေကတာလီသကပ္ပမှိ၊ လေးဆယ့်တစ်ကမ္ဘာထက်၌။ သတ္တရတန သမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ ပညာအား, ကိုယ်အား

http://www.dhammadownload.com

စစ်သည်အားဖြင့် ကြီးမားသော အားရှိသော။ အရိန္ဒမော၊ ရန်သူကို ဆုံးမနိုင်သော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဧကော၊ တစ်ကြိမ်။ အာသိံ၊ ဖြစ်ဖူးလေပြီ။

သန္ဒိဋ္ဌာပကထေရ် အပဒါန်ဝတ္ထု ပြီး၏။

• • • • • • • • • •

ပဥ္စဟတ္ထိယထေရ် အပဒါန်ဝတ္ထု

ပဥ္စဟတ္ထိယထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ဆည်းပူးအပ်သော ပါရမီအဓိကာရရှိသည်ဖြစ်၍ သုမေဓာ မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကို ရခဲ့သည်။

အမိုးဗိတာန် လှူဖူးခဲ့

သုမေဓာမြတ်စွာဘုရား ဈေးလမ်းကြား၌ ဆွမ်းခံလှည့်လည်တော်မူသည်ကိုမြင်၍ ပဥ္စဟတ္ထိယထေရ်လောင်းလျာသည် မိမိအတွက် ယူလာသော ကြာငါးလက်ကို မြတ်စွာဘုရားအား ပူဇော်လှူဒါန်း၏။ ထိုကြာငါးလက်တို့သည် မြတ်စွာဘုရား၏အပေါ်မှ အမိုးဗိတာန် မျက်နှာကြက်ကဲ့သို့ဖြစ်၍ တည်ကုန်၏။

ထိုကြာပန်းလှူသော ဒါယကာသည် ဤကဲ့သို့ အံ့ဩဖွယ်ကိုမြင်၍ အလွန်ကြည်ညိုဝမ်းမြောက်သောစိတ်ဖြစ်၏။ ထိုကဲ့သို့ ပြုလုပ်၍ ကြာပန်းလှူသော ကုသိုလ်ကိုသာလျှင် တစ်သက်လုံး အောက်မေ့ကာ အခါခါပွားများခဲ့သည်။

နတ်ပြည်၌ဖြစ်ရ

ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ဖြစ်၏။ ထိုကုသိုလ်စေတနာသည် လွန်စွာထက်သန်လှသဖြင့် ကမ္ဘာသုံးသောင်းပတ်လုံး အပါယ်သို့မကျမူ၍ လူနတ်တို့၏ စည်းစိမ်ကို စံစားလျက် ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏အဖြစ်ကို ရပြန်သည်။

သဒ္ဓါကြည်ညိုသောစိတ်ဖြင့် သာသနာတော်၌ ရဟန်းပြုလျက် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် ရဟန္တာဖြစ်တော်မူသည်။ ထိုမထေရ်သည်

http://www.dhammadownload.com

ကြောင်းလက် လှူဖူးသော ကုသိုလ်အားလျော်စွာ ပဋ္ဌဟတ္ထိယထေရ်ဟူ၍ ထင်ရှားသည်။

ထိုပဋ္ဌဟတ္ထိယထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုကာ ဤသို့ ပြန်လည် ဟောပြတော်မူ၏။

မထေရ် ပြန်ဟောပြသောတရားများ

အိုလူအပေါင်းတို့၊ ပဋ္ဌဟတ္ထိယ အမည်ရသော ငါမထေရ်သည် ကမ္ဘာပေါင်းသုံးသောင်းထက်က သုမေဓာမြတ်စွာဘုရားကို ကြောင်းလက်လှူဖူးသော ကုသိုလ်ဓေတနာကြောင့် ကမ္ဘာပေါင်းသုံးသောင်းပတ်လုံး လူ့စည်းစိမ် နတ်စည်းစိမ်တို့ကိုသာ စံစားခဲ့ရသည်။

ဤကမ္ဘာမှပြန်၍ရောက်သော် ကမ္ဘာပေါင်း နှစ်ထောင်ထက်၌ ဟတ္ထိယ အမည်ဖြင့် စကြာမင်းအဖြစ်ကို ငါးကြိမ်ဖြစ်ခဲ့ရ၏။ ဤသို့ စကြာမင်း ငါးကြိမ်ဖြစ်ခဲ့ရ၍ အပါယ်သို့မကျဘဲ လူ့ဘဝ နတ်ဘဝတို့၌သာလျှင် ကျင်လည်ကာ နေရခြင်းသည် မြတ်စွာဘုရားအား ကြာပန်းငါးလက် ပူဇော်လှူဒါန်းခြင်း၏အကျိုး ဖြစ်၏။

ပဋ္ဌဟတ္ထိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ပဒုမစ္ဆဒနိယထေရ် အပဒါန်ဝတ္ထု

ပဒုမစ္ဆဒနိယထေရ်သည် ရှေးရှေးသောမြတ်စွာဘုရားတို့၏ အထံတော်၌ ပတ္ထနာဆုတောင်းခြင်းကို ပြုလျက် ဖြည့်ကျင့်ပြီးသော အဓိကာရ ပါရမီရှိသည်ဖြစ်၍ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကို ရခဲ့သည်။

ဘုရားရှင်၏ သရီရကာယတော်ကိုပူဇော်ခဲ့

ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ အလောင်းတော်ကို နံ့သာထင်းပုံထက်၌ တင်ထားကာ ပူဇော်ကြသောအခါ ပဒုမ္မာကြာပန်းကို ယူ၍ နံ့သာထင်းပုံထက်၌ တင်ထားသော ဘုရားရှင်၏ သရီရကာယတော်ကို ပူဇော်၏။

http://www.dhammadownload.com

ထိုကြောပန်းတို့သည် အထက်ကောင်းကင်သို့တက်၍ ထီးကဲ့သို့ ရုပ်ကလပ်ကော်ကို မိုး၍နေ၏။ ဤသို့သော အံ့သြဖွယ် တန်ခိုးတော်ကိုမြင်၍ အလွန်ကြည်ညိုသော စိတ်ဖြစ်၏။ တစ်သက်ပတ်လုံး ထိုပဒုမ္မာ ကြာပန်းလှူသော ကုသိုလ်ကို အခါခါ အောက်မေ့လျက် စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်ရပြန်သည်။

လူနတ်ဘဝ၌သာ ကျင်လည်ခဲ့ရ

ထိုကုသိုလ်ကြောင့် သူသည် ကိုးဆယ့်တစ်ကမ္ဘာ ပတ်လုံး လူ့ဘဝ နတ်ဘဝတို့၌သာ ကျင်လည်ခဲ့ရသည်။ အပါယ်လေးဘုံသို့လည်း တစ်ကြိမ်တစ်ခေါက်မျှ မကျရောက်ခဲ့ရပေ။ ဤကမ္ဘာမှ ပြန်၍ရသော် လေးဆယ့် ခုနစ်ကမ္ဘာထက်၌ စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ယခုဘဝ၌

ယခု ဤဘဒ္ဒကမ္ဘာအတွင်း၌ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကို ရပြန်သည်။ သာသနာတော်၌ ရဟန်းပြုလျက် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာဖြစ်၏။

ထိုမထေရ်မြတ်သည် ရဟန္တာဖြစ်ပြီး၍ နေ့သန့်ရာ ညဉ့်သန့်ရာတို့၌ နေ၏။ ထိုမထေရ်မြတ်နေရာအရပ်၌ ပဒုမ္မာကြာပန်းတို့သည် မထေရ်မြတ်အပေါ်မှ လိုက်၍မိုး၏။ သွားလျှင်လည်း သွားရာမှာ ပဒုမ္မာကြာပန်းသည် ထီးကဲ့သို့ မိုး၍ လိုက်၏။ ထိုင်လျှင်လည်း ထိုင်သောနေရာ၌ မျက်နှာကြက် ဗိတာန်ကဲ့သို့ ပဒုမ္မာကြာပန်းသည် မိုး၍နေ၏။ အိပ်တော်မူသောအခါ၌လည်း ပဒုမ္မာကြာပန်းသည် မျက်နှာကြက်ဗိတာန်ကဲ့သို့ အပေါ်မှ မိုး၍နေ၏။ ထို့ကြောင့် ပဒုမ္မာကြာအမိုးရှိသော ပဒုမစ္ဆဒနိယမထေရ်မြတ်ဟူ၍ ခေါ်ကြကုန်၏။

ထိုမထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကိုကြည့်ရှု၍ မိမိပြုခဲ့ဖူးသော ကုသိုလ်ကို နောင်လာနောင်သားများ မှတ်သားနည်းယူ၍ ပြုလုပ်ကြစေခြင်းငှာ ဤသို့ ပြန်လည်ဟောကြားတော်မူ၏။

ဟောသော တရားတော်

နိဗ္ဗုတေ လောကနာထမှိ၊ ဝိပဿိမှ ဂုပုဂ္ဂလေ။
သုဖုလ္လပဒုမံ ဂယှ၊ စိတမာရောပယိ အဟံ။ ။

http://www.dhammadownload.com

အာရောပိတော ဇ စိတကော၊ ဝေဟာသံ နဘမုဂ္ဂမိ။
အာကာသေ ဆဒနံ ကတွာ၊ စိတကမှိ အဓာရယိ်။ ။

ဘောန္တော် မနုဿာ၊ ဘုရားရတနာမြတ်လေးစွာကို သဒ္ဓါရွှင်လန်း လျှုဒါန်း ပူဇော် ဖူးမြော်လိုသူ အိုလူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ ကြာပဒုမ္မာ အမိုးပါ၍ ရောက်ရာသွားရာ နေလေရာ၌ ပဒုမ္မာအမိုးရှိသော မထေရ်မြတ်ငါသည်။ ဝိပဿိမှိ၊ ဝိပဿီအမည်တော်ရှိသော။ အဂ္ဂပုဂ္ဂလေ၊ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော။ လောကနာထမှိ၊ လူတို့ကိုးကွယ်ရာမြတ်စွာဘုရားသည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ သုဖုလ္လပဒုမံ၊ ကောင်းစွာပွင့်သော ပဒုမ္မာကြာပန်းကို။ ဂယှ၊ ယူ၍။ စိတံ၊ နံ့သာထင်းပုံထက်သို့။ အာရောပယိ်၊ တင်လျှ၍ ပူဇော်ဖူးပြီ။

စိတကော၊ နံ့သာထင်းပုံထက်၌။ အာရောပိတော၀၊ တင်လျှသော ပဒုမ္မာကြာပန်း သည်လည်း။ ဝေဟာသံ၊ ဟင်းလင်းအပြင်ဖြစ်သော။ နဘံ၊ ကောင်းကင်သို့။ ဥဂ္ဂမိ၊ ပြန်တက်၏။ အာကာသေ၊ ကောင်းကင်၌။ ဆဒနံ၊ အမိုးကို။ ကတွာ၊ ပြု၍၊ စိတကမှိ၊ နံ့သာထင်းပုံထက်၌။ အဓာရယိ်၊ ဆောင်းမိုး၍နေ၏။

ဧကနဝုတိတော ကပ္ပေ၊ ယံပုပ္ဖမဘိရောပယိ်။
ဒုဂ္ဂတိ် နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။ ။
သတ္တတာလီသိတော ကပ္ပေ၊ ပဒုမိဿရ နာမကော။
စာတုရန္တော ဝိဇိတာဝီ၊ စက္ကဝတ္တီ မဟာဗလော။ ။

ဘုရားပူဇော်ခြင်း၏အကျိုး

ဘောန္တော် မနုဿာ၊ အပါယ်ဆင်းရဲ ငရဲလွတ်အောင် ရှောင်လိုကြသူ အိုလူ အပေါင်းသူတော်ကောင်းတို့။ ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတိကပ္ပေ၊ ကိုးဆယ့် တစ်ကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင်ပဒုမ္မာကြာပန်းကို။ အဘိရောပယိ်၊ တင်လျှ၍ ပူဇော်ခဲ့ဖူးပြီ။ တေန၊ ထိုကုသိုလ်ကြောင့်။ ဒုဂ္ဂတိ်၊ အပါယ်ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ ငါမသိ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကိုပူဇော်ခြင်း၏။ ဖလံ၊ အကျိုး တည်း။

ဣတော၊ ဤကမ္ဘာမှ။ သတ္တတာလီသကပ္ပေ၊ လေးဆယ့်ခုနစ်ကမ္ဘာထက်၌။ ပဒုမိဿရနာမကော၊ ပဒုမိဿရအမည်ရှိသော။ စာတုရန္တော၊ လေးကျွန်းလုံး အဆုံး သမုဒ္ဒရာအားလုံးပါအောင်။ ဝိဇိတာဝီ၊ အောင်နိုင်ခြင်းငှာ ဘုန်းကံပါသော။

http://www.dhammadownload.com

မဟဗ္ဗလော၊ ကိုယ်အားဉာဏ်အား စစ်သည်အားဖြင့် ကြီးမားသောအားရှိသော။ စက္ကဝတ္တိ၊ စကြာမင်းသည်။ အဟောသိ၊ ဖြစ်ရဖူးပြီ။

ပဒုမစ္ဆဒနိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ပထမ သယနဒါယကထေရ် အပဒါန်ဝတ္ထု

ဤမထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပတ္ထနာဆုတောင်းခြင်းဖြင့် ပြုအပ်သော ကုသိုလ်ပါရမီရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ဆင်စွယ်တို့ဖြင့် ပြုလုပ်သော ညောင်စောင်းကို ရွေချကာ ကောင်းမွန်သော အခင်းတို့ကိုခင်းပြီး လျှော်၏။ သိဒ္ဓတ္ထမြတ်စွာဘုရားသည် အလှူခံတော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။

ပြုခဲ့သော ကုသိုလ်အကျိုး

ထိုကုသိုလ်ကိုတစ်သက်ပတ်လုံး အောက်မေ့လျက် သူစုတေသေလွန်သည်ရှိသော် နတ်ပြည်၌ ဖြစ်ရသည်။ ကိုးဆယ့်လေးကမ္ဘာပတ်လုံး ထိုကုသိုလ်ကြောင့် အပါယ်လေးပါးသို့ မကျမရောက်မူ၍ ငါးဆယ့်တစ်ကမ္ဘာထက်၌ ဝရကဒေဝအမည်ရှိသောစကြာမင်း တစ်ကြိမ်ဖြစ်ရ၏။

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏အဖြစ်ကိုရပြန်ကာ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင် လျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ရှေးကပြုခဲ့သော ကုသိုလ်၏အစွမ်းအားဖြင့် သယနဒါယကထေရ်ဟူ၍ ဘွဲ့တော်အားဖြင့် ထင်ရှား၏။

ထိုမထေရ်မြတ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုကာ မိမိပြုခဲ့သော ကုသိုလ်ကို နောင်လာနောင်သားတို့ အတုယူ၍ ပြုလုပ်ကြစေရန် ဤသို့ ပြန်လည်ဟောကြားတော်မူ၏။

သိဒ္ဓတ္ထဿ ဘဂဝတော၊ မေတ္တာစိတ္တဿ တာဒိနော။
သယနဂ္ဂံ မယာ ဒိန္နံ၊ ဒုဿဘဏ္ဍေဟိ အတ္ထတံ။

http://www.dhammadownload.com

ပဒ္မိဂ္ဂဟေသိ ဘဂဝါ၊ ကပ္ပိယံ သယနာသနံ။
ဥဋ္ဌာယ သယနာ တမှာ၊ ဝေဟာသံ ဥဂ္ဂမိ ဇိနော။

မေတ္တာစိတ္တသာ၊ မေတ္တာစိတ် ရှိတော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ သိဒ္ဓတ္ထသ ဘဂဝတော၊ သိဒ္ဓတ္ထမြတ်စွာဘုရာအား။ ဒုဿ ဘဏ္ဍေဟိ၊ ကောင်းမွန်သော အဝတ်အခင်းတို့ဖြင့်။ အတ္ထတံ၊ ခင်းအပ်သော။ သယနဂ္ဂံ၊ မြတ်သောညောင်စောင်းကို။ မယာ၊ ငါသည်။ ဒိန္နံ၊ လှူခဲ့ဖူးပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကပ္ပိယံ၊ အပ်စပ်သော။ သယနာသနံ၊ ညောင်စောင်းကို။ ပဒ္မိဂ္ဂဟေသိ၊ အလှူခံတော်မူ၏။ တမှာသယနာ၊ ထိုညောင်စောင်းပေါ်မှ။ ဥဋ္ဌာယ၊ ထတော်မူ၍။ ဝေဟာသံ၊ ဟင်းလင်းအပြင် မိုးကောင်းကင်သို့။ ဇိနော၊ မြတ်စွာဘုရားသည်။ ဥဂ္ဂမိ၊ ပြန်ကြွတော်မူ၏။

စတုန္နဝုတိတော ကပ္ပေ၊ ယံ သယန မဒါသဟံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ သယနဿ ဣဒံ ဖလံ။ ။
ဧကပညာသိတော ကပ္ပေ၊ ဝရကော ဒေဝ သဝုယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။ ။

ညောင်းစောင်းလှူခြင်း၏အကျိုး

ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ အဟံ၊ ငါသည်။ ယံသယနံ၊ အကြင်ညောင်စောင်းအလှူကို။ အဒါသိံ၊ လှူခဲ့ဖူးပြီ။ တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ သယနဿ၊ ညောင်စောင်းလှူခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဣတော၊ ဤကမ္ဘာမှ။ ဧကပညာသေကပ္ပေ၊ ငါးဆယ့်တစ်ကမ္ဘာထက်၌။ ဝရကော ဒေဝသဝုယော၊ ဝရကဒေဝအမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟောသိံ၊ ဖြစ်ရဖူးလေပြီ။

သယနဒါယကထေရ်အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

စက်မဒါယကထေရ် အပဒါန်ဝတ္ထု

စက်မဒါယကထေရ်သည် ကမ္ဘာပေါင်းတစ်ထောင်ရှစ်ရာထက်၌ ပွင့်တော်မူသော အတ္ထဒဿီ မြတ်စွာဘုရားအား အုတ်တိုဖြင့်စီ၍ အမြင့်ငါးတောင်၊ အရှည်အားဖြင့် အတောင်တစ်ရာရှိသော စကြိုလမ်းကိုပြုလုပ်ကာ ငွေအဆင်း ပုလဲအဆင်း ရှိသော သဲဖြူတို့ကို ဖြန့်လောင်းလျက် လျှ၏။ အတ္ထဒဿီ မြတ်စွာဘုရားသည် ထိုစကြိုကို အလှူခံတော်မူကာ သဲဖြူတို့ကို လက်တော်ဖြင့် ကိုင်ယူတော်မူလျက် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်စကား

ဤဒါယကာသည် ငွေအဆင်း၊ ပုလဲအဆင်းရှိသော သဲဖြူတို့ကို ဖြန့်ခင်း၍ လှူသော စကြိုအလှူကြောင့် ရတနာခုနစ်ပါးနှင့် ပြည့်စုံကာ ရတနာသဲတို့ဖြင့် မွေ့လျော်ဖွယ်ရှိသော နေရာ၌ နေရလတ္တံ့။ ကမ္ဘာပေါင်း သုံးကမ္ဘာပတ်လုံး နတ်ပြည်၌ နတ်မင်းအဖြစ်ကိုရ၍ နတ်စည်းစိမ်ကို စံစားရလတ္တံ့။ လူ့ပြည်၌ စကြာမင်း သုံးကြိမ်ဖြစ်၍ လူ့စည်းစိမ်ကို စံစားရလတ္တံ့။ ဤသို့ အတ္ထဒဿီ မြတ်စွာဘုရား သည် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ထိုဒါယကာသည် အတ္ထဒဿီ မြတ်စွာဘုရားအား သဲဖြူစကြိုလမ်း လှူခဲ့သော ကောင်းမှုကြောင့် ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ဖြစ်၏။ နတ်ပြည်မှ စုတေသောအခါ လူ့ပြည်၌ဖြစ်ရပြန်၏။ ဤသို့လျှင် လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်၍ အတ္ထဒဿီ မြတ်စွာဘုရား ဗျာဒိတ်တော်အတိုင်း လူမင်း နတ်မင်း တို့၏ စည်းစိမ်ကို စံစားကာ ကမ္ဘာပေါင်း တစ်ထောင့်ရှစ်ရာပတ်လုံး အပါယ်လေးပါးသို့ မကျမရောက်ရပေ။

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏ဘဝကိုရ၍ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ရှေးကပြုခဲ့သော ကုသိုလ်ကံအားလျော်စွာ စကြိုဒါယကာ စက်မဒါယကထေရ် ဟူသော အမည်ဖြင့် ထင်ရှား၏။

ထိုစကြိုဒါယကာ မထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုကာ မိမိပြုဖူးသော ကုသိုလ်ကို နောင်လာနောင်သားများ အတုယူ၍ ပြုလုပ်စေခြင်းငှာ ဤတရားတော်ကို ဟောတော်မူ၏။

http://www.dhammadownload.com

စက်္ကြီလမ်းလှူခြင်း အကျိုးတရားတော်

အတ္ထဒဿိဿ မုနိနော၊ လောကဇေဋ္ဌဿ တာဒိနော။
ဣဋ္ဌကာဟိ စိနိတွာန၊ စင်္ကမံ ကာရယိံ အဟံ။
ဥစ္စတော ပဉ္စရတနံ၊ စင်္ကမံ သာဓုမာပိတံ။
အာယာမတော ဟတ္ထသတံ၊ ဘာဝနီယျံ မနောရမံ။

အဟံ၊ စက်္ကြီဒါယကာ နာမည်ကျော်ထင် ငါအရှင်သည်။ လောကဇေဋ္ဌဿ၊ လူတို့ထက်မြတ်တော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ အတ္ထဒဿိဿ မုနိနော၊ အတ္ထဒဿီမြတ်စွာဘုရားအား။ ဣဋ္ဌကာဟိ၊ အုတ်တို့ဖြင့်။ စိနိတွာန၊ စီ၍။ စင်္ကမံ၊ စက်္ကြီလမ်းကို။ ကာရယိံ၊ ပြုလုပ်ခဲ့ဖူးလေပြီ။ ဥစ္စတော၊ အမြင့်အားဖြင့်။ ပဉ္စရတနံ၊ ငါးထောင်။ အာယာမတော၊ အလျားအရှည်အားဖြင့်။ ဟတ္ထသတံ၊ အတောင်တစ်ရာ။ ဘာဝနီယျံ၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားဖွယ်ရာဖြစ်သော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ စင်္ကမံ၊ စက်္ကြီလမ်းကို။ သာဓု၊ ကောင်းစွာ။ မာပိတံ၊ စီမံပြုလုပ်၍ လှူခဲ့ဖူးပြီ။

တီဏိ ကပွါနိ ဒေဝေသု၊ ဒေဝရဇ္ဇံ ကရိဿတိ။
အနုဘောဿတိ သမ္ပတ္တိံ၊ အစ္ဆရာဟိ ပုရက္ခတော။
မနုဿလောကမာဂန္တွာ၊ ရာဇာ ရဋ္ဌေ ဘဝိဿတိ။
တိက္ခတ္တုံ စက္ကဝတ္တီစ၊ မဟိယာ သော ဘဝိဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသဲဖြူခင်း၍ စက်္ကြီလမ်းလှူသော ဒါယကာသည်။ တီဏိကပွါနိ၊ သုံးကမ္ဘာတို့ပတ်လုံး။ ဒေဝေသု၊ နတ်ပြည်တို့၌။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ အစ္ဆရာဟိ၊ နတ်သမီးတို့ဖြင့်။ ပုရက္ခတော၊ ဝန်းရံလျက်။ သမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ အနုဘောဿတိ၊ စံစားရလတ္တံ့။

မနုဿလောကံ၊ လူ့ပြည်သို့။ အာဂန္တွာ၊ ပြန်လာပြီး၍။ ရဋ္ဌေ၊ တိုင်းပြည်၌။ ရာဇာ၊ မင်းသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ တိက္ခတ္တုံ၊ သုံးကြိမ်။ စက္ကဝတ္တီစ၊ စကြာမင်းသည်လည်း။ မဟိယာ၊ မြေအပြင်၌။ သော၊ ထိုစက်္ကြီလမ်းလှူသော ဒါယကာသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။

အဋ္ဌာရသေ ကပွသတေ၊ ယံကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ စင်္ကမဿ ဣဒံ ဖလံ။

http://www.dhammadownload.com

ဘောန္တော် မနုဿာ၊ နတ်သမီးနှင့် နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ စံလိုကြသူ အိုလူအပေါင်း နတ်သားလောင်းတို့။ အဟံ၊ နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ စံစားဖူးသော ငါထေရ်မြတ်သည်။ အဋ္ဌာရသေ ကပ္ပသတေ၊ ကမ္ဘာပေါင်းတစ်ထောင့် ရှစ်ရာထက်၌။ တဒါ၊ ထိုအတ္တဒဿီမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌။ ယံကမ္မံ၊ အကြင်စကြိုလှူသော ကုသိုလ်ကံကို။ ဣဒံ၊ ပြုလုပ်ဖူးပြီ။ ဒုဂ္ဂတိံ၊ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ ရောက်ရဖူးသည်ဟူ၍ မသိခဲ့ရ။ ဣဒံ၊ ဤသည်ကား။ စက််မဿ၊ စကြိုလမ်းလှူခြင်း၏။ ဖလံ၊ အကျိုးတည်း။

စက််မဒါယက ထေရ်အပဒါန် ဝတ္ထုပြီး၏။

●●●●●●●●●●

သုဘဒ္ဒထေရ် အပဒါန်ဝတ္ထု

ဤသုဘဒ္ဒထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ အမျိုးကောင်းသားဖြစ်ပြီး အရွယ်ရောက်သော် အိမ်ထောင်ပြုသည်။

"ဗဟုကိစ္စော ဃရာဝါသော" ဟူသော စကားအတိုင်း များမြောင်သော လူမှုကိစ္စတို့ကြောင့် သူသည် ဘုရားရှင်ထံသို့ အဖူးအမြော်မရောက်ခဲ့ပေ။

သို့သော် ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးအချိန်၌ လူများစွာတို့ ပူဇော်ဖွယ်အမျိုးမျိုးဖြင့် ဘုရားရှင်ထံ သွားကြသည်ကို သူတွေ့မြင်ရသည်။

ပန်းနုံသာဖြင့် ပူဇော်ခဲ့သူ

ထို့ကြောင့် သူသည် ပရိနိဗ္ဗာန်ပြုတော်မူရန် ညောင်စောင်းထက်၌ လျောင်းစက်တော်မူနေသော မြတ်စွာဘုရားအား ပန်းနုံသာတို့ဖြင့် သွားရောက် ကပ်လှူပူဇော်ခဲ့သည်။

ထိုအခါ ဘုရားရှင်သည် သူ၏ပန်းနုံသာတို့ကို အလှူခံပြီး ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်

ချစ်သားရဟန်းတို့၊ ဤဒါယကာသည် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီး ကာလ၌ နုံသာပန်းတို့ဖြင့်ပူဇော်၏။ ထိုကုသိုလ်ကြောင့် ဤဒါယကာသည်

http://www.dhammadownload.com

ဤဘဝမှ စုတေသော် တုသိတာနည်ပြည်၌ နတ်မင်းဖြစ်လတ္တံ့။ တုသိတာနတ်ပြည်မှ တစ်ဖန် စုတေပြန်သော် နိမ္မာနရတီနတ်ပြည်၌ နတ်မင်းဖြစ်လတ္တံ့။ ဤသို့သော အစဉ်အားဖြင့် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်သို့ ရောက်အောင် နတ်မင်းဖြစ်ရမည်။ တစ်ဖန် အောက်နတ်ဘုံသို့လာပြန်၍ နိမ္မာနရတီ နတ်ပြည်သို့ ပြန်ရောက်လျက် နတ်စည်းစိမ်ကို စံစားပြီးမှ တစ်ဖန် တုသိတာနတ်ပြည်၌ ဖြစ်ရဦးလတ္တံ့။

တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်၌ဖြစ်သောအခါ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူ၍ များစွာသော လူအပေါင်းတို့ကို နိဗ္ဗာန်သို့ပို့ဆောင်မည်။ သို့သော် သူသည် ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံခါနီးမှ ဖူးမြင်ရ၍ ပုစ္ဆာကို မေးလျှောက်လတ္တံ့။ ထိုအခါဂေါတမမြတ်စွာဘုရားသည် မေးလျှောက်သောပုစ္ဆာကို ဖြေ၍ တရားဟောတော်မူလိမ့်မည်။ သူသည် ရဟန်းပြုပြီးလျှင် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်လတ္တံ့။

ဤသို့ ပဒုမုတ္တရ မြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားကို ကြားနာရ၍ ဝမ်းမြောက်သောစိတ်ရှိလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ ဓာတ်တော်ကို ခုနစ်ယူဇနာရှိသောစေတီတော် တည်ကြသည်။ ထိုအခါ၌ သုဘဒ္ဒထေရ်လောင်းလျာဖြစ်သော အမျိုးကောင်းသားသည် ရတနာတိုဖြင့် စီခြယ်၍ ကောင်းမွန်စွာ ပြုလုပ်သော တံခွန်ဖြင့် ပူဇော်၏။

ဘုရားရှင် နောက်ဆုံး ရဟန်းပြုပေးခဲ့သူ

သုဘဒ္ဒထေရ်သည် ဂေါတမမြတ်စွာဘုရား၏ နောက်ဆုံးဖြစ်သော သာဝက ဖြစ်တော်မူ၏။ မြတ်စွာဘုရားသည် သုဘဒ္ဒထေရ်ကို ရဟန်းပြုပေးတော်မူပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

သုဘဒ္ဒထေရ်သည်လည်း အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံ၍ ရဟန္တာအဖြစ်သို့ရောက်တော်မူသောအခါ ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုတော်မူကာ ဤတရားတော်ကို ဟောကြားတော်မူ၏။

ပန်းနဲ့သာနှင့် တံခွန်လှူခြင်းအကျိုး

စန္ဒနံ ပူရယိတ္ဝာန၊ တဂ္ဂရာမလ္လိကာဟိ စ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ အာရောပယိ နံ ရုက္ခမံ။

http://www.dhammadownload.com

သတသဟဿီတော ကပ္ပေ၊ ဧလဒုတ္တမနာယကော။
နိဗ္ဗာယိ အနုပါဒါနော၊ ဒီပေါဝ တေလသန်ယော။
သတ္တယောဇနိကံ အာသိ၊ ထူပဋ္ဌ ရတနာမယံ။
ဓဇံ တတ္ထ အပူဇေသိံ၊ သဗ္ဗဘဒ္ဒံ မနောရမံ။

ဘောန္တော မနုဿာ၊ ဘုရားရတနာ တွေ့ခဲ့စွာကို ဦးစွာတွေ့လို ဖူးမြင်လို၍ ကုသိုလ်ကိုပြု ဆုကိုလည်းတောင်း ကံကောင်းပါမှ တွေ့ကြုံရသည် ဘဝများစွာ ရှည်ကြာဘိတောင်း လူအပေါင်းတို့။ အဟံ၊ သုဘဒ္ဒဟု နာမထင်ပေါ် ငါထေရ်ကျော် သည်။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေကပ္ပေ၊ ကမ္ဘာတစ်သိန်းထက်၌။ နရုတ္တမံ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို။ ဟဒ္ဒေ၊ ရွှင်လန်းသောစိတ်ရှိလျက်။ ဟဒ္ဒေန စိတ္တေန၊ ရွှင်လန်းသောစိတ်ဖြင့်။ စန္ဒနံ၊ စန္ဒကူးနံ့သာမှုန့်ကို။ ပူရယိတွာန၊ ပြည့်စေ၍။ တဂ္ဂရမလ္လိကာဟိစ၊ တောင်ဧလပ် ပန်း ကြက်ရုံးပန်းတို့ဖြင့်လည်းကောင်း။ အာရောပယိံ၊ တင်လှူခဲ့ဖူးလေပြီ။

ဧလဒုတ္တမနာယကော၊ ပဒုမုတ္တရ မြတ်စွာဘုရားသည်။ တေလသန်ယော၊ ဆီကုန်ခြင်းကြောင့်။ အနုပါဒါနော၊ ဆီမီးဇာမရှိသော။ ဒီပေါဝ၊ ဆီမီးကဲ့သို့။ နိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ရတနာမယံ၊ ရတနာတို့ဖြင့်ပြီးသော။ သတ္တယော ဇနိကံ၊ ခုနစ်ယူဇနာမြင့်သော။ ထူပဋ္ဌ၊ စေတီတော်သည်လည်း။ အာသိ၊ ဖြစ်တော် မူ၏။ တတ္ထ၊ ထိုခုနစ်ယူဇနာမြင့်သော စေတီတော်၌။ သဗ္ဗဘဒ္ဒံ၊ အလုံးစုံကောင်းမွန် သော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဓဇံ၊ တံခွန်ကို။ အပူဇေသိံ၊ ငါပူဇော်ခဲ့ဖူးလေပြီ။

သားရဟန္တာကို မလေးစားခဲ့မှု၏အကျိုး

သုဘဒ္ဒထေရ်လောင်းလျာဖြစ်သော ငါသည် ကဿပမြတ်စွာဘုရား လက် ထက်တော်အခါ၌ လူ၏ဘဝကိုရ၍ ငါ့၌ တိဿအမည်ရှိသော သားရှိ၏။ ထို တိဿအမည်ရှိသော ငါ၏သားသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုသဖြင့် အဂ္ဂသာဝကရဟန္တာဖြစ်၏။ ထိုအဂ္ဂသာဝက ရဟန္တာကြီးဖြစ်သော သားကို မရိုမသေ မခံမညား မိမိသားဟူ၍ အဖက လေးစားမှုမပြုဘဲ ငြူစူသောစကား ဖြင့် "နောက်ဆုံးမွေးသောသား" ဟူ၍ ဆိုမိ၏။ ထိုအဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကို ပြောဆိုမိသောကြောင့် ယခုအခါ၌ ရဟန္တာအဖြစ်သို့ ရောက်သော ငါသည်

http://www.dhammadownload.com

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး နောက်ဆုံးကာလအခါကျမှ သစ္စာတရားကို သိရသည့်နောက်ကျ အကျိုးခံစားရ၏ဟူ၍ ဟောတော်မူ၏။

မလ္လာမင်းတို့၏ အင်ကြင်းပင်စုံ ရုက္ခသာမော ဥယျာဉ်တော၌ လောကထွတ်ထား မြတ်ဘုရားသည် ပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်းထက်၌ လျောင်းစက်တော်မူသောအခါ သုဘဒ္ဒအမည်ရှိသော ငါမထေရ်မြတ်သည် ရှင်အဖြစ်ကိုလည်း ရ၏။ ထိုနေ့၌ပင်လျှင် ပဉ္စင်းအဖြစ်ကိုလည်းရ၏။ ထိုနေ့၌ပင်လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူ၏။ မြတ်စွာဘုရား သက်တော်ရှိသောအခါတွင် နောက်ဆုံး ဖြစ်သော သာဝကရဟန္တာဖြစ်ရသည်။

သုဘဒ္ဒထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ဝိဇူပနဒါယကထေရ် အပဒါန်ဝတ္ထု

ဝိဇူပန ဒါယကထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏အထံ၌ ပြုပြီးသော ပါရမီပုညသမ္ဘာရရှိသည်ဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်တော်၌လည်း အမျိုးကောင်းသားဖြစ်ရသည်။ ရတနာတို့ဖြင့် ခြယ်စီသော ယပ်ကို လေခတ်ရန် ဘုရားရှင်အား လှူဒါန်းပူဇော်ခဲ့၏။

ခုနစ်နှစ်သား ရဟန္တာ

ပဒုမုတ္တရမြတ်စွာဘုရားသည် လေခတ်ရန် ယပ်ဝန်းကို အလှူခံတော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။ ထိုကုသိုလ်ဖြင့် လူနတ်တို့၏စည်းစိမ်ကို စံစားလျက် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်သို့ မကျရောက်မူ၍ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ့ဘဝကိုရပြန်သည်။ သာသနာတော်၌ရှင်သာမဏေပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် ခုနစ်နှစ်သား အရွယ်ကပင်လျှင် ရဟန္တာဖြစ်တော်မူသည်။

ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှု၍ မိမိပြုခဲ့ ဖူးသော ကုသိုလ်ကို နောင်လာနောင်သား အမျိုးကောင်းသားတို့ မှတ်သားနည်းယူ၍ ပြုလုပ်ကြစေရန် မထေရ်သည် ဤတရားတော်ကို ဟောကြားတော်မူ၏။

http://www.dhammadownload.com

လေခတ်ရန် ယပ်ဝန်းလှူခြင်းအကျိုး

ပဒုမုတ္တရဗုဒ္ဓသ၊ လောကဇေဋ္ဌသ တာဒိနော။
ဗီဇနိကာ မယာ ဒိန္နာ၊ ဒွိပဒိန္ဒသ တာဒိနော။

ဘောန္တောမနုသာ၊ ကုသိုလ်အထူး ဆည်းပူးလိုသူ အိုလူအပေါင်း သူတော်ကောင်းတို့။ မယာ၊ ဝိဓူပန အမည်ရသော ငါသည်။ လောကဇေဋ္ဌသ၊ လူတို့ထက်မြတ်တော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဒွိပဒိန္ဒသ–ဒွိပဒဂ္ဂန္ဒသ၊ လူအပေါင်းတို့ကို အစိုးရတော်မူသော။ ပဒုမုတ္တရဗုဒ္ဓသ၊ ပဒုမုတ္တရမြတ်စွာဘုရားအား။ ဗီဇနိကာ၊ လေခတ်ရန်ယပ်ဝန်းယပ်တောင်ကို။ ဒိန္နာ၊ ပေးလှူပူဇော်ခဲ့လေပြီ။

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ယပ်ဝန်းကို ကိုင်တော်မူ၍ ရဟန်းသံဃာတို့၏ အလယ်၌ ထိုင်နေတော်မူလျက် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဣမိနာ ဗီဇနိဒါနေန၊ စိတ္တသ ပဏိဓီဟိ စ။
ကပ္ပာနံ သတသဟသံ၊ ဝိနိပါတံ နဂစ္ဆတိ။

လေခတ်ယပ်လှူခဲ့၍ ကမ္ဘာတစ်သိန်း အပါယ်မကျခဲ့

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤလေခတ်ရန် ယပ်ဝန်းလှူသော ဒါယကာသည်။ ဣမိနာဗီဇနိဒါနေန၊ ဤယပ်ဝန်းလှူရသော ဒါနစေတနာဖြင့်လည်းကောင်း၊ စိတ္တသ၊ စိတ်၏။ ပဏိဓီဟိစ၊ မြတ်သောဆောက်တည်ခြင်းတို့ဖြင့်လည်းကောင်း။ ကပ္ပါနံ၊ ကမ္ဘာတို့၏။ သတသဟသံ၊ တစ်သိန်းပတ်လုံး။ ဝိနိပါတံ၊ အပါယ်ဘုံသို့။ နဂစ္ဆတိ၊ မရောက်။

အာရဒ္ဓဝီရိယော ပဟိတတ္တော၊ စေတော ဂုဏသမာဟိတော။
ဇာတိယာ သတ္တဝသောဟံ၊ အရဟတ္တံ အပါပုဏိံ။

ဘဒ္ဒန္တာ၊ သာသနာတော်ထမ်း အရှင်ရဟန်းတို့။ အာရဒ္ဓဝီရိယော၊ အားထုတ်သောလုံ့လရှိသော။ ပဟိတတ္တော၊ မညာကိုယ်သက် စိတ်အားတက်၍ ရက်ရောစွာစွန့်စားခြင်းရှိသော။ စေတောဂုဏသမာဟိတော၊ စိတ်၏တည်ခြင်းဂုဏ်နှင် ပြည့်စုံသော။ အဟံ၊ ဝိဓူပန နာမထင်ပေါ် ငါထေရ်ကျော်သည်။ ဇာတိယာ၊ မွေးဖွားသည်မှ။

F-55A ထေရအပဒါန်

http://www.dhammadownload.com

သတ္တဝဿိတော၊ ခုနစ်နှစ်သားအရွယ်ရှိလျက်။ အရဟာတ္တံ၊ အရဟတ္တဖိုလ်ရ ရဟန္တာအဖြစ်သို့။ အပါပုဏိ၊ ရောက်လေပြီ။

သဋ္ဌိကပ္ပသဟဿမှိ၊ ဗီဇမာန သနာမကာ။
သောဠသာ'သိ'သု ရာဇာနော၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ဘောန္တော မနုဿာ၊ တရားတော်ကို နာကြကုန်သော အိုဒါယကာအပေါင်းတို့။ သဋ္ဌိကပ္ပသဟဿမှိ၊ ကမ္ဘာခြောက်သောင်းထက်၌။ ဗီဇမာန သနာမကာ၊ ဗီဇနိက ဟူသော မိမိအမည်ရင်းတို့ဖြင့်။ သောဠသ၊ တစ်ဆယ့်ခြောက်ကြိမ်။ မဟဗ္ဗလာ၊ ကြီးမြတ်သော ကိုယ်အား ဉာဏ်အားရှိကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းတို့သည်။ အာသိ'သု၊ ဖြစ်ဖူးလေကုန်ပြီ။

ပဋိသန္ဓိဒါ စတသ္သော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဋ္ဌဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

စတသ္သော၊ လေးပါးကုန်သော။ ပဋိသန္ဓိဒါ၊ ပဋိသန္ဓိဒါတို့ကိုလည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေစ ဝိမောက္ခာ၊ ဤဝိမောက္ခတို့ကိုလည်းကောင်း။ ဆဋ္ဌဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုရလေပြီ။ ဝါ၊ သာသနာပြုပုဂ္ဂိုလ်ဖြစ်လေပြီ။ ဣတ္ထံ၊ ဤသို့သောအကြောင်းအားဖြင့်။ အာယသ္မာ ဝိရူပနဒါယကထေရော၊ အရှင်ဝိရူပနဒါယကထေရ်သည်။ ဣမာ ဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောတော်မူ၏။

ဝိရူပနဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

သတရံသီထေရ် အပဒါန်ဝတ္ထု

ဤသတရံသီထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် ပုဏ္ဏားမျိုး၌ ဖြစ်နေရသည်။ သက္ကဋဘာသာကျမ်း၊ ဗျာကရဏကျမ်း ဗေဒင်သုံးပုံကျမ်းတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်သည်။ အိမ်ရာထောင်ခြင်းကို ပယ်၍ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတော၌ နေ၏။

http://www.dhammadownload.com

ဘုရားအာရုံပြုနေ

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ခြင်းကို အလိုတော်ရှိ၍ မြင့်သော တောင်ထိပ်တစ်ခု၏အပေါ်၌ မီးပုံကြီး ထွန်းတောက်သကဲ့သို့ သီတင်းသုံးနေတော်မူ၏။ ထိုကဲ့သို့ နေတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို တောင်ခြေမှ မြင်ရ၍ လက္ခဏာတော်တို့ကို စုံစမ်းကြည့်ရှုသော် မြတ်စွာဘုရားဖြစ်ကြောင်း သိလျှင် များစွာသော ဂုဏ်တော်အပေါင်းတို့ဖြင့် ချီးမွမ်းရွတ်ဆိုကာ ဘုရားတည်းဟူသော အာရုံကို ကောင်းစွာ အာရုံပြု၍နေ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ငါဘုရားကို လက်အုပ်ချီမိုး ရှိခိုးလျက် ဂုဏ်တော်တို့ကို ရွတ်ဆိုကာ ချီးမွမ်းသော ဤရသေ့သည် ကမ္ဘာပေါင်း သုံးသောင်းတို့ပတ်လုံး နတ်မင်းဖြစ်ရကာ နတ်စည်းစိမ်ကို စံစားရမည်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလျှင် ထိုရသေ့သည် လူအဖြစ်ကိုရ၍ ခုနစ်နှစ်သားအရွယ်၌ ရဟန္တာဖြစ်ပြီး သတရံသီ ဟူသော အမည်ဖြင့် ထင်ရှားကျော်စောလျက် ကိုယ်မှအရောင်ထွက်လတ္တံ့ ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

နတ်စည်းစိမ်

ထိုဗျာဒိတ်စကားကို ကြားနာရသော တာပသ ရသေ့သည် အလွန်ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် ဘုရားတည်းဟူသော အာရုံကို အခါခပ်သိမ်း နှလုံးသွင်းလျက် နေသည်။ စုတေသောအခါ နတ်ပြည်၌ဖြစ်၍ ခြောက်ထပ်သော ကာမာဝစရနတ်ပြည်တို့၌ အစဉ်အတိုင်း အလှည့်ကျဖြစ်ရသည်။ နတ်ပြည်မှ စုတေလျက် လူ့ဘုံ၌ဖြစ်သောအခါ လူမင်းတို့၏ စည်းစိမ်ကို စံစားရပြန်၏။

စကြာမင်းစည်းစိမ်

ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာခြောက်သောင်းထက်တွင် စကြာမင်းလေးကြိမ် ရာဇစကြာမင်းဟူသော အမည်ဖြင့် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်း၏ စည်းစိမ်ကို စံစားရ၏။

ယခုနောက်ဆုံး ဘဝ၌လည်း အမျိုးကောင်းသားဖြစ်လာကာ ခုနစ်နှစ်သားအရွယ်သို့ ရောက်လျှင် ရှင်သာမဏေပြုသည်။ ရှေးရှေးသော ဘဝများစွာတို့က

http://www.dhammadownload.com

ပြုလုပ်အားထုတ်ခဲ့သော သမ္ဘာရပါရမီဉာဏ် ရင့်လှသောကြောင့် ခုနစ်နှစ်သား အရွယ်၌ပင် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာဖြစ်တော်မူသည်။ ပုဗ္ဗေနိဝါသ အဘိညာဉ် ဖြင့် အတိတ်ဖြစ်စဉ်တို့ကို ပြန်လည်ကြည့်ရှု ဆင်ခြင်လျက် ဤအပဒါန်တရားတို့ကို ဟောကြားတော်မူ၏။

ဘုရားရှိခိုးခြင်းအကျိုး

ဥဗ္ဗိဒ္ဓံ သေလမာရုယှ၊ နိသီဒိ ပုရိသုတ္တမော။
ပဗ္ဘတာသာ' ဝိဒူရမှိ၊ ဗြာဟ္မဏော မန္တ္တ ပါရဂူ။
ဥပဝိဋ္ဌံ မဟာဝီရံ၊ ဒေဝဒေဝံ နရာသဘံ။
အဥ္ဇလိ' ပဂ္ဂဟေတွာန၊ သန္ထဝိ' လောကနာယကံ။

ဘောန္တော့ ဥပါသကာယော၊ ရတနာသုံးပါး အမြတ်ထား၍ ညွတ်တွား ကြည်ညိုဆည်းကပ်လိုသည့် အို...ဥပါသကာ ဒါယကာကြီးတို့။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်ဖြစ်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားသည်။ ဥဗ္ဗိဒ္ဓံ၊ မြင့်သော။ သေလံ၊ ကြောက်တောင်ထိပ်သို့။ အာရုယှ၊ တက်တော်မူ၍။ နိသီဒိ၊ နေတော်မူ၏။ ပဗ္ဘတာသ၊ တောင်၏။ အဝိဒူရမှိ၊ အနီး၌။ မန္တ္တ ပါရဂူ၊ ဗေဒင်သုံးပုံကို ကမ်းတစ်ဖက် ရောက် တတ်မြောက်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားမျိုးရသေ့ဖြစ်သော ငါသည်။ ဥပဝိဋ္ဌံ၊ တောင်ပေါ်၌ နေတော်မူသော။ မဟာဝီရံ၊ ကြီးသောလုံ့လ ရှိတော်မူသော။ ဒေဝဒေဝံ၊ နတ်ထက်နတ်ဖြစ်တော်မူသော။ နရာသဘံ၊ လူတို့ထက်မြတ်တော်မူသော။ လောကနာယကံ၊ လူတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော မြတ်စွာဘုရားကို။ အဥ္ဇလိ'၊ လက်သည်းဆယ်ခု ပုလဲဥသို့ ပေါင်းစုတောက်ပြောင် အရောင်လှစွာ လက်အုပ်ကြာကို။ ပဂ္ဂဟေတွာန၊ နဖူးထိပ်ပြင် ချီးမြှောက်တင်၍။ သန္ထဝိ'၊ အရဟံ သမ္မာသမ္ဗုဒ္ဓ၊ ဘဂဝါ-စသော ဂုဏ်တော်တို့ကို ရွတ်ဆို ချီးမွမ်းကာ ရှိခိုးဖူးလေပြီ။

ဤသို့ ရှိခိုးသောအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်ပေးတော်မူ၏။

ဘုရားရှင်၏ဗျာဒိတ်တော်

ယေနာယံ အဥ္ဇလီ ဒိန္နော၊ ဗုဒ္ဓသေဋ္ဌော စ ထောမိတော။
တိံသကပ္ပသဟဿာနိ၊ ဒေဝရဇ္ဇံ ကရိဿတိ။

http://www.dhammadownload.com

ကပ္ပသတသဟဿမှိ၊ အ်ဂီရသ သနာမကော။
ဝိဝဋ္ဋဒေါ သမ္မုဒ္ဓေါ၊ ဥပ္ပဇ္ဇိဿတိ တာဝဒေ။
တဿ ဓမ္မေသု ဒါယာဒေါ၊ သြရသော ဓမ္မနိမ္မိတော။
သတရံသီတိ နာမေန၊ အရဟာသော ဘဝိဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေန၊ အကြောင်းရသော့သည်။ အယံ၊ ဤသူသည်။ အဠလီ၊ လက်အုပ်ချီခြင်းကို။ ဒိန္နော၊ ပေး၏။ ဗုဒ္ဓသေဋ္ဌော၊ ငါဘုရားမြတ်ကို လည်း။ ထောမိတော၊ ဂုဏ်တော်ကိုရွတ်ဆိုကာ ချီးမွမ်းလျက် ရှိခိုး၏။ သော၊ ထိုရသော့သည်။ တိဿကပ္ပသတသဟဿာနိ၊ ကမ္ဘာသုံးသောင်းတို့ပတ်လုံး။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ ကပ္ပသတသဟဿမှိ၊ ကမ္ဘာတစ်သိန်း ရောက်သောနောက်အခါ၌။ အ်ဂီရသ သနာမကော၊ အ်ဂီရသဟူသော မိမိအမည်တော် ရှိသော။ ဝိဝဋ္ဋဒေါ၊ သံသရာဝဋ်ပြတ်တော်မူသော။ သမ္မုဒ္ဓေါ၊ ဂေါတမမြတ်စွာဘုရား သည်။ တာဝဒေ၊ ထိုမျှလောက်သော အခါ၌။ ဥပ္ပဇ္ဇိဿတိ၊ ပွင့်တော်မူလတ္တံ့။

တဿ၊ ထိုဂေါတမမြတ်စွာဘုရား၏။ ဓမ္မေသု၊ မဂ္ဂင်တရားတို့၌။ ဒါယာဒေါ၊ အမွေခံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သြရသော၊ ရွေရင်တော်နှစ် သားတော်စစ်ဖြစ်သော။ ဓမ္မနိမ္မိတော၊ လောကုတ္တရာ တရားတော်ဖြင့် ဖန်ဆင်းအပ်သော။ သတရံ သီတိ နာမေန၊ သတရံသီဟူသော ဘွဲ့အမည်ဖြင့်။ သော၊ ထိုငါဘုရားကို ရှိခိုးသော ရသော့သည်။ အရဟာ၊ ရဟန္တာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

မထေရ်ဟောသော တရားတော်

ဇာတိယာ သတ္တဝဿောဟံ၊ ပဗ္ဗဇ်ိ အနဂါရိယံ။
သတရံသီမှိ နာမေန၊ ပဘာ နိဒ္ဓါဝတေ မမ။
မဏ္ဍပေ ရုက္ခမူလေဝါ၊ ဈာယီ ဈာနရတော အဟံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။
သဋ္ဌိကပ္ပ သဟဿမှိ၊ စတုရော ရာမနာမကာ။
သတ္တရတန သမ္ပန္နာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ဘဒ္ဒန္တာ၊ သာသနာတော်ထမ်း ရှင်ရဟန်းတို့။ အဟံ၊ သတရံသီအမည်ထင်ပေါ် ငါထေရ်ကျော်သည်။ ဇာတိယာ၊ မွေးဖွားသည်မှ။ သတ္တဝဿော၊ ခုနစ်နှစ်သာရှိသော အခါ။ အနဂါရိယံ၊ အိမ်ရာထောင်ခြင်းမရှိသော သာသနာတော်၌။ ပဗ္ဗဇ်ိ၊

http://www.dhammadownload.com

ရှင်ပြု၏။ သတရံသိမိုနာမေန၊ သတရံသီ ဟူသော ဘွဲ့အမည်ဖြင့်။ မမ၊ ငါ၏။ ပဘာ၊ အရောင်သည်။ နိဒ္ဒါဝတေ၊ ထွက်၏။

မဏ္ဍာပေစ၊ မဏ္ဍာပ်တွင်း၌လည်းကောင်း။ ရုက္ခမူလေစ၊ သစ်ပင်ရင်း၌လည်းကောင်း။ ဗျာယီ၊ ဗျာန်ဝင်စားလျက်။ ဗျာနရတော၊ ဗျာန်၌ ပျော်မွေ့သော။ အဟံ၊ ငါသည်။ သမ္မာသမ္ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အန္တိမံ၊ အဆုံးစွန်ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဓာရေမိ၊ ဆောင်၏။ သဋ္ဌိကပ္ပသဟဿမိ၊ ကမ္ဘာခြောက်သောင်းထက်၌။ စတုရော၊ လေးကြိမ်ကုန်သော။ ရာမနာမကာ၊ ရာမ အမည်ရှိကုန်သော။ သတ္တရတနသမ္ပန္နာ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ စက္ကဝတ္တိမဟာဗ္ဗလာ၊ ကိုယ်အား ဉာဏ်အား စစ်သည်အားဖြင့် အားကြီးစွာကုန်သော စကြာမင်းတို့သည်။ အဟောသုံ၊ ဖြစ်ဖူးလေကုန်ပြီ။

ဤကား ဘုရားဂုဏ်တော်ကို ရွတ်ဆို၍ ဘုရားရှိခိုးရသော ကုသိုလ်၏ အကျိုးတည်း။

သတရံသီထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဒုတိယ သယနဒါယကဓေရ် အပဒါန်ဝတ္ထု

ဤသယနဒါယကထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်၌ ဥစ္စာပစ္စည်းနှင့်ပြည့်စုံသော အမျိုးကောင်းသား ဖြစ်လာရသည်။ ထိုအမျိုးကောင်းသားသည် မြတ်စွာဘုရား၏ တရားတော်ကိုနာလျက် သဒ္ဓါကြည်ညိုခြင်းရှိလှ၍ ရတနာ တို့ဖြင့် စီခြယ်အပ်သော ညောင်စောင်းကို ပြုလုပ်ကာ ထိုညောင်စောင်းပေါ်၌ နူးညံ့သော အခင်းတို့ကိုခင်းလျက် ပဒုမုတ္တရမြတ်စွာဘုရားအား လှူ၏။ မြတ်စွာဘုရားသည် ထိုဒါယကာကို ချီးမြှောက်သောအားဖြင့် ညောင်စောင်းပေါ်၌လျောင်းစက်တော်မူ၏။

လူနတ်စည်းစိမ် ခံစားရ

ထိုဘဝမှ စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်စည်းစိမ်ကိုလည်း ခံစားရ၏။ လူ့ပြည်၌လည်း မင်းဖြစ်၍ လူ၏စည်းစိမ်ကိုလည်း ခံစားရ၏။ ရောက်ရာဖြစ်ရာအရပ်၌ ချမ်းသာစွာ နေရ၏။

http://www.dhammadownload.com

ဤသို့ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို စံစားလျက် ဤကမ္ဘာမှ ပြန်၍ ရသော် ကမ္ဘာငါးထောင်အထက်၌ စကြာမင်းရှစ်ကြိမ် ဖြစ်ရ၏။ ကမ္ဘာသုံးထောင့် လေးရာထက်၌လည်း စကြာမင်း လေးကြိမ်ဖြစ်ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ အမျိုးကောင်းသား ဖြစ်ပြန်သည်။ မြတ်စွာဘုရား၏ တရားတော်ကိုနာရ၍ သာသနာတော်၌ ရဟန်းပြုလျက် ဝိပဿနာ ရှုသည်ရှိသော် မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ ရွှေဘဝ တို့ကို ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ကြည့်ရှု၍ မိမိပြုခဲ့ဖူးသော ကုသိုလ်၏ အကျိုး တရားတို့ကို ဤသို့ ဟောတော်မူ၏။

ညောင်စောင်း လှူရခြင်းအကျိုး

ပဒုမုတ္တရ ဗုဒ္ဓဿ၊ သဗ္ဗလောကာနုကမ္ပိနော။
သယနံ တဿ ပါဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။
တေန သယနဒါနေန၊ သုခတ္တေ ဗိဇသမ္ဘဒါ။
ဘောဂါ နိဗ္ဗတ္တရေ တဿ၊ သယနဿ ဣဒံ ဖလံ။

ဘောန္တော မနုဿာ၊ အို လူအပေါင်းတို့။ ပဒုမုတ္တရ ဗုဒ္ဓဿ၊ ပဒုမုတ္တရ မြတ်စွာဘုရားအား။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗလောကာနုကမ္ပိနော၊ အလုံးစုံသော သတ္တဝါတို့ကို သနားထောက်ညှာခြင်း ရှိတော်မူသော။ တဿ၊ ထိုပဒုမုတ္တရ မြတ်စွာဘုရားအား။ သယနံ၊ ညောင်စောင်း အိပ်ရာနေရာကို။ ပါဒါသိံ၊ ပအဒါသိံ၊ ကပ်လှူခဲ့ဖူးပြီ။ တေန သယနဒါနေန၊ ထိုညောင်စောင်းအိပ်ရာ လှူခြင်းဒါန စေတနာဖြင့်။ သုခေတ္တေ၊ ကောင်းသောလယ်၌။ ဗိဇသမ္ဘဒါ၊ မျိုးစေ့၏ပြည့်စုံခြင်းကြောင့်။ ဘောဂါ၊ ဥစ္စာစည်းစိမ်တို့သည်။ နိဗ္ဗတ္တရေ-နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဣဒံ၊ ဤသည်ကား။ တဿ သယနဿ၊ ထိုညောင်စောင်း အိပ်ရာလှူခြင်း၏။ ဖလံ၊ အကျိုးတည်း။

ပဋိကပ္ပသဟဿမှိ၊ အဋ္ဌ အာသုံ မဟာတေဇာ။
စတုတ္တိံသေ ကပ္ပသတေ၊ စတုရောစ မဟဗ္ဗလာ။

ဘောန္တော မနုဿာ၊ အိုလူအပေါင်းတို့။ ပဋိကပ္ပသဟဿမှိ၊ ကမ္ဘာငါးထောင် ထက်၌။ မဟာတေဇာ၊ ကြီးသော တန်ခိုးရှိကုန်သော စကြာမင်းတို့သည်။ အဋ္ဌ၊

http://www.dhammadownload.com

ရှစ်ကြိမ်။ အာသုံ၊ ဖြစ်ဖူးကုန်ပြီ။ စတုတ္တိ သေ ကပ္ပသတေ၊ ကမ္ဘာသုံးထောင်လေးရာ အထက်၌။ မဟဗ္ဗလာ၊ အားကြီးကုန်သော စကြာမင်းတို့သည်။ စတုရောလေးကြိမ်။ အာသုံ၊ ငါ ဖြစ်ရဖူးကုန်ပြီ။

ဒုတိယ သယနဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဂန္ဓောဒကိယထေရ် အပဒါန်ဝတ္ထု

ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက်၌ လူအပေါင်းတို့သည် မဟာဗောဓိပင်ကို ပူဇော်ပွဲပြုလုပ်ကြကုန်၏။ ထိုအခါ၌ ဂန္ဓောဒကိယထေရ်၏ လောင်းလျာဖြစ်သော အမျိုးကောင်းသားသည် ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို ပူဇော်ခြင်းငှာ ပန်းပြောက်တို့ဖြင့်လည်းကောင်း၊ ရွှေငွေပုလဲစသော ရတနာတို့ဖြင့်လည်းကောင်း ညောင်ရေအိုးကို ဆန်းကြယ်စွာ ပြုလုပ်လျက် မဟာဗောဓိပင်၌ သွန်းလောင်းခြင်းကို ပြု၏။

နတ်သားဖြစ်ရပြီ

ထိုအခါ ကြီးစွာသော မိုးကြိုးရွာသွန်းလျက် မိုးခြိမ်းသံတို့ကို ဖြစ်စေပြီး မိုးကြိုးပစ်၏။ ထိုမိုးကြိုးပစ်သောအခါ၌ ဗောဓိပင်ကို နံ့သာရေသွန်းလောင်းသော အမျိုးကောင်းသားသည် မိုးကြိုးထိမှန်၍ သေဆုံးပြီးလျှင် နတ်ပြည်၌ နတ်သားဖြစ်၏။

နတ်သားဖြစ်သောအခါ ငါသည် ယခုပင်လျှင် ဗောဓိပင်ကို နံ့သာရေဖြင့် ပူဇော်သွန်းလောင်းလျက် နေရာမှ ယခုပင်လျှင် နတ်သားဖြစ်၍ နေပါတကားဟု ကြံအောက်မေ့လျက် ဤသို့ ဥဒါန်းကျူး၏။

နတ်သားဥဒါန်းကျူးပုံ

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသ္သမွဒါ။
ကဋ္ဌေဝရံ မေ ပတိတံ၊ ဒေဝလောကေ ရမာမဟံ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အဟော၊ ဩော် အံ့သြဖွယ်ပါတကား။ ဓမ္မော၊ တရားတော်သည်။ အဟော၊ ဩော် အံ့သြဖွယ်ပါတကား။ နော၊

http://www.dhammadownload.com

ငါတို့အား။ သတ္ထု၊ မြတ်စွာဘုရား၏။ သမ္မဒါ၊ မြတ်စွာဘုရားပွင့်တော်မူသောအခါ နှင့် ကြုံကြိုက်နေရခြင်းသည်။ အဟော၊ သြော် အံ့သြဖွယ်ပါတကား။ မေ၊ ငါ၏။ ကဋ္ဌေဝရံ၊ ကိုယ်ကောင်သည်။ ပတိတံ၊ လူ့ပြည်၌ ကျန်၍နေရစ်၏။ အဟံ၊ ငါသည်ကား။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမာမိ၊ ပျော်မွေ့၍နေရ၏။

(သက္ကာယဒိဋ္ဌိ၊ မကင်း၍ ကိုယ်တခြား ငါကတခြား မှတ်ထင်လေသည်။)

ဥဒ္ဓိဒ္ဒံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

မယှံ၊ငါ၏။ ဘဝနံ၊ ဗိမာန်သည်။ ဥဒ္ဓိဒ္ဒံ၊ အစောက်အားဖြင့်။ သမုဂ္ဂတံ၊ ကောင်းစွာမြင့်တက်သည်ဖြစ်၍။ သတဘူမံ၊ ဘုံဆင့်တစ်ရာရှိ၏။ ကညာသတသဟဿာနိ၊ နတ်ကညာတစ်သိန်းတို့သည်။ မံ၊ ငါ့ကို။ သဒါ၊ အခါခပ်သိမ်း။ ပရိဝါရေန္တိ၊ ဝန်းရံ၍ နေကြကုန်၏။ နော၊ ငါတို့အား။ သတ္ထုသမ္မဒါ၊ မြတ်စွာဘုရား ပွင့်တော်မူခိုက်နှင့် ကြုံကြိုက်ခဲစွာ ပြည့်စုံလာခြင်းသည်။ အဟော၊ သြော် အံ့သြဖွယ်ပါတကား။

မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်ကို ရေသွန်းလောင်းသောအမျိုးကောင်းသားသည် နတ်သားဖြစ်၍ ဤသို့သော ဥဒါန်းဂါထာကို ကျူးရင့်လျက် ဘုံဆင့်တစ်ရာရှိသော နတ်ဘုံဗိမာန်ကြီးပေါ်၌ နတ်သမီးတစ်သိန်းတို့နှင့် ပျော်ပါးမွေ့လျော်စွာနေရသည်။ နတ်သက်တမ်းစေ့၍ နတ်ပြည်မှ စုတေကာ လူ့ပြည်သို့ ရောက်သော အခါ၌လည်း ဗောဓိပင်ကို နှံ့သာရေဖြင့် သွန်းလောင်းပူဇော်ရသော ကုသိုလ်အဟုန်အားဖြင့် ကိုယ်၏ပူပန်ခြင်း၊ စိတ်၏ပူပန်ခြင်း၊ သောကဗျာပါဒ ပူလောင်ခြင်းတရားတို့မှ ကင်းငြိမ်းလျက် ကိုယ်အေးစိတ်အေး အေးမြချမ်းသာစွာနေရ၏။

ထို့ပြင်လည်း ကမ္ဘာပေါင်း နှစ်ထောင့်နှစ်ရာထက်၌ သံဝသိတဒဲမည်ရှိသော စကြာမင်းတစ်ကြိမ် ဖြစ်ရသေး၏။

ငါတို့ဘုရားရှင်လက်ထက်

ယခုအခါ ငါတို့မြတ်စွာဘုရား ပွင့်တော်မူ၍ ဒေသစာရီကြွချီလျက် တရားဟောတော်မူရာတွင် ထိုဗောဓိပင်ကို ညောင်ရေသွန်းလောင်းသော နတ်သားသည် လူ၏ဘဝ၌ အမျိုးကောင်းသားဖြစ်၍နေ၏။ ရှေးကဆုတောင်း ကံဟောင်းကုသိုလ်ပါရမီသမ္ဘာရဉာဏ် ရင့်သန်သောအခါသို့ ရောက်သဖြင့် မြတ်စွာဘုရားနှင့် တွေ့ကြုံ

http://www.dhammadownload.com

သောအခါ သာသနာတော်၌ ရဟန်းပြုသည်။ ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ရ၏။

ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှု၍ မိမိကုသိုလ်ပါရမီ သမ္ဘာရ ဖြည့်ကျင့် ဆည်းပူးခဲ့သော အကြောင်းကို လူအပေါင်းတို့အား ထင်ရှားစွာ သိကြစေခြင်းငှာ ဖြည့်ကျင့်ခဲ့သည့် ကုသိုလ်တော်များအကြောင်း တရားတော်တို့ကို ဤသို့ ဟောတော်မူ၏။

ဗောဓိပင်ကို နံ့သာရေသွန်းလောင်းခြင်းအကျိုး

ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟု။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒကမဒါသဟံ။
နာနကာလေ စ ဗောဓိယာ၊ မဟာမဃော ပဝဿထ။
နိန္နာဒေါ စ မဟာ အာသိ၊ အသနိယာ ဖလန္တိယာ။

ပဒုမုတ္တရဗုဒ္ဓဿ၊ ပဒုမုတ္တရမြတ်စွာဘုရား၏။ မဟာဗောဓိမဟော၊ ဗောဓိပင် ညောင်ရေသွန်းပွဲတော်ကြီးသည်။ အဟု၊ ဖြစ်ဖူးပြီ။ အဟံ၊ ဂန္ဓောဒက နာမခေါ်တွင် ငါအရှင်သည်။ ဝိစိတ္တံ၊ ပန်းပြောက်တို့ဖြင့် ဆန်းကြယ်လှပသော။ ဃဋံ၊ အိုးကို။ အာဒါယ၊ ယူ၍။ ဂန္ဓောဒကံ၊ နံ့သာရေကို။ အဒါသိံ၊ တင်လှူဖူးပြီ။

ဗောဓိယာ၊ ဗောဓိပင်၌။ နာနကာလေစ၊ ရေသွန်းလောင်းသောအခါ၌ကား။ မဟာမဃော၊ သည်းထန်စွာသော မိုးကြီးသည်။ ပဝဿထ၊ ရွာသွန်း၍လာ၏။ အသနိယာ၊ မိုးကြိုးသည်။ ဖလန္တိယာ၊ ဖြန်းဖြန်းကွဲမျှ ထစ်ချုန်းသည်ရှိသော်။ နိန္နာဒေါစ၊ ပဲ့တင်မြည်ဟိန်း မိုးခြိမ်းသံသည်လည်း။ မဟာ၊ ကြီးမားလှစွာ။ အာသိ၊ ဖြစ်၏။

ထိုမိုးရွာစဉ် မိုးကြိုးပစ်သောအဟုန်ဖြင့် ထိုညောင်ရေသွန်းလောင်းသော နေရာ၌ ငါသည် သေခဲ့၏။ နတ်ပြည်၌ တည်နေသည်ဖြစ်လျက် ဤ နှစ်ဂါထာတို့ကို ရွတ် ဆို၏။

အဋ္ဌဂိသေ ကပ္ပသတေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗ္ဗလော။

အဋ္ဌဂိသေ ကပ္ပသတေ၊ နှစ်ထောင့်နှစ်ရာ ရှေးကမ္ပာထက်၌။ သတ္တရတန သမ္ပန္နော၊ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော။ မဟာဗ္ဗလော၊ ဉာဏ်အား ကိုယ်အား

http://www.dhammadownload.com

တန်ခိုးအားဖြင့် အားကြီးလှစွာသော။ သံဝသိတော၊ သံဝသိတအမည်ရှိသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟုံ၊ ဖြစ်ဖူးပြီ။

ဂန္ဓောဒကိယဏေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဩပဝယှဇဏေရ် အပဒါန်ဝတ္ထု

ဩပဝယှဏေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ ဥစ္စာပေါများသော အမျိုးကောင်းသားဖြစ်ရသည်။ မြတ်စွာဘုရား၌ ကြည်ညိုခြင်းကြောင့် အာဇာနည်သိန္ဓောမြင်းကို လှူဒါန်း၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ထိုအာဇာနည်သိန္ဓောမြင်းကို အလှူခံတော်မူ၏။ ထိုဒါယကာသည် ဃိန္ဓောအာဇာနည်မြင်းကို လှူပြီးလျှင် အိမ်သို့ပြန်သွားလေ၏။

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရား၏ ပထမအဂ္ဂသာဝကကြီး ဖြစ်တော်မူသော ဒေဝလဏေရ်သည် ထိုဒါယကာ၏အိမ်သို့သွား၍ ဤသို့ ပြောကြား၏။ ဒါယကာ၊ သင်သည် မြတ်စွာဘုရားကို သဒ္ဓါကြည်ညိုခြင်း လွန်ကဲ၍ သိန္ဓောမြင်းကို လှူ၏။ မြတ်စွာဘုရားသည် သိန္ဓောမြင်းနှင့် မအပ်မရာဖြစ်တော်မူသော်လည်း သင်၏အလိုကိုလိုက်၍ ကရုဏာတရား ရှေ့ထားတော်မူလျက် အလှူခံတော်မူ၏။

လှူခဲ့သောပစ္စည်းများ

ဤသို့ပြောကြားသောအခါ ထိုဒါယကာသည် သိန္ဓောအာဇာနည်မြင်းကို အဖိုးထား၍ ထိုသိန္ဓောမြင်း၏တန်ဖိုးငွေတို့ဖြင့် ဘုရားရှင်နှင့်အပ်စပ်သော အဝတ်သင်္ကန်း ကော်ဇောကတ္တီပါ သက္ကလပ်အစရှိသော ပစ္စည်းတို့ကိုလည်းကောင်း၊ ပရုတ် ကရဝေး၊ ငရုတ်ကောင်း၊ ဂျင်းစိမ်း အစရှိသော ဆေးပစ္စည်းတို့ကိုလည်းကောင်း ဝယ်ယူ၍ လှူပြန်၏။

ကောင်းမှု၏အကျိုး

ထိုဒါယကာသည် ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်၏စည်းစိမ်ကို ခံစားရ၏။ ထိုနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ဖြစ်သောအခါ ဧကရာဇ်မင်း

http://www.dhammadownload.com

နှစ်ဆယ့်ရှစ်ကြိမ်ဖြစ်ရပြီး စုတေပြန်သော် နတ်ပြည်၌ ဖြစ်ပြန်၏။ ဤကဲ့သို့ လူမင်း စည်းစိမ်၊ နတ်မင်းစည်းစိမ်တို့ကို စံစားရ၏။ ဖြစ်လေရာဘဝတို့၌လည်း လျင်မြန်သော သိန္ဓောမြင်းကိုရ၏။ ကမ္ဘာသုံးသောင်း လေးထောင်ထက်၌လည်း စကြာမင်း တစ်ကြိမ်ဖြစ်သေး၏။

ငါတို့ဘုရားရှင်လက်ထက်

ဤငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ ထိုသိန္ဓောမြင်းလှူသော ဒါယကာသည် လူ၏ဘဝကိုရပြန်သည်။ မြတ်စွာဘုရား၏တရားတော်ကို နာရ၍ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သော် အရဟတ္တဖိုလ်ကိုရ၏။

ရှေးကပြုခဲ့ဖူးသော ကုသိုလ်အားလျော်စွာ မြင်းယာဉ် လှူခဲ့ဖူးသောကြောင့် ဩပဝယှထေရ် ဟူ၍ ဘွဲ့အမည်အားဖြင့် ထင်ရှား၏။

ထိုဩပဝယှထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ကြည့်ရှု၍ ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ဖူးသော ကောင်းမှုများကို အကုန်မြင်သဖြင့် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ပြုခဲ့သော ကုံသိုလ်၏အကျိုးဆက်ကို ပြတော်မူခြင်းငှာ ဤသို့ဟော တော်မူ၏။

သိန္ဓောမြင်းလှူခြင်းအကျိုး

လာဘံ တေသံ သုလဒ္ဓံဝ၊ ယေ လဘန္တုပသမ္ပဒံ။
ပုနပိ ပယိရုပါသေယျံ၊ ဗုဒ္ဓေါ လောကေ သစေ ဘဝေ။

ယေ၊ အကြင်သူတို့သည်။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ လဘန္တိ၊ ရကြကုန်၏။ တေသံ၊ ထိုရဟန်းအဖြစ်ကို ရသောသူတို့၏။ လာဘံ၊ ရခြင်းသည်။ သုလဒ္ဓံဝ၊ ကောင်းသောရခြင်းသည်သာတည်း။ လောကေ၊ လူ့ပြည်၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရား သည်။ သစေဘဝေ၊ အကယ်၍ ပွင့်တော်မူလာငြားအံ့။ ပုနပိ၊ တစ်ဖန်လည်း။ ပယိရုပါသေယျံ၊ ဆည်းကပ်လို၏။

ပဒုမုတ္တရ ဗုဒ္ဓဿ၊ အာဇာနီယ' မဒါသဟံ။
နိယျာဒေတွာန သမ္ဗုဒ္ဓေ၊ အဂမာသိံ သကံ ဃရံ။

ဒေဝလော နာမ နာမေန၊ သတ္ထုနော အဂ္ဂသာဝကော။
ဝရဓမ္မဿ ဒါယာဒေါ၊ အာဂစ္ဆိ မမ သန္တိကံ။

http://www.dhammadownload.com

သ ပတ္တဘာရော ဘဂဝါ၊ အာဇာနေယ္ယော နု ကပ္ပတိ။
တဝ သက်ံပ္ပမညာယ၊ အဓိဝါသေသိ စက္ခုမာ။
အဂ္ဂါပေတွာ ဝါတဇံ၊ သိန္ဓဝံ သီဃဝါဟနံ။
ပဒုမုတ္တရဗုဒ္ဓဿ၊ ခမနီယမဒါသဟံ။
ယံ ယံ ယောနုံပပဇ္ဇာမိ၊ ဒေဝေ စ မာနုသေ ဘဝေ။
ခမနီယံ ဝါတဇံ၊ စိတ္တံ နိဗ္ဗတ္တတေ မမ။
အဋ္ဌဝိသတိကွတ္တုံဟံ၊ ရာဇာ အာသိ မဟဗ္ဗလော။
စာတုရန္တော ဝိဇိတာဝီ၊ ဧမ္ပုသဏ္ဍာသဏ္ဍသရော။

ပြုခဲ့သောကောင်းမှုများအကြောင်း ပြန်ဟောပြပုံ

ဘောန္တော ဥပါသကာယော၊ တရားတော်ကို နာကြကုန်သော ဥပါသကာ ဒါယကာအပေါင်း သူတော်ကောင်းတို့။ အဟံ၊ သြပဝယ္ဟ နာမထင်ပေါ် ငါထေရ် ကျော်သည်။ ပဒုမုတ္တရဗုဒ္ဓဿ၊ ပဒုမုတ္တရ မြတ်စွာဘုရားအား။ အာဇာနိယံ၊ အာဇာနည် သိန္ဓောမြင်းယာဉ်ကို။ အဒါသိံ၊ လှူခဲ့ဖူးပြီ။ သမ္မုဒ္ဓံ၊ ပဒုမုတ္တရမြတ်စွာဘုရားကို။ နိယျာဒေတွာန၊ သိန္ဓောမြင်းကို ဆောင်နှင်းလှူဒါန်းပြီး၍။ သက်ဃရံ၊ မိမိအိမ်သို့။ အဂမာသိံ၊ ပြန်လာခဲ့၏။

တဒါ၊ ထိုအခါ၌။ သတ္ထုနော၊ ပဒုမုတ္တရမြတ်စွာဘုရား၏။ နာမေန၊ အမည်တော်အားဖြင့်။ ဒေဝလောနာမ၊ ဒေဝလအမည်ရှိသော။ အဂ္ဂသာဝကော၊ အဂ္ဂသာဝကဖြစ်တော်မူသော။ ဝရဓမ္မဿ၊ လောကုတ္တရာ တရားမြတ်၏။ ဒါယာဒေါ၊ အမွေခံဖြစ်တော်မူသော ရဟန္တာအရှင်မြတ်ကြီးသည်။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆိ၊ ကြွလာတော်မူ၏။

အာဝုသော၊ သိန္ဓောမြင်းလှူသော ဒါယကာ။ တဝ၊ သင်ဒါယကာ၏။ သက်ံပ္ပံ၊ စိတ်အကြိုက်။ အညာယ၊ သိတော်မူ၍။ စက္ခုမာ၊ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရားသည်။ အဓိဝါသေသိ၊ သင့်အလှူကို သည်းခံတော်မူ၏။ သ-ပတ္တဘာရော၊ မိမိသပိတ်တော်လျှင် ယူဆောင်ရန်ဝန်ရှိသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဇာနေယ္ယော၊ အာဇာနည်သိန္ဓောမြင်းသည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဝါတဇံ၊ လေကဲ့သို့ လျင်မြန်ခြင်းရှိသော။ သီဃဝါဟနံ၊ လျင်မြန်သော ယာဉ်တော်ဖြစ်သော။ သိန္ဓဝံ၊ သိန္ဓောမြင်းကို။ အဂ္ဂါပေတွာ၊ အဖိုးထား၍။ (ဝါ)

http://www.dhammadownload.com

အဖိုးဖြတ်စေ၍။ ပဒုမုတ္တရ ဗုဒ္ဓသ၊ ပဒုမုတ္တရ မြတ်စွာဘုရားအား။ ခမနီယံ၊ သင့်လျော်လျောက်ပတ်သော ပရိက္ခရာကို။ အဟံ၊ ဝါသည်။ အဒါသိ'၊ လှူခဲ့ဖူးပြီ။

ယံယံယောနိ'၊ အကြင် အကြင်ဘဝသို့။ ဥပပဇ္ဇာမိ၊ ဖြစ်ရ၏။ ဒေဝေစ၊ နတ်ပြည်၌သော်လည်းကောင်း။ မာနုသေ စ ဘဝေ၊ လူ့ပြည်၌သော်လည်းကောင်း။ တေသု တေသု ဘဝေသု၊ ထိုထိုဖြစ်ရာဘဝတို့၌။ ခမနီယံ၊ ဝါနှင့်သင့်လျော် လျောက်ပတ်သော။ ဝါတဇံ၊ လေကဲ့သို့ လျင်မြန်သော သိန္ဓောမြင်းသည်။ မမ၊ ဝါ့အား။ ခိပ္ပံ၊ လျင်မြန်စွာ။ နိဗ္ဗတ္တတေ၊ ဖြစ်လာရ၏။

အဟံ၊ သြပဝယှဘွဲ့အမည်ရသော ဝါသည်။ အဋ္ဌဝီသတိကွတ္တုံ၊ နှစ်ဆယ့်ရှစ်ကြိမ်။ မဟာဗွလော၊ အားကြီးစွာသော။ စာတုရန္တော၊ သမုဒ္ဒရာလေးစင်းအဆုံးရှိသော။ ဝိဇိတာဝီ၊ အောင်ပြီးသောရန်ရှိသော။ ဇမ္ဗုသဏ္ဍသဿရော၊ ဇမ္ဗူဒိပ်အဝှမ်းကို အစိုးရသော။ ရာဇာ၊ ဧကရာဇ်မင်းသည်။ အာသိ၊ ဖြစ်ရဖူးလေပြီ။

စတုတိ'သ သဟဿမှိ၊ မဟာတေဇောသိ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗွလော။

စတုတိ'သ သဟဿမှိ၊ ကမ္ဘာသုံးသောင်း လေးထောင်ထက်၌။ မဟာတေဇော၊ ကြီးသောတန်ခိုးရှိသော။ ခတ္တိယော၊ ခတ္တိယမင်းမျိုးဖြစ်သော။ သတ္တရတနသမ္ပန္နော၊ စကြာရတနာ၊ ဆင်ပျံရတနာ၊ မြင်းပျံရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားကြီးရတနာ၊ သူဋ္ဌေးကြီးရတနာ၊ သားကြီးရတနာဟူသော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော။ မဟာဗွလော၊ အင်အားကြီးသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အာသိ၊ ဖြစ်ရ၏။

ဣဒံ ပစ္ဆိမကံ မယှံ၊ စရိမော ဝတ္တတေ ဘဝေါ။
ပတ္ထောသ္မိ အစလံ ဌာနံ၊ ဟိတ္တာ ဇယ ပရာဇယံ။

မယှံ၊ သြပဝယှနာမထင်ပေါ် ဝါထေရ်ကျော်၏။ ဣဒံ၊ ဤဘဝသည်။ ပစ္ဆိမကံ၊ နောက်ဆုံးဖြစ်၏။ စရိမော၊ အဆုံးစွန်ဖြစ်သော။ ဘဝေါ၊ ဘဝသည်။ ဝတ္တတေ၊ ဖြစ်၏။ ဇယ ပရာဇယံ၊ အောင်ခြင်းရှုံးခြင်းကို။ ဟိတ္တာ၊ ပယ်စွန့်၍။ အစလံ၊ ဖြစ်ပျက်မှောက်လှန် ရောက်ရက်ဆန်မျှ ဖောက်ပြန်တုန်လှုပ်ခြင်း မရှိသော။ ဌာနံ၊ နိဗ္ဗာန်သို့။ ပတ္ထော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။

သြပဝယှထေရ်အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

သပရိဝါရာသနထေရ် အပဒါန်ဝတ္ထု

ဤသပရိဝါရာသေနထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ ဥစ္စာပေါများသော အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။ သူသည် မြတ်စွာဘုရားအား အထူးထူးသော ဟင်းမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းကို ကပ်လှူ၏။ ဆွမ်းစား ကျောင်း၌ ညစ်နွမ်းပေရေသော နေရာတို့ကိုလည်း သုတ်သင်ရှင်းလင်း၍ ကြက်ရုံးပန်း၊ မြတ်လေးပန်းစသော ပန်းတို့ဖြင့် ခင်း၍ထား၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ပန်းကိုဖြင့် ခင်းထားသောနေရာ၌ သီတင်းသုံးတော်မူကာ ဆွမ်းကို အလှူခံတော်မူ၏။ အလှူခံတော်မူပြီးလျှင် ဤသို့ တရားဟောတော်မူ၏။

ဘုရားရှင်ဟောသော တရားတော်

ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။
တထေဝါယံ ပိဏ္ဍပါတော၊ သုခေတ္တေ ရောပိတော တယာ။
ဘဝေ နိဗ္ဗတ္တမာနမ္ပိ၊ ဖလံ တေ တောသယိဿတိ။

ယထာ၊ ဥပမာမည်သည်ကား။ ဘဒ္ဒကေ၊ ကောင်းသော။ ခေတ္တေ၊ လယ်၌။ ရောပိတံ၊ စိုက်ပျိုးကြဲမြှုပ်အပ်သော။ ဗီဇံ၊ မျိုးစေ့သည်။ အပ္ပိ၊ နည်းသော်လည်း။ သမ္မာဓာရံ၊ ရေအလျင်ကောင်းစွာ။ ပဝေစ္ဆန္တေ၊ မိုးရွာသည်ရှိသော်။ ကဿကံ၊ လယ်ထွန်ယောကျ်ား လယ်သမားကို။ ဖလံ၊ အသီးအနှံသည်။ တောသေတိ၊ နှစ်သက်အားရစေ၏။ တထေဝ၊ ထိုအတူပင်လျှင်။ အယံ ပိဏ္ဍပါတော၊ ဤဆွမ်းကို။ တယာ၊ သင်ဒါယကာသည်။ သုခေတ္တေ၊ အလွန်ကောင်းသော လယ်နှင့်တူသော ငါဘုရား၌။ ရောပိတော၊ စိုက်ပျိုးအပ်၏။ ဘဝေ၊ ဘဝသည်။ နိဗ္ဗတ္တမာနမ္ပိ၊ ဖြစ်သည်ရှိသော်။ တေ၊ သင်ဒါယကာအား။ ဖလံ၊ အကျိုးသည်။ တောသယိဿတိ၊ နှစ်သက်အားရစေလတ္တံ့။

ဤသို့ ဟောတော်မူပြီး ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆွမ်းကို အလှူခံတော်မူ၍ ကြွသွားတော်မူ၏။

ကောင်းမှု၏အကျိုး

ထိုဆွမ်းလှူသော ဒါယကာသည် ထိုကုသိုလ်ဖြင့် နတ်ပြည် လူ့ပြည်တို့၌ လူနတ်တို့၏ စည်းစိမ်ကို စံစားရသည်။

http://www.dhammadownload.com

ဤဘဒ္ဒကမ္ပာ၌ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏အဖြစ်ကို ရ၍ သာသနာတော်၌ ရဟန်းပြုလျက် ဝိပဿနာကို အားထုတ်သဖြင့် ရဟန္တာ ဖြစ်တော်မူ၏။ ရဟန္တာဖြစ်တော်မူပြီးနောက် ဤသို့ ဥဒါန်းကျူးတော်မူ၏။

သံဝုတော ပါတိမောက္ခသ္မိံ၊ ဣန္ဒြိယေသု စ ပဉ္စသု။
ပဝိဝေကမနုယုတ္တော၊ ဝိဟရာမိ အနာသဝေါ။

ပါတိမောက္ခသ္မိံ၊ ပါတိမောက္ခသီလ၌။ သံဝုတော၊ စောင့်ရှောက်လျက်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣန္ဒြိယေသုစ၊ ဣန္ဒြိယ သံဝရတို့၌လည်း။ သံဝုတော၊ စောင့်ရှောက်လျက်။ ပဝိဝေကံ၊ ဆိတ်ငြိမ်ခြင်းကို။ အနုယုတ္တော၊ အစဉ်မပြတ် ယှဉ်စေလျက်။ အနာသဝေါ၊ အာသဝမရှိဘဲ။ ဝိဟရာမိ၊ နေရပေ၏တကား။

သပရိဝါရာသနဆေရအပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ပဉ္စဒီကဆေရ် အပဒါန်ဝတ္ထု

ဤဒီပိကထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။ သူသည် ဗောဓိပင်ကို ဝန်းရံ၍ ဆီမီးညှိထွန်းလျက် ပူဇော်ခြင်းကို ပြု၏။

ထိုကုသိုလ်၏အစွမ်းအားဖြင့် ဖြစ်လေရာဘဝတို့၌ ကောင်းကင်မှ ဆီမီးတိုင်တို့သည် ထွန်းလင်းလျက် နေကုန်၏။ ထိုကုသိုလ်စေတနာကြောင့် ထက်ဝန်းကျင်မှ ယူဇနာတစ်ရာအတွင်း၌ တိုက်နံရံ တောင် မြေတို့ ခြားရာ၌လည်း ဖောက်ထွင်း၍ မြင်ခြင်းငှာတတ်နိုင်၏။ ထိုဆီမီးပူဇော်သော ကုသိုလ်ဖြင့် ကမ္ဘာပေါင်း သုံးထောင့်လေးရာထက်၌ စကြာမင်းဖြစ်၍ သတစက္ခုစကြာမင်းကြီးဟူ၍ ထင်ရှား၏။

ထိုဆီမီးပူဇော်သော ကံအားဖြင့် အာသဝေါကင်းသော ရဟန္တာ၏ အဖြစ်သို့ ရောက်၍ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် ဤသို့ အတိတ်အကြောင်းအရာတရားတော်ကို ပြန်လည်ဟောတော်မူ၏။

http://www.dhammadownload.com

ဗောဓိပင်ကို ဆီမီးပူဇော်ခြင်းအကျိုး

ယံ ယံ ယောနု'ပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အာကာသေ ဥက္ကာ ဓာရေန္တိ၊ ဒီပဒါနသိဒံ ဖလံ။
တိရောကုဋ္ဋံ တိရောပေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။
သမန္တာ ယောဇနသတံ၊ ဒဿနံ အနုဘောမ ဟံ။
တေန ကမ္မာဝသေသေန၊ ပတ္တောမှိ အာသဝက္ခယံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ ဒွိပဒိန္ဒဿ သာသနေ။
စတုတ္တိံသေ ကပ္ပသတေ၊ သတစက္ခု သနာမကာ။
ရာဇာ ဟေသုံ မဟာတေဇာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ယံ ယံ ယောနိံ၊ အကြောင်းအကြောင်ဘဝသို့။ ဥပပဇ္ဇာမိ၊ ဖြစ်ရ၏။ ဒေဝတ္တံ၊ နတ်အဖြစ်ကိုလည်းကောင်း။ အထ၊ ထို့ပြင်။ မာနုသံ၊ လူအဖြစ်ကိုလည်းကောင်း။ ဥပပဇ္ဇာမိ၊ ဖြစ်ရ၏။ အာကာသေ၊ ကောင်းကင်၌။ ဥက္ကာ၊ မီးရှူးမီးတိုင်တို့သည်။ ဓာရေန္တိ၊ ထွန်းလင်းကုန်၏။ ဣဒံ၊ ဤသည်ကား။ ဒီပဒါနဿ၊ ဆီမီးလှူရခြင်း၏။ ဖလံ၊ အကျိုးတည်း။

တိရောကုဋ္ဋံ တိုက်နံရံခြားရာ၌လည်းကောင်း။ တိရောသေလံ၊ တောင်ခြားရာ၌လည်းကောင်း။ ပဗ္ဗတံ၊ တောင်ကို။ သမတိဂ္ဂယှ၊ ဖောက်ထွင်း၍။ သမန္တာ၊ ထက်ဝန်းကျင်ပတ်လည်မှ။ ယောဇနသတံ၊ ယူဇနာတစ်ရာ။ ဒဿနံ၊ ကြည့်ရှု၍မြင်နိုင်ခြင်းကို။ အဟံ၊ ဒီပိကဟု နာမပေါ်ထင် ငါအရှင်သည်။ အနုဘောမိ၊ ခံစားရ၏။

တေန ကမ္မာဝသေသေန၊ ထိုကုသိုလ်ကံကြွင်းအားဖြင့်။ အာသဝက္ခယံ၊ အာသဝေါကုန်ခြင်းသို့။ ပတ္တောမှိ၊ ရောက်သည်။ အမှိ၊ ဖြစ်၏။ အန္တိမံ၊ အဆုံးစွန်ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဓာရေမိ၊ ဆောင်ရ၏။ ဒွိပဒိန္ဒဿ၊ အခြေနှစ်ချောင်းတို့ထက် အစိုးရခြင်း ရှိတော်မူသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ရမာမိ၊ မွေ့လျော်၏။

စတုတ္တိံ သေ ကပ္ပသတေ၊ သုံးထောင့်လေးရာရှေးကမ္ဘာထက်၌။ သတစက္ခု–သနာမကာ၊ သတစက္ခုဟူသော မိမိအမည်ရှိကုန်သော။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ မဟာတေဇာ၊ ကြီးသောတန်ခိုးရှိကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းတို့သည်။ အဟေသုံ၊ ဖြစ်ဖူးကုန်ပြီ။

ပဋ္ဌဒီပကထေရ်အပဒါန်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

ဓေဒါယကထေရ် အပဒါန်ဝတ္ထု

ဤဓေဒါယကထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဥစ္စာပေါများသော အမျိုးကောင်းသား ဖြစ်၍ ကောင်းမွန်သော အဝတ်ပဝါတို့ဖြင့် တံခွန်ကိုပြုလုပ်ကာ ဝါးလုံးဖျား၌ဆွဲပြီးလျှင် ဗောဓိပင်ကို ပူဇော်၏။ ဗောဓိပင်ရင်း၌ ကျသော အရွက်ခြောက်အမှိုက်တို့ကိုလည်း ကောက်ယူသုတ်သင် ရှင်းလင်း၍ အပြင်အပသို့ စွန့်ပစ်၏။ မြတ်စွာဘုရားကို ရှိခိုးသကဲ့သို့ ဗောဓိပင်ကို ရှိခိုး၏။

ထိုသို့ ဗောဓိပင်ကိုပူဇော်ခြင်း၊ ရှိခိုးခြင်းကိုပြုသော ဒါယကာအား ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ဘိက္ခဝေ သံယေဠိတော သတ္ထာ၊ ဣမာ ဂါထာ အဘာသထ။
ဣမိနာ ဓေဒါနေန၊ ဥပဋ္ဌာနေန စူဘယံ။
ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိံ သော နုပဂစ္ဆတိ။
ဒေဝေသု ဒေဝသောဘဂ္ဂံ၊ အနုဘောဿတိ နပ္ပကံ။
အနေကသတ ခတ္တုံ စ၊ ရာဇာ ရဋ္ဌေ ဘဝိဿတိ။
ဥဂ္ဂတော နာမ နာမေန၊ စက္ကဝတ္တီ ဘဝိဿတိ။
သမ္ပတ္တိံ အနုဘောတ္ဝာန၊ သုက္ကမူလေန စောဒိတော။
ဂေါတမဿ ဘဂဝတော၊ သာသနေ ဘိရမိဿတိ။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေသံယေဠော၊ ရဟန်းတော်များ အလယ်၌။ ဌိတော၊ တည်နေတော်မူလျက်။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသထ၊ မိန့်တော်မူပြီ။ ဣမိနာဓေဒါနေန၊ ဤတံခွန်ကို လှူရသော ကုသိုလ်ဖြင့်လည်းကောင်း။ ဥပဋ္ဌာနေန၊ လုပ်ကျွေးပြုပြင် သုတ်သင်ရှင်းလင်းသော ကုသိုလ်ဖြင့်လည်းကောင်း။ ဥဘယံ၊ နှစ်ပါးစုံသော ကုသိုလ်ဖြင့်။ ကပ္ပါနံ၊ ကမ္ဘာတို့၏။ သတသဟဿံ၊ တစ်သိန်းပတ်လုံး။ ဒုဂ္ဂတိံ၊ အပါယ်ဒုဂ္ဂတိသို့။ သော၊ ထိုတံခွန်လှူသော ဒါယကာသည်။ နဂစ္ဆတိ၊ မရောက်။ ဒေဝေသု၊ နတ်ပြည်ခြောက်ထပ်တို့၌။ ဒေဝသောဘဂ္ဂံ၊ နတ်ကောင်းနတ်မြတ်ဖြစ်၍။ အနုဘဝိဿတိ၊ များစွာသော။ သမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ အနုဘောသတိ၊ စံစားရလတ္တံ့။ အနေကသတက္ခတ္တုံစ။ အကြိမ်တစ်ရာမက။ ရာဇာ၊ ပဒေသရာဇ်မင်းသည်။ ရဋ္ဌေ၊ တစ်တိုင်းတစ်ပြည်လုံး၌။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

http://www.dhammadownload.com

ဥဂ္ဂတော နာမ နာမေန၊ ဥဂ္ဂတဟူသော အမည်ဖြင့်။ စက္ကဝတ္တိ၊ စကြာမင်း သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သမ္မတ္တိ၊ စည်းစိမ်ကို။ အနုဘောတွာန၊ စံစားပြီး၍။ သုက္ကမူလေန၊ ဖြူစင်သန့်ရှင်း ကုသိုလ်ရင်းသည်။ စောဒိတော၊ တိုက်တွန်းသည်ဖြစ်၍။ ဂေါတမဿ ဘဂဝတော၊ ဂေါတမမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ အဘိရမိဿတိ၊ မွေ့လျော်လတ္တံ့။

ကောင်းမှု၏အကျိုး

ဤသို့ ပဒုမုတ္တရမြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားတော်ကို ကြားနာရ၍ အလွန်ဝမ်းမြောက်သော စိတ်ရှိလျက် ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ ဖြစ်လေ၏။ နတ်ပြည်ခြောက်ထပ်တို့၌ အစဉ်အတိုင်း နတ်စည်းစိမ်ကို စံစားရ၍ လူ့ပြည်၌ တစ်ဖန်ဖြစ်လာပြန်သောအခါ တစ်တိုင်းတစ်ပြည်လုံးကို အုပ်စိုးရသော ပဒေသရာဇ်မင်းအဖြစ်သည် အကြိမ်တစ်ရာမက ဖြစ်ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရားလက်ထက်တော်တွင် မြတ်သောအမျိုး၌ဖြစ်၍ သားမယား၊ စည်းစိမ်အခြံအရံတို့နှင့် ပြည့်စုံစွာနေရသည်။ သူသည် သာသနာတော်ကို ကြည်ညိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို နာယူသည်။ ထို့နောက် အိမ်ထောင်မှုကိစ္စကို ပယ်ရှား၍ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင် ရဟန္တာဖြစ်တော်မူသည်။

ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် သူ၏ရှေးဘဝတို့ကို ကြည့်ရှုလျက် ဝမ်းမြောက်သောစိတ်ဖြင့် ဤသို့ ဥဒါန်းကျူးကာ ဤတရားတော်ကို ဟောတော်မူ၏။

တံခွန်လှူခြင်းအကျိုး

ပဒုမုတ္တရဗုဒ္ဓဿ၊ ဗောဓိယာ ပါဒတ္တမေ။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ဓဇမာရောပယိ အဟံ။
ပတိတပတ္တာနိ ဂဏှိတွာ၊ ဗဟိဒ္ဓါ ဆဋ္ဌယိ အဟံ။
အန္တောသုဒ္ဓံ ဗဟိသုဒ္ဓံ၊ အဓိမုတ္တမနာသဝံ။
သမ္မုခါဝိယ သမ္မုဒ္ဓံ၊ အဝန္ဒိ ဗောဓိမုတ္တမံ။

http://www.dhammadownload.com

အဟံ၊ ဓဒေါယ့က နာမထင်ပေါ် ငါထေရ်ကျော်သည်။ ပဒုမုတ္တရဗုဒ္ဓသ၊ ပဒုမုတ္တရ မြတ်စွာဘုရား၏။ ဗောဓိယာ၊ လေးပါးသစ္စာ ပွင့်လင်းရာဖြစ်တော်မူသော။ ပါဒပုတ္တမေ၊ ဗောဓိပင်မြတ်၌။ ဟဋ္ဌော၊ ရွှင်လန်းသောငါသည်။ ဟဋ္ဌေန၊ ရွှင်လန်းသော။ စိတ္တေန၊ စိတ်ဖြင့်။ ဓဇံ၊ တံခွန်ကို။ အာရောပယိ၊ တင်လှူခဲ့ဖူးပြီ။ ပတိတပတ္တာနိ၊ အောက်သို့ကြွေကျသော အရွက်ခြောက် အမိုက်တို့ကိုလည်း။ ဂဏှိတွာ၊ ကောက်ယူ၍။ ဗဟိဒ္ဓါ၊ အပြင်အပသို့။ ဆဋ္ဌယိ၊ စွန့်ပစ်သုတ်သင်ခဲ့ပြီ။ အန္တောသုဒ္ဓံ၊ အတွင်းစိတ်ဓောတ်၌ စင်ကြယ်ခြင်းရှိတော်မူသော။ ဗဟိသုဒ္ဓံ၊ အပကိုယ်တော်၌ စင်ကြယ်တော်မူသော။ အဓိမုတ္တံ၊ ကိလေသာတို့မှ လွတ်ကင်းတော်မူသော။ အနာဝသံ၊ အာသဝေါ ကင်းတော်မူပြီးသော။ သမ္မဒ္ဒံ၊ မြတ်စွာဘုရားကို။ အဝန္ဒိံ၊ ရှိခိုးပြီ။ သမ္မဒ္ဒံ၊ မြတ်စွာဘုရားကို။ သမ္မုခါ၊ မျက်မှောက်တော်၌။ အဝန္ဒိံ ဝိယ၊ ရှိခိုးသကဲ့သို့။ ဗောဓိမုတ္တမံ၊ ဗောဓိပင်မြတ်ကိုလည်း။ အဝန္ဒိံ၊ ရှိခိုးဖူးခဲ့ပြီ။

ဇကပညာသ သဟဿေ၊ ကပ္ပေ ဥဋ္ဌတ သဝ့ယော။
ပညာသ သတသ ဟဿေ၊ ခတ္တိယော မေဃ သဝ့ယော။

ဇကပညာသ သဟဿေ၊ ငါးသောင်းတစ်ထောင်ဖြစ်သော။ ကပ္ပေ၊ ရှေးကမ္ဘာထက်၌။ ဥဋ္ဌတ သဝ့ယော၊ ဥဋ္ဌတ စကြာမင်းဟူသော အမည်ရှိသော စကြာမင်းသည်။ အဟောသိ၊ ဖြစ်ဖူးပြီ။

ပညာသ သတသဟဿေ၊ ကမ္ဘာငါးသန်း အထက်၌။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ မေဃ သဝ့ယော၊ မေဃဟုအမည်ရှိသော စကြာမင်းသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးပြီ။

ဓဒေါယကထေရ် အပဒါန်ဝတ္ထု ပြီး၏

●●●●●●●●●●

ပဒုမထေရ် အပဒါန်ဝတ္ထု

ဤပဒုမထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ အမျိုးကောင်းသားဖြစ်ခဲ့ရသည်။ လူပရိသတ် အပေါင်းတို့အား မြတ်စွာဘုရား တရားဟောတော်မူ

http://www.dhammadownload.com

နေစဉ် ပဒုမ္မာကြာပန်းဘို့ကို လက်ကကိုင်၍ ရပ်လျက် ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။ ထိုကြာပဒုမ္မာ ပန်းခိုင်သည် မြတ်စွာဘုရားအထံသို့ အံ့သြဖွယ်အသွင်ဖြင့် ရောက်သွား၏။

မြတ်စွာဘုရားသည် ထိုကြာပန်းခိုင်ကို လက်တော်ဖြင့် ခံယူတော်မူကာ ရဟန်း သံဃာတော်တို့၏အလယ်၌ သီတင်းသုံးတော်မူလျက် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ယေနိဒံ ပဒုမံ ခိတ္တံ၊ သဗ္ဗညုမှိ ဝိနာယကေ။
တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။
တိံသကပ္ပါနိ ဒေဝိန္ဒော၊ ဒေဝရဇ္ဇံ ကရိဿတိ။
ပထဗျာ ရဇ္ဇံ သတ္တသတံ၊ ဝသုဓံ အာဝသိဿတိ။
တတ္ထ ပတ္တံ ဂဟေတွာန၊ စက္ကဝတ္တီ ဘဝိဿတိ။
အာကာသတော ပုပ္ဖဝုဋ္ဌိ၊ အဘိဝဿိဿတိ တဒါ။

ယေန၊ အကြင်ဒါယကာသည်။ သဗ္ဗညုမှိ ဝိနာယကေ၊ သဗ္ဗညုမြတ်စွာဘုရား၌။ ဣဒံ ပဒုမံ၊ ဤပဒုမ္မာကြာပန်းကို။ ခိတ္တံ၊ လှူဝေသောအားဖြင့် မြှောက်၍ပစ်၏။ တံ၊ ထို ဒါယကာကို။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဗျာဒိတ်စကားမိန့်ကြားပေအံ့။ မမ၊ ငါဘုရား၏။ ဘာသတော၊ ဗျာဒိတ်စကားတော်ကို။ သုဏာထ၊ နာကြားကြကုန်လော့။

တိံသကပ္ပါနိ၊ ကမ္ပာသုံးဆယ်တို့ပတ်လုံး။ ဒေဝိန္ဒော၊ နတ်တို့ကို အစိုးရလျက်။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ ပထဗျာရဇ္ဇံ၊ ဧကရာဇ်မင်းအဖြစ်သည်။ သတ္တသတံ၊ ခုနစ်ရာ။ ဝသုဓံ၊ မြေအပြင်ကို။ အာဝသိဿတိ၊ အုပ်စိုးရ၍ နေရလတ္တံ့။

တတ္ထ၊ ထိုပဒုမ္မာကြာပန်းခိုင်၌။ ပတ္တံ၊ ပွင့်ချပ်ကို။ ဂဟေတွာန၊ ရေတွက်၍။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ထိုစကြာမင်းဖြစ်သောအခါ၌။ အာကာသတော၊ ကောင်းကင်မှ။ ပုပ္ဖဝုဋ္ဌိ၊ ပန်းမိုးသည်။ အဘိဝဿိဿတိ၊ ရွာသွန်းလတ္တံ့။

ဤသို့ပဒုမုတ္တရမြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားကို ကြားနာရ၍ အလွန်ဝမ်းမြောက်သောစိတ်ရှိလျက် စုတေသောအခါ နတ်ပြည်၌ဖြစ်၏။

http://www.dhammadownload.com

ကမ္ဘာပေါင်း သုံးဆယ်ပတ်လုံး နတ်မင်းဖြစ်၍ နတ်၏စည်းစိမ်ကို စံစားရ၏။ လူ့ပြည်၌ ဖြစ်သောအခါလည်း ဓမ္မဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးရသော ဧကရာဇ်မင်း အဖြစ် အကြိမ်ပေါင်း ခုနစ်ရာဖြစ်၍ စကြာမင်းအဖြစ်၌ ပဒုမ္မာကြာပန်း၏ ပွင့်ချပ် အရေအတွက်အတိုင်း ဖြစ်ရ၏။

ထိုစကြာမင်းဖြစ်သောဘဝတို့၌ ပဒုမ္မာကြာပန်းတို့သည် ကောင်းကင်မှ မိုးရွာသကဲ့သို့ ကျလာကုန်၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ အမျိုးမြတ်သောအိမ်၌ လူဖြစ်ရသည်။ ငါးနှစ်သားအရွယ်သို့ ရောက်လျှင် ရှင်သာမဏေပြုကာ မကြာမြင့်မီ ပင်လျှင် ရဟန္တာဖြစ်၏။

ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးသော ပဒုမထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် ဤသို့ရှေးကပြုခဲ့သော ကောင်းမှု အကြောင်း တရားတော်ကို ဟောကြားတော်မူ၏။

ပဒုမ္မာကြာပန်းလှူခြင်းအကျိုး

စတုသစ္စံ ပကာသေန္တော၊ ဝရဓမ္မပ္ပဝတ္တကော။
ဝဿတေ အမတံ ဝုဋ္ဌိ၊ နိဗ္ဗာပေန္တော မဟာဇနံ။

စတုသစ္စံ၊ သစ္စာလေးရပ် တရားမြတ်ကို။ ပကာသေန္တော၊ ထင်ရှားစွာပြတော်မူလျက်။ ဝရဓမ္မပ္ပဝတ္တကော၊ မြတ်သောတရားတော်ကို ဖြစ်စေတတ်သော မြတ်စွာဘုရားသည်၊ မဟာဇနံ၊ များစွာသော လူအပေါင်းကို။ နိဗ္ဗာပေန္တော၊ ငြိမ်းအေးစေလျက်။ အမတံ ဝုဋ္ဌိ၊ မအိုမသေ အမြဲနေရသော အမတမိုးကြီးကို။ ဝဿတေ၊ ရွာသွန်းတော်မူ၏။

သဓံ ပဒုမံ ဂယှ၊ အမုကောသေ ဌိတော အဟံ။
ပဒုမုတ္တရမုနိဿ၊ ဟဋ္ဌော ဥက္ခိပိ' မမ္မရေ။

ဥပါသကာယော၊ ဥပါသကာ ဒါယကာကြီးတို့။ အဟံ၊ ငါးနှစ်သားကတရား၍ ပဒုမမည်ခေါ် ငါထေရ်ကျော်သည်။ သဓံ-တံခွန်အလံနှင့်တကွ။

http://www.dhammadownload.com

ပဒုမံ၊ ပဒုမ္မာကြာပန်းကို။ ဂယှ၊ လက်ဖြင့်ကိုင်ယူ၍။ အမုကောသေ၊ တစ်ကောသ၏ ထက်ဝက်ဖြစ်သော အရပ်ဌာနမှ။ ဠိတော၊ ရပ်လျက်။ ပဒုမုတ္တရမုနိသ၊ ပဒုမုတ္တရ အမည်တော်ရှိသော မြတ်စွာဘုရား၏။ သန္တိကံ၊ အထံတော်သို့။ ဟဋ္ဌော၊ ရွှင်လန်းသော စိတ်ရှိလျက်။ အမ္ဗရော၊ ကောင်းကင်သို့။ ဥက္ခိပိ၊ မြှောက်ပစ်၍ ပူဇော်ဖူးခဲ့ပြီ။

အာဂစ္ဆန္တေ စ ပဒုမေ၊ အမ္ဗုတော အာသိ တာဝဒေ။
မမ သင်္ကပ္ပမညာယ၊ ပဂ္ဂဏှိ ဝဒတံ ဝရော။

ပဒုမေ၊ တစ်ကောသ၏ ထက်ဝက်သော အရပ်မှနေ၍ ပစ်လိုက်သော ပဒုမ္မာကြာပန်းသည်။ အာဂစ္ဆန္တေ၊ လာသည်ရှိသော်။ တာဝဒေ၊ ထိုမျှလောက် ဝေးကွာသော ခရီးလမ်း ကောင်းကင်၌။ အမ္ဗုတော၊ မြင်သမျှလူအပေါင်းတို့ အံ့သြခြင်းသည်။ အာသိ၊ အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။

ဝဒတံ၊ တရားဟော ပုဂ္ဂိုလ်တို့ထက်။ ဝရော၊ မြတ်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားသည်။ မမ၊ ငါ၏။ သင်္ကပ္ပံ၊ စိတ်အကြံကို။ အညာယ၊ သိတော်မူ၍။ ပဂ္ဂဏှိ၊ လက်တော်ဖြင့် ခံယူတော်မူ၏။

ကရသေဋ္ဌေန ပဂ္ဂယှ၊ ဧလဇံ ပုပ္ဖ မုတ္တမံ။
ဘိက္ခုသံဃေ ဌိတော သတ္ထာ၊ ဣမာ ဂါထာ အဘာသထ။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာတို့၏ အလယ်၌။ ဌိတော၊ ရပ်တော်မူလျက်။ ကရသေဋ္ဌေန၊ လက်တော်မြတ်ဖြင့်။ ဧလဇံ၊ ရွှေ၌ဖြစ်သော။ ပုပ္ဖမုတ္တမံ၊ မြတ်သော ပဒုမ္မာကြာပန်းကို။ ပဂ္ဂယှ၊ ခံယူတော်မူပြီး၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသထ၊ ဟောတော်မူ၏။

ယေနိဒံ ပဒုမံ ခိတ္တံ၊ သဗ္ဗညုမှိ ဝိနာယကေ။
ထမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။

ယေန၊ အကြင်ဒါယကာသည်။ သဗ္ဗညုမှိဝိနာယကေ၊ သဗ္ဗညုမြတ်စွာဘုရား၌။ ဣမံ ပဒုမံ၊ ဤပဒုမ္မာကြာပန်းကို။ ခိတ္တံ၊ ပူဇော်သောအားဖြင့် မြှောက်၍ပစ်၏။ တံ၊ ထိုဒါယကာကို။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဗျာဒိတ်စကား မိန့်ကြားပေအံ့။ မမ၊ ငါဘုရား၏။ ဘာသတော၊ ဟောတော်မူသော ဗျာဒိတ်စကားကို။ သုဏာထ၊ နားထောင်ကြကုန်လော့။

http://www.dhammadownload.com

ထိုငါးနှစ်သားအရွယ်က တရားရသဖြင့် ပဒုမထေရ်ဟု ကျော်စောခြင်းရှိတော်မူသော အရှင်မြတ်ကလေးသည် မိမိ၏အကြောင်းကို ဖော်ပြလိုသဖြင့် ဤတရားကို ဟောတော်မူပြန်၏။

နိက္ခမိတွာန ကုစ္ဆိမှာ၊ သမ္မဇာနော ပတိဿတော။
ဇာတိယာ ပဉ္စဝဿော၊ အရဟတ္တံ အပါပုဏိ။

ငါးနှစ်သားအရွယ်မှာ ရဟန္တာဖြစ်သူ

သမ္မဇာနော၊ ပညာဆင်ခြင်ခြင်းရှိလျက်။ ပဋိဿတော၊ သတိရှိလျက်။ ကုစ္ဆိမှာ၊ အမိဝမ်းမှ။ နိက္ခမိတွာန၊ ထွက်လာခဲ့ပြီး၍။ ဇာတိယာ၊ မွေးဖွားသည်မှ။ ပဉ္စဝဿိကော၊ ငါးနှစ်သား အရွယ်ရှိသော။ အဟံ၊ ငါ ပဒုမထေရ်မြတ်သည်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ အပါပုဏိ၊ ရောက်ခဲ့ပေပြီ။

ပဒုမထေရ်အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အသနဇောဓိယထေရ် အပဒါန်ဝတ္ထု

အသနဇောဓိယထေရ်သည် တိဿမြတ်စွာဘုရား၏ လက်ထက်တော်၌ အမျိုးကောင်းသားဖြစ်ခဲ့သည်။ မြတ်စွာဘုရားအထံသို့ ခုနစ်နှစ်သားအရွယ်မှစ၍ ဆည်းကပ်၏။

ပိတောက်ဖောဓိပင် စိုက်ပျိုးခဲ့သူ

ထိုအခါ တိဿမြတ်စွာဘုရား ပွင့်တော်မူရာဖြစ်သော အသနအမည်ရှိသော ပိတောက်ပင်မှ အသီးကိုယူ၍ အစေ့ကိုထုတ်ပြီးလျှင် ကောင်းစွာစိုက်ပျိုးသည်။ ပိတောက်ပင်ငယ် ပေါက်သည်ရှိသော် ငါးနှစ်ပတ်လုံး ရေသွန်းလောင်းကာပူဇော်၏။ ငါးနှစ်ရှိသောအခါ ပိတောက်ပင်သည် ပွင့်၏။ ပိတောက်ပင် ပွင့်သည်ကို မြင်သောအခါ ထိုပိတောက်ပင် ဖောဓိကို စိုက်ပျိုးသော ဒါယကာသည် အံ့သြခြင်း

http://www.dhammadownload.com

ဖြစ်၍ တိသမြတ်စွာဘုရားအထံသို့ ဆည်းကပ်လျက် ပိတောက်ပင်ဗောဓိပွင့်သော အကြောင်းကို လျှောက်ကြား၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ထိုအခါ တိသမြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့၏ အလယ်၌ စံပါယ်တော်မူလျက် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ချစ်သားရဟန်းတို့၊ ဤဒါယကာသည် ငါဘုရားကိုလည်း ပူဇော်၏။ ငါဘုရား ပွင့်တော်မူသော ဗောဓိပင်မှအသီးကို ယူ၍ အစေ့ကိုလည်း စိုက်ပျိုးသည်။ ရေသွန်းလောင်း၍လည်း ပူဇော်၏။ ထိုဒါယကာသည် ဗောဓိပင်ကို စိုက်ပျိုး၍ ပူဇော်ရသော ကုသိုလ်စေတနာဖြင့် ကမ္ဘာသုံးဆယ်ပတ်လုံး နတ်မင်းဖြစ်၍ နတ်၏ စည်းစိမ်ကို ခံစားရလတ္တံ့။ လူ့ပြည်၌ဖြစ်သောအခါ၌လည်း ခြောက်ဆယ့်လေးကြိမ် စကြာမင်းဖြစ်၍ မင်းစည်းစိမ်ကို စံစားရလတ္တံ့။ ဤသို့ လူနတ်တို့၏ စည်းစိမ်ကို စံစားပြီး အဆုံးရောက်သော နောက်ဘဝ၌ တုသိတာနတ်ပြည်မှ စုတေကာလူ၏အဖြစ်ကို ရလတ္တံ့၊ ထိုအခါ၌ ကမ္ဘဋ္ဌာန်းကို အားထုတ်၍ ရဟန္တာဖြစ်လတ္တံ့။

ကောင်းမှုအကျိုး စံစားရပုံ

ဤသို့ တိသမြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားတော်ကို ကြားရသောအခါ အလွန်ဝမ်းမြောက်သောစိတ်ရှိလျက် အသက်ရှည်သရွေ့ တိသမြတ်စွာဘုရားကိုလည်းကောင်း၊ တိသမြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်မှ အသီးကို ယူဆောင်၍ စိုက်ပျိုး ကိုးကွယ်သည့် ပိတောက်ပင် ဗောဓိပင်ကိုလည်းကောင်း ပူဇော်၍ စုတေသောအခါ နတ်ပြည်၌ဖြစ်၏။ နတ်ပြည်ခြောက်ထပ်တို့၌ အစဉ်အတိုင်း နတ်မင်းဖြစ်၍ ကမ္ဘာသုံးဆယ်ပတ်လုံး နတ်စည်းစိမ်ကို စံစားရ၏။ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သောအခါ စကြာမင်းကြီး ခြောက်ဆယ့် လေးကြိမ်ဖြစ်ကာ မင်း၏စည်းစိမ်ကို စံစားရ၏။

ငါတို့ဘုရားရှင်လက်ထက်

ယခုအခါ ဤဘဒ္ဒကမ္ဘာထက်၌ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ လူ၏အဖြစ်ကိုရပြန်သည်၊ ခုနစ်နှစ်သားအရွယ်ကပင်လျှင် ရှင်သာမဏေပြုသည်။

F-58A ထေရအပဒါန်

http://www.dhammadownload.com

သင်္ကန်း၀တ်ရန် ဦးခေါင်း၌ဆံပင်တို့ကို သင်တုန်းဓားဖြင့် ရိတ်၍ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက်သာလျှင် ရဟန္တာအဖြစ်သို့ ရောက်သည်။

ပဒုမုတ္တရနိ၀ါသအာဘိညာဉ်ဖြင့် ရှေးဘ၀တို့ကို ကြည့်ရှုသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ပွင့်တော်မူသော တိဿမြတ်စွာဘုရား လက်ထက်တော်တွင် ဗောဓိပင်စိုက်ပျိုး ပူဇော်ခဲ့ဖူးသည်ကို မြင်တော်မူ၍ ဝမ်းမြောက်သောစိတ်ဖြင့် ဥဒါန်းကို ကျူးလွန်ကုန် ဤတရားတော်ကိုဟောကြားတော်မူ၏။

ဗောဓိပင်စိုက်ပျိုး၍ ရသွန်းလောင်းခြင်းအကျိုး

တိဿဿာဟံ ဘဂ၀တော၊ လောကဇေဋ္ဌဿ တာဒိနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ရောပယိံ ဗောဓိမုတ္တမံ။
အသနော နာမ ဓေယျော၊ ဓရဏီ ရုဟပါဒပေါ။
ပဋ္ဌ၀ဿေ ပရိစရိံ၊ အသနံ ဗောဓိမုတ္တမံ။
ပုပ္ဖိတံ ပါဒပံ ဒိသွာ၊ အဗ္ဘုတံ လောမဟံသနံ။
သကံ ကမ္မံ ပကိတ္တေန္တော၊ ဗုဒ္ဓသေဋ္ဌံ ဥပါဂမိံ။

ဘော ဥပါသကာယော၊ အိုဒါယကာတို့။ အဟံ၊ ခုနစ်နှစ်သားအရွယ် နဇယ်စွာလ အသနဗောဓိ မည်ရှိထင်ပေါ် ငါထေရ်ကျော်သည်။ လောကဇေဋ္ဌဿ၊ လူတို့ထက်မြတ်တော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ တိဿဿ ဘဂ၀တော၊ တိဿမြတ်စွာဘုရား၏။ ဥတ္တမံ၊ မြတ်သော။ ဗောဓိ၊ ဗောဓိပင်ကို။ ဟဋ္ဌော၊ ရွှင်လန်းစွာ။ ဟဋ္ဌေန၊ ရွှင်လန်းသော။ စိတ္တေန၊ စိတ်ဖြင့်။ ရောပယိံ၊ စိုက်ပျိုးပူဇော်ခဲ့ဖူးလေပြီ။

ဓရဏီရုဟော၊ မြေပေါ်၌ပေါက်သော။ ပါဒပေါ၊ သစ်ပင်သည်။ နာမဓေယျော၊ အမည်အားဖြင့်။ အသနော၊ ပိတောက်ပင်မည်၏။ အသနံ၊ ပိတောက်ပင်မည်သော။ ဗောဓိမုတ္တမံ၊ ဗောဓိပင်မြတ်ကို။ ပဋ္ဌ၀ဿေ၊ ငါးနှစ်ပတ်လုံး။ ပရိစရိံ၊ ရသွန်းလောင်းကာ လုပ်ကျွေးဆည်းကပ်ခဲ့ပြီ။ အဗ္ဘုတံ၊ အံ့သြဖွယ်။ လောမဟံသနံ၊ ကြက်သီးထဖွယ်။ ပုပ္ဖိတံ၊ ပွင့်၍နေသည်ကို။ ဒိသွာ၊ မြင်ရ၍။ သကံကမ္မံ၊ မိမိပြုလုပ်သော ကုသိုလ်ကို။ ပကိတ္တေန္တော၊ လျှောက်ကြားလိုသည်ဖြစ်၍။ ဗုဒ္ဓသေဋ္ဌံ၊ တိဿမြတ်စွာဘုရားအထံသို့။ ပါဂမိံဗျာ၊ ကပ်ရောက်ခဲ့ပြီ။

ခုနစ်နှစ်သားအရွယ် နဇယ်စွာလ အသနဗောဓိအမည်ရှိသော ရဟန္တာအရှင်မြတ်ကလေးသည် ဗောဓိပင်စိုက်ပျိုး၍ ကိုးကွယ်ပူဇော်ခြင်းကြောင့် လောကီ

http://www.dhammadownload.com

လောကုတ္တရာ စည်းစိမ်အမျိုးမျိုးတို့ ရရှိပုံပြတော်မူလို၍ ဤဂါထာ တို့ကို ဟောတော် မူပြန်၏။

လောကုတ္တရာအကျိုး ခံစားရပုံ

ဝိဝေကမနုယုတ္တောဟံ၊ ဥပသန္တော နိရူပဓိ။
နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝေါ။

ဘော န္တော ဥပါသကာယော၊ အို ဥပါသကာ ဒါယကာတို့။ အဟံ၊ ခုနစ်နှစ်သားအရွယ် နှနယ်လုစွာ ရဟန္တာဖြစ်သော ငါသည်။ ဝိဝေက်၊ ဆိတ်ငြိမ်ခြင်းကို။ အနုယုတ္တော၊ အစဉ်မပြတ် ယှဉ်နေလျက်။ ဥပသန္တော၊ ကိလေသာငြိမ်းအေးသည် ဖြစ်၍။ နိရူပဓိ၊ တဏှာဥပဓိကင်းစင်ဘိ၍။ ဗန္ဓနံ၊ အနှောင်အဖွဲ့ကို။ ဆေတွာ၊ ဖြတ်တောက်၍။ ဂစ္ဆန္တော၊ သွားသော။ နာဂေါဝ၊ ဆင်ပြောင်ကြီးကဲ့သို့။ ဗန္ဓနံ၊ ကိလေသာနှင့်တဏှာချည်ဆွဲ ခိုင်မြဲစွာလှ ဒုက္ခဖိစီး ကြိုးလွန်ကြီးကို။ ဆေတွာ၊ ဖြတ်တောက်၍။ အနာသဝေါ၊ အာသဝေါး လွတ်ကင်းဝေးလျက်။ ဝိဟရာမိ၊ ချမ်းချမ်းသာသာ နေရ၏။

လောကီအကျိုး ခံစားရပုံ

ဒွေနဝုတော ဣတော ကပ္ပေ၊ ဗောဓိ ရောပေသဟံ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဗောဓိရောပဿိဒံ ဖလံ။
စတုသတ္တတိတော ကပ္ပေ၊ ဒဏ္ဍသေနာတိ ဝိဿုတော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ တဒါ အဟုံ။
ပဏ္ဏဝီသတိတော ကပ္ပေ၊ ပုဏ္ဏကော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

ဣတော၊ ဤယခု ငါတို့ကမ္ဘာမှ။ ဒွေနဝုတောကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ အဟံ၊ ငါသည်။ တဒါ၊ တိဿမြတ်စွာဘုရား ပွင့်တော်မူသော ထိုအခါ၌။ ဗောဓိ၊ ဗောဓိပင်ကို။ ရောပေသိံ၊ စိုက်ပျိုးခဲ့ဖူးလေပြီ။ ဒုဂ္ဂတိ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဗောဓိရောပဿ၊ ဗောဓိပင်စိုက်ပျိုးရခြင်း၏။ ဖလံ၊ အကျိုးတည်း။

http://www.dhammadownload.com

ဣတော၊ ဤကမ္ဘာမှ။ စတုသတ္တတိကပ္ပေ၊ ခုနစ်ဆယ့်လေးကမ္ဘာထက်၌။ ဒဏ္ဍသေနောတိ၊ ဒဏ္ဍသေနဟူ၍။ ဝိဿုရတော၊ ကျော်စောထင်ရှားသော။ သတ္တရတန သမ္မန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟုံ၊ ဖြစ်ခဲ့ဖူးလေပြီ။

ဣတော၊ ဤကမ္ဘာမှ။ ပဏ္ဏဝီသတိကပ္ပေ၊ နှစ်ဆယ့်ငါးကမ္ဘာထက်၌။ ပုဏ္ဏကောနာမ၊ ပုဏ္ဏကအမည်ရှိသော။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ သတ္တရတန သမ္မန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟုံ၊ ဖြစ်ခဲ့ရဖူးလေပြီ။

ဣတ္ထံ၊ ဤသို့သော အပြားအားဖြင့်။ အာယသ္မာ အသနဗောဓိယာထေရော၊ အရှင်အသနဗောဓိယထေရ်မြတ်သည်။ ဣမာဂါထာယော၊ ဤဂါထာ တို့ကို။ အဘာသိတ္ထ၊ ဟောကြားတော်မူခဲ့၏။

အသနဗောဓိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

သကစိန္တနိယထေရ် အပဒါန်ဝတ္ထု

သကစိန္တနိယထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပတ္ထနာဆုတောင်းခြင်းကိုပြုလျက် ပြုအပ်ပြီးသော ပါရမီသမ္ဘာရ အဓိကာရ ရှိသူ ဖြစ်သည်။ ထိုထိုသော ဘဝများစွာတို့၌ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်း ဖြစ်သော ကုသိုလ်ကို ဆည်းပူးခဲ့သည်။ ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်မှ လူ၏ဘဝကိုရ၍ အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။

ပြုခဲ့သောကုသိုလ်

သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို မဖူးမြင်လိုက်ရသဖြင့် ဝိပဿီမြတ်စွာဘုရား၏သာသနာတော်အတွင်း၌ ရသေ့ဝတ်ဖြင့် ဟိမဝန္တာတော၌ နေသည်။ ထိုတောအုပ်အတွင်း၌ တောသစ်ရွက် တော သစ်သီး, တောသစ်ဥတို့ကို

http://www.dhammadownload.com

သုံးဆောင်ကာ မျှတနေထိုင်သည်။ တစ်ခုသော ချောက်ကြားဒ္ဒသဲတို့ဖြင့် စေတီကို တည်ပြီး မြတ်စွာဘုရားဟူသော အမှတ်ဖြင့်လည်းကောင်း၊ ဓာတ်တော်ဌာပနာသော အမှတ်ဖြင့်လည်းကောင်း တောပန်း တောင်ပန်းတို့ဖြင့် ပူဇော်၏။

ကုသိုလ်၏အကျိုး

ထိုရသေ့သည် သဲပုံစေတီကို ပူဇော်ရသော ကုသိုလ်စေတနာဖြင့် စုတေသည် ရှိသော် လူ့ပြည်နတ်ပြည်တို့၌ဖြစ်၍ လူ့စည်းစိမ်နတ်စည်းစိမ်တို့ကို စံစားရ၏။ ဤကမ္ဘာမှ ပြန်၍ရသော် ကမ္ဘာရှစ်ဆယ်ထက်၌ စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ဤသို့ လူနတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ်စံစားလျက် ကိုးဆယ့်တစ်ကမ္ဘာ ပတ်လုံး အပါယ်လေးပါးသို့ မလားခဲ့ရပေ။

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်သည်။ မြတ်စွာဘုရားကို ကြည်ညိုး၍ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် မထေရ်က ဤတရားတော်ကို ဟောတော်မူ၏။

သဲပုံစေတီတည်၍ ပန်းပူဇော်ခြင်းအကျိုး

ထူပံ ကတ္ဝာန ပုလိနံ၊ နာနာပုပ္ဖံ သမောကိရိံ။
သမ္မုခါ ဝိယ သမ္မုဒ္ဒံ၊ နိမ္မိတံ အဘိဝန္ဒဟံ။

အဟံ၊ သကစိန္ဓနိယ နာမခေါ်တွင် ငါအရှင်သည်။ ပုလိနံ၊ သဲတို့ကို။ ထူပံ၊ စေတီကို။ ကတ္ဝာန၊ ပြုလုပ်ပြီး၍။ နာနာပုပ္ဖံ၊ အထူးထူးသောပန်းကို။ သမောကိရိံ၊ ကြဲဖြန့်ပူဇော်၏။ သမ္မုဒ္ဒံ၊ မြတ်စွာဘုရားကို။ သမ္မုခါဝိယ၊ မျက်မှောက်ကဲ့သို့။ နိမ္မိတံ၊ ဖန်ဆင်းပြုလုပ်သော သဲပုံစေတီကို။ အဘိဝန္ဒိံ၊ ရှိခိုးဖူးလေပြီ။

ထိုကဲ့သို့ ပူဇော်ခဲ့သော ကောင်းမှုအကျိုးကို ပြလို၍ ဤသို့ ဟောတော်မူပြန်၏။

ဧကနဝုတိတော ကပ္ပေ၊ ယံ ပုပ္ဖ မဘိရောပယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

http://www.dhammadownload.com

အသီတိကပ္ပေ နန္တယသော၊ စက္ကဝတ္တိ အဟောသဟံ။
သတ္တရတနသမ္ပန္နော၊ စတုဒီပမိ လ္ဟသရော။

ဘောန္တော မနုဿာ၊ ဘုရားဟူက သဲပုံမျှလည်း စိတ်ကစေတီ စွဲမှတ်ရည်၍ ရွှင်ကြည်သဒ္ဓါ စေတနာနှင့် ပူဇော်ရဟ ပြုထိုက်လှဟု ဦးချရှိခိုး မြတ်နိုးကြည်ညို ပူဇော်လိုသည့် အို လူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ သကစိန္တနိယ၊ မည်ရှိထင်ပေါ် ငါထေရ်ကျော်သည်။ လ္ဟတော၊ ဤကမ္ဘာမှ။ ဧကနဝုတိကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင်ပန်းစုံပန်းပွင့် အသင့်ရရာပန်းများစွာကို။ အဘိရောပယိ၊ သဲပုံစေတီ၌ ရွှင်ကြည်လှစွာ စေတနာနှင့် သဒ္ဓါကြည်နူး တင်လှူဖူးလေပြီ။ တေန၊ ထိုသို့ပြုရ မြတ်ပုညကြောင့်။ ဒုဂ္ဂတိ၊ ဆင်းရဲလှစွာ ပယ်လေးရွာသို့ ရောက်ရသည်ဟူ၍။ နာဘိဇာနာမိ၊ မသိရ။ လ္ဟဒံ၊ ဤသို့ပူပင်ဒုက္ခ မသိရခြင်းသည်။ ပုပ္ဖပူဇာယ၊ ပန်းငုံပန်းပွင့် အသင့်ရရာ ပန်းကိုရွာ၍ သဒ္ဓါပွင့်လင်း ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

အသီတိကပ္ပေ၊ ကမ္ဘာရှစ်ဆယ်ထက်၌။ အနန္တယယော၊ အနန္တယသအမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ စတုဒီပမှိ၊ လေးကျွန်းလုံး၌။ လ္ဟသရော၊ အစိုးရသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟောသိ၊ ဖြစ်ခဲ့ရဖူးလေပြီ။ လ္ဟဒံ၊ ဤသို့ စကြာမင်းကြီး ဖြစ်ရခြင်းသည်လည်း။ ပုပ္ဖပူဇာယ၊ ပန်းပူဇော်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

လောကုတ္တရာကျိုးကိုပါ ခံစားရပုံ

ပဒုသမ္ဘိဒါ စတသ္သော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညသစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

စတသ္သော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ အတ္ထ၊ ဓမ္မ၊ နိရုတ္တိ၊ ပဋိဘာဏ ပဋိသမ္ဘိဒါဉာဏ်တို့ကိုလည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခာပိစ၊ ရူပစျာန်လေးပါးဟူသော ဝိမောက္ခတို့ကိုလည်းကောင်း။ ဆဠဘိညာစ၊ လောကီလောကုတ္တရာ အဘိညာဉ်ခြောက်ပါးတို့ကိုလည်းကောင်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုရလေပြီ။ လ္ဟဒံ၊ ဤသို့ ပဋိသမ္ဘိဒါလေးပါး၊ ရူပစျာန်ဝိမောက္ခရှစ်ပါး

http://www.dhammadownload.com

အဘိညာ ခြောက်ပါးတို့ကို ရခြင်းသည်။ ပုပ္ပ ပူဇာယ၊ ပန်းပူဇော်ခြင်း၏။ ဖလဲ၊ အကျိုးထူးပေတည်း။

သကစိန္တနိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ပစ္စာဂမနိယထေရ် အပဒါန်ဝတ္ထု

ပုဏ္ဏမာသဘွဲ့တော်ရသော ဤပစ္စာဂမနိယထေရ်သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ပြုဖူးသော သမ္ဘာရ ရှိသူပုဂ္ဂိုလ်ဖြစ်သည်။ ထိုထိုဘဝများစွာတို့၌ သံသရာဝဋ်ဆင်းရဲမှ လွတ်ရစေကြောင်း ဆုပန်တောင်းခဲ့သူလည်း ဖြစ်သည်။ အထူးထူးသော ကုသိုလ်ပါရမီတို့ကိုလည်း ဆည်းပူးခဲ့သည်။

ပြုခဲ့သောကောင်းမှု

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ အကုသိုလ်ကံပစ်ချ၍ သိန္နမြစ်ကမ်းဝယ် စက္ကဝါဂ်ငှက်မျိုး၌ဖြစ်ရ၏။ ရှေးက ဝါသနာအထုံပါ၍ မကောင်းမှုကို ရှောင်ကြဉ်သောအားဖြင့် မှော်ရေညိုကိုသာလျှင် စား၍နေခဲ့၏။

ဝိပဿီမြတ်စွာ ဘုရားသည် ထိုစက္ကဝဂ်ငှက်ကို ချီးမြှောက်တော်မူခြင်းငှာ ကောင်းကင်ဖြင့်ကြွတော်မူလာသည်ကိုမြင်လျှင် စက္ကဝါဂ်ငှက်သည် ကြည်ညိုသောစိတ်ရှိလျက် နှုတ်သီးဖြင့် အင်ကြင်းပန်းကို ဆွတ်ခူးဆိတ်ချီ၍ကာ ဝိပဿီမြတ်စွာဘုရားအား ပူဇော်၏။

ကောင်းမှု၏အကျိုး

ထိုဘဝမှ စုတေ၍ လူ့ပြည်နတ်ပြည်တို့၌ လူအဖြစ် နတ်အဖြစ်ဖြင့် ကျင်လည်ခဲ့ရသည်။ ဤကမ္ဘာမှ တစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ စကြာမင်းရှစ်ကြိမ်ဖြစ်၏။ ဤကမ္ဘာအတွင်း၌ ပွင့်တော်မူသော ကဿပမြတ်စွာဘုရား၏ သာသနာတော်ကွယ်လုနီးတွင် သူကြွယ်မျိုး၌လူဖြစ်ရပြန်သည်။ အရွယ်ရောက်သောအခါ ရဟန်းပြုပြီးလျှင် တရားကို အားထုတ်ခဲ့၏။ ထိုဘဝမှ စုတေသော် နတ်ပြည်လူ့ပြည်တို့၌ ဖြစ်ရပြန်သည်။

http://www.dhammadownload.com

ငါတို့ဘုရားရှင်လက်ထက်

ငါတို့ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် သမိဒ္ဓိ အမည်ရှိသော ပုဏ္ဏား၏သားဖြစ်လာရသည်။ ဖွားမြင်သောနေ့၌ ထိုအိမ်တွင်ရှိသော အိုးတို့သည် ရွှေပဲပြားတို့ဖြင့် ပြည့်၍နေသောကြောင့် ထိုသူငယ်ကို ပုဏ္ဏမာသဟူ၍ အမည်မှည့် ကြကုန်၏။

ရဟန္တာဖြစ်ပြီ

အရွယ်ရောက်သည်ရှိသော် ပုဏ္ဏားတို့ သင်ကြားအပ်သော ဗေဒင်ကျမ်းတို့၌ ဆုံးခန်းတိုင်ရောက်တတ်မြောက်ပြီး အမိအဖတို့က အိမ်ထောင်ချပေးသည်။ သား တစ်ယောက်ရခဲ့သည်။ ပါရမီက် စီမံနှိုးဆော်ရကား သူသည် အိမ်ထောင်မှု၌ စက်ဆုပ်ခြင်းဖြစ်၍ မြတ်စွာဘုရားအထံသို့ ဆည်းကပ်ပြီးလျှင် တရားတော်ကို နာသည်။ ထို့နောက် ရဟန်းပြုကာ သစ္စာလေးပါး ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် ဝိပဿနာရှုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာဖြစ်လေ၏။

မယားဟောင်းက ဖြားယောင်းပုံ

ထိုအခါ မယားဟောင်းသည် လူထွက်အောင် ဖြားယောင်းသွေးဆောင်ခြင်းငှာ အမျိုးမျိုးသော ဝတ်စားတန်ဆာတို့ကို ကောင်းစွာဝတ်ဆင်လျက် သားကလေးနှင့် အတူ လာပြီးလျှင် ရဟန်းဘဝမှ ထွက်လာစေရန် အားထုတ်၏။

အရှင်ပုဏ္ဏမာသထေရ်က ဤဂါထာကို ရွတ်ဆို၍ မယားဟောင်းအား ပြောကြားခဲ့၏။

မယားဟောင်း သိစေရန် မထေရ်တရားဟောပုံ

ဝိဟရိ အပေက္ခံ ဣဓ ဝါ ဟုရံ ဝါ၊
ယော ဝေဒဂူ သမိတော ယတတ္တော။
သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော၊
လောကဿ ဇာတာ ဥဒယဗ္ဗယဉ္စ။

ယော၊ အကြင်ရဟန်းသည်။ ဝေဒဂူ၊ သိခြင်းအဆုံးသို့ရောက်၏။ သမိတော၊ သစ္စာလေးအင် အမှန်မြင်၏။ ယတတ္တော၊ စောင့်စည်းခြင်းရှိ၏။ သဗ္ဗေသုဓမ္မေသု၊

http://www.dhammadownload.com

အလုံးစုံသော အာရုံတရားတို့၌။ အနုပလိတ္တော၊ ကပ်ငြိလိမ်းကျံခြင်းမရှိ။ လောကဿ၊ သခ်ါရလောက၏။ ဥဒယဗ္ဗယဉ္စ၊ ဖြစ်ခြင်းပျက်ခြင်းကိုလည်း။ ဇညာ၊ သိပြီးဖြစ်၏။ သော၊ ထိုရဟန်းသည်။ ဣဓဝါ၊ ဤဘဝကိုလည်းကောင်း။ ဟုရံဝါ၊ နောက်ဘဝကိုလည်းကောင်း။ အပေဂ္ဂဲ၊ တွယ်တာစုံမက် ငဲ့ကွက်ခြင်း မရှိဘဲ။ ဝိဟရိ၊ နေနိုင်၏။

မယားဟောင်းမိန်းမသည် ဤရဟန်းကား သူ၏သားကလေးကို လည်းကောင်း၊ ငါ့ကိုလည်းကောင်း ငဲ့ကွက်ညှာတာသော သဘောမရှိတော့ပြီ။ ဤရဟန်းကို လူထွက်စေခြင်းငှာ ငါ မတတ်နိုင်တော့ပြီဟု ဆုံးဖြတ်ကာ လက်လျှော့အရှုံးပေးပြီး ပြန်သွားလေ၏။

အရှင်ပုဏ္ဏမာသထေရ်မြတ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ကြည့်ရှု၍ ရှေးရှေးဘဝဖြစ်စဉ်တို့ကို ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

ရှေးဘဝဖြစ်စဉ်များ

သိန္ဓုယာ နဒိယာ တီရေ၊ စက္ကဝါကော အဟံ တဒါ။
သုဒ္ဓသေဝါလဘက္ခော်ဟံ၊ ပါပေသု စ သုသညတော။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဂစ္ဆန္တံ အနိလဉ္ဇသေ။
တုဏ္ဍေန သာလံ ပဂ္ဂယှ၊ ဝိပဿိဿာ ဘိရောပယိံ။

ဘောန္တော မနုဿာ၊ အို လူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ ပုဏ္ဏမာသဘွဲ့မည်ရသည့် ပစ္စာဂမနိယမည်တွင် ငါထေရ်ရှင်သည်။ တဒါ၊ ထိုကိုးဆယ့်တစ်ကမ္ဘာထက်၌။ သိန္ဓုယာနဒိယာ၊ သိန္ဓုမြစ်၏။ တီရေ၊ ကမ်းနား၌။ စက္ကဝါကော၊ စက္ကဝက်ငှက်မင်းသည်။ အဟောသိံ၊ ဖြစ်ခဲ့ပြီ။ အဟံ၊ ငါစက္ကဝက် ငှက်မင်းသည်။ သုဒ္ဓသေဝါလဘက္ခော၊ သက်သက်သော မှော်ရေညှိကိုသာ စားဖ၏။ ပါပေသုစ၊ မကောင်းမှုတို့မှလည်း။ သုသညတော၊ ကောင်းစွာစောင့်စည်း၏။ အနိလဉ္ဇသေ၊ ကောင်းကင်ပြင်ကြီး လေခရီး၌။ ဂစ္ဆန္တံ၊ တန်ခိုးစွမ်းဖြင့် ကြွတော်မူသော။ ဝိရဇံ၊ ကိလေသာမြူ ကင်းစင်ဖြူသော။ ဗုဒ္ဓံ၊ ဝိပဿီမြတ်စွာဘုရားကို။ အဒ္ဒသံ၊ ဖူးမြင်ရ၏။ တုဏ္ဍေန၊ နှုတ်သီးဖြင့်။ သာလံ၊ အင်ကြင်းပန်းကို။ ပဂ္ဂယှ၊ ဆောင်ယူ၍။ ဝိပဿိဿ၊ ဝိပဿီမြတ်စွာဘုရားအား။ အဘိရောပယိံ၊ ကပ်လှူဖူးပြီ။

ထိုအခါ၌ ဝိပဿီမြတ်စွာဘုရားက ဤသို့ ဗျာဒိတ်ပေးတော်မူ၏။

http://www.dhammadownload.com

ကောင်းမှုအကျိုး

ယသ သဒ္ဓါ တထာဂတေ၊ အစလာ သုပတိဋ္ဌိတာ။
တေန စိတ္တပသာဒေန၊ ဒုဂ္ဂတိံ သော နုဂစ္ဆတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ၊ အကြင် စက္ကဝက် ငှက်မင်းအား။ တထာဂတေ၊ ငါဘုရား၌။ သဒ္ဓါ၊ ကြည်ညိုခြင်းသည်။ အစလာ၊ မတုန်မလှုပ်။ သုပတိဋ္ဌိတာ၊ ကောင်းစွာတည်၏။ သော၊ ထိုစက္ကဝက်ငှက်မင်းသည်။ တေန စိတ္တပသာဒေန၊ ထိုစိတ်ကြည်ညိုခြင်းဖြင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နဂစ္ဆတိ၊ မရောက်တော့ပြီ။

သွာဂတံ ဝတ မေ အာသိ၊ ဗုဒ္ဓသေဋ္ဌသ သန္တိကေ။
ဝိဟင်္ဂမေန သန္တေန၊ သုဗိဇံ ရောပိတံ မယာ။

မေ၊ စက္ကဝက်ငှက်မင်းဖြစ်သော ငါ့အား။ သွာဂတံ၊ ကောင်းသောလာခြင်းသည်။ အာသိ ဝတ၊ ဖြစ်ပေစွတကား။ ဗုဒ္ဓသေဋ္ဌသ၊ ဝိပဿီမြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ဝိဟင်္ဂမေန သန္တေန၊ ငှက်တိရစ္ဆာန်ဖြစ်လျက်။ မယာ၊ ငါသည်။ သုဗိဇံ၊ ကောင်းမှုမျိုးစေ့ကို။ ရောပိတံ၊ စိုက်ပျိုးမိပေပြီ။

ဧကနဝုတိတော ကပ္ပေ၊ ယံ ပုပ္ဖ မဘိရောပယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။

ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတိကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင်အင်ကြင်းပန်းကို။ အဘိရောပယိံ၊ တင်လှူဖူးပြီ။ ဒုဂ္ဂတိံ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါ မသိရ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကိုပူဇော်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

သုစာရုဒဿနာ နာမ၊ အဋ္ဌတော ဧကနာမကာ။
ကပ္ပေ သတ္တရသေ အာသုံ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ကပ္ပေ သတ္တရသေ၊ တစ်ဆယ့်ခုနစ်ကမ္ဘာထက်၌။ သုစာရုဒဿနာနာမ၊ သုစာရု ဒဿနအမည်ဖြင့်။ ဧကနာမကာ၊ တစ်ခုတည်းသော အမည်ရှိကုန်၏။ မဟဗ္ဗလာ၊ အားကြီးကုန်သော။ ဧတေစက္ကဝတ္တိ၊ ထိုစကြာမင်းတို့သည်။ အဋ္ဌ၊ ရှစ်ကြိမ်တို့သည်။ အာသုံ၊ ဖြစ်ဖူးကုန်ပြီ။

[ဤအကြောင်းအရာတို့မှာ အပဒါန်ပါဠိတော်လာ အကြောင်းအရာများ ဖြစ်ကြသည်။]

http://www.dhammadownload.com

တိဿဘုရားရှင်လက်ထက် တောမုဆိုး

*ထိုပုဏ္ဏမာသထေရ် (ပစ္စာဂမနိယထေရ်)သည် တိဿမြတ်စွာဘုရား လက်ထက်၌ တောမုဆိုး ဖြစ်ခဲ့ဂဖူးသည်။ တောမြို့အတွင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသည် ပဲသုကူသင်္ကန်းတော်ကို သစ်ပင်ပေါ် တင်ထားပြီး ဂန္ဓကုဋိကျောင်းတော်တွင်းသို့ ဝင်၍နေတော်မူစဉ် တောမုဆိုးသည် သစ်ပင်ပေါ်၌ တင်ထားသော ပဲသုကူသင်္ကန်းတော်ကိုမြင်လျှင် ကြည်ညိုသောစိတ်ဖြင့် ပဲသုကူသင်္ကန်းတော်ကို လက်အုပ်ချီ၍ ရှိခိုး၏။

ပဲသုကူသင်္ကန်းကို ရှိခိုးသောကုသိုလ်ဖြင့် လူနတ်တို့စည်းစိမ်ကို ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး စံစားခဲ့ရသည်။

ကေါတမဘုရားရှင်လက်ထက်

ငါတို့ကေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည်ဝယ် ဥစ္စာကြွယ်သော ကုဋုမ္ဗိယအမျိုး၌ ဖြစ်ရပြန်သည်။ ဖွားမြင်သောနေ့၌ တစ်အိမ်လုံးရှိအိုးတို့သည် ရွှေဖြင့်ပြီးသော ရွှေပဲစေ့တို့ဖြင့် ပြည့်၍ နေကုန်၏။ ထို့ကြောင့် သူ့ကို ပုဏ္ဏမာသဟူ၍ ခေါ်ကြကုန်၏။

အရွယ်ရောက်လျှင် မယားယူ၍ သားတစ်ယောက်ရသောအခါ သားမယားကိုစွန့်၍ ရဟန်းပြုသည်။ သူသည် တောရွာငယ် တစ်ခု၏ ရွာနီးကျောင်း၌ပင်လျှင် နေလျက် ကမ္မဋ္ဌာန်းကို အားထုတ်သည်ရှိသော် ဆဋ္ဌာဘိညရဟန္တာဖြစ်တော်မူသည်။ ထို့နောက် သာဝတ္ထိပြည်သို့ပြန်လာကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဇေတဝန်ကျောင်းတိုက် အတွင်း၌ နေ၏။

ပုဏ္ဏမာသထေရ်ရောက်လာပြီး မကြာမီပင် သူ့သားကလေး သေဆုံးလေ၏။ သားသေသောကြောင့် မယားဟောင်းသည် မိမိလင်ဟောင်း ပုဏ္ဏမာသထေရ်ရှိရာ ဇေတဝန်ကျောင်းတိုက်သို့ လာခဲ့သည်။ သူလာခြင်း၏ ရည်ရွယ်ချက်မှာ သားမရှိသူ၏ အမွေဥစ္စာကို မင်းတို့သည် ဆောင်ယူကုန်ရာ၏ဟု ကြံလျက် မထေရ်မြတ်ကို လူထွက်စေလိုသဖြင့် လာရောက် သွေးဆောင်ရန် လာခြင်းဖြစ်သည်။

သို့သော် ပုဏ္ဏမာသထေရ်သည် ကောင်းကင်၌ တည့်နေလျက် ဤသို့ ဟောတော်မူသည်။

---

*[ထေရဂါထာ အဋ္ဌကထာလာ အရှင်ပုဏ္ဏမာသထေရ်အကြောင်း]

http://www.dhammadownload.com

မယားဟောင်းသိစေရန် ဟောသောတရား

ပဉ္စနီဝရဏေ ဟိတွာ၊ ယောဂကွေမသ ပတ္တိယာ။
ဓမ္မာဒါသံ ဂဟေတွာန၊ ဉာဏဒဿနမတ္တနော။
ပစ္စဝေက္ခိံ ဣမံ ကာယံ၊ သဗ္ဗံ သန္တရဗာဟိရံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ တုစ္ဆော ကာယော ပဒိဿတိ။

ပဉ္စနီဝရဏေ၊ ကာမစ္ဆန္ဒ စသည် ငါးပါး နီဝရဏတရားတို့ကို။ ဟိတွာ၊ သမထစျာန်ဖြင့် ပယ်လှန်ပြီး၍။ ယောဂကွေမသ၊ နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အတ္တနော၊ မိမိ၏။ ဉာဏဒဿနံ၊ ဉာဏ်အမြင်ဖြစ်သော။ ဓမ္မာဒါသံ၊ တရားတည်းဟူသော မှန်ကြေးမုံကို။ ဂဟေတွာန၊ ကိုင်ပြီး၍။ သန္တရဗာဟိရံ၊ အတွင်းအပဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီးကို။ ပစ္စဝေက္ခိံ၊ ကြည့်ရှုပြီ။ အဇ္ဈတ္တဉ္စ၊ အတွင်း၌လည်းကောင်း။ ဗဟိဒ္ဓါစ၊ အပ၌လည်းကောင်း။ ကာယော၊ ကိုယ်သည်။ တုစ္ဆော၊ အချည်းနှီး။ ဝါ၊ ဘာမှ မဟုတ်။ ပဒိဿတိ၊ ငါထင်၏။

တရားတည်းဟူသော ဥစ္စာပေးလိုက်ပြီ

ဤသို့ မယားဟောင်းအား တရားဟောပြီးလျှင် မယားဟောင်းအား သရဏဂုံနှင့် သီလကို ဆောက်တည် ခံယူစေလျက် မင်းစိုးရာဇာတို့ မဆောင်ယူနိုင်သော တရားတည်းဟူသော ဥစ္စာတို့ကို ပေးအပ်သည်။ ထို့နောက် ထိုတရားတို့ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှာက်၍နေရန် ဆုံးမ ဩဝါဒပေး၍ လွှတ်လိုက်၏။

မယားဟောင်းသည်လည်း ရဟန္တာဖြစ်သော လင်သူတော်ကောင်း၏ တရားစကားကို နာယူမှတ်သား၍ သရဏဂုံနှင့် သီလခံယူပြီးလျှင် အိမ်သို့ပြန်သွားလေ၏။

ပစ္စာဂမနိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

၄-ရပ္ပသာဒက ဘူတထေရ်အပဒါန်ဝတ္ထု

ဤပရပ္ပသာဒက ဘူတထေရ်သည် ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရား၏ လက်ထက်တော်၌ မေဒင်သုံးပုံတတ် ပုဏ္ဏားဖြစ်၏။ သေလပုဏ္ဏားဟု ကျော်စောထင်ရှား၏။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား များစွာသော ဥပမာတို့ဖြင့် ဂုဏ်တော်တို့ကို ထုတ်ဆိုကာ ချီးမွမ်းခြင်းကို ပြုခဲ့၏။

ကောင်းကျိုးခံစားရပုံ

ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ဖြစ်ရသည်။ သိကြားမင်း အစရှိသော နတ်မင်းတို့ စည်းစိမ်တို့ကိုစံစားခဲ့ရသည်။ နတ်ပြည်ခြောက်ထပ်၌ အစဉ်အတိုင်း နတ်စည်းစိမ်ကိုစံစားပြီး လူ့ပြည်၌ဖြစ်သောအခါ စကြာမင်းလေးကြိမ် ဖြစ်ခဲ့ရဖူးသည်။

နောက်ဆုံးဘဝဖြစ်စဉ်

ယခုနောက်ဆုံးဘဝတွင် သာကေတပြည်နယ်အတွင်း ဒွါရဂါမရွာ၌ သူဌေးသားဖြစ်ရ၏။ ထိုသူဌေး မွေးဖွားတိုင်းသော သားငယ်တို့ကို ရှေးကရန်ငြိုးရှိခဲ့ဖူးသော ဘီလူးစား၍ သေကုန်၏။ ဤနောက်ဆုံးမွေးသော သားကိုကား ပစ္ဆိမဘဝိက နောက်ဆုံးဘဝ လူဖြစ်ရသော ရဟန္တာလောင်းဖြစ်၍ ဘုမ္မစိုးနတ်တို့က စောင့်ရှောက်ထားကြကုန်၏။

ဘူတသတို့သား

ထိုဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးထံ ခစားရန် သွားရာမှ ပြန်မလာတော့ပေ။ ထိုသတို့သား၏အမည်ကို ဘုမ္မစိုးနတ်တို့ စောင့်ရှောက်ခြင်းကို ရည်မှန်း၍ ဘုမ္မစိုးနတ်၏ အမည်ကို အစွဲပြုကာ ဘူတသတို့သားဟု မှည့်ခေါ်ကြကုန်၏။ ထိုဘူတသတို့သား အရွယ်ရောက်၍ တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ ကောင်းမှုကံ အထူးရှိသော ယောကျ်ားဖြစ်၍ ငါတို့ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကဲ့သို့လည်းကောင်း၊ သုဇာတာ၏သား အရှင်ယသထေရ်လောင်းလျာ သူဌေးသားကဲ့သို့လည်းကောင်း ပြာသာဒ်သုံးဆောင်ထက်၌ ကာမဂုဏ်ကို စံစား၍နေရ၏။

http://www.dhammadownload.com

ရဟန္တာဖြစ်ပြီ

မြတ်စွာဘုရားသည် သာကေတပြည်၌ သီတင်းသုံးနေတော်မူစဉ် ထိုသူဌေးသားသည် အခြားသော ဥပါသကာတို့နှင့်အတူ ဘုရားရှင်ထံ သွားရောက်၍ တရားနာသည်။ သာသနာတော်၌ ကြည်ညိုခြင်းရှိသဖြင့် ရဟန်းပြု၍ အဇကရဏီ မြစ်ကမ်း၌ရှိသော လိုဏ်ဂူ၌နေသည်။ ဝိပဿနာကို အားထုတ်သောကြောင့် သူသည် မကြာမြင့်မီပင် ရဟန္တာဖြစ်တော်မူသည်။

ဆွေမျိုးတို့က "အရှင်ဘုရား သာကေတမြို့ အဋ္ဌနဝန တောကျောင်း၌ပင် နေတော်မူပါ။ ဆွမ်းသင်္ကန်း မပင်ပန်းစေရဘဲ ချမ်းသာစွာ နေရပါအံ့။ တပည့်တော်တို့ ဆွေမျိုးများမှာလည်း ကုသိုလ်တရား တိုးပွားပါအံ့"ဟု တောင်းပန်လျှောက်ကြားသဖြင့် ထိုတောကျောင်း၌ လိုက်ပါသီတင်းသုံးသည်။ ကာလအတန်ကြာ မထေရ်သည် မြစ်ချောင်းကမ်းနားပေါ်၌ မွေ့လျော်ဖွယ်ရှိသော ပန်းပင် ပန်းမြိုင် ပန်းခိုင်တို့၏ အလယ်ရှိ အေးမြသော အရိပ်ကို ခိုလှုံ၍ နေကြကုန်သော တောကျား, တောဆင်, တောကြက်, တောငှက်တို့အသံဖြင့် လိုဏ်ဂူအတွင်းမှာ နေရခြင်းသည် အလွန်ချမ်းသာ၏ဟု မိန့်တော်မူကာ အဇကရဏီ မြစ်ကမ်းရှိ ဂူလိုဏ်သို့သာလျှင် ပြန်ကြွတော်မူသည်။

ပရပ္ပသာဒက ဘူတထေရ်သည် ရှေးဘဝသံသရာတို့၌ ကျင်လည်ခဲ့ရသည်တို့ကို ဤသို့ ပြန်လည် ဟောပြတော်မူသည်။

မထေရ် ဟောတော်မူသော တရားတော်

ဗြာဟ္မဏော သေလ သဝုယော၊ ဗုဒ္ဓသေဋ္ဌ ထဝိတ္တာန။
သိဒ္ဓတ္ထံ အပရာဓိတံ၊ စတုနဝုတိ ကပ္ပာနိ။
ဒုဂ္ဂတိ နုပပဇ္ဇထ၊ သုဂတိ သုခသမ္ပတ္တိံ။
အနုဘောသိ မနပ္ပကံ၊ စတုနဝုတိတော ကပ္ပေ။
ထဝိတ္တာ လောကနာယကံ၊ ဒုဂ္ဂတိ နာဘိဇာနာမိ။
ထောမနာယ ကျဒံ ဖလံ။
စတုဒ္ဒသမှိ ကပ္ပမှိ၊ စတုရာသိံသု ဥဂ္ဂတာ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တိ မဟဗ္ဗလာ။

http://www.dhammadownload.com

သေလ သင့်ဃာ၊ သေလဟူသော မိမိအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အပွရာဇိတံ၊ မအောင်နိုင်အပ်သော ရန်သူရှိသော့။ သိဒ္ဓတ္ထံ၊ သိဒ္ဓတ္ထ အမည်တော်ရှိသော။ ဗုဒ္ဓသေဋ္ဌံ၊ မြတ်စွာဘုရားကို။ ထဝိတွာန၊ ချီးမွမ်း၍။ စတုနဝုတိကပ္ပာနိ၊ ကိုးဆယ့်လေးကမ္ပာတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ အပါယ်လေးဘုံ၌။ နဥပပဇ္ဇထ၊ မဖြစ်ရ။ သုဂတိံ၊ လူ့ပြည်နတ်ပြည်၌။ သုခသမ္ပတ္တိံ၊ ချမ်းသာစည်းစိမ်ကို။ အနုပ္ပက်၊ များစွာ။ အနုဘောသိ၊ ခံစားရ၏။ ဣတော၊ ဤကမ္ဘာမှ။ စတုနဝုတိကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ လောကနာယကံ၊ မြတ်စွာဘုရားကို။ ထဝိတွာ၊ ချီးမွမ်း၍။ ဒုဂ္ဂတိံ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။

ဣဒံ၊ ဤသည်ကား။ ထောမနာယ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ရွတ်ဆိုချီးမွမ်းခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ စတုဒ္ဒသမိုကပ္ပမှိ၊ တစ်ဆယ့်လေးကမ္ဘာထက်၌။ စတုရော၊ လေးကြိမ်လေးဘဝတို့သည်။ ဥဥ္ဂတာ၊ ဥဥ္ဂတမည်ကုန်သော။ သတ္တရတနသမုန္နာ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ စက္ကဝတ္တိမဟဗ္ဗလာ၊ အားကြီးစွာသော စကြာမင်းတို့သည်။ အာသိ သု၊ ဖြစ်ဖူးလေကုန်ပြီ။

ပရမ္ပသာဒက ဘူတထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဘိသဒါယကထေရ် အပဒါန်ဝတ္ထု

ဘိသဒါယကထေရ်သည် သုံးဆယ့် တစ်ကမ္ဘာထက်တွင် ပွင့်တော်မူသော ဝေဿဘူ မြတ်စွာဘုရား၏ လက်ထက်တော်၌ ဆင်တိရစ္ဆာန်မျိုး၌ ဆင်ဖြစ်နေရသည်။ ထိုမထေရ်လောင်းလျာဖြစ်သော ဆင်သည် ဟိမဝန္တာတောင်၌နေ၏။

ပြုခဲ့သောကောင်းမှု

ထိုအခါ ဝေဿဘူမြတ်စွာဘုရားသည် ဆိတ်ငြိမ်အေးချမ်းစွာ နေထိုင်ခြင်းအလို့ငှာ ဟိမဝန္တာတောင်သို့ကြွတော်မူ၏။ ဝေဿဘူမြတ်စွာဘုရားကို မြင်၍ ဆင်ပြောင်ကြီးသည် ကြာစွယ်, ကြာရင်း, ကြာဥတို့ကို ယူဆောင်လျက် ဝေဿဘူမြတ်စွာဘုရားအား ကပ်လှူပူဇော်၏။

http://www.dhammadownload.com

ကောင်းမှု၏အကျိုး

ဆင်ပြောင်ကြီးသည် မြတ်စွာဘုရားအား ကြာစွယ်, ကြာရင်း, ကြာဥတို့ဖြင့် လုပ်ကျွေးလျှုဒါန်းရသော ကုသိုလ်စေတနာကြောင့် ဆင်ပြောင်ကြီးဘဝမှ စုတေသော အခါ နတ်ပြည်၌ဖြစ်ရ၏။ နတ်ပြည်ခြောက်ထပ်တို့၌ နတ်မင်းတို့၏ စည်းစိမ်ကို စံစားပြီး လူ့ပြည်၌ ဖြစ်ပြန်သည်။ တစ်ဖန်လည်း အပရာပရိယ ကုသိုလ်ကံတို့ကြောင့် လူ၏ဘဝကိုပင်လျှင် အကြိမ်ကြိမ်ရပြန်သည်။ ဤကမ္ဘာမှပြန်၍ရသော် တစ်ဆယ့်လေးကမ္ဘာ ထက်၌ စကြာမင်းအဖြစ် တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ရ၏။

သုံးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးဘုံသို့ တစ်ကြိမ်တစ်ခါမျှ မကျရောက်ခဲ့ရဘဲ လူ့ပြည် နတ်ပြည်တို့၌သာလျှင် လူနတ်တို့၏ စည်းစိမ်တို့ကို စံစားကာ နေခဲ့ရသည်။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ များစွာသော ဥစ္စာရှိသောအမျိုး၌ လူ၏အဖြစ်ကိုရပြန်သည်။ ရှေးဘဝက ပါရှိခဲ့သော အထုပါရမီကြောင့် မြတ်စွာဘုရားကို မြင်လျှင် ကြည်ညိုသောစိတ်ဖြစ်လျက် သာသနာတော်၌ ရဟန်းပြုသည်။ ဝိပဿနာကို အားထုတ်ရာ မကြာမြင့်မီ ရဟန္တာဖြစ်၏။

ဘိသဒါယကထေရ်ဖြစ်လာ

ရှေးဘဝ ဆင်မင်းဖြစ်စဉ်အခါက ကြာစွယ်, ကြာရင်း, ကြာဥတို့ကိုလှူသော ကုသိုလ်အစွမ်းအားဖြင့် ဘိသဒါယကထေရ်ဟူ၍ ကျော်စောထင်ရှား၏။

ထိုဘိသဒါယကထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကိုကြည့်ရှုသည်ရှိသော် အပါယ်လေးဘုံ၌ ဖြစ်ဖူးသော ဘဝကို တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ရပေ။ ဟိမဝန္တာတောင်အတွင်း ဆင်မင်းဖြစ်၍ ဝေဿဘူမြတ်စွာဘုရားအား ကြာစွယ်, ကြာရင်းတို့ဖြင့် လှူဒါန်းလုပ်ကျွေးခဲ့သော ဘဝကို မြင်သဖြင့် အလွန်ဝမ်းမြောက်သော စိတ်ဖြစ်တော်မူသည်။ နောင်လာနောက်သား လူများစွာတို့ မိမိတို့ တတ်စွမ်းနိုင်သော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ကာ ပါရမီမျိုးစေ့စိုက်ပျိုးကြစေခြင်းအကျိုးငှာ သူ၏ အတိတ်ဘဝ အကြောင်းအရာတို့ကို ဤသို့ဟောကြားတော်မူ၏။

http://www.dhammadownload.com

မထေရ်ဟောသောတရားတော်

ဝေဿဘူနာမ နာမေန၊ ဣသီနံ တတိယော အဟု။
ကာနနံ ဝန'မောဂ္ဂယှ၊ ဝိဟာသိ ပုရိသုတ္တမော။
ဘိသမုဋ္ဌာလံ ဂဏ္ဍိတွာ၊ အဂမံ ဗုဒ္ဓသန္တိကံ။
တဉ္စ ဗုဒ္ဓဿ ပါဒါသိံ၊ ပသန္နော သေဟိ ပါဏိဘိ။
ကရေန စ ပရာမဋ္ဌော၊ ဝေဿဘူဝရဗုဒ္ဓိနာ။
သုခါဟံ နာဘိဇာနာမိ၊ သမံ တေန ကုတောတ္တရိံ။

ဝေဿဘူနာမ နာမေန၊ ဝေဿဘူဟူသော အမည်တော်ဖြင့်။ ဣသီနံ၊ မြတ်စွာဘုရားတို့တွင်။ တတိယော၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူဟူသော ဘုရားရှင်တို့တွင် သုံးဆူးမြောက် နောက်ဆုံးဖြစ်သော ဘုရားသည်။ အဟု၊ ဖြစ်တော်မူ၏။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်ဖြစ်တော်မူသော။ သော၊ ထိုဝေဿဘူ မြတ်စွာဘုရားသည်။ ကာနနံ၊ ခြသေ့်သစ်ကျား သားရဲအပေါင်း ခိုအောင်းနေထိုင်ရာဖြစ်သော။ ဝနံ၊ တောအုပ်သို့။ သြဂ္ဂယှ၊ သက်ဝင်တော်မူ၏။ ဝိဟာသိ၊ နေတော်မူ၏။

တဒါ၊ ထိုအခါ။ အဟံ၊ ဆင်မင်းဖြစ်သောငါသည်။ ဘိသမုဋ္ဌာလံ၊ ကြာစွယ်ကြာရင်းကို။ ဂဏ္ဍိတွာ၊ နှာမောင်းဖြင့် ယူဆောင်၍။ ဗုဒ္ဓသန္တိကံ၊ မြတ်စွာဘုရားအထံသို့။ အဂမံ၊ သွားခဲ့လေပြီ။ တဉ္စ၊ ထိုကြာစွယ် ကြာရင်းကိုလည်း။ ပသန္နော၊ ကြည်ညိုသောစိတ်ရှိလျက်။ သေဟိ ပါဏိဘိ၊ မိမိ၏နှာမောင်းတည်းဟူသော လက်တို့ဖြင့်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပါဒါသိံ၊ ကပ်လှူဖူးလေပြီ။

ဝေဿဘူ ဝရဗုဒ္ဓိနာ၊ ဝေဿဘူ မြတ်စွာဘုရားသည်။ ကရေနစ၊ လက်တော်ဖြင့်လည်း။ အဟံ၊ ငါဆင်မင်းကို။ ပရာမဋ္ဌော၊ သုံးသပ်တော်မူ၏။ တဒါ၊ ထိုသုံးသပ်တော်မူသောအခါ၌။ တေန၊ ထိုမြတ်စွာဘုရားလက်တော်ဖြင့် သုံးသပ်တော်မူသော ချမ်းသာခြင်းနှင့်။ သမံ၊ တူမျှသော။ သုခံ၊ ချမ်းသာကို။ အဟံ၊ ငါဆင်မင်းသည်။ နာဘိဇာနာမိ၊ မသိရဖူးချေ။ တတော၊ ထိုထက်။ ဥတ္တရိံ၊ လွန်သောချမ်းသာသည်။ ကုတော၊ အဘယ်မှာ ရှိတော့မည်နည်း။

ဘိသဒါယကထေရ်မြတ်သည် တိရစ္ဆာန်ဆင်မင်းဖြစ်စဉ်အခါက စိုက်ပျိုးသော ပါရမီမျိုးစေ့သည် အဆုံးဘဝ၌ နိဗ္ဗာန်တည်းဟူသော ချမ်းသာကိုလည်း ရစေ၊

F-60A ထေရအပဒါန်

http://www.dhammadownload.com

လောကုတ်, လောကီ, နှစ်လီသော အကျိုးတို့ကိုလည်း ဖြစ်စေ၏ဟူ၍ ပြတော်မူခြင်းငှာ ဤသို့ ဟောတော်မူပြန်၏။

လောကီ၊ လောကုတ္တရာ ချမ်းသာခံစားရပုံ

စရိမော ဝတ္တတေ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
ဟတ္ထိနာဂေန သန္တေန၊ ကုသလံ ရောပိတံ မယာ။
ဧကတ္တိံသေ ဣတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘိသဒါနဿိဒံ ဖလံ။
သမောဓာနာ စ ရာဇာနော၊ သောဠသ မနုဇာဓိပါ။
ကပ္ပမှိ စုဒ္ဒသေ အာသုံ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

မယှံ၊ ငါ၏။ စရိမော၊ နောက်ဆုံးဘဝသည်။ ဝတ္တတေ၊ ဖြစ်၏။ ဘဝါသဗ္ဗေ၊ အလုံးစုံသော ဘဝတို့ကို။ သမူဟတာ၊ ပယ်နုတ်အပ်လေပြီ။ ဟတ္ထိနာဂေန၊ ဆင်မင်းသည်။ သန္တေန၊ ဖြစ်လျက်။ မယာ၊ ငါသည်။ ကုသလံ၊ ကုသိုလ်မျိုးစေ့ကို။ ရောပိတံ၊ စိုက်ပျိုးခဲ့ဖူး၏။

ဣတော၊ ဤကမ္ဘာမှ။ ဧကတ္တိံသေ ကပ္ပေ၊ သုံးဆယ့်တစ်ကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်ကုသိုက်က်ကို။ တဒါ၊ ထိုဆင်ဖြစ်သောဘဝ၌။ အကရိံ၊ ပြုခဲ့ပြီ။ ဒုဂ္ဂတိံ၊ အပါယ်ဘုံဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဘိသဒါနဿ၊ ကြာစွယ်, ကြာရင်း လှူဒါန်းခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

ကပ္ပမှိ စုဒ္ဒသေ၊ တစ်ဆယ့်လေးကမ္ဘာထက်၌။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ စက္ကဝတ္တီ ရာဇာနော၊ စကြာမင်းဖြစ်ကုန်သော။ မနုဇာဓိပါ၊ လူတို့ကို အစိုးရကုန်သော။ သောဠသ၊ တစ်ဆယ့်ခြောက်ဘဝတို့ကို။ သမောဓာနာစ၊ အပေါင်းအားဖြင့်လည်း။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဘိသဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

သုစိန္တီတထေရ် အပဒါန်ဝတ္ထု

ဤသုစိန္တီထေရ်မြတ်သည် အကြိအစည်ကောင်းသော်လည်း ကမ္ဘာထောင့်ရှစ်ရာထက်၌ ပွင့်တော်မူသော အတ္ထဒဿီမြတ်စွာဘုရား လက်ထက်တွင် အကုသိုလ်ကံ နောင့်ယှက်သောကြောင့် မုဆိုးဖြစ်၍နေ၏။ ထိုမုဆိုးကြီးသည် ရဲတင်းသော ခြင်္သေ့မင်းကဲ့သို့ ဟိမဝန္တာတောင်ကြားဝယ် သားသမင်တို့ကို သတ်ဖြတ်၍ စားသောက်၏။

မုဆိုးရှိရာ ဘုရားရှင် ကြွလာ

မြတ်စွာဘုရားတို့သည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် ရှေးပါရမီကံရှိပါလျက် အကုသိုလ်နောင့်ယှက်၍ မုဆိုးကြီးဖြစ်၍နေသော သုစိန္တီတထေရ်လောင်းလျာကို မြင်တော်မူသောအခါ အတ္ထဒဿီမြတ်စွာဘုရားသည် ထိုမုဆိုးကြီး ရှိရာ ဟိမဝန္တာသို့ သနားရှေးရှုကြွတော်မူ၏။

ပြုခဲ့သောကုသိုလ်

ထိုမုဆိုးကြီးသည် မိမိစားသောက်ရန် ပစ်ခတ်သတ်ဖြတ်လာသော သားကောင်ကို ကောင်းစွာဖျက်၍ ကောင်းမွန်သော အသားတို့ကို ကောင်းစွာချက်ကာ အတ္ထဒဿီမြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းသည်။ ဘုရားရှင်သည် မုဆိုးအား အစဉ်သနားခြင်းဖြင့် အလှူခံ၍ ဘဉ်းပေးသုံးဆောင်တော်မူပြီးသောအခါ မုဆိုးကြီး၏ ရှေးကုသိုလ် ပါရမီအား သင့်လျော်သော တရား အနုမောဒနာကို ပြုပြီးမှ ပြန်ကြသွားတော်မူ၏။

ထိုမုဆိုးကြီးသည် အတ္ထဒဿီမြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးလိုက်ရသော ကုသိုလ်ကိုလည်းကောင်း၊ ဘုရားရှင် အနုမောဒနာပြု၍ ဟောကြားတော်မူသော တရားတော်ကိုလည်းကောင်း နှလုံးသွင်းကာ လှည့်လည်သွားလာနေကျဖြစ်သော ဟိမဝန္တာတောင်ကြားသို့ သွားစဉ် တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် သေဆုံးရလေ၏။ သေဆုံးပြီးနောက် ဥပဇ္ဈဝေဒနီယကံဖြင့် နတ်ပြည်၌ ဖြစ်လေ၏။

ကုသိုလ်အကျိုး ခံစားရပြီ

ဆွမ်းလုပ်ကျွေးခဲ့ရသော ကုသိုလ်နှင့် အနုမောဒနာတရား နားကြားရသော ထိုကုသိုလ်ကံ စေတနာသည် အဆက်ဆက်တို့၏ဩဖြင့် ထုံအပ်ရကား နတ်ပြည်ခြောက်ထပ်၌ အဆင့်ဆင့်ဖြစ်၍ နတ်စည်းစိမ်ကို စံစားနေရ၏။

http://www.dhammadownload.com

ကမ္ဘာပေါင်းတစ်ထောင့်ငါးရာမှ ကြွင်းသော သုံးရာသော ကမ္ဘာတို့အတွင်း၌ သူသည် လူ့ဘဝကိုရပြန်သဖြင့် ကုသိုလ်ကောင်းမှုကို ကြဲစည်၍ ပြုလုပ်ပြန်၏။ ဤကမ္ဘာမှ ပြန်၍ရသော် သုံးဆယ့်ရှစ်ကမ္ဘာထက်၌ ဒီဃာယု အမည်ရှိသော စကြာမင်း ရှစ်ကြိမ်ဖြစ်ရပြီး ဝရဏအမည်ရှိသော စကြာမင်း နှစ်ကြိမ်ဖြစ်ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သည်ရှိသော် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

ရဟန္တာဖြစ်တော်မူပြီးနောက် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် မိမိ၏ရှေးဘဝတို့ကို ကြည့်ရှုကာ ဤတရားတော်ကို ဟောတော်မူ၏။

မထေရ်ဟောသော ရှေးဘဝဇာတ်ကြောင်း

ဂိရိဒုဂ္ဂစရော အာသိ၊ အဘိဇာတောဝ ကေသရီ။
မိဂသဲဃံ ဝဓိတ္ဝာန၊ ဇီဝါမိ ပဗ္ဗတန္တရေ။

အတ္ထဒဿီ ထုဘဂဝါ၊ သဗ္ဗညူ ဝဒတံ ဝရော။
မမုဒ္ဓရိတုကာမော သော၊ အာဂစ္ဆိ ပဗ္ဗတုတ္တမံ။

ပသဒ္ဓ မိဂံ ဂန္တွာ၊ ဘက္ခိတုံ သမုပါဂမိ။
ဘဂဝါ တမို သမယော၊ ဘိက္ခမာနော ဥပါဂမိ။

ဥရမံသာနိ ပဂ္ဂယှ၊ အဒါသိ တဿ သတ္ထုနော။
အနုမောဒိ မဟာဝီရော၊ နိဗ္ဗာပေန္တော မမံ တဒါ။

တေန စိတ္တပသာဒေန၊ ဂိရိဒုဂ္ဂံ ပဝိသိံ အဟံ။
ပိတိံ ဥပ္ပါဒယိတ္ဝာန၊ တတ္ထ ကာလင်္ကတော အဟံ။

၈တေန မံသဒါနေန၊ စိတ္တဿ ပဏိဓီဟိ စ။
ပန္နရသေ ကပ္ပသတေ၊ ဒေဝလောကေ ရမိံ အဟံ။

အဟံ၊ သုစိန္တိ နာမခေါ်တွင် ငါအရှင်သည်။ ကွတော၊ ဤကမ္ဘာမှ။ အဋ္ဌာရသေကပ္ပသတေ၊ ကမ္ဘာပေါင်းတစ်ထောင့်ရှစ်ရာထက်၌။ ဂိရိဒုဂ္ဂစရော၊

http://www.dhammadownload.com

ထောင်ချောက်ကြား၌ လျှောက်သွားလှည့်လည် ဂျို(ချေ)သမင်ဆတ် ပစ်ခတ်သတ်ထိုး အကျင့်ဆိုးသော မုဆိုးကြီးသည်။ အာသီ၊ ဖြစ်ရဖူးလေပြီ။ အဘိဇာတော၊ လွန်သောဇာတိရှိသော။ ကေသရီဣဝ၊ ကေသရာခြသေ့ကဲ့သို့။ မိဂသဲယဲ၊ သားကောင်အပေါင်းကို။ ဝဓိတွာ၊ သတ်ဖြတ်၍။ ပဗ္ဗတန္တရေ၊ တောင်ကြား၌။ ဇီဝါမိ၊ အသက်မွေး၍နေ၏။

မမံ၊ သောင်းကျန်းလှစွာ မုဆိုးငါကို။ ဥဒ္ဓရိတုကာမော၊ ထုတ်ဆယ်ကယ်တင်တော်မူလိုသော။ ဝဒတံ၊ တရားဟောပုဂ္ဂိုလ်တို့ထက်။ ဝရော၊ မြတ်တော်မူသော။ သဗ္ဗညူ၊ အလုံးစုံကို သိတော်မူသော။ အတ္ထဒဿီ၊ အတ္ထဒဿီအမည်တော်ရှိသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပဗ္ဗတုတ္တမံ၊ ဟိမဝန္တဇာတောင်မြတ်သို့။ အာဂစ္ဆိ၊ ကြွလာတော်မူ၏။ အဟဉ္စ၊ ငါမုဆိုးကြီးသည်လည်း။ ပသဒံမိဂံ၊ ဂျိုသားကောင်ကို။ ဟန္တွာ၊ သတ်၍။ ဘက္ခိတုံ၊ စားခြင်းငှာ။ သမုပါဂမိ၊ လာခဲ့၏။ တမိုသမယေ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခမာနော၊ ဆွမ်းခံတော်မူလျက်။ ဥပါဂမိ၊ ရောက်လာတော်မူ၏။

ဝရမံသာနိ၊ ကောင်းမြတ်သောအသားတို့ကို။ ပဂ္ဂယှ၊ ယူ၍။ တသ္သ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ အဒါသိ၊ ပေးလှူ၏။ တဒါ၊ ထိုအခါ၌။ မဟာဝိရော၊ မြတ်စွာဘုရားသည်။ မမံ၊ ငါ့ကို။ နိဗ္ဗာပေန္တော၊ ငြိမ်းအေးစေလျက်။ အနုမောဒိ၊ အနုမောဒနာပြုတော်မူ၏။

တေနစိတ္တပသာဒေန၊ ထိုစိတ်၏ ကြည်ညိုခြင်းဖြင့်။ ပီတိ၊ နှစ်သက်ခြင်းကို။ ဥပွါဒိတွာန၊ ဖြစ်စေပြီး၍။ အဟံ၊ ငါမုဆိုးကြီးသည်။ ဂီရိဒုဂ္ဂံ၊ တောင်ကြားသို့။ ပဝိသိ၊ ဝင်လေပြီ။ တတ္ထ၊ ထိုတောင်ကြား၌။ အဟံ၊ ငါမုဆိုးကြီးသည်၊ ကာလံကတော၊ သေခြင်းကိုပြု၏။

ဧတေန မံသဒါနေန၊ ထိုအမဲသားလှူသော ကုသိုလ်ဖြင့်လည်းကောင်း။ စိတ္တဿ၊ စိတ်၏။ ပဏီဓိဟိစ၊ ဆောက်တည်ခြင်းတို့ဖြင့်လည်းကောင်း။ အဟံ၊ ငါသည်။ ပန္နရသေ ကပ္ပသတေ၊ ကမ္ပာပေါင်း တစ်ထောင့်ငါးရာပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိ၊ မွေ့လျော်ပျော်ပါးရ၏။

အဝသေသေသု၊ နတ်ပြည်စံ ကမ္ပာထောင့်ငါးရာမှကြွင်းကုန်သော။ ကပ္ပေသု၊ ကမ္ပာပေါင်းသုံးရာတို့၌။ အဟံ၊ ငါသည်။ ကုသလံ၊ ကုသိုလ်ကို။ စိန္တိတံ၊ ပြုလုပ်ရန် ကြံစည်အပ်၏။

http://www.dhammadownload.com

အဋ္ဌတိံသမိ ကပ္ပမှိ၊ အဋ္ဌ ဒီဃာယုနာမကာ။
သင်္ခမှိတော ကပ္ပသတေ၊ ဒုဝေ ဝရဏနာမကာ။

တေနေဝ မံသဒါနေန၊ ထိုအမဲသားလှူသော ကုသိုလ်ဖြင့်လည်းကောင်း။ ဗုဒ္ဓါ နုဿရဏေနစ၊ မြတ်စွာဘုရားကို အောက်မေ့သဖြင့်လည်းကောင်း။ အဋ္ဌတိံသမိ ကပ္ပမှိ၊ သုံးဆယ့်နှစ်ကမ္ဘာထက်၌။ ဒီဃာယုနာမကာ၊ ဒီဃာယု အမည်ရှိကုန်သော။ စကြာမင်းသည်။ အဋ္ဌ၊ ရှစ်ကြိမ်။ အဟောသိံ၊ ငါဖြစ်ရဖူးလေပြီ။ ဣတော၊ ဤကမ္ဘာမှ။ သင်္ခမှိတော ကပ္ပသတေ၊ ကမ္ဘာတစ်ရာ့ခြောက်ဆယ်ထက်၌။ ဝရဏနာမကာ၊ ဝရဏ အမည်ရှိသော စကြာမင်းသည်။ ဒုဝေ၊ နှစ်ကြိမ်။ အဟောသိံ၊ ငါဖြစ်ရဖူးလေပြီ။

သုစိန္တီတထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ဝဋ္ဆဒါယကထေရ် အပဒါန်ဝတ္ထု

ဝဋ္ဆဒါယကထေရ်သည် ကမ္ဘာပေါင်း ရှစ်ရာထက်၌ ပွင့်တော်မူသော အတ္ထဒဿီမြတ်စွာဘုရား၏ လက်ထက်တော်တွင် ဂဠုန်မင်း ဖြစ်၍နေ၏။

ဂဠုန်မင်းဘဝ ပြုခဲ့သော ကုသိုလ်

ထိုအခါ အတ္ထဒဿီမြတ်စွာဘုရားသည် ဟိမဝန္တာ ဂန္ဓမာဒနတောင်သို့ ကြွလာတော်မူသည်ကို ဂဠုန်မင်းမြင်၍ လူယောင်ဖန်ဆင်းပြီး နတ်၌ဖြစ်သော ကမ္မဇဒွိပုဆိုးအဝတ်ဖြင့် မြတ်စွာဘုရားအား ပူဇော်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဂဠုန်မင်းလှူသော ပုဆိုးအဝတ်ကို အလှူခံတော်မူကာ ဤတရားတော်ကို ဟောတော်မူ၏။

ဣမိနာ ဝတ္ထဒါနေန၊ စိတ္တာသ ပဏိဓိဟိ စ။
ပဟာယ ဂရုဠံ ယောနိံ၊ ဒေဝလောကေ ရမိဿတိ။

http://www.dhammadownload.com



အတ္တဒဿီဘုရားရှင်အား ဂဠုန်မင်းက အဝတ်ပုဆိုးများလှူဒါန်းစဉ်။ ၄၆၃

http://www.dhammadownload.com

http://www.dhammadownload.com

ဘုရားရှင်ဟောကြား မြတ်တရား

ဣမိနာဝတ္ထုဒါနေနစ၊ ဤပုဆိုးအဝတ်လှူသော ကုသိုလ်အားဖြင့်လည်းကောင်း။ စိတ္တသ၊ စိတ်၏။ ပဏီဓိဟိစ၊ ဆောက်တည်ခြင်းတို့ဖြင့်လည်းကောင်း။ ဂရုဠယောနိ်၊ ဂဠုန်အဖြစ်ကို။ ပဟာယ၊ ပယ်၍။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိဿတိ၊ မွေ့လျော်ရလတ္တံ့။

အတ္ထဒဿီမြတ်စွာဘုရားသည် ကောင်းကင်မှ ရပ်တော်မူလျက် ဤဂါထာဖြင့် ဂဠုန်မင်းအား အနုမောဒနာတရား ဟောကြားပြီးလျှင် မြောက်အရပ်သို့ ရှေးရှု ပြန်ကြွတော်မူ၏။

လူနတ်စည်းစိမ် ခံစားရပုံ

ဂဠုန်မင်းသည် အလွန်ဝမ်းမြောက်သော စိတ်ရှိလျက် အသက်တမ်းအတိုင်း နေပြီး ဂဠုန်၏ဘဝမှ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်၏။ နတ်ပြည်မှစုတေသောအခါ လူ့ပြည်၌ ဖြစ်ရပြန်ပြီး ဤကမ္ဘာမှပြန်၍ရသော် ကမ္ဘာသုံးဆယ်အထက်၌ စကြာမင်း ခုနစ်ကြိမ်ဖြစ်ကာ လူမင်း၏စည်းစိမ်ကို စံစားရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်သည်။ သိ, ကြား, လိမ္မာသောအရွယ်ရောက်သော် သာသနာတော်၌ ရဟန်းပြုသည်။ ဝိပဿနာကို အားထုတ်လျှင် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်ကိုရသော ခီဏာသဝရဟန္တာ ဖြစ်တော်မူသည်။

ထိုမထေရ်သည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် မိမိ၏ရှေးဘဝ၌ ဖြစ်ခဲ့ရပုံတို့ကို ကြည့်ရှုကာ ဤသို့ပြန်လည် ဟောကြားတော်မူ၏။

အဝတ်လှူ၍ ရရှိသောချမ်းသာ

ပက္ခိဇာတော တဒါ အာသိ်၊ သုပဏ္ဏော ဂရုဠာဓိပေါ။
အဒ္ဒသံ ဝိဇရံ ဗုဒ္ဓံ၊ ဂစ္ဆန္တံ ဂန္ဓမာဒနံ။
ဇဟိတွာ ဂရုဠဝဏ္ဏံ၊ မာဏဝကံ အဓာရယိ်။
ဧကံ ဝတ္ထံ မယာ ဒိန္နံ၊ ဒ္ဝိပဒိန္ဒသ တာဒိနော။

http://www.dhammadownload.com

အဟံ၊ ဝတ္ထဒါယက အမည်ရသော ငါသည်။ ပက္ခိဇာတော၊ ငှက်အမျိုး ဖြစ်သော။ ဂရုဠာဓိပေါ၊ ဂဠုန်တို့ကိုအစိုးရသော။ သုမုဏ္ဍော၊ ဂဠုန်မင်းသည်။ တဒါ၊ ထိုအတ္ထဒဿီမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌။ အာသိ၊ ဖြစ်ခဲ့ရဖူး လေပြီ။ ဂန္ဓမာဒနံ၊ ဂန္ဓမာဒနတောင်သို့။ ဂစ္ဆန္တံ၊ ကြွတော်မူလာသော။ ဝိရဇံ၊ ကိလေသာမြူ ကင်းသော။ ဗုဒ္ဓံ၊ အတ္ထဒဿီမြတ်စွာဘုရားကို။ အဒ္ဒသံ၊ ဖူးမြင်ရ၏။ ဂရုဠဝဏ္ဏံ၊ ဂဠုန်အသွင်ကို။ ဧဟိတွာ၊ စွန့်၍။ မာဏဝကံ၊ လုလင်အသွင်ကို။ အဓာရယိံ၊ အယောင်ဆောင်၏။ ဒွိပဒိန္ဒဿ၊ အခြေနှစ်ချောင်းတို့ထက် အစိုးရခြင်း ရှိတော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အတ္ထဒဿီ မြတ်စွာဘုရားကို။ မယာ၊ ငါသည်။ ဧကံ၊ တစ်ထည်သော။ ဝတ္ထံ၊ အဝတ်ပုဆိုးကို။ ဒိန္နံ၊ လှူဖူး၏။

ဤသို့ မြတ်စွာဘုရားအား အဝတ်ပုဆိုးလှူသော ကုသိုလ်စေတနာကြောင့် ဖြစ်လေရာဘဝတို့၌ အဝတ်ပုဆိုးကို များစွာရသည်။ ကောင်းကင်၌လည်း အဝတ်ပုဆိုး တို့ကို မျက်နှာကြက် ဗိတာန်မိုး၍ နေရ၏။ ထိုအကြောင်းကို ထုတ်ဖော်၍ ပြတော် မူခြင်းငှာ မထေရ်က ဤသို့ ဟောတော်မူပြန်၏။

ဘဝေ နိဗ္ဗတ္တမာနမ္ဒိ၊ ဟောန္တိ မေ ဝတ္ထသမ္ပဒါ။
အာကာသေ ဆဒနံ ဟောတိ၊ ဝတ္ထဒါနဿိဒံ ဖလံ။

ဘဝေ၊ ဖြစ်လေရာဘဝ၌။ နိဗ္ဗတ္တမာနမ္ဒိ၊ ဖြစ်ရသည်ရှိသော်။ မေ၊ ငါ့အား။ ဝတ္ထသမ္ပဒါ၊ အဝတ်ပုဆိုးနှင့် ပြည့်စုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဆဒနံ၊ အဝတ်မျက်နှာကြက်အမိုးသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသည်ကား။ ဝတ္ထဒါနဿ၊ အဝတ်ပုဆိုးလှူရခြင်း၏။ ဖလံ၊ အကျိုးတည်း။

ထိုအဝတ်ပုဆိုး လှူရသော ကုသိုလ်စေတနာသည် အဝတ်ပုဆိုးနှင့် ပြည့်စုံ ရုံမျှမက စကြာမင်းကြီး၏ ဘဝကိုလည်း ခုနစ်ကြိမ်ရသေး၏။

စကြာမင်းဖြစ်၍ လောကီစည်းစိမ်ကလေးမျှကို စံစားကာ ဒုက္ခအေးငြိမ်းသည် မဟုတ်။ လောကုတ္တရာစည်းစိမ်ကိုလည်း ကိုယ်တိုင်ရ၍ ဒုက္ခခပ်သိမ်း အေးငြိမ်း သော ရဟန္တာ၏အဖြစ်ကိုလည်း ထိုအဝတ်လှူသော ကုသိုလ်၏အကျိုးဆက်အားဖြင့် ရတော်မူသည်။

ဝတ္ထဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

အမွဒါယကထေရ် အပဒါန်ဝတ္ထု

အမွဒါယကထေရ်သည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ပွင့်တော်မူသော အနောမဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ဟိမဝန္တာတောင်တွင် မျောက်မင်းဖြစ်၍နေ၏။

မျောက်မင်းမင်္ဂိုလ်ရမည့်အရေးမြင်၍

ထိုအခါ၌ အနောမဒဿီ မြတ်စွာဘုရားသည် လောကကို ကြည့်ရှုတော်မူသည် ရှိသော် ထိုမျောက်မင်းကိုမြင်၍ နောင်အခါ၌ မင်္ဂိုလ်ကို ရလတ္တံ့သော ဆုတောင်း ပါရမီ ဥပနိဿယရှိသည်ကို သိတော်မူသဖြင့် ပါရမီပြည့်လွယ်စေခြင်းငှာ ထိုမျောက်မင်း၏နေရာ ဟိမဝန္တာတောင်သို့ ကြွတော်မူ၏။

ပျားရည်နှင့် သရက်သီးလှူ

ထိုမျောက်မင်းသည် အနောမဒဿီ မြတ်စွာဘုရားကို မြင်လျှင် ရှေးက ပြုဖူးသော ပါရမီဆုတောင်းရှိသည်နှင့် ကြည်ညိုသောစိတ်ဖြစ်၍ ဟိမဝန္တာတောင်မှ သရက်သီးမှည့်တို့ကို ဆောင်ယူကာ ပျားရည်နှင့်တကွ ကပ်လှူ၏။ အနောမဒဿီ မြတ်စွာဘုရားသည် ပျားရည်နှင့်တကွ သရက်သီးမှည့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်စကား

ဣမိနာ မဒုဒါနေန၊ အမွဒါနေန စူဘယဲ။
သတ္တပညာသကပ္ပမှိ၊ ဒေဝလောကေ ရမိဿတိ။
အဝသေသေသု ကပ္ပေသု၊ ဝေါကိဏ္ဏံ သံသရိဿတိ။
ခေပေတ္ဝာ ပါပကံ ကမ္မံ၊ ပရိပက္ကာယ ဗုဒ္ဓိယာ။
ဝိနိပါတမဂန္ဆာန၊ ကိလေသေ ဈာပယိဿတိ။

ဣမိနာ မဒုဒါနေနစ၊ ဤပျားရည်လှူရသော ကုသိုလ်အားဖြင့်လည်းကောင်း။ အမွဒါနေနစ၊ သရက်သီးလှူရသော ကုသိုလ်အားဖြင့်လည်းကောင်း။ ဥဘယံ-ဥဘယေဘိ၊ နှစ်ပါးစုံသော ကုသိုလ်တို့ဖြင့်။ သတ္တပညာသကပ္ပါနိ၊ ငါးဆယ့်ခုနစ် ကမ္ဘာတို့ပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိဿတိ၊ မွေ့လျော်စွာနေရလတ္တံ့။

http://www.dhammadownload.com

အဝသေသေသုံ၊ ငါးဆယ့်ခုနစ်ကမ္ဘာမှ ကြွင်းကုန်သော။ ကပ္ပေသု၊ တစ်အသင်္ချေနှင့် ကိုးသောင်းကိုးထောင်ကိုးရာလေးဆယ့်သုံးကမ္ဘာတို့၌။ ဝေါကိဏ္ဏံ၊ အရောရော အနှောနှော။ သံသရိဿတိ၊ ကျင်လည်ရလတ္တံ့။ ပါပကံ၊ မဟောင်းသော။ ကမ္မံ၊ အကုသိုလ်ကံကို။ ခေပေတွာ၊ ကုန်စေ၍။ ဗုဒ္ဓိယာ၊ ပါရမီဉာဏ်သည်။ ပရိပက္ကာယ၊ ရင့်သည်ရှိသော်။ ဝိနိပါတံ၊ အပါယ်ဒုက္ခတိဘုံသို့။ အဂန္ဆာန၊ မရောက်မူ၍။ ကိလေသေ၊ ကိလေသာ တို့ကို။ ဈာပယိဿတိ၊ လောင်ကြွမ်း၍ ကုန်ခန်းစေလတ္တံ့။

ဤသို့ ဗျာဒိတ်ပေးတော်မူပြီး အနောမဒဿီ မြတ်စွာဘုရားသည် ပြန်ကြွသွားတော်မူ၏။

မတည်မြဲသောဘဝများ

ထိုကုသိုလ်ဖြင့် ကမ္ဘာပေါင်း ငါးဆယ့်ခုနစ်ကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်စွာ နေရ၍ ထိုနောက် ကိုးသောင်းကိုးထောင်ကိုးရာ လေးဆယ့်သုံးကမ္ဘာနှင့် တစ်အသင်္ချေပတ်လုံး လူဖြစ်ချည် နတ်ဖြစ်ချည်၊ အပါယ်သို့ ကျရောက်ချည်၊ ဤမှ ပြန်၍ရသော် ကမ္ဘာပေါင်း တစ်ရာခုနစ်ဆယ့် ခုနစ်ကမ္ဘာထက်၌ ထိုသရက်သီး လှူသော ကုသိုလ်က ဆက်ပြန်၍ စကြာမင်းဘဝ တစ်ဆယ့်လေးကြိမ် ဖြစ်ရသည်။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ ပါရမီရင့်သူဖြစ်သဖြင့် ကျွတ်လွတ်ခွင့်ဆိုက်ရကာဥစ္စာပစ္စည်းနှင့် ပြည့်စုံသော အမျိုးကောင်းသားဖြစ်ရပြန်သည်။ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကို အားထုတ်သော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ရဟန္တာဖြစ်ပြီး၍ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုသည် ရှိသော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ပွင့်တော်မူသော အနောမဒဿီ မြတ်စွာဘုရားလက်ထက်၌ မျောက်မင်းဖြစ်၍ သရက်သီးနှင့် ပျားရည်ကို လှူဖူးသော အကြောင်းအရာကို ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

သရက်သီးနှင့် ပျားရည်လှူခြင်းအကျိုး

ကပိ အဟံ ဘဒါ အာသိံ၊ ဟိမဝန္တေ နဂုတ္တမေ။
ဒိသွာ အနောမဒဿိံတံ၊ ဗုဒ္ဓေ စိတ္တံ ပသာဒယိံ။

http://www.dhammadownload.com

အဝိဒူရေ ဟိမဝန္တသ၊ အမ္ဘာသုံ ဖလိနော တဒါ။
တတော ပက္ကံ ဂဟေတွာန၊ အမ္ဗံ သ, မဓုကံ အဒံ။
သတ္တသတ္တတိကပ္ပသတေ၊ အမ္ဗဒဋ္ဌ သနာမကာ။
စတုဒ္ဒသ တေ ရာဇာနော၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ဘောန္တော မနုဿာ၊ ရခဲစွာလှ လူ့ဘဝကို ရကြကုန်သူ အိုလူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ အမ္ဗဒါယက အမည်ရသော ငါသည်။ တဒါ၊ ထိုတစ်အသရော်နှင့် ကမ္ဘာတစ်သိန်းထက်၌။ ဟိမဝန္တာနဂုတ္တမေ၊ ဟိမဝန္တာတောင်မြတ်၌။ ကပိ၊ တိရစ္ဆာန်မျောက်သည်။ အသိ၊ ဖြစ်ရဖူးလေပြီ။ အနောမဒဿိ၊ အနောမဒဿီ အမည်တော်ရှိသော။ တံ၊ ထိုမြတ်စွာဘုရားကို။ ဒိသွာ၊ ဖူးမြင်ရ၍။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ စိတ္တံ၊ စိတ်ကို။ ပသာဒယိ၊ ကြည်ညိုစေဖူးပြီ။

ဟိမဝန္တသ၊ ဟိမဝန္တာတောင်၏။ အဝိဒူရေ၊ မနီးမဝေး၌။ တဒါ၊ ထိုအခါက။ ဖလိနော၊ အသီးသီးကုန်သော။ အမ္ဘာ၊ သရက်ပင်တို့သည်။ အာသုံ၊ ဖြစ်ကုန်၏။ တတော၊ ထိုသရက်ဝင်မှ။ ပက္ကံ၊ အမှည့်ကို။ ဂဟေတွာန၊ ဆွတ်ယူ၍။ သ မဓုကံ၊ ပျားရည်နှင့်တကွ။ အမ္ဗံ၊ သရက်သီးကို။ အဒံ၊ လှူဖူးလေပြီ။

သတ္တသတ္တတိ ကပ္ပသတေ၊ တစ်ရာခုနစ်ဆယ့် ခုနစ်ကမ္ဘာထက်၌။ အမ္ဗဒဋ္ဌ သနာမကာ၊ သရက်စေ့ကြောင့်ဖြစ်သော သရက်သီးအမည်ဖြင့် အမည်ရှိကုန်သော။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ စတုဒ္ဒသ၊ တစ်ဆယ့်လေးကြိမ်။ အာသိ သု၊ ဖြစ်ဖူးလေကုန်ပြီ။

အမ္ဗဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

သုမနသာမဏေ အပဒါန်ဝတ္ထု

သုမနသာမဏေသည် သိခီမြတ်စွာဘုရား လက်ထက်၌ မာလာကာရခေါ်ပန်းသည်အမျိုးဌ လူဖြစ်နေရသည်။ သိခီမြတ်စွာဘုရားအား မြတ်လေးပန်းပွင့်တို့ဖြင့် ပူဇော်ခဲ့ဖူးသော ကုသိုလ်ပါရမီကြောင့် လူနတ်တို့၏ စည်းစိမ်ချမ်းသာကို များစွာခံစားခဲ့ရသည်။

http://www.dhammadownload.com

အသက်ရှင်လျှင် ရှင်ပြုမည်

ငါတို့ကဲ့တမမြတ်စွာဘုရားလက်ထက် ရောက်သောအခါ မထင်ရှားသော အညတရ ဥပါသကာ၏အိမ်၌ ပဋိသန္ဓေတည်နေရပြန်သည်။ ထိုဥပါသကာသည် အရှင်အနုရုဒ္ဓါ၏ အလုပ်အကျွေးဒါယကာဖြစ်၏။ ထိုဒါယကာ၌ မွေးလာသမျှသော သားတို့သည် အသက်မရှင်ကြကုန်။ ထို့ကြောင့် အကယ်၍ ဤသားတစ်ယောက် အရွယ်ရောက်သည့်တိုင် အသက်ရှည်ပါမူကား အရှင်အနုရုဒ္ဓါအထံ၌ ရှင်ပြုအံ့ဟု ကြံရွယ်ထားလေ၏။

သုမနသာမဏေ

ထိုသတို့သား ပဋိသန္ဓေတည်နေ၍ ဆယ်လစေ့လျှင် အနာရောဂါမရှိ ချမ်းသာစွာ ဖွားမြင်လာလေ၏။ အသက်ခုနစ်နှစ်အရွယ်ရောက်သောအခါ အဖ ဖြစ်သော ဥပါသကာသည် အရှင်အနုရုဒ္ဓါအထံ၌ ရှင်သာမဏေပြုစေ၏။ အရှင်သုမန သာမဏေဟူ၍ အမည်တွင်၏။

သုမနသာမဏေသည် ရင့်ပြီးသော ပါရမီဉာဏ်ရှိသည်ဖြစ်၍ အရှင်အနုရုဒ္ဓါ နည်းပြတော်မူသည့်အတိုင်း ဖြစ်,ပျက် ကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ မကြာမြင့်မီ ဆဋ္ဌဘိညဉာဏ် ရဟန္တာဖြစ်တော်မူကာ အရှင်အနုရုဒ္ဓါကို လုပ်ကျေး ဆည်းကပ်လျက် နေ၏။

ရေမပေးလိုသောမိစ္ဆာနဂါး

တစ်နေ့သ၌ ဥပဇ္ဈာယ်ဖြစ်သော အရှင်အနုရုဒ္ဓါ လေနာထ၍ သောက်ရေကို ဆောင်ယူအံ့ဟု ရေအိုးကိုယူကာ တန်ခိုးကြွဒွိပါဒ်ဖြင့် ကောင်းကင်မှသွား၍ အနောတတ္တရေအိုင်သို့ ရောက်သည်။ ထိုရေအိုင်၌ မိစ္ဆာအယူရှိသော သိန္ဓုဘိန္ဒ နဂါးမင်းသည် သုမနသာမဏေကို ရေမပေးဟုကြံပြီး အနောတတ္တအိုင်ကို ခုနစ်ပတ် ခွေပတ်၍ ပါးပျဉ်းကို ကြီးစွာဖန်ဆင်းလျက် ဖုံးလွှမ်းထား၏။

ဂဠုန်ယောင်ဖန်ဆင်းလျက်ရေကိုယူ

နဂါးမင်း ပါးပျဉ်းဖြင့် ဖုံး၍ထားသော အနောတတ္တအိုင်ရေကို သုမနသာမဏော သည် တန်ခိုးကြွဒွိပါဒ်ဖြင့် ဂဠုန်ယောင်ဖန်းဆင်းကာ ရေကို ရအောင်ခပ်ယူသည်။

http://www.dhammadownload.com

ထို့နောက် ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွလာသည်ကို မြတ်စွာဘုရား မြင်တော်မူသည်။

ထိုအခါ ဘုရားရှင်က ချီးမွမ်းတော်မူလျက် ချစ်သား သာရိပုတ္တရာ၊ မိစ္ဆာနဂါးက ရေမပေးလို၍ရေအိုင်ကို ပါးပျဉ်းဖြင့် အုပ်ထားသော်လည်း ရေအိုင်မှရေကို ယူဆောင်၍ ကောင်းကင်မှပြန်လာသော ဤသာမဏေကို ကြည့်လော့။ အနုရုဒ္ဓါ၏ တပည့် ဤသုမနသာမဏေသည် တန်ခိုးအရာ၌ ရဲရင့်ခြင်းရှိလှသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ရဟန္တာသာမဏေဖြစ်သော်လည်း မိမိရဟန္တာဖြစ်သည်ကို သူတစ်ပါးအား သိစေခြင်း မရှိဟု မိန့်တော်မူ၏။

သုမနထေရ်မြတ်သည် ထိုအကြောင်းကို ပြခြင်းငှာ ဤသို့မိန့်ကြား၏။

ယဒါ နဂေါ ပဗ္ဗဇိတော၊ ဇာတိယာ သတ္တဝဿိကော။
လဿွိယာ အဘိဘောတွာန၊ ပန္နဂိန္ဒံ မဟိဒ္ဓိကံ။
ဥပဇ္ဈာယဿ ဥဒကံ၊ အနောတတ္တာ မဟာသရာ။
အာဟရာမိ တတော ဒိသွာ၊ မံ သတ္ထာ ဇေတဝဇြဝိ။

အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသုမနထေရ်သည်။ ယဒါ၊ အကြင်အခါ၌။ ဇာတိယာ၊ မွေးဖွားသည်မှ။ သတ္တဝဿိကော၊ ခုနစ်နှစ်အရွယ်ရှိသော။နဂေါပဗ္ဗဇိတော၊ သာမဏေငယ်ဖြစ်လျက်။ မဟိဒ္ဓိကံ၊ ကြီးသောတန်ခိုးရှိ၍ အနောတတ္တအိုင်ကို ပါးပျဉ်းဖြင့်ဖုံး၍ ထားနိုင်သော။ ပန္နဂိန္ဒံ၊ ပန္နဂိန္ဒနဂါးမင်းကို။ လဿွိယာ၊ ငါ၏တန်ခိုးဖြင့်။ အဘိဘောတွာန၊ နှိမ်နင်း၍။ အနောတတ္တာ မဟာသရာ၊ ပူသော ရေမရှိသော အနောတတ္တ ရေအိုင်ကြီးမှ။ ဥဒကံ၊ ရေကို။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာအလို့ငှာ။ အာဟရာမိ၊ ယူဆောင်ခဲ့၏။ တတော–တသ္မိံ ကာလေ၊ ထိုအခါ၌။ မံ၊ ကောင်းကင်မှလာသောငါ့ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒိသွာ၊ မြင်တော်မူ၍။ ဇေတဝဇြဝိ၊ သာရိပုတ္တရာကြည့်လော့ စသော ဤစကားတော်ကို။ အဖြဝိ၊ ဟောတော်မူ၏။

သုမနသာမဏေ အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●

http://www.dhammadownload.com

ပုပ္ပစကော်ဠိယထေရ် အပဒါန်ဝတ္ထု

ပုပ္ပစကော်ဠိယထေရ်သည် သိခီမြတ်စွာဘုရား၏ လက်ထက်တော်၌ အမျိုးကောင်းသား ဖြစ်နေရသည်။ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် စံပါယ်နေတော်မူသော သိခီမြတ်စွာဘုရားအား လိပ်ဆူးရွေပန်းတို့ကို ပန်းတောင်းဖြင့်ထည့်ကာ လှူဒါန်းပူဇော် ခဲ့ဖူး၏။

ဆုတောင်းခဲ့ပုံ

ဤသို့ ပန်းပူဇော်ရသော ကုသိုလ်ကြောင့် ဖြစ်လေရာဘဝတို့၌ ရွှေအဆင်းကဲ့သို့ အဆင်းရှိသူဖြစ်ရသည်။ သူတစ်ပါးတို့၏ ပူဇော်ရာဖြစ်ပါစေသောဟုလည်း ဆုတောင်းခဲ့သည်။ ထို့ပြင်လည်း ဤပန်းပူဇော်ခြင်း ကုသိုလ်ကြောင့် နိဗ္ဗာန်သို့ ရောက်ရပါစေသော ဟူ၍လည်း ဆုတောင်းခဲ့၏။

ကောင်းမှု၏အကျိုး

ထိုအမျိုးသားသည် ထိုကုသိုလ်တို့ဖြင့် စုဆောင်းသည်မှ နောက်ဘဝတို့၌ လူ, နတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ် စံစားရသည်။ ကမ္ဘာသုံးဆယ်ပြည့်သည်ရှိသော် ဒေဝဘူတိ အမည်ရှိကုန်သော စကြာမင်း ငါးကြိမ်ဖြစ်ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ဤဘဒ္ဒကမ္ပာအတွင်း၌ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်ကာ မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုသည်။ ဝိပဿနာကို အားထုတ်သော် ရဟန္တာအဖြစ်သို့ရောက်၏။

ထိုမထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုသည်ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ သိခီမြတ်စွာဘုရားအား ပန်းပူဇော်ဖူးသော အကြောင်းကို မြင်တော်မူ၍ ဝမ်းမြောက်သောစိတ်ဖြင့် မိမိပြုဖူးသော ရှေးကောင်းမှုကို ပြန်ပြောင်း ဟောကြားတော်မူ၏။

ပုပ္ပစကော်ဠိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●

http://www.dhammadownload.com

နာဂသမာလထေရ် အပဒါန်ဝတ္ထု

နာဂသမာလထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရားအား ထီးလျှသော ကုသိုလ်ဖြင့် ကမ္ဘာသုံးဆယ်ပတ်လုံး သိကြားမင်းဖြစ်ရသည်။ လူ့ပြည်၌ စကြာမင်းအကြိမ် ငါးရာ ဖြစ်၏။ ပဒေသရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင် အကြိမ်များစွာဖြစ်၍ ကာမဂုဏ်စည်းစိမ်ကို ခံစားခဲ့ရ၏။

စေတီတော်ကို ပန်းဖြင့်ပူဇော်

သုံးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော သိခီမြတ်စွာဘုရား၏ စေတီတော်ကို နာဂသမာလထေရ်လောင်းလျာသည် သခွတ်ပန်းတို့ဖြင့် ပူဇော်ခဲ့ဖူးသည်။

ဘုရားရှင်၏အလုပ်အကျွေး

ဤနောက်ဆုံးဘဝ၌ကား သာကီဝင်မင်းမျိုး၌ဖြစ်၏။ ဘုရားရှင် ကပိလဝတ်နေပြည်တော်၌ ဆွေတော်မျိုးတော်အပေါင်းတို့အား တန်ခိုးပြာဋိဟာ ပြတော်မူရာ၌ နာဂသမာလမင်းသားသည် အလွန်သဘောကျသဖြင့် သာသနာတော်၌ ရဟန်းပြုသည်။ ရဟန်းပြုပြီး မြတ်စွာဘုရား၏ သပိတ်ပရိက္ခရာကို လွယ်ကာ ဘုရားရှင်၏ နောက်တော်မှလိုက်ပါလျက် ဘုရားရှင်အား ပြုစုလုပ်ကျွေး၏။

မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီ ကြွတော်မူသောအခါ အရှင်နာဂသမာလထေရ်သည် နောက်တော်မှ လိုက်ပါပြုစုရသည်။ တစ်ခုသော လမ်းခရီး၌ လမ်းနှစ်ခွကို မြင်လျှင် နာဂသမာလထေရ်က ဤလမ်းသည် လူသွားသောလမ်းဖြစ်ပါသည်။ ဤလမ်းသို့သွားပါအံ့ဟု လျှောက်ကြားသည်။

ဘုရားရှင်၏စကား မနာယူ၍

ထိုအခါ ဘုရားရှင်က ချစ်သား နာဂသမာလ၊ ဤလမ်းသာလျှင် လူသွားသောလမ်းဖြစ်သည်။ ဤလမ်းသို့သွားအံ့ဟု သုံးကြိမ်တိုင် မိန့်တော်မူသည်။ သို့သော် မထေရ်သည် ဘုရားရှင်၏စကားကို မနာယူဘဲ မြတ်စွာဘုရား၏ သပိတ်ပရိက္ခာရာတို့ကို မြေ၌ချထားမည်ပြုသဖြင့် ဘုရားရှင်က "ရဟန်း ငါ့ထံယူခဲ့လော့" ဟုမိန့်၏။ ထို့နောက် သူကြိုက်ရာလမ်းမှ သွား၏။ ထိုလမ်းမှ သွားသော နာဂသမာလထေရ်ကို လမ်းခရီးအကြားတွင် ခိုးသူတို့နှင့် တွေ့ဆုံရသဖြင့် လက်တို့ဖြင့် ရိုက်ပုတ်

http://www.dhammadownload.com

ထုနှက်ကာ ခြေတို့ဖြင့် ကျောက်ကန်ပြီး သပိတ်ကိုလည်းခွဲ၊ သင်္ကန်းကိုလည်း ဆုတ်ဖြဲပစ်ကြသည်။ ထိုအခါ မထေရ်သည် စုတ်ပြဲသော သင်္ကန်းနှင့် မြတ်စွာဘုရား အထံသို့ ပြန်လာပြီးလျှင် ထိုအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤဂါထာဖြင့် ဥဒါန်းကျူးတော်မူ၏။

သဒ္ဒိံ စရမေကတော ဝဿံ၊ မိဿော အညဇနေန ဝေဒဂူ။
ဝိဒ္ဒါ ပဇဟာတိ ပါပကံ၊ ကောဠော ခီရပဂေါဝ နိန္နဒံ။ (ဥဒါန-၁၈၉)

သဒ္ဒိံ စရံ၊ အတူတကွ သွားပါလျက်။ ဧကတော၊ အတူတကွ။ ဝဿံ၊ အလိုရှိရာသွားတတ်၏။ ဝေဒဂူ၊ လမ်းဆုံးကမ်းရောက် ပြီးမြောက်သိမြင် ဘုရား ရှင်သည်။ အညဇနေန၊ မသိသေးသူ တစ်ပါးလူနှင့်။ မိဿော၊ ရောယှက်၍နေရ၏။ ခီရူပဂေါ၊ နို့ရေကိုသာ သောက်တတ်သော။ ကောဠော၊ ကြိုးကြာသည်။ နိန္နဒံ၊ နိမ့်ရာစီးရောက် ရေကြည်ပေါက်ကို။ ပဇဟာတိဣဝ၊ ပါယ်နိုင်သကဲ့သို့။ ဝိဒ္ဒါ၊ ပညာရှိသည်။ ပါပကံ၊ မကောင်းမှုကို။ ပဇဟာတိ၊ ပယ်နိုင်၏။

ရဟန္တာဖြစ်ပြီ

နာဂသမာလထေရ်သည် တစ်နေ့သ၌ ဆွမ်းခံဝင်ရာ မြို့တွင်းလမ်းမအလယ်၌ အဝတ်တန်ဆာ နံ့သာပန်းမာန် လိမ်းကျံပြုပြင် တန်ဆာဆင်လျက် တူရိယာတို့ဖြင့် တီးမှုတ်ကခုန်၍နေသော ကချေသည် မိန်းမကို တွေ့မြင်သည်။ ဤမိန်းမသည် သေမင်း၏ကျော့ကွင်းကဲ့သို့ အမြင်မှားသော ပုထုဇဉ်တို့ အကျိုးယုတ်ခြင်း၏ အကြောင်း ပါတကားဟု အားကြီးစွာသောအပြစ် အာဒီနဝတို့ကို ထင်မြင်၍ ငြီးငွေ့သောစိတ်ဖြင့် ဝိပဿနာကို ပွားများရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

မထေရ်သည် ထိုအကြောင်းတို့ကို သိစေခြင်းငှာ ဤသို့ ပြန်လည် ဟောတော်မူ၏။

အလင်္ကတာ သုဝဿနာ၊ မာလိနီ စန္ဒနဿဒါ။
မဇ္ဇေ မဟာပထေ နာရီ၊ တူရိယေ နစ္စတီ နဋ္ဌကီ။
ပိဏ္ဍိကာယ ပဝိဋ္ဌော ဟံ၊ ဂစ္ဆန္တော နံ ဥဒိက္ခိသံ။
အလင်္ကတံ သုဝဿနံ၊ မစ္စုပါသံဝ ဩဋ္ဌိတံ။ ။
တတော မေ မနသီကာရော၊ ယောနိသော ဥပပဇ္ဇထ။
အာဒီနဝေါ ပါတုရဟု၊ နိဗ္ဗိဒါ သမ္ပတိဋ္ဌထ။ ။

http://www.dhammadownload.com

တတော စိတ္တံ ဝိမုစ္စိ မေ၊ ပဿ ဓမ္မသုဓမ္မတံ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အလင်္ကတော၊ တန်ဆာဆင်လျက်။ သုဝဿနာ၊ ကောင်းစွာဝတ်ဆင်လျက်။ မာလိနီ၊ ပန်းပန်လျက်။ စန္ဒနုဿဒါ၊ စန္ဒကူးနှဲ့သော မွေးကြိုင်စွာဖြင့် ကိုယ်မှာလိမ်းကျံလျက်။ နဠကီ၊ ကချေသည်ဖြစ်သော။ နာရီ၊ မိန်းမသည်။ မဇ္ဈေ မဟာပထေ၊ မြို့တွင်းလမ်းအလယ်၌။ တူရိယေ၊ တူရိယာတီးမှုတ်လျက်။ နစ္စတိ၊ က၏။ အဟံ၊ နာဂသမာလအမည်ရသော ငါသည်။ ပိဏ္ဍိကာယ၊ ဆွမ်းခံအလို့ငှာ။ ပဝိဋ္ဌော၊ ဝင်လျက်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ မဓုပါသံ၊ သေမင်း၏ကျော့ကွင်းကို။ သြဋ္ဌိတံ ဣဝ၊ ထောင်သကဲ့သို့။ အလင်္ကတံ သုဝသနံ၊ အဝတ်တန်ဆာ နှဲ့သာပန်းမာန်လိမ်းကျံပြုပြင် တန်ဆာဆင်လျက်နေသော။ နံ၊ ထိုကချေသည်မိန်းမကို။ ဥဒိက္ခိသံ၊ မြင်ရ၏။

တတော၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ယောနိသော၊ အသင့်အတင့်အကြောင်းချင့်၍။ မနသိကာရော၊ နှလုံးသွင်းခြင်းသည်။ ဥပပဇ္ဇထ၊ ဖြစ်လာ၏။ အာဒီနဝေါ၊ အပြစ်သည်။ ပါတုရဟု၊ ထင်ရှားဖြစ်ပေါ်လာ၏။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းသည်။ သမ္မတိဋ္ဌထ၊ ကောင်းစွာတည်၏။

တတော၊ ထို့ကြောင့်။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စိ၊ ကိလေသာမှလွတ်၏။ (ဝါ) ရဟန္တာဖြစ်၏။ ဓမ္မသုဓမ္မတံ၊ တရားမှန် တရားကောင်းအဖြစ်ကို။ ပဿ၊ ရှုလော့။ တိဿော ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးသို့။ အနုပ္ပတ္တာ၊ ရောက်ပြီ။ ကတံ ဗုဒ္ဓဿ သာသနံ၊ ဘုရားသာသနာကို ကောင်းစွာပြုရပေပြီ။

အင်္ဂါရဏာတာ ပထဝီ၊ ကုက္ကုဠာနဂတာ မဟီ။
ပဒုမုတ္တရော ဘဂဝါ၊ အဇ္ဈောကာသမှိ စင်္ကမိ။
ပဏ္ဍရံ ဆတ္တမာဒါယ၊ အဒ္ဓါနံ ပရိပဇ္ဇဟံ။
တတ္ထ ဒိသွာန သမ္ဗုဒ္ဓံ၊ ဝိတ္တိ မေ ဥပပဇ္ဇထ။
သီတံ ဥဏှံ ဝိဟန္တွံ၊ ဝါတာတပဓိဝါရဏံ။
ပဋိဂ္ဂဏှ ဣမံ ဆတ္တံ၊ ဖဿယိဿာမိ နိဗ္ဗုတိံ။

ပထဝီ၊ မြေကြီးသည်။ အင်္ဂါရဏာတာ၊ မီးကျီးခဲကဲ့သို့ ဖြစ်နေ၏။ မဟီ၊ မြေသည်။ ကုက္ကုဠာနဥဂတာ၊ ပြာပူလောင်သကဲ့သို့ ဖြစ်နေ၏။ တတ္ထ၊ ထိုမြေအပြင်၌။

F-62A ထေရအပဒါန် ၂

http://www.dhammadownload.com

အဇ္ဈောကာသမှိ၊ လွင်တီးခေါင်၌။ ပဒုမုတ္တရော ဘဂဝါ၊ ပဒုမုတ္တရ မြတ်စွာဘုရားသည်။ စက်မိ၊ စကြိုကြွတော်မူ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ပဏ္ဍာရံဆတ္တံ၊ ထီးဖြူကို။ အာဒါယ၊ ယူ၍။ အဒ္ဒါနံ၊ အဝွန့်ရှည်သောခရီးကို။ ပဋိပဇ္ဇိံ၊ သွားပြီ။ တတ္ထ၊ ထိုမြေအပြင်၌။ သမ္မုဇ္ဇံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ မြင်ရ၍။ ဝိတ္တိ၊ နှစ်သက်ကြည်ညိုခြင်းသည်။ ဥပပဇ္ဇထ၊ ဖြစ်ပြီ။

နိဗ္ဗာန်ဆုတောင်းပြီး ထီးဖြူလှူခဲ့

ဘန္တေ၊ မြတ်စွာဘုရား။ ဣမံဆတ္တံ၊ ဤထီးဖြူသည်။ သီတံဉဏ့်၊ အပူအအေးကို။ ဝိဟနတိ၊ ပယ်ဖျောက်တတ်ပါ၏။ ဝါတာတပနိဝါရဏံ၊ လေ,နေပူကို တားမြစ်နိုင်သော။ ဣမံ ဆတ္တံ၊ ဤထီးဖြူကို။ ပဋိဂ္ဂဏှ၊ အလှူခံတော်မူပါဘုရား။ အဟံ၊ တပည့်တော်သည်။ နိဗ္ဗုတိ၊ နိဗ္ဗာန်ကို။ ဖဿယိဿာမိ၊ တွေ့မြင်ရလိုပါ၏။ ဣတိ၊ ဤသို့ ဆုတောင်း၍ ထီးဖြူကို လှူ၏။

ကံ့ကော်ရွက်နုကဲ့သို့ နူးညံ့ချောညက်သောကိုယ် ရှိသည်၏အဖြစ်ကြောင့် နာဂသမာလဟူ၍ အမိအဖတို့က အမည်မှည့်ခေါ်ကာ ကျော်စောထင်ရှားတော်မူသော နာဂသမာလထေရ်မြတ်သည် ပုဗ္ဗဇနိဝါသအဘိညာဉ်ဖြင့် မိမိ၏ရှေးဘဝတို့က ပြုခဲ့ဖူးသော ကုသိုလ်ကံကို အောက်မေ့၍ ကြည့်ရှုဆင်ခြင်လျက် ဤသို့ပြန်လည် ဟောကြားတော်မူ၏။

ဤကမ္ဘာမှ ပြန်၍ရေသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ သိခီမြတ်စွာဘုရား ပွင့်တော်မူသည်။ ထိုအခါ,တွင် နာဂသမာလအမည်ရှိသော ငါမထေရ်သည် အမျိုးကောင်းသားဖြစ်၍ သိ,ကြား,လိမ္မာသော အရွယ်သို့ ရောက်သောအခါ အိမ်ရာတည်ထောင်ခြင်းကိုပြု၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကျောင်းတော်သို့ သွား၍ တရားနာခြင်း၊ ဖူးမြင်ပူဇော်ခြင်းတို့ကို ပြုခဲ့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ဓာတ်တော်တို့ကို ဌာပနာသော စေတီတော်ကို ကြည်ညိုသောစိတ် ဖြင့် သံသတ်ပန်းဖြင့် ငါ လှူဒါန်းပူဇော်ခဲ့သည်။ တစ်သက်ပတ်လုံး စေတီတော်၌ သံသတ်ပန်းပူဇော်သော ကုသိုလ်ကိုအောက်မေ့၍ သေသည်မှ နောက်တွင် တုသိတာ နတ်ပြည်၌ နတ်ဖြစ်ရသည်။ နတ်ပြည်ခြောက်ထပ်တို့၌ အစဉ်သဖြင့် နတ်စည်းစိမ်ကို စံစားကာ နတ်ပြည်မှစုတေသောအခါ လူ့ပြည်၌ဖြစ်ပြန်ပြီ လူ၏စည်းစိမ်ကို ခံစားရ၏။

http://www.dhammadownload.com

ဤကမ္ဘာမှပြန်၍ရေသော် တစ်ဆယ့်ငါးကမ္ဘာထက်၌ ဘူမိယ အမည်ရှိသော စကြာမင်းတစ်ကြိမ် ဖြစ်ခဲ့ရသည်။ သုံးဆယ့်တစ်ကမ္ဘာပတ်လုံး ဒုဂ္ဂတိအပါယ်ဘုံသို့ တစ်ခါတစ်ခေါက်မျှ မကျရောက်ခဲ့ရဖူးပေ။

ငါတို့ဂေါတမဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်၍ သိ,ကြား, လိမ္မာသော အရွယ်သို့ရောက်သောအခါ နူးညံ့သော ကဲ့ကော်ရွက်နုနှင့်တူသော ကိုယ်ရှိသည်ဖြစ်၍ "နာဂသမာလ"ဟူသောအမည်ကို ခေါ်ကြကုန်၏။ ထိုနောက် မြတ်စွာဘုရားကို ဖူးမြင်ရ၍ ကြည်ညိုသောစိတ်ဖြင့် သာသနာတော်၌ ရဟန်းပြုရာ မကြာမြင့်မီ ရဟန္တာအဖြစ်သို့ရောက်၏။

နာဂသမာလထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ပဒသညကထေရ် အပဒါန်ဝတ္ထု

ပဒသညကထေရ်သည် ဤကမ္ဘာမှပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဥပါသကာမျိုး၌ ဖြစ်နေရသည်။

သူ သိ,ကြား,လိမ္မာသည့် အရွယ်ရောက်သောအခါ ရတနာသုံးပါး၌ တို့၌ အလွန်ကြည်ညိုသော စိတ် ရှိ၏။ တိဿမြတ်စွာဘုရားသည် ထိုဥပါသကာ အမျိုးကောင်းသားအား အစဉ်သနား တော်မူ၍ ခြေတော်ရာကို ပြတော်မူ၏။ ထိုအမျိုးကောင်းသား ဥပါသကာသည် ထိုခြေတော်ရာ၌ ကြည်ညိုသောစိတ်အထူးဖြစ်လျက် ကြက်သီးမွေးညင်းထပြီး ရှိခိုးပူဇော်၏။

ထိုဥပါသကာအမျိုးကောင်းသားသည် တိဿမြတ်စွာဘုရားတည်းဟူသော အလွန်ကောင်းသောခေတ်၌ ကောင်းစွာကြည်ညိုး၍ ပြုအပ်သော ကုသိုလ်ဖြင့် စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်ရကာ ကြီးစွာသော နတ်စည်းစိမ်ကို စံစားရသည်။ ထို့နောက် နတ်ပြည်ခြောက်ထပ်တို့၌ အစဉ်သဖြင့် နတ်စည်းစိမ်ကို စံစားကာ လူ့ပြည်၌ဖြစ်သောအခါလည်း ကြီးစွာသောလူ၏စည်းစိမ်ကို စံစားရ၏။

http://www.dhammadownload.com

လူနတ်စည်းစိမ် ခံစားရပုံ

ဤကမ္ဘာမှ ပြန်၍ရောဂေသော် ခုနစ်ကမ္ဘာထက်၌ သုမေဓအမည်ရှိသော စကြာမင်းတစ်ကြိမ်ဖြစ်ကာ ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရဘဲ။ လူနတ်တို့စည်းစိမ်ကို အကြိမ်ကြိမ်စံစားရသည်။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ဥစ္စာပစ္စည်း ပေါများသော အမျိုးကောင်းသား ဖြစ်ရပြန်သည်။ သူအရွယ်သို့ ရောက်သောအခါ သာသနာတော်၌ ရဟန်းပြုပြီး မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ရောက်တော်မူ၏။

ပဒသညကထေရ်ဟုထင်ရှား

ခြေတော်ရာကို အမှတ်သညာပြု၍ ကြည်ညိုသော ကုသိုလ်ကံကို အရင်းမူလ ပြုကာ ရဟန္တာအဖြစ်သို့ ရောက်သောကြောင့် "ပဒသညကထေရ်" ဟူ၍ ကျော်စော ထင်ရှား၏။ ထိုပဒသညကထေရ်သည် မိမိပြုခဲ့သော ပါရမီကုသိုလ်တို့ကို ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်ရှုကာ ဤသို့ ပြန်လည် ဟောတော်မူ၏။

မထေရ်ဟောသောတရား

အက္ကန္တဉ္စ ပဒံ ဒိသွာ၊ တိဿသ္သာဒိစ္စဗန္ဓုနော။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဒေ စိတ္တံ ပသာဒယိ'။
ဒွေနဝုတေ ကပ္ပေ၊ ယံ သညမလဘိ' တဒါ။
ဒုဂ္ဂတိ' နာဘိဇာနာမိ၊ ပဒသညာယိဒံ ဖလံ။
ကပ္ပေ သတ္တမကေ ကပ္ပေ၊ သုမေဓော နာမ ခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

ဘောန္တော မနုဿာ၊ အိုလူအပေါင်းတို့။ အာဒိစ္စဗန္ဓုနော၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ တိဿသ္သ၊ တိဿမြတ်စွာဘုရား၏။ အက္ကန္တဉ္စ၊ နင်းချတော်မူသော။ ပဒံ၊ ခြေတော်ရာကို။ ဒိသွာ၊ မြင်ရ၍။ ဟဋ္ဌော၊ ရွှင်လန်းဝမ်းမြောက်သော ငါသည်။ ဟဋ္ဌေန၊ ရွှင်လန်းဝမ်းမြောက်သော။ စိတ္တေန၊ စိတ်ဖြင့်။ ပဒေ၊ ခြေကော်ရာ၌။ စိတ္တံ၊ စိတ်ကို။ ပသာဒယိ'၊ ကြည်ညိုခဲ့ဖူးပြီ။

ဣတော၊ ဤကမ္ဘာမှ။ ဒွေနဝုတေကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ တဒါ၊ ထိုဥပါသကာမျိုးဖြစ်သောအခါ။ ယံသည်၊ အကြင်ခြေတော်ရာကို

http://www.dhammadownload.com

ကြည်ညိုသော ကုသိုလ်သဉ္ဇာကို။ အလဘိ၊ ရပြီ။ တေန၊ ထိုကုသိုလ်သညာကြောင့်။ ဒုဂ္ဂတိ၊ အပါယ်လေးဘုံသို့။ နာဘိဇာနာမိ၊ တစ်ကြိမ်တစ်ခေါက်မျှ ရောက်ဖူးသည် ဟူ၍ မသိရ။ ဣဒံ၊ ဤသည်ကား။ ပဒသညာယ၊ ခြေတော်ရာကို ကြည်ညိုစွာ ဖူးမြင် ပူဇော်ရသော ကုသိုလ်သညာ၏။ ဖလံ၊ အကျိုးထူးပေတည်း။ ဣတော၊ ဤကမ္ဘာမှ။ သတ္တမကေ ကပ္ပေ၊ ခုနစ်ကမ္ဘာထက်၌။ သုမေဓောနာမ၊ သုမေဓအမည် ရှိသော။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဿလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ပဒသညကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ရာဟုလာထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော် အခါက အမျိုးကောင်းသားတစ်ဦးဖြစ်ခဲ့သည်။ တစ်နေ့သ၌ သူသည် မြတ်စွာဘုရားကျောင်းတော်သို့ ရောက်သွားရာ ဘုရားရှင်က ရဟန်းတစ်ပါးကို ဆရာသမားတို့က ပေးအပ်သည့်သိက္ခာပုဒ်တို့ကို မကျိုးမပေါက်၊ မပြောက်မကျားရအောင် လိုလိုလားလား လိုက်နာကျင့်သုံးသည့်အတွက် သိက္ခာကာမဇာတဒဂ် ဂုဏ်ထူးအရာ၌ထားသည်ကို တွေ့မြင်ရသည်။ ထိုဇာတဒဂ်ရ ရဟန်းကိုအားကျသဖြင့် သူလည်း ထိုကဲ့သို့သော ဂုဏ်ထူးကို ရယူပန်ဆင်လိုသည်။

ပြုခဲ့သောကောင်းမှုနှင့်ဆုတောင်း

ထို့ကြောင့် သူသည် ပဒုမုတ္တရဘုရားရှင် စံတော်မူရာ ဘုံခုနစ်ဆင့်ပါရှိသော ကျောင်းတော်ကို မှန်စီရွှေချခင်း၍ ပူဇော်သည်။ ထို့နောက် သူသည် ဘုရားရှင်ထံတော်၌ "ဤကုသိုလ်ကောင်းမှု၏ ဧတနာကံကြောင့် အရှင်ဘုရား၏ တပည့်ကဲ့သို့ပင် သိက္ခာကာမဂုဏ်ထူးကို ရယူလိုပါသည်ဘုရား" ဟု လျှောက်ထားဆုတောင်းခဲ့သည်။

http://www.dhammadownload.com

ရာဟုလာတွင်ရပုံ

ထိုအမျိုးကောင်းသားသည် သံသရာတစ်လျှောက်၌ လူစည်းစိမ် နတ်စည်းစိမ်ကို အကြိမ်ကြိမ် ခံစားလာခဲ့ရသည်။ နောက်ဆုံးဘဝတွင် ကျွန်ုပ်တို့၏ ဘုရားအလောင်းတော် သိဒ္ဓတ္ထနှင့် ကြင်ရာတော် ယသော်ဓရာဒေဝီတို့မှ ဖွားမြင်လာသော သားတော် ဖြစ်ခဲ့ရသည်။ သူ့ကို ဖွားမြင်သည့်အခါ အထောက်တော်များက သူ့ခမည်းတော်ထံ သတင်းပို့သည့်အခါ သူ့ခမည်းတော်က "ဩော်... ငါ့ဘဝကို အမှောင်ဖုံးစေမည့် 'ရာဟု ဖြစ်လေစွတကား'ဟု နှုတ်မှ ရေရွတ်သံကို ကြားရ၍ ထိုအသံကိုပင် မှတ်သားကာ သူ့အမည်ကိုလည်း ရာဟုလာဟု အမည်ပေးခဲ့ကြသည်။

သူ့မျှော်လင့်ချက်

သားတော်လေး ရာဟုလာသည် ရွှေနန်းတော်အတွင်း၌ မိခင်နှင့် အဖိုးအဖွားတို့၏ အဆုံးအမဖြင့်သာ ကြီးပြင်းခဲ့ရသည်မှာ ခုနစ်နှစ်ပင် ပြည့်ခဲ့ပြီဖြစ်သည်။ သူ့ဖခမည်းတော်၏ ရွှေမျက်နှာတော်ကို ဤအချိန်အထိ သူ မမြင်ဖူးသေးချေ။ ယခုတော့ သူအနှစ်နှစ်အလလက မျှော်လင့်စောင့်စားခဲ့ရသော မျှော်လင့်ချက် ပြည့်ဝပေတော့မည်။ သူ့ဖခမည်းတော်သည် ကပိလဝတ် ရွှေမြို့တော်၌ ရောက်နေပြီဟု နန်းတော်ထဲမှာ ပြောကြဆိုကြသံကို သူကြားနေရသည်။ သူတစ်ခါမျှ မမြင်ဖူးသည့် သူ့ဖခမည်းတော်၏ ပုံပန်းသဏ္ဌာန်ကို စိတ်ကူးထဲတွင် အမျိုးမျိုး ပုံဖော်ကြည့်မိသည်။ အဖေတူသားဟု ပြောကြဆိုကြသဖြင့် သူ့ ဖခမည်းတော်သည် သူနှင့် ရုပ်ဆင်းသဏ္ဌာန် တူမည်ဟုသာ မှန်းဆကြည့်မိသည်။

မိခင်၏မှာကြားချက်

သူ့ဖခမည်းတော် နန်းတော်သို့ ကြွလာသည့်နေ့က ဆွေတော်မျိုးတော်အားလုံး သွားရောက်တွေ့ဆုံကြသည်။ ယင်းတွေ့ဆုံပွဲသို့ သူ့မိခင် မတက်ရောက်

(ရာဟုလာ-ကို ပုဒ်ခွဲလျှင် ရာဟု+လာ+အ-ဖြစ်၍ ရာဟု-သည် ရာဟုအသူရိန်ကို ပြဆို၏။ လာ-ဓာတ်သည် ဖမ်းစားခြင်း၊ ချုပ်နှောင်ခြင်းဟုဆိုလိုသည်။ ရာဟုအသူရိန်သည် လ၏ကြည်လင်ခြင်းကို ဖျက်ဆီးဖမ်းစားသကဲ့သို့၊ ငါ၏တောထွက်လိုသောစိတ်ကို ဤသူငယ်က ဖမ်းစားလေပြီတကားဟု သံဝေဂဖြစ်ပြီး "ရာဟု ဇာတော ဝတ"ဟု မိန့်တော်မူလေသည်။)



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

သဖြင့် သူလည်း သူ့ဖခမည်းတော်ကို မမြင်လိုက်ရ။ နောက်ရက်နောက်ရက်တွေ မှာလည်း ခမည်းတော် နန်းတော်အတွင်းသို့ သံဃာတော်များနှင့်အတူ ဆွမ်း ဘုဉ်းပေးရန် ကြွလာပြီး ဆွမ်းစားကြသည်ကို အဝေးမှပင် ငေးၒကြည့်နေခဲ့ရ သည်။ သို့ဖြင့် ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့ပြီ။ ဘုရားရှင် ကပိလဝတ် ရွှေမြို့တော်သို့ ရောက်ရှိနေသည်မှာ ခုနစ်ရက်ပင် ရှိပေပြီ။ ယနေ့ မှာတော့ သူ့မိခင်က သူ့ကို ကောင်းမွေ ညွှန့်ပေ့ဆိုသည့် အဝတ်အစားတို့ဖြင့် ဆင်ယင်ထားသည်။ ဖခမည်းတော်နှင့်တွေ့လျှင် ခမည်းတော်ထံမှ ရသမျှအမွေကို မရ ရအောင် တောင်းချေဟု နှုတ်မှ တတွတ်တွတ် မှာနေသည်။ ဖခမည်းတော် နှင့် ရင်ဆိုင်တွေ့ရမည်ဆိုတော့ သူ့ရင်မှာ တဒိတ်ဒိတ် ခုန်နေသည်။ သည်ကြားထဲ မိခင်ဖြစ်သူကလည်း "အမွေကို ရအောင်တောင်းချေ"ဟုသာ မှာနေသည်။ သူ့ ဖခမည်းတော်ထံမှ သူ ဘာအမွေကို ရပါမည်နည်း။ လူကြီးတွေ ပြောပြောနေ ကြသည့် ရွှေအိုးကြီးလေးလုံးကိုပင် ခမည်းတော်က သူ့ကို အမွေပေးမှာလား။ သူဝေခွဲမရ ဖြစ်နေသည်။ ရွှေငွေရတနာဆိုသည်မှာ သူ့အတွက် နန်းတော်ထဲမှာ အလျှံပယ်ပေါပါဘိ။

အမွေပေးပါ

မကြာမီ ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းကိစ္စပြီးလေပြီ။ ထိုအခါ သူ့မိခင်က သူ့ဖခမည်းတော်ထံသွားရန် တွန်းပို့ပေးလိုက်သည်။ သူကလည်း ခမည်းတော်၏ ရှေ့မှောက်သို့ မကြောက်မရွံ့ တန်းတန်းမတ်မတ်ဝင်သွားသည်။ ဖခမည်းတော်မျက်နှာကို ပြုံးချိုချို အမူအရာနှင့် ကြည့်နေသည်။ ထို့နောက်တွင် သူ့မိခင် သင်ကြားထားသည့်အတိုင်း "အို... ဖခမည်းတော်ဘုရား၊ ကျွန်တော် မျိုးသည် ဖခမည်းတော်ထံမှ အမွေလိုချင်ပါသည်။ အမွေပေးပါဘုရား"ဟု သင်္ကန်း စွန်းကိုကိုင်ကာ တတွတ်တွတ် တောင်းခံလေတော့သည်။ သို့ဖြင့် တစ်ဖက်မှ သင်္ကန်းစွန်းကို မလွတ်တမ်းကိုင်ပြီး ပါးစပ်မှလည်း "ခမည်းတော်ဘုရား၊ တပည့် တော်ကို အမွေပေးပါဘုရား၊ ခမည်းတော်ဘုရား၊ တပည့်တော်ကို အမွေပေးပါ ဘုရား"ဟု တောင်းခံရင်း လိုက်ပါလာရာ ဘုရားရှင် သီတင်းသုံးသော နိဂြောဓာရုံ ကျောင်းတော်ကြီးအထိ ရောက်လာခဲ့သည်။

ကျောင်းတော်သို့ရောက်သောအခါ ဘုရားရှင်သည် အရှင်သာရိပုတ္တရာကို ခေါ်တော်မူကာ "သာရိပုတ္တရာ၊ ရာဟုလာသည် ငါ့ထံမှာ အမွေတောင်းခံရင်း

http://www.dhammadownload.com

လိုက်လာခဲ့သည်။ ရာဟုလာ တောင်းခံသောအမွေသည် ဝဋ်ဆင်းရဲခြင်းကို ဖြစ်စေသည့် အမွေမျိုးဖြစ်သည်။ ထိုအမွေမျိုးကို ငါဘုရားမပေးလို။ ဗောဓိပင်ရင်းမှာ ရခဲ့သည့် အရိယာသူတော်ကောင်းတို့နှင့်သာ ထိုက်တန်သည့်အမွေကိုသာ ငါဘုရားပေးလိုသည်။ ထို့ကြောင့် "သာရိပုတ္တရာ၊ ရာဟုလာကို ရှင်ပြုပေးလိုက်"ဟု မိန့်ကြားသည်။

ရာဟုလာကိုရှင်ပြုပေးပြီ

ဘုရားရှင်၏အမိန့်တော်အတိုင်း အရှင်သာရိပုတ္တရာသည် ရာဟုလာ၏ လက်ကိုဆွဲလျက် ရေတွင်းရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ ရာဟုလာကလည်း အရှင်မြတ်ကြီး ခေါ်ဆောင်ရာသို့ အသာတကြည်ပင် လိုက်လာခဲ့သည်။ ခဏအကြာတွင် အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်မဟာကဿပတို့ကြွလာကြသည်။ အရှင်မဟာကဿပက ရာဟုလာကို ဩဝါဒစကားများ မိန့်ကြားတော်မူသည်။ ရာဟုလာကလည်း မိန့်သမျှဩဝါဒကို မှတ်သားသည်။ ထိုနေ့က ရာဟုလာ၏ ရှင်ပြုပွဲသည် လောကီရေးရာ ပကာသနမပါသည့် ရှင်ပြုပွဲ ဖြစ်သည်။ ဗျာသံစည်သံ မကြားရ။ ဆွေတော်မျိုးတော်ဆို၍ မည်သူ တစ်ဦးတစ်ယောက်မျှ မပါ။ လောကီရေးရာ ပကာသနမဖက်သည့် ရှင်ပြုပွဲ ဖြစ်သည်။

သို့သော် သာသနာတော်၌ နေလိုလိုထင်ရှားသော အရှင်မြတ်ကြီးများက ဝိုင်းဝန်းချီးမြှောက်တော်မူသော ရှင်ပြုပွဲဖြစ်သည်။

ရှင်ပြုပွဲကြီးပြီးစီးသည့်အချိန်နှင့် မရွေးမနှောင်းပင် ဘိုးတော် သုဒ္ဓါဒနမင်းကြီး ကျောင်းတော်သို့ အူရာဖားရာ အပြေးအလွှားရောက်လာသည်။ ဘုရားရှင်ကို ရိုရိုဦးချပြီးလျှင် "အရှင်ဘုရား၊ တပည့်တော် ဆုတစ်ခု တောင်းချင်ပါသည်"ဟု လျှောက်ထားသည်။

ခမည်းတော် သုဒ္ဓါဒနမင်းကြီး ခေတ္တမျှ ငြိမ်သက်သွားပြီးနောက်မှ ဆက်၍ "အရှင်ဘုရား၊ အပ်စပ်သောအရာ၊ အပြစ်ကင်းသောအရာများကို သာတောင်းဆိုလိုခြင်း ဖြစ်ပါသည်ဘုရား"

"မင်းကြီးလိုအပ်သည်ကို ဆိုပေလော့"

မိဘခွင့်မပြုသူရှင်ပြုမပေးပါနှင့်

"အရှင်ဘုရား၊ အရှင်ဘုရား ခွင့်ပြုတော်မူသဖြင့် တပည့်တော် လျှောက်တင်ပါမည်။ တပည့်တော်မှာ အရှင်ဘုရား တောထွက်တော်မူစဉ်ကလည်း ကိုယ်

http://www.dhammadownload.com

စိတ်နှလုံး ယူကျုံးမရဖြစ်ကာ အဆင်းရဲကြီး ဆင်းရဲခဲ့ရပါသည်။ ထို့နောက် သားတော် နန္ဒရဟန်းပြုသွားသဖြင့်လည်း တပည့်တော်မှာ ပို၍ စိတ်ဆင်းရဲခဲ့ရ ပြန်ပါသည်။ ယခုတစ်ဖန် မြေးချစ်ကလေး ရာဟုလာ ရှင်ရဟန်းပြုသွားပြန်ပြီ ဆိုပြန်တော့ တပည့်တော်အကြောက် အဘယ်အရာဖြင့် ထောက်တည်ရာ ရနိုင်ပါ မည်နည်း အရှင်မြတ်ဘုရား။ သားကိုအချစ်၊ မြေးအနှစ် ဆိုကြသည့်အတိုင်း တပည့်တော်မှာ မြေးကလေးအပေါ် ရှိသမျှမေတ္တာ ပုံအောထားသူပါဘုရား။ တပည့်တော်လောက် ယူကျုံးမရ သောကဖြစ်ရသည့်သူ ဤဇမ္ဗူမှာ ရှိအံ့မထင် တော့ပါဘုရား။ ဒါ့ကြောင့် မိဘများက ခွင့်မပြုသည့် သားကို ရှင်ရဟန်းပြုပေး တော်မူခြင်းကို သည်းခံပါဘုရား"

ခမည်းတော်ကြီး၏ တောင်းဆိုချက်မှာ သားရှင် မြေးရှင်တို့အတွက် စာနာ စိတ်ဖြင့် တောင်းဆိုခြင်းဖြစ်၍ ဘုရားရှင်က ထိုတောင်းဆိုချက်ကို ခွင့်ပြုတော်မူ လိုက်ပြီး-

"ရဟန်းတို့၊ အမိအဖတို့က ခွင့်မပြုသောသားကို ရှင်ရဟန်းပြုမပေးအပ်။ ရှင်ရဟန်းပြုပေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"ဟု ဘုရားရှင်က ပညတ် တော်မူ ခဲ့သည်။

ရာဟုလောဝါဒသုတ်တော်ဟောကြား

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ရာဟုလာ၏ အပြစ်ကြီးငယ်တို့ကို မပြတ်ကြည့်ရှု၍ သွန်သင်ပေးရသော ဥပဇ္ဈာယ်ဆရာတစ်ပါး ဖြစ်ခဲ့ရပေပြီ။ ရှင်ပြုပွဲ ကြီးအပြီး နောက်တစ်နေ့တွင် ဘုရားရှင်သည် ကပိလဝတ် ရွှေမြို့တော်မှ ထွက်ခွာ တော်မူသည်။ သာမဏေကလေး ရာဟုလာသည်လည်း ဘုရားရှင်နှင့် ထက်ကြပ် မကွာ လိုက်ပါခဲ့ရလေပြီ။ ဘုရားရှင်ကသားတော်ကလေး ရာဟုလာအား မကြာ ခဏ ဆုံးမသည့်အနေဖြင့် ရာဟုလောဝါဒသုတ်တော်ကို ဟောကြားတော်မူခဲ့ သည်။ ရာဟုလာကလည်း နေ့စဉ် နံနက်စောစော ပုံမှန်အိပ်ရာမှ ထကာ ပြုဖွယ် ကိစ္စ မှန်သမျှ ပြီးစီးအောင် ဆောင်ရွက်သည်။ ထို့နောက် မြေမှ သဲတစ်ဆုပ်ကို ကျုံးယူကာ "ယနေ့ ဘုရားရှင်နှင့်တကွ ဥပဇ္ဈာယ်ဆရာတို့ထံမှ ဤသဲလုံးနှင့် အမျှသော အဆုံးအမ ဩဝါဒကို ကြားနာရပါစေ"ဟု မြွက်ဆိုသည်။

ထို့ကြောင့် ရဟန်းပရိသတ်တို့အကြားတွင် ရာဟုလာသည် ပြောဆိုဆုံးမ သည့် စကားကို နာခံလွယ်သည်ဟု ဂုဏ်သတင်းပျံ့နှံ့နေတော့သည်။ ဘုရားရှင်

http://www.dhammadownload.com

ကလည်း ဆုံးမစကား မပြတ်ဟောကြားသည်။ မုသားစကားကို အလွယ်တကူ မပြောကြားမိစေရန် ဆုံးမစကား ပြောကြားခဲ့သည်။ သို့ဖြင့် ရာဟုလာ တစ်ဆယ့် ရှစ်နှစ် အရွယ်ရောက်လာခဲ့ပြီ။ ဘုရားရှင်နောက်တော်ပါးမှ ဆွမ်းခံလိုက်ခွင့်ကို ရပေပြီ။ ထိုသို့ ဘုရားရှင်၏ နောက်မှ ဆွမ်းခံလိုက်စဉ်မှာပင် ရှေ့မှကြွသွားသော ဘုရား ရှင်၏ ရုပ်အဆင်းနှင့် မိမိ၏ရုပ်အဆင်းတို့ တင့်တယ်ပုံကို စိတ်ကူးပုံဖော် ကြည့်သည်။ ထိုသို့ စိတ်ကူးပုံဖော်ကြည့်ခြင်းသည်ပင် လောကီနယ်ရှိ မိသားစု၏ ချစ်ခြင်းမေတ္တာစိတ်မျိုး တဖြည်းဖြည်း တိုးပွားလာမည်ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်က ကိလေသာ မကင်းသည့် သံယောဇဉ်စိတ်များ ပပျောက်သွားစေရန်အတွက် ဆုံးမစကားပြောကြားသည်။ ထို့ကြောင့် ရာဟုလာ သည် ထိုနေ့က ဆွမ်းခံအပြန်တွင် ဘုရားရှင်နှင့်အတူ ပါမလဲ့တော့။

နောက်တစ်နေ့တွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သစ်ပင်ရင်း မှာ မလှုပ်မယှက် တရားနှလုံးသွင်းနေသော ရာဟုလာအား အာနာပါနကမ္မဋ္ဌာန်း ပေးလိုက်သည်။ ညနေချမ်းအခါတွင် ဘုရားရှင်ထံချဉ်းကပ်ပြီး "အရှင်ဘုရား၊ အာနာပါနကမ္မဋ္ဌာန်းကို အကျိုးကျေးဇူးကြီးပွားစေရန် မည်ကဲ့သို့ ပွားများရပါ မည်နည်းဘုရား"ဟု ရှင်ရာဟုလာက မေးလျှောက်သည်။

ဘုရားရှင်က သူမေးလျှောက်သည်ကို မဖြေကြားဘဲ "ရာဟုလာ၊ သင်သည် ငါဘုရားကိုယ်တော်နှင့် ဆက်စပ်ကာ 'ငါသည် လှပတင့်တယ် ရှုမောဖွယ် ရှိပေ၏'ဟု ကိုယ့်ကိုယ်ကို ပြန်ချစ်နေသည်။ သင်ချစ်နေသော ခန္ဓာကိုယ်သည် အမှန် အားဖြင့် ဆံပင်၊မွေးညင်းစသည့် ရွံရှာစဖွယ် အစုအဝေးတို့သာ ဖြစ်၏။ အရင်း အမြစ်ကို စစ်လျှင် ဓာတ်ကြီးလေးပါးအစုအဝေးသာ ဖြစ်၏။ ထိုဓာတ်ကြီးလေးပါး အစုအဝေးဖြစ်သော ခန္ဓာကိုယ်ကို 'ငါ'၊ 'ငါ့ဟာ'ဟူ၍ စွဲလမ်းစရာမရှိသည်ကို သင်ကောင်းကောင်း သိထိုက်ပါပေသည်ဟု ဘုရားရှင်က ဆုံးမသည်။

ဤသို့ဖြင့် တဏှာပေမ ရှဲ့ဖွက်တော်သို့ လမ်းမှား ဝင်လုဆဲဆဲ ရာဟုလာကို ဘုရားရှင်က ဆွဲကယ်လိုက်ခြင်း ဖြစ်သည်။

သို့ဖြင့် ရာဟုလာသည် အသက်နှစ်ဆယ်ပြည့်ခဲ့ပေပြီ။ ရဟန်းဘဝကိုလည်း ရခဲ့ပေပြီ။ တစ်နေ့တွင် ဘုရားရှင်သည် အန္ဓဝန်တောအုပ်အတွင်းသို့ ကြွသွား သည်။ ရာဟုလာလည်း နောက်တော်ပါးမှ နီသီဒိုင်ကို ပခုံးထက်တင်ပြီး လိုက် သွားသည်။

F-63B

http://www.dhammadownload.com

ဘုရားရှင်သည် ရာဟုလာအား ဤခန္ဓာကိုယ်ကြီးသည် 'ငါ'၊ ငါ့ဟာ'ဟူ၍ မှတ်ယူစရာ မရှိကြောင်း တရားတော်ကို အသေးစိတ်ဟောကြားတော်မူသည်။ ဒေသနာတော်၏အဆုံးမှာပင် ရာဟုလာသည် အရှယာတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော့သည်။

သိက္ခာကာမံဇာတဒဂ်ရ

ရဟန္တာအရှင်မြတ် ရာဟုလာသည် အကျင့်သိက္ခာကို လိုလိုလားလား လိုက်နာကျင့်သုံးခြင်း၊ ဆုံးမသမျှသြဝါဒကို တစ်သွေမတိမ်း နာခံခြင်း၊ ဆိုဆုံးမ၍ ရလွယ်သူဖြစ်ခြင်း စသည်တို့ကြောင့် အရှင်ရာဟုလာအား သိက္ခာကာမဇာတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူသည်။

အရှင်ရာဟုလာထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ကုမာရကဿပထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါက ပုဏ္ဏားတစ်ဦး၏သား ဖြစ်ခဲ့ရသည်။ တစ်နေ့သ၌ သူသည် အဖော်များနှင့်အတူ ဘုရားရှင်၏ ကျောင်းတော်သို့ ရောက်ရှိသွားသည်။ သူရောက်သည့်နေ့မှာပင် ဘုရားရှင်က ရဟန်းတစ်ပါးအား တရားဟောကြားရာတွင် ဆန်းကြယ်စွာသော ဥပမာ၊ ဥပမေယျတို့ဖြင့် တန်ဆာဆင်ဟောပြောတတ်သည့်အတွက် ဇာတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူသည်ကို တွေ့ခဲ့ရ၏။ ထိုဆုမျိုးကို သူလည်း ပန်ဆင်လိုသဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ တောင်းခံခဲ့သည်။

ကဿပဘုရားရှင်လက်ထက်

ကဿပဘုရားရှင်လက်ထက်တော်တွင် သူသည် သာသနာတော်သို့ ဝင်ရောက်ကာ ရဟန်းပြုသည်။ ကမ္မဋ္ဌာန်းတရားတို့ကိုလည်း ကြိုးစားအားထုတ်

http://www.dhammadownload.com

သည်။ ကဿပဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက်တွင် ဘုရားရှင်၏ သာသနာတော်ကြီးမှာလည်း တစ်စတစ်စနှင့် ယိုယွင်းလာခဲ့သည်။ သို့ဖြင့် သီတင်းသုံးဖော် ရဟန်းငါးပါးတို့သည် တောင်ထိပ်တစ်ခုအပေါ်သို့ လှေကားထောင်တက်ခဲ့ကြသည်။ အောက်သို့ ပြန်မဆင်းစတမ်းဆုံးဖြတ်၍ ထောင်ထားသော လှေကားကို တွန်းကန်ပစ်ခဲ့ကြသည်။ တောင်ပေါ်တက်၍ တရားအားထုတ်ကြရာ အကြီးဆုံးရဟန်းသည် သုံးရက်မြောက်နေ့၌ ရဟန္တာဖြစ်သည်။ ဒုတိယအကြီးဆုံးရဟန်းသည် စတုတ္ထမြောက်နေ့၌ အနာဂါမ်တည်သည်။ ကျန်သုံးပါးမှာ ဆက်လက် အားထုတ်ကြရာ တရားထူးမရဘဲ ကွယ်လွန်ကြသည်။ ယင်းသုံးပါးတွင် အရှင် ကုမာရကဿပလောင်းလျာလည်း ပါဝင်ခဲ့သည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော်ရှိ သူဌေးသမီးတစ်ယောက်၏ဝမ်း၌ ဤမထေရ်လောင်းလျာ ပဋိသန္ဓေတည်နေခဲ့ရသည်။

ဤမထေရ်လောင်းလျာ ပဋိသန္ဓေနေခဲ့ရသော အမျိုးကောင်းသမီးသည် အပျိုအရွယ်ကပင် ဘိက္ခုနီပြုလုပ်ချင်သည့်ဆန္ဒ ရှိနေသည်။ သို့သော် သူ့ မိခင်ဖခင်တို့က ခွင့်မပြုပေ။ မိဘတို့ အိမ်ထောင်ချပေးသဖြင့် အိမ်ထောင်သည် ဖြစ်ခဲ့ရ၏။ လင်ယောကျ်ားထံ လိုက်လာခဲ့ပြီး လင်ယောကျ်ားနှင့်အတူ နေပြီးမှ လင်တော်မောင်ကို ဘိက္ခုနီလုပ်ခွင့်တောင်းသည်။ သဘောကောင်းသည့် လင်ယောကျ်ား ဖြစ်သည့်အလျောက် ဇနီးအလိုသို့လိုက်ကာ ဘိက္ခုနီများကျောင်းတော်သို့ သူ့လင်ကိုယ်တိုင် ပို့ပေးသည်။

ကိုယ်ဝန်ရှိနေကြောင်းမသိခဲ့

ဘိက္ခုနီများကလည်း ထိုသူဌေးသမီးကို ဦးစွာ ရဟန်းပြုပေးပြီးနောက် ဝိနည်းတော်အရ ရဟန်းများက ထပ်မံ၍ ရဟန်းပြုပေးလိုက်သည်။ သူဌေးသမီးသည် ဤအချိန်အထိ သူမှာ ကိုယ်ဝန်ရှိနေကြောင်း မသိရသေးပါ။ သို့သော် နေ့ရက်ကြာလာသည့်အခါ ကိုယ်ဝန်မှာ တစ်နေ့တခြား ထင်ရှားလာတော့သည်။ သီတင်းသုံးဖော် ဘိက္ခုနီများသည် ဒေဝဒတ်၏အသင်းအပင်းများဖြစ်ကြသည်။ ထို့ကြောင့် ထိုကိစ္စကို ဒေဝဒတ်ထံ တင်ပြလိုက်ကြသည်။ ဒေဝဒတ်အဖို့ ခေါင်းနပန်းကြီးသွားသည်။ မိမိ၏ အသင်းအပင်း ကျောင်းဝင်းထဲမှ ဘိက္ခုနီတစ်ပါး ကိုယ်ဝန်ရှိနေကြောင်း သတင်းပြန့်သွားလျှင် သူ့သိက္ခာဂုဏ်သိန်ထိခိုက်၍ အရှိန်အဝါ ယုတ်လျော့သွားပေလိမ့်မည်။ ထို့ကြောင့် ထိုဘိက္ခုနီမကို လူဝတ်လဲပေးလိုက်ဟု အမိန့်ပေးလိုက်သည်။

http://www.dhammadownload.com

မြတ်စွာဘုရားထံပို့ပေးပါ

ဘိက္ခုနီများက ဒေဝဒတ်၏အမိန့်အတိုင်း ကိုယ်ဝန်ရှိနေသူ ဘိက္ခုနီ၏ သက်နှံးကို အတင်းဆွဲချွတ်သည်။ ထိုဘိက္ခုနီကလည်း "တပည့်တော်သည် ဘုရားရှင်၏ သာသနာတော်၌သာ ရဟန်းပြုခဲ့ခြင်း ဖြစ်သည်။ ဒေဝဒတ်ထံ၌ ရဟန်းပြုခြင်း မဟုတ်ပါ။ တပည့်တော်ကို မြတ်စွာဘုရားအထံတော်သို့သာ ပို့ပေးကြပါ"ဟု တောင်းဆိုသည်။ သီတင်းသုံးဖော် ဘိက္ခုနီတို့ကလည်း သူ့ကို သနားကြင်နာသဖြင့် မြတ်စွာဘုရားရှိရာ သာဝတ္ထိသို့ ပို့ဆောင်ပေးလိုက်ကြသည်။

ဘိက္ခုနီသည် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့အရောက် သွားပြီး ဘုရားရှင်အား သူ၏ အဖြစ်အပျက်ကို လျှောက်ထားသည်။ ဘုရားရှင်က ဘိက္ခုနီ၏အမှုကို စစ်ဆေးရန် ဝိနယဓရဒဂ်ရ အရှင်ဥပါလိထေရ်အား ဤအမှုကို အဆုံးအဖြတ်ပေးရန် စေခိုင်းလိုက်သည်။

အရှင်ဥပါလိထေရ်သည် ဘိက္ခုနီ၏အမှုကို စစ်ဆေးရန်အတွက် သာဝတ္ထိမြို့တော်မှ ထင်ရှားကျော်ကြားသည့် ဇေတဝန်ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးကြီးနှင့် ပုဗ္ဗာရုံကျောင်းအမကြီးဖြစ်လာမည့် ဝိသာခါအပါအဝင် လူပရိသတ်တို့ကို ဇေတဝန်ကျောင်းတော်သို့ ဖိတ်ကြားလိုက်သည်။ ထို့နောက် အရှင်ဥပါလိက ဘိက္ခုနီ၏ အဖြစ်အပျက်အတိုချုပ်ကို ရှင်းပြလိုက်သည်။

ထိုအခါ ဝိသာခါ ဦးဆောင်သည့် အမျိုးသမီးပရိသတ်က ဘိက္ခုနီကို တင်းတိမ်အတွင်းသို့ပင့်ဆောင်ကာ ကိုယ်ဝန်ဖြစ်တည်ရပုံကို စေ့စပ်သေချာစွာ ကြည့်ရှုစစ်ဆေးမေးမြန်းသည်။ ထို့နောက် အရှင်ဥပါလိထေရ်အား သူတို့ စစ်ဆေးတွေ့ရှိရသမျှကို လျှောက်တင်လိုက်သည်။ ထိုအခါ အရှင်ဥပါလိထေရ်က "ကိုယ်ဝန်စတင် တည်ရှိသောအချိန်သည် ရဟန်းပြုသောအချိန်ထက် စောစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ဘိက္ခုနီ၏ ရဟန်းအဖြစ်သည် အပြစ်မရှိ၊ စင်ကြယ်ကြောင်း ဆုံးဖြတ်ပေးလိုက်သည်။

သားကလေးဖွားမြင်ပြီ

ဘုရားရှင်သည် အရှင်ဥပါလိထေရ်၏ အမှုကိစ္စ စစ်ဆေးဆုံးဖြတ်ပုံကို ကိုယ်တော်တိုင် ကြားနာတော်မူပြီး "အမှုကို ကောင်းစွာ ဆုံးဖြတ်နိုင်ပါသည်"ဟု ချီးကျူးတော်မူသည်။ တရားအဆုံးအဖြတ်ပေးပြီးနောက် လအတန်ကြာသောအခါ

http://www.dhammadownload.com

ဘိက္ခုနီသည် ရွှေအဆင်းကဲ့သို့ လှပသော သားရတနာကလေး ကို ကောင်းမွန်စွာ ဖွားမြင်လိုက်သည်။

ထိုအခါ ကောသလမင်းကြီးသည် ဘိက္ခုနီကျောင်းအနီးမှ ဖြတ်သန်းသွားစဉ် ကလေးငိုသံကြားရသဖြင့် မင်းချင်းတို့အား စုံစမ်းခိုင်းလိုက်သည်။ မင်းချင်းတို့က အကြောင်းစုံကို ပြည့်စုံစွာ လျှောက်ထားသဖြင့် အဖြစ်မှန်ကို သိသွားသည်။ ဘိက္ခုနီအရှင်မများအတွက် ကလေးငယ်ကို ကျွေးမွေးပြုစုရခြင်းသည် ဝန်လေးဖွယ်ရာ ဖြစ်နေသဖြင့် ကောသလမင်းကြီးက ကလေးငယ်ကို နန်းတော်သို့ခေါ်ယူကာ မွေးစားလိုက်သည်။ မင်းသားတို့၏ အဆောင်အယောင်ဖြင့်ထားပြီး အမည်ကိုလည်း "ကဿပ"ဟု မှည့်ခေါ်လိုက်သည်။

ကဿပ ခုနစ်နှစ်အရွယ်သို့ရောက်သော် ကောသလမင်းကြီးက သူ့ကို ရှင်ပြုပေးရန် ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ပေးလိုက်သည်။ ဘုရားရှင်ကလည်း ကဿပမင်းသားကို ရှင်ပြုပေးရန် ထပ်မံမိန့်ကြားတော်မူသဖြင့် ရဟန်းတို့က ကဿပမင်းသားကို ရှင်ပြုပေးလိုက်ကြသည်။

ကုမာရကဿပဟုတွင်လာခဲ့

ကာလအတန်ကြာသောတစ်နေ့တွင် ဘုရားရှင်က ရဟန်းတို့အား "ကဿပကို ခေါ်ခဲ့ကြ"ဟု မိန့်သည်။ ရဟန်းများက "အဘယ်ကဿပကို ခေါ်ခဲ့ရပါမည်နည်း"ဟု မေးလျှောက်သောအခါ "သူငယ်(ကုမာရ)ကဿပကို ခေါ်ခဲ့ကြ"ဟု မိန့်ကြားတော်မူသည်မှစ၍ ထိုသာဏေငယ်ကို "ကုမာရကဿပ"ဟု ရဟန်းတို့က ခေါ်ဝေါ်ကြလေသည်။

ရဟန်းဖြစ်ပြီ

ရှင်သာမဏေကုမာရကဿပသည် အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းအဖြစ်ကို ရသည်။ အရှင်ကုမာရကဿပသည် ဘုရားရှင်၏ ဒေသနာတော်များကို ဘုရားရှင်ထံမှ ကိုယ်တိုင်ကြားနာရသဖြင့် လည်းကောင်း၊ မထေရ်ကြီးများက ပြန်လည်ဟောပြောပြသောကြောင့် လည်းကောင်း၊ တရားတော်ကို ကောင်းစွာ နှလုံးသွင်းနိုင်ပြီ ဖြစ်သည်။

သို့ဖြင့် အရှင်ကုမာရကဿပသည် ဆွမ်းကိစ္စပြီးစီးတိုင်း အန္ဓဝန်တောအုပ်သို့ ဝင်ကာ ဝိပဿနာတရားများကို ပွားများအားထုတ်သည်။ ထိုသို့ တရားအားထုတ်

http://www.dhammadownload.com

နေစဉ် တစ်နေ့၌ ကဿပဘုရားရှင်လက်ထက်က တရားအားထုတ်ဖက်ဖြစ်ခဲ့ဖူးသော အနာဂါမ်ဖြစ်ခဲ့သည့် ဒုတိယမထေရ်ကြီးသည် သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်၍ အရှင်ကုမာရကဿပထံ ချဉ်းကပ်ကာ တောင်ပို့ ကြီးကို အခြေပြု၍ တစ်ဆယ့်ငါးချက်သော ပုစ္ဆာတို့ကို မေးလျှောက်သည်။ ထို ပြဿနာ၏အဖြေကို ဘုရားရှင်ထံ တင်ပြလျှောက်ထားရန် ပန်ကြားတိုက်တွန်းသည်။

ရဟန္တာဖြစ်ပြီ

ဤသို့ဖြင့် အရှင်ကုမာရကဿပသည် မိမိ၏ကလျာဏမိတ္တ သုဒ္ဓါဝါသဗြဟ္မာကြီး လျှောက်ထားခဲ့သည့် ပုစ္ဆာများကို ဘုရားရှင်ထံလျှောက်ထားသဖြင့် ဘုရားရှင်က တောင်ပို့ကြီးနှင့်ပတ်သက်သည့် အချက်အလက်များကို ဥပမာပြုကာ ဝိပဿနာလုပ်ငန်းစဉ်ဖြင့် ဥပမေယျတို့ကို ဟောကြားတော်မူသည်။ ဘုရားရှင်၏ ဟောကြားသည့် တောင်ပို့ကြီးပမာ ကျင့်စဉ်များကို ဝိပဿနာတင်ကာ တရားအားထုတ်ရာ မကြာမီ အရဟတ္တဖိုလ်သို့ရောက်ကာ ရဟန္တာဖြစ်တော်မူသည်။

အရှင်ကုမာရကဿပသည် မိမိသင်ယူနာကြားခဲ့ရသော ဒေသနာတော်များကို အခြေပြုကာ ဆန်းကြယ်စွာသော ဥပမာ ဥပမေယျတို့ဖြင့် တန်ဆာဆင်လျက် ပြောဟောတတ်သည့်အတွက် "ဆန်းကြယ်စွာ တရားတော်ကို ဟောပြောတတ်သည့်အရာတွင် ကုမာရကဿပသည် အမြတ်ဆုံး"ဟု ဗောဒဂ်ဘွဲ့ထူးဖြင့် ဂုဏ်ပြုချီးကျူးခြင်းခံရသည်။

အရှင်ကုမာရကဿပထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဗုဒ္ဓသညကထေရ် အပဒါန်ဝတ္ထု

ဗုဒ္ဓသညကထေရ်သည် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿမြတ်စွာဘုရားပွင့်တော် မူသောအခါ အမျိုးကောင်းသားဖြစ်ခဲ့ရသည်။ သစ်ပင်ဖျား၌တင်၍နေသော တိဿမြတ်စွာဘုရား၏ သင်္ကန်းတော်ကို ကြည်ညိုသောစိတ်ဖြင့် သူရိုးပူဇော်၏။ ထို ကုသိုလ်ကြောင့် လူ့ဘဝမှ စုတေပြီးနောက် နတ်ပြည်၌ဖြစ်၏။

http://www.dhammadownload.com

သင်္ကန်းကို ရှိခိုးခဲ့သည့်အကျိုး

ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သင်္ကန်းကို လက်အုပ်ချီ၍ ရှိခိုးပူဇော်ခဲ့သော သူ၏ ကုသိုလ်စေတနာဖြင့် နတ်ပြည်လူ့ပြည်တို့၌သာလျှင် ကျင်လည်ခဲ့ရသည်။ လူ့ စည်းစိမ် နတ်စည်းစိမ်တို့ကိုလည်း ခံစားခဲ့ရသည်။ ဤကမ္ဘာမှပြန်၍ရေသော် သုံးခုမြောက်သော တတိယကမ္ဘာ၌ ဒုမသာရအမည်ရှိသော စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဥစ္စာပစ္စည်း ပေါများသော အမျိုးကောင်းသားဖြစ်ရပြန်ပြီး သာသနာတော်၌ ရဟန်းပြုသည်။ နောက် မကြာမြင့်မီ ပင်လျှင်အရဟတ္တဖိုလ်ကိုရကာ ရဟန္တာဖြစ်တော်မူ၏။

ထိုအကြောင်းကို အများသူငါတို့ သိရှိစေပြီး အတုယူပြုလုပ်ကြစေခြင်းငှာ ဤတရားတို့ကို ဟောတော်မူ၏။

ဒုမဂ္ဂေ ပံသုကူလိကံ၊ လဂ္ဂံ ဒိသွာန သတ္ထုနော။
တတော တမဉ္ဇလိ ကတွာ၊ ပံသုကူလံ အဝန္ဒဟံ။
ဒွေနဝုတေ ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။
ကတော စတုတ္ထကေ ကပ္ပေ၊ ဒုမသာရောသိ ခတ္တိယော။
စာတုရန္တော ဝိဇိတာဝီ၊ စက္ကဝတ္တီ မဟဗ္ဗလော။

သတ္ထုနော၊ မြတ်စွာဘုရား၏။ ပံသုကူလိကံ၊ ပံသုကူသင်္ကန်းတော်သည်။ ဒုမဂ္ဂေ၊ သစ်ပင်ဖျားဌ်။ လဂ္ဂိတံ၊ ငြိတင်၍နေသည်ကို။ ဒိသွာ၊ မြင်ရ၍။ တတော၊ ထိုသို့မြင်ရခြင်းကြောင့်။ တံ ပံသုကူလံ၊ ထိုပံသုကူသင်္ကန်းတော်ကို။ အဉ္ဇလိ၊ လက်အုပ်ချီခြင်းကို။ ကတွာ၊ ပြု၍။ အဟံ၊ ငါသည်။ အဝန္ဒိ၊ ရှိခိုးပြီ။

ကတော၊ ဤကမ္ဘာမှ။ ဒွေနဝုတေကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်သင်္ကန်းကို ရှိခိုးခြင်း ကုသိုလ်ကံကို။ အကရိံ၊ ပြုဖူးပြီ။ တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ မသိရ။ ကတဲ၊ ဤသည်ကား။ ဗုဒ္ဓသညာယ၊ ဘုရားဟူသောအမှတ်သညာပြုခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ ကတော၊ ဤကမ္ဘာမှ။ စတုတ္ထကေကပ္ပေ၊ လေးခုမြောက်

http://www.dhammadownload.com

သော ကမ္ဘာ၌။ ဒုမသာရော၊ ဒုမသာရ အမည်ရှိသော။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ စာတုရန္တော၊ လေးကျွန်းအဆုံးရောက်အောင်။ ဝိဇိတာဝီ၊ အောင်ပြိုးသောရန်ရှိသော။ မဟာဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အသိ၊ ဖြစ်ရ၏။

ဗုဒ္ဓသညကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဘိသာလုဝဒါယကထေရ် အပဒါန်ဝတ္ထု

ဘိသာလုဝဒါယကထေရ်သည် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရားပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်နေရသည်။ သူသည် ဟိမဝန္တာတောင်၏နံဘေးအနီးအပါး၌ တောသစ်သီး တောသစ်ဥ တောသစ်ရွက်တို့ကို သုံးဆောင်ကာ မျှတ၍နေသည်။

ပြုဖူးသောကောင်းမှု

ဝိပဿီမြတ်စွာဘုရားကြွလာတော်မူသည်ကိုမြင်၍ ကြည်ညိုသောစိတ်ဖြင့် မိမိစားသုံးနေကျဖြစ်သော ကြာစွယ်, ကြာဥ, အာလူးဥ, မျောက်ဥ, သင်းတောက်ဥ တို့ကို ကပ်လှူ၏။ ဝိပဿီမြတ်စွာဘုရားသည် ထိုသူကို ကြည်ညိုစေခြင်းငှာ ဘုဉ်းပေးသုံးဆောင်တော်မူ၏။

ထိုအမျိုးကောင်းသားသည် စုတေသောအခါ တုသိတာနတ်ပြည်၌ နတ်ဖြစ်၍ နတ်စည်းစိမ် တို့ကို စံစားရ၏။ ဤကမ္ဘာမှပြန်၍ရသော် တတိယမြောက်ကမ္ဘာ၌ ဘိသသမ္ဘတအမည်ရှိသော စကြာမင်းတစ်ကြိမ်ဖြစ်ကာ အပါယ်လေးပါးသို့ တစ်ကြိမ်တစ်ခါမျှ မကျရောက်ခဲ့ရပေ။

ငါတို့ဘုရားရှင်လက်ထက်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်သည်။ သူသည် ကြီးကျယ်များမြတ်သော ဥစ္စာစည်းစိမ်ကိုစွန့်၍ ရဟန်းပြုရာ မကြာမြင့်မီ ပင်လျှင် အရဟတ္တဖိုလ်ကိုရကာ ရဟန္တာဖြစ်တော်မူ၏။

http://www.dhammadownload.com

ထိုအကြောင်းများကို အများသူတို့အား ပြတော်မူလို၍ မထေရ်သည် ဤတရားတော်ကို ဟောတော်မူ၏။

ကာနုနံ ဝန ် မောဂယှ၊ ဝသာမိ ဝိပိနေ အဟံ။
ဝိပဿိ အဒ္ဒသဲ ဗုဒ္ဓံ၊ အာဟုတိနံ ပဋိဂ္ဂဟံ။
ဘိသာလုဝဋ္ဌ ပါဒါသိံ၊ ဥဒကံ ဟတ္ထဓောဝနံ။
ဝန္ဒိတွာ သိရသာ ပါဒေ၊ ပက္ကာမိ ဥတ္တရာမုခေါ။
ဧကနဝုတိတော ကပ္ပေ၊ ဘိသာလုဝ ် မဒံ တဒါ။
ဒုဂ္ဂတိ ် နာဘိဇာနာမိ၊ ပုညကမ္မသိဒံ ဖလံ။
ဣတော တတိယကေ ကပ္ပေ၊ ဘိသသမ္ဘတခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

ဘောသိဿာ၊ အိုတပည့်အပေါင်းတို့။ အဟံ၊ ဘိသာလုဝအမည်ရသော ငါမထေရ်မြတ်သည်။ ကာနုနံ၊ လူသူမနီး မြို့ပိတ်ဆည်းသော။ ဝနံ၊ တောအုပ်သို့။ သြဂယှ၊ သက်ဝင်၍။ ဝိဝိနေ၊ တိတ်ဆိတ်လှစွာသော တောမြို့သာဌ်။ ဝသာမိ၊ နေ၏။ တဒါ၊ ထိုအခါ၌။ အာဟုတိနံ၊ ပူဇော်အထူးကို။ ပဋိဂ္ဂဟံ၊ ခံတော်မူထိုက်သော။ ဝိပဿိ သမ္မာဒ္ဓံ၊ ဝိပဿီမြတ်စွာဘုရားကို။ အဒ္ဒသဲ၊ ဖူးမြင်ရ၏။

ကြာဥ၊ အာလူး၊ စသည် လှူခဲ့သည့်အကျိုး

ဘိသာလုဝဋ္ဌ၊ ကြာစွယ်, ကြာဥ, အာလူး, မျောက်ဥ, ဝိန်းဥ, သင်းတောက်ဥ ကိုလည်း။ ပါဒါသိံ၊ ကပ်လှူဖူးပြီ။ ဟတ္ထဓောဝနံ၊ လက်တော်ဆေးရန်။ ဥဒကဋ္ဌ၊ ရေကိုလည်း။ ပါဒါသိံ၊ ကပ်လှူဖူးပြီ။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒိတွာ၊ ဦးတိုက်ရှိခိုးပြီး၍။ ဥတ္တရာမုခေါ၊ မြောက်အရပ်သို့ ရှေးရှုလျက်။ ပက္ကာမိ၊ ဖဲသွား၏။ ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတောကပ္ပေ၊ ကိုးဆယ့်တစ် ကမ္ဘာထက်၌။ ဘိသာလုဝံ၊ ကြာစွယ်, ကြာဥ, အာလူးဥ, မျောက်ဥ, ဝိန်းဥ, သင်းတောက်ဥကို။ အဒံ၊ လှူဖူးပြီ။

တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိ ် ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ပုညကမ္မဿ၊ ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးပေတည်း။ ဣတော၊ ဤကမ္ဘာမှ။ တတိယကေ ကပ္ပေ၊ သုံးခုမြောက်သော တတိယကမ္ဘာ၌။ ဘိသသမ္ဘတခတ္တိယော၊ ဘိသသမ္ဘတ မင်းမျိုးဖြစ်သော။ သတ္တရတန

http://www.dhammadownload.com

သမ္မန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ မဟဒ္ဓလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟောသိ၊ ဖြစ်ရ၏။

ဘီသာလုဝဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ကောသညကထေရ် အပဒါန်ဝတ္ထု

ကောသညကထေရ်သည် ကိုးဆယ့်တစ်ကမ္ဘာထက်တွင် ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ ရတနာသုံးပါးကို ကြည်ညိုသော အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။

ဝိပဿီမြတ်စွာဘုရား၏ တပည့် အဂ္ဂသာဝကရဟန္တာ ခဏ္ဍထေရ် ဆွမ်းခံလှည့်လည်ရာတွင် သူသည် ဆွမ်းတစ်ကြိမ် လောင်းလှူဖူး၏။ ထိုကုသိုလ်ဖြင့် စုတေ၍ လူ့ပြည်နတ်ပြည်၌သာ လူချမ်းသာ နတ်ချမ်းသာတို့ကို စံစားနေခဲ့ရသည်။

ဤကမ္ဘာမှ ပြန်၍ရောက်သော် ကမ္ဘာလေးဆယ်ထက်၌ စကြာမင်းတစ်ကြိမ် ဖြစ်၍ အပါယ်လေးဘုံသို့ တစ်ကြိမ်တစ်ခါမျှ မကျမရောက်ခဲ့ရပေ။

သာဝတ္ထိပြည်သားဘဝ

ငါတို့မြတ်စွာဘုရား လက်ထက်တော်တွင် သာဝတ္ထိပြည်၌ အမျိုးကောင်းသား ဖြစ်ရပြန်သည်။ သူသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နာရသဖြင့် သာသနာတော်၌ ကြည်ညိုသောစိတ်ဖြင့် ရဟန်းပြုကာ တရားအားထုတ်သော် မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ကောသညကထေရ်ဟု ခေါ်ရပုံ

ထိုရဟန္တာအရှင်မြတ်သည် တစ်နေ့သ၌ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုရာ ထိုဆွမ်းတစ်ကြိမ်လောင်းလှူဖူးသော ကုသိုလ်ကို အမှတ်ရလေသည်။ ငါသည်ကား ဆွမ်းတစ်ကြိမ်လောင်းဖူးသော ကုသိုလ်ဖြင့် ထူးမြတ်သော

http://www.dhammadownload.com

ချမ်းသာကို ရပေစွတကားဟု ဝမ်းမြောက်သောစိတ်ရှိလှ၍ ရဟန်းတို့အား ထိုအကြောင်းများကို ဟောပြသည်။ တစ်ခုသော ကုသိုလ်သညာကို အောက်မေ့အမှတ်ရသောအကြောင်း ကိုစွဲ၍ ထိုမထေရ်ကို ဧကသညာကထေရ်ဟု ခေါ်ဆိုကြ၏၊

ဧကသညကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

တိဏာသန္ထ ရထေရ် အပဒါန်ဝတ္ထု

တိဏာသန္ထ ရထေရ်သည် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပွင့်တော်မူသော တိဿမြတ်စွာဘုရား၏ လက်ထက်တွင် ဟိမဝန္တာတောင်၏အနီး ကြီးစွာသော ဇာတဿရရေအိုင်ကြီးတစ်ခုကို အမှီပြု၍နေသော သမင်ဖြစ်နေရ၏။

သမင်သည် ထိုရေအိုင်၌ ရေချိုးခြင်း၊ ရေသောက်ခြင်းတို့ကိုပြု၍ နေသော အခါ တိဿမြတ်စွာဘုရားသည် ထိုသမင်၏အကျိုးငှာ ကောင်းကင်ခရီးမှ ကြွလာတော်မူသည်။ ထိုသို့ ဘုရားရှင် ကြွလာသည်ကိုမြင်၍ ကြည်ညိုသောစိတ် ဖြစ်သည်။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူလျှင် ကောင်းကင်မှ ဆင်းသက်တော်မူကာ မြေ၌ ရပ်တော်မူ၏။

သမင်ဘဝကပြုခဲ့သောကောင်းမှု

ထိုအခါ သမင်သည် ဦးချိုဖြင့် မြက်တို့ကိုယူ၍ နေရာကိုခင်း၏။ မြတ်စွာဘုရားသည် ထိုသမင်ခင်းသော မြက်အခင်းပေါ်၌ သီတင်းသုံးတော်မူ၏။ ထိုသမင်သည် တိရစ္ဆာန်တို့ဘဝ ဦးခေါင်းချကာ ဘုရားရှင်ကို ရှိခိုး၏။ ရှိခိုးပြီး မြတ်စွာဘုရားကို တစိမ့်စိမ့်ဖူးမြင်လျက် နောက်ဆုတ်ကာ ဘုရားရှင်ထံမှ ဖဲသွား၏။

သမင်သည် ထိုကုသိုလ်ဖြင့် သေသည်မှနောက်တွင် နိမ္မာနရတီနတ်ပြည်သို့ ရောက်ကာ နတ်သားဖြစ်လေ၏။

ထိုအကြောင်းကို ပြတော်မူလို၍ မထေရ်က နောင်လာ နောက်သားတို့ အကျိုးငှာ ဤတရားတော်တို့ကို ဟောတော်မူ၏။

http://www.dhammadownload.com

ဝိသာဏေန တိဏံ ဂယှ၊ နိသီဒန မဒါသဟံ။
နိသီဒိ ဘဂဝါ တတ္ထ၊ တိဿော လောကဂ္ဂနာယကော။
သကံ စိတ္တံ ပသာဒေတွာ၊ အဝန္ဒိ လောကနာယကံ။
ပဋိကုဋိကော အပသက္ကိ၊ နိဗ္ဗာယန္တော မဟာမုနိ။
တေန စိတ္တပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ သန္ဆရဿ ဣဒံ ဖလံ။

မြက်ကိုခင်းကာ လှူခဲ့၍ ကောင်းကျိုးရပုံ

အဟံ၊ သမင်ဖြစ်ခဲ့ဖူးသောငါသည်။ ဝိသာဏေန၊ ဦးချိုဖြင့်။ တိဏံ၊ မြက်ကို။ ဂယှ၊ ဟူ၍။ နိသီဒနံ၊ ဘုရားရှင် နေထိုင်ရန်အခင်းကို။ အဒါသိံ၊ လှူခဲ့ဖူးပြီ။ လောကဂ္ဂနာ ယကော၊ လူတို့ထက်မြတ်သော ဦးစီးရှေ့ဆောင် ဖြစ်တော်မူသော။ တိဿောဘဂဝါ၊ တိဿမြတ်စွာဘုရားသည်။ နိသီဒိ၊ ထိုမြက်အခင်းပေါ်၌ သီတင်းသုံးနေတော်မူ၏။

သကံစိတ္တံ၊ မိမိစိတ်ကို။ ပသာဒေတွာ၊ ကြည်လင်စေ၍။ လောကနာယကံ၊ မြတ်စွာဘုရားကို။ အဝန္ဒိ၊ ရှိခိုး၏။ မဟာမုနိ၊ မြတ်စွာဘုရားကို။ နိဗ္ဗာယန္တော၊ တစိမ့်စိမ့်ဖူးမြင်လျက်။ ပဋိကုဋိကော၊ ဘုရားရှင်ရှေ့မှ နောက်ဆုတ်၍။ အပသက္ကိ၊ ဖဲသွား၏။ တေန စိတ္တပသာဒေန၊ ထိုစိတ်၏ ကြည်ညိုခြင်းဖြင့်။ အဟံ၊ သမင်ဖြစ်သောငါသည်။ နိမ္မာနံ၊ နိမ္မာနရတီနတ်ပြည်သို့။ ဥပပဇ္ဇိံ၊ ရောက်၏။ ဒုဂ္ဂတိ၊ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ ဤမှနောက်၌ ကျရောက်သည်ဟူ၍ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ သန္ဆရဿ၊ မြက်ကိုခင်းလှူခြင်း၏။ ဖလံ၊ အကျိုးတည်း။

ထိုနတ်သားသည် ကိုးဆယ့်နှစ်ကမ္ဘာထက်က မြက်အခင်းလှူသော ကုသိုလ်ကြောင့် အပါယ်သို့ မကျရောက်ဘဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ကာ နေခဲ့ရ၏။ ဤကမ္ဘာ၏ရှေ့ဖြစ်သော ဒုတိယကမ္ဘာ၌ မိဂသမ္မတဟူသော အမည်ဖြင့် စကြာမင်း တစ်ကြိမ်ဖြစ်ခဲ့ရ၏။

ထိုအကြောင်းကို ပြတော်မူလို၍ မထေရ်သည် ဤသို့ ပြန်လည် ဟောတော်မူ၏။

ဣတော ဒုတိယကေ ကပ္ပေ၊ မိဂသမ္မတခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

http://www.dhammadownload.com

ကွတော၊ ဤကမ္ဘာမှ။ ဒုတိယကေ ကုပ္ပေ၊ ဒုတိယကမ္ဘာ၌။ မိဂသမ္မတ ခတ္တိယော၊ မိဂသမ္မတဟူသောအမည်ဖြင့် မင်းမျိုးဖြစ်လျက်။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

တိဏ္ဏသန္ထရဏထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

ပထမ သုစီဒါယကထေရ် အပဒါန်ဝတ္ထု

ဤပထမ သုစီဒါယကထေရ်သည် ကမ္ဘာပေါင်းသုံးသောင်းအထက်၌ သုမေဓ မြတ်စွာဘုရားပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်နေရသည်။ သူသည် မြတ်စွာဘုရားအား သင်္ကန်းချုပ်ရန် အပ်ငါးချောင်းလှူခဲ့ဖူး၏။

ထိုကုသိုလ်ဖြင့် လူ့ပြည်နတ်ပြည်တို့တွင် ဖြစ်လေရာဘဝတို့၌ ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံသော အကျိုးကို ခံစားခဲ့ရ၏။ ထိုအကြောင်းကို ပြခြင်းငှာ မထေရ်သည် ဤတရားကို ဟောတော်မူ၏။

တေနေဝ သူစီဒါနေန၊ နိပုဏတ္ထဝိပဿကံ။
တိက္ခံ လဟုဉ္စ ဖာသုဉ္စ၊ ဉာဏံ မေ ဥပပဇ္ဇထ။

အပ်လှူဖူး၍ ထက်မြက်သောဉာဏ်ပညာရခဲ့

တေနေဝ သူစီဒါနေန၊ ထိုအပ်လှူခဲ့ဖူးသောကုသိုလ်ကြောင့်သာလျှင်။ နိပုဏတ္ထဝိပဿကံ၊ သိမ်မွေ့သော အနက်အဓိပ္ပာယ်ကို သိမြင်နိုင်သော။ တိက္ခံစ၊ ထက်သည်လည်း ဖြစ်သော။ ဟုဉ္စ၊ လျင်မြန်သည်လည်း ဖြစ်သော။ ဖာသုဉ္စ၊ လွယ်ကူသည်လည်း ဖြစ်သော်။ ဉာဏံ၊ ဉာဏ်ပညာသည်။ မေ၊ ငါ့အား။ ဥပပဇ္ဇထ၊ ဖြစ်လာ၏။

ထိုအပ်လှူသော အမျိုးကောင်းသားသည် သိမ်မွေ့သော အနက်အဓိပ္ပာယ်ကို သိနိုင်သော ပညာ၊ ထက်မြက်သော ပညာ၊ လျင်မြန်စွာ သိနိုင်သော ပညာ၊ ချမ်းသာလွယ်ကူစွာ သိနိုင်သော ပညာတို့နှင့် ပြည့်စုံခဲ့ရသည်။

http://www.dhammadownload.com

သူသည် ယခုနောက်ဆုံးဘဝရောက်သောအခါ ငါတို့မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုသည်။ ထက်သောပညာရှိသည်၏ အဖြစ်ကြောင့် သင်တုန်းဓားဖြင့် ခေါင်းရိတ်ပေးသည်၏အဆုံး၌ အရဟတ္တဖိုလ်ကိုရလျက် ရဟန္တာ အဖြစ်သို့ ရောက်တော်မူ၏။

ထိုအကြောင်းကို ပြလိုသဖြင့် မထေရ်သည် ဤဘဝဖြစ်စဉ်တို့ကို ပြန်လည် ဟောတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

ဘဝဖြစ်စဉ်ဟောပြပုံ

ဟော သိသာ၊ အိုတပည့်အပေါင်းတို့။ မယှံ၊ သုစိဒါယက အမည်ရသော ငါသည်။ ကိလေသာ၊ တစ်ထောင့်ငါးရာ ကိလေသာကို။ ဈာပိတာ၊ ပယ်ဖျောက်ကုန်ခန်း လောင်ကျွမ်းစေအပ်ပြီ။ ဘဝါသဗ္ဗေ၊ အလုံးစုံသော ဘဝတို့ကို။ သမူဟတာ၊ အမြစ်အရင်းမကျန် ပယ်နုတ်ပြီးကုန်လေပြီ။ သမ္မာသမ္ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အန္တိမံ၊ အဆုံးဘဝဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဓာရေမိ၊ ဆောင်၏။

ထိုသူစိဒါယကထေရ်သည် ထိုအပ်လှူဖူးသော ကုသိုလ် အပရာပရိယ စေတနာတို့ကြောင့် စကြာမင်း လေးကြိမ်ဖြစ်ရကြောင်းကို ပြတော်မူခြင်းငှာ ဤသို့ ထပ်မံ၍ ဟောတော်မူပြန်၏။

ဒ္ဝိပဒါဓိပတိ နာမ၊ ရာဇာနော စတုရော အဟုံ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ဟောသိသာ၊ တရားနာလာကြကုန်သော အိုတပည့်အပေါင်းတို့။ ဒ္ဝိပဒါဓိပတိနာမ၊ ဒ္ဝိပဒါဓိပတိအမည်ရှိသော။ သတ္တရတနသမ္ပန္နာ၊ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ စတုရော၊ လေးကြိမ် လေးဘဝ။ အဟုံ၊ ဖြစ်ဖူးလေကုန်ပြီ။

ပထမသုစိဒါယကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

ပါဒုလိပုပ္ပိယထေရ် အပဒါန်ဝတ္ထု

ပါဒုလိပုပ္ပိယထေရ်သည် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပွင့်တော်မူသော တိဿမြတ်စွာဘုရား၏ လက်ထက်တော်တွင် သူဋ္ဌေးသားဖြစ်ခဲ့ရ၏။ မြို့တွင်းအိမ်ဈေးလမ်းသို့ ဆွမ်းခံ လှည့်လည်တော်မူသော် တိဿမြတ်စွာဘုရားကို သူ ဖူးမြင်ရလျှင် ခါးပိုက်တွင် ဆောင်၍ပါလာသော သံသတ်ပန်းတို့ဖြင့် ပူဇော်ကာ လက်အုပ်ချီလျက် ဘုရားရှင်အား ရှိခိုး၏။

ထိုအကြောင်းကို ပြလိုသဖြင့် မထေရ်က ဤဂါထာတို့ကို ပြန်လည်ဟောတော်မူ၏။

သေဋ္ဌိပုတ္တော တဒါ အာသိ၊ သုခုမာလော သုခေဓိတော။
ဥစ္ဆင်္ဂေ် ပါဒုလိပုပ္ပံ၊ ကတွာန အဘိသံဟရိ်။
ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပုပ္ဖေဟိ အဘိပူဇယိ်။
တိဿံ လောကဝိဒုံ နာထံ၊ နရဒေဝံ နမဿဟံ။

အာဝုသော၊ တာရားနာနေကြသောဘဝါရှင် ရဟန်းတို့။ တဒါ၊ ထိုကိုးဆယ့်နှစ်ကမ္ဘာထက်အခါ၌။ သေဋ္ဌိပုတ္တော၊ သူဋ္ဌေးသားသည်။ အာသိ်၊ ဖြစ်ခဲ့ဖူးပြီ။ သုခုမာလော၊ နူးညံ့သောကိုယ်ရှိ၏။ သုခေဓိတော၊ ချမ်းသာစွာကြီးပွားရ၏။ ဥစ္ဆင်္ဂေ်၊ ခါးပိုက်၌။ ကတွာန၊ ထည့်၍။ အဘိသံဟရိ်၊ ဆောင်ယူခဲ့သော။ ပါဒုလိပုပ္ပံ၊ သံသတ်ပွင့်ကို။ ဟဋ္ဌော၊ ရွှင်လန်းဝမ်းမြောက်သော ငါသည်။ ဟဋ္ဌေန၊ ရွှင်လန်းဝမ်းမြောက်သော။ စိတ္တေန၊ စိတ်ဖြင့်။ တိဿံ၊ တိဿအမည်တော်ရှိသော။ လောကဝိဒုံ၊ လောကသုံးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော။ နာထံ၊ မြတ်စွာဘုရားကို။ ပုပ္ဖေဟိ၊ သံသတ်ပန်းတို့ဖြင့်။ အဘိပူဇယိ်၊ ရိသေစွာ ပူဇော်ခဲ့ဖူးပြီ။ အဟံ၊ ငါသည်။ နရဒေဝံ၊ လူနတ်တို့၏အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမဿိ်၊ ရှိခိုးဖူးပြီ။

ထိုသံသတ်ပန်းလှူသော သူဋ္ဌေးသားသည် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရခဲ့ရပေ။ ဤကမ္ဘာမှ ရှေးဖြစ်သော ခြောက်ဆယ့်သုံးကမ္ဘာထက်၌ အဘိသမ္မတမည်သော စက်ြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ထိုအကြောင်းကို ပြတော်မူလို၍ မထေရ်က ဤဂါထာတို့ကို ပြန်လည်ဟောတော်မူပြန်သည်။

http://www.dhammadownload.com

ပန်းပူဇော်ခြင်း၏အကျိုး

ဒွေနဝုတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။
ကပ္ပတော တေသဋ္ဌိကဠမှိ၊ အဘိသမ္ဗုတနာမကော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

ဘောန္တော မနုဿာ၊ တရားတော်ကို ရှိသေစွာနာကြကုန်သော အိုလူအပေါင်း သူတော်ကောင်းတို့။ အဟံ၊ ပါဋလိပုပ္ဖိယအမည်ရသော ငါမ့ထေရ်မြတ်သည်။ ကပ္ပတော၊ ဤ ကမ္ဘာမှ။ ဒွေနဝုတေ ကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ ယံကမ္မံ၊ အကြင်ပန်းပူဇော် ခြင်းကုသိုလ်ကံကို။ အကရိံ၊ ပြုခဲ့ဖူးပြီ။ တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဖူးသည်ဟူ၍ မသိရ။ ကပ္ပဒံ၊ ဤသည်ကား။ ပုပ္ဖပူဇာယ၊ ပန်းပူဇော်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ကပ္ပတော၊ ဤကမ္ဘာမှ။ တေသဋ္ဌိကပ္ပမှိ၊ ခြောက်ဆယ့်သုံးကမ္ဘာထက်၌။ အဘိသမ္ဗုတနာမကော၊ အဘိသမ္ဗုတအမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းသည်။ အဟောသိံ၊ ဖြစ်ခဲ့ဖူးပြီ။

ပါဋလိပုပ္ဖိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဠိတဥ္ဆလိယထေရ် အပဒါန်ဝတ္ထု

ဠိတဥ္ဆလိယထေရ်သည် ရှေးဘဝတို့က ပြုခဲ့ဖူးသော တစ်ခုသော မဏ္ဍောင်းမှု အကုသိုလ်ကံကြောင့် တိဿမြတ်စွာဘုရား မပွင့်မီ သမင်လိုက် မုဆိုးအမျိုးဌာ ဖြစ်နေခဲ့ရသည်။ သူသည် သမင်, ဆိတ်, ဝက် စသော သတ္တဝါတို့ကို သတ်ဖြတ်စားသောက်၍ ဟိမဝန္တာ၏အနီး တောအုပ်အတွင်း၌နေ၏။ ထိုအခါ တိဿမြတ်စွာဘုရား ပွင့်တော်မူကာ ထိုသားသတ် မုဆိုးအား အစဉ်သနားတော်မူသဖြင့် ဘုရားရှင်သည် မုဆိုးရှိရာ ဟိမဝန္တာသို့ ကြွတော်မူ၏။

http://www.dhammadownload.com

ထိုသားသတ်မုဆိုးသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရား၏ အသရေ တော်ကိုမြင်လျှင် လက်အုပ်ချီကာ အရှေ့သို့ မျက်နှာမူလျက် ဖဲသွားပြီး သစ်ရွက် မိုးသော တဲကုပ်အတွင်းသို့ ဝင်၍နေ၏။

ထိုအခါ မိုးကြိုး သည်းထန်စွာ ရွာသွန်းသည်။ သူသည် မြတ်စွာဘုရားကို အာရုံပြုလျက် လက်အုပ်ချီ၍နေ၏။ ထို့နောက် မိုးကြိုးကျ၍ သူ သေရရှာ၏။ ထိုအကြောင်းကို လူအပေါင်းတို့အား သိတော်မူလို၍ မထေရ်က ဤတရားတို့ကို ဟောတော်မူ၏။

မဂလုဒ္ဒါ ပုရေ အာသိ၊ အရညေ ကာနနေ အဟံ။
တတ္ထ အဒ္ဒသံ သမ္ဗုဒ္ဓံ၊ ဗတ္တိံသဝရလက္ခဏံ။
တတ္ထာဟံ အဋ္ဌလိံ ကတ္ဝာ၊ ပက္ကာမိံ ပါစိနာမုခေါ။
အဝိဒူရေ နိသိန္နဿ၊ နိယကေ ပဏ္ဏသန္ထတေ။
တတော မေ အသနိပါတော၊ မတ္ထကေ နိပတီ တဒါ။
သောဟံ မရဏကာလမှိ၊ အကာသိံ ပုနရဋ္ဌလိံ။

မထေရ်ဟောသောတရား

ဘောန္တော်မနုဿာ၊ အိုလူအပေါင်းတို့။ အဟံ၊ ဤတဋ္ဌလိယ အမည်ရသော ငါသည်။ ပုရေ၊ တိဿဘုရားပွင့်တော်မမူမီ ရှေးအခါ၌။ အရညေ၊ ပကတိလူတို့ မပျော်မွေ့နိုင်သော။ ကာနနေ၊ ကြောက်မက်ဖွယ်ကောင်း ပိတ်ပေါင်းချုံရုပ် တောမြိုင်အုပ်၌။ မိဂလုဒ္ဓေါ၊ သားသမင်ဖမ်းမုဆိုးသည်။ အာသိ၊ ဖြစ်ခဲ့ဖူးပြီ။ တတ္ထ၊ ထိုတောမြိုင်အုပ်၌။ ဗတ္တိံသဝရလက္ခဏံ၊ သုံးဆယ့်နှစ်ပါးသော ယောက်ျား မြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓံ၊ တိဿမြတ်စွာဘုရားကို။ အဒ္ဒသံ၊ ဖူးမြင်ရ၏။

"တတ္ထ၊ ထိုဖူးမြင်သောနေရာ၌။ အဋ္ဌလိံ၊ လက်အုပ်ချီခြင်းကို။ ကတ္ဝာ၊ ပြု၍။ ပါစိနာမုခေါ၊ အရှေ့အရပ်သို့ မျက်နှာမူလျက်။ ပက္ကာမိံ၊ ဖဲခွာလာခဲ့၏။ နိသိန္နဿ၊ နေရာ၏။ အဝိဒူရေ၊ မနီးမဝေးဖြစ်သော။ နိယကေ၊ မြို့မြို့သော။ ပဏ္ဏသန္ထတေ၊ သစ်ရွက်မိုးခင်း တဲကုပ်တွင်းသို့။ နိဝါသိ၊ ဝင်၍နေ၏။ တတော၊ ထိုနောက်။ အသနိပါတော၊ မိုးကြိုးကျသည်ရှိသော်။ မေ၊ ငါ၏။ မတ္ထကေ၊ ဦးထိပ်ထက်၌။ နိပတိ၊ ကျ၏။ တဒါ၊ ထိုငါ၏ထိပ်ပေါ်သို့ မိုးကြိုးကျသောအခါ၌။

http://www.dhammadownload.com

သောဟံ၊ ထိုင်ငါသည်။ မရဏကာလမှိ၊ သေခါနီးကာလ၌။ ပုန၊ တစ်ဖန်။ အဋ္ဌလိ၊ ဘုရားရှင်အား လက်အုပ်ချီခြင်းကို။ အကာသိ၊ ပြုခဲ့ပြန်၏။

မိုးကြိုးကျ၍ ကွယ်လွန်ရာမှ

ထိုသားမုဆိုးသည် လက်အုပ်ချီလျက် သေပြီးနောက် နတ်ပြည်၌ဖြစ်၏။ ထိုနောက်ဘဝတို့၌ ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပါယ်ဘုံသို့ မကျမရောက်မူ၍ လူ့ဘဝ နတ်ဘဝတို့၌သာလျှင် ကျင်လည်ခဲ့ရသည်။ ငါးဆယ့်လေးကမ္ဘာထက်၌ မိဂကေတုအမည်ရှိသော စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ထိုအကြောင်းကို ပြတော်မူလို၍ မထေရ်သည် ဤတရားတို့ကို ပြန်လည် ဟောတော်မူ၏။

ဒွေနဝုတေ ကပ္ပေ၊ အဋ္ဌလိ အကရိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ အဋ္ဌလိဿ ဖလံ။
စတုပဏ္ဏာသကပ္ပမှိ၊ မိဂကေတု သနာမကော။
သတ္တရတန သမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။

လက်အုပ်ချီခြင်း၏အကျိုး

ကပ္ပေ၊ ဤကမ္ဘာမှ။ ဒွေနဝုတေ ကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ တဒါ၊ ထိုသမင်လိုက်မုဆိုးဖြစ်သောအခါ၌။ အဋ္ဌလိ၊ လက်အုပ်ချီခြင်းအမှုကို။ အကရိ၊ ပြုခဲ့ဖူးပြီ။ တေန၊ ထိုကုသိုလ်ကံကြောင့်။ ဒုဂ္ဂတိ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဖလံ၊ ဤသည်ကား။ အဋ္ဌလိဿ၊ လက်အုပ်ချီခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

စတုပဏ္ဏာသကပ္ပမှိ၊ ငါးဆယ့်လေးကမ္ဘာထက်၌။ မိဂကေတု သနာမကော၊ မိဂကေတုဟူသော မိမိနာမည်ရှိသော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ မဟဗ္ဗလော၊ အားကြီးစွာသော။ စက္ကဝတ္တီ၊ စကြာမင်းတစ်ကြိမ် ဖြစ်ရ၏။

ဌိတဋ္ဌလိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

တိပဒုမိယစထေရ် အပဒါန်ဝတ္ထု

တိပဒုမိယထေရ်ဟူ၍ ကျော်စောတော်မူသော ရဟန္တာအရှင်မြတ်သည် ပဒုမုတ္တရ မြတ်စွာဘုရားမပွင့်မီ ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ ပြုအပ်ပြီးသော ပါရမီသမ္ဘာရရှိသူ ပုဂ္ဂိုလ်ဖြစ်သည်။ မရေမတွက်နိုင်သော ဘဝတို့ ပတ်လုံး မဟာသာဝက ရဟန္တာဖြစ်စေရန် ဆုပန်ခဲ့သည်။

ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူချိန်တွင် သူသည် ဟံသာဝတီနေပြည်တော်ကြီးဝယ် ပန်းတို့ကိုသီကုံးလျက် အသက်မွေးရသော ပန်းသည်ယောကျ်ား ဖြစ်နေရသည်။ တစ်နေ့သ၌ ထိုပန်းသည်ယောကျ်ားသည် ရေပန်း ကုန်းပန်းတို့ကို ရောပြွမ်းစုရုံး၍ ပန်းကုံး ပန်းခိုင် ပြုလုပ်ပြီး ပြည့်ရှင်မင်းအား ပန်းတော်ဆက်သရန် ကြံစည်၍ လာခဲ့သည်။

မင်းကိုဆက်သခြင်းထက် ဘုရားကိုလှူခြင်းက ပိုအကျိုးရှိ

ထိုအချိန်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ဟံသာဝတီနေပြည်တော်ကြီး၌ ဆွမ်းခံ လှည့်လည်တော်မူရန် ကြွလာတော်မူသည်။ ထိန်လင်းသော ရောင်ခြည်တော်တို့ဖြင့် ရဟန်းသံဃာတော်အပေါင်း ခြံရံကာ ကြွလာတော်မူသည့် ဘုရားရှင်ကို ဖူးတွေ့ရသည်နှင့် တစ်ပြိုင်နက် ပန်းသည်ယောကျ်ားသည် ဤသို့ အကြံဖြစ်၏။ ငါသည် ဤ ပန်းတို့ကို ပြည့်ရှင်မင်းကြီးအား ဆက်သလျှင် ရွာကိုသော်လည်းကောင်း၊ မြို့ကိုသော်လည်းကောင်း၊ အသပြာကိုသော်လည်းကောင်း ရရာ၏။ ထိုမြို့ရွာ အသပြာစသည်တို့ ရခြင်းဖြင့် ငါ့မှာ ဘာမျှထူးခြားသည့် အကျိုးတရားမဖြစ်နိုင်။ မြတ်စွာဘုရားအား ပူဇော်၍ အမြိုက် နိဗ္ဗာန်တည်းဟူသော ဥစ္စာမြတ်ကိုသာလျှင် ယူတော့အံ့ဟုကြံကာ ပဒုမ္မာကြာနီ ပန်းကုံး သုံးပွင့်ကို ကောင်းကင်သို့ မြှောက်၍ ပစ်လိုက်၏။ ထိုပဒုမ္မာကြာပန်းတို့သည် ကောင်းကင်၌ပြန့်ကာ အထက်၌အညာ၊ အောက်သို့မျက်နှာပြုပြီး ထီးပမာကဲ့သို့ မြတ်စွာဘုရား၏အပေါ်မှ ဆောင်းမိုးကာ တည်နေကုန်၏။

ထိုအခြေအနေကို မြင်ရသူ လူအပေါင်းတို့သည် ချီးမွမ်းကြွေးကြော်ခြင်းကို ပြုကြကုန်၏။ ကောင်းကင်မှ နတ်တို့၏ သာဓုခေါ်သံသည်လည်း ဆူညံ၍ နေ၏။

http://www.dhammadownload.com

နတ်တို့သာဓုခေါ်သံ

အိုအချင်းတို့၊ လောကဌ် မြတ်စွာဘုရား၏တန်ခိုးတော်သည် အံ့ဩဖွယ်ရှိစွတကား။ ပန်းသည်ယောကျ်ား မြှောက်ပစ်ပူဇော်သော ပန်းတို့သည် ကောင်းကင်ဌ် တည်၍ မြတ်စွာဘုရား၏အပေါ်မှာ ထီးကဲ့သို့ဆောင်းမိုး နေကုန်၏။ ဤပန်းတို့၏ အကျိုးတရားကို မြတ်စွာဘုရား ဟောကြားတော်မူလိမ့်မည်။ ငါတို့သည် ပန်းတို့၏ အကျိုးတရားတော်ကို နာကြရပါကုန်အံ့။ ဤသို့ဆို၍ နတ်တို့သည် အော်ဟစ်ကြွေးကြော် သာဓုခေါ်ကြကုန်၏။

ဘုရားရှင်ဟောကြားချက်

ပဒုမုတ္တရ မြတ်စွာဘုရားသည် လမ်းအလယ်ဌ ရပ်တော်မူ၍ ဤသို့ ဟောတော်မူ၏။

ချစ်သား ရဟန်းတို့၊ ငါဘုရားအား ပဒုမ္မာကြာနီပန်းတို့ဖြင့် ပူဇော်သော ပန်းသည်ယောကျ်ားလုလင်ပျိုသည် ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်ဌ နတ်သားဖြစ်၍ နတ်၏စည်းစိမ်ကို စံစားရလတ္တံ့။ ကမ္ဘာသုံးဆယ်တို့ပတ်လုံး သိကြားမင်းဖြစ်၍ နတ်မင်းတို့၏စည်းစိမ်ကိုလည်း ခံစားရလတ္တံ့။ အလွန်ကြီးကျယ်သော မဟာဝိတ္ထာရကမည်သော နတ်ဘုံဗိမာန်ကြီးသည် နတ်ပြည်ဌ ပေါက်လတ္တံ့။ ထိုနတ်ဗိမာန်ကြီးသည် ယူဇနာသုံးရာ အစောက်မြင့်ပြီး ယူဇနာ တစ်ရာ့ငါးဆယ် အပြန့်ကျယ်သည်။ အညွှန့်အဖူး အထူးအချွန်၊ ကောင်းမွန်တင့်တယ် ဆန်းကြယ်လျောက်ပတ် အထွတ်တပ်သော နန်းဦးဘုံဆောင်၊ မြင့်ခေါင်ဆန်းကြယ် သိန်းလေးဆယ်ဖြင့် တင့်တယ်လျောက်ပတ် ဖန်ဆင်းအပ်၍ မြင့်မြတ်သော နေရာအခင်းတို့ဖြင့် ထိန်လင်းတောက်ပလျက် ကုဋေတစ်သိန်းကုန်သော နတ်ကညာတို့သည် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ခြံရံကြကုန်လတ္တံ့။

ဤသို့များစွာ နတ်ကညာပေါင်း ခညောင်းထွေးယှက် အပျော်ဆက်၍ နှစ်သက် ရွှင်ပျော် မွေ့လျော်စံပယ် ကြီးကျယ်စွာသော မဟာဝိတ္ထာရက ဝိမာနဌ် နီလစွာသော ပဒုမ္မာကြာပန်းမိုးရွာ၍ အခါခပ်သိမ်း နေရလတ္တံ့၊ နံရံတသင်းတို့ဌ် လည်းကောင်း၊ ဆင်စွယ်ကောက်တို့ဌ်လည်းကောင်း၊ တံခါးလက်ရုံးတို့ဌ်လည်း ကောင်း၊ တုရင် မှန်ကင်းတိုင်တို့ဌ်လည်းကောင်း လှည်းဘီးစက်ပမာဏ ရှိကုန်သော ကြာနီပန်းတို့သည် တွဲလျားဆွဲကာ တန်ဆာဆင်လျက်နေကုန်လတ္တံ့။

http://www.dhammadownload.com

ကြာနီပွင့်ချပ် အဖတ်အလွှာတို့သည် ထပ်ကာဆက်ခင်း ဗိမာန်တွင်း၌ တက်နင်းသွားလာ အိပ်သောခါလည်း ကြာနီပဒုမ္မာ ပွင့်ချပ်လွှာတို့ကို အိပ်ရာအခင်း ပြုလုပ်၍လည်းကောင်း၊ လွှမ်းခြုံ၍လည်းကောင်း အိပ်ရလတ္တံ့။ မဟာဝိတ္ထာရက ဗိမာန်ကြီးကို ဝန်းရံ၍ ယူဇနာတစ်ရာ ထက်ဝန်းကျင် ပတ်လည်၌ ကြာနီပန်းတို့သည် နတ်ပန်းရနံ့ကိုဆောင်၍ လှိုင်စေကုန်လျက် မွှေးကြိုင်စွာ နေရကုန်လတ္တံ့။

ချစ်သားရဟန်းတို့၊ ငါဘုရားအား ပဒုမ္မာကြာနီပန်းတို့ဖြင့် ပူဇော်သော ပန်းသည်ယောကျ်ား လုလင်ပျိုသည် နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သောအခါ စကြာမင်းအဖြစ်၌ ခုနစ်ဆယ့်ငါးကြိမ် ဖြစ်ရလတ္တံ့။ ပဒေသရာဇ်မင်း အဖြစ်သည်ကား များပြားလှသည်ဖြစ်၍ ရေတွက်ခြင်းငှာ မတတ်သာအောင် ချမ်းသာကြီးမား စံစားရလတ္တံ့၊ ဤသို့နတ်ချမ်းသာ လူချမ်းသာ နှစ်ဖြာသော စည်းစိမ်ကို ရိပ်ငြိမ် ပျော်စံဘေးရန်မရှိ စံစားပြီးသောအဆုံး၌ နိဗ္ဗာန်ချမ်းသာကို ကောင်းစွာမြင်လတ္တံ့ဟု ဘုရားရှင်က ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဤသို့ ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသည့်အတိုင်း ထိုပန်းသည် ယောကျ်ားလုလင်ပျိုသည် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို စံစားရသည်။ အပါယ်လေးပါးသို့လည်း မလားမရောက်ခဲ့ရပေ။

ရဟန္တာဖြစ်တော်မူပုံ

ယခုအဆုံးဘဝ၌ သူသည် ဂဟပတိကုလ သူကြွယ်မျိုး၌ဖြစ်ရကာ အရွယ်ရောက်သောအခါ ငါတို့ဂေါတမ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သာသနာတော်၌ ရဟန်းပြုလျက် တရားအားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

တိပဒုမိယထေရ်ဟုထင်ရှား

ထိုရဟန္တာအရှင်မြတ်သည် ပဒုမ္မာကြာပန်း သုံးပွင့်ပူဇော်သော ကုသိုလ်ကံကို အရင်းမူလပြု၍ ရဟန္တာဖြစ်တော်မူသောကြောင့် တိပဒုမိယထေရ်ဟူ၍ ကျော်စောထင်ရှားသည်။

ထိုအရှင်မြတ်သည် မိမိရှေးဘဝတို့က ကျင့်ကြံအားထုတ် ပြုလုပ်ခဲ့ဖူးသော ပါရမီအကျင့်တို့ကို ပဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ဆင်ခြင်တော်မူကာအတိတ်ဖြစ်စဉ် တရားတို့ကို ဤသို့ ဟောကြားတော်မူသည်။

http://www.dhammadownload.com

မဆေရ်ဟောကြား မြတ်တရား

ကြဲကြိုက်ခဲစွာ သာသနာနှင့် ကောင်းစွာတွေ့ကြုံ ရွေးကဲဆုံ၍ လူ့ဘုံဌာန လူ့ဘဝကို ရကြသူအပေါင်း သူတော်ကောင်းတို့၊ တိပဒုမိယ နာမမည်ခေါ် ငါ ဆေရ်ကျော်သည် လွန်လေရွေးခါ ကမ္ဘာတစ်သိန်း ကာလ၌ ဟံသာဝတီခေါ် နေပြည်တော်ဝယ် ပန်းသည်ယောကျ်ားဖြစ်ခဲ့ရ၏။ ရေပန်း၊ ကုန်းပန်း၊ ပန်းပွင့်၊ ပန်းကုံးတို့ကို ပြုလုပ်၍ အသက်မွေးရ၏။

မင်းပေးသောဆုထက် နိဗ္ဗာန်ကိုသာလိုချင်

တစ်နေ့သောအခါ အာနန္ဒာမည်တွင် ပြည့်ရှင်မင်းမြတ်အား ပန်းဆက်သရန် အိမ်မှထွက်လာခဲ့ရာ ဆွမ်းခံလာသော ပဒုမုတ္တရမြတ်စွာဘုရားနှင့် ရွေးကဲပေါင်းဆုံတွေ့ကြုံကြ၍ သုံးစုံသော ပဒုမ္မာကြာနီပန်းတို့ကို လက်မှာကိုင်လျက် ဤသို့ အကြံဖြစ်၏။ ဤပဒုမ္မာကြာပန်းတို့ကို မင်းကြီးအား ဆက်သလျှင် မြို့ရွာကိုသော်လည်းကောင်း၊ အသပြာကိုသော်လည်းကောင်း ဆုတောင်းလာတော်တော်ကိုလည်းကောင်း ရလေရာ၏။ ထိုလောကီဥစ္စာဖြင့် အဘယ်အကျိုးရှိမည်နည်း။ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာဥစ္စာကိုသာ ယူတော့အံ့ဟု အကြံဖြစ်၏။

ထိုအကြံအားလျော်စွာ ငါသည် ပန်းတို့ကို ဘုရားရှင်ထံမြှောက်ပစ် လှူဒါန်းခဲ့သည်။ ထိုသို့ မြှောက်ပစ် ပူဇော်သော ပန်းသုံးပွင့်တို့သည် ကောင်းကင်၌ ပြန့်၍ တည်ပြီးလျှင် မြတ်စွာဘုရားအပေါ်မှာ ထီးကဲ့သို့ ဆောင်းမိုး၍နေ၏။

ထိုသို့မြှောက်ပစ်ပူဇော်သော ပန်းပွင့်တို့သည် မြတ်စွာဘုရား၏ ရောင်လျှံတော်မဏီဦးဝယ် ဆန်းထူးတင့်တယ် သပ္ပါယ်လှစွာ ထီးပမာသို့ ကောင်းစွာ ဆောင်းမိုး၍နေသည်ကို မြင်ကြကုန်သော လူအပေါင်းတို့သည် ကြွေးကြော် အော်ဟစ်ကြကုန်၏။ နတ်တို့သည်လည်း သာဓုခေါ်ကြကုန်၏။

ထိုသို့ လူအပေါင်းတို့ သောင်းသောင်းဆူညံ ကြွေးကြော်သံနှင့် မိုးယံအာကာ နတ်ပြဟ္မာတို့ သာဓုခေါ်ကြသော အသံတို့ဖြင့် ဆူညံနေသော လူနတ်ပြဟ္မာတို့ တရားနာခြင်းငှာ လိုလားကြသည်၏အဖြစ်ကို သိတော်မူသဖြင့် ဘုရားရှင်က တရားဟောတော်မူကာ ဗျာဒိတ်စကား မိန့်ကြားခဲ့ခြင်းဖြစ်သည်။

တိပဒုမိယဆေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

တိမိရပုပ္ပိယဆေရ် အပဒါန်ဝတ္ထု

တိမိရပုပ္ပိယထေရ်သည် ကိုးဆယ့်လေးကမ္ဘာထက်၌ ရသေ့ပြုလုပ်၍ စန္ဒဘာဂါမြစ်ကမ်း၌နေထိုင်နေသည်။ သိန္ဓုတ္ထမြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်၍ ကြည်ညိုသောစိတ်ဖြင့် ဤသို့အကြံဖြစ်၏။ ဤမြတ်စွာဘုရားသည် သံသရာဆင်းရဲမှ ကူးမြောက်တော်မူပြီး၍ သတ္တဝါတို့ကိုလည်း ကူးမြောက်စေနိုင်လတ္တံ့၊ ယဉ်ကျေးသော ကိုယ်စိတ် ရှိတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့ကိုလည်း ကိုယ်စိတ် ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်လတ္တံ့။ ကိလေသာပူပန်ခြင်းမှ ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားသည် သတ္တဝါတို့ကိုကိလေသာပူပန်ခြင်းမှ ငြိမ်းအေးစေလတ္တံ့။

ကမ်းပါးပြတ်သို့ကျပြီး ကွယ်လွန်ခဲ့သူ

ဤသို့ကြံပြီး၍ တိမိရပုပ္ပဓေါ် ညီသောအဆင်းအရောင်ရှိသော ကျေးပန်းကိုလက်ဖြင့် ယူ၍ မြတ်စွာဘုရား၏ ရောင်လျှံတော်မဏ္ဍိုင်းသို့ ကြဲမြှောက်ပူဇော်သည်။ ထိုသို့ ပန်းပူဇော်သောရသေ့ကို ခြသေ့်ကမြင်သဖြင့် ပြေးလိုက်သည်။ ရသေ့သည် ကမ်းပါးပြတ်ရှိရာသို့ ပြေးရာမှ အောက်ကမ်းပါးပြတ်သို့ကျ၍ သေဆုံးပြီး နတ်ပြည်သို့ ရောက်၏။

ပြုခဲ့သော ထိုကောင်းမှုကြောင့် ရသေ့သည် အပါယ်ဘုံသို့ တစ်ကြိမ်တစ်ခေါက်မျှ မကျရောက်ခဲ့ရပေ။ ဤကမ္ဘာမှ ငါးဆယ့်ခြောက်ကမ္ဘာထက်၌ စကြာမင်းခုနစ်ကြိမ်ဖြစ်ခဲ့ရသည်။

ဘုရားလက်ထက် အမျိုးကောင်းသား ဖြစ်ရပြန်

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်သည်။ အရွယ်သို့ရောက်လျှင် သာသနာတော်၌ ရဟန်းပြုကာ တရားအားထုတ်သဖြင့် မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်၏။

ထိုရဟန္တာအရှင်မြတ်သည် တိမိရပုပ္ပဓေါ် ကျေးပန်းဖြင့် ပူဇော်သောကုသိုလ်ကံဖြင့် ရဟန္တာဖြစ်သောကြောင့် တိမိရပုပ္ပိယထေရ်ဟူ၍ ကျော်စော၏။

တိမိရပုပ္ပိယထေရ်မြတ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝတို့ကိုကြည့်ရှုကာ မိမိပြုခဲ့သော ပါရမီအကြောင်းတရားတော်ကို ပရိသတ်အပေါင်းတို့အား ဤသို့ ဟောကြားတော်မူ၏။

http://www.dhammadownload.com

မထေရ်ဟောသောတရား

စတုန္ဒဝုတိတော ကပ္ပေ၊ ယံ ပုပ္ပမဘိရောပယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။
ဆပညာသမှိ ကပ္ပမှိ၊ သတ္တေဝါ'သုံ မဟာယသာ။
သတ္တရတနသမ္ပန္ဒာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။

ဘောန္တော၊ တရားတော်ကို နာကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အဟံ၊ တိမိရပုပ္ပိယ နာမမည်တွင် ငါထေရ်ရှင်သည်။ ဣတော၊ ဤကမ္ဘာမှ။ စတုဝုတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ ယံပုပ္ပံ၊ အကြင်ပန်းကို။ အဘိရောပယိံ၊ တင်လှူပူဇော်ခဲ့ဖူးပြီ။ တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ သက်တော်ထင်ရှားမြတ်ဘုရားကို ညွှတ်တွားကော်ရော်ပန်းပူဇော်ရခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဆပညာသမှိကပ္ပမှိ၊ ငါးဆယ့်ခြောက်ကမ္ဘာထက်၌။ သတ္တေဝ၊ ခုနစ်ကြိမ်လျှင်။ မဟာယသာ၊ များသော အခြံအရံရှိကုန်သော။ သတ္တရတနသမ္ပန္ဒာ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းဖြစ်ရ၏။

တိမိရပုပ္ပိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဂတသညကထေရ် အပဒါန်ဝတ္ထု

ဂတသညကထေရ်သည် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿမြတ်စွာဘုရားပွင့်တော်မူသောအခါ ခုနစ်နှစ်သားအရွယ်ဖြင့် ရှင်သာမဏေပြုပြီးလျှင် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၏။ သာမဏေကလေးသည် မြတ်စွာဘုရားကြွသွားတော်မူရာ လမ်းခရီး၏ ထွန်ကြောင်းရာ၌ ပေါက်၍နေသော ညိုသောအဆင်းရှိသော ပန်းပွင့်ခုနစ်ပွင့်တို့ဖြင့် မြတ်စွာဘုရားကို ရည်မှတ်ပူဇော်၏။ ပန်းတို့ဖြင့် ပူဇော်ပြီး ထိုခရီးလမ်းကို ရိုသေစွာ လက်အုပ်ချီ၍ ရှိခိုး၏။ ထိုသာမဏေကလေးသည် ဤသို့ရှိခိုးပူဇော်

F-66A ထေရအပဒါန်

http://www.dhammadownload.com

ပြီး တိသမြတ်စွာဘုရား၏ သာသနာတော်၌ တစ်သက်ပတ်လုံး ရဟန်းတရား ကိုလည်း အားထုတ်၍နေ၏။

ကုသိုလ်၏အကျိုး ခံစားရ

ဤသို့ သာမဏေပြုလုပ်ခြင်း၊ သာမဏေပြုလုပ်ပြီး၍ တိသမြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ရှိခိုးခြင်း၊ မြတ်စွာဘုရား ကြွသွားတော်မူသော ခရီးလမ်းကို ပန်းတို့ဖြင့် ပူဇော်ခြင်း၊ ရိုသေစွာ လက်အုပ်ချီ၍ရှိခိုးခြင်း၊ တစ်သက်ပတ်လုံး မြတ်စွာဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်ခြင်း၊ ဤကုသိုလ် တို့ကြောင့် စုတေပြီးသော် နတ်ပြည်သို့ ရောက်ရသည်။ ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပါယ်သို့ မကျမရောက်ခဲ့ရပေ။ ဤကမ္ဘာမှ ရှစ်ခုမြောက်သော အဋ္ဌမကမ္ဘာထက်၌ အဂ္ဂသိခါ ဟူသော အမည်ဖြင့် စကြာမင်းအဖြစ် သုံးဘဝတိုင်တိုင် ဖြစ်ခဲ့ရသည်။ လူနတ်ချမ်းသာတို့ကိုလည်း ခံစားရခဲ့သည်။။

ငါတို့ဘုရားရှင်လက်ထက်၌ ရဟန္တာဖြစ်ပြီ

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသား ဖြစ်ပြန်၍ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုကာ တရားအားထုတ်သဖြင့် ရဟန္တာ အဖြစ်သို့ ရောက်၏။

ဂတာသညကထေရ်

ထိုအရှင်မြတ်သည် တိသမြတ်စွာဘုရားလက်ထက်တော်အခါက သာမဏော ပြုလုပ်၍ မြတ်စွာဘုရားကြွသွားတော်မူရာ ခရီးလမ်းကို ပန်းပူဇော်သော ကုသိုလ် စေတနာနှင့် ထိုကုသိုလ်စေတနာကို အခါမပြတ် သတိရ၍ နေသောကြောင့် ဂတာသညကထေရ်ဟူ၍ အမည်ခေါ်ကြကုန်၏။

ဗုဒ္ဓပူဇာဟူသည်

မြတ်စွာဘုရားကိုယ်တော်ကို ပူဇော်မှ ပူဇာဆိုရသည် မဟုတ်။ မြတ်စွာဘုရား ကြွသွားတော်မူသော ခရီးလမ်းကို ပူဇော်ခြင်း၊ မြတ်စွာဘုရား၏ ခြေတော်ရာကို ပူဇော်ခြင်း၊ မြတ်စွာဘုရား၏သင်္ကန်းတော်၊ သပိတ်တော်၊ ပရိက္ခရာတော်တို့ကို ပူဇော် ခြင်း အစရှိသည်တို့သည် ဗုဒ္ဓပူဇာ မည်ကုန်၏။

http://www.dhammadownload.com

ထိုဗုဒ္ဓပူဇာဖြင့် ပူဇော်သောသူတို့သည် စေတနာထက်သန်လျှင် ထက်သန်သလောက် အကျိုးတို့ကို ရကြကုန်၏။ ဤသီသဆုတောင်းခြင်းကို ပြုလျှင်လည်း အလိုရှိရာဆုကို တောင်း၍ ရနိုင်ကြကုန်၏။ စိတ်က ရည်မှန်းခြင်းသာလျှင် ပဓာနလိုရင်း ဖြစ်တော့သည်၊

ထိုဂတသညကထေရ်မြတ်သည် မြတ်စွာဘုရား ကြွသွားတော်မူရာ ခရီးလမ်းကို ပန်းပူဇော်သော ကုသိုလ်စေတနာကြောင့် အပါယ်ဒုဂ္ဂတိဘေးမှ လွတ်၍ လူ့ဘဝ နတ်ဘဝတို့၌ ဖြစ်ရ၏။ လူ့ဘဝ၌ လူသာမည ဖြစ်ရခြင်း မဟုတ်ဘဲ စကြာမင်းကြီး အဖြစ်ကိုပင် ရခြင်းဖြစ်၏။

ဂတသညကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

နိပန္နဥ္ဇလိကထေရ် အပဒါန်ဝတ္ထု

ဤနိပန္နဥ္ဇလိကထေရ်သည် တိဿမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ ရက္ခမူရုတင် ဆောက်တည်နေသည်။ ထိုသို့နေရာ မကျန်းမမာ ရောဂါဖြစ်၍ အိပ်ရာမှမထနိုင်ဘဲ ဖြစ်နေသည်။

လက်အုပ်တင်ချီခြင်း၏အကျိုး

တိဿမြတ်စွာဘုရားသည် ထိုမထေရ်အပေါ် သနားခြင်းကိုရှေးရှု၍ ရဟန်း၏ နေရာ သစ်ပင်ရင်းသို့ ကြွတော်မူလာခဲ့သည်။ မထေရ်သည် အိပ်ရာမှ မထနိုင်၍ အိပ်လျက်သာလျှင် ဦးခေါင်းနဖူးပြင်သို့ လက်အုပ်တင်ချီခြင်းဖြင့်သာ ဘုရားရှင်ကို ရှိခိုး၏။ ထိုရဟန်းသည် စုတေပြီးနောက် တုသိတာနတ်ပြည်၌ ဖြစ်၏။

ရဟန်းပြုကာ ရဟန္တာဖြစ်ပြီ

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်လာပြန်ပြီး သာသနာတော်၌ ရဟန်းပြုကာ တရားအားထုတ်ရာ မကြာမြင့်မီ ရဟန္တာဖြစ်တော်မူ၏။

http://www.dhammadownload.com

ထိုအရှင်မြတ်သည် ကိုးဆယ့်နှစ်ကမ္ဘာထက်က အိပ်လျက် လက်အုပ်ချီမိုး ရှိခိုးခဲ့သော ကုသိုလ်စေတနာကို အခါခါအောက်မေ့သောကြောင့် နိပန္နဥ္စလိကထေရ်ဟု ကျော်စောထင်ရှား၏။

လက်အုပ်ချီခြင်း၏အကျိုးပြလိုသောကြောင့်

အိပ်လျက် လက်အုပ်ချီမိုး ရှိခိုးခြင်း၏ အကျိုးထူးကို ပြလို၍ မထေရ်က ဤတရားကို ဟောတော်မူ၏။

ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံ ဝန္ဒိံ ပုရိသုတ္တမံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဝန္ဒနာယ ဣဒံ ဖလံ။
ဣတော ပဉ္စမကေ ကပ္ပေ၊ ပဥ္စောဝါသုံ မဟာသိခါ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တီ မဟာဗလာ။

ဣတော၊ ဤကမ္ဘာမှ။ ဒွေနဝုတေကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ ပုရိသုတ္တမံ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ယံဝန္ဒိံ၊ အကြင် ရှိခိုးပြီ။ တေန၊ ထိုရှိခိုးခြင်းကြောင့်။ ဒုဂ္ဂတိံ၊ ဆင်းရဲပေါင်းစုံ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဝန္ဒနာယ၊ အိပ်ရာမှ မထနိုင်၍ အိပ်လျက်နေကာ လက်အုပ်ချီမိုး ရှိခိုးခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။ ဣတော၊ ဤကမ္ဘာမှ။ ပဉ္စမကေ ကပ္ပေ၊ ငါးခုမြောက်သောကမ္ဘာ၌။ ပဥ္စော၊ ငါးကြိမ် သာလျှင်။ မဟာသိခါ၊ မဟာသိခါဟူသောအမည်ဖြင့်။ သတ္တရတန သမ္ပန္နာ၊ ရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံကုန်သော။ မဟာဗလာ၊ ခွန်အားကြီးကုန်သော။ စက္ကဝတ္တီ၊ စကြာဝတေးမင်းတို့သည်။ အာသုံ၊ ဖြစ်ခဲ့ဖူးလေကုန်ပြီ။

နိပန္နဥ္စလိကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

အဓောပုဖ္ဖိယထေရ် အပဒါန် ဝတ္ထု

အဓောပုဖ္ဖိယထေရ်လောင်းလျာသည် သိခီမြတ်စွာဘုရား လက်ထက်တော် အခါ၌ ရသေ့တစ်ပါးဖြစ်ခဲ့ရသည်။ ထိုရသေ့သည် ဟိမဝန္တာတောင်နေ၏။

တစ်နေ့တွင် သိခီမြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက အဘိဘူမည်သော ရဟန္တာအရှင်မြတ်သည် တိတ်ဆိတ်အေးငြိမ်းရာကို အလိုရှိသဖြင့် ဟိမဝန္တာသို့ ကြွတော်မူလာ၏။

ဤမထေရ်လောင်းလျာဖြစ်သော ရသေ့သည် အဂ္ဂသာဝက ရဟန္တာမြတ်ကို မြင်၍ မထေရ်မြတ်နေသော တောင်ပေါ်သို့တက်ကာ ရှိခိုးပြီးနောက် တောင်အောက်မှာ ရှိသော် အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းခုနစ်ပွင့်ကို ယူ၍ ပူဇော်၏။

စပါးကြီးမြွေပတ်၍ ကွယ်လွန်ခဲ့ရ

ထိုရသေ့သည် အဘိဘူ ရဟန္တာအရှင်အား ပန်းပူဇော်ပြီးလျှင် ရသေ့ပရိက္ခရာတို့နှင့်တကွ မိမိနေရာသခ်ိမ်းကျောင်းသို့ ပြန်ကြွသည်။ လမ်းခရီးတောင်ချောက်ကြား၌ စပါးကြီးမြွေနှင့်တွေ့၍ တန်ခိုးအဘိညာဉ်ရှိသော်လည်း ရှေးကံကဟောင်း မကောင်းသော ရန်သူဖြစ်၍ လွတ်အောင် မရှောင်နိုင်ဘဲ စပါးကြီးမြွေပတ်သဖြင့် ရသေ့ ကွယ်လွန်ခဲ့ရ၏။ သေသည်၏အခြားမဲ့၌ ဗြဟ္မာပြည်သို့ရောက်၏။

ထိုရသေ့သည် ရှေးကပြုဖူးသော မကောင်းမှုကံ အကျိုးပေးခွင့် ဆိုက်သော အခါတွင် ရန်သူဖြစ်သော စပါးကြီးမြွေနှင့်တွေ့၍ ရန်သူနှိပ်စက်ခြင်းကို ခံရသဖြင့် စုတိကျသေဆုံးကာ ဗြဟ္မာပြည်သို့ ရောက်ရခြင်းဖြစ်သည်။

အဓောပုဖ္ဖိယထေရ်ဟု ထင်ရှား.

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်လာရပြန်သည်။ အရွယ်ရောက်သော် သာသနာတော်၌ ရဟန်းပြုလျက် တရားအားထုတ်ရာ မကြာမြင့်မီ ရဟန္တာဖြစ်တော်မူသည်။ တောင်အောက်မှ ယူဆောင်သော ပန်းကို ပူဇော်သော ကံအားလျော်စွာ အဓောပုဖ္ဖိယထေရ်ဟူ၍ ထင်ရှားသည်။

ထိုမထေရ်မြတ်သည် မိမိပြုခဲ့သော ကုသိုလ်၏အကျိုးကို ပြလို၍ ဤတရားကို ဟောတော်မူသတည်း။

ဧကတ္တံသေ ဣတော ကပ္ပေ၊ ယံ ပုပ္ဖမဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

http://www.dhammadownload.com

ကုတော၊ ဤကမ္ဘာမှ။ ဧကတ္တိံသေ ကပ္ပေ၊ သုံးဆယ့်တစ်ကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင်ပန်းကို။ အဘိပူဇယိံ၊ ရဟန္တာမထေရ်အား ရိုသေစွာပူဇော်ဖူးပြီ။ တေန၊ ထိုပန်းပူဇော်ခြင်းကြောင့်။ ဒုဂ္ဂတိံ၊ ဆင်းရဲကြီးဘိ ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ပုပ္ပပူဇာယ၊ ပန်းပူဇော်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဒုတိယအဓေပုပ္ပိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ရံသိသညကထေရ် အပဒါန်ဝတ္ထု

ဤရံသိသညကထေရ်သည် ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌ အမျိုးကောင်းသား ဖြစ်ခဲ့ရပြီး အိမ်ရာတည်ထောင်သည်။ ထိုနောက် အိမ်ရာထောင်ခြင်းကာမဂုဏ်၌အပြစ်ကိုမြင်၍ ရသေ့ဝတ်ပြုလျှင် ဟိမဝန္တာတောင်၌နေ၏။

ပြုခဲ့သောကုသိုလ်နှင့် အကျိုးဖလ

ထိုအခါ၌ ဝိပဿီမြတ်စွာဘုရားသည် ဟိမဝန္တာတောသို့ ကြွတော်မူလာ၏။ ရသေ့သည် ဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုမြင်၍ လက်အုပ်ချီကာ ရှိခိုး၏။ ထိုကုသိုလ်ဖြင့် စုတေသော် တုသိတာနတ်ပြည်၌ဖြစ်၍ နတ်၏စည်းစိမ်ကို စံစား၏။

ရောင်ခြည်တော်ရှိခိုးရသည့် အကျိုး

ရောင်ခြည်တော်ကို ရှိခိုးရသော ကုသိုလ်၏အစွမ်းအားဖြင့် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်ဘေးမှ လွတ်ကင်းခဲ့ရသည်။ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသားဖြစ်ရပြန်သည်။ သူသည် သာသနာတော်၌ ရဟန်းပြုပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူသည်။

ရောင်ခြည်တော်ကို အမှတ်သညာပြု၍ဖြစ်သော ကုသိုလ်ကံအားလျော်စွာ ရံသိသညကထေရ်ဟူ၍ ကျော်စောထင်ရှားသည်။

http://www.dhammadownload.com

ထိုရံသိသညကထေရ်သည် ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်ကို ရှိခိုး၍ ရအပ်သော အကျိုးထူးကိုပြလိုသဖြင့် ဤတရားတို့ကို ဟောတော်မူ၏။

ရံသျာ စိတ္တံ ပသာဒေတွာ၊ ဝိပဿိဿ မဟေသိနော။
ပဂ္ဂယှ အဥ္ဇလိံ ဝန္ဒိံ၊ သိရသာ ဥက္ကုဋ္ဌီ အဟံ။
ဧကနဝုတိတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ရံသိသညာယိဒံ ဖလံ။

ဘောန္တော၊ သာသနာတော်တွင် ခိုဝင်ကြသော ငါ့ရှင်ရဟန်းတို့။ အဟံ၊ ရံသိသညက အမည်ရသောငါသည်။ ဝိပဿိဿ မဟေသိနော၊ ဝိပဿီမြတ်စွာဘုရား၏။ ရံသေ၊ ရောင်ခြည်တော်၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ ဥက္ကုဋ္ဌိကော၊ ပုဆစ်တုပ်လျက်။ သိရသာ၊ ဦးခေါင်း၌။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီးမြှောက်၍။ ဝန္ဒိံ၊ ရှိခိုးဖူးပြီ။

ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတောကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်က။ တဒါ၊ ထိုရသေ့ဖြစ်သောအခါ၌။ ယံကမ္မံ၊ အကြင် ရောင်ခြည်တော်ကို ရှိခိုးခြင်းကုသိုလ်ကံကို။ အကရိံ၊ ပြုဖူးပြီ။ တေန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံနေဆင်းရဲတွေကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ရံသိသညာယ၊ ရောင်ခြည်တော်ကို ကြည်ညိုအောက်မေ့သော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးပေတည်း။

ရံသိသညကထေရ်အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

သုဓာပိဏ္ဍိယထေရ် အပဒါန်ဝတ္ထု

သုဓာပိဏ္ဍိယထေရ်သည် ကိုးဆယ့်လေးကမ္ဘာထက်၌ သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးမှ လူ၏အဖြစ်ကိုရသည်။ ဓာတ်တော်ကိုဌာပနာတည်ထားသော စေတီတော်ဝယ် အင်္ဂတေကွာ၍နေသော ကွက်လပ်အကြား၌ အင်္ဂတေ အစိုင်အခဲတစ်ခုထည့်၍ မွမ်းမံပူဇော်ခဲ့၏။

http://www.dhammadownload.com

ရဟန္တာဖြစ်ရပြီ

ထိုကုသိုလ်ကြောင့် ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်သို့မကျရောက်ခဲ့ရပေ။ နတ်လူတို့စည်းစိမ်ချမ်းသာကိုသာလျှင် ဘဝများစွာ၌ စံစားရသည်။ ဤကမ္ဘာမှ အထက် ကမ္ဘာသုံးဆယ်ထက်၌ ပဋိသန္ဓေါရအမည်ရှိသော စကြာမင်းတစ်ဆယ့်သုံးကြိမ်ဖြစ်ခဲ့သည်။ ငါတို့မြတ်စွာဘုရား လက်ထက်၌ ရဟန်းပြု၍ တရားကို အားထုတ်လျှင် မကြာမြင့်မီ ရဟန္တာဖြစ်၏။

ထိုအရှင်မြတ်သည် အင်္ဂတေတစ်စိုင်တစ်ခဲမျှ စေတီတော်ဝယ် မွမ်းမံပူဇော်ခဲ့သည်ကို အကြောင်းပြုကာ သုဓာပိဏ္ဍိယဇေရ်ဟု ကျော်ကြားခဲ့သည်။

ထိုအကြောင်းအရာတို့ကို မထေရ်က ဤသို့ ပြန်လည် ဟောကြားတော်မူသည်။

မထေရ်ဟောသောတရား

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တ မပိ ကေနစိ။
စတုန္နမပိ ဒီပါနံ၊ ဣဿရံ ယော'ဓိဂစ္ဆရယေ။
ဧကိဿာ ပူဇနာယေတံ၊ ကလံ နာဂ္ဃတိ သောဠသိံ။
သိဒ္ဓတ္ထဿ နရဂ္ဂဿ၊ စေတိယေ ဖလိတင္တ ရေ။
သုဓာပိဏ္ဍော မယာ ဒိန္နော၊ ဝိပ္ပသန္နေန စေတသာ။

ဘောန္တော မနုဿာ၊ ပုညကုသိုလ် ပြုလိုကြသူ အိုလူအပေါင်း သူတော်ကောင်းတို့။ ပူဇာရဟေ၊ ပူဇော်ခြင်းငှာ ထိုက်ကုန်သော။ ပပဉ္စသမတိက္ကန္တေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော သံသရာချဲ့တတ်သည့် တရားတို့မှ ကင်းကွာ လွတ်မြောက်ကုန်သော။ တိဏ္ဏသောကပရိဒ္ဒဝေ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲအပေါင်းမှ ကူးမြောက်ကုန်ပြီးသော။ ဗုဒ္ဓေစ၊ မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ယဒိ၊ ထို့ပြင်။ သာဝကေစ၊ တပည့်ရဟန္တာသာဝကတို့ကိုလည်းကောင်း။ ပူဇယတော၊ ပူဇော်ရာ၏။

ပူဇော်သော ကုသိုလ်အကျိုး မရေတွက်နိုင်

တာဒိသေ၊ ထိုကဲ့သို့ ဂုဏ်ထူးရှိပေကုန်သော။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော။ အကုတောဘယေ၊ ဘယ်ဘေးဘယ်ရန် ဘယ်အန္တရာယ်မှ မရှိကုန်

http://www.dhammadownload.com

ထသော။ တေ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို။ ပူဇယတော၊ ပူဇော်သောသူ၏။ ပုည်၊ ကုသိုလ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ဣမံ၊ ဤမျှဟူ၍လည်းကောင်း။ ဣတ္ထံ၊ ဤမျှအပြား အကျိုးများ၏ဟူ၍လည်းကောင်း။ အပိ၊ စင်စစ်။ သခ်ါတုံ၊ ရေတွက် ပြောဟောခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

ဣဓ၊ ဤလောက၌။ ယော၊ အကြင်သူသည်။ စတုန္နံဒီပါနံ၊ လေးကျွန်းလုံးတို့ကို။ ဣဿရံ၊ အစိုးရသောစကြာမင်းအဖြစ်ကို။ ကာရယေအပိ၊ ပြုရစေကာမူ။။ ဧတံ၊ ထိုလေးကျွန်းလုံးကိုအစိုးရသော စကြာမင်းအဖြစ်သည်။ ဧကိဿာ၊ တစ်ခုသော။ ပူဇနာယ၊ ဘုရားစသည်ကို ပူဇော်ခြင်း၏။ သောဌသိံ၊ တစ်ဆယ့် ခြောက်စိတ်၏။ ကလံ၊ တစ်စိတ်ကိုမျှ။ နာအဂ္ဃတိ၊ မမီနိုင်။

ဘောန္တော မနုဿာ၊ အိုလူအပေါင်း သူတော်ကောင်းတို့။ နရဂ္ဂဿ၊ ယောဂျားမြတ် ဖြစ်တော်မူသော။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ္ထမြတ်စွာဘုရား၏။ စေတိယေ၊ စေတီတော်၌။ ဖလိတန္တရေ၊ ကွဲအက်သောအကြား၌။ မယာ၊ ငါသည်။ သုဓာပိဏ္ဍော၊ အင်္ဂတေအစိုင်အခဲကို။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ ဒိန္နော၊ ပေးသွင်းထည့်လောင်း ကောင်းမွန်စေရန် မွမ်းမံ၍လှူဖူး၏။

စတုန္နဝုတိတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဋိသခ်ါရသိဒံ ဖလံ။

သိရှိမှတ်သားဖွယ်

ဤနေရာ၌ သိဖွယ်၊ မှတ်သားဖွယ်ရာကား ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့မည်သည်ကား ဗုဒ္ဓ–ဘုရား၊ ပစ္စေကဗုဒ္ဓါ–အလိုလိုအသီးအခြား တစ်ပါးတည်းပွင့်သော ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက–ဘုရား၏တပည့် အရိယာပုဂ္ဂိုလ်။ အာစရိယ– နိသျည်းဆရာ၊ ဥပဇ္ဈာယ–ဥပဇ္ဈာယ်ဆရာ၊ မာတာပိတု–အမိအဖ၊ အလေးအမြတ် ပြုအပ်ကုန်သော သက်ကြီးဝါကြီး၊ ဦးကြီးဦးလေး၊ မိထွေးမိကြီး၊ အရီးအဒေါ် အစရှိသည်တို့ ဖြစ်ကြသည်။

ထိုဘုရားအစရှိကုန်သောပုဂ္ဂိုလ်တို့၌ ပဒုမ္မာ, နံ့သာ, အဝတ်တန်ဆာ, ဆေးစသည့် ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်သောပုဂ္ဂိုလ်၏ ကောင်းမှုကုသိုလ်အစုစုကို တစ်ထောင်, တစ်သိန်းစသည်ဖြင့် ရေတွက်ခြင်းငှာ မတတ်နိုင် မပြုနိုင်။

သက်တော်ထင်ရှား ရှိကုန်သော ဘုရားစသည်တို့ကိုသာလျှင် ပူဇော်ထိုက်ကုန်သည် မဟုတ်၊ စင်စစ် ပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရား၏ စေတီ၊ ဆင်းတု၊ ဗောဓိပင်စသည်ကိုလည်း သက်တော်ထင်ရှား မြတ်ဘုရားစသည်တို့၏ ဂုဏ်တော်ကျေးဇူးတော်ကို ရည်မှန်း၍ ပူဇော်သောနည်းအတိုင်း ပူဇော်လျှင် ပူဇော်ရသည့် အကျိုးတရားသည် သက်တော်ထင်ရှား ဘုရားရှင်စသည်တို့ကို ပူဇော်ရခြင်းကဲ့သို့ အကျိုးကြီးသည်သာတည်း။

F-67A ထေရအပဒါန်

http://www.dhammadownload.com

ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ ယဲ့ကမ္ဘံ။ အကြင်စေတီတော်ကွဲအပ်ရာ၌ အင်္ဂတေဖာထေး မွမ်းမံခြင်း ကုသိုလ်ကံအနည်းငယ်မျှကို။ တဒါ၊ ထိုသိဒ္ဓတ္ထမြတ်စွာဘုရား သာသနာတော်တွင်းအခါ၌။ အကရိ၊ ပြုခဲ့ဖူးပြီ။ တေန၊ ထိုအနည်းငယ်မျှသော ကုသိုလ်ကံကြောင့်။ ဒုဂ္ဂတိ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ပဋိသန္ဓိရဿ၊ အင်္ဂတေကွဲအက် စေတီပျက်ကို ဖြည့်စွက်မွမ်းမံ ကုသိုလ်ကံ၏။ ဖလံ၊ စကြာမင်းမျှ မမီရအောင် ဘဝများစွာ ချမ်းသာလွန်ကျူး ရရှိဖူးသည့်အကျိုးထူးပေတည်း။

ဣတော တိံသတိကပ္ပမှိ၊ ပဋိသန္ဓိရဿဝှယာ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တီ မဟာဗလာ။

ဣတော၊ ဤကမ္ဘာမှ။ တိံသတိကပ္ပမှိ၊ ကမ္ဘာသုံးဆယ်ထက်၌။ ပဋိသန္ဓိရဿဝှယာ၊ စေတီပျက်ကို ပြုပြင်ခဲ့ဖူးသော ကံအားလျော်စွာ ပဋိသန္ဓိရဟူသော မိမိကုသိုလ်အမည်ဖြစ်ကုန်သော။ သတ္တရတနသမ္ပန္နာ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော။ ဗဟာဗလာ၊ အားကြီးစွာကုန်သော။ စက္ကဝတ္တီ၊ စကြာမင်းတို့သည်။ အဟောသုံ၊ ဖြစ်ခဲ့ရဖူးလေကုန်ပြီ။

သုဓာပိဏ္ဍိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

ဂန္ဓမာလိယထေရ် အပဒါန်ဝတ္ထု

ဤဂန္ဓမာလိယထေရ်သည် ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားလက်ထက်တော်တွင် အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့ရသည်။

သိဒ္ဓတ္ထ မြတ်စွာဘုရား၌ ကြည်ညိုု၍ စန္ဒကူးနှစ်၊ အကျော်၊ ပရုတ်အစရှိသော နံ့သာတို့ကိုစု၍ စေတီပြုလုပ်ပြီးလျှင် မုလေးပန်းတို့ဖြင့်ဖုံးလွှမ်းပူဇော်၏။ မြတ်စွာဘုရားကိုလည်း ရိသေစွာရှိခိုး၏။

ကောင်းမှုအကျိုး ခံစားခဲ့ရပုံ

ထိုကုသိုလ်ဖြင့် ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်သို့ မလားရဘဲ လူနတ်တို့၏ စည်းစိမ်ကို ခံစားခဲ့ရသည်။ သုံးဆယ့်ကိုးကမ္ဘာထက်၌ စကြာမင်းတစ်ဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ရသည်။

http://www.dhammadownload.com

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရဟန္တာဖြစ်တော်မူ၍ မိမိပြုခဲ့သော ကုသိုလ်၏အကျိုးတရားကို ဤသို့ ပြန်လည်ဟောကြားတော်မူ၏။

စတုန္နဝုတိတော ကပ္ပေ၊ ဂန္ဓမာလံ ယတော အဒံ။
ဗုဒ္ဓေ ကတဿ ကာရဿ၊ ဖလေနာဟံ ဝိသေသတော။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။

မထေရ်ဟောသော်တရားတော်

ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ ဂန္ဓမာလံ၊ ပန်းနံ့သာကို။ ယတော၊ အကြောင်အခါ၌။ အဒံ၊ လှူခဲ့ဖူး၏။ ယတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ဝိသေသတော၊ အထူးသဖြင့်။ ကတဿ၊ ပြုအပ်သော။ ကာရဿ၊ ပူဇော်ခြင်း၏။ ဖလေန၊ အကျိုးအားဖြင့်။ အဟံ၊ ငါသည်။ ဒုဂ္ဂတိံ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

စကြာမင်းဖြစ်ခဲ့ရပုံ ဟောပြ

ဂန္ဓမာလိယထေရ်မြတ်သည် အပါယ်ဆင်းရဲမှလွတ်ကင်းကြောင်းကိုဟောတော်မူပြီးနောက် စကြာမင်းဖြစ်ခဲ့ရကြောင်းကို ဤသို့ ဟောပြတော်မူ၏။

စတ္တာရီသမိ ဇကွေ့နေ၊ ကပ္ပေ အာသိ သု သောဠသ။
ဒေဝဂန္ဓသနာမာ တေ၊ ရာဇာနော စက္ကဝတ္တိနော။

စတ္တာရီသမိ ဇကွေ့နေ၊ လေးဆယ်တွင် တစ်ခုယုတ်လျော့။ ကပ္ပေ၊ ကမ္ဘာထက်၌။ (ဝါ) သုံးဆယ့်ကိုးကမ္ဘာထက်၌။ သောဠသ၊ တစ်ဆယ့်ခြောက်ကြိမ်တိုင်တိုင်။ ဒေဝဂန္ဓသနာမာ၊ ဒေဝဂန္ဓဟူသောမိမိအမည်ဖြစ်ကုန်သော။ စက္ကဝတ္တိနော၊ စကြာရတနာကို လည်စေနိုင်ကုန်သော။ တေ ရာဇာနော၊ ထိုစကြာမင်းသည်။ အာသိ သု၊ ဖြစ်ခဲ့ဖူးလေကုန်ပြီ။

ဂန္ဓမာလိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

မဓုပိဏ္ဍိကဆေရ် အပဒါန်ဝတ္ထု

ဤမဓုပိဏ္ဍိကထေရ်သည် ကိုးဆယ့်လေးကမ္ဘာထက်၌ သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူသောအခါ အကုသိုလ် နှောင့်ယှက်ခြင်းကြောင့် နေသာဒ မုဆိုးမျိုး၌ လူဖြစ်နေခဲ့ရသည်။

မုဆိုးအလုပ်ဖြင့် အသက်မွေးခဲ့ရသူ

သူသည် ဆင်သံ, မြင်းသံ, ရထားသံနှင့် လူသံကင်းဆိတ်အထူးတိတ်အောင် ဆို့ပိတ်ကာကွယ် အပြန့်ကျယ်လျက် ကြောက်မက်ဖွယ်ရာ ကြီးကျယ်စွာသော မဟာအရည ကာနနခေါ်ဆို မြို့ငည်ပြိတ်ဆီး တောအုပ်ကြီးဝယ် မြည်ဟီးတောသံ ပဲ့တင်သံနှင့် တောင်သံဟိန်းဟိန်း ကြောက်ကြိမ်းဖွယ်ရာ ကြီးကျယ်စွာသော တော မြို့ငည်၌ ခိုဝင်ကျက်စား သားငါးတို့ကို ပစ်ခတ် သတ်ဖြတ်စားကာ ဝမ်းစာရှာလျက် ယုတ်မာညစ်ဆိုး မုဆိုးအလုပ်ဖြင့် အသက်မွေးနေရသည်။

ပြုခဲ့သောကုသိုလ်

ထိုအခါ မဟာကရုဏာ အားကြီးစွာသော သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ထို မုဆိုးအား အစဉ်သနားး၍ ကြွလာတော်မူပြီးလျှင် မြင်လောက်သောနေရာ၌ နိရောဓ သမာပတ်ကို ဝင်စားကာ နေတော်မူ၏။ နိရောဓသမာပတ်မှ ထတော်မူသောအခါ မုဆိုးသည် ကြည်ညိုစွာသောစိတ်ဖြင့် ချိုလွှစွာသော ပျားရည်ကို ကပ်လှူ၏။ မြတ်စွာဘုရား၏ ခြေတော်ကိုလည်း ဦးတိုက်ကာ ရှိခိုး၏။

ပျားရည်အလှူ၏ကောင်းကျိုး

မုဆိုးသည် ထိုဘဝမှ စုတေသော် နတ်ပြည်၌ နတ်ဖြစ်၍ နတ်စည်းစိမ်ကို ခံစား ပြီးမှ စုတေပြန်သော် လူ့ပြည်၌ လူဖြစ်ရပြန်သည်။ သုံးဆယ့်လေးကမ္ဘာထက်၌ စကြာမင်းလေးကြိမ်ဖြစ်ပြီးလျှင် ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်ဆင်းရဲမှ လွတ်ကင်းခဲ့ရသည်။

မဓုပိဏ္ဍိကထေရ်ဟု ထင်ရှား

ငါတို့မြတ်စွာဘုရားလက်ထက်၌ ရဟန်းပြုကာ တရားအားထုတ်သဖြင့် ရဟန္တာဖြစ်၏။ ထိုရဟန္တာအရှင်မြတ်သည် ပျားရည်လှူဖူးသော ကုသိုလ်ကံကို အစွဲပြု၍ မဓုပိဏ္ဍိကထေရ်ဟူ၍ အမည်ထင်ရှားခဲ့သည်။

http://www.dhammadownload.com

မထေရ်ပြုခဲ့ဖူးသော ပျားရည်လှူခြင်း၏ အကျိုးတရားကို မထေရ်က ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

မဓု ဘိသေဟိ သဝတိ၊ ဘောဇနမှိ စ တာဝဒေ။
မဓုဝဿံ ပဝဿိတ္ထ၊ ပုဗ္ဗကမ္မဿိဒံ ဖလံ။

ပျားရည်လှူဖူးသော ရှေးကံ၏အကျိုး

ဘောဇ္ဇော မနုဿာ၊ တရားတော်နာလာကြကုန်သော အိုလူအပေါင်း သူတော်ကောင်းတို့။ မေ၊ မဓုပိဏ္ဍက နာမမည်တွင် ငါထေရ်ရှင်၏။ ဘောဇနမှိ၊ စားသုံးတော်မူသော ဘောဇဉ်၌။ တာဝဒေ၊ ထိုမျှလောက်သော။ မဓုဘိသေဟိ၊ ပျားရည်နှစ်တို့ဖြင့်။ သဝတိ၊ အရည်စက်စက် ယိုထွက်စိမ့်လျှမ်း ဆွတ်ဖြန်းလျက်နေ၏။ မဓုဝဿံ၊ ပျားရည်မိုးသည်။ ပဝဿိတ္ထ၊ ရွာသွန်းဆွတ်ဖြန်း၏။ ဣဒံ၊ ဤသည်ကား။ ပုဗ္ဗကမ္မဿ၊ ပျားရည်လှူဖူးသော ရှေးကံဟောင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

စတုတ္ထိံသေ ဣတော ကပ္ပေ၊ စတ္တာရော တေ သုဒဿနာ။
သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တိ မဟဗ္ဗလာ။

ဣတော၊ ဤကမ္ဘာမှ။ စတုတ္ထိံသေကပ္ပေ၊ သုံးဆယ့်လေးကမ္ဘာထက်၌။ သုဒဿနာ၊ သုဒဿန အမည်ရှိကုန်သော။ သတ္တရတနသမ္ပန္နာ၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံကုန်သော။ မဟဗ္ဗလာ၊ အားကြီးစွာကုန်သော။ စတ္တာရော၊ လေးကြိမ်ကုန်သော။ တေစက္ကဝတ္တိရာဇာနော၊ ထိုစကြာမင်းသည်။ အဟေသုံ၊ ဖြစ်ခဲ့ရဖူးလေကုန်ပြီ။

မဓုပဏ္ဍိကထေရ် အပဒါန် ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

ဖွားဖက်တော် အရှင်ဆန္နထေရ် အပဒါန်ဝတ္ထု

ဘုရားရှင်၏ ဖွားဖက်တော်ဖြစ်သော အရှင်ဆန္နထေရ်လောင်းလျာသည် ကိုးဆယ့်လေးကမ္ဘာထက်၌ အမျိုးကောင်းသားဖြစ်ခဲ့ရသည်။ တောအတွင်း၌ တစ်စုံတစ်ခုသော အလုပ်ကိစ္စကြောင့် နေထိုင်စဉ် တစ်နေ့သ၌ သိဒ္ဓတ္ထမြတ်စွာဘုရား ကြွလာတော်မူသည်ကိုမြင်၏။ ကြည်ညိုသောစိတ်ဖြင့် ရိုသေစွာ ရှိခိုး၍ သစ်ရွက်သစ်ခက် ပန်းပွင့်တို့ဖြင့် ဖြန့်ခင်းလျက်နေရာကို လှူ၏။

မြတ်စွာဘုရားသည် ထိုလှူသောနေရာ၌ သီတင်းသုံးနေတော်မူ၏။ ထို အမျိုးကောင်းသားသည် သိဒ္ဓတ္ထမြတ်စွာဘုရား သီတင်းသုံးနေတော်မူသောနေရာထက် ဝန်းကျင် ပတ်လည်မှ ပန်းတို့ဖြင့် ကာရံ၍ ပူဇော်ပြန်၏။

ထိုကုသိုလ်ဖြင့် အမျိုးကောင်းသားကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်၍ မွေ့လျော်ဖွယ်ရှိသော နတ်ဘုံဗိမာန် ပြာသာဒ်တွင် မြတ်သောအခင်းနေရာတို့ဖြင့် နတ်စည်းစိမ်ကို ခံစားရ၏။ ပန်းမွေ့ရာအခင်းတို့၌လည်း အိပ်ရ၊ နေရ၏။ အိပ်ရာနေရာတို့၌ ပန်းမိုးတို့သည်လည်း ရွာသွန်းကုန်၏။

ထိုအမျိုးကောင်းသားသည် ဂေါတမဘုရားလက်ထက်တော်တွင် ဘုရားရှင်၏ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတွင်းအမှုလုပ်အမျိုးသမီးတစ်ဦး၏သား ဖြစ်လာခဲ့ကာ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါး အပါအဝင် ဖြစ်လာရသည်။ နန်းတော်အတွင်း၌ သိဒ္ဓတ္ထမင်းသား၏ မြင်းခံတော်အဖြစ် အမှုထမ်းသည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောအခါ သူသည် ကဏ္ဍာမြင်းတော်ဖြင့် အနောမာမြစ်ကမ်းအထိ လိုက်ပို့ခဲ့ရသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်မှ ကပိလဝတ္ထု နေပြည်တော်ရှိ ဆွေတော်မျိုးတော်များထံ ကြွရောက်တော်မူလာခဲ့သည်။ ထိုအခါ သာကီဝင် မင်းဆွေမင်းမျိုးတို့သည် ၎င်းတို့ထက် အသက်အရွယ်ငယ်ရွယ်သော ဘုရားရှင်ကို ရှိမခိုးဘဲ မာန်တက်နေကြသည်။ ထိုသို့မာန်တက်နေကြသော ဆွေတော်မျိုးတော်တို့၏ မာန်မာနကိုချိုးနှိမ်ရန် ဘုရားရှင်သည် တန်ခိုးပြာဋိဟာကို ပြတော်မူသည်။ ဘုရားရှင်၏ တန်ခိုးတော်ကို ဖူးမြင်ရသော ဆန္နသည် ဘုရားရှင်ကို အလွန်ကြည်ညိုသဖြင့် ဘုရားရှင်ထံ၌ ရဟန်းပြုသည်။ သာသနာ့နယ်ဝင် ဖြစ်လာသော အရှင်ဆန္နသည် ရဟန်းတရားကို ဟုတ်တိုင်းတိုင်း အားမထုတ်။ ဘုရားရှင် သိဒ္ဓတ္ထဘဝက သူနှင့်အတူနေခဲ့ရ၊ ဆက်ဆံခဲ့ရဖူးသည်ဟု

http://www.dhammadownload.com

ပြောဆိုဝင့်ကြွားလျက်သာ နေသည်။ သီတင်းသုံးဖော်တို့၏ အဆုံးအမကိုလည်း မနာယူချေ။

ဘုရားရှင် သက်တော်ထင်ရှားရှိနေစဉ်ကာလတစ်လျှောက်လုံး "ဒါ ငါတို့ရဲ့ ဘုရား၊ ဒါက ငါတို့ဘုရားဟောခဲ့တဲ့တရား"ဟု မာန်ဝင့်ခဲ့သော အရှင်ဆန္ဒသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွားသည့်အခါ သူ့အဖို့ ထောက်တည်ရာမဲ့ ဖြစ်သွားရသည်။ ထို့အပြင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ကာနီးဆဲဆဲတွင် "အရှင်ဆန္ဒ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော အခြား မည်သည့်ရဟန်းမျှ သူ့အား ဆုံးမစကား မပြောရ၊ သူနှင့်ကင်းကင်းနေထိုင်ပြီး ဗြဟ္မဒဏ်ခတ်ကြရန်" ရဟန်းတို့အား မိန့်မှာခဲ့ကြောင်း အရှင်အာနန္ဒာက ပြောပြသည့်အခါ သူ့ခများ မူးမေ့လဲကျသွားသည်အထိ ခံစားခဲ့ရသည်။ ထိုအခါတွင် သူ မှားခဲ့ကြောင်း၊ သူ့မှာ အပြစ်ရှိကြောင်း သီတင်းသုံးဖော်တို့အား ဝန်ချတောင်းပန်ခဲ့ရသည်။ သီတင်းသုံးဖော်တို့ကလည်း သူ့ကို ဗြဟ္မဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

ထိုနောက်တွင်ကား အရှင်ဆန္ဒသည် မာန်မာနတရားကို ပယ်စွန့်၍ ဝိပဿနာ ဘာဝနာကို ပွားများရာ မကြာမီမှာပင် အာသဝေါကုန်ခန်း၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

သံသရာဘဝ သူ ကျင်လည်ခဲ့ရသည်တို့ကို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ သိမြင်နိုင်ကြစေရန် ဤသို့ ဟောတော်မူ၏။

သိဒ္ဓတ္ထဿ ဘဂဝတော၊ အဒါသိံ ပဏ္ဏသန္ဆရံ။
သမန္တာ ဥပဟာရဉ္စ၊ ကုသုမံ ဩကိရိံ အဟံ။

ဘောန္တော မနုဿာ၊ တရားတော်ကို ရိုသေစွာနာကြကုန်သော အို သူတော်ကောင်းတို့။ အဟံ၊ သေနာသနဒါယက အမည်ရသော ငါဆန္ဒမထေရ် မြတ်သည်။ သိဒ္ဓတ္ထဿ ဘဂဝတော၊ သိဒ္ဓတ္ထမြတ်စွာဘုရားအား။ ပဏ္ဏသန္ဆရံ၊ သစ်ရွက်အခင်းကို။ အဒါသိံ၊ ခင်းလှူခဲ့ဖူးပြီ။ သမန္တာ၊ မြတ်စွာဘုရား ထိုင်နေတော်မူရာ ထက်ဝန်းကျင် ပတ်လည်မှ။ ဥပဟာရဉ္စ၊ ပူဇော်ခြင်းငှာလည်း။ ကုသုမံ၊ ပန်းကို။ ဩကိရိံ၊ ကြဲဖြန့်ခဲ့ပြီ။

ပန်းပူဇော်ခြင်း၏အကျိုး

ပါသာဒေဝံ ဂုဏံ ရမ္မံ၊ အနုဘောမိ မဟာရဟံ။
မဟဂ္ဃါနိ စ ပုပ္ပါနိ၊ သယနေ' ဘိသဝန္တိ မေ။

http://www.dhammadownload.com

သယနေဟံ တုဝင္ဟာမိ၊ ဝိစိတ္တေ ပုပ္ဖသန္ထတေ။
ပုပ္ဖဝုဋ္ဌိ စ သယနေ၊ အဘိဝဿတိ တာဝဒေ။

ဘောန္တော မနုဿာ၊ တရားတော်နာလာကြကုန်သော သူတော်ကောင်းတို့။ မေ၊ အရှင်ဆန္နဟု နာမမည်ခေါ် ငါထေရ်ကျော်၏။ ပါသာဒေ၊ နတ်ပြည်၌ဖြစ်သော ပြာသာဒ်၌။ ဧဝံဂုဏော၊ ဤသို့သော ဂုဏ်ထူးရှိသော။ ရမ္မံ၊ မွေ့လျော်ဖွယ်သော။ မဟာရဟံ၊ မြတ်သောလူတို့နေခြင်းငှာ ထိုက်သောနေရာကို။ အနုဘောမိ၊ သုံးဆောင်နေထိုင်ရ၏။ မေ၊ ငါ၏။ သယနေ၊ အိပ်ရာ၌။ မဟဂ္ဃိနိ၊ အဖိုးထိုက်ကုန်သော။ ပုပ္ဖါနိစ၊ နတ်ပန်းတို့သည်လည်း။ အဘိသဝန္တိ၊ ဖြန်းခင်းကုန်၏။

ဝိစိတ္တေ၊ အထူးဆန်းကြယ်စွာသော။ ပုပ္ဖသန္ထတေ၊ ပန်းမွေ့ရာအခင်း၌။ တုဝင္ဟာမိ၊ အိပ်ရ၏။ သယနေ၊ အိပ်ရာထက်၌။ ပုပ္ဖဝုဋ္ဌိစ၊ ပန်းမိုးသည်လည်း။ တာဝဒေ၊ ထိုမျှလောက်။ အဘိဝဿတိ၊ ရွာသွန်းကြဖြန့်၏။

စတုန္နဝုတိတော ကပ္ပေ၊ အဒါသိ ပဏ္ဏသန္ထရံ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ သန္ထရဿ ဣဒံ ဖလံ။
ပဏ္ဏသန္ထရကာ နာမ၊ သတ္တေတေ စက္ကဝတ္တိနော။
ဣတော တေ ပဉ္စမေ ကပ္ပေ၊ ဥပ္ပဇ္ဇိံသု ဧနာမိပါ။

ကောင်းမှု၏ကောင်းကျိုး

စတုန္နဝုတိတောကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ အဟံ၊ ငါသည်။ ပဏ္ဏသန္ထရံ၊ ပန်းမွေ့ရာအခင်းကို။ အဒါသိံ၊ သိန္ဒတ္ထဘုရားရှင်အား လှူခဲ့ဖူးပြီ။ တေန၊ ထိုကောင်းမှုကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံ၌ဖြစ်ခဲ့ရဖူးသည်။ နာဘိဇာနာမိ၊ ငါမသိခဲ့။ ဣဒံ၊ ဤကောင်းကျိုးခံစားရခြင်းသည်။ သန္ထရဿ၊ ပန်းမွေ့ရာအခင်းကို လှူဒါန်း ခဲ့ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

ဣတော၊ ဤကမ္ဘာမှ။ ပဉ္စမေ ကပ္ပေ၊ ငါးခုမြောက်သောကမ္ဘာ၌။ ပဏ္ဏသန္ထရကောနာမ၊ ပဏ္ဏသန္ထရက အမည်ရှိကုန်သော။ သတ္တ၊ ခုနစ်ကြိမ်ကုန်သော။ ဧနာမိပါ၊ လူတို့ကိုအစိုးရကုန်သော။ ဧတေ စက္ကဝတ္တိနော၊ ထိုစကြာမင်းသည်။ ဥပ္ပဇ္ဇိံသု၊ ဖြစ်ခဲ့ဖူးလေကုန်ပြီ။

အရှင်ဆန္နထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

ဝေယျာဝစ္စကရ သဋ္ဌယထေရ် အပဒါန်ဝတ္ထု

ဤသဋ္ဌယထေရ်သည် ကိုးဆယ့်တစ်ကမ္ပာထက်၌ အမျိုးကောင်းသား တစ်ယောက်ဖြစ်နေခဲ့ရသော်လည်း ဆင်းရဲနွမ်းပါး ဥစ္စာရှားသော သူဆင်းရဲဖြစ်နေခဲ့ရသည်။

ဝေယျာဝစ္စပြုလုပ်ခဲ့သော ကုသိုလ်

ထိုအချိန်က ဝိပဿီမြတ်စွာဘုရားအား လုပ်ကျွေးဆည်းကပ် ကိုးကွယ်ကြသော ဥပါသကာအသင်းကြီးသည်ရှိ၏။ ထိုဥပါသကာ အသင်းကြီးသည် ဝိပဿီမြတ်စွာဘုရား၏ တပည့်သံဃာတော်မြတ်တို့အား ဆွမ်းလုပ်ကျွေးခြင်း အစရှိသော ကိစ္စကြီးငယ်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေးသည်။ ထိုသူဆင်းရဲသည်လည်း ပန်းကန်ဆေးခြင်း၊ ရေ ခပ်ခြင်း၊ ဆွမ်းချက်ခြင်း၊ နေရာခင်းခြင်း၊ တံမြက်လှည်းခြင်း အစရှိသော ပြုဖွယ်ဝေယျာဝစ္စကိစ္စတို့ကို အထူးသဖြင့် ကြောင့်ကြစိုက်၍ ဆောင်ရွက်လုပ်ကိုင်ပေး၏။

ထိုကုသိုလ်ဖြင့် သူကွယ်လွန်သော် နတ်ပြည်၌ ဖြစ်၍ နတ်စည်းစိမ်ကို စံစားရ၏။ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သောအခါ ဤကမ္ဘာမှ ရှစ်ခုမြောက်သော ကမ္ဘာထက်၌ စကြာမင်းတစ်ကြိမ် ဖြစ်ရသည်။ ငါတို့မြတ်စွာဘုရား လက်ထက်၌ ရဟန္တာဖြစ်၏။

နောင်လာနောက်သားတို့ နည်းယူဖို့

ထိုရဟန္တာ အရှင်မြတ်သည် ဝေယျာဝစ္စဆောင်ရွက်သော ကုသိုလ် ကို အရင်းပြု၍ ရဟန္တာဖြစ်သော်ကြောင့် ဝေယျာဝစ္စကရထေရ် ဟူ၍ ကျော်စော၏။ ထိုဝေယျာဝစ္စကရထေရ်မြတ်သည် မိမိပြုလုပ်ခဲ့ဖူးသော ကုသိုလ်ပါရမီဖြည့်ကျင့်ပုံကို နောင်လာနောက်သား တပည့်များတို့ နည်းယူလိုက်နာ ပါရမီဖြည့်ကြစေခြင်းငှာ ဤသို့ ဟောကြားတော်မူ၏။

မထေရ်ဟောသောတရား

ဝိပဿိသ ဘဂဝတော၊ မဟာပူဂဂလော အဟု။
ဝေယျာဝစ္စကရော အာသိ၊ သဗ္ဗကိစ္စေသု ပါဝဎော။

http://www.dhammadownload.com

ဒေယျဓမ္မော စိ မေ နတ္ထိ၊ သုဂတဿဿ မဟေသိနော။
အဝန်္ဒိ သတ္ထုနော ပါဒေ၊ ဝိပ္ပသန္နေန စေတသာ။

ဘောဘသိသွာ၊ ဘုရားသခွသနာ ကြုံခဲ့စွဘကို ကောင်းစွာဓွေ့ကြုံ ရွှေးကံဆုံ၍ လူ့ဘုံဌာန လူဖြစ်ကြသည့် တပည့်များတို့။ ဝိပဿီသဿ ဘဂဝတော၊ ဝိပဿီမြတ်စွာဘုရားအား။ (၀၂) ဝိပဿီဘုရားရှင်လက်ထက်၌။ မဟာပူဂဏော၊ ဥပါသကာ အသင်းကြီးသည်။ အဟု၊ ရှိခဲ့ဖူးပြီ။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ သဗ္ဗ ကိစ္စေသု၊ အလုံးစုံသော အမှုကိစ္စတို့၌။ ဝါဝဋော၊ ကြောင့်ကြစိုက်သော။ ဝေယျာဝစ္စကရော၊ ကိစ္စကြီးငယ် ဆောင်ရွက်ဖွယ်ကို မကွယ်မကတ် ဆောင်ရွက် တတ်သောသူသည်။ အာသိ၊ ဖြစ်ခဲ့ဖူးပြီ။

လှူဖွယ်မရှိ ရှိခိုးခဲ့သောကောင်းမှု

သုဂတသဿ၊ ကောင်းသောလမ်းခြင်းရှိတော်မူသော။ မဟေသိနော၊ ဝိပဿီ မြတ်စွာဘုရားအား။ ဒေယျဓမ္မောစ၊ လှူဖွယ်ဝတ္ထုသည်လည်း။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိ။ စ၊ ယင်းသို့ မရှိသော်လည်း။ သတ္ထုနော၊ ဝိပဿီမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ အဝန်္ဒိ၊ ရှိခိုးဖူးပြီ။

ဝေယျာဝစ္စဆောင်ရွက်ခဲ့သော ကုသိုလ်ကြောင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ် မလားခဲ့ရပေ။

ဧကနဝုတိတော ကပ္ပေ၊ ဝေယျာဝစ္စံ အကာသဟံ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဝေယျာဝစ္စဿိဒံ ဖလံ။

ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတိတောကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ အဟံ၊ ငါသည်။ ဝေယျာဝစ္စံ၊ ကိစ္စကြီးငယ်ဆောင်ရွက်ခြင်းကို။ အကာသိံ၊ ပြုလုပ်ခဲ့ဖူးပြီ။ တောန၊ ထိုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဆင်းရဲကို။ နာဘိဇာနာမိ၊ ငါမသိရ။ ဣဒံ၊ ဤသည်ကား။ ဝေယျာဝစ္စဿ၊ ကိစ္စကြီးငယ် ဆောင်ရွက်ခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဝေယျာဝစ္စကရသညကထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●

http://www.dhammadownload.com

ဥဒကပူဇက ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထု

ဥဒကပူဇက ကုဋိဝိဟာရိယထေရ်သည် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် အမျိုးကောင်းသားဖြစ်ခဲ့ရသည်။

ပြုဖူးသောကုသိုလ်

တစ်နေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်တော်မူလျက် ကောင်းကင်၌ ကြွသွားတော်မူသည်ကို ထိုအမျိုးကောင်းသားဖူးမြင်လိုက်ရသဖြင့် ကြည်ညိုခြင်းအထူးဖြစ်ရသည်။ သို့အတွက် သူသည် လက်နှစ်ဖက်တို့ဖြင့် ရေကို ခပ်ယူ၍ကာ ကောင်းကင်သို့ ပက်ဖြန်းက၏။ ထိုရေသည် ငွေအဆင်းကဲ့သို့ဖြစ်လျက် ကောင်းကင်၌ တည်နေ၏။

ထိုအမျိုးကောင်းသား စုတေကွယ်လွန်ပြီးသော် ဘုဉာဏ်ဓာတ်ပြည်၌ ဖြစ်ရ၏။ နတ်ပြည် ခြောက်ထပ်တို့၌ အစဉ်သဖြင့် နတ်စည်းစိမ်ကို ခံစားခဲ့ရသည်။ နတ်ပြည်မှစုတေသော အခါ လူ့ပြည်၌ဖြစ်၍ စကြာမင်း သုံးကြိမ်ဖြစ်၏။ ဤသို့ လူနတ်တို့၏ ချမ်းသာ စည်းစိမ်ကို ခံစားလျက် ကမ္ဘာတစ်သိန်း အပါယ်မလားခဲ့ရပေ။

ပြုဖူးသော ကုသိုလ် ပြန်လည်ဟောပြ

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရဟန္တာဖြစ်၍ မိမိပြုခဲ့သော ကုသိုလ်ပါရမီတို့ကို ဤသို့ပြန်လည်၍ ဟောကြားတော်မူ၏။

သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊ ဂစ္ဆန္တံ အနိလဉ္ဇသေ။
ဃဋာသနံဝ ဇလိတံ၊ အာဒိတ္တံဝ ဟုတာသနံ။
ပါဏိနာ ဥဒကံ ဂဟေတွာ၊ အာကာသေ ဥက္ခိပိံ အဟံ။
သမ္မဋ္ဌိဿ မဟာဝီရော၊ ဗုဒ္ဓေါ ကာရုဏိကော ဂ္ဂသိ။

ဘောန္တော်မနုဿာ၊ တရားတော်ကို နာကြကုန်သော၊ အိုလူအပေါင်းတို့။ အဟံ၊ ဥဒကပူဇက နာမခေါ်တွင် ငါဆေရ်ရှင်သည်။ ဃဋာသနံဝ၊ ထောပတ်ဆီဖြင့် ထွန်းအပ်သော ဆီမီးရောင်ကဲ့သို့။ ဇလိတံ၊ တောက်ပတော်မူသော။ အာဒိတ္တံဝ၊ ပြောင်ပြောင်တောက်ပသော မီးရောင်ကဲ့သို့။ ဇလိတံ၊ ထွန်းလင်းတောက်ပတော်မူ

http://www.dhammadownload.com

လျက်။ အနိလဥသေ၊ မိုးကောင်းကင်ဝယ် စျာန်ယာဉ်ပျံစီး လေခရီးဦ၌။ ဂစ္ဆန်၊ ကြွသွားတော်မူသော။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့သော အဆင်းရှိတော်မူသော။ သမ္မဒ္ဒေ၊ ပဒုမုတ္တရမြတ်စွာဘုရားကို။ ဥဒကံ၊ ရေကို။ ပါဏိနာ၊ လက်နှစ်ဖက်ဖြင့်။ ဂယှ၊ ယူ၍။ အာကာသေ၊ ကောင်းကင်သို့။ ဥက္ခိပိ၊ မြှောက်ပစ်ပူဇော်ခဲ့၏။ မဟာဝီရော၊ ကြီးသောလုံ့လရှိတော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူသော။ ကာရုဏိကော၊ သနားခြင်းရှိတော်မူသော။ ဣသိ၊ မြတ်စွာဘုရားသည်။ သမ္မဒ္ဓိဆ္ဆိ၊ အလှူကို ခံယူတော်မူ၏။

ဤသို့ကောင်းကင်၌ ပျံကြွတော်မူသော မြတ်စွာဘုရားအား ကြည်ညိုရှိ မြှောက်ပစ်ပူဇော်သောရေသည် မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် ကောင်းကင်၌ တည်နေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း ကောင်းကင်၌ ရပ်တော်မူလျက် ဤသို့ အနုမောဒနာပြုပြီးလျှင် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဘုရားရှင်မိန့်ကြားသော ဗျာဒိတ်စကား

ဣမိနာ ဒကဒါနေန၊ ပီတိ ဥပ္ပါဒနေန စ။
ကပ္ပသတသဟဿံပိ၊ ဒုဂ္ဂတိ နုပပဇ္ဇသိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အယံ၊ ဤငါဘုရားအား စိတ်ထားကြည်ညိုရေကိုမြှောက်ကာ ပူဇော်လှာသော ဤဒါယကာသည်။ ဣမိနာ ဒကဒါနေနစ၊ ဤရေကိုလှူသော ကုသိုလ်ဖြင့်လည်းကောင်း။ ပီတိဥပ္ပါဒနေနစ၊ ဆက်ကာဆက်ကာ နှစ်သက်ခြင်းကို ဖြစ်စေသောကြောင့်လည်းကောင်း။ ကပ္ပသတသဟဿံပိ၊ ကမ္ပာတစ်သိန်းပတ်လုံးလည်း။ ဒုဂ္ဂတိ၊ အပါယ်ဆင်းရဲခြင်းသို့။ နဥပပဇ္ဇသိ၊ မရောက်လတ္တံ့။

ဥဒကပူဇက ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထုပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

နဠမာလိယ ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထု

ဤနဠမာလိယ ကုဋိဝိဟာရိယထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရားလက် ထက်တော်အခါတွင် အမျိုးကောင်းသား ဖြစ်ခဲ့ရသည်။ သူအရွယ်ရောက်သော အခါ အိမ်ရာတည်ထောင်သည်။ တစ်ဖန် အိမ်ရာထောင်ခြင်း၌ အပြစ်ကိုမြင်၍ အိမ်ရာထောင်ခြင်း ကိုစွန့်ပစ်ကာ တောထွက်၍ ရသေ့ပြုပြီး ဟိမဝန္တာတောင်ခြေ၌ နေသည်။

ရသေ့ကို ချီးမြှောက်ရန်

ပဒုမုတ္တရမြတ်စွာဘုရားသည် ကရဏာတရား ရှေ့ထား၍ ထိုရသေ့အား ချီး မြှောက်ခြင်းငှာ ကြွလာတော်မူလျှင် မြက်အခင်းကို ကောင်းစွာဖြန့်ခင်းလျက် လှူဒါန်းသည်။ ထိုမြက်အခင်း၌ မြတ်စွာဘုရား သီတင်းသုံးတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ရသေ့သည် ကြူပန်းတို့ကို ယပ်ဝန်းပြုလုပ်၍ ထိုကြူပန်းယပ်ဝန်းဖြင့် ယပ်လေခတ်လျက် ဘုရားရှင်အား ပူဇော်ပြန်၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် နောင်အခါ၌ ကိလေသာအာသဝေါ ကင်းသောအဖြစ်သို့ ရောက်စေသတည်းဟု ဆုပေးတော်မူခဲ့သည်။ သုဗ္ဗတအမည် ရှိသော စကြာမင်း သုံးဆယ့်ရှစ်ကြိမ်၊ မာလုတအမည်ရှိသော စကြာမင်းရှစ်ကြိမ် ဖြစ်လတ္တံ့ဟုလည်း ဗျာဒိတ်ကြားတော်မူ၏။

ကောင်းမှု၏အကျိုး ခံစားရပုံ

ထိုရသေ့သည် ပဒုမုတ္တရ မြတ်စွာဘုရား ဟောကြားတော်မူသော အနုမောဒနာ တရား ဗျာဒိတ်စကားတို့ကို မှတ်သားနာယူလျက် ထိုကုသိုလ်ဖြင့် စုတေသော် နတ်ပြည်၌ဖြစ်ရကာ နတ်စည်းစိမ်ကို ခံစားရသည်။ နတ်ပြည်မှ စုတေပြန်လျှင် လူ့ပြည်၌ဖြစ်ရပြန်ပြီး ကမ္ဘာသုံးသောင်းထက်၌ သုဗ္ဗတအမည်ရှိသော စကြာမင်း သုံးဆယ့် ခြောက်ကြိမ်၊ မာလုတအမည်ရှိသော စကြာမင်းရှစ်ကြိမ်ဖြစ်ရသည်။ ကမ္ဘာ တစ်သိန်းပတ်လုံး အပါယ်မလားဘဲ လူ့ပြည် နတ်ပြည်တို့၌သာလျှင် လူ့စည်းစိမ်၊ နတ် စည်းစိမ်တို့ကို ခံစားကာ နေခဲ့ရသည်။

http://www.dhammadownload.com

ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ ရဟန္တာအဖြစ်သို့ ရောက်ကာ နဋ္ဌ မာလိယထေရ်ဟု ထင်ရှားသည်။ ထိုနဋ္ဌမာလိယထေရ် ကမ္ဘာတစ်သိန်းထက်က ပြုခဲ့ဖူးသော ကုသိုလ်ပါရမီတို့ကို ဤသို့ ပြန်လည် ဟောကြားတော်မူ၏။

ပါရမီဖြည့်ခဲ့ပုံ ပြန်လည်ဟောပြ

ပဒုမုတ္တရဗုဒ္ဓသ၊ လောကဇေဋ္ဌသ တာဒိနော။
တိဏတ္ထရေ နိသိန္နသ၊ ဥပသန္တသ တာဒိနော။
နဋ္ဌမာလံ ဂဟေတွာန၊ ဗန္ဓိတွာ ဗီဇနိံ အဟံ။
ဗုဒ္ဓသ ဥပနာမေသိ၊ ဒွိပဒိန္ဒသ တာဒိနော။

ဘောန္တော ဥပါသကာယော၊ ဘုရားရတနာ တွေ့ခဲစွာကို ကောင်းစွာတွေ့လို ဆုပန်ဆို၍ ကုသိုလ်ကောင်းမှု ပြုကြများစွာ ဥပါသကာ ဒါယကာအပေါင်း သူတော်ကောင်းတို့။ အဟံ၊ နဋ္ဌမာလိယ နာမထင်ပေါ် ငါထေရ်ကျော်သည်။ တိဏတ္ထရေ၊ ကောင်းစွာခင်းထားသော မြက်အခင်း၌။ နိသိန္နသ၊ စံပါယ်နေသော။ ဥပသန္တသ၊ ငြိမ်သက်တော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ လောကဇေဋ္ဌသ၊ လူတို့၏ အကြီးအမှူးဖြစ်တော်မူသော။ ပဒုမုတ္တရဗုဒ္ဓသ၊ ပဒုမုတ္တရ မြတ်စွာဘုရားအာ။ နဋ္ဌမာလံ၊ ကြူပန်းကို။ ဂဟေတွာ၊ ကိုင်၍။ ဗီဇနိံ၊ ယပ်ဝန်းကို။ ကတွာ၊ ပြုလုပ်၍။ ဗန္ဓိတွာ၊ ဖွဲ့၍၊ ဒွိပဒိန္ဒသ၊ အခြေနှစ်ချောင်းရှိသော လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူသော။ ဗုဒ္ဓသ၊ မြတ်စွာဘုရားအား။ ဥပနာမေသိံ၊ ဆက်ကပ်လှူဒါန်းခဲ့၏။ ဝါ၊ လှူဒါန်းဆက်ကပ် ယပ်လေခတ်လျက် လေးမြတ်ကော်ရော် ပူဇော်ခဲ့ဖူးလေပြီ။

ပဋိဂ္ဂဟေတွာ သဗ္ဗညူ၊ ဗီဇနိံ လောကနာယကော။
မမ သင်္ကပ္ပမညာယ၊ ဣမံ ဂါထံ အဘာသထ။

ဥပါသကာယော၊ တရားတော်နာ ရောက်၍လာသည့် ဥပါသကာအပေါင်း သူတော်ကောင်းတို့။ သဗ္ဗညူ၊ အလုံးစုံကို အကုန်အစဉ် သိမြင်တော်မူသော။ လောကနာယကော၊ လူတို့ရှေ့ဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဗီဇနိံ၊ အေးအေးသာသာ လေညင်းဖြာ၍ ကောင်းစွာတိုက်ခတ် ကြူပန်းယပ်ကို။ ပဋိဂ္ဂဟေတွာ၊ အလှူခံတော်မူ၍။ မမ၊ ကြူပန်းယပ်ကို ဆက်ကပ်လှူသူ ငါ၏။ သင်္ကပ္ပံ၊ ဆုတောင်းဓိဋ္ဌာန် စိတ်အကြံကို။ အညာယ၊ သိတော်မူ၏။ ဣမံဂါထံ၊ ဤဂါထာကို။ အဘာသထ၊ ဟောတော်မူ၏။

http://www.dhammadownload.com

ယထာ မေ ကာယော နိမ္မာတော်၊ ဗရိဇ္ဇာဘောဇ္ဈံ နာ ဝိဇ္ဇတိ။
တထေဝ တိဝိဓဂ္ဂိဟိ၊ စိတ္တံ တာဝ ဝိမုစ္စတု။

အပူမိုးတို့မှ ကင်းလွတ်ပါစေ

တာပသ၊ ကြူပန်းလေယပ် အေးစွာခတ်၍ လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူသည့် ကျင့်မူသိမ်မွေ့ အိုရသော့။ မော၊ ငါဘုရား၏။ ကာယော၊ ကိုယ်ခန္ဓာသည်။ နိဗ္ဗာယိယထာ၊ အပူကင်းဝေး ငြိမ်းအေးသကဲ့သို့လည်းကောင်း။ တထေဝ၊ ထိုအတူ သာလျှင်။ တာဝ၊ သင့်ရသော့၏။ စိတ္တံ၊ စိတ်သည်။ တိဝိဓဂ္ဂိဟိ၊ လျော်ဘ, ဒေါသ, မောဟ, အပြား မီးသုံးပါးတို့မှ။ ဝိမုစ္စတု၊ ကင်းလွတ်စေသတည်း။

သဗ္ဗေ ဒေဝါ သမာ ဂစ္ဆု၊ ယေကေစိ ဝနနိဿိတာ။
သောဿာမ ဗုဒ္ဓဝစနံ၊ ဟာသယန္တွံ စ ဒါယကံ။

ဥပါသကာယော၊ တရားတော်နာ ရောက်လာကြကုန်သော ဥပါသကာ ဒါယကာအပေါင်း သူတော်ကောင်းတို့။ ယေကေစိ၊ အလုံးစုံကုန်သော။ ဝနနိဿိတာ၊ ဟိမဝန္တာ မြို့ငှာသာတောခြေ မှီ၍နေကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဒေဝါ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ ဒါယကံ၊ ကြူပန်းလေယပ် အေးစွာခတ်၍ လေးမြတ်ကြည်ဖြူ ယပ်ဝန်းလှူသော ဒါယကာကို။ ဟာသယန္တွံ၊ ရွှင်လန်းဝမ်းမြောက်စေလျက်။ ဗုဒ္ဓဝစနံ၊ ဟောကြားတော်မူသော မြတ်စွာဘုရား၏ တရားတော်ကို။ သောဿာမ၊ နာကြကုန်အံ့ဟူ၍။ သမာဂစ္ဆု၊ အညီအညွတ် စည်းဝေးရောက်လာကြကုန်၏။

နိသိန္နော ဘဂဝါ တတ္ထ၊ ဒေဝ သံဃပုရက္ခတော။
ဒါယကံ သံပဟာသန္တော၊ ဣမာဂါထာ အဘာသထ။

ဘောန္တော်မနုဿာ၊ တရားတော်နာရောက်လာကုန်သော ယောကျ်ားမိန်းမများလှပြောထူ လူပရိသတ် နတ်ဗြဟ္မာအပေါင်း သူတော်ကောင်းတို့။ ဘဂဝါ၊ ပဒုမုတ္တရမြတ်စွာဘုရားသည်။ တတ္ထ၊ ထိုရသေ့ဖြစ်သောငါ ကောင်းစွာဖြန့်ခင်းမြက်အခင်း၌။ နိသိန္နော၊ စံပါယ်တော်မူလျက်။ ဒေဝသံဃပုရက္ခတော၊ ဟိမဝန္တာမြို့ငှာသာတောခြေ မှီနေခိုအောင်း နတ်ပေါင်းများစွာ ခြံရံကာဖြင့်။ ဒါယကံ၊ ကြူပန်းလေယပ် အေးစွာခတ်လျက် လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူသည့် ကျင့်မူသိမ်မွေ့ ငါရသေ့ကို။ သံပဟာသန္တော၊ ကောင်းစွာရွှင်လန်း ဝမ်းမြောက်စေလျက်။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသထ၊ ဟောကြားတော်မူ၏။

http://www.dhammadownload.com

ဗုဒ္ဓဟောကြား မြတ်တရား

ဣမိနာ ဗီဇဒါနေန၊ စိတ္တသ ပဏိဓီဟိ စ။
သုဗ္ဗတော နာမ နာမေန၊ စက္ကဝတ္တီ ဘဝိသဟိ။
တေန ကမ္မာဝသေသေန၊ သုက္ကမူလေန စောဒိတော။
မာလုတော နာမ နာမေန၊ စက္ကဝတ္တီ ဘဝိသတိ။
ဣမိနာ ဗီဇဒါနေန၊ သမ္မာနဝိပုလေန စ။
ကပ္ပသတသဟဿမ္ပိ၊ ဒုဂ္ဂတိံ နုပပဇ္ဇတိ။

ဘောန္တော ဒေဝတာယော၊ အို နတ် ဗြဟ္မာ အပေါင်းတို့။ ဣမိနာ ဗီဇဒါနေနစ၊ ဤယပ်ဝန်းလေယပ် အေးစွာခတ်၍ ဆက်ကပ်ကြည်ဖြူ ပေးလှူဒါန မြတ်ပုညကြောင့်လည်းကောင်း။ စိတ္တသ၊ စိတ်၏။ ပဏိဓီဟိစ၊ ဆောက်တည်ခြင်း၊ ဆုတောင်းခြင်းတို့ဖြင့်လည်းကောင်း။ သုဗ္ဗတောနာမ နာမေန၊ ကျင့်မူသိမ်မွေ့ရသေ့ပြုရ ကုသလကြောင့် သုဗ္ဗတဟူသောအမည်နာမဖြင့်။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဘဝိသတိ၊ သုံးဆယ့်ရှစ်ကြိမ်ဖြစ်လတ္တံ့။

သုက္ကမူလေန၊ ဖြူစင်သန့်ရှင်း ကောင်းမှုရင်းဖြစ်သော။ တေန ကမ္မာဝသေသေန၊ ထိုစိတ်ထားကြည်ဖြူ ယပ်ဝန်းလှူသော ကုသိုလ်ကံကြွင်းအားဖြင့်။ ဝါ၊ ကုသိုလ်ကံသည်။ စောဒိတော၊ တိုက်တွန်းသည်ဖြစ်၍။ မာလုတောနာမ နာမေန၊ ကြူပန်းလေယပ် အေးစွာခတ်၍ လေးမြတ်ကြည်ဖြူ လေကိုလှူရ ကုသလကြောင့် မာလုတဟူသော အမည်နာမအားဖြင့်။ စက္ကဝတ္တီ၊ စကြာမင်းသည်။ ဘဝိသတိ၊ ရှစ်ကြိမ်ဖြစ်ရလေဦးလတ္တံ့။

ဣမိနာ ဗီဇဒါနေနစ၊ ဤယပ်ဝန်းလှူရ မြတ်ပုညကြောင့်လည်းကောင်း။ သမ္မာနဝိပုလေနစ၊ ငါဘုရားကို စိတ်ထားလေးမြတ် ဆည်းကပ်ညွှတ်ကျိုး မြတ်နိုးပျံ့ပြော ကုသိုလ်ဇောဖြင့်လည်းကောင်း။ ကပ္ပသတ သဟဿမ္ပိ၊ ကမ္ဘာတစ်သိန်းပတ်လုံး ကျင်လည်ရသော်လည်း။ ဒုဂ္ဂတိံ၊ ဆင်းရဲပြီးစွာ အပါယ်ရွာသို့။ နုပပဇ္ဇတိ၊ မရောက်လတ္တံ့။

နဋ္ဌမာလိယ ကုဋိဝိဟာရိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com

အရှင်အင်္ဂုလိမာလထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်၏ လောင်းလျှာသည် သာသနာပကာလတွင် လယ်သမား တစ်ယောက် ဖြစ်နေခဲ့သည်။ လယ်သမားသည် လယ်မြေ၌ ထွန်ယက်စိုက်ပျိုးနေစဉ် မိုးကြီးသည်းထန်စွာ ရွာလာ၏။ ပစ္စေဗုဒ္ဓါအရှင်မြတ်တစ်ပါးသည် မိမိလယ်မြေဆီသို့ ကြွလာတော်မူရာ သင်္ကန်း ပရိက္ခရာများနှင့်တကွ ကိုယ်တော်တစ်ကိုယ်လုံး မိုးရေများ ရွှဲရွဲစိုနေကာ အအေးဒဏ်ကြောင့် တုန်တုန်ခိုက်ခိုက် ဖြစ်နေတော်မူ၏။

ပစ္စေကဗုဒ္ဓါအား မီးဖိုလှူခဲ့

လယ်သမားသည် မိမိအတွက် ကုသိုလ်ပွားများရန် ကြွရောက် တော်မူလာပေသည်တကားဟု နှလုံးသွင်းကာ အရှင်မြတ်အား မိမိ၏လယ်တဲ အတွင်းသို့ ပင့်ဆောင်၏။ ထို့နောက် အရှင်မြတ်အတွက် အအေးဒဏ်ကို ပယ်ဖျောက်နိုင်စေရန် မီးဖို၍ လှူဒါန်းလေသည်။

ထိုလယ်သမားသည် ဤဘုရားရှင်၏ လက်ထက်တော်၌ သာဝတ္ထိမြို့တော်ရှိ ကောသလမင်းကြီးထံ ခစားထမ်းရွက်နေသော ဘဂ္ဂဝပုဏ္ဏားကြီးအိမ်တွင် လူဖြစ်လာ၏။

ဖွားမြင်ချိန်က ဖြစ်ပေါ်သော အတိတ်နိမိတ်များ

သူဖွားမြင်လာသောညတွင် သာဝတ္ထိတစ်မြို့လုံးရှိ ဓားလံ့စသော လက်နက်များသည် အရောင်အဝါများဖြင့် တောက်ပလာကြသည့် အတိတ်နိမိတ်များ ဖြစ်ပေါ်လာကြ၏။ ကောသလမင်းကြီး၏ စက်တော်ခေါ်ရာ သလွန်ပေါ်မှာ ထားရှိသော မင်္ဂလာသန်လျက်တော်သည်လည်း အလျှံပြောင်ပြောင်ထွန်းတောက်လာလေသည်။

ဖခင် ဘဂ္ဂဝပုဏ္ဏာကြီးသည် ထူးခြားလှသော ဤအတိတ်နိမိတ်များကို ဆင်ခြင်သုံးသပ်ကာ အိမ်ပြင်သို့ထွက်၍ နက္ခတ်တာရာများကို ကြည့်ရှုရာ စောရနက္ခတ်နှင့် ယှဉ်နေသည်ကို တွေ့လိုက်ရတော့၏။

ထိုည လွန်မြောက်၍ နံနက်အချိန်ရောက်သောအခါ ဘဂ္ဂဝပုဏ္ဏားသည် ကောသလမင်းကြီးထံ ဝင်ရောက်ခစားကာ "အရှင်မင်းကြီး ညတုန်းက ချမ်းသာစွာ အိပ်စက်ရပါ၏လော"ဟု မေးလျှောက်သည်။

http://www.dhammadownload.com

ထိုအခါ မင်းကြီးက "ပုရောဟိတ်၊ အဘယ်မှာလျှင် ချမ်းသာစွာ အိပ်စက်ရပါမည်နည်း။ ငါ၏ သလွန်တော်ပေါ်တွင် ထားရှိသော မင်္ဂလာသန်လျက်တော်သည် ထူးထူးခြားခြား အလျှံတပြောင်ပြောင် ထွန်းတောက်နေခဲ့၏။ ဤကဲ့သို့သော အတိတ်နိမိတ်ကြောင့် မည်ကဲ့သို့သော အကျိုးထူးများ ဖြစ်ပွားလာလိမ့်မည်နည်း" ဟု မေးတော်မူသည်။

"အရှင်မင်းကြီး၊ မကြောက်ပါလင့်၊ ဤသို့သော အတိတ်နိမိတ်များ ပေါ်ပေါက်လာရခြင်းမှာ ကျွန်တော်မျိုးအိမ်မှာ ဖွားမြင်သော သုဇာယ်ကြောင့် ဖြစ်ပါသည်"

"ဤသူငယ်သည် မည်သို့ ဖြစ်လာလိမ့်မည်နည်း"

နိုးသားဓားပြကြီးဖြစ်လာမည်

"စောရနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်လာခဲ့သောကြောင့် နိုးသား ဓားပြကြီး တစ်ယောက် ဖြစ်လာပါလိမ့်မည်"

"တစ်ကိုယ်ကောင်း ကျူးလွန်နေသော နိုးသားကြီး ဖြစ်မည်လော၊ ဂိုဏ်းဖွဲ့၍ ဦးဆောင်ဦးရွက် ပြုသူဖြစ်မည်လော"

ငယ်စဉ်က သတ်ပစ်ရပါမည်

"မှန်လှပါ။ တစ်ကိုယ်တော် နိုးသားကြီးသာ ဖြစ်ပါလိမ့်မည်။ ဂိုဏ်းဖွဲ့၍ ဦးဆောင်ဦးရွက်ပြုမည့်သူ မဟုတ်ပါ။ သူ့ကို ကျွန်တော်မျိုး ငယ်နစဉ်က သတ်ပစ်ရမည် ထင်ပါသည် ဘုရား"

"ပုရောဟိတ်ကြီး၊ အကယ်၍ တစ်ကိုယ်တော်နိုးသားကြီးသာ ဖြစ်မည် ဧကန်မှန်လျှင် စိုးရိမ်ရန် မရှိပါ။ သူ့ကို ကောင်းမွန်စွာ ကျွေးမွေးပြုစုထားပါ"

ဟိ'သကသတို့သား

ဤသို့ ကောသလမင်းကြီးက အမိန့်ရှိသဖြင့် ဘဂ္ဂဝ ပုဏ္ဏားသည် သားသူငယ်ကို ကောင်းမွန်စွာ ကျွေးမွေးပြုစုလာခဲ့၏။ သူငယ်အား နာမည်မှည့် မင်္ဂလာပြုသောနေ့တွင် ကောသလမင်းကြီး၏ စိတ်ကို နှိပ်စက်ညှဉ်းပန်းလျက် ဖွားမြင်လာခဲ့သောကြောင့် ဟိ'သက သတို့သားဟု အမည်မှည့်ကြ၏။

http://www.dhammadownload.com

ထို့နောက်မှ ထိုနာမည်အတိုင်း မဖြစ်စေလိုသော မိဘဆွေမျိုးများက အဟိ သကဟူ၍ ပြင်ပြီးခေါ်ခေါ်ကြသဖြင့် အဟိ သကဟု ထင်ရှားလာလေသည်။

ထိုသတို့သားသည် အခြားသော ကလေးများနည်းတူ ချမ်းမြေ့သာယာစွာ ကြီးထွားလာ၏။ သို့သော် အရွယ်ရောက်လာသော အခါတွင်မူ သူ၏ကိုယ်ခန္ဓာသည် သက်တူရွယ်တူ လူလင်ပျိုများထက် သိသိသာသာ ကြီးမားထွားကျိုင်းလာ၏။ ဆင်ပြောင် ခုနစ်စီး၏ စုပေါင်းအင်အားတမျှ သန်စွမ်းသူ ဖြစ်လာ၏။

ပညာသင်စေလွှတ်လိုက်ပြီ

ဖခင်ဖြစ်သူ ဘဂ္ဂဝပုဏ္ဏားသည် သားဖြစ်သူ၏ ထူးခြားချက်ကို ကြည့်ရှုကာ ဝမ်းနည်းဝမ်းသာ ဖြစ်နေရ၏။ သူတကာတို့ထက် ထူးထူးခြားခြား တားကျိုင်းသန်မာလှသဖြင့် ဝမ်းသာစရာဖြစ်ရသော်လည်း အခြားတစ်ဖက်မှ ကြည့်လျှင်ကား စောရနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်ခဲ့သူဖြစ်သောကြောင့် တစ်နေ့နေ့တစ်ခိုနှိပ်ချိန်တွင် သားဖြစ်သူသည် ခိုးသားဖြစ်လာပေလိမ့်မည်။ ဤမျှလောက် ထွားကျိုင်းသန်မာသူ တစ်ယောက်က ဆိုးသွမ်းလာလျှင် မည်သူမျှ ဝံ့ဝားဆီးနှိုင်မည်မဟုတ်တော့ပေ။ သို့ဖြစ်၍ မိမိ၏အတတ်ပညာ၊ အသိပညာဖြင့် မိမိဘာသာ ထိန်းသိမ်းနိုင်စေရန် တက္ကသိုလ်မြို့တော်သို့ ပညာသင်ရန် စေလွှတ်လိုက်ရလေတော့သည်။

ဘဂ္ဂဝပုဏ္ဏားကြီးသည် သားဖြစ်သူ အဟိ သကအတွက် ပညာသင်ရာတွင် ဆရာ ပူဇော်ကြေးများ မပေးလိုက်နိုင်။ အဟိ သကမှာ ဒီသာပါမောက္ခဆရာကြီး အိမ်တွင် အိမ်မှုကိစ္စများ ထဲမ်းဆောင်ပြုလုပ်၍ ပညာသင်ရ၏။ အလုပ်ကိစ္စတစ်ဖက်ဖြင့် ပညာသင်ရသော်လည်း အဟိ သကမှာ ထူးချွန်သူဖြစ်သည်။ ပညာရပ်အားလုံးတွင်လည်း အထူးချွန်ဆုံးဖြစ်နေ၏။ ကာယစွမ်းအားကို အခြေခံရသော ဓားခုတ်၊ လှံထိုးစသော အတတ်ပညာများနှင့်တကွ စဉ်းစားဉာဏ်ကို အခြေခံရသော ဂဏန်းသချင်္ကာ၊ စာပေလက်ာ စသည်တို့တွင်လည်း သူမတူအောင် ပြောင်မြောက်နေ၏။

မနာလိုသူတို့က ကုန်းတိုက်

ဤတွင် အခြားပညာသင်ဖော်များက အဟိ သကအပေါ် မနာလိုဝန်တိုစိတ် ဖြစ်ပွားကာ ဒီသာပေါမောက္ခ ဆရာကြီးထံ ဝင်ရောက်၍ ကုန်းတိုက်ကြ၏။ ပါမောက္ခကြီး၏ ဇနီးသည် ပါမောက္ခကြီးနှင့်စာလျှင် အသက်အရွယ် အလွန်

http://www.dhammadownload.com

နှနယ်လှ၏။ သားသမီးများစွာ ဖွားမြင်ထားသော်လည်း ချောမောလှပနေဆဲ ဖြစ်၏။ အဟိ သက အပေါ်မှာလည်း ခင်မင်ကြင်နာစွာ ဆက်ဆံပြောဆိုသူဖြစ်၏။

အမှန်အားဖြင့် အဟိ သကသည် ဆရာကြီးနှင့် ဆရာကတော်တို့အပေါ် လူကြီးမိဘ သဘောဖြင့် ရိုသေလေးမြတ်စွာ ဆက်ဆံ၏။ အိမ်သူအိမ်သား၊ သားသမီးများနှင့်လည်း ယဉ်ကျေးစွာ ပေါင်းသင်း၏။ အိမ်မှုကိစ္စမှန်သမျှကိုလည်း ကျေပွန်အောင် ဆောင်ရွက်ပေး၏။ ပညာရပ်ဟူသမျှကိုလည်း သူမတူအောင် ထူးထူးချွန်ချွန် သင်ယူ၏။

ထိုအချက်များကြောင့် ဆရာကတော်က အဟိ သကအပေါ် အရေးပေး ဆက်ဆံသည်။ ဤတွင် မနာလိုသူတို့အတွက် မဟုတ်မမှန် လုပ်ကြံပြောဆိုကြရန် အကွက်ဆိုက်ပေတော့သည်။

ဆရာကြီးက သံသယဖြစ်လာ

ဒီသာပါမောက္ခဆရာကြီးသည် မနာလိုသူ လူတစ်စုက ကြိမ်ဖန်များစွာ ပြောဆို တိုင်ကြားလာသော်အခါ အဟိ သကအပေါ် သံသယဖြစ်လာ၏။ သံသယ စိတ်ကို အရင်းခံကာ ဆရာကတော်နှင့် အဟိ သကတို့၏ ဆက်ဆံပုံကို အမြဲ အကဲခတ်နေ၏။ အဟိ သကတို့ကား ဤအဖြစ်ကို မသိကြ။ ခင်မင်ရင်းနှီးစွာ ဆက်ဆံမြဲ ဆက်ဆံနေကြ၏။ ဒီသာပါမောက္ခဆရာကြီးသည် မိမိ၏ ထက်မြက်သော တပည့်ကြီးနှင့် ဇနီးချောလေးတို့ တစ်ပူးတွဲတွဲ နေကြသည်ကို မြင်ရဖန်များလာသောအခါ စိတ်ဘဝင်တွင် မချိအောင် နာလာတော့သည်။ အသည်းစပ်ကို ကျွဲခတ်ဆိုသကဲ့သို့ တဖျတ်ဖျတ်နှင့် ဆတ်ဆတ်ခါ နာရတော့သည်။ သည်ကြားထဲ အတွန်းအတိုက်ကလေးများကလည်း စိပ်စိပ်လာသည်မို့ သည်းခံနိုင်အား မရှိတော့ပေ။ ထို့ကြောင့် အဟိ သကကို ရှင်းပစ်ရန် ကြံစည်ရတော့သည်။

သို့သော် အဟိ သကကား သာမညယောကျ်ားမဟုတ်။ သူမတူအောင် အားခွန်ဗလ သန်စွမ်းလှသည့်ပြင် အတတ်ပညာကလည်း ဒိတ်ဒိတ်ကြွ ထက်မြက်လှ၏။

လူတစ်ထောင်သတ်၍ ပူဇော်ရမည်

ထို့ကြောင့် သူ့ကိုသတ်ရန် မိမိကိုယ်တိုင်ဖြစ်နိုင်မည် မဟုတ်။ မခံနိုင်သူ တစ်ဦးဦးက သတ်ပစ်အောင်ကြံစည်မှ ဖြစ်တော့မည်ဟု စဉ်းစားသည်။ တစ်နေ့သ၌

http://www.dhammadownload.com

ဒိသာပါမောက္ခဆရာကြီးသည် အဟိ်သက တစ်ယောက် တည်းကို ဆိတ်ကွယ်ရာသို့ ခေါ်ယူကာ "အဟိ်သက၊ သင်သည် သူတကာတို့ထက် ပညာရည်သာလွန်သော်လည်း ပညာကို ဆုံးခန်းတိုင်အောင် မသင်ရသေး။ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် သင်သည် ငါ့အား ပူဇော်ကန်တော့ရန် ရှိနေ၏။ ထိုပူဇော်ဖွယ် ပစ္စည်းကား အခြားမဟုတ်။ လူပေါင်းတစ်ထောင်ကိုသတ်၍ ပူဇော်ရမ်ည်ဟု ပြောကြားလိုက်သည်။

ဇာလိနတောအုပ်သို့ ရောက်လာပြီ

အဟိ်သကသည် ထိုလူသတ်မှုအလုပ်ကို မလုပ်ပါရစေနှင့်ဟု အကြိမ်ကြိမ် တောင်းပန်သော်လည်း မရသောကြောင့် ဆရာကြီးကို ဦးချကာ အဟိ်သကသည် တက္ကသိုလ်မြို့တော်မှ ထွက်ခွာလာပြီး သူနှင့်အတူ ဓား၊ လုံ၊ လေးမြား စသော လက်နက်ငါးပါးကိုလည်း ယူဆောင်လာခဲ့သည်။ သူသည် နေရာကောင်းကို ရှာဖွေရင်း တစ်ရက်ပြီးတစ်ရက် ဆက်လက်၍ လျှောက်လာခဲ့ရာ ကောသလတိုင်း အတွင်းရှိ ဇာလိနတောအုပ်သို့ ဆိုက်ရောက်လာလေတော့သည်။ ထိုတောအုပ် အတွင်း၌ လူသွားလူလာများသော လမ်းမကြီးတစ်ခုရှိရာ ထိုလမ်းမကြီးနံဘေး၌ တောင်ကုန်းတစ်ခုလည်း ရှိ၏။

အဟိ်သကသည်ထိုတောင်ကုန်းမှ ကျောက်လိုဏ်ဂူတစ်ခုကို မိမိအိမ်ဂေဟာ အဖြစ် သတ်မှတ်ကာ တောင်ထိပ်ပေါ်သို့ တက်လာခဲ့သည်။ တောင်ထိပ်ပေါ်မှ လှမ်းကြည့်လိုက်သော် လမ်းမကြီးအတိုင်း တောအုပ်ထဲသို့ ဝင်လာသူများကိုလည်းကောင်း၊ တောအုပ်ထဲမှ ပြန်ထွက်သွားသူများကိုလည်းကောင်း မြင်နေရ၏။

ဤတွင် အဟိ်သကသည် တောင်ထိပ်ပေါ်မှ အမြန်ဆင်းလာကာ တောအုပ်ထဲ ဝင်လာသူ ပြန်ထွက်သူတို့ကို ဖမ်း၍ သတ်ပြီး သူတို့၏ လက်ညှိုးများကို ဖြတ်၍ ယူလေတော့သည်။

အစတွင်တော့ ဆရာသမားကို လေးစားသောအားဖြင့် ဤအမှုများကို ပြုခဲ့ခြင်းဖြစ်၏။ သေဘေးကို ကြောက်သဖြင့် လက်အုပ်ချီနေကြသူများ၊ မျက်ရည် အသွယ်သွယ်ဖြင့် အသနားခံနေသူများနှင့် ကြုံတွေ့ရသောအခါ သူ့စိတ်ထဲတွင် တစ်မျိုးခံစားလာပြီး လက်ရွံ့သကဲ့သို့ ဖြစ်ရ၏။

သတ်ရသည်ကိုပင် ပျော်စရာဖြစ်လာ

သို့ရာတွင် နေ့စဉ်သတ်ဖြတ်ရဖန်များလာတော့ လက်ယဉ်လာသည်။ အကျင့် ရလာသည်။ ထိုအခါ သူ့မွေးရာပါ စိတ်ဓာတ်စရိုက် ပေါ်လွင်၍ လာတော့၏။

http://www.dhammadownload.com

တောအုပ်ထဲသို့ ကြမ္ဘာငင်၍ ဝင်လာမိသူမှန်သမျှကို သွေးသံရဲရဲနှင့် သတ်ရဖြတ်ရသည်မှာ သူ့အဖို့ ပျော်စရာအလုပ်ကြီးတစ်ခု ဖြစ်လာလေတော့သည်။

အင်္ဂုလိမာလဖြစ်ပြီ

ရသမျှ လက်ညှိုးများကို သစ်ကိုင်းများတွင် ဆွဲထားသည်လည်း ရှိ၏။ သစ်ပင်ခွကြားမှာ ထားမိသည်လည်း ရှိ၏။ ထိုလက်ညှိုးတို့ကို ကျီး၊ လင်းတ စသည်တို့က စားပစ်ကြသဖြင့် တစ်ထောင်မပြည့်နိုင်တော့။ ဤတွင် အဟိံသက သည် အကြံတစ်မျိုးဖြစ်ကာ ရသလာသမျှ လက်ညှိုးများကို ကြိုးဖြင့်သီပြီးလျှင် လည်တွင် ပန်းကုံးသဖွယ် ဆွဲလွယ်၍ ထား၏။ ထို့ကြောင့် သူ့ကို တွေ့မြင်ဖူးသူ ကျေးရွာသားများက အင်္ဂုလိမာလ (လက်ညှိုးပန်းကုံး လွယ်ထားသူ)ဟု ခေါ်ဝေါ်ကြသည်။

အချိန်ကြာလာသောအခါ ထိုတောအုပ်အတွင်းသို့ မည်သူမှ မဝင်ရဲကြတော့ပေ။ သို့ဖြင့် သူသည် ပတ်ဝန်းကျင်ကျေးရွာများ အနီးသို့ သွား၍ ပုန်းအောင်းကာ ရွာမှထွက်လာသူများကို ဖမ်း၍ သတ်၏။ ထွက်လာသူများ မရှိတော့သောအခါ ရွာထဲသို့ ဇွတ်အတင်းဝင်၍ တွေ့သမျှလူကို သတ်ပြန်၏။

ထို့ကြောင့် သူရှိရာဝန်းကျင်ရှိ ကျေးရွာများတွင် နေရဲသူမရှိတော့ဘဲ ရွာကြီးများသို့ပြောင်းရွှေ့ပြေးဝင် ခိုလှုံကြရ၏။

နယ်သူနယ်သားတို့ မြို့ကို ပြေးကြပြီ

ဤသို့ဖြင့် အင်္ဂုလိမာလ၏အန္တရာယ်ကြောင့် ကျေးလက်တောရွာများ၌ နေရဲသူ မရှိသလောက် ဖြစ်လာရ၏။ ရွာသူရွာသား၊ နယ်သူနယ်သားအပေါင်းတို့သည် မိမိတို့တစ်ကိုယ်စာ သယ်နိုင်သမျှသော ပစ္စည်းဥစ္စာများကို သယ်ဆောင်ကာ သာဝတ္ထိမြို့တော်ဆီသို့ ပြေးကြရတော့သည်။

သာဝတ္ထိမြို့တွင် တစ်နေ့ထက်တစ်နေ့ လူဦးရေများလာသဖြင့် နေစရာမရှိ ဖြစ်လာသည်။ ထို့ကြောင့် မြို့၏အပြင်ဘက်တွင် သစ်ခက်တဲများ ထိုး၍ နေကြရ၏။ အချို့တို့က နန်းတော်အနီးရှိ ဟစ်တိုင်သို့သွားရောက်ကာ အင်္ဂုလိမာလ ခိုးသားကြီး၏ အန္တရာယ်ကို အော်ချုပ်သူတို့ကြားသိအောင် ဟစ်အော်ကြတော့သည်။ သို့ဖြင့် ကောသလမင်းကြီးသည် အင်္ဂုလိမာလ၏သတင်းကို ကြားသိပြီး နောက်တစ်နေ့ နံနက်စောစောတွင် တစ်မြို့လုံးသို့ စည်လည်စေ၏။

http://www.dhammadownload.com

"အင်္ဂုလိမာလကြီးကို လျင်မြန်စွာ ဖမ်းရန် စစ်သည် ဗိုလ်ပါအပေါင်းတို့ စုဝေးကြကုန်"ဟု မင်းကြီးက မြို့တွင်းသို့ လှည့်လည် ကြွေးကြော်စေ၏။ အင်္ဂုလိမာ၏ မိခင် ပုဏ္ဏေးမကြီးသည် စည်လည်သော ထိုအသံကို ကြားသိရသဖြင့် ဖခင်ဖြစ်သူ ဘဂ္ဂဝပုဏ္ဏားနှင့် ဤသို့ တိုင်ပင်၏။

"အို ဖခင်၊ သင်၏သားကြီး အဟိ သုကသည် အင်္ဂုလိမာလ ဟူသော အမည်ဖြင့် လူများကိုသတ်ကာ လက်ညှိုးများ ဖြတ်ယူနေသည်ဟု ကြားရသည်။ သူ့ကို ဤသို့ မပြုအောင် ဖျောင်းဖျတားမြစ်ပြီး မိဘတို့ရှိရာ ခေါ်လာခဲ့ပါတော့။ ကောသလမင်းကြီးက သူ့ကို သတ်ပစ်ရန် စီစဉ်နေပါပြီ"ဟု တိုက်တွန်း၏။

ပုဏ္ဏားကြီးက "လူမိုက်မည်သည် မည်သူ့ကိုမျှ ညာတာထောက်ထားတတ်သူ မဟုတ်၊ သူ့လိုဘပြည့်ရေးသာ ကြည့်တတ်သည်။ ငါ့ကို တွေ့လျှင်လည်း သတ်လိမ့်မည်"ဟု ပြောဆိုကာ ပုဏ္ဏေးမကြီး၏ စကားကို ငြင်းပယ်လိုက်သည်။

ပုဏ္ဏေးမကြီးမှာမူ မိခင်တို့၏ချစ်ခြင်းမေတ္တာကြောင့် သားအပေါ် အပြစ် မမြင်နိုင်ပေ။ ထို့ကြောင့် သားကို ခေါ်ဆောင်ရန် သားရှိရာသို့ တစ်ယောက်တည်း ထွက်လာခဲ့၏။ ခရီးကား ကြမ်းတမ်းလှတော့၏။

တစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုနေချိန်

ထိုအချိန်တွင် အင်္ဂုလိမာလအတွက် လက်ညှိုးတစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုတော့သည့်အချိန် ဖြစ်သည်။ သို့ဖြစ်၍ 'ဤယနေ့၊ ဤနေရာသို့ ရှေးဦးစွာ ရောက်လာသူ မည်သူ့ကိုမဆို အမိအရဖမ်း၍ သတ်မည်၊ လိုနေသော လက်ညှိုး တစ်ထောင် ပြည့်အောင်ဖြည့်မည်'ဟု သူ ဆုံးဖြတ်ချက် ချထားလေသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်အတွင်းရှိ ဂန္ဓကုဋိတိုက်တော် အတွင်းမှ ရွှေဉာဏ်တော် ကွန်ယက်ကို ဖြန့်ကြက်၍ ကြည့်တော်မူလေသော် အင်္ဂုလိမာလတို့ သားအမိကို မြင်တော်မူ၏။

အင်္ဂုလိမာလသည် သူ၏မိခင်ကို မြင်လျှင် ၈ကန်မုချ သတ်ဖြတ်ပေတော့မည်။ ဤသို့ သတ်ဖြတ်လျှင် မိခင်ကြီးလည်း သေဆုံးရ၍ အင်္ဂုလိမာလ၏ အရဟတ္တဖိုလ်မျိုးစေ့လည်း ပျက်စီးရတော့မည်'ဟု ဆင်ခြင်တော်မူကာ ကွာဝေးလှသောခရီးကြမ်းကို တစ်ပါးတည်း ကြွတော်မူလာခဲ့သည်။

http://www.dhammadownload.com

ဘုရားရှင်နှင့် မိခင်တို့ရောက်လာ

ဇာလိန တောအုပ်အနီးသို့ရောက်သော် ဘုရားရှင်အား တွေ့ကြသူများက တောအုပ်ထဲသို့ မဝင်ရန် လျှောက်ထားကြ၏။ ဘုရားရှင်ကား တည်ကြည်အေးချမ်း ငြိမ်သက်သော ဣန္ဒြေတော်ဖြင့် ဆက်လက်၍သာ တောအုပ်သို့ ကြွလာတော်မူသည်။

မိခင်ပုဏ္ဏားမကြီးသည်လည်း ထိုအချိန်မှာပင် ဇာလိနတောအုပ်သို့ ရောက်ရှိလာ၏။ "ငါ့သားကလေး အဟိံသက၊ သင့်ကိုဖမ်းရန် ကောသလမင်းကြီး ကိုယ်တော်တိုင် စစ်တပ်ကြီးများဖြင့် ချီတက်လာပြီ၊ အမေနှင့်အတူ ပြန်လိုက်ခဲ့ပါတော့" ဟု တကြော်ကြော် အော်ဟစ်၍ အင်္ဂုလိမာလ ရှိရာဆီသို့ ဦးတည်လာခဲ့သည်။

* အင်္ဂုလိမာလသည် ယိမ်းယိမ်းယိုင်ယိုင်ဖြင့် လျှောက်လာနေသော သက်ကြားအို မိခင်ကြီးကို မြင်၏။ သူ့မိခင်ကြီး ဟူ၍လည်း သေသေချာချာသိ၏။ သို့ရာတွင် သူသည် မိခင်တို့၏ အနန္တမေတ္တာနှင့် ကရုဏာစကားကို သတိမရတော့။ သူ့အတွက် လိုအပ်နေသော လက်ညှိုးတစ်ချောင်းပြည့်အောင် သတ်ဖြတ်ယူဖို့ရန်သာ သိမြင်နေသည်။ "သို့ဖြစ်၍ သွေးများပေကျံနေသော ဓားကြီးကို ကောက်ကိုင်ကာ မိခင်ရှိရာသို့ တဟုန်ထိုး ထ၍ လိုက်လေတော့သည်။

ထိုအချိန်တွင် သားရောမိခင်ပါ မြင်နိုင်သည့် နေရာတစ်နေရာမှ ဘုရားရှင်သည် ရုတ်တရက်ပေါ်ထွက်တော်မူလာသည်ကို သားအမိနှစ်ယောက်စလုံးတို့ မြင်ကြရသည်။

ဘုရားရှင်ကို သဲကြီးမဲကြီးလိုက်ပြီ

ဤတွင် လူကြမ်းကြီး အင်္ဂုလိမာလသည် "မိခင်ကို သတ်မည့်အစား၊ ယခုပင် ရုတ်တရက်ပေါ်လာသူ ဤရဟန်းကိုပင် သတ်၍ လက်ညှိုးဖြတ်တော့မည်" ဟု ဆုံးဖြတ်ကာ ဘုရားရှင်ကိုသာ သဲကြီးမဲကြီး လိုက်လေတော့သည်။

အင်္ဂုလိမာလသည် အားခွန်ဗလ သန်စွမ်းသူ ဖြစ်သည်။ မည်သည့်သတ္တဝါကို မဆို အမီလိုက်၍ ဖမ်းနိုင်၏။ သို့ပါလျက် ဘုရားရှင်ကို သူ လိုက်၍ မမီနိုင်ဖြစ်

---

* **မှတ်ချက်။** ။အထက်ပါစကားရပ်တို့မှာ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနှင့်အနည်းငယ်ကွဲလွဲနေပါသည်။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၂၃၁ ၌ မိခင်သည်လည်း ရှစ်ဥသဘရှိသောတောခြားလျက်နေသောကြောင့် သားကိုလိုက်ရှာသော်လည်း မတွေ့ရ၍ ထိုနေရာမှပင် ပြန်လာခဲ့ရ၏ဟု ပါရှိသည်။ အင်္ဂုလိမာလ မိခင်နှင့်တွေ့သည်၊ သတ်ဖို့လိုက်သည်ဟူသော အကြောင်းအရာ မပါပေ။



မိခင်နှင့်သားတို့အကြားသို့ရောက်လာသောဘုရားရှင်အား လက်ညှိုးဖြတ်ရန် အင်္ဂုလိမာလကြီးပြေးလာပုံ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

နေသည်။ မီနိုး မီနိုးနှင့် အားသွန်ခွန်စိုက် လိုက်လာခဲ့ရာ မမော စဖူး ထူးထူးခြားခြား သူ မောဟိုက်၍လာ၏။

သို့ဖြစ်၍ သူက "အသင်ရဟန်း ရပ်လော့၊ မပြေးနှင့် ရပ်လော့" ဟု အော်ဟစ်လိုက်ရာ ဘုရားရှင်က "အဂ်ုလိမာလ၊ ငါဘုရားကား ရပ်နေ၏။ သင်သာလျှင် မရပ်မနား ပြေးသွားနေသူ ဖြစ်သည်" ဟု တည်ကြည်သောအသံဖြင့် ပြန်လည်၍ မိန့်ကြား တော်မူလိုက်သည်။

ဤတွင် အဂ်ုလိမာလသည် ဘုရားရှင်၏စကားကို မုသာဝါဒဟု ရှုမြင်ပြီးလျှင် "အသင်ရဟန်း၊ ငါသည် တစ်ဟုန်ထိုးပြေးနေသော ဆင်ပြောင်ကြီးကိုလည်း အမီလိုက်နိုင်၏။ အပြေးသန်လှသော တောမြင်းများကိုလည်း အမီလိုက်၍ ဖမ်းနိုင်၏။ သို့ပါလျက် သင်ရဟန်းကိုကား လိုက်၍ မမီနိုင်။ သင်သည်သာ တစ်ဟုန်ထိုးပြေးနေသည်။ သို့ပါလျက် အသင် ရဟန်းသည် အဘယ်ကြောင့် မုသားစကား ပြောကြားရသနည်းဟု ပြောသည်။

"အဂ်ုလိမာလ၊ ငါ ဘုရားသည် သတ္တဝါ အားလုံးတို့အပေါ်၌ သတ်ဖြတ် နှိပ်စက်ခြင်းကို ပယ်စွန့်ထားပြီးဖြစ်သည်။ ထို့ကြောင့် ငါသည် အခါခပ်သိမ်း ရပ်နေသူ ဖြစ်၏။။ သင်သည်သာ သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ကာ ဘဝတစ်ခုမှ အခြားဘဝတစ်ခုသို့ တစ်သံသရာလုံး ပြေးသွားနေသူ ဖြစ်သည်" ဟု ဘုရားရှင်က မိန့်ကြားလိုက်သည်။

ဘုရားရှင်၏စကားကို ကြားလိုက်ရသော် အဂ်ုလိမာလ၏ ဉာဏ်မီးခဲပေါ်၌ ဖုံးလွှမ်းထားသော အကုသိုလ်ပြာမှုန့်များ လွင့်စဉ်သွားကြ၏။ စောစောပိုင်းတုန်းကပင် ဘုရားရှင်၏အကြောင်း၊ ဘုရားရှင် ဟောကြားသော တရားတော်များ အကြောင်းကို သူ ကြားဖူးနားဝတော့ ရှိခဲ့ဖူး၏။ ယခု ဟောကြားသော တရားတော်ကို ကြားနာလိုက်ရသောအခါမူကား "ဤသူကား အခြားမဟုတ်၊ ဂေါတမနွယ်ဖွား၊ ဘုရားစင်စစ်ဧကန်ဖြစ်ပေသည်။ ငါ့အတွက် ဤတောထဲသို့ ကြွရောက်တော် မူလာပေသည်တကား" ဟု သဘောပေါက်လာတော့သည်။

ဓားကိုပစ်ချပြီး ရဟန်းပြုပေးဖို့ ပန်ကြားပြီ

သို့ဖြစ်၍ လည်ပင်းမှာ ပန်းကုံးကဲ့သို့ ဆွဲသီထားသော လက်ညှိုးများနှင့် ဓားတို့ကို တောင်ချောက်ကြားသို့ ပစ်ချပြီးလျှင် ဘုရားရှင်ခြေတော်ရင်း၌ ဝပ်စင်းကာ ရဟန်းပြုပေးရန် သူ ပန်ကြားလေသည်။ ဘုရားရှင်က ဧဟိဘိက္ခုဟု ခေါ်တော်မူလိုက်ရာ ထိုခဏမှာပင် လူ့အသွင် ကွယ်ပျောက်ပြီး ဣန္ဒြေသိက္ခာရှိသော ရဟန်းအသွင် ရောက်ခဲ့လေသည်။

F-70A ထေရအပဒါန်

http://www.dhammadownload.com

ကောသလမင်းကြီးနှင့်လည်း တွေ့ပြီ

ဖေဟိဘိက္ခုရဟန်း ဖြစ်ပြီးနောက် အရှင်အဂုံလိမာလသည် ဘုရားရှင်၏ နောက်တော်ပါးမှ လိုက်ပါလာခဲ့၏။ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ၍ မကြာမီမှာပင် စစ်တပ်ကြီးများကို ဦးဆောင်၍ ချီတက်လာခဲ့သော ကောသလမင်းကြီးသည်လည်း ဘုရားရှင်ထံ ဝင်ရောက်လာသဖြင့် မင်းကြီးနှင့်လည်း တွေ့လေပြီ။

ဘုရားရှင်က "မင်းကြီး၊ စစ်တပ်ကြီးများနှင့်တကွ သင်မင်းကြီး သွားရောက် နှိမ်နင်းရမည့် အဂုံလိမာလသည်ကား ဤရဟန်းပင်တည်း"ဟု အဂုံလိမာလ ကိုယ်တော်ကြီးကို ညွှန်ပြတော်မူလိုက်၏။ ကောသလမင်းကြီးသည် အရှင်အဂုံလိမာလကို ကြည့်ရှုကာ ထိတ်ထိတ်လန့်လန့် ဖြစ်သွားသေး၏။ ဘုရားရှင်က "မင်းကြီး ယခုအခါ ဤရဟန်းသည် ထိတ်လန့်ဖွယ် ပုဂ္ဂိုလ်တစ်ယောက် မဟုတ်တော့ပြီ၊ ယဉ်ကျေးသိမ်မွေ့သော ရဟန်းတစ်ပါးဖြစ်နေပြီ"ဟု မိန့်ကြားတော်မူလိုက်သည်။

ဤသို့ဖြင့် နောက်ပိုင်းတွင် အဂုံလိမာလသည် ဇေတဝန်ကျောင်းတော်မှာနေ၍ သာဝတ္ထိမြို့တော်အတွင်းသို့ ဆွမ်းခံဝင်၏။ သာဝတ္ထိမြို့တော်မှ လူအများတို့သည် ရဟန်းသံဃာကို ကြည်ညိုကြသော်လည်း ဤအရှင်မြတ် အဂုံလိမာလကိုတော့ မကြည်ညိုနိုင်ကြပေ။ လူဆိုးကြီးဘဝတုန်းက သူသတ်ခဲ့သောလူများတွင် သူတို့၏ ဆွေမျိုးများလည်း ပါဝင်နေကြ၏။ သို့ဖြစ်၍ ထိုသူတို့က အရှင်မြတ် ကြီးအား ဆွမ်းတစ်ဇွန်းမျှ မလောင်းကြပေ။ အရှင်မြတ်ကြီး ကြွလာကြောင်းကို သိလျှင် အဝေးကပင် ရှောင်ကြ၏။ တံခါးများကို ပိတ်ထားကြ၏။ တချို့က ခဲ၊ တုတ် စသည်ဖြင့်ပင် ပစ်ခတ်သေးသည်။

ထိုသို့ကြုံသော်လည်း အရှင်မြတ်ကြီးကား စိတ်ဆင်းရဲမှု မဖြစ်ခဲ့ပေ။ သူပြုခဲ့သော အကြောင်းတရားများ၏ အကျိုးဆက်သာ ဖြစ်သည်ဟု အရှင်မြတ်ကြီး ဆင်ခြင်ကြည့်လိုက်သည်။

သို့ရာတွင် ကမ္မဋ္ဌာန်းအလုပ်လုပ်ရန် အားထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် အတိတ်က ဆိုးခဲ့သော အာရုံများက အစီအရီ ပေါ်လာကြ၏။ အသက်ချမ်းသာပေးရန် တောင်းပန်ကြသူများ၊ သွေးသံရဲရဲနှင့် အတုံးအရုံး သေဆုံးနေကြသူများ စသည်တို့ကသာ မထေရ်ကြီး၏စိတ်ကို လွှမ်းမိုးနေကြသည်။

http://www.dhammadownload.com

သို့ဖြစ်သော်လည်း အရှင်အဂ်ုလိမာလသည် ဆွမ်းခံဝတ်ကို အပျက်မခံ။ မိမိအား မလိုလားသူများအပေါ် မေတ္တာထားကာ ဆွမ်းခံဝင်မြဲဝင်၏။ တစ်နေ့ အိမ်တစ်အိမ်ရှေ့ ရောက်သောအခါ သားမဖွားနိုင်သော ကိုယ်ဝန်သည် တစ်ဦး၏ အော်ဟစ်ညည်းညူသံကို မထေရ်ကြီး ကြားရ၏။

ဤအကြောင်းကို အဂ်ုလိမာလကမထေရ်ကြီး ဘုရားရှင်ထံ လျှောက်ထားလေရာ ဘုရားရှင်က အရှင်မြတ်ကြီးအား အဂ်ုလိမာလ ပရိတ်တော်ကို သင်ကြားပေးတော်မူသည်။

အရှင် အဂ်ုလိမာလသည် ကိုယ်ဝန်သည်၏အိမ်သို့ ကြွရောက်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်လျက် အဂ်ုလိမာလ ပရိတ်တော်ကို ရွတ်ဖတ်ပေးတော်မူရာ မွေးဖွားရန် အခက်ကြုံနေရသော အမျိုးသမီးသည် သားသမီးရတနာကို ချောမော လွယ်ကူစွာ မွေးဖွားလေတော့သည်။

ဤသို့ ဆောင်ရွက်တော်မူလာသောအခါ အရှင်အဂ်ုလိမာလကို လူအများတို့ ကြည်ညိုလာကြလျက် ဆွမ်းဘောဇဉ်စသည့် လှူဖွယ်တို့ကိုလည်း လှူကြသည်။

ကိုယ်ဝန်သည်အပေါင်း၏ ကောင်းကျိုးချမ်းသာကို ပြုလုပ်နိုင်ပြီဖြစ်၍ အရှင်အဂ်ုလိမာလ၏ စိတ်နှလုံးမှာလည်း အနှောင့်အယှက်များ ကင်းစင်သွားကြပြီ၊ ကမ္မဋ္ဌာန်းတရားပွားများ အားထုတ်တိုင်း အတိတ်မှ အာရုံဆိုးများ ပေါ်မလာတော့ဘဲ အာရုံသည် တည်ငြိမ်လာ၏။ သို့ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်၍ စီးဖြန်းလေရာ မကြာမီမှာပင် အရှင်အဂ်ုလိမာလထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အဂ်ုလိမာလပရိတ်တော်

၁။ ပရိတ္တံ ယံ ဘဏန္တိ သေ၊ နိသိန္နဋ္ဌာနမောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တခ်ဏေ။
ထေရဿ'င်ုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ' မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ယတော' ဟံ ဘဂိနိ
အရိယာယ ဇာတိယာဇာတော
နာဘိဇာနာမိ သဉ္စိစ္စပါဏံ
ဇီဝိတာ ဝေါရောပေတာ
ဇတေန သစ္စေန သောတ္ထိ တေ ဟောတု
သောတ္ထိ ဂဗ္ဘဿ။

http://www.dhammadownload.com

အို... သူတော်ကောင်းတို့ အဂ္ဂိလိမာလ ပရိတ်တော်ကို ရွတ်ဆိုသောပုဂ္ဂိုလ်၏ နေရာထိုင်ခုံကို ဆေးကြောထားသောရေသည်ပင် ဘေးဥပဒ်တို့ကို ကင်းပျောက်စေနိုင်သည်။

အဂ္ဂိလိမာလပရိတ်ကို ရွတ်ဆိုလိုက်သည်နှင့် ကိုယ်ဝန်သည် အလွယ်တကူ ဖွားမြင်၏။ ဘုရားရှင်က အဂ္ဂိလိမာလအား ဟောထားသော ကမ္မာကုန်ကျယ်သရွေ့ အစွမ်းထက်သော ထိုအဂ္ဂိလိမာလပရိတ်တော်ကို ငါတို့ရွတ်ဆိုကြကုန်အံ့။

အို... နမ၊ ငါသည် အရိယာဇာတ်၊ အရိယာအနွယ်ဖြစ်သည့် ရဟန်းဘဝကို ရသည့်နေ့မှစ၍ သေစေလိုသည့် စေတနာကြောင့် သတ္တဝါတို့ကို မသတ်ခဲ့ဖူးပေ။ ဤမှန်သောသစ္စာစကားကြောင့် သင်ရော (ငါရော) ကလေးပါ အသက်ချမ်းသာရာ ရကြပါစေ။

စင်စစ်အားဖြင့် အဂ္ဂိလိမာလထေရ်၏ သစ္စာစကားကြောင့်သာလျှင် မိခင်ရော ကလေးပါ အသက်ချမ်းသာရာရသည်ဟု မှတ်သားနိုင်သည်။

အရှင်အဂ္ဂိလိမာလထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်တိဿထေရ် အပဒါန်ဝတ္ထု

အရှင်တိဿထေရ်သည် ဘုရားရှင်၏ တစ်ဝမ်းကွဲညီတော် ဖြစ်သည်။ မျိုးရိုးအတွက် မာန်တက်၍နေသဖြင့် ဘုရားရှင်က မာန်ကျစေရန် တရားဓမ္မ ဟောကြားသည့်အခါ သံဝေဂရလာခဲ့သော အရှင်မြတ်တစ်ပါး ဖြစ်သည်။

တိဿဘုရားရှင်လက်ထက်

ဤအရှင်မြတ်လောင်းလျာသည် တိဿ ဘုရားရှင်၏ လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက်ဖြစ်ခဲ့၏။ ထိုအမျိုးကောင်းသားသည် တိဿဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်ရင်းရှိ သစ်ရွက်ခြောက်များကို ရှင်းလင်းစွန့်ပစ်ကာ သန့်ရှင်းစင်ကြယ်အောင် အမြဲပြုပြင်သုတ်သင်ခဲ့သည်။

http://www.dhammadownload.com

အရှင်တိသဿထေရ်အပဒါန်ဝတ္ထု

ဤဘုရားရှင်၏ လက်ထက်တော်တွင်မူ ဘုရားရှင်၏ မိထွေးတော် ဖြစ်သည့် အမိတာဂေါတမီ၏ သားဖြစ်လာခဲ့သည်။ အမည်အားဖြင့် တိသဟု ခေါ်ခဲ့ကြသည်။

ညီတော်တိသသည် ဘုရားရှင်ကို အတုယူကာ ရဟန်းပြု၏။ ရဟန်းပြုပြီး လျှင်ပင် အရှင်တိသသည် တောရဆောက်တည်လျက်နေ၏။

သို့ရာတွင် ရဟန်းတရားကိုကား ကြိုးကြိုးစားစား အားမထုတ်ဘဲ မိမိ၏ သက္ကသာကီဝင်ဟူသော မျိုးရိုးဂုဏ်ကို အားကိုးကာ မာန်မာန ထောင်လွှားနေသည်။ အမျက်မာန်စောင် ကြီးမားလှသူဖြစ်၏။ သူတစ်ပါးကို အထင်သေး အမြင်သေးကာ ကဲ့ရဲ့ရှုတ်ချရန်သာ စိတ်စောနေသူ ဖြစ်သည်။

တစ်နေ့သ၌ ဘုရားရှင်သည် ပါးစပ်ကြီးဟောင်းလောင်းဖြင့် နေ့လယ်နေခင်း တွင် အိပ်ပျော်နေသော အရှင်တိသကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူသွားသည်။ သို့ဖြင့် ဘုရားရှင်သည် သာဝတ္ထိမြို့တော်မှ ထိုမထေရ်ရှိရာ အရပ်သို့ ကောင်းကင် ခရီးဖြင့် ကြွတော်မူလာခဲ့သည်။

အရှင်တိသနေထိုင်ရာသို့ ရောက်လတ်သော် ကောင်းကင်မှာပင် ရပ်တန့် လျက် ရောင်ခြည်တော်များ လွှတ်တော်မူသည်။ ရောင်ခြည်တော်များ ငင်းလက်နေသည်ကို တွေ့မြင်သဖြင့် အရှင်တိသ နိုးကြားလာသည်။ ထိုအခါ ဘုရားရှင်သည် အရှင်တိသ သတိရစေရန် ဤသို့ သြဝါဒစကား မြွက်ကြားတော် မူသည်။

ဘုရားရှင်၏ သြဝါဒ

"လုံ့ဖြင့် အထိုးခံရသောသူသည် ထိုဒဏ်ရာကို ဆေးကုရန် အလျင်အမြန် ကြိုးစားရသကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံနေရသော သူသည် ထိုမီးငြိမ်းသွားစေရန် အလျင်အမြန် ကြိုးစားရသကဲ့သို့လည်း ကောင်း၊ ရဟန်းသည် ကာမရာဂကို ပယ်စွန့်နိုင်ရန် သတိမြဲမြံထား၍ ကြိုးစား အားထုတ်ရာ၏"

ဤသို့အားဖြင့် ဘုရားရှင်သည် အရှင်တိသ၏ သဏ္ဌာန်၌ အမြဲလောင်မြိုက် နေသော ကိလေသာ၊ တဏှာ၊ မာန၊ ရာဂမီးများကို စွန့်ပယ်ငြိမ်းသတ်ရန် ဟောကြားတော်မူ၏။

အရဟတ္တဖိုလ်ရပြီ

အရှင်တိသသည် ဤဒေသနာတော်ကို ကြားနာရစဉ်မှာပင် သတိသံဝေဂ ရရှိကာ ဝိပဿနာတရားများကို ခန္ဓာဉာဏ်ရောက် အားထုတ်သည်။ ဒေသနာတော်

http://www.dhammadownload.com

အဆုံးဌ် အရှင်တိဿသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ ရဟန္တာပုဂ္ဂိုလ် ဖြစ်လေပြီးသော အရှင်တိဿ သည် မိမိ၏ အရဟတ္တဖိုလ်ကို ဝန်ခံပြောကြားသည့် အနေဖြင့် လည်းကောင်း ဘုရားရှင်ကို ပူဇော်လိုသဖြင့် လည်းကောင်း ဤဒေသနာတော်ကိုပင် ရွတ်ဆိုဟောကြားလေ၏။

အရှင်တိဿထေရ် အပါဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဝမ္မာနထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် တိဿဘုရားရှင် လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရ၏။ ထိုအမျိုးကောင်းသား အရွယ်ရောက်လာသောအခါ ဆွမ်းခံဝင်နေတော်မူသော တိဿဘုရားရှင်ကို ဖူးမြင်ရရာမှ ကြည်ညိုသဒ္ဓါ ထက်သန်လာသဖြင့် အလိုလိုကြွေကျသော သရက်သီးမှည့်များကို ကောက်ယူကာ လှူဒါန်းခဲ့ဖူး၏။

ငါတို့ ဘုရားရှင်၏လက်ထက်တော်တွင်မူ သူသည် ဝေသာလီမြို့တော်ရှိ လိစ္ဆဝီမင်းမျိုးတွင် လူဖြစ်လာခဲ့ကာ ဝမ္မာနဟု အမည်တွင်ခဲ့လေသည်။

သူအရွယ် ရောက်လာသောအခါ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာတစ်ယောက်ဖြစ်လာ၏။ ရသေ့ ရဟန်းစသော သူများအား ပစ္စည်းလေးပါး လှူဒါန်း၏။ လှူဒါန်းခြင်းဌ် မွေ့လျော်၏။ သံဃာအား ပစ္စည်းလေးပါးတို့ဖြင့် အလုပ်အကျွေးဖြစ်၏။

ရဟန်းဆိုးတို့ အပေါင်းပါဖြစ်ခဲ့

သို့ရာတွင် ဆဗ္ဗဂို့အုပ်စုဝင်ဖြစ်သော မေတ္တိယဘူမဇက ရဟန်းဆိုးတို့၏ အပေါင်းပါ ဖြစ်ခဲ့၏။ မေတ္တိယဘူမဇက ရဟန်းတို့သည် စာရေးတံမဲကျရာ ဆွမ်းဒါယကာအိမ်သို့ ဆွမ်းစားသွားကြသည်။ ဆွမ်းဒါယကာက သူတို့ကို မကြည်ညိုသဖြင့် အိမ်အပြင်မှာပင် သူတို့ကိုထားကာ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ ကျွေးခဲ့၏။

http://www.dhammadownload.com

ဤတွင် ထိုရဟန်းဆိုး နှစ်ပါးသည် "စာရေးတံမဲ ချပေးသော အရှင်ဒဗ္ဗသည် ဤဒါယကာ၏သဒ္ဓါတရားကို ဖျက်ဆီးထား၍ သူတို့ ဤသို့ဖြစ်ရသည်" ဟု ယူဆကာ အရှင်ဒဗ္ဗကို ပထမပါရာဇိကဖြင့် စွပ်စွဲကြ၏။ နှစ်ကြိမ်တိုင်တိုင် စွပ်စွဲ၍ မအောင်မြင်သဖြင့် မိမိတို့ ဒါယကာ တစ်ဦးဖြစ်သော ဝမုမာနကို အကူအညီတောင်းကာ အရှင်ဒဗ္ဗကို ချောက်တွန်းကြ၏။

မယားဖြင့် စွပ်စွဲခဲ့

ဝမုမာနသည် ဆဗ္ဗဂ္ဂိအုပ်စုဝင် မေတ္တိယဘူမဇက ရဟန်းဆိုးတို့ တိုက်တွန်းသည့်အတိုင်း အရှင်ဒဗ္ဗအား သူ၏မယားနှင့်သမုတ်၍ စွပ်စွဲလိုက်၏။ ဤအမှုကို ဘုရားရှင်ကိုယ်တော်တိုင် စစ်ဆေးတော်မူရာ အမှုမှန်ပေါ်ပေါက်လာသဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲလာသော ဝမုမာနအား သံဃာက သပိတ်မှောက်ကံ ပြုတော့သည်။

သို့ဖြင့် ဝမုမာနအား သံဃာတို့က လုံးဝ အဆက်အဆံ မပြုတော့ချေ။ သပိတ်မှောက်ကံ ပြုထားခံရသူဖြစ်သောကြောင့် သူ၏ပစ္စည်းလေးပါးကိုလည်း သံဃာတို့က အလှူမခံတော့။

ဤတွင် ဝမုမာနသည် စိတ်ထိခိုက်လွန်းသဖြင့် မိန်းမောကာ လဲကျသွား၏။ ဤသို့ဖြင့် ထိုညနေတွင် ဆံပင်နှင့် အဝတ်များတွင် ရေရွဲရွဲစိုအောင် သွန်းလောင်းကာ ဆွေမျိုးများနှင့်တကွ ကျောင်းတော်သို့ လာရောက်လျက် သံဃာတော်တို့အား တောင်းပန်ဝန်ချသည်။ ဤတွင်မှ သပိတ်မှောက်ကံ ပြေငြိမ်းသွား၏။

ထို့နောက် ဝမုမာနသည် သတိသံဝေဂ ဖြစ်ပွားကာ သာသနာတော်၌ ရဟန်းပြု၏။ ရဟန်းဘဝ ရောက်လာသည်တွင်ကား အရှင်ဝမုမာနသည် ရဟန်းတရားကို ကြိုးကြိုးစားစား အားမထုတ်။ အိပ်ငိုက်ခြင်းဟူသော ထိနမိဒ္ဓ ထူပြောကာ အချိန်ဖြုန်းနေ၏။

ဤတွင် ဘုရားရှင်သည် အရှင်တိဿတုန်းကကဲ့သို့ အရှင်ဝမုမာနထံ ကြွရောက်ကာ တရားဟောကြားတော်မူလေသည်။

ဘုရားရှင်ဟောသောတရား

"လုံ့ဖြင့် အထိုးခံရသောသူသည် ထိုဒဏ်ရာကို ဆေးကုရန် အလျင်အမြန် ကြိုးစားရသကဲ့သို့ ဦးခေါင်း၌ မီးလောင်ခံရသောသူသည် ထိုမီးငြိမ်းစေရန် အလျင်

http://www.dhammadownload.com

အမြဲန် ကြိုးစားရသည်။ ထို့အတူ ရဟန်းသည် ရူပရာဂ၊ အရူပရာဂကို ပယ်စွန့်နိုင်ရန် သတိမြဲစွာထား၍ အားထုတ်ရာ၏"

ထိုသို့ ဘုရားရှင်၏ ဒေသနာတော်ကို ကြားနာရသောအခါ အရှင်ဝမုမာနသည် သတိ သံဝေဂရလာသဖြင့် ဝိပဿနာတရားကို ကြိုးစားပွားများ အားထုတ်သည်။ မကြာမီ မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

အရှင်ဝမုမာနသည် လိစ္ဆဝီမင်းသားဘဝတွင် ရဟန်းဆိုးတို့ ခိုင်းစေရာ ပြုလုပ်မိသဖြင့် သပိတ်မှောက်ကံ ပြုခဲ့ခဲ့ရသူဖြစ်သည်။ သို့သော် နောက်ဆုံး၌ အမှန်သိမြင်ကာ ရဟန္တာဖြစ်ခဲ့သည်။

' အရှင်ဝမုမာနထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ရမဏီယဝိဟာရီထေရ် အပဒါန်ဝတ္ထု

ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်လောင်းလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရ၏။

ထိုအမျိုးကောင်းသားသည် ဝိပဿီဘုရားရှင်၏ ခြေတော်ရာကို တွေ့မြင်ရာမှ ခြေတော်ရာများအတိုင်း လိုက်သွားသည်။ ထိုအခါ ဝိပဿီဘုရားရှင်ကို ဖူးမြင်ရ၏။ ဘုရားရှင်ကို ကြည်ညိုစိတ်များ ဖြစ်ပွားလာသဖြင့် ထိခြင်းငါးပါးတို့ဖြင့် ရိုသေစွာ ရှိခိုးဦးချပြီး လိပ်ဆူးရွေပန်းတို့ဖြင့် ဘုရားရှင်ကို ပူဇော်ခဲ့၏။

ငါတို့ ဘုရားရှင် လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော်၌ သူဌေးသားတစ်ယောက် ဖြစ်လာခဲ့ရပြန်သည်။ သူဌေးသားသည် ဥစ္စာပစ္စည်းကလည်း ပေါ။ အရွယ်ကလည်း ကောင်းတုန်းမို့ ဥစ္စာမာန်၊ အရွယ်မာန်ယစ်ကာ ကာမဂုဏ် ရေယာဉ်ကြောတွင် မျောချင်တိုင်း မျောလျက် နေထိုင်၏။ ထိုသို့ရှိစဉ် တစ်နေ့သော အခါ သူတစ်ပါးမယားနှင့် ဖောက်ပြားကျူးလွန်သော ရာဇဝတ်သားတစ်ယောက်ကို မင်းမူထမ်းတို့က အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းသည်ကို တွေ့မြင်ရသဖြင့် ကြောက်လန့်စိုးရွံ့ကာ သံဝေဂဖြစ်ပွားရာမှ ဘုရားရှင်ထံ ရောက်လာပြီး တရား

http://www.dhammadownload.com

နာဓ၏။ တရားတော်ကို သဘောကျနှစ်ခြိုက်သဖြင့် သာသနာတော်၌ ရဟန်းဖြူသည်။ ရဟန်းပြုပြီးသော်လည်း ထိုအရှင်သည် ရာဂစရိုက် ထူပြောသူ ဖြစ်၍ သူ့ကျောင်းဝင်းကို အမြဲတစေ သန့်ရှင်းသပ်ရပ်နေစေရန် တံမျက်လှည်းသည်။ သောက်ရန် သုံးဆောင်ရန် ဒရကိုလည်း ပြည့်စုံအောင် ခပ်ထည့်ထားသည်။ ညောင်စောင်းအင်းပျဉ်းကိုလည်း သပ်ရပ်စွာ ခင်းကျင်းထား၏။ ထို့ကြောင့် အရှင် ရမဏီယဝိဟာရီဟူ၍ ဘွဲ့မည်ထင်ရှားလာခဲ့သည်။

မသင့်မတင့် နှလုံးသွင်းမိ၍

တစ်နေ့တွင် အရှင်ရမဏီယဝိဟာရီသည် ကာမရာဂများ ထကြွလာသဖြင့် မသင့်မတင့် နှလုံးသွင်းကာ သိလျက်နှင့် သုတ်လွှတ်သော သံဃာဒိသိသ်အာပတ် သင့်ခဲ့၏။ ဤတွင် ဒါယကာ ဒါယိကာမတို့ သဒ္ဓါ၍ ပေးလှူသော ဆွမ်းဘောဇဉ်ကို စားရသော ငါသည် ရွံရှာဖွယ် ရှိပေစွတကားဟု သူ့ကိုသူ နှလုံးမသာမယာ ဖြစ်မိသည်။ သာသနာတော်၌ မပျော်နိုင်တော့သဖြင့် လူထွက်ရန် ကျောင်းမှ ထွက်လာခဲ့၏။ ဤသို့ ထွက်လာခဲ့၍ တစ်နေရာသို့ ရောက်လတ်သော် ခရီးပန်းသဖြင့် သစ်ပင်တစ်ပင်အောက်တွင် ထိုင်၍ နားနေလေသည်။

လဲရာမှ ပြန်ထလာသော နွားလားကြီး

ထိုအချိန်တွင် ထိုလမ်းမတစ်လျှောက်၌ နွားလှည်းများ မောင်းလာကြသည်။ လှည်းတစ်စီးမှ နွားလားကြီးတစ်ကောင်သည် ခလုတ်တိုက်မိကာ လဲကျသွားသည်။ လှည်းသမားတို့သည် ထိုနွားကြီးအား ထမ်းပိုးမှဖြုတ်ပြီးလျှင် အစာကျွေး၏။ ရေတိုက်ကြ၏။ နွားကြီးသည် မြက်စား၊ ရေသောက်၍ အမောအပန်း အပင်ပန်း ပြေပျောက်သွားသောအခါ သူ့ဘာသာ အားယူ၍ ထလာနိုင်သည်။ ဤတွင် လှည်းသမားတို့က ထိုနွားကြီးကို လှည်းတွင် ပြန်တပ်ကာ ထွက်ခွာသွားကြသည်။

အရှင်ရမဏီယဝိဟာရီသည် နွားလားကြီး၏အဖြစ်ကို ကြည့်ရှုပြီးလျှင် ဤနွားလားကြီးသည် ချွတ်ချော်၍လဲခဲ့ပြီးမှ အားယူ၍ပြန်ထကာ ဝန်ကိုရုန်းနိုင်သေး၏။ ကိလေသာအစွမ်းဖြင့် ချွတ်ချော်ခဲ့ဖူးသော ငါသည်လည်း အားယူ၍ထကာ ရဟန်းတရားအားထုတ်လျှင် ရပေမည်ဟု နှလုံးသွင်းမိကာ ကျောင်းတော်သို့ ပြန်လာ၏။

http://www.dhammadownload.com

ဝိနည်းဓိုရ် ဇာတဒဂ်ရ အရှင်ဥပါလိထံတွင် သူ၏အာပတ်ကို လျှောက်ထား၏။ အရှင်ဥပါလိ မိန့်ကြားသော အာပတ်စင်ကြယ်ရေး ကျင့်သုံးရမည့် ကျင့်ဝတ် အစီအစဉ်များအတိုင်း လိုက်နာကျင့်သုံးသဖြင့် ထိုအာပတ် ပြေပျောက်သွား၏။

ထို့နောက် အရှင်ရမဏီယဝိဟာရီသည် ဝိပဿနာပွားများ အားထုတ်လေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။

ရဟန္တာ အရှင်ရမဏီယဝိဟာရီသည် ဖိုလ်ချမ်းသာကို ခံစားလျက် မိမိ၏ ဘဝတစ်လျှောက် ကျင့်စဉ်များကို ပြန်လည်ဟောပြခဲ့သည်။

အရှင်ရမဏီယဝိဟာရီသည် ကာမဂုဏ်နှင့် ပတ်သက်၍ မသင့်မတင့် နှလုံးသွင်းမိရာမှ အာပတ်သင့်ခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ သို့သော် ထိုအာပတ်ကို ဝိနည်းတရားတော်အတိုင်း ကုစားကာ တရားအားထုတ်ရာမှ ရဟန္တာဖြစ်တော်မူသော မထေရ်ဖြစ်သည်။

အရှင်ရမဏီယဝိဟာရီထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဝန္ဒီပုတ္တထေရ် အပဒါန်ဝတ္ထု

ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်လောင်းလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရ၏။

ထိုအမျိုးကောင်းသားသည် ဝိပဿီဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုသဒ္ဓါ ထက်သန်လာကာ ကံ့ကော်ပန်းဝတ်ဆံတို့ဖြင့် ဘုရားရှင်ကို ပူဇော်လေသည်။ ဤငါတို့ ဘုရားရှင်၏လက်ထက်တော်၌ သူသည် ဝေသာလီမြို့တော်ရှိ အမတ်တစ်ယောက်အိမ်တွင် ဖွားမြင်လာကာ ဝန္ဒီပုတ္တသတို့သားဟု အမည်တွင်လာခဲ့လေသည်။

ဝန္ဒီပုတ္တသည် ရတနာသုတ် ပရိတ်တော် ဟောကြားရန် ဝေသာလီမြို့တော်သို့ ကြွဝင်တော်မူလာသော ဘုရားရှင်၏တန်ခိုးအာနုဘော်ကို ဖူးမြင်ကြည်ညိုရ၍ သာသနာတော်၌ ရဟန်းပြု၏။ ရဟန်းအဖြစ်ကို ရလျှင်ပင် အရှင်ဝန္ဒီပုတ္တသည် ကမ္မဋ္ဌာန်းကို တောင်းခံကာ ဝေသာလီမြို့တော်နှင့် မနီးမဝေးရှိ တောအုပ်သို့ဝင်လျက် ကမ္မဋ္ဌာန်းဘာဝနာ ပွားများနေသည်။

http://www.dhammadownload.com

တစ်ညသောအခါ ဝေဿလီမြို့တော်တွင် ပျော်ပွဲရွှင်ပွဲ ကြီးကျယ်စွာကျင်းပကြသည်။ ထိုပွဲကြီးတွင် ပျော်ရွှင်မြူးထူးစွာ ပါဝင်ဆင်နွှဲကြသော မြို့သူမြို့သားတို့၏ တီးသံမှုတ်သံ၊ သီချင်းသံတို့သည် အရှင်ဝဇီပုတ္တရှိရာသို့ ပျံ့လွင့်လာကြ၏။ အရှင်ဝဇီပုတ္တသည် ထိုအသံများကို နားထောင်မိရာမှ မသင့်မတင့် နလုံးသွင်းမိပြီးလျှင် တောထဲ၌တစ်ပါးတည်း နေရခြင်းကို ပျင်းရိငြီးငွေ့လာသည်။ ထို့ကြောင့် သူက "ငါသည် တောထဲ၌ လူတို့ စွန့်ပစ်ထားခဲ့သော သစ်ကိုင်းကျိုးကဲ့သို့ တစ်ပါးတည်း နေနေရသည်။ ဤကဲ့သို့ ပျော်ပွဲရွှင်ပွဲကြီး ကျင်းပနေသော ညမျိုးတွင် အဘယ်သူသည် ငါတို့ကဲ့သို့ ငြီးငွေ့ဖွယ် နေချင်လိမ့်မည်နည်းဟု ညည်းညူလေသည်။

တောစိုး နတ်သား၏စကားကြောင့်

ထိုတောအုပ်တွင် ကြီးစိုးနေသော တောစိုးနတ်သားသည် ထိုညည်းညူသံကို ကြားရသောအခါ အရှင်ဝဇီပုတ္တအား ကူညီစောင့်ရှောက်လိုသဖြင့် အို...ရဟန်း၊ သင်သည် တောထဲ၌ လူတို့စွန့်ပစ်ထားခဲ့သော သစ်ကိုင်းကျိုးကဲ့သို့ တစ်ပါးတည်း နေရ၏။ သို့ရာတွင် နတ်ပြည်သို့ သွားမည့်သူကို ငရဲသားတို့က လိုလား နှစ်သက်ကြသကဲ့သို့ပင် တောထဲ၌ နေထိုင်သော သင်ရဟန်းကိုလည်း ပညာရှိအများက လိုလားနှစ်သက်ကြပေသည်"ဟု ပြောဆို၏။ ထိုနောက်ဆက်လက်၍ အို... ရဟန်း၊ သင်သည် သံသရာမှ ထွက်မြောက်ရန် သာသနာတော်၌ ဝင်၍ ရဟန်းပြုခဲ့ပါလျက် သံသရာမှ မထွက်မြောက်စေနိုင်သော အတွေးအကြံကို အဘယ့်ကြောင့် တွေးကြံနေဘိသနည်း"ဟု မေးမြန်းပြောဆိုသည်။

နတ်သား၏ သတိပေးစကားကြောင့် အရှင်ဝဇီပုတ္တသည် အသိမှန် ဝင်လာပြီး သံဝေဂရရှိလာသည်။ ထို့နောက် ဝိပဿနာလမ်းကြောင်းပေါ်သို့ သူ၏စိတ်ကို ပြန်လည်တင်ပေးကာ ကြိုးစား၍ ဝိပဿနာပွားများလေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာအရှင် ဝဇီပုတ္တသည် နတ်သား၏စကားကြောင့် သတိ သံဝေဂရကာ ရဟန္တာဖြစ်တော်မူလာသည့် ရဟန္တာထေရ်အရှင်တစ်ပါး ဖြစ်သည်။

အရှင်ဝဇီပုတ္တမထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●

http://www.dhammadownload.com

အရှင်ဝိမလကောဏ္ဍညသေရ် အပဒါန်ဝတ္ထု

အရှင် ဝိမလကောဏ္ဍညသည်ကား မာဂဓတိုင်းကြီးအရှင် ဗိမ္ဗိသာရမင်းနှင့် ဝေသာလီမြို့တော်မှ အမွှပါလိပြည့်တန်ဆာမတို့၏ သားဖြစ်သည်။

ပြုခဲ့သောကောင်းမှု

ထိုအရှင်မြတ် လောင်းလျာသည် ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် သူကြွယ်မျိုးဌ် ဖြစ်ခဲ့ရသည်။ သူ အရွယ်ရောက်သောအခါ ဝိပဿီဘုရား ကျောင်းတော်သို့သွား၍ တရားနာ၏။ စည်ကားလှသော ပရိသတ်ကြီး ခြံရံလျက် ခြေသံမင်းကဲ့သို့ ရဲရင့်သော အသံတော်ဖြင့် တရားဟောတော်မူနေသော ဘုရားရှင်ကို ကြည်ညိုလှသဖြင့် ရွှေဖြင့် ပြုလုပ်ထားသော ပန်းပွင့်လေးပွင့်ကို ဘုရားရှင်အား လှူဒါန်းပူဇော်၏။

ပြုခဲ့သောကောင်းမှု

ဝိပဿီဘုရားရှင်ကလည်း သူကြွယ်သား၏ သဒ္ဓါတရား ပွားသည်ထက် တိုးပွားလာပြီး ထိုရွှေပန်းပွင့်တို့မှ အရပ်ဆယ်မျက်နှာသို့ ရွှေရောင်များ ဖြာထွက် စေရန် အဓိဋ္ဌာန်ပြုတော်မူ၏။ ဝင်းဝါထိန်တောက်နေကြသော ရွှေရောင်တို့ကို မြင်ရသော် သူကြွယ်သားသည် အတိုင်းထက်အလွန် ကြည်ညိုစိတ်ဖြစ်ပွားကာ ဘုရားရှင်ကို ရှိခိုးဦးချ၍ပြန်လာခဲ့၏။ အိမ်သို့ ပြန်လာသည့်တိုင်အောင် ကြည်ညိုဖွယ်ရာ သပ္ပာယ်လှစွာသော ဘုရားရှင်ဟူသော အာရုံနိမိတ်သည် သူနှင့်မကွဲမကွာ ပါလာခဲ့၏။ ထိုအာရုံကို အကြောင်းပြုကာ နှစ်သိမ့်ခြင်း ပီတိအဟုန်ဖြင့် နေ့ရောညပါ နေလာခဲ့၏။

ငါတို့ဘုရားရှင်လက်ထက်

ထိုသို့ ဘုရားရှင်ကို အာရုံပြုလျက် နေထိုင်စဉ်မှာပင် တစ်စုံတစ်ခုသော ရောဂါကြောင့် တစ်နေ့တွင် သေဆုံးပြီးနောက် တုသိတာနတ်ဘုံသို့ ဆိုက်ရောက် လေသည်။ ထိုဘုံသို့ ရောက်သောအခါတွင်လည်း ကုသိုလ်ကောင်းမှုများ ဆက်ကာ ဆက်ကာ ပွားများလေရာ ငါတို့ဘုရားရှင်၏ လက်ထက်တော်တွင် ဝေသာလီ မြို့တော်ရှိ ပြည့်တန်ဆာမ ဖြစ်သော အမွှပါလီ၏ဝမ်း၌ ပဋိသန္ဓေတည်နေရကား သားအဖြစ် ဖွားမြင်လာခဲ့လေသည်။

http://www.dhammadownload.com

အမ္မပါလီကို စွဲလမ်းခဲ့သူ

သူ၏ဖခင်မှာ မဂဓတိုင်းကြီးအရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်းပျိုမင်းလွင်ဘဝတုန်းက အမ္မပါလီ၏ချောမောလှပပုံကို ကြားရသဖြင့် လူကို မမြင်ရသေးမီကပင် စွဲလမ်းနေခဲ့သည်။ သို့ဖြစ်၍ အမ္မပါလီရှိရာ ဝေသာလီမြို့တော်သို့ ရုပ်ဖျက်ပြီး လာခဲ့သည်။ သူ့ကို စောင့်ရှောက်ရန် မင်းချင်းအနည်းငယ်မျှသာခေါ်လာခဲ့၏။ အမ္မပါလီနှင့် ဗိမ္ဗိသာရမင်းတို့ တစ်ညတာမျှ ပေါင်းဆုံကြရသဖြင့် ထိုသားသန္ဓေတည်နေခဲ့ခြင်း ဖြစ်၏။ အမ္မပါလီက မိမိမှာသန္ဓေသား တည်နေပြီဖြစ်ကြောင်း သတင်းပေး ပြောပြသည့်အခါ ဗိမ္ဗိသာရမင်းက သူ၏ဘဝအမှန်ကို ပြောပြခဲ့၏။ မွေးဖွားလာသောအခါ သားကို ပြုစုကျွေးမွေးနိုင်ရန် ရတနာပစ္စည်းများ ပေးခဲ့ပြီး ရာဇဂြိုဟ်မြို့တော်သို့ ပြန်သွားခဲ့လေသည်။

ကိုယ်ဝန်ရင့်ကျက်၍ မွေးဖွားလာသောအခါ ထိုသူငယ်ကို ဝိမလ သတို့သားဟူ၍ အမည်မှည့်ကြ၏။ နောင်အခါတွင် ကောဏ္ဍညဟူသောစကား တစ်ခုတိုးကာ ဝိမလကောဏ္ဍညဟု ခေါ်ဝေါ်ခဲ့ကြ၏။

ဝိမလကောဏ္ဍည အရွယ်ရောက်သောအခါ ရတနသုတ်ပရိတ်တော်ဟောကြားရန် ဝေသာလီမြို့တော် ဘုရားရှင် ကြွလာစဉ် ဘုရားရှင်၏ တန်ခိုးအာနုဘော်ကို ဖူးမြင်ကာ ကြည်ညိုသဒ္ဓါ ထက်သန်လာသဖြင့် သာသနာတော်၌ဝင်၍ ရဟန်းပြု၏။ ရဟန်းအဖြစ်ကို ရလျှင်ပင် အရှင်ဝိမလကောဏ္ဍညသည် ကမ္မဋ္ဌာန်းကို တောင်းခံပြီး လျှင် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ဝိပဿနာတရား ပွားများလေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာ အရှင်ဝိမလ ကောဏ္ဍညသည် ဉာဏ်ပညာဖြင့် မာနကို ပယ်ရှားနိုင်ခဲ့ပုံကို ဤသို့ ပြန်လည်၍ ဟောပြတော်မူသည်။

အရောင်ဖျော့တော့သော အဝတ်ကို တံခွန်ပြုလုပ်ထားသဖြင့် ပဏ္ဍရကေတုဟု အမည်ရှိသော ဗိမ္ဗိသာရမင်းကို အစွဲပြု၍ အမ္မပါလီမှ ဖွားမြင်လာသော ငါသည် ဉာဏ်ပညာဖြင့်သာလျှင် တံခွန်ကဲ့သို့ ထောင်လွှားတတ်သော မာနကို ပယ်စွန့်ခဲ့လေပြီ။ ကိလေသာဟူသော တံခွန်များစွာရှိသော မာရ်နတ်မင်းကို လွှမ်းမိုးနှိပ်စက်ခဲ့လေပြီ။

အရှင်ဝိမလကောဏ္ဍညထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

အရှင်သုသာရဒထေရ် အပဒါန်ဝတ္ထု

ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်လောင်းလျာသည် ပုဏ္ဏားမျိုးတွင် လူဖြစ်နေခဲ့၏။ ထိုသတို့သား အရွယ်ရောက်လာသောအခါ ပုဏ္ဏားမျိုးတို့၏ အတတ်ပညာ စာပေကျမ်းဂန်တို့ကို ပြီးဆုံးအောင် သင်ယူခဲ့သည်။ သူသည် ကာမဂုဏ်တို့၏အပြစ်ကို ရှုမြင်ကာ အိမ်ရာတည်ထောင်မှုကို စွန့်ပယ်၍ ရသေ့ဝတ်၏။ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတောင်ခြေရှိ တောအုပ်ထဲတွင် သစ်မြစ်ကျောင်း ဆောက်၍ နေထိုင်၏။

တုရားရှင် ကြွလာ

ထိုအချိန်တွင် ပဒုမုတ္တရဘုရားရှင်သည် ထိုရသေ့ကို ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ဆွမ်းခံဝင်ချိန်တွင် ရသေ့ရှိရာသို့ ကြွတော်မူလာ၏။

ပြုခဲ့သော ကောင်းမှု

ရသေ့သည် ပဒုမုတ္တရဘုရားရှင်ကို ဖူးမြင်ရသော် ကြည်ညိုု၍ ခရီးဦးကြို ဆိုကာ သပိတ်တော်ယူပြီး သပိတ်တော်ထဲတွင် အရသာချိုမြိန်လှစွာသော သစ်သီးတို့ကို ထည့်၍ ဆက်ကပ်၏။ ပဒုမုတ္တရဘုရားရှင်သည် ရသေ့လှူသော သစ်သီးကို အလှူခံတော်မူပြီးလျှင် အနုမောဒနာ တရားဟောကြား၍ ပြန်ကြွတော်မူ၏။

ထိုရသေ့သည် ငါတို့ဘုရားရှင်၏ လက်ထက်တော်၌ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏ ဆွေမျိုး ပုဏ္ဏားတစ်ယောက်၏သား ဖြစ်လာသည်။ အမည်အားဖြင့် သုသာရဒဟု ခေါ်ကြသည်။

သုသာရဒသတို့သားသည် ဉာဏ်ပညာနဲ့နေးသူဖြစ်၏။ သို့ရာတွင် အရွယ်ရောက်လတ်သော် အရှင်သာရိပုတ္တရာ၏တရားကို ကြားနာရသဖြင့် ကြည်ညိုသဒ္ဓါထက်သန်လာကာ သာသနာတော်၌ ရဟန်းပြု၏။ ရဟန်းအဖြစ်ကို ရပြီးလျှင် အရှင် သုသာရဒသည် ဝိပဿနာ တရားပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာ အရှင်သုသာရဒသည် သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးလိုသဖြင့် ဤတရားဒေသနာတော်ကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

"သီလစသော ဂုဏ်ကျေးဇူးတို့ဖြင့် ကောင်းစွာ စီရင်အပ်သော ကိုယ်ခန္ဓာရှိကုန်သော ပုဂ္ဂိုလ်တို့အား ဖူးမြင်ကြားနာရခြင်းသည် ကောင်း၏။ ထိုသို့ဖူးမြင် ဆည်းကပ်ရသဖြင့် ယုံမှားခြင်းသည် ပြတ်စဲ၏။ အသိပညာ တိုးပွား၏။ ထိုပညာရှိ သူတော်ကောင်းတို့သည် လူမိုက်ကိုလည်း ပညာရှိဖြစ်အောင် ပြုနိုင်ကြကုန်၏။ ထို့ကြောင့် သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် ကောင်း၏။

အရှင်သုသာရဒထေရ် အပဒါန် ပြီး၏။

● ● ● ● ● ● ● ● ● ●

အရှင်ပိယဥ္ဇဟထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ် လောင်းလျာသည် ဝိပဿီဘုရားရှင် လက်ထက်တော် တွင် ဟိမဝန္တာတောအတွင်း၌ ရက္ခစိုးနတ်ဖြစ်ကာ တောင်ကြားတစ်ခုတွင် နေထိုင်နေခဲ့သည်။

ထိုအရှင်မြတ်လောင်းလျာ ရက္ခစိုးနတ်သည် တန်ခိုးအာနုဘော် နည်းပါးသူ ဖြစ်သည်။ နတ်သဘင် အစည်းအဝေးပြုလုပ်၍ ဝိပဿီဘုရားရှင်၏ တရားတော်ကို ကြားနာကြသောအခါ သူသည် ပရိသတ် အစွန်အဖျား၌သာ နေ၍ တရားနာရ၏။ သို့သော် သူသည် ဘုရားရှင်ကို ကြည်ညိုရာ၌ သဒ္ဓါထက်သန်လွန်းသူ ဖြစ်သည်။

ဂုဏ်တော်ကို ချီးကျူး

တစ်နေ့သ၌ ဂင်္ဂါမြစ်ကမ်းသို့ ရောက်လာရာ စင်ကြယ်သန့်ရှင်း၍ နှလုံးမွေ့လျော်ဖွယ်ကောင်းသော သဲခုံများကို သူတွေ့မြင်ရသည်။ ဤ သဲလုံး ဖြူဖြူများ ထက်ပင် ဘုရားရှင်၏ဂုဏ်တော်တို့သည် ဖြူစင်ကြကုန်၏။ ဤသဲလုံးများထက်လည်း ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့သည် များပြားလှပေကုန်၏ဟု ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကာ ချီးကျူးသည်။

လိစ္ဆဝီမင်းမျိုး၌ဖြစ်လာ

ယင်းသို့လျှင် ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ကြည်ညိုသော အရှင်မြတ်လောင်းလျာ ရက္ခစိုးနတ်သည် ဤ ငါတို့ဂေါတမဘုရားရှင် လက်ထက်

http://www.dhammadownload.com

တော်၌ ဝေသာလီမြို့တော်ရှိ လိစ္ဆဝီ မင်းမျိုးတွင် သားတစ်ဦးအဖြစ် ဖွားမြင်လာလေသည်။

အရဟတ္တဖိုလ်ရပြီ

ထိုမင်းသားသည် စစ်ရေးစစ်ရာ၌ ဝါသနာကြီးသူဖြစ်သည်။ သူ အရွယ်ရောက်လတ်သော် စစ်ထိုးခြင်း အလုပ်ကိုသာ တစိုက်မတ်မတ်လုပ်လေသည်။ စစ်ထိုးတိုင်းလည်း သူ အောင်ပွဲရသည်ချည်းဖြစ်သည်။ ရန်သူ၏ ချစ်ခင်ခြင်းကို ယုတ်လျော့သွားစေတတ်သဖြင့် သူ့အမည်သည် ပိယဥဟဟု ထင်ရှားလာ၏။

ပိယဥဟ စစ်သူရဲကောင်းသည် ရတနသုတ် ပရိတ်တော် ဟော်ကြားရန် ဘုရားရှင် ဝေသာလီမြို့တော်သို့ ဝင်တော်မူလာရာတွင် ဘုရားရှင်ကို ဖူးမြင်ကြည်ညိုသဖြင့် သာသနာတော်၌ ရဟန်းပြုခဲ့၏။ ရဟန်းအဖြစ်ကို ရလျှင်ပင် အရှင်ပိယဥဟသည် တောရဆောက်တည်ကာ ဝိပဿနာတရား ပွားများအားထုတ်လေရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူသည်။

ရဟန္တာအရှင် ပိယဥဟသည် ဤသို့ ဟောကြားတော်မူ၏။

မာန်မာနစသည်ဖြင့် ထောင်လွှားနေသူတို့ကြားတွင် မိမိကိုယ်ကို နှိမ်ချရာ၏။ ပျင်ရိလေးတွဲနေသော သူတို့ကြားတွင် မိမိ၏ လုံ့လဝီရိယကို ထကြွ နိုးကြားနေစေရာ၏။ တရားနှင့်မနေ သူတို့ကြားတွင် မိမိက အရိယာတို့၏တရားဖြင့်နေရာ၏။ ကိလေသာဖြင့် မွေ့လျော်နေသူတို့ကြားတွင်မူ မိမိက ကိလေသာဖြင့် မမွေ့လျော်ဘဲ နေရာ၏။

ဤအရှင်မြတ်သည် စစ်ရေးစစ်ရာ၌ ဝါသနာကြီးလှသော လိစ္ဆဝီတို့၏ တိုက်တိုင်းအောင် စစ်သည်ကျော်ကြီးဘဝမှ သာသနာတွင်းဝင်ကာ ရဟန်းပြုခဲ့ပြီး ရဟန္တာဖြစ်တော်မူသည့် အရှင်မြတ်တစ်ပါးဖြစ်သည်။

အရှင်ပိယဥဟထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

အရှင်ရက္ခိတထေရ် အပဒါန်ဝတ္ထု

ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်ကြီး၏ လောင်းလျာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရသည်။

ထိုအမျိုးကောင်းသား အရွယ်ရောက်လာသောအခါ ပဒုမုတ္တရဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရသည်။ ထိုကြောင့် ဘုရားရှင်၌ ကြည်ညိုသဒ္ဓါထက်သန်လာ၏။ ချောင်း၊ မြောင်း၊ အင်းအိုင်တို့ထက် မဟာသမုဒ္ဒရာသည် ပိုမိုကြီးကျယ်၏။ တောင်တကာတို့ထက် မြင်းမိရိုတောင်သည် ပိုမိုကြီးကျယ်သည်။ စိတ်၏အစွမ်းအားဖြင့် တရားစကား ဟောကြားကြသော သူတို့ထက် ဘုရားရှင်သည် ပိုမိုကြီးကျယ် မြင့်မြတ်တော်မူ၏။ ထိုသူတို့၏ ဉာဏ်ပညာသည် ဘုရားရှင်ဒေသနာဉာဏ်တော်၏ တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်ကိုမျှ မမီချေတကား"ဟု ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကို ချီးကျူးပူဇော်ခဲ့၏။

ဘုရားရှင်၏ ဗျာဒိတ်တော်

ပဒုမုတ္တရ ဘုရားရှင်သည် ဤသို့ ချီးကျူးပူဇော်သော အမျိုးကောင်းသား၏ သဒ္ဓါတရားကို ကြည့်ရှုဆင်ခြင်တော်မူသော် ဤအမျိုးကောင်းသားသည် လာမည့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူမည့် ဂေါတမဘုရားရှင်၏ တပည့်သာဝက တစ်ပါး ဖြစ်လာပြီးလျှင် ရက္ခိတဟု ဘွဲ့မည်တွင်ပေလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဤတွင် ထိုအမျိုးကောင်းသားသည် ဘုရားရှင်အား ဆတက်ထမ်းပိုး တိုး၍ ကြည်ညိုလာကာ ကုသိုလ်ကောင်းမှုများ ဆက်ကာ ဆက်ကာ ပြုလုပ်၏။

ဂေါတမဘုရားရှင် လက်ထက်၌

ထိုအမျိုးကောင်းသားသည် ဤဘုရားရှင်လက်ထက်တော်တွင် ဒေဝဒဟမြို့ရှိ သက္ကမင်းသား တစ်ပါး၏အိမ်တွင် ဖွားမြင်လာကာ ရက္ခိတဟု အမည်တွင်လေသည်။

မြစ်ရေကို အကြောင်းပြုကာ ပဋိပက္ခဖြစ်

ရက္ခိတမင်းသား အရွယ်ရောက်လတ်သော် သားမယားတို့ဖြင့် အိမ်ရာတည် ထောင်၍နေထိုင်၏။ ထိုအချိန်တွင် သက္ကတိုင်းနှင့် ကောလိယတိုင်းတို့၌ နေထိုင်

http://www.dhammadownload.com

ကြသော မင်းညီမင်းသားများသည် ရောဟိဏီမြစ်ရေကို အကြောင်းပြုကာ ပဋိပက္ခ ဖြစ်လာကြသည်။ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ရန် စစ်တပ်ကြီးများ ဆင်ကာ ချီလာကြ၏။

ဤတွင် ဘုရားရှင်သည် နှစ်ဖက်စစ်ဦး၏ အလယ်သို့ တန်ခိုးတော်ဖြင့် ကြွချီတော်မူလာကာ နှစ်ဖက်သော ဆွေတော်မျိုးတော်တို့၏ ရန်မီးကို ငြိမ်းစေတော် မူ၏။ ရန်မီးငြိမ်းစေရန် ကျိုးကြောင်းပြကာ တရားရေအေး တိုက်ကျွေးပေးတော် မူသည်။ သို့ဖြင့် နှစ်ဖက်ရန်မီးသည် ငြိမ်းအေးခဲ့ရသည်။ ဤသို့ဖြင့် တိုက်ခိုက်သတ် ဖြတ်ရန် ပြင်ဆင်လာခဲ့သော နှစ်ဖက်စစ်သည်တို့သည် သွေးစာစပါက်မျှ မကျရဘဲ ပဋိပက္ခ ပြီးဆုံးသွားခဲ့၏။

စိတ်မပါဘဲ ရဟန်းပြုခဲ့ရ

ဆွေတော်မျိုးတော်များသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အားရကျေနပ်ကြ ကာ တစ်ဖက်တစ်ဖက်လျှင် မင်းသား နှစ်ရာ့ငါးဆယ်စီ ဘုရားရှင်ထံ ရဟန်းပြုရန် ပေးလှူကြကုန်၏။ ထိုမင်းသား ငါးရာတို့သည် မိမိတို့ စိတ်ဆန္ဒ မပါဝင်သော်လည်း ဦးစီးခေါင်းဆောင်များ၏ အမိန့်အရ သာသနာတော်၌ ရဟန်းပြုကြကုန်၏။ ထိုသို့ ရဟန်းပြုကြရသော မင်းသားငါးရာထဲတွင် နှဂ္ဂိတ မင်းသားလည်း အပါအဝင် ဖြစ်လာခဲ့သည်။

အရဟာတ္တဖိုလ်ရကြပြီ

အရှင်ရကွိတနှင့်တကွ ရဟန်းငါးရာတို့သည် မိမိတို့ဘာသာ သတိသံဃရရှိ၍ ရဟန်းပြုကြသည် မဟုတ်သဖြင့် သာသနာတော်၌ ငြိုးငွေ့ကြောင်းကို ထုတ်ဖော် ပြောဆိုလာကြကုန်၏။ ဤတွင် ဘုရားရှင်သည် ထိုရဟန်းငါးရာတို့အား ကုဏ္ဍာလ အိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ယူတော်မူပြီးလျှင် မိန်းမတို့၏ အပြစ်အမျိုး မျိုးကို ဖော်ပြထားသော မဟာကုဏ္ဍာလ ဇာတ်တော်ကို ဟောကြားတော်မူ၏။ ဤတွင်မှ ရဟန်းငါးရာတို့သည် ကာမဂုဏ်၏အပြစ်ကို ရှုမြင်လာကြကာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများလာကြသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

သို့ဖြင့် အရှင်ရကွိတသည် ဤသို့ကျူးရင့် ဟောကြားတော်မူသည်။

http://www.dhammadownload.com

ငါသည် အလုံးစုံသော ကိလေသာကို ပယ်ခဲ့ပြီ။ အလုံးစုံသော ဒေါသကို လည်း ပယ်နုတ်ပြီးပြီ။ ငါသည် အလုံးစုံသောမောဟမှ ကင်းရှင်းခဲ့ပြီ။ ငါသည် ကိလေသာ အားလုံး အေးငြိမ်း၍ ကိလေသပရိနိဗ္ဗာန် စံမြန်းရပေပြီ။

အရှင်ရက္ခိတထေရ် အပဒါန်ဝတ္ထု ပြီး၏။

• • • • • • • • • •

အရှင်သမိတိဂုတ္တထေရ် အပဒါန်ဝတ္ထု

ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မြတ်လောင်းလျှာသည် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရသည်။

ကောင်းမှုနှင့် ကောင်းမှု၏အကျိုး

ထိုအမျိုးကောင်းသား အရွယ်ရောက်လာသောအခါ ဝိပဿီဘုရားရှင်ကို ဖူးမြင်ရသဖြင့် ကြည်ညိုသဒ္ဓါ ထက်သန်လာကာ မြတ်လေးပန်းတိုဖြင့် ဘုရားရှင်ကို ပူဇော်၏။ ထိုကောင်းမှုကြောင့် ထိုအမျိုးကောင်းသားသည် ဖြစ်လေရာဘဝတိုင်း၌ အမျိုး၏ကောင်းခြင်း၊ အဆင်း၏ကောင်းခြင်း၊ အခြံအရံပေါများခြင်းစသည်ဖြင့် သူတစ်ပါးတို့ထက် သာလွန်လွှမ်းမိုးရ၏။

ပြုခဲ့မိသော အကုသိုလ်

သို့သော် လူ့ဘဝရခဲ့ရသည့် တစ်ခုသောဘဝတွင်ကား ဆွမ်းခံကြွလာတော် မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ဤဦးပြည်း ကတုံးကား ကုဋ္ဌနှုနာ ရှိနေသူ ဖြစ်တန်ရာ၏။ ထို့ကြောင့်သာ တစ်ကိုယ်လုံးကို အဝတ်တို့ဖြင့် ဖုံးလွှမ်း ဝတ်ရုံထားပေသည်"ဟု ကဲ့ရဲ့ပုတ်ခတ်စကားဆိုခဲ့၏။

ထိုအကုသိုလ်ကံကြောင့် အချိန်ကာလကြာမြင့်စွာ ငရဲခံရပြီးနောက် ကဿပ ဘုရားရှင်၏ လက်ထက်တော်တွင် လူ့ဘဝကို ရရှိ၏။ အရွယ်ရောက်သောအခါ ထိုသူသည် သာသနာတော်၏ အပြင်အပ ပရိဗိုဇ်ရဟန်းတို့ထံတွင် ရဟန်းပြု၏။

http://www.dhammadownload.com

သင်သည် ကုဋ္ဌနှုနာသည်

တစ်နေ့တွင် ထိုပရိဗိုဇ်ရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံသော ကဿပ ဘုရားရှင်၏ ဥပါသကာတစ်ယောက်ကို "သင်သည် ကုဋ္ဌနှုနာသည် ဖြစ်ရာ၏" ဟု ဒေါသဖြင့် ကဲ့ရဲ့ခဲ့မိပြန်၏။ ထို့ပြင် ရေချိုးဆိပ်၌ ထားရှိသော ရေချိုး ကသယ် မှုန့်များကိုလည်း ဖျက်ဆီးခဲ့၏။ ထိုမကောင်းမှုတို့ကြောင့် ထိုပရိဗိုဇ်သည် ငရဲသို့ တစ်ဖန် ကျရောက်ရပြန်ကာ နှစ်ပေါင်းများကြီးမြားစွာ ငရဲဒုက္ခကို ခံစားခဲ့ရ ပြန်သည်။

ငါတို့ဘုရားရှင်လက်ထက်

ဤငါတို့ ဂေါတမဘုရားရှင်၏ လက်ထက်တော်တွင်မူ သာဝတ္ထိမြို့တော်ရှိ ပုဏ္ဏားတစ်ယောက်၏ သားဖြစ်လာကာ သမိတိဂုတ္တ သတို့သားဟု အမည်တွင် လေသည်။

ထိုသတို့သား အရွယ်ရောက်လာသော် ဘုရားရှင်၏တရားတော်ကို ကြားနာ ရကာ ကြည်ညိုသဒ္ဓါထက်သန်လာပြီး သာသနာတော်၌ဝင်၍ ရဟန်းပြု၏။ ရဟန်းအဖြစ်ကို ရရှိပြီးနောက် အရှင်သမိတိဂုတ္တသည် သီလ သိက္ခာဖြင့် ဖြူစင် သန့်ရှင်းစွာ ကျင့်သုံးနေထိုင် သီတင်းသုံး၏။

အကုသိုလ်အကျိုး

သို့သော် ရှေးရှေးဘဝတို့၌ သူပြုခဲ့ဖူးသော အကုသိုလ်ကံများက ထပ်မံနှိပ်စက် လာသဖြင့် ထိုအရှင်မြတ်ကြီး၏ ကိုယ်ခန္ဓာတွင် ကုဋ္ဌနှုနာရောဂါများ စွဲကပ် လာရသည်။ ထိုရောဂါကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ကြွေပြတ်ကျကုန်၏။ နှုနာသည် အရှင်သမိတိဂုတ္တ၏ရောဂါသည် သည်းထန်သည်ထက် သည်းထန် လာသဖြင့် သီးသန့်ရှိသော ဇရုပ်တစ်ခုမှာသာ နေထိုင်ရ၏။

တစ်နေ့တွင် တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည်- သူနာမေးရန် ကျောင်းစဉ်လှည့်လာစဉ် အရှင်သမိတိဂုတ္တကို တွေ့သွားသည်။ ငါ့ရှင် ခန္ဓာရှိနေ သမျှ ကာလပတ်လုံး ခန္ဓာကိုယ်၌ ဖြစ်ကြသော ဒုက္ခဝေဒနာတို့ ရှိနေကြမည်သာ။ ခန္ဓာလုံးဝမရှိမှသာလျှင် ဒုက္ခလည်း ချုပ်ငြိမ်း၍ သွားပေမည်ဟု မိန့်ကြားကာ ခံစားနေရသော ဝေဒနာကို ဝိပဿနာရှုရန် ညွှန်ပြသွားခဲ့၏။

http://www.dhammadownload.com

ရဟန္တာဖြစ်ပြီ

အရှင်သမိတိဂုတ္တသည် အရှင်သာရိပုတ္တရာ၏ ဆုံးမစကားကို ရိုသေစွာ နာခံပြီးလျှင် ဝိပဿနာတရား ပွားများအားထုတ်ရာ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကာ ရဟန္တာဖြစ်လေသည်။

ရဟန္တာအရှင်သမိတိဂုတ္တသည် မိမိ၏ရှေးအတိတ်အကြောင်းတို့ကို ပြန်လည် ဖော်ပြကာ ဤသို့ ဟောတော်မူ၏။

ဧရှးသရောအခါက အခြားသော ဘဝတို့၌ အကြင်အကုသိုလ်ကံကို ငါ ပြုခဲ့မိပြီ။ ထိုကံ၏အကျိုးကို ဤဘဝမှာပင် ငါ ခံစားခဲ့ပြီ။ နောက်ထပ်တဖန် ဝေဒနာခံစားရန် ခန္ဓာဟူ၍ ငါ့မှာ မရှိတော့ပြီ။

အရှင်သမိတိဂုတ္တထေရ် အပဒါန်ဝတ္ထု ပြီး၏။

● ● ● ● ● ● ● ● ● ●

အရှင်စက္ခုပါလထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် သိဒ္ဓတ္ထဘုရားရှင်၏ လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်နေခဲ့သည်။

ထိုအမျိုးကောင်းသား အရွယ်ရောက်သောအခါ သိဒ္ဓတ္ထဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်။ လူအများသည် ဘုရားရှင်၏ဓာတ်တော် မွေတော်များကို ဌာပနာ၍ စေတီတည်ဆောက်ပြီးစီးသော် ပူဇော်ပွဲကြီး ကျင်းပကြ၏။

ပါလသတို့သား

ထိုအမျိုးကောင်းသားသည် အောင်မဲ့ညီပန်းတိုဖြင့် ကြဲဖြန့်ကာ စေတီတော်ကို ပူဇော်၏။ ဤဘုရားရှင်၏ လက်ထက်တော်တွင် သူသည် သာဝတ္ထိမြို့တော်ရှိ မဟာသုဝဏ္ဏမည်သော ကုန်သည်၏သားဖြစ်လာကာ ပါလသတို့သားဟု အမည်တွင်၏။

ထိုသူငယ်ပြေးလွှားကခုန်ကစားတတ်သောအခါတွင် သူ၏မိခင်သည် သားတစ်ယောက် ထပ်မံ ဖွားမြင်လာပြန်၏။ ထိုသူငယ်ကိုလည်း ပါလသတို့သား

http://www.dhammadownload.com

ဟူ၍ပင် နာမည်မှည့်ကြပြန်၏။ သို့ဖြစ်၍ သားကြီးနှင့် သားငယ်တို့ကို ခွဲခြား၍ သိနိုင်ကြစေရန် သားကြီးကို မဟာပါလဟု ခေါ်ပြီး သားငယ်ကိုမူ စူဠပါလဟု ခေါ်ကြလေသည်။

မဟာပါလနှင့် စူဠပါလတို့ အရွယ်ရောက်သောအခါ သူတို့မိဘများက သင့်လျော်ရာ သတို့သမီးများနှင့် လက်ထပ်ထိမ်းမြားပေးကြ၏။ မိဘများ ကွယ်လွန်သောအခါ မိဘတို့ ရောင်းဝယ်သည့် လုပ်ငန်းအားလုံးကို သူတို့ညီအစ်ကို နှစ်ယောက်က ဆက်ခံ လုပ်ကိုင်ကြ၏။ တစ်နေ့သောအခါတွင် မဟာပါလသည် ဇေတဝန်ကျောင်းတော်သို့ တရားနာလာကြသော ဥပါသကာများနှင့်အတူ လိုက်ပါ၍ ဘုရားရှင်၏ တရားတော်ကို နာကြား၏။

ရဟန်းပြုပြီ

တရားနာပြီးသောအခါ ကြည်ညိုသဒ္ဓါထက်သန်လာသဖြင့် ကုန်ရောင်းကုန်ဝယ်အလုပ်များကို ညီဖြစ်သူ စူဠပါလထံ အပ်နှံပြီး သူကမူ သာသနာတော်၌ ရဟန်းပြု၏။ ရဟန်းဖြစ်ပြီးနောက် အရှင်မဟာပါလသည် ဥပဇ္ဈာယ်ဆရာများထံ နည်းခံကာ ငါးနှစ်တိုင်တိုင် နေထိုင်၏။ ထိုနှစ် ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းတောင်းခံပြီးလျှင် ကမ္မဋ္ဌာန်းစီးဖြန်းကာ သင့်တင့်လျောက်ပတ်မည့် နေရာကို လှည့်လည်ရှာဖွေသည်။ အခြားသီတင်းသုံးဖော် ရဟန်း ခြောက်ဆယ်တို့သည်လည်း ဤမဏ္ဍိုရ်နှင့် သဘောတူ စိတ်တူဖြစ်ကြသဖြင့် အတူလိုက်ပါလာကြသည်။

ထိုအရှင်နှင့် ရဟန်းခြောက်ဆယ်တို့သည် တောရွာကလေးတစ်ရွာရှိ ဥပါသကာများက ဆောက်လုပ်ပေးထားသော တောကျောင်းကလေးများ၌ နေထိုင်ကာ ရဟန်းတရား အားထုတ်ကြ၏။ ထိုသို့နေထိုင်နေစဉ် မဟာပါလဆရာ၌ မျက်စိရောဂါ ကပ်ရောက်လာ၏။ မျက်စိရောဂါ ပျောက်ကင်းစေရန် ထိုရွာရှိ ဆေးဆရာများက နာခေါင်းမှ သွန်းလောင်းရသော ဆေးကို ဆက်ကပ်ပေးလျူထားကြသည်။

မျက်စိရောဂါ ပိုဆိုးလာ

အရှင်မဟာပါလကား အိပ်ခြင်းကျရိယာမုတ်ကို ပယ်စွန့်ကာ နေသဇ္ဇိကင်္ဂတင်ကို ဆောင်ထားသဖြင့် ထိုဆေးရည်ကို အိပ်စက်၍ မသွန်းလောင်းဘဲ ထိုင်လျက်သာ

http://www.dhammadownload.com

သွန်းလောင်း၏။ ဆေးရည်သည် လိုအပ်သော နေရာသို့ မရောက်နိုင်သောကြောင့် မျက်စိရောဂါသည် ဆိုးသထက် ဆိုးရွားလာသည်။

မျက်စိရောဂါထက် ကိလေသာငြိမ်းဖို့ အရေးကြီး

မထေရ်သည် ပို၍ပို၍ ဆိုးရွားလာသော ရောဂါဒဏ်ကို ခံစားလျက်ကပင် "ငါ့အတွက် မျက်စိရောဂါ ငြိမ်းရေးထက် ကိလေသာငြိမ်းရေးက ပို၍ အရေးကြီးကာ ပို၍လည်း မြင့်မြတ်ပေသည်"ဟု ဆုံးဖြတ်ပြီး ဝိပဿနာတရားကိုသာ ပိုမို ကြိုးစား၍ အားထုတ်သည်။

ဤသို့ဖြင့် ဘာဝနာအရှိန် မြင့်လာသည့်နည်းတူ မျက်စိရောဂါသည်လည်း ပို၍ဆိုးလာသည်။ ထို့ကြောင့် မျက်စိတို့ ပေါက်ကွဲပျက်စီးခြင်းနှင့် ကိလေသာတို့ ကုန်ဆုံးပျက်စီးခြင်းတို့သည် တစ်ပြိုင်နက်တည်း ဖြစ်လာကြကုန်၏။ အရှင် မဟာပါလသည် ဈာန်ကို အခြေမခံဘဲ ဝိပဿနာသက်သက်ဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောကြောင့် သုက္ခဝိပဿက(ဈာန်မရသော) ရဟန္တာဖြစ်လာတော်မူသည်။

ရဟန္တာဖြစ်တော်မူခြင်းနှင့် မျက်စိနှစ်လုံးပေါက်ကွဲပျက်စီးခြင်းတို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာသဖြင့် ထိုအရှင်မဟာပါလအား စက္ခုပါလထေရ်ဟု ဘွဲ့မည်သစ် တွင်လာလေသည်။

အားလုံး ရဟန္တာဖြစ်ကြပြီ

အရှင်စက္ခုပါလထေရ်သည် ဆွမ်းခံဝင်ရန် မသင့်လျော်သဖြင့် ကျောင်းမှာပင် နေခဲ့ရ၏။ ဆွမ်းခံကြသော ရဟန်းများထံမှတစ်ဆင့် အရှင်မြတ်ကြီး၏အခြေအနေကို ကြားသိကြရသောအခါ ရွာသူရွာသားများသည် စိုးရိမ်ပူဆွေး ငိုကြွေးကြကာ ဆွမ်းခဲဖွယ်များ ယူဆောင်၍ တောကျောင်းသို့ လာကြပြီး အရှင်ဘုရား မည်သည့် အကြောင်းကိစ္စကိုမျှ တွေးတောကြံစည်ခြင်း မပြုပါနှင့်။ ယနေ့မှစ၍ တပည့်တော်တို့ ကိုယ်တိုင် ကျောင်းသို့လာ၍ ဆွမ်းပို့ကြပါမည်ဘုရားဟု လျှောက်ထားကြ၏။ အရှင်စက္ခုပါလက ဥပါသကာတို့၏ လျှောက်ထားချက်ကို လက်ခံတော်မူ၏။ အခြားရဟန်းခြောက်ဆယ်တို့လည်း အရှင်စက္ခုပါလ၏ အဆုံးအမကို ခံယူကာ ဝိပဿနာတရား ပွားများ အားထုတ်ကြသဖြင့် ထိုဝါတွင်းမှာပင် မထေရ်အားလုံးတို့၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။

http://www.dhammadownload.com

မထေရ်၏မှာစကား

ခြောက်ဆယ်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ဝါကျွတ်သောအခါ ဘုရားရှင်ထံ အဖူးအမြော် သွားရောက်လိုသဖြင့် အရှင်စက္ခုပါလထေရ်ထံ ပန်ကြားကြ၏။ အရှင် စက္ခုပါလက ငါ့ရှင်တို့၊ ငါသည် မျက်စိနှစ်ကွင်း အလင်းမရသူ ဖြစ်သည်။ သွားရမည့် လမ်းကလည်း ဘေးအန္တရာယ် ရှိသည်။ ငါ့နှင့် အတူသွား၍ ငါ့ကို စောင့်ခေါ်နေရလျှင် အရှင်ဘုရားတို့မှာ ဘေးရန် သင့်နိုင်၏။ ထို့ကြောင့် သင်တို့ ရှေးဦးစွာ သွားနှင့်ကြကုန်။ ဇေတဝန်ကျောင်းတော်ရောက်သောအခါ ဘုရားရှင်နှင့်တကွ မဟာသာဝက မထေရ်ကြီးများထံ ဝင်ရောက်ကာ ငါ၏ကိုယ်စား ရှိခိုးကြကုန်လော့။ ငါ၏ညီ စူဠပါလထံသို့လည်း ငါ့အတွက် ခရီးဖော် ယောကျ်ားတစ်ယောက် စေလွှတ်ပေးရန် ပြောကြားကြဟု မှာကြား၏။

ရဟန်းခြောက်ဆယ်တို့လည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံကာ အိပ်ရာနေရာများကို သိုမှီးသိမ်းဆည်းလျက် ဥပါသကာများအား နှုတ်ဆက်ကာ အရှင်စက္ခုပါလကို ရိုသေစွာ ရှိခိုးပြီး ထွက်ခွာသွားကြသည်။

ရဟန်းခြောက်ဆယ်တို့သည် အရှင်စက္ခုပါလ မှာကြားလိုက်သည့်အတိုင်း ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဘုရားရှင်နှင့်တကွ မထေရ်ကြီးများထံ ဝင်ရောက်ရှိခိုးပြီး အရှင်စက္ခုပါလ၏အဖြစ်ကို လျှောက်ထားကြ၏။

နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်တွင် မထေရ်များက မထေရ်ကြီး၏ညီဖြစ်သူ စူဠပါလကုန်သည်အား အရှင်စက္ခုပါလ၏ အမှာစကားကို ပြောကြားကြ၏။ စူဠပါလကုန်သည်သည် နောင်တော် မထေရ်၏အဖြစ်ကို ကြားသိရလျှင် ရှိုက်ကြီးတငင် ငိုကြွေး မြည်ဟစ်ပြီးလျှင် "အရှင်ဘုရား၊ ပါလိတမည်သော ဤလုလင်သည် တပည့်တော်၏ တူဖြစ်ပါသည်။ သူ့ကို အရှင်စက္ခုပါလထံ စေလွှတ်ပါမည် ဘုရား" ဟု ပြန်ကြား လျှောက်ထား၏။

ရှင်ပြုပြီးမှ စေလွှတ်ပါ

ရဟန်းများက "ဒါယကာ၊ သူ့ကို လွှတ်ခြင်းကား ကောင်းပါ၏။ သို့ရာတွင် လမ်းခရီးကား အန္တရာယ်မကင်းပေ။ လူအဝတ်ဖြင့် တစ်ယောက်တည်း သွားခြင်းထက် ရှင်ပြုပြီးမှ လွှတ်ပါလေ" ဟု မိန့်ကြားကြ၏။ ပါလိတ လုလင်ကလည်း ရှင်ပြုရန် သဘောတူသဖြင့် ရဟန်းများက သူ့ကို ရှင်ပြု၍ ပေးကြလေသည်။

http://www.dhammadownload.com

တူဖြစ်သူ သာမဏေရှင်ပါလိတသည် ခရီးစဉ်အတိုင်း တစ်ပါးတည်း လျှောက်လာခဲ့ရာ အရှင်စက္ခုပါလထံသို့ဆိုက်ရောက်၏။ ဦးရီးတော် စူဠပါလံက စေလွှတ်၍ လာရကြောင်းကိုလည်း လျှောက်ထား၏။ ဤတွင် အရှင်စက္ခုပါလသည် ရှင်ပါလိတ၏ နောက်မှ တောင်ဂေါ်းစွန်းကို ဆွဲကိုင်၍ လိုက်ပါလာခဲ့၏။ ရွာတစ်ရွာအနီးသို့ ရောက်သော် တောချုံဖုတ်တို့အနီး၌ ထင်းခွေနေသော အမျိုးသမီးတစ်ယောက်၏ သီချင်းဆိုသံကို ကြားကြရ၏။

သာမဏေရှင်ပါလိတသည် ထင်းခွေသူ၏ သီချင်းသံမှတစ်ဆင့် ထိုအမျိုးသမီးကို တပ်မက်လာသဖြင့် "အရှင်ဘုရား၊ တပည့်တော် ပြန်လာချိန်အထိ ဤနေရာမှ စောင့်တော်မူပါ" ဟု မှာကြားကာ ထိုအမျိုးသမီးရှိရာသို့ သွားရောက် ပေါင်းသင်းဆက်ဆံ၏။ အရှင်စက္ခုပါလသည် တူဖြစ်သူ သာမဏေကို စောင့်မျှော်လျက်ရှိစဉ် ယခုပင် အမျိုးသမီးတစ်ယောက်၏ သီချင်းဆိုသံကို ကြားရ၏။ သာမဏေသွားနေသည်မှာလည်း အချိန်ကြာလှပြီ။ ဤသို့ဆိုလျှင် ငါ့တူသာမဏေသည် သီလပျက်စီး၍ နေလောက်ပြီဟု တွေးတောမိ၏။

သာမဏေကို နှင်ထုတ်ပြီ

မကြာမီ သာမဏေ ရှင်ပါလိတသည် တောချုံကြားမှ ထွက်လာကာ တောင်ဂေါ်းစွန်းကို ကောက်ယူပြီး အရှင်ဘုရား ခရီးဆက်သွားကြပါစို့ဟု လျှောက်ထား၏။ အရှင်စက္ခုပါလထေရ်က "သာမဏော၊ သင်သည် ယုတ်မာသောအမှုကို ပြုခဲ့သည် မဟုတ်လော" ဟု မေး၏။ ရှင်လိတက အဖြေမပေးဘဲ ဆိတ်ဆိတ်သာ နေ၏။ အရှင်စက္ခုပါလက "သင်ကဲ့သို့သော သူယုတ်မာသည် ငါ၏တောင်ဂေါ်းကို ကိုင်ဆွဲခွင့် မရှိပြီ၊ သင့်တော်ရာသွားချေလော့" ဟု တူ သာမဏေကို နှင်ထုတ်လိုက်၏။ ရှင်ပါလိတက "အရှင်ဘုရား၊ လမ်းမှာလည်း ဘေးအန္တရာယ် ရှိနေပါသည်။ အရှင်ဘုရားမှာလည်း လက်စီမမြင်ပါ။ အဘယ်သို့ သွားနိုင်ပါမည်နည်း" ဟု ပြန်လည် လျှောက်ထား၏။

ဤတွင် အရှင်စက္ခုပါလ မထေရ်ကြီးက ဤသို့ မိန့်တော်မူလိုက်သည်။

သင်သိုယုတ်မာသူနှင့် အတူ မသွားလို

"ငါသည် သူကန်းဖြစ်၏။ မျက်စိနှစ်ဖက်လုံး ပျက်စီးနေ၏။ ရှည်လျားလှသော ခရီးကြမ်းကို လျှောက်သွားနေရ၏။ ခြေထောက်များဖြင့် မသွားနိုင်လျှင်

http://www.dhammadownload.com

မြေပေါ်မှာအိပ်လျက် လက်ထောက်၍သော်လည်း ဖြစ်စေ ငါ သွားအံ့၊ ယုတ်မာသော သင်လို ခရီးသွားဖော်နှင့်ကား အတူမသွားတော့ပြီ။

မထေရ်ကြီး၏စကားကို ကြားသော် သာမဏေသည် "ငါသည် ကြီးလေးလှသော မကောင်းမှုကို ပြုမိချေပြီ"ဟု ပြောဆိုငိုကြွေးကာ တောအုပ်ထဲသို့ ဝင်ပြေးသွားသည်။

စက္ခုပါလထေရ်သည် ခရီးဖော်မပါဘဲ ခရီးဆက်လာခဲ့၏။ ထိုစဉ်တွင် အရှင်မြတ်ကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်းသည် လူ့ပြည်သို့ ဆင်းလာရ၏။ သာဝတ္ထိမြို့တော်သို့သွားမည့် ခရီးသွား ယောကျ်ားသဏ္ဌာန် ဖန်ဆင်းကာ အရှင်စက္ခုပါလထံ ချဉ်းကပ်လျက် ပင့်ဆောင်၏။ မိမိ၏တန်ခိုးဖြင့် မြေပြင်ကို ချုံ့ကာ ထိုနေ့ ညနေခင်းမှာပင် ဇေတဝန်ကျောင်းတော်သို့ အရောက်ပို့ဆောင်၏။

ညီဖြစ်သူ စူဠပါလ ဆောက်လုပ်ထားသော သစ်ရွက်မိုးကျောင်းကလေးရှိ ပျဉ်ချပ်ပေါ်သို့ အရှင်စက္ခုပါလအား ပို့ဆောင် တင်ပေးခဲ့ပြီး စူဠပါလထံသို့ သွားရောက်ကာ အရှင်မြတ်ကြီး စက္ခုပါလထေရ် ရောက်နေကြောင်းကို ပြောကြားခဲ့သည် ညီဖြစ်သူ စူဠပါလသည် ထိုအခါမှစ၍ နောင်တော်အရှင်မြတ်ကြီးအား ရာသက်ပန် ရိုသေစွာ ပြုစုလုပ်ကျွေးလေတော့သည်။

စက္ခုပါလထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဥတ္တရထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ် လောင်းလျာသည် သုမေဓာဘုရားရှင် လက်ထက်တော်တွင် ဝိဇ္ဇာဓိရ်ဖြစ်နေခဲ့သည်။

ထိုဝိဇ္ဇာဓိရ်သည် ဝိဇ္ဇာအတတ်ပညာဖြင့် ကောင်းကင်မှ သွားလာကျက်စားနေထိုင်လျက်ရှိ၏။ ဓာစ်နေ့တွင် သုမေဓာဘုရားရှင်သည် ထိုဝိဇ္ဇာဓိရ်ကို ချီးမြှောက်တော်မူလိုသဖြင့် တောအုပ်အတွင်းရှိ သစ်ပင်တစ်ပင်အောက်၌ ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်လျက် စံပါယ်နေတော်မူ၏။ ကောင်းကင်ခရီးဖြင့် လှည့်လည်လာသော ဝိဇ္ဇာဓိရ်သည် သုမေဓာဘုရားရှင်ကို ဖူးမြင်ရသောအခါ ကြည်ညိုသဒ္ဓါ

http://www.dhammadownload.com

ထက်သန်လာသဖြင့် ကောင်းကင်မှ ဆင်းသက်ကာ စင်ကြယ်သန့်ရှင်းစွာ ပွင့်နေကြသော မဟာလှေကားပန်း သုံးပွင့်ကို ဆွတ်ခူး၍ ဘုရားရှင်အား ပူဇော်ခဲ့၏။

ထိုမဟာလှေကားပန်းတို့သည် သုမေဓာဘုရားရှင်၏ အထက်သို့ပျံတက်ကာ ထီးသဖွယ်မိုးလျက် တည်ရှိနေကုန်၏။ အဲ့ဖွယ်သရဲ ထူးကဲလှသော ထိုအဖြစ်ကို ရှုမြင်ရ၍ ဝိဇ္ဇာဓိရ်သည် အဝှံုင်းထက်အလွန် သဒ္ဓါတရား တိုးပွားလာ၏။

ပုဏ္ဏားသား ဥတ္တရဖြစ်လာ

ထိုဝိဇ္ဇာဓိရ်သည် ဤငါတို့ ဘုရားရှင်လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော်ရှိ ပုဏ္ဏားသူဌေးကြီးတစ်ယောက်၏ သားဖြစ်လာကာ ဥတ္တရဟူ၍ အမည်တွင်ခဲ့လေသည်။

ထိုသတို့သား လိမ္မာသည့်အရွယ်သို့ ရောက်လတ်သော် ပုဏ္ဏားတို့၏ အတတ်ပညာနှင့် စာပေကျမ်းဂန်တို့ကို ပြီးဆုံးအောင် သင်ကြားတတ်မြောက်၏။ အမျိုးအနွယ်ကောင်းခြင်း၊ ရုပ်ရည်လှပခြင်း၊ ပညာတတ်ခြင်း၊ အရွယ်ကောင်းခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းဟူသော အရည်အချင်းများကြောင့် သူ့ကို လူအများက ချီးကျူးမြောက်စားကြ၏။ ဥတ္တရ၏ ဂုဏ်သတင်းကို ကြားသိရသဖြင့် ကောသလမင်းကြီး၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားကြီးက မိမိ၏သမီးနှင့် ပေးစားလိုသဖြင့် ဥတ္တရ၏ မိဘများထံ စကားကမ်းလှမ်းလာသည်။

မိဘများက ထိုအကြောင်းကို သားအား ပြောပြကြသောအခါ ဥတ္တရသည် ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်သည်။ စောစောကပင် လူ့ဘောင်မှထွက်မြောက်ရန် စိတ်သန်ပြီး ဖြစ်နေ၍ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာထံသို့သာ သွားရောက်ဆည်းကပ်သည်။ အရှင်သာရိပုတ္တရာဟောသော တရားကိုလည်း နာယူသည်။ တရားနာရဖန်များ၍ ကြည်ညိုသဒ္ဓါပွားသည်ထက် ပွားလာသောအခါ ဥတ္တရသည် အရှင်သာရိပုတ္တရာထံ၌ သာမဏေပြု၏။ သာမဏေအဖြစ်ကို ရရှိပြီးလျှင် ဥတ္တရသည် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာအား ဝတ်ကြီးဝတ်ငယ်များဖြင့် ကျေပွန်စွာ ဖြည့်ဆည်းလုပ်ကျွေး၍ နေလေသည်။

စောစောဆွမ်းခံထွက်လာရာ

တစ်နေ့တွင် အရှင်သာရိပုတ္တရာ၌ ရောဂါတစ်ခု ကပ်ရောက်လာသဖြင့် အရှင်သာရိပုတ္တရာအား ယာဂုဆွမ်းကပ်နိုင်ရန် ဥတ္တရသာမဏေသည် နံနက်စောစော

http://www.dhammadownload.com

ဆွမ်းခံထွက်လာခဲ့၏။ ဝေဠုဝန်ကျောင်းတော်မှ ထွက်ခွာ၍ ရာဇဂြိုဟ်မြို့တော်သို့ မရောက်မီ ခရီးအကြားဌ၌ တစ်ဖက်ဆည်ကန်တစ်ခုရှိ၏။ ထိုကန်ပေါင်ရိုးသို့ ရောက်သောအခါ ရှင်ဥတ္တရသည် သပိတ်ကို ကန်ပေါင်ရိုးမှာ ချ၍ တစ်ဖက်ဆည်ကန်သို့ ဆင်းသက်ကာ မျက်နှာသစ်၏။ ပလုတ်ကျင်း၏။

ခိုးသူဟု အထင်ခံရ

ထိုစဉ်ခိုက်မှာပင် ဥမင်လိုဏ်ခေါင်းဖောက်၍ ခိုးနေသော သူခိုးကို အစောင့်လူများကသိရှိကာ ဝိုင်းဝန်း၍ လိုက်ကြ၏၊ သူခိုးသည် မြို့ဦးတံခါးမှ ပြေးထွက်လာကာ တစ်ဖက်ဆည်ကန်သို့ ရောက်လာ၏။ ကန်ပေါင်ရိုးရှိ သပိတ်ကို တွေ့ရသောအခါ ခိုးယူလာသော ရတနာထုပ်ကို သပိတ်ထဲမှာထည့်ထားခဲ့ကာ လက်လွတ်ထွက်ပြေးသွားသည်။ အစောင့်များ သပိတ်နား ရောက်လာကြသောအခါ ရှင်ဥတ္တရသည်လည်း သူ၏သပိတ်နားသို့ ချဉ်းကပ်လာခဲ့သည်။ ဤတွင် အစောင့်များသည် သာမဏေ၏ သပိတ်ထဲ၌ ရတနာထုပ်ကို တွေ့ရသဖြင့် "ဤသူကား သူခိုးတည်း" ဟု သာမဏေကို လက်ပြန်ကြိုးတုပ်လျက် ခေါ်ဆောင်သွားကြလေသည်။

ဝဿကာရ ပုဏ္ဏားကြီးကား တရားသူကြီး

ဝဿကာရပုဏ္ဏားကြီးကား ကောသလမင်းကြီး၏တရားရုံးတော်၌ ထိုအချိန်တွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ တရားခံတို့၏ ပြစ်မှုအားလျော်စွာ သတ်ထိုက်သူကို သတ်စေ အမိန့်ချမှတ်၍ လက်ခြေဖြတ်သင့်သူကို ဖြတ်ရန် အမိန့်ပေးနိုင်၏။

လက်စားချေခွင့် ရတော့မည်

အစောင့်များက ဥတ္တရသာမဏေကို လက်ပြန်ကြိုးတုပ်လျက် ခေါ်ဆောင်လာကြသောအခါ ဝဿကာရပုဏ္ဏားကြီးသည် အားရကျေနပ်စွာဖြင့် ပြုံးပြဲကြီးကြည့်ရှုနေ၏။ "ဤသူကား ငါ့၏သမီးနှင့် စကားကမ်းလှမ်းသည်ကိုပင် လက်မခံဘဲ ပယ်လှန်ခဲ့သူ ဖြစ်၏။ ငါတို့နှင့် အယူဝါဒမတူမျှသော ဘုရားသာသနာတော်တွင် ရှင်သာမဏေ ပြုနေခဲ့သူလည်း ဖြစ်သည်။ ယခု သူသည် ရာဇဝတ်သားအဖြစ်ဖြင့် ငါ့ရှေ့သို့ ရောက်လာနေပြီ။ သူ့ကို ငါ ကောင်းကောင်းကြီး လက်စားချေခွင့် ရတော့အံ့" ဟု တွေးတောနေ၏။ ရန်ငြိုးကြီးသောစိတ်ဖြင့် တွေးတောကာ အမှုမှန်

http://www.dhammadownload.com

မမှန်ကို သေသေချာချာ စစ်ဆေးမနေတော့ဘဲ အရှင်လတ်လတ် တံကျင်လျှို့၍ သတ်စေရန် အမိန့်ချမှတ်လိုက်လေသည်။

ဘုရားရှင် ကြွလာပြီး တရားဟောပြီ

တရားသူကြီးက အမိန့်ချလိုက်ပြီဖြစ်၍ မင်းချင်းတို့သည် ရှင်ဥတ္တရကို သုသာန်သို့ထုတ်ပြီး အရှင်လတ်လတ်သတ်ရန် တံကျင်လျှို့၍ထားခဲ့ကြ၏။ ရှင်ဥတ္တရ၏ ဉာဏ်ပညာရင့်ကျက်နေကြောင်းကို သိရှိတော်မူသဖြင့် ထိုသုသာန်သို့ ဘုရားရှင် ကြွတော်မူလာ၏။ တံကျင်လျှို့ထား၍ ဝေဒနာကြီးစွာ ခံစားနေရသော ရှင်ဥတ္တရ၏ ဦးခေါင်းထက်ကို လက်တော်ဖြင့် သုံးသပ်ပြီး "ဥတ္တရ ဤသို့ ခံစားရခြင်းကား ရှေးကပြုလုပ်ခဲ့သော အကုသိုလ်ကံ၏အကျိုးဖြစ်ပေသည်။ ထိုဝေဒနာကို ခံစားရာ၌ သင်သည် ပစ္စဝေက္ခဏာဉာဏ်ဟူသော ဆင်ခြင်စဉ်းစားမှုဖြင့် ဝေဒနာ၏ဒဏ်ကို သည်းခံသင့်ပေသည်" စသည်ဖြင့် တရားစကား ဟောကြားတော်မူ၏။

သာမဏေရှင်ဥတ္တရသည် အမြိုက်ရေစင်ဖြင့် သွန်းလောင်းခြင်းကို ခံယူရဘိသကဲ့သို့ ဘုရားရှင်၏ လက်တော်နှင့် ထိတွေ့ရသဖြင့် လှိုလ်လှိုက်လဲ့လဲ့ နှစ်သိမ့်ဝမ်းမြောက်ဖွယ် ရွှေရွေးက အလေ့အလာပြုထားခဲ့ဖူးသည့်အတိုင်း ဝိပဿနာပွားရာ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေသည်။

ရဟန္တာ သာမဏေရှင်ဥတ္တရသည် အဘိညာဉ်တန်ခိုးဖြင့် တံကျင်မှ ထလာကာ သတ္တဝါတို့အား သနားသောအားဖြင့် တန်ခိုးပြာဋိဟာပြ၏။ လူအပေါင်းတို့သည် တန်ခိုးပြာဋိဟာကို ဖူးမြင်ကာ တအံ့တသြ ချီးကျူးထောမနာ ပြုကြကုန်၏။

ထိုအချိန်မှာပင် တံကျင်လျှို့ထားသောဒဏ်ရာများလည်း ပျောက်ကင်းကာ ပကတိအတိုင်း ဖြစ်လာကြ၏။ ဤသို့ အံ့သြဖွယ်ရာ တွေ့ကြုံခဲ့ရသော ရှင်ဥတ္တရကို ရဟန်းများက "ငါ့ရှင် ဥတ္တရ၊ တံကျင်လျှို့ထားသည့် ဝေဒနာဒဏ်ကို ခံစားနေရပါလျက် သင်သည် အဘယ်သို့လျှင် ဝိပဿနာတရား ပွားများနိုင်ပါသနည်း" ဟု မေးမြန်းကြ၏။

သခီါရတရားတို့သည် အမြဲမတည်ရှိကြ

တစ်စုံတစ်ခုသောဘဝသည် မြဲသည်ဟူ၍ မရှိချေ။ ခဲ့ပြီသော သခီါရတရားတို့ဟူ၍လည်း မရှိကြချေ။ ခန္ဓာတို့သည် တပြောင်းပြန်ပြန်ဖြစ်လည်း

http://www.dhammadownload.com

ဖြစ်ကြကုန်၏။ ချုပ်လည်း ချုပ်ကြကုန်၏။ တပည်တော်သည် ခန္ဓာတို့၏ ဤသို့သော အပြစ်ကို သိရှိသောကြောင့် ဘဝတို့၌ဖြစ်ရန် အလိုမရှိပါ။ အလုံးစုံသော ကာမဂုဏ်တို့မှ လွတ်မြောက်ခဲ့ပါပြီ။ အာဝသက္ခယရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါပြီ။

ဤသို့လျှင် ရဟန္တာသာမဏေရှင်ဥတ္တရက ရဟန်းတော်တို့၏ အမေးကို ပြန်လည် ဖြေကြားပြီး မိမိအကြောင်းကိုလည်း အခြား ရဟန်းတော်တို့ သိရှိစေရန် ဟောပြတော်မူသည်။

အရှင်ဥတ္တရထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဂင်္ဂါတီရိယထေရ် အပါန်ဝတ္ထု

ဤအရှင်မြတ်ကြီး၏ လောင်းလျာသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။ သူသည် သာသနာတော်၌ ကြည်ညိုသဒ္ဓါ ထက်သန်လွန်းလှသဖြင့် ရဟန်းသံဃာအား ရေအလှူပေးခဲ့၏။

မိခင်ကို ခိုးသူကြီးက ခေါ်ဆောင်ပေါင်းသင်းနေ

ထိုအမျိုးကောင်းသားသည် ဤငါတို့ဘုရားရှင်၏ လက်ထက်တော်တွင် သာဝတ္ထိမြို့တော်ရှိ သူဌေးတစ်ယောက်၏သား ဖြစ်လာသည်။ သူ့အမည်မှာ ဒတ္တဖြစ်သည်။

ဒတ္တ သတို့သား ငယ်ရွယ်စဉ်မှာပင် သူ၏မိခင်ကို ခိုးသူကြီးတစ်ယောက်က အတင်းခေါ်ဆောင် သိမ်းပိုက်ထား၏။ ထို ခိုးသူကြီးနှင့် ပေါင်းသင်းသဖြင့် သူ့မိခင်သည် သမီးတစ်ယောက် ရရှိခဲ့၏။

ထူးခြားသည့်အဖြစ်ဆန်း

အကြောင်းကြောင်းတို့ကြောင့် ထိုသားအမိနှစ်ယောက်တို့ ကွဲကွာသွားကြပြီးနောက် အချိန်ကြာသောအခါ တစ်ယောက်နှင့်တစ်ယောက် သားအမိမှန်း

http://www.dhammadownload.com

မသိကြဘဲ အိမ်တစ်အိမ်မှာ ဆုံမိကြ၏။ သူတို့သည် ယောကျ်ားတစ်ယောက်၏ မယားများဖြစ်ကာ သင့်တင့်ညီညွတ်စွာ နေထိုင်နေကြ၏။ သူတို့၏ လင်ယောကျ်ားမှာလည်း အခြားသူမဟုတ်ဘဲ မယားကြီးဖြစ်နေသူ၏ သားလည်းဖြစ်၍ မယားငယ်ဖြစ်နေသူ၏အစ်ကိုလည်း ဖြစ်နေသူ ဖြစ်သည်။ ထူးခြားဆန်းကျယ်သည့် ဖြစ်ရပ်ပင် စဖြစ်သည်။

တစ်နေ့တွင် ဒတ္တသည် သူတို့အိမ်ထောင်ရေး အခြေအနေနှင့် နောက်ကြောင်းဖြစ်ရပ်များကို အမှန်အတိုင်း သိရှိသွားသည်။ သို့ဖြင့် သူသည် သတိသံဝေဂကြီးစွာ ရရှိသဖြင့် သာသနာတော်၌ရဟန်းပြု၏။ ရဟန်းအဖြစ်ကို ရပြီးနောက် အရှင်ဒတ္တသည် မိမိ၏ ဆိုးရွားလှသော ကံကြမ္မာကို ရွံရှာ စက်ဆုပ်လှသဖြင့် သူသေတို့အား ရည်စူး၍ နို့ရည် သွန်းလောင်းသော ကရားကဲ့သို့ ကျက်သရေမင်္ဂလာ ကင်းမဲ့သော မြေသပိတ်ကို ကိုင်ဆောင်၏။ ဂင်္ဂါမြစ်ကမ်းတစ်နေရာတွင် ထန်းရွက် သုံးရွက်တို့ဖြင့်သာ တဲကလေးဆောက်၍ နေထိုင် သီတင်းသုံးကာ ပုံသုကူသင်္ကန်းကိုသာ ဝတ်ရုံသည်။

ဂင်္ဂါမြစ်ကမ်းပါးတွင် ထိုသို့ နေထိုင်ကျင့်သုံးသဖြင့် ဘွဲ့အမည်ရင်း ကွယ်ပျောက်ကာ အရှင်ဂင်္ဂါတီရိယဟု ကျော်ကြားလူသိများလာသည်။

ဆွဲ့အနေသူလော

အရှင် ဂင်္ဂါတီရိယသည် 'အရဟတ္တဖိုလ်ကို မရသေးလျှင် မည်သူနှင့်မျှ စကားမပြော'ဟု အဓိဋ္ဌာန်ပြုကာ ပထမတစ်နှစ်တာလုံး စကားတစ်ခွန်းမျှ မပြောဘဲ နေခဲ့၏။ ဒုတိယနှစ်တွင်ကား ဆွမ်းခံကြွစဉ် သူတို့ မြင်တွေ့ရသူ ဆွမ်းဒါယိကာမ တစ်ယောက်က 'ဆွဲ့အသူများ ဖြစ်နေသလော'ဟု စုံစမ်းလိုသဖြင့် သပိတ်ထဲသို့ နွားနို့များ လောင်းလှူ၏။

တစ်ပါးစာ ဝရုံမျှရရှိသောအခါ လောင်းလှူနေခြင်းကို ရပ်တဲ့ရန် အရှင် ဂင်္ဂါတီရိယက လက်ဟန်ပြကာ တားမြစ်၏။ ဒါယိကာမကလည်း မသိကျိုးကျွန်ပြုလျက် ဆက်လက်လောင်းထည့်၏။ ဤတွင် အရှင်ဂင်္ဂါတီရိယက "နှမ၊ တော်လောက်ပေပြီ"ဟု ပါးစပ်မှ မြွက်ဆိုလိုက်သည်။ ထိုအခါ ဆွမ်းလောင်းသူ ဒါယိကာမက ဆွဲ့အနေသူမဟုတ်ဟု သိသွားသည်။ တတိယနှစ်ရောက်သော အခါတွင် ဝိပဿနာတရား ကြိုးစားအားထုတ်သဖြင့် ဝါတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

http://www.dhammadownload.com

ရဟန္တာအရှင်မြတ်သည် သူ၏ ကြိုးစားအားထုတ်ခဲ့ပုံကို ဤသို့ ပြန်လည် ဟောကြားခဲ့သည်။

ငါသည် ဂင်္ဂါမြစ်ကမ်းပါး၌ ထန်းရွက်သုံးရွက်တို့ဖြင့် တဲကျောင်းဆောက်၍ နေခဲ့၏။ ငါ၏သပိတ်သည် သူသေတို့အား ရည်စူး၍ နို့ရည်သွန်းလောင်းသော ကရားကဲ့သို့ ကျက်ရေမင်္ဂလာ ကင်းမဲ့သော သပိတ်ဖြစ်၏။ ပုံသုကူသင်္ကန်းကိုလည်း ငါ ဝတ်ရုံခဲ့၏။

နှစ်နှစ်တာကာလတို့ အတောအတွင်း၌ ငါသည် စကားတစ်ခွန်းတည်းသာ ပြောဆိုခဲ့၏။ တတိယနှစ် ဝါတွင်းအချိန်မှာပင် အဝိဇ္ဇာအမိုက်တိုက်ကို အရဟတ္တမဂ် ဖြင့် ခွဲဖျက်နိုင်ခဲ့ပေပြီ။

အရှင်ဂင်္ဂါတီရိယထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ရာဓထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။

တစ်နေ့တွင် ပဒုမုတ္တရ ဘုရားရှင်သည် ရဟန်းတစ်ပါးအား ဒေသနာဉာဏ်များ တိုးပွားလာအောင် စွမ်းဆောင်ရာတွင် အထူးမြတ်ဆုံးဖြစ်သော ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူ၏။

ကုသိုလ်ပြုခဲ့

ဤအရှင်မြတ်လောင်းလျာ အမျိုးသားသည် ထိုရဟန်း ရယူပန်ဆင်ရသော ဧတဒဂ်ဆုထူးကို ရယူလိုသဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးလျှင် ထိုဆုကို တောင်းကာ ဘဝပေါင်းများစွာတို့၌ ကုသိုလ်ကောင်းမှုများ ပြုခဲ့လေသည်။

သူသည် ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင်လည်း လူအဖြစ်ကို ရရှိပြန်ကာ ဆွမ်းခံကြွတော်မူနေသော ဝိပဿီဘုရားရှင်အား သရက်သီးမှည့်များ ဆက်ကပ် လှူဒါန်းခဲ့၏။

http://www.dhammadownload.com

ပုဏ္ဏားအိုဘဝရောက်သော်

ဤငါတို့ ဂေါတမဘုရားရှင်၏ လက်ထက်တော်တွင်ကား ရာဇဂြိုဟ်မြို့တော်ရှိ ပုဏ္ဏားတစ်ယောက်၏သားဖြစ်လာကာ ရာဓဟု အမည်တွင်ခဲ့လေသည်။ ရာဓသတို့သား အရွယ်ရောက်လင်းသော် အိမ်ရာတည်ထောင်၍ နေထိုင်၏။ အသက်အရွယ် အိုမင်းလာသောအခါတွင်ကား သားမယားများက သူ့ကို မကြည်ဖြူကြတော့ပေ။ နကိုကတည်းက ထိုင်စားနိုင်လောက်သည့် ဥစ္စာပစ္စည်း အထုပ်အထည်မရှိ ဖြစ်နေရသည့် သူ့ဘဝကို ဘယ်သူက ကြင်နာကြပါမည်နည်း။ သားမယားများကလည်း သူ့ကို "လူအိုပေတုံး ထမင်းဖြုန်း"ဟုဆိုကာ အိမ်မှာ မထားလိုကြတော့ပေ။ အားကိုးရာမဲ့နေသည့် အဘိုးအို ရာဓသည် အရွယ်လွန်ကာမှ အားကိုးရာရှာမရ ဖြစ်နေတော့သည်။ သို့ဖြင့်သူသည် နောက်ဆုံးတွင် ရှင်ကြီးဂေါတမထံမှာပင် ရဟန်းပြုနေတော့မည်ဟု စဉ်းစားကာ ဝေဌုဝန်ကျောင်းတော်သို့ ဦးလှည့်လာသည်။ တွေ့သမျှရဟန်းများထံ ချဉ်းကပ်ကာ ရဟန်းပြုလိုကြောင်း တောင်းပန်လျှောက်ထားသည်။ ရဟန်းများကလည်း အရွယ်ကောင်းသူများကိုသာ အလွယ်တကူ ရဟန်းပြုပေးချင်ကြသည်။ သည်လို လူအိုလူမင်း အဘိုးအိုရာဓအား ရဟန်းပြုပေးချင်သူမရှိ ဖြစ်နေသည်။ ရဟန်းများက အသက်အရွယ် ကြီးရင့်အိုမင်းသည့် ရာဓလို ပုဏ္ဏားအိုကြီးသည် သူတို့အတွက် ဝတ်ကြီးဝတ်ငယ်ကို ပြုပေးနိုင်မည့်သူ မဟုတ်သဖြင့် လက်မခံချင်ကြပေ။

ဤသို့လျှင် ရဟန်းအားလုံးက ပုဏ္ဏားအိုကြီးအား ရဟန်းပြုပေးရန် ငြင်းပယ်နေကြသည့်အတွက် အဘိုးအိုရာဓမှာ စိတ်သောက အကြီးအကျယ်ရောက်ရတော့သည်။ သူ့ခများ သူတကာပေးသမျှနှင့် မဝတဝစားနေရပါသော်လည်း ထိုဆင်းရဲဒုက္ခသက်သက်ကြောင့် ရဟန်းပြုလိုခြင်းမဟုတ်။ ပါရမီသမ္ဘာအရှိန်ကလည်း ရင့်သန်လာသဖြင့် ကျန်သေးသမျှသက်တမ်းကာလတွင် သာသာနာတော်၏ အဆုံးအမဖြင့် နေထိုင်လိုသည့်ဆန္ဒက ပြင်းပြလာတော့သည်။ မိမိ၏ ဆန္ဒကို အကောင်အထည်မဖော်နိုင်သည့်အတွက် အဘိုးအိုရာဓခများ စိတ်ထောင်းကိုယ်ကျေ ဖြစ်ရတော့သည်။

အရှင်သာရိပုတ္တရာက ရဟန်းပြုပေးပြီ

သူ့အတွက် ကံကောင်းသည်ဟုဆိုရမည်။ တစ်နေ့တွင် သူသည် ဘုရားရှင်နှင့် ဆုံတွေ့လိုက်ရသည်။ ဘုရားရှင့်သည် ဤပုဏ္ဏားကြီးကား ရှေးကပြုခဲ့ဖူးသော

F-74A ထေရအပဒါ

http://www.dhammadownload.com

ကောင်းမှုနှင့်ပြည့်စုံသူဖြစ်ကြောင်း သိရှိတော်မူသဖြင့် ရဟန်းအပေါင်းကို စည်းဝေး စေတော်မူပြီးလျှင် ရဟန်းတို့၊ ရာဓပုဏ္ဏား ပြုခဲ့ဖူးသော ကျေးဇူးတရားကို သိရှိသော ရဟန်းရှိပါလျှင် ထိုရဟန်းသည် ရာဓပုဏ္ဏားအား ရဟန်းပြုပေးပါလော့ဟု မိန့်ကြားတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်က "အရှင်ဘုရား၊ ဤ ပုဏ္ဏားသည် တပည့်တော်အား ဆွမ်းတစ်ယောက်မစာမျှကို လောင်းလှူခဲ့ဖူးပါသည်၊ ထို ကျေးဇူးကို ထောက်ထား၍ တပည့်တော် ရဟန်းပြုပေးပါမည်ဘုရား"ဟု လျှောက်ထား၏။ သာဓု၊ သာဓု၊ သာဓု သာရိပုတ္တရာ၊ သူ့ကျေးဇူးကို သိတတ်ပေစွ၊ ဆွမ်းတစ်ဇွန်း တစ်ယောက်မစာမျှ လောင်းလှူခဲ့ဖူးသည့် သူ၏ကျေးဇူးကို အထူးသိတတ်ပေစွ"ဟု မိန့်ကြားတော်မူသည်။ ထို့နောက် ဆက်လက်၍ ဘုရားရှင်က "ရဟန်းတို့၊ ရှေးယခင်က သရဏကုံသုံးပါးဖြင့် ရဟန်းပြုပေးခြင်းကို ငါဘုရား ခွင့်ပြုခဲ့သည်။ ယခု ငါဘုရားသည် ထိုခွင့်ပြုချက်ကို ပယ်ဖျက်လိုက်ပေပြီ။ ယနေ့မှစ၍ ရဟန်းပြုခြင်းကိစ္စကို ဥတ္တိစတုတ္ထကမ္မဝါစာဖြင့်သာ ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြုလိုက်ပေပြီ"ဟု မိန့်ကြားတော်မူသည်။ သို့ဖြင့် သာသနာတော်၏ သမိုင်းတွင် ပထမဆုံး ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်လာရသူမှာ အရှင်ရာဓပင်ဖြစ်ကြောင်း မော်ကွန်းထိုးရပေတော့သည်။

ရဟန္တာဖြစ်ပြီ

ရဟန်းဖြစ်ပြီးနောက် အရှင်ရာဓသည် ဝိပဿနာတရား ကြိုးစားအား ထုတ်လေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

စတဒဂ်ရပြီ

ရဟန္တာအရှင်ရာဓသည် ဘုရားရှင်ထံတော်၌ပင် နေထိုင်ပြီး လေးနက်လှသော တရားဓမ္မများကို မေးလျှောက်သည်။ ထိုသို့ မေးလျှောက်သဖြင့်လည်း ဘုရားရှင်၏ ဒေသနာဉာဏ်တော်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးပွားလာကာ တရားသဘော အမျိုးမျိုးဖြင့် ကျယ်ပြန့်လာသည့် ဒေသနာတော်များ ဖြစ်လာ၏။

ထို့ကြောင့် ဘုရားရှင်သည် ပရိသတ်လေးပါးအလယ်မှာ သီတင်းသုံးတော်မူကာ အသက်အရွယ် အိုမင်းခါမှ ရဟန်းပြုလာသော အရှင်ရာဓအား "ရဟန်း၊ ငါဘုရားအား ဒေသနာဉာဏ်တော်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးပွားလာအောင်

http://www.dhammadownload.com

စွမ်းဆောင်နိုင်ကြကုန်သော ငါ၏တပည့်တို့တွင် ရာဓသည် အထွတ်မြတ်ဆုံးပေတည်း"ဟု ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလေသည်။

ဤသို့ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးခြင်း ခံရသော ရဟန္တာအရှင်ရာဓသည် ကမ္မဋ္ဌာန်း ဘာဝနာပွားများခြင် ၏ ဂုဏ်ကျေးဇူးကို ဤသို့ ဟောကြားတော်မူသည်။

ကောင်းမွန်စွာ မိုးရွာမထားသောအိမ်ကို မိုးရေမိုးပေါက်တို့ ထိုးဖောက်ဝင်ရောက်လာသကဲ့သို့ ကမ္မဋ္ဌာန်းဘာဝနာ မပွားများသော စိတ်ကို ရာဂသည် ထိုးဖောက်ဝင်ရောက်၏။

ကောင်းမွန်စွာ မိုးရွာထားသော အိမ်ကို မိုးရေမိုးပေါက်တို့ ထိုးဖောက်ဝင်ရောက်၍ မလာနိုင်သကဲ့သို့ ကမ္မဋ္ဌာန်း ဘာဝနာ ကောင်းစွာ ပွားများထားသော စိတ်ကို ရာဂသည် ထိုးဖောက်ဝင်ရောက်၍ မလာနိုင်။

အရှင်ရာဓထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ဗာကုလဧထေရ်အပဒါန်ဝတ္ထု

ဤအရှင်မြတ်ကြီးလောင်းလျာသည် လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်တွင် ပုဏ္ဏားတစ်ယောက်ဖြစ်ခဲ့ရ၏၊ ပုဏ္ဏားတို့၏ အတတ်ပညာနှင့် စာပေကျမ်းဂန်တို့ကိုလည်း သူသည် ပြီးဆုံးအောင် သင်ယူခဲ့၏။

ရသေ့ဘဝ

သူ သင်ယူခဲ့သော စာပေကျမ်းဂန်တို့၌ သံသရာမှ လွတ်မြောက်စေနိုင်သော အနှစ်သာရကို မတွေ့ရှိသဖြင့် တမလွန်၏ အကျိုးစီးပွားကို ရှာဖွေရန် ရသေ့ဝတ်ကာ ဟိမဝန္တာတောင်အနီးရှိ သောဘိတမည်သော တောင်သို့ ရှေးရှုထွက်ခွာလာခဲ့၏၊ သူ့ထံ အတတ်ပညာ သင်ယူနေကြသော ပုဏ္ဏားလုလင်တို့သည်လည်း သူနှင့်အတူ ရသေ့ဝတ်ကာ အတူလိုက်ပါလာကြ၏။ တပည့်ရသေ့များသည် သောဘိတတောင်ခြေ၌ ဆရာရသေ့ကြီးအတွက် သစ်မိုးကျောင်းနှင့် နေရိပ်ခိုစရာ မဏ္ဍပ်များ ဆောက်လုပ်ကြ၏။

http://www.dhammadownload.com

ထိုသခ်မ်းကျောင်း၏ ဝန်းကျင်၌ သီးပင်၊ ပန်းပင် စသော အပင်အမျိုးမျိုးတို့သည် သဘာဝအတိုင်း ပေါက်ရောက်ရှင်သန်နေကြသည်။

ထိုအချိန်တွင် အနောမဒဿီဘုရားရှင် ပွင့်ထွန်းတော်မူလာကာ သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ တစ်နေ့တွင် အနောမဒဿီဘုရားရှင်သည် နေ့ခင်း၌ တစ်ပါးတည်း ကျိန်းစက်ရန် သင့်လျော်မည့်နေရာကို ရှာဖွေတော်မူရင်း သောဘိတတောင်ခြေသို့ ကြွရောက်တော်မူလာသည်။ တောင်ခြေရှိ သခ်မ်းကျောင်းသို့ ရောက်သောအခါ ဆရာရသေ့ကြီးသည် အနောမဒဿီဘုရားရှင်ကို ရိုသေစွာ ခရီးဦးကြိုဆိုပြီး သခ်မ်းကျောင်းအတွင်းသို့ ပင့်ဆောင်၏။ အနောမဒဿီ ဘုရားရှင်အတွက် မြင့်မြတ်သောနေရာကို ခင်းကျင်း၍ ပေး၏။

ဘုရားရှင်၌ လေနာ ဝေဒနာဖြစ်လာ

ခင်းထားသောနေရာ၌ သီတင်းသုံးတော်မူမိလျှင်ပင် အနောမဒဿီ ဘုရားရှင်၌ လေနာရောဂါ ကပ်ရောက်လာ၏။ ဆရာရသေ့ကြီးသည် ဘုရားရှင်၏ အခြေအနေကို ကြည့်ရှုသော် လေနာရောဂါ ကပ်ရောက်နေကြောင်း သိရှိသဖြင့် တောင်ပေါ်သို့တက်ကာ ဆေးဖက်ဝင်မည့် သစ်မြစ်များကို ရှာဖွေတူးဖော်သည်။ ထို့နောက် ကျောက်ပျဉ်ပေါ်မှာ ရေနှင့်သွေးပြီး အနောမဒဿီ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းသည်။

ရသေ့ကြီး၏ ဆုတောင်း

ဘုရားရှင်သည် ထိုဆေးကို ဘုဉ်းပေးတော်မူရသဖြင့် လေနာရောဂါမှ သက်သာပျောက်ကင်းတော်မူလေ၏။ "လေနာရောဂါ ကင်းပျောက်စေကြောင်း ဆေးဝါးကောင်းကို လှူဒါန်းရသဖြင့် ဖြစ်လေရာဘဝတိုင်း၌ အနာရောဂါကင်းသူ ဖြစ်လိုပါ၏" ဟု ဆေးအလှူရှင် ရသေ့ကြီးက ဆုတောင်းခဲ့လေသည်။

ရသေ့ကြီးသည် ထိုဘဝမှ စုတေလတ်သော် တစ်အသရေ်ပတ်လုံး ဗြဟ္မာဖြစ်နေရပြီးလျှင် ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်တွင် ဟံသာဝတီမြို့တော်၌ အမျိုးကောင်းသားတစ်ယောက် ဖြစ်လာခဲ့ရပြန်သည်။ ထိုအမျိုးကောင်းသားသည် အရွယ်ရောက်သောအခါ ပဒုမုတ္တရ ဘုရားရှင်ထံမှ တရားတော်များ နာယူသည်။

http://www.dhammadownload.com

တစ်နေ့တွင် ဘုရားရှင်သည် ရဟန်းတစ်ပါးအား အနာဂာင်းသော အရာဌာန၌ ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလေရာ ထိုအမျိုးကောင်းသားသည်လည်း ကောင်းမှုကုသိုလ် ကြီးကျယ်စွာပြုပြီးလျှင် "ထိုရဟန်းရရှိသော ဆုမျိုးကို ရလိုပါ၏"ဟု ဆုမွန်ပတ္ထနာပြုခဲ့သည်။

သူသည် ထိုအချိန်မှစ၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု အမျိုးမျိုး ပြုလုပ်ခဲ့ရာ ကွယ်လွန်သောအခါ သုဂတိဘုံတို့၌သာ လှည့်လည်ဖြစ်နေခဲ့ရ၏။ ထိုမှတစ်ဖန် ဗန္ဓုမတီမြို့တော်၌ ပုဏ္ဏားတစ်ယောက် ဖြစ်လာရပြန်သည်။

မိမိတတ်ကျွမ်းထားသော ဗေဒင်သုံးပုံတို့၌ အနှစ်သာရကို မတွေ့သဖြင့် ပုဏ္ဏားသည် ရသေ့ဝတ်ကာ တောရဆောက်တည်၍နေ၏။ ထိုအချိန်တွင် ဝိပဿီဘုရားရှင် ပွင့်ထွန်းတော်မူလာကာ အမျိုးကောင်းသားတို့အား သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူသည်။

ရဟန်းတို့အား ဆေးကုပေးခဲ့

ရသေ့သည် ဝိပဿီဘုရားရှင်၏သတင်းကောင်းကို ကြားသိရသော် မိမိနေရာတောင်ခြေမှ ထွက်လာခဲ့ပြီးလျှင် ဝိပဿီဘုရားရှင်ထံ၌ တရားတော်ကို နာကြား၏။ သရဏဂုံ သုံးပါးကို ခံယူဆောက်တည်၏။ ရဟန်းတို့ရောဂါဖြစ်လာလျှင် တိဏပုပ္ဖက မည်သော ရောဂါဖြစ်ပွားလာသောအခါ ဆေးဝါးများဖြင့် ပြုစုကုသပေးခဲ့သည်။

ရာသက်ပန်ဆေးဝါးထောက်ပံ့ခဲ့

ကဿပဘုရားရှင်၏ လက်ထက်တော်ရောက်သောအခါ သူသည် ဗာရာဏသီမြို့တော်၌ အမျိုးကောင်းသားတစ်ယောက်ဖြစ်လာပြီး အိမ်ရာတည်ထောင်၍နေထိုင်၏။ ပျက်စီးယိုယွင်းနေသော ကျောင်းတိုက်ကြီးတစ်ခုကို တွေ့ရှိသဖြင့် အသစ်တစ်ဖန် ပြုပြင်ဆောက်လုပ်၏။ ဥပုသ်ပြုရာ သိမ်အစရှိသော သာသနာ့အဆောက်အအုံများကိုလည်း ဆောက်လုပ်ပေးသည်။

ကျောင်းတိုက်ကြီး ဆောက်လုပ်ပြီးသောအခါ ရဟန်းသံဃာများကိုပင့်၍ လှူဒါန်းပြီးလျှင် ထိုကျောင်းတိုက်နေ သံဃာတော်များအား ဆေးဝါးပစ္စည်းတို့ဖြင့် ရာသက်ပန် ထောက်ပံ့လှူဒါန်းနေခဲ့သည်။

သူသည် ဤဘုရားရှင် ပွင့်တော်မမူမီက ကောသမ္ဗီမြို့ရှိ သူဌေးကြီးတစ်ယောက်၏အိမ်၌ သားအဖြစ် ဖွားမြင်လာလေသည်။

http://www.dhammadownload.com

ကောသမ္မီသူဌေးကြီးသည် ဖွားမြင်ခါစ သားငယ်အား အနာရောဂါကင်းရှင်း စေရေးအတွက် ယမုံနာမြစ်ဆိပ်၌ ရေချိုးပေးရန် စီစဉ်၏။ နို့ထိန်းမိန်းမသည် သားငယ်ကို မြစ်ရေ၌ စိမ်၍ ရေချိုးပေးစဉ် ငါးကြီးတစ်ကောင်က သားငယ်ကို အတင်းဝင်၍ မျိုး၏။ [သူငယ်သည် ပစ္စိမဘဝိကခေါ် နောက်ဆုံးဘဝ လူဖြစ်ရသူ ဖြစ်၍ ရဟန္တာမဖြစ်သေးဘဲ မကွယ်လွန်ပေ]။

ငါးကြီးအမျိုခံရသော်လည်း ငါး၏ဝမ်းဗိုက်တွင်း၌ သူသည် ကျန်းမာ ချမ်းသာစွာ ရှိနေခဲ့၏။ ထိုငါးကြီးသည် ယမုံနာမြစ်ရေထဲ၌ လှည့်လည်ကျက်စားစဉ် တံငါတို့၏ ပိုက်ကွန်တွင် ဖမ်းမိသွားသည်။ တံငါတို့သည် ထိုငါးကြီးကို ဗာရာဏသီသူဌေးကြီးတစ်ဦးထံ ရောင်းလိုက်ကြ၏။ သူဌေးကတော်ကြီးသည် ငါးကြီးကိုချက်ရန် ဓားဖြင့်ခွဲလိုက်ရာ ဝမ်းဗိုက်ထဲမှ သူငယ်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ သားအဖြစ် ကျွေးမွေးပြုစု၍ ထားလိုက်သည်။

ထိုအကြောင်းသည် တစ်ဆင့်စကားတစ်ဆင့် နားဖြင့် ကျယ်ပြန့်သွားလေရာ ကောသမ္မီမြို့တော်ရှိ မိခင် ဖခင်အရင်းများ ကြားသိသွားကြသည်။ ဗာရာဏသီမြို့သို့ သူ့မိဘများ လိုက်လာကြပြီးလျှင် "ငါတို့၏ သားကို ပေးပါ"ဟု တောင်းဆိုကြ၏။ မွေးစားမိခင်ဖခင်တို့ကလည်း သားကို သံယောဇဉ် တွယ်နေကြသဖြင့် "ငါတို့သည် ငါးကြီး၏ဝမ်းဗိုက်ထဲမှ ရရှိ၍ မွေးမြူထား ခြင်းဖြစ်၏။ ငါတို့၏သားကို မပေး နိုင်ပါ"ဟု ငြင်းဆိုကြ၏။

နှစ်ဖက်မိဘမွေးစားသူ

ဤသို့ဖြင့် ထိုအမှုသည် ကောသလမင်းကြီးထံ အဆုံးအဖြတ်ခံရန် ရောက်သွား ရတော့သည်။ ကောသလမင်းကြီးက "နှစ်ဖက်သော ဆွေမျိုးများနှင့် သက်ဆိုင်စေ၊ သူငယ်သည် နှစ်ဖက်သော မိခင်တို့၏ အမွေကို ခံစားနိုင်စေ"ဟု အဆုံး အဖြတ်ပေးလိုက်၏။ ဤသို့ ဆွေမျိုးနှစ်ဖက်ရှိနေခြင်းကို အကြောင်းပြုလျက် ထို သတို့သားကို ဗာကုလ (ဆွေမျိုးနှစ်ဖက်က မွေးစားထားသူ)ဟု အမည်မှည့်ကြ လေသည်။

ရှေးကောင်းမှုများကြောင့် ဗာကုလသည် အနာရောဂါ လုံးဝမရှိဘဲ ပကတိ ကျန်းမာချမ်းသာစွာ ကြီးထွားလာရသည်။ နှစ်ဖက်မိဘတို့အိမ်တွင် တစ်လှည့်စီ နေလာခဲ့၏။ အရွယ်ရောက်သောအခါ နှစ်ဖက်သော မိဘတို့ထံမှ အမွေပစ္စည်း မြောက်မြားစွာ ရရှိသဖြင့် စည်းစိမ်ဥစ္စာ ပေါကြွယ်ပြည့်စုံ၏။ အသက် ရှစ်ဆယ်

http://www.dhammadownload.com

ပြည့်သည့်တိုင်အောင် လောကစည်းစိမ်ကို မြိန်ရှက်စွာ ခံစားခဲ့ပြီးမှ ဘုရားရှင်နှင့် တွေ့ဆုံကာ တရားတော်ကို နာကြားရ၏။

တရားတော်ကို ကြည်ညိုမြတ်နိုးလွန်းလှသဖြင့် ဗာဟုလသည် သာသနာတော်၌ ရဟန်းပြု၏။ အရှင်ဗာကုလသည် ရဟန်းဖြစ်ပြီးနောက် ရှစ်ရက်မြောက်နေ့၏ အစ အရုဏ်သန်းလာသောအချိန်တွင်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိသည်။

စတေဒဂ်ရပြီ

ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်ဗာကုလသည် တစ်နေ့တွင် ဘုရားရှင်ရှေ့တော်မှောက်သို့ ဝင်ရောက်ရှိခိုး၍နေ၏။ ပရိသတ်လေးပါးတို့လည်း စုံညီစွာ ဘုရားရှင်ကို ဖူးမြော်နေကြ၏။ ထိုပရိသတ်များ အလယ်၌ ဘုရားရှင်က "ရဟန်းတို့၊ အနာရောဂါ ကင်းရှင်းကြကုန်သော ငါဘုရား၏တပည့်ရဟန်းတို့တွင် ဗာကုလသည် အမြတ်ဆုံး ပေတည်း"ဟု အရှင်ဗာကုလအား စတေဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလေသည်။

အပ္ပာဗာဓ အနာရောဂါကင်းမှု စတေဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော အရှင်ဗာကုလသည် အသက်တစ်ရာ့ခြောက်ဆယ်အထိ ကျန်းမာချမ်းသာစွာ နေထိုင်အသက်ရှင်ရ၏။ သာသနာ့ဝန်ထမ်း ရဟန်းအားလုံးတွင် အသက်အရှည်ဆုံးသော ပုဂ္ဂိုလ်ထူးလည်း ဖြစ်၏။

သက်တော်ရှည် အရှင်ဗာဟုလသည် သက်တော်တစ်ရာ့ခြောက်ဆယ် ပြည့်၍ ပရိနိဗ္ဗာန်ပြုမည့်နေ့သို့ ရောက်သောအခါ တပည့်များအား ဤသို့ သူ့ဘဝအကြောင်း ဟောတော်မူကာ ဆုံးမခဲ့သည်။

အရှင်ဗာကုလဟောသောတရား

အကြင်သူသည် ရွေးဉီးစွာ ပြုသင့်သော ကိစ္စတို့ကို နောက်မှပြုရန် အလိုရှိ၏။ ထိုသူသည် နတ်ရွာနိဗ္ဗာန် ချမ်းသာတို့မှ ဆုတ်ယုတ်ရ၏။ နောက်နောင်၌လည်း အစဉ်သဖြင့် ပူပန်ရ၏။ မိမိပြုနိုင်သောအမှုကိုသာ ပြုနိုင်၏ဟု ပြောဆိုရာ၏။ မိမိမပြုနိုင်သောအမှုကို ပြုနိုင်၏ဟု မပြောဆိုရာ။ မပြုနိုင်ပါဘဲလျက် ပြုနိုင်၏ဟု မပြောဆိုရာ။ မပြုနိုင်ပါဘဲလျက် ပြုနိုင်၏ဟု ပြောဆိုသောသူကို ပညာရှိတို့က သိရှိကြကုန်၏။ ဘုရားရှင်ဟောကြားတော်မူသော နိဗ္ဗာန်သည်

http://www.dhammadownload.com

စိုးရိမ်ပူဆွေးခြင်း မရှိ။ ရာဂဟူသော မြူမှုန်များကင်းရှင်း၏။ ဘေးရန် ကင်းလွတ်၏။ ဆင်းရဲခြင်း ဟူသမျှ ချုပ်ငြိမ်း၏။ ထိုနိဗ္ဗာန်သည် အလွန်တရာ ချမ်းသာလှပေစွတကား။

အရှင်ဗာကုလထေရ် အပဒါန်ဝတ္ထု ပြီး၏။

●●●●●●●●●●

အရှင်ခနိယထေရ် အပဒါန်ဝတ္ထု

ဤအရှင်မြတ်လောင်းလျာသည် သိခီဘုရားရှင်၏ လက်ထက်တော်တွင် အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ရသည်။

ကျူးပန်းလှူခဲ့ဖူးသူ

ထိုအမျိုးကောင်းသားသည် အရွယ်ရောက်လာသောအခါ အကြောင်းကိစ္စတစ်ခုကြောင့် တောအုပ်တစ်ခု၏ အစွန်အဖျားသို့ ရောက်သွားလေရာ ဒေသစာရီလှည့်လည်တော်မူလာသော သိခီဘုရားရှင်ကို သူ ဖူးမြင်ရသည်။ ဘုရားရှင်အား ကြည်ညိုသဒ္ဓါ ထက်သန်လှသဖြင့် ကျူးပန်းတို့ကို ဆွတ်ခူး၍ ပူဇော်ခဲ့၏။

ဤငါတို့ဂေါတမ ဘုရားရှင်၏ လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော်ရှိ ဘဂ္ဂဝနွယ်ဖွား အိုးထိန်းသည်တစ်ယောက်၏သား ဖြစ်လာကာ ခနိယသတို့သားဟု အမည်တွင်ခဲ့သည်။

အိုးထိန်းသည် ခနိယဘဝ

ခနိယသတို့သား အရွယ်ရောက်လတ်သော် အိုးထိန်းသည် အလုပ်ဖြင့် အသက်မွေးမြူရသည်။ တစ်နေ့တွင် ဂေါတမဘုရား၌ရှင်သည် ပက္ကုသာတိမင်းမိမိထံသို့ ရောက်လာမည့်အရေးကို ကြိုတင်သိမြင်တော်မူသဖြင့် ခနိယ၏ အိုးထိန်းသည်အလုပ် လုပ်ကိုင်ရာဖြစ်သောတဲသို့ ကြွရောက်တော်မူလာသည်။

ဗိမ္မိသာရမင်းနှင့် လူချင်း မတွေ့မမြင်ရသေးဘဲ သတင်းစကား ကြားရရုံမျှဖြင့် မိတ်ဆွေဘဝ ရောက်ခဲ့သူမှာ ပက္ကုသာတိမင်းဖြစ်သည်။ ဗိမ္မိသာရမင်းသည်

http://www.dhammadownload.com

ရွှေပြားပေါ်တွင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများ ဖော်ကျူးထားသော စာများကို ရေးတင်ခဲ့သည်။ ထိုစာများကို ဖတ်ရှုရသဖြင့် သူသည် ရတနာသုံးပါး၌ အထူးသက်ဝင် ယုံကြည်လာခဲ့သူ ဖြစ်သည်။ ထိုမှတစ်ဆင့် ဘုရားရှင်၏ တပည့်သားအဖြစ်လည်း မိမိကိုယ်ကို အပ်နှင် ကာ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ခဲ့သည်။ မိမိ ဘာသာလည်း ရဟန်းတို့၏ အဝတ်အဆင်ကို ဝတ်ဆင်လာခဲ့သူ ဖြစ်သည်။ ရဟန်းအသွင်ကို ခံယူလာခဲ့သော ပက္ကုသာတိမင်းသည် ခရီးအဆင့်ဆင့်ဖြင့် ရာဇဂြိုဟ်မြို့တော်သို့ လျှောက်လှမ်းလာခဲ့ရာ ထိုညချမ်းမှာပင် ဓနိယသတို့သား၏ အိုးလုပ်တဲသို့ ဆိုက်ရောက်လာခဲ့သည်။

ရဟန်းအသွင်ယူထားသော ပက္ကုသာတိသည် ဓနိယ၏တဲတွင် တစ်ညတာ တည်းခွင့်ရရန် ဓနိယထံ ခွင့်တောင်း၍ ထိုနေရာ၌နေသည်။ ထို့နောက် မကြာမီ ဘုရားရှင် ကြွရောက်တော်မူလာ၍ ဓနိယထံ ဘုရားရှင်ကလည်း ခေတ္တ တည်းခိုခွင့်ရရန် ခွင့်တောင်းတော်မူလေရာ ဓနိယက "အရှင်ဘုရား၊ တဲထဲတွင် အခြားရဟန်းတစ်ပါးလည်း ရောက်နေနှင့်ပါသည်။ ထိုရဟန်းက ခွင့်ပြုလျှင် နေတော်မူပါ"ဟု လျှောက်ထား၏။

ဘုရားရှင်နှင့် တွေ့သော်လည်း ဘုရားရှင်မှန်း မသိသေး

ဘုရားရှင်သည် တဲအတွင်းသို့ ဝင်ရောက်ပြီးလျှင် "အိုရဟန်း၊ သင်က ခွင့်ပြုလျှင် ဤတဲအတွင်း၌ တစ်ညတာ တည်းခိုလိုပါ၏"ဟု ခွင့်ပန်တော်မူ၏။ ပက္ကုသာတိသည် သူရည်မှန်း၍ လာခဲ့သော ဘုရားရှင်နှင့် ကိုယ်တိုင် မြင်တွေ့ နေရသော်လည်း ဘုရားရှင်မှန်း မသိသေးသဖြင့် "ရဟန်း၊ နေရာတွေ ရှိပါသေးသည်၊ ချမ်းသာစွာ နေပါလော့"ဟု ပြောဆိုကာ ခွင့်ပြုလိုက်လေသည်။

ဘုရားရှင်သည်လည်း ကောက်ရိုးအခင်းပေါ်၌ ငြိမ်သက်စွာ စံတော်မူပြီးလျှင် ပက္ကုသာတိအား ဓာတုဝိဘင်္ဂသုတ္တန် တရားတော်ကို ဟောကြားတော်မူသည်။ တရားတော်အဆုံး၌ ပက္ကုသာတိသည် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်သွားသည်။ ထိုအခါမှ မိမိအား တရားဟောကြားသော ပုဂ္ဂိုလ်မှာ မိမိရည်မှန်း၍ ရဟန်းပြုလာခဲ့သော ဘုရားရှင်ဖြစ်နေကြောင်း သိသွား၏။ ဤတွင်မှ မြတ်စွာဘုရားအား ရဟန်းဟူသော အသုံးအနှုန်းဖြင့် ခေါ်ဝေါ်မိခဲ့သည်ကို ဝန်ချတောင်းပန်သည်။

သို့ဖြင့် ပက္ကုသာတိသည် သာသနာ့ဝန်ထမ်း ရဟန်းဖြစ်လိုသောကြောင့် ဘုရားရှင်ထံ ခွင့်ပန်သည်။ သို့သော် ပက္ကုသာတိသည် နောက်ဆုံးဘဝအဖြစ်

F-75A ထေရအပဒါ

http://www.dhammadownload.com

လူ့ဘဝသို့ ရောက်လာသူ [ပစ္ဆိမဘဝိကပုဂ္ဂိုလ်] မဟုတ်သေး။ ထို့ပြင် ပက္ကုသာတိ၏ဘဝ သက်တမ်းမှာလည်း ကုန်ခါနီး ဆဲဆဲကလေးဖြစ်နေသောကြောင့် ဘုရားရှင်က ပက္ကုသာတိအား ဧဟိဘိက္ခု အဖြစ်ခေါ်တော်မူ၍ ရဟန်းအဖြစ် မပေးဘဲ "ပက္ကသာတိ၊ ရဟန်းပြုရန် ဝိနည်းတော်နှင့်ညီညွတ်သော သပိတ်သင်္ကန်းများ ရှာချေဦးလော့"ဟု စေခိုင်းတော်မူလိုက်၏။

ဘုရားရှင်၏ စေခိုင်းချက်အရ အနာဂါမ်ဖြစ်နေသော ပက္ကုသာတိသည် နံနက်လင်းလျှင်လင်းချင်း သပိတ်သင်္ကန်းများ ရှာဖွေရန် ထွက်လာခဲ့သည်။ လမ်း တစ်နေရာ၌ သားဖောကပ်နေသော နွားမနှင့်တွေ့ပြီး ထိုနွားမ၏ အတွေ့ခံရသဖြင့် ထိုနေရာမှာပင်ကွယ်လွန်ကာ သုဒ္ဓါဝါသဗြာဟ္မဘုံသို့ လားရောက်သွား၏။ သုဒ္ဓါဝါသဗြာဟ္မဘုံသို့ လားရောက်၍ မကြာမီမှာပင် ပက္ကုသာတိသည် ရဟန္တာဖြစ်လေသည်။

အိုးထိန်းသည် ဓနိယသည် သူ မျက်မြင် တွေ့သိလိုက်ရသော ပက္ကုသာတိအကြောင်းတို့ကြောင့် "ဘုရားရှင်၏ သာသနာတော်သည်ကား သံသရာမှ ထွက်မြောက်ကြောင်း ဟုတ်မှန်လှပါပေ၏။ သာသနာတော်တွင် တစ်ခဏတာမျှ အလေ့အကျင့် ပြုရုံဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပေ၏ဟု ယုံကြည်သက်ဝင်လာသောကြောင့် ကြည်ညိုသဒ္ဓါ ထက်သန်လာကာ သာသနာတော်၌ ရဟန်းပြု၏။

ကိုယ်တိုင်တိုက်ကျောင်းဆောက်ပြီး

ရဟန်းအဖြစ် ရရှိပြီးနောက် အရှင်ဓနိယသည် မိမိအိုးထိန်းသည် အတတ်ဖြင့် အိုးဖုတ်ရန် ညက်စွာ နယ်ထားပြီးသော မြေများကို တစ်ကိုယ်စာ နေလောက်ရုံ တိုက်ကျောင်းကလေး ပြုလုပ်၏။ ထိုမြေသား တိုက်ကျောင်းကလေးကို မီးဖုတ်လိုက်သောအခါ နီနီစွေးစွေး တိုက်ကျောင်းကလေးတစ်ဆောင် ဖြစ်လာ၏။ အရှင်ဓနိယသည် ထိုတိုက်ကျောင်းကလေး၌ တစ်ပါးတည်း ချမ်းသာစွာ နေထိုင်သည်၊

တစ်နေ့သ၌ ဘုရားရှင်သည် ဂိဇ္ဈကူဋ်တောင်ပေါ်မှ ဆင်းတော်မူလာစဉ် ထိုနီနီစွေးစွေး တိုက်ကျောင်းကလေးကို တွေ့မြင်တော်မူသည်။ တိုက်ကျောင်းဆောက်လုပ်ပုံမှာ ဓမ္မနှင့်မညီကြောင်း သိတော်မူသဖြင့် ထိုတိုက်ကျောင်းကလေးကို ခွဲဖျက်ရန် မိန့်ကြားတော်မူသည်။ ဘုရားရှင်၏ အမိန့်အရ ရဟန်းတို့က ခွဲဖျက်သော်ငြားလည်း အရှင်ဓနိယသည် နောက်ထပ် ထပ်မံဆောက်ပြန်သည်။ သို့ဖြင့် သုံးကြိမ်တိုင် ဖျက်စေတော်မူသည်။

http://www.dhammadownload.com

တတိယအကြိမ်မြောက် အခွဲအဖျက် ခံရသည်တွင်ကား အရှင်ဓနိယသည် တိုက်ကျောင်းကလေး ထပ်မံ၍မပြုလုပ်တော့ဘဲ ဗိမ္မိသာရမင်းကြီး၏ သစ်ဖောင်များ ဆိုက်ကပ်ရာ မြစ်ဆိပ်ကမ်းသို့ သွားရောက်ပြီး အမှုထမ်းတို့အား "ဤသစ်တို့ကို မင်းကြီးက ငါ့အား လှူဒါန်းခြင်းဖြစ်၏။ ငါ့အတွက် ကျောင်းဆောက်ရန် ပေးကြကုန်လော့"ဟုဆို၏။ အမှုထမ်းတို့ကလည်း "မင်းကြီးက ပေးလှူပြီးဖြစ်လျှင် ယူတော်မူပါ"ဟု လျှောက်ထားကြ၏။

ဤသို့ဖြင့် အရှင်ဓနိယသည် မင်းကြီး၏နန်းတော်ပြုပြင်ဆောက်လုပ်ရန် သတ်မှတ်ထားသော သစ်တော်များကို လက်သမားများနှင့် ဖြတ်တောက် ခွဲစိတ်ကာ မိမိအတွက် ကျောင်းတစ်ဆောင် ဆောက်လုပ်စေတော့သည်။

ဘုရင့်သစ်တော်များ အလွဲသုံးစားလုပ်မှုဖြင့် အမှုထမ်းများသည် ဘုရင့်ရှေ့တော်သို့ ဝင်ရောက်ကြရသည်။

မိမိကိုယ်တိုင်ဖန်တီး၍ ဖြစ်ပေါ်လာရသော ထိုအမှုသည် မိမိအား မုချမသေ ဘုရင့်အာဏာစက်ကျရောက်တော့မည်ကိုသိသော အရှင်ဓနိယသည် မိမိကိုယ်တိုင် ဘုရင့်ရှေ့တော်မှောက်သို့ ဝင်၏။ ထိုအခါ ဗိမ္မိသာရမင်းကြီးက "ဤသစ်တော်များကို တပည့်တော်က ပေးလှူပြီးဖြစ်သည် ဟု အရှင်ဘုရားဆိုသည်ဟု ကြားသိရပါသည်။ တပည့်တော်ကဲ့သို့သော မင်းများသည် အမှုကိစ္စများပြားပါသဖြင့် သတိမေ့လျော့တတ်ပါသည်။ မည်သည့်အချိန်က ပေးလှူခဲ့ကြောင်း အထောက်အထားပြုပါ"ဟု လျှောက်ထားသည်။

အရှင်ဓနိယက "ဗာကာတော်မင်းကြီး တကာတော်မင်းကြီး၊ နန်းသိမ်းအဘိသိက်ခံစဉ်က တောထဲမှာရှိ နေသော မြက်ထင်းရေတို့ကို ရသေ့ရဟန်းများလွတ်လပ်စွာသုံးစွဲကြစေ"ဟု မိန့်ဆိုခဲ့ဖူးသည်ကို သတိရပါလော့"ဟုဆို၏။ ဘုရင့်စကား၏အဓိပ္ပာယ်မှာ တောထဲ၌ အလိုအလျောက် ပေါက်ရောက်နေကြသော သစ်ပင်များကိုသာ ဆိုလိုခြင်းဖြစ်၏။ သစ်တော်အဖြစ် သတ်မှတ်၍ ခုတ်ဖြတ်ယူဆောင်ထားပြီးသော သစ်များကိုဆိုလိုရင်း မဟုတ်မေ။

ဒုတိယပါရာဇိက သိက္ခာပုဒ်ပညတ်

ဘုရားရှင်၏ သာသနာ့ဝန်ထမ်းအဖြစ်ဖြင့် ဝတ်ဆင် ထားသောသင်္ကန်းကို ထောက်ထားကာ ဗိမ္မိသာရမင်းကြီးကို အရှင်ဓနိယအား အပြစ်မပေးဘဲ ပြန်လွှတ်လိုက်၏။ ဤအကြောင်းကို ကြားသိတော်မူသောအခါ ဘုရားရှင်သည် သူ့ဥစ္စာ

http://www.dhammadownload.com

ခိုးယူခြင်းကို တားမြစ်သောအားဖြင့် ဒုတိယပါရာဇိက သိက္ခာပုဒ်တော်ကို ပညတ်တော်မူသည်။

အရှင်ဓနိယမှာမူကား သိက္ခာပုဒ်ကိုပညတ်ခြင်းမပြုမီက ပြစ်မှုကျူးလွန်မိသော ပုဂ္ဂိုလ်ဖြစ်၍ ပါရာဇိကမကျပေ။ ဆောက်ထားသော ကျောင်းကိုစွန့်ပစ်ကာ သံဃိကကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ရ၏။ ထိုသို့ နေထိုင်လျက် ဝိပဿနာတရားပွားများအားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာအရှင်ဓနိယသည် ဖလသမာပတ် ချမ်းသာကို ကြိမ်ဖန်များစွာ ခံစား၍ နေ၏။ သူ၏ သီတင်းသုံးဖော်ရဟန်းများသည်ကား ပိဏ္ဍပါတ်ခုတင် ဆောင်ကာ အမြဲတမ်းဆွမ်းခံ၍ စားကြပြီးလျှင် မိမိကိုယ်ကို မြှောက်ပင့်၍ပြောဆိုကြကုန်၏။ မိမိတို့ကဲ့သို့ ပိဏ္ဍပါတ်ခုတင်မဆောင်ဘဲ သံဃာအား ရည်မှန်း၍ လှူဒါန်းသော ဆွမ်းကို စားသောက်သောရဟန်းတို့အား ကဲ့ရဲ့ကြကုန်၏။ ထိုအခါ အရှင်ဓနိယက ထိုရဟန်းတို့အား ရည်စူး၍ အောက်ပါအတိုင်း ဆုံးမတော်မူ၏။

ရဟန်းတို့၏ သိက္ခာကို လေးစားလျက် ချမ်းချမ်းသာသာ အသက်ရှင်လိုကြားအံ့၊ သံဃာအားရည်မှန်း၍ လှူဒါန်းသော သင်္ကန်းကိုလည်းကောင်း၊ အဖျော်နှင့် ဆွမ်းကိုလည်းကောင်း မထီမဲ့မြင် မပြုရာ။

ရဟန်းတို့၏ သိက္ခာကို လေးစားလျက် ချမ်းချမ်းသာသာ အသက်ရှင်လိုကြားအံ့။ မြွေသည် ကြွက်တူးထားပြီးသောတွင်း၌နေသကဲ့သို့ ဒါယကာ ဒါယိကာမတို့က အသင့်ပြုလုပ်ထားသောကျောင်း အိပ်ရာ နေရာကို မှီဝဲနေထိုင်ရာ၏။

ရဟန်းတို့၏ သိက္ခာကို ထက်သန်စွာ လေးစားလျက် ချမ်းချမ်းသာသာ အသက်ရှင်လိုကြားအံ့၊ ကောင်းဆိုးယုတ်မြတ် ရတတ်သမျှဖြင့်သာ တင်းတိမ်ရောင့်ရဲရာ၏။ မေ့လျော့ခြင်း မရှိသောအားဖြင့် သတိပဋ္ဌာန်တရားကို ပွားများရာ၏။

အရှင်ဓနိယထေရ်အပဒါန်ဝတ္ထု ပြီး၏။

ပုံတော်စုံ အပဒါန်ဝတ္ထုတော်ကြီး
ဤတွင် အလုံးစုံပြီးပြည့်စုံပြီ။

●●●●●●●●●●

http://www.dhammadownload.com

နိဒါန်း

မဟာမိတ္တကုလေ ဇာတေ၊ **သိန်းထွန်း**တိ ဒန္တစာရိကေ။
မနောရမာ ထေရာပဒါ–နဒ္ဒကထာ ပါဠိဘာသိတာ။
မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပါယတိ။
ပုညထာဝရလာဘာယ၊ မဋ္ဌ ဗုဒ္ဓဃုသီယတိ။

မဟာမိတ္တကုလေ၊ သာသနာကပ်ည်းသူတော်မြတ်အပေါင်းတို့၏ လမ်းကြောင်းသဘာဝ ကလျာဏမိတ်စစ် ဂုဏ်သနှစ်ဖြင့် ထွန်းသစ်ကျော်ဟည်း ကောင်းမြတ်သော မျိုးရိုးကြီး၌။ ဇာတေ၊ ပါရမီညွှန့်ဖူး ကောင်းမှုထူးတို့ ဖြည့်ဖူး သည့်အလျောက် ထွန်းပေါက်သန့်စင် ကောင်းစွာဖွားမြင်သော။ ဒန္တစာရိကော၊ ကိုယ်နှုတ်နှလုံး ယဉ်ယဉ်သုံးလျက် ဆုံးမချက်ပိုက် ကိုယ်၌စာနာ ဝါသနာဖြင့် ညီညာတင့်အောင် ကျင့်ဆောင်လေ့ရှိသော။ **သိန်းထွန်း**တိ၊ ပရိယတ်သာသနာ ပိဋကတ်ဓ အဖြာဖြာကို လျင်စွာပြန့်ရေး အဘက်ဘက်မှ အားပေးခဲ့သည့် **ဦးသိန်းထွန်း** အမည်သာ ဥပါသကာသည်။ မနောရမာ၊ သူမြတ်တို့နှုန်း အမြိုက်ထုံးဟု နှလုံးထွတ်မြတ် မွေ့လျော်အပ်သော။ ပါဠိဘာသိတာ၊ ဘာသာ ထက်ဖျား ပါဠိအားဖြင့် ထင်ရှားရှိပေ ဟောကြားပေအပ်သော။ ထေရာပဒါနဒ္ဒ ကထာ၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓနှင့် သာဝကအဖုံဖုံတို့၏ ပါရမီဖြည့်ပုံမှအစ အဆုံးဘဝ နိဗ္ဗာန်သို့ ဝင်စံသည်အထိ အကြောင်းစုံကို ဖော်ပြထားသော ထေရအပဒါန် အဋ္ဌကထာ ကျမ်းမဟာကို။ မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ သာသနာမြတ်နိုး မြန်မာ မျိုးတို့၏ အကျိုးများစွာ ဖြစ်စိမ့်ငှာဟု မြန်မာသနစ် ဝတ္ထုသွား စကားပြေ ဖြစ်စေသော အဖြစ်ဖြင့်။ ပုညထာဝရ လာဘာယ၊ ငါးထောင်နှစ်စွဲ တည်မလွဲဟု အမြဲထာဝရ မြတ်ပုညကို လက်ရသိမ်းချူပ် ထိန်းအုပ်နိုင်ပါစေခြင်း အကျိုးငှာ။ ကုမာရကဿပါယတိ၊ သီဟိုဠ်ဘာသာ အပဒါန်အဋ္ဌကထာမှ မဂဓဘာသာ အပဒါန်အဋ္ဌကထာ ဖြစ်အောင် ပြန်ဆိုရေးသားစိမ့်ငှာ အရှင်ဗုဒ္ဓ ဃောသကို တောင်းပန်သော အရှင်ကုမာရကဿပကဲ့သို့ မိမိကိုယ်ကို အတူပြုကျင့်ပေ၏။ မဋ္ဌ၊ များစွာရာကျော် သံဃာတော်၏ နှစ်ဖော်ခုရ ဖြည့်ကြသိပ်သည်း ပဲခူးမြို့

http://www.dhammadownload.com

သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၌ ကထိက ဖြစ်ခိုက် ကြဲကြိုက် အခြေ ငါမထေရ်ကိုလည်း။ ဗုဒ္ဓဃုသီယတို၊ မာဂဓဘာသာ အပဒါန်အဋ္ဌကထာမှ မြန်မာဘာသာ ပုံတော်စုံထေရအပဒါန်ဝတ္ထုတော်ကြီး ဖြစ်ပေါ်လာစိမ့်သောငှာ အရှင်ဗုဒ္ဓဃောသမဟုတ်ဘဲ အရှင်ဗုဒ္ဓဃောသမထေရ်ကဲ့သို့ အတူပြုကျင့်ပေ၏။

ဣတိ ဓမ္မသာမိဘိဝံသောဘိ နာမဓေယ္ယေန ထေရေန ဝိရစိတော
မြန်မာ့ဘာသာ ပုံတော်စုံ ထေရအပဒါန်ဝတ္ထုတော်ကြီး ပကရဏော
ဗဟူဟိ ဝတ္ထူဟိ ပဒိမဏ္ဍိတော ဂန္ထော သိဝံ ဂတော။

ဣတိ၊ ဤဆိုအပ်ပြီးသော အစီအစဉ်အားဖြင့်။ ဓမ္မသာမိဘိဝံသောတိ နာမဓေယျေန၊ ဆရာသခင် ကျေးဇူးရှင်တို့က ဓမ္မသာမိဘိဝံသဟု မှည့်ခေါ်အပ်သော ဘွဲ့တော်ရှိသော၊ ထေရေန၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်လေ့ရှိသော မထေရ်သည်။ ဝိရစိတော၊ အထူးသဖြင့် စီရင်ရေးသားအပ်သော။ မြန်မာဘာသာ ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး ပကရဏော၊ မြန်မာဘာသာ ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး စကားပြေကျမ်း၌။ ဗဟူဟိ ဝတ္ထူဟိ၊ များစွာသော ဝတ္ထုကြီးတို့ဖြင့်။ ပဒိမဏ္ဍိတော၊ တန်ဆာဆင်အပ်သော။ ဂန္ထော၊ ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီးသည်။ သိဝံ၊ ဘေးကင်းငြိမ်းချမ်း ပြီးဆုံးခန်းသို့။ ဂတော၊ ရောက်ရှေ့ပြီ။

ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး
ဤတွင် ပြီး၏။

●●●●●●●●●●

http://www.dhammadownload.com

မိုဂြမ်းပြုကျမ်းစာများ

၁။ အပဒါန်ပါဠိတော်

၂။ အပဒါန်အဋ္ဌကထာ

၃။ ဗုဒ္ဓဝင်ပါဠိတော်

၄။ မူလပဏ္ဏာသပါဠိတော်

၅။ အဂုံတ္တိရိုအဋ္ဌကထာ

၆။ သုတ်မဟာဓိအဋ္ဌကထာ

၇။ သုတ်သီလက္ခန်အဋ္ဌကထာ

၈။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
မဟာဗုဒ္ဓဝင် ၆-တွဲ ၈-အုပ်

၉။ မြို့မိဆရာတော်ရေးသားသော
အပဒါန်ဝတ္ထုတော်ကြီး

http://www.dhammadownload.com

နိဒုံးချုပ် စကိုစ်

စိတ်ထားကြည်လင်၊ သူတော်စင်တို့၊ ကြည်လင်ရွှင်ပျ၊ ကြည့်နိုင်ကြဖို့၊ စိတ်ကမျော်တွေး၊ မေတ္တာအေးဖြင့်၊ အလေးထားကာ၊ ရေးသားတာကြောင့်၊ ကျမ်းစာကိုရှု၊ လူဗိုလ်ထုတို့၊ ကျမ်းပြုပုဂ္ဂိုလ်၊ သိဖို့လိုလိမ့်၊ တိုတိုချုံးကာ၊ ရေးပြပါအံ့။

မုံရွာခရိုင်၊ အရာတော်ပိုင်ဟု၊ ပြန့်လှိုင်တင့်လှ၊ ဝါးတောမဋ္ဌ၊ နေကြပျော်ရွှင်၊ ဦးပေါတင်နှင့်၊ ထိုပြင်တစ်ဆင့်၊ ဒေါ်စောသင့်မှ၊ ဖြစ်ခွင့်ကြုံလာ၊ ကျမ်းဆရာသည်၊ ဧက်-၃၂-နော-ဆာ(၁၂၉၆ ခု) နှစ်ကောဇာဌ်၊ သာယာလှဆုံး၊ တန်ဆောင်မုန်းဝယ်၊ ပျက်ပြုန်းလဆန်း၊ လဆုတ်ခန်း၌၊ ရက်မှန်းဆယ်ပြည့်၊ စနေနေ့တွင်၊ ပျော်မွေ့လှူဘုံ၊ ရောက်ခဲ့တုံ၏။ ပြည့်စုံကုသလ၊ ပြုခဲ့ရ၍၊ ဒုလ္လဘအစစ်၊ လူအဖြစ်ကို၊ စနစ်ကျစွာ၊ ရခဲ့ပါပြီ၊ လူ့ရွာလူ့ရွာ၊ ရခဲတာမို့၊ ဘဝါဘဝ၊ နောင်ကာလ၌၊ သုခချမ်းသာ၊ ဆင့်ဆင့်သာ၍၊ မှန်စွာတိုးတက်၊ နိဗ္ဗာန်ဆက်ဖို့၊ မပျက်ကြိုးကုတ်၊ စွမ်းကုန်ထုတ်လျက်၊ အပုပ်ခန္ဓာ၊ မထောက်ညှာဘဲ၊ ကုသလာတိုးမှု၊ နေ့စဉ်ပြု၏။ ယခုအခါ သင့်တင့်ရာက၊ ဘာသာအကျိုး၊ တိုးထက်တိုးဖို့၊ ထေရအပဒါန်၊ နာမမည်သာ၊ ဤကျမ်းစာကို၊ ရေးကာပြုစု၊ ကောင်းမှုပြုသည်၊ ပမာလဆန်း၊ အုံဘနန်းမှ၊ ဤကျမ်းရွေစာ၊ အကျိုးဖြာစေသော်။

●●●●●●●●●

http://www.dhammadownload.com

http://www.dhammadownload.com

